http://www.dhammadownload.com

စစ်ကိုင်းတိုင်းကန့်ဘလူမြို့

အဂ္ဂမဟာပဏ္ဍိတ

ဆိပ်ကောဆရာတော်ဘုရားကြီး

ဝိနယပုဋကဝိသဇ္ဇနာကျမ်း

ဒုတိယအကြိမ်

၂၀၀၉ ၁၃၇၁ ၂၅၅၃


http://www.dhammadownload.com

စစ်ကိုင်းတိုင်းကန့်ဘလူမြို့

အဂ္ဂမဟာပဏ္ဍိတ

ဆိပ်မောဆရာတော်ဘုရားကြီး

ဝိနယပုဋ္ဌာဝိသဇ္ဇနာကျမ်း



ဒုတိယအကြိမ်

၂၀၀၉ ၁၃၇၁ ၂၀၁၃

http://www.dhammadownload.com

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်းကို အဆက်မပြတ်
လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝတ္ထနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာမှား

ဦးကျော်ညွှန့်

နှင့်

ဒေါ်သန်းမြင့်

မြည့်စံညွှန့်ကုမ္ပဏီမိသားစု

ငွေကြာရံရိပ်သာ၊ ပါရမီလမ်း
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ကောင်းမှု

နတ်လူသာဓုခေါ်စေသောဝ်။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်းကို အဆက်မပြတ်
လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝတ္တနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

ဦးကျော်ညွှန့်

နှင့်

ဒေါ်သန်းမြင့်

ပြည့်စုံညွှန့်ကုမ္ပဏီမိသားစု

ငွေကြာရုံရိပ်သာ၊ ပါရမီလမ်း
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ကောင်းမှု

နတ်လူသာဓုခေါ်စေသောဝ်။

http://www.dhammadownload.com

http://www.dhammadownload.com

ဝိနယပုဋ္ဌာဝိသဇ္ဇနာကျမ်း

ထိမ်တောဆရာတော်

http://www.dhammadownload.com


http://www.dhammadownload.com

စစ်ကိုင်းတိုင်းဒေသကန့်ဘလူမြို့

အဂ္ဂမဟာပဏ္ဍိတ

ဆိပ်တောဆရာတော်ဘုရားကြီး

ဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်း




ဒုတိယအကြိမ်

၂၁၁၃ ၁၃၇၁ ၂၀၀၉

http://www.dhammadownload.com


ပုံနှိပ်မှတ်တမ်း

ဒုတိယအကြိမ်
အုပ်ရေ (၁၀၀၀)
၁၃၇၁-ခုနှစ်၊ (၂၀၀၉- ခုနှစ်)



ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃ / ဝ၂၄၀၅) က
ပုံနှိပ်ထုတ်ဝေပါသည်။

http://www.dhammadownload.com



အဂ္ဂမဟာပဏ္ဍိတ
ထိမ်ဓေတာ ဆရာတော်ထုရားကြီး

http://www.dhammadownload.com

http://www.dhammadownload.com

အမှာစာ

◆◆◆◆◆

သဒ္ဓမ္မ ၃-ဖြာ သာသနာ

သစ္စာ ၄-ပါး အမှန်တရားကို ပိုင်းခြားထင်ထင် မသိမြင်ကြ၍ ဩဃ ၄-ဖြာ အလွှာဝါ၌ နစ်မွန်းမျောပါနေကြကုန်သော ဝေနေယျ သတ္တဝါများအပေါ် သနားကြင်နာတော်မူလှသဖြင့်–

၁။ **ဗုဒ္ဓါ ဗောဓေယျံ** = သစ္စာ ၄-ပါး မြတ်တရားကို ပိုင်းခြားထင်ထင် ငါသိမြင်ပြီးလျှင် ဝေနေယျသတ္တဝါတွေကိုလည်း သိမြင်စေအံ့။

၂။ **တိဏ္ဏော တာရေယျံ** = သံသရာပြင်ကျယ် ရေပင်လယ်မှ ငါကူးမြောက်ပြီးလျှင် ဝေနေယျသတ္တဝါများကိုလည်း ကူးမြောက်စေအံ့။

၃။ **မုတ္တော မောစေယျံ** = ဇာတိမရဏ အဖန်ဖန်စ၍ ဖြစ်ပျက်ခံစားနေရသော သံသရာဝဋ်ဒုက္ခတွင်းမှ ငါလွတ်ကင်းပြီးလျှင် ဝေနေယျသတ္တဝါများကိုလည်း လွတ်ကင်းစေအံ့–

ဟု ၃-ခွန်းသောစကားဖြင့် ကြုံးဝါးကာ အဓိဋ္ဌာန်ထားခဲ့ပြီးလျှင် ကမ္ဘာအသခ္ချေအနန္တ ကာလတို့ပတ်လုံး ပါရမီ ၁၀-ပါး, အပြား-၃၀, စရိယ ၃-ပါး, စွန့်ခြင်းကြီး ၅-ပါးတို့ကို ဖြည့်ကျင့်တော်မူပြီးနောက် သူတထူးတို့ စိတ်ပင်မကူးဝံ့သည့် ဒုက္ကရစရိယာ အကျင့်အဖြာဖြာကို ရတုချိန်ခါ ၆-နှစ်ကြာအောင် လွန်စွာကြိုးကုတ် အားထုတ်တော်မူပြီးမှ သဗ္ဗညုအစစ် ဘုရားအဖြစ်သို့ ရောက်တော်မူသော ရှင်တော်ဂေါတမ မြတ်ဗုဒ္ဓသည် ဆရာ-မကူ၊ သယမ္ဘူ-ဉာဏ်တော်ဖြင့် လက်ဝယ်ပိုင်ပိုင် ကိုယ်တော်တိုင် တွေ့သိခဲ့ရသော နိယျာနိက သဒ္ဓမ္မတို့ကို အဆက်ဆက်ဟောပြ, ဆောင်ထားကြခြင်းဖြင့် ကာလကြာရှည် တည်ရစ်လေအောင်–

http://www.dhammadownload.com

၁။ ပရိယတ္တိသဒ္ဓမ္မသာသနာ (ပိဋကတ် ၃-ပုံဖြင့် သိမ်းယူအပ်သော ခပ်သိမ်းသော ဗုဒ္ဓစကားတော်များ)၊

၂။ ပဋိပတ္တိသဒ္ဓမ္မသာသနာ (ကျင့်ကြံကြိုးကုတ် အားထုတ်အပ်သော ခုတင်, ခန္ဓကဝတ်, မဟာဝတ်၊ သီလ, သမာဓိ, ဝိပဿနာ)၊

၃။ အဓိဂမသဒ္ဓမ္မသာသနာ (တွေ့သိရရှိခံစားအပ်သော မဂ်, ဖိုလ်, နိဗ္ဗာန် ၉-တန်သော လောကုတ္တရာတရား)–

ဟု သာသနာ ၃-ရပ် ပိုင်းခြားသတ်မှတ်လျက် ၄၅-ဝါ ကာလပတ်လုံး နေ့, ညမနား ဟောကြားတော်မူခဲ့ပါသည်။

သာသနာတော်အသက်

သက်မဲ့ရုပ်ဝတ္ထု အဆောက်အအုံ ၁-ခု၏ မြဲမြံတည်တံ့ အရှည်ခံခြင်းသည် အခြေခံအုတ်မြစ်ပေါ်မှာ တည်၏။ အခြေခံတောင့်တင်းခိုင်မာပါမှ ကာလများမြောင်ရှည်မြင့်ကြာအောင် မယိမ်းမယိုင်တည်နိုင်ပေသည်။ သစ်ပင် ၁-ပင်၏ ရှင်သန် ကြီးထွားမှုသည် အသက်ပမာ ရေသောက်မြစ်ပေါ်မှာ တည်၏။ ရေသောက်မြစ် ကောင်းမွန် ခိုင်မာပါမှ ကာလရှည်ကြာစွာ ရှင်သန်ကြီးထွားနိုင်ပါသည်။

လက်ရှိသတ္တဝါများ၏ ရှင်သန်ကြီးထွားမှုသည် အသက်-ဟု ခေါ်သည့် ကမ္မဇ-ရုပ်နာမ်ဇီဝိတပေါ်မှာ တည်၏။ ကမ္မဇရုပ်နာမ် ၂-ဖြာ ဇီဝိတိန္ဒြေကောင်းမွန်ပြည့်စုံပါမှ ကာလရှည်ကြာစွာ အသက်ရှင်သန်နိုင်ပါသည်။

အားလုံးကို ကောက်ချက်ချသော် သက်ရှိသက်မဲ့ အရာဝတ္ထုအစုစုတို့၏ တည်တံ့ခိုင်မြဲမှုသည် အခြေခံအကြောင်းရင်းပေါ်မှာ တည်၏။ အခြေခံအကြောင်းရင်းသည် အကျိုးဝတ္ထု အစုစု၏ တည်တံ့ခိုင်မြဲမှုမှာ ပဓာန အဓိကကိစ္စရပ် ဖြစ်သည်။ ပဓာန အဓိကကျသော အခြေခံအကြောင်းရင်းများ ချွတ်ယွင်းတိမ်းပါး ပျက်ပြားသွားလျှင် သက်ရှိ, သက်မဲ့ဖြစ်သော အကျိုးဆက်ဝတ္ထု အစုစုသည်လည်း မြဲမြံတည်တံ့ အရှည်မခံတော့ဘဲ တနေ့တခြား ပျက်ပြားယိုယွင်းကာ ပျောက်ကွယ်ဆိတ်သုဉ်းရလေတော့သည်။

http://www.dhammadownload.com

ဗုဒ္ဓမြတ်စွာသည် ကမ္ဘာအသစ်၌ ပါရမီတွေ့ ဖြည့်ကျင့်ပြီးမှ ခဲခဲယဉ်းယဉ်း တွေ့သိခဲ့ရသော နိယျာနိကသဒ္ဓမ္မဖြစ်၍ ကာလများမြောင် ရှည်မြင့်ကြာအောင် တည်စေလိုခြင်း ဆန္ဒတော်ရင်းဖြင့် နေ့,ညမနား ဟောကြားဆုံးမခဲ့သော သဒ္ဓမ္မ ၃-ဖြာ သာသနာတော်၏ မြဲမြံတည်တံ့ အရှည်ခံဖို့အရေးမှာလည်း အခြေခံအကြောင်းရင်းနှင့် မကင်းနိုင်။ အခြေခံအကြောင်းရင်း ပြည့်တင်းပါမှ သဒ္ဓမ္မ ၃-ဖြာ အကျိုးဆက် သာသနာတော်သည် ကာလများမြောင် ရှည်မြင့်ကြာအောင် တည်တံ့ပေလိမ့်မည်။

သဒ္ဓမ္မ ၃-ဖြာ သာသနာတော်မြတ်ကြီး၏ မြဲမြံတည်တံ့ အရှည်ခိုင်ခံ့ခြင်း၏ အကြောင်းရင်းမှာ ဝိနည်းဒေသနာတော်သာ ဖြစ်လေသည်။ ထိုဝိနည်းဒေသနာတော်သည်လည်း–

၁။ **ဂိဟိဝိနယ** = လူသားတို့ အကျင့်သိက္ခာဝိနည်း၊

၂။ **သမဏဝိနယ** = ရဟန်းသာမဏေတို့ အကျင့်သိက္ခာဝိနည်း–

အားဖြင့် ၂-မျိုး,၂-စား ရှိလေသည်။ ယင်း ၂-မျိုး,၂-စားသော ဝိနည်းတရားများ "တသဝေ မတိမ်းအောင် လိုက်နာကျင့်ဆောင်သောအားဖြင့်" လူရှင်ရဟန်းတို့အပေါ်မှာ တည်ရှိနေပါမှ ရှင်တော်ဗုဒ္ဓ၏ သဒ္ဓမ္မ ၃-ဖြာ သာသနာတော်မြတ်ကြီးသည်လည်း ဝိနည်းတည် နေသမျှ ကာလပတ်လုံး မုချမသွေ တည်ရှိပေလိမ့်မည်။ အဘယ်ကြောင့်နည်းဆိုသော် ဝိနည်းသည် ဗုဒ္ဓသာသနာတော်တည်ခြင်း၏ ပဓာန အဓိက အကြောင်းရင်းဖြစ်၍ ဗုဒ္ဓသာသနာတော်၏ အသက်မည်ခြင်းကြောင့် အကြောင်းအသက်ဖြစ်သော ဝိနည်း တည်နေသမျှ ကာလပတ်လုံး အကျိုးဆက်ဖြစ်သော သဒ္ဓမ္မ ၃-ဖြာ သာသနာတော်သည်လည်း တည်ရှိနိုင်သောကြောင့် တည်း။

မှန်ပါသည်၊ ဘုရားသခင်ကိုယ်တော်တိုင်ပင် ဝိနည်းပါဠိတော်၌ သိက္ခာပုဒ် ပညတ်ခြင်းကြောင့် ရအပ်သောအကျိုးဆက်များတွင်–

တေန ဟိ ဘိက္ခဝေ ဘိက္ခူနံ သိက္ခာပဒံ ပညပေဿာမိ ဒသအတ္ထဝသေ
ပဋိစ္စ .... သဒ္ဓမ္မဋ္ဌိတိယာ ဝိနယာနုဂ္ဂဟာယ–

ဟု "သဒ္ဓမ္မဋ္ဌိတိ"အကျိုး ၁-ပါးကို ထည့်သွင်းကာ ဟောကြားထားပါသည်။

http://www.dhammadownload.com

ရှင်မဟာကဿပ-အစရှိသော သိဿနုသိဿ ဗုဒ္ဓမတညူထေရ် အဆူဆူတို့က လည်း ရှင်တော်ဘုရား၏ ဟောစကားကို အထောက်အထားပြု၍ အဋ္ဌကထာ, ဋီကာတို့၌ "အကြောင်းဝိနည်းတော်တည်ပါမှ အကျိုးဆက်သာသနာတော် တည်နိုင်သောကြောင့် ဝိနည်းတော်သည် မြတ်ဗုဒ္ဓသာသနာတော်၏ အသက်မည်ကြောင်း, အခြေခံအကြောင်း ဝိနည်းမတည်ခဲ့လျှင် အခြေအမြစ်မရှိသော သာသနာတော်သည်လည်း ကြာရှည်မတည်နိုင် သောကြောင့် ဝိနည်းတော်သည် မြတ်ဗုဒ္ဓသာသနာတော်၏ အရင်း အမြစ် မူလပဓာနဖြစ် ကြောင်း"ကို–

ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ ဟောတိ–

ဟူ၍လည်းကောင်း၊

ဝိနယော နာမ သာသနဿ မူလံ၊ ဝိနယေ အဋ္ဌိတေ သာသနံ န တိဋ္ဌတိ–

ဟူ၍လည်းကောင်း ရေးသားဖွင့်ဆိုကာ အထူးပင် အလေးထားကြလေသည်။

ကျေးဇူးရှိ၍ တာဝန်သိကြခြင်း

ဘုရားရှင်တော် မပွင့်ပေါ်သောအခါ ပရမတ္ထသဘာဝတို့ကို အမည်သညာမျှ လောက်ကိုသော်မှ လုံးဝ မသိနိုင်ကြပေ။ ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍ ဟောဖော်ညွှန်ပြ သုံးဝသောသဒ္ဓမ္မကို ကြားနာရသဖြင့် သစ္စာ ၄-ပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်ကြ၍ ဝေနေယျများစွာ သတ္တဝါတို့သည် လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ခံစားစံစား သွားကြကုန်ပြီ။ အချို့လည်း ခံစားစံစားနေကြကုန်ဆဲ၊ အချို့လည်း ခံစားကြ ရကုန်လတ္တံ့။ သို့ဖြစ်၍ သဗ္ဗညုသခင် ဘုရားရှင်သည် ဝေနေယျများစွာ သတ္တဝါတို့အပေါ်မှာ ဤရွေ့ ဤမျှ ဂဏန်းချ၍ တွက်ဆခြင်းငှာ မတတ်သာအောင် ကျေးဇူးကြီးမားလှပေသည်။

မိမိ၏ သာသနာ မြင့်ရှည်ကြာအောင် တည်စေတော်မူလိုခြင်း ဘုရားရှင့် ဆန္ဒတော် ရင်းကို တာဝန်သိကြခြင်းဖြင့် ရှင်မဟာကဿပအစရှိသော သိဿနုသိဿ သာဝက အဆက်ဆက်တို့သည် သဒ္ဓမ္မ ၃-ဖြာ သာသနာ၏ မြင့်ရှည်စွာ တည်ဖို့အရေး မြော်ထောက် တွေး၍ ဝိနည်းပိဋကကို အရေးပေးကာ သံဂါယနာ ၆-ကြိမ် တင်ခဲ့ကြပါသည်။ ထိုမျှမက ယနေ့ မျက်မှောက်အခြေအနေအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ဂိုဏ်းပေါင်းစုံ ညီညွတ် ကြကာ သံဃာ့အဖွဲ့အစည်း အသီးသီးဖွဲ့စည်းကြပြီး "သာသနာတော် သန့်ရှင်း တည်တံ့

http://www.dhammadownload.com

ပြန့်ပွါးရေး"အတွက် "ဝိနည်း ဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ"ကို ရေးဆွဲကာ အတည်ပြု ပြဋ္ဌာန်းကြလျက် အရှိန်အဟုန် မြင့်မားစွာ ဆင်နွှဲနေကြပါသည်။ ဤသည်တို့ကား ကျေးဇူးရှိ၍ သာဝကတို့ အနေဖြင့် တာဝန်သိကြခြင်းပင် ဖြစ်ပါသည်။

ဆရာတော်လည်း တစ်ပါးအပါအဝင်

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့တွင် ရှေးယခင် နှစ်ပေါင်း ၁၀၀-ကျော်လောက်က **ထိမ်တောဆရာတော်**ဟု ထင်ပေါ်ကြော်ကြားခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် မထေရ်ကြီး ၁-ပါး ပေါ်ပေါက်ခဲ့ဖူးလေသည်။ ယင်း ဆရာတော်ကြီးသည် သာသနာ့ဘောင်သို့ သာမဏေအသွင်ဖြင့် စတင်ဝင်ရောက်ခဲ့သည်မှ ၁-ဘဝဇာတ် ခန္ဓာစဲ၍ နတ်ပွဲဝင်သည့်တိုင်အောင် မြားမြောင်စွာသော နှစ်တို့ပတ်လုံး ရဟန်းကိစ္စ ၂-ဓုရကို နေ့, ညမနား ကြိုးစားအားထုတ်လျက် သာသနာတော် အဓွန့်ရှည်စွာ တည်စေတော်မူလိုခြင်း မြတ်ဗုဒ္ဓ ဆန္ဒတော်ရင်းကို ဖြည့်တင်းသောအားဖြင့် ဒေသစာရီ ကြွချီလှည့်လည်ကာ ဒါယကာ, ဒါယိကာမ အများတို့အား တရားရေအေး တိုက်ကျွေးတော်မူခဲ့ခြင်း, ဝိနည်းဓမ္မကံ အဓိကရဏ်းပေါင်း မြောက်မြားစွာကို ငြိမ်းအေးစေတော်မူခဲ့ခြင်း, နောင်လာနောက်သားတို့အရေး မြော်ထောက်တွေးပြီး အဆုံးအဖြတ် ကျမ်းပေါင်းများစွာကို ရေးသားထားခဲ့ခြင်းဖြင့် တာဝန်ကျေကြသည့် ဗုဒ္ဓသာဝကတို့တွင် ဆရာတော်လည်း ၁-ပါး အပါအဝင် ဖြစ်လေသည်။

ကျမ်းမြတ်တစ်ဆူ အလှူခံယူရရှိခြင်း

အဂ္ဂမဟာပဏ္ဍိတ ထိမ်တောဆရာတော်ဘုရားကြီးသည် ၁၂၃၆-ခုနှစ်မှ ၁၂၈၈-ခုနှစ် အထိ နှစ်ပေါင်းများစွာ ကာလပတ်လုံး သူဘဝ သက်တမ်းတလျှောက်မှာ တွေ့ကြုံဖြေကြားခဲ့ရသော ဝိနယပြဿနာများ၊ အဆုံးအဖြတ်ပေး၍ ငြိမ်းအေးစေခဲ့ရသော ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို စုပေါင်းမှတ်တမ်းတင်ကာ "ဝိနယပုဏ္ဏာဝိသဇ္ဇနာ" မည်သော ကျမ်းစာမူ ၁-ဆူကို ပြုစုတော်မူခဲ့လေသည်။ ဆရာတော်ဘုရားကြီးသည် "ဝိနယပုဏ္ဏာဝိသဇ္ဇနာ"ကျမ်းကြီးကို စက်တင်ပုံနှိပ်ရန် မိမိ၏ တပည့်ရင်းဖြစ်သော ဝန်းသိုမြို့၊ အဂ္ဂမဟာ-ပဏ္ဍိတ မဟာဗောဓိဆရာတော် ဦးဂန္ဓမာအား တာဝန်ပေးအပ်ခဲ့ပေသည်။

http://www.dhammadownload.com

မဟာဗောဓိဆရာတော် ဦးဂန္ဓမာသည် ထိမ်တောဆရာတော်ဘုရားကြီး ပေးအပ်ထားသော "ဝိနယပုစ္ဆာဝိသဇ္ဇနာ"ကျမ်းကြီး စက်တင်ပုံနှိပ်ခြင်းမပြုနိုင်ဘဲ ပျံလွန်တော်မူသွားခဲ့ပြန်ရာ အဖိုးတန် ရှေးဟောင်းစာပေတစ်ရပ်အနေဖြင့် အင်းတော် မြို့မကျောင်းဆရာတော်ဘုရားကြီး (နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်)က ၎င်းစာမူကို ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ပြန်လေသည်။ ယင်းမှတဖန် ထိမ်တောဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သော ကန့်ဘလူမြို့၊ ဒက္ခိဏာရာမတိုက် တောင်ကျောင်းကြီးဆရာတော် ဦးခန္တိသာရက မိမိတို့၏ ကျေးဇူးရှင် ထိမ်တောဆရာတော်ဘုရားကြီး၏ အာစရိယနယဓမ္မအမွေတစ်ရပ် အနေအားဖြင့် အမြတ်တနိုး ဆက်လက်ထိန်းသိမ်းလိုသောကြောင့် အင်းတော် မြို့မကျောင်းဆရာတော် (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)ထံမှ ရယူသိမ်းဆည်းထားခဲ့ပေသည်။ ထိုသို့ သိမ်းဆည်းထားခြိန်၌ စာမူမှာ နှစ်ကြာညောင်းပြီ ဖြစ်၍ ဟောင်းနွမ်းဆွေးမြေသော အခြေအနေသို့ပင် ရောက်ရှိနေပြီ ဖြစ်ပေသည်။

ကန့်ဘလူမြို့၊ တောင်ကျောင်းကြီးဆရာတော် ဦးခန္တိသာရသည် ဟောင်းနွမ်းဆွေးမြေနေပြီဖြစ်သော ဤ"ဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်း"စာမူကို ထိမ်တောဆရာတော်ဘုရားကြီး၏ တပည့်အစဉ်အဆက် မပျောက်မပျက် ဆက်လက်ထိန်းသိမ်း၍ စံကြီးတစ်ခုမှီငြမ်းပြုနိုင်ကြစေရန်အတွက် လွန်ခဲ့သော ၁၃၃၀-ခုနှစ်က မိမိ၏ တပည့်ရင်းဖြစ်သော **အရှင်ကဝိန္ဒာစာရ** (ယခု နိုင်ငံတော် သံဃမဟာနာယက၊ လားရှိုးမြို့၊ မြို့လယ်ကျောင်းဆရာတော် ဦးကဝိန္ဒာစာရ)အား အသစ်တဖန် ပြန်လည် ရေးကူးစေခဲ့ပေသည်။

ထိုသို့ရေးကူးစေပြီးသော စာမူများကို ကန့်ဘလူမြို့၊ တောင်ကျောင်းကြီးဆရာတော် ဦးခန္တိသာရကပင် ဆက်လက်၍ ထိန်းသိမ်းစောင့်ရှောက်ထားစဉ် ဆရာတော် ဦးခန္တိသာရ ပျံလွန်တော်မူသွားပြန်လေသည်။

ယခုတဖန် ဆရာတော် ဦးခန္တိသာရ၏ အမွေကို ဆက်ခံ၍ ကန့်ဘလူမြို့၊ ဒက္ခိဏာ-ရာမတိုက် တောင်ကျောင်းကြီး၌ သီတင်းသုံးလျက်ရှိသော ဆရာတော်ဦးဝိမလက "အဂ္ဂမဟာပဏ္ဍိတ ထိမ်တောဆရာတော်ကြီး ရေးသားစီရင်တော်မူခဲ့ပြီး တပည့် အဆက်ဆက် ၁-လက်မှ ၁-လက်သို့ မပျောက်မပျက်ရအောင် ထိန်းသိမ်း စောင့်ရှောက်၍ အမြတ်တနိုးကြိုးကြိုးစားစား ကူးယူထားခဲ့ရသော ဤဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်း စာမူကြီးကို အရှည်လည်း

http://www.dhammadownload.com

တည်တံ့ ခံ့လည်း ခံ့ထည် သာသနာတော် မကွယ်မပသမျှ ကာလပတ်လုံး သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ မှိုင်မှိုင်းပြု စံထားနိုင်စေခြင်းငှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနသို့ စာမူပေးအပ်လျှဒါန်း၍ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်စေပါက လွန်စွာသင့်လျော် ကောင်းမြတ်လိမ့်မည်"ဟု ယုံကြည်ယူဆမိသောကြောင့် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့၊ ပါတီယူနစ်ဥက္ကဋ္ဌ ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်မှ တဆင့် ပေးပို့လျှဒါန်းသဖြင့် သာသနာရေးဦးစီးဌာနက ဝမ်းမြောက်ဝမ်းသာ လက်ခံရရှိခဲ့ပါသည်။

ဆရာတော်ကြီးသည် သူဘဝတစ်သက်တာ အတွေ့အကြုံများစွာကို ၃-ပိုင်း၊ ၃-ကဏ္ဍ ခွဲကာ မှတ်တမ်းတင်ထားခဲ့ပါသည်။

ပဌမကဏ္ဍတွင်-

၁။ ပါရာဇိကကျပြီး ရဟန်း ကမ္မဝါ ဖတ်လျှင် ကံအောင်, မအောင်၊

၂။ ပါရာဇိကကျပြီး ရဟန်းထံ၌ သာမဏေပြုလျှင် သာမဏေဖြစ်, မဖြစ်၊

၃။ ပါရာဇိက ကျသူဟု သိလျက် ထိုသူကို ရှိခိုးခြင်းစသည် ပြုအပ်, မအပ်၊

၄။ ပါရာဇိက ကျသော ရဟန်းထံ ဒေသနာကြားလျှင် အာပတ် စင်ကြယ်, မစင်ကြယ်၊

၅။ အာပတ်သင့်သည်ကို မသိ၍ နေရာ အလင်္ကာဖြစ်, မဖြစ်၊

၆။ ဟတ္ထပါသ်ပြင်ဘက်၌ နေ၍ ဒေသနာကြားရာ အပ်, မအပ်၊

၇။ အာယတိသံဝရမရှိဘဲ ဒေသနာကြားလျှင် အာပတ် စင်ကြယ်, မစင်ကြယ်၊

၈။ ရွှေချသော ဘုရားဆင်းတုကို ကိုင်အပ်, မအပ်၊

၉။ ရွှေချသော ပေစာထုပ်ကို ကိုင်အပ်, မကိုင်အပ်၊

၁၀။ ဘုရားမြေ, သံဃာ့မြေ၌ လူတို့ နေအပ်, မနေအပ်—

အစရှိသော ဝိနယပြဿနာ အဖြေလွှာပေါင်းများစွာကို တွေ့မြင်ရပါသည်။

http://www.dhammadownload.com

ဒုတိယကဏ္ဍတွင်–

၁။ ကထိန်မခင်းဘဲ အာနိသင် ၅-ပါးကို သက်နှံးကာလ၌ ရအပ်, မရအပ်၊

၂။ ရဟန်းခံစဉ် ပရိက္ခာရစောင့အဓိဋ္ဌာန် အပ်, မအပ်၊

၃။ အဓိဋ္ဌာန်ကို ချရာ ဝိကပ္ပနာ ပြုရ, မပြုရ၊

၄။ ကထိန် ၂-ကြိမ် ခင်းအပ်, မခင်းအပ်၊

၅။ ပုရိမဝါဆိုသော သာမဏေများ ကထိန်အာနိသင် ရ, မရ၊

၆။ ကထိန်ကို နုတ်၍ တဖန် ထပ်ခင်းအပ်, မခင်းအပ်၊

၇။ ခဏ္ဍသိမ်မရှိသော ကျောင်း၌ ကထိန်သက်နှံးပေးပုံ၊

၈။ အန္တရာယ်မရှိဘဲလျက် ပါတိမောက် အကျဉ်းပြအပ်, မပြအပ်၊

၉။ သံဃဥပုသ်ပြုသောကျောင်း အနီး၌ ရှိပါလျက် မိမိကျောင်း၌ အဓိဋ္ဌာန်ဥပုသ်ပြုလျှင် အပ်, မအပ်၊

၁၀။ သံဃာလုံလောက်ပါလျက် ပါရိသုဒ္ဓိဥပုသ်ပြုလျှင် အပ်, မအပ်–

အစရှိသော ဝိနယပြဿနာ အဖြေလွှာပေါင်းများစွာကို တွေ့မြင်ရပါသည်။

တတိယကဏ္ဍတွင်–

၁။ ကပ္ပိယပစ္စည်းကို တောင်းယူပြီးမှ အကပ္ပိယ ပစ္စည်းကို ပေးခြင်း၊

၂။ ရွှေ, ငွေဖြင့် ဝယ်ယူသော ပစ္စည်းကို စွန့်ပေး၍ အပ်အောင်ပြုခြင်း၊

၃။ ဇရပ်ဖျက်၍ ကျောင်းဆောက်ခြင်း၊

၄။ သံယိကနှင့် မတသန္တကပစ္စည်း တူ, မတူ၊

၅။ ပါဒ-အရ ရွှေပါဒကို ယူသင့်ကြောင်း၊

၆။ ဒေသနာကြားပြီးသော အာပတ်အပြစ်များ အကျိုးပေး, မပေး၊

၇။ ဆေးလိပ်သောက်ခြင်း အပ်, မအပ်၊

၈။ ရဟန်းတို့ တရားတွေ့သင့်, မတွေ့သင့်၊

http://www.dhammadownload.com

၉။ သံယိကပစ္စည်းကို ရောင်းဝယ်ခြင်း၊

၁၀။ ချေ (သတ္တဝါ)သားကို စားအပ်, မစားအပ်—

အစရှိသော ဝိနိစ္ဆယပေါင်းများစွာကို တွေ့မြင်ရပါသည်။

ဘဝတစ်သက်တာနှင့် ကျမ်းစာ

ဆရာတော်ကြီးသည် သူ့ဘဝတစ်သက်တာ တွေ့ကြုံလာသော ဝိနယပြဿနာ အဖြာဖြာကို ဝိနယပိဋကဆိုင်ရာ ပါဠိတော်, အဋ္ဌကထာ, ဋီကာ, ယောဇနာ, ဝိနိစ္ဆယ-ဂန္ထရ အဝဝတို့၌ အပြန်ပြန် အလှန်လှန် မွှေနှောက်ကြည့်ရှု ညှိနှိုင်းလျက် ဖြေကြားဆုံးဖြတ်ကာ မှတ်တမ်းတင်ထားခဲ့ပါသည်။ ရေ၏ အတိမ်အနက်ကို ထိုရေ၌ ပေါက်ရောက်နေသော ကြာရိုး၏ အတိုင်းအရှည် ပမာဏဖြင့် သိရသကဲ့သို့ "ဝိနယပုစ္ဆာဝိသဇ္ဇနာ" မည်သော ဤကျမ်းစာသည် ဝိနည်းပိဋကတော်၌ ဂုဋ္ဌတရ ပဋိစ္ဆန္နဖြစ်၍ သိဖို့ရန်အတွက် အလွန်ခက်ခဲလှသော အကြောင်းအရာများကို ထုတ်ဖော်လှစ်ဟ ဖွင့်ပြနိုင်ခြင်း ရှိ, မရှိကိုလည်း ကျမ်းပြုဆရာ၏ ဘဝတစ်သက်တာ ကာလပတ်လုံး ရုန်းကန်လှုပ်ရှား ဆည်းပူးဆောင်ရွက်သွားသော အကြောင်းအရာများဖြင့် သိနိုင်ပါသည်။ သို့ဖြစ်၍ ကျမ်းပြုဆရာ၏ ဘဝတစ်သက်တာ အကြောင်းအရာများကိုလည်း သိရှိထားဖို့ လိုလာသည့်အလျောက် အကျဉ်းချုပ်ကာ ရေးသားတင်ပြပါဦးမည်။

ဖွားမြင်တော်မူခြင်း

ကန့်ဘလူမြို့နယ်၊ ထိမ်တောရွာ၊ ခမည်းတော် **ဦးဇောမိတ်**၊ မယ်တော်**ဒေါ်ဝိုက်** တို့မှ ၁၂၁၇-ခု၊ ဒုတိယဝါဆိုလဆန်း ၁-ရက်နေ့တွင် ဆရာတော်လောင်းလျာ သတို့သားကို မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ **ပဥ္စာလနယ်** တလွှားတွင် ထင်ရှားကျော်ကြားခဲ့သော "**ဦးစံထိုက်**"ကဲ့သို့ပင် ထင်ရှားကျော်ကြားလတ္တံ့သော ဘုန်းသမ္ဘာရှင်ဖြစ်၍ သဒ္ဒိသုပစာအားဖြင့် "စံထိုက်"ဟု မှည့်ကြားကာ ခေါ်ဝေါ်ကြလေသည်။

http://www.dhammadownload.com

ပညာသင်ရန် ဆရာ့ထံ အပ်နှံခြင်း

ရာဇဂုရုတံဆိပ်တော်ရ အဂ္ဂမဟာလင်္ကာရ သင်္ဂီဆရာတော်၏ တပည့်ရင်း ဖြစ်သော ကုဏ္ဍာလဂိုဏ်းထောက်ဆရာတော် ကဝိန္ဒမဟာလင်္ကာရ အရှင်မြတ်ထံ ပညာသင်ရန် အပ်နှံကြလေသည်။

သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာ

၁၆-နှစ်သား အရွယ်သို့ ရောက်သောအခါ ၁၂၃၃-ခုနှစ်တွင် ခမည်းတော်, မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကုဏ္ဍာလဂိုဏ်းထောက် ဆရာတော်ကို ဥပဇ္ဈာယ် ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘုန်းတန်ခိုးကြီးများကာ လွန်စွာ ကျော်ကြား ထင်ရှားလတ္တံ့သော ပါရမီရှင်ဖြစ်၍ "ရှင်တေဇဝန္တ"ဟု ဘွဲ့မည်သလေသည်။

သင်္ဂီဆရာတော်ထံ အပ်နှံခြင်း

ကုဏ္ဍာလဆရာတော်ကြီးသည် သာမဏေငယ် ရှင်တေဇဝန္တကို မန္တလေး ရွှေမြို့တော်သို့ ပို့၍ မိမိ၏ ဆရာရင်းဖြစ်သော သင်္ဂီဆရာတော်ထံ ပညာသင်ရန် ကိုယ်တော်တိုင် အပ်နှံ လေသည်။

ဝတ်နှင့် ပြည့်စုံထက်မြက်ခြင်း

သာမဏေကျော် ရှင်တေဇဝန္တသည် သာမဏေကျင့်ဝတ်, တပည့်ကျင့်ဝတ်များနှင့် ပြည့်စုံသည့်ပြင် ထက်မြက်လျင်မြန် ပြင်းထန်သော ဉာဏ်, ဝိရိယတို့ဖြင့် မနေမနား ကြိုးစားသင်ယူသူ ဖြစ်ရကား သင်္ဂီဆရာတော် သဘောတော်ကျလှ၍ ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟ ၂-ဌာနတို့ဖြင့် ချီးမြှောက်စောင့်ရှောက်ကာ စာပေပို့ချ လက်ထပ် ပြသလေသည်။ ပါရမီရင့်သန်၍ ထက်မြက်ပြင်းထန်သော ဉာဏ်, ဝိရိယ ရှိသူပီပီ ၃-နှစ်၊ ၃-ဝါ အတွင်း နိကာယ် ၅-တန် ဓမ္မက္ခန်တို့ကို သင်အံလေ့ကျက်၍ ကမ်းတဘက်ရောက် တတ်မြောက်လု

http://www.dhammadownload.com

နီးပါး ဖြစ်သွားလေသည်။ ဆန်းကျမ်းနှင့် ကလပ်ကျမ်းများကိုလည်း ရာဇဂုရုတဲ့ဆိပ်တော်ရ လုံးတော်ဆရာတော်ထံ နည်းခံသင်ယူကာ ပါရဂူရောက် တတ်မြောက်ခဲ့လေသည်။

ဥပသမ္ပဒမင်္ဂလာ

၁၂၃၆-ခုနှစ်တွင် သိမ်တော်ကျောင်းတိုက် ခဏ္ဍာသိမ်ပြင်ဝယ် ကုဏ္ဍာလ ဆရာတော် ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ခမည်းတော်, မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆက်လက်ပညာသင်ခြင်း

ရတနာပုံ မန္တလေး ရွှေမြို့တော်သို့ ဒုတိယအကြိမ် ပြန်လည်ကြွရောက်ကာ **ယောမင်းကြီးအုတ်ကျောင်းဆရာတော်, သစ်ဆိမ့်ဆရာတော်, စံကျောင်းဆရာတော်** အစရှိသော ပိဋကတ္တယဆေက ပရိယတ္တိဝိသာရဒ ရာဇဂုရုဆရာတော်ကြီးများထံ နည်းခံကာ သဘာဝ-ဓမ္မဝိနိစ္ဆယ ချမှတ်ခြင်းဆိုင်ရာများကို ဆည်းပူးလေသည်။ ၅-ဝါမြောက်၌ သဘာဝဓမ္မဝိနိစ္ဆယ အရာဝယ် ပါရဂူရောက် တတ်မြောက်ခဲ့လေသည်။

မင်းပူဇော်ခံရခြင်း

နိကာယ် ၅-တန်၌ ဝိနိစ္ဆယညာဏ် ရင့်သန်သည်ထက် ပိုမိုရင့်သန်ရန် ရာဇဂုရု ဆရာတော် အဆူဆူထံ နည်းခံလေ့လာသင်ယူခြင်း, တပည့်စာလိုက် သံဃာတော်အပေါင်း တို့အား ပြန်လည်ပို့ချ နည်းလမ်းညွှန်ပြပေးခြင်း ဂုဏ်သတင်းကြောင့် နေပြည်တော်တခွင်တွင် အလွန်ပင် ထင်ရှားကျော်ကြားရကား ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး ကြားသိတော်မူ၍ ပစ္စယာနုဂ္ဂဟဖြင့် လစဉ်ထောက်ပံ့ လှူဒါန်းပြီး ကိုးကွယ်ဆည်းကပ်လေသည်။

http://www.dhammadownload.com

ပဋိပတ္တိနည်းခံခြင်း

ရဟန်းကိစ္စ ၂-ဌာနအနက် ဂန္ထဓုရ အလုပ်တွင် ပါရဂူရောက် တတ်မြောက်ပြီးနောက် ဝိပဿနာဓုရ အလုပ်တွင် စာတွေ့စာသိအပြင် လက်တွေ့ကျွမ်းကျင်ရန် အလို့ငှာ ကလျာဏမိတ္တ ဆရာကောင်းပီသသော သင်္ဂဇာဆရာတော်ဘုရားကြီးနှင့် အတူပင် မြင်းခြံမြို့၊ စမ်းကျတောကျောင်း၌ အရည၀ါသီ တရားမှီလျက် ပဋိပတ်ဘက်၌ မဆုတ် မနစ်သော လုံ့လဖြင့် အပတ်တကုတ် ကြိုးစားအားထုတ်ကာ နည်းယူခဲ့ပါသည်။

သာသနာပြုလုပ်ငန်းများ

ရဟန်းသိက္ခာ ၈-၀ါအရတွင် ဥပဇ္ဈာယ်ဆရာအမိန့်အရ ကာဖို့(ကာဘိုး)ရွာသို့ ပြန်ကြွခဲ့ရပြီး ဆရာတော်ခြေရင်း၌ ဥပဇ္ဈာစရိယ၀တ်ကို ကျင့်ရင်း တပည့်သံဃာတော်တို့အား စာပေပို့ချ နည်းလမ်းပြနေစဉ် အစ်ကိုတော် ကုန်သည်ကြီးများကောင်းမှုဖြစ်သော တိန္ဒုကာရာမကျောင်းတိုက်ကြီးကို ဥပဇ္ဈာယ်ဆရာတော် အမိန့်အရပင် အလှူခံကာ သိမ်းပိုက်လိုက်ရသည်။ ၁၂၅၄- ခုနှစ်တွင် မြို့သူကြီး ဦးဘိုးသိုင်း၊ မြို့ထိန်း ဦးဘိုးထယ် အမှူးရှိသော ထိမ်တောရွာ ဒါယကာ, ဒါယိကာမတို့ကို သနားစောင့်ရှောက် ချီးမြှောက်ရန် အလို့ငှာ ကာဖို့ရွာမှ ပြောင်းရွှေ့ကာ ထိမ်တောကျောင်းကို အလှူခံရလေသည်။ ယင်းကို အစွဲပြု၍ ထိမ်တောဆရာတော်ဟု အမည်တွင်ခဲ့လေသည်။

ထိုနည်းအတူပင် ကျောင်းတိုက်ပေါင်း မြောက်များစွာကို အလှူခံရပြီးလျှင် လှည့်လည်၀ါဆိုကာ ဒါယကာ, ဒါယိကာမအပေါင်းတို့အား တရားဓမ္မ ပြသဆုံးမကာ သာသနာပြုတော်မူခဲ့ပါသည်။ အသက်အရွယ် ကြီးရင့်လာသောအခါ ဒေသစာရီ ကြွချီကာ ၀ါကပ်တော် မမူတော့ဘဲ ၁၂၆၉-ခုနှစ်မှ ၁၂၈၇-ခုနှစ်သို့ တိုင်အောင်ပင် ကန့်ဘလူမြို့၊ အရှေ့ကျောင်းတိုက်ကြီး၌ သီတင်းသုံးကာ ရဟန်းကိစ္စ ၂-ဌာနကို သက်ဆုံးတိုင်အောင် ထမ်းဆောင်သွားလေသည်။

http://www.dhammadownload.com

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံရခြင်း

သံဃိဿရ သံဃရာဇာ သာသနာပိုင်ဆရာတော်ဘုရားကြီးက ချီးမြှောက်ဆက်ကပ်သော "ဝိနယဓရ ဂဏာစရိယ" ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ကိုးဂိုဏ်းချုပ် "ဂဏာစရိယဂဏပါမောက္ခ" ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၂၈၄-ခု၊ ပြာသိုလဆန်း ၁၅-ရက် တနင်္လာနေ့ (၁-၁-၁၉၂၃)တွင် မန္တလေးရွှေမြို့တော်၌ ပဉ္စမမြောက် ကျော့ဘုရင် ဆက်ကပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း လက်ခံရရှိတော်မူခဲ့လေသည်။

တာဝန်အပ်နှင်းခံရခြင်း

မကာရလောပ မန်လည်ဆရာတော်ဘုရားကြီး၏ ညာလက်ရုံးကြီးပမာ အားထားတော်မူ၍ အားကိုးချီးမြှောက်ခြင်းကိုလည်းကောင်း၊ ဂိုဏ်းတပါးဌ် ဖြစ်ပွါးသော ဝိနည်းဓမ္မကံ အဓိကရဏ်းများကိုလည်း ဝိနိစ္ဆယချမှတ်ပေးရန် မဟာသံဃရာဇာ တောင်ငွင် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အမိန့်ချမှတ် တာဝန်ပေးအပ်ခြင်းကိုလည်းကောင်း၊ ရွှေဘို,ကသာ,မြစ်ကြီးနား,ဗန်းမော်နယ်အတွင်း ဖြစ်သမျှသော ဝိဝါဒအမှုတို့၌ သာသနာပိုင် ဆရာတော် ကိုယ်စားပြုကာ အဆုံးအဖြတ်ပေး၍ ငြိမ်းအေးစေရန် တာဝန် အပ်နှင်းခြင်းကိုလည်းကောင်း လက်ခံခဲ့ရလေသည်။

အဆုံးအဖြတ်ပေး၍ ကျမ်းရေးခဲ့ခြင်း

ရဟန်းဖြစ်သည့် ၁၂၃၆-ခုနှစ်မှစ၍ ဘဝနတ်ထံ ပျံလွန်တော်မူသည့် ၁၂၈၈-ခုနှစ် အထိ သက်တော် ၇၁-နှစ်၊ သီက္ခာတော် ၅၁-ဝါ ရသည့်တိုင်အောင် ရဟန်းကိစ္စ ၂-ဓုရကို နေ့, ညမနား ကြိုးစားအားထုတ်သွားသည့် အကြားမှပင် မယဉ်ကျေးသေးသော ဒါယကာ, ဒါယိကာမများကို လိမ္မာယဉ်ကျေးအောင် တရားဓမ္မ ဟောပြောပြသ ဆုံးမခြင်း, ၄-မြို့နယ်၊ ၉-ဂိုဏ်းအတွင်း ဖြစ်ပျက်သမျှ ဝိဝါဒအမျိုးမျိုးကို ဝိနိစ္ဆယပေး၍ ငြိမ်းအေးစေခြင်း, ပြဿနာပေါင်း သောင်းခြောက်ထောင်(၁၆၀၀၀)ကို အဖြေပေး၍ ကျမ်းပေါင်း များစွာ ရေးသားခဲ့သဖြင့် ပုဒ္ဓမြတ်စွာ သာသနာတော်ကို တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားခဲ့လေသည်။

http://www.dhammadownload.com

ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ကပ္ပဒီယနကျမ်း၊
၂။ ဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်း၊
၃။ ဘာဝနာနယသင်္ဂဟကျမ်း၊
၄။ မြန်မာဝါစာလင်္ကာရကျမ်း၊
၅။ သတ္ထုပညာသဝိသဇ္ဇနာကျမ်း၊
၆။ ဒွါဒသတိပုစ္ဆာဝိသဇ္ဇနာကျမ်း၊
၇။ တိကဝိပုစ္ဆာဝိသဇ္ဇနာကျမ်း၊
၈။ စတုဘူမိုစတုကာလိဝိနိစ္ဆယကျမ်း၊
၉။ အညဝါဒပဟာနဝိသဇ္ဇနကျမ်း၊
၁၀။ နဒီတီရဝိသဇ္ဇနာ စသောကျမ်းများ၊
၁၁။ မူလဓမ္မဝိသောဓနီကျမ်း၊
၁၂။ ပုစ္ဆာနယပကာသနီကျမ်း၊
၁၃။ ပေါရာဏဝံသဒီပနီကျမ်း၊
၁၄။ သီရိနောရထာ အဖြေကျမ်း၊
၁၅။ အညဝါဒီဝါဒဝိဘဉ္ဇီဒီပကကျမ်း၊
၁၆။ နိပါတတ္ထဝိဘာဝနီကျမ်း၊
၁၇။ ကိုးဌာနဝိနိစ္ဆယကျမ်း၊
၁၈။ စေတိယပဋိသန်ဓိရဏဝိနိစ္ဆယကျမ်း၊
၁၉။ ဒွါဒိပုစ္ဆာဝိသဇ္ဇနာကျမ်း၊
၂၀။ သာသနဓုရဝိသဇ္ဇနာကျမ်း၊
၂၁။ ဇိနာဘိဝန္ဒနာဂါထာ (ဘုရားရှိခိုးကျမ်း)၊
၂၂။ အညဝါဒနိဂ္ဂဟစာတမ်း။

http://www.dhammadownload.com

လိုအပ်ချက် ဖြည့်စွက်ခြင်း

ယနေ့အချိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ဂိုဏ်းပေါင်းစုံ ညီညွတ်ကြသော သံဃာတော်များသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းပြီး စီမံကိန်းအမျိုးမျိုး ရေးဆွဲကာ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွါးရေးအတွက် အရှိန်အဟုန် မြင့်မားစွာဖြင့် ကြိုးပမ်းလျက်ရှိကြသော အခါသမယ ဖြစ်ပေသည်။ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွါးရေးကိစ္စ ဆောင်ရွက်ကြရာမှာလည်း မြတ်ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်သော ဝိနည်းကြောင်းဆိုင်ရာ ကိစ္စရပ်များသည် အဓိကအကျဆုံးကဏ္ဍ၌ ပါဝင်နေ၍ "ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများမှာ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ"ကို (ရေးသားကာ အတည်ပြုပြဋ္ဌာန်းထားလျက် ရှိပါသည်။ ဝိနည်းဓိရ်များကို ရွှေးချယ်တင်မြှောက်ထားပြီး ဝိနိစ္ဆယအဖွဲ့အစည်း အသီးသီးကိုလည်း ဖွဲ့စည်းပေးထား ရပါသည်။ ယနေ့အချိန်, ယနေ့အခြေအနေအရ စာမူမှ စာအုပ်အဖြစ်သို့ မရောက်ကြသေးသည့် ရှေးရှေးဆရာတော်များ ရေးသားထားခဲ့သော အဖိုးတန်ဝိနည်းဓမ္မကံ အဆုံးအဖြတ်များသည် စံနမူနာ ယူစရာဖြစ်၍ အလွန်ပင် လိုအပ်လှပါသည်။ သို့ဖြစ်၍ အဂ္ဂမဟာပဏ္ဍိတ ဘွဲတံဆိပ်တော်ရ ထိမ်တောဆရာတော်ဘုရားကြီး ရေးသားထားခဲ့သည့် "ဝိနယပဿာဝိသဇ္ဇနာ" မည်သော ဝိနည်းအဆုံးအဖြတ်ကျမ်းစာ တစ်စောင်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ယနေ့အခြေအနေအရ အလွန်လိုအပ်လှသော အချက်ကို ဖြည့်စွက်ပေးသောအားဖြင့် ပုံနှိပ်ထုတ်ဝေလိုက်ရပါသည်။

အမှားမြင်လျှင် ပြင်ဆင်ရန်

ဤစာမူကို စာအုပ်အဖြစ်သို့ရောက်အောင် ပို့ဆောင်ပုံနှိပ်ရာ၌ အခက်အခဲပေါင်းများစွာနှင့် တွေ့ကြုံရင်ဆိုင်ခဲ့ရပါသည်။ မှန်ပါသည်၊ ဟိုရှေးယခင် နှစ်ပေါင်း ၁၀၀-ကျော်လောက် အချိန်က ထင်ပေါ်ကျော်ကြားခဲ့သော ထိမ်တောဆရာတော်ဘုရားကြီးသည် မိမိကိုယ်တိုင် ဖြေကြားဆုံးဖြတ်ခဲ့ရသော ဝိနယပြဿနာများကို မှတ်တမ်းတင်ကာ ရေးသားထားခဲ့ပါသည်။ ယင်းမှတ်တမ်းစာမူမှ တပည့် အဆက်ဆက်တို့ အဆင့်ဆင့် ကူးယူလာခဲ့ကြပါသည်။ ယင်းမူပွါး စာမူများအထဲမှ ၁-ခုသော လက်ရေးစာမူကို အလှူခံ ရရှိခဲ့ပါသည်။

http://www.dhammadownload.com

ယင်းစာမူကို ပုံနှိပ်ရန် ပြင်ဆင်တည်းဖြတ်ရာ၌ ပေစာမူများမှ ကူးယူ ကိုးကားထားခဲ့ခြင်း, အဆင့်ဆင့် ကူးယူလာခဲ့ခြင်းတို့ကြောင့် အကိုးပါဋ္ဌိများ မပြည့်မစုံ ချွတ်ယွင်းခြင်း၊ အနက်မြန်မာစကားပြေများ မပြည့်မစုံ ချွတ်ယွင်းခြင်းများကို တွေ့မြင်ခဲ့ရပါသည်။ ဆရာတော်ကြီး၏ ဆိုလိုရင်း အနက်အဓိပ္ပါယ် မဖျက်မစီးရလေအောင် ဆဋ္ဌသံဂါယနာမူ ပါဋ္ဌိတော်, အဋ္ဌကထာ, ဋီကာ, ယောဇနာတို့နှင့် တိုက်ဆိုင်ညှိနှိုင်းကာ ကျမ်းကိုး အညွှန်းပါဋ္ဌိ ရေးသားခြင်း, အနက်အဓိပ္ပါယ် ရေးသားခြင်းဖြင့် တွေ့ကြုံရင်ဆိုင်ခဲ့ရသော အခက်အခဲများကို ကျော်လွှားကာ ပုံနှိပ်ခဲ့ရပါသည်။ ဆရာတော်ကြီး ကိုးကားထားသော နှေဟောင်း ကျမ်းစာများကိုလည်း အလားတူ အဖွင့်သံဝဏ္ဏနာပါသော အဋ္ဌကထာ, ဋီကာများမှ ထုတ်နုတ်ကာ ပြင်ဆင်တည်းဖြတ် ပေးခဲ့ရပါသည်။ အဖြတ်အတောက် အထားအသိုများကိုလည်း ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်သော ပသာဒဂုဏ်မြောက် ဘက်စုံပေါက်အောင် ခြယ်သကာ စီမံဖန်တီးထားပါသည်။ မှန်စေ, ကောင်းစေလိုသော စေတနာဖြင့် ဂရုစိုက်ကာ ပြင်ဆင်တည်းဖြတ် ပရဖတ်ထားစေကာမူ အမှားတစ်စုံတစ်ရာ တွေ့ရှိပါက ပြင်ဆင်ဖတ်ရှုတော်မူကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသတည်း။

ဦးစိုးတင့်

မဟာသဒ္ဓမ္မဇောတိကဓဇ

(သ. စ. အ- ဓမ္မာစရိယ)

[ဤကျမ်းစာကို ဒုတိယအကြိမ်ပုံနှိပ်ရာတွင် ရွှေသုဝဏ်ကျောင်းက စာမူသန့်စင်သည်အထိ တာဝန်ယူလှုဒါန်းပါသည်။ ဗုဒ္ဓစာပေအဖွဲ့ဝင် ဆရာကြီးဦးမြင့်စိုး၊ ဆရာကြီးဦးစိုးတင့်နှင့် ဆရာကြီးဦးသိန်းအောင်တို့က ကြီးကြပ်ပြင်ဆင်ပေးကြပါသည်။]

http://www.dhammadownload.com

ဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်း (ထိမ်တော၊ ၁)

ပထမတွဲ၊ မာတိကာ

[ပုဒ်မ]အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	ပဏာမနှင့် ပဋိညာဉ်	၁
	ပဌမကဏ္ဍ	
[၁]	အသက် ၂၀-ပြည့်ပြီထင်၍ ရဟန်းခံခြင်း	၃
[၂]	ရဟန်းဖြစ်ပြီထင်၍ ရဟန်းဝတ်နေခြင်း	၄
[၃]	ရဟန်းဟူသော အမှတ်ဖြင့် ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးခြင်း	၄
[၄]	ရဟန်းမဖြစ်သူ, ပါရာဇိကကျသူ ရဟန်းက ကမ္မဝါဖတ်ခြင်း	၅
[၅]	ပါရာဇိကျသူ ရဟန်းထံ၌ သာမဏေပြုခြင်း	၈
[၆]	ပါရာဇိကဖြင့် ယုံမှားသူကို ရှိခိုးခြင်း	၉
[၇]	ပါရာဇိကကျသူမှန်း သိလျက် ရှိခိုးခြင်း	၁၁
[၈]	အလဇ္ဇိဒုဿီလဟု သံသယရှိလျက် ထောက်ပံ့ခြင်း	၁၂
[၉]	ပါရာဇိကကျသူ-ဟု သံသယရှိလျက် ကံအတူပြုခြင်း	၁၄
[၁၀]	ပါရာဇိကကျမှန်း မသိ၍ ရဟန်းဘောင်၌နေခြင်း	၁၇
[၁၁]	ပါရာဇိကအာပတ် ကုစားနည်း	၂၃
[၁၂]	ပါရာဇိကကျသည်ကို သိလျက် ရဟန်းဝတ်နေခြင်း၏ အပြစ်	၂၄

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
[၁၃]	အနာပတ္တိ-ဟု ထင်မှတ်၍ မကုစားခြင်း	၂၆
[၁၄]	အလဇ္ဇီမှန်း သိသော်လည်း မဆိုဝံ့၍ ကံအတူပြုခြင်း	၂၇
[၁၅]	ပါရာဇိကျသူထံ၌ ဒေသနာကြားခြင်း	၂၉
[၁၆]	ဟတ္ထပါသ်၏ပြင်ပ၌ ဒေသနာကြားခြင်း	၃၁
[၁၇]	ရဟန်း ၃-ပါး ဒေသနာကြားခြင်း အပ်,မအပ်	၃၂
[၁၈]	ဓုရနိက္ခေပစိတ် မရှိဘဲ ဒေသနာကြားခြင်း	၃၃
[၁၉]	ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁-ယောက်	၄၂
[၂၀]	ဝဇ္ဇနီယပုဂ္ဂိုလ်တို့နှင့်အတူ ကံပြုခြင်း	၄၃
[၂၁]	ဝဇ္ဇီနီယပုဂ္ဂိုလ်ရှိပါလျက် အပ်ကြောင်း	၄၃
[၂၂]	ကံဆောင်ရာ၌ လိုအပ်သော ဟတ္ထပါသဝိနိစ္ဆယ	၄၄
[၂၃]	ဝဇ္ဇနီယ တိရိစ္ဆာန်များ	၄၆
[၂၄]	ပါရိသုဒ္ဓိဥပုသ်ပြုရာ သမာနသံဝါသကရဟန်းရှိက ဝဂ်ဖြစ်ခြင်း	၄၈
[၂၅]	ကမ္မဝါစာ၏ ပြီးဆုံးခြင်း အင်္ဂါ ၃-ပါး	၄၉
[၂၆]	အတီတကရဏာ အကြောင်း	၅၀
[၂၇]	သံဃာကို သင်းခွဲလျှင် ပါရာဇိကအာပတ်သင့်	၅၂
[၂၈]	အဝတ်ဖြူကို သက်နှံးနှင့် ထပ်ခြုံခြင်း	၅၃
[၂၉]	လူတို့၏ ရွှေခွက် စသည်တို့ကို မကိုင်အပ်	၅၄
[၃၀]	ဖန်ခွက် စသည် အပ်, မအပ်	၅၅
[၃၁]	နှီးခွက် စသည်၌ ဆွမ်းထည့်စားခြင်း	၆၁
[၃၂]	အပ်သော ခွက် ၃-လုံး	၆၂
[၃၃]	လက်ညှိုးကို ဖြတ်လှုံခြင်း	၆၂
[၃၄]	ရဟန်းခံပြီးမှ မျိုးစေ့ထုတ်ပယ်ခြင်း	၆၃
[၃၅]	ရဟန်းခံပြီးမှ လိင်ပြန်ခြင်း	၆၅
[၃၆]	ပုရိသလိင်ပြန်ပေါ်လျှင် ရဟန်းပြန်ခံထိုက်	၆၆

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
[၃၇]	အာပတ်မကုစားဘဲ လူထွက်ပြီး ရဟန်းပြန်ခံလျှင် အာပတ်ဆက်သင့်	၆၇
[၃၈]	မျက်စိကန်းသူ စသည်ကို ရဟန်းခံပေးခြင်း	၆၈
[၃၉]	ရဟန်းခံသော်လည်း ရဟန်းမဖြစ်သူများ	၆၉
[၄၀]	ဥပဇ္ဈာယ်ဆရာမရှိဘဲ ရဟန်းခံခြင်း	၇၀
[၄၁]	သံယာဂိုဏ်းစသည်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခြင်း	၇၂
[၄၂]	ပုဗ္ဗကိစ္စ ၈-ပါးကို မပြုဘဲ ရဟန်းခံခြင်း	၇၃
[၄၃]	ရဟန်းလောင်း, ဥပဇ္ဈယ်ဆရာ၏ အမည်ကို မမှည့်ဘဲ ရဟန်းခံခြင်း	၇၅
[၄၄]	ရဟန်းလောင်းများကို ဒွန်တွဲ၍ ကမ္မဝါဖတ်ခြင်း	၇၉
[၄၅]	အာဝုသော ဘန္တေ အဆိုမှားက ကံပျက်, မပျက်	၈၃
[၄၆]	ကမ္မဝါစာဆရာ၏ ဟတ္ထပါသ်၌ ရဟန်းမရှိခြင်း	၈၅
[၄၇]	ဝတ်ကမ္မဝါစာ, မာနတ်ကမ္မဝါစာ၌ အမည်ကွဲပြားခြင်း၊ အရေအတွက်ကွဲပြားခြင်း	၈၅
[၄၈]	မအပ်သောကျောင်းစသည်ကို မသိ၍ သုံးဆောင်မိခြင်း	၈၇
[၄၉]	နိဿဂ္ဂိယဝတ္ထု, ဒုက္ကဋ်ကဝတ္ထု, ကပ္ပိယဝတ္ထုများ	၉၀
[၅၀]	အကပ္ပိယဝတ္ထုဖြင့် တူးဖော်သည့် ရေတွင်း,ရေကန်	၉၁
[၅၁]	ရွှေ, ငွေဖြင့် ဝယ်ယူသော ကျောင်းမြေ	၉၂
[၅၂]	ရွှေ, ငွေဖြင့် ဝယ်ယူတည်ထားသော စေတီ, ဆင်းတု	၉၃
[၅၃]	ရွှေစေတီကို ရဟန်းတို့ ကိုင်တွယ်သုံးသပ်ခြင်း	၉၆
[၅၄]	ရွှေချထားသောပေစာကို ရဟန်းတို့ အသုံးပြုကြည့်ရှုခြင်း	၉၈
[၅၅]	ရွှေချသောပေစာထုပ်ကို ပုဂ္ဂလိကပိုင် အလှူခံခြင်း	၁၀၄
[၅၆]	ရွှေကျောင်းစသည် အပ်,မအပ်	၁၀၉
[၅၇]	ရွှေ, ငွေဖြင့် လုပ်သော အသုံးအဆောင်ပစ္စည်း အပ်, မအပ်	၁၀၉
[၅၈]	ကျောင်းအမှတ်, ကျောင်းပစ္စည်းအမှတ်ဖြင့် သုံးဆောင်အပ်	၁၁၀
[၅၉]	ရွှေကျောင်းစသည်ကို အလှူခံ အပ်,မအပ်	၁၁၃
[၆၀]	သေနာသနအပြား ၄-ပါး	၁၃၃

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
[၆၁]	ဝိဟာရအပြား ၅-ပါး	၁၃၄
[၆၂]	ဂုဟာအပြား ၄-ပါး	၁၃၅
[၆၃]	အပြစ်လွတ်အောင် သံယိကကျောင်း ရေစက်ချနည်း	၁၃၆
[၆၄]	အပြစ်လွတ်အောင် ဇရပ်စသည် ရေစက်ချနည်း	၁၃၇
[၆၅]	သံဃာအား လှူရာ သာမဏေပါဝင်ပုံ	၁၄၁
[၆၆]	ဘုရားအမှူးရှိသော သံဃာကို လှူဒါန်းပုံ	၁၄၂
[၆၇]	ဘုရားဆွမ်းတော်ပွဲ စားအပ်, မအပ်	၁၄၃
[၆၈]	သံဃာ့ပစ္စည်း သုံးဆောင်သင့်, မသင့်	၁၄၄
[၆၉]	ဘုရားမြေစသည်၌ နေထိုင်လျှင် အပြစ်ရှိ, မရှိ	၁၄၅
[၇၀]	ရဟန်းက လူနှင့် တိရိစ္ဆာန်ကို ကျိန်ဆဲခြင်း	၁၄၆
[၇၁]	တိရိစ္ဆာန်တို့အား လှည့်စားခြင်း	၁၄၈
[၇၂]	သာမဏေလိင်ကျရာ လူဝတ်မလဲဘဲ သရဏဂုံခံယူခြင်း	၁၅၀
[၇၃]	အသွင်ဖျက်ဆီးထိုက်သည့် ကဲ့ရဲ့မှုများ	၁၅၃
[၇၄]	ဒဏ်ပေးပြီးလျှင် ၁၀-ပါးသီလ ပေးသင့်,မပေးသင့်	၁၅၄
[၇၅]	သာမဏေမှာလည်း သိက္ခာဝါရှိ	၁၅၅
[၇၆]	ကိုယ်တိုင်သင်္ကန်းဝတ်၍ လိမ်ညာအလှူခံခြင်း	၁၅၆
[၇၇]	လိင်ကျပြီး သင်္ကန်းပြန်ဝတ်လာသော သာမဏေ ထေနကဖြစ်,မဖြစ်	၁၅၉
[၇၈]	ကိုယ်တိုင် သင်္ကန်းပြန်ဝတ်သော သာမဏေ ထေနကဖြစ်,မဖြစ်	၁၆၂
[၇၉]	လိင်ကျသော သာမဏေကို ရဟန်းခံခြင်း	၁၆၅
[၈၀]	သင်္ကန်း ခါးတောင်ကျိုက်လျှင် အပြစ်ရှိ, မရှိ	၁၆၆
[၈၁]	ဝါဆိုသောနေ့၌ ဝါပန်လျှင် အပ်,မအပ်	၁၆၉
[၈၂]	ဥပစာသိမ်အပြင်ရောက်မှ ဝါပြန်ပန်ခြင်း	၁၇၀
[၈၃]	ဝါပန်ရက်အတွင်း ကျောင်းသို့ခဏဝင်၍ ခရီးဆက်သွားခြင်း	၁၇၃
[၈၄]	သတိမေ့၍ ဝါမဆိုမိခြင်း	၁၇၆
[၈၅]	စိတ်ဖြင့်သာ နှလုံးသွင်း၍ ဝါဆိုခြင်း	၁၇၇

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
[၈၆]	သီတင်းကျွတ်လဆန်း ၉-ရက်နေ့၌ ခရီးသွားလျှင်	၁၇၉
[၈၇]	ပဝါရဏာပြုပြီးလျှင် သတ္တာဟ ကိစ္စမရှိဘဲ သွားအပ်, မအပ်	၁၈၁
[၈၈]	ပဌမဝါပျက်သောရဟန်း ဒုတိယဝါ ထပ်ဆိုသင့်, မသင့်	၁၈၂
[၈၉]	ဝါကျွတ်သောရက်,နေ့များ	၁၈၃
[၉၀]	သီတင်းကျွတ်လဆန်း ၈-ရက်နေ့၌ သတ္တာဟကိစ္စဖြင့် ခရီးသွားခြင်း	၁၈၄
[၉၁]	ပန္နရသီဥပုသ်ကို အဖိတ်နေ့၌ စာတုဒ္ဒသီဥပုသ်ပြုခြင်း	၁၈၆
[၉၂]	ပုရိမ, ပစ္ဆိမဝါသားရဟန်းများ အတူပဝါရဏာ, ဥပုသ်ပြုခြင်း	၁၈၇
[၉၃]	နိုက္ခိတ္တဝတ်, အနိုက္ခိတ္တဝတ် ၂-ပါးအထူး	၁၉၄
[၉၄]	ဝတ်ဆောက်တည်ရာ၌ ကြေးစည်သံကြားခြင်း	၁၉၈
[၉၅]	နံနက်ပိုင်း ဝတ်ဆောက်တည်ချိန်	၁၉၉
[၉၆]	မာနတ်ကျင့်စဉ် ညဉ့်ပြတ်ရာ အပ်,မအပ်	၂၀၀
[၉၇]	သုဒ္ဓန်နှင့် အဋ္ဌသမောဓာန် ပရိဝါသ်အထူး	၂၀၁
[၉၈]	ပက္ခာဟပ္ပဋိစ္ဆန္နာယော-ဟုသာဆိုလျှင် အပ်, မအပ်	၂၀၇
[၉၉]	ရတ္တိစ္ဆေဒအင်္ဂါများ	၂၀၈
[၁၀၀]	ဒဏ်သားချင်းလည်း သဟဝါသဖြစ်ခြင်း	၂၀၉
[၁၀၁]	သဟဝါသဖြစ်ထိုက်သော ဣရိယာပုထ်	၂၁၀
[၁၀၂]	သဟဝါသဖြစ်ထိုက်သော ဧကစ္ဆန္နနေရာများ	၂၁၀
[၁၀၃]	သဟဝါသမဖြစ်သောကျောင်း	၂၁၁
[၁၀၄]	ဒဏ်သားချင်း တွေ့မြင်ကလည်း ဝတ်ကြားအပ်	၂၁၂
[၁၀၅]	သံဃာတစ်စု၌ ဝတ်မဆောက်တည်တော့ဘဲ ဝတ်ကြားခြင်း	၂၁၃
[၁၀၆]	နားထိုင်း, အိပ်ငိုက်၍ အသံမကြားသော်လည်း ဝတ်မပျက်	၂၁၃
[၁၀၇]	မာနတ်ညဉ့်ပြတ်ခြင်းအင်္ဂါ ၄-ပါး	၂၁၅
[၁၀၈]	ပရိဝါသ်, မာနတ်ကျင့်ရာ၌ လိုအပ်သော ပကတတ်ရဟန်း	၂၁၆
[၁၀၉]	ပကတတ်ရဟန်းတစ်ပါးနှင့် မာနတ်ကျင့်ခြင်း	၂၁၇

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
[၁၁၀]	အရုဏ်တတ်သောအခါ ဝတ်မကြားဘဲ ချခြင်း	၂၁၉
[၁၁၁]	မကြားရသေးသောရဟန်းထံ၌ ဝတ်မကြားဘဲ ချခြင်း	၂၂၀
[၁၁၂]	ကြားပြီးသော ရဟန်းထံ၌ မာနတ်မကြားပဲ ချခြင်း	၂၂၁
[၁၁၃]	မာနတ်ကို မကြားပဲ ချခြင်းသည် အဋ္ဌကထာနှင့် မဆန့်ကျင်	၂၂၈
[၁၁၄]	ကျောင်းတွင်း, ကျောင်းပြင် ဥပစာအပိုင်းအခြား	၂၃၂
[၁၁၅]	ညဉ့်ပျက်၍ အရုဏ်အတွင်း ထပ်မံဆောက်တည်နေခြင်း	၂၃၃
[၁၁၆]	ခဏ္ဍသိမ်၌ ပရိဝါသ်ကံဆောင်စဉ် ရဟန်းတပါးကို မြင်ခြင်း	၂၃၄
[၁၁၇]	အဇ္ဈန်သွင်းပြီးမှ မာနတ်ကို ချခြင်း	၂၃၇
[၁၁၈]	သိမ်မနုတ်ရသေးခင် မဏ္ဍပ်ထိုးထားခြင်း	၂၃၈
[၁၁၉]	သမုတ်မည့် သိမ်အနီး၌ ကြေးနန်းတိုင်ရှိခြင်း	၂၄၂
[၁၂၀]	မဟာသိမ်, ခဏ္ဍသိမ် ယှဉ်တွဲ၍ သမုတ်ခြင်း	၂၄၄
[၁၂၁]	မြေညှိ၍ သိမ်နုတ်ခြင်း, သမုတ်ခြင်း	၂၄၆
[၁၂၂]	သိမ်သမုတ်ပြီးမှ မြေညှိခြင်း	၂၄၇
[၁၂၃]	ညောင်စောင်းကွက် မချဘဲလည်း သိမ်နုတ်အပ်	၂၄၈
[၁၂၄]	နိမိတ်အပြင်ဘက်၌လည်း သိမ်နုတ်အပ်	၂၅၀
[၁၂၅]	သိမ်နုတ်ရာ၌ ပကတိဂါမ, ဝိသုံဂါမသိမ်တွင် ရဟန်းရှိနေခြင်း	၂၅၃
[၁၂၆]	ဝိသုံဂါမသိမ်လက္ခဏာ ၄-ပါး	၂၅၈
[၁၂၇]	ဂါမသိမ်, ဝိသုံဂါမသိမ်တို့ ပျက်ရာအခါ	၂၆၁
[၁၂၈]	ခဏ္ဍသိမ်, မဟာသိမ်တို့၏ အရွယ်ပမာဏ	၂၆၃
[၁၂၉]	ဤအရပ်ဒေသမျိုး၌ မဟာသိမ် မရှိနိုင်	၂၆၄
[၁၃၀]	နုတ်ပြီးဂါမသိမ်နှင့် နုတ်ဆဲခဏ္ဍသိမ် ဆက်စပ်ခြင်း	၂၇၂
[၁၃၁]	သိမ်နိမိတ်ကြားသင့်သော အကြိမ်ပေါင်း	၂၇၇
[၁၃၂]	သိမ်နိမိတ် ၁-ခု, ၂-ခုသာထားက အပ်, မအပ်	၂၇၉
[၁၃၃]	သစ်ပင်နိမိတ်ပမာဏ	၂၈၁
[၁၃၄]	ကျောက်နိမိတ်ပမာဏ	၂၈၃

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
[၁၃၅]	ရေနိမိတ်ပမာဏာ	၂၈၄
[၁၃၆]	ဥဒကုက္ခေပ ရေတစ်ကျ	၂၈၆
[၁၃၇]	ပိတ်၍ ဆည်လျှင် နဒီသိမ် ပျက်,မပျက်	၂၈၈
[၁၃၈]	မြစ်ချောင်းမှ မြောင်းသွယ်ယူရာ၌ ကံပြုအပ်, မအပ်	၂၉၀
[၁၃၉]	ဥဒကုက္ခေပသိမ် ဖြစ်ခြင်း, ပျက်ခြင်း	၂၉၂
[၁၄၀]	နဒီလက္ခဏာ	၂၉၅
[၁၄၁]	ဇာတဿရလက္ခဏာ	၂၉၆
[၁၄၂]	လောဏီမည်သော ဇာတဿရသိမ်	၂၉၇
[၁၄၃]	နဒီသိမ်နှင့် ဂါမသိမ်စပ်ခြင်း	၂၉၇
[၁၄၄]	ချောင်းခြားသော်လည်း ဂါမခေတ် ၂-ခု မဖြစ်	၂၉၈
[၁၄၅]	သိမ် ၂-မျိုး, ၆-လုံး	၂၉၉
[၁၄၆]	သတ္တဘ္ဘန္တရပမာဏာ	၂၉၉

----- × ----

ဒုတိယကဏ္ဍ မာတိကာ

[၁၄၇]	သုဒ္ဓိန္နဲ, ဒုဒ္ဓိန္နပေးခြင်းများ	၃၀၁
[၁၄၈]	သေလွန်မှ ပေးက ရ, မရ	၃၀၅
[၁၄၉]	ဂရုဘဏ်ပစ္စည်းများ	၃၁၂
[၁၅၀]	ကထိန်မခင်းဘဲ ကထိန်အာနိသင် ရ, မရ	၃၂၅
[၁၅၁]	သံဃဘေဒနှင့် မတသန္ဓက	၃၃၄
[၁၅၂]	အခြားကျောင်းတိုက်တွင်းရှိ မတသန္ဓက	၃၄၃
[၁၅၃]	အဓိဋ္ဌာန်တင် တိစီဝရိတ်သင်္ကန်းကို ဝိကပ္ပနာပြုခြင်း	၃၄၄
[၁၅၄]	အဓိဋ္ဌာန်မတင်သော်လည်း တိစီဝရိတ်မည်	၃၅၃

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
[၁၅၅]	သင်္ကန်း ၉-ထည်လုံး ပရိက္ခာရစောင္အဓိဋ္ဌာန်တင်အပ်	၃၅၅
[၁၅၆]	သင်္ကန်း ၉-ထည်လုံး ဝိကပ္ပနာပြုအပ်	၃၅၈
[၁၅၇]	အဓိဋ္ဌာမိ, ဝိကပ္ပေမိပုဒ်အနက်	၃၆၁
[၁၅၈]	ပစ္စုဒ္ဓရာမိပုဒ်အနက်	၃၆၁
[၁၅၉]	တိစီဝရိတ် အဓိဋ္ဌာန်တင်၍ မဆောင်ဘဲ နေခြင်း	၃၆၂
[၁၆၀]	မိုးရေခံသင်္ကန်း စသည်ကို မပြုဘဲနေခြင်း	၃၆၄
[၁၆၁]	ပစ္စတ္ထရဏ, မုခပုဉ္ဆန, ပရိက္ခာရစောင္သင်္ကန်း	၃၆၆
[၁၆၂]	တိစီဝရိတ်အဓိဋ္ဌာန်နှင့် ပရိက္ခာရစောင္အဓိဋ္ဌာန်	၃၆၈
[၁၆၃]	ဝိကပ္ပနုပဂပစ္ဆိမစီဝရပ္ပမာဏ	၃၇၆
[၁၆၄]	သုဂတစီဝရပ္ပမာဏ	၃၇၉
[၁၆၅]	ရဟန်းခံစဉ် ပရိက္ခာရစောင္ အဓိဋ္ဌာန် မတင်အပ်	၃၈၀
[၁၆၆]	ဝဿိကသာဋိကာစသည် အဓိဋ္ဌာန်တင်ပုံ	၃၈၃
[၁၆၇]	အဓိဋ္ဌာန်ပျက်ကြောင်းများ	၃၈၆
[၁၆၈]	ခေါင်းအုံးစသည် အဓိဋ္ဌာန်တင်အပ်, မအပ်	၃၉၂
[၁၆၉]	ဝိကပ္ပနာပြုပုံ	၃၉၅
[၁၇၀]	အဓိဋ္ဌာန် ချရာ ဝိကပ္ပနာပြုရ, မပြုရ	၃၉၈
[၁၇၁]	သပိတ်ကို အဓိဋ္ဌာန်တင် ဝိကပ္ပနာပြုပုံ	၄၀၁
[၁၇၂]	သပိတ်၏ ဇာတိ, ပမာဏ	၄၀၃
[၁၇၃]	သပိတ်ဖုတ်ရမည့် အကြိမ်များ	၄၀၇
[၁၇၄]	သပိတ်ကို သိုမှီးသိမ်းဆည်းထားပုံ	၄၁၃
[၁၇၅]	သင်္ကန်း၌ ကမ္မတ်ကွင်း, ကမ္မတ်သီးတပ်ပုံ	၄၁၃
[၁၇၆]	ကပ္ပဗိန္ဒုထိုးပုံ	၄၁၅
[၁၇၇]	ပါတိမောက်ပြရာ မေး, ဖြေပုံ	၄၁၇
[၁၇၈]	ဂဏဥပုသ်ပြုရာ ပုဗ္ဗကိစ္စပြုပုံ	၄၂၃

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
[၁၇၉]	အန္တရာယ်မရှိဘဲ ပါတိမောက် အကျဉ်းပြအပ်	၄၂၈
[၁၈၀]	သုတသဒ္ဒါဖြင့် ပါတိမောက်သိမ်းပုံ	၄၃၀
[၁၈၁]	မိမိကျောင်း၌ အဓိဋ္ဌာန်ဥပုသ်လည်း ပြုအပ်	၄၃၂
[၁၈၂]	သံဃာပြည့်လျှင် သံဃာ့ဥပုသ်သာပြုအပ်	၄၃၃
[၁၈၃]	ဥပဇ္ဈာယ်, နိဿရည်းဆရာ အင်္ဂါများ	၄၃၈
[၁၈၄]	နိဿရည်းလွတ်ထိုက်သော အင်္ဂါများ	၄၄၉
[၁၈၅]	အဗျတ္တဖြစ်က ယာဝဇီဝ နိဿရည်းယူရ	၄၅၄
[၁၈၆]	ဥပဇ္ဈာယ် ယူပုံ,ပေးပုံ	၄၅၆
[၁၈၇]	သဒ္ဓိဝိဟာရိကနှင့် အန္တေဝါသိက	၄၅၈
[၁၈၈]	ဝတ်ပြုအပ်သော ဆရာနှင့်တပည့်	၄၆၂
[၁၈၉]	အချင်းချင်းခွင့်ပြုမူ အာပတ်လွတ်	၄၆၃
[၁၉၀]	နိဿရည်းကင်းက အာပတ်သင့်	၄၆၅
[၁၉၁]	ဥပဇ္ဈာယ်ခေတ္တခရီးသွားရာ၌ နိဿရည်းယူပုံ	၄၇၁
[၁၉၂]	အင်္ဂါမပြည့်စုံဘဲ ဥပဇ္ဈာယ်ဆရာလုပ်ခြင်း	၄၇၄
[၁၉၃]	အဓိကရုဏ်း ၄-ပါး	၄၇၅
[၁၉၄]	အဓိကရုဏ်း သမထဖြင့် ငြိမ်းပုံ	၄၇၈
[၁၉၅]	သမ္မုခါဝိနည်းနှင့် မကင်းနိုင်ပုံ	၄၇၉
[၁၉၆]	သမထ ၇-ပါး	၄၇၉
[၁၉၇]	သမ္မုခါအပြား ၄-ပါး	၄၈၂
[၁၉၈]	သမ္မုခါဝိနည်းဖြင့် ပြုအပ်သောကံ	၄၈၃
[၁၉၉]	အနေသန ၂၁-ပါး	၄၈၅
[၂၀၀]	ကထိန် ၂-ခါ မခင်းအပ်	၄၉၃
[၂၀၁]	ကထိန်နုတ်၍ ထပ်မခင်းအပ်	၄၉၃
[၂၀၂]	ကထိန်နုတ်ခြင်းအပြား ၉-ပါး	၄၉၆

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
[၂၀၃]	မာတိကာအားလျော်စွာ အာနိသင်ပျက်ခြင်း	၄၉၉
[၂၀၄]	အာနိသင်ပျက်သော ပလိဗောဓ	၅၀၆
[၂၀၅]	ကထိန်ခင်းထိုက်သောရဟန်း	၅၀၇
[၂၀၆]	ကထိန်အာနိသင်ပစ္စည်း ခွဲဝေပုံ	၅၀၉
[၂၀၇]	ကထိန်မခင်းမီ သံဃိက ပစ္စည်းဝေယျခြင်း	၅၁၃
[၂၀၈]	ကထိန်မခင်းဘဲ သင်္ကန်းကာလ၌ အာနိသင် ၄-ပါး	၅၁၅
[၂၀၉]	အာနိသင်မရ အညဝိဟာရ	၅၁၅
[၂၁၀]	ကထိန်သင်္ကန်း ဝေပုံ	၅၁၆
[၂၁၁]	ဝါဆိုပြီးသာမဏေ ပစ္ဆိမဝါ၌ ပစ္စင်းခံလျှင် အာနိသင်ရ	၅၁၇
[၂၁၂]	ဝါဆိုပြီးသာမဏေလည်း အာနိသင်ရ	၅၁၈
[၂၁၃]	သင်္ကန်း ၁-ထည်ကိုသာ ကထိန်ခင်းအပ်	၅၁၉
[၂၁၄]	အာနိသင်သင်္ကန်းကို ပန်ကြား၍ပေးအပ်	၅၂၀
[၂၁၅]	ကထိနဒုဿံ-ဟု ဖတ်လည်း ကံမပျက်	၅၂၁
[၂၁၆]	ကထိန်ခင်းပုံ	၅၂၂
[၂၁၇]	ကထိန်သင်္ကန်း၏ ပုဗ္ဗကိစ္စများ	၅၂၃
[၂၁၈]	ကထိန်ခံသူ ရဟန်း၏အင်္ဂါ ၈-ပါး	၅၂၃
[၂၁၉]	ကျွမ်းကျင်သော ရဟန်းကို ပင့်၍ ကထိန်ခင်းခြင်း	၅၂၄
[၂၂၀]	ကထိန်ခင်းသောနေ့မှ တိစီဝရိတ် ဆောင်သော်လည်းအပ်	၅၂၅
[၂၂၁]	ပရိက္ခာရစောင့ အဓိဋ္ဌာန်တင်သော်လည်း အာနိသင်မပျက်	၅၂၆
[၂၂၂]	ကထိန်သင်္ကန်းကို ပေးရာ, ခင်းရာသိမ်	၅၂၇
[၂၂၃]	ကျောင်း၌ ခဏ္ဍသိမ် မရှိခဲ့သော်	၅၂၇
[၂၂၄]	ခဏ္ဍသိမ်၌ ကထိန်ခင်းခြင်း	၅၂၈
[၂၂၅]	ကထိန်သင်္ကန်းလျှူပုံ, ရေစက်ချပုံ	၅၂၈

---- × -----

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	တတိယကဏ္ဍ မာတိကာ	
	အရှင်အရိယ၏ ဝိနယပုစ္ဆာများ	၅၃၁
[၂၂၆]	ကပ္ပိယပစ္စည်း တောင်းယူပြီး အကပ္ပိယပစ္စည်း ပြန်ပေးခြင်း	၅၃၆
[၂၂၇]	ဝယ်ယူပြီး ပစ္စည်းကို စွန့်၍ အပ်အောင်ပြုခြင်း	၅၃၇
[၂၂၈]	အကပ္ပိယ, ကပ္ပိယပစ္စည်း ၂-မျိုးကို ပရိယာယ်ဖြင့် လဲခြင်း	၅၃၉
[၂၂၉]	ဇရပ်ဖျက်ပြီး ကျောင်းဆောက်ခြင်း	၅၄၀
[၂၃၀]	သံယိကနှင့် မတသန္တက တူပုံ, ထူးပုံ	၅၄၆
[၂၃၁]	ပါဒအရမှာ ရွှေပါဒကို ယူသင့်ကြောင်း	၅၄၈
[၂၃၂]	ပရိဝါသ် အဆင့်ဆင့်ပေးခြင်း	၅၆၁
[၂၃၃]	ဒေသနာကြားပြီး အာပတ် အကျိုးပေး, မပေး	၅၆၄
[၂၃၄]	ဆေးလိပ်သောက်ခြင်း	၅၇၂
[၂၃၅]	ယာမကာလိက ပစ္စဝေက္ခဏာ	၅၇၄
	ဦးကလျာဏ၏ ဝိနယပုစ္ဆာများ	၅၇၆
[၂၃၆]	ဘုရားရင်ပြင်၌ ရဟန်းကိုယ်တိုင်မြက်ရှင်းခြင်း	၅၇၇
[၂၃၇]	ကုစားပြီးအာပတ် အန္တရာယ် ပြု,မပြု	၅၇၈
[၂၃၈]	သင်္ကန်းအပ်ဖြတ် မသုံးအပ်	၅၈၂
[၂၃၉]	ဝါပန်အပ်သော ကိစ္စများ	၅၉၃
[၂၄၀]	ကယဝိက္ကယပြုကြပုံ	၆၀၀
[၂၄၁]	ညှတ်ပြီးလာဘ်နှင့် အလှူမြောက်, မမြောက်	၆၀၇
	အရှင်သုန္ဒရလျှောက်ထားလွှာ	၆၂၈
	ထိမ်တောဆရာတော်၏ **အဋ္ဌကာရဝိနိစ္ဆယစာတမ်း**	၆၂၉
[၂၄၂]	ရဟန်းတို့ တရားတွေ့သင့်, မတွေ့သင့်	၆၂၉

http://www.dhammadownload.com

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဦးဝိစာရ လျှောက်ထားလွှာ	၆၄၄
	ထိမ်တောဆရာတော်၏ **သံယိကဝိဟာရဝိနိစ္ဆယစာတမ်း**	၆၄၄
[၂၄၃]	သံယိကကျောင်းကို ရောင်းဝယ်ခြင်း	၆၄၄
[၂၄၄]	သစိတ္တက, အစိတ္တက ဝိနိစ္ဆယ	၆၅၆
	ဦးသောဘိတလျှောက်ထားလွှာ	၆၆၄
	ပတ္တနိက္ကုဇ္ဇန ဝိနိစ္ဆယစာတမ်း	၆၆၅
[၂၄၅]	အမှတ် ၁-ပုစ္ဆာအဖြေ	၆၆၅
[၂၄၆]	အမှတ် ၂-ပုစ္ဆာအဖြေ	၆၆၆
[၂၄၇]	အမှတ် ၃-ပုစ္ဆာအဖြေ	၆၇၁
[၂၄၈]	အမှတ် ၄-ပုစ္ဆာအဖြေ	၆၇၂
[၂၄၉]	ချေသားကို စားအပ်, မစားအပ်	၆၇၄
[၂၅၀]	ညဉ့်ကင်းပြီး တိစီဝရိတ်ကို စွန့်၍ အဓိဋ္ဌာန်တင်ခြင်း	၆၇၅
	ဦးကုသလလျှောက်ထားလွှာနှင့် ဝိနိစ္ဆယများ	၆၇၈
[၂၅၁]	ရဟန်းတို့ ကူလီငှားခြင်း အပ်,မအပ်	၆၇၈
[၂၅၂]	ကပ္ပိယကို ကြိုတင်သင်ကြား၍ ရွှေ့ငွေအလှူခံခြင်း	၆၈၀
[၂၅၃]	နိဿဂ္ဂိယဝတ္ထုကို ဝိနည်းကံနှင့်အညီ စွန့်လျှင်အပ်ကြောင်း	၆၈၁

မာတိကာ ပြီး၏။

----- × -----

http://www.dhammadownload.com

ဓမ္မရသအလှူ

ဩဇာပါန၊ ဇီဝိတဟု၊ ဓမ္မအပြား၊
လှူ သုံးပါးတွင်၊ ဓမ္မ အလှူ။
ပေးသော သူတို့၊ အယူစွဲသုံး၊
ဖြောင့်နှလုံးဖြင့်၊ ကောင်းဆုံးရသာ၊
မြိန်နှိုးရာသား။-

(ပါရမီတော်ခန်းပို့)

http://www.dhammadownload.com

http://www.dhammadownload.com

ထိမ်တောဆရာတော်

ဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်း



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမနှင့် ပဋိညာဉ်

သီလာဓိသီလံ ပရိဇာန သိက္ခံ၊ သုဒေသိတံ ဥတ္တမပေါရိသံ ဝါ။
နတွာ ကရိဿံ ဝိနယဿ ပုစ္ဆာ-ဝိသဇ္ဇနံ ယာစိတ ကေတုနာဟံ။
အာရညိကေနာဒရမာသရန္တော၊ နဝါနူနာနံ သုခပသီတံ ဝါ။
ပညတ္တိဇောတာယ ဝိရုဠ္ဍိယာ ဝါ၊ ပရမ္မုခာယာဘတမာဒရိတွာ။

အဟံ၊ ငါသည်။ ပရိဇာနံ၊ ရွှေဉာဏ်တော်အစု သပ္ပညုတဉာဏ်ဖြင့် တစ်ခုမကျန် အဟုတ်အမှန် မဖောက်ပြန်သောအားဖြင့် ပိုင်းခြား၍ သိတော်မူတတ်ထသော။ သီလာဓိသီလံ သိက္ခံ၊ ၅-ပါးသီလ, ၈-ပါးသီလ, ၁၀-ပါးသီလတို့ထက် လွန်ကဲမြင့်မြတ်သော ပါတိမောက္ခသံဝရ သီလတည်းဟူသော အဓိသီလသိက္ခာကို။ သုဒေသိတံ၊ ကောင်းစွာ ပိုင်ပိုင် ဟောတော်မူနိုင်သော။ ဥတ္တမပေါရိသံ ဝါ၊ ယောက်ျားမြတ်ဖြစ်တော်မူသော ဘုရားရှင်ကိုလည်း။ အာဒရံ၊ ရိုသေစွာ။ နတွာ နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ၍။ ဥတ္တမပေါရိသံ ဥတ္တမပေါရိသေန၊ သည်။ သုဒေသိတံ၊ ကောင်းစွာ ဟောတော်မူအပ်သော။ သီလာဓိ-

http://www.dhammadownload.com

သီလဲ သိက္ခံ၊ အဓိသီလသိက္ခာ-ဟု ဆိုအပ်သော တရားတော်မြတ်ကိုလည်း။ ဝါ၊ သင်္ကြန်အပ် ကျင့်အပ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်း။ အာဒရံ၊ စွာ။ နတ္ထာ နမာမိ၊ ၏။ နတ္ထာ၊ ၍။ သီလာဓိသီလံ သိက္ခံ၊ သင်္ကြန်အပ် ဆယ်ပါးသော တရားတော်မြတ်ကို။ ပရိဇာနံ၊ ပိုင်းခြား၍ သိတော်မူတတ်သော အရိယာ သံယာတော်မြတ်ကိုလည်း။ အာဒရံ၊ စွာ။ နတ္ထာ နမာမိ၊ ၏။ နတ္ထာ၊ ၍။ ကေတုနာ၊ ကေတု အမည်ရှိသော။ အာရည်ကေန၊ တောနေရဟန်းသည်။ အာဒရံ၊ စွာ။ ယာစိတံ၊ တောင်းပန်အပ်သည်ကို။ အာသရန္တော၊ အဖန်ဖန်အောက်မေ့သည်ဖြစ်၍။ နဝါနံ ဝါ၊ ရဟန်းငယ်တို့၏လည်းကောင်း။ ဥနာနံ ဝါ၊ ပါဠို, အဋ္ဌကထာ, ဋီကာတို့ကို ကြည့်ရှုနိုင် သိမြင်နိုင်သော ဉာဏ်စွမ်းနှံ့သော ရဟန်းတို့၏လည်းကောင်း။ ဝါ၊ ဉာဏ်အားနည်းသော ရဟန်းတို့၏လည်းကောင်း။ သုခပသိတုံ ဝါ၊ ရှုလွယ် မှတ်လွယ်စေခြင်းငှါလည်းကောင်း။ ပညတ္တိဇောတာယ ဝါ၊ ဝိနည်းတရား ထင်ရှား ပွင့်လင်းစေခြင်းငှါလည်းကောင်း။ ဝိရူဠှိယာ ဝါ၊ စည်ပင်ပြန့်ပွါး များစေခြင်းငှါလည်းကောင်း။ တတော၊ ထိုဝိနည်းပိဋကမှ(ထည့်)။ ပရမ္မရာယာဘတံ၊ အစဉ်အဆက် မပျက်ဆောင်အပ်သော ပါဠို, အဋ္ဌကထာ, ဋီကာ, ပါဠင်္ဂကို။ အာဒရိတ္တာ၊ အလေးဂရုပြု၍။ ဝိနယဿ၊ ဝိနည်းပိဋကဓ်၏။ ဝါ၊ ဝိနည်းပညတ်၏။ ဝါ၊ ဝိနည်းသိက္ခာပုဒ်၏။ ပုစ္ဆာဝိသဇ္ဇနံ၊ အမေး, အဖြေကို။ ဝါ၊ အမေး, အဖြေကျမ်းကို။ ကရိဿံ၊ ရေးစီရင်ပေအံ့။

[ဥပဇ္ဈာတဂါထာမျိုး ၁၁-လုံးဖွဲ့။ ဣန္ဒ္ဝဇိရာ, ဥပေန္ဒ္ဝဇိရာ ၂-ပါးကို ရောစပ်ဖွဲ့သောကြောင့် ဥပဇ္ဈာတိမည်၏။ ပရိဇာန, ယာစိတတို့ကား နိဂ္ဂဟီတလောပ။ ဗုဒ္ဓဝဏ္ဏာမအရာဒ္ဒိ ပရိဇာန-ကား ဥတ္တမပေါရိသံ-၏ ဝိသေသန။]

http://www.dhammadownload.com

ထိမ်တောဆရာတော်

ဝိနယပုဏ္ဏာဝိသဇ္ဇနာကျမ်း

ပဌမကဏ္ဍ

ပဋိညာဉ်အရ ပဋိညာတတ္ထကို ပြဆိုလိုက်အံ့ -

[၁] အသက်-၂၀ ပြည့်ပြီ ထင်၍ ရဟန်းခံခြင်း

(၁) **မေး။** ။ အသက်-၂၀ မပြည့်သော ရဟန်းလောင်းကို အသက်-၂၀ ပြည့်ပြီဟူသော အမှတ်ဖြင့် ရဟန်းခံရာ ရဟန်းဖြစ်ပါမည်လော?

ဖြေ။ ။ အမှတ်ရှိသော်လည်း အသက်-၂၀ မပြည့်သောကြောင့် ရဟန်း မဖြစ်ပါ။

၁။ အနာပတ္တိ ဥနဝီသတိဝဿံ ပရိပုဏ္ဏဝီသတိဝဿသညီတိ ဧတ္ထ ကိဉ္စာပိ ဥပသမ္မာ-
ဒေန္တသ္သ အနာပတ္တိ၊ ပုဂ္ဂလော ပန အနုပသမ္မန္နော၀ ဟောတိ-

ဟု လာသော **ပါစိတ်အဋ္ဌကထာ ဥနဝီသတိဝဿသိက္ခာပုဒ်အဖွင့်**ကို ထောက်။

အနက်ကား။ အနာပတ္တိ ။ပ။ ဧတ္ထ၊ ၌။ ဥပသမ္မာဒေန္တဿ၊ ရဟန်းခံသော ဆရာသံဃာအား။ အနာပတ္တိ၊ အာပတ် မသင့်သည်။ ကိဉ္စာပိ ဟောတိ၊ အကယ်၍ကား ဖြစ်၏ရှင့်။ ပန၊ ထိုသို့ပင် အာပတ်မသင့်သော်လည်း။ ပုဂ္ဂလော၊ ရဟန်းခံသော ပုဂ္ဂိုလ်သည်။ အနုပသမ္မန္နော၀၊ ရဟန်း မဖြစ်သည်သာ။ ဟောတိ၊ ၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂] ရဟန်းဖြစ်သည် ထင်၍ ရဟန်းဝတ်နေခြင်း

(၁) မေး။ ။ ထိုသို့ ရဟန်းမဖြစ်ခဲ့သော် ရဟန်းလုပ်၍ နေခြင်း၌ အပြစ် ရှိမည်လော?

ဖြေ။ ။ "ရဟန်းခံ၍ ရဟန်းဖြစ်သည်"ဟူသော အမှတ်သညာဖြင့်သာနေမူ အပြစ်မရှိပါ။

၁။ သောပိ စ ယာဝ နု ဇာနာတိ၊ တာဝ'ဿ နေဝ သဂ္ဂန္တရာယော နု မောက္ခန္တရာယော၊ ဥ တွာ ပန ပုန ဥပသမ္ပဇ္ဇိတဗ္ဗ–

ဟု လာသော ပါစိတ်အဋ္ဌကထာကို ထောက်။

အနက်ကား။ သောပိ စ၊ ထိုအသက်-၂၀ မပြည့်ဘဲ ပြည့်ပြီဟူသော အမှတ်ဖြင့် ရဟန်းခံသောသူသည်။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ နု ဇာနာတိ၊ မသိတတ်။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ အဿ၊ ထိုရဟန်းအား။ သဂ္ဂန္တရာယော၊ နတ်ပြည်ရောက်မည်ကို တားမြစ်ခြင်းသည်။ နေဝ ဟောတိ၊ မဖြစ်။ မောက္ခန္တရာယော၊ မင်္ဂဖိုလ်ရမည်ကို တားမြစ်ခြင်းသည်။ နု ဟောတိ၊ မဖြစ်။ ဥ တွာ၊ သိလတ်သော်။ ပုန၊ တဖန်။ ဥပသမ္ပဇ္ဇိတဗ္ဗံ၊ ရဟန်းခံအပ်၏။

✪ ✪ ✪ ✪ ✪

[၃] ရဟန်းဟူသောအမှတ်ဖြင့် ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးခြင်း

(၁) မေး။ ။ ထိုအသက်-၂၀ မပြည့်ဘဲလျက် ပြည့်ပြီဟူသောအမှတ်ဖြင့် ရဟန်းခံ၍ ၁၀-ဝါ ရလျှင် တပါးသော ရဟန်းလောင်းကို ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းခံမူ တပည့် ရဟန်းသည် ရဟန်းဖြစ်ပါမည်လော?

ဖြေ။ ။ ထိုရဟန်း မဖြစ်ဘဲလျက် ဖြစ်သည်-ဟု ထင်မှတ်၍နေသော ဥပဇ္ဈာယ်ဆရာကို လွှတ်၍ ဂိုဏ်းပြည့်မူ ရဟန်းဖြစ်သည်။

၁။ သစေ ပန သော ဒသဝဿ'စ္စယေန အညံ ဥပသမ္မာဒေတိ၊ တဉ္စေ မုဉ္စိတွာ ဂဏော ပူရတိ၊ သူ'ပသမ္မန္နော–

ဟု လာသော ပါစိတ်အဋ္ဌကထာကို ထောက်။

http://www.dhammadownload.com

သော၊ ထိုအသက်-၂၀ ပြည့်ပြီဟု ထင်မှတ်လျက် ရဟန်းခံသောသူသည်။ ဒသဝဿ'စွယေန၊ ဆယ်ဝါကို လွန်သဖြင့်။ အည်၊ တပါးသောသူကို။ သစေ ပန ဥပသမ္ပာဒေတိ၊ ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးငြားအံ့။ တံ၊ ထိုရဟန်းမဖြစ်ဘဲ ရဟန်းဟု ထင်မှတ်၍ နေသော ဥပဇ္ဈာယ်ကို။ မုဋ္ဌိတ္တာ၊ လွတ်၍။ ဂဏှာ၊ ဂိဏှိးသည်။ ပူရတိ၊ ပြည့်၏။ သူ'ပသမ္ပန္နော၊ နောက်ခံသောတပည့်သည် ကောင်းစွာ ရဟန်းဖြစ်၏။

✪ ✪ ✪ ✪ ✪

[၄] ရဟန်း မဖြစ်သူ၊ ပါရာဇိကကျသူ ရဟန်းက ကမ္မဝါဖတ်ခြင်း

(၁) **မေး။** ။ ထိုရဟန်း မဖြစ်သော ဥပဇ္ဈာယ်ဆရာသည် တပါးသူကို ကမ္မဝါဖတ် မစေခိုင်းဘဲ မိမိသည်ပင် ကမ္မဝါဆရာပြု၍ အဖန်တလဲလဲ ဖတ်သဖြင့် ရဟန်းခံမူ နောက်ခံသောတပည့် ရဟန်းဖြစ်ပါမည်လော?

ဖြေ။ ။ ထိုရဟန်းဟု ထင်မှတ်၍နေသော ဆရာသည် မိမိသည်ပင် ဥပဇ္ဈာယ်, ကမ္မဝါဆရာပြု၍ ရဟန်းခံရာ ကမ္မဝါစာ၍ လိမ္မာပါမူ တပါးသောရဟန်းတို့ မဖတ်သော်လည်း ထိုဆရာကို လွတ်၍ ဂိဏှိးပြည့်မူ နောက်ခံသောတပည့် ရဟန်းဖြစ်သည်သာ။

၁။ အည် ဥပသမ္ပာဒေတိတိ ဥပဇ္ဈာယော ကမ္မဝါစာစရိယော ဝါ ဟုတ္တာ ဥပသမ္ပာဒေတိ-

ဟု ဖွင့်သော သာရတ္ထဒီပနီဋီကာကို ထောက်။ **ဝိမတိဝိနောဒနီဋီကာ, ဝိနယတ္ထမဉ္ဇူသာဋီကာ** တို့၌လည်း နည်းတူလာသည်။

အည် ။ပ။ ဒေတီတိ၊ ဟူသည်ကား။ ဥပဇ္ဈာယော ဝါ၊ ဥပဇ္ဈာယ်ဆရာသည်လည်းကောင်း။ ကမ္မဝါစာစရိယော ဝါ၊ ကမ္မဝါစာဆရာသည်လည်းကောင်း။ ဟုတ္တာ၊ ဖြစ်၍။ ဥပသမ္ပာဒေတိ၊ ရဟန်းခံပေး၏။

ထိုဋီကာ၌ "ကမ္မဝါစာစရိယော"ဟု ဆိုသဖြင့် ထိုအသက်-၂၀ မပြည့်ဘဲ ပြည့်ပြီဟူသော အမှတ်ဖြင့် ရဟန်းခံသောသူသည် ကမ္မဝါစာဖတ်၍ သူတပါးကို ရဟန်းခံပေးရာ ကမ္မဝါစာ၌ လိမ္မာမူ တပါးသော ရဟန်းတို့ မဖတ်သော်လည်း **ကံအောင်ကြောင်းကို ပြတော်** မူသည်။ ထိုစကားကို ထောက်၍ ပါရာဇိကကျသောရဟန်းသည် ကမ္မဝါစာဖတ်၍

http://www.dhammadownload.com

တပါးသောသူ၏ ကံကို ဆောင်ရာ၌လည်း ထိုပါရာဇိကကျသော ရဟန်းကို လွှတ်၍ ဂိုဏ်းပြည့်မူ ထိုကံအောင်သည်ဟု မှတ်ယူသင့်သည်။

၂။ ထို့ကြောင့် **ဝဇိရဗုဒ္ဓိဋီကာ ပဌမ ပါရာဇိကအဖွင့်၌-**

အဘိက္ခုနာ ကမ္မဝါစာယ သာဝိတာယပိ ကမ္မံ ရုဟတိ ကမ္မဝိပတ္တိယာ အသမ္ဘဝတော- ဟု ဆိုတော်မူ၏

အဘိက္ခုနာ၊ ရဟန်းမဟုတ်သောသူသည်။ ကမ္မဝါစာယ၊ ကမ္မဝါစာကို။ သာဝိတာယပိ၊ ကြားသည်ရှိသော်လည်း။ ကမ္မံ၊ ကံသည်။ ရုဟတိ၊ ရောက်၏။ ကမ္မဝိပတ္တိယာ၊ ကံပျက်ခြင်း၏။ အသမ္ဘဝတော၊ မဖြစ်သင့်သောကြောင့်တည်း။

၃။ ထို့ကြောင့် **ဝိနယာလင်္ကာရဋီကာ၌လည်း-**

"ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံယော ဉာပေတဗ္ဗော"တိ ဝစနတော ထေယျသံဝါသကာဒိအာစရိယေဟိ အနုဿာဝနာယ ကတာယ ဉပသမ္ပဒါ နရုဟတိ၊ တေသံ အဘိက္ခုတ္တာတိ ဝစနမ္ပိ နဂဟေတဗ္ဗံ။

ကိဉ္စ ဘိယ္ယော-**"ဣမာနိ စတ္တာရိ ကမ္မာနိ ပဉ္စဟာကာရေဟိ ဝိပဇ္ဇန္တိ"**တိအာဒိနာနယေန ကမ္မာနံ သမ္ပတ္တိဝိပတ္တိယာ ကထိယမာနာယ "သတ္တဟိ အာကာရေဟိ ကမ္မာနိ ဝိပဇ္ဇန္တိ ဝတ္ထုတော ဝါ ဥတ္တိတော ဝါ အနုဿာဝနတော ဝါ သီမတော ဝါ ပရိသတော ဝါ ဉပဇ္ဈာယတော ဝါ အာစရိယတော ဝါ"တိ အကထိတတ္တာ နဂဟေတဗ္ဗော-

ဟု ဆိုတော်မူသည်။

ဗျတ္တေန၊ လိမ္မာသော။ ပဋိဗလေန၊ စွမ်းနိုင်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ သံယော၊ သံဃာကို။ ဉာပေတဗ္ဗော၊ သိစေအပ်၏။ ဣတိ၊ ဤသို့။ ဝစနတော၊ ဟောတော်မူသောကြောင့်။ ထေယျသံဝါသကာဒိအာစရိယေဟိ၊ ထေယျသံဝါသက အစရှိသော ဆရာတို့သည်။ အနုဿာဝနာယ၊ ကမ္မဝါစာကို။ ကတာယ၊ ဖတ်ခြင်းကို ပြုသဖြင့်။ ဉပသမ္ပဒါ၊ ရဟန်းအဖြစ်သည်။ နရုဟတိ၊ မရောက်။ တေသံ၊ ထိုထေယျသံဝါသက အစရှိသောသူတို့၏။ အဘိက္ခုတ္တာ၊ ရဟန်းမဟုတ်သည်၏ အဖြစ်ကြောင့်တည်း။ ဣတိ ဝစနံ၊ ဤသို့ ဆိုသောစကားကို။ နဂဟေတဗ္ဗံ၊ မယူအပ်။

စတ္တာရိ၊ ၄-ပါးကုန်သော။ ဣမာနိ ကမ္မာနိ၊ ဤအပလောကနကံ, ဉတ္တိကံ, ဉတ္တိဒုတိယကံ, ဉတ္တိစတုတ္ထကံ-တို့သည်။ ပဉ္စဟိ၊ ၅-ပါးကုန်သော။ အာကာရေဟိ၊ ဝတ္ထု, ဉတ္တိ, အနုဿာဝန, သီမာ, ပရိသ-ဟူသော အကြောင်းတို့ကြောင့်။ ဝိပဇ္ဇန္တိ၊ ပျက်ကုန်၏။ ဣတိ

http://www.dhammadownload.com

အာဒိနာ၊ ဤသို့ စသည်ဖြင့်။ ဝုတ္တတ္တာ စ၊ ဆိုအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဝတ္ထုတော ဝါ၊ ဝတ္ထုအားဖြင့်လည်းကောင်း။ ဥ တ္တိတော ဝါ၊ ဥ တ်အားဖြင့် လည်းကောင်း။ အနုဿာဝနတော ဝါ၊ ဖြင့်လည်းကောင်း။ သီမတော ဝါ၊ ဖြင့် လည်းကောင်း။ ပရိသတော ဝါ၊ ဖြင့်လည်းကောင်း။ ဥပဇ္ဈာယတော ဝါ၊ ဖြင့်လည်းကောင်း။ အာစရိယတော ဝါ၊ ကမ္မဝါစာ ဆရာအားဖြင့်လည်းကောင်း။ ဣတိ၊ ဤသို့။ သတ္တဟိ၊ ၇-ပါး ကုန်သော။ အာကာရေဟိ၊ အကြောင်းတို့ကြောင့်။ ဝါ၊ အကြောင်းတို့ဖြင့်။ ကမ္မာနိ၊ ၄-ပါး သော ကံတို့သည်။ ဝိပဇ္ဇန္တိ၊ ပျက်ကုန်၏။ ဣတိ၊ ဤသို့။ အကထိတတ္တာ စ၊ မဆိုအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ န ဂဟေတဗ္ဗံ၊ မယူအပ်။

ထို့ကြောင့် ပါရာဇိကကျသော ဒုဿီလရဟန်း ကမ္မဝါစာဖတ်ရာ ကံအောင်သည်ဟု သန္နိဋ္ဌာန်ကျ မှတ်လေ။

၄။ **ဝဇိရဗုဒ္ဓိဋီကာ ပဌမပါရာဇိကအဖွင့်၌ပင်-**

> ဥပသမ္ပန္နပုဗ္ဗော ဧဝ စေ ကမ္မဝါစံ သာဝေတိ၊ သံယော စ တသ္မိံ ဥပသမ္ပန္နသညီ၊ ဧဝဥ္စေ ကမ္မံ ရုဟတိ၊ န အညထာတိ နော ခန္ဓိတိ အာစရိယော။ ဂဟဋ္ဌော ဝါ တိတ္ထိယော ဝါ ပဏ္ဍကော ဝါ အနုပသမ္ပန္နသညီ ကမ္မဝါစံ သာဝေတိ၊ သံယေန ကမ္မဝါစာ န ဝုတ္တာ ဟောတိ။ "သံယော ဥပသမ္ပာဒေယျ၊ သံယော ဥပသမ္ပာဒေတိ၊ ဥပသမ္ပန္နော သံယေနာ"တိ ဟိ ဝစနတော သံယေန ကမ္မဝါစာယ ဝတ္တဗ္ဗာယ သံယပရိယာပန္နေန, သံယပရိယာပန္နသညိတေန ဝါ ဧကေန ဝုတ္တာ သံယေန ဝုတ္တာဝ ဟောတီတိ ဝေဒိတဗ္ဗော။ အယမေဝ သဗ္ဗကမ္မေသု ယုတ္တိ -

ဟု ဆိုတော်မူ၏။

ဥပသမ္ပန္နပုဗ္ဗော ဧဝ၊ ရဟန်းဖြစ်ဖူးသော သူကိုသာလျှင် (ဝါ) သူသည်သာလျှင်။ ကမ္မဝါစံ၊ ကို။ စေ သာဝေတိ၊ ကြားစေသည် ဖြစ်အံ့။ သံယော စ၊ သံယာသည်လည်း။ တသ္မိံ၊ ထိုရဟန်း၌။ ဥပသမ္ပန္နသညီ၊ ရဟန်းဟု အမှတ်ရှိသည်။ စေ ဟောတိ၊ ဖြစ်အံ့။ ဧဝဉ္စ၊ ဤသို့သာလျှင်။ စေတံ ကမ္မံ၊ ထိုကံသည်။ ရုဟတိ၊ ရောက်၏။ အညထာ၊ တပါးသော အခြင်းအရာအားဖြင့်။ န ရုဟတိ၊ မရောက်။ ဣတိ ဤသို့။ အယံ၊ ဤသည်လျှင်။ နော၊ ငါတို့၏။ ခန္ဓိ၊ နှစ်သက်ခြင်းတည်း။ ဣတိ၊ ဤသို့။ အာစရိယော၊ ဆရာသည်။ ဝဒတိ၊ ဆို၏။ ဂဟဋ္ဌော ဝါ၊ လူသည်လည်းကောင်း။ တိတ္ထိယော ဝါ၊ တိတ္ထိသည်လည်းကောင်း။ ပဏ္ဍကော ဝါ၊ ပဏ္ဍက်သည်လည်းကောင်း။ အနုပသမ္ပန္နသညီ၊ ရဟန်းမဟုတ်ဟု အမှတ်ရှိလျက်။ ကမ္မဝါစံ၊ ကို။ သာဝေတိ၊ ကြား၏။ သံယေန၊ သည်။ ကမ္မဝါစာ၊ ကို။ န ဝုတ္တာ၊ မဆိုအပ်သည်။ ဟောတိ၊

http://www.dhammadownload.com

၏။ ဟိ၊ မှန်၏။ သံယော ဥပသမွာဒေယျ ။ပ။ သံယေနာတိ၊ ဟူ၍။ ဝစနတော၊ ဟောတော်မူသောကြောင့်တည်း။ သံယေန၊ သည်။ ကမ္မဝါစာယ၊ ကို။ ဝတ္တဗ္ဗာယ၊ ဆိုအပ်လတ်သော်။ သံယပရိယာပန္နေန၊ သံဃာ၌ အကျုံးဝင်သော။ ဝါ၊ အတွင်းဝင်သော။ သံယပရိယာပန္နသညိတေန၊ သံဃာ၌ အတွင်းဝင်သည်ဟု အမှတ် ရှိသည်လည်းဖြစ်သော။ ဧကေန၊ တစ်ယောက်သောရဟန်းသည်။ ဝါ၊ ပါရာဇိကကျသော ရဟန်းသည်။ ဝုတ္တာ၊ ဆိုအပ်သည်ရှိသော်။ သံယေန၊ သည်။ ဝုတ္တာဝ၊ ဆိုအပ်သည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အယမေဝ၊ ဤစကားသည်သာလျှင်။ သဗ္ဗကမ္မေသု၊ ခပ်သိမ်းသောကံတို့၌။ ယုတ္တိ၊ သင့်သောစကားတည်း။

လူ့ အသွင်ဖြင့် သံဃာ့အလယ်သို့ ဝင်၍ ကမ္မဝါစာဖတ်မူ သံဃာဟု မထင်မှတ်နိုင်သောကြောင့် ထိုလူဖတ်သော ကမ္မဝါစာဖြင့် ကံမအောင်-ဟု မှတ်လေ။ ၎င်းစကားအရ ဝဇိရဗုဒ္ဓိဋီကာကို ကြည့်လိုမူ ၁၀-ကြောင်းပေ ၎-အင်္ဂါ၊ ငါ-ချပ် ကျောဘက်မှာ ရှုလေ။

✪ ✪ ✪ ✪ ✪

[၅] ပါရာဇိကကျသူ ရဟန်းထံ၌ သာမဏေပြုခြင်း

(၁) **မေး**။ ။ ပါရာဇိကကျသောရဟန်းထံ သရဏဂုံ ခံယူ၍ သာမဏေပြုရာ သာမဏေဖြစ်ပါမည်လော?

ဖြေ။ ။ ပါရာဇိကကျသော ရဟန်းသည် ပါရာဇိက ကျသည်ကို သိလျက် နေသည်ဖြစ်စေ, မသိ၍ နေသည်ဖြစ်စေ ရဟန်းဟူသော ပဋိညာဉ်ဖြင့်နေ၍ တပည့်သာမဏေကို သရဏဂုံပေး၍ ရှင်ပြုရာ ဆရာတပည့် ၂-ပါးပင် သရဏဂုံကို ပြည့်စုံအောင် ဆိုနိုင်မူ ဥပသမ္ပဒကံကဲ့သို့ သာမဏေဖြစ်သည်။

၁။ အညံ ဥပသမ္ပာဒေတိတိ ဥပဇ္ဈာယော ကမ္မဝါစာစရိယော ဝါ ဟုတွာ ဥပသမ္ပာဒေတိ-

ဟု လာသော **သာရတ္ထဒီပနီဋီကာ, ဝိမတိဝိနောဒနီ, ဝဇိရဗုဒ္ဓိဋီကာ**တို့ကိုလည်းကောင်း၊

၂။ အဘိက္ခုနော ကမ္မဝါစာယ သာဝိတာယပိ ကမ္မံ ရုဟတိ ကမ္မဝိပတ္တိယာ အသမ္ဘဝတော –

ဟု လာသော **ဝဇိရဗုဒ္ဓိဋီကာ**ကိုလည်းကောင်း ထောက်လေ။

http://www.dhammadownload.com

ပါရာဇိကကျသောရဟန်းသည် ဥပသမ္ပဒကမ္မဝါစာဖတ်ရာ ကမ္မဝါစာ ပီအောင် ဆိုနိုင်မူ ထိုပါရာဇိကကျသော ရဟန်းကို လွှတ်၍ ဂိုဏ်းပြည့်လျှင် ရဟန်းခံသောသူသည် ရဟန်းဖြစ်သကဲ့သို့၊ ပါရာဇိကကျသောရဟန်း သရဏာဂုံပေး၍ ရှင်ပြုရာ သရဏာဂုံ ပီသအောင် ပေးနိုင်လျှင် သာမဏေဖြစ်ထိုက်သည်ဟု မှတ်ယူသင့်သည်။

ဒုဿီလရဟန်းထဲမှာ ရဟန်းဟု ထင်မှတ်၍ သရဏာဂုံ ပဉ္စသီလ ခံယူသောလူတို့မှာ ဆိုဖွယ်ရာ မရှိ။ သရဏာဂုံ သီလပြည့်စုံကြသည်ဟု မှတ်။

✪ ✪ ✪ ✪ ✪

[၆]　ပါရာဇိကဖြင့် ယုံမှားသူကို ရှိခိုးခြင်း

(၁) **မေး။** ။ ထိုပါရာဇိကကျသော ရဟန်းကို ပါရာဇိကကျသည်-ဟု အမှန်လည်း မဆိုနိုင်၊ သံသယလည်း မကင်းနိုင်၊ ထိုရဟန်းကို ရှိခိုးခြင်း, လက်အုပ်ချီခြင်း၌ အပြစ် ရှိမည်လော?

ဖြေ။ ။ ပါရာဇိကကျသော ရဟန်းသည် မိမိ ပါရာဇိကကျသည့် အဖြစ်ကို ဝန်မခံသမျှ ကာလပတ်လုံး ရဟန်းဟု ခေါ်ဝေါ်ထိုက်သည် ဖြစ်၍ သံသယရှိသော်လည်း ရှိခိုးခြင်း, လက်အုပ်ချီခြင်းကို ပြုရာ အပြစ်မရှိ။

၁။　ပါရာဇိကံ အာပန္နော ဟိ တံ ပဋိစ္စာဒေတွာ ယာဝ ဘိက္ခုပဋိညော ဟောတိ၊ တာဝ ဘိက္ခု ဧဝ ဟောတိ ဘိက္ခူနမေဝ ပါရာဇိကဿ ပညတ္တတ္တာ။ ယော ပန ဘိက္ခူတိ ဟိ ဝုတ္တံ။ တထာ ဟိ သော သံဝါသံ သာဒိယန္တောပိ ထေယျသံဝါသကော နာ ဟောတိ၊ သဟသေယျာဒိအာပတ္တိဉ္စ နာ ဇနေတိ၊ အတ္တာနံ ဩမသန္တဿ ပါစိတ္တိယဉ္စ ဇနေတိ -

ဟု လာသော **ဝိမတိဝိနောဒနီဋီကာ၊ ပဌမပါရာဇိကအဖွင့်**ကို ထောက်။ **သာရတ္ထဒီပနီဋီကာ** ၌လည်း လာသည်။

ဟိ၊ မှန်၏။ ပါရာဇိကံ၊ သို့။ အာပန္နော၊ ရောက်သောရဟန်းသည်။ တံ၊ ထိုပါရာဇိက ကို။ ပဋိစ္စာဒေတွာ၊ ဖုံးလွှမ်း၍။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခုပဋိ-ညော၊ ရဟန်းဟု ဝန်ခံသည်။ ဟောတိ၊ ၏။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘိက္ခု ဧဝ၊ ရဟန်းမည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခူန မေဝ၊ ရဟန်းတို့ အားသာ

http://www.dhammadownload.com

လျှင်။ ပါရာဇိကာသ၊ ပါရာဇိကကို။ ပညတ္တတ္တာ၊ ပညတ်တော်မူသည်၏အဖြစ် ကြောင့်တည်း။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ သောပိ၊ ရဟန်းကို(သည်)လည်း။ ဘိက္ခူတိ၊ ရဟန်းဟူ၍။ ဝုတ္တံ (ဝုတ္တော) ဆိုအပ်၏။ တထာ ဟိ တတော ဧဝ၊ ထို့ကြောင့် သာလျှင်။ သော၊ ထိုရဟန်းသည်။ သံဝါသံ၊ ရဟန်းတို့ ရှိခိုးခြင်းအစရှိသော သံဝါသကို။ သာဒိယန္တောပိ၊ သာယာသော်လည်း။ ထေယျသံဝါသကော၊ သည်။ နံ ဟောတိ၊ မဖြစ်။ သဟသေယျာဒိအာပတ္တိဉ္စ၊ သဟသေယျ-စသောအာပတ်ကိုလည်း။ နံ ဇနေတိ၊ မဖြစ်စေ။ အတ္တာနံ၊ မိမိကို။ ဩမသန္တသ၊ ဆဲသော ရဟန်းအား။ ပါစိတ္တိယဉ္စ၊ ပါစိတ်အာပတ်ကိုလည်း။ ဇနေတိ၊ ဖြစ်စေ၏။

ထိုဋီကာပါဠိ၌ သံဝါသကို သာယာသော်လည်း 'ထေယျသံဝါသက မဖြစ်'ဟုပြသဖြင့် ရှိခိုးခြင်း, နေရာခင်းခြင်း အစရှိသော သံဝါသကို ပြုသော ရဟန်းသည်လည်း အပြစ်မရှိ-ဟု ပြတော်မူသည်။ သဟသေယျာဒိ၌ အာဒိသဒ္ဒါဖြင့်လည်း ရှိခိုးခြင်း, လက်အုပ်ချီခြင်း, နေရာခင်းခြင်း, အတူအကပ်ခံ၍ စားခြင်း အစရှိသည်တို့ကို ပြုသောရဟန်းတို့အားလည်း အာပတ်ကို မဖြစ်စေ-ဟု ပြတော်မူသည်။

၂။ **ဝဇိရဗုဒ္ဓိဋီကာ၌လည်း-**

> အကုပ္ပေန ဥပသမ္မန္နော ပန ပစ္ဆာ ပါရာဇိကောပိ ဇာတိတော ဥပသမ္မန္နဋ္ဌာနေ တိဋ္ဌတိ-

ဟု မိန့်တော်မူသည်။

အကုပ္ပေန၊ သမ္ဗတ္တိ ၅-ပါးနှင့်ပြည့်စုံ၍ မပျက်သဖြင့်။ ဥပသမ္မန္နော ပန၊ ပဉ္စင်းဖြစ်သောရဟန်းသည်ကား။ ပစ္ဆာ၊ နောက်မှ။ ပါရာဇိကောပိ၊ ပါရာဇိက ကျသော်လည်း။ ဇာတိ-တော၊ ဘိက္ခုဇာတ်အားဖြင့်။ ဥပသမ္မန္နဋ္ဌာနေ၊ ရဟန်းအရာ၌။ တိဋ္ဌတိ၊ တည်၏။

၃။ **တေရသကဏ်ဋီကာ သံယာဒိသိသ် ဒုဋ္ဌဒေါသသိက္ခာပုဒ်အဖွင့်၌လည်း-**

> အန္တိမဝတ္ထုံ အဇ္ဈာပန္နသ အဝန္ဒနီယေသု အဝုတ္တတ္တာ တေန သဒ္ဓိံ သယန္တသ သဟသေယျာပတ္တိယာ အဘာဝတော, တသ စ ပဋိဂ္ဂဟဏသ ရုဟဏတော တဒေဝ ယုတ္တတရန္တိ ဝိညာယတိ -

ဟု မိန့်တော်မူ၏။

အန္တိမဝတ္ထုံ အဇ္ဈာပန္နသ၊ ပါရာဇိကကျသော ရဟန်းအား။ အဝန္ဒနီယေသု၊ ရှိမခိုး အပ်သောပုဂ္ဂိုလ်တို့၌။ အဝုတ္တတ္တာ၊ မဆိုသောကြောင့်။ တေန၊ ထို ပါရာဇိကကျသောရဟန်းနှင့်။

http://www.dhammadownload.com

သဒ္ဓိ၊ အတူ။ သယန္တသ၊ အိပ်သောရဟန်းအား။ သဟသေယျာပတ္တိယာ၊ သဟသေယျ အာပတ်၏။ အဘာဝတော၊ မရှိသည်၏အဖြစ်ကြောင့်။ တသ စ၊ ထိုပါရာဇိက ကျသော ရဟန်းအားလည်း။ ပဋိဂ္ဂဟဏသ၊ အကပ်ခံခြင်း၏။ ဂုဟဏတော၊ ရောက်သည်၏အဖြစ် ကြောင့်။ တဒေဝ၊ ထိုပါရာဇိကကျသော ရဟန်းကို ရိုခိုးခြင်း၌ အာပတ် မသင့်ဟု ဆိုအပ် သော စူဠဂဏ္ဌိ, မဇ္ဈိမဂဏ္ဌိ စကားသည်သာလျှင်။ ယုတ္တတရံ၊ သင့်မြတ်၏။ ဣတိ၊ သို့။ ဝိညာယတိ၊ သိအပ်၏။

ထိုဋီကာကို ထောက်၍ ပါရာဇိကကျသောရဟန်းသည် အကပ်ခံရာ အကပ်ခံ မြောက်သည်ဟု မှတ်။

✪ ✪ ✪ ✪ ✪

[၇]　ပါရာဇိကကျသူမှန်းသိလျက် ရှိခိုးခြင်း

(၁) မေး။ ။ ထိုပါရာဇိကကျသော ရဟန်းကို ဧကန္တသိရာ၌ ရှိခိုးရာ အပြစ်ရှိသည်ဟု မှတ်ရ မည်လော?

ဖြေ။ ။ ပါရာဇိကကျသော ရဟန်းကို ဧကန္တကျသည်ကို သိမြင်သော်လည်း ရဟန်းဟု ဝန်ခံခြင်းရှိမူ ရှိခိုးခြင်း, လက်အုပ်ချီခြင်းကို ပြုသော်လည်း အပြစ်မရှိ။

၁။ ကိဉ္စာပိ ယာဝ သော ဘိက္ခုဘာဝံ ပဋိဇာနာတိ၊ တာဝ ဝန္ဒိတဗ္ဗော။ ယဒါ ပန "အသမဏောမှိ"တိ ပဋိဇာနာတိ၊ တဒါ န ဝန္ဒိတဗ္ဗော –

ဟု လာသော တေရသကဏ်ဍီကာ ဒုဋ္ဌဒေါသအဖွင့်ကို ထောက်။

ယာဝ၊ လုံး။ သော၊ ထိုပါရာဇိကကျသော ရဟန်းသည်။ ဘိက္ခုဘာဝံ၊ ရဟန်း၏ အဖြစ်ကို။ ပဋိဇာနာတိ၊ ဝန်ခံ၏။ တာဝ၊ လုံး။ ဝန္ဒိတဗ္ဗော၊ ရှိခိုးအပ်သည်။ ကိဉ္စာပိ ဟောတိ၊ ဖြစ်၏ရှင့်။ ပန၊ ထိုသို့ပင်ဖြစ်သော်လည်း။ ယဒါ၊ အကြင်အခါ၌။ အသမဏောမှိတိ၊ ငါ ရဟန်းမဟုတ်သည် ဖြစ်၏ဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံ၏။ တဒါ၊ ထိုဝန်ခံသောအခါ၌။ န ဝန္ဒိတဗ္ဗော၊ ရှိမခိုးအပ်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၈] အလဇ္ဇီဒုဿီလဟု သံသယရှိလျက် ထောက်ပံ့ခြင်း

(၁) မေး။ ။ ထိုအလဇ္ဇီဒုဿီလဖြစ်သော ပါရာဇိကကျသော ရဟန်းကို အမှန်မသိနိုင်သော်လည်း သံသယမကင်းရှိလျက် ချီးမြှင့်ထောက်ပံ့ရာ အပြစ်မရှိ-ဟု မှတ်ရမည်လော?

ဖြေ။ ။ ပါရာဇိကကျသော ရဟန်းဖြစ်စေ၊ အလဇ္ဇီလက္ခဏာနှင့် ပြည့်စုံ၍ အလဇ္ဇီအဖြစ်ကို ထင်ရှားသိမူ ထိုအလဇ္ဇီရဟန်းကို ငဲ့၍သာ ချီးမြှောက်ထောက်ပံ့ခြင်းကို ပြုမူ အပြစ်ရှိသည်။ ထိုအလဇ္ဇီကို အလဇ္ဇီ-ဟု ထင်ရှားသိသော်လည်း အလဇ္ဇီပုဂ္ဂိုလ်ကို မငဲ့ဘဲ တရားကို နာလိုး၍, တပည့်ဒါယကာကို တရားနာစေလို၍, ဒါနကုသိုလ် ဖြစ်စေလို၍, မိမိကုသိုလ်ရလို၍သာ ချီးမြှောက်ထောက်ပံ့မူ အပြစ်မရှိ။

၁။ ဓမ္မာနုဂ္ဂဟေန ဂဏ္ဌန္တဿ အာပတ္တိယာ အဘာဝေပိ ထေရော တဿ အလဇ္ဇီ-ဘာဝံယေဝ သန္ဓာယ "ပါပေါ ကိရာယ"န္တိအာဒိမာဟ –

ဟူ၍လည်းကောင်း၊

သစေ ပန လဇ္ဇီ အလဇ္ဇိံ ပဂ္ဂဏှာတိ၊ အနုမောဒနာယ အဇ္ဈေသတိ၊ ဓမ္မ-ကထာယ အဇ္ဈေသတိ၊ ကုလေသု ဥပတ္ထမ္ဘေတိ၊ ဣတရောပိ အမှာကံ အာစရိ-ယော ဤဒိသော စ ဤဒိသော စာတိ တဿ ပရိသတိ ဝဏ္ဏံ ဘာသတိ။ အယံ သာသနံ ဩသက္ကာပေတိ အန္တရဓာပေတီတိ ဇတ္ထ ကေဝလံ ပဂ္ဂဏှိတုကာမတာယ ဧဝံ ကာတုံ န ဝဋ္ဋတိ။ ဓမ္မဿ ပန သာသနဿ သောတူနဉ္စ အနုဂ္ဂဟတ္ထာယ ဝဋ္ဋတိတိ ဝေဒိတဗ္ဗံ–

ဟူ၍လည်းကောင်း လာသော သာရတ္ထဒီပနီဋီကာ, ဝိနယာလင်္ကာရဋီကာတို့ကို ထောက်။

ဓမ္မာနုဂ္ဂဟေန၊ ပရိယတ်တရားကို ချီးမြှောက်သဖြင့်။ ဂဏှန္တဿ၊ အလဇ္ဇီရဟန်း ထံ၌ သင်ယူရသောရဟန်းအား။ အာပတ္တိယာ၊ အာပတ်သည်။ အဘာဝေပိ၊ မဖြစ်သော်လည်း။ ထေရော၊ မထေရ်သည်။ တဿ၊ ထိုဆရာ၏။ အလဇ္ဇီဘာဝံယေဝ၊ အလဇ္ဇီအဖြစ်ကို သာလျှင်။ သန္ဓာယ၊ ရည်၍။ အယံ၊ ဤဆရာသည်။ ပါပေါ ကိရ၊ ယုတ်မာသတတ်။ ဣတိ-အာဒိ၊ ကို။ အာဟ၊ ၏။ ပန၊ အထူးကို ဆိုဦးအံ့။ လဇ္ဇီ၊ အရှက်ရှိသော လဇ္ဇီရဟန်းသည်။ အလဇ္ဇိံ၊ အရှက်မရှိသော အလဇ္ဇီရဟန်းကို။ ပဂ္ဂဏှာတိ၊ မြှောက်စား၏။ အနုမောဒနာယ၊ အနုမောဒနာတရား ဟောစေခြင်းငှာ။ အဇ္ဈေသတိ၊ တိုက်တွန်း၏။ ဓမ္မကထာယ၊ တရား

http://www.dhammadownload.com

စကား ပြောစေခြင်းငှာ။ အလျှော်သတိ၊ တိုက်တွန်း၏။ ကုလေသု၊ အမျိုးဒါယကာတို့ဖြင့်။ ဝါ၊ ဒါယကာတို့ကို။ ဥပတ္ထမ္ဘေတိ၊ တရားနာချေ၊ လျှုဒါန်းချေ စသည်ဖြင့်ဆို၍ ထောက်ပံ့စေ၏။ ဣတရောပိ၊ တစ်ယောက်သော တပည့်သည်လည်း။ အမှာကံ၊ ငါတို့၏။ အာစရိယော၊ ဆရာသည်။ ဤဒိသော စ၊ ဤသို့ သီလအကျင့်ရှိ၏။ ဤဒိသော စ၊ ဤသို့ တတ်သိလိမ္မာခြင်းရှိ၏။ ဣတိ၊ သို့။ တဿ၊ ထိုအလင်္ဂီဆရာကြီး၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ ပရိသတိ၊ လူရှင်ရဟန်းပရိသတ်၌။ ဘာသတိ၊ ဆို၏။ အယံ၊ ဤသို့ ပြုသောသူသည်။ သာသနံ၊ သာသနာတော်ကို။ သြသဇ္ဇာပေတိ၊ ဆုတ်ယုတ်စေ၏။ အန္တရဓာပေတိ၊ ကွယ်စေ၏။ ဣတိ ဧတ္ထ၊ ဤအဋ္ဌကထာစကား၌။ ကေဝလံ၊ သက်သက်။ ပဂ္ဂဏှိတုကာမတာယ၊ အလင်္ဂီကို ချီးမြှောက်လိုသဖြင့်။ ဧဝံ၊ သို့။ ကာတုံ၊ ပြုခြင်းငှာ။ ဝါ၊ ပြုခြင်းသည်။ နဝဋ္ဌတိ၊ မအပ်။ ဓမ္မဿပန၊ တရားတော်အားလည်းကောင်း။ သာသနဿ၊ သာသနာတော်အား လည်းကောင်း။ သောတူနဉ္စ၊ တပည့်ဒါယကာတို့အားလည်းကောင်း။ အနုဂ္ဂဟတ္ထာယ၊ ချီးမြှောက်ခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

၂။ **ပရိဝါအဋ္ဌကထာ ခန္ဓကပုစ္ဆာအဖွင့်၌လည်း-**

> သီလဝန္တေဟိတိ ဝစနတော ဒုဿီလဿ အဒါတုံပိ ဝဋ္ဋတိ။ သာရဏီယဓမ္မ-ပူရိတေန ပန သဗ္ဗေသံ ဒါတဗ္ဗမေဝါတိ ဝုတ္တံ -

ဟု ဆိုတော်မူ၏။

ဟိ၊ မှန်၏။ သီလဝန္တေဟိတိ၊ ဟူ၍။ ဝစနတော၊ ဟောတော်မူသောကြောင့်။ ဒုဿီလဿ၊ သီလမရှိသောရဟန်းအား။ အဒါတုံပိ၊ မပေးဘဲ နေခြင်းငှာလည်း။ ဝဋ္ဋတိ၊ ၏။ သာရဏီယဓမ္မပူရိတေန ပန၊ သာရဏီယကျင့်ဝတ်ကိုဖြည့်သော ရဟန်းသည်ကား။ သဗ္ဗေသံ၊ အလုံးစုံသော ရဟန်းတို့အား။ ဒါတဗ္ဗမေဝ၊ ပေးအပ်သည်သာလျှင်တည်း။ ဣတိ၊ သို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

၃။ **သာရတ္ထဒီပနီဋီကာ၌လည်း-**

> အဒါတုံပိတိ ဧတ္ထ ပိ-သဒ္ဒေန ဒါတုံပိ ဝဋ္ဋတီတိ ဒဿေတိ။ ဒါနံ ဟိ နာမ နကဿစိ နိဝါရိတံ။ တေန ဒုဿီလဿပိ အတ္ထိကဿ သတိ သမ္ဘဝေ ဒါတဗ္ဗံ။ တဉ္စ ခေါ ကရုဏာယ ဝသေန၊ နဝတ္တပူရဏဝသေန။ သာရဏီယဓမ္မပူရကဿ အပ္ပဋိဝိဘတ္တဘောဂိတာယ "သဗ္ဗေသံ ဒါတဗ္ဗမေဝါ"တိ ဝုတ္တံ-

ဟု မိန့်တော်မူ၏။

http://www.dhammadownload.com

အဒါတုံပိတိ ဧတ္ထ၊ အဒါတုံပိ-ဟူသောပုဒ်၌။ ပိ-သဒ္ဒေန၊ ပိ-သဒ္ဒါဖြင့်။ ဒါတုံပိ၊ ပေးခြင်းငှာလည်း။ ဝဋ္ဋတိ၊ ၏။ ဣတိ၊ သို့။ ဒသေတိ၊ ပြ၏။ ဟိ သစ္စံ၊ မှန်၏။ ဒါနံ နာမ၊ ဒါနမည်သည်ကား။ ကဿစိ၊ တစ်စုံတစ်ယောက်သောသူအား။ န နိဝါရိတံ၊ မမြစ်အပ်။ တေန၊ ထို့ကြောင့်။ ဒုဿီလဿာပိ၊ ဒုဿီလပုဂ္ဂိုလ်အားလည်း။ အတ္ထိကဿ၊ အလိုရှိသော သူအား။ သမ္ပဒေ၊ ပေးလှူလိုသော အဖြစ်သည်။ သတိ၊ သော်။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ တဉ္စ ခေါ၊ ထိုပေးလှူခြင်းသည်။ ကရုဏာယ၊ ကရုဏာ၏။ ဝသေန၊ အစွမ်းဖြင့်။ ဝဋ္ဋတိ၊ ၏။ ဝတ္တပ္ပရဏဝသေန၊ ဝတ်ဖြည့်ခြင်း၏ အစွမ်းဖြင့်။ န ဝဋ္ဋတိ၊ မသင့်။ သာရဏီယမမ္မ-ပူရကဿ၊ သာရဏီယ ကျင့်ဝတ်တရားကို ဖြည့်သောရဟန်းအား။ အပ္ပဋိဝဘတ္တဘောဂိ-တာယ၊ မဝေဖန်အပ်သော သုံးဆောင်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ ဝါ၊ ဤပစ္စည်းကိုသာ လှူအံ့, ဤပုဂ္ဂိုလ်ကိုသာ လှူအံ့-စသည်ဖြင့် ဝေဖန်ပိုင်းခြား၍ သုံးဆောင်ခြင်းမရှိသည်၏ အဖြစ်ကြောင့်။ သဗ္ဗေသံ ဒါတဗ္ဗမေဝါတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

ဤသို့ လာသော အဋ္ဌကထာ, ဋီကာပါဠိတို့ဖြင့်လည်း အလဇ္ဇီဒုဿီလ ရဟန်းကို ချီးမြှောက်လိုသောစိတ်, ဝတ်ပြုလိုသောစိတ်ဖြင့်သာ မပေးမလှူအပ်သည်။ သနားခြင်း ကရုဏာစိတ်ရှိ၍ ပေးလှူမူ အပြစ်မရှိ-ဟု ပြတော်မူသည်။

✪ ✪ ✪ ✪ ✪

[၉] ပါရာဇိကကျသူဟု သံသယရှိလျက် ကံအတူပြုခြင်း

(၁) မေး။ ။ ထိုပါရာဇိကကျသော ရဟန်းကို ပါရာဇိကကျသည်-ဟု အမှန်လည်း မဆိုနိုင်။ ထိုရဟန်း၌ ပါရာဇိကကို သံသယလည်း မကင်းနိုင်။ ထိုရဟန်းနှင့်အတူ ကံဆောင်ရာ အပ်ပါမည်လော?

ဖြေ။ ။ ထိုရဟန်း၌ သံသယမကင်းသော်လည်း ရဟန်းမဟုတ်-ဟု အမှန်မဆိုနိုင်သော ကြောင့်လည်းကောင်း၊ ရဟန်းမဟုတ်သော်လည်း ရဟန်း-ဟု ဝန်ခံချက်ရှိသောကြောင့်လည်းကောင်း ရဟန်းဟူသောအမှတ်သညာဖြင့် ကံဆောင်နိုင်မူ အာပတ်လည်း မသင့်၊ ကံလည်း မပျက်။ ရဟန်းဟူသော အမှတ်ကိုလည်း မထင်နိုင်၊ သံသယမကင်းနိုင်သော်လည်း ရဟန်းမဟုတ်-ဟု မဆိုဝံ့၍သာ ထိုရဟန်းနှင့်အတူ ကံဆောင်မူ သံသယရှိ၍ အာပတ်သင့်ဖို့ ရှိသည်။ ဆောင်သောကံမှာ ထိုရဟန်းကို လွတ်၍ ဂိုဏ်းပြည့်မူ မပျက်။

http://www.dhammadownload.com

၁။ တေ ဟတ္ထပါသတော ဗဟိကရဏဝသေန ဝဇ္ဇေတဗ္ဘာ။ ဧတေသု ဟိ တိဝိဓေ ဥက္ခိတ္တကေ သတိ ဥပေါသထံ ကရောန္တော သံယော ပါစိတ္တိယံ အာပဇ္ဇတိ။ သေသေသု ဒုက္ကဋံ-

ဟု လာသော **မာတိကာအဋ္ဌကထာကို** ထောက်။

တေ၊ ထို ၂-ကျိပ်,၁-ယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ကို။ ဟတ္ထပါသတော၊ တစ်တောင့်ထွာ ဟတ္ထပါသ်မှ။ ဗဟိကရဏဝသေန၊ အပပြုသည်၏ အစွမ်းဖြင့်။ ဝဇ္ဇေတဗ္ဘာ၊ ကြဉ်အပ်ကုန်၏။ ဟိ၊ မှန်၏။ ဧတေသု၊ ထို ဝဇ္ဇနီယပုဂ္ဂိုလ်တို့တွင်။ ဥက္ခိတ္တကေ၊ သည်။ သတိ၊ ရှိလျက်။ ဥပေါသထံ၊ ဥပုသ်ကို။ ကရောန္တော၊ ပြုသော။ သံယော၊ သံယာသည်။ ပါစိတ္တိယံ၊ သို့။ အာပဇ္ဇတိ၊ ၏။ သေသေသု၊ ကြွင်းသော ဝဇ္ဇနီယပုဂ္ဂိုလ်တို့၌။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။

သာရတ္ထဒီပနီဋီကာ၌လည်း နည်းတူလာသည်။ ထိုသို့လာသော အဋ္ဌကထာ, ဋီကာတို့ဖြင့် ဝဇ္ဇနီယပုဂ္ဂိုလ်တို့ကို တစ်သိမ်တည်း၌ ဟတ္ထပါသ်အတွင်းထား၍ ကံပြုသော်လည်း အာပတ်သာ သင့်သည်။ ဆောင်အပ်သောကံ မပျက်-ဟု ပြတော်မူသည်။

၂။ **ဝိမတိဝိနောဒနီဋီကာ၌လည်း-**

ပရိသသမ္ဗဒါ ပန ယေ ဣမေ ဥပသမ္ဗဒါကမ္မဿ သဗ္ဗန္တိမေန ပရိစ္ဆေဒေန ကမ္မပ္ပတ္တာ ဒသဟိ ဝါ ပဉ္စဟိ ဝါ အန္တရာ ပါရာဇိကံ် အနာပန္နာ အနုက္ခိတ္တာ စ သမာနသံဝါသကာ ဘိက္ခူ။ တေသံ ဧကသီမာယံ ဟတ္ထပါသံ် အဝိဇဟိတ္တာ ဌာနံ်၊ ဆန္ဒာရဟာနဉ္စ ဆန္ဒဿ အာနယနံ်၊ သမ္မခီဘူတာနဉ္စ အပ္ပဋိက္ကောသနံ်၊ ဥပသမ္ဗဒါပေက္ခဝိရဟိတာနံ် ဥပေါသထက္ခန္ဓကေ ပဋိက္ခိတ္တာနံ် ဂဟဋ္ဌဒိအနုပသမ္ပန္နာနဉ္စေဝ ပါရာဇိကုက္ခိတ္တကနာနာသံဝါသကဘိက္ခုနိန္စ ဝဇ္ဇနီယပုဂ္ဂလာနံ် သံယဿ ဟတ္ထပါသေ အဘာဝေါ စာတိ ဣမေဟိ စတူဟိ အင်္ဂေဟိ သင်္ဂဟိတာ။ ဧဝမ္ပိယ ပရိယသမ္ဗဒါယ သတိ ဧဝ ဣဒံ် ပတ္တကလ္လံ် နာမ ဟောတိ၊ နာသတိ။ တတ္ထ ပုရိမာနံ် တိဏ္ဏံ် အင်္ဂါနံ် အညတရဿာပိ အဘာဝကတံ် ကမ္မံ် ဝိပဇ္ဇတိ၊ န ပစ္ဆိမဿ။

ဟု ဖွင့်ဆိုတော်မူ၏။

ပရိသသမ္ဗဒါ ပန၊ ပရိသတ်၏ ပြည့်စုံခြင်းကိုကား။ ဥပသမ္ဗဒါကမ္မဿ၊ ဥပသမ္ဗဒကံ်အား။ သဗ္ဗန္တိမေန၊ အလုံးစုံအောက် ယုတ်သော။ ပရိစ္ဆေဒေန၊ အပိုင်းအခြားအားဖြင့်။ ကမ္မပ္ပတ္တာ၊ ကံအားလျောက်ပတ်ကုန်သော။ ဒသဟိ ဝါ၊ ၁၀-ယောက်တို့မှလည်းကောင်း။ ပဉ္စဟိ ဝါ၊ ၅-ယောက်တို့မှလည်းကောင်း။ အန္တရာ၊ မယုတ်ကုန်သော။ ပါရာဇိကံ်၊ သို့။

http://www.dhammadownload.com

အနာပန္နာ စ၊ မရောက်သည်လည်း ဖြစ်ကုန်သော။ အနုက္ခိတ္တာ စ၊ ဥက္ခိတ္တကလည်း မဟုတ်ကုန်သော။ သမာနသံဝါသာ၊ တူသော ပေါင်းဖော်ခြင်း ရှိကုန်သော။ ဣမေ၊ ဤသို့ အမည်ရှိကုန်သော။ ယေ ဘိက္ခူ။ အကြင်ရဟန်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသံ၊ ထိုရဟန်းတို့၏။ ဝါ၊ တို့အား။ ဧကသီမာယံ၊ တစ်သိမ်တည်း၌။ ဌာနံ၊ တည်ခြင်းလည်းကောင်း။ ဆန္ဒာရဟာနဉ္စ၊ ဆန္ဒထိုက်သော ရဟန်းတို့၏လည်း။ ဆန္ဒဿ၊ ဆန္ဒကို။ အာနယနံ၊ ဆောင်ခြင်းလည်းကောင်း။ သမ္မုခီဘူတာနဉ္စ၊ မျက်မှောက်ဖြစ်သော ရဟန်းတို့၏လည်း။ အပ္ပဋိက္ကောသနံ၊ မတားမြစ်ခြင်းလည်းကောင်း။ ဥပသမ္မဒါပေက္ခဝိရဟိတာနံ၊ ပဉ္စင်းအဖြစ်ကို ငဲ့ခြင်းမှ ကင်းကုန်သော။ ဥပေါသထက္ခန္ဓကေ၊ ဥပေါသထက္ခန္ဓကပါဠိတော်၌။ ပဋိက္ခိတ္တာနံ၊ ပယ်အပ်ကုန်သော။ ဂဟဋ္ဌာဒိအနုပသမ္မန္နာနဥ္စေဝ၊ လူအစရှိသော အနုပသမ္မန္နပုဂ္ဂိုလ်တို့၏လည်းကောင်း။ ပါရာဇိကုက္ခိတ္တကနာနာသံဝါသကဘိက္ခုနိန္စ၊ ပါရာဇိကကျသော ရဟန်း, ဥက္ခိတ္တကရဟန်း, နာနာသံဝါသကရဟန်, ဘိက္ခုနီမတို့၏လည်းကောင်း။ ဝဇ္ဇနီယပုဂ္ဂလာနံ၊ ဟတ္ထပါသ်မှ ကြဉ်အပ်ကုန်သော ပုဂ္ဂိုလ်တို့၏။ သံဃဿ၊ သံဃာတော်၏။ ဟတ္ထပါသေ၊ တစ်တောင့်ထွာ ဟတ္ထပါသ်၌။ အဘာဝေါ စ၊ မရှိသည်၏အဖြစ်လည်းကောင်း။ ဣတိ၊ သို့။ စတူဟိ၊ ၄-ပါးကုန်သော။ ဣမေဟိ အင်္ဂေဟိ၊ ဤအင်္ဂါတို့ဖြင့်။ သင်္ဃဟိတာ၊ ရေတွက်အပ်၏။ ဧဝရူပါယ၊ ဤသို့ သဘောရှိသော။ ပရိသသမ္ဗဒါယ၊ ပရိသတ်၏ ပြည့်စုံခြင်းသည်။ သတိ ဧဝ၊ ရှိသော်သာလျှင်။ ဣဒံ၊ ဤကံသည်။ ပတ္တကလ္လံ နာမ၊ မည်သည်။ ဟောတိ၊ ၏။ အသတိ၊ မရှိသော်။ န ဟောတိ၊ မဖြစ်။ တတ္ထ၊ ထို ၄-ပါးသော ကံတို့တွင်။ ပုရိမာနံ၊ ရှေးဦးဖြစ်ကုန်သော။ တီဏ္ဏံ၊ ၃-ပါးကုန်သော။ အင်္ဂါနံ၊ အင်္ဂါတို့တွင်။ အညတရဿာပိ၊ တပါးပါး၏လည်း။ အဘာဝကတံ၊ မပြည့်စုံဘဲပြုသော။ ကမ္မံ၊ ဥပသမ္မဒကံသည်။ ဝိပဇ္ဇတိ၊ ပျက်၏။ဝါ၊ ကံမမြောက်။ ပဋ္ဌိမဿ၊ နောက်ဖြစ်သော အင်္ဂါ၏။ အဘာဝကတံ၊ မပြည့်စုံဘဲပြုသော ကံသည်။ န ဝိပဇ္ဇတိ၊ မပျက်။ ဝါ၊ ကံမြောက်၏။

ထိုဋ္ဌကာပါဠိ၌ ပရိသတ်၏ ပြည့်စုံခြင်း အင်္ဂါ ၄-ပါးတွင် နောက်ဖြစ်သော အင်္ဂါအရာမှာ ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁-ယောက် ပါသည်။ ထိုဝဇ္ဇနီယပုဂ္ဂိုလ်တို့သည် ရဟန်းခံသောအခါ ဟတ္ထပါသ်အတွင်း၌ မရှိစေအပ်-ဟု ဆိုသည်။ **ထိုဝဇ္ဇနီယပုဂ္ဂိုလ်တို့ ဟတ္ထပါသ်အတွင်း၌ ရှိသော်လည်း ကံမပျက်-ဟု ပြတော်မူသည်။**

ထို့ကြောင့် ပါရာဇိကကျသော ရဟန်းသည် မိမိကိုယ်ကို ရဟန်း-ဟု ဝန်ခံလျက် သံဃာ့ဘောင်သို့ သက်ဝင်ဖြင့် ကံကြီး,ကံငယ်ကို ဆောင်ရာ ထိုရဟန်း၌ ပါရာဇိကကျသည်-ဟု အမှန် မသိနိုင်, မဆိုနိုင်သော်လည်း သံသယမကင်း တွေးတောခြင်းဖြင့်သာ ထိုပါရာဇိကကျသောရဟန်းနှင့် ကံကို ပြုကြရာ၌လည်းကောင်း၊ ထိုရဟန်း ပါရာဇိကကျ

http://www.dhammadownload.com

သည်ကို သိသော်လည်း မဆိုဝံ့၍ အတူပြုရာ၌လည်းကောင်း ထိုရဟန်းကို လွှတ်၍ ဂိုဏ်းပြည့်မူ ဆောင်အပ်သော ကံ မပျက်-ဟု သန္နိဋ္ဌာန်ကျ မှတ်လေ။

ထိုဝဇ္ဇနီယပုဂ္ဂိုလ်တို့တွင် သိက္ခာစွန့်သောသူ, ပါရာဇိကကျသောသူတို့မှာ ရဟန်းအသွင်ကို မစွန့်သော ဒုဿီလရဟန်း၌ သွင်းယူလေ။

၃။ ထို့ကြောင့် ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌–

သိက္ခာပစ္စက္ခာတကအန္တိမဝတ္ထုအဗျာပန္နေသု သမဏလိင်္ဂ အပရိစ္စတ္တော ပုဂ္ဂလော ဂဟေတဗ္ဗော၊ ဂဟဋ္ဌောတိ ဝိသုံ ဝုတ္တတ္တာ–

ဟု ဆိုတော်မူ၏။

✪ ✪ ✪ ✪ ✪

[၁၀] ပါရာဇိကကျမှန်း မသိ၍ ရဟန်းဘောင်၌ နေခြင်း

(၁) မေး။ ။ အကြင်ရဟန်းသည် ရဟန်းခံ၍ ရဟန်းဖြစ်ပြီးမှ ပါရာဇိကကျသည်ကို မသိ၍ မိမိကိုယ်ကို ရဟန်း-ဟု ထင်မှတ်၍နေရာ သီလ မရှိ၊ ဒုဿီလ ဖြစ်၍ အပြစ်ရှိမည်လော?

ဖြေ။ ။ ထိုအမေးပဿာ၏ ဝိသဇ္ဇနာမှာ လွန်စွာ ခဲယဉ်းသည်။ သို့သော်လည်း ကျမ်းဂန်လာသည်ကို ထောက်၍ ဉာဏ်မီသလောက် ဖြေဆိုဦးအံ့။

၁။ ပရိဝါအဋ္ဌကထာ ကေတ္တရိကအဖွင့်၌–

အန္တရာယိကာတိ သတ္တပိ အာပတ္တိယော သဉ္စိစ္စ ဝီတိက္ကန္တာ သဂ္ဂန္တရာယဉ္စေဝ မောက္ခန္တရာယဉ္စ ကရောန္တိတိ အန္တရာယိကာ၊ အဇာနန္တေန ဝီတိက္ကန္တာ ပန ပဏ္ဏတ္တိဝဇ္ဇာပတ္တိ နေဝ သဂ္ဂန္တရာယံ န မောက္ခန္တရာယံ ကရောတီတိ အနန္တရာယိကာ။ အန္တရာယိကံ အာပန္နဿာပိ ဒေသနာဂါမိနိံ ဒေသေတွာ ဝုဋ္ဌာနဂါမိနိတော ဝုဋ္ဌာယ သုဒ္ဓိပုတ္တဿ သာမဏေရဘူမိယံ ဋ္ဌိတဿ စ အဝါရိတော သဂ္ဂမောက္ခမဂ္ဂေါတိ- ဟု လာသည်။

အန္တရာယိကာတိ၊ အန္တရာယိကာ-ဟူသည်ကား။ သတ္တပိ၊ ၇-ပါးလည်း ဖြစ်ကုန်သော။ အာပတ္တိယော၊ တို့သည်။ သဉ္စိစ္စ၊ စေတနာရှိ၍။ ဝါ၊ သိလျက်။ ဝီတိက္ကန္တာ၊ လွန်ကျူး

http://www.dhammadownload.com

အပ်ကုန်သည်ရှိသော်။ သဂ္ဂန္တရာယဥ္စေဝ၊ နတ်ပြည်အန္တရာယ်ကိုလည်းကောင်း။ မောက္ခန္တရာယဉ္စ၊ နိဗ္ဗာန်အန္တရာယ်ကိုလည်းကောင်း။ ဝါ၊ မဂ်ဖိုလ်အန္တရာယ်ကိုလည်းကောင်း။ ကရောန္တိ၊ ပြုကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အန္တရာယိကာ၊ အန္တရာယ်မည်ကုန်၏။ ပန၊ အဖို့တပါး ကို ဆိုဦးအံ့။ အဇာနန္တေန၊ မသိသဖြင့်။ ဝိတိက္ကန္တာ၊ လွန်ကျူးအပ်သော။ ပဏ္ဏတ္တိဝဇ္ဇာပတ္တိ၊ ပဏ္ဏတ္တိဝဇ္ဇ အာပတ်သည်။ သဂ္ဂန္တရာယံ၊ ကို။ နေဝ ကရောတိ၊ မပြု။ မောက္ခန္တရာယံ၊ ကို။ န ကရောတိ၊ မပြု။ ဣတိ တသ္မာ၊ ကြောင့်။ အနန္တရာယိကာ၊ မည်၏။ အန္တရာယိကံ၊ အန္တရာယ်ပြုတတ်သော အာပတ်သို့၊ အာပန္နသာပိ၊ ရောက်သောရဟန်းအားလည်း။ ဒေသနာဂါမိနိံ၊ ကို။ ဒေသေတွာ၊ ဒေသနာကြား၍။ ဝုဋ္ဌာနဂါမိနိတော၊ ဝုဋ္ဌာန (ဂါမ်အာပတ်မှ) ကံမှ။ ဝုဋ္ဌာယ၊ ထမြောက်၍။ သုဒ္ဓိပုဗ္ဗဿ၊ စင်ကြယ်ခြင်းသို့ ရောက်သောရဟန်းအား လည်းကောင်း။ သာမဏေရဘူမိယံ၊ သာမဏေအရာ၌။ ဝါ၊ အဖြစ်၌။ ဌိတဿ စ၊ ပါရာဇိက ကျ၍ တည်သောသူအားလည်းကောင်း။ သဂ္ဂမောက္ခာ၊ နတ်ပြည်, နိဗ္ဗာန်တို့ကို။ အဝါရိတာ၊ မမြစ်အပ်ကုန်။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ထိုအဋ္ဌကထာ၌ အာပတ် ၇-ပါးလုံးပင် စေတနာရှိ၍ သိလျက်လွန်ကျူးမှု အန္တရာယိက ဖြစ်သည်-ဟု ဆိုသဖြင့် မသိ၍ လွန်ကျူးပြီးလျှင် အာပတ်သင့်သည်ကို အနာပတ္တိ-ဟု ထင်မှတ်၍ မသိသဖြင့် ပါရာဇိကကျသော်လည်း ရဟန်းဟူသော သညာရှိ၍ ဝိပွဋိသာရ မဖြစ်ဘဲ ရဟန်းတရား အားထုတ်၍နေမူ ဒုဿီလဖြစ်သော်လည်း မသိ၍ အပြစ်မရှိဟူသော အဓိပ္ပါယ်ကျရောက်သည်။

အဘယ်ကြောင့်နည်း-ဟု ဆိုငြားအံ့။ မသိသဖြင့် လွန်ကျူးသော ပဏ္ဏတ္တိဝဇ္ဇ အာပတ်ကိုလည်း လွန်ကျူးပြီး၍ အာပတ်သင့်သည်-ဟု သိသောအခါ ဒေသနာ မကြားဘဲ နေမူ အန္တရာယိက ဖြစ်၍ အပြစ်ရှိသောကြောင့်တည်း။

၂။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌-

> **အဇာနန္တေန** ဝိတိက္ကန္တာတိ ပဏ္ဏတ္တိ ဝါ ဝတ္ထုံ ဝါ အဇာနန္တေန ဝိတိက္ကန္တာ ပထဝီခဏနသဟသေယ္ယာဒိကာ၊ သာပိ ပစ္ဆာ အာပန္နဘာဝံ ဉ တွာ ပဋိကမ္မံ အကရောန္တဿ အန္တရာယိကာဝ ဟောတိ-

ဟု ဆိုတော်မူ၏(ဝိမတိ၊ ၂။ ၂၈၅။)။

အဇာနန္တေန ဝိတိက္ကန္တာတိ၊ ဟူသည်ကား။ ပဏ္ဏတ္တိ ဝါ၊ ဝိနည်းပညတ်ကိုလည်းကောင်း။ ဝတ္ထုံ ဝါ၊ လွန်ကျူးသော ဝတ္ထုကိုလည်းကောင်း။ အဇာနန္တေန၊ မသိသဖြင့်။

http://www.dhammadownload.com

ဝိတိက္ကန္တာ၊ လွန်ကျူးအပ်ကုန်သော။ ပထဝီခဏာနသဟသေယျာဒိကာ၊ ပထဝီခဏာန-အာပတ်, သဟသေယျအာပတ်တို့တည်း။ သာပိ၊ ထိုအာပတ်သည်လည်း။ ပစ္စာ၊ မသိ၍ လွန်ကျူးပြီးသည့်နောက်၌။ အာပန္နဘာဝံ၊ အာပတ်သင့်သည်၏ အဖြစ်ကို။ ဉ တွာ၊ သိ၍။ ဝါ၊ သိလျက်။ ပဋိကမ္မံ၊ ကုစားခြင်းကို။ အကာရောန္တဿ၊ မပြုသောရဟန်းအား။ အန္တရာယိ-ကာဝ၊ အန္တရာယ်ပြုသည်သာလျှင်။ ဟောတိ၊ ၏။

၃။ **မာတိကာအဋ္ဌကထာ၌လည်း–**

> **အန္တရာယိကောတိ ဝိပွဋိသာရဝတ္ထုတာယ ပါမောဇ္ဇာဒိသမ္ဘဝံ နိဝါရေတွာ ပဌမဇ္ဈာနာဒီနံ အဓိဂမာယ အန္တရာယကရော–**

ဟု ဆိုတော်မူ၏(ကခ၊၆။၁၀၃)။

အန္တရာယိကောတိ၊ ဟူသည်ကား။ ဝိပွဋိသာရဝတ္ထုတာယ၊ စိတ်နှလုံးပူပန်သော ဝတ္ထုရှိသည်၏ အဖြစ်ကြောင့်။ ပါမောဇ္ဇာဒိသမ္ဘဝံ၊ ဝမ်းမြောက်ခြင်းစသော အဖြစ်ကို။ နိဝါရေတွာ၊ မြစ်၍။ ပဌမဇ္ဈာနာဒီနံ၊ တို့ကို။ အဓိဂမာယ၊ ရခြင်း၏။ အန္တရာယကရော၊ အန္တရာယ်ကို ပြုတတ်သည်။ ဟောတိ၊ ၏။ (ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။)

ထိုအဋ္ဌကထာ၌ အာပတ်သင့်သည်ကို သိ၍ ဝိပွဋိသာရဖြစ်သဖြင့် ဝမ်းမြောက်ခြင်းစသည် ကင်း၍ အန္တရာယိကဖြစ်ခြင်းကို ပြသဖြင့် **ပါရာဇိကကျသည်ကို မသိ၍ ရဟန်းဟု ထင်မှတ်သဖြင့် ဝိပွဋိသာရမဖြစ်မူ ဒုဿီလဖြစ်သော်လည်း အပြစ်မရှိဟူသော** အဓိပ္ပါယ် ကျရောက်သည်။

၄။ **ပါစိတ်အဋ္ဌကထာ၊ အရိဋ္ဌသိက္ခာပုဒ်အဖွင့်၌လည်း–**

> **သဉ္စိစ္စ အာပန္နာ အာပတ္တိယော အာဏာဝိတိက္ကမန္တရာယိကာ နာမ၊ တာပိ ယာဝ ဘိက္ခုဘာဝံ ဝါ ပဋိဇာနာတိ နု ဝုဋ္ဌာတိ ဝါ နု ဒေသေတိ ဝါ၊ တာဝဒေဝ၊ နု တတော ပရံ–**

ဟု ဆိုတော်မူ၏(ဝိ ၊၆။၃။၁၃၈။)။

သဉ္စိစ္စ၊ စေတနာရှိ၍။ ဝါ၊ လွန်ကျူးလို၍။ အာပန္နာ အာပတ္တိယော၊ သင့်သော အာပတ်တို့သည်။ အာဏာဝိတိက္ကမန္တရာယိကာ နာမ၊ မည်ကုန်၏။ တာပိ၊ ထိုအာပတ်တို့သည်လည်း။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခုဘာဝံ ဝါ၊ ရဟန်း၏ အဖြစ်ကိုလည်း။ ပဋိဇာနာတိ၊ ဝန်ခံ၏။ နု ဝုဋ္ဌာတိ ဝါ၊ ဝုဋ္ဌာနကံဖြင့်လည်း မထမြောက်။

http://www.dhammadownload.com

နဒေသေတိ ဝါ၊ ဒေသနာကိုလည်း မကြား။ တာဝဒေဝ၊ ထိုမျှလောက်သော ကာလပတ်လုံး သာလျှင်။ အန္တရာယိကာ နာမ၊ မည်ကုန်၏။ တတော၊ ထိုပါရာဇိက ကျသောရဟန်း လူထွက်သည်မှ, သံဃာဒိသိသ်သင့်သောရဟန်း ဝုဋ္ဌာနက်ပြုသည်မှ, လဟုကအာပတ်သင့် သောရဟန်း ဒေသနာကြားသည်မှ။ ပရံ၊ နောက်၌။ အန္တရာယိကာ နာမ၊ မည်သည်။ နဟောတိ၊ မဖြစ်။

ထိုအဋ္ဌကထာ၌ သင်္ခိစ္စ-ဟု အထူးပြု၍ ဆိုတော်မူသဖြင့် ပါရာဇိကကျသည်ကို မသိ၍ အနာပတ္တိ-ဟု ထင်မှတ်သဖြင့် သမဏပဋိညာဖြင့်နေမူ အပြစ်မရှိဟူသော အဓိပ္ပါယ် ကျရောက်သည်။

၅။ မာတိကာအဋ္ဌကထာ စတုတ္ထပါရာဇိကအဖွင့်၌လည်း–

> ဝိသုဒ္ဓါပေက္ခောတိ အတ္တနော ဂိဟိဘာဝါဒိကံ ဝိသုဒ္ဓိံ အပေက္ခမာနော ဂ္ဂဏှမာနော။ အယဉ္ဟိ ယသ္မာ ပါရာဇိကံ အာပန္နော၊ တသ္မာ ဘိက္ခုဘာဝေ ဌတ္ဝာ အဘဗ္ဗော ဗျာနာဒိနိ အဓိဂန္တုံ။ ဂ္ဂဏှသ္မာ ဘိက္ခုဘာဝေါ ဝိသုဒ္ဓိ နာမ နဟောတိ။ ယသ္မာ ပန ဂိဟိ ဝါ ဥပါသကာရာမိကသာမဏေရာနံ ဝါ အညတရော ဟုတ္ဝာ ဒါနာဒီဟိ သဂ္ဂမဂ္ဂံ ဝါ ဗျာနာဒီဟိ မောက္ခမဂ္ဂံ ဝါ အာရာဓေတုံ ဘဗ္ဗော ဟောတိ၊ တသ္မာဿ ဂိဟိအာဒိဘာဝေါ ဝိသုဒ္ဓိ နာမ ဟောတိ။ တေန ဝုတ္တံ "ဂိဟိဘာဝါဒိကံ ဝိသုဒ္ဓိံ အပေက္ခမာနော"တိ- (ကခ၊ဋ္ဌ။၁၂၅)

ဟု ဆိုတော်မူသည်။ *(ပါရာဇိကဏ်အဋ္ဌကထာ၌လည်း အကျယ်လာသည်)*။

ဝိသုဒ္ဓါပေက္ခောတိ၊ ဟူသည်ကား။ အတ္တနော၊ မိမိ၏။ ဂိဟိဘာဝါဒိကံ၊ လူဖြစ်ခြင်း အစရှိသော။ ဝိသုဒ္ဓိံ၊ စင်ကြယ်ခြင်းကို, အပေက္ခမာနော ဂ္ဂဏှမာနော၊ အလိုရှိသည်ဖြစ်၍။ ဟိ၊ မှန်၏။ အယံ၊ ဤရဟန်းသည်။ ပါရာဇိကံ၊ သို့။ ယသ္မာ၊ အကြင်ကြောင့်။ အာပန္နော၊ ၏။ တသ္မာ၊ ထို့ကြောင့်။ ဘိက္ခုဘာဝေ၊ ရဟန်းအဖြစ်၌။ ဌတ္ဝာ၊ တည်၍။ ဗျာနာဒီနိ၊ ဗျာန်စသော တရားအထူးတို့ကို။ အဓိဂန္တုံ၊ ရခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။ ဂ္ဂဟိ တသ္မာ၊ ထို့ကြောင့်။ အဿ၊ ထိုရဟန်း၏။ ဘိက္ခုဘာဝေါ၊ ရဟန်း၏အဖြစ်သည်။ ဝိသုဒ္ဓိ နာမ၊ စင်ကြယ်သည်မည်သည်။ နဟောတိ၊ မဖြစ်။ ပန၊ စင်ကြယ်သည်ကို ဆိုဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ ဂိဟိ ဝါ၊ လူသည်လည်းကောင်း။ ဥပါသကာရာမိကသာမဏေရာနံ၊ ဥပါသကာ, အာရာမ်စောင့်, သာမဏေတို့တွင်။ အညတရော ဝါ၊ တစ်ယောက်ယောက်သည် လည်းကောင်း။ ဟုတ္ဝာ၊ ဖြစ်၍။ ဒါနာဒီဟိ၊ အလှူပေးခြင်း, သီလစောင့်ခြင်း စသည်တို့ဖြင့်။ သဂ္ဂမဂ္ဂံ ဝါ၊ နတ်ပြည်ခရီးကိုလည်းကောင်း။ ဗျာနာဒီဟိ၊ ဗျာန်သမာပတ် စသည်တို့ဖြင့်။

http://www.dhammadownload.com

မောက္ခမင်္ဂ ဝါ။ နိဗ္ဗာန်ခရီးကိုလည်းကောင်း။ အာရာဓေတုံ၊ ပြီးစေခြင်းငှာ။ ဘဗ္ဗော၊ ထိုက်သည်။ ဟောတိ၊ ၏။ တသ္မာ၊ ထို့ကြောင့်။ အဿ၊ ထိုရဟန်း၏။ ဂိဟိအာဒိဘာဝေါ၊ လူစသောအဖြစ်သည်။ ဝိသုဒ္ဓိ နာမ၊ မည်သည်။ ဟောတိ၊ ၏။ တေန၊ ထို့ကြောင့်။ **ဂိဟိဘာဝါဒိကံ ဝိသုဒ္ဓိံ အပေက္ခမာနော**တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

ထိုအဋ္ဌကထာ၌ ပါရာဇိကကျသည်ကိုသိလျှင် လူအဖြစ်စသော စင်ကြယ်ခြင်းကို အလိုရှိအပ်သောကြောင့် ရဟန်းအဖြစ်၌ အန္တရာယိကကို ဆိုသဖြင့် **ပါရာဇိကကျသည်ကို မသိ၍ အနာပတ္တိဟုထင်လျက် ရဟန်းသညာရှိမူ အပြစ်မရှိဟူသော** အဓိပ္ပါယ်ကျရောက်သည်။

၆။ **ပဒဘာဇနီပါဠိတော်၌လည်း-**

> **ဝိသုဒ္ဓါပေက္ခော**တိ ဂိဟိ ဝါ ဟောတုကာမော ဥပါသကော ဝါ ဟောတုကာမော အာရာမိကော ဝါ ဟောတုကာမော သာမဏေရော ဝါ ဟောတုကာမော–
>
> (ဝိ၊၁။၁၁၈)

ဟု ဟောတော်မူသည်။

ဝိသုဒ္ဓါပေက္ခောတိ၊ ဟူသည်ကား။ ဂိဟိ ဝါ၊ လူသည်လည်းကောင်း။ ဟောတုကာမော၊ ဖြစ်လို၏။ (ဥပါသကာ, အာရာမ်စောင့်, သာမဏေဟု ဆိုလေ)။

ထိုပါဠိတော်ဖြင့် ပါရာဇိကကျမှန်းသိသော ရဟန်းကိုသာ ဝိသုဒ္ဓါပေက္ခဟု ယူရမည်။ ပါရာဇိကကျသည်ကို မသိသော ရဟန်း, သံသယ မရှိသော ရဟန်းကို ဤအရာ၌ ဝိသုဒ္ဓါပေက္ခ-ဟု မယူအပ်။

၇။ **ဝိမတိဝိနောဒနီဋီကာ၌လည်း-**

> ဆိန္နမူလာနမိဗွိ ဟိ ပါရာဇိကာပတ္တိဝုဋ္ဌာနေန ဟေဋ္ဌာပိ ရက္ခိတံ (ဟေဋ္ဌာ ပရိရက္ခိတံ) ဘိက္ခုသီလံ ဝိသုဒ္ဓံ နာမ ဟောတိ၊ တေန တေသံ မဂ္ဂပ္ပဋိလာဘောပိ သမ္ဘဇ္ဈတိ-
>
> (ဝိမတိ၊၁။၃၃၈။)

ဟု လာသည်။

ဟိ၊ မှန်၏။ ဆိန္နမူလာနမိဗွိ၊ ပါရာဇိကကျသော ရဟန်းတို့အားလည်း။ ပါရာဇိကာပတ္တိဝုဋ္ဌာနေန၊ ပါရာဇိကကျ၍ လူထွက်သဖြင့်။ ဟေဋ္ဌာပိ၊ နောက်ဖြစ်သော ပါရာဇိကမကျသောအခါ၌လည်း။ ရက္ခိတံ၊ သော။ ဘိက္ခုသီလံ၊ သည်။ ဝိသုဒ္ဓံ နာမ၊ စင်ကြယ်သည်မည်သည်။ ဟောတိ။ ၏။ တေန၊ ထို့ကြောင့်။ တေသံ၊ ထိုပါရာဇိကကျသော ရဟန်းတို့အား။ မဂ္ဂပ္ပဋိလာဘောပိ၊ မင်္ဂလာကို ရခြင်းသည်လည်း။ သမ္ဘဇ္ဈတိ၊ ပြည့်စုံ၏။

http://www.dhammadownload.com

ထိုဋီကာ၌ ပါရာဇိကကျသည်ကို သိ၍ လူထွက်သဖြင့် ရှေး၌ စောင့်အပ်သော ရဟန်းသီလ စင်ကြယ်သောကြောင့် ပါရာဇိက ကျသော်လည်း မဂ်ကို ရနိုင်သည်ဟု ပါရာဇိက ကျမှန်းသိသော ရဟန်းကိုသာ ပြတော်မူသည်။ ပါရာဇိက ကျသည်ကို မသိသော ရဟန်းမှာ လူထွက်ခြင်း ဝုဋ္ဌာနကံကို ပြုခွင့်မရှိသောကြောင့်တည်း။

၈။ ဥနဝီသတိဝဿသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌လည်း–

သောပိ စ ယာဝ န ဇာနာတိ၊ တာဝဿ နေဝ သဂ္ဂန္တရာယော န မောက္ခန္တရာယော။ ဥ တွာ ပန ပုန ဥပသမ္ပဇ္ဇိတဗ္ဗံ– (ဝိ၊ဋ္ဌ၊၃။၁၃၆-၇။)

ဟု ဖွင့်တော်မူသည်။

သောပိ စ၊ ထိုအသက် ၂၀-မပြည့်ဘဲ ရဟန်းခံသောသူသည်လည်း။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ န ဇာနာတိ၊ ရဟန်း မဖြစ်ဟု မသိ။ တာဝ၊ လုံး။ အဿ၊ အား။ သဂ္ဂန္တရာယော၊ သည်။ နေဝ ဟောတိ၊ မဖြစ်။ မောက္ခန္တရာယော၊ သည်။ န ဟောတိ၊ မဖြစ်။ ဥ တွာ ပန၊ သိ၍ကား။ ဝါ၊ သိလတ်သော်ကား။ ပုန၊ တဖန်။ ဥပသမ္ပဇ္ဇိတဗ္ဗံ၊ ရဟန်းခံအပ်၏။

ထိုအဋ္ဌကထာပါဠိဖြင့် "အသက် ၂၀-မပြည့်ဘဲ ပဋိဉ်းခံသော ရဟန်းမဟုတ်သော သူနှင့် ပါရာဇိကကျသည်ကို မသိ၍ အနာပတ္တိ-ဟု ထင်မှတ်သဖြင့် သမဏသညာ ဖြစ်နေသော ရဟန်း မဟုတ်သောသူ ၂-ဦး အသို့ထူးကြသနည်း"ဟု ဆိုငြားအံ့။ "ဥနဝီသတိဝဿ ရဟန်းမှာ ရဟန်းမဟုတ်သော်လည်း သာမဏေအဖြစ်၌ တည်သည်။ ပါရာဇိကကျသည်ကို မသိ၍ နေသော ရဟန်းမှာ သာမဏေအဖြစ် မတည်၊ တဖန် သိ၍လည်း ရဟန်းမခံအပ်၊ ဤသို့ ထူးကြသည်"။

ထို့ကြောင့် ဥနဝီသတိဝဿရဟန်းကဲ့သို့ မဟုတ်ငြားသော်လည်း ပါရာဇိက ကျသည်ကို မသိ၍ အနာပတ္တိ-ဟု ထင်မှတ်သဖြင့် သမဏသညာဖြင့် သာသနာတော်၌ မွေ့လျော်စွာ ဒါန၊ သီလ၊ ဘာဝနာကို အားထုတ်ကာ နေသော ပါရာဇိကအဇာနန္တရဟန်းသည် **ပါတိမောက္ခသံဝရသီလဖြစ်သော ကုသိုလ်ကို မရငြားသော်လည်း တပါးသော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တို့ဖြင့် လူ့ပြည်၊ နတ်ပြည်သို့ ရောက်ခြင်းကို ပြုနိုင်သောကြောင့်** ပါရာဇိကကျသည်ကို သိလျက် နေသော ဒုဿီလကဲ့သို့ အပြစ်မရှိသော ဒုဿီလ-ဟု ဖြေအပ်၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၁] ပါရာဇိကအာပတ် ကုစားနည်း

(၁) **မေး။** ။ ပါရာဇိကကျသည်ကို သိလျှင် စင်ကြယ်အောင် အဘယ်သို့ ပြုရပါအံ့နည်း?

ဖြေ။ ။ ပါရာဇိကကျသည်ကို သိလျှင် စင်ကြယ်လိုမူ လူထွက်၍ဖြစ်စေ, သာမဏေပြု၍ ဖြစ်စေ ဒါနသီလဘာဝနာကို အားထုတ်မူ လူပြည်,နတ်ပြည်သို့ ရောက်နိုင်သည်။ ပါရမီရှိမူ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုလည်း ရနိုင်သည်။

၁။ အယဉ္စိ ယသ္မာ ပါရာဇိကံ အာပန္နော၊ တသ္မာ ဘိက္ခုဘာဝေ ဌတ္ဝာ အဘဗ္ဗော စျာနာဒီနိ အဓိဂန္တုံ၊ ဣစ္စဿ ဘိက္ခုဘာဝေါ ဝိသုဒ္ဓိ နာမ န ဟောတိ။ ယသ္မာ ပန ဂိဟိ ဝါ ဥပါသကာရာမိကသာမဏေရာနံ ဝါ အညတရော ဟုတ္ဝာ ဒါနာဒီဟိ သဂ္ဂမဂ္ဂံ ဝါ စျာနာဒီဟိ မောက္ခမဂ္ဂံ ဝါ အာရာဓေတုံ ဘဗ္ဗော ဟောတိ၊ တသ္မာဿ ဂိဟိအာဒိဘာဝေါ ဝိသုဒ္ဓိ နာမ ဟောတိ–

ဟုလာသော မာတိကာအဋ္ဌကထာကို ထောက်(ကခ်ီ။ဋ္ဌ။၁၂၅)။

ဟိ၊ မှန်၏။ အယံ၊ ဤရဟန်းသည်။ ပါရာဇိကံ၊ သို့။ ယသ္မာ၊ ကြောင့်။ အာပန္နော၊ ရောက်၏။ တသ္မာ၊ ကြောင့်။ ဘိက္ခုဘာဝေ၊ ရဟန်းအဖြစ်၌။ ဌတ္ဝာ၊ တည်၍။ စျာနာဒီနိ၊ စျာန် စသောတရားတို့ကို။ အဓိဂန္တုံ၊ ရခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။ ဣတိ တသ္မာ၊ ကြောင့်။ အဿ၊ ထိုရဟန်း၏။ ဘိက္ခုဘာဝေါ၊ သည်။ ဝိသုဒ္ဓိ နာမ၊ စင်ကြယ်သည်မည်သည်။ န ဟောတိ၊ မဖြစ်။ ယသ္မာ ပန၊ အကြင်ကြောင့်။ ဂိဟိ ဝါ၊ လူသည်လည်းကောင်း။ ဥပါသကာ-ရာမိကသာမဏေရာနံ၊ တို့တွင်။ အညတရော ဝါ၊ တစ်ယောက်ယောက်သည်လည်း ကောင်း။ ဟုတ္ဝာ၊ ၍။ ဒါနာဒီဟိ၊ ဒါနသီလ စသည်တို့ဖြင့်။ သဂ္ဂမဂ္ဂံ ဝါ၊ နတ်ပြည်ခရီးကို လည်းကောင်း။ စျာနာဒီဟိ၊ တို့ဖြင့်။ မောက္ခမဂ္ဂံ ဝါ၊ နိဗ္ဗာန်ခရီးကိုလည်းကောင်း။ အာရာ-ဓေတုံ၊ သုတ်သင်ခြင်းငှာ။ ဝါ၊ ပြီးစေခြင်းငှာ။ ဘဗ္ဗော၊ ထိုက်သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ အဿ၊ ထိုပါရာဇိကကျသော ရဟန်း၏။ ဂိဟိအာဒိဘာဝေါ၊ လူ-အစရှိသော အဖြစ်သည်။ ဝိသုဒ္ဓိ နာမ၊ စင်ကြယ်သည် မည်သည်။ ဟောတိ၊ ၏။

၂။ **ကခ်ီဋီကာသစ်၌လည်း–**

ဒါနာဒီဟိတိ ဒါနကရဏသီလသံဝရာဒီဟိ–(ကခ်ီဋီ၊သစ်။၂၂၀။)

ဟု ဖွင့်တော်မူသည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၂] ပါရာဇိကကျသည်ကို သိလျက် ရဟန်းဝတ်နေခြင်း၏ အပြစ်

(၁) **မေး။** ။ ပါရာဇိကကျသည်ကို သိလျက် လူမထွက်ဘဲ ရဟန်းဟု ဝန်ခံ၍ နေသော ဒုဿီလ ရဟန်းအဖြစ်ကို အသို့မှတ်ရပါအံ့နည်း?

ဖြေ။ ။ ထိုအမေးပုစ္ဆာ၌-

၁။ **သေယျော အယောဂုဇ္ဇော ဘုတ္ထော၊ တတ္ထော အဂ္ဂိသိခ့ု'ပမော။**
ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော၊ ရဋ္ဌပိဏ္ဍ'မသညတော။ (ဓမ္မပဒ။၅၇၀ဂါထာ၊၃၀၈)

ဟု ဟောတော်မူသည်။ ဓမ္မပဒပါဠိတော် နိရယဝဂ်၌ လာသည်။

အသညတော၊ မစောင့်စည်းသော။ ဒုဿီလော၊ သီလမရှိသော ရဟန်းသည်။ ရဋ္ဌပိဏ္ဍံ၊ တိုင်းသူ, ပြည်သူ, ရွာသူတို့လှူသော ဆွမ်းကို။ ယံ ဘုဉ္ဇေယျ၊ အကြင်ကြောင့် စားငြားအံ့။ တတော၊ ထိုဆွမ်းကို စားရသည်ထက်။ တတ္ထော၊ ပူလောင်သော။ အဂ္ဂိသိခ့ု'ပမော၊ မီးလျှံနှင့်တူသော။ အယောဂုဇ္ဇော၊ သံတွေခဲကို။ ဘုတ္ထော၊ စားရခြင်းသည်။ သေယျော၊ မြတ်သေး၏။

၂။ **ဓမ္မပဒအဋ္ဌကထာ၌လည်း-**

> ယဉ္စေ ဘုဉ္ဇေယျာတိ အယံ ဒုဿီလော နိဿီလပုဂ္ဂလော ကာယာဒီဟိ အသညတော ရဋ္ဌဝါသီဟိ သဒ္ဓါယ ဒိန္နံ ရဋ္ဌပိဏ္ဍံ "သမဏောမှိ"တိ ပဋိဇာနန္တော ဂဟေတွာ ဘုဉ္ဇေယျ၊ တတ္ထော အာဒိတ္တော အဂ္ဂိဝဏ္ဏော အယောဂုဇ္ဇောဝ ဘုတ္တော သေယျော သုန္ဒရတရော။ ကိံ ကာရဏာ? တပ္ပစ္စယာ ဟိ ဧကောဝ အတ္တဘာဝေါ စျာယေယျ၊ ဒုဿီလော ပန သဒ္ဓါဒေယျံ ဘုဉ်္ဇိတွာ အနေကာနိပိ ဇာတိသတာနိ နိရယေ ပစ္စေယျာတိ အတ္ထော-(ဓမ္မပဒ။၂၊၂။၃၀၀။)

ဟု ဖွင့်တော်မူ၏။

ယဉ္စေ ဘုဉ္ဇေယျာတိ၊ ဟူသည်ကား။ ဒုဿီလော နိဿီလပုဂ္ဂလော၊ သီလမရှိသော ပုဂ္ဂိုလ်သည်။ ကာယာဒီဟိ၊ ကိုယ်စသည်တို့ဖြင့်။ အသညတော။ မစောင့်စည်းသည်ဖြစ်၍။ ရဋ္ဌဝါသီဟိ၊ တိုင်းနေသူ လူတို့သည်။ သဒ္ဓါယ၊ ယုံကြည်သဖြင့်။ ဝါ၊ ကြည်ညိုသဖြင့်။ ဒိန္နံ၊ လှူအပ်သော။ ရဋ္ဌပိဏ္ဍံ၊ တိုင်းသူပြည်သား လူအများတို့လှူသော ဆွမ်းကို။ သမဏောမှိတိ၊ ငါရဟန်းဖြစ်၏ဟူ၍။ ပဋိဇာနန္တော၊ ဝန်ခံလျက်။ ဂဟေတွာ၊ အလှူခံ၍။ ဘုဉ္ဇေယျ၊ စားငြားအံ့။ တတော၊ ထို့ထက်။ တတ္ထော အာဒိတ္တော၊ ရဲရဲတောက်သော။ အဂ္ဂိဝဏ္ဏော၊ မီးလျှံ

http://www.dhammadownload.com

အဆင်းရှိသော။ အယောဂုဥ္ဇောဝ၊ သံတွေခဲကိုသာလျှင်။ ဘုတ္တော၊ စားရခြင်းသည်။ သေယျော သုန္ဒရတရော၊ မြတ်သေး၏။ ကိ ကာရဏာ၊ အဘယ်ကြောင့်နည်း။ ဟိ၊ မှန်၏။ တပ္ပစ္စယာ၊ ထိုသံတွေခဲကို စားရခြင်းတည်းဟူသော အကြောင်းကြောင့်။ ဧကောဝ အတ္ထ-ဘာဝေါ။ တစ်ဘဝမျှသာလျှင်။ စျာယေယျ၊ ပူလောင်ရာ၏။ ဒုဿီလော ပန၊ သီလမရှိသော ရဟန်းသည်ကား။ သဒ္ဓါဒေယျံ၊ သဒ္ဓါကြည်ဖြူ လှူအပ်သောဆွမ်းကို။ ဘုဉ္ဇိတ္တာ၊ စားမိသော ကြောင့်။ အနေကာနိပိ ဇာတိသတာနိ၊ အရာမက များစွာသော ဘဝတို့ပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစ္စေယျ၊ ကျက်ရာ၏။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ ဘုရားရှင် အလိုတော် တည်း။

၃။ ဝိနည်းအဋ္ဌကထာ၌လည်း-

> သစာယံ ဒုဿီလော အသညတော ဣန္ဒြိယရေ ဋ္ဌိတော ကုဟနာယ လောကံ ဝဉ္စကော ပဋိဂ္ဂလော တတ္ထံ အဂ္ဂိသိခူပမံ အယောဂုံ ဘုဉ္ဇေယျ အဿောဟရေယျ၊ တဿ ယံ စေတံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇေယျ၊ ယံ စေတံအယောဂုံ၊ တေသု ဒ္ဝိသု အယောဂုဇ္ဇောဝ ဘုတ္တော သေယျော သုန္ဒရတရော ပဏီတတရော စ ဘဝေယျ။ န ဟိ အယောဂုဋ္ဌဿ ဘုတ္တတ္တာ သမ္မရာယေ သဗ္ဗညုတညာဏေနာပိ ဒုဇ္ဇာန-ပရိစ္ဆေဒံ ဒုက္ခံ အနုဘဝတိ။ ဧဝံ ပဋိလဒ္ဓဿ ပန တဿ ရဋ္ဌပိဏ္ဍာဿ ဘုတ္တတ္တာ သမ္မရာယေ ဝုတ္တပ္ပကာရံ ဒုက္ခံ အနုဘောတိ။ အယံ ဟိ ကောဋိပ္ပတ္တော မိစ္ဆာ-ဇီဝေါတိ- (ဝိ၊ဋ၊၂။၇၉။)

ဟု ဖွင့်တော်မူသည်။

ဒုဿီလော၊ သီလမရှိသော။ အသညတော၊ ကိုယ်, နှုတ်, နှလုံးကို မစောင့်စည်း သော။ ဣန္ဒြိယရေ၊ သီလမရှိဘဲ သီလရှိသည်ဟု ထင်မှတ်စေလိုခြင်း၌။ ဋ္ဌိတော၊ တည် သော။ ကုဟနာယ၊ လျှို့ဝှက်သဖြင့်။ လောကံ၊ လူကို။ ဝဉ္စကော၊ လှည့်ပတ်တတ်သော။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ တတ္ထ၊ ရဲရဲတောက်သော။ အဂ္ဂိသိခူပမံ၊ မီးလျှံနှင့်တူသော။ အယောဂုံ၊ သံတွေခဲကို။ သစေ ဘုဉ္ဇေယျ အဿောဟရေယျ၊ မျိုခြားအံ့။ တဿ၊ ထိုရဟန်း အား။ ယံ စေတံ ရဋ္ဌပိဏ္ဍံ၊ အကြင်တိုင်းသူပြည်သား လူအများတို့ လှူသောဆွမ်းကို။ ဘုဉ္ဇေယျ၊ စားခြားအံ့။ ယံ စေတံ အယောဂုံ၊ အကြင်သံတွေခဲကို။ ဘုဉ္ဇေယျ၊ စားခြားအံ့။ တေသု ဒ္ဝိသု၊ ထို ၂-ပါးတို့တွင်။ အယောဂုဇ္ဇောဝ၊ သံတွေခဲကိုသာလျှင်။ ဘုတ္တော၊ စားရခြင်း သည်။ သေယျော သုန္ဒရတရော ပဏီတတရော၊ အထူးသဖြင့် မြတ်လေရာ၏။ ဟိ၊ မှန်၏။ အယောဂုဋ္ဌဿ၊ သံတွေခဲကို။ ဘုတ္တတ္တာ၊ စားရသည်၏အဖြစ်ကြောင့်။ သမ္မရာယေ၊ တမလွန်ဘဝအဆက်ဆက်၌။ သဗ္ဗညုတညာဏေနာပိ၊ သဗ္ဗညုတဉာဏ်တော်ဖြင့်လည်း။

http://www.dhammadownload.com

ဒုဇ္ဈာနပရိစ္ဆေဒဒံ၊ ပိုင်းခြား၍ သိနိုင်ခဲသော။ ဒုက္ခံ၊ ဆင်းရဲကို။ နှ အနုဘဝတိ၊ မခံစား ရ။ ဧဝံ၊ ဤသို့။ ပဋိလဒ္ဓဿ၊ ရအပ်သော။ တဿ ရဋ္ဌပိဏ္ဍဿ ပန၊ ထိုပြည်သူတို့ လျှသော ဆွမ်းကို။ ဘုတ္တတ္တာ၊ စားသည်၏ အဖြစ်ကြောင့်။ သမ္မရာယေ၊ တမလွန်ဘဝ၌။ ဝုတ္တပွကာရံ၊ ဆိုအပ်ခဲ့သော အပြားရှိသော။ ဝါ၊ သဗ္ဗညုတ ဉာဏ်တော်ဖြင့် ပိုင်းခြား၍ သိနိုင်ခဲသော။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘောတိ၊ ခံစားရ၏။ ဟိ၊ မှန်၏။ အယံ၊ ဤသီလမရှိဘဲ သီလရှိ ယောင်ဆောင်၍ သူတပါးလှူသော ဆွမ်းကို စားခြင်းသည်။ ကောဋိပ္ပတ္တော၊ အထွတ်အထိပ် သို့ ရောက်သော။ မိစ္ဆာဇီဝေါ၊ မှားသော အသက်မွေးခြင်း မည်၏။

ဤသို့လာသော ပါဠို, အဋ္ဌကထာအတိုင်း အပြစ်ရှိသည်။

✪ ✪ ✪ ✪ ✪

[၁၃] အနာပတ္တိဟု ထင်မှတ်၍ မကုစားခြင်း

(၁) မေး။ ။ အာပတ်သင့်သည်ကို မသိ၍ အနာပတ္တိဟု ထင်မှတ်လျက်နေသော ရဟန်း သည် အလဇ္ဇီ ဖြစ်မည်လော?

ဖြေ။ ။ အာပတ်သင့်သည်ကို မသိ၍ အနာပတ္တိဟု အယူရှိလျက်နေသော ရဟန်း သည် အလဇ္ဇီ မဖြစ်။

၁။ ယော ပန အာပတ္တိဋ္ဌာနေ "အနာပတ္တီ"တိ ဒိဋ္ဌိတာယ (အနာပတ္တိဒိဋ္ဌိတာယ) အာပတ္တိ နှ ပဿတိ၊ တေနေဝ ပဋိကမ္မမ္မိ နှ ကရောတိ၊ သော ယသ္မာ စေတ္တာဝတာ အလဇ္ဇီ နာမ နှ ဟောတိ။ ပဏ္ဏတ္တိ ဉ တွာ ဝိတိက္ကမံ ကရောန္တော' ဧဝ ဟိ အလဇ္ဇီ နာမ ဟောတိ။ "သဉ္စိစ္စ အာပတ္တိ အာပဇ္ဇတီ"တိအာဒိ ဟိ ဝုတ္တံ-

(ဝိမတိ၂။၁၃၉။)

ဟု လာသော ဝိမတိဝိနောဒနီဋီကာ၊ ပဋဂ္ဂဏ္ဌနကအဖွင့်၊ စတ္တာရောနိဿယာဒိကထာအဖွင့်ကို ထောက်။

ယော ပန၊ အကြင်ရဟန်းသည်။ အာပတ္တိဋ္ဌာနေ၊ အာပတ်သင့်သောအရာ၌။ အနာပတ္တိ၊ အာပတ်မသင့်။ ဣတိ ဒိဋ္ဌိတာယ၊ ဤသို့ အယူရှိသည်၏အဖြစ်ကြောင့်။ အာပတ္တိ၊ အာပတ်ကို။ နှ ပဿတိ၊ မရှု, မသိ, မမြင်။ တေ နေဝ၊ ထို့ကြောင့်သာလျှင်။ ပဋိကမ္မမ္မိ၊ ကုစားခြင်းကိုလည်း။ နှ ကရောတိ၊ မပြု။ သော၊ ထိုရဟန်းသည်။ ယသ္မာ၊ အကြင် ကြောင့်။ စေတ္တာဝတာ၊ ဤသို့ အာပတ္တိကို အနာပတ္တိဟု အယူရှိသည်၏အဖြစ်ကြောင့်

http://www.dhammadownload.com

မကုစားဘဲနေကာမျှဖြင့်။ အလဇ္ဇီ နာမ၊ အလဇ္ဇီမည်သည်။ နှ ဟောတိ၊ မဖြစ်။ ပဏ္ဏာတ္တိ၊ ဝိနည်းပညတ်ကို။ ဥ တွာ၊ သိ၍။ ဝါ၊ သိလျက်။ ဝီတိက္ကမံ၊ လွန်ကျူးခြင်းကို။ ကရောန္တော ဧဝ၊ ပြုသောရဟန်းသည်သာလျှင်။ အလဇ္ဇီ နာမ၊ အလဇ္ဇီမည်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ မှန်၏။ သဋ္ဌိစ္စ အာပတ္တိ အာပဇ္ဇတီတိအာဒိ၊ ဤသို့ အစရှိသည်ကို။ ဝုတ္တံ၊ ဘုရားရှင်သည် စူဠဝါပါဠိတော်၌ ဟောတော်မူအပ်၏။

✪ ✪ ✪ ✪ ✪

[၁၄] အလဇ္ဇီမှန်း သိသော်လည်း မဆိုဝံ့၍ ကံအတူပြုခြင်း

(၁) **မေး။** ။ အကြင်အခါ သာသနာတော်၌ အလဇ္ဇီရဟန်းကို သိလျက် ထိုရဟန်းကို အလဇ္ဇီဟု ဆိုက အပင်းအသင်းအားကြီး၍ မဆိုဝံ့သဖြင့် ထိုပုဂ္ဂိုလ်နှင့်အတူ ကံကြီး,ကံငယ်ကို ပြုရာ အပြစ်ရှိမည်လော?

ဖြေ။ ။ အကြင်အခါ သာသနာတော်၌ အလဇ္ဇီအားကြီး၍ လဇ္ဇီရဟန်း နည်းပါးသည်ဖြစ်အံ့၊ ထိုအခါ လဇ္ဇီရဟန်းက အလဇ္ဇီရဟန်းတို့ကို အလဇ္ဇီဟု သိသော်လည်း ထိုပုဂ္ဂိုလ်မှာ တပည့်ဒါယကာအားကြီး၍ အလဇ္ဇီဟု မဆိုဝံ့ချေ။ ယင်းအလဇ္ဇီရဟန်းကို ကံဆောင်ရာသို့ မပင့်မခေါ်ဘဲလည်း မနေဝံ့သာ။ **ထိုအလဇ္ဇီရဟန်းနှင့်အတူ ကံကြီး, ကံငယ်ကို ပြုရာ အပြစ်မရှိ။**

၁။ မမ္မာနုဂ္ဂဟေန ဥဂ္ဂဏှိတုံ ဝဋ္ဋတီတိ ဝုတ္တတ္တာ အလဇ္ဇိဿန္ဓတာယ သာသနေ ဩသက္ကန္တေ လဇ္ဇိသု စ အပဟောန္တေသု အလဇ္ဇိမ္ဟိ ပကတတ္တံ (ဂဏပူရဏံ) ဂဏပူရကံဂဟေတွာ ဥပသမ္ပဒါဒိကရဏေ (ဥပသမ္ပဒါဒိကရဏေန) စ ကေစိ အလဇ္ဇိနော မမ္မာမိသပရိဘောဂေန, သင်္ဃေတွာ သေသအလဇ္ဇိဂဏဿ နိဂ္ဂဟေန စ သာသနံ ပဂ္ဂဏှိတုမ္ပိ ဝဋ္ဋတိ ဧဝ– (ဝိမတိ၁။၃၃၉။)

ဟု လာသော **ဝိမတိဝိနောဒနီဋီကာ၊ ရူပိယသိက္ခာပုဒ်အဖွင့်**ကို ထောက်။

မမ္မာနုဂ္ဂဟေန ဥဂ္ဂဏှိတုံ ဝဋ္ဋတီတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ဆိုအပ်သောကြောင့်။ အလဇ္ဇိဿန္ဓတာယ၊ အလဇ္ဇီများသည်၏အဖြစ်ကြောင့်။ သာသနေ၊ သာသနာတော်သည်။ ဩသက္ကန္တေ၊ ဆုတ်ယုတ်သည်ရှိသော်။ ဝါ၊ ဆုတ်ယုတ်သောအခါ၌။ လဇ္ဇိသု စ၊ လဇ္ဇိရဟန်းတို့သည်လည်း။ အပဟောန္တေသု၊ မလောက်ကုန်သည်ရှိသော်။ ပကတတ္တံ၊ ပကတိသီလ

http://www.dhammadownload.com

ရှိသော။ အလဇ္ဇီမို့၊ အလဇ္ဇီရဟန်းကိုလည်း။ ဂဏပူရဏ်၊ ဂိုဏ်းပြည့်ကို။ ဂဟေတွာ၊ ယူ၍။ ဝါ၊ ခေါ်၍။ ဥပသမ္ပဒါဒိကရဏော စ၊ ရဟန်းခံခြင်းစသောကံကို ပြုခြင်း၌ လည်းကောင်း။ ကေစိ အလဇ္ဇီနော၊ အခို့သော အလဇ္ဇီရဟန်းတို့ကို၊ ဓမ္မာမိသပရိ-ဘောဂေန၊ ဓမ္မပရိဘောဂ, အာမိသပရိဘောဂ ၂- ပါးဖြင့်။ သင်္ဂဟေတွာ၊ ထောက်ပံ့၍။ သေသအလဇ္ဇီဂဏဿ၊ ကြွင်းသော အလဇ္ဇီဂိုဏ်းကို။ နိဂ္ဂဟေန စ၊ နှိပ်စက်သဖြင့်လည်းကောင်း။ သာသနံ၊ သာသနာတော်ကို။ ပဂ္ဂဏှိတုမို့၊ ချီးမြှောက်ခြင်းငှာလည်း။ ဝဋ္ဋတိ ဧဝ၊ အပ်သည်သာလျှင်တည်း။

အဓိပ္ပါယ်ကား။ အလဇ္ဇီရဟန်း များ၍ လဇ္ဇီရဟန်း နည်းပါးသဖြင့် ကံမလောက်မူသိလမရှိသော အလဇ္ဇီရဟန်းကိုပင်သိလျက် ဂိုဏ်းပြည့်ပြု၍ ကံဆောင်အပ်သည်။ အလဇ္ဇီရဟန်း အားကြီး၍ များလှသောအခါ အခို့သော အလဇ္ဇီရဟန်းကို ပစ္စယသမ္ဘောဂ, ဓမ္မသမ္ဘောဂ ၂-ပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့၍, အခို့သော အလဇ္ဇီရဟန်းတို့ကို ဝိနည်းတရားဖြင့် နှိပ်ကွပ်ဆုံးမ၍ သာသနာတော်ကို ချီးမြှောက် အပ်သည်ဟူလို။

၂။ ထို့ကြောင့် **မဟာဝါအဋ္ဌကထာ၌-**

> အလဇ္ဇမာနာယ သာမဂ္ဂိယာ အနာပတ္တိ သမ္ဘောဂေ သံဝါသေတိ ယာဝ တဿ ဥက္ခေပနီယကမ္မကရဏာတ္ထာယ သာမဂ္ဂီ န လဇ္ဇတိ။ တာဝ တေန သဒ္ဓိံ သမ္ဘောဂေ စ ဥပေါ သထပဝါရဏာဒိကရဏာဘေဒေ သံဝါသေ စ အနာပတ္တိ။(ဓိ၊ဋ၊၃။၃၁၆)

ဟု မဟာဝါခန္ဓကအဖွင့်၌ လာသည်။

အလဇ္ဇမာနာယ ။ပ။ သံဝါသေတိ၊ ဟူသည်ကား။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ တဿ၊ ထိုရဟန်းအား။ ဥက္ခေပနီယကမ္မကရဏာတ္ထာယ၊ ဥက္ခိတ္တကံကို ပြုခြင်းငှာ။ သာမဂ္ဂီ၊ ညီညွတ်သော အပင်းအသင်းကို။ န လဇ္ဇတိ၊ မရ။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ တေန၊ ထိုအာပတ်ကို မရှုသောရဟန်းနှင့်။ သဒ္ဓိံ၊ တကွ။ သမ္ဘောဂေ စ၊ ပစ္စယသမ္ဘောဂကို ပြုခြင်း၌လည်းကောင်း။ ဥပေါသထပဝါရဏာဒိဘေဒေ၊ ဥပုသ်,ပဝါရဏာ စသည်အပြားရှိသော။ သံဝါသေ စ၊ ဓမ္မသမ္ဘောဂကို ပြုခြင်း၌လည်းကောင်း။ အနာပတ္တိ၊ အာပတ်မသင့်။

အဓိပ္ပါယ်ကား။ အာပတ်သင့်သည်ကို မရှုသောရဟန်း, မကုစားသောရဟန်း, အယူကို မစွန့်သောရဟန်းတို့အား ဥက္ခိတ္တကံကို ပြုခြင်းငှါ ဂိုဏ်းသံဃာ အပေါင်းအသင်း၏ ညီညွတ်ခြင်းကို မရသေးသမျှ ကာလပတ်လုံး ထိုအလဇ္ဇီရဟန်းတို့နှင့် ပစ္စယသမ္ဘောဂ, ဓမ္မသမ္ဘောဂ ၂-ပါးကို ပြုသော်လည်း အာပတ် မသင့်၊ အပြစ် မရှိဟူလို။ (အကျယ်ကို လိုမူ မဟာဝါပါဠိတော်မှာ ရှုလေ။)

http://www.dhammadownload.com

၃။ **ပရိဝါအဋ္ဌကထာ၌လည်း-**

ဥက္ခေပနီယကမ္မကတော ဥက္ခိတ္တကော နာမ၊ အဝသေသစတုဗ္ဗိဓတဇ္ဇနီယာဒိ-
ကမ္မကတော အနုက္ခိတ္တကော နာမ။ အယံ ဟိ ဥပေါသထံ ဝါ ပဝါရဏံ ဝါ
ဓမ္မပရိဘောဂံ ဝါ အာမိသပရိဘောဂံ ဝါ န ကောပေတိ- (ဝိ၊ဋ္ဌ၊၄။၁၅၈။)

ဟု ဧကုတ္တရိကအဖွင့်၌ လာသည်။

ဥက္ခေပနီယကမ္မကတော၊ ဥက္ခေပနီယက် ပြုအပ်သောရဟန်းသည်။ ဥက္ခိတ္တကော နာမ၊ ဥက္ခိတ္တကရဟန်းမည်၏။ အဝသေသစတုဗ္ဗိဓတဇ္ဇနီယာဒိကမ္မကတော၊ ကြွင်းသော ၄-ပါးအပြားရှိသော တဇ္ဇနီယစသော ကံပြုအပ်သော ရဟန်းသည်။ အနုက္ခိတ္တကော နာမ၊ အနုက္ခိတ္တကရဟန်း မည်၏။ ဝါ၊ ဥက္ခိတ္တကရဟန်း မမည်။ ဟိ၊ မှန်၏။ အယံ၊ ဤ ၄-ပါးသော တဇ္ဇနီယ-စသော ကံပြုအပ်သော အနုက္ခိတ္တကရဟန်းသည်။ ဥပေါသထံ ဝါ၊ ကိုလည်းကောင်း။ ပဝါရဏံ ဝါ၊ ကိုလည်းကောင်း။ ဓမ္မပရိဘောဂံ ဝါ၊ ကိုလည်းကောင်း။ အာမိသပရိဘောဂံ ဝါ၊ ကိုလည်းကောင်း။ န ကောပေတိ၊ မဖျက်။ ဝါ၊ မပျက်စေ။

အဓိပ္ပါယ်ကား။ ဥက္ခိတ္တကက် ပြုအပ်သော ရဟန်း ၃-ယောက်မှ တပါးသော တဇ္ဇနီယက်, နိယဿက်, ပဗ္ဗာဇနီယက်, ပဋိသာရဏီယက် ပြုအပ်သော ရဟန်း ၄-ယောက်တို့နှင့် ပစ္စယသမ္ဘောဂ, ဓမ္မသမ္ဘောဂ အတူပြုခြင်း, ဥပုသ်,ပဝါရဏာ အတူပြုခြင်းတို့၌ အာပတ် မသင့်၊ အပြစ်မရှိ ဟူလို။

ထိုကံ ၇-ပါးတို့၏ ပြုပုံအကျယ်ကို (သိ)လိုမူ စူဠဝါပါဠိတော် ကမ္မက္ခန္ဓက, ၎င်းအဖွင့် အဋ္ဌကထာ, ဋီကာတို့၌ ရှုလေ။

✪ ✪ ✪ ✪ ✪

၁၅ ။ ပါရာဇိက ကျသူထဲ၌ ဒေသနာကြားခြင်း

(၁) မေး။ ။ ပါရာဇိကကျသော ရဟန်းထဲ၌ ဒေသနာကြားလျှင် ထပါမည်လော?

ဖြေ။ ။ ပါရာဇိကကျသော ရဟန်းထဲ၌ မသိ၍ဖြစ်စေ, သံသယရှိလျက်ဖြစ်စေ ရဟန်းဟူသော အမူအရာဖြင့် နေသဖြင့် ရဟန်းဟု ထင်မှတ်၍ ဒေသနာကြားမူ အာပတ်မှ ထမြောက်သည်။

http://www.dhammadownload.com

၁။ ပါရာဇိကံ အာပန္နော စ ဘိက္ခုလိင်္ဂေ ဌိတော ယာဝ နံ ပဋိဇာနာတိ၊ တာဝ အတ္ထေဝ တဿ ဘိက္ခုဘာဝေါ၊ နံ အနုပသမ္ပန္နသဒိ္ဓံ ဂစ္ဆတိ။ တထာ ဟိ သော သံဝါသံ သာဒိယန္တော်ပိ ထေယျသံဝါသကော နံ ဟောတိ။ သဟသေယျာဒိ-အာပတ္တိံ နံ ဇနေတိ။ ဩမသဝါဒေ ပါစိတ္တိယဉ္စ ဇနေတိ- (သရတ္ထ၊၂။၂၀၄။)

ဟုလာသော သာရတ္ထဒီပနီဋီကာ၊ ပထမပါရာဇိကအဖွင့်ကို ထောက်။

ပါရာဇိကံ၊ သို့။ အာပန္နော စ၊ ရောက်သောရဟန်းသည်လည်း။ ဘိက္ခုလိင်္ဂေ၊ ရဟန်း၏ အသွင်၌။ ဌိတော၊ တည်လျက်။ ယာဝ၊ အကြင်မျှလောက်။ နံ ပဋိဇာနာတိ၊ ရဟန်းမဟုတ်ဟု ဝန်မခံ။ တာဝ၊ ထိုမျှလောက်။ တဿ၊ ထိုပါရာဇိကကျသော ရဟန်း၏။ ဘိက္ခုဘာဝေါ၊ ရဟန်းအဖြစ်သည်။ အတ္ထေဝ၊ ရှိသည်သာလျှင်တည်း။ သော၊ ထိုရဟန်းသည်။ အနုပသမ္ပန္နသဒိ္ဓံ၊ လူသာမဏေဟူသော အရေအတွက်သို့။ နံ ဂစ္ဆတိ၊ မရောက်။ တထာဟိ တတော ဧဝ၊ ထို့ကြောင့်သာလျှင်။သော၊ ထိုပါရာဇိကကျသော ရဟန်းသည်။ သံဝါသံ၊ ပေါင်းဖော်ခြင်းကို။ သာဒိယန္တော်ပိ၊ သာယာသော်လည်း။ ထေယျသံဝါသကော၊ သည်။ နံ ဟောတိ၊ မဖြစ်။ သဟသေယျာဒိအာပတ္တိံ၊ သဟသေယျ စသော အာပတ်ကိုလည်း။ နံ ဇနေတိ၊ တပါးသောရဟန်းတို့အား မဖြစ်စေ။ ဩမသဝါဒေ၊ ဆဲရေးခြင်း၌။ ပါစိတ္တိယဉ္စ၊ ပါစိတ်အာပတ်ကိုလည်း။ ဇနေတိ၊ ဆဲရေးသောရဟန်းတို့အား ဖြစ်စေ၏။

အဓိပ္ပါယ်ကား။ ပါရာဇိကကျသော ရဟန်းသည် ရဟန်းဟု ဝန်ခံ၍ နေသမျှ ကာလပတ်လုံး ရဟန်းအဖြစ်၌သာ ရေတွက်အပ်သည်။ လူ, သာမဏေအဖြစ်၌ မရေတွက်အပ်။ ထို့ကြောင့် ပါရာဇိကကျသောရဟန်းကို ဆဲရေးသောရဟန်းအား ပါစိတ်အာပတ်သင့်သည်။ ထိုပါရာဇိကကျသော ရဟန်းနှင့် အတူအိပ်ခြင်း စသည်တို့ကြောင့် သဟသေယျ-စသောအာပတ်လည်း မသင့်။ ထိုပါရာဇိကကျသော ရဟန်းသည် ရဟန်းတို့နှင့် ပေါင်းဖော်၍ ထေယျသံဝါသကလည်း မဖြစ်ဟု ပြတော်မူသည်။

ဝိမတိဝိနောဒနီဋီကာ(၁၊၁၅၆။)၌လည်း နည်းတူလာသည်။ သဟသေယျာဒိ၌ အာဒိသဒ္ဒါအရဖြင့် အတူအကပ်ခံ၍ စားခြင်း အစရှိသည်တို့၌ အပြစ်မရှိဟု မှတ်လေ။

၂။ **ပရိဝါအဋ္ဌကထာ၌လည်း-**

နာနာသံဝါသကာဿာတိ လဒ္ဓိနာနာသံဝါသကဿ ဝါ ကမ္မနာနာသံဝါသကဿ ဝါ သန္တိကေ ဒိဋ္ဌ အာဝိကရောတိ၊ အာပတ္တိ ဒေသေတီတိ အတ္ထော။ အဟကတတ္ထဿာတိ ဥက္ခိတ္တကဿ ဝါ, ယဿ ဝါ ဥပေါသထပဝါရဏာ ဌပိတာ ဟောန္တိ၊ တဿ သန္တိကေ ဒေသေတီတိ အတ္ထော။ (ဝိ၊ဋ္ဌ၊၄။၂၁၉) - ဟု ဖွင့်တော်မူသည်။

http://www.dhammadownload.com

နာနာသံဝါသကဿာတိ၊ ဟူသည်ကား။ လဒ္ဓိနာနာသံဝါသကဿ ဝါ၊ ၏လည်းကောင်း။ ကမ္မနာနာသံဝါသကဿ ဝါ၊ ၏လည်းကောင်း။ သန္တိကေ၊ ၌။ ဒိဋ္ဌိ၊ အယူကို။ အာဝိကရောတိ၊ ထင်စွာပြု၏။ အာပတ္တိ၊ ကို။ ဒေသေတိ၊ ကြား၏။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ တည်း။ အပကတတ္တာဿာတိ၊ ဟူသည်ကား။ ဥက္ခိတ္တကဿ ဝါ၊ ၏လည်းကောင်း။ ယဿ၊ အကြင်ရဟန်းအား။ ဥပေါသထပဝါရဏာ၊ တို့ကို။ ဌပိတာ၊ ထားအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တဿ ဝါ၊ ထိုရဟန်း၏လည်းကောင်း။ သန္တိကေ၊ အထံ၌။ ဒေသေတိ၊ ၏။ ဣတိ အယံ၊ လျှင်။ အတ္ထော၊ တည်း။

ထိုအဋ္ဌကထာပါဠိ၌ အပကတတ္တာအရ ပါရာဇိကကျသော ရဟန်းကို မဆိုမူ၍ ဥက္ခိတ္တကရဟန်း, ဥပုသ်, ပဝါရဏာထားသော ရဟန်းတို့ အထံ၌သာ ဒေသနာမကြား အပ်ကြောင်းကို ပြတော်မူသည်။ ထိုအဋ္ဌကထာပါဠိ၌ လဒ္ဓိနာနာသံဝါသက, ကမ္မနာနာသံဝါသက ၂-ပါးတွင် လဒ္ဓိနာနာသံဝါသက-အရမှာ ဥက္ခိတ္တာနုဝတ္တက ရဟန်းကို ယူ။ ကမ္မနာနာသံဝါသက-အရမှာ ဥက္ခိတ္တကရဟန်းကို ယူလေ။

၃။ ထို့ကြောင့် **ပါတိမောက္ခဝဒတ္ထအနုဝဏ္ဏနာ၌–**

တေသု လဒ္ဓိနာနာသံဝါသကော နာမ ဥက္ခိတ္တာနုဝတ္တကော ဘိက္ခု။ ကမ္မနာနာသံဝါသကော နာမ ဥက္ခေပနီယကမ္မကတော ဘိက္ခု–

ဟု ဖွင့်တော်မူသည်။

✪ ✪ ✪ ✪ ✪

[၁၆] ဟတ္ထပါသ်၏ ပြင်ပ၌ နေ၍ ဒေသနာကြားခြင်း

(၁) **မေး**။ ။ ဒေသနာကြားသောအခါ ဟတ္ထပါသ်၏ ပြင်ပ၌ နေ၍ကြားမူ အပ်ပါမည်လော?

ဖြေ။ ။ တစ်သိမ်တည်း၌ တည်မူ ဟတ္ထပါသ်၏ပြင်ပ၌ နေ၍ ကြားသော်လည်း အပ်သည်။

၁။ မာဠကသီမာယ ဟိ ဌိတေန သီမန္တရိကာယ ဌိတဿ, သီမန္တရိကာယ ဝါ ဌိတေန အဝိပ္ပဝါသသီမာယ ဌိတဿာပိ အာပတ္တိ ဒေသေတုံ န ဝဋ္ဋတိ–

ဟု လာသော **ပရိဝါအဋ္ဌကထာ**ကို ထောက်(ဝိ၊ဋ္ဌ၊၄၊ ၂၁၉။)။

http://www.dhammadownload.com

ဟိ၊ မှန်၏။ မာဥကသီမာယ၊ အဝိပ္ပဝါသသီမ်အပြင်၌။ ဋ္ဌိတေန၊ တည်သဖြင့်။ သီမန္တရိကာယ၊ ဂါမခေတ်ဖြစ်သော သီမန္တရိက်၌။ ဋ္ဌိတဿ၊ တည်သောရဟန်းအား လည်းကောင်း။ သီမန္တရိကာယ ဝါ၊ ဂါမခေတ်ဖြစ်သော သီမန္တရိက်၌လည်း။ ဋ္ဌိတေန၊ တည်သဖြင့်။ အဝိပ္ပဝါသသီမာယ၊ အဝိပ္ပဝါသသီမ်၌။ ဋ္ဌိတဿ၊ တည်သော ရဟန်းအား လည်းကောင်း။ အာပတ္တိ၊ အာပတ်ကို။ ဒေသေတုံ၊ ဒေသနာကြားခြင်းငှါ၊ နှ ဝဋ္ဋတိ၊ မအပ်။

✪ ✪ ✪ ✪ ✪

[၁၇] ရဟန်း ၃-ပါး ဒေသနာကြားခြင်း အပ်, မအပ်

(၁) မေး။ ။ ဒေသနာကြားသောအခါ ၃-ယောက်သော ရဟန်းတို့သည် တပေါင်းတည်း ကြားအပ်ပါမည်လော?

ဖြေ။ ။ ၂-ယောက်ဖြစ်စေ, ၃-ယောက်ဖြစ်စေ တပေါင်းတည်း ဒေသနာ ကြားအပ်သည်။ ၃-ယောက်ထက် လွန်၍ ၄-ယောက်, ၅-ယောက်စသည် မကြားအပ်။

၁။ စတ္တာရော ပဌ ဇနာ ဧကတော အာပတ္တိ ဒေသေန္တိတိ အတ္ထော–

ဟုလာသော ပရိဝါအဋ္ဌကထာကို ထောက်(ဝိ၊ဋ္ဌ၊၄။၂၁၉။)။

စတ္တာရော ပဌ ဇနာ၊ ၄-ယောက်, ၅-ယောက်သော ရဟန်းတို့သည်။ ဧကတော၊ တပေါင်းတည်း။ အာပတ္တိ၊ ကို။ ဒေသေန္တိ၊ ကြားကုန်၏။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ ဒေသနာမကြားအပ်သော အနက်တည်း။

၂။ ဝဇိရဗုဒ္ဓိဋီကာ၌လည်း-

တိဏ္ဏန္နံ ဥပရိ သဟ အာပတ္တိ ဒေသေတုံ နှ လဗ္ဘန္တိ–

ဟု ဖွင့်တော်မူ၏(ဝဇိရ၅၇၄။)။

တိဏ္ဏန္နံ၊ ၃-ယောက်သော ရဟန်းတို့ထက်။ ဥပရိ၊ အလွန်။ သဟ၊ တပေါင်းတည်း။ အာပတ္တိ၊ ကို။ ဒေသေတုံ၊ ငှာ။ နှ လဗ္ဘန္တိ၊ မရအပ်ကုန်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၈] ဓုရနိက္ခေပစိတ် မရှိဘဲ ဒေသနာကြားခြင်း

(၁) မေး။ ။ ယခုအခါ ဒေသနာကြားကြသောအရာမှာ နောင်အခါ မပြုပါအံ့ဟု ဓုရနိက္ခေပ မရှိဘဲ ကြားရာ သင့်ပြီးသော အာပတ်သည် စင်ကြယ်ပါမည်လော?

ဖြေ။ ။ ထိုအမေးမှာ ပရိဝါပါဠိတော် ဧကကနိဒ္ဒေသ၌-

၁။ ဒေသိတာ ဂဏ္ဌာနူပဂါ အာပတ္တိ ဇာနိတဗ္ဗာ။ ဒေသိတာ နာ ဂဏ္ဌာနူပဂါ အာပတ္တိ ဇာနိတဗ္ဗာ- ဟု ဟောတော်မူသည် (ဝိ၅။၂၁၁)။

ဒေသိတာ ဂဏ္ဌာနူပဂါ၊ ဒေသနာကြားအပ်သော အရေအတွက်သို့ ရောက်သော။ အာပတ္တိ၊ ကို။ ဇာနိတဗ္ဗာ၊ သိအပ်၏။ ဒေသိတာ နာ ဂဏ္ဌာနူပဂါ၊ ဒေသနာကြားအပ်သော အရေအတွက်သို့ မရောက်သော။ အာပတ္တိ၊ ကို။ ဇာနိတဗ္ဗာ၊ ၏။

၂။ **ဒေသိတာ ဂဏ္ဌာနူပဂာ နာမ** ယာ ဓုရနိက္ခေပံ ကတ္တာ ပုန နာပတ္တိသာမိတိ ဒေသိတာ ဟောတိ။ **အဂဏ္ဌာနူပဂာ နာမ** ယာ ဓုရနိက္ခေပံ အကတ္တာ သဉ္ဉာဟေနေဝ စိတ္တေန အပရိသုဒ္ဓေန ဒေသိတာ ဟောတိ။ **အယံ ဟိ ဒေသိတာပိ ဒေသိတဂဏ္ဌာနံ နာ ဥပေတိ၊ အဋ္ဌမေ ဝတ္ထုသ္မိံ ဘိက္ခုနိယာ ပါရာဇိကမေဝ ဟောတိ-** ဟု ပရိဝါအဋ္ဌကထာ ဧကကအဖွင့်၌ လာသည် (ဝိ၆၊၄။၁၅၈)။

ဒေသိတာ ဂဏ္ဌာနူပဂာ နာမ၊ မည်သည်ကား။ ယာ၊ အကြင်ရဟန်းမိန်းမသည်။ ပုန၊ တဖန်။ နာပတ္တိသာမိ၊ မရောက်စေအံ့။ ဣတိ၊ သို့။ ဓုရနိက္ခေပံ၊ စိတ်ချခြင်းကို။ ကတ္တာ၊ ပြု၍။ ဒေသိတာ၊ ကြားအပ်သည်။ ဟောတိ၊ ၏။ **အဂဏ္ဌာနူပဂာ နာမ**၊ မည်သည်ကား။ ယာ၊ အကြင်ရဟန်းမိန်းမသည်။ ဓုရနိက္ခေပံ၊ စိတ်ချခြင်းကို။ အကတ္တာ၊ မပြုမူ၍၊ အပရိသုဒ္ဓေန၊ မစင်ကြယ်သော။ သဉ္ဉာဟေနေဝ၊ တဖန် ပြုအံ့-ဟု အားထုတ်ခြင်း ရှိသည်သာ လျှင်ဖြစ်သော။ စိတ္တေန၊ စိတ်ဖြင့်။ ဒေသိတာ၊ ကြားအပ်သည်။ ဟောတိ၊ ၏။ ဟိ၊ မှန်၏။ အယံ၊ ဤဒေသနာကြားခြင်းသည်။ ဒေသိကာပိ၊ ဒေသနာကြားအပ်သော်လည်း။ ဒေသိတဂဏ္ဌာနံ၊ ကြား၏ဟူသော အရေအတွက်သို့။ နာ ဥပေတိ၊ မရောက်။ အဋ္ဌမေ ဝတ္ထုသ္မိံ၊ ၈-ခု မြောက်သော ဝတ္ထု၌။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမအား။ ပါရာဇိကမေဝ၊ သာလျှင်။ ဟောတိ၊ ၏။

၃။ ဘိက္ခုနိဝိဘင်းအဋ္ဌကထာ၌လည်း-

အဋ္ဌမံ ဝတ္ထုံ ပရိပူရေန္တိ အဿမဏီ ဟောတိတိ အနုလောမတော ဝါ ပဋိလောမတော ဝါ ဧကန္တရိကာယ ဝါ ယေန တေန နယေန အဋ္ဌမံ ဝတ္ထုံ

http://www.dhammadownload.com

ပရိပူရေန္တိယေဝ အဿမဏီ ဟောတိ။ ယာ ပုန ဧကံ ဝါ ဝတ္ထုံ သတ္တ ဝါ ဝတ္ထူနိ သတက္ခတ္တုမ္ပိ ပူရေတိ၊ နေဝ အဿမဏီ ဟောတိ။ အာပန္နာ အာပတ္တိယော ဒေသေတွာ မုစ္စတိ။ အပိစေတ္ထ ဂဏနူပိကာ အာပတ္တိ ဝေဒိတဗ္ဗာ။ ဝုတ္တဉ္ဧတံ "အတ္ထာပတ္တိ ဒေသိတာ ဂဏနူပိကာ၊ အတ္ထာပတ္တိ ဒေသိတာ နု ဂဏနူပိကာ"တိ။ တတြာယံ ဝိနိစ္ဆယော ဣဒါနိ နာပဇ္ဇိဿာမိတိ မုရန်ကွေပ် ကတ္တာ ဒေသိတာ ဂဏနူပိကာ၊ ဒေသိတဂဏနံ ဉပေတိ၊ ပါရာဇိကဿ အင်္ဂံ နု ဟောတိ။ တသ္မာ ယာ ဧကံ အာပန္နာ မုရန်ကွေပ် ကတ္တာ ဒေသေတွာ ပုန ကိလေသဝသေန အာပဇ္ဇတိ၊ ပုန ဒေသေတိ၊ ဧဝံ အဋ္ဌ ဝတ္ထူနိ ပူရေန္တိပိ ပါရာဇိကာ နု ဟောတိ။ ယာ ပန အာပဇ္ဇိတွာ ပုနပိ အညံ ဝတ္ထုံ အာပဇ္ဇိဿာမိတိ သဉ္ဇဿာဟာဝ ဒေသေတိ၊ တဿာ သာ အာပတ္တိ နု ဂဏနူပိကာ၊ ဒေသိတာပိ အဒေသိတာ ဟောတိ၊ ဒေသိတဂဏနံ နု ဂစ္ဆတိ၊ ပါရာဇိကဿေဝ အင်္ဂံ ဟောတိ။ အဋ္ဌမေ ဝတ္ထုမ္ဒိ ပရိပုဏ္ဏမတ္တေ ပါရာဇိကာ ဟောတိ– ဟု မိန့်တော်မူ၏ (ဝိ၊ဋ္ဌ၊၄။၁၇၈-၉။)။

၄။ **ပရိဝါအဋ္ဌကထာအဖွင့်၊ သာရတ္ထဒီပနီဋီကာ၌လည်း–**

သဉ္ဇဿာဟေနေဝ စိတ္တေနာတိ "ပုနပိ အာပဇ္ဇိဿာမီ"တိ သဉ္ဇဿာဟေနေဝ စိတ္တေန။ ဘိက္ခုနိနံ အဋ္ဌဝတ္ထုကာယ ဝသေန ဧစေတံ ဝုတ္တံ။ တေနေဝါဟ "အဋ္ဌမေ ဝတ္ထုသ္မိံ ဘိက္ခုနိယာ ပါရာဇိကမေဝ ဟောတီ"တိ– (သာရတ္ထ၊၃။၄၇၁)

ဟု ဆိုတော်မူ၏။

၅။ **ဝဇိရဗုဒ္ဓိဋီကာ၌လည်း–**

"ပုနပိ အာပဇ္ဇိဿာမီ"တိ သဉ္ဇဿာဟေနေဝ စိတ္တေန။ "အယံ ဘိက္ခုနိယာ ဧဝါ"တိ လိခိတံ။ "ပါရာဇိကမေဝါ"တိ ဣဒဉ္စ ဘူတဝသေန ဒဿေတုံ ဝုတ္တံ။ "ဧဝံ ဒေသိတေ ပန ယာ ကာစိ အာပတ္တိ နု ဝုဋ္ဌာတီတိ အပရေ။ တံ နု ဂဟေတဗ္ဗ"န္တိ ဝုတ္တံ– ဟု လာသည်(ဝဇိရ။၅၅၇။)။

၆။ **ဝိမတိဝိနောဒနီဋီကာ၌လည်း–**

သဉ္ဇဿာဟေနေဝါတိ ပုနပိ တံ အာပတ္တိ အာပဇ္ဇိတုကာမတာစိတ္တေန၊ ဧဝံ ဒေသိတာပိ အာပတ္တိ နု ဝုဋ္ဌာတီတိ အဓိပ္ပါယော။ မုရန်ကွေပ် အကတ္တာ အာပဇ္ဇနေ သိခါပ္ပတ္တံ ဒေါသံ ဒဿေန္တော အာဟ "အဋ္ဌမေ ဝတ္ထုသ္မိံ ဘိက္ခုနိယာ ပါရာဇိကမေဝါ"တိ။ နု ကေဝလဉ္စ ဘိက္ခုနိယာ ဧဝ၊ ဘိက္ခုနမ္ပိ မုရန်ကွေပ် အကတ္တာ ထောက် ထောက် သပ္ပိအာဒိကံ ထေယျာယ ဂဏှန္တာနံ ပါဒဋ္ဌကေ ပုဏ္ဏော

http://www.dhammadownload.com

ပါရာဇိကမေဝ။ ကေစိ ပန "အဌမေ ဝတ္ထုသ္မိံ ဘိက္ခုနိယာ ပါရာဇိကမေဝ ဟောတီ-တိ ဝုတ္တတ္တာ အဌဝတ္ထုကမေဝေတံ သန္ဓာယ ဝုတ္တ"န္တိ ဝဒန္တိ-

ဟု လာသည်(ဝိမတိ၊ ၂။ ၂၈၅)။

ဤသို့လာသော ပရိဝါပါဠိတော်၊ ပရိဝါအဌကထာ၊ ပရိဝါဋီကာ ၃-ကျမ်း၊ ဘိက္ခုနီ အဌကထာတို့ကို ထောက်၍ သင့်ပြီးသောအာပတ်ကို စင်ကြယ်စေလို၍ ဒေသနာတော် ပြုရာ ရဟန်းမိန်းမတို့မှာ အဌဝတ္ထုကပါရာဇိကကို ထား၍ ရဟန်းယောကျ်ားတို့မှာ ဒုတိယ ပါရာဇိကကို ထား၍ ကြွင်းသော အာပတ်တို့သည် အာယတိ သံဝရစိတ် မရှိသော်လည်း ဒေသနာကြားလျှင် သင့်သောအာပတ်မှ ထမြောက်စင်ကြယ်သည်ဟု မှတ်ယူသင့်သည်။

၇။ **မာတိကာအဌကထာ၊ ပဌမကထိနသိက္ခာပုဒ်အဖွင့်ဌာန**

နိဿဇ္ဈိတ္တာ "အဟံ ဘန္တေ ဧကံ နိဿဂ္ဂိယံ ပါစိတ္တိယံ အာပန္နော၊ တံ ပဋိဒေသေမီ"တိ ဧဝံ အာပတ္တိ ဒေသေတဗ္ဗာ။ သစေ ပန နဝကတရော ဟောတိ၊ အာဝုသောတိ ဝတ္တဗ္ဗံ။ တေနာပိ "ပဿသီ"တိ ဝါ "ပဿထာ"တိ ဝါ ဝုတ္တေ "အာမ ဘန္တေ"တိ ဝါ "အာဝုသော"တိ ဝါ ဝတ္တာ "ပဿာမီ"တိ ဝတ္တဗ္ဗံ။ တတော "အာယတိ သံဝရေယ္ယာသီ"တိ ဝါ "သံဝရေယ္ယာထာ"တိ ဝါ ဝုတ္တေ "သာဓု သဋ္ဌု သံဝရိဿာမီ"တိ ဝတ္တဗ္ဗံ- (ကင်္ခါ။၅။၁၅၆။) – ဟု မိန့်ဆိုတော်မူ၏။

၈။ **လိနတ္ထပကာသနီဋီကာ၌**

အာယတိ သံဝရေယ္ယာသီတိ ဥပရိ သံဝရံ အာပဇ္ဇေယ္ယာသိ၊ သံဝုတကာယဝစီ-ဒ္ဝါရော ဘဝေယ္ယာသီတိ အတ္ထော။ အာယတိ သံဝရေယ္ယာသီတိ တဒနုပ္ပဒ္ဓိဂ္ဂါဟကေန ဝတ္တဗ္ဗဝစနံ၊ သာဓု သုဋ္ဌု သံဝရိဿာမီတိ တဒနု ဒေသကေန ဝတ္တဗ္ဗဝစနံ။ ဣမိနာ စ အတ္တနော အာယတိ သံဝရေ ပတိဋ္ဌိတဘာဝံ ဒဿေတိ-

(ကင်္ခါဋီ၊သစ်။၂၈၄) - ဟု ဖွင့်တော်မူ၏။

၉။ **သာရတ္ထဒီပနီဋီကာ၌**

အာယတိ သံဝရိဿာမီတိ (သာဓု သုဋ္ဌုသံဝရိဿာမီတိ) ဣမိနာ အတ္တနော အာယတိ သံဝရေ ပတိဋ္ဌိတဘာဝံ ဒဿေတိ- ဟု မိန့်ဆိုတော်မူ၏(သာရတ္ထ၊ ၂။၃၈၆။)။

၁၀။ **ပရိဝါပါဠိတော် ပဌမဂါထာသင်္ဂဟိကာ၌**

ဆန္နမတိဝဿတိ၊ ဝိဝဋံ နာတိဝဿတိ။
တသ္မာ ဆန္နံ ဝိဝရေထ၊ ဧဝံ တံ နာတိဝဿတိ။ (ဝိ၅။ ၂၆၃။) ဟု ဟောတော်မူသည်။

http://www.dhammadownload.com

၁၁။ ပရိဝါအဋ္ဌကထာဌ်လည်း-

ဆန္နံ'မတိဝဿတီတိ ဂေဟံ တာဝ တိဏာဒီဟိ အစ္ဆန္နံ အတိဝဿတိ၊ ဣဒံ ပန အာပတ္တိသဒ္ဒါတံ ဂေဟံ ဆန္နံ အတိဝဿတိ။ မူလာပတ္တိ ဟိ ဆာဒေန္တော အညံ နဝံ အာပတ္တိ အာပဇ္ဇတိ။ ဝိဝဋံ နာတိဝဿတီတိ ဂေဟံ တာဝ အဝိဝဋံ သုစ္ဆန္နံ နာတိဝဿတိ၊ ဣဒံ ပန အာပတ္တိသဒ္ဒါတံ ဂေဟံ ဝိဝဋံ နာတိဝဿတိ။ မူလာပတ္တိ ဟိ ဝိဝရန္တော ဒေသနာဂါမိနိံ ဒေသေတော္တာ ဝုဋ္ဌာနဂါမိနိတော ဝုဋ္ဌဟိတ္တာ သုဒ္ဓန္တေ ပတိဋ္ဌာတိ၊ အာယတိံ သံဝရန္တော အညံ အာပတ္တိ နာပဇ္ဇတိ။ တသ္မာ ဆန္နံ ဝိဝရေထာတိ တေန ကာရဏေန ဒေသနာဂါမိနိံ ဒေသေန္တော ဝုဋ္ဌာနဂါမိနိတော စ ဝုဋ္ဌဟန္တော ဆန္နံ ဝိဝရေထ။ ဧဝံ တံ နာတိဝဿတီတိ ဧဝဉ္ဧတံ ဝိဝဋံ နာတိဝဿတီတိ အတ္ထော- ဟု ဖွင့်တော်မူ၏ (ဝိ၊ဋ္ဌ၊၄။၁၉၃)။

ပါဠိတော်အနက်ကား။ ဆန္နံ၊ အာပတ်ကို ဖုံးလွှမ်းသော ရဟန်း (ကို)သည်။ အတိဝဿတိ၊ နောက်ထပ်အာပတ်မိုးရွာ၏။ ဝိဝဋံ၊ သင့်သောအာပတ်ကို ထင်စွာကြားသော ရဟန်းသည်။ နာတိဝဿတိ၊ နောက်ထပ်အာပတ်မိုး မရွာ။ တသ္မာ၊ ထို့ကြောင့်။ ဆန္နံ၊ ဖုံးလွှမ်းသောအာပတ်ကို။ ဝိဝရေထ၊ ထင်စွာပြုရာ၏။ တံ၊ ထိုဖုံးလွှမ်းသော အာပတ်ကို။ ဧဝံ၊ ဤသို့ ထင်စွာ ဖွင့်ပြသည်ဖြစ်အံ့။ နာတိဝဿတိ၊ နောက်ထပ်အာပတ်မိုး မရွာနိုင်။

အဋ္ဌကထာအနက်ကား။ ဆန္နံ'မတိဝဿတီတိ၊ ဟူသည်ကား။ ဂေဟံ၊ အိမ်ကို။ တာဝ၊ ရှေးဦးစွာ။ တိဏာဒီဟိ၊ သက်ကယ်စသည်တို့ဖြင့်။ အစ္ဆန္နံ၊ မမိုးသည်ရှိသော်။ အတိဝဿတိ၊ မိုးရွာ၏။ အာပတ္တိသဒ္ဒါတံ၊ အာပတ်ဟုဆိုအပ်သော။ ဣဒံ ပန ဂေဟံ၊ ဤအိမ်ကို။ ဆန္နံ၊ ဖုံးလွှမ်းသည်ရှိသော်။ အတိဝဿတိ၊ အာပတ်ဟူသော မိုးရွာ၏။ ဟိ၊ ချဲ့အံ့။ မူလာပတ္တိ၊ မူလအာပတ်ကို။ ဆာဒေန္တော၊ ဖုံးလွှမ်းသည်ရှိသော်။ အညံ၊ တပါးသော။ နဝံ၊ အသစ်ဖြစ်သော။ အာပတ္တိ၊ သို့။ အာပဇ္ဇတိ၊ ရောက်၏။ ဝိဝဋံ နာတိဝဿတီတိ၊ ဟူသည်ကား။ ဂေဟံ၊ အိမ်ကို၊ တာဝ၊ ရှေးဦးစွာ။ အဝိဝဋံ သုစ္ဆန္နံ၊ ကောင်းစွာ မိုးသည်ရှိသော်။ နာတိဝဿတိ၊ မိုးမရွာ။ အာပတ္တိသဒ္ဒါတံ၊ ဟုဆိုအပ်သော။ ဣဒံ ပန ဂေဟံ၊ ဤအိမ်ကို။ ဝိဝဋံ၊ ဖွင့်သောရဟန်းသည်။ နာတိဝဿတိ၊ နောက်ထပ် အာပတ်မိုးမရွာ။ ဟိ၊ ချဲ့အံ့။ မူလာပတ္တိ၊ မူလအာပတ်ကို။ ဝိဝရန္တော၊ ဖွင့်သော ရဟန်းသည်။ ဒေသနာဂါမိနိံ၊ ဒေသနာဂါမ်အာပတ်ကို။ ဒေသေတ္တာ၊ ဒေသနာကြား၍။ ဝုဋ္ဌာနဂါမိနိတော၊ ဝုဋ္ဌာနဂါမ်အာပတ်မှ။ ဝုဋ္ဌဟိတ္တာ၊ ထမြောက်၍။ သုဒ္ဓန္တေ၊ စင်ကြယ်သောအဖို့၌။ ပတိဋ္ဌာတိ၊ တည်၏။ အာယတိံ၊ နောင်အခါ၌။ သံဝရန္တော၊ စောင့်စည်းသော

http://www.dhammadownload.com

ရဟန်းသည်။ အည်၊ တပါးသော။ အာပတ္တိ၊ သို့။ နာပဇ္ဇတိ၊ မရောက်။ တသ္မာ ဆန္နံ ဝိဝရေထာတိ၊ ဟူသည်ကား။ တေန ကာရဏေန၊ ထိုကြောင့်။ ဒေသနာဂါမိနိံ၊ ဒေသနာဂါမ် အာပတ်ကို။ ဒေသေန္တော၊ ဒေသနာကြားသည်ဖြစ်၍။ ဝုဋ္ဌာနဂါမိနိတော စ၊ ဝုဋ္ဌာနဂါမ် အာပတ်မှလည်း။ ဝုဋ္ဌဟန္တော၊ ထမြောက်သည်ဖြစ်၍။ ဆန္နံ၊ ဖုံးလွှမ်းသောအာပတ်ကို။ ဝိဝရေထ၊ ဖွင့်ပြရာ၏။ ဧဝံ တံ နာတိဝဿတီတိ၊ ဟူသည်ကား။ ဧဝံ၊ သို့။ ဧတံ၊ ဤအာပတ်ကို။ ဝိဝဠံ၊ ဖွင့်ပြသည်။ ဧဝ ဟောတိ၊ ဖြစ်အံ့။ နာတိဝဿတိ၊ အာပတ်ဟူသော မိုးမရွာ။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ လိုအပ်သောအနက်တည်း။

ဤပရိဝါအဋ္ဌကထာ၌ "မူလာပတ္တိ ဟိ ဝိဝရန္တော ဒေသနာဂါမိနိံ ဒေသေတွာ။ပ။ အာယတိံ သံဝရန္တော အည် အာပတ္တိ နာပဇ္ဇတိ"ဟူသောစကားဖြင့် အာယတိံ သံဝရစိတ် မရှိသော်လည်း ဒေသနာကြားမူ သင့်ပြီးသောမူလအာပတ်မှ စင်ကြယ်ကြောင်းကို သိအပ်သည်။

၁၂။ **ပရိဝါပါဠိတော်၌ပင်-**

> အတ္ထာပတ္တိ ကုသလစိတ္တော အာပဇ္ဇတိ၊ ကုသလစိတ္တော ဝုဋ္ဌာတိ။ အတ္ထာပတ္တိ ကုသလစိတ္တော အာပဇ္ဇတိ၊ အကုသလစိတ္တော ဝုဋ္ဌာတိ။ အတ္ထာပတ္တိ ကုသလ-စိတ္တော အာပဇ္ဇတိ၊ အဗျာကတစိတ္တော ဝုဋ္ဌာတိ- (ဝိ၅။၃၅၉။)

ဟု အတ္ထာပတ္တိသမုဋ္ဌာန၌ ဟောတော်မူသည်။

၁၃။ **ပရိဝါအဋ္ဌကထာ၌လည်း-**

> ဓမ္မဒါနံ ကရောမိတိ ပဒသောဓမ္မာဒီနိ ကရောန္တော ကုသလစိတ္တော အာပဇ္ဇတိ။ ဗုဒ္ဓါနံ အနုသာသနိံ ကရောမိတိ ဥဒဂ္ဂစိတ္တော ဒေသေန္တော ကုသလစိတ္တော ဝုဋ္ဌာတိ။ ဒေါမနဿိကော ဟုတ္ဝာ ဒေသေန္တော အကုသလစိတ္တော ဝုဋ္ဌာတိ တိဏဝတ္ထာရကေန နိဒ္ဒါဂတောဝ ဝုဋ္ဌဟန္တော အဗျာကတစိတ္တော ဝုဋ္ဌာတိ-
>
> (ဝိ၅၊၄။၂၂၅။) - ဟု ဖွင့်တော်မူသည်။

ပါဠိတော်အနက်-　　ကုသလစိတ္တော၊ ကုသိလ်စိတ်ရှိသည်။ ဟုတ္ဝာ၊ ၍။ အာပဇ္ဇတိ၊ သင့်သော။ ဒုဿပတ္တိ၊ သည်လည်းကောင်း။ ကုသလစိတ္တော၊ ရှိသည်။ ဟုတ္ဝာ၊ ၍။ ဝုဋ္ဌာတိ၊ ထသော။ အာပတ္တိ၊ သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။

(နောက်ကို နည်းတူပေးလေ)။

အဋ္ဌကထာအနက်ကား-　　ဓမ္မဒါနံ၊ တရားအလှူကို။ ကရောမိ၊ ပြုအံ့။ ဣတိ၊သို့။ ပဒသောဓမ္မာဒီနိ၊ ပုဒ်ပြိုင် စာပို့ချခြင်း စသည်တို့ကို။ ကရောန္တော၊ ပြုသောရဟန်းသည်။ ကုသလစိတ္တော၊ ကုသိုလ်စိတ်ရှိသည်။ ဟုတ္ဝာ၊ ၍။

http://www.dhammadownload.com

အာပဇ္ဇတိ၊ ရောက်၏။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ အနုသာသနီ၊ အဆုံးအမတော်ကို။ ကရောမိ၊ ပြုအံ့။ ဣတိ၊ သို့။ ဥဒဂ္ဂစိတ္တော၊ ဝမ်းမြောက်သော စိတ်ရှိသည်။ ဟုတ္တာ၊ ၍။ ဒေသေန္တော၊ ဒေသနာကြားသော ရဟန်းသည်။ ကုသလစိတ္တော၊ ကုသိုလ်စိတ်ရှိသည်။ ဟုတ္တာ၊ ၍။ ဝုဋ္ဌာတိ၊ ထ၏။ ဒေါမနသိကော၊ နှလုံး မသာရှိသည်။ ဟုတ္တာ၊ ၍။ ဒေသေန္တော၊ ဒေသနာကြားသောရဟန်းသည်။ အကုသလစိတ္တော၊ အကုသိုလ်စိတ်ရှိသည်။ ဟုတ္တာ၊ ၍။ ဝုဋ္ဌာတိ၊ ထ၏။ တိဏာဝတ္ထာရကေန၊ တိဏာဝတ္ထာရကကံဖြင့်။ နိဒ္ဒါဂတောဝ၊ အိပ်ပျော်သည်သာလျှင်။ ဟုတ္တာ၊ ၍။ ဝုဋ္ဌာဟန္တော၊ အာပတ်မှထသော ရဟန်းသည်။ အဗျာကတစိတ္တော၊ အဗျာကတစိတ် ရှိသည်။ ဟုတ္တာ၊ ၍။ ဝုဋ္ဌာတိ၊ ထ၏။

ထိုပရိဝါအဋ္ဌကထာ၌ "ဗုဒ္ဓါနံ အနုသာသနီ ကရောမီတိ ဥဒဂ္ဂစိတ္တော ဒေသေန္တော" ဟူသောပါဠိဖြင့် ဒေသနာကြားသောအခါ၌ အာယတိသံဝရကို မပြု။ ဘုရား၏အဆုံးအမဖြစ်သော ဒေသနာဂါမ်ကို ပြုအံ့-ဟု ဝမ်းမြောက်သော ကုသိုလ်စိတ်ဖြင့် ကြားသည်ကိုသာ ပြတော်မူသည်။ "ဒေါမနသိကော ဟုတ္တာ ဒေသေန္တော"ဟူသော ပါဠိဖြင့် ဒေသနာကြားသောအခါ၌ အာယတိ သံဝရစိတ်ရှိမှ ထသည်ကို မပြု။ နှလုံး မသာမယာရှိသော အကုသိုလ်စိတ်ဖြင့် ကြား၍ အာပတ်မှ ထသည်ကိုသာ ပြတော်မူသည်။ "တိဏာဝတ္ထာရကေန နိဒ္ဒါဂတောဝ ဝုဋ္ဌဟန္တော" ဟူသောပါဠိဖြင့် တိဏာဝတ္ထာရကကံပြုရာ၌ အိပ်ပျော်၍ နေသော ရဟန်းသည်လည်း ပါရာဇိက, သံဃာဒိသိသ်အာပတ်, လူတို့အား ဆဲရေးရှုတ်ချခြင်းကြောင့် သင့်သောအာပတ်, ဝါဆိုမည် စသည်ဖြင့် ဝန်ခံသည်ကို ချွတ်ယွင်းခြင်းကြောင့် သင့်သောအာပတ်တို့ကို ထား၍ ကြွင်းသော အာပတ်မှ ထမြောက်စင်ကြယ်သည်ဟူ၍သာ ပြတော်မူသည်။ ဤသို့ ပြဆိုအပ်သော ပရိဝါပါဠို, အဋ္ဌကထာတို့ကို ထောက်၍ ဒေသနာကြားသောအခါ နောင် ဤအမှုကို မပြုပါအံ့-ဟူသော **အာယတိသံဝရစိတ် မရှိသော်လည်း ဒေသနာဂါမ်အာပတ်ကို ဒေသနာကြားလျှင် သင့်သောအာပတ်မှ ထမြောက်စင်ကြယ်** သည်-ဟု သန္နိဋ္ဌာန်ကျ မှတ်။

ထိုသို့ "အာယတိ သံဝရစိတ် မရှိဘဲလျက် ဒေသနာကြား၍ ဒေသနာဂါမ်အာပတ်မှ ထမြောက် စင်ကြယ်သည်"ဟု ဆိုသော စကားသည် "အာယတိ သံဝရိဿာမိ"ဟု ဆိုသော ဒေသနာကြားနှင့် ဆန့်ကျင်သည်-ဟု ဆိုငြားအံ့၊ ထိုသို့ မဆိုအပ်။

၁၄။ "မူလာပတ္တိ ဟိ ဝိဝရန္တော ဒေသနာဂါမိနိံ ဒေသေတွာ ဝုဋ္ဌာနဂါမိနိတော ဝုဋ္ဌဟိတွာ သုဒ္ဓန္တေ ပတိဋ္ဌာတိ၊ အာယတိ သံဝရန္တော အညံ နဝံ အာပတ္တိံ နာပဇ္ဇတိ"–

ဟု လာသော **ပရိဝါအဋ္ဌကထာ**(၀ိ၊၄၊၁၉၃။)ကိုလည်းကောင်း၊

http://www.dhammadownload.com

၁၅။ "အာယတိ သံဝရိဿာမီတိ ဣမိနာ အတ္တနော အာယတိ သံဝရေ ပတိဋ္ဌတဘာဝံ ဒဿေတိ"– (သာရတ္ထ၊ ၂။၃၈၆)

ဟု လာသော သာရတ္ထဒီပနီဋီကာ, လီနတ္ထပကာသနီဋီကာတို့ကိုလည်းကောင်း ထောက်၍ "အာယတိ သံဝရိဿာမိ"ဟု ဆိုသော စကားသည် သင့်သောအာပတ်ကို ဒေသနာကြားပြီး၍ မိမိ၏ နောက်ကာလဝယ် စောင့်စည်းခြင်း၌တည်သော အဖြစ်ကို ပြသောစကားသာ ဖြစ်၍ နောက်အခါ မစောင့်စည်းလျှင် အာပတ်အသစ် ထပ်၍ သင့်ပြန်သည်။ "အာယတိ သံဝရိဿာမိ" ဟု မဆိုမီ အာယတိ သံဝရစိတ် မရှိသော်လည်း "အဟံ ဘန္တေ သမ္မဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိ၊ တာ တုမ္ဟမူလေ ပဋိဒေသေမိ"ဟု ဆိုခြင်း သည်ပင် ဒေသနာကြားခြင်း မည်သောကြောင့်တည်း။

၁၆။ ထို့ကြောင့် **ပရိဝါအဋ္ဌကထာ၊ အပရဒုတိယဝါထာသင်္ဂဏိကအဖွင့်၌–**

ဧကဝါစာယ ဒေသေယျာတိ အဟံ ဘန္တေ ပဋ္ဌ ဘေသဇ္ဇာနိ ပဋိဂ္ဂဟေတွာ သတ္တာဟံ အတိက္ကာမေတွာ ပဋ္ဌ အာပတ္တိယော အာပန္နော။ **တာ တုမ္ဟမူလေ ပဋိဒေသေမီတိ ဧဝံ ဧကဝါစာယ ဒေသေယျ။** ဒေသိတာဝ ဟောန္တိ။ ဒွီဟိ တီဟိ ဝါစာဟိ ကိစ္စံ နာမ နတ္ထိ– (ဝိ၊ဋ္ဌ၊၄။၂၃၃။) ဟု မိန့်တော်မူ၏။

၁၇။ **မဟာဝါပါဠိတော်၊ ဥပေါသထက္ခန္ဓကဋ္ဌကထာလည်း–**

သော အာဝိကရေယျာတိ သော ဒေသေယျ၊ သော ဝိဝရေယျ၊ သော ဥတ္တာနိံ ကရေယျ၊ သော ပကာသေယျ သံဃမဇ္ဈေ ဝါ ဂဏမဇ္ဈေ ဝါ ဧကပုဂ္ဂလေ ဝါ– (ဝိ၊၃။၁၄၁။) ဟု ဟောတော်မူသည်။

၁၈။ **မာတိကာအဋ္ဌကထာ၌လည်း-**

သော အာဝိကရေယျာတိ သော တံ အာပတ္တိ ဒေသေတု ဝါ ပကာသေတု ဝါတိ ဝုတ္တံ ဟောတိ– (က၌။၌။၁၀၀။) ဟု ဖွင့်တော်မူသည်။

၁၉။ **လီနတ္ထပကာသနီဋီကာ၌လည်း—**

သော ဒေသေတု ဝါ ပကာသေတု ဝါတိ သံဃမဇ္ဈေ ဝါ ဂဏမဇ္ဈေ ဝါ ဧကပုဂ္ဂလေ ဝါ ဒေသေတု ဝါ ပကာသေတု ဝါ။ ပကာသေတု ဝါတိ အာရောစေတု ဝါ။ ဧဝံ အာရောစေန္တော စ တုယ္ဟံ သန္တိကေ ဧကံ အာပတ္တိ အာဝိကရောမီတိ ဝါ အာစိက္ခာမီတိ ဝါ အာရောစေမီတိ ဝါ မမ ဧကံ အာပတ္တိ အာပန္နဘာဝံ ဇာနာဟီတိ ဝါ ဝဒတု၊ ဧကံ ဂရုကံ အာပတ္တိ အာဝိကရောမီတိ ဝါ ဝဒတု၊ သဗ္ဗေဟိပိ အာကာရေဟိ အာရောစိတာဝ ဟောတိ။ သစေ ပန ဂရုကာပတ္တိ အာဝိ-

http://www.dhammadownload.com

ကရောန္တော "လဟုကာပတ္တိ အာဝိကရောမီ"တိ အာဒိနာ နယေန ဝဒတိ၊ အနာဝိကတာဝ ဟောတိ အာပတ္တိ-

ဟု ဖွင့်တော်မူသည်။ **စူဠဝါအဋ္ဌကထာ၊ သမုစ္စယက္ခန္ဓကအဖွင့်(ဝိ၊ဋ္ဌ၊၄။ ၂၁။)၌လည်း သဘောတူလာသည်။**

ထိုဋီကာပါဠိ၌ "တုယ္ဟံ သန္တိကေ ဧကံ အာပတ္တိ အာဝိကရောမီတိ ဝါ ။ပ။ အာရောစိတာဝ ဟောတီ"ဟူသော စကားဖြင့် သင့်သော အာပတ်ကို ထင်စွာပြု၍ ဒေသနာကြားပုံကို ပြတော်မူသည်။ "သစေ ပန ဂရုကာပတ္တိ ။ပ။ အနာဝိကတာဝ ဟောတိ အာပတ္တိ" ဟူသော ပါဠိဖြင့် ဂရုကအာပတ်သင့်သည်ကို လဟုကာပတ္တိ-ဟု ဆို၍ကြားလျှင် အာပတ်မှ မထမြောက်ဟု ပြတော်မူသည်၊ အာယတိသံဝရစိတ်ရှိဟု ထသည်မှ ပြတော်မမူ။

"ပဋ္ဌ အာပတ္တိယော အာပန္နာ၊ တာ တုမ္ဟမူလေ ပဋိဒေသေမီတိ ဧဝံ ဧကဝါစာယ ဒေသေယျ၊ ဒေသိတာဝ ဟောန္တိ"ဟုဆိုသော ပရိဝါအဋ္ဌကထာ(ဝိ၊ဋ္ဌ၊၄။ ၂၃၁။)ဖြင့်လည်း ယခုအခါ၌ "အဟံ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။ အဟံ ဘန္တေ သမ္မဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပတ္တိ၊ တာ တုမ္ဟမူလေ ပဋိဒေသေမိ"ဟု ဆိုလျှင် ဒေသနာ ကြားသည် မည်ကြောင်းကို ပြတော်မူသည်။

ယခုအခါ၌ ဤကဲ့သို့ဆို၍ သင့်ပြီးသော အာပတ်ကို ဒေသနာကြားပြီးမှ ဒေသနာခံသောရဟန်းက "အာယတိ သံဝရေယျာသိ"ဟု ဆိုလျှင် ဒေသနာကြားပြီးသောရဟန်းက "အာယတိ သံဝရိဿာမိ"ဟု မိမိ၏ နောင်အခါ စောင့်စည်းခြင်း၌ တည်သောအဖြစ်ကို ပြသောစကား ဖြစ်သည်။ **ထို့ကြောင့် အာယတိ သံဝရစိတ် မရှိသော်လည်း ဒေသနာကြားခြင်းသည် သုဒေသိတဖြစ်၍ မူလသင့်သော အာပတ်မှ ထမြောက် စင်ကြယ်သည်ဟု သန္နိဋ္ဌာန်ကျ မှတ်။**

၂၀။ အောင်မြေရွှေဘုံအုတ်ကျောင်း ဆရာတော်ရေးသော ခုဒ္ဒသိက္ခာနိဿယ၌လည်း-

ယခုအခါ ဤကြားနည်းမှ ထူး၍ ဂရုကအာပတ်ရှိလျှင်လည်း ပကာသနဖြစ်လျှင်းအောင် "အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာရောစေမိ"ဟု ကြားလျှင် "သာဓု သာဓု"ဟု ခံ၍ သဘောတူဝတ္ထုရှိလျက် ကြားမိခဲ့လျှင် သင့်ကောင်းသော ဒုက္ကဋ်ပါလေအောင် "အဟံ ဘန္တေ သမ္မဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော" စသည်ဖြင့် ကြားပြန်သည်။ ယင်းသို့ကြားရာ၌ ၎င်းဒုက္ကဋ်ပါပြီးဖြစ်၍ အလျှင် (နှေးဦး) ကြားသောရဟန်း နောက်တဖန် ထပ်၍ ကြားပြန်ခြင်းကား အလျဉ်းမသင့်-

ဟု ဆိုတော်မူ၏။

http://www.dhammadownload.com

ထိုနိဿယဆရာ၏ စကားဖြင့် ကျမ်းဂန်လာကြားနည်းမှ ထူး၍ "အဟံ ဘန္တေ သတ္ထာ အာပတ္တိယော အာရောစေမိ"ဟု သီတင်းငယ်က ကြားလျှင် သီတင်းကြီးက "သာဓု သာဓု"ဟု ဆိုခြင်းသည် သံယာဒိသိသ် အာပတ်ရှိလျှင် ပါအောင် ထိုသံယာဒိသိသ် အာပတ်ကို ညဉ့် မဖုံးလွှမ်းအောင် ဒေသနာ ကြားခြင်း ဖြစ်သည်။ ထိုသို့ သတ္ထသဒ္ဒါဖြင့် သိမ်း၍ အလုံးစုံသော အာပတ်ကို ဒေသနာ ကြားသောအခါက ဂရုက,လဟုက အာပတ် ၂-ပါး လုံးပင် ဝတ္ထုသဘောတူ ရှိလျှင် ကြားသူ, ခံသူ ၂-ပါးလုံး နာနာဝတ္ထုကဒုက္ကဋ် သင့်သည်။

ထိုဒုက္ကဋ်သည် သီတင်းငယ် ရဟန်းမှာ "အဟံ ဘန္တေ သမ္မဟုလာ နာနာဝတ္ထုကာ သတ္ထာ အာပတ္တိယော အာပတ္တိ၊ တာ တုမ္ဟမူလေ ပဋိဒေသေမိ"စသည် ကြားရာ၌ ပါဝင်သည်။ ထို့ကြောင့် သီတင်းကြီးရဟန်းက ကြားပြီးနောက် သီတင်းငယ်ရဟန်းက နောက်ထပ်တဖန် မကြားအပ်ဟု ပြတော်မူသည်။ ထိုစကား၌ "သတ္ထာ အာပတ္တိယော အာရောစေမိ"ဟု ဆိုရာ သတ္ထ-သဒ္ဒါဖြင့် ဂရုက, လဟုက ၂-ပါးလုံးကို ပါအောင် ဆိုသောအရာ ဖြစ်သည်။

၂၁။ **စူဠဝါအဋ္ဌကထာ**(နှာ-၂၁)၌–

သံယာဒိသိသ်အာပတ် သက်သက်ကို ကြားရာ၌ "တုယ္ဟံ သန္တိကေ ဧကံ အာပတ္တိံ အာဝိကရောမိတိ ဝါ အာစိက္ခာမိတိ ဝါ အာရောစေမိတိ ဝါ ဝဒတု"ဟူ၍လည်းကောင်း၊ "ဝတ္ထုံ အာရောစေတိ အာပတ္တိံ အာရောစေတိ ဥဘယံ အာရောစေတိ တိဝိဓေနာပိ အာရောစိတာဝ ဟောတိ" ဟူ၍လည်းကောင်း မိန့်ဆိုတော်မူသည်။

လိနတ္ထပကာသနီဋီကာ၌ ထိုစူဠဝါအဋ္ဌကထာ သံယာဒိသိသ် ဒေသနာကြားရာ ဖွင့်ဆိုသော စကားကို မှီ၍ နိဒါန်းဥပုသ်ပြုရာ ဒေသနာကြား၌ ဖွင့်ပြတော်မူသည်။

ထို့ကြောင့် "အဟံ ဘန္တေ သတ္ထာ အာပတ္တိယော အာဝိကရောမိ"ဟူ၍လည်းကောင်း၊ "အဟံ ဘန္တေ ဂရုကလဟုကာပတ္တိယော အာဝိကရောမိ"ဟူ၍လည်းကောင်း ဆို၍ဖြစ်စေ သီတင်းငယ်က ဒေသနာကြား၍ သီတင်းကြီးက "သာဓု သာဓု"ဟု ဆိုခြင်းသည် ဝိနည်း တတ်သော ဆရာမြတ်တို့ ကျမ်းဂန်နှင့်အညီ သင်ကြားသော ဒေသနာကြားနည်း ဖြစ်သည်။ ထိုသို့ ကြားပြီးမှ "အဟံ ဘန္တေ သမ္မဟုလာ နာနာဝတ္ထုကာ သတ္ထာ အာပတ္တိယော အာပတ္တိ၊ တာ တုမ္ဟမူလေ" စသည်ဖြင့် ကြားခြင်းသည် ကျမ်းဂန်လာအတိုင်း ကြားခြင်းဖြစ်သည်။

ထို့ကြောင့်–

- သီတင်းငယ်ရဟန်းက ပထမကြားခြင်း၌ပင် ဒေသနာ ၂-ထပ်ကြားခြင်းဖြစ်သည်။
- သီတင်းကြီးကလည်း နည်းတူ ၂-ထပ်ကြားပြီးလျှင် သီတင်းငယ်ရဟန်းက ကြားပြန်မှ ဒေသနာ ၃-ထပ်ကြား ဖြစ်နေသည်။

http://www.dhammadownload.com

- နောက်ထပ် သီတင်းငယ် ကြားရာမှာ ဒေသနာ ကြားပြီးကို တဖန်ထပ်၍ ဒေသနာ ကြားခြင်းသည် တရားနှင့် မလျော်-ဟု ပရိဝါပါဠိတော်၊ ဒီဌာဝိကမ္မဝဂ်(နှာ-၃၂၄-၅) ၌ လာသည်။

ဤသို့လျှင် ဝိနည်းတတ်သော ဆရာမြတ်တို့၏ ဒေသနာကြားနည်းမှာလည်း အာယတိ သံဝရမရှိ၊ မိမိ၏အာပတ်ကို ပြောကြားရုံမျှဖြင့် ဂရုကရှိလျှင် ညဉ့် မဖုံးလွှမ်း, လဟုက ရှိလျှင် စင်ကြယ်သည်ဟု ဆိုသည်ကို ထောက်၍ **ဒေသနာကြားရာ အာယတိ သံဝရ ဒုရုနိက္ခေပ မရှိသော်လည်း ထမြောက်စင်ကြယ်သည်ဟု သန္နိဋ္ဌာန်ကျ မှတ်ရမည်။**

✪ ✪ ✪ ✪ ✪

[၁၉] ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁-ယောက်

(၁) **မေး။** ။ကံပြုသောအခါ ဟတ္ထပါသ်မှ အပပြု၍ ကြဉ်အပ်သော ဝဇ္ဇနီယ ပုဂ္ဂိုလ် နှစ်ကျိပ် တစ်ယောက်ကို အသို့မှတ်ရပါအံ့နည်း?

ဖြေ။ ။ထိုအမေးအရာမှာ–

၁။ **ကတမေ ကေဝိသတိ ပုဂ္ဂလာ၊** ဂဟဋ္ဌော, ဘိက္ခုနီ, သိက္ခမာနာ, သာမဏေရော, သာမဏေရီ, သိက္ခာပစ္စက္ခာတကော, အန္တိမဝတ္ထုအဇ္ဈာပန္နကော, အာပတ္တိယာ အဒဿနေ ဥက္ခိတ္တကော, အာပတ္တိယာ အပ္ပဋိကမ္မေ ဥက္ခိတ္တကော, ပါပိကာယ ဒိဋ္ဌိယာ အပ္ပဋိနိဿဂ္ဂေ ဥက္ခိတ္တကော, ပဏ္ဍကော, ထေယျသံဝါသကော, တိတ္ထိယ-ပက္ကန္တကော, တိရစ္ဆာနဂတော, မာတုဃာတကော, ပိတုဃာတကော, အရဟန္တဃာ-တကော, ဘိက္ခုနီဒူသကော, သံဃဘေဒကော, လောဟိတုပ္ပါဒကော, ဥဘတော-ဗျဉ္ဇနကောတိ –

ဟု လာသော **ပါတိမောက္ခဝဒတ္ထအနုဝဏ္ဏနာ**ပါဠိအတိုင်း ဖြေ။ ဥပေါသထက္ခန္ဓက ပါဠိတော် (နှာ-၁၅၅၊၁၈၉),မာတိကာအဋ္ဌကထာ(ကခ်ီ။၄၊၉၃), တေရသကဏ်ဍီကာ(သာရတ္ထ၊၃။၂၇၉) တို့၌လည်း လာသည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၀] ဝဇ္ဇနီယပုဂ္ဂိုလ်တို့နှင့် အတူ ကံပြုခြင်း

(၁) **မေး။** ။ ထိုဝဇ္ဇနီယပုဂ္ဂိုလ်တို့ကို ဟတ္ထပါသ်မှ အပပြု၍ မကြဉ်ဘဲ ဟတ္ထပါသ်အတွင်း၌ တည်နေလျက် ကံပြုသော် ဖျက်မည်လော?

ဖြေ။ ။ ထိုဝဇ္ဇနီယ ပုဂ္ဂိုလ် ၂-ကျိပ် ၁-ယောက်တို့သည် တစ်သိမ်တည်း ဟတ္ထပါသ်အတွင်း၌ ရှိနေသည်ကိုသိလျက် ကံပြုမူ ပုဂ္ဂိုလ်အားလျော်စွာ ပါစိတ်, ဒုက္ကဋ်သာ သင့်သည်၊ ဆောင်အပ်သော ကံ မဖျက်။

၁။ တေ ဟတ္ထပါသတော ဗဟိကရဏဝသေန ဝဇ္ဇေတဗ္ဗာ။ ဧတေသု ဟိ တီဝိဓေ ဥက္ခိတ္တကေ သတိ ဥပေါသထံ ကရေန္တော သံဃော ပါစိတ္တိယံ အာပဇ္ဇတိ။ သေသေသု ဒုက္ကဋံ– (က၀ိ။၄။၉၃)

ဟု လာသော **မာတိကာအဋ္ဌကထာကို** ထောက်။

တေ၊ ထိုဝဇ္ဇနီယ နှစ်ကျိပ်တစ်ယောက်သော ပုဂ္ဂိုလ်တို့ကို။ ဟတ္ထပါသတော၊ တစ်တောင့်ထွာဟတ္ထပါသ်မှ။ ဗဟိကရဏဝသေန၊ အပပြုသည်၏ အစွမ်းဖြင့်။ ဝဇ္ဇေတဗ္ဗာ၊ ကြဉ်အပ်ကုန်၏။ ဟိ၊ မှန်၏။ ဧတေသု၊ ထိုပုဂ္ဂိုလ်တို့တွင်။ တီဝိဓေ၊ သုံးယောက် အပြားရှိသော။ ဥက္ခိတ္တကေ၊ ဥက္ခိတ္တကရဟန်းသည်။ သတိ၊ ရှိလျက်။ ဥပေါသထံ၊ ကို။ ကရောန္တော၊ ပြုသော။ သံဃော၊ သည်။ ပါစိတ္တိယံ၊ ကို။ အာပဇ္ဇတိ၊ ရောက်၏။ သေသေသု၊ ကြွင်းသောပုဂ္ဂိုလ်တို့၌။ ဒုက္ကဋ်၊ ၏။

၂။ **တေရသကဏ်ဍီကာ, ပါတိမောက္ခဝဒတ္ထအနုဝဏ္ဏနာတို့၌လည်း နည်းတူလာသည်။**

✪ ✪ ✪ ✪ ✪

[၂၁] ဝဇ္ဇနီယပုဂ္ဂိုလ်ရှိလျက် အပ်ကြောင်း

(၁) **မေး။** ။ ထိုဝဇ္ဇနီယ ပုဂ္ဂိုလ်တို့သည် တစ်သိမ်တည်း၌ ရှိလျက် ထိုဝဇ္ဇနီယပုဂ္ဂိုလ်တို့နှင့် ဟတ္ထပါသ် လွတ်အောင်နေ၍ ကံဆောင်မူ အပြစ်လွတ်ပါမည်လော?

ဖြေ။ ။ လူ, နတ်-စသော ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့သည် တစ်သိမ်တည်း၌ ရှိနေသော်လည်း ဟတ္ထပါသ် လွတ်အောင်နေ၍ ကံဆောင်မူ အာပတ် မသင့်, အပြစ် မရှိ၍ ဆောင် ကောင်းသည်။

http://www.dhammadownload.com

၁။ ဘိက္ခုနိယာ နိသိန္နပရိသာယာတိအာဒီသု ဟတ္ထပါသုပဂမနမေဝ ပမာဏံ။
(ဝိ၊၄၊၃။၃၄၈)

ဟု မဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓကအဖွင့်၌ လာသည်။

၂။ ဟတ္ထပါသုပဂမနမေဝ ပမာဏန္တိ ဘိက္ခုနီအာဒယော ဌိတာ ဝါ ဟောန္တု နိသိန္နာ ဝါ၊ တေသံ ဟတ္ထပါသုပဂမနမေဝ အာပတ္တိယာ ပမာဏန္တိ အဓိပ္ပါယော။ တသ္မာ ဧကသီမာယမ္ပိ ဟတ္ထပါသံ ဇဟာပေတွာ ဥပေါသထံ ကာတုံ ဝဋ္ဋတိ-(သာရတ္ထ၊၃။၂၈၁)

ဟု လာသော တေရသကဏ်ဍီကာကို ထောက်။

ဟတ္ထပါသုပဂမနမေဝ ပမာဏန္တိ၊ ဟူသည်ကား။ ဘိက္ခုနီအာဒယော၊ ဘိက္ခုနီမ စသော ဝဇ္ဇနီယပုဂ္ဂိုလ်တို့သည်။ ဌိတာ ဝါ၊ တည်ကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်။ နိသိန္နာ ဝါ၊ ထိုင်ကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်။ တေသံ၊ ထိုဝဇ္ဇနီယ ပုဂ္ဂိုလ်တို့၏။ ဟတ္ထပါသုပဂမနမေဝ၊ ဟတ္ထပါသ်တွင်း၌ နေခြင်းသည်သာလျှင်။ အာပတ္တိယာ၊ ပါစိတ်, ဒုက္ကဋ်အာပတ်၏။ ပမာဏံ၊ ပမာဏမည်၏။ ဣတိ အယံ၊ လျှင်။ အဓိပ္ပါယော၊ အလိုတော် တည်း။ တသ္မာ၊ ထို့ကြောင့်။ ဧကသီမာယမ္ပိ၊ တစ်သီမ်တည်း၌လည်း။ ဟတ္ထပါသံ၊ ကို။ ဇဟာပေတွာ၊ စွန့်နေစေ၍။ ဥပေါသထံ၊ ကို။ ကာတုံ၊ ငှာ။ ဝဋ္ဋတိ၊ အပ်၏။

ထိုဋီကာပါဠ်ကို ထောက်၍ မိန်းမ,ယောကျ်ားတို့သည် ခဏ္ဍသိမ်၌ ဝင်၍နေရာ ရှိသေမူ အပြစ်မရှိဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

[၂၂] ကံဆောင်ရာ၌ လိုအပ်သော ဟတ္ထပါသ်

(၁) မေး။ ။ ဟတ္ထပါသ်အရမှာ ၁-တောင့်ထွာ ဟတ္ထပါသ်, ၂-တောင့်ထွာ ဟတ္ထပါသ်, ၁၂-တောင့်ထွာ ဟတ္ထပါသ်တို့တွင် ဥပုသ်-စသော ကံဆောင်ရာ ဟတ္ထပါသ်ကို အဘယ်သို့ မှတ်ရပါအံ့နည်း?

ဖြေ။ ။ ထို ၃-ပါးသော ဟတ္ထပါသ်မှာ ဥပုသ်-စသော ကံကို ဆောင်ရာ၌ ၁-တောင့်ထွာ ဟတ္ထပါသ်ကို ယူရမည်။

http://www.dhammadownload.com

၁။ ဟတ္ထပါသော နာမ ဒိယမုဟတ္ထပ္ပမာဏော–

ဟု လာသော ပတ္တကလ္လ အဂ်ီ ၄-ပါးအရာ၌ ဖွင့်ဆိုတော်မူသော ဝိနယမဉ္ဇူသာဋီကာ(က၏။ဋီ-သစ်။၁၃၆), ခုဒ္ဒသိက္ခာဋီကာ(သစ်။၃၀၈)တို့ကို ထောက်။

ဟတ္ထပါသော နာမ၊ မည်သည်ကား။ ဒိယမုဟတ္ထပ္ပမာဏော၊ အခွဲနှင့်တကွ ၂-ခု မြောက်သော လက်ပမာဏတည်း။ ဝါ၊ ၁-တောင့်ထွာ ပမာဏတည်း။

"အမေ့နေ့ ဒုတိယော ဒိယမော"ဟု ဆိုသော တဒ္ဒိတ်သုတ်၏ ဥဒါဟရဏ် ဝိဂြိုဟ်နှင့် ညီစေ။

၂။ ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌လည်း–

ဟတ္ထဿ ပါသော သမီပေါ ဩကာသော၊ ဧတေန ဒိယမုဟတ္ထပ္ပမာဏော ပဒေသော ဂဟေတဗ္ဗော၊ နှ ဒွါဒသဟတ္ထပါသော။ ဣဓ ဋီကာယံ အာဂတော ဒိယမုဟတ္ထပါသော အညမညဝေသန, ပဋိဂ္ဂဟဏသိက္ခာပဒေ အာဂတော အမုတေယျဟတ္ထပါသော ဘိက္ခုပဋ္ဌာနဝေသန ဝေဒိတဗ္ဗော- ဟု ဆိုတော်မူ၏။

ဟတ္ထဿ၊ လက်၏။ ပါသော သမီပေါ ဩကာသော၊ အရပ်သည်။ ဟတ္ထပါသော၊ မည်၏။ ဧတေန၊ ဤလက်ဖြင့်။ ဒိယမုဟတ္ထပ္ပမာဏော၊ အခွဲနှင့်တကွ ၂-ခုမြောက်သော လက် ပမာဏရှိသော။ ပဒေသော၊ အရပ်ကို။ ဂဟေတဗ္ဗော၊ ၏။ ဒွါဒသဟတ္ထပါသော၊ တဆယ့်နှစ်တောင်လက်အရပ်ကို။ နှ ဂဟေတဗ္ဗော၊ မယူအပ်။ ဣဓ၊ ဤဥပုသ်စသော ကံအရာ၌။ ဋီကာယံ၊ ဝိနယတ္ထမဉ္ဇူသာဋီကာ၌။ အာဂတော၊ လာသော။ ဒိယမုဟတ္ထ-ပါသော၊ အခွဲနှင့်တကွ ၂-ခုမြောက်သော လက်အရပ်ကို။ ဝါ၊ ၁-တောင့်ထွာ ဟတ္ထပါသ်ကို။ အညမညဝေသန၊ တစ်ပါးသည် တစ်ပါး၏ အစွမ်းဖြင့်။ ပဋိဂ္ဂဟဏသိက္ခာပဒေ၊ အကပ်ခံသော သိက္ခာပုဒ်၌။ အာဂတော၊ လာသော။ အမုတေယျဟတ္ထပါသော၊ အခွဲနှင့်တကွ ၃-ခုမြောက်သော လက်အရပ်ကို။ ဝါ၊ ၂-တောင့်ထွာ ဟတ္ထပါသ်ကို။ ဘိက္ခုပဋ္ဌာနဝေသန၊ ရဟန်းတို့ အကပ်ခံခြင်း၏ အစွမ်းအားဖြင့်။ ဝေဒိတဗ္ဗော၊ ၏။

ဟတ္ထဿ ပါသော ဟတ္ထပါသော-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်ပြု။ ဟတ္ထဿ၊ လက်၏။ ပါသော၊ အရပ်တည်း။ ဟတ္ထပါသော၊ လက်၏အရပ်။ တတောင်ဆစ်မှ စ၍ လက်ဖျားတိုင်အောင် အရပ် ရစေ။

ဤသို့လာသော ဋီကာတို့ကို ထောက်၍ ကံဆောင်ရာ၌ ၁-တောင့်ထွာ ဟတ္ထပါသ် ဟု သန္နိဋ္ဌာန်ကျ မှတ်လေ။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၃] ဝဇ္ဇနီယတိရစ္ဆာန်များ

(၁) မေး။ ။ ထိုဝဇ္ဇနီယပုဂ္ဂိုလ်တို့တွင် တိရစ္ဆာန်အရကို အဘယ်သို့ မှတ်ရပါအံ့နည်း?

ဖြေ။ ။ ထိုဝဇ္ဇနီယပုဂ္ဂိုလ်အရာ၌ တိရစ္ဆာန်အရမှာ နွား, မြင်း-စသော တိရစ္ဆာန်ကို မယူမူ၍ ရဟန်းခံခြင်းကို ပယ်အပ်သော အမနုဿဇာတ်ရှိသော နဂါး, ဂဠုန် စသည်တို့ကို သာ တိရစ္ဆာန်အရ ယူရမည်။

၁။ ဇတ္ထ စ တိရစ္ဆာနဂတောတိ ယဿ ဥပသမ္ပဒါ ပဋိက္ခိတ္တာ။ (ကခ်ီ။ဌ။၉၃)

ဟု ဖွင့်သော မာတိကာအဋ္ဌကထာကို ထောက်။

ဤအရာ၌ မာတိကာအဋ္ဌကထာမှာ အချို့ပေတို့၍ "မက္ခိကာဒယော ပန အတ္ထော-ဟာရိကာ"ဟူ၍ ပါဠိရှိသည်။ ၎င်းပါဠိသည် မရှိသင့်-ဟု ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ ကျမ်း၌ ပယ်တော်မူသည်။

၂။ ဝိနယတ္ထမဉ္ဇူသာဋီကာ၌လည်း-

> တိရစ္ဆာနဂတောတိ အန္တမသော သက္ကံ ဒေဝရာဇာနံ ဥပါဒါယ ယော ကောစိ နာဂမာဏဝကာဒိကော အမနုဿဇာတိကော ဝေဒိတတ္ထော၊ န အဿဂေါဏာ-ဒယောတိ။ တေနာဟ "ဇတ္ထ စာ"တိအာဒိ။ တတ္ထ ဇတ္ထာတိ ဇတိဿံ ဝဇ္ဇနီယပုဂ္ဂလ-ကထာယံ။ ယဿ ဥပသမ္ပဒါ ပဋိက္ခိတ္တာတိ "တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္မန္နော န ဥပသမ္ပါဒေတတ္ထော"တိ ယဿ နာဂသုပဏ္ဏာဒိနော တိရစ္ဆာနဂတဿ ဥပသမ္ပဒါ ပဋိက္ခိတ္တာ၊ သော ဣဓာပိ တိရစ္ဆာနဂတော နာမာတိ အတ္ထော။ တတ္ထ ဟိ အန္တမသော ဒေဝေ ဥပါဒါယ နာဂမာဏဝကာဒိကော ယော ကောစိ အမနုဿဇာတိကော တိရစ္ဆာနာဂတောတိ အဓိပ္ပေတော။ ဝုတ္တံ ဟိ သမန္တပါသာဒိကာယဉ္စ "တိရစ္ဆာနဂ-တော ဘိက္ခဝေတိ ဇတ္ထ နာဂေါ ဝါ ဟောတု သုပဏ္ဏမာဏဝကာဒိနံ ဝါ အညတရော၊ အန္တမသော သက္ကံ ဒေဝရာဇာနံ ဥပါဒါယ ယော ကောစိ အမနုဿဇာတိကော၊ သော သတ္ထောဝ ဣမသ္မိံ အတ္ထေ တိရစ္ဆာနဂတောတိ ဝေဒိတတ္ထော"တိ ဝုတ္တံ-(ကခ်ီ။ဋီ-သစ်။၁၅၀) -ဟု ဖွင့်ဆိုတော်မူ၏။

တိရစ္ဆာနဂတောတိ၊ ဟူသည်ကား။ အန္တမသော၊ အယုတ်သဖြင့်။ သက္ကံ ဒေဝ-ရာဇာနံ၊ သိကြားနတ်မင်းကို။ ဥပါဒါယ၊ စွဲ၍။ ယောကောစိ၊ အမှတ်မရှိသော။ နာဂမာဏ-

http://www.dhammadownload.com

ဝကာဒိကော၊ နဂါးလုလင် အစရှိသော။ အမနုဿဇာတိကော၊ လူဇာတ် မရှိသောသူကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အဿဂေါဏာဒယော၊ မြင်း, နွား-စသော သတ္တဝါတို့ကို။ နဝေဒိတဗ္ဗာ၊ ကုန်။ တေန၊ ထို့ကြောင့်။ ဧတ္ထ စာတိအာဒိ၊ ကို။ အာဟာ၊ ၏။ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ ဧတ္ထာတိ၊ ကား။ တိရစ္ဆာနဂတော ဘိက္ခဝေ ။ပ။ ဝေဒိတဗ္ဗောတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ဟောတော်မူသောကြောင့်။ နာဂသုပဏ္ဏာဒိနော၊ နဂါး, ဂဠုန် အစရှိသော။ ယဿ တိရစ္ဆာနဂတဿ၊ အား။ ဥပသမ္ဘဒါ၊ ပဋိသန္ဓေးအဖြစ်ကို။ ပဋိကွိတ္တာ၊ ပယ်အပ်၏။ သော၊ ထိုတိရစ္ဆာန်သည်။ ဣဓာပိ၊ ဤ ဝဇ္ဇနီယကထာ၌လည်း။ တိရစ္ဆာနဂတော နာမ၊ မည်၏။ ဣတိ အယံ၊ လျှင်။ အတ္ထော၊ တည်း။ ဟိ၊ မှန်၏။ တတ္ထ၊ ထိုတိရစ္ဆာန်စကား၌။ အန္တမသော၊ ဖြင့်။ ဒဎဝေ၊ သိကြားစသော နတ်တို့ကို၊ ဥပါဒါယ၊ စွဲ၍။ နာဂမာဏဝကာဒိကော၊ နဂါးလုလင် အစရှိသော။ ယော ကောစိ၊ သော။ အမနုဿဇာတိကော၊ လူဇာတ် မရှိသောသူကို။ တိရစ္ဆာနဂတောတိ၊ ဟူ၍။ အဓိပ္ပေတော၊ ၏။ ဟိ၊ မှန်၏။ သမန္တပါသာဒိကာယဉ္စ၊ ၌လည်း။ တိရစ္ဆာနဂတော ဘိက္ခဝေတိ ဧတ္ထ၊ ၌။ နာဂေါ ဝါ၊ နဂါးသည်လည်း။ ဟောတု၊ စေ။ သုပဏ္ဏမာဏဝကာဒီနံ၊ ဂဠုန်လုလင် စသည်တို့တွင်။ အညတရော ဝါ၊ ၁-ယောက်သည်လည်း။ ဟောတု၊ စေ။ အန္တမသော၊ ဖြင့်။ သက္ကံ ဒေဝရာဇာနံ၊ ကို။ ဥပါဒါယ၊ ၍။ ယောကောစိ၊ သော။ အမနုဿဇာတိကော၊ လူဇာတ်မဟုတ်သော သူသည်။ အတ္ထိ၊ ၏။ သော သတ္တောဝ၊ ထိုအလုံးစုံးသော သတ္တဝါကို သာလျှင်။ ဣမသ္မိံ အတ္ထေ၊ ၌။ တိရစ္ဆာန-ဂတောတိ၊ ဟူ၍။ ဝေဒိတဗ္ဗော၊ ၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။

၃။ **ပါတိမောက္ခဝဒတ္ထအနုဝဏ္ဏနာ၌လည်း–**

> အဋ္ဌကထာယံ လိခိတော "မက္ခိကာဒယော အတ္ထောဟာရိကာ"တိ ပါဠျော ဥပေါသထက္ခန္ဓကအဋ္ဌကထာယဉ္စ ဋီကာသု စ အဝုတ္တတ္တာ ပစ္ဆာ ပက္ခိတ္တပါဠျောတိ ဝေဒိတဗ္ဗော။ သစေ ဟိ ပုရာဏပါဠျော ဟောတိ၊ ယုတ္တောတိ ဝါ အယုတ္တောတိ ဝါ ဋီကာယံ ဝဒေယျ၊ န ပန ဧဝံ ဝဒတိ–

ဟု ဆိုတော်မူ၏။

အဋ္ဌကထာယံ၊ မာတိကာ အဋ္ဌကထာ၌။ မက္ခိကာဒယော အတ္ထောဟာရိကာတိ၊ ယူ၍။ လိခိတော၊ ရေးအပ်သော။ ပါဠျော၊ သည်။ အတ္ထိ၊ ၏။ သော၊ ထိုပါဠိကို။ ဥပေါသထက္ခန္ဓကအဋ္ဌကထာယဉ္စ၊ ၌လည်းကောင်း။ ဋီကာသု စ၊ ဋီကာကြီး ၃-စောင်တို့၌လည်းကောင်း။ အဝုတ္တတ္တာ၊ ကြောင့်။ ပစ္ဆာ၊ မှ။ ပက္ခိတ္တပါဠျောတိ၊ ထည့်သောပါဠိ ဟူ၍။ ဝေဒိတဗ္ဗော၊ ၏။ ဟိ၊ မှန်၏။ ပုရာဏပါဠျော၊ ရှေးပါဠိဟောင်းသည်။ သစေ ဟောတိ၊

http://www.dhammadownload.com

အံ့။ ယုတ္တောတိ ဝါ၊ ဟူ၍ လည်းကောင်း။ အယုတ္တောတိ ဝါ၊ ဟူ၍လည်းကောင်း။ ဋီကာယံ၊ မာတိကာဋီကာ၌။ ဝဒေယျ၊ ဆိုရာ၏။ ဧဝံ၊ သို့။ န ပန ဝဒတိ၊ ဆိုကား မဆိုခဲ့။

✪ ✪ ✪ ✪ ✪

| ၂၄ | ပါရိသုဒ္ဓိဥပုသ်ပြုရာ သမာနသံဝါသက ရဟန်းရှိက ဝင်ဖြစ်ခြင်း

(၁) **မေး။** ။ ၁-ခုသော သိမ်အပြင်၌ သမာနသံဝါသကဖြစ်သော ရဟန်း ၁-ပါးရှိလျက် ထိုရဟန်းနှင့် ဟတ္ထပါသ်မှ လွတ်အောင်နေ၍ ရဟန်း ၂-ပါး ပါရိသုဒ္ဓိဥပုသ်ပြုမူ အပ်ပါမည်လော?

ဖြေ။ ။ ထိုအမေး၌ ဥပုသ်ပြုသောကံသည် အဓမ္မဝဂ္ဂကံ, အဓမ္မသမဂ္ဂကံ, ဓမ္မဝဂ္ဂကံ, ဓမ္မသမဂ္ဂကံ-ဟူ၍ ၄-ပါးအပြားရှိသည်။ ထို ၄-ပါးတို့တွင် အဓမ္မဝဂ္ဂကံ, အဓမ္မ-သမဂ္ဂကံ, ဓမ္မဝဂ္ဂကံ ၃-ပါးသည် မအပ်။ ဓမ္မသမဂ္ဂကံ ၁-ခုသာ အပ်သည်-ဟု မဟာဝါဥပေါသထက္ခန္ဓကပါဠိတော်၊ ၎င်းအဖွင့်အဋ္ဌကထာတို့၌လာသော ကြောင့် တစ်ခုသော သိမ်အပြင်၌ သမာနသံဝါသကဖြစ်သော ရဟန်း ၁-ပါး ရှိလျက် ထိုရဟန်းနှင့် ဟတ္ထပါသ်လွတ်အောင်နေ၍ ရဟန်း ၂-ပါး ပါရိသုဒ္ဓိ ဥပုသ်ပြုခြင်းသည် အဓမ္မသမဂ္ဂကံ မည်သောကြောင့် မအပ်။

၁။ ထိုကြောင့် **တေရသကဏ်ဋီကာ၌-**

> **သမသမာ တေသံ သန္တိကေ ပဝါရေတဗ္ဗန္တိ** ယဒိ သဗ္ဗေ ဝုဋ္ဌဟိတ္တာ ဂတာ, ယဒိ သန္နိပါတေတုံ စ န သက္ကာ၊ ဧကစ္စေ သန္နိပါတေတွာ ပဝါရေတုံ ဝဋ္ဋတိ၊ ဥ တ္တိ ဌပေတွာ ကတ္တဗ္ဗသံယကမ္မာဘာဝါ ဝဂ္ဂံ န ဟောတိ။ ဥပေါသထေပိ ဧသေဝ နယော-
>
> (သာရတ္ထ၊၃။၂၈၈)

ဟု မိန့်ဆိုတော်မူ၏။

၂။ **ဝိမတိဝိနောဒနီဋီကာ၌လည်း-**

> ဝိဟာရသီမာယံ ပန သံယေ ဝိဇ္ဇမာနေပိ ကေနစိ ပစ္စယေန ခဏ္ဍသီမာယံ တီသု ဒ္ဝီသု ဝါ ပါရိသုဒ္ဓိဥပေါသထံ ကရောန္တေသု ကမ္မံ ဓမ္မေန သမဂ္ဂမေဝ ဘိန္နသီမဋ္ဌာတိ ဒဋ္ဌဗ္ဗံ-(ဝိမတိ၊၂။၁၇၀)

ဟု မိန့်ဆိုတော်မူသည်။

http://www.dhammadownload.com

တေရသကဏ်ဍိကာ၌ "ဥ တ္တိ ဌပေတွာ ကတ္တုဗ္ဗသံယကမ္မာဘာဝါ ဝဂ္ဂံ နာ ဟောတိ။ ဥပေါသထေပိ ဧသေဝ နယော" ဟူသော စကားကို ပဝါရဏာ ပြုပြီးသော ရဟန်းတို့ထံ၌ ပြုသော "အညေသံ သန္တိကေအာရောစနပါရိသုဒ္ဓိဥပုသ်"ကိုသာ ရည်၍ ဆိုတော်မူသည်။ "အညမညအာရောစနပါရိသုဒ္ဓိဥပုသ်"ကို မဆိုဟု မှတ်ရမည်။ ဝိမတိဝိနောဒနီဋီကာ၌ "ဘိန္နသီမဋ္ဌတ္တာတိ ဒဋ္ဌဗ္ဗံ"ဟု ဆိုသောစကားကို အညမညအာရောစနပါရိသုဒ္ဓိဥပုသ်ကိုသာ ရည်၍ဆိုသည်။ အညေသံ သန္တိကေအာရောစနပါရိသုဒ္ဓိဥပုသ်ကို မဆို-ဟု မှတ်ရမည်။

၃။ ထိုပါရိသုဒ္ဓိဥပုသ်သည်လည်း- အညေသံသန္တိကေအာရောစနပါရိသုဒ္ဓိ, အညမည-အာရောစနပါရိသုဒ္ဓိအားဖြင့် ၂-ပါးရှိကြောင်းကို-

> တေသု ပါရိသုဒ္ဓိဥပေါသထော တာဝ အညေသဉ္စ သန္တိကေ, အညမညဉ္စ အာရောစနဝသေန ဒုဝိဓော-(က၏။၄။၉၄)

ဟု မာတိကာအဋ္ဌကထာ၌ လာသည်။ (ပြုပုံအရကို ၎င်းအဋ္ဌကထာ၌ ရှုလေ။)

ဤအရာ၌ "ဥ တ္တိ ဌပေတွာ ကတ္တုဗ္ဗသံယကမ္မာဘာဝါ ဝဂ္ဂံ နာ ဟောတိ။ ဥပေါသ-ထေပိ ဧသေဝ နယော"ဟူသော ဋီကာပါဠိကို ထောက်၍ တစ်သိမ်တည်း၌ ရဟန်း ၁-ပါး ရှိသော်လည်း ထိုရဟန်းနှင့် ဟတ္ထပါသ် လွတ်အောင်နေ၍ ရဟန်း ၂-ပါး အညမညပါရိ-သုဒ္ဓိဥပုသ် ပြုအပ်သည်ဟု အချို့သောဆရာတို့ ပြောဆိုကြသည်။ သတိပြုလေ။

✪ ✪ ✪ ✪ ✪

[၂၅] ကမ္မဝါစာ ပြီးဆုံးခြင်း အင်္ဂါ ၃-ပါး

(၁) မေး။ ။ ဥ တ်ထား၍ပြုသော သံဃာ့ကံအရာ၌ ကမ္မဝါစာ၏ပြီးဆုံးခြင်း အင်္ဂါအဘယ်မျှ ရှိပါသနည်း?

ဖြေ။ ။ ကမ္မဝါစာဖတ်၍ ပြုသောကံ၌ ဥ တ္တိဒုတိယ, ဥ တ္တိစတုတ္ထ ကမ္မဝါစာဖတ်ရာ ပြီးဆုံးခြင်း အင်္ဂါ ၃-ပါးရှိသည်။

> ဥ တ္တိကပွနာ ဝိပွကတပစ္စတ္တံ့ အတီတကရဏန္တိ။ တတ္ထ ဒဒေယျ, ကရေ-ယျာတိအာဒိဘေဒါ ဥ တ္တိကပွနာ၊ ဒေတိ, ကရောတိတိအာဒိဘေဒံ ဝိပွကတပစ္စတ္တံ့၊ ဒိန္နံ, ကတန္တိအာဒိဘေဒံ အတီတကရဏံ နာမ-(ဝိ၊၄၊၂၂၉)

ဟု လာသော ပရိဝါအဋ္ဌကထာကို ထောက်။

http://www.dhammadownload.com

ဥ တ္တိကပွနာ၊ လည်းကောင်း။ ဝိပွကတပစ္စတ္တံ၊ လည်းကောင်း။ အတီတကရဏံ၊ လည်းကောင်း။ ဣတိ၊ သို့။ တိဝိဓံ၊ ၃-ပါးအပြားရှိ၏၊ တတ္ထ၊ တို့တွင်။ ဒဒေယျ, ကရေယျာတိ-အာဒိဘေဒါ၊ ဒဒေယျ, ကရေယျ ဤသို့ စသောအပြားသည်။ ဥ တ္တိကပွနာ၊ မည်၏။ ဒေတိ, ကရောတီတိအာဒိဘေဒံ၊ ဤသို့ စသောအပြားသည်။ ဝိပွကတပစ္စတ္တံ၊ မည်၏။ ဒိန္နံ, ကတန္တိ-အာဒိဘေဒံ၊ စသောအပြားသည်။ အတီတကရဏံ နာမ၊ မည်၏။

ဤသို့လာသော အဋ္ဌကထာအဖြေကြောင့်-

- ဒဒေယျ, ကရေယျ-စသော အပြား,
- ဒေတိ, ကရောတိ စသောအပြား,
- ဒိန္နံ, ကတံ-စသော အပြားအရ—

အဂ်ါ ၃-ပါးကို ဥ တ္တိဒုတိယ, ဥ တ္တိစတုတ္ထကမွဝါစာတို့မှာ ကြည့်၍ မှတ်လေ။

✪ ✪ ✪ ✪ ✪

[၂၆] အတီတကရဏအကြောင်း

(၁) မေး။ ။ ထို ၃-ပါးသော ကမ္မဝါစာအဂ်ါတို့တွင် အတီတကရဏအဂ်ါ၌ ဥ တ္တိစတုတ္ထကံမှာ အနုဿာဝနအရ ကမ္မဝါစာ ၃-ကြိမ်မြောက်ဖြစ်၍ ၃-ခေါက်ဖတ်လျှင်, ဥတ္တိဒုတိယကံမှာ အနုဿာဝနကမ္မဝါစာအရ ၁-ကြိမ်သာ ဖတ်၍ ၁-ခေါက်ဆိုလျှင် အပ်ပါမည်လော?

ဖြေ။ ။ ဥ တ္တိဒုတိယကံဖြစ်စေ, ဥ တ္တိစတုတ္ထကံဖြစ်စေ အတီတကရဏအဂ်ါမှာ အထူးမရှိ။ ဥ တ္တိဒုတိယကံမှာ ဥ တ် ၁-ကြိမ်, ကမ္မဝါစာ ၁-ကြိမ်ဖတ်၍ အတီတ-ကရဏကို ၁-ကြိမ်သာ ဖတ်သော်လည်း အပ်သည်။ ဥ တ္တိစတုတ္ထကံမှာ ဥ တ် ၁-ကြိမ်၊ ကမ္မဝါစာ ၃-ကြိမ်ဖတ်၍ **အတီတကရဏကို ၁-ကြိမ်သာ ဖတ်သော်လည်း အပ်သည်။**

၁။ **ကမ္မဝါစာပရိယောသာနန္တိ** ကတံ "သံယေန ဣတ္ထန္နာမဿ ဘိက္ခုနော တဇ္ဇနီယကမ္မံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ"တိ ဧဝံ တဿာ တဿာ ကမ္မဝါစာယ အဝသာနဝစနံ ပရိယောသာနံ-(ဝိ၊၄၊၄။၁၈၅)

ဟု လာသော **ပရိဝါအဋ္ဌကထာ**၊ ဥပေါသထာဒိဝိသဇ္ဇနာအဖွင့်ကို ထောက်။

http://www.dhammadownload.com

ကမ္မဝါစာပရိယောသာနန္တိ၊ ဟူသည်ကား။ ကတံ သံယေန ။ပ။ ဓာရယာမိတိ၊ ဟူ၍။ ဧဝံ၊ သို့။ တဿာ တဿာ ကမ္မဝါစာယ၊ ထိုထို ကမ္မဝါစာ၏။ အဝသာနဝစနံ၊ အဆုံးဦဆိုသော စကားသည်။ ပရိယောသာနံ၊ အဆုံးဖြစ်သော စကားမည်၏။

ထိုအဋ္ဌကထာပါဠိဖြင့် အတီတကရဏအင်္ဂါတွင် ကမ္မဝါစာ ပြီးဆုံးသည် ဆိုရာ အကြိမ်အရေအတွက်ဖြင့် ပြတော်မူဘဲ သာမညဖြင့်သာ ကမ္မဝါစာဟူသမျှ၏ ပြီးဆုံးခြင်းကို ပြတော်မူသောကြောင့် ဥ တ္တိဒုတိယကံ ဖြစ်စေ၊ ဥ တ္တိစတုတ္ထကံ ဖြစ်စေ "ယဿ နက္ခမတိ၊ သော ဘာသေယျ" ဟူသော ကမ္မဝါစာအဆုံးဦ ဖတ်အပ်သော **အတီတကရဏအင်္ဂါမှာ** ၁-ကြိမ်ရွတ်လျှင် အပ်သည်ဟူသော အဓိပ္ပါယ်ကို ပြတော်မူသည်။

၂။ မာတိကာအဋ္ဌကထာ၊ ပထမပါရာဇိကအဖွင့်ဦ-

ဝတ္ထု ,ဥ တ္တိ,အနုဿာဝန,သီမာ, ပရိသသမ္ပတ္တိအားဖြင့် ဥပသမ္ပဒကံ၏ ပြည့်စုံခြင်း ၅-ပါးကို ပြရာဦလည်းကောင်း၊

၃။ ပရိဝါအဋ္ဌကထာ၊ ကမ္မဝဂ်အဖွင့်(၂၄၅-၂၆၀)-

ဝတ္ထု, ဥ တ္တိ, အနုဿာဝန, သီမာ, ပရိသဝိပတ္တိအားဖြင့် ဥပသမ္ပဒကံ၏ ပျက်စီးခြင်း ၅-ပါးကို ပြရာဦလည်းကောင်း ထိုအတီတကရဏအင်္ဂါကို ရွတ်ဖတ်ရာ ၃-ကြိမ် ရွတ်ဖတ်ရမည်။ ၁-ကြိမ်သာဆိုလျှင် ကံပျက်သည်ဟူ၍လည်း မဖွင့်မဆိုကုန်။

၄။ ဝိမတိဝိနောဒနီဋီကာ၊ မဟာဝါဒဿကာ၊ ဥပသမ္ပဒါဝိဓိကထာအဖွင့်ဦလည်း- (နှာ-၁၃၇-၈)

> ယသ္မာ "ယဿ နက္ခမတိ၊ သော ဘာသေယျာ"တိ တိက္ခတ္တုံ၊ ဝုစ္စမာနောပိ သံယော တုဏှီ နိရဝေါ အဟောသိ၊ တသ္မာ ခမတိ သံဃဿာတိ အတ္ထော။ ဧဝန္တိ ဣမိနာ ပကာရေန။ တုဏှီဘာဝေနေဝေတံ သံဃဿ ရုစ္စနဘာဝံ ဓာရယာမိ ဗုဇ္ဈာမိ ဇာနာမီတိ အတ္ထော။ ဣတိ-သဒ္ဒေါ ပရိသမတ္တိယံ(ပရိသမာပနတ္ထော) ကတော၊ သော စ ကမ္မဝါစာယ အနဂ်။ တသ္မာ အနုဿာဝနေန ဓာရယာမိတိ ဧတ္ထ မိကာရပရိယောသာနမေဝ ဝတ္တာ နိဋ္ဌာပေတဗ္ဗံ။ ဣတိ-သဒ္ဒေါ န ယုဇ္ဇတဗ္ဗောတိ ဒဋ္ဌဗ္ဗံ။ ဣမိနာ နယေန သဗ္ဗတ္ထကမ္မဝါစာန'မတ္ထော ဝေဒိတဗ္ဗော-

ဟု လာသည်။

ယသ္မာ၊ ကြောင့်။ ယဿ နက္ခမတိ၊ သော ဘာသေယျာတိ၊ ဟူ၍။ တိက္ခတ္တုံ၊ ကြိမ်။ ဝုစ္စမာနာပိ၊ ဆိုအပ်သော်လည်း။ သံယော၊ သည်။ တဏှီ နိရဝေါ၊ အသံကင်းတိတ်

http://www.dhammadownload.com

ဆိတ်ဆိတ်နေသည်။ အဟောသိ၊ ဖြစ်၏။ တသ္မာ၊ ကြောင့်။ သံယဿ၊ အား။ ခမတိ၊ နှစ်သက်၏။ ဣတိ အယံ၊ လျှင်။ အတ္ထော၊ တည်း။ ဧဝန္တိ ဣမိနာ ပကာရေန၊ ဤသို့အပြားရှိသော။ တုဏှီဘာဝေနေဝ၊ ဆိတ်ဆိတ်နေသဖြင့်သာလျှင်။ သံယဿ၊ ၏။ ဧတံ ရုစ္စနဘာဝံ၊ ထိုနှစ်သက်သည်၏အဖြစ်ကို။ ဓာရယာမိ ဗုဇ္ဈာမိ ဇာနာမိ၊ သိရ၏။ ဣတိ အယံ၊ လျှင်။ အတ္ထော၊ တည်း။ ဣတိ-သဒ္ဒေါ၊ ကို။ ဝါ၊ ဃည်။ ပရိသမတ္တိယံ၊ ပြီးခြင်း၌။ ကတော၊ ပြုအပ်၏။ ဝါ၊ ဖြစ်၏။ သော စ၊ ထို ဣတိ-သဒ္ဒါသည်လည်း။ ကမ္မဝါစာယ၊ ၏။ အနဂ်၊ အဂ်ိမဟုတ်။ တသ္မာ၊ ကြောင့်။ အနုဿာဝကေန၊ ကမ္မဝါစာဖတ်သော ရဟန်းသည်။ ဓာရယာမိတိ ဧတ္ထ၊ ၌။ မိကာရပရိယောသာနမေဝ၊ မိအက္ခရာ ဆုံးရုံးကိုသာလျှင်။ ဝတ္တွာ၊ ဆို၍။ နိဋ္ဌာပေတဗ္ဗံ၊ ပြီးဆုံးစေအပ်၏။ ဣတိ-သဒ္ဒေါ၊ ကို။ န ယုဇ္ဇိတဗ္ဗော၊ မယှဉ်အပ်။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ဣမိနာ နယေန၊ ဤသို့သောနည်းဖြင့်။ သဗ္ဗကမ္မဝါစာနမတ္ထော၊ အလုံးစုံသော ကမ္မဝါစာအနက်ကို။ ဝေဒိတဗ္ဗော၊ ၏။

ထို ဋီကာပါဠိဖြင့် "ယဿ နက္ခမတိ၊ သော ဘာသေယျ"ဟူ၍ ဥ တ္တိစတုတ္ထကံ၌ ကမ္မဝါစာ ၃-ကြိမ်မြောက်ဆို၍ အတီတကရဏမှာ ၃-ကြိမ်မြောက် ဆိုရမည်ဟု ပြတော်မူတဲ့ သာမည်ဖြင့်သာ ပြတော်မူသဖြင့် ဥ တ္တိဒုတိယကံ ဖြစ်စေ၊ ဥ တ္တိစတုတ္ထကံဖြစ်စေ အတီတကရဏမှာ ၁-ကြိမ်သာ ဆိုသော်လည်း အပ်သည်-ဟူသော အဖြစ်ကို ပြတော်မူသည်။

အကယ်၍ အတီတကရဏ-အဂ်ိမှာ ၃-ကြိမ် ရွတ်မှ အပ်သည်၊ ကံအောင်သည်ဖြစ်က အဋ္ဌကထာ, ဋီကာတို့၌ ဆိုရမည့်အရာ ဖြစ်သည်။ ထိုသို့ မဆိုမပြကြသောကြောင့် ဥ တ္တိဒုတိယကံဖြစ်စေ၊ ဥ တ္တိစတုတ္ထကံဖြစ်စေ အတီတကရဏ-အဂ်ိမှာ ၁-ကြိမ်သာ ဖတ်သော်လည်း အပ်သည်။ ၂-ကြိမ်, ၃-ကြိမ် ဖတ်သော်လည်း အပ်သည်ဟု သန္နိဋ္ဌာန်ကျမှတ်လေ။

✪ ✪ ✪ ✪ ✪

[၂၇] သံယာကို သင်းခွဲလျှင် ပါရာဇိက အာပတ်သင့်

(၁) မေး။ ။ ယခုအခါ သံယာကို သင်းကွဲအောင်ပြုသော ရဟန်းအား သံယာသင်းကွဲမှု အဘယ် အာပတ်သင့်ပါသနည်း?

ဖြေ။ ။ ယခုအခါ သာသနာတော်၌ သံယာကို သင်းကွဲအောင်ပြုသော ရဟန်းအား သံယာသင်းကွဲမှု ပါရာဇိက အာပတ်သင့်သည်။

http://www.dhammadownload.com

၁။ ကေသ ဆေဇ္ဇန္တိ ဂါထာယ နဝသု ဇနေသု ယော သလာကံ ဂါဟေတွာ သံယံ ဘိန္ဒတိ၊ တသ္သေဝ ဆေဇ္ဇံ ဟောတိ၊ ဒေဝဒတ္တော ဝိယ ပါရာဇိကံ အာပဇ္ဇတီ-ဟု လာသော **ပရိဝါအဋ္ဌကထာကို** (ဝိ၊ဋ္ဌ၊၄။၂၃၄)ထောက်။

ကေသ ဆေဇ္ဇန္တိ ဂါထာယ၊ ဟူသောဂါထာ၌။ နဝသု၊ ၉-ယောက်ကုန်သော။ ဇနေသု၊ ရဟန်းတို့တွင်။ ယော၊ အကြင်ပကတတ်ရဟန်းသည်။ သလာကံ၊ စာရေးတံကို။ ဂါဟေတွာ၊ ယူစေ၍။ သံယံ၊ ကို။ ဘိန္ဒတိ၊ ခွဲ၏။ တသ္သေဝ၊ ထိုရဟန်းအားသာလျှင်။ ဆေဇ္ဇံ၊ အရင်းပြတ်သည်။ ဟောတိ၊ ၏။ ဒေဝဒတ္တော ဝိယ၊ ကဲ့သို့။ ပါရာဇိကံ၊ သို့။ အာပဇ္ဇတိ၊ ရောက်၏။

အဓိပ္ပါယ်ကား။ ။ ၁-သိမ်တည်း၌ "အဓမ္မံ ဓမ္မောတိ ဒီပေတိ" အစရှိသော သံဃာသင်းကွဲကြောင်း ဝတ္ထု ၁၈-ပါးတို့တွင် ၁-ခုခုသော ဝတ္ထုကို ပြု၍ ၁-ဖက် ၄-ပါးစီအားဖြင့် သံဃာ ၈-ပါး အလယ်က နေ၍ ထိုအယူကို မပျက်နိုင်စေခြင်းငှာ စာရေးတံကို ယူစေ၍ **သင်းခွဲသော ရဟန်းအား ဧကသီမာယဖြစ်မှု ပါရာဇိကကျသည်** ဟူလို။

ထိုအဋ္ဌကထာပါဠိဖြင့် တစ်ဖက် ၄-ပါးအောက် ယုတ်၍ သံဃာဘေဒကက် မထိုက်။ တစ်ဖက် ၄-ပါးက-စ၍ အလွန်သာ သံဃာဘေဒကက် ထိုက်သည်ဟု ပြတော်မူသည်။ အကျယ်ကိုလိုမူ ၎င်းပရိဝါအဋ္ဌကထာ သံဃာဘေဒကဝဂ်အဖွင့်, စူဠဝါအဋ္ဌကထာ သံဃာဘေဒကအဖွင့်, ပါရာဇိကဏ်အဋ္ဌကထာ သံဃာဘေဒက သိက္ခာပုဒ်အဖွင့်တို့မှာ ရှုလေ။

✪ ✪ ✪ ✪ ✪

[၂၈] အဝတ်ကို သင်္ကန်းနှင့် ထပ်ခြုံခြင်း

(၁) **မေး။** ။ ယခုအခါ ရဟန်းတို့သည် ဟေမန္တဥတုဌ အဖြူ, အနီ, အကြောင်, အကျား စသော အဝတ်ကို သင်္ကန်းနှင့် ထပ်၍ ခြုံရုံကြသည်မှာ အပ်ပါမည်လော?

ဖြေ။ ။ အဖြူ, အနီ, အကြောင်, အကျား-စသော လူတို့ခြုံရုံသော အဝတ်ကို သင်္ကန်းနှင့်ထပ်၍ ခြုံရုံခြင်းငှာ မအပ်။

၁။ **နဂိဟိဒ္ဓဇောတိ** သြဒါတဝတ္ထာနိ အစ္ဆိန္နဒသပုပ္ဖဒသာနိ စ နဂရေတဗ္ဗာနို-ဟု လာသော **စူဠဝါအဋ္ဌကထာ၊ ကမ္မက္ခန္ဓကအဖွင့်**ကို (ဝိ၊ဋ္ဌ၊၄။၄)ထောက်။

http://www.dhammadownload.com

နဂိဟီဒ္ဓဇောတိ၊ ဟူသည်ကား။ ဩဒါတဝတ္ထွာနိ၊ အဝတ်ဖြူတို့ကိုလည်းကောင်း။ အစ္ဆိန္နဒသပုဗ္ဗဒသာနိ စ၊ မဖြတ်သော အဆာ, ပန်းပွင့်အဆာရှိသော သင်္ကန်းတို့ကိုလည်းကောင်း။ နဓာရေတဗ္ဗာနိ၊ မဆောင်အပ်ကုန်။

ဤအဋ္ဌကထာပါဠိ၌ ဩဒါတဝတ္ထသဒ္ဒါဖြင့် နီလ ပီတ လောဟိတဝတ္ထ အစရှိသော အညို, အရွှေ, အနီ-စသော လူတို့အဝတ်ဟူသမျှကို ပြတော်မူသည်။

✪ ✪ ✪ ✪ ✪

[၂၉] လူတို့၏ ရွှေခွက် စသည်တို့ကို မကိုင်အပ်

(၁) မေး။ ။ ယခုအခါ ရဟန်းတို့သည် ဒါယကာတို့အိမ်၌ ခေတ္တလာရောက်ရာ ရွှေထုံးပူး, ငွေထုံးပူးတို့ဖြင့် ဒါယကာတို့ သုံးဆောင်သော ကွမ်းအစ်ကို ကပ်ရာ လူတို့ဥစ္စာဖြစ်၍ ခေတ္တခဏကိုင်စားခြင်းငှာ အပ်ပါမည်လော?

ဖြေ။ ။ သာမဏေ,ရဟန်းတို့မှာ ရွှေ,ငွေတို့ဖြင့် ပြုအပ်သော ထုံးပူး,ဖလား-စသည်တို့သည် ဒါယကာတို့ ဥစ္စာဖြစ်၍ ခေတ္တခဏဖြစ်သော်လည်း ကိုင်ခြင်း, သုံးဆောင်ခြင်းငှာ မအပ်။

၁။ သစေပိ ဂိဟီ ဘတ္တဂ္ဂေ သုဝဏ္ဏတဇ္ဇိကာဒီသု ဗျဥ္ဇနံ ကတ္တာ ဥပနာမေန္တိ၊ အာမသိတုမ္ပိ န ဝဋ္ဋတိ–

ဟု လာသော စူဠဝါအဋ္ဌကထာ၊ ခုဒ္ဒကဝတ္ထုက္ခန္ဓကအဖွင့်(၀။၄။၄။၄၇။)ကို ထောက်။

ဂိဟီ၊ လူတို့သည်။ ဘတ္တဂ္ဂေ၊ ဆွမ်းစားကျောင်း၌။ ဝါ၊ ဆွမ်းစားသောနေရာ၌။ သုဝဏ္ဏတဇ္ဇိကာဒီသု၊ ရွှေခွက်စသည်တို့၌။ ဗျဥ္ဇနံ၊ စားဖွယ်ဟင်းလျာကို။ ကတ္တာ၊ ထည့်သည်ကို ပြု၍။ သစေပိ ဥပနာမေန္တိ၊ အကယ်၍ကပ်ကုန်ငြားအံ့။ အာမသိတုမ္ပိ၊ သုံးသပ်ခြင်းငှာလည်း။ န ဝဋ္ဋတိ၊ မအပ်။ (ခုဒ္ဒသိက္ခာဋီကာသစ်၌ နည်းတူလာသည်။)

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၃၀] ဖန်ခွက်စသည် အပ်, မအပ်

(၁) **မေး။** ။ ယခုကာလ ပြုလုပ်ကြသော ကြေးလင်ပန်း, ကြေးခွက်, ကြေးဖလား, ကြေးကွမ်းအစ်, ဖန်အုပ်, ဖန်ခွက်, စဉ့်အိုး, စဉ့်အင်, စဉ့်ခွက်တို့သည် ရဟန်းအား ပုဂ္ဂလိကဥစ္စာပြု၍ သုံးဆောင်ခြင်းငှာ အပ်ပါမည်လော?

ဖြေ။ ။ ကြေးဖြူ, ကြေးပုပ်, ကြေးဝါတို့ဖြင့် ပြုသောခွက်, ထိုကြေးတို့နှင့် ကြေးနီကိုရောစ၍ ပြုသောခွက်, ဇာတိဖလိကမှ တပါးသော ကျောက်စသည် ချက်၍လုပ်သော ဖန်ခွက်, စဉ့်ဖြင့်ပြီးသောခွက် စသည်တို့သည် ပုဂ္ဂလိကဥစ္စာအဖြစ်ဖြင့် သုံးဆောင်ခြင်းငှာ မအပ်ကုန်။ သံယိကအဖြစ်ဖြင့်သုံးဆောင်ခြင်း, လူတို့၏ဥစ္စာတို့သည်သာ အပ်သည်။

၁။ ထို့ကြောင့် **စူဠဝါအဋ္ဌကထာ၊ ခုဒ္ဒကဝတ္ထုက္ခန္ဓကအဖွင့်၌–**

ဖလိကမယကာစမယကံ သမယာနိ ပန တဋ္ဌကာဒီနိ ဘာဇနာနိ ပုဂ္ဂလိကပရိဘောဂေနေဝ န ဝဋ္ဋန္တိ၊ သံယိကပရိဘောဂေန ဝါ ဂိဟိဝိကဋ္ဌာနိ ဝါ ဝဋ္ဋန္တိ - (ဝိဋ္ဌ၊၄။၄၇)

ဟု မိန့်တော်မူ၏။

၂။ **ဝိနယဝိနိစ္ဆယအဋ္ဌကထာ၊ ပတ္တဝဂ်၌လည်း နည်းတူလာသည်။**

ဖလိကမယကာစမယကံ သမယာနိ၊ ဖန်ဖြင့်ပြီးကုန်သော စဉ့်ဖြင့်ပြီးကုန်သော ကြေးဖြူဖြင့် ပြီးကုန်သော။ တဋ္ဌကာဒီနိ ဘာဇနာနိ ပန၊ ခွက်စသည်တို့သည်ကား။ ပုဂ္ဂလိကပရိဘောဂေနေဝ၊ ကိုယ်ပိုင်ပြု၍ ပုဂ္ဂလိက သုံးဆောင်ခြင်းဖြင့်သာလျှင်။ န ဝဋ္ဋန္တိ၊ မအပ်ကုန်။ သံယိကပရိဘောဂေန ဝါ၊ သံယိက သုံးဆောင်ခြင်းဖြင့်လည်းကောင်း။ ဂိဟိဝိကဋ္ဌာနိ ဝါ၊ လူတို့၏ဥစ္စာတို့သည်လည်းကောင်း။ ဝဋ္ဋန္တိ၊ ၏။

ထိုအဋ္ဌကထာပါဠိ၌ ဖလိကအရုမှာ ဇာတိဖလိကဟု ဆိုအပ်သော ဇာတိပါသာဏဖြစ်သော ပြကတ်သော ကျောက်မှ ဖော်ပြန်၍ တပါးသော ဓာတ်တို့နှင့် ရောစ၍ချက်သဖြင့် ပြုအပ်သော ဖန်ခွက်,ဖန်အိုးတို့ကို ယူလေ။

၃။ သုဝဏ္ဏရဇတဟာရကူဋဇာတိဖလိကဘာဇနာနိ ဂိဟိဝိကဋ္ဌာနိပိ န ဝဋ္ဋန္တိ–

ဟု ၎င်းအဋ္ဌကထာ၊ **သေနာသနက္ခန္ဓကအဖွင့်(နှာ-၈၀)၌** ဆိုသောကြောင့်တည်း။

သုဝဏ္ဏ ။ ပ ။ ဘာဇနာနိ၊ ရွှေခွက်, ငွေခွက်, တေးခပ်ပြာခွက်, ဖန်စစ်ခွက်တို့သည်။ ဂိဟိဝိကဋ္ဌာနိပိ၊ လူတို့၏ဥစ္စာတို့သည်လည်း။ န ဝဋ္ဋန္တိ၊ မအပ်ကုန်။

http://www.dhammadownload.com

၄။ ဝိမတိဝိနောဒနီဋီကာ၊ ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့်၌-

ဇာတိဖလိကံ ဥပါဒါယာတိ ဝုတ္တတ္တာ သူရိယကန္တစန္ဒကန္တာဒိကံ ဇာတိပါသာဏံ မဏိမှိ ဧဝ သင်္ဂဟိတန္တိ ဒဋ္ဌဗ္ဗံ-(ဝိမတိ၁။၂၆၂။)

ဟု ဆိုတော်မူ၏။

ဇာတိဖလိကံ ဥပါဒါယာတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ကြောင့်။ သူရိယ ။ပ။ ဒိကံ၊ နေဖြတ်ခြင်း, လဖြတ်ခြင်း စသည်တို့ကြောင့် ဖြစ်သော။ ဝါ၊ နေဓာတ်, လဓာတ် စသည်တို့ကြောင့် ဖြစ်သော။ ဇာတိပါသာဏမှိ၊ ဖန်စစ်ကျောက်ကိုလည်း။ မဏိမှိ ဧဝ၊ ပတ္တမြားဥသာလျှင်။ သင်္ဂဟိတံ၊ ရေတွက်အပ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ကံသအရမှာ ဝဋ္ဋလောဟကိုလည်း ယူလေ။

၅။ ထို့ကြောင့် ခုဒ္ဒကဝတ္ထုအဖွင့်၊ **စူဠဝါအဋ္ဌကထာ**(၄၇)၌-

ကံသမယောတိ ဧတ္ထ ဝဋ္ဋလောဟမယောပိ သင်္ဂဟိတော-

ဟု ဆိုတော်မူ၏။

၆။ ခုဒ္ဒသိက္ခာဋီကာသစ်၌လည်း နည်းတူလာသည်။

ကံသမယောတိ ဧတ္ထ၊ ၌။ ဝဋ္ဋလောဟမယောပိ၊ ကြေးပုပ်, ကြေးဝါဖြင့် ပြီးသောခွက် ကိုလည်း။ သင်္ဂဟိတော၊ ရေတွက်အပ်၏။

ထို့ကြောင့် ကြေးဖြူ, ကြေးပုပ်, ကြေးဝါတို့ဖြင့် ပြုသောခွက်, ထိုကြေးတို့နှင့် ကြေးနီကို ရောရွတ် ပြုသော ခွက်တို့သည် ပဂ္ဂလိကပရိဘောဂ မအပ်။ သံယိက, ဂိဟိဝိကဋ္ဌသာ အပ်သည်ဟု မှတ်။

၇။ ထို့ကြောင့် ဝိနယဝိနိစ္ဆယဋီကာ(၃။၃၀၇)၌ -

ကံသလောဟဝဋ္ဋလောဟာနံ ဝိကာရဘူတာနိ တမ္မမယဘာဇနာနိပိ ပဂ္ဂလိကပရိဘောဂေန သဗ္ဗသော ပရိဘုဉ္ဇိတုံ န ဝဋ္ဋန္တိ-

ဟု ဆိုတော်မူ၏။

ကံသလောဟဝဋ္ဋလောဟာနံ၊ ကြေးဖြူ, ကြေးဝါတို့၏။ ဝိကာရဘူတာနိ၊ ရောစပ်ဖောက်ပြန်၍ ပြုအပ်ကုန်သော။ တမ္မမယဘာဇနာနိပိ၊ ကြေးနီဖြင့်ပြီးသော ခွက်,ဖလားတို့သည်လည်း။ ပဂ္ဂလိကပရိဘောဂေန၊ ဖြင့်။ သဗ္ဗသော၊ အခါခပ်သိမ်း။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ န ဝဋ္ဋန္တိ၊ မအပ်ကုန်။

http://www.dhammadownload.com

၈။ ဝိမတိဝိနောဒနီဋီကာ၊ သေနာသနက္ခန္ဓကအဖွင့်၌-

ကာဠလောဟ တမ္ဗလောဟ ကံသလောဟ ဝဋ္ဋလောဟာနံ ယေန ကေနစိ ကတော သီဟဠဒီပေ ပါဒဂ္ဃာနကော ဘာဇေတဗ္ဗောတိ ဝုတ္တတ္တာ ဝဋ္ဋကံသလောဟမယမ္ပိ ဘာဇနံ ပုဂ္ဂလိကမ္ပိ သမ္ဗဇ္ဈိတုမ္ပိ ပရိဟာရိတမ္ပိ ဝဋ္ဋတိ။ ပုဂ္ဂလာနံ ပရိဟာရိတဗ္ဗသော၀ ဘာဇေတဗ္ဗတ္တာတိ ၀ဒန္တိ။ တံ ဥပရိ "ကံသလောဟ-ဝဋ္ဋလောဟဘာဇနဝိကတိ သံယိကပရိဘောဂေန ဝါ ဂိဟိဝိကဋ္ဌာနိ ဝါ ဝဋ္ဋတီ"တိ-အာဒိကေန မဟာပစ္စရိ၀စနေန ဝိရုဇ္ဈတိ။ ဣမသ္မာ ဟိ "ကံသလောဟ-ဝဋ္ဋလောဟာနံ ယေန ကေနစိ ကတော သီဟဠဒီပေ ပါဒဂ္ဃာနကော ဘာဇေ-တဗ္ဗော"တိ ဝုတ္တသ္မာ မဟာအဋ္ဌကထာ၀စနသ္မာ ပဋိက္ခေပါယတံ မဟာပစ္စရိ၀စနံ ပန္နာ ဒသိတံ။ တသ္မာ ဝဋ္ဋလောဟကံသလောဟမယံ ယံ ကိဉ္စိ ပါဒဂ္ဃာ-ကဝါရဏမ္ပိ ဥပါဒါယ အဘာဇနီယမေ၀။ ဂိဟိဟိ ဒိယျမာနမ္ပိ ပုဂ္ဂလသ္မာ သမ္ဗဇ္ဈိတုမ္ပိ နံ ဝဋ္ဋတိ-

ဟု ဆိုတော်မူ၏(ဝိမတိ၊၂။၂၄၆)။

ကာဠလော၀ ။၀။ ဘာဇေတဗ္ဗောတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ကြောင့်။ ဝဋ္ဋကံသလောဟ-မယမ္ပိ၊ ကြေးပုပ်, ကြေးဖြူဖြင့် ပြီးသည်လည်း ဖြစ်သော။ ဘာဇနံ၊ ခွက်ကို။ ပုဂ္ဂလိကမ္ပိ၊ ပုဂ္ဂလိကကိုလည်း။သမ္ဗဇ္ဈိတုမ္ပိ၊ ခံခြင်းငှာလည်းကောင်း။ ပရိဟာရိတုမ္ပိ၊ သွားရာဆောင်ခြင်းငှာ လည်းကောင်း။ ဝဋ္ဋတိ၊ ၏။ ပုဂ္ဂလ ပရိဟာရိတဗ္ဗသော၀၊ တို့၏။ ဝါ၊ တို့အားဆောင်အပ်သော ခွက်ကိုသာလျှင်။ ဘာဇေတဗ္ဗတ္တာ၊ ဝေဖန်အပ်သောကြောင့်တည်း။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ တံ၊ ထိုကေစိဆရာတို့စကားသည်။ ဥပရိ၊ အထက်၌။ ကံသလောဟ ။၀။ ဝဋ္ဋတိတိ အာဒိကေန၊ ဝဋ္ဋတိ အစရှိသော။ မဟာပစ္စရိ၀စနေန၊ မဟာပစ္စရိအဋ္ဌကထာဆရာ့စကား နှင့်။ ဝိရုဇ္ဈတိ၊ ဆန့်ကျင်၏။ ဟိ၊ မှန်၏။ ကံသလောဟ၀ဋ္ဋလောဟ ။ ပ ။ ဘာဇေတဗ္ဗောတိ၊ ဟူ၍။ ဝုတ္တသ္မာ၊ ဆိုအပ်သော။ ဣမသ္မာ မဟာအဋ္ဌကထာ၀စနသ္မာ၊ ဤ မဟာအဋ္ဌကထာ စကားကို။ ပဋိက္ခေပါယ၊ ပယ်ခြင်းငှာ။ မဟာပစ္စရိ၀စနံ၊ ကို။ ပန္နာ၊ နောက်မှ။ ဒသိတံ၊ ပြတော်မူ၏။ တသ္မာ၊ ကြောင့်။ ဝဋ္ဋလောဟကံသလောဟမယံ၊ ကြေးပုပ်, ကြေးဖြူဖြင့် ပြီးသော။ ယံ ကိဉ္စိ၊ အလုံးစုံသော။ ပါဒဂ္ဃာကဝါရကမ္ပိ၊ ၁-ကွမ်းစားဝင်သော ကြေးအိုး, ကြေးခွက်ကိုလည်း။ ဥပါဒါယ၊ စွဲ၍။ အဘာဇနီယမေ၀၊ မ၀ေဖန်အပ်သည်သာတည်း။ ဂိဟိဟိ၊ လူတို့သည်။ ဒိယျမာနမ္ပိ၊ လှူအပ်သော်လည်း။ ပုဂ္ဂလသ္မာ၊ ရဟန်းပုဂ္ဂိုလ်အတွက်။ သမ္ဗဇ္ဈိတုမ္ပိ၊ အလှူခံခြင်းငှာလည်း။ နံ ဝဋ္ဋတိ၊ မအပ်။

http://www.dhammadownload.com

၉။ ဝိမတိဝိနောဒနီဋီကာ၊ ကာယသံသဂ္ဂအဖွင့်၌ (ဝိမတိ၊၁။၂၆၂)-

အာရကၡဋ္ဌလောဟန္တိ သုဝဏ္ဏဝဏ္ဏော ကိတ္တိမလောဟဝိသေသော။ တိဝိဓံ ဟိ ကိတ္တိမလောဟံ ကံသလောဟံ ဝဋ္ဋလောဟံ ဟာရကၡဋ္ဌလောဟန္တိ။ တတ္ထ တိပုတမ္မေ မိဿေတ္တာ ကတံ ကံသလောဟံ နာမ၊ သီသတမ္မေ မိဿေတ္တာ ကတံ ဝဋ္ဋလောဟံ နာမ။ ရသတမ္မေဟိ ရဇ္ဇိတံ တမ္ဗံ[၁] ဟာရကၡဋ္ဌလောဟံ နာမ။ တံ ပန ဇာတရူပဂတိကန္တိ ဝုတ္တတ္တာ ဥဂ္ဂဏှတော နိဿဂ္ဂိယမိဿ ဟောတိတိ ကေစိ ဝဒန္တိ။ ရူပိယေသု ပန အဂဏှိကတ္တာ နိဿဂ္ဂိယံ န ဟောတိ၊ အာမသနေ, သမ္ပဇ္ဇစ္စနေ စ ဒုက္ကဋမေဝါတိ ဝေဒိတဗ္ဗံ- ဟု လာသည်။

အာရကၡဋ္ဌလောဟန္တိ၊ ဟူသည်ကား။ သုဝဏ္ဏဝဏ္ဏော၊ ရွှေနှင့်တူသော အဆင်းရှိသော။ ကိတ္တိမလောဟဝိသေသော၊ ကိတ္တိမကြေးအထူးတည်း။ ဟိ၊ မှန်၏။ ကိတ္တိမလောဟံ၊ သည်။ ကံသလောဟံ၊ လည်းကောင်း။ ဝဋ္ဋလောဟံ၊ လည်းကောင်း။ ဟာရကၡဋ္ဌလောဟံ၊ လည်းကောင်း။ ဣတိ၊ သို့။ တိဝိဓံ၊ ၏။ တတ္ထ၊ တို့တွင်၊ တိပုတမ္မေ၊ သလွဲဖြူကြေးနီတို့ကို။ မိဿေတ္တာ၊ ရောရ၍။ ကတံ၊ ပြုအပ်သောကြေးသည်။ ကံသလောဟံ နာမ၊ မည်၏။ သီသတမ္မေ၊ သလွဲမည်း,ကြေးနီတို့ကို။ မိဿေတ္တာ၊ ရောရ၍။ ကတံ၊ ပြုအပ်သောကြေးသည်။ ဝဋ္ဋလောဟံ နာမ၊ မည်၏။ ရသတမ္မေဟိ၊ ပြဒါး, ကြေးနီတို့ဖြင့်။ ရဇ္ဇိတံ၊ ကြိုအပ်သော။ တမ္ဗံ၊ ကြေးနီသည်။ ဟာရကၡဋ္ဌလောဟံ နာမ၊ တေးမည်၏။ ဝါ၊ ခပ်ပြာမည်၏။ တံ ပန၊ ထိုခပ်ပြာသည်ကား။ ဇာတရူပဂတိတံ၊ ရွှေနှင့်တူ၏။ ဣတိ၊ သို့။ ဝုတ္တတ္တာ၊ ဆိုသောကြောင့်။ ဥဂ္ဂဏှတော၊ ကိုင်ယူသောရဟန်းအား။ နိဿဂ္ဂိယံ၊ နိဿဂ္ဂိ ပါစိတ်သည်လည်း။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ကေစိ၊ အချို့သော ဆရာတို့သည်။ ဝဒန္တိ၊ ဆုံ၏။ ရူပိယေသု၊ ရွှေတို့၌။ အဂဏှိကတ္တာ၊ မရေတွက်အပ်သည်၏ အဖြစ်ကြောင့်။ နိဿဂ္ဂိယမိဿ၊ သည်။ န ဟောတိ၊ မဖြစ်။ အာမသနေစ၊ သုံးသပ်ခြင်း၌ လည်းကောင်း။ သမ္ပဇ္ဇစ္စနေ စ၊ အလျှူခံခြင်း၌လည်းကောင်း။ ဒုက္ကဋမေဝ၊ ဒုက္ကဋ်သာလျှင် သင့်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

၁၀။ တိပုမယောတိ ကာဠတိပုမယော။ သီသမယောတိ သေတတိပုမယော - ဟု ဝိနယဝိနိစ္ဆယဋီကာ(၁။၃၃၆)၌ လာသည်။

၁။ ရသတမ္မေ မိဿေတ္တာ ကတံ။ (ရသတမ္မေ၊ ပြဒါး,ကြေးနီတို့ကို။ မိဿေတ္တာ၊ ရောရ၍။ ကတံ၊ ပြုအပ်သောကြေးသည်။)ဟု ဆဋ္ဌမ္ပဒ်၌ ရှိသည်။

http://www.dhammadownload.com

တိပုမယောတိ၊ ဟူသည်ကား။ ကာဠတိပုမယော၊ မည်းသောသလွဲဖြင့် ပြီး၏။ သီသမယောတိ၊ ဟူသည်ကား။ သေတတိပုမယော၊ ဖြူသောသလွဲဖြင့် ပြီး၏။ထိုဋီကာအလိုအားဖြင့် "'တိပု၊ သလွဲမည်း။ သီသ၊ သလွဲဖြူ" ဟု ပေးလို၏။

၁၁။ ပညတ္တတ္ထာဝဋ္ဋိကျမ်းဌီကား–

"တိပု၊ သလွဲဖြူ။ သီသ၊ သလွဲမည်း"ဟု ရှိသည်။

၁၂။ **စူဠဝါအဋ္ဌကထာ၊ သေနာသနက္ခန္ဓကအဖွင့်ဌ(နှာ-၈၀)လည်း –**

ကံသလောဟာဒိဘာဇနံ သံယဿ ဒိန္နမ္ပိ ဟိ ပါရိဟာရိယံ န ဝဋ္ဋတိ။ ဂိဟိဝိကဋ္ဌ-
နိဟာရေနေဝ ပရိဘုဉ္ဇိတဗ္ဗန္တိ မဟာပစ္စရိယံ ဝုတ္တံ–

ဟု ဆိုတော်မူ၏။

ဟိ၊ မှန်၏။ ကံသလောဟာဒိဘာဇနံ၊ ကြေးဖြူစသည်တို့ဖြင့် ပြုအပ်သော ခွက်ကို။ သံယဿ၊ အား။ ဒိန္နမ္ပိ၊ လှူအပ်သော်လည်း။ ပါရိဟာရိယံ၊ သပိတ်ကဲ့သို့ ဆောင်၍ သုံးဆောင်ခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ ဂိဟိဝိကဋ္ဌနိဟာရေနေဝ၊ လူတို့၏ဥစ္စာကို သုံးဆောင်သကဲ့သို့ ထားသောနည်းဖြင့်သာလျှင်။ ပရိဘုဉ္ဇိတဗ္ဗံ၊ ၏။ ဣတိ၊ သို့။ မဟာပစ္စရိယံ၊ ၌။ ဝုတ္တံ၊ ၏။

၁၃။ **ဝိမတိဝိနောဒနီဋီကာ၌လည်း–**

ပါရိဟာရိယံ န ဝဋ္ဋတီတိ ပတ္တာဒိပရိက္ခာရံ ဝိယ သယမေဝ ပဋိသာမေတွာ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ၊ ဂိဟိသန္တကံ ဝိယ အာရာမိကာဒယော စေ သယမေဝ ဂေါပေတွာ ဝိနိယောဂကာလေ အာနေတွာ ပဋိနေန္တိ၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ "ပဋိသာ-
မေတွာ ဘိက္ခူနံ ဒေထာ"တိ ဝတ္တုမ္ပိ ဝဋ္ဋတိ(ဝိမတိ၊၂။၂၄၆)–

ဟု ဖွင့်တော်မူ၏။

ပါရိဟာရိယံ န ဝဋ္ဋတီတိ၊ ဟူသည်ကား။ ပတ္တာဒိပရိက္ခာရံ ဝိယ၊ သပိတ် စသော ပရိက္ခရာကဲ့သို့။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ ပဋိသာမေတွာ၊ သိုမှီး၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ ဂိဟိသန္တကံ ဝိယ၊ လူတို့၏ ဥစ္စာကဲ့သို့။ အာရာမိကာ-ဒယော၊ အာရာမ်စောင့် စသည်တို့သည်။ သယမေဝ၊ သာလျှင်။ ဂေါပေတွာ၊ လုံခြုံစေ၍။ ဝါ၊ သိမ်းထား၍။ ဝိနိယောဂကာလေ၊ သုံးဆောင်ခြင်းနှင့် ယှဉ်သောအခါ၌။ အာနေတွာ၊ ဆောင်၍။ စေ ပဋိနေန္တိ၊ အကယ်၍ ကပ်ကုန်သည် ဖြစ်အံ့။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။

http://www.dhammadownload.com

ဝဋ္ဋတိ၊ ၏။ ဘိက္ခူနံ၊ တို့အား။ ပဋိသာမေတွာ၊ ၍။ ဒေထ၊ ပေးကြကုန်လော့။ ဣတိ၊ သို့။ ဝတ္ထုမ္ဖို၊ ဌာလည်း။ ဝဋ္ဋတိ၊ ၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍-

- ကြေးဖြူ, ကြေးပုပ်, ကြေးဝါတို့ဖြင့် ပြုသော ခွက်ဖလား, လင်ဗန်း, ကွမ်းအစ်တို့သည်လည်းကောင်း,
- ထိုကြေးတို့နှင့် ကြေးနီကို ရောစ၍ ပြုသော ခွက်ဖလားစသည်တို့သည်လည်းကောင်း,
- ဇာတိဖလိကမှ တပါးသော ကျောက်စသည်တို့ကို ချက်၍လုပ်သော ဖန်အုပ်, ဖန်ခွက်တို့သည်လည်းကောင်း,
- စဉ့်ဖြင့်ပြီးသော ခွက်တို့သည်လည်းကောင်း

ပဂ္ဂလိကဥစ္စာအဖြစ်ဖြင့် မအပ်။ သံဃိကဥစ္စာအဖြစ်, လူတို့၏ ဥစ္စာအဖြစ်ဖြင့် သုံးဆောင်ခြင်း ဌာအပ်သည်။

ဇာတိဖလိကမည်သော ဖန်ကျောက်ကို ပြုအပ်သော ဖန်စစ်ခွက်, ပြဒါး, ကြေးနီတို့ဖြင့် ပြုလုပ်သော တေးခပ်ပြာခွက်တို့သည် သံဃိကဥစ္စာ အဖြစ်ဖြင့် သုံးဆောင်ခြင်းဌာလည်းကောင်း၊ လူတို့၏ ဥစ္စာသည်လည်းကောင်း ကိုင်ခြင်း, သုံးဆောင်ခြင်းဌာ မအပ်ကုန်-ဟု မှတ်လေ။

ထိုစကား၌-

> အယပတ္တော အယထာလကံ တမ္မလောဟထာလကန္တိ ဣမာနိ ပန ဘာဇနိ-ယာနိ။ ကံသလောဟဝဋ္ဋလောဟဘာဇနဝိကတိ သံဃိကပရိဘောဂေန ဝါ ဂိဟိ-ဝိကဋ္ဌာနိ ဝါ ဝဋ္ဋတိ၊ ပဂ္ဂလိကပရိဘောဂေန နှ ဝဋ္ဋတိ။ ကံသလောဟဒိဘာဇနံ သံဃသ ဒိန္နမ္ပိ ဟိ ပရိဟရိတုံ နှ ဝဋ္ဋတိ၊ ဂိဟိဝိကဋ္ဌနိဟာရေနေဝ ပရိဘုဉ္ဇိ-တဗ္ဗန္တိ မဟာပစ္စရိယံ ဝုတ္တံ။ (ဝိ၊၄၊၄။၇၉)-

ဟု လာသော စူဠဝါအဋ္ဌကထာ သေနာသနက္ခန္ဓက ဂရုဘဏ်အဖွင့်(အဝိဿဇ္ဇိယဝတ္ထုကထာ) ကို ထောက်၍ ဆွမ်းစားခွက်သာ မဟုတ်၊ အလုံးစုံ အသုံးအဆောင်၌ပင် ယူအပ်သည် အဖြစ်ကို သိလေ။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၃၁] နှီးခွက်စသည်၌ ဆွမ်းထည့်စားခြင်း

(၁) မေး။ ။ ဆွမ်းစားသောအခါ အပ်သောသပိတ်ခွက် မရှိ၍ အုပ်စသည်တို့၌ ထည့်၍ စားအပ်ပါမည်လော?

ဖြေ။ ။ အာဂန္တုကရဟန်း ဆွမ်းစားသောအခါ အပ်သောသပိတ် မရှိမူ နှီးခွက်, သစ်သားခွက် စသည်တို့၌ ထည့်၍ ဆွမ်းစားခြင်းငှာ အပ်သည်။

၁။ တုမ္ဟကဋ္ဌာဟန္တိ လာဗုကဋ္ဌာဟံ ဝုစ္စတိ၊ တံ ပရိဟရိတုံ န ဝဋ္ဋတိ။ လဘိတ္ဝာ ပန တာဝကာလိကံ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ ယဉ္ဇိကဋ္ဌာဟေပိ ဧသေဝ နယော။ ယဉ္ဇိကဋ္ဌာဟန္တိ ယဉ္ဇိကပါလံ-

ဟု လာသော စူဠဝါအဋ္ဌကထာ၊ ခုဒ္ဒကဝတ္ထုအဖွင့်ကို ထောက်(ဝိ၊၆၊၎။၄၈)။

တုမ္ဟကဋ္ဌာဟန္တိ၊ ဟူသည်ကား။ လာဗုကဋ္ဌာဟံ၊ ဗူးအုံကို။ ဝုစ္စတိ၊ အပ်၏။ တံ၊ ထိုဗူးအုံကို။ ပရိဟရိတုံ၊ သွားရာဆောင်ခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ လဘိတ္ဝာ ပန၊ ရသည်ရှိသော်ကား။ တာဝကာလိကံ၊ အခိုက်အတန့်ကို။ ပရိဘုဉ္ဇိတုံ၊ ဆွမ်းထည့်၍ သုံးဆောင်ခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ ယဉ္ဇိကဋ္ဌာဟေပိ၊ အိုးအုံ၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင်နည်းရှိ၏။ ယဉ္ဇိကဋ္ဌာဟန္တိ၊ ကား။ ယဉ္ဇိကပါလံ၊ အိုးခြမ်းကွဲတည်း။

၂။ ဝိမတိဝိနောဒနီဋီကာ၌လည်း-

ပရိဟရိတုန္တိ ဒိဝသေ ဒိဝသေ ပိဏ္ဍာယ စရဏတ္ထာယ ဌပေတုံ။ပတ္တံ အလဘန္တေန ပန ဧကဒိဝသံ ပိဏ္ဍာယ စရိတ္ဝာ ဘုဉ္ဇိတ္ဝာ ဆဋ္ဌေတုံ ဝဋ္ဋတိ။ တေနာဟ "တာဝကာလိကံ ပရိဘုဉ္ဇိတုံ ဝဋ္ဋတီ"တိ။ ပဏ္ဏပုဋ္ဌာဒီသုပိ ဧသေဝ နယော- ဟု ဆိုတော်မူ၏(ဝိမတိ၊၂။၂၃၁)။

ပရိဟရိတုန္တိ၊ ကား။ ဒိဝသေ ဒိဝသေ၊ နေ့တိုင်း နေ့တိုင်း။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရဏတ္ထာယ၊ သွားခြင်းငှာ။ ဌပေတုံ၊ ထားခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ ပတ္တံ၊ သပိတ်ကို။ အလဘန္တေန ပန၊ မရသဖြင့်ကား။ ဧကဒိဝသံ၊ တစ်နေ့။ ပိဏ္ဍာယ၊ ငှာ။ စရိတ္ဝာ၊ ၍။ ဘုဉ္ဇိတ္ဝာ၊ ၍။ ဆဋ္ဌေတုံ၊ စွန့်ပစ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ တေန၊ ကြောင့်။ တာဝကာလိကံ ။ပ။ ဝဋ္ဋတီတိ၊ ဟူ၍။ အာဟ၊ ဆိုတော်မူ၏။ ပဏ္ဏပုဋ္ဌာဒီသုပိ၊ ထန်းရွက်တောင်းစသည်တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင် နည်းရှိ၏။

ပဏ္ဏပုဋ္ဌာဒီသု၌ အာဒိသဒ္ဒါဖြင့် အုပ်, ဒေါင်းပေါင် စသည်ကို ယူလေ။

http://www.dhammadownload.com

၃။ ပဒိုက္ခိတ္တတ္တာ ပန ဒါရုမယာပိ န ဝဋ္ဋတိ -

ဟု စူဠဝါ၊ ခုဒ္ဒကဝတ္ထုခန္ဓကဋ္ဌ လာသောကြောင့် သစ်သားခွက်, နှီးခွက်တို့၌ ဆွမ်းအမြဲထည့်၍ စားခြင်းငှာ မအပ်-ဟု မှတ်လေ(ဝိ၊၄၊၇၁၁)။

ပဒိုက္ခိတ္တတ္တာ ပန၊ ပယ်အပ်သည်၏ အဖြစ်ကြောင့်။ ဒါရုမယာပိ၊ သစ်သား, ဝါးဖြင့်ပြီးသော ခွက်သည်လည်း။ န ဝဋ္ဋတိ၊ မအပ်။

✪ ✪ ✪ ✪ ✪

[၃၂] အပ်သောခွက် ၃-လုံး

(၁) မေး။ ။ သပိတ်မှတပါး ဆွမ်းစားခြင်းငှာ အပ်သောခွက် အဘယ်မျှ ရှိပါသနည်း?

ဖြေ။ ။ သပိတ်မှတပါး ဆွမ်းစားခြင်းငှာ အပ်သောခွက်သည် ကြေးနီခွက်, မြေခွက်, သံခွက်အားဖြင့် ၃-လုံးရှိသည်။

၁။ ကပ္ပိယထာလကာ တိသော၊ တမ္မာ'ယောမတ္တိကာမယာ-

ဟု လာသော ခုဒ္ဒသိက္ခာအဋ္ဌကထာကို ထောက်(ခုဒ္ဒသိက္ခယ)။

တမ္မာ'ယောမတ္တိကာမယာ၊ ကြေးနီ, သံ, မြေဖြင့်ပြီးကုန်သော။ ကပ္ပိယထာလကာ၊ အပ်သောဆွမ်းခွက်တို့သည်။ တိသော၊ ၃-ပါး အပြားရှိကုန်၏။

✪ ✪ ✪ ✪ ✪

[၃၃] ဘုရားအား လက်ညှိုးဖြတ်လှူခြင်း

(၁) မေး။ ။ ဘုရားကို ကြည်ညိုး၍ လက်ညှိုးကို ဖြတ်၍လှူသော ရဟန်းအား အဘယ်အာပတ်သင့်ပါသနည်း?

ဖြေ။ ။ ဘုရားကို ကြည်ညိုး၍ လက်ညှိုးကို ဖြတ်၍လှူသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်။

http://www.dhammadownload.com

၁။ အညဲ့ ပန ကဏ္ဍနာသာအဂုံလိအာဒီ ယံကိဉ္စိ ဆိန္နန္တသ္မာ တာဒိသံ ဝါ ဒုက္ခံ ဥပ္ပါဒေန္တသ္မာ ဒုက္ကဋံ-

ဟု လာသော **စူဠဝါအဋ္ဌကထာ၊ ခုဒ္ဒကဝတ္ထုအဖွင့်**ကို ထောက်(ဝိ၊၄၊၄။၄၆)။

အညဲ့ ပန၊ အင်္ဂါဇာတ်မှတပါးသော။ ကဏ္ဍနာသာအင်္ဂုံလိအာဒီ၊ နား, နှာခေါင်း, လက်ချောင်း အစရှိသော။ ယံကိဉ္စိ၊ အလုံးစုံသောကိုယ်အင်္ဂါကို။ ဆိန္နန္တသ္မာ၊ ဖြတ်သော ရဟန်းအားလည်းကောင်း။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဒုက္ခံ ဝါ၊ ဆင်းရဲကိုလည်း။ ဥပ္ပါဒေန္တသ္မာ၊ ဖြစ်စေသော ရဟန်းအားလည်းကောင်း။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။

ထိုအဋ္ဌကထာပါဠိကို ထောက်၍ ရဟန်းတို့မှာ ဘုရားကို ကြည်ညိုု၍ လက်ညှိုးကို ဖြတ်၍ လှူခြင်း၌ ဒါနကုသိုလ်ကို လို၍ အာဏာပညတ်ကို မလွန်ကျူးအပ်။ လွန်ကျူးမူ သီလကို ဖျက်၍ ဒါနပြုသောကြောင့် ခွေးနှင့်ငွေကို အလေးတူပြု၍ လဲသောလူကဲ့သို့ အကျိုးယုတ်သည်ဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

[၃၄]　ရဟန်းခံပြီးမှ မျိုးစေ့ ထုတ်ပယ်ခြင်း

(၁) **မေး**။ ။ ရဟန်းခံပြီးမှ မျိုးစေ့(ဝှေးစေ့)ကို ထုတ်သောရဟန်းမှာ ပါရာဇိကကျမည်လော?

ဖြေ။ ။ ရဟန်းခံပြီးမှ မျိုးစေ့ (ဝှေးစေ့)ကို ထုတ်သောရဟန်းသည် ပဏ္ဏာက်အရာ၌ တည်၍ ရဟန်းအသွင်ကို ဖျက်ဆီးရမည်။

၁။ ဗီဇေ ဟိ ဆိန္နေ ဩပက္ကမိကပဏ္ဏကော နာမ အဘဗ္ဗော ဟောတိတိ ဝဒန္တိ။ ဧကေ ပန ဗီဇဿာပိ ဆေဒနကဋ္ဌာနော ဒုက္ကဋာပတ္တိ ဧဝ။ ကမ္မေန ပုရိသိန္ဒြိယာ-ဒိကေ အန္တရဟိတေ ပဏ္ဏကော နာမ အဘဗ္ဗော ဟောတိ။ တဒါ လိင်္ဂနာ-သနာယ နာသေတဗ္ဗောတိ ဝဒန္တိ (ဝိမတိ၊၂။၂၂၉-၃၀)-

ဟု လာသော **ဝိမတိဝိနောဒနီဋီကာ၊ ခုဒ္ဒကဝတ္ထုကဉ္စုကအဖွင့်**ကိုထောက်။

ဟိ၊ မှန်၏။ ဗီဇေ မျိုးစေ့သည်။ ဆိန္နေ၊ ပြတ်သည်ရှိသော်။ ဩပက္ကမိကပဏ္ဏကော နာမ၊ ဩပက္ကမိကပဏ္ဏက် မည်၏။ အဘဗ္ဗော၊ ရဟန်းအဖြစ်၌ မထိုက်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ဧကေ ပန၊ အချို့ဆရာတို့သည်ကား။ ဗီဇဿာပိ၊ မျိုးစေ့ကို လည်း။ ဆေဒနကဋ္ဌာနော၊ ဖြတ်သောခဏ၌။ ဝါ၊ ထုတ်သောခဏ၌။ ဒုက္ကဋာပတ္တိ ဧဝ၊

http://www.dhammadownload.com

ဒုက္ကဋ်အာပတ်သင့်သည်သာတည်း။ ကမ္မေန၊ မျိုးစေ့ထုတ်သော အမှုကြောင့်။ ပုရိ-သိန္ဒြိယာဒိကေ၊ ပုရိသိန္ဒြေ အစရှိသော အသွင်သည်။ အန္တရဟိတေ၊ ကွယ်လတ်သော်။ ပဏ္ဏကော နာမ၊ ပဏ္ဏက်မည်၏။ အဘဗ္ဗော၊ ရဟန်းအဖြစ်၌ မထိုက်သည်။ ဟောတိ၊ ၏။ တဒါ၊ ထိုအခါ၌။ လိင်္ဂနာသနာယ၊ အသွင်ကို ဖျက်ခြင်းဖြင့်။ နာသေတဗ္ဗော၊ ဖျက်အပ်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။

၂။ **မဟာဝါအဋ္ဌကထာ၊ ပဗ္ဗဇ္ဇာခန္ဓက(ပဏ္ဏကဝတ္ထုကထာ)၌လည်း-**

ယဿ ဥပဇ္ဈာမေန ဗီဇာနိ အပနီတာနိ။ အယံ ဩပဇ္ဈာမိကပဏ္ဏကော နာမ-ဟု ဆိုတော်မူ၏(ဝိ၊ဋ္ဌ၊၃။၂၉၇)။

ယဿ၊ အကြင်သူအား။ ဥပဇ္ဈာမေန၊ ပယောဂ ပြုသဖြင့်။ ဗီဇာနိ၊ မျိုးစေ့တို့ကို။ ဝါ၊ ဝှေးစေ့တို့ကို။ အပနီတာနိ၊ ထုတ်အပ်ကုန်၏။ အယံ၊ ဤသူသည်။ ဩပဇ္ဈာမိက-ပဏ္ဏကော နာမ၊ မည်၏။

၃။ **ဝိမတိဝိနောဒနီဋီကာ၊ ၎င်းပဗ္ဗဇ္ဇာခန္ဓကအဖွင့်၌လည်း-**

> ဗီဇာနိ အပနီတာနိတိ ဝုတ္တတ္တာ ဗီဇေသု ဋ္ဌိတေသု နိမိတ္တမတ္တေ အပနီတေ ပဏ္ဏကော နာ ဟောတိ။ ဘိက္ခုနောပိ အာဇာဓပစ္စယာ တဒုပနယေ ထုလ္လစ္စယမေဝ၊ နာ ပန ပဏ္ဏကတ္တံ။ ဗီဇေသု ပန အပနီတေသု အဂ်ီဇာတမ္ပိ ရာဂေန ကမ္မနိယံ နာ ဟောတိ၊ ပုမဘာဝေါပိ ဝိဂစ္ဆတိ။ မဿုအာဒီသု ပုရိသလိင်္ဂမ္ပိ (မဿုအာဒိပုရိလိင်္ဂမ္ပိ ဥပသမ္ပဒါပိ) ဝိဂစ္ဆတိ။ ကိလေသပရိဠာဟောပိ ဒုန္နိဝါရဝိတိက္ကမော ဟောတိ၊ နပုံသကပဏ္ဏကဿ ဝိယ။ တသ္မာ ဤဒိသော ဥပသမ္ပန္နောပိ နာသေတဗ္ဗောတိ ဝဒန္တိ-

ဟု ဆိုတော်မူ၏(ဝိမတိ၊၂။၁၁၉။)

ဗီဇာနိ အပနီတာနိတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ကြောင့်။ ဗီဇေသု၊ မျိုးစေ့တို့သည်။ ဋ္ဌိတေသု၊ တည်ကုန်သည်ရှိသော်။ နိမိတ္တမတ္တေ၊ အဂ်ီဇာတ်မျှကို။ အပနီတေ၊ ပယ်လတ်သော်။ ပဏ္ဏကော၊ သည်။ နာ ဟောတိ။ မဖြစ်။ ဘိက္ခုနောပိ၊ အားလည်း။ အာဇာဓပစ္စယာ၊ အနာဟူသော အကြောင်းကြောင့်။ တဒုပနယေ၊ ထိုအဂ်ီဇာတ်ကို ပယ်ခြင်း၌။ ထုလ္လစ္စယ-မေဝ၊ ထုလ္လစ္စဉ်းအာပတ်လျှင် သင့်၏။ နာ ပဏ္ဏကတ္တံ၊ ပဏ္ဏက် မဖြစ်။ ဗီဇေသု၊ မျိုးစေ့တို့ကို။ ဝါ၊ ဝှေးစေ့တို့ကို။ အပနီတေသု၊ ထုတ်အပ်ကုန်သည်ရှိသော်။ အဂ်ီဇာတမ္ပိ၊ သည်လည်း။ ရာဂေန၊ ဖြင့်။ ဝါ၊ ကြောင့်။ ကမ္မနိယံ၊ ခိုင်မာသည်။ နာ ဟောတိ၊ မဖြစ်။ ပုမဘာဝေါပိ၊

http://www.dhammadownload.com

ယောကျ်ားဘာဝရုပ်သည်လည်း။ ဝိဂ္ဂတိ၊ ကင်း၏။ မသုအာဒီသု၊ မုတ်ဆိတ်စသည်တို့၌။ ပုရိသလိင်္ဂမို့၊ ယောကျ်ား အသွင်သည်လည်း။ ဝိဂ္ဂတိ၊ ကင်း၏။ ကိလေသပရိဠာဟောပိ၊ ကိလေသာပူပန်ခြင်းသည်လည်း။ ဒုန္နိဝါရဝိတိက္ကမော၊ မြစ်နှိုင်ခဲသော လွန်ကျူးခြင်းရှိသည်။ ဟောတိ၊ ၏။ နပုံသကပဏ္ဍကဿ ဝိယ၊ နပုံးပဏ္ဍုက်ကဲ့သို့တည်း။ တသ္မာ၊ ကြောင့်။ ဤဒိသော၊ ဤသို့သောသဘောရှိသော။ ဥပသမ္မန္နောပိ၊ ရဟန်းကိုလည်း။ နာသေတဗ္ဗော၊ ဖျက်ဆီးအပ်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။

✪ ✪ ✪ ✪ ✪

[၃၅] ရဟန်းခံပြီးမှ လိင်ပြန်ခြင်း

(၁) **မေး။** ။ ယခုအခါ သာသနာ၌ ရဟန်းခံပြီးမှ လိင်ပြန်၍ မိန်းမဖြစ်သော ရဟန်းကို အဘယ်သို့ ပြုရပါအံ့နည်း?

ဖြေ။ ။ **ဘိက္ခုနီမ သာသနာရှိတုန်းအခါ၌ ရဟန်းယောကျ်ား လိင်ပြန်၍ မိန်းမဖြစ်မူ ရဟန်းအဖြစ်၌ တည်သည်ဟု လာသောကြောင့် ယခုအခါမှာ သာသနာ့ဝန်ထမ်းရဟန်းသည် လိင်ပြန်၍ မိန်းမဖြစ်မူ ဘိက္ခုနီမခေတ် မရှိသောကြောင့် လိင်္ဂနာသနဖြင့် ရဟန်းအသွင်ကိုဖျက်ဆီး၍ လူ၏အဖြစ်ဖြင့်သာ ဒါန,သီလ, ဘာဝနာကို အားထုတ်၍ နေရမည်။**

၁။ ဟောတု မာ စိန္တယိတ္ထ၊ ဝဋ္ဋသ္မေ'ဝေ'သော ဒေါသော၊ သမ္မာသမ္ဗုဒ္ဓေန ဒွါရံ ဒိန္နံ၊ ဘိက္ခု ဝါ ဟောတု ဘိက္ခုနီ ဝါ အနာဝဋ္ဌော ဓမ္မော အဝါရိတော သဂ္ဂမဂ္ဂေါတိ-

(ဝိ၊ဋ္ဌ၊၁။ ၂၃၈)

စသည်ဖြင့်လာသော ပါရာဇိကဏ်အဋ္ဌကထာ၊ ပထမပါရာဇိကဝိနီတဝဏ္ဏုအဖွင့်ကို ထောက်။

ဟောတု၊ လိင်ပြန်သည်ဖြစ်စေ။ မာ စိန္တယိတ္ထ၊ နှလုံးမသာ မကြံစည်ပါလင့်။ ဧသော၊ ဤအပြစ်သည်။ ဝဋ္ဋသ္မေဝ၊ သံသရာဝဋ်၏သာလျှင်။ ဒေါသော၊ အပြစ်တည်း။ သမ္မာသမ္ဗုဒ္ဓေန၊ သည်။ ဒွါရံ၊ ရဟန်းယောကျ်ား လိင်ပြန်မူ ရဟန်းမိန်းမ ဖြစ်စေဟူသောအခွင့်ကို။ ဒိန္နံ၊ ပေးတော်မူအပ်၏။ ဘိက္ခု ဝါ၊ သည်လည်း။ ဟောတု၊ စေ။ ဘိက္ခုနီ ဝါ၊ သည်လည်း။ ဟောတု၊ စေ။ ဓမ္မော၊ ကျင့်အပ်သော တရားကို။ အနာဝဋ္ဌော၊ မပြစ်အပ်။ သဂ္ဂမဂ္ဂေါ၊ နတ်ပြည်ခရီးကို။ အဝါရိတော၊ မပြစ်အပ်။

http://www.dhammadownload.com

ထိုအဋ္ဌကထာပါဠိကို ထောက်၍ ယခုအခါ သာသနာထမ်း ရဟန်းသည် လိင်ပြန်၍ မိန်းမဖြစ်မူ ဘိက္ခုနီမခေတ်မရှိ၍ ရဟန်းမိန်းမသီလ၌ မတည်သောကြောင့် ရဟန်းအသွင်ကို ဖျက်၍ လူအဖြစ်၌ တည်သဖြင့် ဒါန,သီလ, ဘာဝနာကို အားထုတ်မူ နတ်ပြည်, လူ့ပြည်၌ ဖြစ်နိုင်သည်ဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

[၃၆] ပုရိသလိင်ပြန်ပေါ်လျှင် ရဟန်းပြန်ခံထိုက်

(၁) မေး။ ။ ရဟန်းခံပြီးမှ လိင်ပြန်၍, မိန်းမဖြစ်၍ ရဟန်းအသွင်ကို ဖျက်သဖြင့် လူအသွင်ဖြင့်နေရာ တဖန်ပင် ပုရိသလိင် ပေါ်လာပြန်သောအခါ ရဟန်းပြုလိုမူ ရဟန်းအဖြစ်ကို ရပါမည်လော?

ဖြေ။ ။ ထိုရဟန်းခံပြီးမှ လိင်ပြန်၍, မိန်းမဖြစ်၍ ရဟန်းအသွင်ကို ဖျက်သဖြင့် လူအသွင်ဖြင့် နေရာ တဖန်ပင် ပုရိသလိင် ပေါ်လာပြန်သောအခါ ရဟန်းပြုလိုမူ ရဟန်းခံထိုက်သည်။

၁။ ပုန ပကတိလိင်ေ ဉပ္ပန္နေပိ တာဟိ အာပတ္တိဟိ တဿ အနာပတ္တိယေဝ–

ဟုလာသော ပါရာဇိကဏ်အဋ္ဌကထာ ပထမပါရာဇိကအဖွင့်ကို ထောက်။(ဝိ၊ဋ္ဌ၊၁။၂၃၈)။

ပုန၊ တဖန်။ ပကတိလိင်ေ၊ ပကတိဖြစ်သော ပုရိသလိင်သည်။ ဉပ္ပန္နေပိ၊ ပေါ်လာပြန်သော်လည်း။ တာဟိ အာပတ္တိဟိ၊ ထိုဘိက္ခုနီမအားသာ သင့်ထိုက်သော အာပတ်တို့ဖြင့်။ တဿ၊ ထိုရဟန်းအား။ အနာပတ္တိယေဝ၊ အာပတ်မသင့်သည်သာတည်း။

ထိုအဋ္ဌကထာကို ထောက်၍ လိင်ပြန်သော ယောကျ်ား, မိန်းမတို့သည် ပဏ္ဏာက်၅-မျိုးမှ လွတ်သည်ဟု မှတ်ပေ။ ထိုအဋ္ဌကထာပါဠိကို ထောက်၍ ယခုအခါ လိင်ပြန်သော မိန်းမကို ရဟန်းခံလိုမူ ခံထိုက်သည်ဟု မှတ်လေ။

၂။ **ဝိမတိဝိနောဒနီဋီကာ၌**(ဝိမတိ၊၁။၁၅၉)–

ပါရာဇိကံ အာပန္နာနံ ဂ္ဂတ္ထိပုရိသာနံ လိင်ေ ပရိဝတ္တေပိ ပါရာဇိကဿ ဧကဿိ အတ္တဘာဝေ အဝိဇဟနတော ပုန ဥပသမ္ပဒါ နာ ဒါတဗ္ဗာတိ ဂဟေတဗ္ဗံ-

ဟု ဆိုတော်မူ၏။

http://www.dhammadownload.com

၃။ **ဝဇိရဗုဒ္ဓိဋီကာ**(နှာ-၁၁၄), **သာရတ္ထဒီပနီဋီကာ**(၁။၁၀၆)တို့၌လည်း နည်းတူ လာသည်။

ပါရာဇိကံ၊ သို့။ အာပန္နာနံ၊ ရောက်ကုန်သော။ ကွတ္ထိပုရိသာနံ၊ တို့အား။ လိင်္ဂေ၊ သည်။ ပရိဝတ္တေပိ၊ ပြန်သော်လည်း။ ပါရာဇိကာသ၊ ၏။ ဧကသ္မိံ အတ္တဘာဝေ၊ တစ်ခုသော ဘဝ၌။ အဝိဇဟနတော၊ မစွန့်သည်၏ အဖြစ်ကြောင့်။ ပုန၊ တဖန်။ ဥပသမ္ပဒါ၊ ရဟန်း အဖြစ်ကို။ န ဒါတဗ္ဗာ၊ မပေးအပ်။ ဣတိ၊ သို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

✪ ✪ ✪ ✪ ✪

[၃၇] အာပတ် မကုစားဘဲ လူထွက်ပြီး ရဟန်းပြန်ခံလျှင် အာပတ်ဆက်သင့်

(၁) **မေး**။ ။ ရဟန်းအဖြစ်ဖြင့် ပါရာဇိကမှု တပါးသော အာပတ်သင့်၍မကုစားဘဲ သိက္ခာကို စွန့်၍ လူထွက်သောသူသည် တဖန် ရဟန်းခံပြန်သောအခါ ယခင်ရဟန်း ဖြစ်တုန်းကသင့်သော အာပတ်စင်ကြယ်ပါမည်လော?

ဖြေ။ ။ ရဟန်းခံ၍ ရဟန်းဖြစ်သောအခါ သင့်သော အာပတ်ကို မကုစားဘဲ သိက္ခာ ချ၍ လူထွက်ပြီးမှ တဖန် ရဟန်းခံပြန်သော ပုဂ္ဂိုလ်မှာ ပထမရဟန်းဖြစ်စဉ်က သင့်သော အာပတ်သည် သိက္ခာကို ချ၍ လူထွက်သောအခါ သီလမရှိ၍ ကင်းသော်လည်း တဖန် ရဟန်းခံ၍ ရဟန်းသီလ တည်ပြီးသောအခါ သင့်ပြီး သော အာပတ်လည်း ဒေသနာမကြားသမျှ မထဘဲ တည်မြဲ တည်ပြန်သည်။ ထို့ကြောင့် ပထမရဟန်း ခံတုန်းက သံဃာဒိသိသ် သင့်ဖူးလျှင် လူထွက်၍ တဖန် ရဟန်းခံပြန်သောအခါ ဝုဋ္ဌာနကံဖြင့် ကုမှ စင်ကြယ်သည်။ ဒေသနာဂါမိ **အာပတ်သင့်ဖူးလျှင် ဒေသနာကြားမှ စင်ကြယ်သည်**။

၁။ ပုဗ္ဗေ အာပန္နာပတ္တိယော ဥပ္ပဇ္ဇဇိတာသပိ န ပဋိပ္ပဿမ္ဘန္တိ–

ဟူ၍လည်းကောင်း(နှာ-၄၄၅),

ဥပသမ္ပန္နော ဘိက္ခု အန္တမသော ဒုဿသိတမိ္ပ အာပဇ္ဇိတ္ဝာ အပရဘာဂေ ဝိဒ္ဓမိတ္ဝာ အာဂတော ဥပသမ္ပဒ္ဒတိ၊ တံ အာပတ္တိ ဒေသေတ္ဝာဝ သုဒ္ဓတိ၊ နာညထာတိ-

ဟူ၍လည်းကောင်း(နှာ-၄၄၄)လာသော **ဝဇိရဗုဒ္ဓိဋီကာ**၊ **မဟာဝါခန္ဓကအဖွင့်**ကို ထောက်။

http://www.dhammadownload.com

ပုဗ္ဗေ၊ ရှေးရဟန်းဖြစ်သောအခါ၌။ အာပန္နာပတ္တိယော၊ သင့်သောအာပတ်တို့သည်။ ဥပ္ပဇ္ဇဇိတဿပိ၊ လူထွက်သော်လည်း။ န ပဋိပ္ပဿမ္ဘန္တိ၊ မငြိမ်းကုန်။

ဥပသမ္ပန္နော၊ ပဋိဉာဏ်းဖြစ်သော။ ဘိက္ခု၊ သည်။ အန္တမသော၊ အယုတ်သဖြင့်။ ဒုဿာသိတမ္ပိ၊ ဒုဿာသီအာပတ်သို့လည်း။ အာပဇ္ဇိတ္တော၊ ရောက်၍။ အပရဘာဂေ၊ နောက်အဖို့၌။ ဝိဿမိတ္တော၊ လူထွက်၍။ အာဂတော၊ လာသည်။ ဟုတ္တော၊ ဖြစ်၍။ ဥပသမ္ပဒ္ဓါတိ၊ ရဟန်းခံပြန်၏။ တံ အာပတ္တိ၊ ထို ရဟန်းဖြစ်စဉ်တုန်းက သင့်သောအာပတ်ကို။ ဒေသေတွာဝ၊ ဒေသနာ ကြား၍သာလျှင်။ သုဇ္ဈတိ၊ စင်ကြယ်၏။ အညထာ၊ ဒေသနာကြားသည်မှ တပါး လူထွက်ရုံမျှဖြင့် မစင်ကြယ်။

ထိုဦးကာ၌ ဒေသေတွာဝ၌ ဒေသနာသဒ္ဒါဖြင့် ဝုဋ္ဌာနကံကိုလည်း ပြတော်မူသည်ဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

[၃၈] မျက်စိကန်းသူ စသည်ကို ရဟန်းခံပေးခြင်း

(၁) မေး။ ။ မျက်စိကန်းသောသူ, နားမကြားသောသူ, ခြေ,လက် မရှိသော သူတို့ကို ရဟန်းခံပေး၍ ရဟန်းဖြစ်ပါမည်လော?

ဖြေ။ ။ မျက်စိ မမြင်သောသူ၊ နားမကြားသောသူ၊ ခြေ,လက် ပြတ်သောသူ အစရှိသော ၃-ကျိပ် ၂-ယောက်သောသူ, **နူသောသူ-အစရှိသော ၁-ကျိပ် ၃-ယောက် သောသူတို့ကို ရဟန်းခံပေးမူ ရဟန်းဖြစ်သည်။ ကာရကသံဃာနှင့် ကမ္မဝါစာ ဆရာ, ဥပဇ္ဈာယ်တို့မှာ အာပတ်သင့်သည်။**

၁။ သစေ ပန တေ သံယော ဥပသမ္ပာဒေတိ၊ သဗ္ဗေပိ ဟတ္ထစ္ဆိန္နာဒယော သူပသမ္ပန္နာ၊ ကာရကသံယော ပန အာစရိယုပဇ္ဈာယာ စ အာပတ္တိတော န မုစ္စန္တိ–

ဟု လာသော မဟာဝါအဋ္ဌကထာ၊ မဟာခန္ဓကအဖွင့်ကို ထောက်(ဝိ၊ဋ္ဌ၊၃။၃၁၃)။

ပန၊ အထူးကို ပြဆိုဦးအံ့။ တေ၊ ထို ရဟန်းမခံထိုက်သော မျက်စိမမြင်, နားမကြားသောသူ စသည်တို့ကို။ သံယော၊ သည်။ သစေ ဥပသမ္ပာဒေတိ၊ အကယ်၍ ရဟန်းခံပေးသည်ဖြစ်အံ့။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဟတ္ထစ္ဆိန္နာဒယော၊ လက်ပြတ်သောသူ စသည်တို့သည်။ သူပသမ္ပန္နာ၊ ကောင်းစွာ ရဟန်းဖြစ်ကုန်၏။ ပန၊ ပါး။ ကာရက-

http://www.dhammadownload.com

သံယော စ၊ သည်လည်းကောင်း။ အာစရိယုပဇ္ဈာယာ စ၊ ကမ္မဝါစာဆရာ, ဥပဇ္ဈာယ်ဆရာတို့ သည်လည်းကောင်း။ အာပတ္တိတော၊ မှ။ နု မုစ္စန္တိ၊ မလွတ်ကြကုန်။

၂။ ဝိနယဝိနိစ္ဆယအဋ္ဌကထာ၌လည်း-

ဟတ္ထစ္ဆိန္နာဒိဟတ္ထိသ၊ ကုဋ္ဌိအာဒိ စ တေရသ။
အပတ္တော တေသမောသာရော၊ ကတော စေ ပန ဆုဟတိ-

ဟု ဆိုတော်မူ၏(ဝိနယဝိနစ္ဆယ။၂၄၅)။

ဟတ္ထစ္ဆိန္နာဒိဟတ္ထိသ၊ လတ်ပြတ်သောသူ အစရှိသော ၃-ကျိပ် ၂-ယောက်တို့သည် လည်းကောင်း။ ကုဋ္ဌိအာဒိ စ တေရသ၊ နူသောသူ အစရှိသော ၁-ကျိပ် ၃-ယောက်တို့သည် လည်းကောင်း။ ဣတိ၊ သို့။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ သြသာရော၊ ရဟန်းဘောင်သို့ သွင်းခြင်းသည်။ အပတ္တော၊ မရထိုက်။ ဝါ။ အပြစ်မလွတ်။ ပန၊ ထိုသို့ပင် မရထိုက်သော်လည်း။ စေ ကတော၊ အကယ်၍ ရဟန်းခံခြင်းကို ပြုအံ့။ ဆုဟတိ၊ ရဟန်းအဖြစ်သို့ ရောက်၏။

ဟတ္ထစ္ဆိန္နစသော ပုဂ္ဂိုလ်တို့အရကို ဝိနယဝိနိစ္ဆယအဋ္ဌကထာ။ မဟာခန္ဓက၊ ပရိသ-ဒူသက အဖွင့်၊ မဟာဝါအဋ္ဌကထာ။ မဟာခန္ဓကအဖွင့်၊ မဟာဝါပါဠိတော်တို့မှာ ရှု၍ မှတ်လေ။

✪ ✪ ✪ ✪ ✪

[၃၉]　ရဟန်းခံသော်လည်း ရဟန်း မဖြစ်သူများ

(၁) မေး။ ။ ရဟန်းခံသော်လည်း ရဟန်း မဖြစ်သောသူ အဘယ်မျှရှိပါသနည်း?

ဖြေ။ ။ ရဟန်းခံ၍ ရဟန်း မဖြစ်သောသူ ၂-ကျိပ် ၅-ယောက် ရှိသည်။

၁။ ဥပသမ္ပဒကမ္မဿ၊ အဘဗ္ဗာ ပဋိဝိသတိ။
အဇာနိတ္ဝာ ကတော စာပိ၊ သြသာရော နာသနာရဟော။ ။

ဟု လာသော ဝိနယဝိနိစ္ဆယအဋ္ဌကထာ(ဝိနယဝိနိစ္ဆယ။၂၄၅)ကို ထောက်။

ဥပသမ္ပဒကမ္မဿ၊ ရဟန်းခံသောကံအား။ ပဋိဝိသတိ၊ ၂-ကျိပ် ၅-ယောက်သော သူတို့သည်။ အဘဗ္ဗာ၊ မရထိုက်ကုန်။ အဇာနိတ္ဝာ၊ မသိမူ၍။ သြသာရော၊ ရဟန်းဘောင်သို့ သွင်းခြင်းကို။ ဝါ၊ ရဟန်းခံခြင်းကို။ ကတော စာပိ၊ ပြုမိငြားသော်လည်း။ နာသနာရဟော၊ အသွင်ကိုဖျက်ဆီးထိုက်သည်။ ဟောတိ၊ ၏။

http://www.dhammadownload.com

၂။ ပဉ္စဝိသတိ အဘာဗပုဂ္ဂိုလ်အရကို–

ကတမာနိ စတုဝိသတိ၊ ပါဠိယဲ အာဂတာနိ တာဝ ဘိက္ခူနံ စတ္တာရိ, ဘိက္ခုနီနံ အသာဓာရဏာနိ စတ္တာရီတိ အဋ္ဌ၊ တာနိ ဧကာဒသန္နံ ပဏ္ဏကာဒီနံ အဘာဗ-ဘာဝသဒိသီတေဟိ ဧကာဒသဟိ ပါရာဇိကေဟိ သဒ္ဓိံ ဧကူနဝိသတိ, ဂိဟိဘာဝံ ပတ္ထယမာနာယ ဘိက္ခုနိယာ ဝိဗ္ဘန္တဘာဝပါရာဇိကေန သဒ္ဓိံ ဝီသတိ၊ အပရာနိပိ လမ္ဗီ, မုဒုပိဋ္ဌကော, ပရဿ အင်္ဂဇာတံ မုခေန ဂဏှာတိ, ပရဿ အင်္ဂဇာတေ အဘိနိသီဒတီတိ ဣမေသံ စတုန္နံ ဝသေန စတ္တာရိ အနုလောမပါရာဇိကာနိတိ ဝဒန္တိ။ ဣတိ ဣမာနိ စ စတ္တာရိ, ပုရိမာနိ စ ဝီသတီတိ သမောဓာနေတွာ သဗ္ဗာနေဝ စတုဝိသတိ ပါရာဇိကာနိ ဝေဒိတဗ္ဗာနိ (ကခ်ိ။ဋ္ဌ။၁၂၆)–

ဟု လာသော **မာတိကာအဋ္ဌကထာအရ** ၂၄-ပါးသော ပါရာဇိက အဘာဗပုဂ္ဂိုလ်တို့၌ အသက် ၂၀-မပြည့်သော ဥနဝိသတိဝဿပုဂ္ဂိုလ်ကို ထည့်၍ ပဉ္စဝိသတိအဘာဗရှိသည်-ဟု မှတ်လေ။

ထိုတွင် ဧကာဒသအဘာဗအရမှာ ပဏ္ဏက်၊ ထေယျသံဝါသက၊ တိတ္ထိယပက္ကန္တက၊ တိရစ္ဆာန်၊ မာတုဃာတက၊ ပိတုဃာတက၊ အရဟန္တဃာတက၊ လောဟိတုပ္ပါဒက၊ သံဃ-ဘေဒက၊ ဘိက္ခုနီဒူသက၊ ဥဘတောဗျဉ်းအားဖြင့် ၁-ကျိပ် ၁-ကို မှတ်လေ။

ထိုပုဂ္ဂိုလ်တို့၏အရ အကျယ်ကို လိမ္မ ပါရာဇိကဏ်အဋ္ဌကထာ။ မာတိကာ အဋ္ဌကထာ။ ဝိနယဝိနိစ္ဆယအဋ္ဌကထာ။ ပထမပါရာဇိကအဖွင့်။ မဟာဝါအဋ္ဌကထာ။ ပဗ္ဗဇ္ဇာခန္ဓကအဖွင့်မှာ ရှုလေ။

✪ ✪ ✪ ✪ ✪

[၄၀] ဥပဇ္ဈာယ်ဆရာ မရှိဘဲ ရဟန်းခံခြင်း

(၁) **မေး**။ ။ ဥပဇ္ဈာယ်ဆရာ မရှိဘဲလျက် ရဟန်းခံမူ ရဟန်းဖြစ်ပါမည်လော?

ဖြေ။ ။ ဥပဇ္ဈာယ်ဆရာ မရှိဘဲလျက် ရဟန်းခံသော်လည်း ရဟန်းလောင်းမှာ ရဟန်းဖြစ်သည်။ ရဟန်းခံ၍ ပေးသောသူတို့မှာ ဒုက္ကဋ်အာပတ်သင့်၍ အပြစ်မလွတ်။

၁။ **နန် ဘိက္ခဝေ အနုပဇ္ဈာယကောတိ** ဥပဇ္ဈံ အဂါဟာပေတွာ နိရုပဇ္ဈာယကော နာမ ဥပသမ္ပာဒေတဗ္ဗော။ ယော ဥပသမ္ပာဒေယျ အာပတ္တိ ဒုက္ကဋဿာတိ သိက္ခာပဒ-

http://www.dhammadownload.com

ပညတ္တိတော ပဌာယ ဧဝံ ဥပသမ္ပာဒေန္တသ္သ အာပတ္တိ ဟောတိ၊ ကမ္မံ ပန နကုပ္ပတိ။

ဟု လာသော မဟာဝါအဋ္ဌကထာ၊ မဟာခန္ဓကအဖွင့်(ဝိ၊၄၊၃။၃၀၇)ကို ထောက်။

နဘိက္ခဝေ အနုပဇ္ဈာယကောတိ၊ ဟူသည်ကား။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ဆရာကို။ အဂါဟာပေတွာ၊ မယူစေမူ၍။ နိရုပဇ္ဈာယကော၊ ဥပဇ္ဈာယ်ဆရာ မရှိသော ရဟန်းလောင်းကို။ နဥပသမ္ပာဒေတဗ္ဗော၊ ရဟန်းခံ၍ မပေးအပ်။ ယော၊ အကြင်ရဟန်းသည်။ ဥပသမ္ပာဒေယျ၊ ရဟန်းခံ၍ ပေးငြားအံ့။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋအာပတ်သင့်၏။ ဣတိ၊ သို့။ သိက္ခာပဒပညတ္တိတော၊ သိက္ခာပုဒ်ပညတ်သည်မှ။ ပဌာယ၊ စ၍။ ဧဝံ၊ ဤသို့။ ဥပသမ္ပာဒေန္တဿ၊ ရဟန်းခံပေးသောသူအား။ အာပတ္တိ၊ ဒုက္ကဋ် အာပတ်သင့်၏။ ပန၊ ထိုသို့ဒုက္ကဋ်သင့်သော်လည်း။ ကမ္မံ၊ ပြုအပ်သော ကံသည်။ နကုပ္ပတိ၊ မပျက်။

အဓိပ္ပာယ်ကား။ "ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ" ဟူ၍သာဟောတော်မူ၍ "သော စ ပုဂ္ဂလော အနုပသမ္ပန္နော" ဟူ၍ ဟောတော်မမူသောကြောင့်လည်းကောင်း, ဥပဇ္ဈာယ်ဆရာ မရှိသော်လည်း ကမ္မဝါစာဖြင့် မရှိသော ဥပဇ္ဈာယ်၏ အမည်ကို ဖတ်ရာ ပုဂ္ဂိုလ်ကို သုံးသပ်သည်မည်သောကြောင့် လည်းကောင်း ဒုက္ကဋ်သာ သင့်သည်။ ပြုအပ်သော ကံ-မပျက်ဟူလို။

၂။ ဝိနယဝိနိစ္ဆယအဋ္ဌကထာ၌လည်း–

နူပသမ္ပာဒနီယောဝ၊ အနုပဇ္ဈာယကော နရော။
ကရောတော ဒုက္ကဋံ ဟောတိ၊ န ကုပ္ပတိ သစေ ကတံ–

ဟု ဆိုတော်မူ၏(ဝိနယဝိနိစ္ဆယ။၂၄၄)။

အနုပဇ္ဈာယကော၊ ဥပဇ္ဈာယ်မရှိသော။ နရော၊ ရဟန်းလောင်းကို။ နူပသမ္ပာဒနီယောဝ၊ ရဟန်းခံ၍ မပေးအပ်သလျင်ကတည်း။ ကရောတော၊ ရဟန်းခံပေးသောသူအား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ သစေ ကတံ၊ အကယ်၍ ရဟန်းခံခြင်းကိုပြုငြားအံ့။ ကမ္မံ၊ ကံသည်။ နကုပ္ပတိ၊ မပျက်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၄၁] သံဃာ, ဂိုဏ်းစသည်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခြင်း

(၁) မေး။ ။ သံဃာ, ဂိုဏ်းကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံရာ၌လည်းကောင်း၊ ဥဘတောဗျည်း, ပဏ္ဍုက်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံရာ၌လည်းကောင်း ရဟန်းဖြစ်ပါမည်လော?

ဖြေ။ ။ သံဃာကို ဖြစ်စေ၊ ဂိုဏ်းကို ဖြစ်စေ၊ ဥဘတောဗျည်း,ပဏ္ဍုက်စသည်ကို ဖြစ်စေ ဥပဇ္ဈာယ်ပြု၍ ရဟန်းခံမူ ရဟန်းလောင်းမှာ ရဟန်း ဖြစ်သည်။ ရဟန်းခံပေးသောသူတို့မှာ ဒုက္ကဋ်အာပတ်သင့်သည်။

၁။ သံယေန ဥပဇ္ဈာယေနာတိအာဒီသုပိ ဥဘတောဗျဉ္ဇနကုပဇ္ဈာယပရိယောသာနေသု ဧသေဝ နယော– (ဝိ၊၄၊၃။၃၀၇)

ဟု လာသော မဟာဝါအဋ္ဌကထာ၊ မဟာခန္ဓကအဖွင့်ကို ထောက်။

ဥဘတောဗျဉ္ဇနကုပဇ္ဈာယပရိယောသာနေသု၊ ဥဘတောဗျည်းကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခြင်း အဆုံးရှိကုန်သော။ သံယေန ဥပဇ္ဈာယေနာတိအာဒီသုပိ၊ သံဃာကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခြင်းအစရှိသည်တို့၌လည်း။ ဧသေဝ နယော၊ ဤဥပဇ္ဈာယ်မရှိဘဲ ရဟန်းခံသော သူနှင့်သာလျှင် တူသောနည်းရှိ၏။

၂။ ဝိနယဝိနိစ္ဆယအဋ္ဌကထာ၌လည်း–

သေသေသုပိ အယံ ဧ ယော်၊ နယော သဗ္ဗတ္ထ ဝိညုနာ။ (ဝိနယဝိနိစ္ဆယ။၂၄၅)

ဟု ဆိုတော်မူ၏။

သဗ္ဗတ္ထ၊ အလုံးစုံကုန်သော၊ သေသေသုပိ၊ သံဃာ, ဂိုဏ်း, ဥဘတောဗျည်း, ပဏ္ဍုက်စသည်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခြင်း စသည်တို့၌လည်း။ အယံ နယော၊ ဤဥပဇ္ဈာယ်မရှိဘဲ ရဟန်းခံသောနည်းကို။ ဝိညုနာ၊ ဝိနည်းအရာ လိမ္မာသော ရဟန်းသည်။ ဧ ယော်၊ သိအပ်၏။ သဝိတ်, သက်နိုး မပြည့်စုံဘဲ ရဟန်းခံသော သူသည်လည်း ရဟန်းဖြစ်သည်။ ခံပေးသောသူတို့မှာ ဒုက္ကဋ်အာပတ်သင့်သည်ဟု မှတ်။

၃။ ထို့ကြောင့် မဟာဝါအဋ္ဌကထာ၌–

အာပတ္တိ ဒုက္ကဋဿာတိ ဧဝံ ဥပသမ္ပာဒေန္တသ္သေဝ အာပတ္တိ ဟောတိ၊ ကမ္မံ ပန ကုပ္ပတိ။ အစိဝရကာဒိဝတ္ထူသုပိ ဧသေဝ နယော–(ဝိ၊၄၊၃။၃၀၇)

ဟု ဆိုတော်မူ၏။

http://www.dhammadownload.com

အာပတ္တိ ဒုက္ကဋ်ဆဿာတိ၊ ဟူသည်ကား။ ဧဝံ၊ သို့။ ဥပသမ္မာဒေန္တသ္သေဝ၊ သပိတ်မရှိဘဲ ရဟန်းခံပေးသောသူအားသာလျှင်။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ကမ္မံ ပန၊ ကံသည်ကား။ န ကုပ္ပတိ၊ မပျက်။ အစီဝရကာဒိဝတ္ထူသုပိ၊ သင်္ကန်းမရှိသော ဝတ္ထုစသည်တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင် တူသောနည်း ရှိ၏။

✪ ✪ ✪ ✪ ✪

[၄၂] ပုဗ္ဗကိစ္စ ၈-ပါးကို မပြုဘဲ ရဟန်းခံခြင်း

(၁) မေး။ ။ ရဟန်းခံရာ၌ ဝတ္ထု၏ ပြည့်စုံခြင်း, ဥ တ်၏ပြည့်စုံခြင်း, ကမ္မဝါစာ၏ ပြည့်စုံခြင်း, သိမ်၏ ပြည့်စုံခြင်း, ပရိသတ်၏ ပြည့်စုံခြင်းမှတပါး ပုဗ္ဗကိစ္စပြီးခြင်း ၈-ပါးတို့ကို မပြုဘဲ ရဟန်းခံမူ ရဟန်းဖြစ်ပါမည်လော?

ဖြေ။ ။ ထိုအမေးပုစ္ဆာမှာ–

၁။ ပုဗ္ဗကိစ္စနိဋ္ဌာပနံ နာမ ယာနိ'မာနိ "ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော" တိအာဒိနာ ပါဠိယံ ဝုတ္တာနိ ဥပဇ္ဈံ ဂါဟာပနံ, ပတ္တစီဝရာစိက္ခဏံ, တတော တံ ဟတ္ထပါသတော ဗဟိ ပေသေတ္ဝာ (ဌပေတ္ဝာ) အနုသာသကသမ္မုတိကရဏံ, သမ္မတေန စ ဂန္တ္ဝာ အနုသာသနံ, တေန စ ပဌမတရံ အာဂန္တ္ဝာ သံယဿ ဥတ္တိယာ ဥပေတ္ဝာ ဥပသမ္ပဒါပေက္ခံ အာဂစ္ဆာဟိတိ ဟတ္ထပါသေ ဧဝ အဋ္ဌာနံ, တေန စ ဘိက္ခုနာ ပါဒေ ဝန္ဒာပေတ္ဝာ ဥပသမ္ပဒါယာစာပနံ, တတော အန္တရာယိကမမ္မပုစ္ဆကသမ္မုတိ-ကရဏံ, သမ္မတေန စ ပုစ္ဆနတ္ထံ အဋ္ဌ ပုဗ္ဗကိစ္စာနိ၊ တေသံ သဗ္ဗေသံ ယာထာဝတော ကရဏေန နိဋ္ဌာပနံ။ ဧတေသ္ဝိ စ ပုဗ္ဗကမ္မနိဋ္ဌာပနေ သတိ ဧဝ ဣဒံ သံယဿ ဥပသမ္ပဒါကမ္မံ ပတ္တကလ္လံ နာမ ဟောတိ၊ နာသတိ။ ဧတေသု ပန ပုဗ္ဗကမ္မေသု အကတေသုပိ ကတံ ကမ္မံ ယထာဝုတ္တဝတ္ထုသမ္ပတ္တိအာဒီသု ဝိဇ္ဇမာနေသု အကုပ္ပမေဝ ဟောတိ–

ဟုလာသော ဝိမတိဝိနောဒနီဋီကာကို ထောက်၍ **ရဟန်းခံရာ၌ ကမ္မဝါစာ မဖတ်မီ ရဟန်းလောင်း၏ အမည်နာမကို နာဂဟူ၍ မှည့်ကြားသည်မှ တပါးသော ပုဗ္ဗကိစ္စ ၈-ပါးကို မပြုဘဲ ရဟန်းခံသော်လည်း ကံမပျက်။ ရဟန်းဖြစ်သည်သာ** (ဝိမတိ၊ ၂။၁၃၆)။

http://www.dhammadownload.com

ဋီကာအနက်ကား– ပုဗ္ဗကိစ္စနိဋ္ဌာပနံ နာမ၊ ပုဗ္ဗကိစ္စ ၈-ပါးကို ပြီးစေခြင်း မည်သည်ကား။ ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗောတိအာဒိနာ၊ အစရှိသည်ဖြင့်။ ပါဠိယဲ့၊ မဟာဝါပါဠိတော်၌။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်သော။ *ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ဆရာကို။ ဂါဟာပနံ၊ ယူစေခြင်းလည်းကောင်း။ *ပတ္တစီဝရာစိက္ခဏ၊ သပိတ်,သင်္ကန်းကို ကြားခြင်းလည်းကောင်း။ တတော၊ ထို့နောင်မှ။ *တံ၊ ထိုရဟန်းလောင်းကို။ ဟတ္ထပါသတော၊ သံဃာ၏ဟတ္ထပါသ်မှ။ ဗဟိ၊ အပသို့။ ပေသေတွာ၊ စေ၍။ (၌ပေတွာ၊ အပ၌တည်စေ၍) အနုသာသကသမ္မုတိကရဏံ၊ အနုသာသကသမ္မုတိကမ္မဝါစာကို ပြုခြင်းလည်းကောင်း။ *သမ္မတေန စ၊ သမ္မုတိရသော ရဟန်းသည်လည်း။ ဂန္ဒာ၊ သွား၍။ အနုသာသန်၊ ဆုံးမခြင်းလည်းကောင်း။*တေန စ၊ ထိုဆုံးမသောရဟန်းသည်လည်း။ ပဌမတရံ၊ ရှေးဦးစွာ။ အာဂန္ဒာ၊ လာ၍။ ဥ တ္တိယာ၊ ဥ တ်ဖြင့်။ ဉာပေတွာ၊ သိစေ၍။ ဥပသမ္ပဒါပေက္ခဲ့၊ ရဟန်း လောင်းကို။ အာဂစ္ဆာဟီတိ၊ လာခဲ့လော့ဟူ၍။ ဟတ္ထပါသေ ဧဝ၊ သံဃာ၏ ဟတ္ထပါသ် သို့သာလျှင်။ အဇ္ဈာနံ၊ ခေါ်ခြင်းလည်းကောင်း။ စ၊ ထိုမှတပါး။ *တေန၊ ထိုရဟန်းလောင်းကို။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ပါဒေ၊ ခြေတို့ကို။ဝန္ဒာပေတွာ၊ ရှိခိုးစေ၍။ ဥပသမ္ပဒါယာစာပနံ၊ ပဉ္စင်းအဖြစ်ကို တောင်းပန်စေခြင်းလည်းကောင်း။ တတော၊ ထို့နောင်မှ။ *အန္တရာယိကဓမ္မပုစ္ဆကသမ္မုတိ-ကရဏံ၊ အန္တရာယ်ရှိသော တရားကို မေးသော သမ္မုတိကမ္မဝါစာကို ပြုခြင်းလည်းကောင်း။ *သမ္မတေန စ၊ သမ္မုတိရသော ရဟန်းသည်လည်း။ ပုစ္ဆနံ၊ မေးခြင်း လည်းကောင်း။ ကွတိ၊ သို့။ ယာနိမာနိ အဋ္ဌ ပုဗ္ဗကိစ္စာနိ၊ အကြင် ၈-ပါးသော ပုဗ္ဗကိစ္စတို့သည်။ သန္တိ၊ ကုန်၏။ သဗ္ဗေသံ၊ အလုံးစုံ ကုန်သော။ တေသံ၊ ထိုပုဗ္ဗကိစ္စ ၈-ပါး တို့ကို။ ယာထာဝတော၊ အဟုတ် အမှန်။ ကရဏေန၊ ပြုသဖြင့်။ နိဋ္ဌာပနံ၊ ပြီးစေခြင်းတည်း။ ဧတသ္မိ စ ပုဗ္ဗကမ္မနိဋ္ဌာပနေ၊ ထိုပုဗ္ဗကမ္မကို ပြီးစေခြင်းသည်လည်း။ သတိ ဧဝ၊ ရှိသော်သာလျှင်။ သံဃသ၊ ၏။ ကွဒံ ဥပသမ္ပဒါကမ္မံ၊ ဤဥပသမ္ပဒကံသည်။ ပတ္တကလ္လံ နာမ၊ လျောက်ပတ်သော အခါရှိသောကံမည်သည်။ ဟောတိ၊ ဖြစ်၏။ အသတိ၊ မရှိသော်။ န ဟောတိ၊ မဖြစ်။ ပန၊ အထူးကို ဆိုအံ့။ ဧတေသု ပုဗ္ဗကမ္မေသု၊ ထိုပုဗ္ဗကမ္မတို့ကို။ အကတေသုပိ၊ မပြုအပ်ကုန်သော်လည်း။ ကတံ၊ ပြုအပ်သော။ ကမ္မံ၊ ဥပသမ္ပဒကံသည်။ ယထာဝုတ္တဝတ္ထုသမ္ပတ္တိအာဒီသု၊ အကြင် ဆိုအပ်ကုန်သော ဝတ္ထု စသည်တို့၏ ပြည့်စုံခြင်းတို့သည်။ ဝါ၊ ဝတ္ထု, ဉ တ္တိ, အနုသာဝန, သီမာ, ပရိသ၏ ပြည့်စုံခြင်း ၅-ပါးတို့သည်။ ဝိဇ္ဇမာနေသု၊ ရှိကုန်လတ်သော်။ အကုပ္ပမေဝ၊ မပျက်သည်သာလျှင်။ ဟောတိ၊ ၏။

ထိုဋီကာပါဠိအနက်၌'လည်းကောင်း' ၈-ကြိမ်ပေးသော အနက်အစဉ်အတိုင်း ပုဗ္ဗကိစ္စ ၈-ပါး ကို ယူလေ။

http://www.dhammadownload.com

၂။ မာတိကာအဋ္ဌကထာ၊ ပဌမပါရာဇိကအဖွင့်၌လည်း-

တဿ ပန ကမ္မဿ ဝတ္ထု ဥတ္တိအနုဿာဝန သီမာ ပရိသာသမ္ပတ္တိဝသေန အကုပ္ပတာ ဝေဒိတဗ္ဗာ-

ဟု လာသည်။(ကခ်ီ။၄။၁၀၄)

တဿ ပန ကမ္မဿ၊ ၏။ ဝတ္ထုဥတ္တိအနုဿာဝနသီမာပရိသာသမ္ပတ္တိဝသေန၊ အဘဗ္ဗပုဂ္ဂလ်မဟုတ်သော ရဟန်းလောင်းဟု ဆိုအပ်သောဝတ္ထု၏ ပြည့်စုံခြင်း, ဥပသမ္ပဒဥတ်၏ပြည့်စုံခြင်း, ကမ္မဝါစာ၏ပြည့်စုံခြင်း, သိမ်၏ပြည့်စုံခြင်း ကမ္မပတ္တဖြစ်သောရဟန်း ပရိသတ်၏ပြည့်စုံခြင်း၏ အစွမ်းအားဖြင့်။ အကုပ္ပတာ၊ မပျက်သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။

✪ ✪ ✪ ✪ ✪

[၄၃] ရဟန်းလောင်း, ဥပဇ္ဈာယ်ဆရာ၏ အမည်ကို မမှည့်ဘဲ ရဟန်းခံခြင်း

(၁) မေး။ ။ ရဟန်းလောင်း၏ အမည်, ဥပဇ္ဈာယ်ဆရာ၏ အမည်ကို ပုဗ္ဗကိစ္စ ၈-ပါး မပြုမီ ရှေ့အဖို့က မမှည့်,မကြားဘဲ ရဟန်းခံမူ ရဟန်းဖြစ်ပါမည်လော?

ဖြေ။ ။ ရဟန်းလောင်း, ဥပဇ္ဈာယ်ဆရာ ၂-ဦးတို့တွင် ဥပဇ္ဈာယ်ဆရာ၏ အမည်နာမကို တိသဒ္ဒအမည်ဖြင့် ဖတ်မူ မဆုံးမခင်ဖြစ်စေ၊ ဆုံးမသောအခါ(၌ဖြစ်စေ) မမှည့်, မကြားသော်လည်း ကမ္မဝါစာ ဖတ်သောအခါ "တိဿသ္သ ဥပသမ္ပဒါပေက္ခော" စသည်ဖြင့် တိဿ အမည်ရှိသော ဥပဇ္ဈာယ်ဆရာ၏ အမည် ပါရှိသောကြောင့် ကံမပျက်။

ရဟန်းလောင်း၏ အမည်မှာ မိမိအမည်ဟောင်းအတိုင်း ကမ္မဝါစာ၌ ထည့်သွင်း၍ ဖတ်မူ မမှည့်,မကြားသော်လည်း ကံမပျက်။

အမည်ဟောင်းကို လဲ၍ ကမ္မဝါစာ ရှိတိုင်း နာဂဟူသော အမည်ဖြင့် ဖတ်လိုမူ မဆုံးမခင်ကပင် အမည်ဟောင်းကို ဖျောက်၍ နာဂ-ဟူသော အမည်ပေးခြင်းကို ပြောကြားရမည်။ ထိုသို့ မဆုံးမခင်က သတိမရ၍ မပြောကြားမိမူ ဆုံးမသောအခါ "ကိ နာမောသိ၊ အဟံ ဘန္တေ နာဂေါ နာမ"ဟု မေး၍ ပြောကြားသော်လည်း 'နာဂဟူသည် ငါ၏အမည်'ဟု သညာရှိမူ ကံမပျက်။

http://www.dhammadownload.com

ထိုသို့ မဆုံးမခင်က ဖြစ်စေ, ဆုံးမသောအခါ၌ ဖြစ်စေ မမှည့်,မကြားဘဲ အမည်ဟောင်းကို ကမ္မဝါစာ၌ ထည့်သွင်း၍ မဖတ်ဘဲ "နာဂေါ" ဟူသော ကမ္မဝါစာအတိုင်းဖတ်မူ ရဟန်းလောင်း၏ အမည်ဟောင်းကလည်း တခြား၊ ကမ္မဝါစာ၌ နာဂဟူသော အမည်ကလည်း တခြားစီဖြစ်နေသောကြောင့် ရဟန်းမဖြစ်။

၁။ တသ္မာ အညမ္မိ ကိစ္စေ တဿ နာမံ ပသိဒ္ဓံ၊ တသ္မိံ ဝါ ခဏေ သုခဂ္ဂဟဏတ္ထံ နာမံ ပညာပိတံ၊ တံ သတ္ထု ဂဟေတ္ဝာပိ အနုဿာဝနာ ကာတဗ္ဗာ။ ယထာ ဥပဇ္ဈာယဿ၊ ဧဝံ ဥပသမ္ပဒါပေက္ခဿပိ ဂေါတ္တာဒိနာမေန တခ်ဏိကနာမေန စ အနုဿာဝနံ ကာတုံ ဝဋ္ဋတိ။ တသ္မိမ္ပိ ခဏေ အယံ တိဿောတိ ဝါ နာဂေါတိ ဝါ နာမံ ကရောန္တေဟိ အနုသာသကသမ္မုတိတော ပဌမမေဝ ကာတဗ္ဗံ။ ဧဝံ အကတ္ဝာပိ (ကတ္ဝာပိ) အန္တရာယိကဓမ္မာနုသာသနပုစ္ဆနကာလေသု "ကိံ နာမောသိ။ အဟံ ဘန္တေ နာဂေါ နာမ။ ကော နာမော တေ ဥပဇ္ဈာယော။ ဥပဇ္ဈာယော မေ ဘန္တေ တိဿော နာမာ"တိအာဒိနာ ဝိညာပေန္တေန ဥဘိန္နမ္ပိ စိတ္တေ "မမေဒံ နာမ"န္တိ ယထာ သညာ ဥပ္ပဇ္ဇတိ၊ ဧဝံ ဝိညာပေတဗ္ဗံ။ သစေ ပန တသ္မိံ ခဏေ ပကတိနာမေန ဝတ္ဝာ ပစ္ဆာ တိဿာ နာမာဒိအပုဗ္ဗနာမေန အနုဿာဝေတိ၊ နဝဋ္ဋတိ။

တတ္ထ စ ကိဉ္စာပိ ဥပဇ္ဈာယဿေဝ နာမံ အဂ္ဂဟေတ္ဝာ ယေန ကေနစိ နာမေန "တိဿဿ ဥပသမ္ပဒါပေက္ခော"တိအာဒိနာပိ ပုဂ္ဂလေ ပရာမဋ္ဌေ ကမ္မံ သုကတမေဝ ဟောတိ၊ အနုပဇ္ဈာယကာဒိနံ ဥပသမ္ပဒါကမ္မံ ဝိယ ဥပဇ္ဈာယဿ အဘာဝေပိ အဘဗ္ဗတ္တေပိ ကမ္မဝါစာယ ပုဂ္ဂလေ ပရာမဋ္ဌေ ကမ္မဿ သိဒ္ဓနတော။ ဥပသမ္ပဒါပေက္ခဿ ပန ယထာသကံ နာမံ ဝိနာ အညေန နာမေန အနုဿာဝိတေ ကမ္မံ ကုပ္ပတိ၊ သော အနုပသမ္ပန္နော ဟောတိ။ တတ္ထ ဒ္ဝိတော အညော အနုပသမ္ပန္နော ဝိယ ဂဟိတနာမဿ ဝတ္ထုပုဂ္ဂလဿ တတ္ထ အဘာဝါ, ဧတဿ စ နာမဿ အနုဿာဝနာယ အဝုတ္တတ္တာ။ တသ္မာ ဥပသမ္ပဒါပေက္ခဿ ပကတိနာမံ ပရိဝတ္တေတ္ဝာ အပုဗ္ဗေန နာဂါဒိနာမေန အနုဿာဝေတုကာမေန ပဋိကစ္စေဝ "တွံ နာဂေါ"တိအာဒိနာ ဝိညာပေတ္ဝာ အနုသာသနအန္တရာယိကဓမ္မပုစ္ဆနကွဏေသုပိ တဿ စ သံယဿ စ ယထာ ပါကဋံ ဟောတိ၊ တထာ ပကာသေတ္ဝာဝ နာဂါဒိနာမေန အနုဿာဝေတဗ္ဗံ- (ဝိမတိ၊၂။၁၂၉၊၁၃၀)

ဟု လာသော ဝိမတိဝိနောဒနီဋီကာကို ထောက်။

http://www.dhammadownload.com

တသွာ၊ ကြောင့်။ အညမ်ဖို၊ တပါးလည်း ဖြစ်သော။ ကိဉ္စိ၊ အမှတ်မရှိသော။ တဿ၊ ထိုဥပဇ္ဈာယ်ဆရာ၏။ နာမဲ၊ အမည်သည်။ ပသိဒ္ဓံ၊ မြဲ၏။ ဝါ၊ ထင်ရှား၏။ တသ္မိ ဝါ ခဏေ၊ ထိုရဟန်းခံသော ခဏ၌။ သုခဂ္ဂဟဏတ္ထံ၊ ကမ္မဝါစာ ဖတ်ယူလွယ်ကူစေခြင်းငှာ။ နာမဲ၊ ကို။ ပညာပိတံ၊ ပညတ်အပ်၏။ ဝါ၊ ခေါ်ဝေါ် သမုတ်အပ်၏။ တံ သဒ္ဒံ၊ ထိုအလုံးစုံကို။ ဂဟေတွာပိ၊ ယူ၍လည်း။ အနုဿာဝနာ၊ ကမ္မဝါစာဖတ်ခြင်းကို။ ကာတဗ္ဗာ၊ အပ်၏။ ဥပဇ္ဈာ-ယဿ၊ အား။ ကာတဗ္ဗာ ယထာ၊ ပြုအပ်သကဲ့သို့။ ဧဝံ တထာ၊ ထို့ အတူ။ ဥပသမ္ပဒါပေက္ခ-ဿပိ၊ ရဟန်းလောင်းအားလည်း။ ဂေါတ္တာဒိနာမေန စ၊ ဂေါတ္တအစရှိသည့် အမည်ဟောင်း ဖြင့်လည်းကောင်း။ တခ်ဏိကနာမေန စ၊ ထိုရဟန်းခံသောအခါ၌ မှည့်သောအမည်ဖြင့် လည်းကောင်း။ အနုဿာဝနံ၊ ကမ္မဝါစာကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ တသ္မိမ္ပိ ခဏေ၊ ထိုရဟန်းခံသောခဏ၌လည်း။ အယံ၊ ဤဥပဇ္ဈာယ်ဆရာသည်။ တိဿော၊ တိဿမည်၏။ ဝါ၊ တိဿတည်း။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ နာဂေါ၊ နာဂမည်၏။ ဝါ၊ နာဂတည်း။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ နာမဲ၊ အမည်ကို။ ကရောန္တေဟိ၊ ပြုကုန်သောရဟန်း တို့သည်။ အနုသာသနသမ္မုတိတော၊ ဆုံးမအပ်သော သမ္မုတိကံကို ပြုသည်မှ။ ပဌမမေဝ၊ ရှေးဦးစွာကလျှင်။ ကာတဗ္ဗံ၊ ၏။

ဧဝံ၊ သို့။ အကတ္တာပိ၊ မပြုမူ၍ လည်း။ ဝါ၊ မပြုသော်လည်း။ (ကတ္တာပိ) အန္တရာယိ-ကဓမ္မာနုသာသနပုစ္ဆနကာလေသု၊ အန္တရာယ်ကို ပြုတတ်သောတရား, အဆုံးအမကို မေးသောအခါတို့၌။ ကိံ နာမော၊ အဘယ်အမည်ရှိသည်။ အသိ၊ ဖြစ်သနည်း။ ဘန္တေ၊ ဘုရား။ အဟံ၊ သည်။ နာဂေါ နာမ၊ နာဂအမည် ရှိပါသည်ဘုရား။ တေ၊ သင်၏။ ဥပဇ္ဈာယော၊ သည်။ ကော နာမော၊ အဘယ်အမည်ရှိသနည်း။ ဘန္တေ၊ ဘုရား။ မေ၊ အကျွန်ုပ်၏။ ဥပဇ္ဈာ-ယော၊ သည်။ တိဿော နာမ၊ တိဿ အမည်ရှိပါ၏ဘုရား။ ဣတိအာဒိနာ၊ ဤသို့အစရှိ သည်ဖြင့်။ ဝိညာပေန္တေန၊ သိစေသဖြင့်။ ဥဘိန္နမ္ပိ၊ ၂-ပါးသော ဆရာတပည့်တို့၏လည်း။ စိတ္တေ၊ စိတ်၌။ ဣဒံ၊ ဤအမည်သည်။ မမ၊ ငါ၏။ နာမဲ၊ အမည်တည်း။ ဣတိ၊ သို့။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ သညာ၊ အမှတ်သညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ဝိညာပေတဗ္ဗံ၊ သိစေအပ်၏။ ပန၊ အထူးကိုဆိုအံ့။ တသ္မိ ခဏေ၊ ထိုအမည်မှည့်သော ခဏ၌။ ပကတိနာမေန၊ အမည်ဟောင်း ဖြင့်။ ဝတ္တာ၊ မှည့်ဆို၍။ ပစ္ဆာ၊ နောက် ကမ္မဝါစာဖတ်သောအခါ၌။ တိဿောနာမာဒိအပုဗ္ဗနာမေန၊ တိဿအမည် အစရှိသော (ဝါ) တိဿအမည်, နာဂအမည်ရှိသော အသစ်သော အမည်ဖြင့်။ သစေ အနုဿာဝေတိ၊ အကယ်၍ ကမ္မဝါစာ ဖတ်သည်ဖြစ်ငြားအံ့။ နာ ဝဋ္ဋတိ၊ မအပ်။

http://www.dhammadownload.com

စ၊ ဆက်၍အထူး ပြဆိုဦးအံ့။ တတ္ထ၊ ထိုတိဿ, နာဂအမည်တို့တွင်။ ဥပဇ္ဈာယ-သော၀၊ ဥပဇ္ဈာယ်ဆရာ၏သာလျှင်။ နာမ်၊ အမည်ကို။ အဂ္ဂဟေတွာ၊ မယူမူ၍။ ယေန ကေနစိ၊ အမှတ်မရှိသော။ နာမေန၊ ဖြင့်။ တိဿသဿ ဥပသမ္ပဒါပေက္ခောတိအာဒိနာပိ၊ ဤသို့ အစရှိသော အမည်ဖြင့်လည်း။ ပုဂ္ဂလေ၊ ကို။ ပရာမဋ္ဌေ၊ သုံးသပ်အပ်သည်ရှိသော်။ ကမ္မံ၊ ဥပသမ္ပဒကံသည်။ သုကတမေ၀၊ ကောင်းစွာ ပြုအပ်သည်သာလျှင်။ ဟောတိ၊ ၏။ အနု-ပဇ္ဈာယကာဒိနံ၊ ဥပဇ္ဈာယ်မရှိသော ရဟန်းလောင်းစသည်တို့၏။ ဥပသမ္ပဒါကမ္မံ ဝိယ၊ ကဲ့သို့။ ဥပဇ္ဈာယဿ၊ ၏။ အဘာ၀ေပိ၊ မရှိသော်လည်းကောင်း။ အဘာဗတ္ထေပိ၊ ပဏ္ဏုက်, ဥဘတော ဗျည်း-စသော အဘာဗပုဂ္ဂိုလ်ဖြစ်သော်လည်းကောင်း။ ကမ္မ၀ါစာယ၊ ကမ္မ၀ါစာဖြင့်။ ပုဂ္ဂလေ၊ ကို။ ပရာမဋ္ဌေ၊ သုံးသပ်အပ်သည်ရှိသော်။ ကမ္မဿ၊ ဥပသမ္ပဒကံ၏။ သိဒ္ဓနတော၊ ပြီးခြင်း ကြောင့်တည်း။

ပန၊ အထူးကိုဆိုအံ့။ ဥပသမ္ပဒါပေက္ခဿ၊ ပဉ္စင်းလောင်း၏။ ယထာသကံ၊ အကြင် မိမိ၏ ခေါ်ဝေါ်မြွဖြစ်သော။ နာမံ၊ ရှေးအမည်ဟောင်းကို။ ဝိနာ၊ ကြဉ်၍။ အညေန၊ တပါးသော။ နာမေန၊ နာဂ-ဟူသောအမည်ဖြင့်။ အနုဿာဝိတေ၊ မမှည့်မကြားဘဲ ကမ္မ၀ါစာ ဖတ်သည်ရှိသော်။ ကမ္မံ၊ သည်။ ကုပ္ပတိ၊ ပျက်၏။ သော၊ ထိုရဟန်းလောင်းသည်။ အနုပ-သမ္ပန္နော၀၊ ရဟန်း မဖြစ်သည် သာလျှင်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုကံဆောင်ရာ၌။ ဌိတော၊ တည်သော။ အညော၊ တပါးသော။ အနုပသမ္ပန္နော ဝိယ၊ သာမဏေကဲ့သို့။ ဂဟိတနာမဿ၊ ယူအပ်သော အမည်သစ်ရှိသော။ ဝတ္ထုပုဂ္ဂလဿ၊ ဝတ္ထု (ဟုဆိုအပ်သော) ပုဂ္ဂိုလ်၏။ တတ္ထ၊ ထိုကမ္မ၀ါစာ ၌။ အဘာ၀ါ၊ မရှိသည်၏အဖြစ်ကြောင့်လည်းကောင်း။ ဧတဿ စ နာမဿ၊ ထိုရဟန်း လောင်း၏ အမည်ဟောင်းကိုလည်း။ အနုဿာ၀နာယ၊ ကမ္မ၀ါစာ၌။ အဝုတ္တတ္တာ၊ မဆိုအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ကုပ္ပတိ၊ ပျက်၏။ တသ္မာ၊ ထို့ကြောင့်။ ဥပသမ္ပဒါပေက္ခဿ၊ ပဉ္စင်းလောင်း၏။ ပကတိနာမံ၊ အမည်ဟောင်းကို။ ပရိ၀တ္တေတွာ၊ လဲ၍။ ၀ါ၊ ဖျောက်၍။ အပုဗ္ဗေန၊ အသစ်ဖြစ်သော။ နာဂါဒိနာမေန၊ နာဂစသောအမည်ဖြင့်။ အနုဿာ၀ေတုကာမေန၊ ကမ္မ၀ါစာ ဖတ်လိုသဖြင့်။ ပဋိကစ္စေ၀၊ စောစောကလျှင်။ တံ့၊ သည်။ နာဂေါ၊ နာဂတည်း။ ၀ါ၊ နာဂအမည်ရှိ၏။ ဣတိအာဒိနာ၊ ဤသို့ စသည်ဖြင့်။ ဝိညာပေတွာ၊ ပြောကြားပြီး၍။ အနုဿာသနအန္တရာယိကဓမ္မပုစ္ဆနကွဏသုပိ၊ ဆုံးမအပ် သော အန္တရာယိကဓမ္မကို မေးသောအခါတို့၌လည်း။ တဿ စ၊ ထိုရဟန်းလောင်းအား လည်းကောင်း။ သံယဿ စ၊ အားလည်းကောင်း။ ယုတ္တာ၊ အကြင်အခြင်းအရာဖြင့်။ ပါကဋ်၊

http://www.dhammadownload.com

ထင်ရှားသည်။ ဟောတိ၊ ၏။ တထာ၊ ထိုအခြင်းအရာဖြင့်။ ပကာသေတွာဝ၊ ပြောကြား၍ သာလျှင်။ နာဂါဒိနာမေန၊ နာဂအစရှိသောအမည်ဖြင့်။ အနုသာဝေတဗ္ဗံ၊ ကမ္မဝါစာကို ကြားစေအပ်၏။ ဝါ၊ ကမ္မဝါစာဖြင့် သံယာကို သိစေအပ်၏။

ဤသို့လာသော ဋီကာကို ထောက်၍ ဥပဇ္ဈာယ်ဆရာ၏အမည်ကို ကမ္မဝါစာ မဖတ်မီ ဘယ်အခါမှ မမှည့်,မကြားသော်လည်း ဥပသမ္ပဒကံ မပျက်-ဟု မှတ်ယူရမည်။ ဥပဇ္ဈာယ်ဆရာ မရှိဘဲ ရဟန်းခံခြင်း, ဥဘတောဗျည်းစသည်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခြင်း တို့၌ ရဟန်းဖြစ်သကဲ့သို့တည်း။

ရဟန်းလောင်း၏အမည်ကို ပကတိအမည်ဟောင်းအတိုင်း ကမ္မဝါစာ၌ ထည့်သွင်း၍ ဖတ်လိုသဖြင့် ဖတ်ကြားခြင်းကို ပြုမူ ရဟန်းလောင်း၏ အမည်နာမကို ထုတ်ဖော်၍ မမှည့်,မကြားသော်လည်း ကမ္မဝါစာဖြင့် ဝတ္ထုကို သုံးသပ်သည် မည်သောကြောင့် ရဟန်းဖြစ်သည်-ဟု မှတ်။ ရဟန်းလောင်း၏ ပကတိအမည်ဟောင်းကို ပယ်စွန့်၍ နာဂစသော အမည်သစ်ဖြင့် ကမ္မဝါစာဖတ်လိုမူ စောစောက တင်ကြို၍ နာဂစသောအမည်ကို မှည့်ပေး၍ ဆုံးမသောအခါလည်း ရဟန်းလောင်းအားလည်းကောင်း, သံယာအား လည်းကောင်း ပြောကြား၍ ဥပသမ္ပဒ ကမ္မဝါစာကို ဖတ်ရမည်။ စောစောက တင်ကြို၍ မမှည့်မဆိုသော်လည်း ဆုံးမသောအခါ၌ "ကိ နာမောသိ၊ အဟံ ဘန္တေ နာဂေါ နာမ"ဟု ဆို၍ အမည်ကို ပြောကြားမူ အပ်သည်၊ ရဟန်းဖြစ်သည်။ အဘယ်အခါမှ နာဂဟူသော အမည်ကို မပြောကြားဘဲ ရဟန်းလောင်း၏ အမည်ဟောင်းက "ပညာ" ကမ္မဝါစာက "နာဂ"ဟူ၍ ဖတ်မူ ဝတ္ထုတခြား, အမည်တခြား ဖြစ်နေသောကြောင့် မအပ်၊ ရဟန်း မဖြစ်-ဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

[၄၄] ရဟန်းလောင်းများကို ဒွန်တွဲ၍ ကမ္မဝါဖတ်ခြင်း

(၁) မေး။ ။ ရဟန်းလောင်း ၂-ယောက်ဖြစ်စေ, ၃-ယောက်ဖြစ်စေ ကမ္မဝါစာ ဆရာ ၁-ယောက်တည်း ဖတ်လို၍ ဒွန်တွဲဖတ်ရာ အဘယ်သို့ တွဲ၍ ဖတ်ရပါအံ့နည်း?

ဖြေ။ ။ ထိုအမေးပုစ္ဆာမှာ-

၁။ အယံ ဗုဒ္ဓရက္ခိတော စ အယံ ဓမ္မရက္ခိတော စ အာယသ္မတော သံဃရက္ခိတသ္သ ဥပသမ္ပဒါပေက္ခောတိအာဒိနာ နယေန ဧကေန အာစရိယေန ဒ္ဝိန္နံ ဧကသ္မိံ

http://www.dhammadownload.com

> ခဏော အနုဿာဝနနယော ဒဋ္ဌဗ္ဗော။ ဣမိနာဝ နယေန တီဏ္ဏမ္ပိ ဧကေန အာစရိယေန ဧကဿေော အနုဿာဝနံ ဒဋ္ဌဗ္ဗံ-(ဝိမတိ၊၂။၁၃၁)

ဟု လာသော ဝိမတိဝိနောဒနီဋီကာ, ဝိနည်းယောဇနာတို့၌ လာသည့်အတိုင်း ဒွန်တွဲ၍ ဖတ်ရမည်။

ဤကား ဋီကာ, ယောဇနာတို့၌လာသော ဒွန်ဖတ်နည်းတည်း။ ကမ္မဝါစာကို ဒွန်တွဲ၍ ဖတ်ရာ၌ "အယဉ္စ ဗုဒ္ဓရက္ခိတော အယဉ္စ ဓမ္မရက္ခိတော အာယသ္မတော သံဃရက္ခိတဿ ဥပသမ္ပဒါပေက္ခော"စသည်ဖြင့် ဖတ်သော်လည်း အပ်သည်သာဟု မှတ်လေ။

ပရိပုဏ္ဏဿ ပတ္တစီဝရံ-၌ "ပရိပုဏ္ဏဿ စ ပတ္တစီဝရံ၊ ပရိပုဏ္ဏဿ စ ပတ္တစီဝရံ"ဟု ဖတ်သင့်သည်။ ဝိနည်းတတ်သော ဆရာမြတ်တို့မူကား "ပရိပုဏ္ဏဿ ပတ္တစီဝရံ" ဟူ၍ပင် ဆိုသော်လည်း "အဿ-၌ တ-သဒ္ဒါအရဖြင့် ပါဝင်သောကြောင့် ကံမပျက်"ဟု မိန့်ဆိုတော်မူကြကုန်၏။

၂။ ဤကမ္မဝါစာ ဒွန်တွဲ၍ ဖတ်ရာတို့မှာ မဟာဝါအဋ္ဌကထာ၊ မဟာခန္ဓကအဖွင့်၌-

> ဒွေ ဧကာနုဿာဝနေတိ ဒွေ ဧကတော အနုဿာဝနေ၊ ဧကေန ဧကဿ, အညေန ဣတရဿာတိ ဧဝံ ဒ္ဝီဟိ ဝါ အာစရိယေဟိ ဧကေန ဝါ ဧကဿေော ကမ္မဝါစံ အနုဿာဝေန္တေဟိ ဥပသမ္ပာဒေတုံ အနုဇာနာမီတိ အတ္ထော။
>
> ဒွေ တယော ဧကာနုဿာဝနေ ကာတုံ၊ တဥ္စ ခေါ ဧကေန ဥပဇ္ဈာယေနာတိ ဒွေ ဝါ တယော ဝါ ဇနေ ပုရိမနယေနေဝ ဧကတော အနုဿာဝနေ ကာတုံ အနုဇာနာမိ၊ တဥ္စ ခေါ အနုဿာဝနကိရိယံ ဧကေန ဥပဇ္ဈာယေန အနုဇာနာမီတိ အတ္ထော။ တသ္မာ ဧကေန အာစရိယေန ဒွေ ဝါ တယော ဝါ အနုဿာဝေတဗ္ဗာ။ ဒ္ဝီဟိ ဝါ တီဟိ ဝါ အာစရိယေဟိ ဝိသုံ ဝိသုံ ဧကေန ဧကဿာတိ ဧဝံ ဧကပ္ပဟာရေနေဝ ဒွေ တိဿော ကမ္မဝါစာ ကာတဗ္ဗာ။ သစေ ပန နာနာစရိယာ နာနုပဇ္ဈာယာ ဟောန္တိ။ တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဒိဝိဟာရိကံ, သုမနတ္ထေရော တိဿတ္ထေရဿ သဒ္ဒိဝိဟာရိကံ အနုဿာဝေတိ၊ အညမညဉ္စ ဂဏပူရကာ ဟောန္တိ၊ ဝဋ္ဋတိ။ သစေ ပန နာနာ ဥပဇ္ဈာယာ ဟောန္တိ၊ ဧကော အာစရိယော ဟောတိ၊ နတ္ထေဝ နာနုပဇ္ဈာယေနာတိ ပဋိက္ခိတ္တတ္တာ န ဝဋ္ဋတိ။ ဣဒံ သန္ဓာယ ဟိ ဧသ ပဋိက္ခေပေါ-

ဟု ဖွင့်တော်မူ၏(ဝိ၊ဋ္ဌ၊၃။၃၁၅)။

http://www.dhammadownload.com

၃။ ဝဇီရဗုဒ္ဓိဋီကာ၌လည်း-

ဒွေ ကောနုဿာဝနေတိ ဇေဋ္ဌ ဂဏ္ဌိပဒေ တာဝ ဧဝံ လိခိတံ "ကေတော ပဝတ္တ အနုဿာဝနေ" ဣဒံ သန္ဓာယာတိ နာနုပဇ္ဈာယံ ဧကာစရိယံ အနုဿာဝနကိရိယံ သန္ဓာယ။ တဋ္ဌ အနုဿာဝနကိရိယံ ဧကေနုပဇ္ဈာယေန နာနာစရိယေဟိ အနုဇာနာမီတိ အတ္ထော။ နာနုပဇ္ဈာယေဟိ ဧကေနာစရိယေန နတ္ထေဝ အနုဇာနာမီတိ အတ္ထော"တိ။ ပေါရာဏာဂဏ္ဌိပဒေပိ တထေဝ ဝတ္တာ တိဏ္ဏံ ဥဒ္ဓံ နာ ကေနစိ အာကာရေန ကေတော ဝဋ္ဋတီတိ ဝုတ္တံ၊ တံ ယုတ္တံ။ နာ ဟိ သံယော သံယသ ကမ္မံ ကရောတီတိ အာစရိယော။ ဣဒံ ပနေတ္ထ စိန္တေတဗ္ဗံ၊ ကထံ စတ္တာရော ဝါ အတိရေကာ ဝါ ဥပသမ္ပဒါပေက္ခာ သံယဝေါဟာရံ နာ လဘန္တိ ဘိက္ခဘာဝံ အပ္ပတ္တတ္တာ။ ကေဝလံ ဘဂဝတာ ပရိစ္ဆိန္နတ္တာ "တယော"တိ ဝုတ္တတ္တာ တတော ဥဒ္ဓံ နာ ဝဋ္ဋတီတိ နော တက္ကောတိ အာစရိယော -

ဟု ဆို၏(ဝဇီရ။၄၄၁)။

၄။ ဝိမတိဝိနောဒနီဋီကာ၌လည်း-

ဧကေန ဝါတိ ဒွိန္နမ္ပိ ဧကဿိ ဓေော ကောယ ဧဝ ကမ္မဝါစာယ အနုဿာဝနေ ဧကေနာစရိယေနာတိ အတ္ထော။ အယံ ဗုဒ္ဓရက္ခိတော စ အယံ ဓမ္မရက္ခိတော စ အာယသ္မတော သံယရက္ခိတဿ ဥပသမ္ပဒါပေက္ခောတိအာဒိနာ နယေန ဧကေန အာစရိယေန ဒွိန္နံ ဧကဿိ ဓေော အနုဿာဝနနယော ဒဋ္ဌဗ္ဗော။ ဣမိနာဝ နယေန တိဏ္ဏမ္ပိ ဧကေန အာစရိယေန ဧကဿေ ဓေော အနုဿာဝနံ ဒဋ္ဌဗ္ဗံ။

ပုရိမနယေနေဝ ဧကတော အနုဿာဝနေ ကာတုန္တိ "ဧကေန ဧကဿ အညေန ဣတရဿာ"တိအာဒိနာ ပုဗ္ဗေ ဝုတ္တနယေန ဒွိန္နံ ဒွိဟိ ဝါ, တိဏ္ဏံတိဟိ ဝါ အာစရိယေဟိ ဧကေန ဝါ အာစရိယေန တယောပိ ဧကတော အနုဿာဝနေ ကာတုန္တိ အတ္ထော။ တဋ္ဌ ခေါ ဧကေန ဥပဇ္ဈာယေန။ နတ္ထေဝ နာနုပဇ္ဈာယေနာတိ ဣဒံ ဧကေန အာစရိယေန ဒွိဟိ ဝါ တီဟိ ဝါ ဥပဇ္ဈာယေဟိ ဒွေ ဝါ တယော ဝါ ဥပသမ္ပဒါပေက္ခေ ဧကဿေ ဓေော ကောယ အနုဿာဝနာယ ဧကာနုဿာဝနေ ကာတုံ နာ ဝဋ္ဋတီတိ ပဋိက္ခေပပဒံ။ နာ ပန နာနာစရိယေဟိ နာနုပဇ္ဈာယေဟိ တယော ဧကာနုဿာဝနေ ကာတုံ နာ ဝဋ္ဋတီတိ အာဟ "သစေ ပန နာနာစရိယာ နာနုပဇ္ဈာယာ ။ပ။ ဝဋ္ဋတီ"တိ။ ယဉ္စေတ္ထ "တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ, သုမနတ္ထေရော တိဿတ္ထေရဿ သဒ္ဓိဝိဟာရိ-

http://www.dhammadownload.com

က"န္တိ ဧဝံ ဥပဇ္ဈာယေဟိ အညမညံ သဒ္ဓိဝိဟာရိကာနံ အနုဿာဝနကရဏံ ဝုတ္တံ၊ တံ ဥပလက္ခဏမတ္တံ။ တသ္မာ သစေ တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ, သုမနတ္ထေရော နန္ဒတ္ထေရဿ သဒ္ဓိဝိဟာရိကံ အနုဿာဝေတိ၊ အညမညဉ္စ ဂဏပူရကာ ဟောန္တိ၊ ဝဋ္ဋတိ ဧဝ–

ဟု မိန့်ဆိုတော်မူ၏(ဝိမတိ၊၂။၁၃၁-၂)။

၅။ ဝိနည်းယောဇနာ၌–

သစေ ဧကေနာစရိယေန ဒွေ အနုဿာဝေတိ၊ အယံ ပုဒ္ဓရက္ခိတော စ အယံ ဓမ္မရက္ခိတော စာတိ အနုဿာဝေတဗ္ဗာ။ သစေ တယော အနုဿာဝေတိ၊ အယံ ပုဒ္ဓရက္ခိတော စ အယံ ဓမ္မရက္ခိတော စ အယံ သံဃရက္ခိတော စာတိ အနုဿာဝေတဗ္ဗာ။ ယထာ ဧကေနာစရိယေန ဒွေ ဝါ တယော ဝါ ဧကတော အနုဿာဝေတဗ္ဗာ၊ ဧဝံ ဒ္ဝိဟိ ဝါ တီဟိ ဝါ အာစရိယေဟိ ဧကတော အနုဿာဝေတဗ္ဗောတိပိ ဝဒန္တိ။ ဧကေန ဥပဇ္ဈာယေန ကရဏဘူတေန ဧကော ဥပဇ္ဈာယော ဟုတ္ဝာတိ အတ္ထော။ ဧကပ္ပဟာရေနေဝါတိ ဣမိနာ "ဧကတော"-တိပဒဿ အတ္ထံ ဒဿေတိ။ ဒွေ တိဿော ကမ္မဝါစာတိ ဒ္ဝိဟိ အာစရိယေဟိ ဒွေ, တီဟိ အာစရိယေဟိ တိဿော ကမ္မဝါစာ ဧကေန ဥပဇ္ဈာယေန အနုဿာဝနေ ဧကော ဝါ ဒွေ ဝါ တယော ဝါ အာစရိယာ ဝဋ္ဋန္တိ။ နာနုပဇ္ဈာယေန အနုဿာဝနေ ပန နာနာစရိယာ ဧဝ ဝဋ္ဋန္တိတိ ဒဿေန္တော အာဟ "သစေ ပနာ"တိအာဒိ–

ဟု မိန့်ဆိုတော်မူ၏။

၆။ ယခုအခါ ဝိနည်းတတ်သော ဆရာမြတ်တို့သည်ကား–

"ယသ္မာ ပန တိဏ္ဏံ ဥဒ္ဒံ ကမ္မာရဟာ န ဟောန္တိ။ န ဟိ သံယော သံယဿ ကမ္မံ ကရောတိ။ တသ္မာ ဧကော ဝါ ဒွေ ဝါ တယော ဝါတိ ဝုတ္တံ"ဟု လာသော ပါရာဇိကဏ္ဍ အဋ္ဌကထာ, မာတိကာအဋ္ဌကထာ၊ "ယသ္မာ ဥဒ္ဓာဟိကာဒိသမ္မုတိကမ္မံ ဗဟူနမ္ပိ ကာတုံ ဝဋ္ဋတိ၊ တသ္မာ 'န ဟိ သံယော သံယဿ ကမ္မံ ကရောတိ'တိ ဣဒံ နိဂ္ဂဟဝသေန ကတ္တဗ္ဗကမ္မံ သန္ဓာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ"ဟု ဖွင့်သော ဝိမတိဝိနောဒနီဋီကာ, ကခ်ီဋီကာ တို့ကိုထောက်၍ သိမ်နှုတ်, သိမ်သမုတ်သောအရာတို့၌ နိဂ္ဂဟအရာမဟုတ်၍ ကမ္မဝါစာ ၁၀-လက်, ၉-လက်ကိုင်၍ ၁၀-ပါး, ၉-ပါး တပြိုင်နက် ဖတ်သော်လည်း အပ်သည်ဟု မိန့်ဆိုတော်မူကြကုန်၏။

http://www.dhammadownload.com


ထိုစကားအရ ဝိနည်းပါဠိ, အဋ္ဌကထာ, ဋီကာ, ယောဇနာ ကျမ်းဂန်အရင်းရပ်ကို နှံ့စပ်အောင် ရှုကြည့်စဉ်းစားဆင်ခြင်ရာ ကံပျက်သောအရာ မထင်မြင်၍ သင့်လျော်ဖို့ ရှိသည်။

၇။ ဝိနယဝိနိစ္ဆယဋီကာ၊ စူဠဝါအဖွင့်၌(ဝိနိယဝိနစ္ဆယ၊ဋီ။၃၅၀)-

> ဧတ္ထ စ စတုဝဂ္ဂါဒိကရဏီယေသု ကမ္မေသု ပကတတ္တေန ကမ္မဝါစံ သာဝေတွာ ကတမေဝ ကမ္မံ ကမ္မပတ္တေန ကတံ ဟောတိ။ ကမ္မပတ္တေ ပကတတ္တေ ဌပေတွာ အပကတတ္တေန ကေနစိ ကေဝလေနေဝ ကမ္မဝါစံ သာဝေတွာ ကတံ အပကတတ္တကမ္မပတ္တလက္ခဏာဘာဝါ ကမ္မပတ္တေန ကမ္မဝါစံ အဿာဝိတတ္တာ အနုဿာဝနဒေါသေန ဝိပဇ္ဇန္တံ ဟောတီတိ ဝေဒိတဗ္ဗံ။ တေနေဝ ပေါရာဏကဝိနယဓရတ္ထေရာ ကမ္မဝိပတ္တိသင်္ကာပရိဟာရတ္ထံ ဒ္ဝိဟိ တီဟိ ဧကတော ကမ္မဝါစံ အနုဿာဝယန္တိ-

ဟု ဆိုသည်မှာ ကမ္မပတ္တပကတတ် ရခဲသည်ဖြစ်၍ ရှေးမထေရ်ကြီးတို့သည် ယုံမှားကင်းစေခြင်းငှာ ၂-ပါး, ၃-ပါး တပြိုင်နက် ကမ္မဝါစာဖတ်ခြင်းကိုသာ ပြတော်မူသည့်အရာဖြစ်သည်။ ပိုလွန်၍ ကံပျက်သည်ကို ပြသောစကားများ မဟုတ်ကုန်။

ထိုအဋ္ဌကထာ, ဋီကာတို့၌ နာနာစရိယ, နာနုပဇ္ဈာယဖြစ်မူ အပ်သည်ဟု ဆိုသောစကားမှာလည်း အဋ္ဌကထာ, ဋီကာတို့၌ လာသည့်အတိုင်း ရဟန်းလောင်း ၂-ယောက် ဥပဇ္ဈာယ် ၂-ပါး ဖြစ်မူ ၁-ပါး၏ တပည့်ကို ၁-ပါးက ကမ္မဝါစာဆရာ ပြုလုပ်၍ အချင်းချင်း ဂဏပူရဏအဖြစ်ဖြင့် ဖတ်မှအပ်သည်။ အချို့အရပ်၌ အချို့ပုဂ္ဂိုလ်တို့သည် ဥပဇ္ဈာယ် ၂-ယောက်, ရဟန်းလောင်း ၂-ယောက်, ကမ္မဝါစာဆရာ ၂-ယောက် အသီးသီး ရဟန်းခံကြသည်မှာ အချင်းချင်း ဂဏပူရဏ မဖြစ်၍ မအပ်ဟု သိရာ၏။



[၄၅] အာဝုသော, ဘန္တေ အဆိုမှားက ကံ ပျက်,မပျက်

(၁) မေး။ ။ ကမ္မဝါစာ ဖတ်သောအခါ ကြီးသောရဟန်းက 'အာဝုသော'ဆိုရမည်ကို မဆို၊ 'ဘန္တေ'ဆို၍လည်းကောင်း၊ ငယ်သောရဟန်းက 'ဘန္တေ'ဆိုရမည်ကို မဆို၊ 'အာဝုသော'ဆို၍လည်းကောင်း ဖတ်မူ ကံပျက်မည်လော?

ဖြေ။ ။ ကမ္မဝါစာ ဖတ်ရာမှာ သီတင်းကြီးရဟန်းက 'ဘန္တေ'ဆို၍လည်းကောင်း၊ သီတင်းငယ် ရဟန်းက 'အာဝုသော'ဆို၍လည်းကောင်း ဖတ်မူ ကံမပျက်။

http://www.dhammadownload.com

၁။ သစေ ပန အနုဿာဝကော သဗ္ဗေဟိ ဘိက္ခူဟိ ဝုမ္ဗတရော ဟောတိ၊ "သုဏာတု မေ အာဝုသော သံဃော"တိ ဝတ္တဗ္ဗံ။ သောပိ စေ "ဘန္တေ"တိ ဝဒေယျ၊ နဝကတရော ဝါ "အာဝုသော"တိ၊ ကမ္မကောပေါ နတ္ထိ။ ကေစိ ပန "ဧကတ္ထ အာဝုသောတိ ဝတ္တာ အညတ္ထ ဘန္တေတိ ဝုတ္တေပိ နတ္ထိ ဒေါသော၊ ဥဘယေနာပိ အာလပနဿ သိဒ္ဓနတော"တိ ဝဒန္တိ–

ဟု လာသော ဝိမတိဝိနောဒနီဋီကာကို ထောက်(ဝိမတိ၂။၁၃၃)။

အနုဿာဝကော၊ ကမ္မဝါစာဆရာသည်။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဘိက္ခူဟိ၊ တို့ထက်။ ဝုမ္ဗတရော၊ သိတင်းကြီးသည်။ သစေ ပန ဟောတိ၊ ဖြစ်အံ့။ သုဏာတု မေ အာဝုသော သံဃောတိ၊ ဟူ၍။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ သောပိ၊ ထိုသိတင်းကြီး ရဟန်းသည်လည်း။ ဘန္တေတိ၊ ဟူ၍။ သစေ ဝဒေယျ၊ ဆိုငြားအံ့။ နဝကတရော ဝါ၊ သိတင်းငယ် ရဟန်းသည်လည်း။ အာဝုသောတိ၊ ဟူ၍။ စေ ဝဒေယျ၊ အကယ်၍ ဆိုငြားအံ့။ ကမ္မကောပေါ၊ ကံဖျက်ခြင်းသည်။ နတ္ထိ၊ မရှိ။ ကေစိ ပန၊ အချို့သော ဆရာတို့သည်ကား။ ဧကတ္ထ၊ တစ်ခုသောအနက်၌။ အာဝုသောတိ၊ ဟူ၍။ ဝတ္တာ၊ ၍။ အညတ္ထ၊ တစ်ခုသောအနက်၌။ ဘန္တေတိ၊ ဟူ၍။ ဝုတ္တေပိ၊ ဆိုသော်လည်း။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ဥဘယေနပိ၊ ၂-ပါးစုံဖြင့်လည်း။ အာလပနဿ၊ ခေါ်ဝေါ်ခြင်း၏။ သိဒ္ဓနတော၊ ပြီးသောကြောင့်တည်း။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။

၂။ **ပါတိမောက္ခဝဒတ္ထအနုဝဏ္ဏနာ၌လည်း–**

သဗ္ဗကမ္မဝါစာယ သံယံ ဥပါဒါယ သံယတ္ထေရေနာပိ "ဘန္တေ"တိ ဝတ္တဗ္ဗံ။ ဘိက္ခုံ ဥပါဒါယ "အာဝုသော"တိ ဝုတ္တံ–

ဟု ဆိုတော်မူ၏။

သဗ္ဗကမ္မဝါစာယ၊ အလုံးစုံသောကမ္မဝါစာ၌။ သံယံ၊ ကို။ ဥပါဒါယ၊ စွဲ၍။ သံယတ္ထေရေနာပိ၊ သံယထေရ်သည်လည်း။ ဘန္တေတိ၊ ဟူ၍။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ ဘိက္ခုံ၊ ကို။ ဥပါဒါယ၊ စွဲ၍။ အာဝုသောတိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၄၆] ကမ္မဝါစာဆရာ၏ ဟတ္ထပါသ်၌ ရဟန်းလောင်း မရှိခြင်း

(၁) **မေး။** ။ ကမ္မဝါစာ ဖတ်သောအခါ ရဟန်းလောင်းသည် ကမ္မဝါစာဆရာ၏ တစ်တောင့်ထွာ ဟတ္ထပါသ်၌ မနေမူ၍ သံဃာ၏ဟတ္ထပါသ်၌စပ်မူ အပ်သည်ဟု မှတ်ရမည်လော?

ဖြေ။ ။ ရဟန်းလောင်းသည် ကမ္မဝါစာဖတ်သောဆရာ၏ တစ်တောင့်ထွာဟတ္ထပါသ်၌ နေမှ အပ်သည်။ သံဃာ၏ ဟတ္ထပါသ်၌ နေရုံမျှဖြင့် မအပ်။

၁။ တတ္ထ အယန္တိ ဥပသမ္ပဒါပေက္ခဿ ဟတ္ထပါသေ သန္နိဟိတဘာဝဒဿနံ။ တေန စ ဟတ္ထပါသေ ဌိတဿေဝ ဥပသမ္ပဒါ ရုဟတီတိ သိဒ္ဓံ ဟတ္ထပါသတော ဗဟိ ဌိတဿ "အယ"န္တိ နာ ဝတ္တဗ္ဗတော–

ဟု လာသော **ဝိမတိဝိနောဒနီဋီကာ**ကို ထောက်(ဝိမတိ၊ ၂။၁၃၃-၄)။

တတ္ထ ဝစနေ၊ ထိုစကား၌။ အယန္တိ၊ ဟူသည်ကား။ ဥပသမ္ပဒါပေက္ခဿ၊ ပဋ္ဌင်းလောင်း၏။ ဟတ္ထပါသေ၊ ၌။ သန္နိဟိတဘာဝဒဿနံ၊ ကောင်းစွာတည်ရှိခြင်းကို ပြခြင်းတည်း။ တေန၊ ကြောင့်။ ဟတ္ထပါသေ၊ ကမ္မဝါစာဆရာ၏ဟတ္ထပါသ်၌။ ဌိတဿေဝ၊ တည်သော ရဟန်းလောင်းအား သာလျှင်။ ဥပသမ္ပဒါ၊ ပဋ္ဌင်း၏အဖြစ်သို့ (ဝါ၊ သည်)။ ရုဟတိ၊ ရောက်၏။ ဣတိ အတ္ထော။ သည်။ သိဒ္ဓံ၊ ပြီး၏။ ဟတ္ထပါသတော၊ ဟတ္ထပါသ်မှ။ ဗဟိ၊ အပ၌။ ဌိတဿ၊ တည်သောသူကို။ အယန္တိ၊ အယ်ဟူ၍။ နာ ဝတ္တဗ္ဗတော၊ မဆိုအပ် သောကြောင့်တည်း။

✪ ✪ ✪ ✪ ✪

[၄၇] ဝတ်ကမ္မဝါစာ, မာနတ်ကမ္မဝါစာ၌ အမည်ကွဲပြားခြင်း

ဝတ်ကမ္မဝါစာ, မာနတ်ကမ္မဝါစာ၌ အရေအတွက် ကွဲပြားခြင်း

(၁) **မေး။** ။ ဝတ်ယူသောကမ္မဝါစာ၌ ပကတိအမည်ဟောင်းကို ထည့်သွင်း၍ ဖတ်ပြီးမှ မာနတ် တက်သောအခါ ကမ္မဝါစာ၌ တိဿ-ဟူသောအမည်ကို မှည့်၍ ဖတ်ပြန်ရာ၌ လည်းကောင်း၊ ဝတ်ယူသောအခါ တစ်ယောက်တည်းယူသော ကမ္မဝါစာကို ဖတ်ယူပြီးမှ မာနတ်တက်သောအခါ ဒွန်တွဲ၍ ကမ္မဝါစာကို ဖတ်ယူရာ၌လည်းကောင်း ကံပျက်သည်ဟု မှတ်ရမည်လော?

http://www.dhammadownload.com

ဖြေ။ ။ ဝိနည်းအဋ္ဌကထာ, ဋီကာတို့၌ တစ်ခုသော ကမ္မဝါစာ၌သာ ဥ တ်မှာ တစ်မည်, ကမ္မဝါစာမှာ တစ်မည်အားဖြင့် ဥ တ်အမည်တခြား, ကမ္မဝါစာအမည်တခြား ဆိုခြင်း၌သာ ကံဟုက်သည်ဟု ဆိုကုန်သည်။ ဝတ်ကမ္မဝါစာနှင့် မာနတ် ကမ္မဝါစာမှာ တခြားစီဖြစ်၍ ဝတ်ယူတုန်းက အမည်ဟောင်းနှင့် ဖတ်၍ မာနတ်တက်သောအခါ တိသ-အစရှိသောအမည်ဖြင့် ဖတ်သော်လည်း မှည့်ကြား၍ ဖတ်မူ အပ်သည်။

ဝတ်ယူစဉ်က ၁-ယောက်တည်း ကမ္မဝါစာဖြင့် ယူပြီးမှ မာနတ်တက်သောအခါ ၂-ပါး ဖြစ်စေ, ၃-ပါးဖြစ်စေ ဒွန်တွဲ၍ ဖတ်သော်လည်း အပ်သည်။ ကမ္မဝါစာ တစ်ခြားစီ ဖြစ်သောကြောင့် ကံမဟုက်။

၁။ ဧကဿ ဗဟူနိ နာမာနိ ဟောန္တိ၊ တတ္ထ ဧကံ နာမံ ဥ တ္တိယာ, ဧကံ အနုဿာ-ဝနာယ ကာတုံ န ဝဋ္ဋတိ။ အတ္ထတော စ ဗျဉ္ဇနတော စ အဘိန္နာဟိ အနုဿာ-ဝနာဟိ ဘဝိတဗ္ဗံ-

ဟု လာသော သာရတ္ထဒီပနီဋီကာ(၃။၂၆၆), ဝဇိရဗုဒ္ဓိဋီကာ(နှာ-၄၄၀)တို့ကို ထောက်။ ဝိမတိဝိနောဒနီဋီကာ(၂။၁၃၀)၌လည်း လာသည်။

ဧကဿ၊ ၁-ယောက်သောသူအား။ ဗဟူနိ၊ များစွာကုန်သော။ နာမာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ တတ္ထ၊ ထိုအမည်တို့တွင်။ ဧကံ၊ ၁-ခုသော။ နာမံ၊ ကို။ ဥ တ္တိယာ၊ ဉာတ်၌။ ဧကံ၊ ၁-ခုသောအမည်ကို။ အနုဿာဝနာယ၊ ကမ္မဝါစာ၌။ ကာတုံ၊ ပြုခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ အတ္ထတော စ၊ အနက်အားဖြင့်လည်းကောင်း။ ဗျဉ္ဇနတော စ၊ သဒ္ဒါ အားဖြင့်လည်းကောင်း။ အဘိန္နာဟိ၊ မပြားကုန်သော။ အနုဿာဝနာဟိ၊ ကမ္မဝါစာတို့ဖြင့်။ ဘဝိတဗ္ဗံ၊ ဖြစ်စေအပ်၏။

၂။ ဝိနယာလင်္ကာရဋီကာ(၁။၂၇၉၊၂၈၀), ဝိနယတ္ထမဉ္ဇူသာဋီကာ(က၌။ဋီ-သစ်။ ၁၆၇)တို့၌လည်း လာသည်။ ထို့ကြောင့် ၁-ခုသောကံကို ပြုရာ၌ ဥ တ်၌ အမည်တခြား, ကမ္မဝါစာ၌ အမည်တခြား ဆိုခြင်းသည်သာ ကံဟုက်သည်။ ဝတ်ကမ္မဝါစာကို ဖတ်ရာ၌ အမည်တစ်ခု, မာနတ်ကမ္မဝါစာကို ဖတ်ရာ၌ အမည်တစ်ခု ပြု၍လည်းကောင်း, ဝတ်ကမ္မဝါစာ၌ တစ်ပါးတည်း, မာနတ်ကမ္မဝါစာ၌ ဒွန်တွဲဖတ်ရာ၌လည်းကောင်း ကံမဟုက်ဟု သိန္နိဋ္ဌာန်ကျ မှတ်လေ။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၄၈] မအပ်သော ကျောင်းစသည်ကို မသိ၍ သုံးဆောင်မိခြင်း

(၁) **မေး။** ။ တပါးသောရဟန်းသည် ရွှေ့ငွေကို အလျှူခံ၍ ဆောက်လုပ်သော ကျောင်း, ဇရပ်, တံတားစသည်ကို မသိ၍ သုံးဆောင်မိမူ အပြစ်ရှိမည်လော?

ဖြေ။ ။ တပါးသောရဟန်းသည် ရွှေ့ငွေကို အလျှူခံ၍ ဖြစ်စေ၊ မိမိပရိက္ခရာပစ္စည်းကို ရောင်းချ၍ဖြစ်စေ မအပ်သော နိဿဂ္ဂိယဝတ္ထု, ဒုက္ကဋ်ဝတ္ထုတို့ဖြင့် ဝယ်ယူ ဆောက်လုပ်အပ်သော ကျောင်း, ဇရပ်, တံတား, ညောင်စောင်း, အင်းပျဉ်, နေရာအခင်း, အဝတ်သင်္ကန်း, ဘောဇဉ်ခဲဖွယ် စသည်တို့ကို မသိသော်လည်း မသုံးဆောင်အပ်။ ထိုရူပိယပဋိဂ္ဂါဟကသိက္ခာပုဒ်, ရူပိယသံဝေါဟာရသိက္ခာပုဒ်တို့သည် အစိတ္တကသိက္ခာပုဒ်များဖြစ်သောကြောင့် မသိ၍ သုံးဆောင်သော်လည်း အစိတ္တကဒုက္ကဋ် အာပတ်သင့်၍ အပြစ်ရှိသည်။

၁။ **ထို့ကြောင့် ပါရာဇိကဏ်အဋ္ဌကထာ၊ ရူပိယပဋိဂ္ဂါဟကသိက္ခာပုဒ်၊ ရူပိယသံဝေါဟာရသိက္ခာပုဒ်အဖွင့်တို့၌-** (ဝိ၊၄၊၂။၂၇၅၊၂၇၈)

နော သညာဝိမောက္ခံ၊ အစိတ္တကံ၊ ပဏ္ဏတ္တိဝဇ္ဇံ- ဟု ဖွင့်တော်မူသည်။

နော သညာဝိမောက္ခံ၊ ရွှေ့ငွေ-မဟုတ်ဟု အမှတ်ရှိသော်လည်း အာပတ်မှ မလွတ်သောကြောင့် "နော သညာဝိမောက္ခ" မည်၏။ အစိတ္တကံ၊ မသိသော်လည်း အာပတ်သင့်သောကြောင့် "အစိတ္တက"မည်၏။ ပဏ္ဏတ္တိဝဇ္ဇံ၊ "ပဏ္ဏတ္တိဝဇ္ဇ" မည်၏။

၂။ ဤအနက်ကား "သညာယ အဘာဝေပိ န မုစ္စတိ၊ အဇာနန္တောပိ အာပဇ္ဇတီတိ နောသညာဝိမောက္ခံ၊ အစိတ္တကံ"ဟု လာသော **ပါရာဇိကဏ်အဋ္ဌကထာ၊ ပဌမကထိန-သိက္ခာပုဒ်အဖွင့်** (ဝိ၊၄၊၂။၂၃၂)ကို ထောက်၍ ပေးသည်။

သညာယ၊ ရွှေ့ငွေ-ဟူသော အမှတ်သညာ၏။ အဘာဝေပိ၊ မရှိရာ၌လည်း။ န မုစ္စတိ၊ မလွတ်။ အဇာနန္တောပိ၊ မသိသော်လည်း။ အာပဇ္ဇတိ၊ အာပတ်သင့်၏။ ဣတိ တသ္မာ၊ ကြောင့်။ နော သညာဝိမောက္ခံ၊ ပညတ်၏။ အစိတ္တကံ၊ မည်၏။

၃။ **ပါတိမောက္ခဝဒ္ဌအနုဝဏ္ဏနာဒ္ဒလည်း** ၎င်းသိက္ခာပုဒ် ၂-ခုကို "နော သညာဝိမောက္ခံ၊ အစိတ္တကံ၊ ပဏ္ဏတ္တိဝဇ္ဇံ"ဟု ဆိုသည်။

၄။ **ကခ်ီဝိတရဏီအဋ္ဌကထာ**(နှာ-၁၃၃၊၁၇၆၊၁၇၇)၌လည်း သဉ္စရိတ္တသိက္ခာပုဒ်အဖွင့်မှာ "နော သညာဝိမောက္ခံ၊ အစိတ္တကံ၊ ပဏ္ဏတ္တိဝဇ္ဇံ"ဟု ဆိုခဲ့၍ ရူပိယပဋိဂ္ဂါဟကသိက္ခာပုဒ်၌

http://www.dhammadownload.com

"သေသံ သဉ္စရိတ္တေ ဝုတ္တနယမေဝ"ဟု သဉ္စရိတ္တသိက္ခာပုဒ်နှင့် ရူပိယပဋိဂ္ဂါဟကသိက္ခာပုဒ်၏ နော သညာဝိမောက္ခ, အစိတ္တက, ပဏ္ဏတ္တိဝဇ္ဇ တူကြောင်းကို ပြတော်မူသည်။

၅။ **ရူပိယသံဝေါဟာရသိက္ခာပုဒ်၌လည်း "သေသံ အနန္တရသိက္ခာပဒေ ဝုတ္တနယမေဝ"** ဟု ရူပိယပဋိဂ္ဂါဟကသိက္ခာပုဒ်နှင့် ရူပိယသံဝေါဟာရသိက္ခာပုဒ်၏ နော သညာဝိမောက္ခ,အစိတ္တက,ပဏ္ဏတ္တိဝဇ္ဇ တူကြောင်းကို ပြတော်မူသည်။ ဝိနယဝိနိစ္ဆယ အဋ္ဌကထာ(နှာ ၆၈-၆၉)၌လည်း ဤကခ်ီဝိတရဏီအဋ္ဌကထာနှင့် နည်းတူ ပြဆိုတော်မူသည်။

၆။ **ဝိမတိဝိနောဒနီဋီကာ၊ ရူပိယသံဝေါဟာရသိက္ခာပုဒ်အဖွင့်(ဝိမတိ၊၁။၃၄၄၊၂၄၅)၌ -**

> ရူပိယံ ဥဂ္ဂဏှိတွာတိ ဣဒံ ဥက္ကဋ္ဌဝသေန ဝုတ္တံ။ မုတ္တာဒိဒုက္ကဋဝတ္ထုမှိ ဥဂ္ဂဟေတွာ ကာရိတမှိ ပဋ္ဌန္ဒမှိ န ဝဋ္ဋတိ ဧဝ–

ဟူ၍လည်းကောင်း၊

> သော ဟိ စောရေဟိ အစ္ဆိန္နောပိ ပုန လဒ္ဓါ အဇာနန္တသ္သ (လဒ္ဓါ ဇာနန္တသ္သ) ကဿစိပိ န ဝဋ္ဋတိ-

ဟူ၍လည်းကောင်း

> တမှိ စ (တဉ္စ) ဒုက္ကဋဝတ္ထုမှိ တထသညာယ ဝါ အတထာသညာယ ဝါ ဝေမတိယာ ဝါ ပရိဝတ္တန္တေသာပိ ဟောတိယေဝ၊ အစိတ္တကတ္တာ ဣမဿ သိက္ခာပဒဿ–

ဟူ၍လည်းကောင်း ဖွင့်ဆိုတော်မူ၏။

၇။ **ဝိနယာလင်္ကာရဋီကာ(၁။၁၁၈-၉)၌** နည်းတူ ဖွင့်ပြတော်မူသည်။

ရူပိယံ ဥဂ္ဂဏှိတွာတိ ဣဒံ၊ ဟူသောစကားသည်။ ဥက္ကဋ္ဌဝသေန၊ အလွန်အကဲကို ပြသောနည်း၏ အစွမ်းဖြင့်။ ဝုတ္တံ၊ ၏။ မုတ္တာဒိဒုက္ကဋဝတ္ထုမှိ၊ ပုလဲစသော ဒုက္ကဋဝတ္ထု ၁၀-ပါးကိုလည်း။ ဥဂ္ဂဟေတွာ၊ အလှူခံ၍။ ကာရိတမှိ၊ ပြုစေအပ်သော်လည်း။ ပဋ္ဌန္ဒမှိ၊ သီတင်းသုံးဖော် ၅-ဦးတို့အား လည်း။ န ဝဋ္ဋတိ ဧဝ၊ မအပ်သည်သာတည်း။ ဟိ၊ မှန်၏။ သော၊ မဟာအကပ္ပိယ ပစ္စည်းကို။ ဝါ၊ ရွှေ, ငွေကို။ စောရေဟိ၊ ခိုးသူတို့သည်။ အစ္ဆိန္နောပိ၊ လုယက်အပ်သော်လည်း။ ပုန၊ တဖန်။ လဒ္ဓါ၊ ရ၍။ အဇာနန္တသ္သ၊ မသိသော။ ကဿစိပိ၊ တစ်စုံတစ်ယောက်သော သီတင်းသုံးဖော်အား လည်း။ န ဝဋ္ဋတိ၊ မအပ်။ တမှိ စ ဒုက္ကဋ-ဝတ္ထုမှိ၊ ထိုဒုက္ကဋ်ဝတ္ထု၌လည်း။ တထာသညာယ ဝါ၊ ထိုဒုက္ကဋ်ဝတ္ထုဟု အမှတ်ရှိသည်ဖြစ်၍လည်းကောင်း။ အတထာသညာယ ဝါ၊ ထိုဒုက္ကဋ်ဝတ္ထုမဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍လည်းကောင်း။ ဝေမတိယာ ဝါ၊ ယုံမှားရှိသည်ဖြစ်၍လည်းကောင်း။ ပရိဝတ္တန္တေသာပိ၊

http://www.dhammadownload.com

လဲလှယ်သောရဟန်းအားလည်း။ ဟောတိယော၀၊ အာပတ်သင့်ခြင်း ဖြစ်သည်သာလျှင်တည်း။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ ဣမသ္မာ သိက္ခာပဒသ္မာ၊ ဤသိက္ခာပုဒ်၏။ အစိတ္တကတ္တာ၊ အစိတ္တကသိက္ခာပုဒ် ဖြစ်သောကြောင့်တည်း။

၈။ **ကဒ်ိဝိတရဏီအဋ္ဌကထာ၌လည်း–**

> ပုရိမသိက္ခာပဒေန ဟိ နိဿဂ်ိယ၀တ္ထုဒုက္ကဋ၀တ္ထူနံ် ပဋိဂ္ဂဟဏံ၀ါရိတံ၊ ဣမိနာ ပရိ၀တ္တနံ်။ တသ္မာ ဒုက္ကဋ၀တ္ထုနာ ဒုက္ကဋ၀တ္ထုကပ္ပိယ၀တ္ထူနိ စ, ကပ္ပိယ၀တ္ထုနာ ဒုက္ကဋ၀တ္ထုံ၊ ပရိ၀တ္တန္တေသ္သ ဒုက္ကဋံ့။ နိဿဂ်ိယ၀တ္ထုနာ ပန နိဿဂ်ိယ၀တ္ထုံ၊ ၀ါ ဒုက္ကဋ၀တ္ထုံ၊ ၀ါ ကပ္ပိယ၀တ္ထုံ၊ ၀ါ, ဒုက္ကဋ၀တ္ထုကပ္ပိယ၀တ္ထူဟိ စ နိဿဂ်ိယ၀တ္ထုံ၊ ပရိ၀တ္တန္တေသ္သ နိဿဂ်ိယံ ဟောတိ–(ကင်္ခာ။ဋ္ဌ။၁၇၆)

ဟု ဆိုတော်မူ၏။

ဟိ ယသ္မာ၊ ကြောင့်။ ပုရိမသိက္ခာပဒေန၊ ဖြင့်။ နိဿဂ်ိယ၀တ္ထုဒုက္ကဋ၀တ္ထူနံ်၊ တို့ကို။ ပဋိဂ္ဂဟဏံ၊ ခံခြင်းကို။ ၀ါရိတံ၊ မြစ်အပ်၏။ ဣမိနာ၊ ဤရှုပိယသဲ၀ေါဟာရသိက္ခာပုဒ်ဖြင့်။ ပရိ၀တ္တနံ်၊ ဖလှယ် ရောင်း၀ယ်ခြင်းကို။ ၀ါရိတံ၊ မြစ်အပ်၏။ တသ္မာ၊ ကြောင့်။ ဒုက္ကဋ၀တ္ထုနာ၊ ဖြင့်။ ဒုက္ကဋ၀တ္ထုကပ္ပိယ၀တ္ထူနိ၊ တို့ကိုလည်းကောင်း။ ကပ္ပိယ၀တ္ထုနာ၊ ဖြင့်။ ဒုက္ကဋ၀တ္ထုံ၊ ၀ါ၊ လည်းကောင်း။ ပရိ၀တ္တန္တေသ္သ၊ ဖလှယ်ရောင်း၀ယ်သော ရဟန်းအား။ ဒုက္ကဋံ့၊ ၏။ နိဿဂ်ိယ၀တ္ထုနာ ပန၊ နိဿဂ်ိယ၀တ္ထုဖြင့်ကား။ နိဿဂ်ိယ၀တ္ထုံ၊ ၀ါ၊ ကိုလည်းကောင်း။ ဒုက္ကဋ၀တ္ထုံ၊ ၀ါ၊ ကိုလည်းကောင်း။ ကပ္ပိယ၀တ္ထုံ၊ ၀ါ၊ ကိုလည်းကောင်း။ ဒုက္ကဋ၀တ္ထုကပ္ပိယ-၀တ္ထူဟိ စ၊ ဒုက္ကဋ်၀တ္ထု၊ ကပ္ပိယ၀တ္ထုတို့ဖြင့်လည်း။ နိဿဂ်ိယ၀တ္ထုံ၊ ၀ါ၊ ကိုလည်းကောင်း။ ပရိ၀တ္တန္တေသ္သ၊ ဖလှယ်ရောင်း၀ယ်သော ရဟန်းအား။ နိဿဂ်ိယံ၊ သည်။ ဟောတိ၊ ၏။

၉။ **သလုံးဆရာတော်ဘုရား ရေးသော ဝိနယဆေဒနီကျမ်း၌လည်း–**

> ရွှေ,ငွေ-စသည်ဖြင့် ဖလှယ်ရောင်း၀ယ်၍ရသော ပုလဲ-စသောဒုက္ကဋ်၀တ္ထု, စပါးမျိုး၀တ္ထု, သပိတ်,သင်္ကန်းစသော ၀တ္ထုတို့ကို ဝိနည်းကဲ့ဖြင့် စွန့်အပ်သော အရာ မရှိပြီ။ သံဃာတို့ ရှေ့မှောက်၌သာ ငဲ့ကွက်ခြင်း မရှိ၊ စွန့်ရာ၏။ ထိုစွန့်၍ တဖန်ရသော်လည်း ရောင်း၀ယ်ခြင်းသို့ ရောက်သောရဟန်း, မရောက်သော ရဟန်းတို့ အမျှားပင် မအပ်ကုန်။ မသိ၍သော်လည်း အစိတ္တကဒုက္ကဋ် သင့်သည်-ဟု ဋီကာတို့၌ ဆိုသည်။ – ဟု လာသည်။

ဤသို့လာသော အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရတို့ကို ထောက်၍ ရွှေ,ငွေ စသော နိဿဂ်ိယ၀တ္ထု, ပုလဲစသော ဒုက္ကဋ်၀တ္ထုတို့ကို ခံယူ၍ဖြစ်စေ, မိမိကပ္ပိယပစ္စည်း ပရိက္ခရာဖြင့်

http://www.dhammadownload.com

မအပ်သော ဖလှယ်ရောင်းဝယ်၍ဖြစ်စေ ပြုလုပ်အပ်သော ကျောင်း, ဇရုပ်, တံတား, ညောင်စောင်း, အင်းပျဉ်, အဝတ်သင်္ကန်း, ဘောဇဉ်ခဲဖွယ်စသည်တို့ကို မသိသော်လည်း မသုံးဆောင်အပ်။ မသိ၍ သုံးဆောင်မိသော်လည်း အစိတ္တကဒုက္ကဋ်သင့်သည်ဟု သန္နိဋ္ဌာန်ကျ မှတ်လေ။

✪ ✪ ✪ ✪ ✪

[၄၉] နိဿဂ္ဂိယဝတ္ထု, ဒုက္ကဋ်ဝတ္ထု, ကပ္ပိယဝတ္ထုများ

(၁) မေး။ ။ နိဿဂ္ဂိယဝတ္ထု, ဒုက္ကဋ်ဝတ္ထု, ကပ္ပိယဝတ္ထုအရ ၃-ဌာနကို အဘယ်သို့ သိမှတ်ပါရမည်နည်း?

ဖြေ။ ။ ထိုအမေးပုစ္ဆာမှာ–

၁။ ရဇတံ ဇာတရူပဉ္စ၊ ဥဘိန္နံ မာသကောဝိ စ။
ဧတံ စတုဇ္ဈိဓံ ဝတ္ထု၊ ဟောတိ နိဿဂ္ဂိယာ'ဝဟံ။

မုတ္တာ မဏိ သိလာ သခါ၊ ပဝါဠံ လောဟိတင်္ကော။
မသာရဂလ္လံ ဓညာနိ၊ သတ္တ ဂေါမဟိသာဒိကံ။

ခေတ္တံ ဝတ္ထုံ တဒုဘယဉ္စ၊ ဒါသိဒါသာဒိကံ ပန။
ဒုက္ကဋဿေဝ ဝတ္ထူနိ၊ ဒီပိတာနိ မဟေသိနာ။

မုဂ္ဂမာသာဒိကံ သဗ္ဗံ၊ သပ္ပိအာဒီနိ တဇ္ဇာလာ။
သုတ္တံ ဝတ္ထံ ဖလံ ဖာလံ၊ ကပ္ပိယံ ဧဝမာဒိကံ–

ဟုလာသော ဝိနယဝိနိစ္ဆယအဋ္ဌကထာ(နှာ၊ ၆၆-၇)ကို ထောက်၍ မှတ်ယူလေ။

ရဇတံ၊ ငွေလည်းကောင်း။ ဇာတရူပဉ္စ၊ ရွှေလည်းကောင်း။ ဥဘိန္နံ၊ ရွှေ, ငွေ ၂-ခု တို့၏။ မာသကောဝိ စ၊ အသပြာပဲလည်းကောင်း။ ဣတိ၊ သို့။ စတုဇ္ဈိဓံ၊ ၄-ပါး အပြားရှိသော။ ဧတံ ဝတ္ထု၊ ထိုဝတ္ထုသည်။ နိဿဂ္ဂိယာဝဟံ၊ နိဿဂ္ဂိကို ဆောင်တတ်၏။ ဝါ၊ ဆောင်တတ်သော နိဿဂ္ဂိဝတ္ထုသည်။ ဟောတိ၊ ၏။

မုတ္တာ၊ ပုလဲလည်းကောင်း။ မဏိ၊ ပတ္တမြားလည်းကောင်း။ သိလာ၊ ကျောက်သလင်းလည်းကောင်း။ သခါ၊ ရတနာခရုသင်းလည်းကောင်း။ ပဝါဠံ၊ သန္လာလည်းကောင်း။ လောဟိတင်္ကော၊ ပတ္တမြားနီလည်းကောင်း။ မသာရဂလ္လံ၊ ပတ္တမြားပြောက်လည်းကောင်း။

http://www.dhammadownload.com

သတ္တ၊ ၇-ပါးကုန်သော။ ဧညာနိ၊ စပါးမျိုးတို့လည်းကောင်း။ ဂေါမဟိသာဒိကံ၊ နွား, ကျွဲ စသည်လည်းကောင်း။ ခေတ္တံ၊ လယ်လည်းကောင်း။ ဝတ္ထု၊ ပုပ္ဖါရာမစသည်လည်းကောင်း။ တဋ္ဌာကံ၊ တဘက်ဆည်စသော ကံလည်းကောင်း။ ဒါသိဒါသာဒိကံ ပန၊ ကျွန်မိန်းမ, ကျွန်ယောကျ်ားစသည်လည်းကောင်း။ ဣတိ အာဒီနိ၊ ဤသို့ အစရှိကုန်သော။ ဝတ္ထုနိ၊ ဝတ္ထုတို့ကို။ ဒုက္ကဋဿေဝ၊ ဒုက္ကဋ်၏သာလျှင်။ဝတ္ထူနိ၊ ဝတ္ထုတို့ဟူ၍။ မဟေသိနာ၊ ဘုရားမြတ်စွာသည်။ ဒီပိတာနိ၊ ပြအပ်ကုန်၏။

မုဂ္ဂမာသာဒိကံ၊ ပဲနောက်, ပဲကြီးအစရှိသော။ သဗ္ဗံ၊ အလုံးစုံသော ပဲမျိုးလည်းကောင်း။ သပ္ပိအာဒီနိ၊ ထောပတ်စသည်တို့လည်းကောင်း။ တဏ္ဍုလံ၊ ဆန်တို့လည်းကောင်း။ သုတ္တံ၊ ချည်လည်းကောင်း။ ဝတ္ထံ၊( ) လည်းကောင်း။ ဖလံ၊ သစ်သီးလည်းကောင်း။ ဖာလံ၊ ပရင်းလည်းကောင်း။ ဝါ၊ ထယ်လည်းကောင်း။ ဧဝမာဒိကံ၊ ဤသို့ အစရှိသောဝတ္ထုသည်။ ကပ္ပိယံ၊ ကပ္ပိယဝတ္ထုမည်၏။



[၅၀] အကပ္ပိယဝတ္ထုဖြင့် တူးဖော်သည့် ရေတွင်းရေကန်

(၁) မေး။ ။ မအပ်သောရွှေ, ငွေကို အလျှူခံ၍ဖြစ်စေ, မိမိပရိက္ခရာကို မအပ်သော ဖလှယ်ရောင်းဝယ်၍ရသော ရွှေ,ငွေဖြင့်ဖြစ်စေ ငှား၍တူးသော ရေကန်,ရေတွင်းကို ရဟန်းတို့ သုံးဆောင်အပ်ပါမည်လော?

ဖြေ။ ။ ထိုအမေးပုစ္ဆာမှာ-

၁။ တေန ဝတ္ထုနာ ဓဏာပိတာယ ပေါက္ခရဏိယာ ဥဒ္ဒတောဒကံ (ဥဒ္ဒိဒေါဒကံ) ပါတုံ ဝါ ပရိဘုဉ္ဇိတုံ ဝါ န ဝဋ္ဋတိ။ အန္တော ဥဒကေ ပန အသတိ အညံ အာဂန္တုကံ ဥဒကံ ဝါ ဝဿောဒကံ ဝါ ပဝိဋ္ဌံ ဝဋ္ဋတိ။ ကိတာယ ယေန ဥဒကေန သဒ္ဓိံ ကိတာ၊ တံ အာဂန္တုကမ္မိ န ဝဋ္ဋတိ–

ဟု လာသော **ပါရာဇိကဏ်အဋ္ဌကထာ၊ ရူပိယပဋိဂ္ဂဟသိက္ခာပုဒ်အဖွင့်**ကို ထောက်၍ အပ်, မအပ်ကို သိလေ(၀ိ၊၄၊၂။၂၇၁)။

တေန ဝတ္ထုနာ၊ ထိုနိဿဂ်ိယဝတ္ထု, ဒုက္ကဋ်ဝတ္ထုဖြင့်။ ဓဏာပိတာယ၊ တူးစေအပ်သော။ ပေါက္ခရဏိယာ၊ ရေကန်၌။ ဥဒ္ဒတောဒကံ၊ ထွက်ရေကို။ ပါတုံ ဝါ၊ သောက်ခြင်း

http://www.dhammadownload.com

ဌာလည်းကောင်း။ ပရိဘုဉ်တုံ ဝါ၊ သုံးဆောင်ခြင်းဌာလည်းကောင်း။ နှ ဝဋ္ဋတိ၊ မအပ်။ အန္တော၊ ကန်တွင်း၌။ ဥဒကေ၊ ထွက်ရောသည်။ အသတိ ပန၊ မရှိသော်ကား။ အညံ၊ တပါး သော။ အာဂန္တုကံ၊ မြောင်းစသည်မှ လာသော။ ဥဒကံ ဝါ၊ ရောသည်လည်းကောင်း။ ဝသောဒကံ ဝါ၊ မိုးရောသည်လည်းကောင်း။ ပဝိဋ္ဌံ၊ ဝင်၍ တည်သည်ဖြစ်အံ့။ ဝဋ္ဋတိ၊ ၏။ ကီတာယ၊ တူးပြီးသောကန်ကို ဝယ်ရာ၌။ ယေန ဥဒကေန၊ အကြောင်ရေနှင့်။ သဒ္ဓိံ၊ တကွ။ ကီတာ၊ ဝယ်သည်ဖြစ်အံ့။ တံ၊ ထိုမိုးရေ, မြောင်းရေစသော ရေသည်။ အာဂန္တုကမ္ပိ၊ အာဂန္တုကရေဖြစ်သော်လည်း။ နှ ဝဋ္ဋတိ၊ မအပ်။

ထိုအဋ္ဌကထာပါဠိကိုထောက်၍ မအပ်သောရွှေ,ငွေစသည်ဖြင့် ငှားရမ်းတူးသော ကန်၌ ထွက်ရောသာ မအပ်သည်။ ထွက်ရောမရှိဘဲ တခြားသော မြောင်းငယ်-စသည်မှ ဝင်သောရေ, မိုးရေတို့သည် အပ်သည်။

ရေနှင့်တကွ ဝယ်ယူသောကန်မှာ ထွက်ရောမဟုတ်သော်လည်း မအပ်ကုန်။ ထိုရေနှင့်တကွ ဝယ်သောကန်သည် ရောခန်း၍ ကုန်သဖြင့် တဖန် ဝင်လာသောရေ, မိုးရေ တို့သည် အပ်သည်ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၅၁] ရွှေ, ငွေဖြင့် ဝယ်ယူသော ကျောင်းမြေ

(၁) မေး။ ။ ထိုမအပ်သော ရွှေ, ငွေစသည်ဖြင့် ဝယ်ယူသော ကျောင်း,မြေ-စသည်တို့၌ ရဟန်းတို့ နေအပ်ပါမည်လော?

ဖြေ။ ။ ထိုအမေးပုစ္ဆာမှာ-

၁။ သစေ ဘူမိ ယေဝ ကိဏာတိ အညာနိ ဗဇာနိ ရောပိတာနိ၊ ဖလံ ဝဋ္ဋတိ၊ နှ ဘူမိ။ အထ ဗဇာနိ ကိဏာတိ ကပ္ပိယဘူမိယံ ရောပိတာနိ၊ ဖလံ နှ ဝဋ္ဋတိ၊ ဘူမိယံ နိသီဒိတုံ ဝါ နိပ္ပဇ္ဇိတုံ ဝါ ဝဋ္ဋတိ-(ဝိ၊၄၊၂။၂၇၁)

ဟု လာသော ပါရာဇိကဏ်အဋ္ဌကထာအဖွင့်ကို ထောက်၍ မအပ်ကြောင်းကို သိလေ။

ဘူမိ ယေဝ၊ မြေကိုသာလျှင်။ ကိဏာတိ၊ ဝယ်၍။ အညာနိ၊ တပါးကုန်သော။ ဗဇာနိ၊ အပ်သောမျိုးစေ့တို့ကို။ ရောပိတာနိ၊ စိုက်အပ်ကုန်သည်။ သစေ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ ဖလံ၊ သစ်သီးသည်။ ဝဋ္ဋတိ၊ ၏။ ဘူမိ၊ မြေသည်။ နှ ဝဋ္ဋတိ၊ နေခြင်းငှာ

http://www.dhammadownload.com

မအပ်။ အထ၊ ထိုသို့မဟုတ်။ ဒီဇာနိ၊ မျိုးစေ့တို့ကို။ ကိဏိတွာ၊ ဝယ်၍။ ကပ္ပိယဘူမိယံ၊ အပ်သောမြေ၌။ ရောပိတာနိ၊ စိုက်အပ်ကုန်သည်။ သစေ ဟောန္တိ၊ ဖြစ်ကုန်အံ့။ ဖလံ၊ သည်။ န ဝဋ္ဋတိ၊ မအပ်။ ဘူမိယံ၊ မြေ၌။ နိသီဒိတုံ ဝါ၊ ထိုင်ခြင်းငှာလည်းကောင်း။ နိပ္ပဇ္ဇိတုံ ဝါ၊ အိပ်ခြင်းငှာလည်းကောင်း။ ဝဋ္ဋတိ၊ ၏။

ထိုအဋ္ဌကထာပါဠိကို ထောက်၍ မအပ်သော ရွှေ,ငွေစသည်ဖြင့် ဝယ်ယူသော ကျောင်းမြေ, ဘုရားမြေ-စသည်တို့၌ မနေအပ်။ နေမူ ဒုက္ကဋ်အာပတ်သင့်သည်။ ထိုမအပ်သောမြေ၌ အပ်သောသစ်စေ့ကို စိုက်မူ သစ်သီးကို သုံးဆောင်အပ်သည်။

မအပ်သော ရွှေ,ငွေဖြင့်ဝယ်ယူသော သစ်စေ့ကို အပ်သောမြေ၌ စိုက်မူ သစ်သီးကိုသာ မသုံးဆောင်အပ်။ မြေမှာ နေထိုင်အပ်သည်ဟု မှတ်။

✪ ✪ ✪ ✪ ✪

[၅၂] ရွှေ, ငွေဖြင့် ဝယ်ယူတည်ထားသော စေတီ,ဆင်းတု

(၁) မေး။ ။ မအပ်သော ရွှေ, ငွေစသည်တို့ဖြင့် ရဟန်းတို့ တည်ထားသော စေတီ, ရုပ်ပွါး ဘုရား၊ ဝယ်ယူပူဇော်သောဘုရားကို ရဟန်းတို့ ရှိခိုးပူဇော်ခြင်းကို ပြုခြင်းငှာ မအပ်ဟု အချို့ပုဂ္ဂိုလ်များ ပြောဆိုကြပါသည်။ ထိုစကားကို အမှန်ပင် မှတ်ရမည်လော?

ဖြေ။ ။ ရဟန်းတို့ မအပ်သော ရွှေ, ငွေစသည်ဖြင့် တည်ထားသောဘုရား၊ ဝယ်ယူပူဇော်သောဘုရားကို ရဟန်းတို့ ရှိခိုးပူဇော်ခြင်း၌ အပြစ်မရှိ၊ ရှိခိုးပူဇော်အပ်သည်။

၁။ တေန ဝတ္ထုနာ ဥပေါသထာဂါရံ ဝါ ဘောဇနသာလံ ဝါ ကရောန္တိ၊ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ။ ဆာယာပိ ဂေဟပရိစ္ဆေဒေန ဋ္ဌိတာ န ဝဋ္ဋတိ။ ပရိစ္ဆေဒါတိက္ကန္တာ အာဂန္တုကတ္တာ ဝဋ္ဋတိ– (ဝိ၊၄၊၂။၂၇၁)

ဟု လာသော ချုပ်ယပဋိဂ္ဂဟသိက္ခာပုဒ်အဖွင့်၊ အဋ္ဌကထာပါဠိကို ထောက်၍ အုတ်ဂိုးစေတီဖြစ်မူ ပကတိအရိပ်တော်၌ မခိုအပ်။ စေတီတော်၏ရှေ့တော်၌ မအပ်သော ရွှေ, ငွေဖြင့် ရဟန်းတို့ ဆောက်လုပ်သော ပြာသာဒ်ရှိမူ ထိုအရိပ်၌ ခို၍ ဘုရားကို ရှိမခိုးအပ်။ မအပ်သော ရွှေ, ငွေဖြင့် ဘုရားကျောင်းဆောက်၍ ပူဇော်သောဘုရားကို ထိုကျောင်းပေါ်၌ နေ၍

http://www.dhammadownload.com

ရှိမခိုးအပ်။ ပကတိ ဘုရားရိပ်, ကျောင်းရိပ် လွတ်ရာအရပ်၌ နေ၍ ဘုရားရှင်ကိုမူ ရှိခိုးပူဇော်အပ်သည်သာဟု မှတ်ရမည်။

တေန ဝတ္ထုနာ၊ ထိုရွေ့, ငွေစသော မအပ်သောဝတ္ထုဖြင့်။ ဥပေါသထာဂါရံ ဝါ၊ ဥပုသ်အိမ်ကိုလည်းကောင်း။ ဘောဇနသာလံ ဝါ၊ ဆွမ်းစားဇရပ်ကိုလည်းကောင်း။ ကရောန္တိ၊ ပြုကုန်၏။ ပရိဘုဉ်တုံ၊ သုံးဆောင်ခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ ဆာယာပိ၊ အရိပ်သည်လည်း။ ဂေဟပရိစ္ဆေဒေန၊ အိမ်အပိုင်းအခြားဖြင့်။ ဌိတာ၊ တည်သော အရိပ်သည်။ န ဝဋ္ဋတိ၊ မအပ်။ ပရိစ္ဆေဒါတိက္ကန္တာ၊ အပိုင်းအခြားကိုလွန်သော အရိပ်သည်။ အာဂန္တုကတ္တာ၊ အာဂန္တုကအရိပ်ဖြစ်သောကြောင့်။ ဝဋ္ဋတိ၊ ၏။

၂။ သံယာဒိသိသ်ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌ကား-

> ဥတ္တရရာဇဟုတ္တော ကိရ သုဝဏ္ဏစေတိယံ ကာရေတွာ မဟာပဒုမတ္ထေရဿ ပေသေသိ။ ထေရော "န ကပ္ပတီ"တိ ပဋိက္ခိပိ-(ဝိ၊၄၊၂။၁၃၀)

ဟု ဖွင့်ဆိုတော်မူသည်။

ဥတ္တရရာဇဟုတ္တော၊ ဥတ္တရမင်းသားသည်။ သုဝဏ္ဏစေတိယံ၊ ရွှေကြုတ်ကို။ ကာရေတွာ၊ ပြုစေ၍။ မဟာပဒုမတ္ထေရဿ၊ မဟာပဒုမထေရ်အား။ ဝါ၊ ၏။ သန္တိကံ၊ အထံသို့။ ပေသေသိ ကိရ၊ ပို့စေသတဲ့။ ထေရော၊ သည်။ န ကပ္ပတိ၊ မအပ်။ ဣတိ၊ သို့။ ပဋိက္ခိပိ၊ ပယ်တော်မူ၏။

ထိုအဋ္ဌကထာပါဠိဖြင့် မဟာပဒုမထေရ်သည် ရွှေဖြင့်ပြီးသော ဓာတ်တော်ကြုတ်ကိုလည်းကောင်း၊ ရွှေစေတီ, ရွှေဆင်းတု, ဘုရားရုပ်ကိုလည်းကောင်း မိမိဥစ္စာပြုလုပ်ခြင်း၌သာ နိဿဂ္ဂိယ အာပတ်သင့်သောကြောင့် ပယ်တော်မူသည်ဟု ပြတော်မူသည်။ နိဿဂ္ဂိယဝတ္ထုဖြစ်သော ဘုရားကို ရှိခိုးပူဇော်ခြင်း၌ အပြစ်မရှိ-ဟု မှတ်ရမည်။

၃။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌-

> ပဋိက္ခိပိတိ သုဝဏ္ဏမယဓာတုကရဏ္ဍကဿ, ဗုဒ္ဓါဒိရူပဿ စ အတ္တနော သန္တက-ကရဏေ နိဿဂ္ဂိယတ္တာ ဝုတ္တံ-ဟု ဖွင့်တော်မူ၏(ဝိမတိ၊၁။၂၆၂)။

ပဋိက္ခိပိတိ၊ ဟူသည်ကား။ သုဝဏ္ဏမယဓာတုကရဏ္ဍကဿ၊ ရွှေဖြင့်ပြီးသော ဓာတ်တော်ကြုတ်ကိုလည်းကောင်း။ ဗုဒ္ဓါဒိရူပဿ စ၊ ရွှေဖြင့်ပြီးသော ဘုရား,ရုပ်ပွါး-စသည်ကိုလည်းကောင်း။ အတ္တနော၊ မိမိ၏။ သန္တကကရဏေ၊ ဥစ္စာကို ပြုခြင်း၌။ နိဿဂ္ဂိယတ္တာ၊ နိဿဂ္ဂိယအာပတ်သင့်သည်၏အဖြစ်ကြောင့်။ (ပဋိက္ခိပိတိ၊ ဟူ၍) ဝုတ္တံ၊ ဆိုတော်မူအပ်၏။

http://www.dhammadownload.com

၄။ သာရတ္ထဒီပနီဋီကာ၌လည်း-

> သုဝဏ္ဏစေတိယန္တိ ဓာတုကရဏ္ဍကံ။ ပဋိက္ခိပိတိ "ဓာတုဌပနတ္ထာယ ဂဏှထာ"တိ အဝတွာ "တုမှေ တံ တုမှာကံ ဂဏှထာ"တိ ပေသိတတ္တာ ပဋိက္ခိပိ-

ဟု ဆိုတော်မူ၏(သာရတ္ထ၊ ၂။၃၂၁)။

သုဝဏ္ဏစေတိယန္တိ၊ ဟူသည်ကား။ ဓာတုကရဏ္ဍကံ၊ ဓာတ်တော်ကြုတ်တည်း။ ပဋိက္ခိပိတိ၊ ဟူသည်ကား။ ဓာတုဌပနတ္ထာယ၊ ဓာတ်တော်ထည့်ခြင်းငှာ။ ဂဏှထ၊ ယူကုန်လော့။ ဣတိ၊ သို့။ အဝတွာ၊ မဆိုမူ၍။ တုမှေ၊ သင့်တို့သည်။ တံ၊ ထိုရွှေကြုတ်ကို။ ဂဏှထ၊ ယူကြကုန်လော့။ ဣတိ၊ သို့။ ပေသိတတ္တာ၊ စေအပ်သည်၏အဖြစ်ကြောင့်။ ပဋိက္ခိပိ၊ ပယ်တော်မူ၏။

ထိုဋီကာပါဠိဖြင့် "ပုဂ္ဂိုလ်ကို မသုံးသပ်မူ၍ ဓာတ်တော်ထည့်ခြင်းငှာ ရွှေကြုတ်ကို ယူကုန်လော့"ဟု ဆိုလျှင် အပ်သည်-ဟု ပြတော်မူသည်။

၅။ **ဝဇိရဗုဒ္ဓိဋီကာ၌-**

> ထေရော နံ ကပ္ပတိတိ ပဋိက္ခိပတိ၊ "တုမှာကံ ပေသိတ"န္တိ ဝုတ္တတ္တာ။ "စေတိယဿ ပူဇံ ကရောထာ"တိ ဝုတ္တေ ဝဋ္ဋတိ ကိရ- (ဝိဇိရ။၁၈၆)

ဟု ဆိုတော်မူ၏။

တုမှာကံ ပေသိတန္တိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏အဖြစ်ကြောင့်။ ထေရော၊ မဟာပဒုမထေရ်သည်။ နံ ကပ္ပတိ၊ မအပ်။ ဣတိ၊ သို့။ ပဋိက္ခိပတိ၊ ပယ်တော်မူ၏။ စေတိယဿ၊ စေတီအား။ ပူဇံ၊ ပူဇော်ခြင်းကို။ ကရောထ၊ ပြုကုန်လော့။ ဣတိ၊ သို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ ဝဋ္ဋတိ ကိရ၊ အပ်သတဲ့။

ထို့ကြောင့် မအပ်သောရွှေ,ငွေဖြင့် ရဟန်းတို့တည်သော ဘုရား, ဝယ်ယူပူဇော်သော ဘုရားကို ရဟန်းတို့ ရှိခိုးပူဇော်အပ်သည်-ဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၅၃] ရွှေစေတီကို ရဟန်းတို့ ကိုင်တွယ်သုံးသပ်ခြင်း

(၁) မေး။ ။ ရွှေချသောဘုရား, ရွှေစေတီ, ရွှေဆင်းတုဘုရားကို ရဟန်းတို့ သုံးသပ်ခြင်း ကိုင်ခြင်းငှာ အပ်ပါမည်လော?

ဖြေ။ ။ ရွှေချသောဘုရား, ရွှေစေတီ, ရွှေဆင်းတုဘုရားကို ရဟန်းတို့သည် အမှိုက်ကို ပယ်ခြင်း, သုတ်သင်ခြင်း, အညစ်အကြေးကို ပွတ်တိုက်ခြင်းမျှကိုသာ ပြုအပ်သည်။ သက်သက်ကြည့်ရှုလို၍ ကိုင်ခြင်း, သုံးသပ်ခြင်းငှာ မအပ်။

၁။ စေတိယဃရေ သုဝဏ္ဏပဒုမသုဝဏ္ဏပုဗ္ဗဠ္ဠကာဒီနိ ဟောန္တိ။ ဧတာနိပိ အနာမာသာနိ။ စေတိယဃရဂေါပကာ ပနရူပိယဆဒ္ဒကဋ္ဌာနေ ဌိတာ။ တသ္မာ တေသံ ကေဠာပယိတုံ ဝဋ္ဋတိတိ ဝုတ္တံ။ ကုရုန္ဒိယံ ပန တံ ပဋိက္ခိတ္တံ။ သုဝဏ္ဏစေတိယေ ကစဝရမေဝ ဟရိတုံ ဝဋ္ဋတိတိ ဧတ္ထကမေဝ အနုညာတံ

(ဝိ၊ဋ္ဌ၊၂။၁၃၀)

ဟု လာသော ပါရာဇိကဏ်အဋ္ဌကထာ၊ ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့်ကို ထောက်။

စေတိယဃရေ၊ စေတီအိမ်၌။ သုဝဏ္ဏပဒုမသုဝဏ္ဏပုဗ္ဗဠ္ဠကာဒီနိ၊ ရွှေပဒုမ္မာပန်း, ရွှေကြယ်ပန်း အစရှိသည်တို့သည်။ ဟောန္တိ၊ ကုန်၏။ ဧတာနိပိ၊ ထိုရွှေပန်းတို့ကိုလည်း။ အနာမာသာနိ၊ မသုံးသပ်အပ်ကုန်။ စေတိယဃရဂေါပကာ ပန၊ စေတီအိမ်၌ စေတီစောင့်ရှောက်သူတို့သည်ကား။ ရူပိယဆဒ္ဒကဋ္ဌာနေ၊ ရွှေငွေစွန့်သောရဟန်းအရာ၌။ ဌိတာ၊ တည်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေသံ၊ ထိုရဟန်းတို့အား။ကေဠာပယိတုံ၊ သုံးသပ်၍ ပြောင်းရွှေ့ခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ ဣတိ၊ သို့။ ဝုတ္တံ၊ မဟာအဋ္ဌကထာ၌ ဆိုအပ်၏။ ကုရုန္ဒိယံ ပန၊ ကုရုန္ဒိအဋ္ဌကထာ၌ကား။ တံ၊ ထိုမဟာအဋ္ဌကထာစကားကို။ ပဋိက္ခိတ္တံ၊ ပယ်အပ်၏။ သုဝဏ္ဏစေတိယေ၊ ရွှေစေတီ၌။ ကစဝရမေဝ၊ အမှိုက်ကိုသာလျှင်။ ဟရိတုံ၊ ပယ်ခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ ဣတိ၊ သို့။ ဧတ္ထကမေဝ၊ ဤမျှကိုသာလျှင်။ အနုညာတံ၊ ခွင့်ပြုအပ်၏။

၂။ သာရတ္ထဒီပနီဋီကာ၌ကား–

> ကေဠာပယိတုန္တိ ဣတော စိတော စ သဉ္စာရနွေဟိ အာမသိတုံ ဝုတ္တန္တိ (ဝဋ္ဋတိတိ) မဟာအဋ္ဌကထာယံ ဝုတ္တံ။ ကစဝရမေဝ ဟရိတုံ ဝဋ္ဋတိတိ ဂေါပကာ ဝါ ဘိက္ခူ ဟောန္တု အညေ ဝါ၊ ဟတ္ထေနာပိ ပုဉ္ဆိတွာ ကစဝရံ အပနေတုံ ဝဋ္ဋတိ။ မလမိဂ မဇ္ဈိတုံ ပမဇ္ဈိတုံ ဝဋ္ဋတိယေဝ– ဟု ဖွင့်တော်မူ၏ (သာရတ္ထ၊၂။၃၂၁)။

http://www.dhammadownload.com

ကဋ္ဌာပယိတုန္တိ၊ ဟူသည်ကား။ ဣတော စိတော စ၊ ထိုမှဤမှလည်း။ သဗ္ဗာ-ရန္တေဟိ၊ ပြောင်းရွှေ့သော ရဟန်းတို့သည်။ အာမသိတုံ၊ သုံးသပ်ခြင်းငှာ။ ဝုတ္တန္တိ၊ ဟူသည်ကား။ မဟာအဋ္ဌကထာယံ၊ ၌။ ဝုတ္တံ၊ ၏။ **ကစဝရမေဝ ဟရိတုံ ဝဋ္ဋတီတိ**၊ ဟူသည်ကား။ ဂေါပကာ၊ စေတီစောင့် ဖြစ်ကုန်သော။ ဘိက္ခူ ဝါ၊ ရဟန်းတို့သည်မူလည်း။ ဟောန္တု၊ ဖြစ်စေကုန်။ အညေ ဝါ၊ တပါးသော ရဟန်းတို့သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်။ ဟတ္ထေ-နာပိ၊ လက်ဖြင့်လည်း။ ပုဉ္ဇိတ္တာ၊ သုတ်၍။ ကစဝရံ၊ အမှိုက်ကို။ အပနေတုံ၊ ပယ်ခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ မလမ္ပိ၊ အညစ်အကြေးကိုလည်း။ မဇ္ဇိတုံ၊ ပွတ်တိုက်ခြင်းငှာ။ ဝဋ္ဋတိယေဝ၊ အပ်သည်သာလျှင်တည်း။

၃။ **ဝိမတိဝိနောဒနီဋီကာ၌လည်း-**

> **"ကစဝရမေဝ ဟရိတုံ ဝဋ္ဋတီတိ** ဂေါပကာ ဝါ ဟောန္တု အညေ ဝါ၊ ဟတ္ထေနာပိ ပုဉ္ဇိတ္တာ ကစဝရံ အပနေတုံ ဝဋ္ဋတိ၊ မလမ္ပိ မဇ္ဇိတုံ ဝဋ္ဋတိယေဝါ"တိ ဝဒန္တိ။ တံ အဋ္ဌကထာယ နာ သမေတိ၊ ကေဋ္ဌာယနသဒိသတ္တာ။ ကထံ နာ သမေတိ၊ မဟာ-အဋ္ဌကထာယံ စေတိယဃရဂေါပကာ ရူပိယဆဒ္ဒကဋ္ဌာနေ ဋိတာတိ တေသံယေဝ ကေဋ္ဌာယနံ အနုညာတံ၊ နာ အညေသံ။ တသ္မာ ဂေါပကာ ဝါ ဟောန္တု အညေ ဝါတိ ဝစနံ မဟာအဋ္ဌကထာယ နာ သမေတိ။ ကုရုန္ဒိယံ ပန တမ္ပိ ပဋိက္ခိတ္တံ။ သုဝဏ္ဏစေတိယေ ကစဝရမေဝ ဟရိတုံ ဝဋ္ဋတီတိ ဧတ္တကမေဝ အနုညာတံ။ တသ္မာ သာဝမာရဏံ ကတ္တာ ဝုတ္တတ္တာ "ဟတ္ထေနာပိ ပုဉ္ဇိတ္တာ"တိ စ, "မလမ္ပိ မဇ္ဇိတုံ ဝဋ္ဋတိယေဝါ"တိ စ ဝစနံ ကုရုန္ဒိအဋ္ဌကထာယ နာ သမေတိ။ တသ္မာ ဝိစာရေ-တဗ္ဗမေဝေတံ- ဟု ဆိုတော်မူ၏(ဝိ၊ဋ၊၂။၁၃၀။ဝိမတိ၊၁။ ၂၆၂)။

ကစဝရမေဝ ဟရိတုံ ဝဋ္ဋတီတိ၊ ဟူသည်ကား။ ဂေါပကာ ဝါ၊ စေတီစောင့်ရဟန်း-တို့သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်။ အညေ ဝါ၊ တပါးသော ရဟန်းတို့သည်လည်း။ ဟောန္တု၊ ကုန်။ ဟတ္ထေနာပိ၊ လက်ဖြင့်လည်း။ ပုဉ္ဇိတ္တာ၊ သုတ်၍။ ကစဝရံ၊ အမှိုက်ကို။ အပနေတုံ၊ ပယ်ခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ မလမ္ပိ၊ အညစ်အကြေးကိုလည်း။ မဇ္ဇိတုံ၊ ပွတ်တိုက်ခြင်းငှာ။ ဝဋ္ဋတိယေဝ၊ လျှင်တည်း။ ဣဂိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ တံ၊ ထိုစကားသည်။ အဋ္ဌကထာယ၊ **မဟာအဋ္ဌကထာနှင့်**။ နာ သမေတိ၊ မညီ။ ကေဋ္ဌာယနသဒိသတ္တာ၊ ပြောင်းရွှေ့အပ်သည်နှင့် တူသည်၏အဖြစ်ကြောင့်တည်း။ ကထံ နာ သမေတိ၊ အသို့မညီသနည်း။ မဟာ-အဋ္ဌကထာယံ၊ ၌။ စေတိယဃရဂေါပကာ၊ စေတီအိမ်စောင့်သော ရဟန်းတို့သည်။ ရူပိယ-ဆဒ္ဒကဋ္ဌာနေ၊ ရွှေငွေကို စွန့်သောအရာ၌။ ဋိတာ၊ တည်ကုန်၏။ ဣတိ၊ သို့။ တေသံယေဝ၊ ထိုစေတီစောင့်ရဟန်းတို့အားသာလျှင်။ ကေဋ္ဌာယနံ၊ ပြောင်းရွှေ့သုံးသပ်ခြင်းကို။ အနုညာ-

http://www.dhammadownload.com

တံ၊ ခွင့်ပြုတော်မူအပ်၏။ အညေသံ၊ တို့အား။ နံ အနုညာတံ၊ ခွင့်ပြုတော်မမူ။ တသ္မာ၊ ကြောင့်။ ဂေါပကာ ဝါ ဟောန္တု အညေ ဝါတိ ဝစနံ၊ အညေဝါ-ဟူသောစကားသည်။ မဟာအဋ္ဌ-ကထာယံ၊ နှင့်။ နံ သမေတိ၊ မည်။ ကုရုန္ဒိယံ ပန၊ ၌ကား။ တမ္ပိ၊ ထိုမဟာအဋ္ဌကထာ စကားကိုလည်း။ ပဋိက္ခိတ္တံ၊ ပယ်တော်မူအပ်၏။ သုဝဏ္ဏစေတိယေ၊ ရွှေစေတီ၌။ ကစဝရ-မေဝ၊ အမှိုက်ကိုသာလျှင်။ ဟရိတုံ၊ ပယ်ခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ ဣတိ၊ သို့။ ဧတ္တကမေဝ၊ ဤမျှကိုသာလျှင်။ အနုညာတံ၊ ၏။ တသ္မာ၊ ကြောင့်။ သာဝတ္ထိရဏ်း၊ ဧဝသဒ္ဒါဖြင့် မြစ်ခြင်းကို။ ကတွာ၊ ပြု၍။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏ အဖြစ်ကြောင့်။ ဟတ္ထေနာပိ ပုဉ္ဉတ္တာတိ စ၊ ဟူ၍လည်းကောင်း။ မလမ္ပိ မဇ္ဈိတုံ ဝဋ္ဋတိယေဝါတိ စ၊ ဟူ၍လည်းကောင်း။ ဝစနံ၊ စကားသည်။ ကုရုန္ဒိအဋ္ဌကထာယံ၊ နှင့်။ နံ သမေတိ၊ မည်။ တသ္မာ၊ ကြောင့်။ ဧတံ၊ ထိုဆရာတို့စကားကို။ ဝိစာရေတပ္ပံ၊ ဆင်ခြင်အပ်၏။

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ သာရတ္ထဒီပနီဋီကာ အလို အားဖြင့် ရဟန်းဟူသမျှပင် ရွှေစေတီ, ရွှေဆင်းတု, ရွှေချသောဘုရားတို့၌ အမှိုက်ကို ပယ်ခြင်း, အညစ်အကြေးကို ပွတ်တိုက်ခြင်းကို ပြုအပ်သည်။

ဝိမတိဝိနောဒနီဋီကာအလိုအားဖြင့် "**စေတီစောင့်ရဟန်းသာ အပ်သည်**"ဟု ပြတော်မူသဖြင့် သက်သက်ကြည့်ရှုလို၍ ရဟန်းသည် ရွှေရိုက်သောဘုရားကို မကိုင်အပ်-ဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

[၅၄] ရွှေချထားသောပေစာကို ရဟန်းတို့ အသုံးပြုကြည့်ရှုခြင်း

(၁) မေး။ ။ ရွှေချသောပေစာကို ရဟန်းတို့သည် ကိုင်ခြင်းကြည့်ရှုခြင်းငှာ အပ်ပါမည်လော?

ဖြေ။ ။ ထိုအမေးပဿာမှာ အလွန်ခဲယဉ်းသောအရာ ဖြစ်သည်။ သို့သော်လည်း ကျမ်းဂန်လာသည်ကို ထုတ်ဆောင်၍ ဉာဏ်သက်ရာကို ဖြေဆို၍ ပြဦးအံ့။

၁။ ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌–

> စေတိယဃရေ စေတိယဂေါပကာ ပန ရူပိယဆဉ္ဆကဋ္ဌာနေ ဌိတာ၊ တသ္မာ တေသံ ကေဠာပယိတုံ ဝဋ္ဋတိတိ ဝုတ္တံ– (ဝိ၊ဋ္ဌ၊၂။၁၃၀)

ဟု ဖွင့်ဆိုတော်မူသည်။

http://www.dhammadownload.com

စေတိယဃရေ၊ စေတီအိမ်၌။ စေတိယဂေါပကာ ပန၊ စေတီစောင့် ရဟန်းတို့သည်ကား။ ရှုပိယဆဉ္ဆကဌာနေ၊ ရွှေငွေ စွန့်သောအရာ၌။ ဌိတာ၊ တည်ကုန်၏။ တသ္မာ၊ ကြောင့်။ တေသံ၊ ထိုစေတီစောင့် ရဟန်းတို့အား။ ကေဠာပယိတုံ၊ ပြောင်းရွှေ့သဖြင့် သုံးသပ်ခြင်းငှာ။ ဝါ၊ သုံးသပ် ပြောင်းရွှေ့ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ မဟာအဋ္ဌကထာ၌ ဆိုအပ်၏။

အဋ္ဌကထာပါဠိ၌ စေတီစောင့် ရဟန်းတို့သည် စေတီအိမ်၌ ရွှေ, ငွေဖြင့်ပြုသော အသုံးအဆောင်ကို သုံးသပ်၍ ထိုမှ, ဤမှ ထားအပ်, သိမ်းအပ်သည်ဟု ပြတော်မူသဖြင့် "ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သည် ဘုရားပေါင်း ၈-သောင်း ၄-ထောင်မည်သည်"ဟု မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်, ၎င်းအဖွင့်အဋ္ဌကထာတို့၌ လာသောကြောင့် **ဓမ္မက္ခန္ဓာပိဋကတ်သည်** ဘုရားမည်သည်။ ထိုဓမ္မက္ခန္ဓာပိဋကတ် ဖြစ်သော အက္ခရာပဒန္ဓ၏ တည်ရာပေသည် စေတီအိမ်မည်သည်။ ထိုစေတီအိမ်မည်သော ရွှေချသောပေစာကို စောင့်ရှောက်သောအားဖြင့် ကိုင်သောရဟန်း, ဘုရားမည်သော ဓမ္မက္ခန္ဓာအက္ခရာကို ကြည့်ရှု သိမြင်လို၍ ရွှေကို နှလုံးမသွင်းမူ၍ ပေကို ကိုင်ကြည့်ချပို့သော ရဟန်းတို့သည် အပြစ်မရှိ-ဟု အဓိပ္ပါယ်ကျရောက်သည်။

၂။ ရွှေကို နှလုံးမသွင်းမူ၍ ပေကို ကိုင်ကြည့်ရာ အပြစ်မရှိ-ဟူသောစကားမှာ–

> ဣတ္ထိရူပါနိ ဒဿေတွာ ကတံ ဝတ္ထံ ဘိတ္တိအာဒိဠ္ဟ ဣတ္ထိရူပံ အနာမသိတွာ ဝဠဉ္ဇေတုံ ဝဋ္ဋတိ။ ဧဝရူပေ ဟိ အနာမာသေ ကာယသံသဂ္ဂရာဂေ အသတိ ကာယပ္ပဋိဗဒ္ဓေန အာမသတော ဒေါသော နတ္ထိ–(ဝိမတိ၊ဋ၁။၂၆၁)

ဟု လာသော **ဝိမတိဝိနောဒနီဋီကာ၊ ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့်**ကို ထောက်လေ။

ဣတ္ထိရူပါနိ၊ မိန်းမရုပ်တို့ကို။ ဒဿေတွာ၊ ပြ၍။ ကတံ၊ ပြုအပ်သော။ ဝတ္ထဉ္စ၊ အဝတ်ကိုလည်းကောင်း။ ဘိတ္တိအာဒိဠ္ဟ၊ နံရံစသည်ကိုလည်းကောင်း။ ဣတ္ထိရူပံ၊ မိန်းမရုပ်ကို။ အနာမသိတွာ၊ မသုံးသပ်မူ၍။ ဝဠဉ္ဇေတုံ၊ သုံးဆောင်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဟိ၊ မှန်၏။ ဧဝရူပေ၊ ဤသို့ သဘောရှိသော။ အနာမာသေ၊ မသုံးသပ်အပ်သော အနာမာသဝတ္ထု၌။ ကာယသံသဂ္ဂရာဂေ၊ ကိုယ်ဖြင့် ကိုင်လိုသောစိတ်သည်။ အသတိ၊ မရှိသော်။ ကာယပ္ပဋိဗဒ္ဓေန၊ ကိုယ်နှင့် စပ်သဖြင့်။ အာမသတော၊ ကိုင်သောရဟန်းအား။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။

ထိုဋီကာပါဠိကို ထောက်၍ 'ရွှေကို ကိုင်အံ့'ဟု နှလုံးမသွင်းမူ၍ ပေကိုသာ ကိုင်၍ **ဓမ္မက္ခန္ဓာ** မည်သော အက္ခရာပဒန္ဓကို ကြည့်ရှုသင်ကြားပို့ချသော ရဟန်းသည် အပြစ်မရှိ-ဟု မှတ်ယူသင့်သည်။

http://www.dhammadownload.com

၃။ ဓမ္မက္ခန္ဓာမည်ကြောင်းကိုလည်း–

သော ဝေါ မမစ္စယေနာတိ သော ဓမ္မဝိနယော တုမှာကံ မမစ္စယေန သတ္ထာ-

ဟု ဖွင့်တော်မူသော **မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ**(နှာ-၁၈၃)ကို ထောက်လေ။

သော ဝေါ မမစ္စယေနာတိ၊ ဟူသည်ကား။ သော ဓမ္မဝိနယော၊ ထိုသုတ်, အဘိဓမ္မာ, ဝိနည်းသည်။ မမစ္စယေန၊ ငါဘုရား ကွယ်လွန်တော်မူသောအခါ၌။ တုမှာကံ၊ သင်ချစ်သား တို့၏။ သတ္ထာ၊ ဘုရားမည်၏။

၄။ **သာရတ္ထသဒ်ဟအဋ္ဌကထာ**၌လည်း–

ပဋိစ္စသမုပ္ပါဒါဒိလိခိတံ ပေါတ္ထကံ နိဒဟိတ္ဝာ ကတံ ဓမ္မစေတိယံ နာမ–

ဟု လာသည်။

၅။ **သာရတ္ထဒီပနီဋီကာ**(၁။၁၇၂)၌လည်း နည်းတူ ဖွင့်တော်မူသည်။

ပဋိစ္စသမုပ္ပါဒါဒိလိခိတံ၊ ပဋိစ္စသမုပ္ပါဒ် စသည်ကို ရေးသော။ ပေါတ္ထကံ၊ ပေ, ထန်းရွက်, ပုရပိုက်, စက္ကူ စသည်ကို။ နိဒဟိတ္ဝာ၊ မြှုပ်၍။ ဝါ၊ ထည့်၍။ ကတံ၊ ပြုအပ်သော စေတီသည်။ ဓမ္မစေတိယံ နာမ၊ ဓမ္မစေတီမည်၏။

ဓမ္မက္ခန္ဓာမည်သော သုတ်, အဘိဓမ္မာ, ဝိနည်းကို ရေးသောပေစာသည် ဓမ္မစေတီမည်ကြောင်းကို ပြတော်မူသည်။ ထိုဓမ္မစေတီမည်သော ရွှေချသော ပေစာ၌ ရေးထားသော ဘုရားမည်သော ဓမ္မက္ခန္ဓာအက္ခရာပဒန္ဓကို ကြည့်ရှုသိမြင်လို၍သာ ပေကို ကိုင်၍ ကြည့်ရှုချိုို့ သင်အံသောရဟန်းတို့သည် အပြစ်မရှိ-ဟု မှတ်ယူသင့်သည်။

၆။ မှတ်ယူသင့်ကြောင်းကိုလည်း–

ကစဝရမေဝ ဟရိတုံ ဝဋ္ဋတီတိ ဂေါပကာ ဝါ ဘိက္ခူ ဟောန္တု အညေ ဝါ၊ ဟတ္ထေနာပိ ပဉ္ဆိတ္ဝာ ကစဝရံ အပနေတုံ ဝဋ္ဋတိ၊ မလမ္မိ မဇ္ဈိတုံ ဝဋ္ဋတိယေဝ-

ဟု လာသော **သာရတ္ထဒီပနီဋီကာ**(သာရတ္ထ၊၂။၃၂၁)ကို ထောက်။

ကစဝရမေဝ ဟရိတုံ ဝဋ္ဋတီတိ၊ ဟူသည်ကား။ ဂေါပကာ၊ စေတီစောင့်ကုန်သော။ ဘိက္ခူ ဝါ၊ တို့သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်။ အညေ ဝါ၊ တပါးသောရဟန်း တို့သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်။ ဟတ္ထေနာပိ၊ လက်ဖြင့်လည်း။ ပုဉ္ဆိတ္ဝာ၊ သုတ်၍။ ကစဝရံ၊ အမှိုက်ကို။ အပနေတုံ၊ ပယ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ မလမ္မိ၊ အညစ်အကြေးကိုလည်း။ မဇ္ဈိတုံ၊ ပွတ်တိုက်ခြင်းငှာ။ ဝဋ္ဋတိယေဝ၊ အပ်သည်သာတည်း။

http://www.dhammadownload.com

ထိုဦးကပါဠိဋ္ဌ ရဟန်းတို့သည် ရွှေစေတီဋ္ဌ ရွှေကို ကိုင်လိုသောစိတ် မရှိမူ၍ ဘုရားဋ္ဌ ဝတ်ပြုခြင်းကိုသာ ငဲ့၍ အညစ်အကြေးကို ပွတ်တိုက်ရာ အပြစ်မရှိ-ဟု ပြတော်မူသဖြင့် ရွှေချသော ပေစာဋ္ဌလည်း ဓမ္မစေတီပင်မည်၍လည်းကောင်း စေတီအိမ်နှင့် တူ၍ လည်းကောင်း ရွှေကို ကိုင်လိုသောစိတ် မရှိမူ၍ ဘုရားမည်သော ဓမ္မက္ခန္ဓာအက္ခရာ-ပဗန္ဓကိုသာ သိလို၍ ရွှေချသော ပေစာကို ကိုင်၍ ကြည့်ရှုသင်ကြားချပို့သော ရဟန်းတို့အား အပြစ်မရှိ-ဟူသော အဓိပ္ပါယ်ကျရောက်သည်။

၇။ သာရတ္ထဒီပနီဋီကာဋ္ဌလည်း-

> ဣတ္ထိရူပါနိ ဒဿေတွာ ကတံ ဝတ္ထုဋ္ဌ ပစ္စတ္ထရဏဋ္ဌ (ဘိတ္တိဋ္ဌ) ဣတ္ထိရူပံ အနာမသိတွာ ဂဏှိတုံ ဝဋ္ဋတိ- ဟု လာသည်(သာရတ္ထ၊၂။၃၁၉)။

ဣတ္ထိရူပါနိ၊ မိန်းမရုပ်တို့ကို။ ဒဿေတွာ၊ ပြ၍။ ကတံ၊ ပြုအပ်သော။ ဝတ္ထုဋ္ဌ၊ အဝတ်ကိုလည်းကောင်း။ ပစ္စတ္ထရဏဋ္ဌ၊ အခင်းကိုလည်းကောင်း။ (ဘိတ္တိဋ္ဌ၊ နံရံကိုလည်းကောင်း။) ဣတ္ထိရူပံ၊ မိန်းမရုပ်ကို။ အနာမသိတွာ၊ မသုံးသပ်မူ၍။ ဝါ၊ မသုံးသပ်လိုသော စိတ်ရှိသည် ဖြစ်၍။ ဂဏှိတုံ။ ကိုင်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

ထိုဦးကပါဠိဋ္ဌ မိန်းမရုပ်ရှိသော အဝတ်အခင်းကို မိန်းမကို ကိုင်လိုသောစိတ် မရှိမူ၍ အဝတ်အခင်းကိုသာ ကိုင်သောရဟန်းသည် အပြစ်မရှိ-ဟု ပြတော်မူသဖြင့် ရွှေချသော ပေစာဋ္ဌ ရွှေကို ကိုင်လိုသောစိတ် မရှိမူ၍ ပေကိုသာ ကိုင်လိုသောစိတ်ဖြင့် ရွှေချသော ပေစာကို ကိုင်၍ သင်အံချပို့သော ရဟန်းသည် အပြစ်မရှိ-ဟူသော အဓိပ္ပါယ် ကျရောက်သည်။

၈။ ဘုရားမည်သော ဓမ္မက္ခန္ဓာအက္ခရာပဗန္ဓရေးသော ပေသည်ပင်လျှင် ဓမ္မက္ခန္ဓာပါဠိမည်ကြောင်းကိုလည်း-

> ဂန္ထော ပန တဿ ပါတိမောက္ခဿ ဇောတကတ္တာ ပါတိမောက္ခန္တိ ဝုစ္စတိ- ဟု လာသော မာတိကာအဋ္ဌကထာကို ထောက်၍ သိလေ(က၁။၈၄)။

ဂန္ထော ပန၊ ပေစာမည်သောကျမ်းကိုကား။ တဿ ပါတိမောက္ခဿ၊ ထိုသီလ-ပါတိမောက်ကို။ ဇောတကတ္တာ၊ ထွန်းပြတတ်သည်၏ အဖြစ်ကြောင့်။ ပါတိမောက္ခန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ထိုအဋ္ဌကထာဋ္ဌ ရွှေချသောပေစာသည်ပင် မြတ်သော ဂုဏ်နှင့် တကွဖြစ်သောကြောင့် ပါတိမောက်မည်သည်ဟု ဆိုသဖြင့် ဘုရားမည်သော ဓမ္မက္ခန္ဓာအက္ခရာပဗန္ဓရေးသော ရွှေချ

http://www.dhammadownload.com

သောပေစာ-အစရှိသော ပေဟူသမျှသည်လည်း ဓမ္မက္ခန္ဓာမည်သော ဘုရားပင် မည်သည်ဟု အဓိပ္ပါယ်ကျရောက်သည်။

၉။ ဂမနမဂ္ဂေ အသတိ မဂ္ဂံ အဓိဋ္ဌာယ ဂန္တဗ္ဗံ-

ဟု ပါရာဇိကဏ်အဋ္ဌကထာ၊ ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့်၌ လာသည်(ဝိ၊ဋ္ဌ၊၂။၁၂၉)။

ဂမနမဂ္ဂေ၊ သွားရာခရီးလမ်းသည်၊ အသတိ၊ သော်။ မဂ္ဂံ၊ ခရီးကို။ အဓိဋ္ဌာယ၊ ဆောက်တည်၍။ ဂန္တဗ္ဗံ၊ သွားအပ်၏။

၁၀။ သာရတ္ထဒီပနီဋီကာ၌လည်း-

မဂ္ဂံ အဓိဋ္ဌာယာတိ မဂ္ဂေ ဂစ္ဆာမီတိ ဧဝံသညီ ဟုတ္ဝာတိ အတ္ထော-

ဟု ဖွင့်တော်မူသည်(သာရတ္ထ၊၂။၃၁၉)။

မဂ္ဂံ အဓိဋ္ဌာယာတိ၊ ကား။ မဂ္ဂေ၊ ခရီး၌။ ဂစ္ဆာမိ၊ အံ့။ ဣတိ ဧဝံသညီ၊ ဤသို့သော အမှတ်ရှိသည်။ ဟုတ္ဝာ၊ ၍။ ဣတိ အယံ၊ လျှင်။ အတ္ထော၊ တည်း။

ထိုအဋ္ဌကထာ, ဋီကာတို့၌ ရွာလယ်စပါးလှန်းရာ၌ သွားစရာခရီးလမ်း မရှိလျှင် "ခရီးလမ်း သွားအံ့"ဟု နှလုံးသွင်း၍ စပါးကို နင်းသွားခြင်း၌ အပြစ်မရှိ-ဟု ပြတော်မူသဖြင့် "ရွှေကို ကိုင်အံ့"ဟု နှလုံးမသွင်းမူ၍ ရွှေချသော ပေစာကိုသာ ကိုင်၍ သင်အံချပို့သော ရဟန်းတို့သည် အပြစ်မရှိ-ဟု အဓိပ္ပါယ် ကျရောက်သည်။

၁၁။ ယာဝ ပရိနိဗ္ဗာနာ ပဋ္ဌစတ္တာလီသဝဿာနိ ဘာသိတာနိ လပိတာနိ တီဏိ ပိဋကာနိ ပဋ္ဌ နိကာယာ နဝင်္ဂါနိ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိ တိဋ္ဌန္တိ။ အဟံ ဧကောဝ ပရိနိဗ္ဗာယာမိ။ အဟဋ္ဌ ခေါ ပန ဒါနိ ဧကကောဝ ဩဝဒါမိ အနုသာသာမိ။ မယိ ပရိနိဗ္ဗုတေ ဣမာနိ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိ ဩဝဒိဿန္တိ အနုသာသိဿန္တိ-

ဟု မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ၌ လာသည်(နှာ-၁၈၃)။

ယာဝ ပရိနိဗ္ဗာနာ၊ ပရိနိဗ္ဗာန်ပြုသည်တိုင်အောင်။ ပဋ္ဌစတ္တာလီသဝဿာနိ၊ ၄၅-ဝါ ပတ်လုံး။ ဘာသိတာနိ၊ ဟောအပ်ကုန်သော။ လပိတာနိ၊ မြွတ်ဆိုအပ်ကုန်သော။ တီဏိ ပိဋကာနိ၊ တို့သည်လည်းကောင်း။ ပဋ္ဌ နိကာယာ၊ တို့သည်လည်းကောင်း။ နဝင်္ဂါနိ၊ တို့သည် လည်းကောင်း။ စတုရာသီတိဓမ္မက္ခန္ဓသဟဿာနိ၊ ဓမ္မက္ခန္ဓာတို့သည်လည်းကောင်း။ တိဋ္ဌန္တိ၊ ကုန်၏။ အဟံ ဧကောဝ၊ ငါဘုရား ၁-ပါးတည်းသာလျှင်။ ပရိနိဗ္ဗာယာမိ၊ ပရိနိဗ္ဗာန်

http://www.dhammadownload.com

ပြုတော်မူ၏။ ဒါနိ၊ ယခု။ အဟဉ္စ ဧကကောဝ ပန၊ ငါဘုရား ၁-ပါးတည်းသာလျှင်။ ဩဝဒါမိ၊ ဆုံးမ၏။ အနုသာသာမိ၊ ကဲ့မြစ်၏။ မယိ၊ ငါဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော်။ ဣမာနိ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိ၊ ဓမ္မက္ခန္ဓာ ဘုရားတို့သည်။ ဩဝဒိဿန္တိ၊ ကုန်လတ္တံ့။ အနုသာသိဿန္တိ၊ ကုန်လတ္တံ့။

ထိုအဋ္ဌကထာကို ထောက်၍ သုတ်, အဘိဓမ္မာ, ဝိနည်းဟူသော ဓမ္မက္ခန္ဓာအက္ခရာပဗန္ဓသည် ဘုရားမည်သောကြောင့် ရွှေချသောပေသည် ဓမ္မက္ခန္ဓာဘုရားတို့၏ ကိန်းဝပ်ရာ, တည်ရာဖြစ်၍ စေတိယဃရ မည်သည်ဟု မှတ်ယူသင့်သည်။

၁၂။ ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌လည်း-

> စေတိယင်္ဂဏေ ပူဇံ ကတ္တာ မနုဿေဟိ ဆဒ္ဓိတံ ဒိသ္ဝာပိ အစာလေတ္ဝာဝ အန္တရန္တရေ သမ္မဇ္ဇိတဗ္ဗံ။ ကစဝရံ ဆဒ္ဓနကာလေ ပန ကစဝရနိယာမေနေဝ ဟရိတ္ဝာ ဧကမန္တံ နိက္ခိပိတုံ ဝဋ္ဋတိ –

ဟု ဖွင့်တော်မူသည်(ဝိ၊၄၊၂။၁၃၁)။

စေတိယင်္ဂဏေ၊ စေတီရင်ပြင်၌။ ပူဇံ၊ ပူဇော်ခြင်းကို။ ကတ္တာ၊ ၍။ မနုဿေဟိ၊ တို့သည်။ ဆဒ္ဓိတံ၊ စွန့်အပ်သော စည်, စောင်း, လက်ခတ် စသည်ကို။ ဒိသ္ဝာပိ၊ လည်း။ အစာလေတ္ဝာဝ၊ မလှုပ်မူ၍သာလျှင်။ အန္တရန္တရေ၊ အကြားအကြား၌။ သမ္မဇ္ဇိတဗ္ဗံ၊ တံမြက်လှည်းအပ်၏။ ကစဝရံ၊ ကို။ ဆဒ္ဓနကာလေ ပန၊ စွန့်သောအခါ၌ကား။ ကစဝရနိယာမေနေဝ၊ အမှိုက်ဟူသော အမှတ်ဖြင့်သာလျှင်။ ဟရိတ္ဝာ၊ ကိုင်ယူ၍။ ဧကမန္တံ၊ သင့်ရာအရပ်၌။ နိက္ခိပိတုံ၊ ထားခြင်းငှာ။ ဝဋ္ဋတိ၊ ၏။

ထိုအဋ္ဌကထာပါဠိ၌ စေတီရင်ပြင်တော်မှာ လူတို့ ပူဇော်၍ စွန့်ထားခဲ့သော စည်, စောင်း, လက်ခတ်-စသော တူရိယာဘဏ္ဍာတို့ရှိမူ ထိုတူရိယာတို့ကို မထိစေမူ၍ အကြားအကြား၌သာ တံမြက်လှည်းရမည်။ အမှိုက်စွန့်သောအခါ အမှိုက်ဟူသော အမှတ်ဖြင့် ကိုင်ယူ၍ သင့်ရာအရပ်၌ ထားအပ်သည်ဟု ပြတော်မူသဖြင့် ရွှေချသောပေစာ၌ ရွှေကို နှလုံးမသွင်းမူ၍ ပေကိုသာ ကိုင်ကြည့်၍ သင်အံ့ချပို့သော ရဟန်းတို့သည် အပြစ်မရှိဟူသော အဓိပ္ပါယ်ကျရောက်သည်။

ဤသို့လာသော အဋ္ဌကထာ, ဋီကာ အရပ်ရပ်တို့ကို ထောက်၍ ရွှေချသော ပေစာ၌ "ရွှေကို ကိုင်အံ့"ဟု နှလုံးမသွင်းမူ၍ ပေကိုသာ ကိုင်၍ စာကို သင်အံ့ချပို့သော ရဟန်းမှာ အပြစ်မရှိ-ဟု မှတ်ယူသင့်သည်။

http://www.dhammadownload.com

၁၃။ ဝိနယဝိနိစ္ဆယဋီကာ၊ ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့်၌ကား-

သုဝဏ္ဏာဒီဟိ ကတသုဝဏ္ဏပဋိမာစေတိယပေါတ္ထကာဒိ ယံကိဉ္စိ နု သာဒိ-တပ္ပမေဝ၊ နု စ အာမသိတဗ္ဗံ- ဟု လာသည်(ဝိနယဝိနိစ္ဆဋီကာ၊၁။၁၇၅)။

သုဝဏ္ဏာဒီဟိ၊ ရွှေစသည်တို့ဖြင့်။ ကတသုဝဏ္ဏပဋိမာစေတိယပေါတ္ထကာဒိ၊ ပြုအပ်သော ရွှေဆင်းတု, ရွှေစေတီ, ရွှေပေလွှာ, ရွှေချသောပေအစရှိသော။ ယံကိဉ္စိ၊ အလုံးစုံကို။ နု သာဒိတပ္ပမေဝ၊ မသာယာအပ်သည်သာတည်း။ နု စ အာမသိတဗ္ဗံ၊ ကိုင်လည်း မကိုင်အပ်။

ထိုဋီကာပါဠိအရဖြင့် ရွှေချသောပေသည်လည်း မသာယာအပ်, မကိုင်အပ်ဟု ဆိုသကဲ့သို့ အရိပ်ထင်သည်။ စုံစမ်းဆင်ခြင်၍ နှစ်သက်ရာကို ယူလေ။

✪ ✪ ✪ ✪ ✪

[၅၅] ရွှေချသော ပေစာထုပ်ကို ပုဂ္ဂလိကပိုင် အလျှူခံခြင်း

(၁) မေး။ ။ ရွှေချသောပေစာထုပ်ကို အလျှူခံသောအခါ ပုဂ္ဂလိကပိုင် ရေစက်ချ၍ အလျှူခံအပ်ပါမည်လော?

ဖြေ။ ။ ရွှေချသောပေစာထုပ်ကို ရေစက်ချသောအခါ ရွှေကို နှလုံးမသွင်းမူ၍ ပေကို သာ နှလုံးသွင်းပြီးလျှင် ပေစာထုပ်ကျမ်းစာကို ဆို၍ ရွှေကို မငဲ့ဘဲ ခံယူနိုင်မူ ပုဂ္ဂလိက အဖြစ်ဖြင့် ခံယူသော်လည်း ရွှေကို အလျှူမခံ၊ ပေကိုသာ အလျှူခံသောကြောင့် အပ်သည်ဟု ဆရာမြတ်တို့သည် ပြောဆိုကြသည်။ ထိုဆရာတို့ စကားသည် သင့်လျော်ယုတ္တိရှိသည်။

၁။ တိစီဝရေန တိဟိ စ ကဟာပဏသတေဟိ သဒ္ဓိ ဘေသဇ္ဇစက်္ခာဏံ ပူရေတွာ အာဟရိတွာ ထေရဿ ပါဒမူလေ ဌပေတွာ "ဘန္တေ ပုဗ္ဗပူဇံ ကရောထာ"တိ အာဟံသု။ ထေရော "အာစရိယဘာဂေါ နာမာယ"န္တိ ကပ္ပိယဝသေန ဂါဟာပေတွာ ပုဗ္ဗပူဇံ အကာသိ-

ဟု လာသော ပါရာဇိကဏ်အဋ္ဌကထာ၊ တတိယပါရာဇိကအဖွင့်ကို ထောက်(နှာ-၆၇)။

တိစီဝရေန၊ တိစီဝရိုက် ၃-ထည်နှင့်လည်းကောင်း။ တိဟိ ကဟာပဏသတေဟိ စ၊ အသပြာ ၃၀၀-တို့နှင့်လည်းကောင်း။ သဒ္ဓိ၊ တကွ။ ဘေသဇ္ဇစက်္ခာဏံ၊ ဆေးထည့်သော

http://www.dhammadownload.com

တောင်းကို။ ပူရေတွာ၊ ပန်းဖြင့် ပြည့်စေ၍။ အာဟရိတွာ၊ ဆောင်ယူ၍။ ထေရဿ၊ မဟာပဒုမထေရ်၏။ ပါဒမူလေ၊ ခြေရင်း၌။ ဌပေတွာ၊ ထား၍။ ဘန္တေ၊ အရှင်ဘုရား။ ပုပ္ဖပူဇံ၊ ပန်းပူဇော်ခြင်းကို။ ကရောထ၊ ပြုပါကုန်လော့။ ဣတိ၊ သို့။ အာဟံသု၊ ဆိုကုန်၏။ ထေရော၊ မဟာပဒုမထေရ်သည်။ အယံ၊ ဤသည်ကား။ အာစရိယဘာဂေါ နာမ၊ ဆရာအဖို့ မည်၏။ ဣတိ၊ သို့။ ကပ္ပိယဝသေန၊ အပ်သော ခေါ်ဝေါ်ခြင်း၏ အစွမ်းဖြင့်သာလျှင်။ ဂါဟာပေတွာ၊ ယူစေ၍။ ပုပ္ဖပူဇံ၊ ပန်းပူဇော်ခြင်းကို။ အကာသိ၊ ပြု၏။

ထိုအဋ္ဌကထာပါဠိ၌ **ဝသဘမင်း၏ မိဖုရား**သည် မဟာပဒုမထံ၌ ဆေးနည်းကို လျှောက်ထား၍ ပရိယာယ်အားဖြင့် ပြောကြား၍ ရောဂါပျောက်လတ်သော် တိစီဝရိက် ၃-ထည်, အသပြာ ၃၀၀-တို့နှင့်တကွ ဆေးထည့်သောတောင်းကို ပန်းပွင့်တို့ဖြင့် ပြည့်စေ၍ ခြေရင်း၌ ထားပြီးလျှင် "အရှင်ဘုရား၊ ပန်းပူဇော်ခြင်းကို ပြုတော်မူပါ"ဟု လျှောက်ထားရာ မဟာပဒုမထေရ်မြတ်သည် "ဤသည်ကား ဆရာအဖို့ မည်၏"ဟု ငွေအသပြာကို သိလျက်ပင် ငွေအသပြာကို နှလုံးမသွင်းမူ၍ "ပန်းပွင့်ကို ဆောင်ယူလော့။ ပန်းပူဇော် ကုန်လော့" အစရှိသော အပ်သောခေါ်ဝေါ်ခြင်းဖြင့် ပန်းပွင့်ကိုသာ နှလုံးသွင်း၍ ခံယူစေပြီးလျှင် ပန်းပူဇော်ခြင်းကို ပြုသည်ဟု ပြတော်မူသဖြင့် **ရွှေချသောပေစာကို လှူသောအခါ ရွှေကို နှလုံးမသွင်းမူ၍ ပေစာကိုသာ နှလုံးသွင်း၍ ခံယူနိုင်မူ ပုဂ္ဂလိက အလှူခံအပ်သည်ဟု** အဓိပ္ပါယ်ကျရောက်သည်။

၂။ **သာရတ္ထဒီပနီဋီကာ၌လည်း** ဤသို့လာသည်-

> ဝိနယလက္ခဏံ အဇာနန္တဿ အနာဒရိယဿ (အနာစရိယဿ) တဒနုရူပ-ဝေါဟာရသမ္ဘဝတော ဤဒိသဿ လာဘဿ ဥပ္ပတ္တိ နာမ နတ္ထိတိ "အာစရိယ-ဘာဂေါ နာမ အယ"န္တိ ဝုတ္တံ။ ဝိနယေ ပကတညုနာ အာစရိယေန လဘိတဗ္ဗ- ဘာဂေါ အယန္တိ ဝုတ္တံ ဟောတိ။ ပုပ္ဖပူဇနတ္ထာယ ဒိန္နေပိ အကပ္ပိယဝေါဟာရေန ဝိဓာနဿ အယုတ္တတ္တာ "ကပ္ပိယဝသေနာ"တိ ဝုတ္တံ၊ ပုပ္ဖံ အာဟရထာတိ အာဒိနာ ကပ္ပိယဝေါဟာရဝသေနာတိ အတ္ထော-(သာရတ္ထ၊ ၂။ ၂၇၅)

ဝိနယလက္ခဏံ၊ ဝိနည်းလက္ခဏာကို။ အဇာနန္တဿ၊ မသိသောရဟန်းအား လည်းကောင်း။ အနာဒရိယဿ၊ သိလျက် မရိုသေသောရဟန်းအားလည်းကောင်း။ တဒနုရူပ-ဝေါဟာရသမ္ဘဝတော၊ ထိုသို့ သဘောရှိသော ခေါ်ဝေါ်ခြင်း၏ မဖြစ်သင့်သောကြောင့်။ ဤဒိသဿ၊ သဘောရှိသော။ လာဘဿ၊ လာဘ်၏။ ဥပ္ပတ္တိ နာမ၊ အပ်သောဖြစ်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ကြောင့်။ "အာစရိယဘာဂေါ နာမ အယန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ အယံ၊ ဤသည်ကား။ ဝိနယေ၊ ၌။ ပကတညုနာ၊ သိတတ်သော။ အာစရိယေန၊

http://www.dhammadownload.com

ဆရာသည်။ လဘိတပုဗ္ဗဘာဂေါ် ရအပ်သောအဖို့တည်း။ ကျွတိ၊ သို့၊ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။ ပုပ္ဖပူဇနတ္ထာယ၊ ပန်းပူဇော်ခြင်းငှာ။ ဒိန္နေပိ၊ လျှူသော်လည်း။ အကပ္ပိယ-ဝေါဟာရေန၊ မအပ်သော ခေါ်ဝေါ်ခြင်းဖြင့်။ ဝိဓာနဿ၊ စီရင်ခြင်း၏။ အယုတ္တတ္တာ၊ မသင့်သည်၏အဖြစ်ကြောင့်။ ကပ္ပိယဝသေနာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ပုပ္ပံ၊ ကို။ အာဟရထ၊ ဆောင်ယူကုန်လော့။ ကျွတိအာဒိနာ၊ ဤသို့ စသည်ဖြင့်။ ကပ္ပိယဝေါဟာရဝသေန၊ အပ်သော ခေါ်ဝေါ်ခြင်း၏ အစွမ်းဖြင့်။ ကျွတိ အယံ၊ လျှင်။ အတ္ထော၊ တည်း။

၃။ ကာယဝါစာဟိ အပ္ပဋိက္ခိပိတ္တာ သုဒ္ဓစိတ္တော ဟုတ္ဝာ "နယိဒံ အမှာကံ ကပ္ပတီ"-တိ နာ သာဒိယတိ၊ ဝဋ္ဋတိ (ကခီ။၌၊၁၇၅)-

ဟု လာသော **မာတိကာအဋ္ဌကထာ**ကို ထောက်၍ "ပန်းပူဇော်တော်မူပါ"ဟု လျှောက်ရာ ငွေအသပြာပါသည်ကို သိသော်လည်း ငွေကို စိတ်က မသာယာမူ၍ ပန်းကို အလှူခံ၍ ပန်းပူဇော်ခြင်း၌ အပ်သည်-ဟု အဓိပ္ပါယ် ရထိုက်သောကြောင့် ရွှေချသောပေစာကို ရေစက်ချသောအခါ ရွှေကို စိတ်က မသာယာမူ၍ ပေကို အလှူခံရာ အပြစ်မရှိဟူသော အဓိပ္ပါယ် ကျရောက်သည်။

၄။ **ဝိမတိဝိနောဒနီဋီကာ၌**ကား-

ပုပ္ဖပူဇနတ္ထာယပိ သမ္ပဋိစ္ဆိယမာနံ ရူပိယံ အတ္တနော သန္တကတ္တာဘဇနေန နိဿဂ္ဂိယမေဝါတိ အာဟ "ကပ္ပိယဝသေန ဂါဟာပေတွာ"တိ။ "အမှာကံ ရူပိယံ နာ ဝဋ္ဋတိ၊ ပုပ္ဖပူဇနတ္ထံ ပုပ္ဖံ ဝဋ္ဋတီ"တိအာဒိနာ ပဋိက္ခိပိတ္တာ ကပ္ပိယေန ကမ္မေန ဂါဟာ-ပေတွာတိ အတ္ထော-(ဝိမတိ၊၁။၂၃၆) ဟု ဖွင့်တော်မူ၏။

ပုပ္ဖပူဇနတ္ထာယပိ၊ ဘုရားကို ပန်းပူဇော်ခြင်းငှာလည်း။ သမ္ပဋိစ္ဆိယမာနံ၊ ခံယူအပ်သော။ ရူပိယံ၊ ရွှေ,ငွေသည်။ အတ္တနော၊ မိမိ၏။ သန္တကတ္တာဘဇနေန၊ ဥစ္စာအဖြစ်သို့ ရောက်သဖြင့်။ နိဿဂ္ဂိယမေဝ၊ နိဿဂ္ဂိယအာပတ်သင့်သည်သာတည်း။ ကျွတိ တသ္မာ၊ ကြောင့်။ ကပ္ပိယဝသေန ဂါဟာပေတွာတိ၊ ဟူ၍။ အာဟ၊ ၏။ အမှာကံ၊ ငါတို့အား။ ရူပိယံ၊ ရွှေ, ငွေသည်။ နာ ဝဋ္ဋတိ၊ မအပ်။ ပုပ္ဖပူဇနတ္ထံ၊ ပန်းပူဇော်ခြင်းငှာ။ ပုပ္ဖံ၊ ပန်းသည်။ ဝဋ္ဋတိ၊ ၏။ ကျွတိအာဒိနာ၊ ဤသို့ စသည်ဖြင့်။ ပဋိက္ခိပိတ္တာ၊ ပယ်၍။ ကပ္ပိယေန၊ အပ်သော။ ကမ္မေန၊ အမှုဖြင့်။ ဂါဟာပေတွာ၊ ယူစေ၍။ ကျွတိ အယံ၊ လျှင်။ အတ္ထော၊ တည်း။

၅။ ထိုပေကို ပဏ္ဏအရာ ဂရုဘဏ်အဖွင့်ဖြစ်သော **မာတိကာအဋ္ဌကထာ၊ သဟဓမ္မိကဝဂ်၊ ကောဒသမသိက္ခာပုဒ်အဖွင့်**(နှာ-၂၆၃)၌-

အဋ္ဌင်္ဂုလပွမာဏောပိ ရိတ္တကပေါတ္ထကော ဂရုဘဏ္ဍမေဝ-ဟု ဆိုတော်မူသည်။

http://www.dhammadownload.com

အဌင်္ဂုံလပွမာဏောပိ၊ အနံ လက် ၈-သစ် ရှိသည်လည်းဖြစ်သော။ ရိတ္တကပေါတ္ထ-ကော၊ မရေးသောပေသည်။ ဂရုဘဏ္ဍမေဝ၊ ဂရုဘဏ်ထိုက်သည်သာတည်း။

၆။ ဝိနယမဉ္ဇူသာဠီကာဌ်လည်း-

အဌင်္ဂုံလပွမာဏောပိတိ ဝိတ္ထာရတော အဌင်္ဂုံလပွမာဏော။ လိခိတပေါတ္ထ- ကော ပန ဂရုဘဏ္ဍံ နာ ဟောတိ(ကခီ၊ဋီ-သစ်၊၄၂၆)- ဟု ဖွင့်တော်မူသည်။

အဌင်္ဂုံလပွမာဏောပိတိ၊ ဟူသည်ကား။ ဝိတ္ထာရတော၊ အနံအားဖြင့်။ အဌင်္ဂုံလပွ-မာဏော၊ လက် ၈-သစ်ပမာဏရှိသောပေတည်း။ လိခိတပေါတ္ထကော ပန၊ ရေးပြီးသော ပေသည်ကား။ ဂရုဘဏ္ဍံ၊ ဂရုဘဏ်သည်။ နာ ဟောတိ၊ မဖြစ်။

၇။ ဝိနယဝိနိစ္ဆယဋီကာဌ်လည်း-

ရိတ္တပေါတ္ထကောတိ ဣမိနာ အဌင်္ဂုံလပွမာဏော (အဌင်္ဂုံလတော) အတိရေကပွ-မာဏောပိ လိခိတပေါတ္ထကော ဘာဇနိယော (ဘာဇိယော)-

ဟု ဆိုတော်မူ၏(ဝိနယဝိနိစ္ဆယဋီ၊၂။၃၀၈)။

ဤသို့ လာသော အဌကထာ, ဋီကာပါဠ်အရဖြင့် ရေးပြီးသော ပေစာဟူသမျှသည် ပုဂ္ဂလိက အလျှူခံသော ပေစာဖြစ်မှ ပုဂ္ဂလိကဥစ္စာဖြစ်သည်။ ထိုပုဂ္ဂိုလ်သေ၍ တစ်စုံ တစ်ယောက်ကို မပေးမအပ်ခဲ့လျှင် သံဃိက လဟုဘဏ်ပစ္စည်းဖြစ်၍ သမ္မုခီဘူတ-သံဃာတို့ ဝေယျထိုက်ကြောင်းကို ပြတော်မူသည်။

၈။ အချို့သော ဆရာမြတ်တို့သည်-

စာပေပိဋကတ်ကို အခြားသော ပစ္စည်းပရိက္ခရာကဲ့သို့ အာမိသအဖြစ်ဖြင့် သုံးဆောင်အပ်သောအရာလည်း မဟုတ်ချေ။ ဒါယကာတို့ကလည်း အဓွန့်ရှည်စွာ သာသနာတည်စေခြင်းငှာ, လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရစေခြင်း ငှာသာ ရေးကူးပြုစုတည်ထား ကိုးကွယ်ကြသောအရာ ဖြစ်ချေသည်။ ထို့ကြောင့် ပုဂ္ဂိုလ်, ဂိုဏ်း, သံဃာ ဥစ္စာအဖြစ်ဖြင့် အလျှူမခံမူ၍ အမြဲရိုကျိုး ကိုးကွယ်သော ဥဒ္ဒိဿက ဘုရားကဲ့သို့ ရေစက်ချ၍ ရှိသေစွာ စောင့်ရှောက်ကြည့်ရှု သင်အံ ချပို့ ကိုးကွယ်၍ ထားရမည်။ ထိုကျောင်း၌ တစ်ပါးသောသော် တစ်ပါး ဆက်လက်၍ မဖျက်မဆီး ရှိသေစွာ သိမ်းဆည်း ကိုးကွယ်ထိုက်သည်။ ပုဂ္ဂိုလ်, ဂိုဏ်း, သံဃာ့ဥစ္စာ မပြုထိုက်။ ရောင်းချဖျက်ဆီး၍လည်း မသုံးဆောင်အပ်-ဟု ဆိုတော်မူကြကုန်၏။

http://www.dhammadownload.com

၉။ သလုံးဆရာတော်ရေးသော ဝိနယစ္ဆေဒဒီပနီကျမ်း၌ကား-

နာနာရတနဝိစိတ္တံ သဂဿ ပရိယတ္တိမဓွံ ယထာသုခံ ပရိယာပုဏိတုံ ဝါစေတုံ စ အာယသ္မတော သန္တိကေ သရဏံ ကရောမ။ တံ သဂဿ ပရိယတ္တိမဓွံ အာယသ္မတော ပုဂ္ဂလိကဝိဟာရဿ ဒေမ။ ယထာသုခံ ပရိယာပုဏာထ အာယသ္မာ ဘန္တေ-
- ဟု လာသည်။

နာနာရတနဝိစိတ္တံ၊ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော။ သဂဿ၊ တိုက်နှင့်တကွသော။ ပရိယတ္တိမဓွံ၊ ပရိယတ္တိတရားကို။ ယထာသုခံ၊ အလိုရှိတိုင်း။ ပရိယာပုဏိတုံ၊ သင်စေခြင်းငှာ။ ဝါစေတုံ၊ ပို့ချစေခြင်းငှာ။ အာယသ္မတော၊ အရှင်ဘုရား၏။ သန္တိကေ၊ အထံ၌။ သရဏံ၊ ကိုးကွယ်ခြင်းကို။ ကရောမ၊ ပြုပါကုန်၏။ သဂဿ၊ တိုက်နှင့်တကွသော။ တံ ပရိယတ္တိမဓွံ၊ ကို။ အာယသ္မတော၊ ၏။ ပုဂ္ဂလိကဝိဟာရဿ၊ ပုဂ္ဂလိကကျောင်းအား။ ဒေမ၊ လှူပါကုန်၏။ ဘန္တေ၊ ဘုရား။ အာယသ္မာ၊ သည်။ ယထာသုခံ၊ အလိုရှိတိုင်း။ ပရိယာပုဏာထ၊ သင်ပါကုန်လော့။

၁၀။ နောက်က ပြဆိုခဲ့သော အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ ရွှေချသော စာထုပ်ကို ရေစက်ချလိုမူ-

"ကွမဲ သုဝဏ္ဏံ ဓမ္မစေတိယဿ ဒေမ။ ကွမဲ ဓမ္မစေတိယဂန္ဆံ အာယသ္မတော ဒေမ ယထာသုခံ ပရိယာပုဏိတုံ ဝါစေတုံ စ" ဟူ၍လည်းကောင်း၊

"ကွမဲ သုဝဏ္ဏံ ဓမ္မစေတိယဿ ဒေမ။ ဓမ္မစေတိယဿရသခ်ိတံ ကွမဲ ဂန္ဆံ အာယသ္မတော ဒေမ ယထာသုခံ ပရိယာပုဏိတုံ ဝါစေတုံ စ" ဟူ၍လည်းကောင်း ချအပ်သည်ဟု မှတ်။

ကွမဲ သုဝဏ္ဏံ၊ ဤရွှေကို။ ဓမ္မစေတိယဿ၊ ဓမ္မစေတီတော်အား။ ဒေမ၊ လှူပါကုန်၏။ ကွမဲ ဓမ္မစေတိယဂန္ဆံ၊ ဤဓမ္မစေတီတည်းဟူသော ကျမ်းစာထုပ်ကို။ အာယသ္မတော၊ အား။ ယထာသုခံ၊ တိုင်း။ ပရိယာပုဏိတုံ၊ ဌာလည်းကောင်း။ ဝါစေတုံ စ၊ ဌာလည်းကောင်း။ ဒေမ၊ ကုန်၏။

နောက်နည်းမှာ "ဓမ္မစေတိယဿရသခ်ိတံ၊ ဓမ္မစေတီအိမ်-ဟုဆိုအပ်သော။ ကွမဲ ဂန္ဆံ၊ ဤကျမ်းဂန်စာထုပ်ကို"ဟု ဆိုလေ။ ဂဏိကမှာ "အာယသ္မန္တာနံ"ဟု, သံယိကမှာ "သံယဿ"ဟု ဆိုလေ။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၅၆] ရွှေကျောင်းစသည် အပ်,မအပ်

(၁) မေး။ ။ ရွှေချသောကျောင်း, ရွှေညောင်စောင်း, ရွှေအင်းပျဉ်တို့၌ ရဟန်းတို့သည် ထိုင်ခြင်းငှာ အပ်ပါမည်လော?

ဖြေ။ ။ ရွှေကျောင်း, ရွှေညောင်စောင်း, ရွှေအင်းပျဉ်တို့၌ သံယိကကျောင်းစသည် ဖြစ်မူ ရဟန်းတို့သည် နေထိုင်ခြင်းငှာ အပ်သည်။

၁။ သေနာသနံ ဟိ သောဝဏ္ဏမယမ္ပိ ဝဋ္ဋတိ–

ဟု လာသော ပါစိတ်အဋ္ဌကထာ၊ သေနာသနဝဂ်၊ ပဌမသေနာသနသိက္ခာပုဒ်အဖွင့် သံယိက သေနာသနအရာကို ထောက်(ဝိ၊၄၊၃။၃၉)။

ဟိ၊ မှန်၏။ သေနာသနံ၊ ကျောင်း, ညောင်စောင်း, အင်းပျဉ်သည်။ သောဝဏ္ဏ-မယမ္ပိ၊ ရွှေဖြင့်ပြီးသော်လည်း။ ဝဋ္ဋတိ၊ ၏။

✪ ✪ ✪ ✪ ✪

[၅၇] ရွှေ,ငွေဖြင့်လုပ်သော အသုံးအဆောင်ပစ္စည်း အပ်, မအပ်

(၁) မေး။ ။ ရွှေ,ငွေ စသည်တို့ဖြင့် ပြုသော ကျောင်းအသုံးအဆောင်တို့ကို ရဟန်းတို့သည် သုံးဆောင်ခြင်းငှာ အပ်ပါမည်လော?

ဖြေ။ ။ ရွှေ, ငွေ စသည်တို့ဖြင့် ပြုသော ကျောင်းအသုံးအဆောင်ဟူသမျှကို ရဟန်းတို့သည် ပုဂ္ဂိုလ်, ဂိုဏ်း, သံဃာတို့၏ ဥစ္စာအဖြစ်ဖြင့် နှလုံးမသွင်းဘဲ သေနာသန-ပရိဘောဂ အဖြစ်ဖြင့်သာ နှလုံးသွင်း၍ သုံးဆောင်ခြင်းငှာ အပ်သည်။

၁။ သုဝဏ္ဏရဇတဟာရကူဋဇာတိဖလိကဘာဇနာနိ ဂိဟိဝိကတာနိပိ န ဝဋ္ဋန္တိ။ ပဂေဝ သံယိကပရိဘောဂေန ဝါ ပုဂ္ဂလိကပရိဘောဂေန ဝါ။ သေနာသနပရိ-ဘောဂေန ပန အာမာသမ္ပိ အနာမာသမ္ပိ သဋ္ဌံ ဝဋ္ဋတိ–

ဟုလာသော သေနာသနက္ခန္ဓကအဋ္ဌကထာ၊ ဂရုဘဏ်အဖွင့်ကို ထောက်(ဝိ၊၄၊၄။၈၀)။

သုဝဏ္ဏရဇတဟာရကူဋဇာတိဖလိကဘာဇနာနိ၊ ရွှေခွက်, ငွေခွက်, တေးခပ် ပြာခွက်, ဖန်စစ်ခွက်တို့သည်။ ဂိဟိဝိကတာနိပိ၊ လူတို့ဥစ္စာတို့သည်လည်း။ န ဝဋ္ဋန္တိ၊ ကုန်။ သံယိက-

http://www.dhammadownload.com

ပရိဘောဂေန ဝါ၊ သံယိက ဥစ္စာပြု၍ သုံးဆောင်သဖြင့်လည်းကောင်း။ ပုဂ္ဂလိကပရိဘောဂေန ဝါ၊ ပုဂ္ဂလိကဥစ္စာပြု၍ သုံးဆောင်သဖြင့်လည်းကောင်း။ ပဂေဝ၊ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ န ဝဋ္ဋန္တိ ဧဝ၊ မအပ်ကုန်သည်သာတည်း။ ပန၊ အပ်သည်ကို ပြဆိုအံ့။ သေနာသနပရိဘောဂေန၊ ကျောင်းပစ္စည်းဟု နှလုံးပြု၍ သုံးဆောင်ခြင်းဖြင့်။ အာမာသမ္မိ၊ သုံးသပ်အပ်သည်လည်းဖြစ်သော။ အနာမာသမ္မိ၊ မသုံးသပ်အပ်သည်လည်း ဖြစ်သော။ သဒ္ဓါ၊ အလုံးစုံသည်။ ဝဋ္ဋတိ၊ ၏။

၂။ **ဝိမတိဝိနောဒနီဋီကာ၌လည်း-**

အနာမာသမ္မိတိ သုဝဏ္ဏာဒိမယမ္မိ သဒ္ဓါ။ တံ အာမသိတ္ဘာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ-ဟု ဖွင့်တော်မူသည်(ဝိမတိ၊၂။၂၄၆)။

အနာမာသမ္မိတိ၊ ဟူသည်ကား။ သုဝဏ္ဏာဒိမယမ္မိ၊ ရွှေ စသည်ဖြင့် ပြီးသည်လည်းဖြစ်သော။ သဒ္ဓါ အလုံးစုံသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုရွှေ စသည်တို့ဖြင့်ပြီးသော အလုံးစုံသော သေနာသန အသုံးအဆောင်ကို။ အာမသိတ္ဘာပိ၊ ကိုင်၍လည်း။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။

✪ ✪ ✪ ✪ ✪

[၅၈] ကျောင်းအမှတ်, ကျောင်းပစ္စည်းအမှတ်ဖြင့် သုံးဆောင်အပ်

(၁) **မေး။** ။ သေနာသနပရိဘောဂဖြင့် အပ်သည်ဆိုရာ၌ ပုဂ္ဂလိက, ဂဏိက, သံယိက-သေနာသနအားဖြင့် ၃-ပါးလုံးပင် အပ်သည်ဟု မှတ်ရမည်လော?

ဖြေ။ ။ ပုဂ္ဂလိကကျောင်းဖြစ်စေ, ဂဏိကကျောင်းဖြစ်စေ, သံယိကကျောင်းဖြစ်စေ မိမိဥစ္စာအဖြစ်ဖြင့် သုံးဆောင်ခြင်းကို မပြုမူ၍ ကျောင်း၏အမှတ်ဖြင့်လည်းကောင်း၊ ကျောင်းပစ္စည်း၏အမှတ်ဖြင့်လည်းကောင်း နှလုံးသွင်း၍ သုံးဆောင်မူ အပ်သည်။

၁။ သေနာသနေ ပန ဒ္ဝါရကဝါဠဝါတပါနကဝါဠာဒီသု သဒ္ဓရတနမယမ္မိ ဝဏ္ဏမဋ္ဌကမ္မံ ဝဋ္ဋတိ။ သေနာသနေ ကိဉ္စိ ပဋိသေဓေတဗ္ဗံ နတ္ထိ အညတြ ဝိရုဒ္ဓသေနာသနာ။ ဝိရုဒ္ဓသေနာသနံ နာမ အညေသံ သီမာယ ရာဇဝလ္လဘေဟိ ကတသေနာသနံ ဝုစ္စတိ-

ဟု လာသော **ပါရာဇိကဏ်အဋ္ဌကထာ၊ ဒုတိယပါရာဇိက ပရိက္ခာရဝိနိစ္ဆယအဖွင့်**ကို ထောက်(ဝိ၊ဋ္ဌ၊၁။၂၅၄)။

http://www.dhammadownload.com

ပန၊ မအပ်သည်မှတပါး အပ်သည်ကို ပြဆိုအံ့။ သေနာသနေ၊ ကျောင်း၌။ ဒွါရကဝါဠဝါတပါနကဝါဠာဒီသု၊ ကျောင်းတံခါးရွက်, လေသောက်တံခါးရွက် စသည်တို့၌။ သဗ္ဗရတနမယမ္မိ၊ အလုံးစုံသော ရတနာဖြင့် ပြီးသည်လည်းဖြစ်သော။ ဝဏ္ဏမဋ္ဌကမ္မံ၊ အဆင်း, အပြေအပြစ်ပြုသောအမှုသည်။ ဝဋ္ဋတိ၊ ၏။ ဝိရူဒ္ဓသေနာသနာ၊ မင်းနှင့်အကျွမ်းဝင်သော ဆန့်ကျင်သောရဟန်းတို့၏ ကျောင်းကို။ အညတြ၊ ကြဉ်၍။ သေနာသနေ၊ ကျောင်း၌။ ပဋိသေဓေတဗ္ဗံ၊ တားမြစ်အပ်သော။ ကိဉ္စိ၊ တစ်စုံတစ်ခုသော မအပ်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဝိရူဒ္ဓသေနာသနံ နာမ၊ ဝိရူဒ္ဓကျောင်းမည်သည်ကား။ အညေသံ၊ တပါးသော ရဟန်းတို့၏။ သီမာယ၊ အာရာမ်မြေ၌။ ရာဇဝလ္လဘေဟိ၊ မင်းကျွမ်းဝင်သော ရဟန်းတို့သည်။ ကတသေနာသနံ၊ ပြုအပ်သောကျောင်းကို။ ဝုစ္စတိ၊ ၏။

ထိုအဋ္ဌကထာပါဠိဖြင့် ဝိရူဒ္ဓသေနာသနကို ထား၍ တပါးသော သေနာသနမှာ ပုဂ္ဂလိကဖြစ်စေ, ဂဏကဖြစ်စေ, သံဃိကဖြစ်စေ သေနာသနပရိဘောဂအဖြစ်ဖြင့် အပ်သည်-ဟု ပြတော်မူသည်။

၂။ သာရတ္ထဒီပနီဋီကာ၌လည်း-

သေနာသနပရိက္ခာရေသု ပဋိသေဓေတဗ္ဗံ နာမ ကိဉ္စိ နတ္ထိ-

ဟု ဖွင့်တော်မူသည်(သာရတ္ထ၊ ၂။၁၂၂)။

သေနာသနပရိက္ခာရေသု၊ ကျောင်းပစ္စည်းပရိက္ခရာတို့၌။ ပဋိသေဓေတဗ္ဗံ နာမ၊ တားမြစ်အပ်သည်မည်သော။ ကိဉ္စိ၊ တစ်စုံတစ်ခုသည်။ နတ္ထိ၊ မရှိ။

၃။ ဝိမတိဝိနောဒနီဋီကာ၌လည်း-

ရာဇဝလ္လဘေဟိတိ လဇ္ဇိပေသလာဒီနံ ဥပေါသထာဒိအန္တရာယကရာ အလဇ္ဇိနော, ဘိန္နလဒ္ဓိကာ စ ဘိက္ခူ အဓိပ္ပေတာ- ဟု ဖွင့်တော်မူသည်(ဝိမတိ၊၁။၁၆၉)။

ရာဇဝလ္လဘေဟိတိ၊ ကား။ လဇ္ဇိပေသလာဒီနံ၊ လဇ္ဇိပေသလစသော ပုဂ္ဂိုလ်တို့၏။ ဥပေါသထာဒိအန္တရာယကရာ၊ ဥပုသ်စသည်တို့၏ အန္တရာယ်ကို ပြုတတ်ကုန်သော။ အလဇ္ဇိနော၊ အလဇ္ဇိဖြစ်ကုန်သော။ ဘိန္နလဒ္ဓိကာ စ၊ ကွဲသောအယူရှိသည်လည်း ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။

၄။ သာရတ္ထဒီပနီ၌လည်း-

ဧကနိကာယိကာပိ ဥပေါသထပဝါရဏာနံ အန္တရာယကရာ အလဇ္ဇိနော ရာဇကုလူပကာ ဝုစ္စန္တိ- ဟု လာသည်(သာရတ္ထ၊ ၂။၁၂၂)။

http://www.dhammadownload.com

ဧကန်ကာယိကာပိ၊ အယူတစ်ပါးတည်း ရှိသည်လည်း ဖြစ်ကုန်သော။ ဥပေါသထ-ပဝါရဏာနံ၊ တို့၏။ အန္တရာယကရာ၊ အန္တရာယ်ကို ပြုတတ်ကုန်သော။ အလဇ္ဇီနော၊ အလဇ္ဇီရဟန်းဖြစ်ကုန်သော။ ရာဇကုလူပကာ၊ မင်းအိမ်သို့ ကပ်တတ်သော ရဟန်းတို့ကို။ ရာဇဝလ္လ-ဘောတိ၊ ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

ထိုဋ္ဌကာပါဠိတို့ဖြင့် ဝိရုဒ္ဓသေနာသနကို ပြုသော ရာဇဝလ္လဘရဟန်းအရကို ပြတော်မူကြသည်။

၅။ "အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒပရိဘောဂ"န္တိ ဝစနတော ပုဂ္ဂလိကေပိ သေနာသနေ သေနာသနပရိဘောဂဝသေန နိယမိတံ သုဝဏ္ဏယဋ္ဌာဒိကံ ပရိဘုဉ္ဇိတုံ ဝဋ္ဋမာနမ္ပိ ကေဝလံ အတ္တနော သန္တကံ ကတ္တာ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ-

ဟု သာရတ္ထဒီပနီဋီကာ(၃၊၂၈)၌ လာသည်။ ပါစိတ်အဋ္ဌကထာ ဘူတဂါမဝဂ် ပဌမသေနာသန အဖွင့်မှာ ရှုလေ။ ဝိနယဝိနိစ္ဆယဋီကာ(၁၀၄၂၀)၌လည်း နည်းတူလာသည်။

အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒပရိဘောဂန္တိ၊ ဟူ၍။ ဝစနတော၊ စူဠဝါဋ္ဌ ဟောတော်မူသောကြောင့်။ ပုဂ္ဂလိကေပိ၊ ပုဂ္ဂလိကလည်းဖြစ်သော။ သေနာသနေ၊ ကျောင်း၌။ သေနာသနပရိဘောဂဝသေန၊ သေနာသနပရိဘောဂ၏ အစွမ်းဖြင့်။ နိယမိတံ၊ မှတ်အပ်သော။ သုဝဏ္ဏယဋ္ဌာဒိကံ၊ ရွှေဖြင့်ပြီးသောအိုး စသည်ကို။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ ဝဋ္ဋမာနမ္ပိ၊ အပ်သော်လည်း။ ကေဝလံ၊ သက်သက်။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာကို။ ကတ္တာ၊ ပြု၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်(သာရတ္ထ၊၃။၂၈)။

ထိုဋ္ဌကာပါဠိဖြင့် ပုဂ္ဂလိကကျောင်း၌ သေနာသနဖြင့် မှတ်အပ်သော ရွှေ,ငွေ စသည်ဖြင့် ပြီးသော အသုံးအဆောင်သည် ပုဂ္ဂလိကကျောင်းဖြစ်၍ ကျောင်းကို ပိုင်သော ရဟန်းသည် သေနာသနပရိဘောဂကိုလည်း 'ငါသာ ပိုင်သည်'ဟု မိမိဥစ္စာပိုင်ပြု၍ သူတပါးအား ပေးစွန့်ခြင်း, တပါးသောနေရာသို့ ယူဆောင်ခြင်း, မိမိဥစ္စာအမှတ်ဖြင့် သုံးဆောင်ခြင်းငှာ မအပ်-ဟု ပြတော်မူသည်။ ဂဏိကမှာလည်း ပုဂ္ဂလိကနှင့် နည်းတူမှတ်။ တစ်နည်း ပုဂ္ဂလိကေပိ-၌ ပိ-သဒ္ဒါဖြင့် ဂဏိက, သံယိကမှာလည်း နည်းတူဟု ပြတော်မူသည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၅၉] ရွှေကျောင်း စသည်ကို အလှူခံအပ်, မအပ်

(၁) မေး။ ။ ရွှေချသော ကျောင်း, ပြာသာဒ်, ညောင်စောင်း, အင်းပျဉ်ကို လှူရာ အလှူခံအပ်ပါမည်လော?

ဖြေ။ ။ ထိုအမေးပုစ္ဆာမှာ **စူဠဝါအဋ္ဌကထာ သေနာသနက္ခန္ဓကအဖွင့်၌**–

၁။ **သဗ္ဗံ ပါသာဒပရိဘောဂန္တိ သုဝဏ္ဏရဇတာဒိဝိစိတြာနိ ကဝါဋာနိ မဏ္ဍပိဌာနိ တာလဝဏ္ဏာနိ သုဝဏ္ဏရဇတမယပါနီယဃဋပါနီယသရာဝါနိ။** ယံ ကိဉ္စိ စိတ္တကမ္မံ ကတံ၊ တံ သဗ္ဗံ ဝဋ္ဋတိ။ ပါသာဒဿ ဒါသိဒါသံ ခေတ္တံ ဝတ္ထုံ၊ ဂေါမဟိံသံ ဒေမာတိ ဝဒန္တိ။ ပါဠေက္ကံ ဂဟဏကိစ္စံ နတ္ထိ၊ ပါသာဒေ ပဋိဂ္ဂဟိတေ ပဋိဂ္ဂဟိတမေဝ ဟောတိ- ဟူ၍လည်းကောင်း(ဝိ၊ဋ္ဌ၊၄၊၇၆)၊

သစေပိ ရာဇရာဇမဟာမတ္တာဒယော ဧကပွဟာရေနေဝ မဏ္ဍသတံ ဝါ မဏ္ဍသဟဿံ ဝါ ဒေန္တိ၊ သဗ္ဗေ ကပ္ပိယမဏ္ဍာ သမ္ပဇ္ဇိတ္ထတ္တာ။ သမ္ပဇ္ဇိတ္ထတ္တာ ဝုမ္ဖုပ္ပဋိပါဋိယာ 'သံယိကပရိဘောဂေန ပရိဘုဉ္ဇထာ'တိ ဒါတဗ္ဗာ၊ ပုဂ္ဂလိကဝသေန နဒါတဗ္ဗာ– ဟူ၍လည်းကောင်း(ဝိ၊ဋ္ဌ၊၄၊၇၉) မိန့်ဆိုတော်မူသည်။

သဗ္ဗံ ပါသာဒပရိဘောဂန္တိ၊ ကား။သုဝဏ္ဏရဇတာဒိဝိစိတြာနိ၊ ရွှေ,ငွေစသည်တို့ဖြင့် ဆန်းကြယ်စွာ ပြုအပ်ကုန်သော။ ကဝါဋာနိ၊ တံခါးရွက်တို့သည်လည်းကောင်း။ မဏ္ဍပိဌာနိ၊ ညောင်စောင်း, အင်းပျဉ်တို့သည်လည်းကောင်း။ တာလဝဏ္ဏာနိ သုဝဏ္ဏရဇတမယပါနီယဃဋပါနီယသရာဝါနိ၊ ရွှေ,ငွေဖြင့်ပြီးသော သောက်ရေအိုး, သောက်ရေခွက်တို့သည်လည်းကောင်း။ ယံကိဉ္စိ၊ အလုံးစုံသော။ စိတ္တကမ္မံကတံ၊ ဆန်းကြယ်စွာပြုအပ်သော ဝတ္ထုသည်။ အတ္ထိ၊ ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ ဝဋ္ဋတိ၊ အပ်၏။ ပါသာဒဿ၊ အား။ ဒါသိဒါသံ၊ ကျွန်မိန်းမ, ကျွန်ယောကျ်ားကိုလည်းကောင်း။ ခေတ္တံ၊ လယ်ကိုလည်းကောင်း။ ဝတ္ထုံ၊ ယာကိုလည်းကောင်း။ ဂေါမဟိံသံ၊ နွား, ကျွဲကိုလည်းကောင်း။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ပါဠေက္ကံ၊ အသင်း။ ဂဟဏကိစ္စံ၊ အလှူခံဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ပါသာဒေ၊ ပြာသာဒ်ကို။ ပဋိဂ္ဂဟိတေ၊ အလှူခံသည်ရှိသော်။ ပဋိဂ္ဂဟိတမေဝ၊ အလှူခံအပ်သည်သာလျှင်။ ဟောတိ၊ ၏။

ရာဇရာဇမဟာမတ္တာဒယော၊ မင်း, မင်း၏အမတ်-စသောသူတို့သည်။ ဧကပွဟာရေနေဝ၊ တပြိုင်နက်အားဖြင့် သာလျှင်။ မဏ္ဍသတံ ဝါ၊ ညောင်စောင်း ၁၀၀-ကိုလည်းကောင်း။ မဏ္ဍသဟဿံ ဝါ၊ ညောင်စောင်း ၁,၀၀၀-ကိုလည်းကောင်း။ သစေပိ ဒေန္တိ၊

http://www.dhammadownload.com

အကယ်၍ လျှဒါန်းကုန်သည်ဖြစ်အံ့။ သတ္တေ၊ ကုန်သော။ ကပ္ပိယမဏ္ဍာ၊ အပ်သောညောင်စောင်းတို့ကို။ သမ္မဇ္ဇိဆ္ဆိတတ္တာ၊ အလျှုခံအပ်ကုန်၏။ သမ္မဇ္ဇိဆ္ဆိတ္တာ၊ ခံ၍။ ဝုမ္ဘုပ္ပဋိပါဋိယာ၊ သီတင်းကြီးအစဉ်အားဖြင့်။ သံယိကပရိဘောဂေန၊ သံယိကသုံးဆောင်ခြင်းဖြင့်။ ပရိဘုဉ္ဇထ၊ သုံးဆောင်ကြကုန်လော့။ ဣတိ၊ သို့။ ဒါတတ္တာ၊ ပေးအပ်ကုန်၏။ ပဂ္ဂလိကဝသေန၊ ပုဂ္ဂလိက၏အစွမ်းဖြင့်။ န ဒါတတ္တာ၊ မပေးအပ်ကုန်။

၂။ သာရတ္ထဒီပနီဋီကာ၌လည်း-

> ကပ္ပိယမဏ္ဍာ သမ္မဇ္ဇိဆ္ဆိတတ္တာတိ "သံယဿ ဒေမာ"တိ ဒိန္နံ သန္ဓာယ ဝုတ္တံ။ သစေ ပန "ဝိဟာရဿ ဒေမာ"တိ ဝဒန္တိ၊ သုဝဏ္ဏရဇတမယာဒိအကပ္ပိယမဏ္ဍေပိ သမ္မဇ္ဇိဆ္ဆိတုံ ဝဋ္ဋတိ- ဟု ဖွင့်တော်မူသည်(သာရတ္ထ၊၃။၄၀၄)။

ကပ္ပိယမဏ္ဍာ သမ္မဇ္ဇိဆ္ဆိတတ္တာတိ၊ ကား။ သံယဿ၊ အား။ ဒေမ၊ လျှဒါန်းပါကုန်၏။ ဣတိ၊ သို့။ ဒိန္နံ၊ လျှသည်ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုတော်မူအပ်၏။ ပန၊ မအပ် သည်မှတပါး အပ်သည်ကို ဆိုဦးအံ့။ ဝိဟာရဿ၊ ကျောင်းအား။ ဒေမ၊ ကုန်၏။ ဣတိ၊ သို့။ သစေ ဝဒန္တိ၊ အကယ်၍ ဆိုကုန်သည်ဖြစ်အံ့။ သုဝဏ္ဏရဇတမယာဒိအကပ္ပိယမဏ္ဍေပိ၊ ရွှေ,ငွေစသည်ဖြင့်ပြီးသော မအပ်သော ညောင်စောင်းတို့ကိုလည်း။ ဝါ၊ ရွှေ,ငွေဖြင့်ပြီးသော မအပ်သော ညောင်စောင်း စသည်တို့ကိုလည်း။ သမ္မဇ္ဇိဆ္ဆိတုံ၊ အလျှုခံခြင်းငှာ။ ဝဋ္ဋတိ၊ ၏။

ဤသို့လာသော အဋ္ဌကထာ, ဋီကာပါဠိတို့ဖြင့် ရွှေချသောကျောင်း, ပြာသာဒ်, ညောင်စောင်း, အင်းပျဉ် စသည်တို့ကို-

- ကပ္ပိယဝေါဟာရဖြင့် အပ်အောင်ခံယူနိုင်မှု ပုဂ္ဂလိက,သံယိက ၂-ပါးလုံးပင် အပ်သည်။
- အကပ္ပိယဝေါဟာရဖြင့် ခံယူမှု ပုဂ္ဂလိက, သံယိက ၂-ပါးလုံးပင် မအပ်ဟူသော အဓိပ္ပါယ် အရိပ်ထင်သည်။

အဋ္ဌကထာမှာ -"သေနာသနေ ကိဉ္စိ ပဋိသေဓေတပ္ပံ နတ္ထိ အညတြဝိရုဒ္ဓသေနာသနာ"ဟု ဒုတိယပါရာဇိကအဖွင့်၌ ဆိုခဲ့ပြီးသောစကားကို ထောက်၍ သိလေ(၀ိ၅၊၁။၂၅၄)။

ဋီကာမှာ -"အနုဇာနာမိ ဘိက္ခဝေ သတ္ထံ ပါသာဒပရိဘောဂန္တိ ဝစနတော ပုဂ္ဂလိကေပိ သေနာသနေ သေနာသနပရိဘောဂဝသေန နိယမိတံ သုဝဏ္ဏယဋ္ဌာဒိကံ ပရိဘုဉ္ဇိတုံ ဝဋ္ဋမာနမ္ပိ ကေဝလံ အတ္တနော သန္တကံ ကတ္တာ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ"ဟု ဘူတဂါမဝဂ်၌ ဆိုခဲ့ပြီးသော စကားကိုထောက်၍ သိလေ(သာရတ္ထ၊၃။၂၈)။ ဝဇိရဗုဒ္ဓိဋီကာမှာ အဖွင့်မရှိ။

http://www.dhammadownload.com

၃။ ဝိမတိဝိနောဒနီဋီကာ၌ကား ၎င်းသေနာသနအဖွင့်၌–

သုဝဏ္ဏရဇတာဒိဝိစိတြာနီတိ သံယိကသေနာသနံ သန္ဓာယ ဝုတ္တံ။ ပုဂ္ဂလိကံ ပန သုဝဏ္ဏာဒိဝိစိတြံ ဘိက္ခုဿ သမ္မုဇ္ဇနီဗ္ဗတုမေဝ နံ ဝဋ္ဋတိ။ "နံ ကေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗ"န္တိ ဝုတ္တတ္တာ။ တေနေဝေတ္ထ အဋ္ဌကထာယံ "သံယိကဝိဟာရေ ဝါ ပုဂ္ဂလိကဝိဟာရေ ဝါ"တိ နံ ဝုတ္တံ–

ဟူ၍လည်းကောင်း(ဝိမတိ၊၂။၂၂၄)၊

ကပ္ပိယမဉ္စာ သမ္မုဇ္ဇနီဗ္ဗတဗ္ဗာတိ ဣမိနာ "သုဝဏ္ဏာဒိဝိစိတြံ အကပ္ပိယမဉ္စံ သံယဿ ဒေမာ"တိ ဝုတ္တေပိ သမ္မုဇ္ဇနီဗ္ဗတုံ နံ ဝဋ္ဋတီတိ ဒဿေတိ။ ဝိဟာရဿ ဒေမာတိ ဝုတ္တေ သံယဿေဝ ဝဋ္ဋတိ၊ နံ ပုဂ္ဂလဿ။ ခေတ္တာဒိ ဝိယာတိ ဒဋ္ဌဗ္ဗံ-

ဟူ၍လည်းကောင်း(ဝိမတိ၊၂။၂၄၅) ဆိုတော်မူ၏။

သုဝဏ္ဏရဇတာဒိဝိစိတြာနီတိ၊ ကား။ သံယိကသေနာသနံ၊ ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ၏။ သုဝဏ္ဏာဒိဝိစိတြံ၊ ရွှေစသည်ဖြင့် ဆန်းကြယ်သော။ ပုဂ္ဂလိကံ ပန၊ ပုဂ္ဂလိကကျောင်းကို။ ဘိက္ခုဿ၊ အား။ သမ္မုဇ္ဇနီဗ္ဗတုမေဝ၊ အလှူခံခြင်းငှာသာလျှင်။ နံ ဝဋ္ဋတိ၊ မအပ်။ နံ ကေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗန္တိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ဟောတော်မူသောကြောင့်တည်း။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ ဧတ္ထ၊ ဤအရာ၌။ အဋ္ဌကထာယံ၊ ၌။ သံယိကဝိဟာရေ ဝါ ပုဂ္ဂလိကဝိဟာရေ ဝါတိ၊ ဟူ၍။ နံ ဝုတ္တံ၊ ဆိုတော်မူ။

ကပ္ပိယမဉ္စာ သမ္မုဇ္ဇနီဗ္ဗတဗ္ဗာတိ ဣမိနာ၊ ဟူသောဤပါဠိဖြင့်။ သုဝဏ္ဏာဒိဝိစိတြံ၊ ရွှေစသည်တို့ဖြင့် ဆန်းကြယ်သော။ အကပ္ပိယမဉ္စံ၊ မအပ်သောညောင်စောင်းကို။ သံယဿ၊ အား။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ သို့။ ဝုတ္တေပိ၊ ဆိုသော်လည်း။ သမ္မုဇ္ဇနီဗ္ဗတုံ၊ အလှူခံခြင်းငှာ။ နံ ဝဋ္ဋတိ၊ မအပ်။ ဣတိ၊ သို့။ ဒဿေတိ၊ ပြတော်မူ၏။ ဝိဟာရဿ၊ ကျောင်းအား။ ဒေမ၊ ကုန်၏။ ဣတိ၊ သို့။ ဝုတ္တေ၊ ရှိသော်။ သံယဿေဝ၊ အားသာလျှင်။ ဝဋ္ဋတိ၊ အပ်၏။ ပုဂ္ဂလဿ၊ အား။ နံ ဝဋ္ဋတိ၊ မအပ်။ ခေတ္တာဒိ ဝိယ၊ ကျောင်းအား လှူသောလယ်သည် သံယာအားသာ အပ်၍ ပုဂ္ဂိုလ်အား မအပ်သကဲ့သို့တည်း။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ထိုဝိမတိဋီကာရှင် အလိုတော်၌ ကပ္ပိယဝေါဟာရဖြင့် ခံယူသော ရွှေချသောကျောင်း, ပြာသာဒ်, ညောင်စောင်း, အင်းပျဉ်-စသော သေနာသန ပရိဘောဂတို့သည်လည်းကောင်း၊ ကျောင်းအားလှူသော အကပ္ပိယဝတ္ထုတို့သည်လည်းကောင်း သံယိကသာအပ်သည်။ ပုဂ္ဂလိက-မအပ်ဟု ဆိုရာ၌ သံယိကမှာ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည်

http://www.dhammadownload.com

မိမိဥစ္စာပြုခြင်းငှာ မတတ်ကောင်းသည်ဖြစ်၍ မိမိဥစ္စာဟု အမှတ်မပြုဘဲသာ မိမိဥစ္စာအဖြစ်မှ လွှတ်၍ ကျောင်း-ဟူသောအမှတ်, ကျောင်းပစ္စည်း-ဟူသော အမှတ်ဖြင့် သုံးဆောင်နိုင်သည်ကို ရည်၍ သံယိကသာ အပ်သည်-ဟု ဆိုလိုရိပ်ထင်သည်။

ပုဂ္ဂလိကမှာ ကိုယ်ပိုင်သော ကျောင်းဖြစ်၍ "ငါ့ကျောင်း"ဟူသောအမှတ်, သေနာသန ပရိဘောဂမှာလည်း ကျောင်းကို ပိုင်၍ "ငါ့ပစ္စည်း"ဟူသော အမှတ်, ကျောင်းအား လှူသောပစ္စည်းကိုလည်း "ငါ့ပစ္စည်း"ဟူသော အမှတ်သည်မှာ မကင်းနိုင်သည်ကို ရည်၍ ပုဂ္ဂလိက မအပ်-ဟု ဆိုလိုရိပ် ထင်သည်။ အကယ်၍ မိမိဥစ္စာဟူသော အမှတ် သည်မရှိဘဲနှင့်သာ ကျောင်း-ဟူသောအမှတ်, ကျောင်းပစ္စည်း-ဟူသော အမှတ်ဖြင့် သုံးဆောင်နိုင်မူ ပုဂ္ဂလိကလည်း သံယိကကဲ့သို့ အပ်သည်ဟု ခွင့်ပြုလိုရိပ်ထင်သည်။

၄။ သစေ ပန သံယံ ဝါ ဂဏံ ဝါ ပုဂ္ဂလံ ဝါ အနာမသိတ္ဝာ "ဣမံ ဟိရညသုဝဏ္ဏံ စေတိယဿ ဒေမ၊ ဝိဟာရဿ ဒေမ၊ နဝကမ္မဿ ဒေမာ"တိ ဝဒန္တိ၊ ပဋိက္ခိပိတုံ န ဝဋ္ဋတိ (ဝိ၊၆၊၂၂၇)–

ဟု လာသော ပါရာဇိကဏ်အဋ္ဌကထာ ရာဇသိက္ခာပုဒ်အဖွင့်ကိုလည်း ထောက်။

ထိုအဋ္ဌကထာ၌ "သံယံ ဝါ"ဖြင့် သံယိကကျောင်း, "ဂဏံ ဝါ"ဖြင့် ဂဏိကကျောင်း, "ပုဂ္ဂလံ ဝါ"ဖြင့် ပုဂ္ဂလိကကျောင်းအား လှူရာ အပ်သကဲ့သို့ အရိပ်ထင်သည်။ ထိုသို့ယူမှ-

၅။ သေနာသနေ ကိဉ္စိ ပရိသေဓေတဗ္ဗံ နတ္ထိ အညတြ ဝိရူဠှသေနာသနာ

ဟူသော အဋ္ဌကထာ၊

အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒပရိဘောဂန္တိ ဝစနတော ပုဂ္ဂလိကေပိ သေနာသနေ သေနာသနပရိဘောဂဝသေန နိယမိတံ သုဝဏ္ဏယဋ္ဌာဒိကံ ပရိဘုဉ္ဇိတုံ ဝဋ္ဋမာနမ္ပိ ကေဝလံ အတ္တနော သန္တကံ ကတ္ဝာ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ-

ဟု လာသော သာရတ္ထဒီပနီဋီကာ(၃။၂၈), ဝိနယဝိနိစ္ဆယဋီကာ(၂။၄၂၀)တို့နှင့် ညီညွတ်မည်။

၆။ ဝိနယာလင်္ကာရဋီကာ၌လည်း ဝိမတိဝိနောဒနီဋီကာလာ စကားရပ်ကို ပြုပြီး၍-

တသ္မာ ဘဂဝတော အာဏာ သမ္မဇ္ဇိတ္ထန္တေဟိ လဇ္ဇိပေသလဗဟုသုတသိက္ခာကာမဘူတေဟိ ဘိက္ခူဟိ သုဋ္ဌု မနသိကာတဗ္ဗ'မိဒံ ဌာနံ- ဟု ဆိုတော်မူ၏။

ဘဂဝတော၊ ဘုရားမြတ်စွာ၏။ အာဏာ၊ အာဏာတော်ကို။ သမ္မဇ္ဇိတ္ထန္တေဟိ၊ ဝန်ခံကုန်သော။ လဇ္ဇိပေသလဗဟုသုတသိက္ခာကာမဘူတေဟိ၊ ဖြစ်ကုန်သော။ ဘိက္ခူဟိ၊ တို့သည်။ ဣဒံ ဌာနံ၊ ဤအရာကို။ သုဋ္ဌု၊ ကောင်းစွာ။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ် ဆင်ခြင်အပ်၏။

http://www.dhammadownload.com

၇။ ဤအရာဌာနဌ် ရှေးဆရာမြတ်တို့ အယူဝါဒ ကွဲပြားကြသည်ကို ရဟန်းငယ်တို့သိစေခြင်းငှာ သီမဝိသောဓနီကျမ်းမှ ထုတ်ဆောင်၍ ပြလိုက်ပေအံ့။

ယော ကောစိ ယဿ ဝိဟာရဿ ယာနိ တဉ္စာကခေတ္တဝတ္ထာဒီနိ ဒတ္တွာ တံသဟိတဝိဟာရံ ပဂ္ဂလဿ ဒေတိ၊ တံသဟိတဝိဟာရံ ပဂ္ဂလိကဘာဝေန ပဋိဂ္ဂဟေတုံ ဝဋ္ဋတိ၊ ဥဒါဟု သံယိကဘာဝေနေဝါ'တိ။ တတြာယံ ဝိသဇ္ဇနာယဒိ ဟိ ရာဇရာဇမဟာမတ္တာဒီသု ယော ကောစိ ဝိဟာရဿ တဉ္စာကခေတ္တဝတ္ထာဒီနိ ဒေတိ၊ ဧဝံ သတိ ပဋိက္ခိပိတုံ နဲ ဝဋ္ဋတီတိ ဒဋ္ဌဗ္ဗံ။ တေန ဝုတ္တံ ဝိနယအဋ္ဌကထာယံ (ဝိ၊၄၊၄။၇၆)"ဣမံ တဉ္စာကံ ဣမံ ခေတ္တံ ဣမံ ဝတ္ထုံ ဝိဟာရဿ ဒေမာ'တိ ဝုတ္တေ ပဋိက္ခိပိတုံ နဲ ဝဋ္ဋတီ"တိ စ, "ပါသာဒဿ ဒါသိဒါသံ ခေတ္တံ ဝတ္ထုံ ဂေါမဟိံသံ ဒေမာတိ ဝဒန္တိ၊ ပါဠိယေဂ္ဂံ ဂဟဏကိစ္စံ နတ္ထိ၊ ပါသာဒေ ပဋိဂ္ဂဟိတေ ပဋိဂ္ဂဟိတမေဝ ဟောတီ"တိ စ။

၈။ ဝိနယဝိနိစ္ဆယပကရဏေ စ (နှာ-၆၃)-

"ခေတ္တံ ဝတ္ထုံ တဉ္စာကံ ဝါ၊ ဒေမ ဂေါအဇိအာဒိကံ။
ဝိဟာရဿာ'တိ ဝုတ္တေပိ၊ နိသေဓေတုံ နဲ ဝဋ္ဋတီ"တိ။

၉။ ခုဒ္ဒသိက္ခာပကရဏေ စ (ခုဒ္ဒသိက္ခာ၊၃၂)-

"ခေတ္တာဒီနိ ဝိဟာရဿ၊ ဝုတ္တေ ဒမ္မီ'တိ ဝဋ္ဋတီ"တိ ဝုတ္တံ။

ဝိဟာရဿ ဒေမာတိ စေတ္ထ သံယိကဝိဟာရသ္မေဝ၊ နဲ ပုဂ္ဂလိကဝိဟာရဿာ'တိ ဒဋ္ဌဗ္ဗံ။ တထာ ဟိ ဝုတ္တံ ဝိမတိဝိနောဒနိယံ (ဝိမတိ၊၁။၃၃၂) "ဝိဟာရဿ ဒေမာ'တိ သံယိကဝိဟာရံ သန္ဓာယ ဝုတ္တ"န္တိ။

ပါသာဒဿာ'တိ စ သာမညေန ဝုတ္တေပိ "တေန ခေါ ပန သမယေန ဝိသာခါ မိဂါရမာတာ သံဃဿ အတ္ထာယ သာဋိန္ဒံ ပါသာဒံ ကာရာပေတုကာမာ ဟောတိ ဟတ္ထိနခက"န္တိ ဣမသ္မိံ ဝတ္ထုသ္မိံ ပါသာဒပရိဘောဂဿ အနုညာတတ္တာ သံယိကံယေဝ ပါသာဒံ သန္ဓာယ ဝုတ္တန္တိ ဝိညာယတိ။ တထာ ဟိ ဝုတ္တံ ဝိမတိဝိနောဒနိယံ (ဝိမတိ၊၂။၂၄၄)"သဋ္ဌံ ပါသာဒပရိဘောဂန္တိ ပါဠိယံ အဋ္ဌကထာယ ဝဏ္ဏနာမိကာရေ 'သုဝဏ္ဏာဒီဝိစိတြာနီ'တိ ဣဒံ သံယိကသေနာသနံ သန္ဓာယ ဝုတ္တံ။ ပုဂ္ဂလိကံ ပန သုဝဏ္ဏာဒီဝိစိတြံ ဘိက္ခုဿ သမ္မဒ္ဓိတ္ထိတုမေဝ နဲ ဝဋ္ဋတိ၊ 'နဲ ကေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗ'န္တိ ဝုတ္တတ္တာ။ တေနေဝေတ္ထ အဋ္ဌကထာယံ 'သံယိကဝိဟာရေ ဝါ ပုဂ္ဂလိကဝိဟာရေ ဝါ'တိ နဲ ဝုတ္တန္တိ, 'ဘိက္ခုနံ

http://www.dhammadownload.com

ဓမ္မဝိနယဝဏ္ဏနဌာနေ'တိ ဝုတ္တတ္တာ သံယိကမေဝ သုဝဏ္ဏာဒိမယံ သေနာသနံ, သေနာသနပရိက္ခာရာ စ ဝဋ္ဋန္တိ၊ န ပုဂ္ဂလိကာနီတိ ဂဟေတဗ္ဗ"န္တိ စ။ တသ္မာ တဋ္ဌာကခေတ္တာဒိသဟိတဝိဟာရော သံယိကောယေဝ ဟောတိ၊ န ပုဂ္ဂလိကောတိ ဝိနယကောဝိဒေဟိ ဒဋ္ဌဗ္ဗော။

သစေ ပန ရာဇရာဇမဟာမတ္တာဒီသု ယောကောစိ တဋ္ဌာကခေတ္တာဒိသဟိတံ ဝိဟာရံ ပုဂ္ဂလဿ တံဝိဟာရသဟိတဘာဝံ အာရောစေတွာ ဒေတိ၊ ဧဝံ သတိ ပုဂ္ဂလဿ သံယိကဝိဟာရဘာဝေနေဝ ပဋိဂ္ဂဟေတုံ ဝဋ္ဋတိ၊ န ပုဂ္ဂလိကဝိဟာရ-ဘာဝေနာတိ ဒဋ္ဌဗ္ဗံ။ ကသ္မာ? "ဝိဟာရဿ ဒေမာ"တိ ဝတ္တာ ဒိန္နာနံ တဋ္ဌာက-ခေတ္တဝတ္ထာဒီနံ သံယဿေဝ ဝဋ္ဋမာနတ္တာ။ တေနေဝါဟ ဝိမတိဝိနောဒနိယံ (ဝိမတိ၂။၂၄၅) "ဝိဟာရဿ ဒေမာတိ ဝုတ္တေ သံယဿေဝ ဝဋ္ဋတိ၊ န ပုဂ္ဂလဿ၊ ခေတ္တာဒိ ဝိယာတိ ဒဋ္ဌဗ္ဗ"န္တိ။

တတြာယံ ယောဇနာ- "ဝိဟာရဿ ဒေမာတိ" ဝတ္တာ ဒိန္နံ ခေတ္တာဒိ သံယဿ၊ ဝဋ္ဋတိ ဝိယ၊ န ပုဂ္ဂလဿ၊ ဧဝံ "ဝိဟာရဿ ဒေမာ"တိ ဝုတ္တံ သုဝဏ္ဏာဒိ-ဝိစိတ္တံ အကပ္ပိယမဉ္စ သံယဿ ဝဋ္ဋတိ၊ န ပုဂ္ဂလဿာတိ ဒဋ္ဌဗ္ဗံ။ သံယဿေဝ ကပ္ပိယဝေါဟာရေန ခေတ္တာဒိနိ ပဋိဂ္ဂဟေတုံ ဝဋ္ဋတိ။ တထာ ဟိ ဝုတ္တံ ဝိမတိဝိနောဒနိယံ(ဝိမတိ၁။၃၃၁) "စတ္တာရော ပစ္စယေ ပရိဘုဉ္ဇတူတိ ဒေတိ၊ ဝဋ္ဋတီတိ ဧတ္ထ 'ဘိက္ခုသံယဿ စတုပစ္စယပရိဘောဂတ္ထာယ တဋ္ဌာကံ ဒမ္မီ'တိ ဝါ, 'ဘိက္ခုသံယော စတ္တာရော ပစ္စယေ ပရိဘုဉ္ဇတုံ တဋ္ဌာကံ ဒမ္မီ'တိ ဝါ, 'ဣတော တဋ္ဌာကတော ဥပ္ပန္နေ စတ္တာရော ပစ္စယေ ဒမ္မီ'တိ ဝါ ဝတ္ထုမ္ပိ ဝဋ္ဋတိ။ ဣဒဉ္စ သံယဿ ဒိယျမာနညေဝ သန္ဓာယ ဝုတ္တံ။ ပုဂ္ဂလဿ ပန ဧဝမ္ပိ ဒိန္နတဋ္ဌာက-ခေတ္တာဒိ နေဝ ဝဋ္ဋတိ။ သုဒ္ဓစိတ္တဿ ပန ဥဒကပရိဘောဂတ္ထံ ကူပပေါက္ခရဏီ-အာဒယော ဝဋ္ဋန္တိ။ သံယဿ တဋ္ဌာကံ အတ္ထိ၊ တံ ကထန္တိအာဒိနာ ဟိ သတ္ထတ္ထ သံယဿ ဝသေနေဝ ဝုတ္တန္တိ၊ ခေတ္တာဒယော ပန သတ္ထေ သံယဿေဝ ဝဋ္ဋန္တိ၊ ပါဠိယံ ပုဂ္ဂလိကဝသေန ဂဟေတုံ အနနုညာတတ္တာတိ ဒဋ္ဌဗ္ဗ"န္တိ စ။

ပုဂ္ဂလဿ ပန ပုဂ္ဂလာနဉ္စ ခေတ္တဝတ္ထာဒီနိ ကပ္ပိယဝေါဟာရေနပိ ပဋိဂ္ဂ-ဟေတုံ နေဝ ဝဋ္ဋတိ။ ဧဝဉ္စ ကတ္တာ ဝိမတိဝိနောဒနိယံ "ခေတ္တဝတ္ထာဒီနိပိ ကပ္ပိယ-ဝေါဟာရေနပိ ပဋိဂ္ဂဟေတုံ နေဝ ဝဋ္ဋတိ။ တထာ အနနုညာတတ္တာတိ ဝိညာယတိ။ ခေတ္တဝတ္ထုပဋိဂ္ဂဟဏာပဋိဝိရတော ဟောတီတိအာဒိနာ ဟိ ပဋိက္ခိတ္တေသု ဧကသ္မေဝ ပုဂ္ဂလိကဝသေန ဂဟဏေ အနနုညာတေ တဒိတရာနံ တထာ

http://www.dhammadownload.com

ဂဟေတဗ္ဗတာ သိဒ္ဓါဝ ဟောတီ"တိ ဝုတ္တံ။ တသ္မာ တဉ္စာကခေတ္တဝတ္ထာဒိ သဟိ-တဿ ဝိဟာရဿ သံယိကဘာဝေနေဝ ပဋိဂ္ဂဟေတဗ္ဗတာ သိဒ္ဓါဝ ဟောတီတိ ဒဋ္ဌဗ္ဗာတိ။ အယံ ဟံသာဝတီယာ ပါမောက္ခမဟာထေရာနံ ဝိသဇ္ဇနာ။

ရာမညရဋ္ဌဝါသိနော ပန မဟာထေရာ "ပုဂ္ဂလိကဘာဝေနာပိ ပဋိဂ္ဂဟေ-တဗ္ဗမေဝါ"တိ ဝဒန္တိ။ တထာ ဇမ္ဗုယရဋ္ဌဝါသိနောပိ မဟာထေရာ, တထာ သုနာ-ပရန္တရဋ္ဌဝါသိနောပိ မဟာထေရာ, တထာ ဣသိနဂရဝါသိနောပိ မဟာထေရာ "ပုဂ္ဂလိကဘာဝေန ပဋိဂ္ဂဟေပိ ဒေါသော နတ္ထိ"တိ ဝဒန္တိ။

တေသံ မဟာထေရာနံ အယမဓိပ္ပါယော လာဘသီမာ နာမေသာ နေဝ သမ္မာသမ္မုဒ္ဒေန အနုညာတာ၊ န စ ဓမ္မသင်္ဂါဟကတ္ထေရေဟိ ဌပိတာ။ အပိ စ ခေါ ပုညတ္ထိကေဟိ လာဘဒါယကေဟိ ဌပိတာ။ တသ္မာ ပုညတ္ထိကာ ရာဇရာဇ-မဟာမတ္တာဒယော ဝိဟာရံ ကာရာပေတွာ တဿ ဝိဟာရဿ လာဘတ္ထာယ ပဒေသံ ပရိစ္ဆိန္ဒိတွာ ဌပေန္တိ။ ယံ ဇာတန္တရေ ဥပ္ပဇ္ဇတိ၊ တံ သဗ္ဗံ အမှာကံ ဝိဟာရဿ ဒေမာတိ ဝတွာ တံ ပန ဝိဟာရံ အတ္တနာ ဂုစိတဿ ယဿ ကဿစိ ပုဂ္ဂလဿ "ဣမံ ဝိဟာရံ တုယ္ဟံ ဒမ္မိ၊ တဝ ဝိဟာရော ဟောတူ"တိ ဝါ အတ္တနော ဂုစိယာ ဒေတိ။ သောပိ ပုဂ္ဂလော "အနုဇာနာမိ ဘိက္ခဝေ ပဉ္စလေဏာနိ ဝိဟာရ"န္တိ အာဒိနာ အနုညာတဝိဟာရမေဝ ပဋိဂ္ဂဏှာတိ၊ ဘဂဝတာ အနုညာတဝိဟာရဿေဝ ပဋိဂ္ဂဟိတတ္တာတိ။

တသ္မိံ ဝိဟာရေ ခေတ္တဝတ္ထာဒီနိ အတ္ထီတိ စေ၊ "ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတီ"တိအာဒိနာ ယံ ခေတ္တာဒိဝတ္ထု ပဋိဂ္ဂဟဏံ ပဋိက္ခိတ္တံ၊ တဿ ခေတ္တာဒိဝတ္ထုဿ အပ္ပဋိဂ္ဂဟိတတ္တာ။ ဝိဟာရမတ္တမေဝ ဟိ ပဋိဂ္ဂဟိတေ တပ္ပဋိဗဒ္ဓါ ခေတ္တာဒိဝတ္ထုသ္မိံ ဥပ္ပန္နစီဝရပိဏ္ဍပါတဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရာပိ တဿေဝ ပုဂ္ဂလဿ ကပ္ပိယဘာဝေန ပဝတ္တန္တိ။ ပုဂ္ဂလဿ ပဋိဂ္ဂဟဏေ ဝါ ပရိဘုတ္တေ ဝါ ဒေါသော နတ္ထိ၊ ဘဂဝတာ ဧဝ အနုညာတဿ ကပ္ပိယပစ္စယဿ ပရိဘုဉ္ဇိတတ္တာ။ သုတ္တံ အာဟရာတိ စေ၊ "အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒပရိဘောဂ"န္တိ။

နနု စ ဝိသာခါ မိဂါရမာတာ သံယဿေဝ အတ္ထာယ သာဋ္ဌံ ပါသာဒံ ဟတ္ထိနခံ ကတာန္တိ။ သစ္စံ၊ တထာပိ ပုဂ္ဂလော သံယပရိယာပန္နော၊ သံယဿ ပါသာဒပရိဘောဂေ အနုညာတေ တဒန္တောဂဓဿပိ ပုဂ္ဂလဿ အနုညာတမေဝ ဟောတိ။ အညထာ ပုဂ္ဂလေ အန္တောဝိဟာရေ နိသိန္နေ ယေဝ သံယော တသ္မိံယေဝ ဝိဟာရသီမေ ကမ္မံ ကရောန္တော ပိ ကမ္မကောပေါ န ဘဝေယျ အဝဂ္ဂါရဟတ္တာတိ။

http://www.dhammadownload.com

ဝက္ခတိ စ သာရတ္ထဒီပနိယံ (၃။၂၈) "အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒပရိ-ဘောဂန္တိ ဝစနတော ပုဂ္ဂလိကေပိ သေနာသနေ သေနာသနပရိဘောဂဝသေန နိယမိတံ သုပဏ္ဏယဋ္ဌာဒိကံ ပရိဘုဉ္ဇိတုံ ဝဋ္ဋမာနမ္ပိ ကေဝလံ အတ္တနော သန္တကံ ကတ္ဝာ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတီ"တိ။ ဣမိနာပိ ဝစနေန ပုဂ္ဂလိကဝိဟာရဿပိ သဗ္ဗကပ္ပိယဘာဝေါ ဝိညာယတိ၊ အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒပရိဘောဂန္တိ ဉာပကဿဒိဿနတော။ သုဝဏ္ဏယဋ္ဌာဒိကန္တိ ဧတ္ထ အာဒိသဒ္ဒေါ မရိယာဒတ္ထော, ပကာရတ္ထော ဝါ။ တေန ရဇတဟာရကူဋဇာတိဖလိကာဒီနိ အကပ္ပိယဃဋာနိ, သုဝဏ္ဏရဇတဟာရကူဋဇာတိဖလိကာဒိဘာဇနသရာဝါဒိနိ စ သေနာသန-ပရိက္ခာရာနိ စ သင်္ဂဏှာတိ။ န တာနိ ဘိက္ခုဿ ပရိက္ခာရဘာဝေန ဝဋ္ဋန္တိ။ တထာ ဒါသိဒါသဂေါမဟိံသာပိ။ တထာ ခေတ္တာဒိဝတ္ထုပိ ဘိက္ခုဿ အတ္တနော သန္တက-ဘာဝေန ပဋိဂ္ဂဟေတုံ န ဝဋ္ဋတိ။ ဝိဟာရဿ ပန ပဋိသေဓေတဗ္ဗံ နတ္ထိ၊ သဗ္ဗ-သဒ္ဒဿ ဒိဿနတော။

၁၀။ တေနေဝါဟ သမန္တပါသာဒိကာယ ဝိနယအဋ္ဌကထာယံ(၁။၂၅၄)

"သေနာသနေ ပန ဒ္ဝါရကဝါဋဝါတပါနကဝါဋာဒီသု သဗ္ဗရတနမယမ္ပိ ဝဏ္ဏမဋ္ဌကမ္ပံ ဝဋ္ဋတိ။ သေနာသနေ ကိဉ္စိ ပဋိသေဓေတဗ္ဗံ နတ္ထိ အညတြ ဝိရုဒ္ဓသေနာသန"န္တိ။ ဣမိနာ "ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စာ"တိ ဧတ္ထ ဝိရုဒ္ဓသေနာ-သနံ ဌပေတွာ သဗ္ဗကပ္ပိယာကပ္ပိယံ ဝိဟာရဿ ကပ္ပတိ၊ ကိဉ္စိ အပ္ပမတ္တကမ္ပိ ပဋိသေဓေတဗ္ဗံ နာမ နတ္ထိတိ ဝိညာယတိ။ တေနေဝါဟ ဝိနယဝိနိစ္ဆယပ-ကရဏေ(နှာ-၆၃)–

"ခေတ္တံ ဝတ္ထုံ တဋ္ဌာကံ ဝါ၊ ဒေမ ဂေါအဇိအာဒိကံ။
ဝိဟာရဿာတိ ဝုတ္တေပိ၊ နိသေဓေတုံ န ဝဋ္ဋတီ"တိ။

နနု စ "ဝိဟာရဿ ဒေမာတိ သံယိကဝိဟာရံ သန္ဓာယ ဝုတ္တ"န္တိ ဝိမတိဝိနောဒနိယံ ဝုတ္တန္တိ။ ဝုတ္တံ၊ ဧတ္ထ ဟိ အာစရိယဿ အဓိပ္ပါယေန ဘဝိတဗ္ဗံ၊ ခေတ္တဝတ္ထာဒိနိ ပုဂ္ဂလိကဝိဟာရဿ ဒေမာတိ ဝုတ္တေ "န ကပ္ပတိ ဥပါသကာ"တိ ပဋိက္ခိပိတဗ္ဗံ။ ကသ္မာ? ပုဂ္ဂလဿ တဿ ဝိဟာရဿ ဒိန္နေ ပုဂ္ဂလဿ ဒိန္နမေဝ ဟောတိ။ ဧဝံ သတိ "ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတိ"တိအာဒိနာ ဝုတ္တသိက္ခာပဒေန ကာရေတဗ္ဗတံ အာပဇ္ဇတိ။

သံယိကဝိဟာရဿ ပန န ပဋိက္ခိပိတဗ္ဗံ။ ကသ္မာ?

http://www.dhammadownload.com

သော ပုဂ္ဂလော တဿ သံယိကဝိဟာရဿ အနိဿရော၊ စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဒိန္နံ ယံ ကိဉ္စိ ခုဒ္ဒကံ ဝါ မဟန္တံ ဝါ ပဒေသံ အစ္ဆိန္ဒိတ္ဝာ ဂဏှန္တဿပိ ပါရာဇိကော နာ ဟောတိ၊ သဗ္ဗဿေဝ စာတုဒ္ဒိသိကဿ သံဃဿ ဓုရနိက္ခေပဿ အသမ္ဘဝတော။ တသ္မာ သံယိကဝိဟာရဿ ဒိန္နေ ပဋိက္ခိတ္တေ သံဃဿ လာဘန္တရာယကရော ဟောတီတိ။ ဣမမေဝတ္ထုံ သန္ဓာယ "ဝိဟာရဿ ဒေမာတိ သံယိကဝိဟာရံ သန္ဓာယ ဝုတ္တ"န္တိ ဝုတ္တံ။ ဘဝေယျ ပန ပုဂ္ဂလိကဘာဝေနာပိ ပဋိဂ္ဂဟေတဗ္ဗန္တိ။ ဧဝဉ္စ သတိ "သာမိကာနံ ဓုရနိက္ခေပေနာ"တိ ဧတ္ထ ဧကဿ သန္တကေ တဋ္ဌာကေ ခေတ္တေ စ ဇာတေ တဿေဝ ဓုရနိက္ခေပေနပါရာဇိကံ။ ယဒိ ပန တံ တဋ္ဌာကံ သဗ္ဗသာဓာရဏံ၊ ခေတ္တာနိ ပါဋိပုဂ္ဂလိကာနိ၊ တဿ စ ဓုရနိက္ခေပေ အဝဟာရော။ အထ ခေတ္တာနိပိ သဗ္ဗသာဓာရဏာနိ၊ သဗ္ဗေသံ ဓုရနိက္ခေပေယေဝ ပါရာဇိကံ၊ နာသတီတိ ဒဋ္ဌဗ္ဗန္တိ ဝိမတိဝိနောဒနီယံ ဝုတ္တ-ဝစနေနာပိ အဝိရောဓော သိယာ။

တထာ ဟိ ခေတ္တဝတ္ထာဒိသဟိတဿ ဝိဟာရဿ ပုဂ္ဂလိကဘာဝေန အကပ္ပိယေ သတိ ကထံ ပုဂ္ဂလဿ ခေတ္တဝတ္ထာဒိကံ အာရဗ္ဘ အဘိယုဉ္ဇာဝေါ ဘဝေယျ။ ဧဝဉ္စ ပန ဝဒေယျ "ဓုရံ နိက္ခိပတီတိ ဧတ္ထ 'ဧကဿ သန္တကေ တဋ္ဌာကေ ခေတ္တေ စာ'တိ ဂိဟိသန္တကမေဝ သန္ဓာယ ဝုတ္တ"န္တိ။ တထာပိ နာ ဝတ္တဗ္ဗံ၊ ကသ္မာ? ဓုရံ နိက္ခိပတီတိ ယဒါ ပန သာမိကော "အယံ ထဒ္ဓေါ ကက္ခဋော ဇိဝိတပြိဟ္မ-စရိယန္တရာယမ္ပိ မေ ကရေယျ၊ အလံ ဒါနိ မယ္ဟ ဂ္ဂမိနာပိ နာ ဒဿတီ"တိ။ တေနေဝ "ခေတ္တာနိ ပါဋိပုဂ္ဂလိကာနိ၊ တဿ စ ဓုရနိက္ခေပေ"တိ ဝိမတိဝိနောဒနီယံ ဝုတ္တံ။

တထာ "အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒပရိဘောဂန္တိ ဝစနတော ပုဂ္ဂလိကေပိ သေနာသနေ သေနာသနပရိဘောဂဝသေန နိယမိတံ သုဝဏ္ဏယဋ္ဌာ-ဒိကံ ပရိဘုဉ္ဇိတုံ ဝဋ္ဋမာနမ္ပိ ကေဝလံ အတ္တနော သန္တကံ ကတ္ဝာ ပရိဘုဉ္ဇိတုံ နဝဋ္ဋတီ"တိ သာရတ္ထဒီပနိယံ ဝုတ္တဝစနေနာပိ အဝိရောဓော သိယာ။ တထာ "သေနာသနေ ကိဉ္စိ ပဋိသေဓေတဗ္ဗံ နတ္ထိ အညတြ ဝိရုဒ္ဓသေနာသန"န္တိ အဋ္ဌကထာဝစနေနာပိ သံသန္ဒနမေဝ။

တထာ "ယံ ဘိက္ခဝေ မယာ ဂ္ဂဒ် နာ ကပ္ပတီတိ အပ္ပဋိက္ခိတ္တံ၊ တံ စေ ကပ္ပိယံ အနုလောမေတိ၊ အကပ္ပိယံ ပဋိဗာဟတိ၊ တံ ဝေါ ကပ္ပတီ"တိ ဂ္ဂမိနာ သုတ္တာနုလောမေနာပိ သံသန္ဒနမေဝ။ ကထံ? အနုဇာနာမိ ဘိက္ခဝေ ပဉ္စ လေဏာနိ ဝိဟာရဏ္ဍာဒိနာ အနုညာတဝိဟာရဿပဋိဂ္ဂဟိတတ္တာ, တပ္ပဋိဗဒ္ဓစီဝရာ-

http://www.dhammadownload.com

ဒိကပ္ပိယစ္ဆယသေဝ ပရိဘုဉ္စိတတ္တာ စ ဝိဟာရစိဝရ ပိဏ္ဍပါတဂိလာနပစ္စယဘေ-
သဇ္ဇပရိက္ခာရာပိ ဘိက္ခုဿ သဗ္ဗကပ္ပိယာ, ကပ္ပိယာနုလောမာ စ ဟောန္တိ။ ဧဝံ
သုတ္တသုတ္တာနုလောမအာစရိယဝါဒအတ္တနောမတီဟိ သဲသန္ဓနတော အညဒတ္ထု
ဂဂီါဒကေန ယမုနောဒကံ ဝိယာတိ ခေတ္တဝတ္ထာဒိသဟိတဝိဟာရော ပဂ္ဂလိက-
ဘာဝေနာပိ ပဋိဂ္ဂဟေတဗ္ဗောတိ ကပ္ပိယာကပ္ပိယာနိ ဝိနယကောဝိဒေဟိ ဒဋ္ဌဗ္ဗာနိ။
အယံ ကွသိနဂရဝါသီနံ မဟာထေရာနံ သမာနဝိသဇ္ဇနာ-

ဟု မိန့်ဆိုတော်မူသည်။

ယော ကောစိ၊ အမှတ်မရှိသောသူသည်။ ယဿ ဝိဟာရဿ၊ အကြင်ကျောင်းအား။ ယာနိ၊ အကြင်သို့ သဘောရှိကုန်သော။ တဋ္ဌာက ခေတ္တဝတ္ထာဒီနိ၊ ကန်, လယ်ယာ-စသည်တို့ကို။ ဒတွာ၊ လှူ၍။ တံသဟိတဝိဟာရံ၊ ထိုကန် စသည် တို့နှင့်တကွဖြစ်သောကျောင်းကို။ ပဂ္ဂလဿ၊ အား။ ဒေတိ၊ ၏။ တံသဟိတဝိဟာရံ။ ထိုကန်စသည်နှင့်တကွဖြစ်သော ကျောင်းကို။ ပဂ္ဂလိကဘာဝေန၊ အဖြစ်ဖြင့်။ ပဋိဂ္ဂဟေတုံ၊ အလှူခံခြင်းငှာ။ ဝဋ္ဋတိ၊ အပ်သ လော။ ဥဒါဟု၊ ထိုသို့မဟုတ်။ သံယိကဘာဝေနေဝ၊ သံယိကအဖြစ်ဖြင့်သာလျှင်။ ဝဋ္ဋတိ၊ အပ်သလော။ ဣတိ အယံ၊ ဤသည်လျှင်။ ပုစ္ဆာ၊ အမေးတည်း။

တတြ ဝစနေ၊ ထိုအမေးစကား၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဝိသဇ္ဇနာ၊ အဖြေ တည်း။ ဟိ၊ ထိုစကားကိုချဲ့ဉီးအံ့။ ရာဇရာဇမဟာမတ္တာဒီသု။ မင်း, မင်း၏အမတ် စသည်တို့ တွင်။ ယော ကောစိ၊ သူသည်။ ဝိဟာရဿ၊ အား။ တဋ္ဌာကခေတ္တဝတ္ထာဒီနိ၊ ကန်, လယ်ယာ-စသည်တို့ကို။ ယဒိ ဒေတိ၊ အကယ်၍ လှူသည်ဖြစ်အံ့။ ဧဝံ သတိ၊ ရှိသော်။ ပဋိက္ခိပိတုံ၊ ပယ်ခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ တေန၊ ထို့ကြောင့်။ ဝိနယအဋ္ဌက-ထာယံ၊ ဝိနည်းအဋ္ဌကထာ၌။ ဣမံ တဋ္ဌာကံ၊ ဤတဖက်ဆည်ကန်ကို။ ဣမံ ခေတ္တံ၊ လယ်ကို။ ဣမံဝတ္ထုံ၊ ယာကို။ ဝိဟာရဿ၊ အား။ ဒေမ၊ ကုန်၏။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ ပဋိက္ခိပိတုံ၊ ငှာ။ နဝဋ္ဋတိ၊ မအပ်။ ဣတိ စ၊ ဤသို့လည်းကောင်း။ ပါသာဒဿ၊ ပြာသာဒ်အား။ ဒါသိ-ဒါသံ၊ ကျွန်မိန်းမ,ကျွန်ယောကျ်ားကို လည်းကောင်း။ ခေတ္တံ၊ လယ်ကိုလည်းကောင်း။ ဝတ္ထုံ၊ ယာကိုလည်းကောင်း။ ဂေါမဟိံသံ၊ နွား,ကျွဲကိုလည်းကောင်း။ ဒေမ၊ ကုန်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ပါဠေဣတ္ထံ၊ အသီး။ ဂဟဏာကိစ္စံ၊ အလှူခံဖွယ် ကိစ္စသည်။ နတ္ထိ၊ မရှိ။ ပါသာဒေ၊ ကို။ ပဋိဂ္ဂဟိတေ၊ ခံယူသည်ရှိသော်။ ပဋိဂ္ဂဟိတမေဝ၊ ခံယူအပ်တော့သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ စ၊ သို့လည်းကောင်း။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုတော်မူ၏။

ဝိနယဝိနိစ္ဆယပဂရဏော စ၊ ကျမ်း၌လည်း။ ခေတ္တံ ဝတ္ထုံ တဋ္ဌာက်ဝါ၊ လယ်ယာ ကန်ကို လည်းကောင်း။ ဂေါအဇိ အာဒိကံ ဝါ၊ နွား, ဆိတ် စသည်ကိုလည်းကောင်း။

http://www.dhammadownload.com

ဝိဟာ-ရဿ၊ အား။ ဒေမ၊ ကုန်၏။ ဣတိ၊ သို့။ ဝုတ္တေပိ၊ ဆိုသော်လည်း။ နိသေဓေတုံ၊ တားမြစ် ခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ ဣတိ၊ သို့။ ဝုတ္တံ၊ ဆိုအပ်၏။

ခုဒ္ဒသိက္ခာပကရဏေ စ၊ ကျမ်းဌီလည်း။ ခေတ္တာဒီနိ၊ တို့ကို။ ဝိဟာရဿ၊ အား။ ဒမ္မိ၊ ၏။ ဣတိ၊ သို့။ ဝုတ္တေ၊ ရှိသော်။ ဝဋ္ဋတိ၊ ၏။ ဣတိ၊ သို့။ ဝုတ္တံ၊ အပ်၏။ စ၊ ဆက်ဦးအံ့။ ဝိဟာရဿ ဒေမာတိ ဧတ္ထ၊ ဟူသောစကားဌ်။ သံယိကဝိဟာရသ္မေဝ။ ကျောင်းကိုသာလျှင်။ ဝုတ္တံ၊ ၏။ ပဂ္ဂလိကဝိဟာရဿ၊ ကို။ န ဝုတ္တံ၊ အပ်။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ တထာ တံ ဝစနံ၊ သည်။ ဟိ၊ မှန်၏။ (တစ်နည်း) တထာဟိ တတော ဧဝ၊ ထို့ကြောင့်သာလျှင်။ ဝိမတိဝိနော-ဒနိယံ၊ ဦကာဌ်။ ဝိဟာရဿ ဒေမာတိ ဣဒံ၊ ဟူသော ဤစကားကို။ သံယိကဝိဟာရံ၊ ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုအပ်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ဦကာဆရာဆိုအပ်၏။

ပါသာဒဿာတိ၊ ဟူ၍။ သာမညေန၊ သာမန်အားဖြင့်။ ဝုတ္တေပိ၊ စူဠဝါ ပါဠိတော်၌ ဟောတော်မူအပ်သော်သည်း။ တေန ခေါ ပန သမယေန၊ ဌ။ မိဂါရမာတာ၊ ယောက္ခမ ဖြစ်သော မိဂါရသူဌေးသည် အမိအရာ၌ တင်ထားအပ်သောကြောင့် မိဂါရမာတာ မည်သော။ ဝိသာခါ၊ သည်။ သံယဿ၊ ၏။ အတ္ထာယ၊ အလို့ငှာ။ သာဠိန္ဒံ၊ အာဠိန် ၂-ဆင့် ရှိသော။ ဟတ္ထိနခက်၊ အောက်သို့လည်သောနခန်းရှိသော။ ဝါ၊ ဆင်ကျောက်ကုန်း၌ တည်သကဲ့သို့ ရှိသော။ ပါသာဒံ၊ ကို။ ကာရာပေတုကာမာ၊ ပြုစေလိုသည်။ ဟောတိ၊ ၏။ ဣတိ ဣမသ္မိံ ဝတ္ထုသ္မိံ၊ ဤဝတ္ထု၌။ ပါသာဒပရိဘောဂဿ၊ ပြာသာဒ် အသုံးအဆောင်ကို။ အနုညာတတ္တာ၊ ခွင့်ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့်။ သံယိကံယေဝ၊ သာလျှင်ဖြစ်သော။ ပါသာဒံ၊ ကို။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ဝိညာယတိ၊ သိအပ်၏။ တထာ-ဟိ တတော ဧဝ၊ ထို့ကြောင့်သာလျှင်။ ဝိမတိဝိနောဒနိယံ၊ ဌ။ သဗ္ဗံ ပါသာဒပရိဘောဂန္တိ၊ ဟူသော။ ပါဠိယံ၊ စူဠဝါပါဠိတော်၌။ အဋ္ဌကထာယ၊ ၏။ ဝဏ္ဏနာမိကာရေ၊ ဖွင့်သောအရာ ဌ။ သုဝဏ္ဏာဒိဝိစိတြာနီတိ ဣဒံ၊ ဟူသောစကားကို။ သံယိက သေနာသနံ၊ သေနာသနကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ၏။ သုဝဏ္ဏာဒိဝိစိတြံ၊ ရွှေ-စသည်ဖြင့် ဆန်းကြယ်သော။ ပဂ္ဂလိကံ ပန၊ ကျောင်းကိုကား။ ဘိက္ခုဿ၊ အား။ သမ္မဒ္ဓိတ္ထိတုမေဝ၊ အလှူခံခြင်းငှာသာလျှင်။ န ဝဋ္ဋတိ၊ မအပ်။ ကေနစိ ပရိယာယေန၊ တစ်စုံတစ်ခုသော ပရိယာယ်ဖြင့်။ ဇာတရူပရဇတံ၊ ရွှေ,ငွေကို။ န သာဒိတဗ္ဗံ၊ မသာယာအပ်။ ဣတိ၊ သို့။ ဝုတ္တတ္တာ၊ ဟောတော်မူသောကြောင့် တည်း။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ ဧတ္ထ၊ ဤအရာ၌။ အဋ္ဌကထာယံ၊ ဌ။ သံယိက-ဝိဟာရေ ဝါ ပဂ္ဂလိကဝိဟာရေ ဝါတိ၊ ဟူ၍။ န ဝုတ္တံ၊ ဆိုတော်မမူ။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဓမ္မဝိနယဝဏ္ဏနဌာနေတိ၊ သုတ်, အဘိဓမ္မာ, ဝိနည်းကို ဖွင့်ဆိုရာ ဌ ဟူ၍။ ဝုတ္တတ္တာ၊ ကြောင့်။ သံယိကမေဝ၊ သာလျှင်ဖြစ်သော။ သုဝဏ္ဏာဒိမယံ၊ ရွှေစသည်တို့

http://www.dhammadownload.com

ဖြင့်ပြီးသော။ သေနာသနံ၊ ကျောင်းသည်လည်းကောင်း။ သေနာသနပရိက္ခာရာ စ၊ ကျောင်း အသုံးအဆောင်တို့သည်လည်းကောင်း။ ဝဋ္ဋန္တိ၊ ကုန်၏။ ပုဂ္ဂလိကာနိ၊ တို့သည်။ န ဝဋ္ဋန္တိ၊ ကုန်။ ဣတိ စ၊ ဤသို့လည်း။ ဝုတ္တံ၊ ဝိမတိဝိနောဒနီဋီကာ၌ ဆိုတော်မူအပ်၏။ တသ္မာ၊ ကြောင့်။ တဋ္ဌာကခေတ္တာဒိသဟိတဝိဟာရော။ ကန်,လယ် အစရှိသည်နှင့်တကွဖြစ်သောကျောင်း သည်။ သံယိကောယေဝ၊ သာလျှင်။ ဟောတိ၊ ၏။ ပုဂ္ဂလိကော၊ သည်။ န ဟောတိ၊မဖြစ်။ ဣတိ၊ သို့။ ဝိနယကောဝိဒေဟိ၊ ဝိနည်း၌ လိမ္မာကုန်သောရဟန်းတို့သည်။ ဒဋ္ဌဗ္ဗော၊ ၏။

ရာဇရာဇမဟာမတ္တာဒီသု၊ စသည်တို့တွင်။ ယော ကောစိ၊ သည်။ တဋ္ဌာကခေတ္တာ-ဒိသဟိတံ၊ တကွဖြစ်သော။ ဝိဟာရံ၊ ကို။ ပုဂ္ဂလဿ၊ အား။ တံဝိဟာရသဟိတဘာဝံ၊ တကွဖြစ်သည်ကို။ အာရောစေတွာ၊ ၍။ သစေ ပန ဒေတိ၊ လျှုအံ့။ ဧဝံ သတိ၊ ဤသို့ လျှုသည်ရှိသော်။ ပုဂ္ဂလဿ၊ အား။ သံယိကဝိဟာရဘာဝေနေဝ၊ အဖြစ်ဖြင့်သာလျှင်။ ပဋိဂ္ဂဟေတုံ၊ ခံယူခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ ပုဂ္ဂလိကဝိဟာရဘာဝေန၊ ဖြင့်။ န ဝဋ္ဋတိ၊ မအပ်။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ကသ္မာ၊ ကား။ ဝိဟာရဿ ဒေမာတိ၊ ဟူ၍။ ဝတ္တာ၊ ၍။ ဒိန္နာနံ၊ လျှုအပ်ကုန်သော။ တဋ္ဌာကခေတ္တဝတ္ထာဒီနံ၊ စသည်တို့၏။ သံယဿေဝ၊ အားသာလျှင်။ ဝဋ္ဋမာနတ္တာ၊ အပ်သည်၏ အဖြစ်ကြောင့်တည်း။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ ဝိမတိဝိနောဒနိယံ၊ ၌။ ဝိဟာရဿ ဒေမာတိ၊ ဟူ၍။ ဝုတ္တော၊ ရှိသော်။ သံယဿေဝ၊ အားသာလျှင်။ ဝဋ္ဋတိ၊ ၏။ ပုဂ္ဂလဿ၊ အား။ န ဝဋ္ဋတိ၊ မအပ်။ ခေတ္တာဒိ ဝိယ၊ လယ် စသည်ကဲ့သို့တည်း။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။

တတြ ဝစနေ၊ ၌။ အယံ၊ သည်ကား။ ယောဇနာ၊ အနက်ယောဇနာတည်း။ ဝိဟာ-ရဿ ဒေမာတိ၊ ဟူ၍။ ဒိန္နံ၊ လျှုအပ်သော။ ခေတ္တာဒိ၊ လယ်, ယာ-စသောဝတ္ထုသည်။ သံယဿ၊ အား။ ဝဋ္ဋတိ ဝိယ၊ သကဲ့သို့။ ပုဂ္ဂလဿ၊ အား။ န ဝဋ္ဋတိ ဝိယ၊ မအပ်သကဲ့သို့။ ဧဝံ တထာ၊ အတူ။ ဝိဟာရဿ ဒေမာတိ၊ ဟူ၍။ ဒိန္နံ၊ သော။ သုဝဏ္ဏာဒိဝိစိတ္တံ၊ ဆန်းကြယ သော။ အကပ္ပိယမဉ္စ၊ မအပ်သော ညောင်စောင်းသည်။ သံယဿ၊ အား။ ဝဋ္ဋတိ၊ ၏။ ပုဂ္ဂလဿ၊ အား။ န ဝဋ္ဋတိ၊ အပ်။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ သံယဿေဝ၊ သာလျှင်။ ကပ္ပိယ-ဝေါဟာရေန၊ ဖြင့်။ ခေတ္တာဒိနိ၊ လယ်စသည်တို့ကို။ ပဋိဂ္ဂဟေတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ တထာဟိ တတော ဧဝ၊ သာလျှင်။ ဝိမတိဝိနောဒနိယံ၊ ၌။ စတ္တာရော ပစ္စယေ၊ တို့ကို။ ပရိဘုဉ္ဇတု၊ စေသတည်း။ ဣတိ၊ သို့။ ဒေတိ၊ ၏။ ဝဋ္ဋတိ၊ ၏။ ဧတ္ထ၊ ဤစကား၌။ ဘိက္ခုသံယဿ၊ အား။ စတုပစ္စယပရိဘောဂတ္ထာယ၊ ခြင်းငှာ။ တဋ္ဌာကံ၊ ကို။ ဒမ္မိ၊ ၏။ ဣတိ ဝါ၊ လည်းကောင်း။ ဘိက္ခုသံယော၊ သည်။ စတ္တာရော ပစ္စယေ၊ တို့ကို။ ပရိဘုဉ္ဇတု၊ စေသတည်း။ တဋ္ဌာကံ၊ ကို။ ဒမ္မိ၊ ၏။ ဣတိ ဝါ၊ လည်းကောင်း။ ဣတော

http://www.dhammadownload.com

တဥ္စာကတော၊ ဤကန်မှ။ ဥပုဒ္ဒေ၊ ကုန်သော။ စတ္တာရော ပစ္စယေ၊ တို့ကို။ ဒမို့၊ ၏။ ဣတိ ဝါ၊ လည်းကောင်း။ ဝတ္တုမို့၊ ဆိုခြင်းငှာလည်း။ ဝဋ္ဋတိ၊ ၏။ ဣဒဉ္စ၊ ဤစကားကိုလည်း။ သံယဿ၊ အား။ ဒိယျမာနညော၊ လှူအပ်သည်ကိုသာလျှင်။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ ၏။ ပဋိဂ္ဂလဿ ပန၊ အားကား။ ဧဝမ်ပိ၊ သို့လည်း။ ဒိန္နတဥ္စာကခေတ္တာဒိ၊ စသောဝတ္ထုသည်။ န ဝဋ္ဋတိ၊ မအပ်။ ပန၊ မအပ်သည်မှတပါး အပ်သည်ကို ပြဆိုဦးအံ့။ သုဒ္ဓစိတ္တဿ၊ အလှူခံခြင်းမှ ကင်းလွတ်၍ စင်ကြယ်သော စိတ်ရှိသော ရဟန်းအား။ ဥဒကပရိဘောဂတ္ထံ၊ ရေကို သုံးဆောင်ခြင်းငှါ။ ကူပပေါက္ခရဏီအာဒယော၊ ရေတွင်း,ရေကန်စသော ဝတ္ထုတို့သည်။ ဝဋ္ဋန္တိ၊ ကုန်၏။ ဟိ၊ မှန်၏။ သံယဿ၊ အား။ တဥ္စာကံ၊ သည်။ အတ္ထိ၊ ၏။ တံ၊ ထိုရေကန်သည်။ ကထံ၊ အသို့နည်း။ ဣတိအာဒိနာ၊ စသည်ဖြင့်။ သဗ္ဗတ္ထ၊ အလုံးစုံတို့၌။ သံယဿ၊ ၏။ ဝသေနေဝ၊ ဖြင့်သာလျှင်။ ဝုတ္တံ၊ ၏။ ဣတိ စ၊ ဤသို့လည်းကောင်း။ ခေတ္တာဒယော ပန၊ လယ် အစရှိကုန်သော။ သဗ္ဗေ၊ တိုသည်။ သံယဿေဝ၊ အားသာလျှင်။ ဝဋ္ဋန္တိ၊ ကုန်၏။ ပါဠိယံ၊ ပါဠိတော်၌။ ပဋိဂ္ဂလိကဝသေန၊ ဖြင့်။ ဂဟေတုံ၊ ယူခြင်းငှာ။အနုဇာနာတတ္တာ၊ ခွင့်မပြုအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ဣတိ စ၊ သို့လည်းကောင်း။ ဝုတ္တံ၊ ၏။

ပဋိဂ္ဂလဿ ပန၊ အားကား။ ပဋိဂ္ဂလာနဉ္စ၊ တို့အားလည်း။ ခေတ္တဝတ္ထာဒီနိ၊ တို့ကို။ ကပ္ပိယဝေါဟာရေနပိ၊ ခြင်းဖြင့်လည်း။ ပဋိဂ္ဂဟေတုံ၊ ငှာ။ န ဝဋ္ဋတိ၊ အပ်။ ဟိ၊ မှန်၏။ ဧဝဉ္စ ကတ္တာ၊ ဤသို့ နှလုံးသွင်းခြင်းကိုပြု၍။ ဝိမတိဝိနောဒနိယံ၊ ၌။ ခေတ္တဝတ္ထာဒီနိပိ၊ တို့ကိုလည်း။ ကပ္ပိယဝေါဟာရေနပိ၊ ခြင်းဖြင့်လည်း။ ပဋိဂ္ဂလာနံ၊ တို့အား။ ပဋိဂ္ဂဟေတုံ၊ ငှာ။ န ဝဋ္ဋတိ၊ အပ်။ တထာ၊ ထိုအခြင်းအရာအားဖြင့်။ အနုဇာနာတတ္တာ၊ ခွင့်မပြုအပ်သည်၏ အဖြစ်ကြောင့်။ ဝိညာယတိ၊ ၏။ ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ၊ အလှူခံခြင်းမှ။ ပဋိဝိရတော၊ ပယ်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ အာဒိနာ၊ စသည်ဖြင့်။ ပဋိက္ခိတ္တော သု၊ ပယ်အပ်ကုန်သောဝတ္ထုတို့၌။ ဧကသ္မေဝ၊ ၁-ပါးကိုသာလျှင်။ ပဋိဂ္ဂလိကဝသေန၊ ဖြင့်။ ဂဟဏေ၊ ခံယူခြင်းကို။ အနုဇာတော၊ ခွင့်ပြုတော် မမူအပ်သည်ရှိသော်။ တဒိတရာနံ၊ ထိုမှတပါး ကုန်သောသံဃာတို့အား။ တထာ၊ ထိုအခြင်းအရာအားဖြင့်။ ဂဟေတဗ္ဗတာ၊ အပ်သော အဖြစ်သည်။ သိဒ္ဓါဝ၊ ပြီးသည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။ တသ္မာ၊ ကြောင့်။ တဥ္စာကခေတ္တဝတ္ထာဒိသဟိတဿ၊ တကွဖြစ်သော။ ဝိဟာရဿ၊ ၏။ ဝါ၊ ကို။ သံယိကဘာဝေနေဝ၊ သာလျှင်။ ပဋိဂ္ဂဟေတဗ္ဗတာ၊ ခံယူအပ်သော အဖြစ်သည်။ သိဒ္ဓါဝ၊ သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗာ၊ ၏။ ဣတိ အယံ၊ လျှင်။ ဟံသာဝတီယာ၊ ၌။ ပါမောက္ခ-မဟာထေရာနံ၊ ပါမောက္ခမဟာထေရ်ကြီးတို့၏။ ဝိသဇ္ဇနာ၊ အဖြေစကားရပ်တည်း။

http://www.dhammadownload.com

ပန၊ တပါးသော မထေရ်ကြီးတို့၏ အယူဝါဒကို ပြဆိုဦးအံ့။ ရာမညရဋ္ဌဝါသိနော၊ ရာမညတိုင်း၌ နေကုန်သော။ မဟာထေရာ၊ မထေရ်ကြီးတို့သည်။ ပုဂ္ဂလိကဘာဝေနာပိ၊ ဖြင့်လည်း။ ပဒ္ဓိဂ္ဂဟေတဗ္ဗမေဝ၊ သာတည်း။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ဇမ္ဗုယရဋ္ဌဝါသိနော၊ ဇမ္ဗုယ(ဇင်းမယ်)တိုင်း၌ နေကုန်သော။ မဟာထေရာပိ၊ မထေရ်ကြီးတို့သည်လည်း။ တထာ၊ ထိုရာမညတိုင်းနေ မထေရ်တို့နှင့်အတူ။ ဝဒန္တိ၊ ကုန်၏။ ဣသိနဂရဝါသိနော၊ ရသေ့မြို့၌ နေကုန်သော။ မဟာထေရာပိ၊ တို့သည်လည်း။ တထာ၊ တူ။ ပုဂ္ဂလိကဘာဝေန၊ ဖြင့်။ ပဒ္ဓိဂ္ဂဟေပိ၊ ၌လည်း။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။

တေသံ မဟာထေရာနံ၊ တို့၏။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ အဓိပ္ပါယော၊ အလို တည်း။ ဧသော လာဘသီမာ နာမ၊ ဤ လာဘသီမ်မည်သည်ကို။ သမ္မာသမ္မုဒ္ဒေန၊ သည်။ နေဝ အနုညာတာ၊ ခွင့်ပြုတော် မမူအပ်။ ဓမ္မသင်္ဂီဟကေဟိ၊ တရားကို သင်္ဂီယနာ တင်ကုန်သော မထေရ်ကြီးတို့သည်။ န စ ဌပိတာ။ မထားအပ်။ အပိ စ ခေါ၊ စင်စစ်သော်ကား။ ပုညတ္ထိကေဟိ၊ ကုသိုလ်ကို အလိုရှိကုန်သော။ လာဘဒါယကေဟိ၊ လာဘ်ကို လှူကုန်သော ဒါယကာတို့သည်။ ဌပိတာ၊ ၏။ တံသဗ္ဗ၊ ကြောင့်။ ပုညတ္ထိကာ၊ ကုန်သော။ ရာဇရာဇမဟာ-မတ္တာဒယော၊ တို့သည်။ ဝိဟာရံ၊ ကို။ ကာရာပေတွာ၊ ၍။ တဿ ဝိဟာရဿ၊ ၏။ လာဘ-တ္ထာယ၊ လာဘ်အကျိုးငှာ။ ပဒေသံ၊ မြေအရပ်ကို။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ ဌပေန္တိ၊ ကုန်၏။ ဇာတ္ထန္တရေ၊ ဤမျှလောက်သော အတွင်း၌။ ယံ၊ အကြင်လာဘ်သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တံ သင်္ဃံ၊ ထိုအလုံးစုံသော လာဘ်ကို။ အမှာကံ၊ တို့၏။ ဝိဟာရဿ၊ အား။ ဒေမ၊ ကုန်၏။ ဣတိ၊ သို့။ ဝတွာ၊ ၍။ တံ ပန ဝိဟာရံ၊ ကို။ အတ္တနာ၊ သည်။ ရုစိတဿ၊ အလိုရှိသော။ ယဿ ကဿစိ၊ သော။ ပုဂ္ဂလဿ၊ အား။ ဣမံ ဝိဟာရံ၊ ကို။ တုယ်၊ အား။ ဒမ္မိ၊ ၏။ တဝ၊ အား။ ဝိဟာရော၊ သည်။ ဟောတု၊ စေတည်း။ ဣတိ ဝါ၊ လည်းကောင်း။ အတ္တနော၊ ၏။ ရုစိယာ၊ အားဖြင့်။ ဒေတိ၊ ၏။ သောပိ ပုဂ္ဂလော၊ ထိုကျောင်းကို အလှူခံ သော ရဟန်းသည်လည်း။ အနုဇာနာမိ ဘိက္ခဝေ ပဉ္စ လေဏာနိ ဝိဟာရန္တိအာဒိနာ၊ ဖြင့်။ အနုညာတဝိဟာရမေဝ၊ ခွင့်ပြုအပ်သောကျောင်းကိုသာလျှင်။ ပဒ္ဓိဂ္ဂဏှာတိ၊ ခံ၏။ ဘဂဝတာ၊ သည်။ အနုညာ-တဝိဟာရဿေဝ၊ ကိုသာလျှင်။ ပဒ္ဓိဂ္ဂဟိတတ္တာ၊ ကြောင့်တည်း။ ဣတိ ပရိသမာပနံ၊ တည်း။

တသ္မိံ ဝိဟာရေ၊ ၌။ ခေတ္တဝတ္ထာဒီနိ၊ လှူထားသော လယ်ယာ-စသောဝတ္ထုတို့သည်။ အတ္ထိ သန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ကောစိ၊ သည်။ စေ ဝဒေယျ၊ အံ့။ ခေတ္တဝတ္ထုပဒ္ဓိဂ္ဂဟဏာ ပဒ္ဓိဝိရတော ဟောတီတိအာဒိနာ၊ ဖြင့်။ ယံ ခေတ္တာဒိဝတ္ထု၊ ဝတ္ထုကို။ ပဒ္ဓိဂ္ဂဟဏံ၊ ကို။ ပဒ္ဓိကို့တ္တံ၊ ၏။ တဿ ခေတ္တာဒိဝတ္ထုဿ၊ ဝတ္ထုကို။ အပ္ပဒ္ဓိဂ္ဂဟိတတ္တာ၊ မခံအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ ၊ မှန်၏။ ဝိဟာရမတ္တမေဝ၊ ကျောင်းမျှကိုလျှင်။ ပဒ္ဓိဂ္ဂဟိတော၊

http://www.dhammadownload.com

ခံအပ်သည် ရှိသော်။ တပ္ပဋိဗန္ဓ၊ ထိုကျောင်းနှင့် စပ်ကုန်သော။ (ဥပ္ပန္နစီဝရ ။ပ။ ပရိက္ခာရာပိ ၌စပ်) ခေတ္တာဒိဝတ္ထုသို့ ၊ ဝတ္ထု၌။ ဥပ္ပန္နစီဝရပိဏ္ဍပါတဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရာပိ၊ ဖြစ်သော သင်္ကန်း,ဆွမ်း ဂိလာနပစ္စည်းဖြစ်သော ဆေးဟူသော ပရိက္ခရာတို့သည်လည်း။ တဿေဝ ပုဂ္ဂလဿ၊ အားသာလျှင်။ ဝါ၊ ၏သာလျှင်။ ကပ္ပိယဘာဝေန၊ အပ်သောအဖြစ်ဖြင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ပုဂ္ဂလဿ၊ အား။ ပဋိဂ္ဂဟဏေ ဝါ၊ ၌လည်းကောင်း။ ပရိဘုတ္တေ ဝါ၊ သုံးဆောင်ခြင်း၌လည်းကောင်း။ ဒေါသော၊ သည်။ နတ္ထိ၊ မရှိ။ ဘဂဝတာ ဧဝ၊ သာလျှင်။ အနုညာတဿ၊ သော။ ကပ္ပိယပစ္စယဿ၊ ကို။ ပရိဘုဉ္ဇိတတ္တာ၊ ကြောင့်တည်း။ သုတ္တံ၊ ပါဠိကို။ အာဟရ၊ ဆောင်ပါလော့။ ဣတိ၊ သို့။ စေ ဝဒေယျ၊ အံ့။ အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒပရိဘောဂန္တိ၊ ဟူ၍။ အာဟရိတဗ္ဗံ၊ ဆောင်အပ်၏။

နနု စ စောဒေမိ၊ စောဒနာဦးအံ့။ မိဂါရမာတာ၊ မည်သော။ ဝိသာခါ၊ သည်။ သံယသေဝ၊ ၏သာလျှင်။ အတ္ထာယ၊ ငှာ။ သာဋ္ဌံ၊ အဆင့်ရှိသော။ ဟတ္ထိနခံ၊ မည်သော။ ပါသာဒံ၊ ကို။ ကတံ နနု၊ ပြုအပ်သည် မဟုတ်ပါလော။ ဣတိ အယံ၊ လျှင်။ စောဒနာ၊ တည်း။ သစ္စံ၊ စောဒကဆရာ ဆိုတိုင်း မှန်၏။ တထာပိ၊ ထိုသို့မှန်သော်လည်း။ ပုဂ္ဂလော၊ သည်။ သံယပရိယာပန္နော၊ သံယာအတွင်းဝင်၏။ သံယဿ၊ အား။ ပါသာဒပရိဘောဂေ၊ ပြာသာဒ်ပရိဘောဂကို။ အနုညာတော၊ ခွင့်ပြုတော်မူအပ်သည်ရှိသော်။ တဒန္တောဂဓဿ၊ ထိုသံယာ၌ အတွင်းဝင်သော။ ပုဂ္ဂလဿပိ၊ အားလည်း။ အနုညာတမေဝ၊ ခွင့်ပြုတော်မူအပ်သည်သာလျှင်။ ဟောတိ၊ ၏။ အညထာ၊ အခြင်းအရာအားဖြင့်။ ပုဂ္ဂလေ၊ သည်။ အန္တောဝိဟာရေ၊ ကျောင်းတွင်း၌။ နိသိန္နေ ယေဝ၊ ရှိနေလျက်သာလျှင်။ သံယော၊ သည်။ တသ္မိမေဝ ဝိဟာရသီမေ၊ ထိုဝိဟာရသီမ်၌လျှင်။ ကမ္မံ၊ ကို။ ကရောန္တောပိ၊ သော်လည်း။ ကမ္မကောပေါ၊ ကံပျက်ခြင်းသည်။ န ဘဝေယျ၊ မဖြစ်လေရာ။ အဝဂ္ဂါရဟတ္တာတိ၊ ပုဂ္ဂိုလ်သည် ဝဂ်မဖြစ်ထိုက်သည်၏ အဖြစ်ကြောင့်တည်း။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ သာရတ္ထဒီပနိယံ၊ ၌။ အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒပရိဘောဂန္တိ ဝစနတော ။ပ။ နဝဋ္ဌတီတိ၊ ဟူ၍။ ဝက္ခတိ စ၊ ဆိုတော်မူလတ္တံ့။ **အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒ-ပရိဘောဂန္တိ၊** ဟူ၍။ ဝစနတော၊ ကြောင့်။ ပုဂ္ဂလိကော၊ ဖြစ်သော။ သေနာသနေပိ၊ ၌လည်း။ သေနာသနပရိဘောဂဝသေန၊ ကျောင်းအသုံးအဆောင်၏ အစွမ်းဖြင့်။ နိယမိတံ၊ မှတ်အပ်သော။ သုဝဏ္ဏယဋ္ဌာဒိကံ၊ ရွှေအိုးစသည်ကို။ ပရိဘုဉ္ဇိတုံ၊ ငှာ။ ဝဋ္ဋမာနမ္ပိ၊ သော်လည်း။ ကေဝလံ၊ သက်သက်။ အတ္တနော၊ ၏။ သန္တကံ၊ ကို။ ကတ္တာ၊ ပြု၍။ ပရိဘုဉ္ဇိတုံ၊ ငှာ။ နဝဋ္ဌတိ၊ အပ်။ ဣမိနာပိ ဝစနေန၊ ဤသို့လာသော သာရတ္ထဒီပနီဋီကာစကားဖြင့်။ ပုဂ္ဂလိကဝိဟာရဿပိ၊ ၏လည်း။ ဝါ၊ အားလည်း။ သဗ္ဗကပ္ပိယဘာဝေါ၊ အလုံးစုံအပ်သည်

http://www.dhammadownload.com

၏အဖြစ်ကို။ ဝိညာယတိ၊ ၏။ အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒပရိဘောဂန္တိ၊ ဟူ၍။ ဉာပကဿ၊ သိစေတတ်သော သာဓကပါဠ်၏။ ဒိဿနတော၊ ထင်သောကြောင့်တည်း။ သုဝဏ္ဏယဋ္ဌာဒိကန္တိ ဇတ္ထ၊ ဟူသော ဤစကား၌။ အာဒိသဒ္ဒေါ၊ သည်။ မရိယာဒတ္ထော၊ ပိုင်းခြားခြင်းအနက် ရှိ၏။ ဝါ၊ တနည်းကား။ ပကာရတ္ထော၊ အပြားဟူသော အနက်ရှိ၏။ တေန၊ ထိုအာဒိ-သဒ္ဒါဖြင့်။ ရဇတဟာရကူဋဇာတိဖလိကာဒီနိ၊ ငွေ,တေးခပ်ပြာ,ဖန်စစ် အစရှိကုန်သော။ အကပ္ပိယယဋ္ဌာနိ၊ မအပ်သော အိုးတို့ကိုလည်းကောင်း။ သုဝဏ္ဏရဇတဟာရကူဋဇာတိဖလိကာဒိဘာဇနသရာဝါဒီနိ စ၊ ရွှေ, ငွေ, တေးခပ်ပြာ, ဖန်စစ် အစရှိကုန်သော ခွက်, ရေသောက်ခွက် အစရှိသည်တို့ကိုလည်းကောင်း။ သေနာသနပရိက္ခာရာနိ စ၊ ကျောင်းပရိက္ခရာ စသည်တို့ကိုလည်းကောင်း။ သင်္ဃာတိ၊ ရေတွက်၏။ ဝါ၊ ပေါင်းယူ၏။ တာနိ၊ ထိုဝတ္ထုတို့သည်။ ဘိက္ခုဿ၊ အား။ ပရိက္ခာရဘာဝေန၊ မိမိပရိက္ခရာအဖြစ်ဖြင့်။ န ဝဋ္ဋန္တိ၊ ကုန်။ ဒါသိဒါသဂေါမဟိ သာပိ၊ ကျွန်မိန်းမ, ကျွန်ယောကျ်ား, နွား, ကျွဲတို့သည်လည်း။ တထာ၊ ထို့အတူ။ န ဝဋ္ဋန္တိ၊ ကုန်။ ခေတ္တာဒိဝတ္ထုပိ၊ လယ်-အစရှိသောဝတ္ထုသည်လည်း။ တထာ၊ တူ။ ဘိက္ခုဿ၊ အား။ အတ္တာနော၊ ၏။ သန္တကဘာဝေန၊ ဖြင့်။ ပဋိဂ္ဂဟေတုံ၊ ငှာ။ န ဝဋ္ဋတိ၊ အပ်။ ဝိဟာရဿ ပန၊ ၏ကား။ ဝါ၊ ၌ကား။ ပဋိသေဓေတဗ္ဗံ၊ တားမြစ်အပ်သောအဖြစ်သည်။ နတ္ထိ၊ ရှိ။ သဗ္ဗသဒ္ဒဿ၊ ကို။ ဒိဿနတော၊ ထင်မြင်သောကြောင့်တည်း။ ဝါ၊ ကား။ သဗ္ဗသဒ္ဒဿ၊ ကို။ ဒိဿနတော၊ ညွှန်ပြအပ်သောကြောင့်တည်း။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ သမန္တပါသာဒိကာယ၊ အမည်ရှိသော။ ဝိနယအဋ္ဌကထာယ၊ ၌။ သေနာသနေ ပန ။ပ။ အညတြ ဝိရူဠှသေနာသနန္တိ၊ ဟူ၍။ အာဟ၊ ၏။ ပန၊ အထူးကို ဆိုဦးအံ့။ သေနာသနေ၊ ကျောင်း၌။ ဒွါရကဝါဠဝါတပါနကဝါဠာဒီသု၊ တံခါးရွက်, လေသောက်တံခါးရွက် စသည်တို့၌။ သဗ္ဗရတနမယမ္ပိ၊ အလုံးစုံရတနာဖြင့် ပြီးသည်လည်းဖြစ်သော။ ဝဏ္ဏမဋ္ဌကမ္ပိ၊ အဆင်းပြေပြစ်သောအမှုသည်။ ဝဋ္ဋတိ၊ ၏။ ဝိရူဠှသေနာသနံ၊ ကျောင်းကို။ အညတြ၊ ကြဉ်၍။ သေနာသနေ၊ ၌။ ပဋိသေဓေတဗ္ဗံ၊ တားမြစ်အပ်သော။ ကိဉ္စိ၊ တစုံတခုသည်။ နတ္ထိ၊ မရှိ။ ဣမိနာ၊ ဤအဋ္ဌကထာပါဠိဖြင့်။ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စာတိ ဇတ္ထ၊ စကား၌။ ဝိရူဠှသေနာသနံ၊ ကို။ ဌပေတွာ၊ ၍။ သဗ္ဗကပ္ပိယာကပ္ပိယံ၊ အလုံးစုံ အပ်,မအပ်သော ဝတ္ထုသည်။ ဝိဟာရဿ၊ အား။ ကပ္ပတိ၊ ၏။ အပ္ပမတ္တကမ္ပိ၊ အနည်းငယ်မျှလည်း ဖြစ်သော။ ကိဉ္စိ၊ သော။ ပဋိသေဓေတဗ္ဗံ နာမ၊ ဝတ္ထုမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ဝိညာယတိ၊ ၏။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ ဝိနယဝိနိစ္ဆယပကရဏေ၊ အဋ္ဌကထာ၌။ ခေတ္တံ ဝတ္ထုံ ။ပ။ န ဝဋ္ဋတီတိ၊ ဟူ၍။ အာဟ၊ ၏။ ခေတ္တံ ဝတ္ထုံ တဋ္ဌာကံ ဝါ၊ လယ် ယာ, ကန်ကိုလည်းကောင်း။ ဂေါအဇိအာဒိကံ ဝါ၊ နွား,ဆိတ်-စသည်ကို လည်းကောင်း။ ဝိဟာရဿ၊ အား။ ဒေမ၊ ကုန်၏။ ဣတိ၊ သို့။ ဝုတ္တေပိ၊ ဆိုသော်လည်း။ နိသေဓေတုံ၊ ငှါ။ န ဝဋ္ဋတိ။ မအပ်။

http://www.dhammadownload.com

နနု စ စောဒေမိ၊ ဦးအံ့။ ဝိဟာရဿ ဒေမာတိ သံယိကဝိဟာရံ သန္ဓာယ ဝုတ္တန္တိ၊ ဟူ၍။ ဝိမတိဝိနောဒနိယံ၊ ၌။ ဝုတ္တံ နနု၊ မဟုတ်ပါလော။ ဣတိ အယံ၊ လျှင်။ စောဒနာ၊ တည်း။ ဝုတ္တံ၊ ဆိုအပ်သည်ကား မှန်၏။ ဟိ၊ ထိုဆရာ၏အလိုကို ပြဆိုဦးအံ့။ ဇတ္ထု၊ ဤအရာ၌။ အာစရိယဿ၊ ဝိမတိဝိနောဒနီ ဋီကာဆရာ၏။ အဓိပ္ပါယေန၊ အလိုတော်သည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ခေတ္တဝတ္ထာဒီနိ၊ စသည်တို့ကို။ ပုဂ္ဂလိကဝိဟာရဿ၊ အား။ ဒေမ၊ ကုန်၏။ ဣတိ၊ သို့။ ဝုတ္တော၊ သော်။ ဥပါသက၊ ဒါယကာ။ နာ ကပ္ပတိ၊ မအပ်။ ဣတိ၊ သို့။ ပဋိက္ခိပိတဗ္ဗံ၊ ပယ်အပ်၏။ ကသ္မာ၊ ကား။ ပုဂ္ဂလဿ၊ အား။ တဿ ဝိဟာရဿ၊ ၏။ သာမိ၊ အရှင်တည်း။ ဝိဟာရဿ၊ အား။ ဒိန္နေ၊ လှူအပ်သည်ရှိသော်။ ပုဂ္ဂလဿ၊ အား။ ဒိန္နမေဝ၊ လှူအပ်သည်သာလျှင်။ ဟောတိ၊ ၏။ ဧဝံ၊ ဤသို့လှူအပ်သည်။ သတိ၊ ရှိသော်။ ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတီတိ အာဒိနာ၊ ဤသို့ အစရှိသော။ ဝုတ္တသိက္ခာပဒေန၊ ဆိုအပ်သော သိက္ခာပုဒ်ဖြင့်။ ကာရေတဗ္ဗတံ၊ ဆုံးဖြတ်အပ်သောအဖြစ်သို့။ အာပဇ္ဇတိ၊ ရောက်၏။

သံယိကဝိဟာရဿ ပန၊ ကျောင်းကိုကား။ နာ ပဋိက္ခိပိတဗ္ဗံ၊ မပယ်အပ်။ ကသ္မာ၊ ကား။ သော ပုဂ္ဂလော၊ သည်။ တဿ သံယိကဝိဟာရဿ၊ ကျောင်းကို။ အနိဿရော၊ အစိုးမရ။ စာတုဒ္ဒိသံ၊ အရပ် ၄-မျက်နှာ၌ ရှိသော။ သံယံ၊ ကို။ ဥဒ္ဒိဿ၊ ရည်ညွှန်း၍။ ဒိန္နံ၊ လှူအပ်သော။ ယံကိဉ္စိ၊ သော။ ခုဒ္ဒကံ ဝါ၊ ဖြစ်သော။ မဟန္တံ ဝါ၊ ဖြစ်သော။ ပဒေသံ၊ အရပ်ကို။ အစ္ဆိန္ဒိတွာ၊ လုယက်၍။ ဂဏှန္တသ္သပိ၊ ယူသော ရဟန်းအားလည်း။ ပါရာဇိကော၊ သည်။ နာ ဟောတိ၊ မဖြစ်။ သဗ္ဗသ္မေဝ၊ အလုံးစုံသာလျှင်ဖြစ်သော။ စာတုဒ္ဒိသိကဿ၊ အရပ် ၄-မျက်နှာ၌ ဖြစ်သော။ သံယဿ၊ ၏။ ဓုရနိက္ခေပဿ၊ ဝန်ချခြင်း၏။ အသမ္ဘဝတော၊ မဖြစ်နိုင်သောကြောင့်တည်း။ တသ္မာ၊ ကြောင့်။ သံယိကဝိဟာရဿ၊ အား။ ဒိန္နေ၊ လှူအပ်သောလာဘ်ကို။ ပဋိက္ခိတ္တော၊ ပယ်အပ်သည်ရှိသော်။ သံယဿ၊ ၏။ လာဘန္တရာယကရော၊ လာဘ်၏ အန္တရာယ်ကိုပြုသည်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဣမမေဝတ္ထုံ၊ ဤသို့သော အနက်ကိုသာ။ သန္ဓာယ၊ ရည်၍။ ဝိဟာရဿ ဒေမာတိ သံယိကဝိဟာရံ သန္ဓာယ ဝုတ္တန္တိ၊ ဟူ၍။ ဝုတ္တံ၊ ဝိမတိဝိနောဒနီဋီကာဉ် ဆိုအပ်၏။ ပုဂ္ဂလိကဘာဝေနာပိ၊ ပုဂ္ဂလိက အဖြစ်ဖြင့်လည်း။ ပဋိဂ္ဂဟေတဗ္ဗံ၊ ခံယူအပ်သည်။ ဘဝေယျ ပန၊ ဖြစ်လေရာ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ ဧဝဉ္စ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ သာမိကာနံ ဓုရနိက္ခေပေနာတိ ဇတ္ထု၊ ဟူသောစကား၌။ ဧကဿ၊ ၁-ယောက်သောသူ၏။ သန္တကေ၊ ဥစ္စာဖြစ်သော။ တဥ္စာကေ ခေတ္တေ၊ ကန်,လယ်-စသောဝတ္ထုသည်။ ဇာတေ၊ ဖြစ်လတ်သော်။ တသ္မေဝ၊ ထိုရဟန်း၏သာလျှင်။ ဓုရနိက္ခေပေန၊ ဝန်ချသဖြင့်။ ပါရာဇိကံ၊ သည်။ ဟောတိ၊ ၏။ တံ တဥ္စာကံ၊ ထိုရေကန်ဟူသောဝတ္ထုသည်။ သဗ္ဗသာဓာရဏံ၊ အလုံးစုံသော ရဟန်းတို့နှင့်

http://www.dhammadownload.com

ဆက်ဆံသည်။ ယဒိ ပန ဟောတိ၊ ဖြစ်အံ့။ ခေတ္တာနိ၊ လယ်တို့သည်။ ပါဠိပုဂ္ဂလိကာနိ၊ အသီး ပုဂ္ဂိုလ်၏ ဥစ္စာတို့သည်။ ဟောန္တိ၊ ကုန်၏။ တဿ စ၊ ထိုရဟန်း၏လည်း။ ဓုရနိက္ခေပေ၊ ဝန်ချခြင်း၌။ အဝဟာရော၊ ခိုးခြင်းသည်။ ဟောတိ၊ ၏။ ခေတ္တာနိပိ၊ တို့သည်လည်း။ သပ္ပသာဓာရဏာနိ၊ အလုံးစုံသော ရဟန်းတို့နှင့် ဆက်ဆံကုန်သည်။ အထ ဟောန္တိ၊ ဖြစ်ကုန်အံ့။ သပ္ပေသံ၊ ခပ်သိမ်းသော ရဟန်းတို့၏။ ဓုရနိက္ခေပေယေဝ၊ ဝန်ချမှ သာလျှင်။ ပါရာဇိကံ၊ သည်။ ဟောတိ၊ ၏။ အသတိ၊ မရှိသော်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ သို့။ ဒဠ္ဎဴ၊ ၏။ ဣတိ၊ သို့။ ဝိမတိဝိနောဒနိယံ၊ ၌။ ဝုတ္တဝစနေနာပိ၊ ဆိုအပ်သော စကားနှင့်လည်း။ အဝိရောဓော၊ မဆန့်ကျင်သည်။ သိယာ၊ ၏။

တထာ တံ ဝစနံ၊ ထိုစကားသည်။ ဟိ၊ မှန်၏။ ခေတ္တဝတ္ထာဒိသဟိတဿ၊ တကွဖြစ်သော။ ဝိဟာရဿ၊ ၏။ ပုဂ္ဂလိကဘာဝေန၊ ပုဂ္ဂလိကအဖြစ်ဖြင့်။ အကပ္ပိယေ၊ မအပ်သော အဖြစ်သည်။ သတိ၊ ရှိသော်။ ပုဂ္ဂလဿ၊ အား။ ခေတ္တဝတ္ထာဒိကံ၊ လယ်ယာ စသည်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ အဘိယုဉ္ဇဘာဝေါ၊ တရားတွေသောအဖြစ်သည်။ ကထံ ဘဝေယျ၊ အသို့ ဖြစ်နိုင်ရာအံ့နည်း။ ဧဝဉ္စ ပန၊ လျှင်။ ဝဒေယျ၊ အံ့။ ဓုရံ နိက္ခိပတီတိ ဧတ္ထ၊ ၌။ ဧကဿ၊ ၏။ သန္တကော၊ ဖြစ်သော။ တဒ္ဌာကေ စ၊ ၌လည်းကောင်း။ ခေတ္တေ စ၊ ၌လည်းကောင်း။ ဣတိ ဣဒံ၊ စကားကို။ ဂိဟိသန္တကမေဝ၊ လူတို့ဥစ္စာကိုသာလျှင်။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ဝဒေယျ၊ အံ့။ တထာပိ၊ ထိုအခြင်းအရာဖြင့်လည်း။ န ဝတ္တဗ္ဗံ၊ အပ်။ ကသ္မာ၊ ကား။ ဓုရံ နိက္ခိပတီတိ ဧတ္ထ၊ ၌။ ယဒါ ပန၊ ၌ကား။ သာမိကော၊ သည်။ အယံ၊ ဤရဟန်းသည်။ ထဒ္ဓေါ၊ ခက်ထန်၏။ ကက္ခဠော၊ ကြမ်းကြုတ်၏။ မေ၊ အား။ ဇိဝိတဋ္ဌပဒ-စရိယန္တရာယမ္ပိ၊ အသက်အန္တရာယ်, သိက္ခာပုဒ်အန္တရာယ်ကိုလည်း။ ကရေယျ၊ ၏။ အလံ၊ တန်ပြီ။ ဒါနိ၊ ယခု။ ဣမိနာပိ၊ ဤရဟန်းသည်လည်း။ မယံ၊ အား။ န ဒဿတိ၊ မပေးလတ္တံ့။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ ခေတ္တာနိ၊ တို့သည်။ ပါဠိပုဂ္ဂလိကာနိ၊ အသီးပုဂ္ဂိုလ် ဥစ္စာတို့သည်။ ဟောန္တိ၊ ကုန်၏။ တဿ စ၊ ထိုရဟန်း၏လည်း။ ဓုရနိက္ခေပေ၊ ဝန်ချခြင်း၌။ ပါရာဇိကံ၊ ၏။ ဣတိ၊ သို့။ ဝိမတိဝိနောဒနိယံ၊ ၌။ ဝုတ္တံ၊ ၏။

တထာ၊ တူ။ အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒပရိဘောဂန္တိ၊ ဟူ၍။ ဝစနတော၊ ကြောင့်။ ပုဂ္ဂလိကေပိ၊ ဖြစ်သော။ သေနာသနေပိ၊ ၌လည်း။ သေနာသနပရိဘောဂဝသေန၊ ကျောင်းအသုံးအဆောင်၏ အစွမ်းအားဖြင့်။ နိယမိတံ၊ သော။ သုဝဏ္ဏယဇ္ဇာဒိကံ၊ ရွှေအိုးစသည်ကို။ ပရိဘုဉ္ဇိတုံ၊ ငှာ။ ဝဋ္ဋမာနမ္ပိ၊ သော်လည်း။ ကေဝလံ၊ သက်သက်။ အတ္တနော၊ ၏။ သန္တကံ၊ ကို။ ကတွာ၊ ပြု၍။ ပရိဘုဉ္ဇိတုံ၊ ငှာ။ န ဝဋ္ဋတိ၊ မအပ်။ ဣတိ၊ သို့။ သာရတ္ထ-

http://www.dhammadownload.com

ဒီပနီယဲ၊ ၌။ ဝုတ္တဝစနေနာပိ၊ စကားနှင့်လည်း။ အဝိရောဓော၊ မဆန့်ကျင်သည်။ သိယာ၊ ဖြစ်ရာ၏။ တထာ၊ တူ။ ဝိရုဒ္ဓသေနာသနံ၊ ဆန့်ကျင်သော ရဟန်းတို့၏ကျောင်းကို။ အညတြ၊ ကြဉ်၍။ သေနာသနေ၊ ၌။ ပဋိသေဓေတဗ္ဗံ၊ တားမြစ်အပ်သော။ ကိဉ္စိ၊ ဝတ္ထုသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ အဌကထာဝစနေနာပိ၊ စကားနှင့်လည်း။ သံသန္ဒနမေဝ၊ နှီးနှောသည်သာ လျှင်တည်း။

တထာ၊ တူ။ ဘိက္ခဝေ၊ ရဟန်းတို့။ မယာ၊ ငါဘုရားသည်။ ဣဒံ၊ ဤဝတ္ထုသည်။ နကပ္ပတိ၊ မအပ်။ ဣတိ၊ သို့။ ယံ၊ အကြင်ဝတ္ထုကို။ အပ္ပဋိက္ခိတ္တံ၊ မပယ်အပ်။ တံ၊ ထိုဝတ္ထုသည်။ ကပ္ပိယံ၊ အပ်သည်၌။ စေ အနုလောမေတိ၊ လျော်သည် ဖြစ်အံ့။ အကပ္ပိယံ၊ မအပ်သည်ကို။ စေ ပဋိဗာဟတိ၊ တားမြစ်သည် ဖြစ်အံ့။ တံ၊ ထိုဝတ္ထုသည်။ ဝေါ၊ သင်တို့ အား။ ကပ္ပတိ၊ ၏။ ဣတိ ဣမိနာ၊ သဘောရှိသော။ သုတ္တာနုလောမေနာပိ၊ အားဖြင့်လည်း။ ဝါ၊ သုတ္တာနုလောမနှင့်လည်း။ သံသန္ဒနမေဝ၊ နှီးနှောသည်သာလျှင်တည်း။ ကထံ၊ အသို့ နှီးနှောသနည်း။ အနုဇာနာမိ ဘိက္ခဝေ ပဉ္စ လေဏာနိ ဝိဟာရန္တာဒိနာ၊ ဤသို့စသည်ဖြင့်။ အနုညာတဝိဟာရဿ၊ ခွင့်ပြုအပ်သော ကျောင်းကို။ ပဋိဂ္ဂဟိတတ္တာ၊ ခံယူအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ တပ္ပဋိဗဒ္ဓစီဝရာဒိကပ္ပိယပစ္စယဿေဝ၊ ထိုကျောင်းနှင့် စပ်သော သင်္ကန်းစသော အပ်သောပစ္စည်းကိုသာလျှင်။ ပရိဘုဉ္ဇိတတ္တာ စ၊ သုံးဆောင်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဝိဟာရစီဝရပိဏ္ဍပါတဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရာပိ၊ ကျောင်း,သင်္ကန်း, ဆွမ်း,သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးတည်းဟူသော ပရိက္ခာရာတို့သည်လည်း။ ဘိက္ခုဿ၊ အား။ သဗ္ဗကပ္ပိယာ၊ အလုံးစုံ အပ်ကုန်၏။ ကပ္ပိယာနုလောမာ စ၊ အပ်သည်နှင့် လျော်ကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။ ဧဝံ၊ သို့။ သုတ္တာသုတ္တာနုလောမအာစရိယဝါဒ-အတ္ထနောမတိဟိ၊ တို့နှင့်။ သံသန္ဒနတော၊ နှီးနှောသည်၏အဖြစ်ကြောင့်။ အညဒတ္ထု၊ စင်စစ်မူကား။ ဂဂေါဒကေန၊ ဂင်္ဂါရေနှင့်။ ယမုနောဒကံ ဝိယ၊ ယမုနာရေသည် နှီးနှောသကဲ့သို့တည်း။ ဣတိ၊ သို့။ ခေတ္တဝတ္ထာဒိသဟိတဝိဟာရော၊ လယ်ယာ စသည်တို့နှင့်တကွဖြစ်သောကျောင်းကို။ ပဂ္ဂလိကဘာဝေနာပိ၊ ဖြင့်လည်း။ ပဋိဂ္ဂဟေတဗ္ဗော၊ ၏။ ဣတိ၊ သို့။ ကပ္ပိယာကပ္ပိယာနိ၊ အပ်, မအပ်သည်တို့ကို။ ဝိနယကောဝိဒေဟိ၊ ဝိနည်း၌သိသော ရဟန်းတို့သည်။ ဒဋ္ဌဗ္ဗာနိ၊ ကုန်၏။

ဤသို့လာသော အဌကထာ, ဋီကာဝါဒ, ထေရဝါဒတို့ကို ထောက်၍ ရွှေချသော ကျောင်း, ပြာသာဒ်, ညောင်စောင်း, အင်းပျဉ်-စသည်တို့ကို ပုဂ္ဂလိက, သံယိကအဖြစ်ဖြင့် ခံအပ်သည်, မခံအပ်သည်၏အဖြစ်ကို အထူးနှလုံးထား၍ နှစ်သက်ရာကို မှတ်ယူကြလေ။

http://www.dhammadownload.com

၁၁။ ဤအရာ၌ အဌကထာ, ဋီကာ, ထေရဝါဒ အရပ်ရပ်ကို ထောက်၍ ရွှေချသောကျောင်းကို ရေစက်ချလိုမူ–

ဣမံ သုဝဏ္ဏံ ဝိဟာရဿ ဒေမ။ ဣမံ ဝိဟာရံ အာယသ္မတော ကပ္ပိယကုဋိံ ကာတုံ ဒေမ– ဟု ဆို၍ ချရမည်။

၁၂။ ရွှေခွက်, ငွေခွက် စသည်တို့နှင့်တကွ ချလိုမူ–

ဣမံ သုဝဏ္ဏဘာဇနံ, ဣမံ ရဇတဘာဇနံ ဝိဟာရဿ ဒေမ။ ဣမံ ဝိဟာရံ အာယသ္မတော ကပ္ပိယကုဋိံ ကာတုံ ဒေမ- ဟု ဆို၍ ချရမည်။

၁၃။ ကန်, လယ် စသည်တို့နှင့်တကွ ချလိုမူ–

ဣမံ တဠာကံ, ဣမံ ခေတ္တံ ဝိဟာရဿ. ဒေမ။ ဣမံ ဝိဟာရံ အာယသ္မတော ကပ္ပိယကုဋိံ ကာတုံ ဒေမ– ဟု ဆို၍ ချရမည်။

၁၄။ ခေါင်းလောင်း, ကြေးစည်နှင့်တကွ ချလိုမူ–

ဣမံ ဃဏ်ိ ဝိဟာရဿ ဒေမ။ ဣမံ ဝိဟာရံ အာယသ္မတော ကပ္ပိယကုဋိံ ကာတုံ ဒေမ– ဟု ဆို၍ ချရမည်။

၁၁။ ဣမံ သုဝဏ္ဏံ၊ ဤရွှေကို။ ဝိဟာရဿ၊ အား။ ဒေမ၊ ကုန်၏။ ဣမံ ဝိဟာရံ၊ ကို။ အာယသ္မတော၊ အား။ ကပ္ပိယကုဋိံ၊ ကပ္ပိယကုဋိကို။ ကာတုံ၊ ပြုစိမ့်သောဌာ။ ဒေမ၊ ကုန်၏။

၁၂။ ဣမံ သုဝဏ္ဏဘာဇနံ၊ ဤရွှေခွက်ကို။ ဣမံ ရဇတဘာဇနံ၊ ဤငွေခွက်ကို။

၁၃။ ဣမံ တဠာကံ၊ ဤတဖက်ဆည်ကန်ကို။ ဣမံ ခေတ္တံ၊ ဤလယ်ကို။ ဣမံ ပေါက္ခရဏိံ၊ ဤရေကန်ကို။ ဣမံ ဥဒပါနံ၊ ဤရေတွင်းကို။

၁၄။ ဣမံ ဃဏ်ိ၊ ဤခေါင်းလောင်းကို။ ဝါ၊ ဤကြေးစည်ကို။ ဝိဟာရဿ၊ အား။ ဒေမ၊ ကုန်၏ စသည်ဖြင့် ဆိုလေ။

၁၅။ ဂဏိကမှာ–"အာယသ္မတော"နေရာ၌ "အာယသ္မန္တာနံ"ဟု ဆိုလေ။ "အရှင်ဘုရားတို့အား"ဟု အနက်ပေးလေ။

၁၆။ သံယိကမှာ–"အာယသ္မတော" နေရာ၌ "သံဃဿ"ဟု ဆိုလေ။ "သံဃာတော်အား" ဟု အနက်ပေးလေ။

http://www.dhammadownload.com

၁၇။ အလျှူခံပြီးသော ကျောင်းဟောင်းအား လျှူလို ရေစက်ချလိုမူ–
"ဣမံ တဋ္ဌာကံ, ဣမံ ခေတ္တံ ဝိဟာရဿ ဒေမ"ဟု ဆိုလေ။

ဒုတ္ထိဇာနမိဒံ ဌာနံ၊ ဝိနယေသု စ ဆေကေဟိ။
ဣတောပိ နယမေသန္တူ၊ ဆဋ္ဌေန္တူ လဒ္ဓိ'မိစ္ဆံ စေ။

✪ ✪ ✪ ✪ ✪

[၆၀] သေနာသနအပြား ၄-ပါး

(၁) မေး။ ။သေနာသနအပြား ဘယ်နှစ်ပါးရှိပါသနည်း?

ဖြေ။ ။ထိုအမေးပုစ္ဆာမှာ–

၁။ စတုဋ္ဌိမံ ဟိ သေနာသနံ ဝိဟာရသေနာသနံ မဠဝိဋဌသေနာသနံ သန္ထတ-သေနာသနံ ဩကာသသေနာသနန္တိ။ တတ္ထ "ယတ္ထ ဝါ ပန ဘိက္ခူ ပဋိက္ကမန္တိ၊ သဗ္ဗမေတံ သေနာသန"န္တိ ဝစနတော ဝိဟာရော အမုယောဂေါ ပါသာဒေါ ဟမ္မိယံ ဂုဟာတိ ဣဒံ ဝိဟာရသေနာသနံ နာမ။ မဠ္ဘော ပီဌံ ဘိသိ ဗိမ္ဗောဟနန္တိ ဣဒံ မဠဝိဋဌသေနာသနံ နာမ။ စိမိလိကာ စမ္မခဏ္ဍော တိဏသန္ထာရော ပဏ္ဏသန္ထာ-ရောတိ ဣဒံ သန္ထတသေနာသနံ နာမ။ ယတ္ထ ဝါ ပန ဘိက္ခူ ပဋိက္ကမန္တိတိ ဣဒံ ဩကာသသေနာသနံ နာမ–

ဟု လာသော သာရတ္ထဒီပနီဋီကာ၊ သေနာသနက္ခန္ဓကအဖွင့်ကို ထောက်၍ ၄-ပါးအပြား ရှိသည်(သာရတ္ထ၊၃။၃၉၂)။

ဟိ၊ မှန်၏။ သေနာသနံ၊ သေနာသနသည်။ ဝိဟာရသေနာသနံ၊ လည်းကောင်း။ မဠဝိဋဌသေနာသနံ၊ လည်းကောင်း။ သန္ထတသေနာသနံ၊ လည်းကောင်း။ ဩကာသ-သေနာသနံ၊ လည်းကောင်း။ ဣတိ၊ သို့။ စတုဋ္ဌိမံ၊ ၄-ပါး အပြားရှိ၏။ တတ္ထ၊ တို့တွင်။ ယတ္ထ ဝါ ပန ဘိက္ခူ ပဋိက္ကမန္တိ၊ သဗ္ဗမေတံ သေနာသနန္တိ၊ ဟူ၍။ ဝစနတော၊ ဟောတော် မူသောကြောင့်။ ဝိဟာရော၊ ၂-ဖက်မိုးကျောင်းလည်းကောင်း။ အမုယောဂေါ၊ ၁-ဖက်မိုး ကျောင်းလည်းကောင်း။ ပါသာဒေါ၊ ပြာသာဒ်ရှည်လည်းကောင်း။ ဟမ္မိယံ၊ ပြာသာဒ်ဦးပြည်း လည်းကောင်း။ ဂုဟာ၊ လိုဏ်,ဥမင်လည်းကောင်း။ ဣတိ ဣဒံ၊ ဤသည်ကား။ ဝိဟာရ-

http://www.dhammadownload.com

သေနာသနံ နာမ၊ ကျောင်း သေနာသနမည်၏။ မဥ္စော၊ ညောင်စောင်းလည်းကောင်း။ ပီဌံ၊ အင်းပျဉ်လည်းကောင်း။ ဘိသိ၊ ဘုံလျှိုလည်းကောင်း။ ဗိမ္ဗောဟနံ၊ ခေါင်းအုံးလည်းကောင်း။ ဣတိ ဣဒံ၊ ဤသည်ကား။ မဉ္စပီဌသေနာသနံ နာမ၊ ညောင်စောင်း အင်းပျဉ် သေနာသနမည်၏။ စိမိလိကာ၊ ပုဆိုးနွမ်းအခင်းလည်းကောင်း။ စမ္မခဏ္ဍော၊ စမ္မခဏ် အခင်းလည်းကောင်း။ တိဏသန္ထာရော၊ မြက်အခင်းလည်းကောင်း။ ပဏ္ဏသန္ထာရော၊ သစ်ရွက်အခင်းလည်းကောင်း။ ဣတိ ဣဒံ၊ ဤသည်ကား။ သန္ထတသေနာသနံ နာမ၊ အခင်းသေနာသနမည်၏။ ယတ္ထ ဝါ ပန ဘိက္ခူ ပဋိက္ကမန္တိ ဣဒံ၊ ဟူသည်ကား။ ဩကာသသေနာသနံ နာမ၊ တည်ရာ သေနာသနမည်၏။

ဤသို့လျှင် သေနာသန ၄-ပါးကို မှတ်လေ။

✪ ✪ ✪ ✪ ✪

[၆၁] ဝိဟာရအပြား ၅-ပါး

(၁) မေး။ ။ လေဏမည်သော ဝိဟာရအပြား အဘယ်နှစ်ပါး ရှိပါသနည်း?

ဖြေ။ ။ ထိုအမေးပုစ္ဆာမှာ–

၁။ အနုဇာနာမိ ဘိက္ခဝေ ပဉ္စ လေဏာနိ ဝိဟာရံ အမုယောဂံ ပါသာဒံ ဟမ္မိယံ ဂုဟန္တိ–

ဟု ဟောတော်မူသော **စူဠဝါပါဠိတော်** သေနာသနက္ခန္ဓက(နှာ-၂၉၀)ကို ထောက်၍ ၅-ပါး ရှိသည်။

ဘိက္ခဝေ၊ တို့။ ပဉ္စ၊ ကုန်သော။ လေဏာနိ၊ ပုန်းအောင်းရာတို့ကို။ ဝါ၊ နေရာတို့ကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဝိဟာရံ၊ ၂-ဖက်မိုး ကျောင်းလည်းကောင်း။ အမုယောဂံ၊ ၁-ဖက်မိုးကျောင်းလည်းကောင်း။ ပါသာဒံ၊ ပြာသာဒ်ရှည်လည်းကောင်း။ ဟမ္မိယံ၊ ပြာသာဒ် ဦးပြည်းလည်းကောင်း။ ဂုဟံ၊ ဂူလည်းကောင်း။ ဣတိ၊ သို့။ အနုဇာနာမိ၊ ၏။

ဤသို့ လေဏမည်သောဝိဟာရ ၅-ပါးကို မှတ်လေ။

၂။ သာရတ္ထဒီပနီဋီကာ၌လည်း–

ပဉ္စ လေဏာနိတိ ပဉ္စ လိယနဋ္ဌာနာနိ။ နိလိယန္တိ ဧတ္ထ ဘိက္ခူတိ လေဏာနိတိ ဝိဟာရာဒီနမေတံ အဓိဝစနံ – ဟု ဖွင့်တော်မူသည်(သာရတ္ထ၊၃။၃၉၃)။

http://www.dhammadownload.com

ပဌ လေဏာနီတိ၊ ကား။ ပဌ၊ ကုန်သော။ လီယနဋ္ဌာနာနိ၊ ပုန်းအောင်းရာ အရပ်တို့တည်း။ ဇတ္ထ၊ ဤနေရာ၌။ ဘိက္ခူ တို့သည်။ နိလီယန္တိ၊ ပုန်းအောင်းတတ်ကုန်၏။ ဝါ၊ နေတတ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ လေဏာနိ၊ မည်ကုန်၏။ ဧတံ၊ ဤလေဏ အမည်သည်။ ဝိဟာရာဒီနံ၊ ဝိဟာရ စသည်တို့၏။ အဓိဝစနံ၊ တည်း။

လေဏဉ္စ လိဓာတ်, ဏျုပစ္စည်း။ အနကာ ယုဏ္ဍုနံ-သုတ်ဖြင့် ယုပစ္စည်း အနုပြု၍ လိ-အစိတ် ဣ-ကို ဧ-ပြု၍ "လေန"ပြီးစေ၍ "လေန"ဟူ၍လည်း နငယ်ဖြင့် ရှိသင့်သည်။ ရဟာဒိတော ဏ-ဖြင့် နငယ်ကို ဏကြီး ရေး၍လည်း "လေဏ"ဟု ဏကြီးဖြင့်ရှိသော်လည်း အသင့်ပင်ဟု မှတ်။

✪ ✪ ✪ ✪ ✪

[၆၂]　ဂုဟာအပြား ၄-ပါး

(၁) **မေး**။ ။ထို လေဏမည်သော ၅-ပါးတို့တွင် ဂုဟာမည်သော လေဏသည် အဘယ်မျှ အပြား ရှိပါသနည်း။

ဖြေ။ ။ထိုအမေးပုစ္ဆာ၌–

၁။　ဂုဟာတိ ဣဋ္ဌကာဂုဟာ သိလာဂုဟာ ဒါရုဂုဟာ ပံသုဂုဟာတိ–

ဟု ဖွင့်သော စူဠဝါအဋ္ဌကထာ သေနာသနက္ခန္ဓက အဖွင့်ကို ထောက်၍ ဂုဟာမည်သော **လေဏ** ၄-ပါးအပြား ရှိသည်(ဝိ၊ဋ္ဌ၊၄။၅၈)။

ဂုဟာတိ၊ ကား။ ဣဋ္ဌကာဂုဟာ၊ အုတ်ဂူလည်းကောင်း။ သိလာဂုဟာ၊ ကျောက်ဂူလည်းကောင်း။ ဒါရုဂုဟာ၊ သစ်သားဂူလည်းကောင်း။ ပံသုဂုဟာ၊ မြေကြီးဂူလည်းကောင်း။ ဣတိ၊ သို့။ စတုဝိဓာ၊ ၏။

၂။ **သာရတ္ထဒီပနီဋီကာ**၌လည်း–

ဂိရိဂုဟာ နာမ ဒ္ဝိန္နံ ပဗ္ဗတာနံ အန္တရာ, ဧကသ္မိံယေဝ ဝါ ဥမဂ်သဒိသံ မဟာဝိဝရံ-ဟု ဖွင့်တော်မူ၏(သာရတ္ထ၊၃။၃၉၂)။

ဂိရိဂုဟာ နာမ၊ မည်သည်ကား။ ဒ္ဝိန္နံ၊ ၂-လုံးကုန်သော။ ပဗ္ဗတာနံ၊ တို့၏။ အန္တရာ၊ အကြား၌။ ဝါ၊ တစ်နည်းကား။ ဧကသ္မိံ ယေဝ၊ ၁-ခုသော နေရာ၌လျှင်။ ဥမဂ်သဒိသံ၊ ဥမင်လိုဏ်နှင့်တူသော။ မဟာဝိဝရံ၊ ကြီးသောအပေါက်ရှိသောဂူတည်း။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၆၃] အပြစ်လွတ်အောင် သံယိကကျောင်းရေစက်ချနည်း

(၁) မေး။ ။ သံယိကကျောင်းကို သုံးဆောင်သောအခါ အပြစ်လွတ်အောင် အဘယ်သို့ ဆို၍ ရေစက်ချရပါအံ့နည်း။

ဖြေ။ ။ သံယိကကျောင်း, ပြာသာဒ်, ညောင်စောင်း, အင်းပျဉ်တို့ကို ရေစက်ချသော အခါ ဒါယကာကို လိမ္မာအောင် ပြောဟော၍ ဒါယကာဆို၍ လျှုတိုင်းသုံးဆောင်မူ အပြစ်မရှိ၍ ဒါယကာကို သိစေပြီး၍ ဒါယကာအလိုရှိက (ဒါယကာသဘောတူက) "သုံးဆောင်လိုသမျှကို"ဟု ဆို၍ ရေစက်ချရမည်။

၁။ ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ–

ဟု လာသော **စူဠဝါအဋ္ဌကထာ သေနာသနက္ခန္ဓကကို** ထောက်။ ဝိနယသင်္ဂဟအဋ္ဌကထာ၌လည်း နည်းတူလာသည်။

ယထာ၊ အကြောင်အခြင်းအရာအားဖြင့်။ ဒါယကာ၊ ပေးလှူတတ်သော ဒါယကာတို့သည်။ ဝဒန္တိ၊ ကုန်၏။ တထာ၊ ဖြင့်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်အပ်၏။

၂။ သာရတ္ထဒီပနီဋီကာ၊ ပဌမသေနာသနသိက္ခာပုဒ်အဖွင့်၌လည်း–

ဒါယကေဟိ ဒါနကာလေယေဝ "သဟဿဂ္ဃနကမိဒံ ကမ္မလံ ပါဒပုဉ္ဆနီ ကတ္တာ ပရိဘုဉ္ဇထာ"တိ ဒိန္နံ၊ တထေဝ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ–

ဟု မိန့်ဆိုတော်မူ၏(သာရတ္ထ၊၃။ ၂၆)။

ဒါယကေဟိ၊ တို့သည်။ ဒါနကာလေယေဝ၊ ပေးလှူသောအခါ၌လျှင်။ သဟဿဂ္ဃနကံ၊ အဖိုး ၁,၀၀၀-ထိုက်သော။ ကမ္မလမိဒံ၊ ကမ္မလာအခင်းကိုလည်း။ ပါဒပုဉ္ဆနီ၊ ခြေသုတ်ကို။ ကတ္တာ၊ ၍။ ပရိဘုဉ္ဇထာ၊ သုံးဆောင်ပါကုန်လော့။ ဣတိ၊ သို့။ ဒိန္နံ၊ လှူအပ်၏။ တထေဝ၊ ထိုဒါယကာတို့ဆို၍ လှူတိုင်းသာလျှင်။ ပရိဘုဉ္ဇိတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။

၃။ ဝိနယဝိနိစ္ဆယဋီကာ၌လည်း–

ဒါယကေဟိ "ကာယေန ဖုသိတ္တာ ယထာသုခံ ပရိဘုဉ္ဇထာ"တိ ဒိန္နသေနာသနမဉ္စပီဌာဒိနဉ္စ ဒါယကေန ဝုတ္တနိယာမေန ပရိဘုဉ္ဇန္တဿ ဒေါသော နတ္ထိတိ မာတိကာအဋ္ဌကထာယ သီဟဠဂဇ္ဈိပဒေ ဝုတ္တတ္တာ တထာ ပရိဘုဉ္ဇန္တဿ အနာပတ္တိ။ – ဟု မိန့်ဆိုတော်မူ၏(ဝိနယဝိနိစ္ဆယဋီကာ၊၂။၃၁၆)။

http://www.dhammadownload.com

ဒါယကေဟိ၊ အလှူရှင်တို့သည်။ ကာယေန၊ ကိုယ်ဖြင့်။ ဖုသိတွာ၊ ထိ၍။ ယထာသုခံ၊ အလိုရှိတိုင်း။ ပရိဘုဉ္ဇထ၊ ကုန်လော့။ ဣတိ၊ သို့။ ဒိန္နသေနာသနမဉ္စပီဌာဒီနဉ္စ၊ လှူအပ်သော ကျောင်း, ညောင်စောင်း, အင်းပျဉ်-စသည်တို့ကိုလည်း။ ဒါယကေန၊ သည်။ ဝုတ္တနိယာမေန၊ ဆိုအပ်သော အမှတ်ဖြင့်။ ပရိဘုဉ္ဇန္တာသာ၊ သုံးဆောင်သော ရဟန်းအား။ ဒေါသော၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ မာတိကာအဋ္ဌကထာယ၊ ၏။ သီဟဠဂဏ္ဌိပဒေ၊ သီဟိဠဂဏ္ဌိပုဒ်၌။ ဝုတ္တတ္တာ၊ ကြောင့်။ တထာ၊ ထိုအခြင်းအရာဖြင့်။ ပရိဘုဉ္ဇန္တာသာ၊ အား။ အနာပတ္တိ၊ မသင့်။

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ သံယိကကျောင်း, ပြာသာဒ်ညောင်စောင်း, အင်းပျဉ်, ဖျာသင်ဖြူး, အခင်း-စသည်တို့ကို ရေစက်ချသောအခါ ဒါယကာကို တရားသဖြင့် ဟောပြော၍ "ကိုယ်ဖြင့်ထိ၍ သုံးဆောင်ခြင်း, ဖိနပ်စီးနင်း၍ တက်နေခြင်း, မဆေးသောခြေဖြင့် တက်နေခြင်း, ဆေးပြီးခြေကို မသုတ်မူ၍ တက်နေခြင်း, ခွဲခန်း, သလိပ်တံတွေး၊ ကျင်ကြီး,ကျင်ငယ် စသည်တို့ဖြင့် စွန့်ပစ်မိသော်လည်း အပြစ်မရှိ အလိုရှိတိုင်း သုံးဆောင်တော်မူပါ" အစရှိသည်ဖြင့် ဆို၍ ရေစက်ချလှူဒါန်းမူ ဆိုသည့်အတိုင်း သုံးဆောင်၍ အပြစ်မရှိဟု မှတ်ယူသင့်သည်။

✪ ✪ ✪ ✪ ✪

[၆၄] အပြစ်လွတ်အောင် ဇရပ်စသည် ရေစက်ချနည်း

(၁) မေး။ ။ ယခုကာလ ဆရာတို့သည် ဇရပ်, တံတား စသည်တို့ကို-

ဣမံ သာလံ၊ ဣမံ သေတုံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒေမ မဟာဇနာနဥ္စ ပရိဘောဂတ္ထာယ။

ဣမံ သာလံ၊ ဤဇရပ်ကို။ ဣမံ သေတုံ၊ ဤတံတားကို။ စာတုဒ္ဒိသဿ၊ အရပ် ၄-မျက်နှာ၌ရှိသော။ အာဂတာနာဂတဿ၊ လာရောက်ပြီး, လာရောက်လတ္တံ့ ဖြစ်သော။ သံဃဿ၊ အား။ ဒေမ၊ ကုန်၏။ မဟာဇနာနဥ္စ၊ များစွာသောလူတို့ အားလည်း။ ပရိဘောဂတ္ထာယ၊ သုံးဆောင်ပါစေခြင်းငှာ။ ဒေမ၊ ကုန်၏" ဤသို့ ဆို၍ ရေစက်ချသည်မှာ လူတို့သွားလာနေထိုင်ခြင်းငှာ အပ်ပါမည်လော?

ဖြေ။ ။ ဇရပ်, တံတား-စသည်ကို ဆောက်လုပ်၍ လူ,ရှင်,ရဟန်းဟူသမျှကို သုံးဆောင်စေလို၍ ရေစက်ချရာ-

http://www.dhammadownload.com

ဣမံ သာလံ သံယဿ စ မဟာဇနာနဉ္စ ယထာသုခံ ပရိဘုဉ္ဇိတုံ ဒေမ အမှာက သဂ္ဂမောက္ခတ္ထာယ

ဟု သုံးဆောင်စေလိုသောပုဂ္ဂိုလ်ဟူသမျှကို ဦးစွာ သမ္ဗဒါန်ထားပြီးမှ ဒေမိ, ဒေမ အစရှိသော ကြိယာကိုဆို၍ လျှမ့ လူ, သံယာ ၂-ဦး ပိုင်ဆိုင်၍ သုံးဆောင်နိုင်သည်။ သံယဿ ဒေမိ ဒေမ-ဆို၍ ဒေမိ, ဒေမ ကြိယာဆိုပြီးမှ "မဟာဇနာနဉ္စ ပရိဘောဂတ္ထာယ"ဟု နောက်မှ ဆိုသော် သံယာပိုင် ပြီး၍ လူတို့နှင့် မဆိုင်ခြေ။ ထိုသို့ မဆိုင်မပိုင်ဘဲနှင့် ဇရပ်, တံတားဟူသမျှ အများနှင့်ဆက်ဆံ၍ ငါတို့ နေပိုင်, သွားလာပိုင်သည်ဟု သုံးဆောင်မူ အပြစ်မလွတ်၍ သုံးဆောင်ခြင်းငှာ မအပ်။

၁။ ဉာဘတောသံယဿ စ တုယ္ဘဉ္စ ဒမ္မိတိ ဝုတ္တေ သစေ ဒသ ဘိက္ခူ စ ဒသ ဘိက္ခုနိယော စ ဟောန္တိ၊ ဧကဝိသတိပဋိဝိသေ ကတွာ ဧကော ပဋိဂ္ဂလဿ ဒါတဗ္ဗော။ ဒသ ဘိက္ခုသံယဿ၊ ဒသ ဘိက္ခုနိသံယဿ။ ယေန ပဋိဂ္ဂလိကော လဒ္ဓေါ၊ သော သံယတောပိ အတ္တနော ဝဿဂ္ဂေန ဂဟေတုံ လဘတိ။ ကသ္မာ? ဉာဘတော-သံယဂ္ဂဟဏေန ဂဟိတတ္တာ။ ဉာဘတောသံယဿ စ စေတိယဿ စ ဒမ္မိတိ ဝုတ္တေပိ ဧသေဝ နယော။ ဣဓ ပန စေတိယဿ သံယတော ပါပုဏနကော-ဋ္ဌာသော နာမ နတ္ထိ။ ဧကပုဂ္ဂလဿ ပတ္တကောဋ္ဌာသသမော၀ ကောဋ္ဌာသော ဟောတိ–

ဟု လာသော **စီဝရက္ခန္ဓကအဋ္ဌကထာ**ကို ထောက်(ဝိ၊ဋ္ဌ၊၃၊၄၂၂-၃)။ မာတိကာအဋ္ဌကထာ (က၁၊ဋ္ဌ၊၁၆၁)၌လည်း လာသည်။

ဉာဘတောသံယဿ စ၊ အားလည်းကောင်း။ တုယ္ဘဉ္စ၊ အားလည်းကောင်း။ ဒမ္မိ၊ ၏။ ဣတိ၊ သို့။ ဝုတ္တေ၊ ရှိသော်။ ဒသ ဘိက္ခူ စ၊ ၁-ကျိပ်သောရဟန်းတို့သည်လည်း ကောင်း။ ဒသဘိက္ခုနိယော စ၊ ၁-ကျိပ်သော ရဟန်းမိန်းမတို့သည်လည်းကောင်း။ သစေ ဟောန္တိ၊ ဖြစ်ကုန်အံ့။ ဧကဝိသတိပဋိဝိသေ၊ ၂-ကျိပ်,၁-ဖို့တို့ကို။ ကတွာ၊ ပြု၍။ ဧကော၊ တဖို့ကို။ ပဋိဂ္ဂလဿ၊ အား။ ဒါတဗ္ဗော၊ ပေးအပ်၏။ ဒသ၊ ၁၀-ဖို့တို့ကို။ ဘိက္ခုသံယဿ၊ ရဟန်းယောကျ်ား သံယာအား။ ဒါတဗ္ဗာ၊ ကုန်၏။ ဒသ၊ ၁၀-ဖို့တို့ကို။ ဘိက္ခုနိသံယဿ၊ ရဟန်းမိန်းမသံယာအား။ ဒါတဗ္ဗာ၊ ကုန်၏။ ယေန၊ အကြောင်းရဟန်းသည်။ ပဋိဂ္ဂလိကော၊ အသီး ပုဂ္ဂိုလ်အစုကို။ လဒ္ဓေါ၊ ရအပ်၏။ သော၊ ထိုရဟန်းသည်။ သံယတောပိ၊ မှလည်း။ အတ္တနော၊ ၏။ ဝဿဂ္ဂေန၊ ဝါစဉ်အားဖြင့်။ ဂဟေတုံ၊ ငှာ။ လဘတိ၊ ရ၏။ ကသ္မာ၊ နည်း။ ဉာဘတောသံယဂ္ဂဟဏေန၊ သဒ္ဒါဖြင့်။ ဂဟိတတ္တာ၊ အဖြစ်ကြောင့်တည်း။ ဉာဘတော-

http://www.dhammadownload.com

သံယဿ စ၊ အားလည်းကောင်း။ စေတိယဿ စ၊ အားလည်းကောင်း။ ဒမ္မိ၊ ၏။ ကွတိ၊ သို့။ ဝုတ္တေပိ၊ ၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင်နည်းရှိ၏။ ကွဓ ပန၊ ဤအရာ၌ကား။ စေတိယဿ၊ အား။ သံယာတော၊ မှ။ ပါပုဏာနကောဋ္ဌာသော နာမ၊ အသီးရောက်သော အစုအဖို့မည်သည်။ နတ္ထိ၊ မရှိ။ ဧကပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ပတ္တကောဋ္ဌာသဿမော၊ ရောက်သောအစုနှင့်တူသော။ ကောဋ္ဌာသော၊ သည်။ ဟောတိ၊ ၏။

ထိုအဋ္ဌကထာပါဠိကို ထောက်၍ လျှုလိုသမျှ, သုံးဆောင်စေလိုသမျှ လူ, ရဟန်းတို့ကို **သမ္မဒါန်အညီ ဦးစွာဆိုပြီးမှ လှူခြင်းကြိယာကို နောက်ထား၍ဆိုမှ လူ, ရဟန်းအားလုံးပင် ဝိုင်၍ လူပါ သုံးဆောင်ထိုက်သည်**။ သံယာကို သမ္မဒါန်ထား၍ လှူခြင်းကြိယာကို ဆိုပြီးမှ တပါးလူတို့ကို သုံးဆောင်စေလို၍ ရေစက်ချရာမှာ ထည့်သွင်း၍ ဆိုသော်လည်း အရာမရောက်၍ လူတို့နှင့် မဆိုင်ဟု မှတ်ရမည်။

၂။ ဝိနယဝိနိစ္ဆယဋီကာ၌လည်း-

> ကွမံ မဉ္စပီဌာဒီ သံယဿ ဒမ္မီတိ ဝုတ္တေ ဂရုဘဏ္ဍံ ဟောတိ၊ န ဘာဇေတဗ္ဗံ၊ သံဃဿ ပရာမဋ္ဌတ္တာ။ ကွမံ မဉ္စပီဌာဒီ ဘဒ္ဒန္တာ (ဘဒ္ဒန္တာနံ) ဝဿဂ္ဂေန ဂဏှိတုံ သံယဿ ဒမ္မီတိ ဝုတ္တေ သတိပိ ဂရုဘဏ္ဍဘာဝေ ကပ္ပိယဝတ္ထုံ ဘာဇေတွာ ဂဏှိတုံ ဝဋ္ဋတိ။ အကပ္ပိယဘဏ္ဍမေဝ ဘာဇေတွာ ဂဟေတုံ န လဘတိ။ ကွမံ မဉ္စပီဌံ ဝဿဂ္ဂေန ဂဟေတုံ သံယဿ ဒမ္မီတိ ဝုတ္တေ ဝဿဂ္ဂေန ဘာဇေတွာ ဂဟေတဗ္ဗံ၊ ဝဿဂ္ဂေန ဘာဇနံ ပဌမံ ဝတ္တာ ပစ္ဆာ သံယဿ ပရာမဋ္ဌတ္တာ။ သံယဿ ကွမံ မဉ္စပီဌံ ဝဿဂ္ဂေန ဂဏှိတုံ ဒမ္မီတိ ဝုတ္တေ ပန ဂရုဘဏ္ဍံ ဟောတိ၊ ပဌမံ သံယဿ ပရာမဋ္ဌတ္တာတိ၊ အယမ္မိ ဝိသေသော မာတိကာအဋ္ဌကထာယ ဂဏှိဝဒေယေဝ ဝုတ္တော-

ဟု မိန့်ဆိုတော်မူ၏(ဝိနယဝိနိစ္ဆယဋီကာ၊ ၂။၃၁၆-၇)။

ကွမံ မဉ္စပီဌာဒီ၊ ဤညောင်စောင်း အင်းပျဉ်စသည်ကို။ သံယဿ၊ အား။ ဒမ္မိ၊ ၏။ ကွတိ၊ သို့။ ဝုတ္တေ၊ ရှိသော်။ ဂရုဘဏ္ဍံ၊ သည်။ ဟောတိ၊ ၏။ န ဘာဇေတဗ္ဗံ၊ မဝေဖန်အပ်။ သံယဿ၊ ကို။ ပရာမဋ္ဌတ္တာ၊ သုံးသပ်အပ်သည်၏ အဖြစ်ကြောင့်တည်း။ ကွမံ မဉ္စပီဌာဒီ၊ ကို။ ဘဒ္ဒန္တာ၊ အရှင်ဘုရားတို့သည်။ ဝဿဂ္ဂေန၊ အားဖြင့်။ ဂဏှိတုံ၊ ယူစေခြင်းငှာ။ သံယဿ၊ အား။ ဒမ္မိ၊ ၏။ ကွတိ၊ သို့။ ဝုတ္တေ၊ ရှိသော်။ ဂရုဘဏ္ဍဘာဝေ၊ အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ ကပ္ပိယဝတ္ထုံ၊ အပ်သော ညောင်စောင်းစသော ဝတ္ထုကို။ ဘာဇေတွာ၊ ၍။ ဂဏှိတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။ အကပ္ပိယဘဏ္ဍမေဝ၊ မအပ်သော ပစ္စည်းဘဏ္ဍာကိုသာလျှင်။ ဘာဇေတွာ၊ ၍။ ဂဟေတုံ၊ ငှာ။ န လဘတိ၊ မအပ်။ ဝါ၊ မရထိုက်။ ကွမံ မဉ္စပီဌံ၊ ကို။

http://www.dhammadownload.com

ဝဿဂ္ဂေန၊ အားဖြင့်။ ဂဟေတုံ၊ ဌာ။ သံယဿ၊ အား။ ဒမ္မိ၊ ၏။ ဣတိ၊ သို့။ ဝုတ္တော၊ ရှိသော်။ ဝဿဂ္ဂေန၊ အားဖြင့်။ ဘာဇေတွာ၊ ၍။ ဂဟေတဗ္ဗံ၊ ၏။ ဝဿဂ္ဂေန၊ အားဖြင့်။ ဘာဇနံ၊ ကို။ ပဌမံ၊ ရှေးဦးစွာ။ ဝတ္တွာ၊ ၍။ ပစ္ဆာ၊ မှ။ သံယဿ၊ ကို။ ပရာမဋ္ဌတ္တာ၊ ကြောင့်တည်း။ သံယဿ၊ အား။ ဣမံ မဉ္ဆပီဋ္ဌံ၊ ကို။ ဝဿဂ္ဂေန၊ ဖြင့်။ ဂဏှိတုံ၊ ဌာ။ ဒမ္မိ၊ ၏။ ဣတိ၊ သို့။ ဝုတ္တော ပန၊ ရှိသော်ကား။ ဂရုဘဏ္ဍံ၊ သည်။ ဟောတိ၊ ၏။ ပဌမံ၊ စွာ။ သံယဿ၊ ကို။ ပရာမဋ္ဌတ္တာ၊ ကြောင့်တည်း။ ဣတိ အယမ္ပိ ဝိသေသော၊ ဤအထူးကိုလည်း။ မာတိကာ-အဋ္ဌကထာယ၊ ၏။ ဂဏ္ဌိပဒေယော၊ သိဟိဠ်ဂဏ္ဌိပုဒ်၌သာလျှင်။ ဝုတ္တော၊ ၏။

ဤသို့လာသော အဋ္ဌကထာ, ဋီကာပါဠိကို ထောက်၍ အများလူ, ရဟန်းတို့ သုံးဆောင်ရန် ဆောက်လုပ်အပ်သော ဇရပ်, တံတားတို့ကို ရေစက်ချသောအခါ "**သံယဿ ဒေမ မဟာဇနာနဥ္စ ပရိဘောဂတ္ထာယ**"ဟု မဆိုမူ၍ "**သံယဿ စ မဟာဇနာနဥ္စ ယထာသုခံ ပရိဘုဉ္ဇိတုံ ဒေမ**"ဟု ဆို၍ ချရမည်ဟူသော ဥပဒေသကို မှတ်ရမည်။

၃။ မဟာဝါအဋ္ဌကထာ **စီဝရက္ခန္ဓကအဖွင့်၌**လည်း–

> ဣဒံ ဝတ္ထံ သံယဿ ဒေမ၊ ဣမိနာ ဥပါဟနထဝိကံ ပတ္တထဝိကံ အာယောဂ-အံသဗဒ္ဓကာဒီနိ ကရောန္တူတိ ဒိန္နမ္မိ ဝဋ္ဋတိ–

ဟု မိန့်ဆိုတော်မူသည်(ဝိ၊ဋ္ဌ၊၃။၄၂၂)။

ဣဒံ ဝတ္ထံ၊ ဤအဝတ်ကို။ သံယဿ၊ အား။ ဒေမ၊ ကုန်၏။ ဣမိနာ၊ အဝတ်ဖြင့်။ ဥပါဟနထဝိကံ၊ ဖိနပ်အိတ်ကိုလည်းကောင်း။ ပတ္တထဝိကံ၊ သပိတ်အိတ်ကိုလည်းကောင်း။ အာယောဂအံသဗဒ္ဓကာဒီနိ၊ အာယောဂပတ်, ပခုံးလွယ်ကြိုး စသည်တို့ကိုလည်းကောင်း။ ကရောန္တူ၊ ပြုကုန်လော့။ ဣတိ၊ ဤသို့ဆို၍။ ဒိန္နမ္မိ၊ သော်လည်း။ ဝဋ္ဋတိ၊ ၏။

ထိုအဋ္ဌကထာပါဠိဖြင့် "သံယဿ ဒေမ"ဆို၍ လှူပြီးဖြစ်သော်လည်း ဒါယကာဆိုတိုင်းပင် သုံးဆောင်သော်လည်း အပ်သည်ဟု ပြတော်မူသည်ကို အထူးမှတ်လေ။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

| ၆၅ | သံယာအား လှူရာ သာမဏေပါဝင်ပုံ

(၁) မေး။ ။ "သံယသ ဒေမ"ဟု ဆို၍ လှူရာ၌ သာမဏေတို့ ရထိုက်ပါမည်လော?

ဖြေ။ ။ "သံယသ ဒေမ"ဟု ဆို၍ လှူရာ ပစ္စည်းကို သာမဏေတို့ပါ ဆိုင်သည်၊ ရထိုက်သည်။

၁။ ဥပမံ ဒါတဗ္ဗန္တိ ယဲ ဥဘတောသံယသ ဒိန္နံ၊ တတော ဥပမံ ဘိက္ခူနံ ဥပမံ ဘိက္ခုနီနံ ဒါတဗ္ဗံ။ သစေပိ ဧကော ဘိက္ခု ဟောတိ၊ ဧကာ ဝါ ဘိက္ခုနီ၊ အန္တမသော အနုပသမ္ပန္နသ္မိပိ ဥပမုမေဝ ဒါတဗ္ဗံ–

ဟု လာသော **စီဝရက္ခန္ဓကအဖွင့်၊ တေရသကဏ်ဍီကာကို** ထောက်(သာရတ္ထ၊၃။၃၃၄)။ မာတိကာအဋ္ဌကထာ(က၁။၄။၁၆၁)တို့၌လည်း နည်းတူမိန့်ဆိုတော်မူသည်။

ဥပမံ ဒါတဗ္ဗန္တိ၊ ဟူသည်ကား။ ယဲ၊ သင်္ကန်းကို။ ဥဘတောသံယသ၊ အား။ ဒိန္နံ၊ လှူအပ်၏။ တတော၊ ထိုသင်္ကန်းစသည်မှ။ ဥပမံ၊ ထက်ဝက်ကို။ ဘိက္ခူနံ၊ တို့အား။ ဒါတဗ္ဗံ၊ ၏။ ဥပမံ၊ ကို။ ဘိက္ခုနီနံ၊ တို့အား။ ဒါတဗ္ဗံ၊ ၏။ ဧကော၊ တပါးသော။ ဘိက္ခု ဝါ၊ သည်လည်းကောင်း။ ဧကာ၊ သော။ ဘိက္ခုနီ ဝါ၊ သည်လည်းကောင်း။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဒါတဗ္ဗံ၊ ထက်ဝက်ပေးအပ်၏။ အန္တမသော၊ အယုတ်သဖြင့်။ အနုပသမ္ပန္နသ္မိပိ၊ သာမဏေအားလည်း။ ဥပမုမေဝ၊ ပစ္စည်း ထက်ဝက်ကိုသာလျှင်။ ဒါတဗ္ဗံ၊ ပေးအပ်၏။

အဓိပ္ပါယ်ကား- "ဥဘတောသံယသ ဒေမ"ဟု ဆို၍လှူရာ ရဟန်းယောကျ်ားက ၁-ကျိပ်ရှိ၍ **ရဟန်းမိန်းမက တစ်ယောက်သာရှိသော်လည်း သင်္ကန်း ၁၁-ထည်ဖြစ်မူ ၁-ထည် ကျစီ မယူမူ၍ ထက်ဝက် ၅-ထည်ကို ရဟန်း မိန်းမ ၁-ယောက်အား ပေးရမည်။** သာမဏေ မိန်းမဖြစ်သော်လည်း ထက်ဝက်ကိုသာ ပေးရမည်။ ရဟန်းမိန်းမ ၁-ကျိပ်ရှိ၍ ရဟန်း ယောကျ်ားက ၁-ယောက်သာ ရှိရာ၌လည်း နည်းတူ။ သာမဏေဖြစ်သော်လည်း ထက်ဝက် ပေးရမည် ဟူလို။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၆၆] ဘုရားအမှူးရှိသော သံဃာကို လှူဒါန်းပုံ

(၁) မေး။ ။ ယခုအခါ ဗုဒ္ဓပွဲမုခ သံဃာကို လှူလိုမူ အဘယ်သို့ လှူရပါအံ့နည်း?

ဖြေ။ ။ ယခုအခါ ဘုရားအမှူးရှိသော သံဃာကို လှူလိုမူ ဥဒ္ဒိဿကဖြစ်သော စေတီရုပ်ပွါး ၁-ဆူဆူသောဘုရားကို အလယ်ထား၍ လက်ဝဲ,လက်ျာ၌ ရဟန်းသံဃာကို ပင့်ထား၍ "ဗုဒ္ဓပွဲမုခဿ သံဃဿ ဒေမ"ဟု ဆို၍ လှူရမည်။

သက်သက် ဘုရားကိုသာ လှူလိုမူ စေတီရုပ်ပွါး ဘုရား၏ရှေ့တော်၌ တည်ထား၍ "ဗုဒ္ဓဿ ဒေမ"ဟု ဆို၍ လှူရမည်။

၁။ ပုဗ္ဗေ ဗုဒ္ဓပွဲမုခဿ ဥဘတောသံဃဿ ဒါနံ ဒေန္တိ၊ ဘဂဝါ မဗ္ဈေ နိသီဒတိ၊ ဒက္ခိဏာတော ဘိက္ခူ, ဝါမတော ဘိက္ခုနိယော နိသီဒန္တိ၊ ဘဂဝါ ဥဘိန္နံ သံဃတ္ထေရော။ တဒါ ဘဂဝါ အတ္တနာ လဒ္ဓပွဲစ္စယေ အတ္တနာပိ ပရိဘုဉ္ဇတိ၊ ဘိက္ခုနိမ္မိ ဒါပေတိ။ ဧတရဟိ ပန ပဏ္ဍိတမနုဿာ သဓာတုကံ ပဋိမံ ဝါ စေတိယံ ဝါ ဌပေတွာ ဗုဒ္ဓပွဲမုခဿ ဥဘတောသံဃဿ ဒါနံ ဒေန္တိ။ ပဋိမာယ ဝါ စေတိယဿ ဝါ ပုရတော အာဓာရကေ ပတ္တံ ဌပေတွာ ဒက္ခိဏောဒကံ ဒတွာ ဗုဒ္ဓါနံ ဒေမာတိ–

ဟု လာသော **မဟာဝါအဋ္ဌကထာ စီဝရက္ခန္ဓကအဖွင့်**ကို ထောက်(ဝိ၊ဋ၊၃။၄၂၃-၄)။

ပုဗ္ဗေ၊ ရှေးကာလ၌။ ဗုဒ္ဓပွဲမုခဿ၊ ဘုရားအမှူးရှိသော။ ဥဘတောသံဃဿ၊ အား။ ဒါနံ၊ ကို။ ဒေန္တိ၊ ကုန်၏။ ဘဂဝါ၊ သည်။ မဗ္ဈေ၊ ၌။ နိသီဒတိ၊ ၏။ ဒက္ခိဏာတော၊ တောင်အရပ်မှ။ ဘိက္ခူ၊ တို့သည်။ နိသီဒန္တိ၊ ကုန်။ ဝါမတော၊ မြောက်အရပ်မှ။ ဘိက္ခုနိယော၊ တို့သည်။ နိသီဒန္တိ၊ ကုန်၏။ ဘဂဝါ၊ သည်။ ဥဘိန္နံ၊ ရဟန်းယောကျ်ား, ရဟန်းမိန်းမတို့၏။ သံဃတ္ထေရော၊ ထေရ်သည်။ (ဟောတိ၊ ဖြစ်၏။) ဟုတွာ၊ ၍။ တဒါ၊ ထိုအခါ၌။ ဘဂဝါ၊ သည်။ အတ္တနာ၊ ကိုယ်တော်မြတ်သည်။ လဒ္ဓပွဲစ္စယေ၊ ရအပ်သောပစ္စည်းတို့ကို။ အတ္တနာပိ၊ ကိုယ်တော်သည်လည်း။ ပရိဘုဉ္ဇတိ၊ သုံးဆောင်တော်မူ၏။ ဘိက္ခုနိမ္မိ၊ တို့အားလည်း။ ဒါပေတိ၊ ပေးစေတော်မူ၏။ ဧတရဟိ ပန၊ ယခုအခါ၌ကား။ ပဏ္ဍိတမနုဿာ၊ ပညာရှိသော လူတို့သည်။ သဓာတုကံ၊ ဓာတ်တော်ရှိသော။ ပဋိမံ ဝါ၊ ဆင်းတုတော်ကိုလည်းကောင်း။ စေတိယံ ဝါ၊ စေတီတော်မြတ်ကိုလည်းကောင်း။ ဌပေတွာ၊ ထား၍။ ဗုဒ္ဓပွဲမုခဿ၊ ရှိသော။ ဥဘတောသံဃဿ၊ အား။ ဒါနံ၊ ကို။ ဒေန္တိ၊ ကုန်၏။ ပဋိမာယ ဝါ၊ ၏လည်းကောင်း။ စေတိယဿ ဝါ၊ ၏လည်းကောင်း။ ပုရတော၊ ရှေ့တော်၌။ အာဓာရကေ၊ သပိတ်တော်

http://www.dhammadownload.com

ခြေ၌။ ပတ္တံ၊ သပိတ်ကို။ ဌပေတွာ၊ ၍။ ဒက္ခိဏောဒကံ၊ ရေစက်ကို။ ဒတွာ၊ ချပေး၍။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့အား။ ဒေမ၊ ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

✪ ✪ ✪ ✪ ✪

[၆၇]　ဘုရားဆွမ်းတော်ပွဲ စားအပ်,မအပ်

(၁) **မေး။** ။ ယခုအခါ ဘုရားလျှူသော ဘောဇဉ်ခဲဖွယ်တို့ကို သုံးဆောင်စားသောက်ခြင်းငှာ အပ်ပါမည်လော?

ဖြေ။ ။ ယခုအခါ ဘုရားကိုလျှူသော ဘောဇဉ်ခဲဖွယ်တို့ကို စားသောက် သုံးဆောင်လိမ္မာ ထိုစေတီရုပ်ပွါးဘုရားကို အမြဲစောင့်ရှောက် သုတ်သင်ပြုစုသော ရဟန်းရှင်လူတို့ စားသောက် သုံးဆောင်နိုင်သည်။

ထိုအမြဲစောင့်ရှောက် သုတ်သင်ပြုစုသောသူ မရှိခဲ့လျှင် ဘုရား၌ဝတ်ပြု၍ လူဖြစ်စေ၊ ရဟန်းသာမဏေဖြစ်စေ စားသောက်သုံးဆောင်ခြင်းငှာ အပ်သည်။

၁။　တတ္ထ ယဲ ပဌမံ ခါဒနီယံ ဘောဇနီယံ ဒေန္တိ၊ ဝိဟာရံ ဝါ အာဟရိတွာ "ဣဒံ စေတိယဿ ဒေမာ"တိ ပိဏ္ဍာပါတဉ္စ မာလာဂန္ဓာဒီနိ စ ဒေန္တိ၊ တတ္ထ ကထံ ပဋိပဇ္ဇိတဗ္ဗန္တိ? မာလာဂန္ဓာဒီနိ တာဝ စေတိယေ အာရောပေတဗ္ဗာနိ၊ ဝတ္ထေဟိ ပဋာကာ, တေလေန ပဒီပါ ကာတဗ္ဗာ၊ ပိဏ္ဍာပါတမဓုဖာဏိတာဒီနိ ပန ယော နိဗဒ္ဓစေတိယဇဂ္ဂကော ဟောတိ ပဗ္ဗဇိတော ဝါ ဂဟဋ္ဌော ဝါ၊ တဿေဝ ဒါတဗ္ဗာနိ။ နိဗဒ္ဓဇဂ္ဂကေ အသတိ အာဟဋဘတ္တံ ဌပေတွာ ဝတ္တံ ကတွာ ပရိ-ဘုဉ္ဇိတုံ ဝဋ္ဋတိ။ ဥပကဋ္ဌေ ကာလေ ဘုဉ္ဇိတွာ ပစ္ဆာပိ ဝတ္တံ ကာတုံ ဝဋ္ဋတိယေဝ-

ဟု လာသော **မဟာဝါအဋ္ဌကထာ၊ စီဝရက္ခန္ဓကအဖွင့်**ကို ထောက်(ဝိ၊ဋ၊၃။၄၂၄)။

တတ္ထ၊ ထိုဘုရား၌။ ယဲ ခါဒနီယံ၊ ကို။ ယဲ ဘောဇနီယံ၊ ကို။ ပဌမံ၊ ရှေးဦးစွာ။ ဒေန္တိ၊ ကုန်၏။ ဝိဟာရံ ဝါ၊ သို့မူလည်း။ အာဟရိတွာ၊ ၍။ ဣဒံ၊ ဤဝတ္ထုကို။ စေတိယဿ၊ စေတီတော်အား။ ဒေမ၊ ကုန်၏။ ဣတိ၊ သို့။ ဒေန္တိ၊ ကုန်၏။ ပိဏ္ဍာပါတဉ္စ၊ ဆွမ်းကိုလည်းကောင်း။ မာလာဂန္ဓာဒီနိ စ၊ ပန်းနံ့သာ စသည်တို့ကိုလည်းကောင်း။ ဒေန္တိ၊ ကုန်၏။ တတ္ထ၊ ထိုလျှူရာ၌။ ကထံ ပဋိပဇ္ဇိတဗ္ဗံ၊ အဘယ်သို့ ကျင့်ရပါအံ့နည်း။ ဣတိ၊ သို့။ ဝုတ္တေ၊ ရှိသော်။ တာဝ၊ စွာ။ မာလာဂန္ဓာဒီနိ၊ ပန်းနံ့သာစသည်တို့ကို။ စေတိယေ၊ စေတီတော်၌။

http://www.dhammadownload.com

အာရောပေတဗ္ဗာနိ၊ တင်အပ်ကုန်၏။ ဝတ္ထေဟိ၊ တို့ဖြင့်။ ပဋ္ဌာကာ၊ ကုက္ကားတံခွန်တို့ကို။ ကာတဗ္ဗာ၊ ကုန်၏။ တေလေန၊ ဆီဖြင့်။ ပဒီပါ၊ ဆီမီးတို့ကို။ ကာတဗ္ဗာ၊ ကုန်၏။ ပိဏ္ဍပါတ-မဓုဖာဏိတာဒီနိ ပန၊ ဘုရား၌တင်အပ်သော ဆွမ်း, ပျားရည်, တင်လဲ စသည်တို့ကိုကား။ ယော ပဌဓိတော ဝါ၊ သည်လည်းကောင်း။ ယော ဂဟဋ္ဌော ဝါ၊ သည်လည်းကောင်း။ နိဗဒ္ဓံ၊ အမြဲမပြတ်။ စေတိယင်္ဂဏကော၊ စေတီကို စောင့်ရှောက်သုတ်သင်ပြုစုသည်။ ဟောတိ၊ ဖြစ်၏။ တသ္မော၊ ထိုသူအားသာ။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ နိဗဒ္ဓဂဏကေ၊ အမြဲစောင့်ရှောက်သုတ်သင်ပြုစုသောသူသည်။ အသတိ၊ မရှိသော်။ အာဟဋ္ဌဘတ္တံ၊ တင်သောဆွမ်းကို။ ဌပေတွာ၊ ကောက်ယူထား၍။ ဝတ္တံ၊ ဘုရား၌ပြုအပ်သောဝတ်ကို။ ကတွာ၊ ၍။ ပရိဘုဉ္ဇိတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။ ကာလေ၊ မွန်းတည့်အချိန်သည်။ ဥပကဋ္ဌေ၊ နီးလတ်သော်။ ဘုဉ္ဇိတွာ၊ စားပြီး၍။ ပစ္ဆာပိ၊ နောက်မှလည်း။ ဝတ္တံ၊ ဝတ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိယေဝ၊ အပ်သည်သာတည်း။

✪ ✪ ✪ ✪ ✪

[၆၈] သံဃာ့ပစ္စည်း သုံးဆောင်သင့်, မသင့်

(၁) မေး။ ။ ရဟန်းသံဃာတို့ပစ္စည်းကို ရဟန်းသံဃာတို့က ပေးစွန့်လျှင် လူတို့စားသောက်ခြင်းငှာ အပ်ပါမည်လော?

ဖြေ။ ။ ရဟန်းသံဃာတို့က ပေးစွန့်လျှင် သုံးဆောင်စားသောက်ခြင်း၌ အပြစ်မရှိ။

၁။ တေန ခေါ ပန သမယေန သံဃဿ ခါဒနီယံ ဥဿန္နံ ဟောတိ။ အထ ခေါ အာယသ္မာ အာနန္ဒော ဘဂဝတော စေတမတ္ထံ အာရောစေသိ။ တေနဟာနန္ဒ ဝိဃာသာဒါနံ ပူဝံ ဒေဟီတိ။–

ဟု ဟောတော်မူသော **အစေလကသိက္ခာပုဒ်ပါဠိတော်**ကို ထောက်(၀၊၂။၁၂၂)။

တေန ခေါ ပန သမယေန၊ ၌။ သံဃဿ၊ အား။ ခါဒနီယံ၊ ခဲဖွယ်သည်။ ဥဿန္နံ၊ များသည်။ ဟောတိ၊ ၏။ အထ ခေါ၊ ထိုအခါ၌။ အာယသ္မာ၊ သော။ အာနန္ဒော၊ သည်။ ဘဂဝတော၊ အား။ စေတမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြားလျှောက်၏။ အာနန္ဒ၊ အာနန္ဒာ။ တေနဟိ၊ ကြောင့်သာလျှင်။ ဝိဃာသာဒါနံ၊ စားကြွင်းစားတို့အား။ ပူဝံ၊ မုန့်ကို။ ဒေဟိ၊ ပေးလော့။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၆၉] ဘုရားမြေ စသည်၌ နေထိုင်လျှင် အပြစ်ရှိ, မရှိ

(၁) **မေး။** ။ ဘုရားမြေ, ဘုရားကျောင်း, ရဟန်းသံဃာမြေ, ရဟန်းသံဃာကျောင်းတို့၌ လူတို့သည် သွားလာ နေထိုင်ခြင်း, တက်နေခြင်း, အိပ်ခြင်းတို့၌ အပြစ်ရှိမည်လော?

ဖြေ။ ။ ဘုရားမြေ, ဘုရားကျောင်းဖြစ်စေ, သံဃိကမြေ, သံဃိကကျောင်းဖြစ်စေ အများလူတို့ နေထိုင်စေခြင်းငှာ အခွင့်ပြု၍ ထားအပ်သော နေရာဌာနတို့၌ သွားလာ နေထိုင်ခြင်း၌ အပြစ် မရှိကုန်။

အပြေအပြစ် အထူးပြုအပ်သော နေရာတို့၌ သွားလာ နေထိုင်ခြင်းကို အခွင့်မပေးသောကြောင့် ဝေယျာဝစ္စကို ဆောင်သောသူမှတပါး အခြားလူတို့ မအပ်ကုန်။

ဝေယျာဝစ္စကို ဆောင်လိုပြုလို၍, ဘုရားကို လျှူဒါန်းပူဇော် ဖူးမြော်ကန်တော့လို၍ ဘုရားမြေသို့ နင်းဝင်ခြင်း, ဘုရားကျောင်းသို့ တက်ထိုင်ခြင်းတို့၌လည်းကောင်း၊ ရဟန်း, သံဃာကို လျှူဒါန်းပူဇော်လို, တရားနာလို, ဖူးမြော်လို၍ သံဃိကမြေသို့ နင်းဝင်ခြင်း, သံဃိကကျောင်းသို့ တက်ထိုင်ခြင်းတို့၌လည်းကောင်း ရှိသေလေးမြတ်သောစိတ်ရှိ၍ အပြစ်မရှိကုန်။

ထိုဘုရားမြေ, ကျောင်းမြေတို့၌ အညစ်အကြေး စွန့်ပစ်ရာအရပ်မှာ လူတို့သည် တပါးသော အရပ်သို့ သွားနိုင်ခွင့် မရ၍ အညစ်အကြေးကို စွန့်ပစ်မိသော်လည်း ပြစ်မှား လိုသောစိတ် မရှိ၍ အပြစ်မရှိ။

၁။ အထောက်အထားကိုလိုမူ ဘုရားလက်ထက်တော်ကပင် ဘုရားအမှူးရှိသော သံဃိက လျှူဒါန်းသော **ဇေတဝန်ကျောင်း, ဝေဠုဝန်ကျောင်း, ပုဗ္ဗာရုံကျောင်း**စသောကျောင်းတို့၌ ကျောင်းဒါယကာ, ကျောင်းအမှန့်တကွ ပြည်သူလူအများတို့ပင် ထွက်ဝင်သွားလာ နေထိုင်ကြသည်ကား အလွန်ထင်ရှားသည်။ တတိယသင်္ဂီယနာတင်ရာ၌လည်း **အသောကာရာမကျောင်း, သီဟိုဠ်ကျွန်း, မေဃဝန်ဥယျာဉ်**တို့ကို လျှူ၍ ဆောက်လုပ်သော ကျောင်းတို့၌ များစွာသောလူတို့ ထွက်ဝင် သွားလာ နေထိုင်ကြသည်ကား အလွန်ထင်ရှားသည်ဖြစ်၍ ဝိနည်းပိဋကတ်, သုတ္တန်ပိဋကတ် အရပ်ရပ်သော ပါဠိ, အဋ္ဌကထာတို့မှာ ရှုလေ။

၂။ ထို့ကြောင့် **ဓမ္မပဒအဋ္ဌကထာ**၊ပုပ္ဖဝဂ်အဖွင့်၌–

ဝိသာခါ စတ္တာရော မာသေ အန္တောဝိဟာရေ ဝုဒ္ဌပုဗ္ဗမုခသဿ ဘိက္ခုသံဃဿ ဒါန အဒါသိ– ဟု မိန့်တော်မူ၏(ဓမ္မပဒ၊၁။ ၂၆၂)။

http://www.dhammadownload.com

ဝိသာခါ၊ သည်။ စတ္တာရော မာသေ၊ ၄-လတို့ပတ်လုံး။ အန္တောဝိဟာရေ၊ ပုဗ္ဗာရုံ ကျောင်းတွင်း၌။ ပုဒ္ဓပွဖုခဿ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃဿ၊ အား။ ဒါန်၊ ကို။ အဒါသိ၊ ပေးလှူ၏။

အဓိပ္ပါယ်ကား- စ-ပယ်ကျယ်သောမြေကို ၉-ကုဋေပေး၍ ဝယ်ယူပြီးလျှင် ၉-ကုဋေ တန်သော ကျောင်းဆောက်၍ ဘုရားအမှူးရှိသော သံဃာအား ကျောင်းမြေနှင့်တကွ ကျောင်းကို လှူပြီး၍ ထိုကျောင်းတွင်း၌သာလျှင် ၄-လပတ်လုံးနေ၍ ၉-ကုဋေကုန်အောင် ဆွမ်းကျွေး လှူဒါန်းပူဇော်သည် ဟူလို။

၃။ ထို့ကြောင့် ဂင်းအဋ္ဌကထာ၌–

> ဣတိ ဝိဟာရဿ ဘူမိဂ္ဂဟဏေ နဝ ကောဋိယော, ဝိဟာရဿ ကာရာပနေ နဝ, ဝိဟာရမဟေ နဝါ'တိ သတ္တာပိ သတ္တဝီသတိ ကောဋိယော သာ ဗုဒ္ဓသာသနေ ပရိစ္စဇိ။–

ဟု မိန့်တော်မူသည်(ဓမ္မပဒ၊၁။၂၆၂)။

ဣတိ၊ သို့။ ဝိဟာရဿ၊ ၏။ ဘူမိဂ္ဂဟဏေ၊ မြေကိုဝယ်ယူရာ၌။ နဝ ကောဋိယော၊ ၉-ကုဋေတို့လည်းကောင်း။ ဝိဟာရဿ၊ ကို။ ကာရာပနေ၊ ပြုစေခြင်း၌။ နဝ၊ ၉-ကုဋေတို့ လည်းကောင်း။ ဝိဟာရမဟေ၊ ကျောင်းပူဇော်ပွဲ၌။ နဝ၊ ၉-ကုဋေတို့လည်းကောင်း။ ဣတိ၊ သို့။ သတ္တာပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ သတ္တဝီသတိ ကောဋိယော၊ ၂၇-ကုဋေတို့ကို။ သာ၊ ထိုဝိသာခါသည်။ ဗုဒ္ဓသာသနေ၊ ၌။ ပရိစ္စဇိ၊ စွန့်လှူ၏။

✪ ✪ ✪ ✪ ✪

[၇၀] ရဟန်းက လူနှင့် တိရစ္ဆာန်ကို ကျိန်ဆဲခြင်း

(၁) မေး။ ။ ရဟန်းတို့သည် တိရစ္ဆာန်ကို ကျိန်ဆဲခြင်း၌ အာပတ်လွတ်ပါမည်လော။

ဖြေ။ ။ ရဟန်းတို့မှာ စကားကို ရိပ်မိသော တိရစ္ဆာန်ကို ဖြစ်စေ၊ လူသာမဏေကို ဖြစ်စေ သက်သက် စိတ်ဆိုး၍ ဆဲရေးခြင်း ၁၀-ပါးတို့တွင် ၁-ပါးပါးဖြင့် ဆဲရေးမူ ဒုက္ကဋ် အာပတ်သင့်သည်။ ရယ်မြူးလို၍ ဆဲရေးခြင်း ၁၀-ပါးတို့ဖြင့် ဆဲရေးမူ ဒုဿီ အာပတ်သင့်သည်။

http://www.dhammadownload.com

၁။ အနုပသမ္မန္နေ ပန စတူသုပိ ဝါရေသု ဒုက္ကဋမေဝ– ဟူ၍လည်းကောင်း၊

ဒဝကမျတာယ ပန ဥပသမ္မန္နေပိ အနုပသမ္မန္နေပိ သဗ္ဗဝါရေသု ပါဠိယံ ဒုဿာသိတံ ဝုတ္တံ။ ဒဝကမျတာ နာမ ကေဠိဟာသာဓိပ္ပါယတာ။ ဣမသ္မိံ စ သိက္ခာပဒေ ဌပေတွာ ဘိက္ခုံ ဘိက္ခုနိအာဒယော သဗ္ဗသတ္တာ အနုပသမ္မန္နဋ္ဌာနေ ဌိတာတိ ဝေဒိတဗ္ဗာ-

ဟူ၍လည်းကောင်း လာသော **ပါစိတ်အဋ္ဌကထာကို** ထောက်(ဝိ၊၄၊၃၊၆)။

အနုပသမ္မန္နေ ပန၊ လူသာမဏေဒ္ဒကား။ စတူသုပိ၊ ၄-ပါးလည်း ဖြစ်ကုန်သော။ ဝါရေသု၊ ဝါရတို့၌။ ဒုက္ကဋမေဝ၊ ဒုက္ကဋ်အာပတ်သာလျှင်တည်း။ ဒဝကမျတာယ ပန၊ ပြက်ရယ်ပြုလို, ရယ်ရွှင်လိုသဖြင့်ကား။ ဥပသမ္မန္နေပိ၊ ရဟန်း၌လည်းကောင်း။ အနုပသမ္မန္နေပိ၊ လူ,သာမဏေ၌လည်းကောင်း။ သဗ္ဗဝါရေသု၊ အလုံးစုံသော ဝါရတို့၌။ ပါဠိယံ၊ ၌။ ဒုဿာသိတံ၊ ဒုဿာသီအာပတ်ကို။ ဝုတ္တံ၊ ၏။ ဒဝကမျတာ နာမ၊ မည်သည်။ ကေဠိဟာသာဓိပ္ပါယတာ၊ ပြက်ရယ်ပြုလို ရယ်ရွှင်လိုသည်၏ အဖြစ်တည်း။ **ဣမသ္မိံ စ သိက္ခာပဒေ၊ ၌လည်း**။ **ဘိက္ခုံ၊ ကို**။ **ဌပေတွာ၊ ၍**။ **ဘိက္ခုနိအာဒယော၊ ကုန်သော**။ **သဗ္ဗသတ္တာ၊ တို့သည်**။ **အနုပသမ္မန္နဋ္ဌာနေ၊ အရာ၌**။ **ဌိတာ၊ ကုန်၏**။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

တိရစ္ဆာန်မှာ စကားကို နားလည်၍ ဆဲရေးသော ပရိယာယ်ကို သိသော တိရစ္ဆာန်ကိုသာ ယူရမည်။

၂။ ထို့ကြောင့် **သာရတ္ထဒီပနီဋီကာ၌**–

သဗ္ဗသတ္တာတိ ဧတ္ထ ဝစနပ္ပဋိဇာနနပကတိကာ တိရစ္ဆာနဂတာပိ ဂဟေတဗ္ဗာ-

ဟူ၍ ဖွင့်ဆိုတော်မူသည်(သာရတ္ထ၊၃၊၄)။

သဗ္ဗသတ္တာတိ **ဧတ္ထ**၊ ဤပုဒ်၌။ ဝစနပ္ပဋိဇာနနပကတိကာ၊ စကားကို သိတတ်သော သဘောရှိကုန်သော။ တိရစ္ဆာနဂတာပိ၊ တို့ကိုလည်း။ ဂဟေတဗ္ဗာ၊ ကုန်၏။

ရဟန်းတို့သည် အရှုပ်ဆိုးသောသူကို ပြက်ရယ်ပြုလို, ရယ်မြူးလို၍ လှပယဉ်ကျေးသောလူဟု ဆိုမူ **ဒုဿာသီအာပတ်**သင့်သည်။ ဆဲရေးလို၍ ကဲ့ရဲ့လို၍ ဆိုမူ **ဒုက္ကဋ်အာပတ်**သင့်သည်။ လှည့်စားလို၍ သူတပါးအား ပြောမူ **ပါစိတ်အာပတ်**သင့်သည်ဟု မှတ်လေ။

၃။ အနုပသမ္မန္နေသု ဒုက္ကဋံ၊ ဥက္ကဋ္ဌဟီနဇာတိအာဒီဟိ ဒဝါ အက္ကောသန္တသ္သ ဒုဿာ-
သိတံ၊ ကေဝလံ မုသာ ဘဏန္တသ္သ ပါစိတ္တိယံ။–

ဟု လာသော **ဝိမတိဝိနောဒနီဋီကာကို**ထောက်(ဝိမတိ၊၂၊၂)။

http://www.dhammadownload.com

အနုပသမ္မန္နေသု၊ လူ, သာမဏေတို့၌။ ဒုက္ကဋ်၊ ဆဲရေးသောရဟန်းအား ဒုက္ကဋ် သင့်၏။ ဥက္ကဋ္ဌဟီနဇာတိအာဒီဟိ၊ မြတ်သော ဇာတ်, ယုတ်သောဇာတ် စသည်တို့ဖြင့်။ ဒဝါ၊ ရယ်မြူးလိုသည်ဖြစ်၍။ အက္ကောသန္တသ၊ ဆဲရေးသော ရဟန်းအား။ ဒုဿာသိတံ၊ ဒုဿာသီအာပတ်သင့်၏။ ကေဝလံ၊ သက်သက်။ မုသာ၊ မှားယွင်းစွာ။ ဘဏန္တသ၊ အား။ ပါစိတ္တိယံ၊ ၏။

အကျယ်ကိုလိုမူ ဩမသဝါဒသိက္ခာပုဒ်အဖွင့်အဋ္ဌကထာ, ဋီကာတို့မှာ ရှုလေ။

✪ ✪ ✪ ✪ ✪

[၇၁] တိရစ္ဆာန်တို့အား လှည့်စားခြင်း

(၁) မေး။ ။ရဟန်းတို့သည် တိရစ္ဆာန်တို့အား လှည့်စားရာ အာပတ်သင့်မည်လော?

ဖြေ။ ။ထိုအမေးပုစ္ဆာမှာ–

၁။ ဝိသံဝါဒနပုရေက္ခာရတာ, ဝိသံဝါဒနစိတ္တေန ယမတ္ထံ ဝတ္ထုကာမော၊ တဿ ပုဂ္ဂလဿ ဝိညာပနပယောဂေါ စာတိ ဣမာနေတ္ထ ဒွေ အင်္ဂါနိ။

(ကင်္ခါ။၌၊၁၃၀။ သာရတ္ထ၊၃။၂)

ဟု မာတိကာအဋ္ဌကထာ, တေရသကင်္ခီကာတို့၌ လာသည်။

ဝိသံဝါဒနပုရေက္ခာရတာ၊ လှည့်စားသဖြင့် ဆိုလိုသောစိတ်ကို ရှေးရှုသည်၏ အဖြစ်။ ဝိသံဝါဒနစိတ္တေန၊ လှည့်စားလိုသော စိတ်ဖြင့်။ ယမတ္ထံ၊ အကြင်အနက်ကို။ ဝါ၊ အကြောင်းကို။ ဝတ္ထုကာမော၊ ဆိုလို၏။ တဿ၊ ထိုလှည့်စားသော အနက်ကို။ ပုဂ္ဂလဿ၊ အား။ ဝိညာပနပယောဂေါ စ၊ သိစေခြင်းငှာ ပြုသော လှုံ့လပယောဂလည်းကောင်း။ ဣတိ၊ သို့။ ဧတ္ထ၊ ဤသိက္ခာပုဒ်၌။ အင်္ဂါနိ၊ တို့သည်။ ဣမာနိ ဒွေ၊ ၂-ပါးတို့တည်း။

၂။ ဝိမတိဝိနောဒနီဋီကာ၌လည်း–

ဝတ္ထုဝိရဓိတာတာ, ဝိသံဝါဒနပုရေက္ခာရတာ, ယမတ္ထံ ဝတ္ထုကာမော၊ တဿ ပုဂ္ဂလဿ ဝိညာပနပယောဂေါ စာတိ ဣမာနေတ္ထ တီဏိ အင်္ဂါနိ–

ဟု လာသည်(ဝိမတိ၊၂။၂)။

http://www.dhammadownload.com

ဝတ္ထုဝိပရီတတာ၊ ဝတ္ထုဖောက်ပြန်သည်၏ အဖြစ်။ ဝိသံဝါဒနပုရေက္ခာရတာ၊ လှည့်စားလိုသောစိတ်ကို ရှေးရှုသည်၏ အဖြစ်။ ယမတ္ထံ၊ အကြင် မမှန်သောအနက်ကို။ ဝါ၊ ဖောက်ပြန်သော အကြောင်းကို။ ဝတ္ထုကာမော၊ ဆိုလို၏။ တဿ၊ ထိုမမှန်သော အနက်ကို။ ပုဂ္ဂလဿ၊ အား။ ဝိညာပနပယောဂေါ စ၊ သိစေခြင်း ပယောဂလည်းကောင်း။ ဣတိ၊ သို့။ ဇတ္ထ၊ ၌။ အဂိါနိ၊ တို့သည်။ ဣမာနိ တိဏိ၊ ဤ ၃-ပါးတို့တည်း။

၃။ **ဝိနယတ္ထမဇ္ဈာသာဒီကာ၌လည်း–**

သော စ ပန မုသာဝါဒေါ ပုဗ္ဗဘာဂက္ခဏေ စ တခ်ဏေ စ ဝိဇာနန္တိဿ ဟောတိ။ ဧတံ ဟိ ဒွယံ အင်္ဂံဘူတံ။– ဟု ဆိုတော်မူ၏(ကခ်။ဋီ-သစ်။၃၄၆)။

သော စ ပန မုသာဝါဒေါ၊ သည်ကား။ ပုဗ္ဗဘာဂက္ခဏေ စ၊ မဆိုမိ ရှေ့အဖို့ခဏ၌လည်းကောင်း။ တခ်ဏေ စ၊ ထိုစကားကို ဆိုသောခဏ၌လည်းကောင်း။ ဝိဇာနန္တိဿ၊ သိသောသူအား။ ဟောတိ၊ ၏။ ဟိ၊ မှန်၏။ ဧတံ ဒွယံ၊ ဤ ၂-ပါးသည်။ အင်္ဂံဘူတံ၊ မုသာဝါဒအင်္ဂါ ဖြစ်၏။

၄။ **ခုဒ္ဒသိက္ခာဒီကာဟောင်း၌လည်း–**

ပုဗ္ဗေပိ "မုသာ ဘဏိဿာမိ"တိ စေတေတ္တာ, ဝစနက္ခဏေ စ "မုသာ ဘဏာမိ"တိ ဇာနိတ္တာ ဇာနန္တဿေဝ မုသာဘဏနေ ပါစိတ္တိ နာမ အာပတ္တိ ဟောတီတိ အတ္ထော။ ယဿ ဘဏတိ၊ သော တံ နံ သုဏာတိ၊ အာပတ္တိ နံ ဟောတိ။–

ဟု လာသည်(ခုဒ္ဒသိက္ခာ၊ ဋီဟောင်း။၁၂၇)။

ပုဗ္ဗေပိ၊ ရှေး၌လည်း။ မုသာ၊ လှည့်စားသောစကားကို။ ဘဏိဿာမိ၊ ဆိုအံ့။ ဣတိ၊ သို့။ စေတေတ္တာ၊ စေ့ဆော်၍။ ဝစနက္ခဏေ စ၊ ဆိုသောခဏ၌လည်း။ မုသာ၊ လှည့်စားသောစကားကို။ ဘဏာမိ၊ ဆို၏။ ဣတိ၊ သို့။ ဇာနိတ္တာ၊ သိ၍။ ဇာနန္တဿေဝ၊ သိသောသူအားသာလျှင်။ မုသာဘဏနေ၊ မုသားဆိုခြင်း၌။ ပါစိတ္တိ နာမ၊ မည်သော။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ တည်း။ ယဿ၊ အား။ ဘဏတိ၊ ဆို၏။ သော၊ ထိုသူသည်။ တံ၊ ထိုစကားကို။ နံ သုဏာတိ၊ မကြား။ အာပတ္တိ၊ သည်။ နံ ဟောတိ၊ မဖြစ်။

၅။ **မူလသိက္ခာဒီကာသစ်၌လည်း–**

ဇတ္ထ စ သမ္မဇာနန္တော ပရေသံ အနတ္ထာယ ဒိဋ္ဌံ အဒိဋ္ဌန္တိအာဒိနာ ဝိတထံ ကတ္တာ ဘဏနေ ပါစိတ္တိယံ။– ဟု လာသည်။

http://www.dhammadownload.com

၆။ **ဝိမတိဝိနောဒနီဋီကာ ကုဋီကာရသိက္ခာပုဒ်အဖွင့်၌လည်း–**

ပါဠိယံ ပတ္တေန မေ အတ္ထောတိ အနတ္ထိကမ္မိ ပတ္တေန ဘိက္ခုံ ဧဝံ ဝဒါပေန္တော ဘဂဝါ သောတ္ထိယာ မန္တပဒဝသေန ဝဒါပေသိ။ သောပိ ဘိက္ခု ဘဂဝတော အာဏတ္တ-ဝစနံ ဝဒေမီတိ အဝေါစ၊ တေနဿ မုသာ နု ဟောတိ–

ဟု မိန့်ဆိုတော်မူ၏(ဝိမတိ၁။၂၇၄)။

ဤသို့လာသော အဋ္ဌကထာ,ဋီကာတို့ကို ထောက်၍ တိရစ္ဆာန်ဖြစ်သော်လည်း လှည့်စားရာ သိသည်ရှိသော် မုသားဖြစ်၍ အာပတ်သင့်သည်။

သာမဏေတို့မှာလည်း နားလည်သော တိရစ္ဆာန်ကို လှည့်စားရာ၌ မုသားဖြစ်၍ လိင်ထိုက်သည်ဟု မှတ်ရမည်။ သာမဏေတို့မှာ ရယ်မြူးလို၍ လှည့်စားပြောဆိုသော် လည်း မုသားဖြစ်၍ လိင်ထိုက်သည်ဟု မှတ်။

၇။ ထို့ကြောင့် **မဟာဝါအဋ္ဌကထာ ပဗ္ဗဇ္ဇာန္ဒက** (အနာပုစ္ဆာစရဏာဝတ္ထုအာဒိကထာ) အဖွင့်၌-

မုသာဝါဒေ ဟဿာဓိပ္ပါယတာယပိ မုသာ ဘဏိတေ အဿမဏော ဟောတိ။ နာသေတဗ္ဗတံ အာပဇ္ဇတိ– ဟု မိန့်တော်မူ၏ (ဝိ၊၅၊၃။၂၉၆)။

မုသာဝါဒေ၊ ၌။ ဟဿာဓိပ္ပါယတာယပိ၊ ရယ်မြူးလိုသဖြင့်လည်း။ မုသာ၊ ချွတ်ယွင်းသော စကားကို။ ဘဏိတေ၊ ဆိုသည်ရှိသော်။ အဿမဏော၊ သာမဏော မဟုတ်သည်။ ဟောတိ၊ ၏။ နာသေတဗ္ဗတံ၊ ဖျက်ဆီးအပ်သည်အဖြစ်သို့။ အာပဇ္ဇတိ၊ ရောက်၏။

✪ ✪ ✪ ✪ ✪

[၃၂] သာမဏေလိင်ကျရာ လူဝတ်မလဲဘဲ သရဏဂုံ ခံယူခြင်း

(၁) **မေး**။ ။ သာမဏေတို့မှာ လိင်ကျလျှင် လူဝတ် မလဲမူ၍ သရဏဂုံကို ခံယူစေခြင်းငှာ အပ်ပါမည်လော။

ဖြေ။ ။ သာမဏေတို့မှာ လိင်ကျသောအခါ ဆိုဆုံးမလွယ်သောသူဖြစ်အံ့၊ လူဝတ်လဲခြင်းကို မပြုစေမူ၍ ဝတ်မြဲတိုင်းသော သင်္ကန်းဖြင့်သာလျှင် သရဏဂုံပေး၍ ဥပဇ္ဈာယ် ယူစေအပ်သည်။

http://www.dhammadownload.com

၁။ သာမဏေရော ဟိ ကုန္ဆကိပိလ္လိကမို့ မာရေတွာ မင်္ဂုရဏ္ဏကမို့ ဘိန္နိတွာ နာသေတဗ္ဗတံယေဝ ပါပုဏာတိ၊ တာဝဒေဝဿ သရဏဂမနာနိ စ ဥပဇ္ဈာယဂ္ဂဟဏဉ္စ သေနာသနဂ္ဂါဟော စ ပဋိပ္ပဿမ္ဘတိ၊ သံယလာဘံ န လဘတိ၊ လိင်္ဂ-မတ္တမေဝ ဧကံ အဝသိဋ္ဌံ ဟောတိ။ သော သစေ အာကိဏ္ဏဒေါသော စ ဟောတိ၊ အာယတိံ သံဝရေ န တိဋ္ဌတိ၊ နိက္ကိလိတဗ္ဗော။ အထ သဟသာ ဝိရဇ္ဈိတွာ ဒုက္ကဋံ (ဒုဋ္ဌ) မယာ ကတန္တိ ပုန သံဝရေ ဌာတုကာမော ဟောတိ၊ လိင်္ဂနာသနကိစ္စံ နတ္ထိ။ ယထာနိဝတ္ထပါရုတသေဝ သရဏာနိ ဒါတဗ္ဗာနိ၊ ဥပဇ္ဈာယော ဒါတဗ္ဗော၊ သိက္ခာပဒါနိ ပန သရဏဂမနေနေဝ စ ဂ္ဂဟိတ္ထာနိ။ သာမဏေရာနံ ဟိ သရဏဂမနံ ဘိက္ခူနံ ဥပသမ္ပဒကမ္မဝါစာသဒိသံ၊ တသ္မာ ဘိက္ခူနံ ဝိယ စတုပါရိသုဒ္ဓိသီလံ ဂ္ဂမိနာပိ ဒသ သီလာနိ သမာဒိန္နာနေဝ ဟောန္တိ၊ ဧဝံ သန္တေပိ ဒဋ္ဌီကရဏတ္ထံ, အာယတိံ သံဝရေ ပတိဋ္ဌာပနတ္ထံ ပုန ဒါ တဗ္ဗာနိ–

ဟု လာသော **မဟာဝါအဋ္ဌကထာ ပဗ္ဗဇ္ဇာန္ဒကအဖွင့်ကိုထောက်**(ဝိ၊ဋ္ဌ၊၃။ ၂၉၅-၆)။

ဟိ၊ မှန်၏။ သာမဏေရော၊ သည်။ ကုန္ဆကိပိလ္လိကမို့၊ ပိုးရွ, ခြုပုန်းကိုလည်း။ မာရေတွာ၊ သတ်၍။ မင်္ဂုရဏ္ဏကမို့၊ ကြမ်းပိုးဥကိုလည်း။ ဘိန္နိတွာ၊ ခွဲ၍။ နာသေတဗ္ဗတံယေဝ၊ ဖျက်ဆီးအပ်သော အဖြစ်သို့သာလျှင်။ ပါပုဏာတိ၊ ရောက်၏။ တာဝဒေဝ၊ ထိုခဏ၌လျှင်။ အဿ၊ ထိုသာမဏေ၏။ သရဏဂမနာနိ၊ သရဏဂုံတို့သည်လည်းကောင်း။ ဥပဇ္ဈာယဂ္ဂ-ဟဏဉ္စ၊ ဥပဇ္ဈာယ်ယူခြင်းသည်လည်းကောင်း။ သေနာသနဂ္ဂါဟော စ၊ ကျောင်းခံခြင်းသည်လည်းကောင်း။ ပဋိပ္ပဿမ္ဘတိ၊ ငြိမ်း၏။ သံယလာဘံ၊ သံယာ့လာဘ်ကို။ န လဘတိ။ မရ။ ဧကံ၊ ၁-ခုသော။ လိင်္ဂမတ္တမေဝ၊ သာမဏေအသွင်မျှသည်သာလျှင်။ အဝသိဋ္ဌံ၊ ကြွင်းသည်။ ဟောတိ၊ ၏။ သော၊ ထိုသာမဏေသည်။ အာကိဏ္ဏဒေါသော စ၊ ပြွမ်းသော အပြစ်ရှိသည်လည်း။ သစေ ဟောတိ၊ ဖြစ်အံ့။ အာယတိံ၊ နောင်အခါ၌။ သံဝရေ၊ စောင့်စည်းခြင်း၌။ သစေ န တိဋ္ဌတိ၊ မတည်သည် ဖြစ်အံ့။ နိက္ကိလိတဗ္ဗော၊ နှင်ထုတ်အပ်၏။ အထ၊ ထိုသို့မဟုတ်။ သဟသာ၊ အဆောတလျင်။ ဝိရဇ္ဈိတွာ၊ ချွတ်ယွင်း၍။ မယာ၊ အကျွန်ုပ်သည်။ ဒုက္ကဋံ၊ မကောင်းမှုကို။ ကတံ၊ ပြုအပ်၏။ ဂ္ဂတိ၊ သို့။ သံဝရေ၊ စောင့်စည်း ခြင်း၌။ ဌာတုကာမော၊ တည်လိုသည်။ ဟောတိ၊ ၏။ လိင်္ဂနာသနကိစ္စံ၊ သာမဏေအသွင်ကို ဖျက်ဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ယထာနိဝတ္ထပါရုတသေဝ၊ ဝတ်မြဲ ရုံမြဲတိုင်းသော အဝတ်ဖြင့်သာလျှင်။ သရဏာနိ၊ တို့ကို။ ဒါတဗ္ဗာနိ၊ ကုန်၏။ ဥပဇ္ဈာယော၊ ကို။ ဒါတဗ္ဗော၊ ပေးအပ်၏။ သိက္ခာပဒါနိ ပန၊ တို့သည်ကား။ သရဏဂမနေနေဝ၊ သရဏဂုံကို ခံယူသဖြင့် သာလျှင်။ ဂ္ဂဟိတ္ထာနိ၊ ပြည့်စုံကုန်၏။ ဟိ၊ မှန်၏။ ဝါ၊ ဟိ ယသ္မာ၊ အကြောင်းကြောင့်။ သာမဏေ-ရာနံ၊

http://www.dhammadownload.com

တို့၏။ သရဏဂမန်၊ သည်။ ဘိက္ခူနုံ၊ တို့၏။ ဥပသမ္မဒကမ္မဝါစာသဒိသံ၊ ရဟန်းခံသော ကမ္မဝါစာနှင့်တူ၏။ တသ္မာ၊ ကြောင့်။ ဘိက္ခူနုံ၊ တို့၏။ စတုပါရိသုဒ္ဓိသီလံ ဝိယ၊ ၄-ပါးသော ပါရိသုဒ္ဓိသီလကဲ့သို့။ ဣမိနာပိ၊ ဤသာမဏေသည်လည်း။ ဒသ သီလာနိ၊ ၁၀-ပါးသောသီလ တို့သည်။ သမာဒိန္နာနေဝ၊ ဆောက်တည်အပ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ ဧဝံ သန္တေပိ၊ ဤသို့ ဆောက်တည်အပ်သည်ဖြစ်သော်လည်း။ ဒဋ္ဌီကရဏတ္ထံ၊ မြဲမြံသည်ကို ပြုခြင်းငှာ။ အာယတိံ၊ နောင်အခါ၌။ သံဝရေ၊ စောင့်စည်း ခြင်း၌။ ပတိဋ္ဌာပနတ္ထံ၊ တည်စေခြင်းငှာ။ ပုန၊ တဖန်။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။

ထိုအဋ္ဌကထာ၌ **"အာယတိံ သံဝရေ နံ တိဋ္ဌတိ၊ နိဂ္ဂမိုတဗ္ဗော"**ဟူသော စကားမှာ ၃-ကြိမ်မြောက် ဆိုဆုံးမ၍မရသော သာမဏေကိုသာ ဖျက်ဆီးရမည်ဟု မှတ်။

၂။ ထို့ကြောင့် **တေရကဏ်ဍီကာ၌**–

> အာယတိံ သံဝရေ နံ တိဋ္ဌတိ၊ နိဂ္ဂမိုတဗ္ဗောတိ ဧတ္ထ သစေ ယာဝတတိယံ ဝုစ္စမာနော နံ သြရမတိ၊ သံယံ အပလောကေတွာ နာသေတဗ္ဗော။ ပုန ပဗ္ဗဇ္ဇံ ယာစမာနောပိ အပလောကေတွာ ပဗ္ဗဇေတဗ္ဗောတိ ဝဒန္တိ–

ဟု ဆိုတော်မူ၏(သာရတ္ထ၊၃။၂၅၆)။

အာယတိံ သံဝရေ နံ တိဋ္ဌတိ၊ နိဂ္ဂမိုတဗ္ဗောတိ ဧတ္ထ၊ ၌။ ယာဝ တတိယံ၊ ၃-ကြိမ်မြောက်အောင်။ ဝုစ္စမာနော၊ ဆိုအပ်သည်ရှိသော်။ သစေ နံ သြရမတိ၊ မရှောင်ကြဉ်သည်ဖြစ်အံ့။ သံယံ၊ ကို။ အပလောကေတွာ၊ ပန်ကြား၍။ နာသေတဗ္ဗော၊ ဖျက်ဆီးအပ်၏။ ပုန၊ တဖန်။ ပဗ္ဗဇ္ဇံ၊ သာမဏေအဖြစ်ကို။ ယာစမာနောပိ၊ တောင်းပန်သော်လည်း။ အပလောကေတွာ၊ သံယာကို ပန်ကြား၍။ ပဗ္ဗဇေတဗ္ဗော၊ ရှင်ပြုအပ်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။

ဤသို့ လာသော အဋ္ဌကထာ, ဋီကာကို ထောက်၍ လိင်ကျသော သာမဏေကို ဆိုဆုံးမလွယ်သောသူ ဖြစ်အံ့၊ သင်္ကန်းကို မလဲစေမူ၍ ဝတ်မြဲတိုင်းသော သင်္ကန်းဖြင့်သာ သရဏဂုံကို ပေး၍ ဥပဇ္ဈာယ်ကို ယူစေအပ်၏။

ဆိုဆုံးမခက်၍ ၃-ကြိမ်တိုင်ဆုံးမ၍ နားမထောင်သော သာမဏေကိုမူကား သာမဏေအသွင်ကို ဖျက်၍ နှင်ထုတ်အပ်၏။ တဖန် သာမဏေအဖြစ်ကို တောင်းပန်သော်လည်း သံယာကို ပန်ကြား၍ သာမဏေပြုအပ်သည်ဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၇၃] အသွင်ဖျက်ဆီးထိုက်သည့် ကဲ့ရဲ့မှုများ

(၁) မေး။ ။ သာမဏေတို့မှာ လိင် ၁၀-ပါးရှိသည်တွင် "ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ" စသည်ကိုဆိုရာ အဘယ်သို့ ကျေးဇူးမရှိသောစကားကို ဆိုမှ လိင်ထိုက်ပါသနည်း။

ဖြေ။ ။ ထိုအမေးပုစ္ဆာမှာ—

၁။ အဝဏ္ဏဘာသနေ ပန "အရဟံ သမ္မာသမ္ဗုဒ္ဓေါ"တိ အာဒိနံ ပဋိက္ခေပဝသေန ဗုဒ္ဓဿ ဝါ, "သွာက္ခာတော"တိအာဒိနံ ပဋိက္ခေပဝသေန ဓမ္မဿ ဝါ, "သုပ္ပဋိပန္နော"တိအာဒိနံ ပဋိက္ခေပဝသေန သံဃဿ ဝါ အဝဏ္ဏံ ဘာသန္တော ရတနတ္တယံ နိန္ဒန္တော ဂရဟန္တော အာစရိယုပဇ္ဈာယာဒီဟိ "မာ ဧဝံ အဝစာ"-တိ အဝဏ္ဏဘာသနေ အာဒိနဝံ ဒဿေတွာ နိဝါရေတဗ္ဗော။ သစေ ယာဝ-တတိယံ ဝုစ္စမာနော န သြရမတိ၊ ကဏ္ဏကနာသနာယ နာသေတဗ္ဗောတိ ကုရုန္ဒိယံ ဝုတ္တံ။ မဟာအဋ္ဌကထာယံ ပန "သစေ ဧဝံ ဝုစ္စမာနော တံ လဒ္ဓိ နိဿဇ္ဇတိ၊ ဒဏ္ဍကမ္မံ ကာရေတွာ အစ္ဆယံ ဒေသာပေတဗ္ဗော။ သစေ န နိဿဇ္ဇတိ၊ တထေဝ အာဒါယ ပဂ္ဂယှ တိဋ္ဌတိ၊ လိင်္ဂနာသနာယ နာသေတဗ္ဗော"-တိ ဝုတ္တံ။ တံ ယုတ္တံ၊ အယမေဝ ဟိ နာသနာ ဏ္ဍဓ အဓိပ္ပေတာ—

ဟု လာသော မဟာဝါအဋ္ဌကထာကို ထောက်၍ ဖြေ(ဝိ၊ဋ္ဌ၊၃၊ ၂၉၆-၇)။

အဝဏ္ဏဘာသနေ ပန၊ ကျေးဇူးမဲ့ကို ဆိုခြင်း၌ကား။ အရဟံ သမ္မာသမ္ဗုဒ္ဓေါတိ-အာဒိနံ၊ ဤသို့အစရှိသည်တို့ကို။ ပဋိက္ခေပဝသေန၊ ပယ်ခြင်း၏ အစွမ်းဖြင့်။ ဗုဒ္ဓဿ ဝါ၊ ဘုရား၏ လည်းကောင်း။ သွာက္ခာတောတိအာဒိနံ၊ ဤသို့ အစရှိသည်တို့ကို။ ပဋိက္ခေပ-ဝသေန၊ ပယ်ခြင်း၏ အစွမ်းအားဖြင့်။ ဓမ္မဿ ဝါ၊ တရား၏လည်းကောင်း။ သုပ္ပဋိပန္နောတိ-အာဒိနံ၊ ဤသို့ အစရှိသည်တို့ကို။ ပဋိက္ခေပဝသေန၊ ပယ်ခြင်း၏ အစွမ်းဖြင့်။ သံဃဿ ဝါ၊ ၏လည်းကောင်း။ အဝဏ္ဏံ၊ ကျေးဇူးမဲ့သော စကားကို။ ဘာသန္တော၊ ဆိုသည်ရှိသော်။ နိန္ဒန္တော၊ ကဲ့ရဲ့သည်ရှိသော်။ ဂရဟန္တော၊ ရှုတ်ချသည်ရှိသော်။ အာစရိယုပဇ္ဈာယာဒီဟိ၊ ဆရာဥပဇ္ဈာယ် စသောသူတို့သည်။ ဧဝံ၊ သို့။ မာ အဝစ၊ မဆိုလင့်။ ဏ္ဍတိ၊ သို့။ အဝဏ္ဏ-ဘာသနေ၊ ကျေးဇူးမဲ့ကိုဆိုခြင်း၌။ အာဒိနဝံ၊ အပြစ်ကို။ ဒဿေတွာ၊ ပြ၍။ နိဝါရေတဗ္ဗော၊ မြစ်အပ်၏။ ယာဝတတိယံ၊ ၃-ကြိမ်မြောက်အောင်။ ဝုစ္စမာနော၊ ဆိုအပ်သော်လည်း။ သစေ န သြရမတိ၊ မရှောင်ကြဉ်သည်ဖြစ်အံ့။ ကဏ္ဏကနာသနာယ၊ ကဏ္ဏကသာမဏေကို ဖျက်ဆီးခြင်းဖြင့်။ နာသေတဗ္ဗော၊ ဖျက်ဆီးအပ်၏။ ဏ္ဍတိ၊ သို့။ ကုရုန္ဒိယံ၊ ၌။ ဝုတ္တံ၊ ၏။

http://www.dhammadownload.com

မဟာအဋ္ဌကထာယံ ပန၊ ၌ကား။ ဧဝံ၊ သို့။ ဝုစ္စမာနော၊ ဆိုအပ်သည်ရှိသော်။ တံ လဒ္ဓိ၊ ထိုအယူကို။ သစေ နိဿဇ္ဇတိ၊ စွန့်သည်ဖြစ်အံ့။ ဒဏ္ဍကမ္မံ၊ ဒဏ်ထမ်းသောအမှုကို။ ကာရေတွာ၊ ပြုစေ၍။ အစ္ဆယံ၊ အပြစ်ကို။ ဒေသာပေတဗ္ဗော၊ ကြားစေအပ်၏။ သစေ နိဿဇ္ဇတိ၊ မစွန့်သည်ဖြစ်အံ့။ တထေဝ၊ ထိုနှေးအတူသာလျှင်။ အာဒါယ၊ ယူ၍။ ပဂ္ဂယှ၊ ချီးမြှောက်၍။ သစေ တိဋ္ဌတိ၊ တည်သည်ဖြစ်အံ့။ လိင်္ဂနာသနာယ၊ အသွင်ကိုဖျက်သဖြင့်။ နာသေတဗ္ဗော၊ ၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။ တံ၊ ထို မဟာအဋ္ဌကထာ စကားသည်။ ယုတ္တံ၊ သင့်၏။ ဟိ၊ မှန်၏။ အယမေဝ နာသနာ၊ ဤအသွင်ဖျက်ခြင်းကို သာလျှင်။ ဣတိ၊ ဤအရာ၌။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။

ဤသို့လာသော အဋ္ဌကထာကို ထောက်၍ ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တို့ကို ပယ်၍ ကျေးဇူးမရှိသောစကားကို ဆိုသောသာမဏေကို ဆရာဥပဇ္ဈာယ်-စသော ရဟန်းတို့က အပြစ်ကို ပြ၍ ဆုံးမရာ ထိုပြောဆိုမိသော အယူကို စွန့်၍ မပြောမဆိုနေမူ ဒဏ်ထမ်းသောအမှုကို ပြုစေ၍ အပြစ်ကို ဖော်ပြ၍ တောင်းပန်စေရမည်။ ဆရာဥပဇ္ဈာယ် စသော ရဟန်းတို့ ၃-ကြိမ် မြောက်အောင် ဆိုဆုံးမ၍ မရသောအခါ လိင်ကျ၍ အသွင်ကို ဖျက်ဆီးအပ်သည်-ဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

[၇၄] ဒဏ်ပေးပြီးလျှင် ၁၀-ပါးသီလ ပေးသင့်, မပေးသင့်

(၁) **မေး**။ ။ သာမဏေတို့မှာ ဝိကာလစသော သိက္ခာပုဒ် ဖျက်ခြင်းကြောင့် ဒဏ်ထိုက်၍ ဒဏ်ပေးပြီးသောအခါ ၁၀-ပါးသီလကို ထပ်၍ ခံစေရဦးမည်လော။

ဖြေ။ ။ ထိုအမေးမှာ–

၁။ ယာနိ ပနဿ ဣတရာနိ ပဉ္စ သိက္ခာပဒါနိ၊ တေသု ဘိန္နေသု နာသေတဗ္ဗော၊ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။ သိက္ခာပဒေ ပန ဒိန္နေပိ အဒိန္နေပိ ဝဋ္ဋတိ။ ဒဏ္ဍကမ္မေန ပီဠေတွာ အာယတိံ သံဝရေ ဌာပနတ္ထာယ ဒါတဗ္ဗမေဝ။

ဟု လာသော **မဟာဝါအဋ္ဌကထာ**ကို ထောက်၍ ဖြေ(ဝိ၊ဋ္ဌ၊၃။ ၂၉၆)။

အဿ၊ ထိုသာမဏေအား။ ဣတရာနိ၊ ရှေ့သိက္ခာပုဒ် ၅-ခုမှ တပါးကုန်သော။ ပဉ္စ၊ ကုန်သော။ ယာနိ ပန သိက္ခာပဒါနိ၊ တို့သည်။ သန္တိ၊ ကုန်၏။ တေသု၊ ထိုသိက္ခာပုဒ်

http://www.dhammadownload.com

တို့သည်။ ဘိန္နေသု၊ ပျက်ကုန်သော်လည်း။ န နာသေတတ္ထော၊ အသွင်ကို မဖျက်ဆီးအပ်။ ဒဏ္ဍာကမ္မံ၊ ဒဏ်အမှုကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။ သိက္ခာပဒေ ပန၊ သိက္ခာပုဒ်ကို။ ဒိန္နေပိ၊ ပေးသော်လည်းကောင်း။ အဒိန္နေပိ၊ မပေးသော်လည်းကောင်း။ ဝဋ္ဋတိ၊ ၏။ ပန၊ ထိုသို့ပင် အပ်သော်လည်း။ ဒဏ္ဍာကမ္မေန၊ ဒဏ်အမှုဖြင့်။ ပီဠေတွာ၊ နှိပ်၍။ အာယတိ၊ နောင်အခါ၌။ သံဝရေ၊ စောင့်စည်းခြင်း၌။ ဌာပနတ္ထာယ၊ တည်စေခြင်းငှာ။ ဒါတဗ္ဗမေဝ၊ ပေးအပ်သည်သာလျှင်တည်း။

ဤသို့လာသော အဋ္ဌကထာကို ထောက်၍ ဝိကာလ-စသော ၅-ခုသော သိက္ခာပုဒ်တွင် ၁-ခုခု ပျက်သဖြင့် လိင် မထိုက်၍ သီလ မပျက်သော်လည်း နောင်အခါ သိက္ခာပုဒ်ကို စောင့်ထိန်းစေခြင်းငှာ သရဏဂုံကို မပေးပဲ သီလကို ခံယူစေအပ်သည်-ဟု မှတ်လေ။ ဥပဇ္ဈာယ်မှာ ယူဖွယ် မရှိပြီ။



[၇၅] သာမဏေမှာလည်း သိက္ခာဝါရှိ

(၁) မေး။ ။ သာမဏေတို့မှာ ရဟန်းတို့ကဲ့သို့ ပဝါရဏာ မပြုသောကြောင့် ဝါမရှိဟု ဆိုကြသောစကားကို အမှန်ပင် မှတ်ရမည်လော?

ဖြေ။ ။ သာမဏေတို့မှာ ဝါမရှိဟု ဆိုကြသောစကားကို အမှားစင်စစ်မှတ်၍ သာမဏေ တို့မှာလည်း ဝါရှိသည်ဟု ဖြေ။

၁။ **သော စေ ပစ္ဆိမိကာယ ဥပသမ္မဇ္ဇတိ၊ ဂဏပူရကော စေဝ ဟောတိ အာနိသံသဉ္စ လဘတိတိ ဣမိနာ သာမဏေရာနံ ဝဿူပဂမနံ အနုညာတံ ဟောတိ။** သော ဟိ ပုရိမိကာယ ဝဿူပဂတတ္တာ အာနိသံသံ လဘတိ။ ပစ္ဆိမိကာယ ပန ဥပသမ္ပဇ္ဇိတတ္တာ ဂဏပူရကော ဟောတိ–

ဟု လာသော ဝိနယာလင်္ကာရဋီကာ (၂။၉၃)ကို ထောက်။

သော၊ ထိုသာမဏေသည်။ ပစ္ဆိမိကာယ၊ ပစ္ဆိမဝါ၌။ စေ ဥပသမ္ပဇ္ဇတိ၊ ရဟန်းခံသည် ဖြစ်အံ့။ ဂဏပူရကော စေဝ၊ ဂိုဏ်းပြည့်သည်လည်း။ ဟောတိ၊ ၏။ အာနိသံသဉ္စ၊ အာနိသင်္ကိုလည်း။ လဘတိ၊ ရ၏။ ဣမိနာ၊ ဤ ဤမိန၊ ဤပါဠိဖြင့်။ သာမဏေရာနံ၊ တို့အား။ ဝဿူပဂမနံ၊ ဝါကပ်ခြင်းကို။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်သည်။ ဟောတိ၊ ၏။ ဟိ၊ မှန်၏။ သော၊ ထိုသာမဏေသည်။ ပုရိမိကာယ၊ ၌။ ဝဿူပဂတတ္တာ၊ ဝါကပ်သည်၏

http://www.dhammadownload.com

အဖြစ်ကြောင့်။ အာနိသံသံ၊ ကို။ လဘတိ၊ ရ၏။ ပစ္ဆိမိကာယ ပန၊ ၌ကား။ ဥပသမ္ပဒိတတ္တာ၊ ရဟန်းခံသည်၏ အဖြစ်ကြောင့်။ ဂဏပူရကော၊ ဂိုဏ်းပြည့်သည်။ ဟောတိ၊ ၏။

၂။ **ဝိမတိဝိနောဒနီဋီကာ၌လည်း–**

ပုရိမိကာယ ပုန သရဏာနိ ဂဟိတာနီတိ သရဏဂွဟဏေန သဟ တဒဟေ-ဝဿ ဝဿူပဂမနမ္ပိ ဒဿေတိ– ဟု မိန့်တော်မူ၏(ဝိမတိ၂။၁၁၇)။

ပုရိမိကာယ ပုန သရဏာနိ ဂဟိတာနီတိ၊ ဟူသည်ကား။ သရဏဂွဟဏေန၊ သရဏကို ယူသည်နှင့်။ သဟ၊ တကွ။ တဒဟေဝ၊ ထိုနေ့၌လျှင်။ အဿ၊ ထိုသာမဏေ၏။ ဝဿူပဂ-မနမ္ပိ၊ ဝါကပ်ခြင်းကိုလည်း။ ဒဿေတိ၊ ပြတော်မူ၏။

သာမဏေသည် ဝါဆိုပြီးမှ ဝါတွင်း၌ လိင်ကျမူ ဝါပျက်သည်-ဟု မှတ်။

၃။ ထို့ကြောင့် **ဝိမတိဝိနောဒနီဋီကာ၌–**

သေနာသနဂ္ဂါဟော စ ပဋိပ္ပဿမ္ဘတီတိ ဣမိနာ ဝဿစ္ဆေဒံ ဒဿေတိ–

ဟု ဆိုတော်မူ၏(ဝိမတိ၂။၁၁၇)။

သေနာသနဂ္ဂါဟော စ ပဋိပ္ပဿမ္ဘတီတိ ဣမိနာ၊ ဟူသော ဤပါဠိဖြင့်။ ဝဿစ္ဆေဒံ၊ လိင်ကျသော သာမဏေ၏ ဝါပျက်(ပြတ်)ခြင်းကို။ ဒဿေတိ၊ ပြတော်မူ၏။

ဤသို့လာသော အဋ္ဌကထာ, ဋီကာကို ထောက်၍ သာမဏေတို့မှာ ဝါရှိ၍ ဝါကပ်ဆိုအပ်ကြောင်း, လိင်ကျလျှင် ဝါပျက်ကြောင်းကို သိရမည်။

✪ ✪ ✪ ✪ ✪

[၇၆] ကိုယ်တိုင်သင်္ကန်းဝတ်၍ လိမ်ညာ အလှူခံခြင်း

(၁) **မေး။** ။ယခုကာလ အချို့သော လူတို့သည် အရပ်တပါးသို့သွား၍ သင်္ကန်းကို ကိုယ်တိုင် ဝတ်ပြီးလျှင် သာမဏေအသွင်, ရဟန်းအသွင်ဖြင့် လူတို့အထံ၌ အလှူခံရာ ထေယျသံဝါသက ဖြစ်မည်လော?

ဖြေ။ ။ကိုယ်တိုင်သင်္ကန်းကို ဝတ်ဆဲအခါက ရဟန်းတို့နှင့် မတွေ့လို, မပေါင်းဖော်လို၊ လူကိုသာ လိမ်လိုသောစိတ်နှင့် သင်္ကန်းကို ကိုယ်တိုင်ဝတ်၍ ရဟန်း,သာမဏေ အယောင်ဖြင့် လူတို့အထံ၌သာ အလှူကို ခံယူသောသူတို့သည် ထေယျသံဝါသက မဖြစ်။

http://www.dhammadownload.com

၁။ သုဒ္ဓမာနသောတိ ဘိက္ခူနံ ဝဏ္ဏတုကာမတာယ အဘာဝတော။ သော သုဒ္ဓမာနသော ယာဝ သံဝါသံ နာဓိဝါသေတိ၊ တာဝ ဧသ "ဂိဟီ မံ သမဏော-တိ ဇာနန္တူ"တိ ဝဉ္စနာစိတ္တေ သတိပိ ဘိက္ခူနံ ဝဏ္ဏတုကာမတာယ အဘာ-ဝတော ဒေါသော နတ္ထိ - (ကခ်ီ။ဋီ-သစ်။၁၇၁)

ဟု လာသော ဝိနယတ္ထမဉ္ဇူသာဋီကာကို ထောက်။ ဝဇိရဗုဒ္ဓိဋီကာ(နှာ-၄၃၀) တေရသကဏ်ဋီကာ (သာရတ္ထ၊၃။၂၅၇)တို့၌လည်း လာသည်။

သုဒ္ဓမာနသောတိ၊ ဟူသည်ကား။ ဘိက္ခူနံ၊ တို့အား။ ဝဏ္ဏတုကာမတာယ၊ လှည့်စားလိုသောအဖြစ်၏။ အဘာဝတော၊ မရှိသည်၏ အဖြစ်ကြောင့်။ သုဒ္ဓမာနသော၊ စင်ကြယ်သောစိတ်ရှိသော။ သော၊ ထိုသူသည်။ ယာဝ၊ အကြင်မျှလောက်။ သံဝါသံ၊ ရဟန်းတို့နှင့် ပေါင်းဖော်ခြင်းကို။ နာဓိဝါသေတိ၊ တွေ့သော်လည်း မသာယာ။ တာဝ၊ ထိုမျှလောက်။ ဧသ ဧသော၊ ထို သက်နှံးကို ကိုယ်တိုင်ဝတ်သောသူသည်။ ဂိဟိ၊ လူတို့သည်။ မံ၊ ငါ့ကို။ သမဏောတိ၊ ရဟန်းသာမဏေဟူ၍။ ဇာနန္တု၊ သိစေကုန်သတည်း။ ဣတိ၊ သို့။ ဝဉ္စနာစိတ္တေ၊ လှည့်စားလိုသောစိတ်သည်။ သတိပိ၊ ရှိသော်လည်း။ ဘိက္ခူနံ၊ တို့အား။ ဝဏ္ဏတုကာမတာယ၊ လှည့်စားလိုသော အဖြစ်၏။ အဘာဝတော၊ မရှိသည်၏ အဖြစ်ကြောင့်။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။

သက်နှံးကို ကိုယ်တိုင်ဝတ်တုန်းအခါက ရဟန်းတို့နှင့် ပေါင်းဖော်မည်-ဟူသော စိတ်ဖြင့် ဝတ်မူ သက်နှံးကို ဝတ်သော ခဏ၌ပင် လိင်္ဂဏ်ထွေနက ဖြစ်သည်-ဟု မှတ်။

၂။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌-

ယာဝ သော သုဒ္ဓမာနသောတိ "ဣမိနာ လိင်္ဂေန ဘိက္ခူနံ ဝဏ္ဏတွာ တေဟိ သံဝသိဿာမီ"တိ အသုဒ္ဓစိတ္တာဘာဝေန သုဒ္ဓစိတ္တော။ တေန ဟိ အသုဒ္ဓစိတ္တေန လိင်္ဂေ ဂဟိတမတ္တေ ပဏ္ဍာ ဘိက္ခူဟိ သဟ သံဝသတု ဝါ, မာ ဝါ လိင်္ဂဏ်ထွေနကော ဟောတိ။ ပဏ္ဍာ သံဝသန္တောပိ အဘာဗွော ဟုတွာ သံဝသတိ။ တသ္မာ ဥဘယထွေ-နကောပိ လိင်္ဂဏ်ထွေနကေ ဧဝ ပဝိသတီတိ ဝေဒိတဗ္ဗံ။ ယော ပန ရာဇာဒိဘယေန သုဒ္ဓစိတ္တောဝ လိင်္ဂံ ဂဟေတွာ ဝိစရန္တော ပဏ္ဍာ "ဘိက္ခဝေသာနိ ဂဏှတွာ ဇီဝိ-ဿာမီ"တိ အသုဒ္ဓစိတ္တံ ဥပ္ပါဒေတိ၊ သော စိတ္တုပ္ပါဒမတ္တေန ထေယျသံဝါသကော န ဟောတိ၊ သုဒ္ဓစိတ္တေန ဂဟိတလိင်္ဂတ္တာ။ သစေ ပန သော ဘိက္ခူနံ သန္တိကံ ဂန္တွာ သာမဏေရဝေသဂဏှာဒီ ကရောတိ၊ တဒါ သံဝါသတ္ထေနကော, ဥဘယ-တ္ထေနကော ဝါ ဟောတီတိ ဒဋ္ဌဗ္ဗံ- ဟု မိန့်ဆိုတော်မူ၏(ဝိမတိ၊၂။၁၂၀)။

http://www.dhammadownload.com

ယာဝ သော သုဒ္ဓမာနသောတိ၊ ဟူသည်ကား။ ဣမိနာ လိင်္ဂေန၊ ဤသာမဏေအသွင်, ရဟန်းအသွင်ဖြင့်။ ဘိက္ခုနှင့်၊ တို့အား။ ဝဋ္ဋေတွာ၊ လှည့်စား၍။ တေဟိ၊ ထိုရဟန်းတို့နှင့်။ သံဝသိဿာမိ၊ ပေါင်းဖော်အံ့။ ဣတိ၊ သို့။ အသုဒ္ဓစိတ္တာဘာဝေန၊ မစင်ကြယ်သောစိတ် မရှိသည်၏ အဖြစ်ကြောင့်။ သုဒ္ဓစိတ္တော၊ မည်၏။ ဟိ၊ မှန်၏။ တေန၊ ထိုပါဠိဖြင့်။ အသုဒ္ဓ-စိတ္တေန၊ ရဟန်းတို့နှင့် ပေါင်းဖော်အံ့-ဟု အကြံရှိသော မစင်ကြယ်သော စိတ်ဖြင့်။ လိင်္ဂ်၊ ရဟန်း, သာမဏေအသွင်ကို။ ဂဟိတမတ္တော၊ ယူကာမျှ၌။ ပစ္စာ၊ နောက်၌။ ဘိက္ခုဟိ၊ တို့နှင့်။ သဟ၊ တကွ။ သံဝသေတု ဝါ၊ ပေါင်းဖော်သည်လည်းဖြစ်စေ။ မာ ဝါ သံဝသတု၊ မပေါင်း ဖော်သည်မူလည်း ဖြစ်စေ။ လိင်္ဂ်ထွေနကော၊ သည်။ ဟောတိ၊ ၏။ ပစ္စာ၊ ၌။ သံဝသန္တောပိ၊ ပေါင်းဖော်သော်လည်း။ အဘဗ္ဗော၊ ရဟန်း, သာမဏေ မပြုထိုက်သည်။ ဟုတွာ၊ ၍။ သံဝသတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဥဘယတ္ထေနကောပိ၊ သည်လည်း။ လိင်္ဂ်ထွေနကေ ဧဝ၊ ၌သာလျှင်။ ပဝိသတိ၊ ဝင်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ ယော ပန၊ အကြင်သူသည် ကား။ ရာဇာဒိဘယေန၊ မင်းဘေး-စသည်ဖြင့်။ သုဒ္ဓစိတ္တော၊ ရဟန်းတို့အား မလှည့်စား လိုသော စင်ကြယ်သောစိတ် ရှိသည်ဖြစ်၍သာလျှင်။ လိင်္ဂ်၊ ရဟန်းသာမဏေအသွင်ကို။ ဂဟေတွာ၊ သင်္ကန်းကို ကိုယ်တိုင်ဝတ်ယူ၍။ ဝိစရန္တော၊ လှည့်လည်သည်ဖြစ်၍။ ပစ္စာ၊ နောက်မှ။ ဘိက္ခုဝဿာနိ၊ ဝါတို့ကို။ ဂဏှတွာ၊ ရေတွက်၍။ ဇီဝိဿာမိ၊ အသက်မွေးအံ့။ ဣတိ၊ သို့။ အသုဒ္ဓစိတ္တံ၊ မစင်ကြယ်သောစိတ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ သော၊ ထိုသူသည်။ စိတ္တုပ္ပါဒမတ္တေန၊ စိတ်ဖြစ်ကာမျှဖြင့်။ ထေယျသံဝါသကော၊ သည်။ န ဟောတိ၊ မဖြစ်။ သုဒ္ဓစိတ္တေန၊ စင်ကြယ်သောစိတ်ဖြင့်။ ဂဟိတလိင်္ဂ်တ္တာ၊ ယူအပ်သောအသွင် ရှိသည်၏ အဖြစ်ကြောင့်တည်း။ သော၊ ထိုသူသည်။ ဘိက္ခုနံ၊ တို့၏။ သန္တိကံ၊ အထံသို့။ ဂန္ဒ္၊ သွား၍။ သာမဏေရဝဿဂဏနာဒီ၊ သာမဏေဝါ ရေတွက်ခြင်း-စသည်ကို။ သစေ ပန ကရောတိ၊ ပြုသည်ဖြစ်အံ့။ တဒါ၊ ထိုအခါ၌။ သံဝါသတ္ထေနကော ဝါ၊ သည်လည်းကောင်း။ ဥဘယ-တ္ထေနကော ဝါ၊ သည်လည်းကောင်း။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ထိုဝိမတိဋီကာပါဠိဖြင့် ရဟန်းတို့နှင့် ပေါင်းဖော်မည်-ဟု ကြံ၍ ကိုယ်တိုင် သင်္ကန်း ဝတ်သောသူသည် ဝတ်သောခဏ၌ လိင်္ဂ်ထွေနက ဖြစ်သည်။ သင်္ကန်းကို ဝတ်သောအခါ ရဟန်းတို့နှင့် ပေါင်းဖော်လိုသောစိတ် မရှိ၊ မင်းဘေး-စသည်တို့ကြောင့်သာ ဝတ်၍ နောက်မှ ရဟန်းတို့နှင့် ပေါင်းဖော်အံ့-ဟု ကြံမိသောစိတ် ဖြစ်ကာမျှ၌ ထေယျသံဝါသက မဖြစ်သေး။ ထိုစိတ်ဖြစ်၍ တဖန် ရဟန်းတို့ထံသို့ သွား၍ သာမဏေဝါကို ရေတွက်ခြင်း, ရဟန်းဝါကို ရေတွက်ခြင်း, ဆွမ်းအတူ စားခြင်း-စသည်ကို ပြုသောအခါ သံဝါသတ္ထေနကသည်လည်း ကောင်း၊ ဥဘယတ္ထေနကသည်လည်းကောင်း ဖြစ်သည်-ဟု ပြတော်မူသည်။

http://www.dhammadownload.com

ပဌမက သုဒ္ဓစိတ်ဖြင့် ဝတ်၍ နောက်မှ အသုဒ္ဓစိတ် ရှိ၍ ရဟန်းသာမဏေတို့နှင့် ပေါင်းဖော်ရာ သံဝါသတ္ထေနက, ပဌမကပင် အသုဒ္ဓစိတ်ဖြင့် သက်နှိုးကို ဝတ်၍ ရဟန်းသာမဏေတို့နှင့် ပေါင်းဖော်ရာ ဥဘယတ္ထေနက-ဟု အထူးကို မှတ်လေ။

၃။ မာတိကာအဋ္ဌကထာ၌လည်း–

> ယော သယံ ပဗ္ဗဇိတ္တာ နု ဘိက္ခုဝဿာနိ ဂဏေတိ၊ နု ယထာဝုဏ္ဍံ ဘိက္ခူနံ ဝါ သာမဏေရာနံ ဝါ ဝန္ဒနံ သာဒိယတိ–

စသည်ဖြင့် လာသည်(က၏။ဋ္ဌ၊၁၀၅)။

ထို့ကြောင့် "သာမဏေရဝဿဂဏနာဒိ"ဟူသော ဝိမတိဝိနောဒနီဋီကာ, "နု ယထာဝုဏ္ဍံ ဘိက္ခူနံ ဝါ သာမဏေရာနံ ဝါ" ဟူသော မာတိကာ အဋ္ဌကထာပါဠိတို့ကို ထောက်၍ ကိုယ်တိုင် သက်နှိုးကို ဝတ်သောသူသည် ရဟန်းကို ဖြစ်စေ၊ သာမဏေကို ဖြစ်စေ လှည့်စားလိုသောစိတ် ရှိ၍ ဝတ်မူ၊ ဝတ်သောခဏ၌ လိင်္ဂတ္ထေနက ဖြစ်၏။ လူကိုသာ လှည့်စားလို၍ ဝတ်မူ၊ လိင်္ဂတ္ထေနက မဖြစ်။ လူကို လှည့်စားလို၍ ဝတ်ပြီးမှ ရဟန်းနှင့်ဖြစ်စေ၊ သာမဏေနှင့်ဖြစ်စေ ပေါင်းဖော်သာယာမူ သံဝါသတ္ထေနက ဖြစ်သည်ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၇၇] လိင်ကျပြီး သက်နှိုး ပြန်ဝတ်လာသောသာမဏေ ထေနကဖြစ်, မဖြစ်

(၁) **မေး**။ ။ သာမဏေသည် မာတုဂါမနှင့် မှား၍ လာရာ ထေယျသံဝါသက ဖြစ်မည်လော။

ဖြေ။ ။ သာမဏေသည် သက်နှိုးနှင့်ပင် မာတုဂါမနှင့် မှား၍ လာသော်လည်းကောင်း၊ သက်နှိုးကို ချွတ်၍ "တဖန် ဝတ်ဦးမည်"ဟူသော စိတ်ဖြင့် အဝတ်ဖြူဝတ်၍ ဖြစ်စေ၊ မဝတ်ဘဲဖြစ်စေ မာတုဂါမနှင့် မှား၍ သက်နှိုးကို ဝတ်၍လာသော်လည်းကောင်း ထေယျသံဝါသက မဖြစ်သေး။ သာမဏေသည် သက်နှိုးကို ချွတ်၍ "မဝတ်တော့ပြီ"ဟူသောစိတ်ဖြင့် အဝတ်ဖြူ ဝတ်၍ဖြစ်စေ၊ မဝတ်ဘဲ ဖြစ်စေ မာတုဂါမနှင့် မှား၍ သက်နှိုးကို ဝတ်၍လာရာ ထေယျသံဝါသက ဖြစ်သည်။

http://www.dhammadownload.com

၁။ သာမဏေရော သလိင်္ဂေ ဠိတော မေထုနာဒိအဿမဏကရဏဓမ္မေ အာပဇ္ဇိ-တ္ဘာဝိ ထေယျသံဝါသကော နု ဟောတိ။ သစေဝိ ကာသာယေ သဉ္ဉာဟော ကာသာယာနိ အပနေတ္ဘာ မေထုနံ ပဋိသေဝိတ္ဘာ ပုန ကာသာယာနိ နိဝါ-သေတိ၊ နေဝ ထေယျသံဝါသကော ဟောတိ။ သစေ ပန ကာသာယေ ခုရံ နိက္ခိဝိတ္ဘာ နဂ္ဂေါ ဝါ ဩဒါတနိဝတ္ထော ဝါ မေထုနသေဝနာဒိဟိ အဿမဏော ဟုတ္ဘာ ကာသာယာနိ နိဝါသေတိ၊ ထေယျ သံဝါသကော ဟောတိ။–

ဟု လာသော မဟာဝါအဋ္ဌကထာကို ထောက်(ဝိ၊ဋ္ဌ၊၃။၃၀၁-၂)။

သာမဏေရော၊ သည်။ သလိင်္ဂေ၊ မိမိအသွင်၌။ ဠိတော၊ တည်လျက်။ မေထုနာဒိ-အဿမဏကရဏဓမ္မေ၊ မေထုန်မှီဝဲခြင်း-စသော, ရဟန်း မဟုတ်သောလူတို့သည် ပြုအပ်သောအကျင့်သို့။ အာပဇ္ဇိတ္ဘာဝိ၊ ရောက်၍လည်း။ ထေယျသံဝါသကော၊ သည်။ နု ဟောတိ၊ မဖြစ်။ ကာသာယေ၊ ၌။ သဉ္ဉာဟော၊ တဖန် ဝတ်လိုသောစိတ် ရှိသည် ဖြစ်၍။ ကာသာ-ယာနိ၊ တို့ကို။ အပနေတ္ဘာ၊ ချွတ်ပယ်၍။ မေထုနံ၊ ကို။ သေဝိတ္ဘာ၊ မှီဝဲ၍။ ပုန၊ ဖန်။ ကာသာယာနိ၊ တို့ကို။ သစေ နိဝါသေတိ၊ ဝတ်သည်ဖြစ်အံ့။ ဝါ၊ အကယ်၍ ဝတ်စေကာမူ။ ထေယျသံဝါသကော၊ သည်။ နေဝ ဟောတိ၊ မဖြစ်။ ကာသာယေ၊ ၌။ ခုရံ၊ တဖန် မဝတ်ပြီ ဟူသော စိတ်ကို။ နိက္ခိဝိတ္ဘာ၊ ချ၍။ နဂ္ဂေါ ဝါ၊ အဝတ် မရှိသည် ဖြစ်၍လည်းကောင်း။ ဩဒါတနိဝတ္ထော ဝါ၊ အဝတ်ဖြူဝတ်သည်ဖြစ်၍လည်းကောင်း။ မေထုနသေဝနာဒိဟိ၊ မေထုန်မှီဝဲခြင်း-စသည်တို့ဖြင့်။ အဿမဏော၊ သာမဏေ မဟုတ်သည်။ ဟုတ္ဘာ၊ ဖြစ်၍။ ကာသာယာနိ၊ တို့ကို။ သစေ ပန နိဝါသေတိ၊ ဝတ်ပြီးသည်ဖြစ်အံ့။ ထေယျသံဝါသကော၊ သည်။ ဟောတိ၊ ၏။

၂။ မာတိကာအဋ္ဌကထာ၌လည်း–

ယော ပန ဘိက္ခုဟိ ပဗ္ဗဇိတော သာမဏေရော သမာနော ကာသာယာနိ အပနေတ္ဘာ တေသု သဉ္ဉာဟောဝ မေထုနံ ဓမ္မံ ပဋိသေဝိတ္ဘာ ပုန နိဝါသေတ္ဘာ သာမဏေရဘာဝံ ပဋိဇာနာတိ၊ အယံ ဘိက္ခုဟိ ဒိန္နလိင်္ဂသ အပရိစ္စတ္တတ္တာ နလိင်္ဂတ္ထေန ကော၊ လိင်္ဂါနုရူပသ သံဝါသသ သာဒိတတ္တာ နာပိ သံဝါသတ္ထေနကော။ အန္တိမဝတ္ထုံ အဇ္ဈာပန္နကေပိ ဧသေဝ နယော–

ဟု လာသည်(ကခ်ီ၊ဋ္ဌ၊၁၀၄-၅)။

ယော ပန၊ အကြင်သူသည်။ ဘိက္ခုတို၊ တို့သည်။ ပဗ္ဗဇိတော၊ ရှင်ပြုအပ်သော။ သာမဏေရော၊ သည်။ သမာနော၊ ကောင်းစွာဖြစ်လျက်။ ကာသာယာနိ၊ တို့ကို။ အပနေ-

http://www.dhammadownload.com

တွာ၊ ချွတ်ပယ်၍။ တေသု၊ ထိုသက်နှံးတို့၌။ သဉ္ဇာဟောဝ၊ တဖန် ဝတ်လိုသော စိတ် ရှိသည်ဖြစ်၍ သာလျှင်။ မေထုန်၊ မေထုန်မှီဝဲသော။ ဓမ္မံ၊ အကျင့်ကို။ ပဋိသေဝိတွာ၊ မှီဝဲ၍။ ပုန၊ တဖန်။ နိဝါသေတွာ၊ သက်နှံးကို ဝတ်၍။ သာမဏေရဘာဝံ၊ အဖြစ်ကို။ ပဋိဇာနာတိ၊ ဝန်ခံ၏။ အယံ၊ ဤ သာမဏေသည်။ ဘိက္ခူဟိ၊ တို့သည်။ ဒိန္နလိင်္ဂဿ၊ ပေးအပ်သော အသွင်ကို။ အပရိစ္စတ္တတ္တာ၊ မစွန့်အပ်သည်၏အဖြစ်ကြောင့်။ လိင်္ဂတ္ထေနကော၊ သည်။ နဟောတိ၊ မဖြစ်။ လိင်္ဂါနုရူပဿ၊ အသွင်အား လျောက်ပတ်သော။ သံဝါသဿ၊ ကို။ သာဒိ-တတ္တာ၊ သာယာသောကြောင့်။ သံဝါသတ္ထေနကော၊ သည်။ နာပိ ဟောတိ၊ မဖြစ်။ အန္တိမဝတ္ထုံ၊ မေထုန်ပါရာဇိကဝတ္ထုသို့။ အဇ္ဈာပန္နကေပိ၊ ရဟန်း၌လည်း။ ဧသေဝ နယော၊ ဤသာမဏေ နှင့်သာလျှင် တူသောနည်းရှိ၏။

၃။ **ဝိနယတ္ထမဇ္ဈေသာဒိကာ၌လည်း–**

> **လိင်္ဂါနုရူပဿ သံဝါသဿာတိ သာမဏေရလိင်္ဂါနုရူပဿ သာမဏေရ-**သံဝါသဿ။ အန္တိမဝတ္ထုံ အဇ္ဈာပန္နကေပိ ဧသေဝ နယောတိ ပါရာဇိက် အာပန္နကေ ဘိက္ခုမှိုပိ ဧသေဝ နယောတိ အတ္ထော။ ဣဒံ ဝုတ္တံ ဟောတိသစေ ကောစိ ဘိက္ခု ကာသာယေ သဉ္ဇာဟောဝ ဩဒါတံ နိဝါသေတွာ မေထုနံ ပဋိသေဝိတွာ ပုန ကာသာယာနိ နိဝါသေတွာ ဝဿဂဏနာဒိဘေဒံ သဗ္ဗံ ဝိဓိံ အာပဇ္ဇတိ၊ အယံ ဘိက္ခူဟိ ဒိန္နလိင်္ဂဿ အပရိစ္စတ္တတ္တာ နှ လိင်္ဂတ္ထေနကော၊ လိင်္ဂါနုရူပဿ သံဝါသဿ သာဒိတတ္တာ နှ သံဝါသတ္ထေနကော။–

ဟု ဖွင့်တော်မူသည်(ကခ်ီ။ဋီ-သစ်။၁၆၈-၉) ။

လိင်္ဂါနုရူပဿ သံဝါသဿာတိ၊ ဟူသည်ကား။ သာမဏေရလိင်္ဂါနုရူပဿ၊ သာမဏေ၏ အသွင်အား လျောက်ပတ်သော။ သာမဏေရသံဝါသဿ၊ သာမဏေ၏ ပေါင်းဖော်ခြင်းကို။ အန္တိမဝတ္ထုံ အဇ္ဈာပန္နကေပိ ဧသေဝ နယောတိ၊ ဟူသည်ကား။ ပါရာဇိက်၊ သို့။ အာပန္နကေ၊ ရောက်သော။ ဘိက္ခုမှိုပိ၊ ရဟန်း၌လည်း။ ဧသေဝ နယော၊ ၏။ ဣတိ အယ်၊ လျှင်။ အတ္ထော၊ တည်း။ ဣဒံ၊ ဤသို့သောအဓိပ္ပါယ်ကို။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။ ကောစိ၊ သော။ ဘိက္ခု၊ သည်။ ကာသာယေ၊ ၌။ သဉ္ဇာ-ဟောဝ၊ တဖန်ဝတ်လိုသောစိတ် ရှိသည်ဖြစ်၍ သာလျှင်။ ဩဒါတံ၊ သက်နှံးကို ချွတ်၍ အဝတ်ဖြူကို။ နိဝါသေတွာ၊ ဝတ်၍။ မေထုနံ၊ ကို။ ပဋိသေဝိတွာ၊ မှီဝဲ၍။ ပုန၊ တဖန်။ ကာသာယာနိ၊ တို့ကို။ နိဝါသေတွာ၊ ၍။ ဝဿဂဏနာဒိဘေဒံ၊ ဝါကို ရေတွက်ခြင်း-စသည် အပြားရှိသော။ သဗ္ဗံ၊ သော။ ဝိဓိံ၊ အစီရင်သို့။ အာပဇ္ဇတိ၊ ၏။ အယံ၊ ဤရဟန်းသည်။ ဘိက္ခူဟိ၊ တို့သည်။ ဒိန္နလိင်္ဂဿ၊ ကို။ အပရိစ္စတ္တတ္တာ၊ မစွန့်အပ်သည်၏ အဖြစ်ကြောင့်။ လိင်္ဂတ္ထေနကော၊

http://www.dhammadownload.com

သည်။ နှ ဟောတိ၊ မဖြစ်။ လိင်္ဂါနုရူပဿ၊ ရဟန်းတို့၏ အသွင်အား လျောက်ပတ်သော။ သံဝါသဿ၊ ရဟန်းတို့၏ ပေါင်းဖော်ခြင်းကို။ သာဒိတတ္တာ၊ သာယာ အပ်သည်၏အဖြစ်ကြောင့်။ သံဝါသတ္ထေနကော၊ သည်။ နှ ဟောတိ၊ မဖြစ်။

(အကျယ်ကိုလိုမူ မဟာဝါအဋ္ဌကထာ မဟာခန္ဓကအဖွင့်မှာ ရှုလေ)

ဤသို့လာသော အဋ္ဌကထာ, ဋီကာကို ထောက်၍ သာမဏေတို့မှာ သင်္ကန်းဝတ်လျက် ဖြစ်စေ၊ တဖန် ဝတ်ဦးမည်ဟူသောစိတ်ဖြင့် သင်္ကန်းကို ချွတ်၍ဖြစ်စေ မေထုန်မှီဝဲ၍ သင်္ကန်းဝတ်နှင့် လာ၍ သာမဏေအဖြစ်ကို ဝန်ခံ၍ သာမဏေတို့နှင့်ပေါင်းဖော်၍ နေသော်လည်း ထေယျသံဝါသက မဖြစ်။ သာမဏေ, ရဟန်း ၂-ဦးတို့ပင် "ဤသင်္ကန်းကို ငါ မဝတ်လိုပြီ"ဟု ဝန်ချသောစိတ်ဖြင့် သင်္ကန်းကို ချွတ်၍ မေထုန် မှီဝဲပြီး၍ သင်္ကန်းကို ဝတ်လိုပြန်၍ ကောက်ယူဝတ်မူ ဝတ်သောခဏ၌ပင် ထေယျသံဝါသက ဖြစ်သည်ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၇၈] ကိုယ်တိုင် သင်္ကန်း ပြန်ဝတ်သော သာမဏေ ထေနက ဖြစ်, မဖြစ်

(၁) မေး။ ။ အကြင်သာမဏေသည် ကျောင်း၌ မယျော်မွေ့၍ အဝတ်ဖြူ လဲပြီးကာ အိမ်သို့ ထွက်သွားရာ မိဘ,ဆွေမျိုးတို့က လက်မခံ၍ သင်္ကန်းဝတ်ပြီးကာ ကျောင်းသို့ လာရာ ထေယျသံဝါသက ဖြစ်မည်လော?

ဖြေ။ ။ ဤသို့ အဝတ်လဲရုံမျှဖြင့် လိင်ကျသည် မထင်၍ သင်္ကန်းကို ဝတ်၍ လာသော သာမဏေသည်လည်းကောင်း၊ ဤသို့ ပြုသော်လည်း သင်္ကန်းဝတ်ခြင်း၌ အပြစ်မရှိဟု ထင်မှတ်၍ သင်္ကန်းဝတ်ဖြင့်လာသော သာမဏေသည်လည်းကောင်း၊ ဤသို့ပြုလျှင် ထေယျသံဝါသက ဖြစ်သည်ဟု မသိသော သာမဏေသည်လည်းကောင်း၊ ဤသို့ ပြုခြင်း၌ မအပ်ဟူ၍ မသိတတ်သောကြောင့် အဆောတလျင် သင်္ကန်းကို ဝတ်၍ လာသော သာမဏေသည်လည်းကောင်း၊ အိမ်သို့ရောက်လျှင် စိတ်ပျက်၍ ဖြစ်သမျှကို ရဟန်းတို့အား ပြောကြားမည်-ဟူသောစိတ်ဖြင့် သင်္ကန်းကို ဝတ်၍လာပြီးလျှင် ကျောင်းသို့ ရောက်မှ အပြစ်ကို ပြောကြားသော သာမဏေသည်လည်းကောင်း ထေယျသံဝါသက မဖြစ်။ လူထွက်၍ ပြီးမှ သင်္ကန်းကို ဝတ်ရာ ထေယျသံဝါသက ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤသို့

http://www.dhammadownload.com

ပြုခြင်းသည် မအပ်ဟု သိသ့ဉ်ဖြစ်၍လည်းကောင်း၊ ဤသို့ လူထွက်သည်ကို ရဟန်း, သာမဏေတို့ မသိကြကုန်ဟု လျှို့ဝှက်လိုသော စိတ်ဖြင့်လည်းကောင်း သက်နှံးကို ဝတ်မူ ထေယျသံဝါသက ဖြစ်သည်။

၁။ အပရော ဒဟရသာမဏေရော, မဟန္တော ဝါ ပန အဗျတ္တော၊ သော ပုရိမနယေနေဝ ဥပ္ပဗ္ဗဇိတွာ ယရေ ကသိဂေါရကွာဒီနိ (ဝစ္ဆကရကွဏာဒီနိ) ကမ္မာနိ ကာတုံ နု ဂ္ဂဏ္ဆတိ၊ တမေနံ ဉာတကာနိယေဝ ဉာတကာတာနိယေဝ ကာသာယာနိ အစ္ဆာဒေတွာ ထာလကံ ဝါ ပတ္တံ ဝါ ဟတ္ထေ ဒတွာ "ဂစ္ဆ, သမဏောဝ ဟောဟိ"တိ ယရာ နီဟရန္တိ။ သော ဝိဟာရံ ဂစ္ဆတိ။ နေဝ နံ ဘိက္ခူ ဇာနန္တိ "အယံ ဥပ္ပဗ္ဗဇိတွာ ပုန သယမေဝ ပဗ္ဗဇိတော"တိ။ နာပိ သယံ ဇာနာတိ "ယော ဧဝံ ပဗ္ဗဇိတိ၊ သော ထေယျသံဝါသကော နာမ ဟောတီ"တိ။ သစေ တံ ပရိပုဏ္ဏဝီသတိဝဿံ ဥပသမ္ပဒေန္တိ၊ သူပသမ္ပန္နော။ သစေ ပန အနုပသမ္ပန္နကာလေယေဝ ဝိနယဝိနိစ္ဆယေ သုဏာတိ "ယော ဧဝံ ပဗ္ဗဇိတိ၊ သော ထေယျသံဝါသကော နာမ ဟောတီ"တိ။ တေန "မယာ ဧဝံ ကတ"န္တိ ဘိက္ခူနံ အာစိက္ခိတဗ္ဗံ။ ဧဝံ ပုန ပဗ္ဗဇ္ဇံ လဘတိ။ သစေ "နဒါနိ မံ ကောစိ ဇာနာတီ"တိ နာရောစေတိ၊ ဓုရနိက္ခိတ္တမတ္တေ ထေယျသံဝါသကော။–

ဟု မဟာဝါအဋ္ဌကထာ လာသည်ကို ထောက်(ဝိ၊ဋ၊၃။၃၀၁)။

အပရော၊ တပါးသော။ ဒဟရသာမဏေရော ဝါ၊ ငယ်သော သာမဏေသည်လည်းကောင်း။ မဟန္တော၊ ကြီးသော။ အဗျတ္တော ဝါ၊ မလိမ္မာသော သာမဏေသည်လည်းကောင်း။ အတ္ထိ၊ ၏။ သော၊ ထို သာမဏေသည်။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်သာလျှင်။ ဥပ္ပဗ္ဗဇိတွာ၊ လူထွက်၍။ ယရေ၊ ၌။ ကသိဂေါရကွာဒီနိ၊ လယ်ထွန်, နွားကျောင်း-အစရှိကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ ကာတုံ၊ ငှာ။ နု ဂ္ဂဏ္ဆတိ၊ အလို မရှိ။ တမေနံ၊ ထိုရှင်လူထွက်ကို။ ဉာတကာနိယေဝ၊ ဆွေမျိုးတို့သည်သာလျှင်။ ကာသာယာနိ၊ တို့ကို။ အစ္ဆာဒေတွာ၊ ဝတ်၍။ ထာလကံ ဝါ၊ ခွက်ကိုလည်းကောင်း။ ပတ္တံ ဝါ၊ သပိတ်ကို လည်းကောင်း။ ဟတ္ထေ၊ ၌။ ဒတွာ၊ ပေး၍။ ဂစ္ဆ၊ သွားလော့။ သမဏောဝ၊ သာမဏေသည်သာလျှင်။ ဟောဟိ၊ ဖြစ်လေလော့။ ဂ္ဂတိ၊ သို့။ ယရာ၊ မှ။ နီဟရန္တိ၊ နှင်ထုတ်ကုန်၏။ သော၊ ထိုသာမဏေသည်။ ဝိဟာရံ၊ ကျောင်းသို့။ ဂစ္ဆတိ၊ သွား၏။ နံ၊ ထိုသာမဏေကို။ ဘိက္ခူ တို့သည်။ အယံ၊ ဤသာမဏေသည်။ ဥပ္ပဗ္ဗဇိတွာ၊ လူထွက်၍။ ပုန၊ တဖန်။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ ပဗ္ဗဇိတော၊ သာမဏေပြု၏။ ဂ္ဂတိ၊ သို့။ နေဝ ဇာနန္တိ၊ မသိကုန်။ သယံ၊ မိမိသည်။ ယော၊ အကြင်သူသည်။ ဧဝံ၊ သို့။ ပဗ္ဗဇိတိ၊ ရှင်ပြု၏။ သော၊ ထိုသူသည်။ ထေယျသံဝါသကော

http://www.dhammadownload.com

နာမ၊ မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ နာပိ ဇာနာတိ၊ မသိ။ ပရိပုဏ္ဏာဝိသတိဝဿံ၊ အသက် ၂၀-ပြည့်သော။ တံ၊ ထိုသာမဏေကို။ သစေ ဥပသမ္ပာဒေန္တိ၊ ရဟန်း ခံပေးကုန်အံ့။ သူပသမ္ပန္နော၊ ကောင်းစွာ ရဟန်းဖြစ်၏။ ပန၊ အထူးကို ဆိုဦးအံ့။ အနုပသမ္ပန္န-ကာလေယေဝ၊ သာမဏေပြုသော အခါ၌လျှင်။ ဝိနယဝိနိစ္ဆယေ၊ ဝိနည်း အဆုံးအဖြတ် သည်။ ဝတ္တမာနေ၊ ဖြစ်လတ်သော်။ ယော၊ အကြင်သူသည်။ ဧဝံ၊ သို့။ ပဌဇတိ၊ ရှင်ပြု၏။ သော၊ သည်။ ထေယျသံဝါသကော နာမ၊ မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ သစေ သုဏာတိ၊ ကြားသည်ဖြစ်အံ့။ တေန၊ ကြောင့်။ မယာ၊ သည်။ ဧဝံ၊ သို့။ ကတန္တိ၊ ပြု၏ဟူ၍။ ဘိက္ခူနံ၊ တို့အား။ အာစိက္ခိတဗ္ဗံ၊ ကြားအပ်၏။ ဧဝံ၊ ဤသို့သိသဖြင့် ပြောကြားသည်ရှိသော်။ ပုန၊ တဖန်။ ပဌဇ္ဇ၊ သာမဏေရဟန်းအဖြစ်ကို။ လဘတိ၊ ရ၏။ ဒါနိ၊ ယခု။ မံ၊ ကို။ ကောစိ၊ သည်။ န ဇာနာတိ၊ မသိ။ ဣတိ၊ သို့။ သစေ နာရောစေတိ၊ မကြားသည် ဖြစ်အံ့။ ဓုရနိက္ခိတ္တမတ္တေယေဝ၊ မပြောပြီ-ဟု စိတ်ချကာမျှ၌လျှင်။ ထေယျသံဝါသကော၊ သည်။ ဟောတိ၊ ၏။

၂။ ဝိမတိဝိနောဒနီဋီကာ၌လည်း—

> ယော ဧဝံ ပဌဇတိ၊ သော ထေယျသံဝါသကော နာမ ဟောတီတိ ဣဒံ နိဒဿနမတ္တံ။ ထေယျသံဝါသကော ဟိ ပန နာမံ အဇာနန္တောပိ "ဧဝံ ကာတုံ န ဝဋ္ဋတီ"တိ ဝါ, "ဧဝံ ကရောန္တော သမဏော နာမ န ဟောတီ"တိ ဝါ, "ယဒိ အာရောစေဿာမိ၊ ဆဒ္ဓေဿန္တိ မ"န္တိ ဝါ ယေန ကေနစိ "ပဌဇ္ဇာ မေ န ရုဟတီ"တိ ဇာနာတိ၊ ထေယျသံဝါသကော ဟောတိ။ ယော ပန "ပဌမံ ပဌဇ္ဇာ ဧဝ ဧဝံ မေ ဂဟိတာ"တိ သညီ ကေဝလံ အန္တရာ အတ္တနော သေတဝတ္ထနိဝါသနာဒိဝိပ္ပကာရံ ပကာသေတုံ လဇ္ဇန္တော န ကထေတိ၊ သော ထေယျသံဝါသကော န ဟောတိ-ဟု ဖွင့်တော်မူ၏(ဝိမတိ၊ ၂။၁၂၁)။

ယော ဧဝံ ပဌဇတိ ။ပ။ ဟောတီတိ ဣဒံ၊ ဟူသော ဤစကားသည်။ နိဒဿန-မတ္တံ၊ နိဒဿန နည်းမျှသာတည်း။ ဟိ၊ မှန်၏။ ထေယျသံဝါသကော ပန၊ သည်ကား။ နာမံ၊ အမည်ကို။ အဇာနန္တောပိ၊ မသိသော်လည်း။ ဧဝံ၊ သို့။ ကာတုံ၊ ပြုခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ ဣတိ ဝါ၊ လည်းကောင်း။ ဧဝံ၊ သို့။ ကရောန္တော၊ ပြုသည်ရှိသော်။ သမဏော နာမ၊ သာမဏေမည်သည်။ န ဟောတိ၊ မဖြစ်။ ဣတိ ဝါ၊ လည်းကောင်း။ ယဒိ အာရော-စေဿာမိ၊ ပြောကြားသည်ဖြစ်အံ့။ မံ၊ ကို။ ဆဒ္ဓေဿန္တိ၊ စွန့်ကုန်လတ္တံ့။ ဣတိ ဝါ၊ လည်းကောင်း။ ယေန ကေနစိ၊ အကြင် အမှတ် မရှိသော အခြင်းအရာအားဖြင့်။ မေ၊ အား။ ပဌဇ္ဇာ၊ သာမဏေအဖြစ်သည်။ န ရုဟတိ၊ မရောက်။ ဣတိ၊ သို့။ ဇာနာတိ၊ ၏။

http://www.dhammadownload.com

ထေယျသံဝါသကော၊ သည်။ ဟောတိ၊ ၏။ ယော ပန၊ အကြင် သာမဏေသည်။ ပဌမံ၊ ရှေးဦးစွာ။ မေ၊ သည်။ ပဇ္ဇာ ဧဝ၊ သာမဏေအဖြစ်ကိုသာလျှင်။ ဂဟိတာ၊ ယူအပ်ပြီ။ ဣတိ သည်၊ ဤသို့ အမှတ်ရှိ သည်ဖြစ်၍။ ကေဝလံ၊ သက်သက်။ အန္တရာ၊ အကြား၌။ အတ္ထာနော၊ မိမိ၏။ သေတဝတ္ထနိဝါသနာဒိဝိပ္ပကာရံ၊ အဝတ်ဖြူဝတ်ခြင်းစသော ဖောက်ပြန်ခြင်းကို။ ပကာသေတုံ၊ ပြောကြားခြင်းငှာ။ လဇ္ဇန္တော၊ ရှက်သည်ဖြစ်၍။ နော ကထေတိ၊ မပြောကြား။ သော၊ သည်။ ထေယျသံဝါသကော၊ သည်။ နော ဟောတိ၊ မဖြစ်။

ဤအရာ၌ လူငယ်သည် သာမဏေအသွင်, ရဟန်းအသွင်ဆောင်၍ ကစားခြင်း, သာမဏေသည် ရဟန်းအသွင်ဆောင်၍ ကစားခြင်းတို့၌ ထေနက မဖြစ်ဟု မှတ်လေ။

၃။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌–

> ဇတ္ထ စ စောရာဒိဘယံ ဝိနာပိ ကီဠာဓိပ္ပါယေန လိင်္ဂံ ဂဟေတွာ ဘိက္ခုံ သန္တိကေ ပဗ္ဗဇိတာလယံ ဒဿေတွာ ဝန္ဒနာဒီနိ အသာဒိယန္တော်ပိ "သောဘတိ နု ခေါ မေ ပဗ္ဗဇိတလိင်္ဂ"န္တိအာဒိနာ သုဒ္ဓစိတ္တော်နေ ဂဏှန္တော်ပိ ထေယျသံဝါသကော နော ဟောတီတိ ဒဋ္ဌဗ္ဗံ–

ဟု ဆိုတော်မူ၏(ဝိမတိ၊၂။၁၂၀-၁)။

✪ ✪ ✪ ✪ ✪

[၇၉]　လိင်ကျသော သာမဏေကို ရဟန်းခံခြင်း

(၁) မေး။　။ လိင်ကျမှန်း မသိဘဲ ကျ၍နေသော သာမဏေကို ရဟန်းခံရာ ရဟန်းဖြစ်ပါမည်လော?

ဖြေ။　။ လိင်ကျမှန်းမသိ လိင်ကျ၍နေသောသာမဏေကို ရဟန်းခံရာ ရဟန်းဖြစ်သည်။

၁။　သစေ တံ ပရိပုဏ္ဏဝီသတိဝဿံ ဥပသမ္မာဒေန္တိ၊ သူပသမ္မန္နော။–

ဟုလာသော မဟာဝါ အဋ္ဌကထာကို ထောက်(ဝိ၊ဋ္ဌ၊၃။၃၀၁)။

ပရိပုဏ္ဏဝီသတိဝဿံ၊ အသက် ၂၀-ပြည့်သော။ တံ၊ ထို သီလမရှိသော သာမဏေကို။ သစေ ဥပသမ္မာဒေန္တိ၊ ရဟန်းခံပေးကုန်သည်ဖြစ်အံ့။ သူပသမ္မန္နော၊ ကောင်းစွာ ရဟန်းဖြစ်၏။

http://www.dhammadownload.com

၂။ ဝဇိရဗုဒ္ဓိဋီကာ၌လည်း–

သူပသမ္ပန္နောတိ ဝုတ္တတ္တာ ဂဟဋ္ဌမ္ပိ သဓေ ဥပသမ္ပာဒေန္တိ၊ သူပသမ္ပန္နောတိ အာပန္နံ။– ဟု ဖွင့်တော်မူ၏(ဝဇိရ။၄၃၀)။

သူပသမ္ပန္နောတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ အဋ္ဌကထာဆရာ ဆိုသည်၏ အဖြစ် ကြောင့်။ ဂဟဋ္ဌမ္ပိ၊ လူကိုလည်း။ သဓေ ဥပသမ္ပာဒေန္တိ၊ ရဟန်းခံပေးကုန်သည်ဖြစ်အံ့။ သူပသမ္ပန္နော၊ ကောင်းစွာ ရဟန်းဖြစ်၏။ ကွတိ ကွဒံ အတ္ထဇာတံ၊ ဤသို့သော အနက်သဘောသည်။ အာပန္နံ၊ ရောက်၏။ ဝါ၊ ပြီး၏။

၃။ ဝဇိရဗုဒ္ဓိဋီကာ၊ စမ္မက္ခန္ဓကအဖွင့်၌လည်း–

အန္ဓမူဂဗဓိရော သောသာရိတောတိ ကွမိနာ အပတ္တဇိတသဒိ ဥပသမ္ပဒါ ရုဟတီတိ သိဒ္ဓံ– ဟု ဆိုတော်မူ၏(ဝဇိရ။၅၀၃)။

အန္ဓမူဂဗဓိရော၊ ကန်းသောသူ, ဆွံ့သောသူ, နားမကြားသောသူသည်။ သောသာရိတော၊ ရဟန်းခံမူ ကောင်းစွာ သွင်းခြင်းမည်၏။ ကွတိ ကွမိနာ၊ ဤပါဠိဖြင့်။ အပတ္တဇိတသဒိ၊ သာမဏေ မဟုတ်သော လူကိုလည်း။ ဥပသမ္ပဒါ၊ ရဟန်းခံခြင်းသည်။ ရုဟတိ၊ ရောက်၏။ ကွတိ ကွဒံ အတ္ထဇာတံ၊ သည်။ သိဒ္ဓံ၊ ပြီး၏။

ထိုဋီကာပါဠိဖြင့် လိင်ကျ၍ မသိဘဲနေသော သာမဏေကို ဆိုဖွယ်မရှိ၊ လူကိုပင် ရဟန်းခံသော်လည်း ရဟန်းဖြစ်သည်ဟု ပြတော်မူသည်။

✪ ✪ ✪ ✪ ✪

[၈၀] သင်္ကန်း ခါးတောင်းကျိုက်လျှင် အပြစ်ရှိ,မရှိ

(၁) မေး။ ။ အချို့အရပ်ဒေသ၌ အချို့ဆရာတို့သည် အမှုကိစ္စ ရွက်ဆောင်သောအခါ သာမဏေတို့အား ခါးတောင်းကျိုက်ခိုင်း၍ ရွက်ဆောင်စေရာ အပြစ်လွတ်ပါမည်လော?

ဖြေ။ ။ သာမဏေဖြစ်စေ၊ ရဟန်းဖြစ်စေ သင်္ကန်းကို ခါးတောင်းကျိုက်၍ မဝတ်အပ်။ အမှုကိစ္စ ဆောင်ရွက်သောအခါ ဖြစ်သော်လည်းကောင်း၊ ဖျားနာရောဂါ ရောက်သော်လည်းကောင်း မအပ်ကုန်။

http://www.dhammadownload.com

ဤသို့ မအပ်သော သင်္ကန်းခါးတောင်းကျိုက်ခြင်းကို ပြုသော် ရဟန်းမှာ ဒုက္ကဋ် အာပတ်သင့်သည်။ သာမဏေမှာ ဒဏ်ထိုက်သည်။ ထိုသာမဏေတို့အား မအပ်သည်ကို ပြုလုပ်စေသော ဆရာသည် အသမာဒါနဒုက္ကဋ် သင့်သည်ဖြစ်၍ အပြစ်မလွတ်။

၁။ သံဝလ္လိယံ နိဝါသေန္တိတိ မလ္လကမ္မကာရာဒယော ဝိယ ကစ္ဆံ ဗန္ဓိတွာ နိဝါသေန္တိ, ဧဝံ နိဝါသေတုံ ဂိလာနသမယံ မဂ္ဂပ္ပဋိပန္နသမယံ နာ ဝဋ္ဋတိ။ ယမ္ပိ မဂ္ဂံ ဂစ္ဆန္တော ဧကံ ဝါ ဒွေ ဝါ ကောဏေ ဥက္ခိပိတွာ အန္တရဝါသကသာဋကံ ဥပရိ လဂ္ဂေန္တိ, အန္တော ဝါ ဧကံ ကာသာဝံ တထာ နိဝါသေတွာ ဗဟိ အပရံ နိဝါသေန္တိ, သဗ္ဗံ နာ ဝဋ္ဋတိ။ ဂိလာနော ပန အန္တော ကာသာဝသာဋကေ ဒဿေတွာ အပရံ ဥပရိ နိဝါသေတုံ လဗ္ဘတိ။ အဂိလာနေန ဒွေ နိဝါသေန္တေန သဂုဏော ကတွာ နိဝါသေတဗ္ဗာနိ။–

ဟု လာသော **စူဠဝါ အဋ္ဌကထာ၊ ခုဒ္ဒကဝတ္ထုအဖွင့်**ကို ထောက်(ဝိ၊ဋ္ဌ၊၄၊၅၄-၅)။

သံဝလ္လိယံ နိဝါသေန္တိတိ၊ ဟူသည်ကား။ မလ္လကမ္မကာရာဒယော ဝိယ၊ လက်ဝှေ့ကိုင်သော သူ, အမှုလုပ်သောသူ အစရှိသည်တို့ကဲ့သို့။ ကစ္ဆံ ဗန္ဓိတွာ၊ အောက်ပိုး ဖွဲ့၍။ ဝါ၊ ခါးတောင်းကျိုက်၍။ နိဝါသေန္တိ၊ ဝတ်ကုန်၏။ ဧဝံ၊ သို့။ နိဝါသေတုံ၊ ဝတ်ခြင်းငှာ။ ဂိလာနသမယံ၊ နာသောရဟန်းအားလည်းကောင်း။ မဂ္ဂပ္ပဋိပန္နသမယံ၊ ခရီးသွားသော ရဟန်းအားလည်းကောင်း။ နာ ဝဋ္ဋတိ၊ မအပ်။ မဂ္ဂံ၊ ခရီးသို့။ ဂစ္ဆန္တော၊ သွားသောရဟန်းသည်။ ယမ္ပိ၊ အကြင်သင်္ကန်းကိုလည်း။ ဧကံ ဝါ ကောဏံ၊ တစ်စွန်းကိုလည်းကောင်း။ ဒွေဝါ-ကောဏေ၊ ၂-စွန်းတို့ကိုလည်းကောင်း။ ဥက္ခိပိတွာ၊ မြှောက်၍။ အန္တရဝါသကသာဋကံ၊ သင်းပိုင်၏။ ဥပရိ၊ အထက်၌။ လဂ္ဂေန္တိ၊ ဆွဲကုန်၏။ အန္တော ဝါ၊ အတွင်း၌လည်း။ ဧကံ ကာသာဝံ၊ ၁-ထည်သောသင်းပိုင်ကို။ တထာ၊ ထို့အတူ။ နိဝါသေတွာ၊ အောက်စွန်းကို အထက်၌ တင်ကာညှပ်သဖြင့်ဝတ်၍။ ဗဟိ၊ အပ၌။ အပရံ၊ တထည်ကို။ နိဝါသေန္တိ၊ ဝတ်ကုန် ၏။ သဗ္ဗံ၊ အလုံးစုံသော ဝတ်ခြင်းသည်။ နာ ဝဋ္ဋတိ၊ မအပ်။ ဂိလာနော ပန၊ နာသောရဟန်းသည်ကား။ အန္တော၊ အတွင်း၌။ ကာသာဝသာဋကေ၊ သင်းပိုင်၏။ ဩဝဋ္ဋိကံ၊ အချိုးကို။ ဒဿေတွာ၊ ပြ၍။ အပရံ၊ တစ်ထည်ကို။ ဥပရိ၊ အထက်၌။ နိဝါသေတုံ၊ ငှာ။ လဗ္ဘတိ၊ ရအပ်၏။ ဝါ၊ အပ်၏။ အဂိလာနေန၊ မနာသော ရဟန်းသာမဏေသည်။ ဒွေ၊ ၂-ထည်တို့ကို။ နိဝါသေန္တေန၊ ဝတ်သဖြင့်။ သဂုဏံ၊ ၂-ထည်ထပ်သည်ကို။ ကတွာ၊ ပြု၍။ နိဝါသေ-တဗ္ဗာနိ၊ ဝတ်အပ်ကုန်၏။

၂။ နာ ဘိက္ခဝေ ပတ္တဇိတေန အကပ္ပိယေ သမာဒပေတဗ္ဗံ၊ ယော သမာဒပေယျ အာပတ္တိ ဒုက္ကဋဿာ။–

ဟု ဟောတော်မူသော **ဘေသဇ္ဇက္ခန္ဓကပါဠိတော်**ကို ထောက်(ဝိ၊၃။၃၄၈)။

http://www.dhammadownload.com

ဘိက္ခဝေ၊ တို့။ ပဗ္ဗဇိတေန၊ ရဟန်းသည်။ အကပ္ပိယေ၊ မအပ်သည်တို့ကို။ နသမာဒပေတဗ္ဗံ၊ မဆောက်တည်စေအပ်။ ဝါ၊ မပြုစေအပ်။ ယော၊ အကြင်ရဟန်းသည်။ သမာဒပေယျ၊ ပြုစေငြားအံ့။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သင့်၏။

ဤသို့လာသော ပါဠိ,အဋ္ဌကထာကို ထောက်၍ ဆရာကလည်း မခိုင်းအပ်။ သာမဏေတို့ကလည်း ခါးတောင်းမကျိုက်အပ်-ဟု သန္နိဋ္ဌာန်ကျ မှတ်လေ။

ထိုသို့ အပြစ်မသိ၍ သာမဏေတို့အား အမှုကိစ္စရွက်ဆောင်သောအခါ ခါးတောင်းကျိုက်၍ ပြုရာတို့၌ ထိုသာမဏေတို့သည် ခါးတောင်းကျိုက်၍ လူတို့၏ ဝတ်ခြင်းကဲ့သို့ ဝတ်ရသည်၊ ဤသို့ လူအဝတ်နှင့် လူ၏အသွင် တင့်တယ်သည်ဟု စိတ်ကို ဆုံးဖြတ်ဝန်ခံပြီးမှ သာမဏေအဖြစ်ကို သာယာသော်လည်း ထေယျသံဝါသက ဖြစ်သောကြောင့် သာမဏေတို့ ခါးတောင်းကျိုက်သော အရာကို အထူးပြု၍ တားမြစ်ရမည်ဟု မှတ်။

၃။ ထို့ကြောင့် မဟာဝါအဋ္ဌကထာ၌–

> သစေပိ ဂိဟိဘာဝံ ပတ္ထယမာနော ကာသာဝံ ဩဝဋ္ဋိကံ ဝါ ကတ္တာ အညေန ဝါ အာကာရေန ဂိဟိနိဝါသနေန နိဝါသေတိ "သောဘတိ နု ခေါ မေ ဂိဟိလိင်္ဂံ, နု သောဘတီ"တိ ဝိမံသနတ္ထံ၊ ရက္ခတိ တာဝ။ "သောဘတီ"တိ သမ္မဋ္ဌဘတ္တာ ပန ပုန လိင်္ဂံ သာဒိယန္တော ထေယျသံဝါသကော ဟောတိ။–

ဟု မိန့်ဆိုတော်မူ၏(ဝိ၊ဋ္ဌ၊၃။၃၀၂)။

ဂိဟိဘာဝံ၊ လူအဖြစ်ကို။ ပတ္ထယမာနော၊ တောင့်တလျက်။ ကာသာဝံ၊ သင်္ကန်းကို။ ဩဝဋ္ဋိကံ၊ ချိုးသည်ကို။ ဝါ၊ လိမ်၍ ကျစ်သည်ကို။ ကတ္တာ ဝါ၊ ပြု၍လည်းကောင်း။ အညေန၊ တပါးသော။ အာကာရေန ဝါ၊ အခြင်းအရာဖြင့်လည်းကောင်း။ ဂိဟိနိဝါသနေန၊ လူတို့၏ ဝတ်ရုံခြင်းဖြင့်။ နိဝါသေတိ၊ ဝတ်၏။ မေ၊ အား။ ဂိဟိလိင်္ဂံ၊ အသွင်သည်။ သောဘတိ နုခေါ၊ တင့်တယ်လေသလော။ နု သောဘတိ နုခေါ၊ မတင့်တယ်လေသလော။ ဣတိ၊ သို့။ ဝိမံသနတ္ထံ၊ စုံစမ်းခြင်းငှာ။ နိဝါသေတိ၊ ဝတ်၏။ ရက္ခတိ တာဝ၊ စောင့်သေးသည်သာတည်း။ သောဘတိ၊ လူ၏အသွင် တင့်တယ်၏။ ဣတိ၊ သို့။ သမ္မဋ္ဌဘတ္တာ ပန၊ စိတ်ကို ဆုံးဖြတ်ဝန်ခံပြီး၍ကား။ ပုန၊ တဖန်။ လိင်္ဂံ၊ သာမဏေအသွင်ကို။ သာဒိယန္တော၊ သာယာသည်ရှိသော်။ ထေယျသံဝါသကော၊ သည်။ ဟောတိ၊ ၏။

၄။ ဝိမတိဝိနောဒနီဋီကာ၌ကား–

> "သောဘတီ"တိ သမ္မဋ္ဌဘတ္တာတိ ကာသာဝဓာရဏေ ဓုရံ နိက္ခိပိတ္တာ ဂိဟိဘာဝံ သမ္မဋ္ဌဘတ္တာ– ဟု ဖွင့်တော်မူ၏(ဝိမတိ၊၂။၁၂၂)။

http://www.dhammadownload.com

သောဘတိတိ သမ္မဒိစ္ဆိတ္တာတိ၊ ဟူသည်ကား။ ကာသာဝဓာရဏော၊ သင်္ကန်းကို ဝတ်ခြင်း၌။ ဝါ၊ သင်္ကန်းကိုဆောင်ခြင်း၌။ ဓုရံ၊ မဝတ်ပြီဟူသောဝန်ကို။ နိက္ခိပိတွာ၊ စိတ်ချ၍။ ဂိဟိဘာဝံ၊ လူအဖြစ်ကို။ သမ္မဒိစ္ဆိတွာ၊ ဆုံးဖြတ်ဝန်ခံ၍။

ဤသို့လာသော အဋ္ဌကထာ,ဋီကာပါဠိကို ထောက်၍ စိတ်ဆိုသည့် အရာကား အလွန် လျင်မြန်သည်ဖြစ်၍ သာမဏေတို့အား ခါးတောင်းကျိုက်ခြင်းကို မစေခိုင်းဘဲ အပ်သောရုံခြင်းကို နားလည်အောင် သင်ကြားဆုံးမရမည်ဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

[၈၁] ဝါဆိုသောနေ့၌ ဝါပန်လျှင် အပ်,မအပ်

(၁) မေး။ ။ပုရိမဝါဆိုသော ရဟန်းသည် ဝါဆိုလပြည့်ကျော် ၁-ရက်နေ့၌ ဝါဆို၍ ထိုဝါဆိုသောနေ့၌ပင် သတ္တာဟ ကိစ္စရှိလျှင် ဝါပန်၍ သွားအပ်ပါမည်လော။

ဖြေ။ ။ထိုဝါဆိုသောနေ့၌ပင် သတ္တာဟ ကိစ္စရှိမူ ဝါပန်၍ သွားအပ်သည်။

၁။ သော တဒဟေဝ အကရဏီယောတိအာဒီသု သစေ ဝဿံ အနုပဂန္တွာ ဝါ ပက္ကမတိ၊ ဥပဂန္တွာ ဝါ သတ္တာဟံ ဗဟိဒ္ဓါ ဝီတိနာမေတိ။ ပုရိမိကာ စ န ပညာယတိ။ ပဋိဿဝေ စ အာပတ္တိ။ ဝဿံ ဥပဂန္တွာ ပန အရုဏံ အနုဋ္ဌာပေတွာ တဒဟေဝ သတ္တာဟကရဏီယေန ပက္ကမန္တဿပိ အန္တောသတ္တာဟေ နိဝတ္တန္တဿ အနာပတ္တိ။ ကော ပန ဝါဒေါ ဒ္ဝိဟတီဟံ ဝသိတွာ အန္တောသတ္တာဟေ နိဝတ္တန္တဿ–

ဟု လာသော ဝဿူပနာယိကက္ခန္ဓကအဋ္ဌကထာကို ထောက်(ဝိ၊ဋ၊၃။၃၅၅)။

သော တဒဟေဝ အကရဏီယောတိအာဒီသု၊ စသည်တို့၌။ ဝဿံ၊ ဝါသို့။ အနုပဂန္တွာ ဝါ၊ မကပ်မူ၍လည်း။ သစေ ပက္ကမတိ၊ သွားအံ့။ ဥပဂန္တွာ ဝါ၊ ဝါဆို၍လည်း။ သတ္တာဟံ၊ ၇-ရက်ကို။ ဝါ၊ ၇-ရက်ပတ်လုံး။ ဗဟိဒ္ဓါ၊ အပ၌။ ဝီတိနာမေတိ၊ လွန်စေ၏။ ပုရိမိကာ စ၊ ပဌမဝါသည်လည်း။ န ပညာယတိ၊ မထင်။ ပဋိဿဝေ စ၊ ဝန်ခံခြင်းကြောင့်လည်း။ အာပတ္တိ၊ ဒုက္ကဋ်အာပတ်သင့်၏။ ဝဿံ၊ ဝါသို့။ ဥပဂန္တွာ ပန၊ ကပ်ပြီး၍ကား။ အရုဏံ၊ အရုဏ်ကို။ အနုဋ္ဌာပေတွာ၊ မတက်စေမူ၍။ တဒဟေဝ၊ ထိုဝါဆိုသောနေ့၌သာလျှင်။ သတ္တာဟကရဏီယေန၊ သတ္တာဟကိစ္စဖြင့်။ ပက္ကမန္တဿပိ၊ ဝါပန်၍သွားသော ရဟန်းအားလည်း။ အန္တောသတ္တာဟေ၊ ၇-ရက်အတွင်း၌။ နိဝတ္တန္တဿ၊ ပြန်သောရဟန်းအား။ အနာပတ္တိ၊ အာပတ်

http://www.dhammadownload.com

မသင့်။ ဒွိဟတီဟံ၊ ၂-ရက်, ၃-ရက်ကို။ ဝသိတွာ၊ နေ၍။ အန္တောသတ္တာဟော၊ ၇-ရက်အတွင်း၌။ နိဝတ္တန္တသ၊ ပြန်သောရဟန်းအား။ ကော ပန ဝါဒေါ၊ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ဤအရာ၌ "အနုဋ္ဌာပေတွာ"ဟူသော အဋ္ဌကထာပါဠိသည် အချို့ပေတို့၌ "ဥဋ္ဌာပေတွာ" ဟု ရှိသည်။ ထိုသို့ မရှိသင့်။ "အနုဋ္ဌာပေတွာ"ဟူ၍သာ မြစ်အပ်သော အနသဒ္ဒါဖြင့် ရှိသင့်သည်။

၂။ ထို့ကြောင့် ဝိနယဝိနိစ္ဆယဋီကာ၌–

"**အနုဋ္ဌာပေတွာ ပုနာရုဏာ**"နှင့် ပါဠ္ဌော ဂဟေတဗ္ဗော။ ကတ္ထစိ ပေါတ္ထကေသု "ဥဋ္ဌာပေတွာ"တိ ပါဠ္ဌော ဒိဿတိ၊ သော န ဂဟေတဗ္ဗော–

ဟု ဆိုတော်မူ၏(ဝိနယဝိနိစ္ဆယဋီ၊ ၂။ ၂၀၈)။

✪ ✪ ✪ ✪ ✪

[၈၂] ဥပစာရသီမ်အပြင်ဘက်ရောက်မှ ဝါပြန်ပန်ခြင်း

(၁) **မေး**။ ။ ဝါပန်သောရဟန်းသည် သတိမေ့၍ ဥပစာရသီမ် အပြင်ဘက်ရောက်မှ သတိရ၍ ဝါပြန်ပန်ရာ ဝါပျက်မည်လော။

ဖြေ။ ။ သတိမေ့၍ ဥပစာရသီမ်အပြင်ဘက်ရောက်မှ သတိရ၍ဝါပြန်ပန်ရာ မရထိုက်၊ ဝါမပန်ဘဲ ဥပစာရသီမ်ကို လွန်သောခဏ၌ပင် ဝါပျက်သည်။

၁။ ဧဝံ ဂစ္ဆန္တေန စ အန္တောဥပစာရသီမာယံ ဌိတေနေဝ "အန္တောသတ္တာဟော အာဂစ္ဆိဿာမီ"တိ အာဘောဂံ ကတ္တာ ဂန္တဗ္ဗံ။ သစေ အာဘောဂံ အကတ္တာ ဥပစာရသီမံ အတိက္ကမတိ၊ ဆိန္နဝဿောဝ ဟောတီတိ ဝဒန္တိ။–

(သာရတ္ထဋီ၊ ၃။ ၂၈၂။ဝိနိယဝိနိစ္ဆယဋီ၊ ၂။ ၂၀၈)။

ဟု လာသော **တေရသကဏ်ဋီကာ၊ ဝိနိစ္ဆယဋီကာ**တို့ကို ထောက်။

ဧဝံ၊ ဤသို့။ ဂစ္ဆန္တေန စ၊ သတ္တာဟကိစ္စဖြင့် သွားသောရဟန်းသည်လည်း။ အန္တော-ဥပစာရသီမာယံ၊ ဥပစာရသီမ်တွင်း၌။ ဌိတေနေဝ၊ တည်လျက်သာလျှင်။ အန္တော-သတ္တာဟော၊ ၇-ရက်အတွင်း၌။ အာဂစ္ဆိဿာမိ၊ ပြန်ခဲ့အံ့။ ဣတိ၊ သို့။ အာဘောဂံ၊ နှလုံးသွင်း

http://www.dhammadownload.com

ခြင်းကို။ ကတွာ၊ ၍။ ဂန္ထဉ်၊ သွားအပ်၏။ အာဘောဂံ၊ ကို။ အကတွာ၊ မပြုမူ၍။ ဥပစာရသိမ်၊ ဝါဆိုသောကျောင်းတိုက် ဥပစာရသိမ်ကို။ သစေ အတိက္ကမတိ၊ လွန်သည် ဖြစ်အံ့။ ဆိန္နဝဿောဝ၊ ဝါပျက်သည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။

ထိုဋီကာ၌ ဝဒန္တိ စကားသည် "ဒွိဟတီဟံ ဝသိတွာတိ ဇေတ္ထာပိ နိရပေက္ခေနေဝ ဥပစာရာတိက္ကမေ ဝဿစ္ဆေဒေါ ဝေဒိတဗ္ဗော"ဟု လာသော ဝဿူပနာယိကက္ခန္ဓက အဋ္ဌကထာနှင့် ညီသည်။

၂။ ဝိမတိဝိနောဒနီဋီကာ၌ကား–

> ဂန္ထံ၊ ဝဋ္ဋတီတိ အန္တောဥပစာရသီမာယံ ဌိတေနေဝ သတ္တာဟကရဏီယနိမိတ္တံ သလ္လက္ခေတွာ ဣမိနာ နိမိတ္တေန ဂန္ထာ "အန္တောသတ္တာဟေ အာဂမိဿာမီ"တိ အာဘောဂံ ကတွာ ဂန္ထံ၊ ဝဋ္ဋတီ။ ပုရိမက္ခဏေ အာဘောဂံ ကတွာ ဂမနက္ခဏေ ဝိသရိတွာ ဂတေပိ ဒေါသော နတ္ထိ၊ သကရဏီယော ပဏ္ဍမတီတိ ဝုတ္တတ္တာ။ သဗ္ဗထာ ပန အာဘောဂံ အကတွာ ဂတာသ ဝဿစ္ဆေဒေါတိ ဝဒန္တိ။ ယော ပန သတ္တာဟကရဏီယနိမိတ္တာဘာဝေပိ "သတ္တာဟဗ္ဘန္တရေ အာဂမိဿာမီ"တိ အာဘောဂံ ကတွာ သတ္တာဟဗ္ဘန္တရေ အာဂစ္ဆတိ၊ တဿ အာပတ္တိယေဝ၊ ဝဿစ္ဆေဒေါ နတ္ထိ၊ သတ္တာဟဿ သန္နိဝတ္တတ္တာတိ ဝဒန္တိ။ ဝီမံသိတွာ ဂဟေတဗ္ဗံ။

ဟု ဆိုတော်မူသည်(ဝိမတိ၂။၁၇-၆)။

ဂန္ထံ၊ ဝဋ္ဋတီတိ၊ ဟူသည်ကား။ အန္တောဥပစာရသီမာယံ၊ ၌။ ဌိတေနေဝ၊ လျှင်။ သတ္တာဟကရဏီယနိမိတ္တံ၊ သတ္တာဟကိစ္စ အကြောင်းကို။ သလ္လက္ခေတွာ၊ မှတ်၍။ ဣမိနာ နိမိတ္တေန၊ ဤ အကြောင်းဖြင့်။ ဂန္ထာ၊ ၍။ အန္တောသတ္တာဟေ၊ ၇-ရက်အတွင်း၌။ အာဂမိဿာမိ၊ ပြန်ခဲ့ပါအံ့။ ဣတိ၊ သို့။ အာဘောဂံ၊ ကို။ ကတွာ၊ ၍။ ဂန္ထံ၊ ဌာ။ ဝဋ္ဋတိ၊ ၏။ ပုရိမက္ခဏေ၊ မသွားမီ ရှေ့အဖို့ကာလ၌။ အာဘောဂံ၊ ဝါပန်အံ့ဟု နှလုံးသွင်းခြင်းကို။ ဝါ၊ ၇-ရက်အတွင်း ပြန်အံ့-ဟု နှလုံးသွင်းခြင်းကို။ ကတွာ၊ ၍။ ဂမနက္ခဏေ၊ သွားသောခဏ၌။ ဝိသရိတွာ၊ သတိမ့်၍။ ဂတေပိ၊ သွားသော်လည်း။ ဒေါသော၊ သည်။ နတ္ထိ၊ မရှိ။ သကရဏီယော ပဏ္ဍမတီတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ဟောတော်မူသောကြောင့်တည်း။ သဗ္ဗထာ ပန၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ အာဘောဂံ၊ ကို။ အကတွာ၊ ၍။ ဂတာသ၊ သွားသောရဟန်းအား။ ဝဿစ္ဆေဒေါ၊ ဝါပြတ်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ ယော ပန၊ အကြင်ရဟန်းသည်။ သတ္တာဟကရဏီယနိမိတ္တာဘာဝေပိ၊ သတ္တာဟကိစ္စ အကြောင်းမရှိသော်လည်း။ သတ္တာဟဗ္ဘန္တရေ၊ ၇-ရက်အတွင်း၌။ အာဂမိဿာမိ၊ လာအံ့။ ဣတိ၊ သို့။ အာဘောဂံ၊ ကို။ ကတွာ၊ ၍။ သတ္တာဟဗ္ဘန္တရေ၊ ၌။ အာဂစ္ဆတိ၊ ပြန်လာ၏။ တဿ၊ ထိုရဟန်း

http://www.dhammadownload.com

အား။ အာပတ္တိယေဝ၊ အာပတ်သာလျှင် သင့်၏။ ဝဿစ္ဆေဒေါ၊ ဝါပြတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ သတ္တာဟသာ၊ ၇-ရက်အတွင်း၌။ သန္နိဝတ္တတ္တာ၊ ပြန်လာသည်၏ အဖြစ်ကြောင့်တည်း။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ဝိမံသိတွာ၊ စုံစမ်း၍။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

၃။ ထိုဝိမတိဝိနောဒနီဋီကာ၌ "ပုရိမက္ခဏေ အာဘောဂံ ကတွာ ။ပ။ ဝဿစ္ဆေဒေါတိ ဝဒန္တိ"ဟု ပြသောစကားအရ မသွားမီ ရှေ့အဖို့က ဝါပန်၍သွားရမည်။ ၇-ရက်အတွင်း ပြန်လာမည်ဟု နှလုံးသွင်း၍ သွားသောအခါ သတိမေ့၍ ဝါမပန်မိသော်လည်း အပြစ်မရှိ။ အခါခပ်သိမ်း နှလုံးမသွင်းမူ၍ သွားသောရဟန်းသာ ဝါပျက်သည်-ဟု ဆိုသောစကားကို-

> သမ္မာပုဏ်တုံ နု သတ္ထောန္တိ၊ ဝဋ္ဋတီတိ ဧတ္ထ "အဇ္ဇေဝ အာဂမိဿာမီ"တိ သာမန္တဝိဟာရံ ဂန္ဒာ ပုန အာဂစ္ဆန္တဿ အန္တရာမဂ္ဂေ သစေ အရုဏုဂ္ဂမာနံ ဟောတိ၊ ဝဿစ္ဆေဒေါပိ နု ဟောတိ၊ ရတ္တိစ္ဆေဒဒုက္ကဋဿ နတ္ထိ။ တဒဟေဝ အာဂမနေ သဉ္ဉာဟတ္တာ ဝဿစ္ဆေဒေါ ဝါ အာပတ္တိ ဝါ နု ဟောတီတိ အဓိပ္ပါယော။—

ဟုလာသော ဝိနယာလင်္ကာရဋီကာ(၁။၄၀၈), သာရတ္ထဒီပနီဋီကာ(၃။၂၈၃)တို့ကို ထောက်၍ သင့်လျော် ယုတ္တိရှိသောစကား-ဟု မှတ်ရမည်။

သမ္မာပုဏ်တုံ နု သတ္ထောန္တိ၊ ဝဋ္ဋတီတိ ဧတ္ထ၊ ၌။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ အာဂမိဿာမိ၊ ပြန်လာအံ့။ ဣတိ၊ သို့။ သာမန္တဝိဟာရံ၊ အနီးဖြစ်သောကျောင်းသို့။ ဂန္ဒာ၊ သွား၍။ ပုန၊ တဖန်။ အာဂစ္ဆန္တဿ၊ ပြန်လာသောရဟန်းအား။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ အရုဏုဂ္ဂမနံ၊ အရုဏ်တက်သည်။ သစေ ဟောတိ၊ ဖြစ်အံ့။ ဝဿစ္ဆေဒေါ ဝါ၊ ဝါ-ပြတ်ခြင်းသည်လည်း။ နု ဟောတိ၊ မဖြစ်။ ရတ္တိစ္ဆေဒဒုက္ကဋဿ၊ ညဉ့်ပြတ်၍ ဒုက္ကဋ်သည်လည်း။ နတ္ထိ၊ မရှိ။ တဒဟေဝ၊ ထိုနေ့၌လျှင်။ အာဂမနေ၊ လာခြင်း၌။ သဉ္ဉာဟတ္တာ၊ အားထုတ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ ဝဿစ္ဆေဒေါ ဝါ၊ သည်လည်းကောင်း။ အာပတ္တိ ဝါ၊ သင့်သည်လည်းကောင်း။ နု ဟောတိ၊ မဖြစ်။ ဣတိ အယံ၊ သည်လျှင်။ အဓိပ္ပါယော၊ တည်း။

၄။ ထိုဝိမတိဝိနောဒနီဋီကာ၌ "ယော ပန သတ္တာဟကရဏီယနိမိတ္တာဘာဝေပိ ။ပ။ ဝဒန္တိ။ ဝိမံသိတွာ ဂဟေတဗ္ဗံ"ဟု ပြသော ဝဒန္တိစကားအရ "သတ္တာဟကိစ္စ မရှိဘဲ သွားသော်လည်း ၇-ရက်အတွင်း၌ ပြန်သောကြောင့် အာပတ်သာ သင့်သည်၊ ဝါ-မပျက်" ဟူသော ဆရာတို့စကားကို—

> အနိမန္တိတေန ဂန္တ္ဝါ နု ဝဋ္ဋတီတိ ဧတ္ထ အနိမန္တိတတ္တာ သတ္တာဟကိစ္စံ အဓိဋ္ဌဟိတွာ ဂစ္ဆန္တသာပိ ဝဿစ္ဆေဒေါ စေဝ ဒုက္ကဋဿ ဟောတီတိ ဝေဒိတဗ္ဗံ—

ဟု လာသော သာရတ္ထဒီပနီဋီကာကို ထောက်၍ ပယ်အပ်သည်-ဟု မှတ်(သာရတ္ထ၊၃။၂၈၂)။

http://www.dhammadownload.com

အနိမန္ဆိတေန ဂန္ဆ္ဆ နု ဝဋ္ဋတီတိ ဧတ္ထ၊ ၌။ အနိမန္ဆိတတ္တာ၊ မပင့်ဖိတ်အပ်သည်၏ အဖြစ်ကြောင့်။ သတ္တာဟကိစ္စံ၊ ကို။ အဓိဋ္ဌဟိတ္တာ၊ ၍။ ဂစ္ဆန္တသာပိ၊ သွားသော ရဟန်း အားလည်း။ ဝဿစ္ဆေဒေါ စေဝ၊ ဝါ-ပျက်ခြင်းသည်လည်းကောင်း။ ဒုက္ကဋ္ဌ၊ ဒုက္ကဋ်ရောက်သည်လည်းကောင်း။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

✪ ✪ ✪ ✪ ✪

[၈၃] ဝါပန်ရက်အတွင်း ကျောင်းသို့ ခဏဝင်၍ ခရီးဆက်သွားခြင်း

(၁) **မေး။** ။ အကြင်ရဟန်းသည် ဝါဆိုသော ကျောင်း၏ အရှေ့တစ်တိုင်ကွာ အရပ်က ညဉ့်အိပ် ပင့်၍ သတ္တာဟကိစ္စဖြင့် ဝါပန်၍ သွားရာ မိမိ ဝါဆိုသောကျောင်း၏ အနောက် တစ်တိုင်ကွာ အရပ်ကလည်း နောက် ၁-ရက် ညဉ့်အိပ်ဆက်၍ ပင့်ဖိတ်လျှင် ဝါဆိုသော ကျောင်းသည် အလယ်လမ်းခရီးကျ၍ နောက် ၁-ရက်ပင့်ရာ အနောက်အရပ်သို့ လာလျှင် ကျောင်းတွင်းသို့ဝင်၍ ညဉ့်မအိပ်ဘဲ သတ္တာဟ ကိစ္စဖြင့် သွားရာ အပ်ပါမည်လော?

ဖြေ။ ။ အကြင်ရဟန်းသည် ပဌမပင့်ရာအရပ်သို့ သတ္တာဟကိစ္စဖြင့် တစ်ညဉ့်အိပ် ဝါပန်၍သွားရာ လိုက်လာ၍ တစ်ခွာက တစ်ညဉ့်အိပ် ပင့်ပြန်သည်ဖြစ်၍ နောက်ထပ်ပင့်သော ခွာသို့ ပဌမသတ္တာဟဖြင့် သွားမည်ဟု ကြံ၍လာရာ ဝါဆိုသောကျောင်းသည် လမ်းခရီးအနီးဖြစ်၍ ခဏဝင်နား၍သွားသော်လည်း ၇-ရက်အတွင်းဖြစ်၍ အပြစ် မရှိ၊ အပ်သည်။

အကြင်ရဟန်းသည် ပဌမ တစ်ညဉ့်အိပ် ပင့်၍ သတ္တာဟကိစ္စဖြင့် ဝါပန်ကာ သွား၍ ကျောင်းသို့ ပြန်လာရာ တစ်ခွာက ထပ်၍ တစ်ညဉ့်အိပ် ပင့်ပြန်လျှင် ထိုကျောင်း၌ အရုဏ်မတက်စေဘဲ ဝါပန်၍ လိုက်သော်လည်း ၇-ရက်အတွင်းပင် ဖြစ်၍ အပြစ်မရှိ၊ အပ်သည်။

၁။ ယထာ ဝဿံ ဝတ္ထာ အရုဏံ အနုဋ္ဌာပေတ္ဝာဝ သတ္တာဟကရဏီယေန ဂစ္ဆတော အနာပတ္တိ၊ တထာ ဂတဋ္ဌာနတော အန္တောသတ္တာဟေ အာဂန္ဆာ ပုနပိ အရုဏံ အနုဋ္ဌာပေတ္ဝာဝ သတ္တာဟကရဏီယေန ဂစ္ဆတော အနာပတ္တိ။ "သတ္တာဟဝါရေန အရုဏော ဥဋ္ဌာပေတဗ္ဗော"တိ အဋ္ဌကထာဝစနံ သတ္တာဟာရုဏေန ပဋိပဒ္ဒဒိဝသံ သတ္တမေန အရုဏေနေဝ သင်္ဂဟေတွာ သတ္တမအရုဏဿ္ဥဋ္ဌာရေ အနာဂန္ဆာ အဋ္ဌမံ

http://www.dhammadownload.com

အရုဏ် ဗဟိ ဥဋ္ဌာပေန္တသ္မာ ရတ္တိစ္ဆေဒဒဿနပဒံ။ သတ္တမအရုဏသ္မေဝ တတ္ထ ဥဋ္ဌာပေတဗ္ဗာဝဒဿနပဒန္တိ ဂဟေတဗ္ဗံ-

ဟု လာသော ဝိနယဝိနိစ္ဆယဋီကာကို ထောက်(ဝိနိစ္ဆယဋီ၊၂။၂၀၈။ထောက် ဝိသဒိသဲ)။

ဝဿံ ဝသိတွာ၊ ဝါဆို၍။ အရုဏ်၊ အရုဏ်ကို။ အနုဋ္ဌာပေတွာဝ၊ မတက်စေမူ၍ သာလျှင်။ သတ္တာဟကရဏီယေန၊ သတ္တာဟကိစ္စဖြင့်။ ဂစ္ဆတော၊ သွားသောရဟန်းအား။ အနာပတ္တိ ယထာ၊ အာပတ် မသင့်သကဲ့သို့။ တထာ၊ ထို့အတူ။ ဂတဋ္ဌာနတော၊ သွားရာအရပ်မှ။ အာဂန္တွာ၊ ဝါဆိုသော ကျောင်းသို့ ပြန်လာ၍။ ပုနပိ၊ တဖန်လည်း။ အရုဏ်၊ ကို။ အနုဋ္ဌာပေတွာဝ၊ မတက်စေမူ၍သာလျှင်။ သတ္တာဟကရဏီယေန၊ ဖြင့်။ ဂစ္ဆတော၊ သွားသော ရဟန်းအား။ အနာပတ္တိ၊ အာပတ် မသင့်။ သတ္တာဟဝါရေန အရုဏော ဥဋ္ဌာပေတဗ္ဗောတိ၊ ဟူသော။ အဋ္ဌကထာဝစနံ၊ မဟာအဋ္ဌကထာ စကားကို။ ဝါ၊ သည်။ သတ္တာဟာရုဏောန၊ ၇-ရက်စေ့သော အရုဏ်နှင့်။ ပဋိဗဒ္ဓဒိဝသံ၊ စပ်သော နေ့ကို။ သတ္တမေန အရုဏေနေဝ၊ သတ္တမအရုဏ်ဖြင့်သာလျှင်။ သင်္ဂီဟေတွာ၊ ရေတွက်၍။ သတ္တမေနအရုဏဿတ္ထာရေ၊ ၇-ရက်မြောက် အရုဏ်အတွင်း၌။ အနာဂန္တွာ၊ မလာမူ၍။ အဋ္ဌမံ၊ ၈-ရက်မြောက်သော။ အရုဏ်၊ ကို။ ဗဟိ၊ အပ၌။ ဥဋ္ဌာပေန္တသ္မာ၊ တက်စေသော ရဟန်းအား။ ရတ္တိစ္ဆေဒဒဿနပဒံ၊ ညဉ့်ပြတ်ခြင်းကိုပြသော ပုဒ်တည်း။ သတ္တမအရုဏသ္မေဝ၊ ၇-ရက်မြောက်သော အရုဏ်ကို သာလျှင်။ တတ္ထ၊ ထိုဝါဆိုသောကျောင်း၌။ ဥဋ္ဌာပေတဗ္ဗာဝ-ဒဿနပဒံ၊ တက်စေအပ်သော အဖြစ်ကို ပြသောပုဒ်တည်း။ ဣတိ၊ သို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

၂။ သာရတ္ထဒီပနီဋီကာ၌လည်း-

သစေ နံ အာစရိယော "အဇ္ဇ မာ ဂစ္ဆာ"တိ ဝဒတိ၊ ဝဋ္ဋတိတိ ဧဝံ သတ္တာဟကရဏီယေန အာဂတာနံ (ဂတံ) အန္တောသတ္တာဟေယေဝ ပုန အာဂစ္ဆန္တံ သစေ အာစရိယော, ဥပဇ္ဈာယော ဝါ "အဇ္ဇ မာ ဂစ္ဆာ"တိ ဝဒတိ၊ ဝဋ္ဋတိ၊ သတ္တာဟာတိက္ကမေပိ အနာပတ္တိတိ အဓိပ္ပါယော။ ဝဿစ္ဆေဒေါ ပန ဟောတိယေဝါတိ ဒဋ္ဌဗ္ဗံ၊ သတ္တာဟဿ ဗဟိဒ္ဓါ ဝိတိနာမိတတ္တာ-

ဟု ဆိုတော်မူ၏(သာရတ္ထ၊၃။၂၈၃)။

နံ၊ ထိုရဟန်းကို။ အာစရိယော၊ သည်။ အဇ္ဇ၊ ယနေ့။ မာ ဂစ္ဆ၊ မသွားလင့်။ ဣတိ၊ သို့။ သစေ ဝဒတိ၊ ဆိုအံ့။ ဝဋ္ဋတိ၊ ၏။ ဣတိ ဇော္ထ၊ ဤစကား၌။ ဧဝံ၊ သို့။ သတ္တာဟကရဏီယေန၊ သတ္တာဟကိစ္စဖြင့်။ အာဂတာနံ၊ လာကုန်သော တပည့်တို့ကို။ အန္တောသတ္တာဟေယေဝ၊ ၇-ရက် အတွင်း၌သာလျှင်။ ပုန၊ ဖန်။ အာဂစ္ဆန္တံ၊ ပြန်သွားသည်ကို။

http://www.dhammadownload.com

အာစရိယော ဝါ၊ သည်လည်းကောင်း။ ဥပဇ္ဈာယော ဝါ၊ သည်လည်းကောင်း။ အဇ္ဇ၊ ယနေ့။ မာ ဂစ္ဆ၊ မပြန်လင့်။ ဣတိ၊ သို့။ သစေ ဝဒတိ၊ ဆိုအံ့။ ဝဋ္ဋတိ၊ အပ်၏။ သတ္ထာဟာတိဂ္ဂမေပိ၊ ၇-ရက်ကို လွန်ခြင်း၌လည်း။ အနာပတ္တိ၊ မသင့်။ ဣတိ အယံ၊ လျှင်။ အဓိပ္ပါယော၊ တည်း။ ဝဿစ္ဆေဒေါ ပန၊ ဝါပြတ်ခြင်းသည်ကား။ ဟောတိ ယေဝ၊ ဖြစ်သည်သာတည်း။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ အပ်၏။ သတ္ထာဟဿ၊ ကို။ ဗဟိဒ္ဓါ၊ အပ၌။ ဝီတိနာမိတတ္တာ၊ လွန်သည်၏ အဖြစ်ကြောင့်တည်း။

၃။ **ဝိနယာလင်္ကာရဋီကာ၌လည်း(ဝိနယာလင်္ကာရဋီ၊၁။၄၀၈)–**

> သမ္မာပုဏ်တုံ နံ သင်္ကောန္တိ၊ ဝဋ္ဋတီတိ ဧတ္ထ "အဇ္ဇေဝ အာဂမိဿာမီ"တိ သာမန္တဝိဟာရံ ဂန္ဒှာ ပုန အာဂစ္ဆန္တဿ အန္တရာမဂ္ဂေ သစေ အရုဏုဂ္ဂမနံ ဟောတိ၊ ဝဿစ္ဆေဒေါပိ နံ ဟောတိ၊ ရတ္တိစ္ဆေဒဒုက္ကဋ္ဌာ နတ္ထိ။ တဒဟေဝ အာဂမနေ သဉ္ဇာဟတ္ထာ ဝဿစ္ဆေဒေါ ဝါ အာပတ္တိ ဝါ နံ ဟောတီတိ အဓိပ္ပါယော –

ဟု ဆိုတော်မူ၏။

၄။ **သာရတ္ထဒီပနီဋီကာ(၃။၂၈၃)၌လည်း** နည်းတူ ဝဒန္တိစကားဖြင့် လာသည်။

> သမ္မာပုဏ်တုံ နံ သင်္ကောန္တိ၊ ဝဋ္ဋတီတိ ဧတ္ထ၊ ဒ္ဝိ။ အဇ္ဇေဝ၊ ယနေ့၌လျှင်။ အာဂမိဿာမိ၊ ပြန်လာအံ့။ ဣတိ၊ သို့။ သာမန္တဝိဟာရံ၊ အနီးဖြစ်သောကျောင်းသို့။ ဂန္ဒှာ၊ သွား၍။ အာဂစ္ဆန္တဿ၊ ပြန်လာသော ရဟန်းအား။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ အရုဏုဂ္ဂမနံ၊ အရုဏ်တက်သည်။ သစေ ဟောတိ၊ ဖြစ်အံ့။ ဝဿစ္ဆေဒေါပိ၊ သည်လည်း။ နံ ဟောတိ၊ မဖြစ်။ ရတ္တိစ္ဆေဒဒုက္ကဋ္ဌာ၊ ညဉ့်ပြတ်၍ ဒုက္ကဋ်ရှိ သင့်ခြင်းသည်လည်း။ နတ္ထိ၊ မရှိ။ တဒဟေဝ၊ ထိုနေ့၌လျှင်။ အာဂမနေ၊ ပြန်ခြင်း၌။ သဉ္ဇာဟတ္ထာ၊ အားထုတ်ခြင်း ရှိသည်၏ အဖြစ်ကြောင့်။ ဝဿစ္ဆေဒေါ ဝါ၊ သည်လည်းကောင်း။ အာပတ္တိ ဝါ၊ သည်လည်းကောင်း။ နံ ဟောတိ၊ မဖြစ်။ ဣတိ အယံ၊ လျှင်။ အဓိပ္ပါယော၊ တည်း။

ထိုဋီကာပါဠိတို့ဖြင့် ဝါဆိုသောကျောင်းမှ ပြင်ဘက်အပ၌ ၇-ရက်ပတ်လုံး မနေအပ်။ ၇-ရက်အတွင်း၌မူကား တစ်ညဉ့်အိပ် တစ်ခါ၊ တစ်ညဉ့်အိပ် တစ်ခါ-စသည်ဖြင့် ၆-ရက်ပတ်လုံးမှာ ဆက်ကာဆက်ကာ ဝါပန်၍သွားသော်လည်း ထိုကျောင်း၌ အရုဏ် မတက်ဘဲ သွားအပ်သည်။ ၇-ရက်စေ့သောရက်မှာ ထိုကျောင်း၌ အရုဏ် တက်စေရမည်။ ၇-ရက်စေ့၍ အရုဏ်မတက်မူ ၇-ရက်ကို လွန်၍ ပြင်ဘက်၌ အရုဏ်တက်သောကြောင့် ဝါ-ပျက်သည်-ဟု ပြတော်မူသည်။

http://www.dhammadownload.com

၅။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌–

သတ္ထာဟဝါရေန အရုဏော ဥဋ္ဌာပေတဗ္ဗောတိ ဧတ္ထ ဆ ဒိဝသာနိ ဗဟိဒ္ဓါ ဝိတိနာမေတွာ သတ္တမေ ဒိဝသေ ပုရာရုဏော (ပုရာရုဏာ) ဧဝ အန္တောဥပစာ-ရသီမာယံ ပဝိသိတွာ အရုဏံ ဥဋ္ဌာပေတွာ ပုန ဒိဝသေ သတ္ထာဟံ အဓိဋ္ဌာယ ဂန္ဓဗ္ဗန္တိ အဓိပ္ပါယော-

ဟု ဆိုတော်မူ၏(ဝိမတိ၂။၁၇၆)။

သတ္ထာဟဝါရေန အရုဏော ဥဋ္ဌာပေတဗ္ဗောတိ ဧတ္ထ၊ ၌။ ဆ ဒိဝသာနိ၊ ၆-ရက်တို့ကို။ ဗဟိဒ္ဓါ၊ အပ၌။ ဝိတိနာမေတွာ၊ လွန်စေ၍။ သတ္တမေ ဒိဝသေ၊ ၇-ရက်မြောက်သောနေ့၌။ ပုရာရုဏော ဧဝ၊ အရုဏ်မတက်မီ၌သာလျှင်။ အန္တောဥပစာရသီမာယံ၊ ဝါဆိုသော ဥပစာရသီမ်တွင်း၌။ ပဝိသိတွာ၊ ဝင်၍။ အရုဏံ၊ ကို။ ဥဋ္ဌာပေတွာ၊ တက်စေ၍။ ပုန ဒိဝသေ၊ တဖန်နေ့၌။ သတ္ထာဟံ၊ ၇-ရက်ကို။ အဓိဋ္ဌာယ၊ ဆောက်တည် ၍။ ဂန္ဓဗ္ဗ၊ ၏။ ဣတိ အယံ၊ လျှင်။ အဓိပ္ပါယော၊ တည်း။

[၈၄] သတိမေ့၍ ဝါမဆိုမိခြင်း

(၁) မေး။ ။ အကြင်ရဟန်းသည် ဝါဆိုခါနီး နေ့ရက်၌ ဤကျောင်း၌သာလျှင် ဝါဆိုအံ့ဟု စိတ်နှလုံးသွင်းရှိ၍ နေသော်လည်း ဝါဆိုသောနေ့၌ သတိမေ့၍ ဝါမဆိုမိရာ ထိုဝါပျက်မည်လော။

ဖြေ။ ။ ဤကျောင်း၌သာ ဝါဆိုအံ့ဟု စိတ်နှလုံးသွင်း ရှိ၍နေရာ ဝါဆိုသောနေ့၌ သတိမေ့၍ နှုတ်မြွတ်သဖြင့် ဝါမဆိုမိသော်လည်း ဝါမဆိုမီနေ့က ဤကျောင်း၌ ဝါဆိုအံ့-ဟု နှလုံးသွင်းရှိ၍ ဝါမပျက်။ ပဝါရဏာ ပြုထိုက်သည်၊ ဝါဆိုသံဃာ့ လာဘ်ကိုလည်း ရထိုက်သည်။

၁။ သစေ ဂ္လဓေဝ (ဂ္လဓ) ဝသိဿာမီတိ အာလယော အတ္ထိ၊ အဿတိယာ ပန ဝဿံ နု ဥပေတိ၊ ဂဟိတသေနာသနံ သုဂ္ဂဟိတံ ဟောတိ၊ ဆိန္နဝဿော နု ဟောတိ၊ ပဝါရေတုံ လဘတိယေဝ–

ဟုလာသော မဟာဝါအဋ္ဌကထာကို ထောက်(ဝိ၊ဋ္ဌ၊၃။၃၅၅)။

http://www.dhammadownload.com

ကွဲခဲ့၊ ဤကျောင်း၌သာလျှင်။ ဝသိဿာမိ၊ ဝါဆိုအံ့။ ကွဲတိ အာလယော၊ ဤသို့ စိတ်နှလုံးသွင်းသည်။ သစေ အတ္ထိ၊ ရှိသည်ဖြစ်အံ့၊ ပန၊ ထိုသို့ပင် စိတ်နှလုံးသွင်းရှိ သော်လည်း။ အဿတိယာ၊ ဝါဆိုသောနေ့၌ သတိမေ့သဖြင့်။ ဝဿံ၊ ဝါကို။ န ဥပေတိ၊ နှုတ်မြွက်၍မဆိုမိ။ ဂဟိတသေနာသနံ၊ ခံယူအပ်သောကျောင်းသည်။ သုဂ္ဂတိတံ၊ ကောင်းစွာ ခံယူအပ်သည်မည်၏။ ဆိန္နဝဿော၊ ဝါပြတ်သည်။ န ဟောတိ၊ မဖြစ်။ ပဝါရေတုံ၊ ပဝါရဏာပြုခြင်းငှာ။ လဘတိယေဝ၊ ရသည်သာတည်း။

၂။ သာရတ္ထဒီပနီဋီကာ၌လည်း–

> အဿတိယာ ပန ဝဿံ န ဥပေတီတိ "ကွမသွိ ဝိဟာရေ ကွမံ တေမာသံ ဝဿံ ဥပေမီ"တိ ဝစီဘေဒံ ကတွာ န ဥပေတိ။–

ဟု ဖွင့်တော်မူ၏(သာရတ္ထ၊ဒု။၂၈၆)။

အဿတိယာ ပန ဝဿံ န ဥပေတီတိ၊ ဟူသည်ကား။ ကွမသွိ ဝိဟာရေ ကွမံ တေမာသံ ဝဿံ ဥပေမီတိ၊ ဟူ၍။ ဝစီဘေဒံ၊ နှုတ်မြွက်ခြင်းကို။ ကတွာ၊ ပြု၍။ န ဥပေတိ၊ မကပ်။

✪ ✪ ✪ ✪ ✪

[၈၅] စိတ်ဖြင့်သာ နှလုံးသွင်း၍ ဝါဆိုခြင်း

(၁) မေး။ ။ဝါဆိုသောနေ့၌ သတိရလျက် "ကွမသွိ ဝိဟာရေ ကွမံ တေမာသံ ဝဿံ ဥပေမီ"ဟု နှုတ်က မမြွက်ဆိုဘဲ စိတ်က အာလယပြုရုံမျှဖြင့် အပ်ပါမည်လော?

ဖြေ။ ။ထိုအမေးပုစ္ဆာမှာ–

၁။ ကွမသွိ ဝိဟာရေ ကွမံ တေမာသံ ဝဿံ ဥပေမီတိ သကိ ဝါ ဒွိတ္တိက္ခတ္တုံ ဝါ ဝါစံ နိစ္ဆာရေတွာ ဝဿံ ဥပဂန္တွံ–

ဟု လာသော မဟာဝါအဋ္ဌကထာ(ဝိ၊ဋ၊ဒု။၁၄၉)၊

၂။ ဝိဟာရေ ပန ဝစီဘေဒေါဝ ကတ္တွေဝေ။ သစေ ကွမ ဝဿံ ဝသိဿာမိတိ အာလယော အတ္ထိ၊ အဿတိယာ ပန န ဥပေတိ၊ ဆိန္နဝဿော နှ ဟောတိ၊ ပဝါရေတုံ စ လဘတိယေဝ–

ဟု လာသော ခုဒ္ဒသိက္ခာ ဋီကာဟောင်း(နှာ-၁၇၅)၊

http://www.dhammadownload.com

၃။ ဥဘယထာ ပန ဝဿံ ဥပဂန္တုံ ဝဋ္ဋတိ–

ဟု လာသော ခုဒ္ဒသိက္ခာ ဋီကာသစ်တို့ကို(နှာ-၃၈၆) ထောက်၍ ဖြေလေ။

ဣမသ္မိံ ဝိဟာရေ၊ ၌။ ဣမံ တေမာသံ၊ ဤဝါတွင်း ၃-လပတ်လုံး။ ဝဿံ၊ ဝါကို။ ဥပေမိ၊ ကပ်ပါ၏။ ဣတိ၊ သို့။ သင်္ဃော ဝါ၊ လည်းကောင်း။ ဒ္ဝိတ္တိက္ခတ္တုံ၊ ဝါ၊ လည်းကောင်း။ ဝါစံ၊ နှုတ်ကို။ နိစ္ဆာရေတွာ၊ မြွက်၍။ ဝဿံ၊ ဝါကို။ ဝါ၊ ဝါသို့။ ဥပဂန္တွဝ်၊ ကပ်အပ်၏။

ဝိဟာရေ ပန၊ ကျောင်း၌ကား။ ဝစီဘေဒေါဝ၊ နှုတ်မြွက်ခြင်းကိုသာလျှင်။ ကတ္တဗ္ဗော၊ ၏။ ဣဓ၊ ကျောင်း၌။ ဝဿံ ဝသိဿာမိ၊ ဝါဆိုအံ့။ ဣတိ၊ သို့။ အာလယော၊ စိတ်အကြံသည်။ သစေ အတ္ထိ၊ ရှိသည်ဖြစ်အံ့။ အဿတိယာ ပန၊ သတိမေ့သဖြင့်ကား။ ဝဿံ၊ သို့။ န ဥပေတိ၊ မကပ်။ ဆိန္နဝဿော၊ ဝါပြတ်သည်။ န ဟောတိ၊ မဖြစ်။ ပဝါရေတုံ စ၊ ပဝါရဏာပြုခြင်းငှာလည်း။ လဘတိယေဝ၊ ရသည်သာတည်း။

ဥဘယထာ ပန၊ ၂-ပါးသော ဝစီဘေဒ, အာလယဖြင့်။ ဝဿံ၊ သို့။ ဥပဂန္တုံ၊ ကပ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

ဤအရာ၌ ခုဒ္ဒသိက္ခာဋီကာဟောင်းအလိုအားဖြင့် ကျောင်း၌ ဝါဆိုမူ "ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ"ဟု နှုတ်မြွက်၍ ဆိုရမည်။ အကယ်၍ ထိုသို့ပင် နှုတ်မြွက်၍ မဆိုမိဘဲ သတိမေ့၍နေလျှင် "ဤကျောင်း၌ ဝါဆိုအံ့"ဟု နှလုံးသွင်းရှိမိလျှင်လည်း အပ်သည်ဟု ပြတော်မူသည်။

ခုဒ္ဒသိက္ခာဋီကာသစ်အလိုအားဖြင့် ကျောင်း၌ပင် ဖြစ်သော်လည်း နှုတ်မြွက်၍ ဆိုခြင်း, အာလယပြုခြင်း ၂-ပါးလုံးပင် ဝါဆိုအပ်သည်ဟု ပြတော်မူသည်။

၄။ ဝိနယာလင်္ကာရဋီကာ၌ကား–

ဣဓ ဝဿံ ဥပေမိတိ တိက္ခတ္တုံ ဝတ္တဗ္ဗန္တိ သကဋ္ဌသ (သတ္ထသ) အဝိဟာရတ္တာ "ဣမသ္မိံ ဝိဟာရေ"တိ အဝတွာ "ဣဓ ဝဿံ ဥပေမိ"တိ ဧတ္တကမေဝ ဝတ္တဗ္ဗံ-

ဟု လာသည်(ဝိနယာလင်္ကာရဋီ၊၁။၄၀၅)။

ဣဓ ဝဿံ ဥပေမိတိ တိက္ခတ္တုံ ဝတ္တဗ္ဗန္တိ၊ ဟူသည်ကား။ သကဋ္ဌသ၊ လှည်း၏။ အဝိဟာရတ္တာ၊ ကျောင်းမဟုတ်သည်၏အဖြစ်ကြောင့်။ ဣမသ္မိံ ဝိဟာရေတိ၊ ဟူ၍။ အဝတွာ၊ ၍။ ဣဓ ဝဿံ ဥပေမိတိ၊ ဟူ၍။ ဧတ္တကမေဝ၊ ဤမျှကိုသာလျှင်။ ဝတ္တဗ္ဗံ၊ ၏။

http://www.dhammadownload.com

ထိုဦးကာအလိုအားဖြင့် လှည်း, လှေ, နွားခြံ ၃-ဌာနဌသာ အာလယဖြင့် ဝါဆိုအပ်သည်။ ကျောင်းဌ ဝါဆိုမူ နှုတ်မြွက်၍ ဝါဆိုအပ်သည်ဟု ပြတော်မူသည်။ ဝဇိရဗုဒ္ဓိဋီကာ(နှာ-၄၆၉)ဌ်လည်း နည်းတူလာသည်။

✪ ✪ ✪ ✪ ✪

[၈၆] သီတင်းကျွတ်လဆန်း ၉-ရက်နေ့၌ ခရီးသွားလျှင်

(၁) **မေး။** ။ ယခုအခါ တစ်မြို့တစ်ရွာသို့ သွား၍ ဝါဆိုသောရဟန်းသည် နေရင်းရပ်ရွာသို့ ကိစ္စရှိ၍ ၉-ရက်မြောက်နေ့၌ နဝင်မီပြန်လာရာ "ဣမသ္မိံ ဝိဟာရေ အန္တောသတ္တာဟော ပဒိုနိဝတ္ထေဿာမိ"ဟု ဝါပန်၍ ပြန်လာရမည်လော၊ သို့မဟုတ် သတ္တာဟကိစ္စရှိလျှင် ဝါမပန်ဘဲ လာအပ်မည်လော?

ဖြေ။ ။ သီတင်းကျွတ်လဆန်း ၉-ရက်နေ့ နဝင်မီပြန်လာသော ရဟန်းသည် ဝါဆိုသောကျောင်းမှ တပါးသောကျောင်းဌ် ပဝါရဏာပြုလိုမူ သတ္တာဟကိစ္စနိမိတ်ရှိလျှင် ဝါမပန်ဘဲသာ သွားအပ်သည်။ ထိုဝါဆိုသော ကျောင်းဌ်ပင် ပြန်၍ ပဝါရဏာပြုလိုမူ သတ္တာဟကိစ္စနိမိတ်ရှိလျှင် ဝါပန်၍ သွားအပ်သည်။

၁။ သတ္တာဟံ အနာဂတာယ ပဝါရဏာယာတိ ဧတ္ထ နဝမိတော ပဋ္ဌာယ ဂန္တုံ ဝဋ္ဋတိ။ အာဂစ္ဆတု ဝါ မာ ဝါ အနာပတ္တိ–

ဟု လာသော **မဟာဝါအဋ္ဌကထာ**(ဝိ၊၄၊၃။၃၅၅)၊

၂။ သတ္တာဟံ အနာဂတာယ သကရဏီယော ပက္ကမတီတိ တတော ပဟိဒ္ဓါ သတ္တာဟံ ဝီတိနာမေန္တသ္သ ဝဿစ္ဆေဒေါတိ ဒဿနတ္ထံ ဝုတ္တံ။ တတ္ထ "အကရဏီယော ပက္ကမတီ"တိ ဝစနာဘာဝါ ဝိနာ ရတ္တိစ္ဆေဒကာရဏေန ဂန္တုံ န ဝဋ္ဋတီတိ သိဒ္ဓံ–

ဟု လာသော **ဝဇိရဗုဒ္ဓိဋီကာ**(နှာ-၄၇၂)၊

၃။ ဂန္တုံ ဝဋ္ဋတီတိ သတ္တာဟကရဏီယေနေဝ ဂန္တုံ ဝဋ္ဋတိ။ တသ္မာ ပဝါရဏာဒိဝသေပိ တဒဟေဝ အာဂန္တုံ အသက္ကုနေယျဌာနံ ပဝါရဏာတ္ထာယ ဂစ္ဆန္တေန လဇ္ဇမာနေန သတ္တာဟကရဏီယေန ဂန္တုံ ဝဋ္ဋတိ–

ဟု လာသော **ဝိနယဝိနိစ္ဆယဋီကာ**(၂။၂၀၉)၊

http://www.dhammadownload.com

၄။ နဝမိတော ပဌာယ ဂစ္ဆန္တေနာပိ သတိယေဝ ကရဏီယေ ဂန္တုံ၊ နာသတိတိ ဒဋ္ဌဗ္ဗံ-

ဟု လာသော သာရတ္ထဒီပနီဋီကာ(၃။၂၈၅)တို့ကို ထောက်လေ။

သတ္ထာဟံ အနာဂတာယ ပဝါရဏာယာတိ ဧတ္ထ၊ ဠ်။ နဝမိတော၊ ကို။ ဝါ၊ ဧ-ရက်မြောက် သောနေ့မှ။ ပဌာယ၊ ၍။ ဂန္တုံ၊ တပါးအရပ်သို့သွားခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ အာဂစ္ဆတု ဝါ၊ ပြန်လာသည်မူလည်း ဖြစ်စေ။ မာ အာဂစ္ဆတု ဝါ၊ မပြန်လာသည်မူလည်း ဖြစ်စေ။ အနာပတ္တိ၊ အာပတ်မသင့်။

သတ္ထာဟံ အနာဂတာယ ။ပ။ ပဏ္ဍိတာတိ၊ ဟူသည်ကား။ တတော၊ ထိုနဝမိသတ္တာဟမှ။ ဗဟိဒ္ဓါ၊ အပဖြစ်သော။ သတ္ထာဟံ၊ ၇-ရက်ကို။ ဝီတိနာမေန္တသ၊ လွန်စေသောရဟန်းအား။ ဝဿဿေဒေါ၊ ဝါပြတ်၏။ ဣတိ၊ သို့။ ဒဿနတ္ထံ၊ ပြခြင်းငှာ။ ဝုတ္တံ၊ ၏။ တတ္ထ၊ ထိုစကား ၌။ အကရဏီယော ပဏ္ဍိတာတိ၊ ဟူ၍။ ဝစနာဘာဝါ၊ ဟောတော်မူခြင်းမရှိသည်၏ အဖြစ်ကြောင့်။ ရတ္တိစ္ဆေဒကာရဏေန၊ ညဉ့်ပြတ်ခြင်း အကြောင်းနှင့်။ ဝိနာ၊ ကင်း၍။ ဂန္တုံ၊ ငှာ။ န ဝဋ္ဋတိ၊ မအပ်။ ဣတိ ဣဒံ အတ္ထဇာတံ၊ အနက်သဘောသည်။ သိဒ္ဓံ၊ ပြီး၏။

ဂန္တုံ ဝဋ္ဋတီတိ၊ ဟူသည်ကား။ သတ္ထာဟကရဏီယေနေဝ၊ သတ္ထာဟ ကိစ္စရှိသဖြင့် သာလျှင်။ ဂန္တုံ၊ သွားခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ တသ္မာ၊ ကြောင့်။ ပဝါရဏာဒိဝသေပိ၊ ပဝါရဏာနေ့ ၌လည်း။ တဒဟေဝ၊ ထိုနေ့၌လျှင်။ အာဂန္တုံ၊ ပြန်လာခြင်းငှာ။ အသက္ကုနေယျဌာနံ၊ မတတ်ကောင်းသော အရပ်ကို။ ပဝါရဏတ္ထာယ၊ ပြုခြင်းငှာ။ ဂစ္ဆန္တေန၊ သွားလိုသောရဟန်းသည်။ လဇ္ဇမာနေန၊ ရအပ်သော။ သတ္ထာဟကရဏီယေန၊ သတ္ထာဟကိစ္စဖြင့်။ ဂန္တုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။

နဝမိတော၊ ဧ-ရက်မြောက်မှ။ ပဌာယ၊ စ၍။ ဂစ္ဆန္တေနာပိ၊ သွားသောရဟန်းသည်လည်း။ ကရဏီယေ၊ ပြုဖွယ်ကိစ္စသည်။ သတိယေဝ၊ ရှိသော်သာလျှင်။ ဂန္တုံ၊ ၏။ အသတိ၊ မရှိသော်။ န ဒဋ္ဌဗ္ဗံ၊ မသွားအပ်။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ဤသို့လာသော အဋ္ဌကထာ, ဋီကာပါဠိတို့ဖြင့် သီတင်းကျွတ်လဆန်း ဧ-ရက်နေ့မှစ၍ နောက်ဆုံး သတ္ထာဟမှာ သတ္ထာဟကိစ္စရှိလျှင် ထိုသတ္ထာဟကိစ္စကို အကြောင်းပြု၍ ရောက်ရာအရပ်၌ ပဝါရဏာပြုခြင်းငှာ သွားအပ်သည်၊ ဝါပန်ရမည်-ဟု မဆို။ ထို့ကြောင့် ရောက်ရာအရပ်၌ ပဝါရဏာပြုလိုသော ရဟန်းမှာ သတ္ထာဟကိစ္စ နိဗိတ်ရှိလျှင် ဝါမပန်ပဲ သွားအပ်သည်။ အကယ်၍ ပဝါရဏာပြုပြီးမှ ပြန်လိုသေးသည်ဖြစ်အံ့၊ သတ္ထာဟ-ကိစ္စဖြင့် ဝါပန်သော်လည်း အပ်သည်ဟု မှတ်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၈၇] ပဝါရဏာပြုပြီးလျှင် သတ္တာဟကိစ္စ မရှိဘဲ သွားအပ်, မအပ်

(၁) မေး။ ။ ပဝါရဏာနေ့၌ ပဝါရဏာပြုပြီးဖြစ်လျှင် သတ္တာဟကိစ္စမရှိဘဲ သွားအပ်ပါမည်လော?

ဖြေ။ ။ ထိုအမေးမှာ–

၁။ ဝိမတိဝိနောဒနီဋီကာ၌ ပဝါရဏာပြုပြီး ဖြစ်စေ၊ မပြုရသေး ဖြစ်စေ သတ္တာဟကိစ္စရှိမှ သွားအပ်ကြောင်းလာသည်။

၂။ ဝဇိရဗုဒ္ဓိဋီကာ၌ ပဝါရဏာနေ့၌ ပဝါရဏာပြုပြီးဖြစ်လျှင် သတ္တာဟကိစ္စမရှိသော်လည်း သွားအပ်ကြောင်း လာသည်။

၃။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၊ ဒုတိယပါရာဇိကအဖွင့်၌–

မဟာပဝါရဏာဒိဝသေ ပဝါရေတွာ ဝါ အပဝါရေတွာ ဝါ အညတ္ထ ဂစ္ဆန္တေဟိ သတ္တာဟကရဏီယနိမိတ္တေ သတိ ဧဝ ဂန္တဗ္ဗံ၊ နာသတိ။ ဣတရထာ ဝဿစ္ဆေဒေါ, ဒုက္ကဋဉ္စ ဟောတီတိ ဝေဒိတဗ္ဗံ–

ဟု မိန့်ဆိုတော်မူသည်(ဝိမတိ၊၁။၁၆၃-၄)။

၄။ ဝဇိရဗုဒ္ဓိဋီကာ၌လည်း–

ပဝါရေတွာ ပန ဂန္တုံ ဝဋ္ဋတိ၊ ပဝါရဏာရုဏာသေ (ပဝါရဏာယ) တံဒိဝသသန္နိဿိတတ္တာ–

ဟု မိန့်ဆိုတော်မူသည် (ဝဇိရ။၄၇၂)။

ဝဇိရဗုဒ္ဓိဋီကာဆရာ၏ အလိုအားဖြင့် သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုပြီးဖြစ်လျှင် အကြောင်းကိစ္စ မရှိသော်လည်း သွားအပ်သည်ဟု မှတ်။

ဝိမတိဝိနောဒနီ ဋီကာဆရာ၏ အလိုအားဖြင့် သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုပြီးဖြစ်သော်လည်း အကြောင်းကိစ္စမရှိဘဲ သွားမူ ဝါပြတ်သည်ဟု မှတ်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၈၈] ပဌမဝါဗျက်သောရဟန်း ဒုတိယဝါ ထပ်ဆိုသင့်,မသင့်

(၁) မေး။ ။ပဌမဝါဆို၍ဝါဗျက်သောရဟန်းသည် ဒုတိယဝါ၌ ဝါဆိုခြင်းငှာ အပ်သေးသလော?

ဖြေ။ ။ပဌမဝါ၌ တစ်စုံတစ်ခုသောအန္တရာယ်ကြောင့် ဝါမဆိုသောရဟန်း, ပဌမဝါ၌ ဝါဗျက်သော ရဟန်းတို့သည် ဒုတိယဝါ၌ ဝါဆိုအပ်သည်။

၁။ ယေန ကေန'န္တရာယေန၊ ဝဿံ နော'ပဂတော ဟိ ယော။
ဒုတိယာ ဥပဂန္တွာ၊ ဆိန္နဝဿေန ဝါ ပန-

ဟု လာသော ဝိနယဝိနိစ္ဆယအဋ္ဌကထာကို ထောက်(နှာ-၂၅၂)။

ယော၊ အကြင်ရဟန်းသည်။ ယေန ကေနန္တရာယေန၊ တစုံတခုသော အန္တရာယ်ကြောင့်။ ဝဿံ၊ ပဌမဝါသို့။ နောပဂတော၊ မကပ်။ တေနပိ၊ ထိုရဟန်းသည်လည်းကောင်း။ ဆိန္နဝဿေန ဝါ၊ ပဌမဝါဆို၍ ဗျက်သော ရဟန်းသည်လည်းကောင်း။ ဒုတိယော၊ ဒုတိယဝါသို့။ ဥပဂန္တွာ၊ ကပ်အပ်၏။

၂။ ၎င်းအဖွင့်ဦးကာ၌လည်း-

ရာဇန္တရာယာဒီသု ယေန ကေနစိ အန္တရာယေန ယော ဘိက္ခု ဝဿံ နောပဂတော၊ တေနာပိ ဆိန္နဝဿေန ဝါပိ ဒုတိယာ ဝဿူပနာယိကာ ဥပဂန္တွာတိ ယောဇနာ-
(ဝိနယဝိနိစ္ဆယဋီကာ၊ ၂။ ၂၀၆)

ဟု မိန့်ဆိုတော်မူ၏။

ခုဒ္ဒသိက္ခာအဋ္ဌကထာ(နှာ-၃၅), ဋီကာ(နှာ-၁၇၅၊၃၈၇)တို့၌လည်း အဓိပ္ပါယ် နည်းတူလာသည်။

ယေန ကေနစိ၊ အမှတ်မရှိသော။ အန္တရာယေန၊ ကြောင့်။ ယော ဘိက္ခု၊ သည်။ ဝဿံ၊ သို့။ နောပဂတော၊ မကပ်။ တေနာပိ၊ ထိုရဟန်းသည်လည်းကောင်း။ ဆိန္နဝဿေန ဝါပိ၊ ဝါပြတ်သော ရဟန်းသည်လည်းကောင်း။ ဒုတိယာ ဝဿူပနာယိကာ၊ ဒုတိယဝါကို။ ဥပဂန္တွာ၊ ၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၈၉] ဝါကျွတ်သော ရက်နေ့များ

(၁) **မေး။** ။ ဝါဆိုသောနေ့မှာ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့၌ ဝါကပ်၍ ဝါကျွတ်သော လမှာ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှကျွတ်သည်ဟု မှတ်ရမည်လော။

ဖြေ။ ။ ထိုအမေးမှာ–

ပဌမဝါဆိုသောရဟန်းသည် သီတင်းကျွတ် လပြည့်နေ့၏အဆုံး အရုဏ်တက်၍ အထွက် ၁-ရက်နေ့မှ ဝါကျွတ်သည်။

ဒုတိယဝါဆိုသောရဟန်းသည် တန်ဆောင်မုန်းလပြည့်နေ့၏ အဆုံးအရုဏ်တက်၍ အထွက် ၁-ရက်နေ့မှ ဝါကျွတ်သည်။

၁။ **ဝဿံ ဝုတ္ထာတိ ပုရိမိကာယ ဥပဂတာ မဟာပဝါရဏာယ ပဝါရေတွာ (ပဝါရိတာ) ပါဠိပဒဒိဝသတော ပဌာယ "ဝုတ္ထဝဿာ"တိ ဝုစ္စန္တိ။ ဧဝံ ဝဿံ ဝုတ္ထာ ဟုတွာ–**

ဟု လာသော **ပါရာဇိကဏ်အဋ္ဌကထာ၊ ဒုတိယပါရာဇိကအဖွင့်**ကို ထောက်(ဝိ၊ဋ္ဌ၊၁။၂၄၉)။

ဝဿံ ဝုတ္ထာတိ၊ ဟူသည်ကား။ ပုရိမိကာယ၊ ပုရိမဝါ၌။ ဥပဂတာ၊ ဝါကပ်သော ရဟန်းတို့သည်။ မဟာပဝါရဏာယ၊ သီတင်းကျွတ်လပြည့်နေ့၌။ ပဝါရေတွာ၊ ပဝါရဏာပြု၍။ ပါဠိပဒဒိဝသတော၊ အထွက် ၁-ရက်နေ့မှ။ ဝါ၊ လပြည့်ကျော် ၁-ရက်နေ့မှ။ ပဌာယ၊ စ၍။ ဝုတ္ထဝဿာ၊ သုံးအပ်ပြီးသောဝါ ရှိကုန်၏။ ဝါ၊ ကျွတ်သော ဝါ ရှိကုန်၏။ ဣတိ၊ သို့။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဧဝံ၊ သို့။ ဝဿံ ဝုတ္ထာ၊ ဝါကျွတ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။

ထိုအဋ္ဌကထာပါဠိကို ထောက်၍ မှချအားဖြင့် လပြည့်ကျော် ၁-ရက်နေ့မှ ဝါကျွတ်သည်ဟု သန္နိဋ္ဌာန်ကျမှတ်လေ။

၂။ **ဝိမတိဝိနောဒနီဋီကာ၌လည်း–**

ယဒဂ္ဂေန ဟိ ပဝါရဏာဒိဝသေ ကထိနတ္ထာရော နာ ဝဋ္ဋတိ၊ တဒဂ္ဂေန ဘိက္ခူပိ ဝုတ္ထဝဿာ နာ ဟောန္တိ၊ ပဝါရဏာဒိဝသဿ အဝုတ္ထတ္တာ။ ယမ္မနာသာရတ္ထဒီပနိယံ "ဧကဒေဃသန အဝုတ္ထမ္မိ တံ ဒိဝသံ ဝုတ္ထဘာဂါပေက္ခာယ ဝုတ္ထမေဝ ဟောတီ"တိ အာဒိ ဝုတ္တံ၊ တံ နာ ယုတ္တံ။ တံဒိဝသပရိယောသာနေ အရုဏုဂ္ဂမနကာလေ ဝသန္တောပိ ဟိ တံဒိဝသံ ဝုတ္ထော နာမ ဟောတိ ပရိဝါသအရညဝါသာဒီသု ဝိယ–

ဟု လာသည်(ဝိမတိ၊ဋ၊၁၆၄-၅)။

http://www.dhammadownload.com

ဟိ၊ မှန်၏။ ယဒဂ္ဂေန၊ အကြင်အဖို့အားဖြင့်။ ပဝါရဏာဒိဝသေ၊ ပဝါရဏာနေ့၌။ ကထိနတ္ထာရော၊ ကထိန်ခင်းခြင်းသည်။ န ဝဋ္ဋတိ၊ မအပ်။ တဒဂ္ဂေန၊ ထိုအဖို့အားဖြင့်။ ဘိက္ခူပိ၊ တို့သည်လည်း။ ဝုတ္ထဝဿာ၊ ဝါကျွတ်ကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ပဝါရဏာဒိဝသဿ၊ နေ့၏။ အဝုတ္ထတ္တာ၊ ဝါမကျွတ်သေးသည်၏ အဖြစ်ကြောင့်တည်း။

သာရတ္ထဒီပနိယံ၊ ဋီကာ၌။ အဝုတ္ထမို့၊ ဝါမကျွတ်သေးသော်လည်း။ တံ ဒိဝသံ၊ ထိုပဝါရဏာနေ့သည်။ ဝုတ္ထဘာဂါပေက္ခာယ၊ ဝါကျွတ်သောအဖို့ကို ငဲ့သဖြင့်။ ဝုတ္ထမေဝ၊ ဝါကျွတ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိအာဒိ၊ ဤသို့အစရှိသော။ ယမ္မန၊ အကြင်စကားကို။ ဝုတ္တံ၊ ၏။ တံ၊ သည်။ န ယုတ္တံ၊ မသင့်။

ဟိ၊ မှန်၏။ တံဒိဝသပရိယောသာနေ၊ ထိုပဝါရဏာနေ့၏ အဆုံးဖြစ်သောနေ့၌။ အရုဏုဂ္ဂမနကာလေ၊ အရုဏ်တက်သောအခါတိုင်အောင်။ ဝသန္တောပိ၊ နေသော်လည်း။ တံဒိဝသံ၊ ထိုပဝါရဏာနေ့၌။ ဝုတ္ထော နာမ၊ နေအပ်သည်မည်သည်။ ဟောတိ၊ ၏။ ပရိဝါသအရဏဝါသာဒီသု ဝိယ၊ ပရိဝါသ်နေသော ရဟန်း, တောကျောင်းနေသော ရဟန်း၏ အရုဏ်အဆုံးရှိသော နေ့တို့၌ကဲ့သို့တည်း။

✪ ✪ ✪ ✪ ✪

[၉၀] သီတင်းကျွတ်လဆန်း ၈-ရက်နေ့၌ သတ္တာဟကိစ္စဖြင့် ခရီးသွားခြင်း

(၁) မေး။ ။ ပုရိမဝါသား ရဟန်းသည် အဆောတလျင်ကိစ္စရှိ၍ သီတင်းကျွတ်လဆန်း ၁၄-ရက်နေ့၌ ပဝါရဏာပြုလိုမူ လဆန်း ၈-ရက်နေ့က သတ္တာဟကိစ္စဖြင့် သွားခြင်းငှာ အပ်ပါမည်လော?

ဖြေ။ ။ ထိုအမေးပုစ္ဆာမှာ–

၁။ ဒ္ဝေမေ ဘိက္ခဝေ ပဝါရဏာတိ ဧတ္ထ တာဒိသေ ကိစ္စေ သတိ ယတ္ထ ကတ္ထစိ ပဝါရေတုံ ဝဋ္ဋတိ။ တေနေဝ မဟာဝိဟာရေ ဘိက္ခူ စာတုဒ္ဒသိယာ ပဝါရေတ္ဝာ ပန္နရသိယာ ကာယသာမဂ္ဂိ ဒေန္တိ။ စေတိယဂိရိမဟာဒဿနတ္ထမို့ အဋ္ဌမိယံ ဂစ္ဆန္တိ။ တမို့ စာတုဒ္ဒသိယံ ပဝါရေတုကာမာနံယေဝ ဟောတိ။ “သတ္တာဟာ-

http://www.dhammadownload.com

နာဂတာယ သကရဏီယော ပက္ကမတိ အနာပတ္တိ"တိ ဝစနတော ကြဒံ အာစိဏ္ဏန္တိ လိခိတံ-

ဟု လာသော ဝဇီရဗုဒ္ဓိဋီကာကို ထောက်၍ ဖြေ(ဝဇီရ၊၄၇၄)။

ဒွေမေ ဘိက္ခဝေ ပဝါရဏာတိ စတ္တာ၊ ၌။ တာဒိသေ၊ ထိုသို့သဘောရှိသော။ ကိစ္စေ၊ သည်။ သတိ၊ ရှိသော်။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိသောအရပ်၌။ ဝါ၊ နှေ့၌။ ပဝါရေတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ မဟာဝိဟာရေ၊ မဟာဝုန်ကျောင်းကြီး၌။ ဘိက္ခူ တို့သည်။ စာတုဒ္ဒသိယံ၊ လဆန်း ၁၄-ရက်နေ့၌။ ပဝါရေတွာ၊ ပြု၍။ ပန္နရသိယာ၊ ၁၅-ရက်နေ့၌။ ကာယသာမဂ္ဂိ၊ ကိုယ်၏ညီညွတ်ခြင်းကို။ ဒေန္တိ၊ ပေးကုန်၏။ စေတိယ-ဂိရိမဟာဒဿနတ္ထမ္ပိ၊ စေတိယဂိရိဘုရားကို ပူဇော်ဖူးမြင်ခြင်းငှာလည်း။ ဝါ၊ တောင်ထိပ်၌ စေတီတော်ကို ဖူးမြင်ခြင်းငှာ။ အဋ္ဌမိယာ၊ လဆန်း ၈-ရက်နေ့၌။ ဂစ္ဆန္တိ၊ ကုန်၏။ တမ္ပိ၊ ထိုစကားသည်လည်း။ စာတုဒ္ဒသိယံ၊ ၁၄-ရက်နေ့၌။ ပဝါရေတုကာမာနံယေဝ၊ ပဝါရဏာ ပြုလိုသော ရဟန်းတို့အားသာလျှင်။ ဟောတိ၊ ၏။ သတ္တာဟာနာဂတာယ ။ပ။ အနာပတ္တိတိ၊ ဟူ၍။ ဝစနတော၊ ဟောတော်မူသောကြောင့်။ ကြဒံ၊ ဤသို့ပြုခြင်းသည်။ အာစိဏ္ဏံ၊ သီဟိုဠ်ဆရာတို့၏ အလေ့အကျင့်တည်း။ ကတိ၊ သို့။ လိခိတံ၊ သီဟိုဠ်ဂဏ္ဌိ၌ ရေးအပ်၏။

၂။ သာရတ္ထဒီပနီဋီကာ၌လည်း-

တထာရူပစ္စယေ ပန သတိ ဒ္ဝိန္နံ ကတ္တိကပုဏ္ဏမာနံ ပုရိမေသု စာတုဒ္ဒသေသုပိ ပဝါရဏံ ကာတုံ ဝဋ္ဋတိ။ တေနေဝ မဟာဝိဟာရေ ဘိက္ခူ စာတုဒ္ဒသိယာ ပဝါရေတွာ ပန္နရသိယာ ကာယသာမဂ္ဂိ ဒေန္တိ။ စေတိယဂိရိမဟာဒဿနတ္ထမ္ပိ အဋ္ဌမိယာ ဂစ္ဆန္တိ။ တမ္ပိ စာတုဒ္ဒသိယံ ပဝါရေတုကာမာနံယေဝ ဟောတိ-

ဟု မိန့်ဆိုတော်မူ၏(သာရတ္ထ၊၃။၂၈၈)။

တထာရူပစ္စယေ ပန၊ ထိုသို့ သဘောရှိသော အကြောင်းသည်။ သတိ၊ ရှိသော်။ ဒ္ဝိန္နံ၊ ကုန်သော။ ကတ္တိကပုဏ္ဏမာနံ၊ သီတင်းကျွတ်တန်ဆောင်မုန်းလပြည့်တို့၏။ ပုရိမေသု၊ ရှေ့၌ ဖြစ်ကုန်သော။ စာတုဒ္ဒသေသုပိ၊ လဆန်း ၁၄-ရက်နေ့တို့၌လည်း။ ပဝါရဏံ၊ ကို။ ကာတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။ တေနေဝ၊ သာလျှင်။ မဟာဝိဟာရေ၊ ကျောင်းကြီး၌။ ဘိက္ခူ တို့သည်။ စာတုဒ္ဒသိယံ၊ လဆန်း ၁၄-ရက်နေ့၌။ ပဝါရေတွာ၊ ၍။ ပန္နရသိယာ၊ ၁၅-ရက်နေ့၌။ ကာယသာမဂ္ဂိ၊ ကို။ ဒေန္တိ၊ ကုန်၏။ စေတိယဂိရိမဟာဒဿနတ္ထမ္ပိ၊ စေတိယ ဂိရိဘုရားကို ပူဇော်ဖူးမြင်ခြင်းငှာလည်း။ အဋ္ဌမိယာ၊ လဆန်း ၈-ရက်နေ့၌။ ဂစ္ဆန္တိ၊ သွားကြကုန်၏။ တမ္ပိ၊

http://www.dhammadownload.com

ထိုစကားသည်လည်း။ စာတုဒ္ဒသိယံ၊ လဆန်း ၁၄-ရက်နေ့၌။ ပဝါရေတုကာမာနံယေဝ၊ ပဝါရဏာပြုလိုသော ရဟန်းတို့အားသာလျှင်။ ဟောတိ။ ၏။

ထိုသို့လာသော ဋီကာပါဠိတို့ဖြင့် သတ္တာဟကိစ္စရှိလျှင် သီတင်းကျွတ်လဆန်း ၁၄-ရက်နေ့၌ စာတုဒ္ဒသိပဝါရဏာပြုလိုမူ လဆန်း ၈-ရက်နေ့၌ အလိုရှိရာသို့ သတ္တာဟကိစ္စကို အကြောင်းပြု၍ သွားအပ်သည်ဟု မှတ်ယူသင့်သည်။

✪ ✪ ✪ ✪ ✪

[၉၁] ပန္နရသီဥပုသ်ကို အဖိတ်နေ့၌ စာတုဒ္ဒသီဥပုသ်ပြုခြင်း

(၁) မေး။ ။ ဥပုသ်ပြုသော ရဟန်းတို့မှာလည်း ပန္နရသီဥပုသ်ကို စာတုဒ္ဒသီနေ့၌ စာတုဒ္ဒသီဥပုသ်ပြုအပ်ပါမည်လော?

ဖြေ။ ။ ပန္နရသီဥပုသ်နေ့၌ သံဃာ့ကိစ္စရှိ၍ ၁၄-ရက်နေ့၌ ဥပုသ်ပြုလိုမူ စာတုဒ္ဒသီဥပုသ်ပြုအပ်သည်။

၁။ **ဒွေ တယော ဥပေါသထေ စာတုဒ္ဒသိကေ ကာတုန္တိ ဝတ္ထေ စတုတ္ထပဉ္စမာ ဒွေ၊ တတိယော ပန ပကတိယာ စာတုဒ္ဒသိကောယေဝါတိ။ တသ္မာ တတိယ-စတုတ္ထာ ဝါ တတိယစတုတ္ထပဉ္စမာ ဝါ ဒွေ တယော စာတုဒ္ဒသိကာ ကာတဗ္ဗာ-**

ဟု လာသော မဟာဝါအဋ္ဌကထာကို ထောက်(၀။ဋ္ဌ။၃။၃၆၁-၂)။

ဒွေ တယော ဥပေါသထေ စာတုဒ္ဒသိကေ ကာတုန္တိ ဝတ္ထေ၊ ၌။ စတုတ္ထပဉ္စမာ၊ တော်သလင်းလ စတုတ္ထပက္ခ, ပဉ္စမပက္ခဖြစ်ကုန်သော။ ဒွေ၊ ၂-ပါးကုန်သော စာတုဒ္ဒသီဥပုသ်တို့။ တတိယော ပန၊ တတိယပက္ခသည်ကား။ ပကတိယာ၊ သဘောအားဖြင့်။ စာတုဒ္ဒသိကောယေဝ၊ စာတုဒ္ဒသီဥပုသ် မည်သည်သာတည်း။ ဣတိ တသ္မာ၊ ကြောင့်။ တတိယစတုတ္ထာ ဝါ၊ တတိယပက္ခ, စတုတ္ထပက္ခလည်းဖြစ်ကုန်သော။ တတိယစတုတ္ထပဉ္စမာ ဝါ၊ တတိယပက္ခ, စတုတ္ထပက္ခ, ပဉ္စမပက္ခလည်းဖြစ်ကုန်သော။ ဒွေ တယော စာတုဒ္ဒသိကာ၊ ဒွေစာတုဒ္ဒသီဥပုသ်, တယော စာတုဒ္ဒသီဥပုသ်တို့ကို။ ကာတဗ္ဗာ၊ ပြုအပ်ကုန်၏။

အဓိပ္ပာယ်ကား- ဝါဆိုလဆုတ်ပဌမပက္ခ၊ ဝါခေါင်လဆန်း ဒုတိယပက္ခ၊ ၎င်းလဆုတ် တတိယပက္ခ၊ တော်သလင်းလဆန်း စတုတ္ထပက္ခ၊ ၎င်းလဆုတ် ပဉ္စမပက္ခဖြစ်၍ တတိယပက္ခ,

http://www.dhammadownload.com

စတုတ္ထပက္ခကို ရည်၍ "တတိယ စတုတ္ထာ ဝါ"ဟု ဆိုသည်။ တတိယပက္ခ, စတုတ္ထ-ပက္ခ, ပဉ္စမပက္ခ ကို ရည်၍ "တတိယ စတုတ္ထ ပဉ္စမာ ဝါ"ဟု ဆိုတော်မူသည်။

✪ ✪ ✪ ✪ ✪

[၉၂] ပုရိမ,ပစ္ဆိမဝါသား ရဟန်းများ အတူ ပဝါရဏာ,ဥပုသ်ပြုခြင်း

(၁) **မေး။** ။ တစ်ခုသော ကျောင်းတိုက်၌ ပုရိမဝါကပ်သော ရဟန်း ၅-ပါး၊ ပစ္ဆိမဝါကပ်သောရဟန်း ၅-ပါးဖြစ်၍ ပုရိမပဝါရဏာပြုသောနေ့၌ အဘယ်ကဲ့သို့ ဥပုသ်, ပဝါရဏာ ပြုရပါအံ့နည်း?

ဖြေ။ ။ ထိုအမေးပုစ္ဆာမှာ-

၁။ သစေ ပုရိမိကာယ ပဉ္စ ဘိက္ခူ ဝဿံ ဥပဂတာ၊ ပစ္ဆိမိကာယပိ ပဉ္စ၊ ပုရိမေဟိ ဥ တ္တိ ဌပေတွာ ပဝါရိတေ ပစ္ဆိမေဟိ တေသံ သန္တိကေ ပါရိသုဒ္ဓိဥပေါသထော ကာတဗ္ဗော၊ န ဧကသ္မိံ ဥပေါသထဂ္ဂေ ဒွေ ဥ တ္တိယော ဌပေတဗ္ဗာ-(ဝိ၊၄၊၃။၃၅၈)

ဟု လာသော **မဟာဝါအဋ္ဌကထာ၊ ပဝါရဏက္ခန္ဓကအဖွင့်**ကို ထောက်၍ ဖြေလေ။

ပုရိမိကာယ၊ ပုရိမဝါဠိ။ ပဉ္စ ဘိက္ခူ။ ၅-ယောက်သော ရဟန်းတို့သည်။ ဝဿံ၊ ဝါသို့။ သစေ ဥပဂတာ၊ အကယ်၍ ကပ်ကုန်အံ့။ ပစ္ဆိမိကာယပိ၊ ပစ္ဆိမဝါဠိလည်း။ ပဉ္စ၊ ၅-ယောက်ကုန်သော ရဟန်းတို့သည်။ ဝဿံ၊ သို့။ သစေ ဥပဂတာ၊ အကယ်၍ ကပ်ကုန်အံ့။ ပုရိမေဟိ၊ ပုရိမဝါသား ရဟန်းတို့သည်။ ဥ တ္တိ၊ ပဝါရဏာဥ တ်ကို။ ဌပေတွာ၊ ထား၍။ ပဝါရိတေ၊ ပဝါရဏာ ပြုပြီးသည် ရှိသော်။ ပစ္ဆိမေဟိ၊ ပစ္ဆိမဝါသား ရဟန်းတို့သည်။ တေသံ၊ ထို ပုရိမဝါသား ရဟန်းတို့၏။ သန္တိကေ၊ အထံ၌။ ပါရိသုဒ္ဓိဥပေါသထော၊ ကို။ ကာတဗ္ဗော၊ ၏။ ဧကသ္မိံ၊ တခုသော။ ဥပေါသထဂ္ဂေ၊ ဥပုသ်အိမ်၌။ ဒွေ ဥ တ္တိယော၊ ၂-ခုသော ဥ တ်တို့ကို။ န ဌပေတဗ္ဗာ၊ မထားအပ်ကုန်။

အဓိပ္ပါယ်ကား။ ။ပုရိမဝါသားရဟန်း ၅-ပါးတို့သည် ပဝါရဏာ ဥ တ်ထား၍ ပဝါရဏာပြုပြီးလျှင် ပစ္ဆိမဝါသား ရဟန်း ၅-ပါးတို့သည် ဥပုသ်အိမ်တစ်ခုတည်းဖြစ်၍ ဥပုသ်ပြုခြင်းငှာ ဥ တ်ထား၍ သံဃဥပုသ် မပြုအပ်။ ပုရိမဝါသား ပဝါရဏာဥ တ်ထား၍ ပဝါရဏာပြုပြီးသော ရဟန်းများတို့၏ အထံ၌သာ ပါရိသုဒ္ဓိဥပုသ်ကို ပြုအပ်သည်ဟု ပြတော်မူသည်။

http://www.dhammadownload.com

ဤအရာ၌ "နံ ကေသိမာယံ ဒွေ ဥ တ္တိယော ဌပေတဗ္ဗာ"ဟု မဆိုမူ၍ "နံ ကေသွိ ဥပေါသထဂ္ဂေ ဒွေ ဥ တ္တိယော ဌပေတဗ္ဗာ"ဟု ဆိုခြင်းသည် ဥပုသ်ပဝါရဏာကို ပြုရာ ဥပုသ်အိမ်၌သာ ဥ တ် ၂-ခု မထားအပ်ဟု အထူးဝိသေသကို သိစေခြင်းငှာ "နံ ကေသွိ ဥပေါသထဂ္ဂေ"ဟု ဥပေါသထ-သဒ္ဒါဖြင့် ပြတော်မူသည်ဟု မှတ်ယူရမည်။

ထို့ကြောင့် ဥပုသ်, ပဝါရဏာ, ပရိဝါသ်, မာနတ်, အဗ္ဘာနက်, ရဟန်းခံရာစသည်တို့၌ ခဏ္ဍသိမ်၌ဖြစ်မူ ဥ တ် ၂-ခါ, ၃-ခါ စသည်ထား၍ ကဲ့ဆောင်သော်လည်း ဒုက္ကဋ်အာပတ် မသင့်၊ အပြစ်မရှိဟု မှတ်ယူသင့်သည်။ ဆောင်သောက်မှာ သမ္ဗတ္တိ ၅-ပါးနှင့် ပြည့်စုံမူ ပျက်ပြားခြင်း မရှိ၊ ကဲမြောက်သည်သာဟု သန္နိဋ္ဌာန်ကျ မှတ်ရမည်။

ပဝါရဏာပြုသောအခါ ပဝါရဏာ၏ ပုဗ္ဗကိစ္စ ၉-ပါး၊ ပတ္တကလ္လအင်္ဂါ ၄-ပါးကို သိစေခြင်းငှာ ဝိနယဝိနိစ္ဆယဋီကာ(၂။၂၁၀), ခုဒ္ဒသိက္ခာဋီကာ(သစ်။နှာ-၄၂၅-၆)တို့၌ လာသည့် အတိုင်း ထုတ်ဆိုရေးသားအံ့။

၂။ **သမ္ဗဇ္ဈနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။**
ပဝါရဏာယ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ။ ။

ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ၊ ဘိက္ခုဂဏနာ စ ဩဝါဒေါ။
ပဝါရဏာယ ဧတာနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိတိ။ ။—

ဝုတ္တံ နဝဝိဓံ ပုဗ္ဗကိစ္စံ နိဋ္ဌာပေတွာ-
"ပဝါရဏာ ယာဝတိကာ စ ဘိက္ခူ ကမ္မပတ္တာ။
သဘာဂါပတ္တိယော စ နံ ဝိဇ္ဇန္တိ။
ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ နံ ဟောန္တိ။
ပတ္တကလ္လန္တိ ဝုစ္စတိ"တိ–

ဝုတ္တော စတုဝိဓေ ပတ္တကလ္လေ သမာနိတေ (သမောဓာနိတေ)ပရိသမာပိတေ ဥ တ္တိ ဌပေတွာတိ။—

ဟု ဝိနယဝိနိစ္ဆယဋီကာ(၂။၂၁၀)၌ လာသည်။

၃။ ဥ တ်ထားပုံကိုလည်း **မဟာဝါအဋ္ဌကထာ၌**–

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ(-)၊ ယဒိ သံဃသ ပတ္တကလ္လံ၊ သံဃော ပဝါရေယျာတိ အယံ သဗ္ဗသဂိတိကာ နာမ ဥ တ္တိ။ ဧဝံ ဟိ ဝုတ္တော တေဝါစိကံ ဒွေဝါစိကံ ဧကဝါစိကဉ္စ ပဝါရေတုံ ဝဋ္ဋတိ။ သမာနဝဿိကံ နံ ဝဋ္ဋတိ။

http://www.dhammadownload.com

"တေဝါစိကံ ပဝါရေယျာ"တိ ဝုတ္တေ ပန တေဝါစိကမေဝ ဝဋ္ဋတိ၊ အညာ န ဝဋ္ဋတိ။ "ဒွေဝါစိကံ ပဝါရေယျာ"တိ ဝုတ္တေ ဒွေဝါစိကဉ္စ တေဝါစိကဉ္စ ဝဋ္ဋတိ။ ဧကေဝါစိကဉ္စ သမာနဝဿိကဉ္စ န ဝဋ္ဋတိ။ "ဧကဝါစိကံ ပဝါရေယျာ"တိ ဝုတ္တေ ပန ဧကဝါစိကဒွေဝါစိကတေဝါစိကာနိ ဝဋ္ဋန္တိ။ သမာနဝဿိကမေဝ န ဝဋ္ဋတိ။ "သမာနဝဿိက"န္တိ ဝုတ္တေ သတ္ထေသံ ဝဋ္ဋတိ။ -

ဟု ဖွင့်ဆိုတော်မူသည်(၀။၅၊၃။၃၅၆)။ အစဉ်အတိုင်း အနက်ကား-

သမ္မဇ္ဇနီ စ၊ တံမြက်လှည်းခြင်းလည်းကောင်း။ ပဒီပေါ စ၊ ဆီမီးညှိထွန်းခြင်းလည်းကောင်း။ အာသနေန၊ နေရာခင်းခြင်းနှင့်တကွ။ ဥဒကဉ္စ၊ သောက်ရေ, သုံးဆောင်ရေ တည်ထားခြင်းလည်းကောင်း။ ဣတိ၊ သို့။ ဧတာနိ၊ ထို ၄-ပါးတို့ကို။ ပဝါရဏာယ၊ ပဝါရဏာ၏။ ပုဗ္ဗကရဏန္တိ၊ ရှေ့အဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကရဏ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဆန္နပါရိသုဒ္ဓိ စ၊ ဆန္နဆောင်ခြင်း, ပါရိသုဒ္ဓိ ဆောင်ခြင်းလည်းကောင်း။ ဥတုက္ခာနံ၊ ဥတု ၃-ပါးကို ကြားခြင်းလည်းကောင်း။ ဘိက္ခုဂဏနာ စ၊ ပဝါရဏာ ပြုသော ရဟန်းကို ရေတွက်ခြင်းလည်းကောင်း။ ဩဝါဒေါ စ၊ ဘိက္ခုနီမတို့အား ဆုံးမအပ်သော ဩဝါဒကို ကြားခြင်းလည်းကောင်း။ ဣတိ၊ သို့။ ဧတာနိ၊ ထို ၅-ပါးတို့ကို။ ပဝါရဏာယ၊ ၏။ ပုဗ္ဗကိစ္စန္တိ၊ ရှေ့အဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စ-ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ သို့။ ဝုတ္တံ၊ သော။ နဝဝိဓံ၊ ၉-ပါး အပြားရှိသော။ ပုဗ္ဗကိစ္စံ၊ ပုဗ္ဗကိစ္စကို။ နိဋ္ဌာပေတွာ၊ ပြီးစေ၍။ ပဝါရဏာ၊ ကို။ ယာဝတိကာ၊ အကြင်မျှလောက်ကုန်သော။ ဘိက္ခူ စ၊ ရဟန်းတို့သည်လည်း။ ကမ္မပတ္တာ၊ ပဝါရဏာကံအား လျောက်ပတ်ကုန်၏။ သဘာဂါပတ္တိယော စ၊ သဘောတူသော အာပတ်တို့သည်လည်း။ န ဝိဇ္ဇန္တိ၊ မရှိကုန်။ ဝဇ္ဇနီယာ၊ တတောင့်ထွာ ဟတ္ထပါသ်မှ ကြဉ်အပ်ကုန်သော။ ပဂ္ဂလာ စ၊ ပုဂ္ဂိုလ်တို့သည်လည်း။ တသ္မိံ၊ ထိုပဝါရဏာ ပြုသော သိမ်၌။ န ဟောန္တိ၊ မရှိကုန်။ ပတ္တာကလ္လန္တိ၊ လျောက်ပတ်သော အခါရှိသောက် ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ သို့။ ဝုတ္တေ၊ ဆိုအပ်သော။ စတုဒ္ဒိဓေ၊ ၄-ပါးအပြားရှိသော။ ပတ္တကလ္လေ၊ လျောက်ပတ်သောက် အဂိါသည်။ သမာနိတေ ပရိသမာပိတေ၊ ပြီးစေအပ်သည် ရှိသော်။ ဥ တ္တိ၊ ကို။ ဌပေတွာ၊ ထား၍။

သုဏာတု မေ ဘန္တေ ။ပ။ ပဝါရေယျာတိ-ဟူသော။ အယံ၊ ဤဥ တ်သည်။ သတ္ထသဂိါဟိကာ နာမ ဥ တ္တိ၊ ဝါတူရဟန်းတို့သည် ပြုအပ်သော သမာနဝဿိကပဝါရဏာမှ တပါးသော အလုံးစုံသော ပဝါရဏာကို ရေတွက်အပ်သောဥ တ် မည်၏။ ဟိ၊ မှန်၏။ ဧဝံ၊ သို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ တေဝါစိကံ၊ သံဃံ ဘန္တေ ပဝါရမေ ဒိဋ္ဌေန ဝါ စသည်ဖြင့် ၃-ကြိမ်, ၃-ခေါက် ဆို၍ ပြုအပ်သော ပဝါရဏာကိုလည်းကောင်း။ ဒွေဝါစိကဉ္စ၊

http://www.dhammadownload.com

သံယံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ-စသည်ဖြင့် ၂-ကြိမ် ဆို၍ ပြုအပ်သော ပဝါရဏာကိုလည်း ကောင်း။ ဧကဝါစိကဉ္စ၊ သံယံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ-စသည်ဖြင့် ၁-ကြိမ်သာဆို၍ ပြုအပ်သော ပဝါရဏာကို လည်းကောင်း။ ပဝါရေတုံ၊ ပဝါရဏာ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ သမာနဝဿိကံ၊ ၁-ဝါတူ ရဟန်း ၁-စု, ၂-ဝါတူ ရဟန်း ၁-စု-အစရှိသည်ဖြင့် ပေါင်း၍ တပြိုင်နက် "သံယံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ"စသည်ဖြင့် ၁-ကြိမ်စီသာ ဆို၍ ပြုအပ်သော သမာနဝဿိက ပဝါရဏာသည်။ န ဝဋ္ဋတိ၊ မအပ်။ တေဝါစိကံ ပဝါရေယျာတိ၊ သုဏာတု မေ ဘန္တေ သံယော၊ အဇ္ဇ ပဝါရဏာ၊ ယဒိ သံယဿ ပတ္တကလ္လံ၊ သံယော တေဝါစိကံ ပဝါရေယျ-ဟူ၍။ ဝုတ္တော ပန၊ ဆိုသည်ရှိသော်ကား။ တေဝါစိကမေဝ၊ ၃-ကြိမ် ဆို၍ ပြုအပ်သော ပဝါရဏာသည်သာလျှင်။ ဝဋ္ဋတိ၊ ၏။ အညာ၊ တပါးသော ဒွေဝါစိက, ဧကဝါစိက, သမာနဝဿိက ပဝါရဏာသည်။ န ဝဋ္ဋတိ၊ မအပ်။ ဒွေဝါစိကံ ပဝါရေယျာတိ၊ သုဏာတု မေ ဘန္တေ သံယော၊ အဇ္ဇ ပဝါရဏာ၊ ယဒိ သံယဿ ပတ္တကလ္လံ၊ သံယော ဒွေဝါစိကံ ပဝါရေယျ-ဟူ၍။ ဝုတ္တော၊ ဆိုအပ်သည်ရှိသော်။ ဒွေဝါစိကဉ္စ၊ ၂-ကြိမ် ဆိုအပ်သော ပဝါရဏာသည်လည်းကောင်း။ တေဝါစိကဉ္စ၊ ၃-ကြိမ်ဆိုအပ်သော ပဝါရဏာသည်လည်း ကောင်း။ ဝဋ္ဋတိ၊ ၏။ ဧကဝါစိကဉ္စ၊ ၁-ကြိမ်ဆိုအပ်သော ပဝါရဏာသည်လည်းကောင်း။ သမာနဝဿိကဉ္စ၊ ဝါတူရဟန်းတို့သည် ပေါင်း၍ တစ်ကြိမ်စီ ဆို၍ ပြုအပ်သော ပဝါရဏာသည်လည်းကောင်း။ န ဝဋ္ဋတိ၊ မအပ်။ ဧကဝါစိကံ ပဝါရေယျာတိ၊ သုဏာတု မေ ဘန္တေ သံယော၊ အဇ္ဇ ပဝါရဏာ၊ ယဒိ သံယဿ ပတ္တကလ္လံ၊ သံယော ဧကဝါစိကံ ပဝါရေယျ-ဟူ၍။ ဝုတ္တော၊ ဆိုအပ်သည်ရှိသော်။ ဧကဝါစိကဒွေဝါစိကတေဝါစိကာနံ၊ ဧကဝါစိကပဝါရဏာ, ဒွေဝါစိကပဝါရဏာ, တေဝါစိကပဝါရဏာတို့သည်။ ဝဋ္ဋန္တိ၊ အပ်ကုန်၏။ သမာနဝဿိကမေဝ၊ သမာနဝဿိကပဝါရဏာ တစ်ခုသည်သာလျှင်။ န ဝဋ္ဋတိ၊ မအပ်။ သမာနဝဿိကန္တိ၊ သုဏာတု မေ ဘန္တေ သံယော၊ အဇ္ဇ ပဝါရဏာ၊ ယဒိ သံယဿ ပတ္တကလ္လံ၊ သံယော သမာနဝဿိကံ ပဝါရေယျ-ဟူ၍။ ဝုတ္တော၊ ဆိုအပ်သည် ရှိသော်။ သတ္ထေသံ၊ အလုံးစုံကုန်သော တေဝါစိက, ဒွေဝါစိက, ဧကဝါစိက, သမာနဝဿိက ပဝါရဏာပြုသော ရဟန်းတို့အား။ ဝဋ္ဋတိ၊ ၏။

ဤကား ပါဠိတော်၌လာသော ပဝါရဏာ ဥတ်ထားပုံတည်း။

၄။ အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃၊၃၅၇)၌ကား–

စာတုဒ္ဒသိကာယ အဇ္ဇ ပဝါရဏာ စာတုဒ္ဒသီတိ ဧဝံ ပုဗ္ဗကိစ္စံ ကာတဗ္ဗံ။ ပန္နရသိ-
ကာယ အဇ္ဇ ပဝါရဏာ ပန္နရသီတိ–

ဟု လာသည်။

http://www.dhammadownload.com

ထို့ကြောင့် စာတုဒ္ဒသီနေ့ ဖြစ်မူ "သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ စာတုဒ္ဒသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ"ဟူ၍လည်းကောင်း၊ ပန္နရသီနေ့ ဖြစ်မူ "သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ"ဟူ၍လည်းကောင်း သတ္တသင်္ဂီဟိကဥ် တ်ကို ထားရမည်။ နောက် ပဝါရဏာမှာလည်း နည်းတူဆိုလေ။

(၂) "သမ္မဇ္ဇနီ ပဒီပေါ စ ။ပ။ ဧတာနိ ပုဗ္ဗကရဏာနိ၊ ဝုစ္စတိ"ဟု အဋ္ဌကထာဆရာ ဆိုတော်မူသောကြောင့် ပဝါရဏာ၏ရှေ့အဖို့၌ ပြုအပ်သောပုဗ္ဗကရဏ ၄-ပါးတို့ကို ပြုအပ်ကုန်၏လော (မေး)။

အာမ ဘန္တေ။ (ဖြေ) ။

(၃) "ဆန္ဒပါရိသုဒ္ဓိ ။ပ။ ဧတာနိ ပုဗ္ဗကိစ္စာနိ၊ ဝုစ္စတိ"ဟု အဋ္ဌကထာဆရာ ဆိုတော်မူသောကြောင့် ပဝါရဏာ၏ရှေ့အဖို့၌ ပြုအပ်သော ပုဗ္ဗကိစ္စ ၅-ပါးတို့ကို ပြုအပ်ကုန်၏လော (မေး)။

အာမ ဘန္တေ (ဖြေ)။ ဤ ၉-ပါးသော အမှုတို့ကို ပဝါရဏာမပြုမီ ရှေ့အဖို့၌ ပြုအပ်, ဆောင်အပ်, ပြီးစေအပ်သောကြောင့် ပုဗ္ဗကိစ္စ ၉-ပါးတို့-ဟူ၍ ဆိုအပ်ကုန်၏။

(၄) "ပဝါရဏာ ယာဝတိကာ စ ဘိက္ခူ ။လ။ ပတ္တကလ္လန္တိ ဝုစ္စတိ"ဟု အဋ္ဌကထာဆရာ ဆိုတော်မူသောကြောင့် ပဝါရဏာကံအား လျော်ကန်သော ပတ္တကလ္လအင်္ဂါ ၄-ပါးတို့ကို ပြုအပ်ကုန်၏လော (မေး)။

အာမ ဘန္တေ (ဖြေ)။

ဤ ၄-ပါးသောအင်္ဂါတို့ဖြင့် ရေတွက်အပ်သော ပဝါရဏာကံကို လျော်ကန်သော အခါရှိသော ပဝါရဏာကံဟူ၍ ဆိုအပ်၏။

(၅) ဤသို့ မေး၍ ဖြေပြီးမှ-

"ပုဗ္ဗကရဏာပုဗ္ဗကိစ္စာနိ သမာဒပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ သံဃဿ အနုမတိယာ ပဝါရဏံ ကရိဿာမိ"

ဟု ဆို၍ သံဃာတို့က "သာဓု သာဓု"ဟု ဆိုပြီးမှ-

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ-

http://www.dhammadownload.com

ဟူ၍ သင်္ဃသင်္ဂီဟိကဥ္စ တ်ကိုထား၍ ၃-ကြိမ်ဆိုသော တေဝါစိက-ပဝါရဏာကို ဖြစ်စေ၊ ၂-ကြိမ်ဆိုသော ဒွေဝါစိကပဝါရဏာကို ဖြစ်စေ၊ ၁-ကြိမ်ဆိုသော ဧကဝါစိက ပဝါရဏာကို ဖြစ်စေ ပြုလေ။ ပြုပုံကား–

သံဃံ အာဝုတော ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ–

ဟု ဆို၍ ပြုလေ။ သီတင်းငယ်ကား "သံဃံ ဘန္တေ ပဝါရေမိ"ဟု ဆိုလေ။

ဤအရာ၌ "သံဃံ အာဝုသော ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ"ဟု ဆို၍ "ဝဒန္တု မံ အာယသ္မန္တော"ဟု ဆိုရမည်။ ဝဒတု မံ သံဃော"ဟု မဆိုအပ်။

၁။ ထို့ကြောင့် **အဋ္ဌကထာ၌–**

ဝဒန္တု မံ အာယသ္မန္တောတိ ဟိ ဧဝံ ဝဒန္တော အာပတ္တိဟိ ဝုဋ္ဌဟိဿတိ၊ ဝိနယဉ္စ ပုရေက္ခတ္တာ (ဝိဟရိဿတီတိ) ဝိဟရတီတိ ဝုစ္စတိ–

ဟု ဆိုတော်မူ၏(ဝိ၊ဋ္ဌ၊၃။၃၅၆)။

ဟိ၊ မှန်၏။ ဝဒန္တု မံ အာယသ္မန္တောတိ၊ ဟူ၍။ ဝဒန္တော၊ ဆိုသည်ရှိသော်။ အာပတ္တိတို့၊ တို့မှ။ ဝုဋ္ဌဟိဿတိ၊ ထလတ္တံ့။ ဝိနယဉ္စ၊ ကိုလည်း။ ပုရေက္ခိတ္တာ၊ ရှေးရှု၍။ ဝိဟရတီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

၂။ **ဝဇိရဗုဒ္ဓိဋီကာ၌လည်း–**

"သံဃံ အာဝုသော ပဝါရေမိ"တိ ဝုတ္တတ္တာ ပစ္ဆာပိ "ဝဒတု မံ သံဃော"တိ ဝတ္တဗ္ဗံ ဝိယ ဒိဿတိ၊ အယံ ပနေတ္ထ အဓိပ္ပါယော ယသ္မာ အဟံ သံဃံ ပဝါရေမိ၊ တသ္မာ တတ္ထ ပရိယာပန္နာ ထေရာ မဇ္ဈိမာ နဝါ ဝါ အဝိသေသေန အာယသ္မန္တော သင်္ဃော မံ ဝဒန္တုတိ– ဟု ဖွင့်တော်မူ၏(ဝဇိရ။၄၇၄)။

သံဃံ အာဝုသော ပဝါရေမိတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ဆိုအပ်သောကြောင့်။ ပစ္ဆာပိ၊ နောက်၌လည်း။ ဝဒတု မံ သံဃောတိ၊ ဟူ၍။ ဝတ္တဗ္ဗံ ဝိယ၊ ဆိုအပ်သကဲ့သို့။ ဒိဿတိ၊ ထင်၏။ အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ ဇော္ထ၊ ဤအရာ၌။ အဓိပ္ပါယော၊ အလိုတည်း။ ယသ္မာ၊ ကြောင့်။ အဟံ၊ သည်။ သံဃံ၊ ကို။ ပဝါရေမိ၊ ဖိတ်ကြား၏။ တသ္မာ၊ ကြောင့်။ တတ္ထ၊ ထိုအစည်းအဝေး၌။ ပရိယာပန္နာ၊ ကုန်သော။ အဝိသေသေန၊ သာမညအားဖြင့်။ ထေရာ ဝါ၊ မထေရ်ကြီးလည်းဖြစ်ကုန်သော။ မဇ္ဈိမာ ဝါ၊ သီတင်းလတ်လည်း ဖြစ်ကုန်

http://www.dhammadownload.com

သော။ နဝါ ဝါ၊ သီတင်းငယ်လည်းဖြစ်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ အာယသ္မန္တော၊ အရှင်ဘုရားတို့သည်။ မံ၊ အကျွန်ုပ်ကို။ ဝဒန္တု၊ ဆိုကြကုန်လော့။ ဣတိ အယံ၊ ဤသည်လျှင်။ အဓိပ္ပါယော၊ အလိုတည်း။

အဓိပ္ပါယ်ကား။ ။ဝဒတု မံ သံယောဟု ဆိုလျှင် "အကျွန်ုပ်ကို သံယာ ၄-ပါး ပြည့်မှ ဆိုကြပါ" ဟူသော စကားအရာရောက်၍ မရှိသေရာ ကျသည်။ ဝဒန္တု မံ အာယသ္မန္တောဟု ဆိုမှ "သီတင်းကြီး, သီတင်းလတ်, သီတင်းငယ် အဘယ်ပုဂ္ဂိုလ် မဆို အကျွန်ုပ်ကို ပြောဆိုကြပါ"ဟူသော စကားအရာ ရောက်၍ ရှိသေရာ ရောက်သည် ဟူလို။

၃။ ခုဒ္ဒသိက္ခာဋ္ဌ "ဝဒန္တု မံ အာယသ္မန္တော"ဟု ရှိသည်။

၄။ မူလသိက္ခာ အဆို့စာဋ္ဌ "ဝဒတု မံ သံယော"ဟု ရှိသည်။ ၎င်းပါဠိသည် ရှေးပါဠိရင်း မဟုတ်၊ နောက်မှ ဆရာတို့ အထင်မှား၍ ပြထားသော ပါဠိ ဖြစ်သည်။ ရှေးပါဠိရင်းမှာ "ဝဒန္တု အာယသ္မန္တော" ဟူ၍သာ ရှိသင့်သည်။

၄-ပါး, ၃-ပါးသောရဟန်းတို့မှာ "သုဏန္တု မေ ဘန္တေ အာယသ္မန္တော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒါ, ယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ"ဟု ဂဏာဥ်တ်ကိုထား၍ "အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ"ဟု ဆို၍ ပြုရာ၏။ သီတင်းငယ်ဖြစ်မူ "အဟံ ဘန္တေ အာယသ္မန္တေ ပဝါရေမိ"ဟူ၍ ဆိုလေ။ထိုဂဏာဥ်တ် မထားမီဋ္ဌလည်း ပုဗ္ဗကိစ္စကို ပြုရမည်။

၅။ ထို့ကြောင့် ဝိနယဝိနိစ္ဆယအဋ္ဌကထာဋ္ဌ-

> ဥတ္တိ ဝတ္တာ ပဝါရေယျ၊ စတ္ထာရော ဝါ တယောပိ ဝါ။
> ပုဗ္ဗကိစ္စံ သမာပေတွာ"-

ဟု ဆိုတော်မူ၏(ဝိနယဝိနိစ္ဆယ။ ၂၅၃)။

စတ္ထာရော ဝါ၊ တို့သည်လည်းကောင်း။ တယောပိ ဝါ၊ တို့သည်လည်းကောင်း။ ပုဗ္ဗကိစ္စံ၊ ကို။ သမာပေတွာ၊ ပြီးစေ၍။ ဝါ၊ ပြု၍။ ဥတ္တိ၊ ဂဏာဥ်တ်ကို။ ဝတ္တာ၊ ထား၍(ဆို၍)။ ပဝါရေယျ၊ ပဝါရဏာ ပြုကုန်ရာ၏။

၂-ယောက်သောရဟန်းတို့မှာ ဥ တ်မထားဘဲသာ "အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတု မံ အာယသ္မာ အနုကမ္ပံ

http://www.dhammadownload.com

ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ"ဟု ဆို၍ပြု။ သီတင်းငယ်မှာ "အဟံ ဘန္တေ အာယသ္မန္တံ ပဝါရေမိ"ဟု ဆိုလေ။

၁-ပါးသောရဟန်းမှာ တံမြက်လှည်းခြင်း, နေရာခင်းခြင်း, သောက်ရေသုံးဆောင်ရေ တည်ထားခြင်း ပုဗ္ဗကိစ္စကို ပြု၍ "အဇ္ဇ မေ ပဝါရဏာ ပန္နရသီ အဓိဋ္ဌာမိ"ဟု ဆို၍ ဆောက်တည်ရမည်။

၆။ ထို့ကြောင့် ဝိနယဝိနိစ္ဆယဋီကာ၌–

> အဓိဋ္ဌေယျာတိ ပုဗ္ဗကိစ္စံ သမာဒပေတွာ "အဇ္ဇ မေ ပဝါရဏာ စာတုဒ္ဒသီတိ ဝါ ပန္နရသီတိ ဝါ ဝတ္ဝာ အဓိဋ္ဌာမိ"တိ အဓိဋ္ဌေယျ–

ဟု ဆိုတော်မူ၏(ဝိနယဝိနိစ္ဆယဋီ၊ ၂။၂၁၂)။

အဓိဋ္ဌေယျာတိ၊ ဟူသည်ကား။ ပုဗ္ဗကိစ္စံ၊ ကို။ သမာဒပေတွာ၊ ပြီးစေ၍။ ဝါ၊ ပြု၍။ အဇ္ဇ၊ ယနေ့။ မေ၊ ငါ၏။ ပဝါရဏာ၊ သည်။ စာတုဒ္ဒသီ၊ စာတုဒ္ဒသီပဝါရဏာတည်း။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ပန္နရသီ၊ ပန္နရသီပဝါရဏာတည်း။ ဣတိ ဝါ၊ လည်းကောင်း။ အဓိဋ္ဌာမိ၊ ဆောက်တည်ပါ၏။ ဣတိ၊ သို့။ အဓိဋ္ဌေယျ၊ ဆောက်တည်ရာ၏။

ဥပုသ်ပြုရာတို့၌လည်း သံယဥပုသ်, ဂဏဥပုသ်တို့၏ ပုဗ္ဗကိစ္စပြုပုံကို နည်းတူမှတ်၍ ဆိုလေ။အဓိဋ္ဌာန်ဥပုသ်ကိုလည်း ပဝါရဏာနှင့် နည်းတူ ပုဗ္ဗကိစ္စကို ပြု၍ "အဇ္ဇ မေ ဥပေါသထော ပန္နရသော အဓိဋ္ဌာမိ"ဟု ဆို၍ ပြုလေ။

✪ ✪ ✪ ✪ ✪

[၉၃] နိက္ခိတ္တဝတ် အနိက္ခိတ္တဝတ် ၂-ပါး အထူး

(၁) မေး။ ။ ဝတ်ဆောက်တည်ရာ၌ နိက္ခိတ္တဝတ်, အနိက္ခိတ္တဝတ် ၂-ပါးတို့၏ အထူးကို အဘယ်သို့ မှတ်ရပါအံ့နည်း?

ဖြေ။ ။ ထိုအမေးပုစ္ဆာအရမှာ–

၁။ ယထာဝုတ္တံ ဒုဝိဓံ ဌာနံ ပရိဝသန္တမာနတ္တစာရိကဘိက္ခူဟိ နိသီဒိတဗ္ဗဌာနံ ဟောတိ။ တေသု စ ယဒိ အန္တောဝိဟာရေယေဝ နိသီဒိတ္ဝာ ပရိဝသတိ။ ဥပစာရသီမဂတာနံ သဒ္ဓေသဲ ဘိက္ခူနံ အာရောစေတဗ္ဗံ ဟောတိ။ အထ ဗဟိဥပစာရသီမာယံ၊ ဒိဋ္ဌရူပါနံ သုတသဒ္ဒါနံ အာရောစေတဗ္ဗံ။ အဒိဋ္ဌ-အသုတာနမ္ပိ အန္တောဒ္ဓါဒသဟတ္ထဂတာနံ အာရောစေတဗ္ဗမေဝ။ ဥပစာရော

http://www.dhammadownload.com

ပန အန္တောသီမာယ ဠီတာနံ သကလဥပစာရသီမာ ဟောတိ။ ဗဟိ ဥပစာရ-သီမာယ ဠီတာနံ ဒွါဒသဟတ္ထမတ္တံ။

ဧဝံ အနိက္ခိတ္တဝတ္တော ဟုတ္ဝာ ပရိဝသန္တာနံ အန္တောဝိဟာရေယေဝ ဝသန္တဿ စ, နိက္ခိတ္တဝတ္တော (ဝသနဿ, နိက္ခိတ္တစတ္တာနံ) ဟုတ္ဝာ ပရိဝသန္တာနံ ဝိဟာရတော ဗဟိ ဒွေ လေဍ္ဍုပါတေ အတိက္ကမိတ္ဝာ ဝသန္တဿ (ဝသနဿ) စ အဋ္ဌကထာဒီသု ပကရဏေသု အာဂတတ္တာ တထာနယော ပကရဏာဂတနယော ဟောတိ။

ကဒါနိ ပန အာစရိယာ အနိက္ခိတ္တဝတ္တဿ စ ရတ္တိစ္ဆေဒဝတ္တာဘေဒဒေါသေ ပရိဟရိတုံ အတိ ဒုက္ကရတ္တာ, နိက္ခိတ္တဝတ္တဿ စ ဒေဝသိကံ ပစ္ဆာသမယေ ဗဟိသီမာဂမနဿ ဒုက္ခတ္တာ, ဝါဠသရီသပါဒီပရိဿယဿ စ အာသင်္ကိတ္ဗ-ဘာဝတော ရတ္တိစ္ဆေဒဝတ္တာဘေဒပရိဟရဏဝသေန လက္ခဏပါရိပူရမေဝ မနသိ ကရောန္တာ ဧကစ္စေ အာစရိယာ နိက္ခိတ္တဝတ္တာပိ သမာနာ အန္တောဝိဟာရေယေဝ ပရိဝါသဝသနဋ္ဌေ မာနတ္တစရဏဋ္ဌေ ကရောန္တိ။ ဧသ နယောပိ ဝဋ္ဋတိ ဧဝ–

ဟု လာသော ဝိနယာလင်္ကာရဋီကာကို ထောက်၍ ဖြေအပ်၏(ဝိနယာလင်္ကာရဋီ၂။၂၂၅-၆)။

ယထာဝုတ္တံ၊ အကြင်အကြင်ဆိုအပ်သော။ ဒုဝိဓံ၊ နှစ်ပါး အပြားရှိသော။ ဌာနံ၊ အရပ်သည်။ ပရိဝသန္တမာနတ္တစာရိကဘိက္ခူဟိ၊ ပရိဝါသ်နေသော ရဟန်း, မာနတ်ကျင့်သော ရဟန်းတို့သည်။ နိသီဒိတဗ္ဗဋ္ဌာနံ၊ နေအပ်သောနေရာသည်။ ဟောတိ၊ ၏။ တေသု စ၊ ထိုနှစ်ပါးသော နေရာတို့၌လည်း။ အန္တောဝိဟာရေယေဝ၊ ကျောင်းတွင်း၌သာလျှင်။ နိသီဒိတ္ဗာ၊ နေ၍။ ယဒိ ပရိဝသတိ၊ ပရိဝါသ်နေသည် ဖြစ်အံ့။ ဥပစာရသီမဂတာနံ၊ ဥပစာရသိမ်တွင်းသို့ ရောက်လာကုန်သော။ သတ္ထေသံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့အား။ အာရောစေတဗ္ဗံ၊ ကြားအပ်သည်။ ဟောတိ၊ ၏။ ဗဟိဥပစာရသီမာယံ၊ ဥပစာရသိမ် အပ၌။ အထ ပရိဝသတိ၊ ပရိဝါသ်နေသည်ဖြစ်အံ့။ ဒိဋ္ဌပုဗ္ဗံ၊ အဆင်းကို မြင်သော ရဟန်းတို့အား။ သုတသဒ္ဒါနံ၊ အသံကိုကြားသော ရဟန်းတို့အား။ အာရောစေတဗ္ဗံ၊ ကြားအပ်၏။ အဒိဋ္ဌအသုတာနံ၊ အဆင်းကို မမြင်, အသံကို မကြားကုန်သော။ အန္တောဒွါဒသဟတ္ထ-ဂတာနမ်ပိ၊ ၁၂-တောင် ဟတ္ထပါသ်အတွင်းသို့ ရောက်လာကုန်သော ရဟန်းတို့အားလည်း။ အာရောစေတဗ္ဗမေဝ၊ ကြားအပ်သည်သာတည်း။ ဥပစာရော ပန၊ ဥပစာရသည်ကား။ အန္တောသီမာယ၊ သိမ်တွင်း၌။ ဠီတာနံ၊ တည်ကုန်သော ရဟန်းတို့အား။ သကလသ-ပစာရသီမာ၊ အလုံးစုံသော ဥပစာရသိမ်သည်။ ဟောတိ၊ ၏။ ဗဟိ ဥပစာရသီမာယ၊ ဥပစာရသိမ်အပ၌။ ဠီတာနံ၊ တည်ကုန်သောရဟန်းတို့အား။ ဒွါဒသဟတ္ထမတ္တံ၊ ၁၂-တောင် မျှသည်။ ဟောတိ၊ ၏။

http://www.dhammadownload.com

ဧဝံ၊ သို့။ အနိက္ခိတ္တဝတ္တော၊ မချအပ်သော ဝတ်ရှိသည်။ ဟုတ္တာ၊ ၍။ ပရိဝသန္တာန်၊ ပရိဝါသ်နေသော ရဟန်းတို့အား။ အန္တောဝိဟာရေ ယေဝ၊ ကျောင်းတွင်း၌ သာလျှင်။ ဝသန္တသ္မ စ၊ နေခြင်းကိုလည်းကောင်း။ နိက္ခိတ္တဝတ္တော၊ ချအပ်သောဝတ် ရှိသည်။ ဟုတ္တာ၊ ၍။ ပရိဝသန္တာန်၊ တို့အား။ ဝိဟာရတော၊ မှ။ ဗဟိ၊ အပ၌။ ဒွေ လေဿုပါတေ၊ ခဲနှစ်ကျတို့ကို။ အတိက္ကမိတ္တာ၊ လွန်၍။ ဝသန္တသ္မ စ၊ နေခြင်းကိုလည်းကောင်း။ အဌကထာဒီသု၊ ကုန်သော။ ပကရဏေသု၊ ကျမ်းတို့၌။ အာဂတတ္တာ၊ လာသည်၏အဖြစ်ကြောင့်။ တထာနယော၊ ထိုသို့လာသောနည်းသည်။ ပကရဏာဂတနယော၊ ကျမ်းဂန်လာသောနည်းသည်။ ဟောတိ၊ ၏။

ကွဒါနိ ပန၊ ယခုအခါ၌ကား။ အာစရိယာ၊ တို့သည်။ အနိက္ခိတ္တဝတ္တသ္မ စ၊ ဝတ်ကို မချဘဲနေသော ရဟန်းအားလည်း။ ရတ္တိစ္ဆေဒဝတ္တဘေဒဒေါသေ၊ ညဉ့်ပြတ်ခြင်း, ဝတ်ပျက်ခြင်း အပြစ်တို့ကို။ ပရိဟရိတုံ၊ ပယ်ခြင်းငှာ။ အတိဒုက္ကရတ္တာ၊ အလွန်ခဲယဉ်းသည်၏ အဖြစ်ကြောင့်လည်းကောင်း။ နိက္ခိတ္တဝတ္တသ္မ စ၊ ဝတ်ကို ချ၍ နေသော ရဟန်းအားလည်း။ ဒေဝသိကံ၊ နေ့တိုင်း။ ပစ္စုသသမယေ၊ မိုးသောက်အခါ၌။ ဝါ၊ ပစ္ဆိမယာမ်၌။ ဗဟိသီမာဂမနဿ၊ သိမ်ပသို့သွားခြင်း၏။ ဒုက္ခတ္တာ၊ ဆင်းရဲသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဝါဠသရီသပါဒိပရိဿယဿ စ၊ သားရဲ့မွေ့-အစရှိသော ဘေးရန်ကိုလည်း။ အာသင်္ကိတပ္ပဘာဝတော၊ တွေးတောယုံမှားဖွယ် ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ရတ္တိစ္ဆေဒဝတ္တဘေဒပရိဟရဏဝသေန၊ ညဉ့်ပြတ်ခြင်း, ဝတ်ပျက်ခြင်းကို ပယ်ခြင်း၏ အစွမ်းအားဖြင့်။ လက္ခဏပါရိပူရမေဝ၊ လက္ခဏာ၏ပြည့်စုံခြင်းကိုသာလျှင်။ မနသိ ကရောန္တာ၊ နှလုံးသွင်းကုန်သည်ဖြစ်၍။ ဧကစ္စေ၊ အချို့ကုန်သော။ အာစရိယာ၊ တို့သည်။ နိက္ခိတ္တဝတ္တာ၊ ချအပ်သော ဝတ်ရှိကုန်သည်။ သမာနာပိ၊ ဖြစ်ကုန်သော်လည်း။ အန္တောဝိဟာရေယေဝ၊ ကျောင်းတွင်း၌သာလျှင်။ ပရိဝါသဝသနဋ္ဌ၊ ပရိဝါသ်နေခြင်းကိုလည်းကောင်း။ မာနတ္တစရဏဋ္ဌ၊ မာနတ်ကျင့်ခြင်းကိုလည်းကောင်း။ ကရောန္တိ၊ ပြုကြကုန်၏။ ဧသ နယောပိ၊ ဤဆရာတို့ ပြုကြသောနည်းသည်လည်း။ ဝဋ္ဋတိ ဧဝ၊ တည်း။

အဓိပ္ပါယ်ကား- အနိက္ခိတ္တဝတ်နေလိုသောရဟန်းသည် သိမ်အပြင်မှာ ကမ္မဝါစာဖြင့် ပေးသည့်အဆုံး၌ သံဃာ့အလယ်၌သာ ဝတ်ကိုဆောက်တည်၍ သံဃာ့အလယ်၌ ကြားပြီးလျှင် မချဘဲ ထိုကျောင်း၌ ရှိသမျှသောရဟန်း, လာသမျှသော ရဟန်းတို့အား ကြား၍ နေအပ်သည်။

ထိုကျောင်းတိုက်၌ ရဟန်းနည်း၍ နိက္ခိတ္တဝတ်နေမူ ဝတ်ကိုချ၍ အရုဏ်အတွင်း ရဟန်းကုန်ကြား၍ ဥပစာရတိုက်တွင်း၌ နေအပ်သည်ကိုလည်း သိလေ။

http://www.dhammadownload.com

ထိုကျောင်းတိုက်၌ ရဟန်းများ၍ နိက္ခိတ္တဝတ်နေလိုသော ရဟန်းသည် သိမ်အပြင်မှာ ကမ္မဝါစာဖြင့် ပေးသည့်အဆုံး၌ သံဃာ့အလယ်၌ ဝတ်ကို ဆောက်တည်၍ သံဃာ့အလယ်၌ ကြားပြီးလျှင် ထိုသံဃာ့အလယ်၌ ချ၍ဖြစ်စေ၊ သံဃာထွက်သွားမူ တပါးသော ရဟန်းထံမှာ ဖြစ်စေ ချ၍ ပစ္ဆိမယာမ်၌ အရုဏ်မတက်မီ ထိုကျောင်းတိုက်မှ ထွက်သွား၍ ခဲနှစ်ပစ်ကို လွန်၍ ပကတတ်ရဟန်းနှင့် ၁၂-တောင်ဥပစာရ အရပ်အတွင်း၌နေ၍ ဆောက်တည်အပ်သည်။

ထိုသို့ ဆောက်တည်ရာ၌ ၁၂-တောင် ဥပစာရပြင်ဘက်သို့ သွားသော ရဟန်းအား ကြားသည်, မြင်သည်ရှိသော် ဝတ်ကို ကြားအပ်သည်။ ထို ၁၂-တောင် ဥပစာရအတွင်းသို့ ဝင်သွားသော ရဟန်းတို့အား မကြား, မမြင်သော်လည်း ဝတ်ကို ကြားအပ်သောကြောင့် မသိသော်လည်း မကြားမူ ရတ္တိစ္ဆေဒသာဖြစ်သည်၊ ဝတ္တဘေဒုက္ကဋ် မသင့်ဟု ပြတော်မူသည်။

ထိုဋီကာ၌ "အဒိဋ္ဌအသုတာနမ္ပိ အန္ဆောဒ္ဓါဒသဟတ္ထဂတာနံ အာရောစေတဗ္ဗမေဝ"ဟု ဆိုသောစကား၌ ၁၂-တောင် ပြင်ဘက်၌သာ အဒိဋ္ဌ, အသုတပုဂ္ဂိုလ်တို့အား မကြားအပ်သည်။ ၁၂-တောင်အတွင်း၌မူကား အဒိဋ္ဌ, အသုတပုဂ္ဂိုလ်တို့အားလည်း ကြားအပ်သည်သာဟု သိစေလိုသည်။

အဒိဋ္ဌအသုတာနမ္ပိ အန္ဆောဒ္ဓါဒသဟတ္ထဂတာနံ အာရောစေတဗ္ဗမေဝ-ဟူသော စကားကို ပြတော်မူသည်။

ထိုစကားမှာ "အဒိဋ္ဌ,အသုတပုဂ္ဂိုလ်တို့အား ကြားအပ်သည်"ဟု ဆိုရာ အဒိဋ္ဌ, အသုတဖြစ်မူ မသိနိုင်ရာသောကြောင့် ကြားအပ်သည်ကို မသိ၍ မကြားလျှင် ရတ္တိစ္ဆေဒ ဖြစ်သည်ဟု ဆိုသော မဟာပဒုမထေရ်၏ အယူကို ပြသော စကားဟု မှတ်။

၂။ ထို့ကြောင့် **စူဠဝါဓဋ္ဌကထာ**၌-

> အထ ဒွါဒသဟတ္ထံ ဥပစာရံ သြက္ကမိတွာ အဇာနန္တသ္သေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါ ဟောတိ ဧဝ။ ဝတ္တဘေဒေါ ပန နတ္ထိ-

ဟု ဆိုတော်မူ၏(ဝိ၊ဋ္ဌ၊၄။၁၇)။

ဒွါဒသဟတ္ထံ၊ ၁၂-တောင်ရှိသော။ ဥပစာရံ၊ အရပ်သို့။ သြက္ကမိတွာ၊ သက်ဝင်၍။ အဇာနန္တသ္သေဝ၊ မသိမူ၍သာလျှင်။ အထ ဂစ္ဆတိ၊ သွားသည်ဖြစ်အံ့။ ရတ္တိစ္ဆေဒေါ၊ ညဉ့်ပြတ်ခြင်းသည်။ ဟောတိ ဧဝ၊ တည်း။ ဝတ္တဘေဒေါ ပန၊ ဝတ်ပျက်၍ ဒုက္ကဋ် အာပတ်သင့်ခြင်းသည်ကား။ နတ္ထိ၊ မရှိ။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၉၄] ဝတ်ဆောက်တည်ရာ၌ ကြေးစည်သံကြားခြင်း

(၁) မေး။ ။ ဝေးသောအရပ်၌ ရဟန်းကို မြင်ရာ ရဟန်းဟု အမှန်မဆိုနိုင်၊ သံသယလည်း မကင်းနိုင်၊ ရဟန်းတီးခတ်သောစည်ကြီး, ခေါင်းလောင်း-စသည်တို့၏ အသံကို ကြားရာ အမှန်လည်း မဆိုနိုင်၊ သံသယလည်း မကင်းနိုင်၊ ထိုသို့အပြစ်နှင့် (တကွ) ကျင့်ဆောက်တည်သော ဝတ်သည် ညဉ့်ပြတ်မည်လော။

ဖြေ။ ။ ထိုအမေးပုစ္ဆာမှာ–

၁။ ကရဝိကတိဿတ္ထေရော "သမဏော အယန္တိ ဝဝတ္ထာနမေဝ ပမာဏ"န္တိ အာဟ။ ဟု လာသော စူဠဝါအဋ္ဌကထာကို ထောက်၍ ဖြေအပ်၏(ဝိ၊ဋ္ဌ၊၄။၁၁)။

ကရဝိကတိဿတ္ထေရော၊ သည်။ အယံ၊ ဤသူသည်။ သမဏော၊ ရဟန်းတည်း။ ဣတိ၊ သို့။ ဝဝတ္ထာနမေဝ၊ ပိုင်းခြား၍ သိခြင်းသည်သာလျှင်။ ပမာဏံ၊ ပမာဏမည်၏။ ဣတိ၊ သို့။ အာဟ၊ ဆို၏။

အဓိပ္ပါယ်ကား။ ဝေးရာအရပ်၌ ရဟန်းကို မြင်သော်လည်း ရဟန်း-ဟုအမှန်သိ၍ မကြားမှ ညဉ့်ပြတ်သည်၊ ဝတ်ပျက်၍ ဒုက္ကဋ်သင့်သည်။ ရဟန်းကို မြင်၍ ရဟန်းဟုတ်လေသလော၊ ရဟန်းမဟုတ်လေသလော-ဟု သံသယရှိသော်လည်း ရဟန်း-ဟု ဧကန္တ မဆိုနိုင်မူ မကြားသော်လည်း ညဉ့်မပြတ်။

ရဟန်းတို့သည် တီးခတ်သောစည်ကြီး, ခေါင်းလောင်း-စသည်တို့၏ အသံကြားရာ ရဟန်းတီခတ်သောအသံဟု ဧကန္တ ဆုံဖြတ်နိုင်မှ ညဉ့်ပြတ်သည်။ သံသယရှိရုံဖြင့် ညဉ့်မပြတ်-ဟု ပြတော်မူသည်။

၂။ ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ၌–

အယံ ဘိက္ခူဟိ ဝါဒိတသကဋနာဝါဒိသဒ္ဒါတိ သန္နိဋ္ဌာနတော ဇာနန္တော်ယေဝ ရတ္တိစ္ဆေဒံ ကရောတိ။ တေနာဟ "အာယသ္မာ ကရဝိကတိဿတ္ထေရော သမဏော အယန္တိ ဝဝတ္ထာ နမေဝ ပမာဏ"န္တိ–

ဟူ၍ လည်းကောင်း၊

http://www.dhammadownload.com

ဘိက္ခူ ဘိက္ခုံ ဒိသွာပိ ဘိက္ခူတိ ဝဝတ္ထာနမေဝ ပမာဏံ–

ဟူ၍လည်းကောင်း ဆိုတော်မူ၏(ဝိနယာလင်္ကာရဋီ၊ ၂။ ၂၄၄-၅)။

အယံ၊ ဤအသံသည်။ ဘိက္ခူဟိ၊ တို့သည်။ ဝါဒိတသကဋ္ဌနာဝါဒိသဒ္ဒေါ၊ တီးခတ်အပ်သော စည်ကြီးသံ ခေါင်းလောင်းသံ, လှည်းသံ, လှေသံတည်း။ ဣတိ၊ သို့။ သန္နိဋ္ဌာနတော၊ ဆုံးဖြတ်သော အားဖြင့်။ ဇာနန္တောယေဝ၊ သိသောရဟန်းသာလျှင်။ ရတ္တိစ္ဆေဒံ၊ ညဉ့်ပြတ်ခြင်းကို။ ကရောတိ၊ ၏။ တေန၊ ကြောင့်။ အာယသ္မာ ။ပ။ ပမာဏန္တိ၊ ဟူ၍။ အာဟ၊ ၏။

ဘိက္ခူ တို့ကို။ ဒိသွာပိ၊ မြင်၍လည်း။ ဘိက္ခူတိ၊ တို့ဟူ၍။ ဝဝတ္ထာနမေဝ၊ ပိုင်းခြားနိုင် မှတ်သားနိုင်သော အဖြစ်သည်သာလျှင်။ ပမာဏံ၊ ပမာဏာမည်၏။

✪ ✪ ✪ ✪ ✪

[၉၅] နံနက်ပိုင်း ဝတ်ဆောက်တည်ခြိန်

(၁)မေး။ ။ နိက္ခိတ္တဝတ် ဆောက်တည်သော ရဟန်းမှာ နံနက်ဝတ်ဆောက်တည်သောအခါ အဘယ်မျှလောက် စောစောထ၍ ဆောက်တည်ရပါအံ့နည်း။

ဖြေ။ ။ နံနက် ပစ္ဆိမယာမ်၌ အရုဏ်မတက်မီ ဆောက်တည်ရမည်။

၁။ **ပစ္ဆိမယာမကာလေ အရုဏောဒယတော ပုရေတရမေဝ။**

ဟု လာသော ဝိနယာလင်္ကာရဋီကာကို ထောက်(ဝိနယာလင်္ကာရဋီ၊ ၂။ ၂၂၄)။

ပစ္ဆိမယာမကာလေ၊ ဟူသည်ကား။ ပစ္ဆိမယာမကာလေ၊ ညဉ့် ၃-ယံတွင် နောက်ဆုံးယံအခါ၌။ အရုဏောဒယတော၊ အရုဏ်တက်သည်မှ။ ပုရေတရမေဝ၊ ရှေးဦး၌လျှင်။ ပစ္ဆိမယံ၌ အရုဏ်မတက်မီအကြား အဘယ်အခါမဆို ဆောက်တည်အပ်သည်ဟု မှတ်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၉၆] မာနတ်ကျင့်စဉ် ညဉ့်ပြတ်ရာ အပ်,မအပ်

(၁)မေး။ ။ မာနတ်ကျင့်သော ရဟန်းသည် ၆-ရက်အတွင်း မအားမလပ်၍ မာနတ် မကြားရမူ နောက်ကို ဆက်၍ကျင့်ရာ အပ်ပါမည်လော။

ဖြေ။ ။ မာနတ်ကျင့်သော ရဟန်းသည် ၆-ရက် မပြည့်မီ ကိစ္စရှိ၍ မာနတ်မကြားရဘဲ တစ်ညဉ့်,နှစ်ညဉ့်-စသည် ပြတ်နေပြီးမှ နောက်ကိုဆက်၍ ဆောက်တည်လျှင် ၆-ရက် ပြည့်မူအပ်သည်၊ ပျက်ခြင်း မရှိ။

၁။ ယောပိ ရတ္တိ အာဂန္ဓာ ရတ္တိယေဝ ဂစ္ဆတိ၊ သောပိဿ ရတ္တိစ္ဆေဒဲ ကရောတိ။ အညာတတ္ထာ ပန ဝတ္ထာဘေဒဒုက္ကဋံ့ နတ္ထိ။ သစေ အဇာနိတွာဝ အဇ္ဈာနံ ကရောတိ၊ အကတမေဝ ဟောတိတိ ကုရုန္ဒိယံ ဝုတ္တံ။ တသ္မာ အဓိကရတ္တိယော ဂဟေတွာ ကာတဗ္ဗံ။ (ဝိ၊၄၊၄။၁၁။ ကခ်ီ။ဋီ-သစ်။ ၂၅၁-၂)

ဟု လာသော **စူဠဝါအဋ္ဌကထာ, ဝိနယတ္ထမဉ္ဇူသာဋီကာတို့ကို** ထောက်။

ယောပိ၊ ရဟန်းသည်လည်း။ ရတ္တိ၊ ညဉ့်၌။ အာဂန္ဓာ၊ လာ၍။ ရတ္တိ ယေဝ၊ ညဉ့်၌သာလျှင်။ ဂစ္ဆတိ၊ သွား၏။ သောပိ၊ ရဟန်းသည်လည်း။ အဿ၊ ထို ဝတ်ကျင့်သော ရဟန်း၏။ ရတ္တိစ္ဆေဒံ၊ ညဉ့်ပြတ်ခြင်းကို။ ကရောတိ၊ ပြု၏။ အညာတတ္ထာ ပန၊ မသိသည်၏ အဖြစ်ကြောင့်ကား။ ဝတ္ထာဘေဒဒုက္ကဋ်၊ ဝတ်ပျက်၍ ဒုက္ကဋ်သင့်ခြင်းသည်။ နတ္ထိ၊ မရှိ။ အဇာနိတွာဝ၊ မသိ၍သာလျှင်။ အဇ္ဈာနံ၊ ကို။ သစေ ကရောတိ၊ ပြုသည်ဖြစ်အံ့။ အကတမေဝ၊ မပြုအပ်သည် မည်သည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ကုရုန္ဒိယံ၊ အဋ္ဌကထာ၌။ ဝုတ္တံ၊ ၏။ တသ္မာ၊ ကြောင့်။ အဓိကရတ္တိယော၊ ပရိဝါသ်၌ ပို့သောညဉ့်, မာနတ်၌ ပို့သောညဉ့်တို့ကို။ ဂဟေတွာ၊ ယူ၍။ ကာတဗ္ဗံ၊ အဇ္ဈာနကံကို ပြုအပ်၏။

အဓိပ္ပါယ်ကား။ ပရိဝါသ်ဖြစ်စေ၊ မာနတ်ဖြစ်စေ မသိ၍ညဉ့်ပြတ်သည့်အတွက် ပြည့်အောင် ညဉ့်ကို ပို၍ ဆောက်တည်ရမည်-ဟု ဆိုသဖြင့် ဝတ်မှာ ၅-ရက်ယူမူ ၅-ရက် ပြည့်သည်သာ ပမာဏ၊ မာနတ်မှာ ၆-ရက်ပြည့်သည်သာ ပမာဏ-ဟု ပြတော်မူသည်။

"အခဏ္ဍံ မာနတ္တံ စရိတဗ္ဗံ"ဟု ဆိုသော စကားနှင့် သင့်နိုင်ပါအံ့နည်း ဟူငြားအံ့၊ သင့်သည်သာတည်း။ ထို အဋ္ဌကထာ စကားသည် ၆-ရက်ပြည့်သည်ကိုသာ "အခဏ္ဍံ"ဟု ရည်၍ ဆိုတော်မူသည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၉၇] သုဒ္ဓန်နှင့် အဂ္ဂသမောဓာန်ပရိဝါသ် အထူး

(၁)မေး။ ။ သုဒ္ဓန်ပရိဝါသ်နှင့် အဂ္ဂသမောဓာန်၊ ပရိဝါသ် ၂-ပါးတို့၏အထူးကို အသို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးပုစ္ဆာမှာ–

၁။ ဒုဝိဓောပိ စေသ ရတ္တိပရိစ္ဆေဒံ သကလံ ဝါ ဧကဒေသံ ဝါ အဇာနန္တသ္သ စ အသရန္တသ္သ စ တတ္ထ ဝေမတိကသ္သ စ ဒါတဗ္ဗော၊ အာပတ္တိပရိယန္တံ ပန တ္ထောကာ အဟံ အာပတ္တိယော အာပန္နောတိ ဇာနာတု ဝါ မာ ဝါ၊ အကာရဏမေတံ-

ဟူ၍လည်းကောင်း၊

အဂ္ဂသမောဓာနော နာမ သမ္မဟုလာသု အာပတ္တိသု ယာ ဧကာ ဝါ ဒွေ ဝါ တိသော ဝါ သမ္မဟုလာ ဝါ အာပတ္တိယော သဗ္ဗစိရပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဂသမောဓာယ တာသံ ရတ္တိပရိစ္ဆေဒဝသေန အဝသေသာနံ ဥနတရပ္ပဋိစ္ဆန္နာနံ အာပတ္တီနံ ဒါတဗ္ဗပရိဝါသော ဝုစ္စတိ–

ဟူ၍လည်းကောင်း **မာတိကာအဋ္ဌကထာ၌လာသည်။ စူဠဝါအဋ္ဌကထာ၌လည်း** လာသည်။ စူဠဝါအဋ္ဌကထာမှာ “ဧကဒေသံ ဝါ”အရာ၌ “ဧကစ္စံ ဝါ”ဟု ရှိသည်။

ဒုဝိဓောပိ စ၊ ၂-ပါး အပြားရှိသည်လည်းဖြစ်သော။ ဧသ ဧသော၊ ဤစူဠသုဒ္ဓန်, မဟာသုဒ္ဓန်သည်။ ရတ္တိပရိစ္ဆေဒံ၊ ညဉ့်အပိုင်းအခြားကို။ သကလံ ဝါ၊ အလုံးစုံသော ညဉ့်ကို လည်းကောင်း။ ဧကဒေသံ ဝါ၊ အချို့သောညဉ့်ကိုလည်းကောင်း။ အဇာနန္တသ္သ စ၊ မသိသော ရဟန်းအားလည်းကောင်း။ အသရန္တသ္သ စ၊ သတိမရသော ရဟန်းအားလည်းကောင်း။ တတ္ထ၊ ထိုညဉ့် အပိုင်းအခြား၌။ ဝေမတိကသ္သ စ၊ သံသယရှိသော ရဟန်းအား လည်းကောင်း။ ဒါတဗ္ဗော၊ ပေးအပ်သော ပရိဝါသ်ကို။ ဝုစ္စတိ၊ ၏။ အာပတ္တိပရိယန္တံ ပန၊ အာပတ်အပိုင်းအခြားကိုကား။ တ္ထောကာ၊ ဤမျှလောက်ကုန်သော။ အာပတ္တိယော၊ တို့သို့။ အဟံ၊ သည်။ အာပန္နော၊ ၏။ ဣတိ၊ သို့။ ဇာနာတု ဝါ၊ သိသည် မူလည်းဖြစ်စေ။ မာ ဝါ ဇာနာတု၊ မသိသည်မူလည်းဖြစ်စေ။ ဧတံ၊ ဤသို့သိခြင်း, မသိခြင်း သည်။ အကာရဏံ၊ အကြောင်းမဟုတ်။

အဂ္ဂသမောဓာနော နာမ၊ အဂ္ဂသမောဓာန်မည်သည်ကား။ သမ္မဟုလာသု၊ ကုန်သော။ အာပတ္တိသု၊ တို့၌။ ဧကာ ဝါ၊ ၁-ချက်လည်းဖြစ်သော။ ဒွေ ဝါ၊ ၂-ချက်လည်း

http://www.dhammadownload.com

ဖြစ်ကုန်သော။ တိသော ဝါ၊ ၃-ချက်လည်းဖြစ်ကုန်သော။ သမ္မဟုလာ ဝါ၊ များစွာလည်း ဖြစ်ကုန်သော။ ယာ အာပတ္တိယော၊ တို့သည်။ သဗ္ဗစိရပ္ပဋိစ္ဆန္နာယော၊ အလုံးစုံထက် ကြာမြင့်စွာ ဖုံးလွှမ်းကုန်၏။ တာသံ၊ ထိုကြာမြင့်စွာ ဖုံးလွှမ်းကုန်သော အာပတ်တို့၏။ အလ္လေန၊ အဖိုးအားဖြင့်။ ဝါ၊ အဖိုဒ္ဒ်။ အဝသေသာနံ၊ ကုန်သော။ ဥနတရပ္ပဋိစ္ဆန္နာနံ၊ အယုတ်အားဖြင့် ဖုံးလွှမ်းကုန်သော။ အာပတ္တိနံ၊ တို့ကို။ သမောဓာယ၊ ပေါင်း၍။ တာသံ၊ ထိုကြာမြင့်စွာ ဖုံးလွှမ်းသောအာပတ်တို့၏။ ပရိစ္ဆေဒဝသေန၊ အပိုင်းအခြား၏ အစွမ်းဖြင့်။ ဒါတဗ္ဗ-ပရိဝါသော၊ ပေးအပ်သောပရိဝါသ်ကို။ ဝုစ္စတိ၊ ၏။

လိုရင်းစကားကျ **ဝိဏ္ဏတ္ထအဓိပ္ပါယ်ကား။** ဖုံးလွှမ်းသော အာပတ်၏ ညဉ့်အပိုင်းအခြားကို မသိမူ သုဒ္ဓန္တပရိဝါသ်ကို ပေးအပ်သည်။ ဖုံးလွှမ်းသောအာပတ်တို့၏ ကြာမြင့်စွာ သော ညဉ့်အပိုင်းအခြားကို ဧကန္တသိမှတ်နိုင်မူ အဋ္ဌသမောဓာန်, ပရိဝါသ်ကို ပေးအပ်သည်။

အကြင်ရဟန်းသည် ရဟန်းခံသည်မှ စ၍ ဝါ (သိက္ခာ) ၆၀-ရသည့်တိုင်အောင် ဖုံးလွှမ်းသောအာပတ်တို့၏ ညဉ့်အပိုင်းအခြားကို မသိသည်ဖြစ်အံ့၊ ထိုရဟန်းအား အနှစ် ၆၀-တိတိ မဟာသုဒ္ဓန်ပရိဝါသ်ကို ပေးရမည်။

အကြင်ရဟန်းသည် ရဟန်းခံသည်မှ စ၍ အဝါ ၆၀-ရသည့်တိုင်အောင် ဖုံးလွှမ်းသောအာပတ်တို့၏ ကြာမြင့်စွာ ဖုံးလွှမ်းသော ညဉ့်အပိုင်းအခြားကို သိမှတ်နိုင်မူ အနှစ် ၆၀-တိတိ အဋ္ဌသမောဓာန်,ပရိဝါသ်ကို ပေးရမည်ဟု ပြတော်မူသည်။

အကြင်ရဟန်းသည် ၅-ရက်, ၁၀-ရက် ဖုံးလွှမ်းသောအာပတ်၏ ညဉ့်အပိုင်းအခြားကို မသိမူ သုဒ္ဓန်ကို ယူ၊ အသေအချာသိမူ အဋ္ဌသမောဓာန်ကို ယူ-ဟူ၍လည်း ပြတော်မူသည်ကို မှတ်ရမည်။

ဤသို့လာသော အဋ္ဌကထာကိုထောက်၍ စင်ကြယ်သော နှစ်,လ,ရက်ကို ပယ်၍ မစင်ကြယ်သော နှစ်,လ,ရက်တို့၌ ညဉ့်အပိုင်းအခြားကို မသိမူ ၅-ရက်ဖြစ်စေ၊ ၁၀-ရက်ဖြစ်စေ စူဠသုဒ္ဓန်, ပရိဝါသ်ကို ယူအပ်သည်။ ကြာမြင့်စွာဖုံးလွှမ်းသော ညဉ့်အပိုင်းအခြားကို ဧကန်သိမူ အဋ္ဌသမောဓာန် ပရိဝါသ်ကို ယူအပ်သည်ဟု မှတ်ရမည်။

ယခုကာလ၌ ယူကြသော ပရိဝါသ်မှာ အာပတ်သင့်သည်ဟူ၍ ဧကန်မသိကြသော်လည်း အကယ်၍ သင့်ခဲ့သော် စင်ကြယ်စေတော့ဟု နှလုံးပြု၍ ဆောက်တည်သည်ဖြစ်အံ့၊ စူဠသုဒ္ဓန်ဖြစ်စေ၊ အဋ္ဌသမောဓာန်ဖြစ်စေ ၅-ရက်ကိုလည်းကောင်း၊ ၁၀-ရက်ကိုလည်း

http://www.dhammadownload.com

ကောင်းယူလျှင် ၅-ရက်,၁၀-ရက် ညဉ့်ဖုံးလွှမ်းသော သံဃာဒိသိသ်အာပတ်သင့်သည် ဖြစ်က ထိုအာပတ်မှ ထမြောက်သည်သာဟု မှတ်ယူသင့်သည်။

၂။ ထို့ကြောင့် **စူဠဝါအဋ္ဌကထာ၌**–

> တံ ဂဟေတွာ ပရိဝသန္တေန ယတ္တကံ ကာလံ အတ္တနော သုဒ္ဓိံ ဇာနာတိ, တတ္တကံ အပနေတွာ အဝသေသံ မာသံ ဝါ ဒ္ဝေမာသံ ဝါ ပရိဝသိတဗ္ဗံ။ သစေ မာသမတ္တံ အသုဒ္ဓေါမ့ီတိ သလ္လက္ခေတွာ အဂ္ဂဟေသိ, ပရိဝသန္တော စ ပုန အညံ မာသံ သရတိ, တမ့ိ မာသံ ပရိဝသိတဗ္ဗမေဝ, ပုန ပရိဝါသဒါနကိစ္စံ နတ္ထိ။ အထ ဒ္ဝေမာသံ အသုဒ္ဓေါမ့ီတိ သလ္လက္ခေတွာ အဂ္ဂဟေသိ, ပရိဝသန္တော စ မာသမတ္တမေဝါဟံ အသုဒ္ဓေါမ့ီတိ သန်္နိဋ္ဌာနံ ကရောတိ, မာသမေဝ ပရိဝသိတဗ္ဗံ, ပုန ပရိဝါသဒါနကိစ္စံ နတ္ထိ။ အယံ ဟိ သုဒ္ဓန္တပရိဝါသော နာမ, ဥဒ္ဓမ့ိ အာရောဟတိ, ဟေဋ္ဌာပိ ဩရောဟတိ, ဣဒမဿ လက္ခဏံ။ အညသ့ိ ပန အာပတ္တိဝုဋ္ဌာနေ ဣဒံ လက္ခဏံ, ယော အပုဋ္ဌန်္တံ အာပတ္တိ ပဋိစ္ဆန်္နာတိ ဝိနယကမ့ံ ကရောတိ, တဿ အာပတ္တိ ဝုဋ္ဌာတိ။ ယော ပဋိစ္ဆန်္နံ အပုဋ္ဌန်္တာတိ ဝိနယကမ့ံ ကရောတိ, တဿ န ဝုဋ္ဌာတိ။ အစိရပဋိစ္ဆန်္နံ စိရပဋိစ္ဆန်္နာတိ ကရောန္တဿာပိ ဝုဋ္ဌာတိ။ စိရပဋိစ္ဆန်္နံ အစိရပဋိစ္ဆန်္နာတိ ကရောန္တဿ န ဝုဋ္ဌာတိ, ဧကံ အာပတ္တိ အာပဇ္ဇိတွာ သမ္ဗဟုလာတိ ကရောန္တဿာပိ ဝုဋ္ဌာတိ။ ဧကံ ဝိနာ သမ္ဗဟုလာနံ အဘာဝတော။ သမ္ဗဟုလာ ပန အာပဇ္ဇိတွာ ဧကံ အာပဇ္ဇိန်္တိ ကရောန္တဿ န ဝုဋ္ဌာတိ။
>
> ယော ပန ယထာဝုတ္တေန အနုလောမပဋိလောမနယေန ပဋ္ဌိယမာနော ပဋိပရိယန်္တံ န ဇာနာတိ နေဝ သရတိ ဝေမတိကော ဝါ ဟောတိ, တဿ ဒိန္နော သုဒ္ဓန္တပရိဝါသော မဟာသုဒ္ဓန္တော ဝုစ္စတိ။ တံ ဂဟေတွာ ဂဟိတဒိဝသတော ပဋ္ဌာယ ယာဝ ဥပသမ္ပဒါဒိဝသော, တာဝ ရတ္တိယော ဂဏေတွာ ပရိဝသိတဗ္ဗံ။ အယံ ဥဒ္ဓံ နာရောဟတိ, ဟေဋ္ဌာ ပန ဩရောဟတိ။ တသ့ာ သစေ ပရိဝသန္တော ရတ္တိပရိစ္ဆေဒေ သန်္နိဋ္ဌာနံ ကရောတိ "မာသော ဝါ သံဝစ္ဆရော ဝါ မယ့ံ အာပန္နသာ"တိ, မာသံ ဝါ သံဝစ္ဆရံ ဝါ ပရိဝသိတဗ္ဗံ

ဟု ဖွင့်ဆိုတော်မူ၏(ဝိ၊ဋ္ဌ၊၄။၂၅-၆)။

ထို အဋ္ဌကထာ၌ စူဠသုဒ္ဓန်အရာမှာ "မာသံ ဝါ ဒ္ဝိမာသံ ဝါ ပရိဝသိတဗ္ဗံ"ဟူသော စကား, မဟာသုဒ္ဓန်အရာမှာ "မာသံ ဝါ သံဝစ္ဆရံ ဝါ ပရိဝသိတဗ္ဗံ"ဟူသော စကားကို ပရိစ္ဆိန္နမတ္တအဓိကာရ အားဖြင့်သာ ပြဆိုတော်မူသော စကားဖြစ်သည်။

http://www.dhammadownload.com

၃။ ထိုကြောင့် သုမင်္ဂလပသာဒနီမည်သော ခုဒ္ဒသိက္ခာဋီကာ(သစ်။၂၆၇), ဝိမတိဿဒနီမည်သော မူလသိက္ခာဋီကာတို့၌–

တတ္ထ ယော ဥပသမ္ပဒေတော ပဋ္ဌာယ ယတ္တကံ နာမ ကာလံ "အဟံ သုဒ္ဓေါ"တိ ဇာနာတိ၊ တတ္တကံ အပနေတွာ တတော အဝသေသေ ရတ္တိပရိစ္ဆေဒေ ဧကတော ကတွာ ဒါတဗ္ဗပရိဝါသော စူဠသုဒ္ဓန္တော။ ယော ပန သဗ္ဗရတ္တိပရိယန္တံ န ဇာနာတိ န သရတိ၊ တတ္ထ စ ဧဝမတိကော၊ တဿ ဒါတဗ္ဗော မဟာသုဒ္ဓန္တော။ အာပတ္တိပရိယန္တံ ဇာနာတု ဝါ မာ ဝါ၊ အကာရဏမေတံ–

ဟု ဆိုတော်မူကြကုန်၏ (ကခ်ီဋီကာ(သစ်။၂၆၃-၄)ပါဠိနှင့် တွဲ၍ ကြည့်)။

ထိုဋီကာတို့၌ "တတော အဝသေသေ ရတ္တိပရိစ္ဆေဒေ ဧကတော ကတွာ"ဟု ဆိုခြင်းသည် အဋ္ဌကထာ၌ "မာသံ ဝါ ဒ္ဝိမာသံ ဝါ ပရိဝသိတဗ္ဗံ"ဟူသောစကားသည် ပရိစ္ဆိန္နမတ္တအဓိကာရမျှသာဟု ပြဆိုတော်မူသည်ကိုမှတ်။ ထို့ကြောင့် ၅-ရက်, ၁၀-ရက်မျှသော ညဉ့်အပိုင်းအခြားကို မသိ၍ ဧဝမတိကဖြစ်မူ ၅-ရက်, ၁၀-ရက်မျှကိုပင် စူဠသုဒ္ဓန်, ပရိဝါသ်ကို ယူအပ်သည်– ဟု မှတ်ယူသင့်သည်။

၄။ ဝိနယာလင်္ကာရဋီကာ၌ကား –

ဣဒါနိ (ဣမာယ) ကမ္မဝါစာယ ဒိန္နံ သုဒ္ဒန္တပရိဝါသံ ဂဟေတွာ ပဋ္ဌာဟမတ္တံ ဝါ ဒသာဟမတ္တံ ဝါ ပရိဝသိတွာ အပရိယန္တရတ္တိပွဉ္ဇာဒိတာဟိ အပရိယန္တာဟိ အာပတ္တိဟိ မောက္ခော ဟောတီတိ မညန္တာ ပဋ္ဌာဟမတ္တံ ဝါ ဒသာဟမတ္တံ ဝါ ပရိဝသိတွာ မာနတ္တံ ယာစန္တိ။ ဧဝံ ကရောန္တာ တေ ဘိက္ခူ သဟသာ္ကတ္တုံ ပရိဝသန္တာပိ အာပတ္တိတော န မုစ္စေယ္ယုံ။ အဋ္ဌကထာယ ဝိရုဇ္ဈနတော။

အဋ္ဌကထာယံ ပန စူဠသုဒ္ဓန္တေ တံ ဂဟေတွာ ပရိဝသန္တေန ယတ္တကံ ကာလံ အတ္တနော သုဒ္ဓိံ ဇာနာတိ၊ တတ္တကံ ကာလံ အပနေတွာ အဝသေသံ မာသံ ဝါ ဒ္ဝိမာသံ ဝါ ပရိဝသိတဗ္ဗံ။ မဟာသုဒ္ဓန္တေ တံ ဂဟေတွာ ဂဟိတဒိဝသတော ယာဝ ဥပသမ္ပဒါဒိဝသေ၊ တာဝ ရတ္တိယော ဂဏေတွာ ပရိဝသိတဗ္ဗန္တိ ဝုတ္တံ။ တသ္မာ ပဋ္ဌာန္နရတ္တိပွဇာဇ် ပရိဝသန္တော်ယေဝ မာနတ္တာရဟော ဟောတိ၊ န ပဋ္ဌာဟဒသာဟမတ္တံ ပရိဝသန္တောတိ အယံ အဋ္ဌကထာစရိယာဓိပ္ပါယော။ တေနေဝ စ ကာရဏေန ဒေသနာရောစနာဒိဟိ သဗ္ဗကာလံ အာပတ္တိံ သောဓေတွာ ဝသန္တာနံ လဒ္ဓိပေသလသိက္ခာကာမာနံ သုဒ္ဓန္တပရိဝါသံ ဒါတုံ အယုတ္တရူပေါ။ ဒေသနာရောစနာဒိဟိ အာပတ္တိံ အသောဓေတွာ ပမာဒ-

http://www.dhammadownload.com

> ဝသေန စိရကာလံ ဝသန္တာနံ ဇနပဒဝါသိကာဒီနံ ယုတ္တရူပေါတိ ဝေဒိတဗ္ဗော။ အယံ နော ခန္တိ။ သုဋ္ဌုတရံ ဝိမံသိတွာ ဂဟေတဗ္ဗံ-

ဟု ဆိုတော်မူ၏(ဝိနယာလင်္ကာရဋီ၊ ၂။၂၄၆-၇)။

၅။ အကြင်ရဟန်းသည် ရဟန်းခံ၍ ၁-လရှိလျှင် "၂၅-ရက်မှာ ငါသည် စင်ကြယ်၏-ဟု သိသည်၊ ၅-ရက်မှာ အာပတ်သင့်သည်,မသင့်"ဟု ညဉ့် အပိုင်းအခြားဌ ဝေမတိက ရှိ၏။ အကြင် ရဟန်းသည် ရဟန်းခံ၍ ၁-လရှိလျှင် "အရက် ၂၀-မှာ ငါသည် စင်ကြယ်၏၊ ၁၀-ရက်မှာ အာပတ်သင့်သည်,မသင့်သည်"ဟု ညဉ့်အပိုင်းအခြားဌ ဝေမတိက ရှိ၏။ ထိုရဟန်းတို့အား ညဉ့်အပိုင်းအခြားကို မသိ, ဝေမတိက ရှိသမျှညဉ့်တို့ကိုသာ စူဠသုဒ္ဓန်, ပရိဝါသ်ကို ပေးရမည်ဟု-

> ဥပသမ္ပဒတော ပဋ္ဌာယ ယတ္တကံ ကာလံ အဟံ သုဒ္ဓေါတိ ဇာနာတိ၊ တတ္တကံ အပနေတွာ တတော အဝသေသေ ရတ္တိပရိစ္ဆေဒေ ဧကတော ကတွာ ဒါတဗ္ဗပရိဝါသော စူဠသုဒ္ဓန္တော-

ဟု **ခုဒ္ဒသိက္ခာ ဋီကာသစ်, မူလသိက္ခာ ဋီကာသစ်တို့၌** မိန့်ဆိုတော်မူကြသည်ကို ထောက်၍ ၅-ရက်ဖြစ်စေ၊ ၁၀-ရက်ဖြစ်စေ သုဒ္ဓန်ပရိဝါသ်ယူအပ်သည်ဟု မှတ်။

ဝိနယာလင်္ကာရဋီကာ ဆရာသည် "ဣဒါနိ ကမ္မဝါစာယ ဒိန္နံ သုဒ္ဓန္တပရိဝါသံ ဂဟေတွာ ပဋ္ဌာဟမတ္တံ ဝါ ဒသာဟမတ္တံ ဝါ ပရိဝသိတွာ"အစရှိသောစကားကို ဆိုပြီးသည်၏ အဆုံး၌ "တသ္မာ ပဋိစ္ဆန္နရတ္တိပ္ပမာဏံ ပရိဝသန္တော‌ယေဝ မာနတ္တာရဟော ဟောတိ၊ နော ပဋ္ဌာဟဒသာဟမတ္တံ ပရိဝသန္တော‌တိ အယံ အဋ္ဌကထာစရိယာဓိပ္ပါယော"ဟု ဆိုပြန်သည်။ ထိုစကား၌ "တသ္မာ ပဋိစ္ဆန္နရတ္တိပ္ပမာဏံ ပရိဝသန္တော‌ယေဝ မာနတ္တာရဟော"ဟူသော အနွယလဒ္ဓဂုဏ် စကားဖြင့် ၅-ရက်, ၁၀-ရက်လောက် ညဉ့်ဖုံးလွှမ်း၍ ဝေမတိက ရှိသဖြင့် ဤမျှရက်ကို မလွန်နိုင်ရာ-ဟု သုဒ္ဓန်ပရိဝါသ်ကို ယူ၍ ၅-ရက်, ၁၀-ရက် ဝတ်ဆောက်တည်မူ ဖုံးလွှမ်းသော ညဉ့်ပမာဏဖြင့် ပရိဝါသ်နေသောကြောင့် မာနတ်ထိုက်သည်-ဟု ပြပြီး၍ "နော ပဋ္ဌာဟဒသာဟမတ္တံ ပရိဝသန္တော"ဟူသော နောက်ဝါကျ လဒ္ဓဂုဏ်အပြစ်ကို ပြဆိုပြန်သည်ကား လဒ္ဓဂုဏ လဒ္ဓဒေါသ နှစ်ဝါကျ ဆန့်ကျင်ဘက် ဖြစ်သည်။

၆။ ထို့ကြောင့်-

> ဒုဝိဓောပိ စေသ ရတ္တိပရိစ္ဆေဒံ သကလံ ဝါ ဧကဒေသံ ဝါ အဇာနန္တသ္သ စ အသရန္တသ္သ စ တတ္ထ ဝေမတိကဿ စ ဒါတဗ္ဗော —

http://www.dhammadownload.com

ဟု ဆိုသော **မာတိကာအဋ္ဌကထာ**(ကခ်ီ။ဋ္ဌ။၁၄၇), **စူဠဝါအဋ္ဌကထာ**(ဝိ။ဋ္ဌ။၄။၂၅)တို့ကို လည်းကောင်း၊

၇။ ဥပသမ္ပဒေတော ပဋ္ဌာယ ယတ္တကံ ကာလံ အဟံ သုဒ္ဓါတိ ဇာနာတိ၊ တတ္တကံ အပနေတွာ တတော အဝသေသေ ရတ္တိပရိစ္ဆေဒေ ဧကေတော ကတ္တာ ဒါတဗ္ဗ-ပရိဝါသော စူဠသုဒ္ဓန္တော–

ဟုဆိုသော **ခုဒ္ဒသိက္ခာဋီကာသစ်**(၂၆၇), **မူလသိက္ခာဋီကာသစ်**တို့ကိုလည်းကောင်း ထောက်၍ ၅-ရက်, ၁၀-ရက် ဖုံးလွှမ်းသော အာပတ်ရှိခဲ့လျှင် ထမြောက်စေခြင်းငှာ သုဒ္ဓန်ပရိဝါသ်ကို ယူ၍ ၅-ရက်, ၁၀-ရက် ပရိဝါသ်ဆောက်တည်လျှင် ၅-ရက်, ၁၀-ရက် ဖုံးလွှမ်းသော အာပတ်သည်လည်းကောင်း ထို ၅-ရက်, ၁၀-ရက်အောက် အယုတ် ဖုံးလွှမ်းသော အာပတ်သည်လည်းကောင်း ရှိခဲ့လျှင် မာနတ်ထိုက်၍ ထမြောက်သည်။ ၅-ရက်, ၁၀-ရက်ကို လွန်၍ ဖုံးလွှမ်းသောအာပတ် ရှိနေမူ မာနတ်မထိုက်၊ အာပတ်မှ မထမြောက်-ဟု သိန္နိဋ္ဌာန်ကျမ်းတို့ ဆိုကုန်၏။

သုဒ္ဓန်ပရိဝါသ်သာ မဟုတ်၊ အဂ္ဂသမောဓာန်ပရိဝါသ်ကိုလည်း ၅-ရက်, ၁၀-ရက် ယူ၍ ဝတ်ဆောက်တည်မူ ၅-ရက်, ၁၀-ရက် ဖုံးလွှမ်းသော အာပတ်သာ မာနတ်ထိုက်၍ ထမြောက်သည်။ ထို ၅-ရက်, ၁၀-ရက်ကို လွန်၍ ဖုံးလွှမ်းသော အာပတ်ရှိနေမူ မာနတ်မထိုက်၊ အာပတ်မှ မထ, မမြောက်ကုန်။

ယခုကာလ ဝတ်ယူကြသည်မှာ အာပတ်သင့်သည်ဖြစ်အံ့၊ ထမြောက်စေခြင်းငှာ ယူကြသည်ဖြစ်မူ သုဒ္ဓန်ပရိဝါသ်နှင့် သာ၍ သင့်လျော်သည်။ အာပတ်သင့်မှန်းသိ၍ ကြာမြင့်စွာ ဖုံးလွှမ်းသောအာပတ်၏ ညဉ့်အပိုင်းအခြားကို သိမူ အဂ္ဂသမောဓာန် ယူခြင်းသည် သင့်မြတ်ပါ၏။ အာပတ်ရှိလျှင် ထမြောက်စေခြင်းငှာ ဝေမတိကရှိ၍ သုဒ္ဓန်ကို မယူဘဲ အဂ္ဂသမောဓာန်ကို ယူသော်လည်း ဖုံးလွှမ်းသော အာပတ်၏ ညဉ့်အပိုင်းအခြားကို အုပ်မိအောင် ပရိဝါသ်ဆောက်တည်မူ မာနတ်ထိုက်၍ အာပတ်မှ ထမြောက်သည်သာ ဖြစ်၏။

ဝိနယာလင်္ကာရဋီကာကို ကြည့်၍ သုဒ္ဓန်ပရိဝါသ် ၅-ရက်, ၁၀-ရက်ယူသည်ကို ကဲ့ရဲ့တတ်ကြသည်။ ဤကဲ့သို့ မကဲ့ရဲ့သင့်၊ မကဲ့ရဲ့ထိုက်။ တပါးသော ဋီကာကြီးတို့၌ မဆို၊ ဝိနယာလင်္ကာရဋီကာ စကားကို ဆင်ခြင်အပ်သည်။ အဂ္ဂသမောဓာန်ဖြစ်စေ၊ သုဒ္ဓန်ဖြစ်စေ ဖုံးလွှမ်းသော အာပတ်ကို အုပ်မိအောင် ဝတ်ဆောက်တည်မှုသာ လိုရင်းဖြစ်သည်ဟု မှတ်ရာ၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၉၈] ပက္ခာဟပ္ပဝိဇ္ဇန္နာယော-ဟုသာ ဆိုလျှင် အပ်, မအပ်

(၁) မေး။ ။ အကြင်ရဟန်းသည် အဂ္ဂသမောဓာန်ပရိဝါသ်ကို ၁၅-ရက်ယူမူ ကောဟ ဒွိဟ-စသည်ကို မဆိုမူ၍ "အဟံ ဘန္တေ သမ္မဟုလာ သံယာဒိသေသာ အာပတ္တိယော အာပဇ္ဇိ ပက္ခာဟပ္ပဝိဇ္ဇန္နာယော"ဟု ဆိုလျှင် ဆိုအပ်ပါမည်လော။

ဖြေ။ ။ ထိုအမေးမှာ–

၁။ အထ ဒွိဟတိဟာဒိပ္ပဝိဇ္ဇန္နာယောတိ ဒွိဟပ္ပဝိဇ္ဇန္နံ တိဟပ္ပဝိဇ္ဇန္နံ စတူဟပ္ပ-ဝိဇ္ဇန္နံ ပဉ္စာဟပ္ပဝိဇ္ဇန္နံ ။ပ။ စုဒ္ဒသာဟပ္ပဝိဇ္ဇန္နန္တိ ဧဝံ ယာဝ စုဒ္ဒသဒိဝသာနိ ဒိဝသဝ-သေန ယောဇနာ ကာတဗ္ဗာ။ ပဉ္စဒသဒိဝသေ ပဋိဇ္ဇန္နာယ ပက္ခပ္ပဝိဇ္ဇန္နန္တိ ယောဇနာ ကာတဗ္ဗာ။ တတော ယာဝ ဧကူနတိံသတိမော ဒိဝသော၊ တာဝ အတိရေ ကပက္ခ-ပ္ပဝိဇ္ဇန္နန္တိ။ တတော မာသပ္ပဝိဇ္ဇန္နံ အတိရေကမာသပ္ပဝိဇ္ဇန္နံ ဒ္ဝေမာသပ္ပဝိဇ္ဇန္နံ အတိရေကဒ္ဝေမာသပ္ပဝိဇ္ဇန္နံ တေမာသပ္ပဝိဇ္ဇန္နံ ။ပ။ အတိရေကဧကာဒသမာ-သပ္ပဝိဇ္ဇန္နန္တိ ဧဝံ ယောဇနာ ကာတဗ္ဗာ။ သံဝစ္ဆရေ ပုဏ္ဏေ ဧကံ သံဝစ္ဆရံ ပဋိဇ္ဇန္နန္တိ။ တတော ပရံ အတိရေကသံဝစ္ဆရံ ဒ္ဝေသံဝစ္ဆရံ၊ ဧဝံ ယာဝ သဋ္ဌိသံဝစ္ဆရံ။ အတိရေ-ကသဋ္ဌိသံဝစ္ဆရန္တိ။ တတော ဝါ ဘိယ္ယောပိ ဝတ္တာ ယောဇနာ ကာတဗ္ဗာ-

(ကခ်ီ။ဌ။၁၄၅-၆။ ဝိ။ဌ။၄။)

ဟု လာသော မာတိကာအဋ္ဌကထာ, စူဠဝါအဋ္ဌကထာတို့ကို ထောက်၍ အကြင်ရဟန်း သည် ၁-ည၌ ဖုံးလွှမ်းသောအာပတ်၊ ၂-ည၌ ဖုံးလွှမ်းသောအာပတ်။ပ။၁၄-ည၌ ဖုံးလွှမ်း သောအာပတ်တို့ မရှိကုန်သည် ဖြစ်၍ ၁၅-ည၌ ဖုံးလွှမ်းသောအာပတ်တို့ကိုသာ ထမြောက် စေလို၍ ဝတ်ကို ယူမူ "ကောဟ ဒွိဟ ။ပ။ စုဒ္ဒသာဟ"တို့ကို မဆိုမူ၍ "အဟံ ဘန္တေ သမ္မ-ဟုလာ သံယာဒိသေသာ အာပတ္တိယော အာပဇ္ဇိ ပက္ခာဟပ္ပဝိဇ္ဇန္နာယော"ဟု ဆိုအပ်သည်။

ထိုသို့ယူမူ ၁-ရက် ဖုံးလွှမ်းသောအာပတ်၊ ၂-ရက် ဖုံးလွှမ်းသောအာပတ် ။ပ။ ၁၄-ရက် ဖုံးလွှမ်းသော အာပတ်တို့ ရှိခဲ့လျှင် ထိုအာပတ်တို့သည် မထမြောက်ကုန်။ ၁၅-ရက် ဖုံးလွှမ်းသော အာပတ်တို့သာ ထမြောက်ကုန်သည်။ ထိုသို့မဟုတ် ၁-ရက်, ၂-ရက် အစရှိသော ၁၄-ရက်အထိ ဖုံးလွှမ်းသောအာပတ်တို့ ရှိခဲ့လျှင် ထိုည၌အစိတ်စိတ် ဖုံးလွှမ်းသော အာပတ်တို့ကိုပါ ထမြောက်စေလိုမူ "အဟံ ဘန္တေ သမ္မဟုလာ သံယာ-ဒိသေသာ အာပတ္တိယော အာပဇ္ဇိ ကောဟပ္ပဝိဇ္ဇန္နာယော ဒွိဟပ္ပဝိဇ္ဇန္နာယော ။ပ။

http://www.dhammadownload.com

စုဒ္ဒသာဟပွဒိစ္ဆာယော ပက္ခာဟပွဒိစ္ဆန္နာယော"ဟု ဆိုအပ်သည်။ ထိုသို့ဆို၍ ယူမူ ပက္ခ အတွင်း ၁-ရက်, ၂-ရက်စသည် ဖုံးလွှမ်းသောအာပတ်ပါ ထမြောက်သည်။

✪ ✪ ✪ ✪ ✪

[၉၉] ရတ္တိစ္ဆေဒအင်္ဂါများ

(၁) မေး။ ။ ပရိဝါသ်နေသောရဟန်း၏ညဉ့်ပြတ်ခြင်း ရတ္တိစ္ဆေဒအင်္ဂါ အဘယ်မျှရှိပါသနည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ တယော ခေါ ဥပါလိ ပါရိဝါသိကဿ ဘိက္ခုနော ရတ္တိစ္ဆေဒါ သဟဝါသော ဝိပ္ပဝါသော အနာရောစနာတိ–

ဟု ဟောတော်မူသော **စူဠဝါပါဠိတော်**ကို ထောက်၍ဖြေ(ဝိ၊၄။၈၇)။

၂။ **စူဠဝါအဋ္ဌကထာ**၌လည်း–

သဟဝါသောတိ ယွာယံ "ပကတတ္တေန ဘိက္ခုနာ သဒ္ဓိ ကေဠာယန္တေ" တိအာဒိနာ နယေန ဥတ္တော ကေတော ဝါသော။ ဝိပ္ပဝါသောတိ ကေကသော်ဝ ဝါသော။ အနာရောစနာတိ အာဂန္တုကာဒီနံ အနာရောစနာ။ ကေသု တီသု ကေကေန ကာရဏေန ရတ္တိစ္ဆေဒေါ ဟောတိ–

ဟု ဖွင့်တော်မူသည်(ဝိ၊၆။၁၄)။

သဟဝါသောတိ၊ ဟူသည်ကား။ ပကတတ္တေန ဘိက္ခုနာ သဒ္ဓိ ကေဠာယန္တေတိ-အာဒိနာ၊ ဤသို့အစရှိသော။ နယေန၊ နည်းဖြင့်။ ဥတ္တော၊ ဟောတော်မူအပ်သော။ ကေတော၊ တပေါင်းတည်း။ ဝါ၊ အတူ။ ယွာယံ ယော အယံ ဝါသော၊ အကြင် ပကတတ်နှင့် အတူနေခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော ဝါသော၊ ထိုနေခြင်းသည်။ သဟဝါသော၊ သဟဝါသမည်၏။ ဝိပ္ပဝါသောတိ၊ ကား။ ကေကသော်ဝ၊ ပကတတ် ရဟန်းနှင့် ကင်း၍ တစ်ယောက်တည်းသာလျှင်။ ဝါသော၊ နေခြင်းသည်။ ဝိပ္ပဝါသော၊ ဝိပ္ပဝါသမည်၏။ အနာရောစနာတိ၊ ကား။ အာဂန္တုကာဒီနံ၊ အာဂန္တု-စသော ရဟန်းတို့ကို။ အနာရောစနာ၊ မကြားခြင်းတည်း။ ကေသု တီသု၊ ထို ၃-ပါးတို့တွင်။ ကေကေန ကာရဏေန၊ တစ်ခုခု သော အကြောင်းဖြင့်။ ရတ္တိစ္ဆေဒေါ၊ ညဉ့်ပြတ်သည်။ ဟောတိ၊ ၏။

http://www.dhammadownload.com

(၂) ထို့ကြောင့် ပရိဝါသ်ယူသောရဟန်း၏ ညှဉ်ပြတ်ခြင်းအင်္ဂါသည်-

၁။ သဟဝါသ၊　　၂။ ဝိပ္ပဝါသ၊　　၃။ အနာရောစန-

အားဖြင့် ၃-ပါးရှိသည်။ ထို ၃-ပါးတို့တွင်-

၁၊က။ အမိုးတူသောနေရာ၌ ပကတတ်ရဟန်းနှင့်အတူ အိပ်နေခြင်းသည် သဟဝါသ မည်သည်။

၂၊က။ ကျောင်းအာရာမ်တွင်း၌ ဆောက်တည်မူ ကျောင်းဥပစာ, အာရာမ်မှ ပြင်ပ၌ (ကျောင်းပြင်ပ) ထွက်၍ ဆောက်တည်မူ ၁၂-တောင် ဥပစာအရပ်မှ ပြင်ပ၌ ပကတတ်ရဟန်းနှင့် ကင်း၍ နေခြင်းသည် ဝိပ္ပဝါသမည်သည်။

၃၊က။ အာဂန္တုကရဟန်း စသည်တို့ကို မြင်၍ မကြားခြင်းသည် အနာရောစန မည်သည်။

ထို ၃-ပါးတို့တွင် ၁-ပါးပါးဖြစ်မူ ထိုညှဉ်ပြတ်သည်။ ဤသို့လျှင် ပရိဝါသ် ဆောက်တည်သော ရဟန်း၏ ဝတ်ပျက်ခြင်းအင်္ဂါ ၃-ပါး ရှိသည်။

✪ ✪ ✪ ✪ ✪

[၁၀၀]　　ဒဏ်သားချင်းလည်း သဟဝါသဖြစ်ခြင်း

(၁) **မေး**။ ။ သဟဝါသအင်္ဂါမှာ ပကတတ်ရဟန်းနှင့်သာ သဟဝါသဖြစ်သည်ဟု မှတ်ရ မည်လော။

ဖြေ။ ။ ပကတတ်ရဟန်းနှင့် ဖြစ်စေ၊ ဝတ်ဆောက်တည်သော ရဟန်းချင်းဖြစ်စေ သဟဝါသ ဖြစ်မူ ညှဉ်ပြတ်သည်သာ။

၁။　ဒွေ ပါရိဝါသိကာ သမဝဿာ၊ ဧကော ပဌမံ နိပ္ပန္နော၊ ဧကော ဇာနန္တော၀ ပစ္ဆာ နိပဇ္ဇတိ။ ရတ္တိ စ ဆိဇ္ဇတိ၊ ဝတ္တဘေဒေ စ ဒုက္ကဋံ။ ပဌမံ နိပန္နသ ရတ္တိစ္ဆေဒေါ၀၊ န ဝတ္တဘေဒေါ –

ဟု ဆိုသော **စူဠဝါအဋ္ဌကထာ**ကို ထောက်(၀ိ၊ဋ္ဌ၊၄။၁၃)။

ဒွေ ပါရိဝါသိကာ၊ ပရိဝါသ်ဆောက်တည်သော ရဟန်း ၂-ပါးတို့သည်။ သမဝဿာ၊ တူသောဝါရှိကုန်၏။ ဧကော၊ တစ်ပါးသည်။ ပဌမံ၊ ရှေးဦးစွာ။ နိပန္နော၊ အိပ်၏။ ဧကော၊ တပါးသည်။ ဇာနန္တော၀၊ သိလျက်သာလျှင်။ ပစ္ဆာ၊ နောက်၌။ နိပဇ္ဇတိ၊ အိပ်၏။ ရတ္တိ၊ ညှဉ်သည်လည်း။ ဆိဇ္ဇတိ၊ ပြတ်၏။ ဝတ္တဘေဒေ စ၊ ကျင့်ဝတ်ပျက်ခြင်း၌လည်း။ ဒုက္ကဋံ၊

http://www.dhammadownload.com

၏။ ပဌမံ၊ စွာ။ နိပန္နဿ၊ အား။ ရတ္တိစ္ဆေဒေါဝ၊ ညဉ်ပြတ်ရုံသာလျှင်။ ဟောတိ၊ ၏။ ဝတ္တဘေဒေါ၊ ဝတ်ဖျက်သောဒုက္ကဋ်သည်။ န ဟောတိ၊ မဖြစ်။

✪ ✪ ✪ ✪ ✪

[၁၀၁] သဟဝါသ ဖြစ်ထိုက်သော ဣရိယာပုထ်

(၁)မေး။ ။ သဟဝါသအဂိါအရ နေခြင်းမှာ အဘယ်ဣရိယာပုတ်ဖြင့် နေခြင်းကို မှတ်ရပါအံ့နည်း။

ဖြေ။ ။ နိပ္ပန္နသဒ္ဒါ, နိပ္ပဇ္ဇတိသဒ္ဒါတို့ဖြင့် အဋ္ဌကထာ၌ ပြတော်မူသောကြောင့် အိပ်သော ဣရိယာပုထ် ၁-ခုကိုသာ သဟဝါသ၌ ယူအပ်သည်။

၁။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌-

သဟဝါသောတိ ဝုတ္တပ္ပကာရေ ဆန္နေ ဘိက္ခုနာ သဒ္ဓိ် သယနမေဝ အဓိပ္ပေတံ၊ န သေသဣရိယာပထကပ္ပနံ-

ဟု ဆိုတော်မူ၏(သာရတ္ထ၊၃။၃၇၀)။

သဟဝါသောတိ၊ ကား။ ဝုတ္တပ္ပကာရေ၊ ဆိုအပ်သော အပြားရှိသော။ ဆန္နေ၊ အမိုးရှိသော နေရာ၌။ ဘိက္ခုနာ၊ နှင့်။ သဒ္ဓိ်၊ တကွ။ သယနမေဝ၊ လျောင်း၍ အိပ်ခြင်းကို သာလျှင်။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ သေသဣရိယာပထကပ္ပနံ၊ ကြွင်းသောထိုင်ခြင်း, ရပ်ခြင်း, သွားခြင်း ဣရိယာပုထ်ဖြင့် နေခြင်းကို။ န အဓိပ္ပေတံ၊ အပ်။

✪ ✪ ✪ ✪ ✪

[၁၀၂] သဟဝါသဖြစ်ထိုက်သော ဧကစ္ဆန္နနေရာများ

(၁)မေး။ ။ သဟဝါသဖြစ်သော ဧကစ္ဆန္နနေရာကို ကျောင်းနေရာတို့၌သာ ယူရမည်လော။

ဖြေ။ ။ ထိုအမေးမှာ-

၁။ နာ ဘိက္ခဝေ ပါရိဝါသိကေန ဘိက္ခုနာ ပကတတ္တေန ဘိက္ခုနာ သဒ္ဓိ် ဧကစ္ဆန္နေ အာဝါသေ ဝတ္ထုတ္ဗံ။ နာ ဧကစ္ဆန္နေ အနာဝါသေ ဝတ္ထုတ္ဗံ။ နာ ဧကစ္ဆန္နေ အာဝါသေ ဝါ အနာဝါသေ ဝါ ဝတ္ထုတ္ဗံ-

ဟု ဟောတော်မူသော စူဠဝါဝါဠိတော်ဖြင့် ဖြေ(၀ါ၄။၈၆)။

http://www.dhammadownload.com

ဘိက္ခဝေ၊ တို့။ ပါရိဝါသိကေန၊ ပရိဝါသ်ယူသော။ ဘိက္ခုနာ၊ သည်။ ပကတတ္တေန၊ သော။ ဘိက္ခုနာ၊ နှင့်။ သဒ္ဓိ၊ တူ။ ဧကစ္ဆေန္န၊ တူသောအမိုးရှိသော။ အာဝါသေ၊ ကျောင်း၌။ န ဝတ္ထဗ္ဗံ၊ မနေအပ်။ ဧကစ္ဆန္နေ၊ သော။ အနာဝါသေ၊ ကျောင်းမဟုတ်ရာ၌။ န ဝတ္ထဗ္ဗံ၊ အပ်။ ဧကစ္ဆန္နေ၊ သော။ အာဝါသေ ဝါ၊ ၌လည်းကောင်း။ အနာဝါသေ ဝါ၊ ၌လည်းကောင်း။ န ဝတ္ထဗ္ဗံ၊ အပ်။

၂။ **စူဠဝါအဋ္ဌကထာ၌လည်း–**

> **ဧကစ္ဆန္နေ အာဝါသေတိအာဒီသု အာဝါသော နာမ ဝသနတ္ထာယ ကတ-သေနာသနံ။ အနာဝါသော နာမ စေတိယဃရံ ဗောဓိယရံ သမ္မုဇ္ဇနီအင္ဂဏကော ဒါရုအင္ဂဏကော ပါနီယမာဠော ဝစ္စကုဋိ ဒွါရကောဋ္ဌကောတိ ဧဝမာဒိ–**

ဟု ဖွင့်တော်မူ၏(ဝိ၊ဋ၊၄။၁၂)။

ဧကစ္ဆန္နေ အာဝါသေတိအာဒီသု၊ အစရှိသည်တို့၌။ **အာဝါသော နာမ**၊ မည်သည်ကား။ ဝသနတ္ထာယ၊ နေခြင်းငှာ။ ကတသေနာသနံ၊ ပြုအပ်သော ကျောင်းနေရာတည်း။ **အနာဝါသော နာမ**၊ သည်ကား။ စေတိယဃရံ၊ စေတီအိမ်။ ဗောဓိယရံ၊ ဗောဓိအိမ်။ သမ္မုဇ္ဇနီအင္ဂဏကော၊ တံမြက်စည်းထားသော တဲကုပ်။ ဒါရုအင္ဂဏကော၊ ထင်းထားသောစင်။ ပါနီယမာဠော၊ ရေအိုးစင်။ ဝစ္စကုဋိ၊ ကျင်ကြီးအိမ်။ ဒွါရကောဋ္ဌကော၊ တံခါးမုခ်အိမ်။ ဣတိ ဧဝမာဒိ၊ ဤသို့ အစရှိသော နေရာတည်း။

ထိုသို့လာသော ပါဠို, အဋ္ဌကထာတို့ကိုထောက်၍ မည်သည့်နေရာမဆို အမိုးတူမူ ပရိဝါသ်ဆောက်တည်သော ရဟန်းသည် ပကတတ်ရဟန်းနှင့် ဖြစ်စေ၊ ဝတ်ယူသော ရဟန်းချင်းဖြစ်စေ အတူအိပ်လျှင် အိပ်သောခဏ၌ ထိုညဉ့်ပြတ်သည်၊ ဝတ္တဘေဒဒုက္ကဋ်လည်း သင့်သည်။

✪ ✪ ✪ ✪ ✪

[၁၀၃] သဟဝါသ မဖြစ်သောကျောင်း

(၁)မေး။ ။ ပကတတ်ရဟန်းနှင့်ဖြစ်စေ၊ ဝတ်ယူသောရဟန်းချင်းဖြစ်စေ အဘယ်သို့ အမိုးဖြင့် လွတ်ရာ၌ နေရပါအံ့နည်း။

ဖြေ။ ။ တစ်ဆောင်သောကျောင်းနှင့် တစ်ဆောင်သောကျောင်းမှာ တံစက်မြိတ် ရေကျရာအရပ်ဖြင့် ပိုင်းခြား၍ လွတ်ကင်းအောင် အိပ်အပ်,နေအပ်သည်။

http://www.dhammadownload.com

၁။ မဟာအဋ္ဌကထာယံ အဝိသေသေန ဥဒကပါတေန ဝါရိတန္တိ ဝုတ္တံ။ တသ္မာ နာနုပစာရေပိ ကေစ္ဆန္နေ န ဝဋ္ဋတိ-

ဟု ဆိုသော စူဠဝါအဋ္ဌကထာကို ထောက်(ဝိ၊ဋ္ဌ၊၄။၁၂)။

မဟာအဋ္ဌကထာယံ၊ ၌။ အဝိသေသေန၊ ဥက္ခိတ္တကရဟန်း, ဝတ်ယူသော ရဟန်းဟု အထူး မရှိ၊ သာမညအားဖြင့်။ ဥဒကပါတေန၊ တံစက်မြိတ်ရေကျရာအရပ်ဖြင့်။ ဝါရိတံ၊ အိပ်နေခြင်းကို တားမြစ်အပ်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။ တသ္မာ၊ ကြောင့်။ နာနုပစာရေပိ၊ ဥပစာခြားသော်လည်း။ ကေစ္ဆန္နေ၊ အမိုးတူသောကျောင်း၌။ န ဝဋ္ဋတိ၊ မအပ်။

၂။ အဝိသေသေနာတိ ပါရိဝါသိကဿ စ ဥက္ခိတ္တကဿ စ အဝိသေသေန။

ဟု သာရတ္ထဒီပနီဋီကာ(၃။၃၇၀), ဝိမတိဝိနောဒနီဋီကာ(၂။၂၁၇)တို့၌ ဖွင့်တော်မူသည်။

✪ ✪ ✪ ✪ ✪

[၁၀၄] ဒဏ်သားချင်း တွေ့မြင်ကလည်း ဝတ်ကြားအပ်

(၁) မေး။ ။ ပရိဝါသ်ယူသော ရဟန်းတို့ချင်း တွေ့မြင်ကြရာ ဝတ်ကို ကြားရမည်လော။

ဖြေ။ ။ ပရိဝါသ်ယူသော ရဟန်းတို့ချင်း တွေ့မြင်ကြသော်လည်း ဝတ်ကို ကြားရမည်။

၁။ အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿ အာရောစေတဗ္ဗန္တိ အဝိသေသေန ဝုတ္တတ္တာ သစေ ဒွေ ပါရိဝါသိကာ ဂတဋ္ဌာနေ အညမညံ ပဿန္တိ၊ ဥဘောဟိပိ အာရောစေတဗ္ဗံ–

ဟု(၃။၃၇၀)လာသော သာရတ္ထဒီပနီ, ဝဇိရဗုဒ္ဓိဋီကာ(နှာ-၅၁၀)တို့ကို ထောက်။

အာဂန္တုကေန အာရောစေတဗ္ဗံ အာဂန္တုကဿ အာရောစေတဗ္ဗန္တိ၊ ဟူ၍။ အဝိသေသေန၊ သာမညအားဖြင့်။ ဝုတ္တတ္တာ၊ ဟောတော်မူသောကြောင့်။ ဒွေ ပါရိဝါသိကာ၊ ပရိဝါသ်ယူသော ရဟန်း ၂-ယောက်တို့သည်။ ဂတဋ္ဌာနေ၊ ရောက်ရာအရပ်၌။ အညမညံ၊ အချင်းချင်း။ သစေ ပဿန္တိ၊ မြင်ကုန်အံ့။ ဥဘောဟိပိ၊ ၂-ယောက်တို့သည်လည်း။ အာရောစေတဗ္ဗံ၊ ကြားအပ်၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၀၅] သံယာတစ်စုခွဲ ဝတ်မဆောက်တည်တော့ဘဲ ဝတ်ကြားခြင်း

(၁)မေး။ ။ ၁-ခုသောကျောင်းတိုက်၌ သံယာ ၂-စုနေ၍ ၁-စုသော သံယာ့ထံ၌ ဝတ် ဆောက်တည်၍ ကြားပြီးလျှင် ၁-စုသော သံယာ့ထံ၌ ဝတ်ကို မဆောက်တည်ဘဲ ကြားအပ်ပါမည်လော။

ဖြေ။ ။ ၁-စုသောသံယာ့ထံ၌ ဝတ်ကို ဆောက်တည်၍ ကြားပြီးဖြစ်သောကြောင့် ၁-စုသော သံယာ့ထံမှာ ကြားရာ ဝတ်ကို မဆောက်တည်ဘဲ ကြားသော်လည်း အပြစ် မရှိ။

၁။ အထ ရုက္ခမူလာဒီသု ဝိသုံ ဝိသုံ ဌိတာ ဟောန္တိ၊ တတ္ထ တတ္ထ ဂန္တ္မာ အာရောစေတဗ္ဗံ–

ဟု လာသော စူဠဝါအဋ္ဌကထာကို ထောက်(ဝိ၊၄၊၄း၁၀)။

ရုက္ခမူလာဒီသု၊ သမ်ပင်ရင်း-စသည်တို့၌။ ဝိသုံ ဝိသုံ၊ အသီးအသီး။ ဌိတာ၊ တည်နေကြကုန်သည်။ အထ ဟောန္တိ၊ ဖြစ်ကုန်အံ့။ တတ္ထ တတ္ထ၊ ထိုထိုနေရာအရပ်၌။ ဂန္တ္မာ၊ ၍။ အာရောစေတဗ္ဗံ၊ ၏။

ဝတ်ကို ဆောက်တည်၍ ကြားပြီးမှ ရောက်လာသောရဟန်းကို ကြားရာ၌လည်း နည်းတူ ဝတ်ကို မဆောက်တည်ဘဲသာ ကြားအပ်သည်ဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

[၁၀၆] နားထိုင်း, အိပ်ငိုက်၍ အသံမကြားသော်လည်း ဝတ်မပျက်

(၁)မေး။ ။ ဝတ်ကို ဆောက်တည်၍ ကြားသောအခါ နားထိုင်းသော ရဟန်းပါ၍ မကြားသော်လည်းကောင်း၊ အိပ်တတ်သော ရဟန်းပါ၍ မကြားသော်လည်းကောင်း ထိုဝတ်ပျက်မည်လော?

ဖြေ။ ။ အသံကို ကြားလောက်သော ၁၂-တောင် အရပ်၌ စည်းဝေး၍နေသော ရဟန်းတို့အား ကြားစေလို၍ ဝတ်ကို ဆောက်တည်၍ ကြားရာ နားထိုင်း၍ဖြစ်စေ၊ ငိုက်မျဉ်း၍ ဖြစ်စေ မကြားသော်လည်း ဝတ်မပျက်။

http://www.dhammadownload.com

၁။ သဠိစ္စ အနာရောစေန္တသ ရတ္တိစ္ဆေဒေါ စ ဟောတိ၊ ဝတ္ထဘေဒေ စ ဒုက္ကဋံ။

ဟု လာသော **စူဠဝါအဋ္ဌကထာ**ကို ထောက်(ဝိ၊၄၊၄။၁၀)။

သဠိစ္စ၊ မကြားလိုသောစေတနာရှိ၍။ အနာရောစေန္တသ၊ မကြားသော ရဟန်းအား သာလျှင်။ ရတ္တိစ္ဆေဒေါ စ၊ ညဉ့်ပြတ်ခြင်းသည်လည်း။ ဟောတိ၊ ၏။ ဝတ္ထဘေဒေ စ၊ ဝတ်ပျက်ခြင်း၌လည်း။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။

အသံမကြားနိုင်လောက်သောအရပ်၌ ရဟန်းကို မြင်၍ကြားစေလိုသော စေတနာရှိ၍ ကြားသော်လည်း အရာမဟုတ်သောကြောင့် မကြားခဲ့မူ ညဉ့်ပြတ်သည်။ ဝတ္ထဘေဒ ဒုက္ကဋ် မသင့်-ဟု မှတ်လေ။

၂။ သစေ ဝါယမန္တောပိ သမ္မာပုဏိတုံ ဝါ သာဝေတုံ ဝါ နာ သက္ကောတိ၊ ရတ္တိစ္ဆေဒေါ ဟောတိ၊ နာ ဝတ္ထဘေဒဒုက္ကဋံ-

ဟု လာသော **စူဠဝါအဋ္ဌကထာ**ကို ထောက်(ဝိ၊၄၊၄။၁၁)။

ဝါယမန္တောပိ၊ ဝေးရာအရပ်၌ မြင်သောရဟန်းကို လိုက်၍ကြားအံ့ဟု အားထုတ်၍ လိုက်ကြားသော်လည်း။ သမ္မာပုဏိတုံ ဝါ၊ မီခြင်းငှာလည်းကောင်း။ သာဝေတုံ ဝါ၊ ကြားစေခြင်းငှာလည်းကောင်း။ သစေ နာ သက္ကောတိ၊ မစွမ်းနိုင်သည်ဖြစ်အံ့။ ရတ္တိစ္ဆေဒေါ၊ ညဉ့်ပြတ်သည်သာလျှင်။ ဟောတိ၊ ၏။ ဝတ္ထဘေဒဒုက္ကဋံ၊ သည်။ နာ ဟောတိ၊ မဖြစ်။

၃။ **ဝိမတိဝိနောဒနီဋီကာ၌လည်း-**

သစေ ဝါယမန္တောပိတိ ဧတ္ထ အဝိသယဘာဝံ ဥ တွာ အဝါယမန္တောပိ သဂ်ယှတိ-

ဟု ဆိုတော်မူ၏(ဝိမတိ၊၂။၂၁၇)။

သစေ ဝါယမန္တောပိတိ ဧတ္ထ၊ ၌။ အဝိသယဘာဝံ၊ အရာမဟုတ်သည်၏ အဖြစ်ကို။ ဥ တွာ၊ သိ၍။ အဝါယမန္တောပိ၊ အားမထုတ်သည်ကိုလည်း။ သဂ်ယှတိ၊ ရေတွက်အပ်၏။

၄။ **ဝိနယာလင်္ကာရဋီကာ၌ကား-**

သစေ ဝါယမန္တောပိ သမ္မာပုဏိတုံ ဝါ သာဝေတုံ ဝါ နာ သက္ကောတိ၊ ရတ္တိစ္ဆေဒေါ ဟောတိ၊ နာ ဝတ္ထဘေဒဒုက္ကဋံ-

ဟူသော အဋ္ဌကထာပါဠိကို ဆောင်၍ ဝတ်ဆောက်တည်သော ရဟန်းသည် ဝတ်ကြားသော အခါ ပကတတ်ရဟန်းက မကြားသည်ရှိသော် ဝတ္ထဘေဒ ဒုက္ကဋ်သာ လွတ်သည်။ ညဉ့်ပြတ်သည်-ဟု ဆိုတော်မူသည်(ဝိနယာလင်္ကာရဋီ၊၂။၂၄၃)။

http://www.dhammadownload.com

ထိုစကားကို မကြားနိုင်လောက်သော သဝန္ထပစာရကို လွန်သော နေရာ၌သာ အဋ္ဌကထာဆရာ ပြတော်မူသည်။ ကြားကောင်းသော သဝန္ထပစာရအတွင်း၌ ကြားစေလိုရှေ့ ဝတ်ကို ဆောက်တည်၍ ကြားရာ ပကတတ်ရဟန်းက မကြားသော်လည်း ညဉ့်မပြတ်သင့်ဟု ဝိနည်းတတ်သော ဆရာမြတ်တို့ မကြိုက်ကြကုန်။ သင့်ရာကို ဆင်ခြင်၍ ယူ။

✪ ✪ ✪ ✪ ✪

[၁၀၇] မာနတ်ညဉ့်ပြတ်ခြင်း အင်္ဂါ ၄-ပါး

(၁) **မေး**။ ။ မာနတ်ကျင့်သော ရဟန်း၏ မာနတ်ညဉ့်ပြတ်ခြင်းအင်္ဂါ အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ။ ထိုအမေးမှာ—

၁။ စတ္တာရော ခေါ ဥပါလိ မာနတ္တာစာရိကာသ ဘိက္ခုနော ရတ္တိစ္ဆေဒါ၊ သဟဝါသော ဝိပ္ပဝါသော အနာရောစနာ ဥနေ ဂဏော စရတိတိ (စရဏံ)-

ဟု ဟောတော်မူသော **စူဠဝါပါဠိတော်**ကို ထောက်၍ ၄-ပါးရှိသည်(ဝိ၊၄။၉၉)။

၂။ **စူဠဝါအဋ္ဌကထာ၌လည်း**—

ရတ္တိစ္ဆေဒေသု ဥနေ ဂဏောတိ ဧတ္ထ ဂဏောတိ စတ္တာရော ဝါ အတိရေကာ ဝါ။ တသ္မာ သစေပိ တီဟိ ဘိက္ခူဟိ သဒ္ဓိံ ဝသတိ၊ ရတ္တိစ္ဆေဒေါ ဟောတိ-

ဟု ဖွင့်တော်မူသည်(ဝိ၊၌၊၄။၁၅)။

ရတ္တိစ္ဆေဒေသု၊ မာနတ်ညဉ့်ပြတ်ခြင်းတို့၌။ ဥနေ ဂဏောတိ ဧတ္ထ၊ ၌။ စတ္တာရော ဝါ၊ ၄-ယောက်သော ပကတတ်ရဟန်းတို့သည်လည်းကောင်း။ အတိရေကာ ဝါ၊ ၄-ယောက် ထက်လွန်သော ပကတတ်ရဟန်းတို့သည်လည်းကောင်း။ **ဂဏောတိ**၊ ဂိုဏ်းမည်၏။ တသ္မာ၊ ထို့ကြောင့်။ တီဟိ၊ ကုန်သော။ ဘိက္ခူဟိ၊ ပကတတ်ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ သစေ ဝသတိ၊ နေသည်ဖြစ်အံ့။ ရတ္တိစ္ဆေဒေါ၊ ညဉ့်ပြတ်သည်သာလျှင်။ ဟောတိ၊ ၏။

သဟဝါသ, ဝိပ္ပဝါသ, အနာရောစန ၃-ပါးမှာ ပရိဝါသ်နှင့် အတူမှတ်လေ။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၀၈] ပရိဝါသ်, မာနတ်ကျင့်ရာ၌ လိုအပ်သော ပကတတ်ရဟန်း

(၁)မေး။ ။ ပရိဝါသ်ကျင့်သောအခါ ပကတတ်ရဟန်း အဘယ်မျှ, မာနတ် ကျင့်သောအခါ ပကတတ်ရဟန်း အဘယ်မျှ ရှိမှ အပ်ပါသနည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ အနေန ပစ္ဆူသသမယေ ဧကေန ဘိက္ခုနာ သဒ္ဓိ် အန္တောအရုဏေယေဝ ဝတ္တံ သမာဒိယိတွာ အာရောစေတဗ္ဗံ–

ဟူ၍လည်းကောင်း၊

သပ္ပန္တိမေန ပရိစ္ဆေဒေန စတူဟိ ဘိက္ခူဟိ သဒ္ဓိ် ပရိဝါသေ ဝုတ္ထပ္ပကာရံ ပဒေသံ ဂန္ဒှာ မာနတ္တံ သမာဒိယိတွာ အာရောစေတဗ္ဗံ–

ဟူ၍လည်းကောင်း လာသော **မာတိကာအဋ္ဌကထာ**(က၁။ဋ္ဌ။၁၄၇-၈)ကို ထောက်၍ ပရိဝါသ် ဆောက်တည်သော ရဟန်းမှာ ပကတတ်ရဟန်း ၁-ပါးရှိလျှင် အပ်သည်။

မာနတ်ဆောက်တည်သော ရဟန်းမှာ အယုတ်ဆုံး ပကတတ်ရဟန်း ၄-ပါးရှိမှ အပ်သည်။

အနေန၊ ဤပရိဝါသ်ဆောက်တည်သော ရဟန်းသည်။ ပစ္ဆူသသမယေ၊ မိုးသောက် ယံ၌။ ဝါ။ ပစ္ဆိမယာမ်၌။ ဧကေန၊ တပါးသော။ ဘိက္ခုနာ၊ ပကတတ်ရဟန်းနှင့်။ သဒ္ဓိ်၊အတူ။ အန္တောအရုဏေယေဝ၊ အရုဏ်အတွင်း၌သာလျှင်။ ဝတ္တံ၊ ပရိဝါသ်ကို။ သမာဒိယိတွာ၊ ဆောက်တည်၍။ အာရောစေတဗ္ဗံ၊ ကြားအပ်၏။

သပ္ပန္တိမေန၊ အလုံးစုံအောက် ယုတ်သော။ ပရိစ္ဆေဒေန၊ အပိုင်းအခြားဖြင့်။ စတူဟိ၊ ကုန်သော။ ဘိက္ခူဟိ၊ ပကတတ် ရဟန်းတို့နှင့်။ သဒ္ဓိ်၊ အတူ။ ပရိဝါသေ၊ ပရိဝါသ်၌။ ဝုတ္ထပ္ပကာရံ၊ ဆိုအပ်သောအပြားရှိသော။ ပဒေသံ၊ အရပ်သို့။ ဂန္ဒှာ၊ သွား၍။ မာနတ္တံ၊ ကို။ သမာဒိယိတွာ၊ ၍။ အာရောစေတဗ္ဗံ၊ ကြားအပ်၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၀၉] ပကတတ် ရဟန်း ၁-ပါးနှင့် မာနတ်ကျင့်ခြင်း

(၁)မေး။ ။ မာနတ်ကျင့်သောရဟန်းသည် ပကတတ်ရဟန်း ၄-ပါးရှိရာ ကျောင်းတိုက်သို့ သွား၍ မာနတ်ကို ဆောက်တည်၍ ကြားပြီးလျှင် ကိစ္စရှိ၍ မိမိနေရာ ကျောင်းတိုက်သို့ ပကတတ် ရဟန်း ၁-ပါးနှင့် ပြန်သွား၍နေမူ အပ်ပါမည်လော။

ဖြေ။ ။ ထိုသို့ကျင့်သော ရဟန်းသည် မအပ်။

၁။ အာရောစိတကာလတော ပဌာယ ဧကံ ဘိက္ခုံ ဒုပေတွာ သေသေဟိ သတိကရဏီယေ ဂန္ဆမ္မိ ဝဋ္ဋတိ။ အရုဏေ ဥဋ္ဌိတေ တဿ ဘိက္ခုဿ သန္တိကေ ဝတ္တံ နိက္ခိပိတဗ္ဗံ။ သစေ သောပိ ကေနစိ ကမ္မေန ပုရေ အရုဏောယေဝ ဂစ္ဆတိ၊ အညံ ဝိဟာရတော နိက္ခန္တံ ဝါ အာဂန္တုကံ ဝါ ယံ ပဌမံ ပဿတိ၊ တဿ သန္တိကေ အာရောစေတွာ ဝတ္တံ နိက္ခိပိတဗ္ဗံ။ အယဉ္စ ယသ္မာ ဂဏုဿ အာရောစေတွာ ဘိက္ခုနဉ္စ အတ္ထိဘာဝံ သလ္လက္ခေတွာဝ ဝသိ။ တေနဿ ဥနေ ဂဏော စရဏဒေါသော ဝါ ဝိပ္ပဝါသဒေါသော ဝါ န ဟောတိ–

ဟု လာသော **သမုစ္စယက္ခန္ဓကအဋ္ဌကထာ**ကို ထောက်(၀။၂၄၄။၁၇)။ **လီနတ္ထပကာသနီဋီကာ**၌လည်း လာသည်။

အာရောစိတကာလတော၊ မာနတ်ကိုဆောက်တည်၍ ကြားပြီးသောအခါမှ။ ပဌာယ၊ စ၍။ ဧကံ၊ သော။ ဘိက္ခုံ၊ ပကတတ်ရဟန်းကို။ ဒုပေတွာ၊ ထားခဲ့၍။ သေသေဟိ၊ ကြွင်းသော ပကတတ်ရဟန်းတို့သည်။ ကရဏီယေ၊ ပြုဖွယ်ကိစ္စသည်။ သတိ၊ ရှိသော်။ ဂန္ဆမ္မိ၊ ပြန်သွားခြင်းငှာလည်း။ ဝဋ္ဋတိ၊ ၏။ အရုဏေ၊ သည်။ ဥဋ္ဌိတေ၊ တက်သည်ရှိသော်။ တဿ ဘိက္ခုဿ၊ ထိုနေရစ်သော ရဟန်း၏။ သန္တိကေ၊ ၌။ ဝတ္တံ၊ မာနတ်ကျင့်ဝတ်ကို။ နိက္ခိပိတဗ္ဗံ၊ ချအပ်၏။ သောပိ၊ ထိုနေရစ်သော ပကတတ်ရဟန်းတပါးသည်လည်း။ ကေနစိ၊ သော။ ကမ္မေန၊ အမှုကြောင့်။ ပုရေ အရုဏောယေဝ၊ အရုဏ်မတက်မီသာလျှင်။ သစေ ဂစ္ဆတိ၊ ပြန်သွားသည်ဖြစ်အံ့။ အညံ၊ တပါးသော။ ဝိဟာရတော၊ ကျောင်းတိုက်မှ။ နိက္ခန္တံ ဝါ၊ ထွက်သော ရဟန်းကိုလည်းကောင်း။ အာဂန္တုကံ ဝါ၊ အာဂန္တုရဟန်းကိုလည်းကောင်း။ ယံ၊ အကြင်ရဟန်းကို။ ပဌမံ၊ ရှေးဦးစွာ။ ပဿတိ၊ ၏။ တဿ၊ ၏။ သန္တိကေ၊ ၌။ အာရောစေတွာ၊ ၍။ ဝတ္တံ၊ မာနတ်ကို။ နိက္ခိပိတဗ္ဗံ၊ ချအပ်၏။ အယဉ္စ၊ ဤမာနတ်ကျင့်သော ရဟန်းသည်လည်း။ ဂဏဿ၊ ၄-ပါးရှိသော ဂိုဏ်းအား။ အာရောစေတွာ၊ ၍။ ဘိက္ခုနဉ္စ၊ ပကတတ်ရဟန်းတို့အားလည်း။ အတ္ထိဘာဝံ၊ အတူနေခြင်းငှာ ကြားခြင်းရှိသည်၏အဖြစ်ကို။

http://www.dhammadownload.com

သလ္လက္ခေတွာ၊ မှတ်၍သာလျှင်။ ဝသိ၊ နေ၏။ တေန၊ ထိုကြောင့်။ အဿ၊ ထို မာနတ်ကျင့်သော ရဟန်းအား။ ဉီနေ ဂဏော၊ ယုတ်သော ဂိုဏ်း၌။ စရဏဒေါသော ဝါ၊ ကျင့်သော အပြစ်သည်လည်းကောင်း။ ဝိပ္ပဝါသဒေါသော ဝါ၊ ပကတတ်ရဟန်းနှင့် ကင်း၍ နေသော အပြစ်သည်လည်းကောင်း။ န ဟောတိ၊ မဖြစ်။

အဓိပ္ပါယ်ကား– ကျောင်းတိုက်တွင်း၌ ရဟန်းများ၍ ကျောင်းအာရာမ်ပြင်ပသို့ ပကတတ်ရဟန်း ၄-ပါးနှင့်သွား၍ မာနတ်ဆောက်တည်၍ ကြားပြီးလျှင် ကိစ္စရှိ၍ ပကတတ်ရဟန်း ၁-ပါးကို ထားခဲ့၍ ကြွင်းသောပကတတ်ရဟန်းတို့ ပြန်သွားကြသည်ရှိသော် ထားခဲ့သောပကတတ်နှင့်နေ၍ အရုဏ်တက်သောအခါ ထိုရဟန်းထံ၌ မာနတ်ကို ချ၍ပြန်သွားရမည်။

ထိုနေရစ်သော ပကတတ်ရဟန်းသည်လည်း ကိစ္စရှိ၍ အရုဏ်မတက်မီ ပြန်သွားသည်ရှိသော် တစ်ပါးတည်းသာနေ၍ အရုဏ်တက်သောအခါ ကျောင်းသို့ ပြန်လာ၍ ဦးစွာတွေ့မြင်သော ရဟန်းကို ကြား၍ မာနတ်ကို ချအပ်သည်။ ထိုမာနတ် ကျင့်သော ရဟန်းသည်လည်း ၄-ပါးရှိသော ဂိုဏ်းအား အတူနေခြင်းငှာ ကြားခြင်းရှိသည်ကို မှတ်၍ နေသောကြောင့် ညဉ့်မပြတ်ဟု ပြတော်မူသည်။

ထိုအဋ္ဌကထာ၌ ပကတတ်ရဟန်းတို့က ကိစ္စရှိ၍ ပြန်သွားရာ၌သာ အပ်ကြောင်းကို ပြတော်မူသည် ဖြစ်၍ မာနတ်ယူသော ရဟန်းက ကိစ္စရှိ၍ ပကတတ် ရဟန်း ၄-ပါးနှင့် ကင်း၍ ပြန်သွားနေမူ မအပ်ဟု သန္နိဋ္ဌာန်ကျ မှတ်။

၂။ ထို့ကြောင့် **ဝိမတိဝိနောဒနီဋီကာ၌–**

> သောပိ ကေနစိ ကမ္မေန ပုရေ အရုဏေ ဧဝ ဂစ္ဆတီတိ ဣမိနာ အာရောစနာယ ကတာယ သတ္ထေသုပိ ဘိက္ခူသု ဗဟိ ဝိဟာရဂတေသု ဉီနေ ဂဏော စရဏဒေါသော ဝါ ဝိပ္ပဝါသဒေါသော ဝါ န ဟောတိ၊ အာရောစိတတ္တာ သဟဝါသသာတိ ဒဿေတိ–

ဟု ဆိုတော်မူ၏(ဝိမတိ၊၂။၂၁၈)။

သောပိ ။ပ။ ဂစ္ဆတီတိ ဣမိနာ၊ ဖြင့်။ အာရောစနာယ၊ ကြားခြင်းကို။ ကတာယ၊ ပြုအပ်ပြီးသည်ရှိသော်။ သတ္ထေသု၊ ကုန်သော။ ဘိက္ခူသု၊ ပကတတ်ရဟန်းတို့သည်။ ဗဟိ၊ အာရာမ်ပမှ။ ဝိဟာရဂတေသု၊ ကျောင်းသို့ ပြန်သွားကြကုန်သော်လည်း။ ဉီနေ ဂဏော၊ ယုတ်သောဂိုဏ်း၌။ စရဏဒေါသော ဝါ၊ ကျင့်သော အပြစ်သည်လည်းကောင်း။ ဝိပ္ပဝါသဒေါသော ဝါ၊ ကင်း၍နေသော အပြစ်သည်လည်းကောင်း။ န ဟောတိ၊ မဖြစ်။ သဟဝါ-

http://www.dhammadownload.com

သဿ၊ အတူနေခြင်း အကျိုးငှာ။ အာရောစိတတ္တာ၊ ကြားအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဣတိ၊ သို့။ ဒသေတိ၊ ပြ၏။

၃။ ခုဒ္ဒသိက္ခာဋီကာဟောင်း(နှာ-၈၄)၌လည်း–

သစေ ပန တေန တေသံ အတ္ထိဘာဝံ ဒိသွာ အာရောစိတေ ပက္ကမန္တိ၊ ဉိနေ ဂဏော စရဏဒေါသော နု ဟောတီတိ အဋ္ဌကထာသု ဝုတ္တံ ကိရ–

ဟု ဆိုတော်မူ၏။

ပန၊ အထူးကို ပြဆိုအံ့။ တေန၊ ထိုမာနတ်ကျင့်သော ရဟန်းသည်။ တေသံ၊ ထိုပကတတ် ရဟန်းတို့၏။ အတ္ထိဘာဝံ၊ ရှိသည်၏အဖြစ်ကို။ ဒိသွာ၊ မြင်၍။ အာရောစိတေ၊ ကြားအပ်ပြီးသော်။ ပက္ကမန္တိ၊ ပြန်သွားကြကုန်၏။ ဉိနေ ဂဏော၊ ယုတ်သောဂိုဏ်း၌။ စရဏဒေါသော၊ ကျင့်သော အပြစ်သည်။ နု ဟောတိ၊ မဖြစ်။ ဣတိ၊ သို့။ အဋ္ဌကထာသု၊ တို့၌။ ဝုတ္တံ ကိရ၊ ဆိုသတတ်။

ထိုဋီကာ၌ အတူနေခြင်းငှာ ကြားပြီးဖြစ်သောကြောင့် ပကတတ်ရဟန်းတို့က ကိစ္စရှိ၍ ပြန်သွားရာ၌သာ အပြစ်မရှိကြောင်းကို ပြဆိုတော်မူကြသည်ဖြစ်၍ မာနတ် ယူသော ရဟန်းက အတူနေလို၍ ပကတတ် ရဟန်းရှိရာ၌ သွား၍ ကြားပြီး ဖြစ်သော်လည်း မာနတ်ဆောက်တည်သော ရဟန်းက ကိစ္စရှိ၍ ပြန်သွားမူ မအပ်ချေ။ မကြားမီကပင် ကြား၍ပြီးလျှင် မိမိနေရာသို့ ပြန်လိုသော စိတ်ဖြင့် ကြား၍ မာနတ် ဆောက်တည်သော ရဟန်း ပြန်သွားရာ၌ ဆိုဖွယ်ရာမရှိ၊ မအပ်သည်၏ အဖြစ်ကို သိလေ။

✪ ✪ ✪ ✪ ✪

[၁၁၀]　အရုဏ်တက်သောအခါ ဝတ်မကြားဘဲ ချခြင်း

(၁) မေး။ ။ ဝတ်ကို ဆောက်တည်၍ ကြားပြီးဖြစ်သော ပကတတ်ရဟန်းထံ၌ အရုဏ်တက်၍ ချသောအခါ မကြားဘဲ ချအပ်ပါမည်လော။

ဖြေ။ ။ ထိုအမေးမှာ–

အရုဏော ဥဋ္ဌိတေ တဿ သန္တိကေ ဝတ္တံ (နိက္ခိပိတ္တာ ဝိဟာရံ ဂန္တ္ဗ္ဗံ နိက္ခိပိတဗ္ဗံ)-
(ကခ်။ဌ။၁၄၇)

http://www.dhammadownload.com

ဟု လာသော **မာတိကာအဋ္ဌကထာပါဠိ**ကို ထောက်၍ အရုဏ်တက်၍ ချသောအခါ ကြားပြီးသော ပကတတ်ရဟန်းထံ၌ဖြစ်မူ မကြားဘဲချသော်လည်း အပ်သည်။

အရုဏော၊ သည်။ ဥဋ္ဌိတေ၊ တက်သည်ရှိသော်။ တဿ၊ ထိုရဟန်း၏။ သန္တိကေ၊ ၌။ ဝတ္တဲ့၊ ပရိဝါသ်ကို။ နိက္ခိပိတဗ္ဗံ၊ ချအပ်၏။

✪ ✪ ✪ ✪ ✪

[၁၁၁] မကြားရသေးသော ရဟန်းထံ၌ ဝတ်မကြားဘဲ ချခြင်း

(၁) မေး။ ။ မကြားရသေးသော ပကတတ်ရဟန်းထံ၌ မကြားဘဲ ချမိသော် ညှဉ်ပြတ်သည်-ဟု မှတ်ရမည်လော။

ဖြေ။ ။ မကြားရသေးသော ပကတတ်ရဟန်းထံ၌ မကြားဘဲ ချမိသော်လည်း ညှဉ်မပြတ်၊ ဝတ္တဘေဒဒုက္ကဋ်သာ သင့်သည်။

၁။ **တဿ အာရောစေတွာ နိက္ခိပိတဗ္ဗန္တိ အနာရောစေန္တဿ ဒုက္ကဋံ သိယာ။ တံ သန္ဓာယ ဝုတ္တံ၊ နှ တု ရတ္တိစ္ဆေဒံ သန္ဓာယ။ ဣတရထာ ဟိ ဝိဟာရသီမပရိယာပန္နာနံ သဗ္ဗေသံ ဘိက္ခူနံ အာရောစေတွာတိ ဝဒေယျ (ကခ်ိ။ဋီ-သစ်။၂၆၃)–**

ဟု ဆိုသော ဝိနယတ္ထမဉ္ဇူသာမည်သော **လီနတ္ထပကာသနီဋီကာ**ကို ထောက်။

တဿ၊ ထိုမကြားရသေးသော ပကတတ်ရဟန်းအား။ အာရောစေတွာ၊ ကြား၍။ နိက္ခိပိတဗ္ဗံ၊ ချအပ်၏။ ဣတိ ဧတ္ထ၊ ဤအဋ္ဌကထာစကား၌။ အနာရောစေန္တဿ၊ မကြားသော ရဟန်းအား။ ဒုက္ကဋံ၊ ဝတ္တဘေဒဒုက္ကဋ်သည်။ သိယာ၊ ဖြစ်ရာ၏။ တံ၊ ထိုဒုက္ကဋ်အာပတ်ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ၏။ ရတ္တိစ္ဆေဒံ၊ ညှဉ်ပြတ်ခြင်းကို။ သန္ဓာယ၊ ၍။ နှ ဝုတ္တံ၊ မဆိုအပ်။ ဟိ၊ မှန်၏။ ဣတရထာ၊ ဤမှ တပါးသောအခြင်းအရာအားဖြင့်။ ဂဟိတေ၊ ယူအပ်သည် ရှိသော်။ ဝိဟာရသီမပရိယာပန္နာနံ၊ ဥပစာရသိမ်၌ အကျုံးဝင်ကုန်သော။ သဗ္ဗေသံ ဘိက္ခူနံ၊ အလုံးစုံသော ရဟန်းတို့အား။ အာရောစေတွာ၊ ၍။ ဣတိ၊ သို့။ ဝဒေယျ၊ ဆိုရာ၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၁၂] ကြားပြီးသောရဟန်းထံ၌ မာနတ် မကြားဘဲ ချခြင်း

(၁)မေး။ ။ မာနတ်ကို အယုတ်အားဖြင့် ၄-ပါးသော ပကတတ်ရဟန်းတို့ဖြင့် ဆောက်တည်၍ ကြားပြီးလျှင် အရုဏ်တက်၍ ချသောအခါ ထိုကြားပြီးသော ပကတတ်ရဟန်း ၄-ပါးတို့တွင် ၁-ပါးပါးသော ပကတတ်ရဟန်းထံ မာနတ်ကို မကြားဘဲ ချမူ အပ်ပါမည်လော။

ဖြေ။ ။ ကြားပြီးသော ပကတတ်ရဟန်းတို့တွင် ၁-ပါးပါးသော ပကတတ်ရဟန်းထံ၌ မာနတ်ကို အရုဏ်တက်သောအခါ မကြားဘဲ ချသော်လည်း အပ်သည်။

၁။ ဧဝံ အာပတ္တိဝသေန ကမ္မဝါစံ ကတ္တာ ဒိန္နေ မာနတ္တေ "ဧဝမေတံ ဓာရယာမိ"တိ ကမ္မဝါစာပရိယောသာနေ မာဥကသီမာယမေဝ "မာနတ္တံ သမာဒိယာမိ ဝတ္တံ သမာဒိယာမိ"တိ ဝုတ္တနယေန ဝတ္တံ သမာဒါတဗ္ဗံ။ ဝတ္တံ သမာဒိယိတ္ဝာ တတ္ထေဝ သံယဿ အာရောစေတဗ္ဗံ။

အာရောစေတ္ဝာ သစေ နိက္ခိပိတုကာမော၊ ဝုတ္တနယေနေဝ သံယမဿေ နိက္ခိပိတဗ္ဗံ။ မာဥကတော ဘိက္ခူသု နိက္ခန္တေသု ဧကဿပိ သန္တိကေ နိက္ခိပိတုံ ဝဋ္ဋတိ။ မာဥကတော နိက္ခမိတ္ဝာ သတိ ပဋိလဘန္တေန သဟဂစ္ဆန္တဿ သန္တိကေ နိက္ခိပိတဗ္ဗံ။ သစေ သောပိ ပက္ကန္တော၊ အညဿ ယဿ မာဥကေ နာရောစိတံ၊ တဿ အာရောစေတ္ဝာ နိက္ခိပိတဗ္ဗံ ။ပ။ နိက္ခိတ္တကာလတော ပဋ္ဌာယ ပကတတ္တ-ဋ္ဌာနေ တိဋ္ဌတိ။

သစေ အပ္ပဘိက္ခုကော ဝိဟာရော ဟောတိ၊ သဘာဂါ ဘိက္ခူ ဝသန္တိ၊ ဝတ္တံ အနိက္ခိပိတ္ဝာ အန္တောဝိဟာရေယေဝ ရတ္တိယော ဂဏေတဗ္ဗာ။ အထ န သက္ကာ သောဓေတုံ၊ ဝုတ္တနယေနေဝ ဝတ္တံ နိက္ခိပိတ္ဝာ ပစ္ဆူသသမယေ စတူဟိ ပဉ္စဟိ ဝါ ဘိက္ခူဟိ သဒ္ဓိံ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပတော, အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနတော ဒ္ဝေ လေဍ္ဍုပါတေ အတိက္ကမိတ္ဝာ မဟာမဂ္ဂတော ဩက္ကမ္မ ဂုမ္ဗေန ဝါ ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတ္ဝာ (နိသီဒိတဗ္ဗံ။) အန္တောအရုဏေ-ယေဝ ဝုတ္တနယေန ဝတ္တံ သမာဒိယိတ္ဝာ အာရောစေတဗ္ဗံ။ သစေ အညော ကောစိ ဘိက္ခု ကေနဏီဒေဝ ကရဗီယေန တံ ဋ္ဌာနံ အာဂစ္ဆတိ၊ သစေ ဧသ တံ ပဿတိ၊ သဒ္ဒံ ဝါဿ သုဏာတိ၊ အာရောစေတဗ္ဗံ။ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါ စေဝ ဝတ္တဘေဒေါ စ။

http://www.dhammadownload.com

အထ ဒွါဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တသ္သေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါ ဟောတိ ဧဝ၊ ဝတ္တာဘေဒေါ ပန နတ္ထိ။ အာရောစိတကာလတော ပဋ္ဌာယ စ ဧကံ ဘိက္ခုံ ဌပေတွာ သေသေဟိ သတိ ကရဏီယေ ဂန္တုမ္ပိ ဝဋ္ဋတိ။ အရုဏော ဥဋ္ဌိတေ တဿ ဘိက္ခုဿ သန္တိကေ ဝတ္ထံ နိက္ခိပိတဗ္ဗံ။ သစေ သောပိ ကေနစိ ကမ္မေန ပုရေ အရုဏောယေဝ ဂစ္ဆတိ၊ အညံ ဝိဟာရတော နိက္ခန္တံ ဝါ အာဂန္တုကံ ဝါ ယံ ပဌမံ ပဿတိ၊ တဿ သန္တိကေ အာရောစေတွာ ဝတ္ထံ နိက္ခိပိတဗ္ဗံ။

အယဉ္စ ယသ္မာ ဂဏဿ အာရောစေတွာ ဘိက္ခူနဉ္စ အတ္ထိဘာဝံ သလ္လက္ခေတွာဝ ဝသိ၊ တေနဿ ဥနေ ဂဏော စရဏဒေါသော ဝါ ဝိပ္ပဝါသော ဝါ န ဟောတိ။ သစေ နံ ကိဉ္စိ ပဿတိ၊ ဝိဟာရံ ဂန္ဒှာ အတ္တနာ သဒ္ဓိံ ဂတဘိက္ခူသု ဧကဿ သန္တိကေ နိက္ခိပိတဗ္ဗန္တိ မဟာသုမတ္ထေရော အာဟ။ မဟာပဒုမတ္ထေရော ပန "ယံ ပဌမံ ပဿတိ၊ တဿ အာရောစေတွာ နိက္ခိပိတဗ္ဗံ၊ အယံ နိက္ခိတ္တဝတ္တဿ ပရိဟာရော"တိ အာဟ—

ဟု လာသော သမုစ္စယက္ခန္ဓကအဋ္ဌကထာကို ထောက်(ဝိ၊ဋ၊၄။၁၆-၁၇)။

ထိုအဋ္ဌကထာ၌ "အရုဏော ဥဋ္ဌိတေ တဿ ဘိက္ခုဿ သန္တိကေ ဝတ္ထံ နိက္ခိပိတဗ္ဗံ" ဟူသော ပါဠိဖြင့် မာနတ်ကို အရုဏ်တက်၍ ချသောအခါ ကြားပြီးသော ပကတတ်ရဟန်း တို့တွင် တစ်ပါးပါးထံ၌ မကြားဘဲ ချသော်လည်း အပ်သည်၏အဖြစ်ကို ပြတော်မူ၏။ "ယံ ပဌမံ ပဿတိ၊ တဿ အာရောစေတွာ နိက္ခိပိတဗ္ဗံ"ဟူသော ပါဠိဖြင့် မကြားရသေးသော ပကတတ်ရဟန်းထံချမူ မာနတ်ကို ကြား၍ ချရမည်ဟု ပြတော်မူသည်။

အဋ္ဌကထာအနက်ကား။ ဧဝံ၊ သို့။ အာပတ္တိဝသေန၊ ဖြင့်။ ကမ္မဝါစံ၊ ကို။ ကတွာ၊ ၍။ မာနတ္တော၊ ကို။ ဒိန္နေ၊ သော်။ ဧဝမေတံ မာရဃာမိ-တိ၊ ဟူ၍။ ကမ္မဝါစာပရိယောသာနေ၊ ၌။ မာဠကသီမာယမေဝ၊ ခဏ္ဍသီမ် အပြင်၌သာလျှင်။ မာနတ္တံ သမာဒိယာမိ၊ ဝတ္ထံ သမာဒိယာမီတိ၊ ဟူ၍။ ဝုတ္တနယေန၊ ဖြင့်။ ဝတ္ထံ၊ မာနတ်ဝတ်ကို။ သမာဒါတဗ္ဗံ၊ ဆောက်တည်အပ်၏။ ဝတ္ထံ၊ ကို။ သမာဒိယိတွာ၊ ၍။ တတ္ထေဝ၊ ထို ခဏ္ဍသီမ် အပြင်၌သာလျှင်။ သံဃဿ၊ အား။ အာရောစေတဗ္ဗံ၊ ၏။

အာရောစေတွာ၊ ၍။ နိက္ခိပိတုကာမော၊ ချလိုသည်။ သစေ ဟောတိ၊ ဖြစ်အံ့။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ သံဃမဇ္ဈေ၊ ၌။ နိက္ခိပိတဗ္ဗံ၊ ချအပ်၏။ မာဠကတော၊ ခဏ္ဍသီမ်အပြင်မှ။ ဘိက္ခူသု၊ တို့သည်။ နိက္ခန္တေသု၊ ထွက်သွားကုန်သည်ရှိသော်။ ဧကဿပိ၊ တစ်ယောက်သော ရဟန်း၏လည်း။ သန္တိကေ၊ ၌။ နိက္ခိပိတုံ၊ ချခြင်းငှာ။ ဝဋ္ဋတိ၊ ၏။

http://www.dhammadownload.com

မာဉ္ဇကတော၊ မှ။ နိက္ခမိတ္တာ၊ ၍။ သတိ၊ ချလိုသောသတိကို။ ပဋိလဘန္တေန၊ ရသဖြင့်။ သဟဂစ္ဆန္တသ၊ အတူသွားသော ရဟန်း၏။ သန္တိကေ၊ ၌။ နိက္ခိပိတဗ္ဗံ၊ ၏။ သောပိ၊ ထိုရဟန်းသည်လည်း။ ပက္ကန္တော၊ သွားသည်။ သစေ ဟောတိ၊ အံ့။ အညဿ၊ သော။ ယဿ၊ ရဟန်းအား။ မာဉ္ဇကေ၊ ၌။ နာရောစိတံ၊ မကြားအပ်။ တဿ၊ ထိုရဟန်းအား။ အာရောစေတွာ၊ ၍။ နိက္ခိပိတဗ္ဗံ၊ ၏။

အပ္ပဘိက္ခုကော၊ ရဟန်းနည်းသော။ ဝိဟာရော၊ ကျောင်းတိုက်သည်။ သစေ ဟောတိ၊ ဖြစ်အံ့။ သဘာဂါဘိက္ခူ။ သဘောတူသော ရဟန်းတို့သည်။ ဝသန္တိ၊ နေကုန်၏။ ဝတ္တံ၊ မာနတ်ဝတ်ကို။ အနိက္ခိပိတွာ၊ ၍။ အန္တောဝိဟာရေယေဝ၊ ကျောင်းတွင်း၌သာလျှင်။ ရတ္တိယော၊ တို့ကို။ ဂဏော‌တဗ္ဗာ၊ ကုန်၏။ သောဓေတုံ၊ သုတ်သင်ခြင်းငှာ။ အထ နံ သက္ကာ ဟောန္တိ၊ မတတ်နိုင်ကုန်သည် ဖြစ်ကုန်အံ့။ ဝုတ္တနယေနေဝ၊ သာလျှင်။ ဝတ္တံ၊ မာနတ်ဝတ်ကို။ နိက္ခိပိတွာ၊ ချ၍။ ပစ္ဆာသမယေ၊ မိုးသောက်ထအခါ၌။ ဝါ၊ ပစ္ဆိမယာမ်၌။ စတူဟိ ဝါ၊ ၄-ပါးလည်းဖြစ်ကုန်သော။ ပဉ္စဟိ ဝါ၊ ကုန်သော။ ဘိက္ခူဟိ၊ ပကတတ်ရဟန်းတို့နှင့်။ သဒ္ဓိ၊ တကွ။ ပရိက္ခိတ္တာသ၊ အရံရှိသော။ ဝိဟာရဿ၊ ၏။ ပရိက္ခေပတော၊ အရံမှ။ အပရိက္ခိတ္တာသ၊ မရှိသော။ ဝိဟာရဿ၊ ၏။ ပရိက္ခေပါရဟဋ္ဌာနတော၊ အရံထိုက်ရာမှ။ ဒ္ဝေ လေ‌ဖ္ဖူပါတေ၊ ခဲနှစ်ကျတို့ကို။ အတိက္ကမိတွာ၊ လွန်၍။ မဟာမဂ္ဂတော၊ ခရီးမမှ။ ဩက္ကမ္မ၊ ဖဲ၍။ ဂုမ္ဗေန ဝါ၊ ခုံပိတ်ပေါင်းဖြင့်လည်းကောင်း။ ဝတိယာ ဝါ၊ စည်း စောင်ရုံးဖြင့် လည်းကောင်း။ ပဋိစ္ဆန္နဋ္ဌာနေ၊ ဖုံးကွယ်ရာအရပ်၌။ (နိသီဒိတဗ္ဗံ)၊ နိသီဒိတွာ၊ နေ၍။ အန္တောအရုဏော‌ယေဝ၊ အရုဏ်အတွင်း၌သာလျှင်။ ဝုတ္တနယေန၊ ဖြင့်။ ဝတ္တံ၊ မာနတ်ဝတ်ကို။ သမာဒိယိတွာ၊ ၍။ အာရောစေတဗ္ဗံ၊ ၏။ အညော၊ သော။ ကောစိ၊ သော။ ဘိက္ခု၊ သည်။ ကေနစိဒေဝ ကရဏီယေန၊ တစ်စုံတစ်ခု ပြုဖွယ်ကိစ္စဖြင့်။ တံ ဌာနံ၊ ထိုအရပ်သို့။ သစေ အာဂစ္ဆတိ၊ လာသည်ဖြစ်အံ့။ ဧသ ဧသော၊ ထိုမာနတ်ယူသော ရဟန်းသည်။ တံ၊ ထိုရဟန်းကို။ သစေ ပဿတိ၊ မြင်သည်ဖြစ်အံ့။ အဿ၊ ထို လာသော ရဟန်း၏။ သဒ္ဒံ ဝါ၊ ကိုလည်း။ သစေ သုဏာတိ၊ ကြားအံ့။ အာရောစေတဗ္ဗံ၊ ၏။ အနာရောစေန္တသ၊ မကြားသောရဟန်းအား။ ရတ္တိစ္ဆေဒေါ စ၊ သည်လည်း။ ဟောတိ၊ ၏။ ဝတ္တာဘေဒေါ စ၊ သည်လည်း။ ဟောတိ၊ ၏။

ဒွါဒသဟတ္ထံ၊ ၁၂-တောင်ရှိသော။ ဥပစာရံ၊ ဥပစာအရပ်သို့။ သြက္ကမိတွာ၊ သက်ဝင်၍။ အဇာနန္တသ္သေဝ၊ မာနတ်ကျင့်သောရဟန်း မသိဘဲသာလျှင်။ အထ ဂစ္ဆတိ။ သွားအံ့။ ရတ္တိစ္ဆေဒေါ သည်။ ဟောတိ ဧဝ၊ သာတည်း။ ဝတ္တာဘေဒေါ ပန၊ ဒုက္ကဋ်သည်ကား။ နတ္ထိ၊ မရှိ။ အာရောစိတကာလတော စ၊ ကြားပြီးသောအခါမှသာလျှင်။ ပဋ္ဌာယ၊ ၍။ ဧကံ၊ သော။ ဘိက္ခုံ၊ ပကတတ်ရဟန်းကို။ ဌပေတွာ၊ ထားခဲ့၍။ သေသေဟိ၊ ကြွင်းသော ပကတတ်ရဟန်း

http://www.dhammadownload.com

တို့သည်။ ကရဏီယေ၊ ပြုဖွယ်ကိစ္စသည်။ သတိ၊ သော်။ ဂန္ထမ္ပိ၊ သွားခြင်းငှာလည်း။ ဝဋ္ဋတိ၊ ၏။ အရုဏော၊ သည်။ ဥဋ္ဌိတော၊ ရှိသော်။ တဿ ဘိက္ခုဿ၊ ၏။ သန္တိကေ၊ ၌။ ဝတ္တဲ့၊ မာနတ် ဝတ်ကို။ နိက္ခိပိတဗ္ဗံ၊ ၏။ သောပိ၊ ရဟန်းသည်လည်း။ ကေနစိ ကမ္မေန၊ တစ်စုံတစ်ခု အမှုကြောင့်။ ပုရေ အရုဏောယေဝ၊ အရုဏ်မတက် မီသာ လျှင်။ သစေ ဂစ္ဆတိ၊ သွားပြန် သည်ဖြစ်အံ့။ အည်၊ သော။ ဝိဟာရတော၊ မှ။ နိက္ခန္တံ ဝါ၊ ထွက်သောရဟန်းကိုလည်း ကောင်း။ အာဂန္တုကံ ဝါ၊ ရဟန်းကိုလည်းကောင်း။ ယံ၊ ရဟန်းကို။ ပဋမံ၊ စွာ။ ပဿတိ၊ ၏။ တဿ၊ ၏။ သန္တိကေ၊ ၌။ အာရောစေတွာ၊ မာနတ်ကိုကြား၍။ ဝတ္တဲ့၊ မာနတ်ကို။ နိက္ခိပိတဗ္ဗံ၊ ၏။

အယဉ္စ၊ ရဟန်းသည်လည်း။ ယသ္မာ၊ ကြောင့်။ ဂဏာဿ၊ ၄-ပါးရှိသော ဂိုဏ်းအား။ အာရောစေတွာ၊ ၍။ ဘိက္ခူနဉ္စ၊ ရဟန်းတို့အားလည်း။ အတ္တိဘာဝံ၊ ကြားခြင်းရှိသည်၏ အဖြစ်ကို။ သလ္လက္ခေတွာဝ၊ ၍သာလျှင်။ ဝသိ၊ နေ၏။ တေန၊ ကြောင့်။ အဿ၊ ရဟန်းအား။ ဥနေ ဂဏော၊ ၄-ပါးအောက် ယုတ်သောဂိုဏ်း၌။ စရဏဒေါသော ဝါ၊ ကျင့်သောအပြစ်သည် လည်းကောင်း။ ဝိပ္ပဝါသော ဝါ၊ ကင်း၍နေသော အပြစ်သည်လည်းကောင်း။ န ဟောတိ၊ မဖြစ်။ ကိဉ္စိ၊ တစ်စုံတစ်ယောက်သော ရဟန်းကို။ သစေ နံ ပဿတိ၊ မမြင်သည်ဖြစ်အံ့။ ဝိဟာရံ၊ သို့။ ဂန္ဟာ၊ သွား၍။ အတ္တနာ၊ မိမိနှင့်။ သဒ္ဓိံ၊ အတူ။ ဂတဘိက္ခူသု၊ သွားသောရဟန်း တို့တွင်။ ဧကဿ၊ ၁-ယောက်သော ရဟန်း၏။ သန္တိကေ၊ ၌။ နိက္ခိပိတဗ္ဗံ၊ ၏။ ဣတိ၊ သို့။ မဟာသုမတ္ထေရော၊ သည်။ အာဟ၊ ၏။

မဟာပဒုမတ္ထေရော ပန၊ သည်ကား။ ယံ၊ အကြင်ရဟန်းကို။ ပဋမံ၊ စွာ။ ပဿတိ၊ ၏။ တဿ၊ အား။ အာရောစေတွာ၊ ၍။ နိက္ခိတဗ္ဗံ၊ ၏။ အယံ၊ ဤသို့ပြုခြင်းသည်။ နိက္ခိတ္တ-ဝတ္တဿ၊ နိက္ခိတ္တဝတ်စောင့်သော ရဟန်း၏။ ပရိဟာရော၊ အစောင့်အရှောက်မည်၏။ ဣတိ၊ သို့။ အာဟ၊ ၏။

၂။ မာတိကာ အဋ္ဌကထာ၌လည်း—

> အနေန ပစ္စူသသမယေ ဧကေန ဘိက္ခုနာ သဒ္ဓိံ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပတော, အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနတော ဒွေ လေဋ္ဌုပါတေ အတိက္ကမိတွာ မဟာမဂ္ဂတော ဩက္ကမ္မ ဂုမ္ဗေန ဝါ ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတွာ အန္တောအရုဏောယေဝ ဝတ္တံ သမာဒိယိတွာ အာရောစေတဗ္ဗံ။ ယမ္ပိ အည် ဘိက္ခုံ ပဿတိ၊ တဿာပိ အာရောစေတဗ္ဗမေဝ။ အရုဏော ဥဋ္ဌိတေ တဿ သန္တိကေ ဝတ္တံ နိက္ခိပိတွာ ဝိဟာရံ ဂန္တဗ္ဗံ။ သစေ သော ပုရေ

http://www.dhammadownload.com

အရုဏောယေဝ ကေနစိ ကရဏီယေန ဂတော ဟောတိ၊ ဝိဟာရံ ဂန္ဓာ ယံ သင္ဃပဋမံ ဘိက္ခုံ ပဿတိ၊ တဿ အာရောစေတွာ နိက္ခိပိတဗ္ဗံ။

သင္ဃန္တိမေန ပရိစ္ဆေဒေန စတူဟိ ဘိက္ခူဟိ သဒ္ဓိံ ပရိဝါသေ ဝုတ္တပ္ပကာရံ ပဒေသံ ဂန္ဓာ "မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမီ"တိ သမာဒိယိတွာ နေသံ အာရောစေတွာ တတော တေသု ဂတေသု ဝါ အဂတေသု ဝါ ပုရိမနယေန ပဋိပဇ္ဇိတဗ္ဗံ—

ဟု ဆိုတော်မူ၏(ကခ်။ဋ္ဌ။၁၄၇-၁၄၈)။

ထိုအဋ္ဌကထာ၌ "အရုဏော ဥဋ္ဌိတေ တဿ သန္တိကေ ဝတ္တံ နိက္ခိပိတွာ ဝိဟာရံ ဂန္တွဗ္ဗံ" ဟူသော ပါဠိဖြင့် "အရုဏ်တက်၍ ပရိဝါသ်ကို ချသောအခါ ကြားပြီးသော ရဟန်းထံ၌ မကြားဘဲ ချအပ်သည်"ဟု ပြတော်မူသည်။

"သစေ သော ပုရေ အရုဏောယေဝ ကေနစိ ကရဏီယေန ဂတော ဟောတိ၊ ဝိဟာရံ ဂန္ဓာ ယံ သင္ဃပဋမံ ဘိက္ခုံ ပဿတိ၊ တဿ အာရောစေတွာ နိက္ခိပိတဗ္ဗံ"

ဟူသော ပါဠိဖြင့် "အရုဏ်တက်၍ ပရိဝါသ်ကို ချသောအခါ မကြားရသေးသော ရဟန်းထံ၌ ဖြစ်မူ ကြား၍ ချအပ်သည်"ဟု ပြတော်မူသည်။

"နေသံ အာရောစေတွာ တတော တေသု ဂတေသု ဝါ အဂတေသု ဝါ ပုရိမနယေန ပဋိပဇ္ဇိတဗ္ဗံ"

ဟူသောပါဠိဖြင့် "မာနတ်ဆောက်တည်သော ရဟန်းသည်လည်း အရုဏ်တက်၍ ချသော အခါ ပရိဝါသ်နည်းတူ ကြားပြီးသော ပကတတ်ရဟန်းထံ၌ မာနတ်ကို မကြားဘဲ ချအပ်သည်။ မကြားရသေးသော ပကတတ်ရဟန်းထံ၌ဖြစ်မူ မာနတ်ကို ကြား၍ ချအပ်သည်"ဟု ပြတော်မူသည်။

၃။ ဝိနယတ္ထမဇ္ဈူသာမည်သော လီနတ္ထပကာသနီဋီကာ၌—

တဿ အာရောစေတွာ နိက္ခိပိတဗ္ဗန္တိ အနာရောစေန္တဿ ဒုက္ကဋံ သိယာ။ တံ သန္ဓာယ ဝုတ္တံ၊ န တု ရတ္တိစ္ဆေဒံ သန္ဓာယ။ ဣတရထာ ဟိ ဝိဟာရသီမပရိယာပန္နာနံ သဗ္ဗေသံ အာရောစေတွာတိ ဝဒေယျ။

အာရောစိတကာလတော ပဋ္ဌာယ စ ဧကံ ဘိက္ခုံ ဌပေတွာ သေသေဟိ သတိ ကရဏီယေ ဂန္တုမ္ပိ ဝဋ္ဋတိ။ အရုဏော ဥဋ္ဌိတေ တဿ ဘိက္ခုဿ သန္တိကေ ဝတ္တံ နိက္ခိပိတဗ္ဗံ။ သစေ သောပိ ကေနစိ ကမ္မေန ပုရေ အရုဏောယေဝ ဂစ္ဆတိ၊ အည်

http://www.dhammadownload.com

ဝိဟာရတော နိက္ခန္တံ ဝါ အာဂန္တုကံ ဝါ ယံ ပဌမံ ပဿတိ၊ တဿ သန္တိကေ အာရောစေတွာ နိက္ခိပိတဗ္ဗံ။ အယဉ္စ ယသ္မာ ဂဏဿ အာရောစေတွာ ဘိက္ခူနဉ္စ အတ္ထိဘာဝံ သလ္လက္ခေတွာဝ ဝသိ၊ တေနဿ ဥနေ ဂဏော စရဏဒေါသော ဝါ ဝိပ္ပဝါသဒေါသော ဝါ န ဟောတိ။ သစေ ပန ကိဉ္စိ နပဿတိ၊ ဝိဟာရံ ဂန္တွာ ယံ ပဌမံ ပဿတိ၊ တဿ အာရောစေတွာ နိက္ခိပိတဗ္ဗံ။ တေနာဟ "တတော တေသု ဂတေသု ဝါ အဂတေသု ဝါ ပုရိမနယေနေဝ ပဋိပဇ္ဇိတဗ္ဗ"န္တိ—

ဟု ဖွင့်ဆိုတော်မူ၏(ကခ်။ဋီ-သစ်။၂၆၃-၂၆၇)။

ထိုဋီကာ၌ "**အရုဏော ဥဋ္ဌိတေ တဿ ဘိက္ခုဿ သန္တိကေ ဝတ္ထုံ နိက္ခိပိတဗ္ဗံ**" ဟူသော ပါဠိဖြင့် "အရုဏ်တက်၍ မာနတ်ကို ချသောအခါ ကြားပြီးသော ပကတတ်ရဟန်း ထံ၌ မကြားဘဲချအပ်သည်"ဟု ပြတော်မူသည်။

"**တဿ အာရောစေတွာ နိက္ခိပိတဗ္ဗန္တိ အနာရောစေန္တဿ ဒုက္ကဋံ သိယာ။ တံ သန္ဓာယ ဝုတ္တံ၊ န တု ရတ္တိစ္ဆေဒံ သန္ဓာယ။ ဣတရထာ ဟိ ဝိဟာရသီမပရိယာပန္နာနံ သဗ္ဗေသံ အာရောစေတွာတိ ဝဒေယျ**"

ဟူသော ပါဠိဖြင့် "ပရိဝါသ်, မာနတ် ၂-ပါးလုံးပင် အရုဏ်တက်၍ ချသောအခါ မကြားရ သေးသော ပကတတ်ရဟန်းထံ၌ ကြား၍ ချအပ်သည်။ မကြားဘဲချသော်လည်း ညဉ့်မပြတ်၊ ဝတ္တဘေဒ ဒုက္ကဋ်အာပတ်သာ သင့်သည်"ဟု ပြသည်။

၄။ သာရတ္ထဒီပနီဋီကာ၌လည်း—

တဿ အာရောစေတွာ နိက္ခိပိတဗ္ဗန္တိ အနာရောစနေန ဝတ္တဘေဒဒုက္ကဋပရိမောစနတ္ထံ ဝုတ္တံ—

ဟု ဆို၏(သာရတ္ထ၊၃။၃၇၁)။

၅။ **ဝိမတိဝိနောဒနီဋီကာ၌လည်း—**

အာရောစေတွာ နိက္ခိပိတဗ္ဗန္တိ ဒုက္ကဋပရိမောစနတ္ထံ ဝုတ္တံ။ ကေစိ ပန တဒဟေဝ ပုန ဝတ္တံ သမာဒိယိတွာ အရုဏံ ဥဋ္ဌာပေတုကာမဿ ရတ္တိစ္ဆေဒပရိဟာရတ္ထမ္ပိတိ ဝဒန္တိ- ဟု ဆို၏(ဝိမတိ၊၂။၂၁၈)။

ထိုသာရတ္ထဒီပနီ, ဝိမတိဝိနောဒနီဋီကာတို့သည် အဋ္ဌကထာ၌ ခဏ္ဍသိမ်အပြင်ဝယ် မာနတ်ကို ကမ္မဝါစာဖြင့် ပေးသည့်အဆုံး၌ မာနတ်ကို ဆောက်တည်၍ ကြားသော ရဟန်း

http://www.dhammadownload.com

အား သိမ်အပြင်၌ မချဘဲ ပြင်ပသို့ရောက်မှ မာနတ်ကို ချရာ မကြားရသေးသော ရဟန်းထံ၌ ကြား၍ ချအပ်သည်-ဟု ဆိုသောအရာ၌ ဖွင့်ပြသော စကားဖြစ်၍ ညဉ့်မခြားသေးသော အရာဖြစ်၍သာ ဆိုသည်။ အရုဏ်တက်၍ ချသောအခါ ညဉ့်တပါးခြားပြီး ဖြစ်၍ ကြားပြီးသောရဟန်းထံ၌ပင် မာနတ်ကို အရုဏ်တက်၍ ချသောအခါ ကြား၍ ချအပ်သည်ဟု ဆိုခဲ့ငြားအံ့၊ ထိုသို့ မဆိုအပ်ချေ။

၆။ အဋ္ဌကထာ(၀ိ၊၄၊၄။၁၇)၌

အညဿ ယဿ မာဠကေ နာရောစိတံ၊ တဿ အာရောစေတွာ နိက္ခိပိတဗ္ဗံ-

ဟု ညဉ့်,အရုဏ် မခြားသေးသော အရာ၌လာသော ပါဠိအရကို ဖွင့်ဆို၍-

အညံ ဝိဟာရတော နိက္ခန္တံ ဝါ အာဂန္တုကံ ဝါ ယံ ပဌမံ ပဿတိ၊ တဿ သန္တိကေ အာရောစေတွာ နိက္ခိပိတဗ္ဗံ-

ဟု ညဉ့်, အရုဏ်ခြားပြီးသောအရာ၌ လာသော အဋ္ဌကထာပါဠိ(၀ိ၊၄၊၄။၁၇)ကို အထူးဖွင့်ဆိုသင့်လျက် မဖွင့်ဆိုကြသောကြောင့် မာနတ်ကို ချသောအခါ ညဉ့်ခြားသည်ဖြစ်စေ၊ မခြားသည်ဖြစ်စေ အထူးမရှိ။ ကြားပြီးသော ပကတတ် ရဟန်းထံ ဖြစ်မူ မကြားဘဲ ချအပ်သည်-ဟု ပြတော်မူကြသည်ကို မှတ်ယူသင့်သည်။

ဤသို့ လာသော စူဠဝါအဋ္ဌကထာ, မာတိကာအဋ္ဌကထာ, လိနတ္ထပကာသနီဋီကာ, သာရတ္ထဒီပနီ, ဝိမတိဝိနောဒနီဋီကာတို့ကို ထောက်၍ ယခုကာလ ဆောက်တည်ကြသော နိက္ခိတ္တမာနတ်ကို အရုဏ်တက်၍ ချသောအခါ ကြားပြီးသော ပကတတ်ရဟန်းတို့တွင် ၁-ပါးထံမှာဖြစ်စေ၊ ၂-ပါး, ၃-ပါး စသည်တို့ထံမှာဖြစ်စေ မကြားဘဲ ချသော်လည်း အပြစ်မရှိ၊ အပ်သည်သာဟု သန္နိဋ္ဌာန်ကျ မှတ်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၁၃] မာနတ်ကို မကြားဘဲ ချခြင်းသည် အဋ္ဌကထာနှင့် မဆန့်ကျင်

(၁)မေး။ ။ အရဏ်တက်သောအခါ မာနတ်ကို မကြားဘဲ ချအပ်သည်-ဟု ဆိုသောစကားသည် "မာနတ္တာစာရိကဿ ဝတ္တေသု ဒေဝသိက် အာရောစေတဗ္ဗန္တိ ဝိသေသော" ဟု ဆိုသော စူဠဝါအဋ္ဌကထာ ပါရိဝါသိကက္ခန္ဓကအဖွင့်(နှာ-၁၅)နှင့် ဆန့်ကျင်သည် မဟုတ်ပါလော။

ဖြေ။ ။ **စူဠဝါအဋ္ဌကထာ ပါရိဝါသိကက္ခန္ဓကအဖွင့်၌**

၁။ "မာနတ္တာစာရိကဿ ဝတ္တေသု ဒေဝသိက် အာရောစေတဗ္ဗန္တိ ဝိသေသော"ဟု ဆိုသောစကားကို ခဏ္ဍသိမ် အပြင်၌ ကမ္မဝါစာဖြင့် ပေးသည့်အဆုံး၌ ဆောက်တည်၍ ကြားပြီးလျှင် မချဘဲ ကျင့်အပ်သော အနိက္ခိတ္တပရိဝါသ်နှင့် အနိက္ခိတ္တမာနတ်၏ ထူးသောအဖြစ်ကို ရည်၍ မချဘဲ ကျင့်သော မာနတ်ကို အရဏ်တက်သောအခါ နေ့တိုင်းကြားရမည်-ဟူသောစကားကို ဆိုတော်မူသည်။

ယခုကာလ အရဏ်တက်သောအခါ ချ၍ နေ့တိုင်း ဆောက်တည်, ကြားသော နိက္ခိတ္တပရိဝါသ်နှင့် နိက္ခိတ္တမာနတ်ကို ရည်၍ ဆိုတော်မူသောစကား မဟုတ်သောကြောင့် မဆန့်ကျင်။

အဋ္ဌကထာအနက်ကား။ မာနတ္တာစာရိကဿ၊ မာနတ်ကျင့်သောရဟန်း၏။ ဝတ္တေသု၊ မချဘဲ ဆောက်တည်သော မာနတ်ကျင့်ဝတ်တို့၌။ ဒေဝသိက်၊ နေ့တိုင်း နေ့တိုင်း။ အာရောစေတဗ္ဗံ၊ ၏။ ဣတိ၊ သို့။ ဝိသေသော၊ အနိက္ခိတ္တပရိဝါသ်နှင့် အနိက္ခိတ္တမာနတ်ဝတ်၏အထူးကို။ ဝေဒိတဗ္ဗော၊ ၏။

အဓိပ္ပါယ်ကား။ အနိက္ခိတ္တပရိဝါသ်မှာ ၁-ခုသော ကျောင်းတိုက်၌ ရဟန်းနည်း၍ ညဉ့်မပြတ်အောင် စောင့်နိုင်လျှင် ၅-ရက် ပရိဝါသ်ကို ခဏ္ဍသိမ် အပြင်၌ ကမ္မဝါစာဖြင့် ပေးသည့်အဆုံး၌ ပရိဝါသ်ကို ဆောက်တည်၍ ကြားပြီးလျှင် ထိုပရိဝါသ်ကို မချဘဲသာ အာဂန္တုကရဟန်း မလာလျှင် ၅-ရက်ပတ်လုံး မကြားဘဲနေအပ်သည်။

အနိက္ခိတ္တမာနတ်မှာ ထိုပရိဝါသ်အတူ ဆောက်တည်၍ အာဂန္တုက မလာသော်လည်း ထိုကျောင်းတိုက်၌ ကြားပြီးသော ပကတတ်ရဟန်းတို့အား နေ့တိုင်း နေ့တိုင်း ၆-ရက်

http://www.dhammadownload.com

စေ့အောင် ကြားအပ်သည်။ ဤသို့ မာနတ်မှာ နေ့တိုင်းနေ့တိုင်း ကြားအပ်သည်ကား အထူးဟု ပြတော်မူသည်။

နိုက်ဒ်တ္တပရိဝါသ်နှင့် နိုက်ဒ်တ္တမာနတ်မှာ နေ့တိုင်းနေ့တိုင်း ဝတ်ကိုချ၍ နေ့တိုင်းနေ့တိုင်း အရုဏ်အတွင်း၌ ဆောက်တည်၍ ကြားသည်ဖြစ်သောကြောင့် ပရိဝါသ်နှင့် မာနတ် အရုဏ်တက်၍ ချသောအခါ အထူးမရှိ၊ ကြားပြီးသော ပကတတ်ရဟန်းထံမှာ မကြားဘဲ ချရာ၌ အပြစ်မရှိဟု သန္နိဋ္ဌာန်ကျ မှတ်။

၂။ ထိုအကြောင်းကို သိစေခြင်းငှာ ပါဠိတော်ကို ထုတ်ဆောင်၍ ပြလိုက်အံ့—

> တေန ခေါ ပန သမယေန သာဝတ္ထိယံ မဟာဘိက္ခုသံယော သန္နိပတိတော ဟောတိ၊ န သက္ကောန္တိ ပါရိဝါသိကာ ဘိက္ခူ ပရိဝါသံ သောဓေတုံ၊ ဘဂဝတော စေတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ ပရိဝါသံ နိက္ခိပိတုံ။ ဧဝဉ္စ ပန ဘိက္ခဝေ နိက္ခိပိတဗ္ဗော၊ တေန ပါရိဝါသိကေန ဘိက္ခုနာ ဧကံ ဘိက္ခုံ ဥပသင်္ကမိတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော "ပရိဝါသံ နိက္ခိပါမိ"တိ၊ နိက္ခိတ္တော ဟောတိ ပရိဝါသော။ "ဝတ္တံ နိက္ခိပါမိ"တိ၊ နိက္ခိတ္တော ဟောတိ ပရိဝါသော။
>
> တေန ခေါ ပန သမယေန သာဝတ္ထိယာ ဘိက္ခူ တဟံ တဟံ ပက္ကမိံသု။ သက္ကောန္တိ ပါရိဝါသိကာ ဘိက္ခူ ပရိဝါသံ သောဓေတုံ၊ ဘဂဝတော စေတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ ပရိဝါသံ သမာဒိယိတုံ။ ဧဝဉ္စ ပန ဘိက္ခဝေ သမာဒိယိတဗ္ဗော၊ တေန ပါရိဝါသိကေန ဘိက္ခုနာ ဧကံ ဘိက္ခုံ ဥပသင်္ကမိတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော "ပရိဝါသံ သမာဒိယာမိ"တိ၊ သမာဒိန္နော ဟောတိ ပရိဝါသော။ "ဝတ္တံ သမာဒိယာမိ"တိ၊ သမာဒိန္နော ဟောတိ ပရိဝါသော။
>
> တေန ခေါ ပန သမယေန သာဝတ္ထိယံ မဟာဘိက္ခုသံယော သန္နိပတိတော ဟောတိ၊ န သက္ကောန္တိ မာနတ္တစာရိကာ ဘိက္ခူ မာနတ္တံ သောဓေတုံ၊ ဘဂဝတော စေတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ မာနတ္တံ နိက္ခိပိတုံ။ ဧဝဉ္စ ပန ဘိက္ခဝေ နိက္ခိပိတဗ္ဗံ၊ တေန မာနတ္တစာရိကေန ဘိက္ခုနာ ဧကံ ဘိက္ခုံ ဥပသင်္ကမိတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော "မာနတ္တံ နိက္ခိပါမိ"တိ၊ နိက္ခိတ္တံ ဟောတိ မာနတ္တံ။ "ဝတ္တံ နိက္ခိပါမိ"တိ၊ နိက္ခိတ္တံ ဟောတိ မာနတ္တံ။

http://www.dhammadownload.com

တေန ခေါ ပန သမယေန သာဝတ္ထိယာ ဘိက္ခူ တဟံ တဟံ ပက္ကမိံသု၊ သက္ကောန္တိ မာနတ္တစာရိကာ ဘိက္ခူ မာနတ္တံ သောဓေတုံ၊ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ မာနတ္တံ သမာဒိယိတုံ။ ဧဝဉ္စ ပန ဘိက္ခဝေ သမာဒိယိတဗ္ဗံ၊ တေန မာနတ္တစာရိကေန ဘိက္ခုနာ ဧကံ ဘိက္ခုံ ဥပသင်္ကမိတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော "မာနတ္တံ သမာဒိယာမိ"တိ၊ သမာဒိန္နံ ဟောတိ မာနတ္တံ။ "ဝတ္တံ သမာဒိယာမိ"တိ၊ သမာဒိန္နံ ဟောတိ မာနတ္တံ—

ဟု **စူဠဝါဟိဋ္ဌတော်၊ ပါရိဝါသိကက္ခန္ဓကဋ္ဌ** ဟောတော်မူသည်(ဝိ၊၄။၈၇-၉၉)။

၃။ **ပါရိဝါသိကက္ခန္ဓကအဋ္ဌကထာဋ္ဌလည်း—**

နံ သက္ကောန္တီတိ သံယဿ မဟန္တတာယ တတ္ထ တတ္ထ ဂန္ဒှာ သဒ္ဓေသံ အာရောစေတုံ အသက္ကောန္တာ သောဓေတုံ နံ သက္ကောန္တိ။ "ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ"တိ ဣမေသု ဒ္ဝီသု ပဒေသု ဧကေနာပိ နိက္ခိတ္တောဝ ဟောတိ ပရိဝါသော၊ ဒ္ဝီဟိ သုနိက္ခိတ္တောယေဝ။ သမာဒါနေပိ ဧသေဝ နယော။ ဧဝံ ဝတ္တံ သမာဒိယိတွာ ပရိဝုတ္ထပရိဝါသဿ မာနတ္တံ ဂဏ္ဍတော ပုန ဝတ္တ သမာဒါနကိစ္စံ နတ္ထိ၊ သမာဒိန္နဝတ္တောယေဝ ဟေသ။ တသ္မာဿ ဆာရတ္တံ မာနတ္တံ ဒါတဗ္ဗံ၊ စိဏ္ဏမာနတ္တော အဿေတဒ္ဓေ။ မာနတ္တစာရိကဿ ဝတ္တေသု ဒေဝသိကံ အာရော-စေတဗ္ဗန္တိ ဝိသေသော-

ဟု ဖွင့်တော်မူ၏(ဝိ၊၆၊၄။၁၄-၁၅)။

ထိုအဋ္ဌကထာပါဠ်၏ အနက်ကား— နံ သက္ကောန္တီတိ၊ ဟူသည်ကား။ သံယဿ၊ ၏။ မဟန္တတာယ၊ များသည်၏အဖြစ်ကြောင့်။ တတ္ထ တတ္ထ၊ ထိုထိုနေရာ၌။ ဂန္ဒှာ၊ ၍။ သဒ္ဓေသံ၊ အလုံးစုံသောရဟန်းတို့အား။ အာရောစေတုံ၊ ကြားခြင်းငှာ။ အသက္ကောန္တာ၊ မစွမ်းနိုင်သည်ဖြစ်၍။ သောဓေတုံ၊ သုတ်သင်ခြင်းငှာ။ နံ သက္ကောန္တိ၊ မတတ်နိုင်ကုန်။ ပရိဝါသံ၊ ပရိဝါသ်ကို။ နိက္ခိပါမိ၊ ချပါ၏။ ဝတ္တံ၊ ဝတ်ကို။ နိက္ခိပါမိ၊ ချပါ၏။ ဣတိ၊ သို့။ ဣမေသု ဒ္ဝီသု၊ ဤ ၂-ပုဒ်တို့တွင်။ ဧကေနပိ၊ ၁-ပုဒ်ဖြင့်လည်း။ ပရိဝါသော၊ ကို။ နိက္ခိတ္တောဝ၊ ချအပ်သည်သာ။ ဟောတိ၊ ၏ ဒ္ဝီဟိ၊ ၂-ပုဒ်တို့ဖြင့်။ သုနိက္ခိတ္တောယေဝ၊ ကောင်းစွာချအပ်သည် သာလျှင်။ ဟောတိ၊ ၏။ သမာဒါနေပိ၊ ဆောက်တည်ရာ၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင် နည်းရှိ၏။ ဧဝံ၊ သို့။ ဝတ္တံ၊ ပရိဝါသ်ကို။ သမာဒိယိတွာ၊ ဆောက်တည်၍။

http://www.dhammadownload.com

ပရိဝုတ္ထပရိဝါသဿ၊ ပရိဝါသ်နေပြီးသော ရဟန်းအား။ ဝါ၊ နေပြီးသော ပရိဝါသ်ရှိသော ရဟန်းအား။ မာနတ္တံ၊ မာနတ်ကို။ ဂဏှာတော၊ ယူသည်ရှိသော်။ ပုန၊ တဖန်။ ဝတ္တ သမာဒါနကိစ္စံ၊ ဝတ်ဆောက်တည်ခြင်းကိစ္စသည်။ နတ္ထိ၊ မရှိ။ ဟိ၊ မှန်၏။ ဝါ၊ ဟိ ယသ္မာ၊ ကြောင့်။ ဧသ ဧသော၊ ဤရဟန်းသည်။ သမာဒိန္နဝတ္တောယေဝ၊ မချဘဲဆောက်တည်အပ်သော ဝတ်ရှိသည် သာလျှင်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ အဿ၊ ထိုရဟန်းအား။ ဆာရတ္တံ၊ ၆-ည၌ပတ်လုံး။ မာနတ္တံ၊ ကို။ ဒါတဗ္ဗံ၊ ၏။ စိဏ္ဏမာနတ္တော၊ မာနတ် ကျင့်ပြီးသည်ရှိသော်။ အဗ္ဘေတဗ္ဗော၊ အဘ္ဘာန်သွင်းအပ်၏။

မာနတ္တစာရိကဿ၊ အနိက္ခိတ္တမာနတ် ကျင့်သောရဟန်း ၏။ ဝါ၊ အား။ ဝတ္တေသု၊ မာနတ်ကျင့်ဝတ်တို့၌။ ဒေဝသိက၊ နေ့တိုင်းနေ့တိုင်း။ အာရောစေတဗ္ဗံ၊ ကြားအပ်၏။ ဣတိ၊ သို့။ ဝိသေသော၊ အထူးကို။ ဝေဒိတဗ္ဗော။ ၏။

ဤသို့လာသော ပါဠိ,အဋ္ဌကထာတို့ကို ထောက်၍ ယခုကာလ ယူကြသော နိက္ခိတ္တ-မာနတ်ကို အရုဏ်တက်၍ ချသောအခါ ကြားပြီးသော ပကတတ်ရဟန်းထံ၌ ဖြစ်မူ မကြားဘဲ ချအပ်သည်။ မကြားဘဲ ချသော်လည်း အပြစ်မရှိ၊ အပ်သည်သာဟု သန္နိဋ္ဌာန်ကျ မှတ်။

၄။ ဝိနယာလင်္ကာရဋီကာ၌ကား–

> မာနတ္တစရဏကာလေ ပန သမာဒါနေ အာရောစိတေပိ နိက္ခိပနေ အဝဿံ အာရောစေတဗ္ဗမေဝ။ ကသ္မာ ဒိဝသန္တရဘာဝတော။ "ဒေဝသိကံ အာရောစေတဗ္ဗ"န္တိ ဟိ ဝုတ္တံ။ ဧဝံ သန္တေပိ သာယံ သမာဒါနကာလေ အာရောစေဿန္တိ၊ တသ္မာ နိက္ခိပန-ကာလေ အာရောစနကိစ္စံ နတ္ထီတိ စေ။ န ဝဒေယ္ယ၊ သာယံ သမာဒါနကာလေ ဧတေ ဘိက္ခူ အာဂစ္ဆိဿန္တိပိ န အာဂစ္ဆိဿန္တိပိ၊ အနာဂတာနံ ကထံ အာရောစေဿန္တိ၊ (အာရောစေတုံ လဘိဿန္တိ) အနာရောစနေ စ သတိ ရတ္တိစ္ဆေဒေါ သိယာ။ တသ္မာ တသ္မိံ ဒိဝသေ အရုဏေ ဥဋ္ဌိတေ ဝတ္တာနိက္ခိပနတော ပုရေယေဝ အာရောစေတဗ္ဗန္တိ နော မတိ။ သုဋ္ဌုတရံ ဥပမာရေတ္တာ ဂဏှိတဗ္ဗံ–

ဟု ဆိုတော်မူ၏(ဝိနယာလင်္ကာရဋီ၊ ၂။ ၂၃၀)။

ထိုဝိနယာလင်္ကာရဋီကာဆရာ၏ စကားသည် "ကေစိ ပန တဒဟေဝ ပုန သမာဒိ-ယိတ္တာ အရုဏံ ဥဋ္ဌာပေတုကာမဿ ရတ္တိစ္ဆေဒပရိဟာရတ္ထမိတိ ဝဒန္တိ"ဟု ဆိုသော ဝိမတိ-ဝိနောဒနီဋီကာ သမုစ္စယက္ခန္ဓကအဖွင့်(နှာ-၂၁၈)၌ လာသော ကေစိဝါဒနှင့် ညီသည်။ ထိုကေစိဝါဒကို မနှစ်သက်၍ ဝိမတိဝိနောဒနီဋီကာဆရာသည် "အာရောစေတွာ နိက္ခိပ-တဗ္ဗန္တိ ဒုက္ကဋပရိမောစနတ္ထံ ဝုတ္တံ"ဟု သကဝါဒကို ပြတော်မူသည်။

http://www.dhammadownload.com

ထိုဝိနယာလင်္ကာရဋီကာဆရာ၏ စကားသည် "အရုဏော ဥဋ္ဌိတော တဿ ဘိက္ခု-ဿ သန္တိကေ ဝတ္ထံ နိက္ခိပိတဗ္ဗံ"ဟု ဆိုသော သမုစ္စယက္ခန္ဓက အဋ္ဌကထာ, (ဝိ၊ဋ္ဌ၊၄၊၁၇) လီနတ္ထ-ပကာသနီဋီကာ(က၁။ဋီ-သစ်။၂၆၇)တို့နှင့် ဆန့်ကျင်သကဲ့သို့ ရှိသည်။

✪ ✪ ✪ ✪ ✪

[၁၁၄] ကျောင်းတွင်း, ကျောင်းပြင် ဥပစာအပိုင်းအခြား

(၁) မေး။ ။ ကျောင်းတိုက်တွင်း၌ ဝတ်ယူသောရဟန်း၏ ဥပစာအပိုင်းအခြား၊ ကျောင်းတိုက်ပြင်ပသို့ထွက်၍ ဝတ်ယူသောရဟန်း၏ ဥပစာအပိုင်းအခြားကို အသို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ-

၁။ ဇတ္ထု ပန ဥပစာရသီမဂတာနံ အာရောစေတဗ္ဗံ၊ န ဗဟိ ဋ္ဌိတာနံ၊ ဗဟိ ဋ္ဌိတာနမ္ပိ သစေ သဒ္ဒံ သုဏာတိ, ပဿတိ၊ ဒူရံ ဝါ ဂန္ဒှာ အာရောစေတဗ္ဗမေဝ။ အနာရောစေန္တသ္သ ရတ္တိစ္ဆေဒေါ စေဝ ဝတ္တဘေဒေ ဒုက္ကဋဉ္စ ဟောတိ။ အဇာ-နန္တသ္သေဝ ဥပစာရသီမံ ပဝိသိတွာ ဂစ္ဆန္တိ စေ၊ ရတ္တိစ္ဆေဒေါဝ ဟောတိ၊ န ဝတ္တဘေဒေါ—

ဟု လာသော ခုဒ္ဒသိက္ခာဋီကာဟောင်း(နှာ-၈၃),

၂။ အထ ဒွါဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တသ္သေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါ ဟောတိ စေဝ၊ ဝတ္တဘေဒေါ ပန နတ္ထိ (ဝိ၊ဋ္ဌ၊၄၊၁၇)—

ဟု လာသော **စူဠဝါ**အဋ္ဌကထာတို့ကို ထောက်၍ အလုံးစုံသော ကျောင်းတိုက်အာရာမ်သည် ဝတ်ယူသောရဟန်း၏နေရာ ဥပစာအပိုင်းအခြား မည်သည်။ ကျောင်းတိုက်ပြင်ပသို့ ထွက်သွား၍ ဆောက်တည်မူ ၁၂-တောင်ရှိသော အရပ်သည် ဝတ်ယူသောရဟန်း၏ နေရာ ဥပစာအပိုင်းအခြား မည်သည်။

ဇတ္ထု ပန၊ ဤကျောင်းတိုက်အတွင်းမှာ ဝတ်ယူရာ၌ကား။ ဥပစာရသီမဂတာနံ၊ ကျောင်းတိုက်ဖြင့် ပိုင်းခြားအပ်သော ဥပစာရသီမ်၌ တည်သောရဟန်းတို့အား။ အာရော-စေတဗ္ဗံ၊ ၏။ ဗဟိ ဋ္ဌိတာနံ၊ ကျောင်းတိုက်ပြင်ဘက်၌ တည်သောရဟန်းတို့အား။ န အာရောစေတဗ္ဗံ၊ မကြားအပ်။ ဗဟိ ဋ္ဌိတာနမ္ပိ၊ ကျောင်းတိုက်ပြင်ဘက်၌ တည်သော ရဟန်း-တို့အားလည်း။ သဒ္ဒံ၊ အသံကို။ သစေ သုဏာတိ၊ ကြားအံ့။ ရူပံ၊ အဆင်းကို။ သစေ

http://www.dhammadownload.com

ပဿတိ၊ မြင်ဘဲ့။ ဒူရံ ဝါ၊ ဝေးသောအရပ်သို့လည်း။ ဂန္ဓာ၊ ၍။ အာရောစေတဗ္ဗမေဝ၊ ကြားအပ်သည်သာတည်း။ အနာရောစေန္တဿ၊ ရဟန်းအား။ ရတ္တိစ္ဆေဒေါ စေဝ၊ ညဉ့်ပြတ်ခြင်းသည်လည်းကောင်း။ ဝတ္တာဘေဒေ ဒုက္ကဋ္ဌာ၊ ဝတ်ဖျက်၍ ဒုက္ကဋ်သင့်ခြင်းသည်လည်းကောင်း။ ဟောတိ၊ ၏။ အဇာနန္တဿေဝ၊ မသိဘဲသာလျှင်။ ဥပစာရသီမံ၊ ဥပစာရသီမ်ကို။ ပဝိသိတွာ၊ ဝင်၍။ စေ ဂစ္ဆန္တိ၊ သွားကုန်အံ့။ ရတ္တိစ္ဆေဒေါ၀၊ ညဉ့်ပြတ်ခြင်းသည်သာလျှင်။ ဟောတိ၊ ၏။ ဝတ္တာဘေဒေါ၊ ဝတ္တာဘေဒဒုက္ကဋ်သည်။ န ဟောတိ၊ မဖြစ်။

ဒွါဒသဟတ္ထံ၊ ၁၂-တောင်ရှိသော။ ဥပစာရံ၊ ဥပစာအရပ်သို့။ သြက္ကမိတွာ၊ သက်၍။ အဇာနန္တဿေဝ၊ မသိဘဲသာလျှင်။ ဂစ္ဆတိ၊ သွား၏။ ရတ္တိစ္ဆေဒေါ၊ ညဉ့်ပြတ်သည်။ ဟောတိ ဧဝ၊ ဖြစ်သည်သာတည်း။ ဝတ္တာဘေဒေါ ပန၊ ဝတ္တာဘေဒဒုက္ကဋ်သည်ကား။ နတ္ထိ၊ မရှိ။

ထို့ကြောင့် ၁-ခုသော ကျောင်းတိုက်အတွင်း၌ ဝတ်ယူမူ ဆောက်တည်၍ ကြားပြီးလျှင် ပကတတ်ရဟန်းနှင့် ၁၂-တောင်ကိုလွန်၍ အလိုရှိရာ ကျောင်းတိုက်တွင်း၌ နေအပ်သည်။

ကျောင်းတိုက်ပြင်ဘက်သို့ ထွက်၍ ဝတ်ယူမူ ဆောက်တည်သောအခါ ပကတတ်ရဟန်းနှင့် ၁၂-တောင် ဥပစာအတွင်း၌ နေ၍ ဆောက်တည်ကြားပြီးလျှင် ပကတတ်ရဟန်းနှင့် ၁၂-တောင်ကို လွန်၍ မနေအပ်ဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

[၁၁၅] ညဉ့်ပြတ်၍ အရုဏ်အတွင်း ထပ်မံဆောက်တည်နေခြင်း

(၁)မေး။ ။ အကြင်ရဟန်းသည် နံနက်စောစောထ၍ ဝတ်ကို ဆောက်တည်ရာ ရတ္တိစ္ဆေဒအင်္ဂါတို့တွင် ၁-ခုခုသောအင်္ဂါကြောင့် အရုဏ်မတက်မီ ညဉ့်ပြတ်ခဲ့မူ ထိုညဉ့်၌ ထပ်၍ ဆောက်တည်လျှင် အပ်ပါမည်လော။

ဖြေ။ ။ ထိုသို့ ပြတ်ပြီးသောညဉ့်ကို အရုဏ်မတက်သေးလျှင် ဆောက်တည်အပ်သော ဝတ်ကို ချ၍ တဖန် ထပ်မံဆောက်တည်ခြင်းသည် အပ်၏။

၁။ အထ နံ သက္ကာ သောဓေတုံ၊ ဝုတ္တနယေနေဝ ဝတ္တံ နိက္ခိပိတွာ ပစ္ဆူသမယေ ဧကေန ဘိက္ခုနာ သဒ္ဓိ မာနတ္တဝဏ္ဏနာယံ ဝုတ္တနယေနေဝ ဥပစာရသီမံ အတိက္ကမိတွာ မဟာမဂ္ဂါ သြက္ကမ္မ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတွာ အရုဏေ-ယေဝ ဝုတ္တနယေနေဝ ဝတ္တံ သမာဒိယိတွာ တဿ ဘိက္ခုနော ပရိဝါသော အာရောစေတဗ္ဗော။

http://www.dhammadownload.com

သစေ အညော ကောစိ ဘိက္ခု ကေနစိဒေဝ ကရဏီယေန တံ ဌာနံ အာဂစ္ဆတိ၊ သစေ နော သေ တံ ပဿတိ၊ သဒ္ဒံ ဝါ သုဏာတိ၊ အာရောစေတဗ္ဗံ။ အနာရောစေန္တသ္သ ရတ္တိစ္ဆေဒေါ စေဝ ဝတ္တာဘေဒေါ စ—

ဟု လာသော စူဠဝါအဋ္ဌကထာကို ထောက်(ဝိ၊ဋ္ဌ၊၄။၂၃)။

ထိုအဋ္ဌကထာ၌ "အန္တောအရုဏေယေဝ ဝတ္တံ သမာဒိယိတ္ထာ"ဟူသောပါဠိဖြင့် ဝတ်စောင့်သော ရဟန်းတို့၏ ညဉ့်အပိုင်းအခြားမှာ အရုဏ်ပမာနဖြစ်သည်။ အရုဏ်မတက်မီ ဘယ်အခါမဆို ဝတ်ကို ဆောက်တည်၍ ကြားအပ်သည်ဟု ပြတော်မူသည်။

"သစေ အညော ကောစိ ဘိက္ခု"အစရှိသောပါဠိဖြင့် နိက္ခိတ္တဝတ်ယူသောရဟန်း၏ ညဉ့်ပြတ်ခြင်းကိုသာ ပြသတော်မူသည်။ ထိုညဉ့်ပြတ်သော်လည်း အရုဏ်မတက်သေးလျှင် ထိုဆောက်တည်အပ်သော ညဉ့်ပြတ်သောဝတ်ကို ချ၍ တဖန် ထပ်မံဆောက်တည်မူအပ်သည်၊ ရသည်-ဟူ၍လည်း အနက်သဘောကျကို မှတ်ယူသင့်သည်။

ထို့ကြောင့် ထိုဆောက်တည်သောဝတ်ကို ညဉ့်ပြတ်မူ ဝတ်ကို ချ၍ အရုဏ်မတက်သေးလျှင် ထပ်မံဆောက်တည်အပ်သည်ဟု သိရာ၏။

✪ ✪ ✪ ✪ ✪

[၁၁၆] ခဏ္ဍသိမ်၌ ပရိဝါသ်ကဆောင်စဉ် ရဟန်းတပါးကို မြင်ခြင်း

(၁)မေး။ ။ ၁-ခုသော ခဏ္ဍသိမ်အပြင်၌ ပရိဝါသ်ကို ယူလိုသော ရဟန်းသည် ပရိဝါသ်တောင်းသောအခါ, ကမ္မဝါစာဖြင့် ပေးသောအခါ, ပရိဝါသ်ကို ဆောက်တည်၍ ကြားသောအခါတို့၌လည်းကောင်း၊ မာနတ်ယူသော ရဟန်းသည် ပရိဝါသ်ကို ဆောက်တည်၍ မာနတ်ကို တောင်းသောအခါ, ကမ္မဝါစာဖြင့် ပေးသောအခါ, မာနတ်ကို ဆောက်တည်၍ ကြားသောအခါတို့၌လည်းကောင်း၊ အဇ္ဈာန်သွင်းသော ရဟန်းသည် မာနတ်ကို ဆောက်တည်၍ အဇ္ဈာန်တောင်းသောအခါ, ကမ္မဝါစာဖြင့် အဇ္ဈာန်သွင်းသောအခါတို့၌လည်းကောင်း ကျောင်းတိုက်ပြင်ဘက်က သွားသော အာဂန္တုကရဟန်းကို ဖြစ်စေ၊ ကျောင်းတိုက်၌ရှိနေသော ရဟန်းကို ဖြစ်စေ အဆင်းကို မြင်၍လည်းကောင်း၊ အသံကို ကြား၍လည်းကောင်း ထိုပရိဝါသ်, မာနတ်, အဇ္ဈာနက်တို့သည် ပျက်မည်လော။

ဖြေ။ ။ ထို ပရိဝါသ်, မာနတ်, အဇ္ဈာနက်တို့သည် မပျက်ကုန်။

http://www.dhammadownload.com

၁။ ကမ္မဝါစာပရိယောသာနေ စ တေန ဘိက္ခုနာ မာဥကသိမာယမေဝ "ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ"တိ ဝုတ္တနယေနေဝ ဝတ္တံ သမာဒါတဗ္ဗံ။ သမာဒိယိတ္တာ တတ္ထေဝ သံယသေ အာရောစေတဗ္ဗံ။

အာရောစေတ္တာ သစေ နိက္ခိပိတုကာမော၊ ဝုတ္တနယေနေဝ သံယမဿေ နိက္ခိပိတဗ္ဗံ။ မာဥကတော ဘိက္ခုသု နိက္ခန္တေသု ဧကဿာပိ သန္တိကေ နိက္ခိပိတုံ ဝဋ္ဋတိ။ မာဥကတော နိက္ခမိတ္တာ သတိ ပဋိလဘန္တေန သဟဂစ္ဆန္တဿ သန္တိကေ နိက္ခိပိတဗ္ဗံ။ သစေ သောပိ ပက္ကန္တော၊ အညဿ ယဿ မာဥကေ နာရောစိတံ၊ တဿ အာရောစေတ္တာ နိက္ခိပိတဗ္ဗံ။

နိက္ခိတ္တကာလတော ပဋ္ဌာယ ပကတတ္တဋ္ဌာနေ တိဋ္ဌတိ။

သစေ အပ္ပဘိက္ခုကော ဝိဟာရော ဟောတိ၊ သဘာဂါ ဘိက္ခူ ဝသန္တိ၊ ဝတ္တံ အနိက္ခိပိတ္တာ ဝိဟာရေယေဝ ရတ္တိပရိဂ္ဂဟော ကာတဗ္ဗော။ အထ န သက္ကာ သောဓေတုံ၊ ဝုတ္တနယေနေဝ ဝတ္တံ နိက္ခိပိတ္တာ ပစ္ဆူသသမယေ ဧကေန ဘိက္ခုနာ သဒ္ဓိ မာနတ္တဝဏ္ဏနာယံ ဝုတ္တနယေနေဝ ဥပစာရသီမံ အတိက္ကမိတ္တာ မဟာမဂ္ဂါ သြက္ကမ္မ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတ္တာ အန္တောအရုဏေယေဝ ဝုတ္တနယေနေဝ ဝတ္တံ သမာဒိယိတ္တာ တဿ ဘိက္ခုနော ပရိဝါသော အာရောစေတဗ္ဗော–

ဟုလာသော **စူဠဝါအဋ္ဌကထာကို** ထောက်။

၂။ **မာတိကာအဋ္ဌကထာ(ကခ်ီ။ဋ္ဌ။၁၄၇), ခုဒ္ဒသိက္ခာဋီကာသစ်(နှာ-၂၆၆-၇), မူလသိက္ခာဋီကာသစ်တို့၌လည်း ခဏ္ဍသိမ်အပြင်၌ကမ္မဝါစာဖြင့်ပေးရာမှာ နည်းတူလာသည်(ဝိ။ဋ္ဌ။၄။၂၂-၂၃)**

ထိုစူဠဝါအဋ္ဌကထာ၌ "သမာဒိယိတ္တာ တတ္ထေဝ သံယသေ အာရောစေတဗ္ဗံ။ အာရောစေတ္တာ သစေ နိက္ခိပိတုကာမော ဝုတ္တနယေနေဝ သံယမဿေ နိက္ခိပိတဗ္ဗံ" ဟူသော ပါဠိဖြင့် ခဏ္ဍသိမ်အပြင်၌ ကမ္မဝါစာဖြင့် ပေး၍ ဆောက်တည်ရာ, ကြားရာတို့၌ ထိုခဏ္ဍသိမ်၌ ရှိသောသံယာကိုသာ ကြားရမည်ဟု ပြတော်မူသည်။ ၁-ခုသောကျောင်းတိုက် အတွင်း၌ရှိသော ခဏ္ဍသိမ်၌ ကမ္မဝါစာဖြင့် ပေး၍ ခဏ္ဍသိမ်၌ ဆောက်တည်၍ ကြားရာ ထိုကျောင်းတိုက်၌ရှိသော သံယာကို အကုန်သိမ်း၍ ကြားရမည်။ မြင်သော အာဂန္တု ရဟန်းကို ကြားရမည်ဟု မဆို။ ခဏ္ဍသိမ်အပြင်၌ရှိသော သံယာကိုသာ ကြားရမည်ဟု ဆိုတော်မူသည်။

ထိုခဏ္ဍသိမ်၌ ကမ္မဝါစာဖြင့် ပေး၍ ဝတ်ကို ဆောက်တည်၍ ကြားပြီးလျှင် ဝတ်ကို မချသော ရဟန်းမှာ ထိုခဏ္ဍသိမ်မှ ထွက်၍ ညဉ့်အပိုင်းအခြားကို မှတ်၍ စောင့်နေရာ,

http://www.dhammadownload.com

ဝတ်ကို ချသောရဟန်းမှာ တဖန် ညဉ့်အပိုင်းအခြားကို မှတ်၍ ဆောက်တည်၍ ကြားရာတို့၌ သာ ကျောင်းတိုက်တွင်းဖြစ်မူ ဥပစာရသိမ်အတွင်းရှိသော ရဟန်းကုန်, ကျောင်းတိုက် ပြင်ဘက်ဖြစ်မူ ၁၂-တောင်အရပ်အတွင်း၌ရှိသော ရဟန်းကို, ထိုဥပစာပြင်ဘက်၌ တည်သော်လည်း မြင်မူ, ကြားမူ ဝတ်ကို ကြားရမည်-ဟု ဆိုတော်မူသည်။

ထို့ကြောင့် ယခုကာလယူကြသော နိုက္ခိတ္တဝတ်စောင့်ကြသော ရဟန်းတို့မှာ ပရိဝါသ်, မာနတ်, အဗ္ဘာန်ကံကို ခဏ္ဍသိမ်အပြင်၌ ဝတ်ကို တောင်းသောအခါ, ကမ္မဝါစာ ဖြင့်ပေးသောအခါ, ဆောက်တည်၍ ကြားသောအခါတို့၌ ညဉ့်အပိုင်းအခြားကိုမှတ်၍ ဆောက်တည်ကြားသောအရာ မဟုတ်၍ တပါးက ရဟန်းကို မြင်၍ မကြားသော်လည်း ညဉ့်မရှိသောကြောင့် မပျက်ဟု မှတ်။

မာနတ်ယူသောရဟန်းသည် ပရိဝါသ်ကို ဆောက်တည်သောအခါ ကျင့်ပြီး ညဉ့်ဖြစ် သည်။ မာနတ်ကို တောင်း၍ ကမ္မဝါစာဖြင့် ပေးသည့်အဆုံး ဆောက်တည်၍ ကြားသော အခါ ညဉ့်အပိုင်းအခြားကို မှတ်၍ ဆောက်တည်သောအရာ မဟုတ်၍ တပါးက ရဟန်းကို မြင်၍ မကြားသော်လည်း ညဉ့်မရှိသောကြောင့် မပျက်ဟု မှတ်။

အဗ္ဘာန်သွင်းသောအခါ ကျင့်ပြီးညဉ့်ဖြစ်သောကြောင့် တပါးက ရဟန်းကို မြင်၍ မကြားသော်လည်း မပျက်ဟု မှတ်ယူသင့်သည်။

ညဉ့်အရှေ့ဏ်အပိုင်းအခြားကို မှတ်၍ ဆောက်တည်ကြားသော အရာမှာ အာရာမ် ရှိသော ကျောင်းတိုက်ဖြစ်မူ အာရာမ်ဥပစာအတွင်း, အာရာမ်မရှိသော ကျောင်းတိုက်ဖြစ်မူ အာရာမ်ထိုက်သော ဥပစာအတွင်း၌ ဝတ်ဆောက်တည်မူ ထိုအာရာမ်တွင်း၌ရှိသော ခဏ္ဍသိမ်၌နေသော ရဟန်းတို့အား ကြားအပ်သည်။ ခဏ္ဍသိမ်သည် ထိုကျောင်းတိုက် ဥပစာရသိမ်၌ အတွင်းဝင်သောကြောင့် မကြားမူ ပျက်သည်ဟု မှတ်။

၃။ ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ(၂။၂၂၅-၆)၌–

ဥပစာရော ပန အန္တောသီမာယ ဌိတာနံ သကလဥပစာရသီမာ ဟောတိ–

ဟု ဆိုတော်မူ၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၁၇] အင်္ဘာန်သွင်းပြီးမှ မာနတ်ကို ချခြင်း

(၁) မေး။ ။ အင်္ဘာန်သွင်းပြီးမှ မာနတ်ကို ချခြင်းငှာ အပ်ပါမည်လော။

ဖြေ။ ။ မာနတ်ဆောက်တည်သောအခါ မသိဘဲ ရတ္တိစ္ဆေဒအဂီါ တစ်ခုခုရှိ၍ ပျက်ခဲ့လျှင် ၆-ရက်စေ့ပြီဟူသော အမှတ်ဖြင့် မာနတ်ကို ဆောက်တည်၍ အင်္ဘာန်သွင်းသော်လည်း ထိုကံ မအောင်သည်ဖြစ်၍ ဆောက်တည်အပ်သော မာနတ်ကို မချဘဲ နောင်အာပတ်သင့်မူ အန္တရာပတ် ဖြစ်သည်။ ထိုအန္တရာပတ်ကို မသိ၍ နေလျှင် သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်ဖြစ်သည်။ ထိုမာနတ် ၆-ရက်စေ့၍ မပျက်မူ အင်္ဘာန် သွင်းပြီးလျှင် မာနတ်ကို ချဖွယ်ကိစ္စမရှိ။

ထိုသို့ဖြစ်၍ မာနတ် ၆-ရက် စေ့သည်၊ မစေ့သည်၊ ပျက်သည်၊ မပျက်သည်ကို မသိ၍ ကုက္ကုစ္စကို ဖျောက်ခြင်းငှာ မာနတ်ကို ချသော်လည်း အပြစ်မရှိ။ ကုက္ကုစ္စကို ဖျောက်ခြင်းငှာ ပရိဝါသ်, မာနတ် ညဉ့်တို့ကို ရက်ပိုနှင့်ကျင့်မူ မာနတ်ကို မချသော်လည်း အပြစ်မရှိ၊ အပ်သည်။

၁။ ယောပိ ရတ္တိယေဝ အာဂန္ဒာ ရတ္တိယေဝ ဂစ္ဆတိ၊ သောပိဿ ရတ္တိစ္ဆေဒံ ကရောတိ၊ အညာတတ္တာ ပန ဝတ္တာဘေဒဒုက္ကဋံ နတ္ထိ။ သစေ အဇာနိတ္တာဝ အင်္ဘာနံ ကရောတိ၊ အကတမေဝ ဟောတိတိ ကုရုန္ဒိယံ ဝုတ္တံ၊ တသ္မာ အဓိကာ ရတ္တိယော ဂဟေတ္တာ ကာတဗ္ဗံ (ဝိ၊ဋ၊၄။၁၁။ကခ်ီ၊ဋီ၊သစ်။ ၂၆၁-၂၆၂)—

ဟု လာသော စူဠဝါအဋ္ဌကထာ, လိနတ္ထပကာသနီဋီကာတို့ကို ထောက်။

ထိုအဋ္ဌကထာပါဠိ၌ "တသ္မာ အဓိကာ ရတ္တိယော ဂဟေတ္တာ ကာတဗ္ဗံ" ဟူသော ပါဠိဖြင့် ပရိဝါသ်ဖြစ်စေ၊ မာနတ်ဖြစ်စေ သံသယ ကင်းလောက်အောင် ညဉ့်ပိုယူ၍ အင်္ဘာန်သွင်းမူ မာနတ်ကို ချဖွယ်ကိစ္စ မရှိဟု ပြတော်မူသည်ဟု မှတ်ယူသင့်သည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၁၈] သိမ်မနုတ်ရသေးခင် မဏ္ဍပ်ထိုးထားခြင်း

(၁) မေး။ ။ ယခုကာလ သိမ်သမုတ်ကြသော ရဟန်းတို့သည် သိမ်သမုတ်လိုသောနေရာ၌ မဏ္ဍပ်ဆောက်လုပ်ခြင်း, ထီးဖြူရုံ ဆောက်လုပ်ခြင်း စသည်ကို ပြု၍ သိမ်နုတ်ခြင်းကို ပြုကြသည်မှာ အပ်ပါမည်လော။

ဖြေ။ ။ သိမ်သမုတ်လိုသောနေရာ၌ မနုတ်မီ ရှေးအဖို့က မဏ္ဍပ်, ထီးဖြူရုံ စသည်ကို ဆောက်လုပ်၍ သိမ်နုတ်သော်လည်း အပြစ်မရှိ၍ ပြုလုပ်အပ်သည်သာ။

၁။ ဟေဋ္ဌာပါသာဒေ ကိတ္တေန္တေဟိပိ ဘိတ္တိ စ ရုက္ခထမ္ဘာ စ နာ ကိတ္တေတဗ္ဗာ။ ဘိတ္တိလဂ္ဂေ ပန ပါသာဏထမ္ဘေ ကိတ္တေတုံ ဝဋ္ဋတိ။ ဧဝံ ကတ္တိတာ သိမာ ဟေဋ္ဌာပါသာဒဿ ပရိယန္တထမ္ဘာနံ အန္တောယေဝ ဟောတိ။ သစေ ပန ဟေဋ္ဌာပါသာဒဿ ကုဋ္ဋော ဥပရိမတလေန သမ္မဒ္ဒေါ ဟောတိ၊ ဥပရိပါသာဒမ္ပိ အဘိရုဟတိ။ သစေ ပါသာဒဿ ဗဟိ နိဒ္ဓောဒကပတနဋ္ဌာနေပိ နိမိတ္တာနိ ကရောန္တိ၊ သဗ္ဗော ပါသာဒေါ သိမဋ္ဌောဝ ဟောတိ —

ဟု လာသော **မဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓကအဖွင့်**(ဝိ၊ဋ္ဌ၊၃၊၃၂၅)ကို ထောက်။

ဟေဋ္ဌာပါသာဒေ၊ ပြာသာဒ်အောက်၌။ ကိတ္တေန္တေဟိပိ၊ နိမိတ်ကြားသော ရဟန်းတို့သည်လည်း။ ဘိတ္တိ စ၊ အုတ်, ကျောက်နံရံကိုလည်းကောင်း။ ရုက္ခထမ္ဘာ စ၊ သစ်တိုင်တို့ကိုလည်းကောင်း။ နာ ကိတ္တေတဗ္ဗာ၊ မကြားအပ်ကုန်။ ဘိတ္တိလဂ္ဂေ၊ နံရံနှင့် စပ်ကုန်သော။ ပါသာဏထမ္ဘေ ပန၊ ကျောက်တိုင်တို့ကို။ ကိတ္တေတုံ၊ ကြားခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဧဝံ၊ သို့။ ကတ္တိတာ၊ ကြားအပ်သော။ သိမာ၊ သိမ်သည်။ ဟေဋ္ဌာပါသာဒဿ၊ ပြာသာဒ်၏ အောက်၌။ ပရိယန္တထမ္ဘာနံ၊ အစွန်ဖြစ်သောတိုင်တို့၏။ အန္တောယေဝ၊ အတွင်း၌သာလျှင်။ ဟောတိ၊ ၏။ ပါသာဒဿ၊ ၏။ ကုဋ္ဋော၊ နံရံသည်။ ဥပရိမတလေန၊ အထက်အပြင်နှင့်။ သမ္မဒ္ဒေါ၊ စပ်သည်။ သစေ ပန ဟောတိ၊ ဖြစ်အံ့။ ဥပရိပါသာဒမ္ပိ၊ ပြာသာဒ်အထက်သို့လည်း။ အဘိရုဟတိ၊ ရောက်၏။ ပါသာဒဿ၊ ၏။ ဗဟိ၊ အပ၌။ နိဒ္ဓောဒကပတနဋ္ဌာနေ၊ တံစက်ရေ ကျရာ၌။ နိမိတ္တာနိ၊ တို့ကို။ သစေ ကရောန္တိ၊ ပြုကုန်အံ့။ သဗ္ဗော၊ အလုံးစုံသော။ ပါသာဒေါ၊ သည်။ သိမဋ္ဌောဝ၊ သိမ်၌တည်သည်သာလျှင်၊ ဟောတိ၊ ၏။

၂။ ဝိမတိဝိနောဒနီဋီကာ၌လည်း—

ပရိယန္တထမ္ဘာနန္တိ နိမိတ္တကတပါသာဏထမ္ဘေ (နိမိတ္တဂတပါသာဏထွမ္ဘေ) သန္ဓာယ ဝုတ္တံ။ ဥပရိမတလေန သမ္မဒ္ဒေါ ဟောတီတိ ဣဒံ ကုဋ္ဋာနံ အန္တရာ သိမဋ္ဌာနံ

http://www.dhammadownload.com

ထမ္ဘာနံ အဘာဝတော ဝုတ္တံ။ ယဒိ ဟိ ဘဝေယျ။ ကုဋ္ဌေ ဥပရိမတလေန အသမ္ဗဒ္ဓေပိ သီမဋ္ဌထမ္ဘာနံ ဥပရိ ဋ္ဌိတော ပါသာဒေါ သီမဋ္ဌောဝ ဟောတိ—

ဟု ဖွင့်တော်မူ၏(ဝိမတိ၊၂။၁၄၅)။

ပရိယန္တထမ္ဘာနန္တိ၊ ဟူသည်ကား။ နိမိတ္တကတပါသာဏထမ္ဘေ၊ နိမိတ်ပြုသော ကျောက်တိုင်တို့ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ၏။ ဥပရိမ ။ပ။ ဟောတိတိ ကွဲ၊ သည်။ ကုဋ္ဌာနံ၊ နံရံတို့၏။ အန္တရာ၊ အကြား၌။ သီမဋ္ဌာနံ၊ သိမ်၌တည်ကုန်သော။ ထမ္ဘာနံ၊ တိုင်တို့၏။ အဘာဝတော၊ မရှိသည်၏ အဖြစ်ကြောင့်။ ဝုတ္တံ၊ ၏။ ဟိ၊ မှန်၏။ တာနိ၊ ထိုနံရံအလယ်၌ တိုင်တို့သည်။ ယဒိ ဘဝေယျ။ ရှိသည်ဖြစ်ကုန်အံ့။ ကုဋ္ဌေ၊ နံရံသည်။ ဥပရိမတလေန၊ အထက်အပြင်နှင့်။ အသမ္ဗဒ္ဓေပိ၊ မစပ်သော်လည်း။ သီမဋ္ဌထမ္ဘာနံ၊ သိမ်၌တည်သော တိုင်တို့၏။ ဥပရိ၊ အထက်၌။ ဋ္ဌိတော၊ တည်သော။ ပါသာဒေါ၊ သည်။ သီမဋ္ဌောဝ၊ သိမ်၌ တည်သည်သာလျှင်။ ဟောတိ၊ ၏။

ထိုအဋ္ဌကထာ, ဦးကာပါဠ်တို့ဖြင့် ပြာသာဒ်ဆောက်ပြီးမှ သိမ်သမုတ်အပ်သည်ကို ပြသဖြင့် နုတ်အပ်ကြောင်းကိုလည်း သိစေတော်မူသည်။ ထိုအဋ္ဌကထာ၌ ပြာသာဒ်ဆောက် ပြီးမှ သမုတ်ရာ နိမိတ်၏အတွင်းတိုင်နှင့် ပြင်ပတိုင်သည် ရောစပ်လျက် ရှိနေသည်ကို ထောက်၍ **ယခုအခါ၌လည်း မဏ္ဍပ်တိုင်သည် နိမိတ်ပြင်ဘက် ကျရောက်သော်လည်း နုတ်ပြီးနေရာ၌ ကျမူ အပ်သည်ဟု မှတ်ယူသင့်သည်။**

၃။ **ဝိနယာလင်္ကာရဋီကာ၌လည်း—**

သိရီခေတ္တေ နဂရေ မဟာသတ္တဓမ္မရာဇဿ ကာလေ တေန ရညာ ကတဿ နန္ဒနဝိဟာရဿ ပုရတော တဿ ရညော အဂ္ဂမဟေသိယာ သိမာယ ပတိဋ္ဌာ-ပိတာယ ပဌမံ ဇေတဝနသာလံ ကတ္တာ ပစ္ဆာ သိမံ သမူဟနိ"သု။

ဟံသာဝတီနဂရေ ဓမ္မစေတိယရညော ကလ္လာဏိယသိမာဗန္ဓနကာလေပိ ပဌမံ သာလံ ကရိတ္တာဝ ပစ္ဆာ သမူဟနိ"သု—

ဟု မိန့်တော်မူ၏(ဝိနယာလင်္ကာရဋီ၊ ၁။၃၆၃-၄)။

သိရီခေတ္တေ နဂရေ၊ သိရီခေတ္တရာမြို့၌။ မဟာသတ္တဓမ္မရာဇဿ၊ မဟာသတ္တ မည်သော မင်းတရားကြီး၏။ ကာလေ၊ လက်ထက်၌။ တေန ရညာ၊ ထိုမင်းသည်။ ကတဿ၊ ပြုအပ်သော။ နန္ဒနဝိဟာရဿ၊ နန္ဒန မည်သောကျောင်း၏။ ပုရတော၊ အရှေ့မှ။ တဿ ရညော၊ ထိုမင်း၏။ အဂ္ဂမဟေသိယာ၊ မြတ်သောမိဖုရားခေါင်ကြီးသည်။ ပတိဋ္ဌာပိတာယ၊

http://www.dhammadownload.com

သမုတ်တည်ထားအပ်သော။ သီမာယ၊ ၌။ ပဌမံ၊ စွာ။ ဇေတဝနသာလံ၊ ဇေတဝန်ဇရပ်ကို။ ကတွာ၊ ဆောက်လုပ်၍။ ပစ္ဆာ၊ နောက်မှ။ သီမံ၊ သီမ်ကို။ သမ္ဗဟနိ်သု၊ သိမ်နုတ်ကြကုန်၏။

ဟံသာဝတီနဂရေ၊ ဟံသာဝတီမြို့၌။ ဓမ္မစေတိယရညော၊ ဓမ္မစေတီမင်း၏။ ကလ္យာဏိယသီမာဗန္ဓနကာလေပိ၊ ကလ္យာဏီသိမ် သမုတ်သောအခါ၌လည်း။ ပဌမံ၊ စွာ။ သာလံ၊ မဏ္ဍပ်ဇရပ်ကို။ ကရိတ္ဝာဝ၊ ပြု၍သာလျှင်။ ပစ္ဆာ၊ နောက်မှ။ သမ္ဗဟနိ်သု၊ နုတ်ကြကုန်၏။

အချို့ဆရာတို့သည် မဏ္ဍပ်-စသည် ဆောက်လုပ်ပြီးမှ သိမ်နုတ်ရာ ဗဒ္ဓသိမ် ၂-လုံး အနီးရှိလျှင် တိုင်စပ်မည်ဆို၍ သံသယရှိကြ၏။ ပြဆိုပြီးသော အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ သံသယရှိသင့်သည့်အရာ မဟုတ်သောကြောင့် မမှတ်ယူလင့်။ အဘယ့်ကြောင့် နည်းဟု ဆိုငြားအံ့။ အရှေ့မျက်နှာ၌ ဗဒ္ဓသိမ် ၁-လုံး, အနောက်မျက်နှာ၌ ဗဒ္ဓသိမ် ၁-လုံး အားဖြင့် အနီးအစပ်ရှိရာ အလယ်အစပ်၌ အသစ်သမုတ်လိုသောသိမ် ကျရောက်သည် ဖြစ်အံ့၊ ထိုသိမ်နုတ်လို၍ မဏ္ဍပ်-စသည်ကို ဆောက်လုပ်ရာ ဗဒ္ဓသိမ် ၂-ခုအထက်၌ မဏ္ဍပ်-စသော တိုင်ကျရောက်၍ စပ်ယှက်သော်လည်း အရှေ့မျက်နှာ ဗဒ္ဓသိမ်အတွင်း၌ ရဟန်းတို့ စုနေ၍နုတ်ရာ အနောက်မျက်နှာဗဒ္ဓသိမ်၌ ရဟန်းမရှိမူ မဏ္ဍပ်တိုင်စသည် ယှက်သော်လည်း ဝဂ်မဖြစ်သောကြောင့် အရှေ့မျက်နှာက သိမ်ဟောင်းကျွတ်သည်သာ ဖြစ်၏။ အနောက်မျက်နှာ၌ နေ၍ နုတ်ကြပြန်ရာ အနောက်မျက်နှာက သိမ်ဟောင်းကျွတ်သည်သာ ဖြစ်၏။

ထို့ကြောင့် သိမ်ကို နုတ်သောအခါ ပကတတ်ရဟန်း ၄-ယောက် စသည်တို့သည် သမုတ်လိုသောသိမ်၏ နိမိတ်အတွင်း, နိမိတ်ပြင်ဘက်တို့၌ အရှေ့မျက်နှာ စသောအရပ်၌ ခြားသန့်၍ အထပ်ထပ်နုတ်မိလျှင် သိမ်ဟောင်းရှိက ပျက်သင့်သောကြောင့်တည်း။

၄။ ဉပေါသထက္ခန္ဓကအဋ္ဌကထာ၌–

> သီမာမာဠကေ ဝဋ္ဋရုက္ခော ဟောတိ၊ တဿ သာခါ ဝါ တတော နိဂ္ဂတပါ-
> ရောဟော ဝါ မဟာသီမာယ ပထဝီတလံ ဝါ တတ္ထဇာတရုက္ခာဒီနိ ဝါ အာဟစ္ဆ
> တိဋ္ဌတိ၊ မဟာသီမံ သောဓေတွာ ဝါ ကမ္မံ ကာတဗ္ဗံ၊ တေ ဝါ သာခါ ပါရောဟာ
> ဆိန္နိတွာ ဗဟိဋ္ဌကာ ကာတဗ္ဗာ–

ဟု မိန့်ဆိုတော်မူ၏(ဝိ၊ဋ္ဌ၊၃။၃၂၇)။

သီမာမာဠကေ၊ သိမ်အပြင်၌။ ဝဋ္ဋရုက္ခော၊ ကြီးပွါးတတ်သော သစ်ပင်သည်။ ဝါ၊ ပညောင်ပင်သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုသစ်ပင်၏။ သာခါ ဝါ၊ အခက်တို့သည်လည်းကောင်း။ တတော၊ ထိုသစ်ပင်မှ၊ နိဂ္ဂတပါရောဟော ဝါ၊ ထွက်သော မြစ်ပျဉ်းသည်

http://www.dhammadownload.com

လည်းကောင်း။ မဟာသီမာယ၊ မဟာသိမ်၏။ ပထဝီတလံ ဝါ၊ မြေအပြင်ကိုလည်းကောင်း။ တတ္ထ ဇာတရူက္ခာဒီနိ ဝါ၊ ထိုမဟာသိမ်၌ ပေါက်ရောက်သော သစ်ပင် စသည်တို့ကိုလည်းကောင်း။ အာဟစ္စ၊ ထိ၍။ တိဋ္ဌတိ၊ ၏။ မဟာသီမံ ဝါ၊ မဟာသိမ်ကိုလည်း။ သောဓေတွာ၊ ရဟန်းမရှိအောင် သုတ်သင်၍။ ကမ္မံ၊ ကံကို။ ကာတဗ္ဗံ၊ ၏။ တေ ဝါ သာခါ၊ ထိုသစ်ခက်တို့ကိုလည်းကောင်း။ တေ ပါရောဟာ ဝါ၊ ထိုမြစ်ဖျဉ်းတို့ကိုလည်းကောင်း။ ဆိန္နိတ္တာ၊ ဖြတ်၍။ ဗဟိဋ္ဌကာ၊ အပ၌ တည်အောင်။ ကာတဗ္ဗာ၊ ကုန်၏။

၅။ ဝိမတိဝိနောဒနီဋီကာ၌လည်း–

> **မဟာသီမံ သောဓေတွာတိ** မဟာသီမာဂတာနံ သဗ္ဗေသံ ဘိက္ခူနံ ဟတ္ထပါသာနယနဆန္ဒာဟရဏာဒိဝသေန (ဟတ္ထပါသာနယနဗဟိကရဏာဒိဝသေန) သကလံ မဟာသီမံ သောဓေတွာ–

ဟု ဖွင့်တော်မူ၏(ဝိမတိ၊ ၂။၁၄၈)။

မဟာသီမံ သောဓေတွာတိ၊ ဟူသည်ကား။ မဟာသီမဂတာနံ၊ မဟာသိမ်၌ တည်ကုန်သော။ သဗ္ဗေသံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့ကို။ ဟတ္ထပါသာနယနဆန္ဒာဟရဏာဒိဝသေန၊ ဟတ္ထပါသ်သို့ ဆောင်ခြင်း, ဆန္ဒဆောင်ခြင်း စသည်တို့၏ အစွမ်းဖြင့်။ သကလံ၊ အလုံးစုံသော။ မဟာသီမံ၊ ကို။ သောဓေတွာ၊ သုတ်သင်၍။

ထို့ကြောင့် **မဟာသိမ်, ခဏ္ဍသိမ် ၂-လုံးတို့သည် အချင်းချင်း သစ်ပင်သစ်ခက်တို့ဖြင့် ရောယှက်၍စပ်သော်လည်း မဟာသိမ်၌ ရဟန်းမရှိမူ ခဏ္ဍသိမ်၌ ကံဆောင်အပ်** သည်-ဟု ပြတော်မူသည်ကို ထောက်၍ ဗဒ္ဓသိမ် ၂-လုံးအနီးရှိ၍ သိမ်မနုတ်ခင် ဆောက်လုပ်သော မဏ္ဍပ်တိုင် စသည်တို့ဖြင့် ရောယှက်သော်လည်း တစ်ခုသော ဗဒ္ဓသိမ်၌သာ ရဟန်းတို့စုနေ၍ နုတ်မူ ဝဂ်မဖြစ်သောကြောင့် အပ်သည်သာဟု မှတ်လေ။

၆။ သစေ ပန ဝိဟာရော မဟာ ဟောတိ၊ ဒွေပိ တိသောပိ တတ္ထတ္ထရိပိ ခဏ္ဍသီမာယော ဗန္ဓိတဗ္ဗာ(ဝိ၊ဋ္ဌ၊၃။၃၂၄)–

ဟုဆိုသော ဥပေါသထက္ခန္ဓက အဋ္ဌကထာကို ထောက်၍ ခဏ္ဍသိမ်ချင်း အနီးအစပ်လည်း မရှိသင့်။ ၁-ခုသော ကျောင်းအာရာမ်ပမာဏထက် ကြီးသော မဟာသိမ်လည်း ဤအရပ်မှာ မရှိနိုင်ဟု မှတ်သင့်သည်။

အကယ်၍ မဏ္ဍပ်ဆောက်ပြီးနေရာ၌ သိမ်ဟောင်း ၂-ခု အစပ်ကို သံသယရှိမူ ရဟန်း ၁-ကျိပ်ကို မလွန်စေမူ၍ သိမ်နုတ်ရမည်။ "မဟာသီမံ သောဓေတွာ ဝါ ကမ္မံ

http://www.dhammadownload.com

ကာတဗ္ဗံ"ဟု ဆိုသော အဋ္ဌကထာနှင့် အညီ ရဟန်း နည်းပါက ဝဂ်မဖြစ်နိုင်သောကြောင့် တည်း။

ညောင်စောင်းမျှင်းချ၍ သင်ဖြူးဖျာ-စသည်တို့ကို ခင်းရာ "ညောင်စောင်းကို မအုပ်မိအောင် ခင်းရမည်"ဟု ဆိုသော ဆရာတို့၏ အယူဝါဒကိုလည်း ပြဆိုခဲ့ပြီးသော အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ မမှတ်ယူလင့်။

✪ ✪ ✪ ✪ ✪

[၁၁၉] သမုတ်မည့်သိမ်အနီး၌ ကြေးနန်းတိုင်ရှိခြင်း

(၁)မေး။ ။ ယခုကာလအခါ၌ သမုတ်လတ္တံ့သော သိမ်နေရာအနီး၌ ကြေးနန်းကြိုးတိုင် စသည်တို့ရှိနေလျှင် အသို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေး၌ သမုတ်လတ္တံ့သော သိမ်နှင့် နီးစပ်သော ကြေးနန်းကြိုးတိုင်နှင့် အဆက်မပြတ် စပ်၍သွားသော ကြေးနန်းကြိုးတိုင်တို့တွင် ၁-ခုခုသောတိုင်သည် ၁-ခုခုသော ဗဒ္ဓသိမ်ဟောင်း၌ ကျရောက်သည် ဖြစ်အံ့၊ သမုတ်လတ္တံ့သော သိမ်နှင့် နီးစပ်သော ကြေးနန်းတိုင်တို့သည် ၁-ခုသော ဗဒ္ဓသိမ်ဟောင်းအပြင်၌ ကျရောက်သည် ဖြစ်အံ့။ ကြေးနန်းကြိုးတိုင် အဆက်မပြတ် စပ်၍သွားရာ ကျရောက်စပ်နေသော ဗဒ္ဓသိမ်ဟောင်း၌ ရဟန်းရှိခဲ့မူ ဗဒ္ဓသိမ်ချင်း စပ်သည်ဖြစ်၍ သိမ်နုတ်, သိမ်သမုတ်သောကံသည် မအောင်နိုင်ရာ။ အကယ်၍ ဗဒ္ဓသိမ်ဟောင်းသည် ရှိသော်လည်း ၁-ခုသောကျောင်းတိုက် ပမာဏထက်လွန်၍ ကြီးသောသိမ် မရှိနိုင်ရာ။ ထို့ကြောင့် ကြေးနန်းကြိုးတိုင်နှင့် သမုတ်လတ္တံ့သော သိမ်အကြား၌ သံသယကို ပယ်ခြင်းငှာ ထိုအရပ်ဒေသ၌ ရှိနိုင်လောက်သော ဗဒ္ဓသိမ်ဟောင်း ပမာဏရှိသော အရပ်ကို မှတ်၍ ထိုအရပ်နှင့် မနီးစပ်အောင် သမုတ်ရမည်။

၁။ ထို့ကြောင့် မဟာဝါအဋ္ဌကထာ၌—

သီမာမာဠကေ ဝဠရုက္ခော ဟောတိ၊ တဿ သာခါ ဝါ တတော နိဂ္ဂတပါရောဟော ဝါ မဟာသီမာယ ပထဝိတလံ ဝါ တတ္ထ ဇာတရုက္ခာဒီနိ ဝါ အာဟစ္စ တိဋ္ဌတိ၊ မဟာသီမံ သောဓေတွာ ဝါ ကမ္မံ ကာတဗ္ဗံ၊ တေ ဝါ သာခါ ပါရောဟာ ဆိန္နိတွာ ဗဟိဋ္ဌကာ ကာတဗ္ဗာ—

ဟု ဆိုတော်မူ၏(ဝိ၊ဋ္ဌ၊၃။၃၂၇)။

http://www.dhammadownload.com

၂။ ဝိမတိဝိနောဒနီဋီကာဌ်လည်း–

မဟာသီမံ သောဓေတွာတိ မဟာသီမာဂတာနံ သတ္တေသံ ဘိက္ခူနံ ဟတ္ထပါသာ-နယနဆန္နာဟရဏာဒိဝသေန သကလံ မဟာသီမံ သောဓေတွာ–

ဟု ဖွင့်တော်မူ၏(ဝိမတိ၊၂။၁၄၈)။

၃။ ဝိနယာလင်္ကာရဋီကာဌ်လည်း–

သစေ ဟိ မဟတိယာ ပေါရာဏကပဒ္ဓသီမာယ ဧကသ္မိံ ပဒေသေ "သမူဟ-နိသာမာ"တိ သံယေ သန္နိပတိတေ တဿာယေဝ သီမာယ အညသ္မိံ ပဒေသေ ဘိက္ခုမ္ပိ ပဝိဋ္ဌေ အဇာနန္တသာပိ ကမ္မဝိပတ္တိ (ကမ္မံ ဝိပဇ္ဇတိ) ဟောတိ။ တသ္မာ မဟုဿာဟေန သောဓေတွာတိ ဒဋ္ဌဗ္ဗံ-

ဟု ဆိုတော်မူသည်(ဝိနယာလင်္ကာရဋီ၊၁။၃၅၂)။

ဤအရပ်ဒေသဌ် ကြီးကျယ်သော မဟာသိမ် မရှိကြောင်းကိုလည်း ၎င်းဋီကာဌ်ပင် ပြဆိုတော်မူသည်။

၄။ ဤအရပ်ဒေသဌ် ကြီးကျယ်သောမဟာသိမ် မရှိကြောင်းလည်း–

တဉ္စ ခေါ ဟေဋ္ဌိမပရိစ္ဆေဒေန စတုပဉ္စရုက္ခမတ္တမ္ပိ ဝဋ္ဋတိ၊ တတော ဩရံ န ဝဋ္ဋတိ၊ ပရံ ယောဇနသတိကမ္ပိ ဝဋ္ဋတိ(ဝိ၊ဋ္ဌ၊၃။၃၂၀)–

ဟုဆိုသော မဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓကအဖွင့်ကို ထောက်၍ သိလေ။

ထိုအဋ္ဌကထာဌ် "ပရံ ယောဇနသတိကမ္ပိ ဝဋ္ဋတိ"ဟူသောပါဌ်ဖြင့် ယူဇနာ ၁၀၀-ရှိသော တောနိမိတ်ကို ကြားအပ်သည်ဟု ဆိုသဖြင့် ဤအရပ်ဒေသဌ် ၁-ခုသောကျောင်း တိုက်တာပမာဏထက် ကြီးကျယ်သော မဟာသိမ် မရှိကြောင်းကို ဆ၍ သိအပ်သည်။ ထိုအဋ္ဌကထာပါဌ်ကိုပင် ထောက်၍ ဂါမသိမ်နှင့် ဗဒ္ဓသိမ်စပ်၍ မပျက်ကြောင်းကို သိအပ်သည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၂၀] မဟာသိမ်, ခဏ္ဍသိမ် ယှဉ်တွဲ၍ သမုတ်ခြင်း

(၁)မေး။ ။ မဟာသိမ်, ခဏ္ဍသိမ် ၂-လုံးယှဉ်တွဲ၍ သမုတ်ပုံကို အသို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးခ္ဍ–

၁။ သာ ဟေဋ္ဌိမပရိစ္ဆေဒေန သစေ ဧကဝီသတိ ဘိက္ခူ ဂဏှာတိ၊ ဝဋ္ဋတိ။ တတော ဩရံ န ဝဋ္ဋတိ။ ပရံ ဘိက္ခုသဟဿံ ဂဏှန္တိပိ ဝဋ္ဋတိ။ တံ ဗန္ဓန္တေဟိ သီမာမာဋ္ဌ-ကဿ သမန္တာ နိမိတ္တာပဂါ ပါသာဏာ ဌပေတဗ္ဗာ။

တတြာယံ ဗန္ဓနဝိဓိသမန္တာ "ဧသော ပါသာဏော နိမိတ္တ"န္တိ ဧဝံ နိမိတ္တာနိ ကိတ္တေတွာ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ။ အထ တဿာ ဧဝ ဒဋ္ဌိကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာ ကာတဗ္ဗာ။ သီမံ သမ္မန္နိတွာ ဗဟိ သီမန္တရိကပါသာဏာ ဌပေတဗ္ဗာ။

သစေ ပန ဝိဟာရော မဟာ ဟောတိ၊ ဒ္ဝေပိ တိဿောပိ တတုတ္တရိပိ ခဏ္ဍသီ-မာယော ဗန္ဓိတဗ္ဗာ။

ဧဝံ ခဏ္ဍသီမံ သမ္မန္နိတွာ မဟာသီမာသမ္ဘေဒကာလေ ခဏ္ဍသီမတော နိက္ခမိတွာ မဟာသီမာယ ဌတွာ သမန္တာ အနုပရိယာယန္တေဟိ သီမန္တရိကပါ-သာဏာ ကိတ္တေတဗ္ဗာ။ တတော အဝသေသနိမိတ္တာနိ ကိတ္တေတွာ ဟတ္ထပါသံ အဝိဇဟန္တေဟိ ကမ္မဝါစာယ သမာနသံဝါသကသီမံ သမ္မန္နိတွာ တဿာ ဒဋ္ဌိကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာပိ ကာတဗ္ဗာ–

ဟုလာသော မဟာဝါအဋ္ဌကထာကို ထောက်၍ သိရမည်(ဝိ၊ဋ္ဌ၊၃။၃၂၃-၄)။

အဋ္ဌကထာပါဠိမှ လိုရင်းပါဠိကိုသာ ထုတ်၍ ရေးလိုက်သည်။ အပြည့်အစုံကို လိုမူ ၎င်းအဋ္ဌကထာမှာ ရှုလေ။

လိုရင်းအဓိပ္ပါယ်ကား။ ရဟန်း ၂-ကျိပ် ၁-ယောက် ထိုင်နေလောက်သည်က စ၍ ရဟန်း ၁,၀၀၀-ဆန့်သည်တိုင်အောင် **ခဏ္ဍသိမ်** မည်သည်။ ရဟန်း ၁,၀၀၁-ယောက်လွန် ဆန့်သည်က စ၍ ၃-ယူဇနာတိုင်အောင် **မဟာသိမ်** မည်သည်။ ၁-ခုသော ကျောင်းတိုက်တာဠ္ဍ ခဏ္ဍသိမ်, မဟာသိမ် သမုတ်လိုမူ သင့်လျော်ရာ အရပ်ဠ္ဍ အလိုရှိသမျှ ခဏ္ဍသိမ် ပမာဏကို ထား၍ ထက်ဝန်းကျင် အရပ် ၄-မျက်နှာဖြစ်စေ၊ ၈-မျက်နှာဖြစ်စေ ကျောက်နိမိတ်တို့ကို ထားရမည်။

http://www.dhammadownload.com

ထိုခဏ္ဍသိမ်ကျောက်နိမိတ်၏ အပြင်ဘက် ထက်ဝန်းကျင်ပတ်လည်လှည့်၍ အလိုရှိသမျှ မဟာသိမ်ပမာဏကို မှတ်သား၍ ထိုမဟာသိမ်၏ အစွန်အရပ်၌ ၄-မျက်နှာဖြစ်စေ၊ ၈-မျက်နှာဖြစ်စေ ကျောက်နိမိတ်တို့ကို ထားရမည်။ ထိုသို့ ထားပြီးမှ ရှေးဦးစွာ ခဏ္ဍသိမ်၌နေ၍ နိမိတ်ကို ကြားပြီးလျှင် ကမ္မဝါစာဖြင့် သမုတ်ရမည်။

ထိုသို့ ခဏ္ဍသိမ်ကို သမုတ်ပြီးမှ ခဏ္ဍသိမ်၏ ကျောက်နိမိတ်တို့ကိုဖြစ်စေ၊ တပါးသော ကျောက်နိမိတ်တို့ကိုဖြစ်စေ ခဏ္ဍသိမ်နှင့် မစပ်အောင် ခဏ္ဍသိမ်၏အပ ဖြစ်သော သီမန္တရိက်၌ ထားရမည်။ ထိုသို့ထားပြီးလျှင် ခဏ္ဍသိမ်မှထွက်၍ မဟာသိမ်၌နေ၍ ခဏ္ဍသိမ်၏ အနောက်မျက်နှာ သီမန္တရိက်၌ထားသော ကျောက်နိမိတ်ကို မဟာသိမ်၏ အရှေ့မျက်နှာ ကျောက်နိမိတ်ပြု၍ ကြားရမည်။ ခဏ္ဍသိမ်၏ မြောက်မျက်နှာ သီမန္တရိက်၌ ကျောက်နိမိတ်ကို တောင်မျက်နှာ ကျောက်နိမိတ်ပြု၍ ကြားရမည်။ ခဏ္ဍသိမ်၏အရှေ့ သီမန္တရိက်၌ ကျောက်နိမတ်ကို အနောက်မျက်နှာ ကျောက်နိမိတ်ပြု၍ ကြားရမည်။ ခဏ္ဍသိမ်၏ တောင်မျက်နှာ သီမန္တရိက်၌ ကျောက်နိမ်တ်ကို မဟာသိမ်၏ မြောက်မျက်နှာ ကျောက်နိမိတ်ပြု၍ ကြားရမည်။ ၈-မျက်နှာ၌ နိမိတ်ရှိလျှင် ၈-မျက်နှာစေ့အောင် ကြားရမည်။

ရှေးဦးစွာ ခဏ္ဍသိမ်၌ ကြားပြီးသောနိမိတ်ကို တဖန် ထပ်၍ ကြားပြီးမှ မဟာသိမ်၏ ပြင်ဘက်အစွန်း ထက်ဝန်းကျင်အရပ်၌ ထားသောနိမိတ်တို့ကို ခဏ္ဍသိမ်၌ ကြားသကဲ့သို့ အစဉ်အတိုင်း ကြားရမည်။ ဤသို့ အတွင်း,အပတို့၌ နိမိတ်တို့ကို ကြားပြီးမှ မဟာသိမ်ကို ကမ္မဝါစာဖြင့် သမုတ်ရသည်ဟု ပြတော်မူသည်။

၂။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌—

> သီမန္တရိကပါသာဏာတိ သီမန္တရိကာယ ဌပိတနိမိတ္တပါသာဏာ။ တေ ပန ကိတ္တေန္တေန ပဒက္ခိဏတော အနုပရိယာယန္တေနေဝ ကိတ္တေတဗ္ဗာ။ ကထံ? ခဏ္ဍသိမတော ဟိ ပစ္ဆိမာယ ဒိသာယ ပုရတ္ထာဘိမုခေန ဌတွာ "ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တ"န္တိ တတ္ထ သဗ္ဗာနိ နိမိတ္တာနိ အနုက္ကမေန ကိတ္တေတွာ၊ တထာ ဥတ္တရာယ ဒိသာယ ဒက္ခိဏာဘိမုခေန ဌတွာ "ဒက္ခိဏာယ ဒိသာယ ကိံ နိမိတ္တ"န္တိ အနုက္ကမေန ကိတ္တေတွာ၊ တထာ ပုရတ္ထိမာယ ဒိသာယ ပစ္ဆိမာဘိမုခေန ဌတွာ "ပစ္ဆိမာယ ဒိသာယ ကိံ နိမိတ္တ"န္တိ အနုက္ကမေန ကိတ္တေတွာ၊ တထာ ဒက္ခိဏာယ ဒိသာယ ဥတ္တရာဘိမုခေန ဌတွာ "ဥတ္တရာယ ဒိသာယ ကိံ နိမိတ္တ"န္တိ တတ္ထ သဗ္ဗာနိ နိမိတ္တာနိ အနုက္ကမေန ကိတ္တေတွာ ပုန ပစ္ဆိမာယ ဒိသာယ ပုရတ္ထာဘိမုခေန ဌတွာ

http://www.dhammadownload.com

ပုရိမကိတ္တိတံ ဝုတ္တနယေန ပုန ကိတ္တေတဗ္ဗံ။ တတောတိ ပစ္ဆာ။ အဝသေသ-နိမိတ္တာနီတိ မဟာသီမာယ ဗာဟိရန္တရေသု အဝသေသနိမိတ္တာနိ–

ဟု ဖွင့်တော်မူသည်(ဝိမတိ၊၂။၁၄၄)။

ဤအဋ္ဌကထာ၌ "သစေ ဝိဟာရော မဟာ ဟောတိ၊ ဒွေပိ တိသ္သောပိ တတ္ထတ္ထရိပိ ခဏ္ဍသီမာယော ဗန္ဓိတဗ္ဗာ"ဟူသောပါဠိဖြင့် ထိုကဲ့သို့ ခဏ္ဍသီမ်, မဟာသီမ် သမုတ်ခြင်းသည် သာသနာရောက်ရာ အရပ်တိုင်းတို့၌ မရှိနိုင်၊ မဖြစ်နိုင်။ သာသနာအလွန်ထွန်း၍ ရဟန်း သံဃာ အလွန်ပေါများသော ရဟန်းတို့နေရာ၌ သမုတ်လိုက ခဏ္ဍသီမ် ၂-လုံး, ၃-လုံးကိုသာ သမုတ်အပ်ကြောင်းကို ပြတော်မူသည်ဟု မှတ်ယူသင့်သည်။ အကယ်၍ ထိုထိုအရပ်၌ သမုတ်လို၍ မဟာသီမ်သမုတ်ကြသော်လည်း ပမာဏထက်ကြီးကျယ်သော မဟာသီမ်ကို သမုတ်နိုင်ဖို့ အခွင့်မရှိ။ သမုတ်နိုင်သော်လည်း နောက်နောက်ကာလ အဆုတ်၌ မင်း, မှူးမတ်, ပြည်သူ, လူ, ရှင်, ရဟန်းတို့ပင် သဒ္ဓါကြည်ညိုဖို့ အခွင့်မရှိ။ သိမ်နှုတ် သမုတ်သော အရာသည် ကြီးစွာသော လုံ့လပြုအပ်သည့် အရာဖြစ်၍ အများသံဃာတို့ ဆန္ဒပမာဏကို သိ၍ ပြုအပ်သောအရာဖြစ်၍လည်း ကြီးကျယ်သော မဟာသီမ် သမုတ်နိုင်ဖို့ အခွင့်မရှိ။ ထို့ကြောင့် ဤအရပ်ဒေသ၌ ၁-ခုသော ကျောင်းတိုက်ပမာဏထက် ကြီးကျယ်သော မဟာသီမ် မနှိ-ဟု သံသယကို ဖြတ်ပယ်၍ သိမ်နှုတ်, သိမ်သမုတ်ကြသော အစီအစဉ်ကို ပြုလုပ်စီရင်ရမည်။

✪ ✪ ✪ ✪ ✪

[၁၂၁] မြေညှိ၍ သိမ်နှုတ်ခြင်း, သမုတ်ခြင်း

(၁)မေး။ ။ သိမ်သမုတ်လိုသောနေရာ၌ အုတ်, ကျောက်-စသည်တို့ဖြင့် မြင့်အောင်စီ၍ သိမ်နှုတ်ခြင်း, သမုတ်ခြင်းကို ပြုအပ်ပါမည်လော။

ဖြေ။ ။ အုတ်, ကျောက်-စသည်တို့ဖြင့် မြင့်အောင်စီ၍ ပြီးမှ သိမ်နှုတ်ခြင်း, သမုတ်ခြင်းကို ပြုအပ်သည်။

၁။ ယဿ ပန ဒွေ ကူဋာနိ အာသန္နေ ဌိတာနိ၊ ဧကဿပိ ဥပရိ သီမပ္ပမာဏံ နပ္ပဟောတိ၊ တဿ ကူဋန္တရံ စိနိတ္ဝာ ဝါ ပူရေတ္ဝာ ဝါ ဧကာဗဒ္ဓံ ကတ္ဝာ ဥပရိ သီမာ သမ္မန္နိတဗ္ဗာ–

ဟု လာသော မဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓကအဖွင့်ကို ထောက်(ဝိ၊ဋ္ဌ၊၃။၃၂၆)။

http://www.dhammadownload.com

ယသ ပန၊ အကြင်တောင်၏။ ဒွေ ကူဋာနိ၊ ၂-ခုသော အထွတ်တို့သည်။ အာသန္နေ၊ အနီး၌။ ဌိတာနိ၊ တည်ကုန်၏။ ဧကဿပိ၊ ၁-ခုသော တောင်ထွတ်၏လည်း။ ဥပရိ၊ အထက်၌။ သိမပွမာဏံ၊ သိမ်ပမာဏသည်။ န ပွဟောတိ၊ မလောက်။ တဿ၊ ထိုတောင်၏။ ကူဋန္တရံ၊ အထွတ် ၂-ခုအကြား၌။ စိနိတွာ ဝါ၊ စီ၍လည်းကောင်း။ ပူရေတွာ ဝါ၊ ပြည့်စေ၍လည်းကောင်း။ ဧကာဗဒ္ဓံ၊ တစပ်တည်း စပ်သည်ကို။ ကတွာ၊ ပြု၍။ ဥပရိ၊ အထက်၌။ သိမာ၊ သိမ်ကို။ သမ္မန္နိတဗ္ဗာ၊ သမုတ်အပ်၏။

✪ ✪ ✪ ✪ ✪

[၁၂၂] သိမ်သမုတ်ပြီးမှ မြေညှိခြင်း

(၁) မေး။ ။ ချိုင့်ဝှမ်းရာ၌ သိမ်သမုတ်ပြီးမှ မြင့်အောင် အုတ်စသည်ဖြင့် ပြုအပ်ပါမည်လော။

ဖြေ။ ။ နိမ့်ရာအရပ်၌ သိမ်သမုတ်ပြီးမှ အုတ်, ကျောက်စသည်တို့ဖြင့် မြင့်အောင်ပြုရာ အပြစ်မရှိ၊ အပ်သည်သာ။

၁။ ခဏ္ဍသီမာ နီစဝတ္ထုကာ ဟောတိ၊ တံ ပူရေတွာ ဥစ္စဝတ္ထုကံ ကရောန္တိ၊ သီမာယေဝ။ သီမာယ ဂေဟံ ကရောန္တိ၊ သီမဋ္ဌကမေဝ ဟောတိ–

ဟု လာသော ဥပေါသထက္ခန္ဓကအဋ္ဌကထာကို ထောက်(ဝိ၊ဋ္ဌ၊၃၊၃၂၆)။

ခဏ္ဍသီမာ၊ ခဏ္ဍသီမ်သည်။ နီစဝတ္ထုကာ၊ နိမ့်သောနေရာရှိသည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုနိမ့်ရာကို။ ပူရေတွာ၊ ဖို့၍။ ဥစ္စဝတ္ထုကံ၊ မြင့်သောနေရာကို။ ကရောန္တိ၊ ပြုကုန်၏။ သီမာယေဝ၊ သိမ်မည်သည်သာတည်း။ သီမာယ၊ သိမ်၌။ ဂေဟံ၊ ကျောင်းကို။ ကရောန္တိ၊ ပြုကုန်၏။ သီမဋ္ဌကမေဝ၊ သိမ်၌တည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

၂။ ပဒ္မသီမာယ ဇာတံ ယံကိဉ္စိ ယတ္ထ ကတ္ထစိ ဧကသမ္မုဒ္ဒေန ဂတံ သီမာသင်္ခေမေဝ ဂစ္ဆတိတိ–

ဟု ၎င်းမဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓကအဖွင့်၌ပင် လာသည်(ဝိ၊ဋ္ဌ၊၃၊၃၂၇)။

ပဒ္မသီမာယ၊ ဖွဲ့အပ်သောသိမ်၌။ ဇာတံ၊ ဖြစ်သော။ ယံကိဉ္စိ၊ အမှတ်မရှိသော ဝတ္ထုသည်။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိသောအရပ်၌။ ဧကသမ္မုဒ္ဒေန၊ တစပ်တည်းစပ်သဖြင့်။

http://www.dhammadownload.com

ဂတံ၊ ပြုအပ်သော ဝတ္ထုသည်။ သီမာသဒ္ဒါမေဝ၊ သိမ်-ဟူသော အရေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ထိုအဋ္ဌကထာပါဠိဖြင့် သမုတ်အပ်သော သိမ်တွင်း၌တည်သော အဆောက်အအုံ ဝတ္ထုဟူသမျှသည် သိမ်နှင့် စပ်၍တည်မူ သိမ်ပင် မည်သည်-ဟု ပြတော်မူသည်။

✪ ✪ ✪ ✪ ✪

[၁၂၃] ညောင်စောင်းကွက် မချဘဲလည်း သိမ်နုတ်အပ်

(၁) မေး။ ။ အသစ်သောသိမ်ကို သမုတ်လိုရှိ၍ နုတ်ရာ ညောင်စောင်းချ၍ နုတ်မှ အပ်သလော။ ညောင်စောင်းမရှိဘဲ နုတ်သော်လည်း အပ်သည်မဟုတ်လော။

ဖြေ။ ။ ညောင်စောင်းချ၍ နုတ်ခြင်းသည် သိမ်နုတ်အင်္ဂါ မဟုတ်ချေ။ သံဃာနည်းပါး၍ နုတ်ပြီးသောနေရာကို မှတ်မိရုံမျှသာဖြစ်သောကြောင့် သံဃာများမူ ညောင်စောင်း မချဘဲ နုတ်သော်လည်း ရှေးက သိမ်ဟောင်းရှိမူ ထိုသိမ်ဟောင်းအထက်၌ ကမ္မဝပတ္တ ရဟန်းတို့သည် ကမ္မဝါစာဖတ်၍ နုတ်လျှင် ရှေးသိမ်ဟောင်းပျက်သည် ဖြစ်၍ ညောင်စောင်း မချသော်လည်း နုတ်အပ်, သမုတ်အပ်သည်။

၁။ "သာဓုကံ ပန ဥ တွာယေဝ သမူဟနိတဗ္ဗာ စေဝ ဗန္ဓိတဗ္ဗာ စာတိ အဋ္ဌကထာယံ ဝစနတော သီမံ ဇာနန္တာယေဝ သမူဟနိတုံ သက္ခိဿန္တိ၊ ကထံ အဇာနန္တာတိ။ ဣမသ္မိံ သီမာသမူဟနနာဓိကာရေ သီမံ ဝါ သီမာယ(--) ပရိစ္ဆေဒံ ဝါ ဇာနနဘာဝေါ အင်္ဂံ နာ ဟောတိ၊ အန္တောသီမာယံ ဌိတဘာဝေါ, "သီမံ သမူဟနိဿာမာ"တိ ကမ္မဝါစာကရဏန္တိ ဣဒမေဝ ဒွယံ အင်္ဂံ ဟောတိ။ တသ္မာ ဣမိနာ အင်္ဂဒွယေန သမွန္နေ သတိ သီမံ အဇာနန္တာပိ သမူဟနိတုံ စေဝ ဗန္ဓိတုံ စ (သမူဟနိတုံ) သက္ကောန္တိတိ။

ဣမိနာ အင်္ဂဒွယေန သမွန္နေ သတိ သီမံ အဇာနန္တာပိ သမူဟနိတုံ သမတ္ထဘာဝေါ ကထံ ဝိညာတဗ္ဗောတိ။ အဋ္ဌကထာယံ "ခဏ္ဍသီမံ ပန ဇာနန္တာ အဝိပ္ပဝါသသီမံ အဇာနန္တာပိ သမူဟနိတုံ စေဝ ဗန္ဓိတုံ စ သက္ခိဿန္တီ"တိ ဧဝံ မဟာသီမာယ ပရိစ္ဆေဒံ အဇာနနဋ္ဌာနေပိ သမူဟနနသာ ဝုတ္တတ္တာ။ ဝိမတိ-ဝိနောဒနိယမ္ပိ "န ဟေတ္ထ သီမာယ, တပ္ပရိစ္ဆေဒသာ ဝါ ဇာနနံ အင်္ဂံ၊ သီမာယ

http://www.dhammadownload.com

ပန အန္တော ဌာနံ, "သမူဟနိဿာမာ"တိ ကမ္မဝါစာကရဏဉ္စ အဂ်ီ။ အဋ္ဌကထာယံ ပန 'ခဏ္ဍသီမံ ပန ဇာနန္တာ အဝိပ္ပဝါသသီမံ အဇာနန္တာပိ သမူဟနိတုံ စေဝ ဗန္ဓိတုံ စ သက္ခိဿန္တီ'တိ ဧဝံ မဟာသီမာယ ပရိစ္ဆေဒဿ အဇာနနေပိ သမူဟနနဿ ဝုတ္တတ္တာ"တိ ဝုတ္တံ—

ဟူသော ဝိနယာလင်္ကာရဋီကာကို ထောက်(ဝိနယာလင်္ကာရဋီ၊၁။၃၅၇)။

သာဓုကံ၊ ကောင်းစွာ။ ဥ တွာယေဝ၊ သိ၍သာလျှင်။ သမူဟနိတဗ္ဗာ စေဝ၊ နုတ်လည်း နုတ်အပ်၏။ ဗန္ဓိတဗ္ဗာ စ၊ ဖွဲ့လည်း ဖွဲ့အပ်၏။ ဣတိ၊ ဤသို့။ အဋ္ဌကထာယံ၊ ဥပေါသထက္ခန္ဓကအဋ္ဌကထာ၌။ ဝစနတော၊ ဆိုအပ်သောကြောင့်။ သီမံ၊ သိမ်ဟောင်းကို။ ဇာနန္တာယေဝ၊ သိသော ရဟန်းတို့သာလျှင်။ သမူဟနိတုံ၊ နုတ်ခြင်းငှာ။ သက္ခိဿန္တိ၊ စွမ်းနိုင်ကုန်လတ္တံ့။ အဇာနန္တာ၊ မသိသော ရဟန်းတို့သည်။ ကထံ သက္ခိဿန္တိ၊ အသို့ စွမ်းနိုင်ကုန်အံ့နည်း။ ဣတိ အယံ၊ ဤသည်သာလျှင်။ ပဒ္ဓာ၊ အမေးတည်း။ ဣမသ္မိံ သီမာသမူဟနနာဓိကာရေ၊ ဤသိမ်နုတ်သော အရာ၌။ သီမံ ဝါ၊ သိမ်ဟောင်းကိုလည်း ကောင်း။ သီမာ ပရိစ္ဆေဒံ ဝါ၊ သိမ်ဟောင်း၏ အပိုင်းအခြားကိုလည်းကောင်း။ ဇာနနဘာဝေါ၊ သိသောအဖြစ်သည်။ အဂ်ီ၊ အဂ်ါသည်။ န ဟောတိ၊ မဖြစ်။ အန္တောသီမာယံ၊ သိမ်ဟောင်းတွင်း၌။ ဌိတဘာဝေါ၊ ပကတတ်ရဟန်း ၄-ယောက် တည်သည်၏ အဖြစ်သည်လည်းကောင်း။ သီမံ၊ သိမ်ဟောင်းကို။ သမူဟနိဿာမာတိ၊ နုတ်ကုန်အံ့ဟူ၍။ ကမ္မဝါစာကရဏံ၊ ကမ္မဝါစာဖတ်ခြင်းကို ပြုခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဣဒမေဝ ဒွယံ၊ ဤ ၂-ပါးသည်သာလျှင်။ အဂ်ီ၊ အဂ်ါသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဣမိနာ အင်္ဂဒွယေန၊ ဤအင်္ဂါ ၂-ပါးနှင့်။ သမွန္နေ၊ ပြည့်စုံသည်။ သတိ၊ ရှိသော်။ သီမံ၊ သိမ်ဟောင်းကို။ အဇာနန္တာပိ၊ မသိကုန်သော်လည်း။ သမူဟနိတုံ စေဝ၊ နုတ်ခြင်းငှာ လည်းကောင်း။ ဗန္ဓိတုံ စ၊ ဖွဲ့ခြင်းငှာလည်းကောင်း။ သက္ကောန္တိ၊ စွမ်းနိုင်ကုန်၏။ ဣတိ အယံ၊ ဤသည်လျှင်။ ပရိဟာရော၊ အဖြေတည်း။

ဣမိနာ အင်္ဂဒွယေန၊ ဤအင်္ဂါ ၂-ပါးနှင့်။ သမွန္နေ၊ ပြည့်စုံသည်။ သတိ၊ ရှိသော်။ သီမံ၊ ကို။ အဇာနန္တာပိ၊ မသိကုန်သော်လည်း။ သမူဟနိတုံ၊ နုတ်ခြင်းငှာ။ သမတ္ထဘာဝေါ၊ စွမ်းနိုင်သော အဖြစ်ကို။ ကထံ ပန ဝိညာတဗ္ဗော၊ အသို့ သိအပ်ပါသနည်း။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုအပ်သည်ရှိသော်။ အဋ္ဌကထာယံ၊ ဥပေါသထက္ခန္ဓကအဋ္ဌကထာ၌။ ခဏ္ဍသီမံ ပန၊ ခဏ္ဍသိမ်ကို။ ဇာနန္တာ၊ သိသော ရဟန်းတို့သည်။ အဝိပ္ပဝါသသီမံ၊ မဟာသီမ်ကို။ အဇာနန္တာပိ၊ မသိကုန်သော်လည်း။ သမူဟနိတုံ စေဝ၊ နုတ်ခြင်းငှာလည်းကောင်း။ ဗန္ဓိတုံ

http://www.dhammadownload.com

စ၊ ဖွဲ့ခြင်းငှာလည်းကောင်း။ သက္ခိဿန္တိ၊ စွမ်းနိုင်ကုန်လတ္တံ့။ ဣတိ ဧဝံ၊ ဤသို့။ မဟာသီ-မာယ၊ မဟာသိမ်၏။ ပရိစ္ဆေဒံ၊ အပိုင်းအခြားကို။ အဇာနနဌာနေပိ၊ အသိသောအရာ၌ လည်း။ သမူဟနနဿ၊ နုတ်ခြင်းကို။ ဝုတ္တတ္တာ၊ ဆိုတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ဝိညာယတိ၊ သိအပ်၏။ ဝိမတိဝိနောဒနိယမ္ပိ၊ ဝိမတိဝိနောဒနီဋီကာ၌လည်း။ ဝုတ္တံ၊ ဆိုတော်မူ၏။ ဟိ၊ မှန်၏။ ဇတ္ထာ၊ ဤသိမ်နုတ်ရာ၌။ သီမာယ၊ သိမ်ဟောင်းကိုလည်းကောင်း။ တပ္ပရိစ္ဆေ-ဒဿ ဝါ၊ ထိုသိမ်ဟောင်း အပိုင်းအခြားကိုလည်းကောင်း။ ဇာနနံ၊ သိခြင်းသည်။ န အဂီ၊ အဂီမဟုတ်။ သီမာယ ပန၊ သိမ်ဟောင်း၏။ အန္တော၊ အတွင်း၌။ ဌာနံ၊ တည်ခြင်းသည်လည်း ကောင်း။ သမူဟနိဿာမာတိ၊ နုတ်ကုန်အံ့ဟူ၍။ ကမ္မဝါစာကရဏဉ္စ၊ ကမ္မဝါစာ ဖတ်သည် ကို ပြုခြင်းသည်လည်းကောင်း။ အဂီ၊ အဂီမည်၏။ အဌကထာယံ ပန၊ ဥပေါသထက္ခန္ဓက အဌကထာ၌။ ခဏ္ဍသီမံ ပန ဇာနန္တာ ။ပ။ သက္ခိဿန္တီတိ၊ ဟူ၍။ ဧဝံ၊ ဤသို့။ မဟာသီမာယ၊ ၏။ ပရိစ္ဆေဒဿ၊ ကို။ အဇာနနေပိ၊ မသိရာ၌လည်း။ သမူဟနနဿ၊ နုတ်ခြင်းကို။ ဝုတ္တတ္တာ၊ ဆိုအပ်သောကြောင့်။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဝိမတိဝိနောဒနီဋီကာ၌ ဆို၏။ တသ္မာ၊ ထို့ကြောင့်။ ဝိညာယတိ၊ သိအပ်၏။

အဓိပ္ပါယ်ကား။ သိမ်ဟောင်းအတွင်း၌ ပကတတ်ရဟန်း ၄-ယောက် တည်ခြင်း အင်္ဂါ ၁-ပါး၊ ဤသိမ်ကို နုတ်အံ့-ဟု ကမ္မဝါစာဖတ်ခြင်း အင်္ဂါ ၁-ပါး၊ ဤအင်္ဂါ ၂-ပါး ရှိမူ သိမ်ဟောင်းကျွတ်သည် ဟူလို။

ထို့ကြောင့် ညောင်စောင်းမဖွဲ့ဘဲ သိမ်နုတ်, သိမ်သမုတ်ခြင်းကို ပြုရာ အပြစ်မရှိ၊ အပ်သည်သာဟု မှတ်ယူရမည်။

✪ ✪ ✪ ✪ ✪

[၁၂၄] နိမိတ်ပြင်ဘက်၌လည်း သိမ်နုတ်အပ်

(၁)မေး။ ။ သိမ်နုတ်ကြသောအခါ သမုတ်လိုသောသိမ်၏ နိမိတ်ပြင်ဘက်ကို မနုတ်မူ၍ နိမိတ်ပြုလိုသောအတွင်း၌ နုတ်လျှင် အပ်သည်ဟု မှတ်ရမည်လော။

ဖြေ။ ။ ရှေးကရှိသော သိမ်ဟောင်းသည် အကယ်၍ အသစ်သမုတ်လိုသော နေရာ၌ ရှိသည်ဖြစ်အံ့၊ ထိုအသစ်သမုတ်လိုသော သိမ်နေရာသည် သိမ်ဟောင်းအထက် ၌ ပကတတ်ရဟန်း ၄-ယောက်တို့သည် ထိုင်နေ၍ ကမ္မဝါစာဖြင့် နုတ်လောက်

http://www.dhammadownload.com

အောင် ထပ်မိသည် ဖြစ်အံ့၊ ထိုသို့ ထပ်မိရာ သိမ်ဟောင်းအထက်၌ ပကတတ်ရဟန်း ၄-ယောက်တို့သည် ကမ္မဝါစာဖြင့် ဖတ်၍ နုတ်ရာ ကျွတ်သည်သာဖြစ်၏။

အကယ်၍ ရှေးကသိမ်ဟောင်းအစွန်းနှင့် အသစ်သမုတ်သော သိမ်ပမာဏ၏ အစွန်းသည် လက် ၁-လုံးခန့်, ၁-ဆံချည်ခန့်မျှသာ ထပ်မိသည် ဖြစ်အံ့၊ ထိုသို့ထပ်မိရာ၌ ပကတတ်ရဟန်း ၄-ယောက်တို့သည် ကမ္မဝါစာဖတ်၍ မနုတ်လောက်သောကြောင့် နိမိတ် အတွင်း၌သာ နုတ်မူ လက် ၁-လုံးခန့်, ၁-ဆံချည်ခန့် ထပ်မိ,စပ်မိသော သိမ်ဟောင်းရှိက မကျွတ်၊ မပျက်သည်သာ ဖြစ်၏။

ထို့ကြောင့် သိမ်နုတ်ရာ ရှေးကသိမ်ဟောင်းရှိခဲ့လျှင် သမုတ်လတ္တံ့သော သိမ်နှင့် မည်မျှ ထပ်မိ, အုပ်မိသည်ဟု မသိနိုင်၍ သံသယကို ဖြတ်ပယ်ခြင်းငှာ နိမိတ်၏ပြင်ဘက် ကိုလည်း ကမ္မပတ္တ ဖြစ်လောက်အောင် နိမိတ်အတွင်း၌ နုတ်သကဲ့သို့ မယုတ်သော ဉာဏ်ဟုဖြင့် နုတ်အပ်သည်။

၁။ ကသ္မာ ပန နိမိတ္တာနံ ဗဟိပိ သီမာသမ္ဘေဒနံ ကတံ၊ နနု နိမိတ္တာနံ အန္တောယေဝ အဘိနဝသီမာ ကိတ္တိတဗ္ဗာတိ တတ္ထေဝ သမ္ဘေဒဿောတ္ထရဏဝိမောစနတ္ထံ ပေါရာဏကသီမာယ သမ္ဘေဒနံ ကာတဗ္ဗန္တိ? သစ္စံ၊ ဒုဝိညေယ္ယတ္တာ ပန ဧဝံ ကတန္တိ ဒဋ္ဌဗ္ဗံ။ ဒုဝိညေယ္ယော ဟိ ပေါရာဏကသီမာယ ဝိဇ္ဇမာနာဝိဇ္ဇမာနဘာဝေါ။ တသ္မာ ယဒိ နိမိတ္တာနံ အန္တောယေဝ သီမာသမ္ဘေဒနံ ကရေယ္ယ၊ တတော ဗဟိ ပေါရာဏကသီမာ တိဋ္ဌေယ္ယ၊ တတော အပ္ပမတ္တကံ ဌာနံ အန္တော ပဝိသေယ္ယ၊ တံ ဌာနံ ကမ္မဝါစာပါဠကေန သဟ သီမာသမ္ဘေဒနကာရကသံယသ ပတိဋ္ဌာနပ္ပဟောနကံ နု ဘဝေယ္ယ၊ ဧဝံ သန္တေ သာ ပေါရာဏကသီမာ အသမ္ဘေဒတာဝ ဘဝေယ္ယ။ တံ သမ္ဘေဒတသညာယ သီမာသမ္ဘေဒနကာလေ အန္တောနိမိတ္တဌာနံ သမ္ဘေဒေယ္ယ။ တံ အသမ္ဘေဒတပေါရာဏကသီမာကောဋိပဝိဋ္ဌတ္တာ သီမာယ သီမံ သမ္ဘေဒေါသော, ယဒိ ပန တံ ဌာနံ စတုန္နံ နိသိန္နပ္ပဟောနကံ ဘဝေယ္ယ၊ သီမာယ သီမံ အဇ္ဈောတ္ထရဏဒေါသော, ယဒိပိ အန္တော နု ပဝိသတိ၊ နိရန္တရံ ဖုဋ္ဌမတ္တံ ဟောတိ၊ ဧဝမ္ပိ သီမာသင်္ကရဒေါသောတိ ဣမသ္မာ ဒေါသတ္တယာ ဝိမောစနတ္ထံ နိမိတ္တာနံ ဗဟိပိ သီမာသမ္ဘေဒနံ ကတံ။ တေနေဝ ဝိမတိဝိနောဒနိယံ "ဗဟိ စ သမန္တာ လေဋ္ဌုပါတေ"တိအာဒိ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ–

ဟု လာသော ဝိနယာလင်္ကာရဋီကာကိုထောက်(ဝိနယာလင်္ကာရဋီ၊၁။၃၆၂)။

ကသ္မာ ပန၊ အဘယ့်ကြောင့်။ နိမိတ္တာနံ၊ နိမိတ်တို့၏။ ဗဟိပိ၊ အပဋ္ဌလည်း။ သီမာသမ္ဘေဒနံ၊ သိမ်နုတ်ခြင်းကို။ ကတံ၊ ပြုအပ်သနည်း။ နိမိတ္တာနံယေဝ၊ နိမိတ်တို့၏သာလျှင်။

http://www.dhammadownload.com

အန္တော၊ အတွင်း၌။ အဘိနဝသီမာ၊ အသစ်သမုတ်လတ္တံ့သော သိမ်ကို။ ဣစ္ဆိတဗ္ဗာ နနု၊ အလိုရှိအပ်သည် မဟုတ်လော။ တတ္ထေဝ၊ ထိုနိမိတ်အတွင်း၌သာလျှင်။ သမ္ဘေဒဖျော်ထွေ-ရဏဝိမောစနတ္ထံ၊ စပ်ခြင်း, ထပ်ခြင်းမှ လွတ်စေခြင်းငှာ။ ပေါရာဏကသီမာယ၊ သိမ်ဟောင်းကို။ သမူဟနန်၊ နုတ်ခြင်းကို။ ကာတဗ္ဗံ နနု၊ ပြုအပ်သည် မဟုတ်လော။ ဣတိ အယံ၊ ဤသည်လျှင်။ ပဒ္ဓာ၊ အမေးတည်း။ သစ္စံ၊ စောဒကဆရာဆိုတိုင်း မှန်ပေ၏။ ပန တထာပိ၊ ထိုသို့ပင် မှန်သော်လည်း။ ဒုဝိညေယျတ္တာ၊ သိမ်ဟောင်းနေရာကို သိနိုင်ခဲသည် အဖြစ်ကြောင့်။ ဧဝံ၊ ဤသို့ နိမိတ်ပြင်ဘက်၌ နုတ်ခြင်းကို။ ကတံ၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဟိ၊ မှန်၏။ (ဝါ) ဟိ ယသ္မာ၊ အကြင်ကြောင့်။ ပေါရာဏကသီမာယ၊ သိမ်ဟောင်း၏။ ဝိဇ္ဇမာနာ'ဝိဇ္ဇမာနဘာဝေါ၊ ရှိ, မရှိသော အဖြစ်သည်။ ဒုဝိညေယျာ၊ သိနိုင်ခဲ၏။ တသ္မာ၊ ထို့ကြောင့်။ နိမိတ္တာနံ၊ နိမိတ်တို့၏။ အန္တောယေဝ၊ အတွင်း၌သာလျှင်။ သီမာသမူဟနန်၊ သိမ်နုတ်ခြင်းကို။ ယဒိ ကရေယျ၊ ပြုငြားအံ့။ တတော၊ ထိုနိမိတ်မှ။ ဗဟိ၊ အပ၌။ ပေါရာဏကသီမာ၊ သိမ်ဟောင်းသည်။ ယဒိ တိဋ္ဌေယျ၊ တည်ငြားအံ့။ တတော၊ ထိုသိမ်ဟောင်းမှ။ အပဂမတ္တာ၊ အနည်းငယ်မျှသော။ ဌာနံ၊ အရပ်သည်။ အန္တော၊ အတွင်းသို့။ ယဒိ ပဝိသေယျ၊ ဝင်ငြားအံ့။ တံ ဌာနံ၊ ထိုသိမ်ဟောင်းဝင်ရာ အရပ်သည်။ ကမ္မဝါစာပါဌကေန၊ ကမ္မဝါစာဖတ်သော ရဟန်းနှင့်။ သဟ၊ တကွ။ သီမာသမူဟနနကာ-ရကသံ်ယဿ၊ သိမ်နုတ်သော ကာရကသံ်ယာ၏။ ပတိဋ္ဌဟနပ္ပဟောနာ၊ တည်နေလောက်သည်။ ယဒိ နာ ဘဝေယျ၊ မဖြစ်ငြားအံ့။ ဧဝံ သန္တေ၊ ဤသို့ ဖြစ်သည်ရှိသော်။ သာ ပေါရာဏ-ကသီမာ၊ ထိုသိမ်ဟောင်းသည်။ အသမူဟတာဝ၊ မနုတ်အပ်သည်သာလျှင်။ ဘဝေယျ၊ ဖြစ်လေရာ၏။ တံ၊ ထိုသိမ်ဟောင်းကို။ သမူဟတသညာယ၊ နုတ်ပြီးဟူသော အမှတ်ဖြင့်။ သီမာသမ္မုန္နနကာလေ၊ သိမ်သမုတ်သောအခါ၌။ အန္တောနိမိတ္တဋ္ဌာနံ၊ နိမိတ် အတွင်းအရပ်ကို။ သမ္မန္နေယျုံ၊ သမုတ်ကုန်ရာ၏။ တံ၊ ထိုသမုတ်သော သိမ်သို့။ အသမူဟတပေါရာဏက သီမာကောဋိပဝိဋ္ဌတ္တာ၊ မနုတ်အပ်သော သိမ်ဟောင်းအစွန်း၏ ဝင်သည် အဖြစ်ကြောင့်။ သီမာယ၊ ဖြင့်။ သီမံ၊ ကို။ သမ္ဘေဒေါသော၊ စပ်သော အပြစ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ တံ ဌာနံ၊ ထိုသိမ်ဟောင်းတည်ရာ အရပ်သည်။ စတုန္နံ၊ ၄-ယောက်သော ရဟန်းတို့၏။ နိသိန္နပ္ပဟောနကံ၊ ထိုင်နေလောက်သည်။ ယဒိ ဘဝေယျ၊ ဖြစ်ငြားအံ့။ သီမာယ၊ ဖြင့်။ သီမံ၊ ကို။ အဒ္ဓေါတ္ထရဏဒေါသော၊ လွှမ်းမိုးသော အပြစ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ အန္တော၊ အတွင်း၌။ နာ ပဝိသတိ၊ မဝင်။ နိရန္တရံ၊ အခြားမရှိ။ ဖုဋ္ဌမတ္တံ၊ ထိစပ်ကာမျှသည်။ ယဒိပိ ဟောတိ၊ ဖြစ်အံ့။ ဧဝမ်ပိ၊ ဤသို့ ဖြစ်သည်ရှိသော်လည်း။ သီမာသင်္ကရဒေါသော၊ သိမ်ရောယှက်သော အပြစ်သည်။ ဘဝေယျ၊ ဖြစ်လေရာ၏။ ဣတိ၊ ဤသို့။ ဣမသ္မာ ဒေါသတ္တယာ၊ ဤအပြစ် ၃-ပါးမှ။ ဝိမောစနတ္ထံ၊ လွတ်စေခြင်းငှာ။ နိမိတ္တာနံ၊ နိမိတ်တို့၏။

http://www.dhammadownload.com

ဗဟိပိ၊ အပဋ္ဌလည်း။ သီမာသမူဟနန်၊ သိမ်နုတ်ခြင်းကို။ ကတံ၊ ပြုအပ်၏။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ ဝိမတိဝိနောဒနိယံ၊ ဝိမတိဝိနောဒနီဋီကာ၌။ ဗဟိ စ သမန္တာ လေဋ္ဌုပါတေတိအာဒိ၊ ဤသို့ အစရှိသော စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

✪ ✪ ✪ ✪ ✪

[၁၂၅] သိမ်နုတ်ရာ၌ ပကတိဂါမ, ဝိသုံဂါမသိမ်တွင် ရဟန်းရှိနေခြင်း

(၁)မေး။ ။ ပကတိဂါမသိမ်, ဝိသုံဂါမသိမ်တို့၌ သမုတ်သောသိမ်ကို စီရင်ကြရာ မသမုတ်မီ သိမ်ကို နုတ်စဉ်အခါ၌ ပကတိဂါမသိမ်, ဝိသုံဂါမသိမ်တို့၌ ရဟန်းမရှိအောင် ဟတ္ထပါသ်သို့ ရောက်အောင် ပင့်ဆောင်ခြင်း, ဆန္ဒဆောင်ခြင်းကိုပြုမှ အပ်မည်လော? သို့မဟုတ် မပြုဘဲပင် အပ်မည်လော?

ဖြေ။ ။ ထိုအမေးမှာ-

၁။ ဣဒံ သီမာသမူဟနနကမ္မံ နာမ ယဒိ ပေါရာဏာ ဗဒ္ဓသီမာ အတ္ထိ၊ တဒဋ္ဌကသံယေ ဟတ္ထပါသဂတေ အညေသု ဘိက္ခူသု ဂါမသီမံ ပဝိဋ္ဌေသုပိ ကမ္မဘေဒေါ နတ္ထိ။ ယဒိ ပေါရာဏာ ဗဒ္ဓသီမာ နတ္ထိ၊ ဧဝမ္ပိ သတိ ကေဝလံ ဂါမသီမာဘူတတ္တာ သီမာသမူဟနနကမ္မေ အသမ္ပတ္တေပိ ဒေါသော နတ္ထိ၊ အထ ကသ္မာ သောဓနာ ဝုတ္တာတိ? သစ္စံ၊ တထာပိ သောဓေတ္ဝာဝ သမူဟနိတဗ္ဗာ ပေါရာဏာသီမာပရိစ္ဆေဒဿ ဒုဝိညေယ္ယတ္တာ။ သစေ ဟိ မဟာတိယာ ပေါရာဏ-ဗဒ္ဓသီမာယ ဧကသ္မိံ ပဒေသေ သီမံ သမူဟနိဿာမာတိ သံယေ သန္နိပတိတေ တဿာယေဝ သီမာယ အညသ္မိံ ပဒေသေ ဘိက္ခုမ္ပိ ပဝိဋ္ဌေ အဇာနန္တဿာပိ ကမ္မံ ဝိပဇ္ဇတိ၊ တသ္မာ မဟုဿာဟေန သောဓေတဗ္ဗာဝါတိ ဒဋ္ဌဗ္ဗံ-

ဟု လာသော ဝိနယာလင်္ကာရဋီကာကို ထောက်၍ သိအပ်သည်(ဝိနယာလင်္ကာရဋီ၊၁။၃၅၂-၃)။

ဣဒံ သီမာသမူဟနနကမ္မံ နာမ၊ ဤသိမ်နုတ်သော ကံမည်သည်။ ပေါရာဏာ ဗဒ္ဓသီမာ၊ အဟောင်းဖြစ်သော ဗဒ္ဓသီမ်သည်။ ယဒိ အတ္ထိ၊ ရှိသည်ဖြစ်အံ့။ တဒဋ္ဌကသံယေ၊ ထိုဗဒ္ဓသိမ်ဟောင်း၌တည်သော သံဃာသည်။ ဟတ္ထပါသဂတေ၊ တစ်တောင့်ထွာ ဟတ္ထပါသ်၌ တည်သည်ရှိသော်။ အညေသု၊ တပါးကုန်သော။ ဘိက္ခူသု၊ ရဟန်းတို့သည်။ ဂါမသီမံ၊ ပကတိဂါမသိမ်, ဝိသုံဂါမသိမ်သို့။ ပဝိဋ္ဌေသုပိ၊ ဝင်ကုန်သော်လည်း။ ကမ္မဘေဒေါ၊ ကံပျက်ခြင်းသည်။ နတ္ထိ၊ မရှိ။ ပေါရာဏာ ဗဒ္ဓသီမာ၊ ဗဒ္ဓသိမ်ဟောင်းသည်။ ယဒိ နတ္ထိ၊ မရှိသည်

http://www.dhammadownload.com

ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ ဖြစ်သည်ရှိသော်။ ကေဝလံ၊ သက်သက်။ ဂါမသီမာဘူတတ္တာ၊ ဂါမသိမ်ဖြစ်သည်၏ အဖြစ်ကြောင့်။ သီမာသမူဟနနကမ္မေ၊ သိမ်နုတ်သော ကံသည်။ အသမ္ဗဇ္ဈန္တေပိ၊ မပြည့်စုံသော်လည်း။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ အဃ။ ထိုသို့ ဖြစ်လျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ သောဓနာ၊ သုတ်သင်ခြင်းကို။ ဝုတ္တာ၊ ဆိုအပ်ပါသနည်း။ ဤတိ အယံ၊ ဤသည်လျှင်။ ပုစ္ဆာ၊ အမေးတည်း။ သစ္စံ၊ စောဒကဆရာ ဆိုတိုင်း မှန်ပါ၏။ တထာပိ၊ ထိုသို့ပင် မှန်သော်လည်း။ ပေါရာဏာသီမာပရိစ္ဆေဒဿ၊ သိမ်ဟောင်း အပိုင်းအခြား၏။ ဒုဝိညေယျတ္တာ၊ သိနိုင်ခဲသည် အဖြစ်ကြောင့်။ သောဓေတွာဝ၊ သုတ်သင်၍သာလျှင်။ သမူဟနိတဗ္ဗာ၊ နုတ်အပ်၏။ ဟိ၊ မှန်၏။ မဟတီယာ၊ ကြီးသော။ ပေါရာဏဗဒ္ဓသီမာယ၊ ဗဒ္ဓသိမ်ဟောင်း၏။ ဧကသ္မိံ ပဒေသေ၊ ၁-ခုသောအရပ်၌။ သီမံ၊ သိမ်ကို။ သမူဟနိဿာမ၊ နုတ်ကုန်အံ့။ ဤတိ၊ ဤသို့။ သံယေ၊ သံယာသည်။ သန္နိပတိတေ၊ စည်းဝေးသည်ရှိသော်။ တဿာယေဝ သီမာယ၊ ထိုဗဒ္ဓသိမ်၏သာလျှင်။ အညသ္မိံ၊ တပါးသော။ ပဒေသေ၊ အရပ်၌။ ဘိက္ခုမ္ပိ၊ ရဟန်းသည်။ ပဝိဋ္ဌေ၊ ဝင်သည်ရှိသော်။ အဇာနန္တသာပိ၊ မသိသော်လည်း။ ကမ္မံ၊ သိမ်နုတ်ကံသည်။ ဝိပဇ္ဇတိ၊ ပျက်၏။ တသ္မာ၊ ထို့ကြောင့်။ မဟုဿာဟေန၊ ကြီးစွာသော အားထုတ်ခြင်းဖြင့်။ သောဓေတဗ္ဗာဝ၊ သုတ်သင်အပ်သည်သာတည်း။ ဤတိ၊ ဤသို့။ ဒဠ္ဠံ၊ မှတ်အပ်၏။

ထိုဦးကာပါဠ်၌ ဗဒ္ဓသိမ်ဟောင်း၏ အပိုင်းအခြားကို သိနိုင်ခဲသည်။ အသစ် သမုတ်လတ္တံ့သော သိမ်နေရာ၌ ကြီးသော ဗဒ္ဓသိမ်ဟောင်းရှိနေသည် ဖြစ်အံ့၊ ထိုဗဒ္ဓသိမ်ဟောင်း ၁-စိတ်၌ ရဟန်းတို့သည် ကမ္မဝါစာဖြင့် နုတ်သော်လည်း တစ်စိတ်တစ်ခြမ်းက ရဟန်းရှိမှ ဝဂ်ဖြစ်၏။ သိမ်နုတ်သောကံသည် မအောင်-ဟု ပြတော်မူသည်ကိုထောက်၍ ယခုအခါ သိမ်နုတ်ကြသောအရာမှာ ဤနေရာအရပ်၌ ဗဒ္ဓသိမ်ဟောင်းသည် အကယ်၍ ရှိသော်လည်း ၁-ခုသော မဇ္ဈိမအာရာမ ကျောင်းတိုက်တာပမာဏမျှကို လွန်၍ မကြီးနိုင်ဟု သံသယကို ဖျောက်ပယ်နိုင်သဖြင့် မိမိတို့ ဆနိုင်လောက်သောအရပ်၌ ရဟန်း မရှိအောင် ပြု၍ ဖြစ်စေ၊ ဆန္ဒဆောင်၍ ဖြစ်စေ သိမ်ကို နုတ်ရမည်ဟု မှတ်ယူသင့်သည်။

၂။ ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ၌ပင်—

> ယဒိ ပန ပကတိဂါမသီမာ အတိဝိတ္ထာရာ ဟောတိ၊ နိဂမသီမာ, နဂရသီမာ ဝါ ဟောန္တိ၊ ဗဟူနံ ဘိက္ခူနံ နိသိန္နဋ္ဌာနသဉ္ဆရဏဋ္ဌာနတ္တာ သောဓေတုံ ဝါ ရက္ခိတုံ ဝါ န သက္ကောန္တိ၊ ဧဝဉ္စ သတိ ပထဝိဿရရာဇဟိ ပရိစ္ဆိန္နာယ ဝိသုဂါမသီမာယ သုဋ္ဌု သောဓေတွာ သုရက္ခိတံ ကတ္တာ သီမာသမူဟနနသီမာသမ္ဘူတိကမ္မံ ကာတဗ္ဗ-

ဟု မိန့်တော်မူသည်(ဝိနယာလင်္ကာရဋီ၊၁။၃၅၁)။

http://www.dhammadownload.com

ပကတိဂါမသီမာ၊ ပကတိဂါမသိမ်သည်။ အတိဝိတ္ထာရာ၊ အလွန်ကျယ်သည်။ ယဒိ ပန ဟောတိ၊ ဖြစ်အံ့။ နိဂမသီမာ နဂရသီမာ ဝါ၊ နိဂမသိမ်, နဂရသိမ်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗဟူနံ၊ များကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ နိသိန္နဋ္ဌာနသဉ္ဆရဏ-ဋ္ဌာနတ္ထာ၊ နေရာ, သွားလာရာ အရပ်ဖြစ်သောကြောင့်။ သောဓေတုံ ဝါ၊ သုတ်သင်ခြင်းငှာလည်းကောင်း။ ရက္ခိတုံ ဝါ၊ စောင့်ရှောက်ခြင်းငှာလည်းကောင်း။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ ဧဝဉ္စ သတိ၊ ဤသို့ ဖြစ်သည်ရှိသော်။ ပထဝိဿရရာဇူဟိ၊ မြေကို အစိုးရသောမင်းတို့သည်။ ပရိစ္ဆိန္နာယ၊ ပိုင်းခြားအပ်သော။ ဝိသုံဂါမသီမာယ၊ အသီးဂါမသိမ်၌။ သုဋ္ဌု၊ ကောင်းစွာ။ သောဓေတွာ၊ သုတ်သင်၍။ သုရက္ခိတံ၊ ကောင်းစွာ စောင့်ရှောက်သည်ကို။ ကတွာ၊ ပြု၍။ သီမာသမ္ဘေဒကနသီမာသမ္ဘေဒကမ္ပိ၊ သိမ်နုတ်သောကံ, သိမ်သမုတ်သောကံကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

ထိုဋီကာပါဠိ၌ "ပကတိ ဂါမသိမ်သည် ကျယ်၍ နယ်ကို မသိနိုင်သဖြင့် အမိန့်တော်ခံ၍ ရသော ဝိသုံဂါမသိမ်၌ သိမ်သမုတ်ရာ, နုတ်သောအခါ၌လည်း ထိုဝိသုံဂါမပိုင်းခြားရာအတွင်း၌ စောင့်၍ နုတ်ရမည်။ သမုတ်သောအခါ၌လည်း ထိုဝိသုံဂါမကို စောင့်၍ သမုတ်ရမည်"ဟု ပြတော်မူသည်ကို ထောက်၍ နုတ်သောအခါ၌ ဤအရပ်မှာ ဗဒ္ဓသိမ်ဟောင်းသည် ရှိခဲ့သော်လည်း ဤမျှလောက်ကို လွန်၍ မကြီးနိုင်ရာဟု အရပ်ဌာနအလိုက် ရှုဆင်ခြင်၍ ဝိသုံဂါမသိမ်ကိုပင် လွန်၍ သုတ်သင်နိုင်သမျှ အရပ်မှ သုတ်သင်၍ နုတ်ခြင်းကို ပြုသော်လည်း အပ်သည်၊ ဗဒ္ဓသိမ်ဟောင်းရှိခဲ့လျှင် အပိုင်းအခြားကို သိနိုင်ခဲသောကြောင့်တည်း။ သမုတ်သောအခါမှာ ထိုဝိသုံဂါမသိမ် အပိုင်းအခြားကို စောင့်၍ သမုတ်လျှင် ပကတိဂါမသိမ် အပိုင်းအခြားကို မစောင့်သော်လည်း အပ်သည်-ဟု မှတ်ရမည်။

၃။ ထို့ကြောင့် ဥပေါသထက္ခန္ဓကအဋ္ဌကထာ၌—

> ယတ္တကေ ပဒေသေ တဿ ဂါမဿ ဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ၊ ဂါမသီမာတ္တေဝ သင်္ခံ ဂစ္ဆတိ။ နဂရနိဂမသီမာသုပိ ဧသေဝ နယော။ ယမ္ပိ ဧကသ္မိံ ယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ "အယံ ဝိသုံ ဂါမော ဟောတူ"တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ။ တသ္မာ သာ စ ဣတရာ စ ပကတိဂါမနဂရနိဂမသီမာ ဗဒ္ဓသီမာသဒိသာယေဝ ဟောန္တိ—

ဟု ဖွင့်ဆိုတော်မူ၏(ဝိ၊ဋ၊၃၊၃၃၃)။

http://www.dhammadownload.com

ယတ္တကေ၊ အကြင်မျှလောက်သော။ ပဒေသေ၊ အရပ်၌။ တသ္မ တသ္မ ဂါမသ္မ၊ ထိုထိုရွာ၏။ ဘောဇကာ၊ ရွာစားတို့သည်။ ဗလိ၊ အခွန်ကို။ ဝါ၊ ခိုင်ငွေကို။ လဘန္တိ၊ ရကုန်၏။ သော ပဒေသော၊ ထိုအရပ်သည်။ အပ္ပေါ ဝါ၊ ကျဉ်းသည်လည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တော ဝါ၊ ကျယ်သည်လည်း။ ဟောတု၊ ဖြစ်စေ။ ဂါမသီမာတွေဝ သန်၊ ဂါမသိမ်ဟူသော အရေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။ နဂရ နိဂမသီမာသုပိ၊ နဂရသိမ်, နိဂမသိမ်တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းနှင့်တူသော နည်းရှိ၏။ ဧကသ္မိ ယေဝ၊ တစ်ခုသာလျှင်ဖြစ်သော။ ဂါမခေတ္တေ၊ ဂါမခေတ်၌။ ဧကံ၊ တစ်ခုသော။ ယမ္မိ ပဒေသံ၊ အကြင်အရပ်ကို။ အယံ၊ ဤအရပ်သည်။ ဝိသုံ၊ အသီး။ ဂါမော၊ ရွာသည်။ ဟောတု၊ ဖြစ်စေ။ ဣတိ၊ ဤသို့။ ပရိစ္ဆိန္နိတ္တာ၊ ပိုင်းခြား၍။ ရာဇာ၊ မင်းသည်။ ကဿစိ၊ တစုံတယောက်အား။ ဒေတိ၊ ပေးတော်မူ၏။ သောပိ၊ ထိုအရပ်သည်လည်း။ ဝိသုံဂါမသီမာ၊ အသီးဂါမ သိမ်သည်။ ဟောတိယေဝ၊ ဖြစ်သည်သာတည်း။ တသ္မာ၊ ထို့ကြောင့်။ သာ စ၊ ထိုဝိသုံဂါမသိမ်သည်လည်းကောင်း။ ဣတရာ၊ တပါးကုန်သော။ ပကတိဂါမနဂရ နိဂမသီမာ စ၊ ပကတိဂါမသိမ်, နဂရသိမ်, နိဂမသိမ်တို့သည်လည်းကောင်း။ ဗဒ္ဓသီမာသဒိသာယေဝ၊ ဗဒ္ဓသိမ်နှင့် တူကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုအဋ္ဌကထာပါဠိ၌ အကြင်အရပ်ဒေသ၌ ရွာသည် အိမ်ခြေလူနေ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အစိုးရနယ်ချင်သည် ခိုင်ငွေကို အသီးအခြား စားရသည်။ ထိုအရပ်ဒေသ၌ ထိုရွာနှင့် ထိုရွာ၏ အပိုင်းအခြားသတ်မှတ်ရာ နယ်မြေအတွင်းသည် ၁-ခုသော ဂါမသိမ်ဖြစ်၍ ၁-ခုသော ဂါမသိမ်မည်၏။ ထိုဂါမသိမ်သည်ပင် ပကတိဂါမသိမ် မည်သည်။ ထိုပကတိ ဂါမသိမ်၌ပင် ဗဒ္ဓသိမ်နှင့်တူစွာ ကံဆောင်အပ်သည်။ သာသနာ-၅၀၀၀ အမြဲတည်သော ဗဒ္ဓသိမ်သမုတ်လိုမူ မြေရှင်ပေးလှူက အစိုးရမင်းထံ အမိန့်မခံဘဲသာ ထိုပကတိ-ဂါမနယ်ကို စောင့်၍, ထိုနယ်တွင်းရှိ ရဟန်းကုန် ပင့်၍, ဆန္ဒထိုက်သော ရဟန်း၏ ဆန္ဒကို ဆောင်၍ သမုတ်အပ်သည်။

ထိုပကတိဂါမသိမ်သည် ကျယ်၍ မစောင့်ရှောက်, မသုတ်သင်နိုင်လျှင် ထိုပကတိဂါမနယ်ကြီးအတွင်း၌ အစိုးရမင်းထံ အမိန့်ခံ၍ အစိုးရမင်းက "ဤမည်သော အရပ် ၁-စိတ်သည် ဝိသုံဂါမ နယ်သီးခြားဖြစ်စေ"ဟု ပိုင်းခြား၍ ပေးအပ်သော အရပ်သည်လည်း ဝိသုံဂါမသိမ်မည်၏။ ထိုဝိသုံဂါမသိမ်သည်လည်း ဗဒ္ဓသိမ်နှင့် တူစွာ ကံဆောင်အပ်သည်။

ထိုဝိသုံဂါမသိမ်၌ သိမ်သမုတ်မူ ထိုဝိသုံဂါမနယ်ကို စောင့်၍ သမုတ်လျှင် အပ်သည်-ဟု ပြတော်မူသည်။

http://www.dhammadownload.com

ထိုသို့ အဋ္ဌကထာ၌ ပကတိဂါမသိမ်, ဝိသုံဂါမသိမ် ၂-ခုလုံးပင် ဗဒ္ဓသိမ်နှင့် တူကြောင်း, ဗဒ္ဓသိမ်နှင့် တူစွာ ကံဆောင်အပ်ကြောင်း, ထိုသိမ် ၂-ခုလုံး၌ပင် သိမ်သမုတ် အပ်ကြောင်းကို ပြတော်မူပါလျက် ဝိသုံဂါမသိမ် အမိန့်ခံ၍ ပကတိဂါမသိမ်ပါ နယ်စောင့်၍ သိမ်သမုတ်ခြင်းသည် အဋ္ဌကထာကို လွန်ရာရောက်သည်။ ပကတိဂါမသိမ်ကို ခွဲ၍ ဝိသုံဂါမသိမ်ဖြစ်သည်ဟု အထူးပြု၍ ပြတော်မူသော စကားသည်လည်း အကျိုးမရှိ၊ နိရတ္ထကသာ ဖြစ်ခဲ့ရာသည်။ ထို့ကြောင့် အဋ္ဌကထာကို ရိုသေသောအားဖြင့် ဝိသုံဂါမသိမ် အမိန့်ခံ၍ သိမ်သမုတ်ရာ ပကတိဂါမသိမ်ကို မစောင့်ဘဲသာ, ထိုဝိသုံဂါမသိမ်ကိုသာ စောင့်၍ သမုတ်အပ်သည်-ဟု မှတ်လေ။

ဤအရာ၌ ဝိသုံဂါမဟု ဆိုသောကြောင့် ဂါမသဒ္ဒါကို မြင်၍ အိမ်ရှိမှ ဝိသုံဂါမ ဖြစ်သည်ဟု ဆိုငြားအံ့၊ ထိုသို့ မဆိုအပ်။ ပကတိဂါမသိမ်လည်း အိမ်ရှိရာ၌သာ သိမ်မည်သည် မဟုတ်၊ အိမ် မရှိရာ, ထိုဂါမ၏ ခေတ်အတွင်း ပိုင်းခြားရာ နယ်ဟူသမျှသည်ပင် ပကတိဂါမသိမ် မည်သကဲ့သို့၊ ထိုပကတိဂါမ၏ ခေတ်အတွင်း တစ်စုံတစ်ခုသော အရပ်၌ ဝိသုံဂါမဖြစ်စေဟု ရှေးပကတိဂါမ-သဒ္ဒါကို စွဲ၍ ဝိသုံဂါမဟု ဆိုအပ်သည်။ အိမ်ရှိမှ ဝိသုံဂါမဖြစ်သည်ဟု မဆိုအပ်ချေ။ ပကတိဂါမသိမ်၌ သမုတ်သောအခါ အိမ်ရှိရာ ဂါမ-သဒ္ဒါကို စွဲ၍ အိမ်မရှိရာ၌ ထိုရွာနယ်ခေတ်အတွင်းသည် ပကတိဂါမသိမ် မည်သကဲ့သို့၊ ထိုပကတိဂါမခေတ်အတွင်း အိမ်မရှိရာ တစ်စုံတစ်ခုသော အရပ်၌ ပိုင်းခြား၍ အစိုးရသော မင်းသည် ပေးအပ်သော အရပ်သည် အိမ်မရှိသော်လည်း ရှေးပကတိဂါမကို စွဲ၍သာ ဝိသုံဂါမမည်သည်ဟုသာ မှတ်တော်မူလို၍ "ယမ္မိ ဧကသ္မိ ယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ 'အယံ ဝိသုံ ဂါမော ဟောတူ'တိ ပရိစ္ဆိန္နိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ"ဟု အဋ္ဌကထာ၌ ဂါမ-သဒ္ဒါသက်သက်နှင့်သာ မဆိုမူ၍ "ဂါမခေတ္တေ"ဟု ခေတ္တ-သဒ္ဒါနှင့် တွဲ၍ မိန့်ဆိုတော်မူသည်။

ထိုအဋ္ဌကထာပါဠိ၌ "ဂါမခေတ္တေ"ဟု ဆိုခြင်းကြောင့် ပကတိဂါမသိမ်မှာလည်း ဂါမ-သဒ္ဒါကို စွဲ၍ အိမ်မရှိရာ ဂါမ၏ ခေတ်နယ်အတွင်းဟူသမျှကို ဂါမသိမ်ဆိုသကဲ့သို့ ထိုပကတိဂါမခေတ်၌ အစိုးရမင်း ပိုင်းခြား၍ အသီးပေးအပ်သော အရပ်သည်လည်း ထိုပကတိဂါမသဒ္ဒါကို စွဲ၍ အသီးခေတ် ဖြစ်သောကြောင့် ဝိသုံဂါမ မည်သည်ကို ပြတော်မူသည်ဟု မှတ်။ ထို့ကြောင့်သာလျှင် "အယံ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္နိတွာ ရာဇာ ကဿစိ ဒေတိ"ဟု အာဏာဖြင့် ပိုင်းခြား၍ ပေးရုံမျှကိုသာ ပြတော်မူသည်။ အိမ်သီးခြားရှိမှ ဝိသုံဂါမဖြစ်သည်ဟု ပြတော်မူသောအရာ မဟုတ်ချေ။

http://www.dhammadownload.com

ဤသို့ အဋ္ဌကထာ၌ "အယံ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္နိတ္ထာ ရာဇာ ကဿစိ ဒေတိ"ဟူ၍သာ အာဏာပိုင်မင်းသည် အာဏာဖြင့် ပိုင်းခြား၍ ပေးရုံမျှနှင့် ဝိသုံဂါမ ဖြစ်သည်။ ဗဒ္ဓသိမ်နှင့် တူသည်ဟု အာကာရအခြင်းအရာကို တွေ့မြင်ပါလျက်နှင့် အိမ်ရှိမှ ဝိသုံဂါမဖြစ်သည်ဟု ဆိုခြင်းသည် အဋ္ဌကထာကို မထောက်မညှာ စိတ်ထင်ရာကို ဆိုမိဆိုရာ ဆိုသောစကားသာ ဖြစ်ချေသည်။ ထို့ကြောင့် ပါဠိတော်၌လာသော ပကတိဂါမ၌ သိမ်သမုတ်မူ ပကတိဂါမနယ်ကို စောင့်၍ သုတ်သင်၍ သမုတ်အပ်သည်။ ထိုပကတိဂါမကို မစောင့်ရှောက်နိုင်၊ မသုတ်သင်နိုင်၍ အဋ္ဌကထာ၌ လာသော ဝိသုံဂါမ၌ သမုတ်လိုမူ အမိန့်ခံ၍ရသော ဝိသုံဂါမသိမ်ကို စောင့်၍ သမုတ်ရမည်။ ပကတိဂါမကို မစောင့်ရှောက်, မသုတ်သင်သော်လည်း အဋ္ဌကထာ ခွင့်ပြုသော ဝိသုံဂါမဖြစ်၍ အပ်သည်ဟု သန္နိဋ္ဌာန်ကျမှတ်လေ။ (အကျယ်လိုမူ ဝိမတိဝိနောဒနိဋီကာ(၂။၁၅၆-၈)တို့၌ ရှုလေ။)

✪ ✪ ✪ ✪ ✪

[၁၂၆] ဝိသုံဂါမသိမ်လက္ခဏာ ၄-ပါး

(၁)မေး။ ။ ပကတိဂါမခေတ်၌ ဝိသုံဂါမသိမ်ဖြစ်ပုံ အင်္ဂါလက္ခဏာကို အသို့မှတ်ရပါမည်နည်း။

ဖြေ။ ။ ထိုအမေး၌ ဝိသုံဂါမသိမ်ဖြစ်ခြင်း၏ အင်္ဂါသည်-

- ၁-ခုသော ဂါမခေတ်အတွင်း၌ ၁-ခုသော အရပ် ၁-စိတ်ဖြစ်ခြင်း၊
- ဝိသုံဂါမဖြစ်စေ-ဟူသော အဓိပ္ပါယ်ကို တစ်စုံတစ်ခုသော အမှတ်သညာဖြင့် ပိုင်းခြားခြင်း၊
- ၁-ခုသော ဂါမခေတ်ကို ၂-ခုသော ဂါမခေတ်ဖြစ်အောင် ခွဲဝေပေးနိုင်သော အာဏာပိုင်မင်းဖြစ်ခြင်း၊
- ထိုအာဏာပိုင်မင်း ပိုင်းခြား၍ ပေးခြင်း—

ဤသို့လျှင် ဝိသုံဂါမသိမ်ဖြစ်ခြင်း အင်္ဂါ ၄-ပါးရှိသည်။

၁။ ယတ္ထကေ ပဒေသေ တဿ ဂါမဿ ဘောဇကာ ဗလီ လဘန္တိ၊ သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ ဂါမသီမာတ္တေဝ သင်္ချံ ဂစ္ဆတိ။ နဂရနိဂမသီမာသုပိ ဧသေဝ နယော။ ယမ္ပိ ဧကသ္မိံ ယေဝ ဂါမခေတ္တေ ဧကံ

http://www.dhammadownload.com

ပဒေသဲ "အယံ ဝိသုံ ဂါမော ဟောတူ"တိ ပရိစ္ဆိန္နိတ္တာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ—

ဟု လာသော **မဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓကအဖွင့်**ကို ထောက်(ဝိ၎၊၃။၃၃၃)။

ထိုအဋ္ဌကထာ၌-

- "ယမ္ပိ ကေသ္ပိ ယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ"ဟူသောပါဠိဖြင့် ပဌမအဂ်ီကို ပြတော်မူသည်။
- "အယံ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္နိတ္တာ"ဟူသောပါဠိဖြင့် ဒုတိယအဂ်ီကို ပြတော်မူသည်။
- "ရာဇာ"ဟူသောပါဠိဖြင့် တတိယအဂ်ီကို ပြတော်မူသည်။
- "ကဿစိ ဒေတိ"ဟူသောပါဠိဖြင့် စတုတ္ထအဂ်ီကို ပြတော်မူသည်။

ထိုအဂ်ီ ၄-ပါးတို့တွင် **"အယံ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္နိတ္တာ"ဟူသော ဝိသုံဂါမအဂ်ီလက္ခဏာဖြင့်** ကျောင်းမြေ, ဘုရားမြေ, ဂရန်ပတ္တာခံသော မြေဟူသမျှသည် **ဝိသုံဂါမသိမ် မဖြစ်သည်သာဟု** ပြတော်မူသည်ဟု မှတ်။

၂။ ထို့ကြောင့် **ဝိမတိဝိနောဒနီဋီကာ၌—**

> ဗလိ လဘန္ဆိတိ ဣဒံ ယေဘုယျဝသေန ဝုတ္တံ။ "အယံ ဂါမော ဧတ္တကော ကရီသဘာဂေါ"တိအာဒိနာ ပန ရာဇပရွေသု အာရောပိတေသု ဘူမိဘာဂေသု ယသ္မိံ ယသ္မိံ တဒ္ဒါကမာတိကာသုသာနပဒတာဒိကေ ပဒေသေ ဗလိ နံ ဂဏှန္တိ၊ သောပိ ဂါမသီမာ ဧဝ။ ရာဇာဒီဟိ ပရိစ္ဆိန္နဘူမိဘာဂေါ ဟိ သတ္ထောဝ ဌပေတွာ နဒီလောဏိဇာတဿရေ ဂါမသီမာတိ ဝေဒိတဗ္ဗော။ တေနာဟ "ပရိစ္ဆိန္နိတ္တာ ရာဇာ ကဿစိ ဒေတီ"တိ—

ဟု မိန့်တော်မူ၏(ဝိမတိ၊၂။၁၅၇)။

ထိုဋီကာ၌ "အယံ ဂါမော ဧတ္တကော ကရီသဘာဂေါ ။ပ။ သောပိ ဂါမသီမာ ဧဝ"ဟူသော ပါဠိဖြင့် ၁-ခုသော ဂါမခေတ်၌ အခွန်မရသော တဖက်ဆည်ကန်၊ မြောင်း၊ သုသာန်မြေ၊ တောင်မြေ၊ ကျောင်းမြေ၊ ဘုရားမြေ စသည်တို့သည်လည်း ထိုဂါမခေတ်၌ အတွင်းဝင်သော ဂါမသိမ်ပင် မည်သည်-ဟု ပြတော်မူသည်။

"ရာဇဒီဟိ ပရိစ္ဆိန္နဘူမိဘာဂေါ ဟိ ။ပ။ ဝေဒိတဗ္ဗော"ဟူသောပါဠိဖြင့် မြို့ရွာနယ်မြေ တို့ကို ပိုင်းခြားနိုင်သော အာဏာပိုင်မင်းတို့သည် ၁-ခုသော နဂရ, နိဂမ, ဂါမသိမ်အတွင်း၌

http://www.dhammadownload.com

အသီးသီး ပိုင်းခြားအပ်သော မြေအဖို့ဟူသမျှသည် မြစ်, သမုဒ္ဒရာ, ဇာတသရသိမ်တို့ကို ထား၍ ထိုနဂရ, နိဂမ, ဂါမသိမ်အတွင်းဝင်သော သိမ်သာမည်သည်ဟု ပြတော်မူသည်။

တေနာဟ "ပရိစ္ဆိန္နိတ္ထာ ရာဇာ ကဿစိ ဒေတိ"ဟူသော သာဓကပါဠိဖြင့် ဝိသုံဂါမ လက္ခဏာမြောက်အောင် ပိုင်းခြားရုံမျှနှင့် ဝိသုံဂါမသိမ် မဖြစ်၊ ပိုင်းခြား၍ပေးမှ ဝိသုံဂါမသိမ် မြောက်သည်ဟု ပြတော်မူသည်။

ထိုစကား၌ ကျောင်းမြေ, ဘုရားမြေ, ဂရန်ပတ္တာခံသော မြေတို့သည် အာဏာပိုင်မင်း ပေးသည်ဖြစ်၍ ဝိသုံဂါမသိမ် မည်သည်ဟု ဆိုငြားအံ့၊ ထိုသို့ ပေးခြင်းသည် "အယံ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္နိတ္ထာ"ဟူသော အဋ္ဌကထာပါဠိအရ ဝိသုံဂါမသိမ်၏ အင်္ဂါလက္ခဏာနှင့် မညီသောကြောင့် ဝိသုံဂါမသိမ် မမြောက်ဟု ဖြေ။

အယံ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္နိတ္ထာ-အရမှာ ဝိသုံဂါမ ဖြစ်စေလို၍ ၁-ခု သော ဂါမခေတ်၌ ၁-ခုသောအရပ် ၁-စိတ်မှာ တောင်,တာသခ်ိုင်္ဂာ, အမှတ်ပေးဇယားပုံ သခ်ိုင်္ဂာအမှတ်တို့ဖြင့် ပိုင်းခြားမှတ်သား၍ ဝိသုံဂါမဖြစ်စေ-ဟူသော အခြင်းအရာကို ဖော်ပြ၍ ပေးမှ ဝိသုံဂါမသိမ်မြောက်သည်။ ထိုသို့မဟုတ် ကျောင်းမြေ၊ ဘုရားမြေ၊ ဂရန်ပတ္တာခံသော မြေမှာ ထိုကျောင်းမြေ၊ ဘုရားမြေ၊ ဂရန်ပတ္တာမြေ-ဟူသော အခြင်းအရာဖြင့်သာ ပေးသည် မည်သောကြောင့် ဝိသုံဂါမသိမ်၏ အင်္ဂါလက္ခဏာ မမြောက်-ဟု မှတ်။

၃။ ထို့ကြောင့် **မဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓကအဖွင့်၌–**

> ယေ အဗ္ဘန္တရိမဝိဟာရာ, တေသု ဘိက္ခူ ဇေဋ္ဌံ သန္ဓိပါတေတဗ္ဗာ၊ ဆန္နာဟရာနံ ဆန္နော အာဟရာပေတဗ္ဗော—

ဟု ဆိုတော်မူ၏(ဝိ၊ဋ္ဌ၊၃။၃၂၂)။

ရာဇာ ကဿစိ ဒေတိ-အရာ၌ ရာဇာ-အရကို "ရာဇာတိ ပထဝိဿရရာဇာ"ဟု ဝိနယာလင်္ကာရဋီကာ၌ လာသောကြောင့် မြေကို အစိုးရသောမင်းဟု သိလေ။ ထိုမြေကို အစိုးရသောမင်းက အဆင့်အာဏာပိုင်ပေးအပ်သော အမတ်ကြီး အစရှိသော မင်းအဆင့် ဆင့်တို့ကိုလည်း ရာဇ-အရာ၌ မှတ်ယူအပ်သည်ပင်။

၄။ ထို့ကြောင့် **ဝိမတိဝိနောဒနီဋီကာ၌–**

> ရာဇာဒီဟိ ပရိစ္ဆိန္နဘူမိဘာဂေါ ဟိ သတ္တောဝ ဌပေတွာ နဒီလောဏိဇာတဿရေ ဂါမသီမာတိ ဝေဒိတဗ္ဗော။ တေနာဟ "ပရိစ္ဆိန္နိတ္ထာ ရာဇာ ကဿစိ ဒေတိ"တိ-

ဟု ဖွင့်တော်မူ၏(ဝိမတိ၊၂။၁၅၇) ။

http://www.dhammadownload.com

ဟိ၊ မှန်၏။ ရာဇာဒိဟိ၊ မင်းအစရှိသည်တို့သည်။ ဝါ၊ မြေကို အစိုးရသောမင်း၊ ထိုမင်းသည် အာဏာပိုင်ပေးအပ်သော အမတ်ကြီးအစရှိသော မင်းတို့သည်။ သတ္တောဝ၊ အလုံးစုံသာလျှင် ဖြစ်သော။ ပရိစ္ဆိန္နဘူမိဘာဂေါ၊ ပိုင်းခြား၍ ပေးအပ်သော မြေအရပ်ကို။ နဒီလောဏိဇာတဿရေ၊ မြစ်, သမုဒ္ဒရာ, ဇာတဿရအိုင်တို့ကို။ ဌပေတွာ၊ ထား၍။ ဂါမသီမာတိ၊ ဂါမသိမ်ဟူ၍။ ဝေဒိတတ္တော၊ သိအပ်၏။ တေန၊ ထို့ကြောင့်။ ပရိစ္ဆိန္နိတ္တာ ရာဇာ ကဿစိ ဒေတီတိ၊ ဟူ၍၊ အာဟ၊ အဋ္ဌကထာဆရာ ဆိုတော်မူ၏။

✪ ✪ ✪ ✪ ✪

[၁၂၇] ဂါမသိမ်, ဝိသုံဂါမသိမ်တို့ ပျက်ရာအခါ

(၁) မေး။ ။ ထိုပကတိဂါမသိမ်, ဝိသုံဂါမသိမ်တို့သည် ဘယ်အခါ ပျက်ပါသနည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ သစေ ပန တတ္ထ ရာဇာ ကိဉ္စိ ပဒေသံ ဂါမန္တရေန ယောဇေတိ၊ သော ပဝိဋ္ဌ-ဂါမသီမတံ ဧဝ ဘဇတိ။

ယေ ပန ဂါမာ ရာဇစောရာဒိဘယပီဠိတေဟိ မနုဿေဟိ ဆဍ္ဍိတာ စိရမ္ပိ နိမ္မနုဿာ တိဋ္ဌန္တိ၊ သမန္တာ ပန ဂါမာ သန္တိ၊ တေပိ ပါဒ္ဓေက္ကံ ဂါမသီမာဝ။ တသ္မာ ဟိ ရာဇာနော သမန္တဂါမဝါသီဟိ ကာသေတ္တာ ဝါ ယေဟိ ကေဟိစိ ကသိတ-ဋ္ဌာနံ လိခိတ္တာ ဝါ ဗလိ ဂဏ္ဟန္တိ၊ အညေန ဝါ ဂါမေန ဧကီဘာဝံ ဝါ ဥပနေန္တိ၊ ပုရိမာ ဂါမသီမာ ဝိနဿတိ။

ရာဇာနော ပန ဧကသ္မိံ အရညာဒိပ္ပဒေသေ မဟန္တံ ဂါမံ ကတ္တာ အနေက-သဟဿာနိ ကုလာနိ ဝါသာပေတ္တာ တတ္ထ ဝါသိနံ ဘောဂဂါမာတိ သမန္တာ ဘူတဂါမေ ပရိစ္ဆိန္နိတ္တာ ဒေန္တိ၊ ပုရာဏနာမံ, ပန ပရိစ္ဆေဒဋ္ဌ နံ ဝိနာသေန္တိ၊ တေပိ ပစ္ဆေကံ ဂါမသီမာ ဧဝ။ ဧတ္တာဝတာ ပုရိမဂါမသီမတ္တံ နံ ဝိဇဟန္တိ–

ဟု လာသော ဝိမတိဝိနောဒနီဋီကာကို ထောက်၍ သိလေ(ဝိမတိ၂။၁၅၇)။

တတ္ထ၊ ထိုပကတိဂါမသိမ်, ဝိသုံဂါမသိမ်တို့၌။ ရာဇာ၊ သည်။ ကိဉ္စိ ပဒေသံ၊ တစုံတခု သော အရပ်ကို။ ဂါမန္တရေန၊ ရွာတပါးနှင့်။ သစေ ပန ယောဇေတိ၊ ပေါင်းစေသည် ဖြစ်အံ့။ သော၊ ထိုအရပ်သည်။ ပဝိဋ္ဌဂါမသီမတံ ဧဝ၊ ဝင်သောဂါမသိမ်အဖြစ်သို့သာလျှင်။ ဘဇတိ၊ ကပ်၏။ ဝါ၊ ဝင်၏။

http://www.dhammadownload.com

ယေ ပန ဂါမာ၊ အကြင်ရွာတို့သည်။ ရာဇစောရာဒိဘယပီဠိတေဟိ၊ မင်း, ခိုးသူ စသော ဘေးတို့ဖြင့် နှိပ်စက်အပ်ကုန်သော။ မနုဿေဟိ၊ လူတို့ဘေး။ ဆဋ္ဌိတာ၊ စွန့်အပ်ကုန်သည်ဖြစ်၍။ စိရမ္ပိ၊ ကြာမြင့်စွာလည်း။ နိမ္မနုဿာ၊ လူမရှိကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ တည်ကုန်၏။ သမန္တာ ပန၊ ထက်ဝန်းကျင်မှ။ ဂါမာ၊ ဂါမသိမ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုရွာတို့သည်လည်း။ ပါဒေက္ကံ၊ အသီး။ ဂါမသီမာ ဧဝ၊ ဂါမသိမ်မည်သည်သာတည်း။ ဟိ၊ မှန်၏။ တေသု၊ ဂါမသိမ်တို့၌။ ရာဇာနော၊ မင်းတို့သည်။ သမန္တဂါမဝါသီဟိ၊ အနီးဖြစ်သော ဂါမသိမ်၌ နေသောလူတို့ကို။ ကသာပေတွာ ဝါ၊ လယ်ထွန်စေ၍လည်းကောင်း။ ယေဟိ ကေဟိစိ၊ အမှတ်မရှိသော သူတို့သည်လည်း။ ကသိတဋ္ဌာနံ၊ လယ်ထွန်ရာ အရပ်ကို။ လိခိတွာ ဝါ၊ ရေး၍လည်းကောင်း။ ဗလိံ၊ အခွန်ကို။ ဂဏှန္တိ၊ ယူကုန်၏။ အညေန၊ တပါး သော။ ဂါမေန ဝါ၊ ရွာနှင့်မူလည်း။ ဧကိဘာဝံ၊ တပေါင်းတည်းအဖြစ်သို့။ ဥပနေန္တိ၊ ဆောင်ကုန်၏။ ပုရိမာ ဂါမသီမာ၊ ရှေးဂါမသိမ်သည်။ ဝိနဿတိ၊ ပျက်၏။

ရာဇာနော ပန၊ မင်းတို့သည်။ ဧကသ္မိံ၊ တစ်ခုသော။ အရညာဒိပွဒေသေ၊ တောကြီးအရပ်၌။ မဟန္တံ၊ ကြီးသော။ ဂါမံ၊ ရွာကို။ ကတ္တာ၊ ပြု၍။ အနေကသဟဿာနိ၊ အထောင်မကများကုန်သော။ ကုလာနိ၊ အမျိုးတို့ကို။ ဝါသာပေတွာ၊ နေစေ၍။ တတ္ထ၊ ရွာ၌။ ဝါသိနံ၊ နေကုန်သောသူတို့၏။ ဘောဂဂါမာ၊ လုပ်ကိုင်စားသောက်ရာ အပိုင်းအခြား ရွာတည်း။ ဣတိ၊ ဤသို့။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ဘူတဂါမေ၊ ထင်ရှားသောရွာတို့ကို။ ပရိစ္ဆိန္နိတွာ၊ ပိုင်းခြား၍။ ဒေန္တိ၊ ပေးကုန်၏။ ပုရာဏာနမံ၊ ရှေးဂါမသိမ်အမည်ကိုလည်းကောင်း။ ပရိစ္ဆေဒဉ္စ၊ အပိုင်းအခြားကိုလည်းကောင်း။ နဝိနာသေန္တိ၊ မပျက်စေကုန်။ တေပိ၊ ထိုဂါမသိမ်ဟောင်းတို့သည်လည်း။ ပစ္ဆေကံ၊ အသီးသီး။ ဂါမသီမာ ဧဝ၊ ဂါမသိမ်မည်ကုန်သည်သာတည်း။ ဧတ္တာဝတာ၊ ဤသို့ပြုကာမျှဖြင့်။ ပုရိမဂါမသီမတ္တံ၊ ရှေးဂါမသိမ်အဖြစ်ကို။ နဝိဇဟန္တိ၊ မစွန့်ကုန်။

ထိုဋ္ဌကာပါဠိဖြင့် ပကတိဂါမဖြစ်စေ, ဝိသုံဂါမဖြစ်စေ ထီးလဲ နန်းပြောင်းရှိသော်လည်း နောက်မင်းလက်ထက် ရှေးမင်း ပိုင်းခြား၍ ပေးထားသည်ကို မဖျက်သမျှ ကာလပတ်လုံး မပျက်ကုန်။ ဖျက်၍ အပိုင်းအခြားကို ပြု၍ ပေးမှ ပျက်သည်ဟု ပြတော်မူသည်။ နောက်မင်းဖျက်၍ ပျက်ပုံကို ဋီကာပါဠိဖြင့် ပြန်၍ယူလေ။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၂၈] ခဏ္ဍသိမ် မဟာသိမ်တို့၏ အရွယ်ပမာဏ

(၁) **မေး။** ။ ခဏ္ဍသိမ်, မဟာသိမ်တို့၏ အငယ်, အကြီးကို အသို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ ရဟန်း ၂-ကျိပ် ၁-ယောက်တို့သည် ထိုင်နေလောက်အောင် သမုတ်သောသိမ်ကို အစပြု၍ ရဟန်း ၁,၀၀၀-နေလောက်အောင် သမုတ်သောသိမ်သည် **ခဏ္ဍသိမ်** မည်၏။ ရဟန်း-၁,၀၀၀ ထိုင်နေလောက်သော သိမ်ကို လွန်၍ ၃-ယူဇနာတိုင်အောင် အတွင်း၌ သမုတ်သောသိမ်သည် **မဟာသိမ်** မည်၏။

၁။ သာ ဟေဋ္ဌိမပရိစ္ဆေဒေန သစေ ဧကဝီသတိ ဘိက္ခူ ဂဏ္ဌာတိ၊ ဝဋ္ဋတိ။ တတော ဩရံ နဂဏ္ဌာတိ၊ ဝဋ္ဋတိ။ ပရံ ဘိက္ခုသဟဿေ ဂဏ္ဌန္တိပိ ဝဋ္ဋတိ–

ဟု လာသော ဥပေါသထက္ခန္ဓကအဋ္ဌကထာကို ထောက်(ဝိ၊ဋ္ဌ၊၃၊၃၂၂) ။

သာ၊ ထိုခဏ္ဍသိမ်သည်။ ဟေဋ္ဌိမပရိစ္ဆေဒေန၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ ဧကဝီသတိ ဘိက္ခူ။ ၂-ကျိပ် ၁-ယောက်သောရဟန်းတို့သည်။ သစေ ဂဏ္ဌာတိ၊ ထိုင်နေလောက်သည် ဖြစ်အံ့။ ဝဋ္ဋတိ၊ အပ်၏။ တတော၊ ထိုပမာဏအောက်။ ဩရံ၊ အယုတ်သည်။ နဂဏ္ဌာတိ၊ မအပ်။ ပရံ၊ အလွန်သည်။ ဘိက္ခုသဟဿေ၊ ၁,၀၀၀-သော ရဟန်းတို့။ ဂဏ္ဌန္တိပိ၊ ထိုင်နေလောက်သော်လည်း။ ဝဋ္ဋတိ၊ အပ်၏။

၂။ မူလသိက္ခာဋီကာသစ်၌ကား–

ဧကဝီသတိနိသီဒနပဟောနကတော ပဋ္ဌာယ ယာဝ ဧကူနသဟဿနိသီဒနပဟောနကာ **ခဏ္ဍသီမာ** နာမ။ သဟဿတော ပဋ္ဌာယ ယာဝ တိယောဇနာ **မဟာသီမာ** နာမ–

ဟု ဆိုသည်။

ရဟန်း ၂-ကျိပ် ၁-ယောက်ကစ၍ ၁-ပါးယုတ် ၁,၀၀၀-ထိုင်လောက်သော သိမ်သည် ခဏ္ဍသိမ် မည်သည်။ ၁,၀၀၀-က စ၍ ၃-ယူဇနာတိုင် မဟာသိမ် မည်သည်-ဟု ပြသည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၂၉] ဤအရပ်ဒေသမျိုး၌ မဟာသိမ် မရှိနိုင်

(၁)မေး။ ။ ဤအရပ်ဒေသတို့၌ မဟာသိမ် ရှိမည်လော။

ဖြေ။ ။ ထိုအမေးပုစ္ဆာမှာ–

၁။ "ခဏ္ဍသီမံ ပန ဇာနန္တာ အဝိပ္ပဝါသံ အဇာနန္တာပိ သမူဟနိတုံ စေဝ ဗန္ဓိတုံ စ သက္ခိဿန္တီ"တိ အဋ္ဌကထာယံ ဝစနတောပိ တေသု တေသု ဇနပဒေသု တိယောဇနိကာဒိကာယော မဟာသီမာယော နတ္ထီတိ ဝိညာယတိ–

ဟူ၍လည်းကောင်း၊

အထ ဝါ "ဝိဟာရပရိက္ခေပဿ အန္တော စ ဗဟိ စ သမန္တာ လေဋ္ဌုပါတော"တိ ဝိဟာရပရိက္ခေပဿ အန္တော စ ဝိဟာရူပစာရဘူတေ ဗဟိ လေဋ္ဌုပါတော စ ဌာနေယေဝ သီမာသမူဟနနဿ ဝိမတိဝိနောဒနိယံ ဝုတ္တတ္တာပိ တာဒိသာ မဟာသီမာယော နတ္ထီတိ ဝိညာယတိ(၂။၃၆၆)–

ဟူ၍လည်းကောင်း လာသော ဝိနယာလင်္ကာရဋီကာကို ထောက်၍ သိအပ်သည်။

ခဏ္ဍသီမံ ပန၊ ခဏ္ဍသီမ်ကို။ ဇာနန္တာ၊ သိကုန်သောရဟန်းတို့သည်။ အဝိပ္ပဝါသံ၊ မဟာသိမ်ကို။ အဇာနန္တာပိ၊ မသိကုန်သော်လည်း။ သမူဟနိတုံ စေဝ၊ နုတ်ခြင်းငှာလည်းကောင်း။ ဗန္ဓိတုံ စ၊ ဖွဲ့ခြင်းငှာလည်းကောင်း။ သက္ခိဿန္တီ၊ စွမ်းနိုင်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ အဋ္ဌကထာယံ၊ ဥပေါသထက္ခန္ဓကအဋ္ဌကထာ၌။ ဝစနတောပိ၊ ဆိုတော်မူသောကြောင့်လည်း။ တေသု တေသု ဇနပဒေသု၊ ထိုထို ဇနပုဒ်အရပ်တို့၌။ တိယောဇနိကာဒိကာယော၊ ၃-ယူဇနာ အပြားရှိကုန်သော။ မဟာသီမာယော၊ မဟာသိမ်တို့သည်။ နတ္ထိ၊ မရှိကုန်။ ဣတိ၊ ဤသို့။ ဝိညာယတိ၊ သိအပ်၏။

အထ ဝါ၊ တစ်နည်းကား။ ဝိဟာရပရိက္ခေပဿ အန္တော စ ဗဟိ စ သမန္တာ လေဋ္ဌုပါတောတိ၊ ဟူသည်ကား။ ဝိဟာရပရိက္ခေပဿ၊ ကျောင်းအာရာမ်၏။ အန္တော စ၊ အတွင်း၌လည်းကောင်း။ ဝိဟာရူပစာရဘူတေ၊ ကျောင်းဥပစာဖြစ်သော။ ဗဟိ လေဋ္ဌုပါတေ၊ ပြင်ပခဲကျရာဖြစ်သော။ ဌာနေယေဝ စ၊ အရပ်၌သာလျှင်။ သီမာသမူဟနနဿ၊ သိမ်နုတ်ခြင်းကို။ ဝိမတိဝိနောဒနိယံ၊ ဝိမတိဝိနောဒနီဋီကာ၌။ ဝုတ္တတ္တာပိ၊ ဆိုအပ်သောကြောင့်လည်း။ တာဒိသာ၊ ထိုသို့ ၃-ယူဇနာအပြားရှိကုန်သော။ မဟာသီမာယော၊ မဟာသိမ်တို့သည်။ နတ္ထိ၊ မရှိကုန်။ ဣတိ၊ ဤသို့။ ဝိညာယတိ၊ သိအပ်၏။

http://www.dhammadownload.com

အဓိပ္ပါယ်ကား။ ငါတို့မြန်မာနိုင်ငံ ထိုထိုဇနပုဒ်အရပ်၌ ၃-ယူဇနာရှိသောကျယ်ဝန်းသော မဟာသိမ် မရှိသောကြောင့်သာ အဋ္ဌကထာဆရာသည် ခဏ္ဍသိမ်ကို သိသော ရဟန်းတို့သည် မဟာသိမ်ကို မသိသော်လည်း နုတ်အပ်သည်ဟု ပြတော်မူသည်။ ဤအရပ်ဒေသတို့၌ ၃-ယူဇနာရှိသော ကျယ်ဝန်းသော မဟာသိမ် မရှိသောကြောင့် ဝိမတိဝိနောဒနီဋီကာဆရာသည် ကျောင်းအာရာမ်အတွင်း၌လည်းကောင်း၊ ကျောင်းဥပစာ ပြင်ဘက် ခဲတကျအရပ်၌လည်းကောင်း သိမ်နုတ်ခြင်းကို ပြတော်မူသည် ဟူလို။

ထိုဝိမတိဝိနောဒနီဋီကာ၌ "ဝိဟာရပရိက္ခေပဿ အန္တော စ ဗဟိ စ သမန္တာ လေဋ္ဌုပါတေတိ"ဟူသော စကားကို ထောက်၍ ကျောင်းအာရာမ် ပမာဏရှိသော မဟာသိမ်ကို ထိုအရပ်ဇနပုဒ်တို့၌ သမုတ်ကြသည်ဟု မှတ်ယူသင့်သည်။

၂။ အကြောင်းကို ဝိနယာလင်္ကာရဋီကာ၌–

> ဝိမတိဝိနောဒနိယံ ပန "သမန္တာ လေဋ္ဌုပါတေ"တိ ဝုတ္တံ။ တံ ပန မဟာသီမာဗန္ဓနကာလေ ဝိဟာရပရိက္ခေပဿ ဗဟိ ဥပစာရံ သန္ဓာယ ဝုတ္တံ သိယာ-

ဟု ဆိုတော်မူ၏(ဝိနယာလင်္ကာရဋီကာ၊၂။၃၅၉)။

ဝိမတိဝိနောဒနိယံ ပန၊ ၌ကား။ သမန္တာ လေဋ္ဌုပါတေတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ တံ ပန၊ ထိုစကားကို။ မဟာသီမာဗန္ဓနကာလေ၊ မဟာသိမ်ဖွဲ့သောအခါ၌။ ဝိဟာရပရိက္ခေပဿ၊ ကျောင်းအာရာမ်၏။ ဗဟိဥပစာရံ၊ အပ ဥပစာကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုတော်မူသည်။ သိယာ၊ ဖြစ်ရာ၏။

အဋ္ဌကထာ၌ ရဟန်း-၁,၀၀၀ နေလောက်သော သိမ်သည် ခဏ္ဍသိမ်အကြီး ပမာဏဟု ပြတော်မူသဖြင့် ထို ၁,၀၀၀-သော ရဟန်းတို့သည် ထိုင်နေလောက်သော ခဏ္ဍသိမ်ထက် ကြီးသော, ကျယ်သော ကျောင်းအာရာမ်ပမာဏရှိသော မဟာသိမ်ကို လည်း အလိုရှိသော ရဟန်းတို့သည် သမုတ်ခြင်းငှာ စွမ်းနိုင်လောက်သောကြောင့် ထိုထိုအရပ်တို့၌ပင် မရှိဟု မဆိုအပ်သောကြောင့် ဝိမတိဝိနောဒနီဋီကာရှင်သည် မဟာသိမ် သမုတ်သည်ကို ရည်၍ ကျောင်းအာရာမ်ပြင်ဘက် ထက်ဝန်းကျင်၌ ခဲတစ်ပစ်အရပ် နုတ်ရမည်ဟု ဆိုကြောင်းကို ဝိနယာလင်္ကာရဋီကာဆရာ ပြတော်မူသည်။

ထိုသို့လာသော ဋီကာပါဠိတို့ကို ထောက်၍ မြန်မာတိုင်းဇနပုဒ်အရပ်တို့၌ ၃-ယူဇနာ, ၂-ယူဇနာ, ၁-ယူဇနာ, ၃-ဂါဝုတ်, ၂-ဂါဝုတ်, ၁-ဂါဝုတ်, ၁-ဂါဝုတ်ခွဲ အပြားရှိသော မဟာသိမ် မရှိကြောင်းကို သိအပ်၏။

http://www.dhammadownload.com

၃။ သစေ ဧကသ္မိံ ဂါမခေတ္တေ သီမံ ဗန္ဓိတုကာမာ၊ ယေ တတ္ထ ဗဒ္ဓသီမဝိဟာရာ, တေသု ဘိက္ခူနံ "မယံ အဇ္ဇ သီမံ ဗန္ဓိဿာမ၊ တုမ္ဟေ သကသီမာပရိစ္ဆေဒတော မာ နိက္ခမိတ္ထာ"တိ ပေသေတဗ္ဗံ။ ယေ အဗဒ္ဓသီမဝိဟာရာ, တေသု ဘိက္ခူ ဧကဿ သန္တိပါတေတဗ္ဗာ၊ ဆန္နာရဟာနံ ဆန္နော အာဟာရာပေတဗ္ဗော။

(ဝိ၊ဋ္ဌ၊၃၊၃၂၂။ကခ်။ဋီ-သစ်။၁၄၂)

ဟု လာသော ဥပေါသထက္ခန္ဓကအဋ္ဌကထာ, ဝိနယတ္ထမဉ္ဇူသာဋီကာတို့ကို ထောက်၍ လည်း ထိုထိုဇနပုဒ်အရပ်တို့၌ တစ်ခုသော ကျောင်းတိုက် ပမာဏထက် လွန်၍ သမုတ်အပ် သော မဟာသီမ် မရှိကြောင်းကို ဆိုသည်။

ဧကသ္မိံ၊ တစ်ခုသော။ ဂါမခေတ္တေ၊ ၌။ သီမံ၊ သိမ်ကို။ ဗန္ဓိတုကာမာ၊ ဖွဲ့လိုကုန် သည်။ သစေ ဟောန္တိ၊ ဖြစ်ကုန်အံ့။ တတ္ထ၊ ထို တစ်ခုသောဂါမခေတ်၌။ ဗဒ္ဓသီမာ၊ ဗဒ္ဓသီမ်ရှိကုန်သော။ ယေ ဝိဟာရာ၊ အကြင်ကျောင်းတိုက်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေသု၊ ထိုကျောင်းတိုက်တို့၌။ ဘိက္ခူနံ၊ ရဟန်းတို့အား။ မယံ၊ ငါတို့သည်။ အဇ္ဇ၊ ယနေ့။ သီမံ၊ ကို။ ဗန္ဓိဿာမ၊ ဖွဲ့ကုန်အံ့။ တုမ္ဟေ၊ သင်တို့သည်။ သကသီမာပရိစ္ဆေဒတော၊ မိမိတို့သိမ် အပိုင်းအခြားမှ။ မာ နိက္ခမိတ္ထ၊ မထွက်ကြကုန်လင့်။ ဣတိ၊ ဤသို့။ ပေသေတဗ္ဗံ၊ စေအပ်၏။ အဗဒ္ဓသီမာ၊ ဗဒ္ဓသီမ်မရှိကုန်သော။ ယေ ဝိဟာရာ၊ အကြင်ကျောင်းတိုက်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေသု၊ ထိုကျောင်းတိုက်တို့၌။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဧကဿ၊ တပေါင်းတည်း။ သန္တိပါတေတဗ္ဗာ၊ စည်းဝေးစေအပ်ကုန်၏။ ဆန္နာရဟာနံ၊ ဆန္နဆောင်သောရဟန်းတို့၏။ ဆန္နော၊ ပေးသောဆန္နကို။ အာဟာရာပေတဗ္ဗော၊ ဆောင်စေအပ်၏။

ထိုအဋ္ဌကထာပါဠိတို့၌ တစ်ခုသောဂါမခေတ်ဖြစ်သော ပကတိဂါမသိမ်၌ ဗဒ္ဓသိမ် သမုတ်လိုမူ ထိုဂါမခေတ်အတွင်း၌ ဗဒ္ဓသိမ်ရှိသော ကျောင်းမှာ ရဟန်းတို့အား "သင်တို့ ဗဒ္ဓသိမ် အပိုင်းအခြားမှ မထွက်ကြကုန်လင့်"ဟု ပြောကြားရမည်။

ဗဒ္ဓသိမ်မရှိသော ကျောင်းမှာ ရဟန်းတို့ကို ထိုသိမ်သမုတ်ရာသို့ ပင့်ခေါ်ရမည်။ မလာနိုင်သော ရဟန်းမှာ ဆန္နကို ဆောင်ရမည်ဟု ပြတော်မူသဖြင့် သမုတ်လတ္တံ့သော သိမ်ကို နုတ်သောအခါ၌လည်း တစ်ခုသော ကျောင်းတိုက်ပမာဏထက် လွန်၍ သမုတ် သော မဟာသိမ်သည် ထိုထိုဇနပုဒ် အရပ်တို့၌ မရှိသင့်သောကြောင့် ၁-ခုသော ကျောင်း တိုက်ပမာဏမျှသော အရပ်ကို သုတ်သင်၍ နုတ်လျှင် ထိုပမာဏထက် လွန်သော သိမ်ဟောင်း မရှိသင့်သောကြောင့် အပ်သည်။ သိမ်ဟောင်းရှိက ကျွတ်သည်ဟု ပြတော် မူသည်။

http://www.dhammadownload.com

၄။ မဟာဝါအဋ္ဌကထာ၌လည်း သစ်ပင်နိမိတ်ကို ပြရာ၌-

တတော ဩရံ နဒီတိ၊ ပရံ ဒွါဒသယောဇနော သုပ္ပတိဋ္ဌိတနိဂ္ဂြောဓော ဝဋ္ဋတီ-ဟု ဖွင့်တော်မူ၏(ဝိ၊ဋ္ဌ၊၃။၃၂၀) ။

တတော၊ ထိုအစောက် လက် ၈-သစ်, လုံးပတ် သီဟိုဠ်ကညစ်ရိုးခန့်ရှိသော ပမာဏ အောက်။ ဩရံ၊ အယုတ်သည်။ နဒီ ဝဋ္ဋတိ၊ မအပ်။ ပရံ၊ အလွန်သည်။ ဒွါဒသယောဇနော၊ ၁၂-ယူဇနာရှိသော။ သုပ္ပတိဋ္ဌိတနိဂ္ဂြောဓော၊ ကောင်းစွာ တည်သော ပညောင်ပင်ကြီး သည်လည်း။ ဝဋ္ဋတိ၊ အပ်၏။

ထိုအဋ္ဌကထာပါဠိဖြင့်လည်း ထိုထိုဇနပုဒ်၌ ရဟန်း-၁,၀၀၀ အလွန်ဆန့်သော တစ်ခုသော ကျောင်းတိုက်ပမာဏထက်လွန်သော မဟာသိမ်မရှိ၍သာ ၁၂-ယူဇနာရှိသော သစ်ပင်နိမိတ် အပ်ကြောင်းကို ပြတော်မူသည်-ဟု မှတ်။ ထိုအဋ္ဌကထာပါဠိကို ထောက်၍ ဗဒ္ဓသိမ်နှင့်ဂါမသိမ် စပ်၍ အပြစ်မရှိ-ဟု မှတ်ယူသင့်သည်။

၅။ ဝိနယာလင်္ကာရဋီကာ၌လည်း-

ဘုရားရှင်လက်ထက်က ရာဇဂြိုဟ်ပြည်၌ ၁၈-ရပ်သော ကျောင်းတိုက်တို့ကို တပေါင်းတည်းပြု၍ ရှင်သာရိပုတ္တရာသည် မဟာသိမ် ပြုသည်။ သီဟိုဠ်ကျွန်း၌ အနုရာဓပြည်ကို အတွင်းပြု၍ ရှင်မဟိန္ဒထေရ်သည် မဟာသိမ် သမုတ်သည်ဟု ကျမ်းဂန်လာကြောင်းကိုလည်းကောင်း၊ အရိမဒ္ဒနပြည်၌ အနုရုဒ္ဓါမည်သောမင်း သည် အလျား အတောင် ၁,၁၂၆-တောင်၊ အနံ အတောင်-၁၄၇ ရှိသော မဟာသိမ်ကို သမုတ်စေသည်ဟု ကျောက်တိုင်အကွရာ၌ လာကြောင်းကိုလည်းကောင်း-

ပြဆိုတော်မူသည်(ဝိနယာလင်္ကာရဋီ၊၁။၃၆၅) ။

၆။ သိမ်နုတ်ပုံ အခြင်းအရာကို အသေအချာသိစေခြင်းငှာ ဝိနယာလင်္ကာရဋီကာ၌ လာသည်ကို ထုတ်ဆောင်၍ ပြဆိုဦးအံ့-

"ကဒါနိ သီမံ သမူဟနိဿာမာ"တိ ပရိစ္ဆိန္နာယ ဂါမသီမာယ အန္တော ခဏ္ဍသီမမဟာသီမာနံ အတ္ထိဘာဝံ ဝါ နတ္ထိဘာဝံ ဝါ တာသံ သီမာနံ ပရိစ္ဆေဒဉ္စ နာနန္တိ၊ ဧဝံ အဇာနန္တာ ဘိက္ခူ တာ ပေါရာဏသီမာယော သမူဟနိတုံ နသက္ကုဏေယျုံ၊ ပေါရာဏသီမံ သမူဟနိတုံ အသက္ကောန္တာ စ ကထံ အဘိနဝသီမံ ဗန္ဓိတုံ သက္ကုဏိဿန္တိတိ ပရမ္မရေဟိ အာစရိယေဟိ သမ္မာ ဝိနိစ္ဆိတံ အနုလောမနယံ

http://www.dhammadownload.com

နိဿာယ မဟန္တံ ဥဿာဟံ ကရိတွာ အဂ် အပရိဟာပေတွာ သမ္မာ ဝိဟိတနယေန ပေါရာဏကသီမံ သမ္ပဟနိတုံ သက္ခိဿန္တိ။

ကထံ တသ္မိံ သီမာသမ္ပဟနနကာလေ ယဒိ ပကတိဂါမသီမာယံ အာရဒ္ဓံ၊ တံ ပကတိဂါမပရိစ္ဆေဒံ, ယဒိ ဝိသုံဂါမသီမာယံ အာရဒ္ဓံ၊ တံ ဝိသုံဂါမပရိစ္ဆေဒံ အညေသံ ဘိက္ခူနံ အပ္ပဝိသနတ္ထာယ သမန္တတော သုသံဝိဟိတာရက္ခံ ကာရာပေတွာ ကမ္မဝါစံ သာဝေတုံ သမတ္ထေန ဗျတ္တိဗလသမ္ပန္နေန ဝိနယဓရေန သဟ သမာနသံဝါသကေ လဇ္ဇိပေသလေ ဂ္ဟမဿ ကမ္မဿ စတုဝဂ္ဂကရဏီယတ္တာ စတ္တာရော ဘိက္ခူ ကမ္မပ္ပတ္တေ, ဘိက္ခူနံ ပကတတ္တာဘာဝဿ ဒုတ္ထိညေယျတ္တာ ဝါ တတော အဓိကပ္ပမာဏော ဘိက္ခူ ဂဟေတွာ ဂ္ဟဒါနိ ဗန္ဓိတဗ္ဗာယ သီမာယ နိမိတ္တာနံ ဝိဟာရပရိက္ခေပဿ စ အန္တော စ သတ္ထတ္ထ ဗဟိ စ သမန္တာ လေဋ္ဌုပါတမတ္တေ ပဒေသေ သတ္ထတ္ထ မဉ္စပ္ပမာဏော မဉ္စပ္ပမာဏော ဌာနေ ဟတ္ထပါသံ အဝိဇဟိတွာ တိဋ္ဌန္တာ, နိသီဒန္တာ ဝါ ဟုတွာ ပဌမံ အဝိပ္ပဝါသသီမာသမ္ပဟနနကမ္မဝါစံ, တတော သမာနသံဝါသကသီမာသမ္ပဟနနကမ္မဝါစံ သာဝေတွာ သီမာယ သမ္ပတ္တိတော ကတေ ပေါရာဏသီမာသု ဝိဇ္ဇမာနာသုပိ ပစ္ဆိမန္တေန ဧကဝိသတိယာ ဘိက္ခူနံ နိသီဒနာရဟတ္တာ သီမာယ မဉ္စပ္ပမာဏော မဉ္စပ္ပမာဏော ဌာနေ တိဋ္ဌန္တာ ဘိက္ခူ အဝဿံ တာသု သီမာသု တိဋ္ဌန္တာ ဘဝေယ္ယုံ။ တသ္မာ သီမဋ္ဌာ ဟုတွာ သီမသမ္ပဟနနကမ္မဝါစံ ဝတ္တာ တာ သီမာ သမ္ပဟနေယ္ယုံ။ တတော ပေါရာဏဗဒ္ဓသီမာနံ သမ္ပဟတတ္တာ ဂါမသီမာယေဝ အဝသိဋ္ဌာ ဘဝေယ္យာတိ။

ဝုတ္တဉ္ဧတံ ဝိမတိဝိနောဒနိယံ-

ကေစိ ပန ဤဒိသေသု ဝိဟာရေသု ဆပဉ္စမတ္တေ ဘိက္ခူ ဂဟေတွာ ဝိဟာရကောဋိတော ပဋ္ဌာယ ဝိဟာရပရိက္ခေပဿ အန္တော စ ဗဟိ စ သမန္တာ လေဋ္ဌုပါတေ သတ္ထတ္ထ မဉ္စပ္ပမာဏော မဉ္စပ္ပမာဏော ဩကာသေ နိရန္တရံ ဌတွာ ပဌမံ အဝိပ္ပဝါသသီမံ, တတော သမာနသံဝါသကသီမဉ္စ သမ္ပဟနနဝသေန သီမာယ သမ္ပတ္တိတော ကတေ တသ္မိံ ဝိဟာရေ ခဏ္ဍသီမာယ မဟာသီမာယ စ ဝိဇ္ဇမာနတ္တေ သတိပိ အဝဿံ ဧကသ္မိံ မဉ္ဆဋ္ဌာနေ တာသံ မဏ္ဍဂတာ တေ ဘိက္ခူ တာ သမ္ပဟနေယ္ယုံ။ တတော ဂါမသီမာ ဧဝ အဝသိဿေယ္ယာတိ—

ဟု ဝိနယာလင်္ကာရဋီကာ၌ မိန့်တော်မူ၏(ဝိနယာလင်္ကာရဋီ၊၁။၃၅၆-၃၅၇) ။

ဂ္ဟဒါနိ၊ ယဒုအဓါဠ်။ သီမံ၊ သီမ်ကို။ သမ္ပဟနိဿာမ၊ နုတ်ကုန်အံ့။ ဂ္ဟတိ၊ ဤသို့။ ပရိစ္ဆိန္နာယ၊ ပိုင်းခြားအပ်သော။ ဂါမသီမာယ၊ ဂါမသီမ်၏။ အန္တော၊ အတွင်း၌။ ခဏ္ဍသီမ

http://www.dhammadownload.com

မဟာသီမာနံ၊ ခဏ္ဍသိမ်, မဟာသိမ်တို့၏။ အတ္ထိဘာဝံ ဝါ၊ ရှိသည်၏အဖြစ်ကိုလည်းကောင်း။ နတ္ထိဘာဝံ ဝါ၊ မရှိသည်အဖြစ်ကို လည်းကောင်း။ တာသံ သီမာနံ၊ ထိုသိမ်တို့၏။ ပရိစ္ဆေဒဉ္စ၊ အပိုင်းအခြားကိုလည်းကောင်း။ န ဇာနန္တိ၊ မသိကုန်။ ဧဝံ၊ ဤသို့။ အဇာနန္တာ၊ မသိကုန်သော။ ဘိက္ခူ တို့သည်။ တာ ပေါရာဏာသီမာယော၊ ထိုသိမ်ဟောင်းတို့ကို။ သမူဟနိတုံ၊ နုတ်ခြင်းငှာ။ န သက္ကုဏေယျုံ၊ မတတ်နိုင်ကုန်ရာ။ ပေါရာဏာသီမံ၊ သိမ်ဟောင်းကို။ သမူဟနိတုံ၊ နုတ်ခြင်းငှာ။ အသက္ကောန္တာ စ၊ မစွမ်းနိုင်သော ရဟန်းတို့သည်လည်း။ ကထံ၊ အသို့လျှင်။ အဘိနဝသီမံ၊ အသစ်ဖြစ်သော သိမ်ကို။ ဗန္ဓိတုံ၊ ဖွဲ့ခြင်းငှာ။ သက္ကုဏေယ္ယန္တိ၊ စွမ်းနိုင်ကုန်အံ့နည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပရမ္မရေဟိ၊ အဆက်ဆက် ဖြစ်ကုန်သော။ အာစရိယေဟိ၊ ဆရာတို့သည်။ သမ္မာ၊ ကောင်းစွာ။ ဝိနိစ္ဆိတံ၊ ဆုံးဖြတ်အပ်သော။ အနုလောမနယံ၊ ကျမ်းဂန်နှင့် လျော်သောနည်းကို။ နိဿာယ၊ မှီ၍။ မဟန္တံ၊ ကြီးစွာသော။ ဉဿာဟံ၊ အားထုတ်ခြင်းကို။ ကရိတ္တာ၊ ပြု၍။ အဂိ်၊ သိမ်နုတ်ခြင်းအဂိ်ကို။ ဝါ၊ အကြောင်းကို။ အပရိဟာပေတ္တာ၊ မယုတ်စေမူ၍။ သမ္မာ၊ ကောင်းစွာ။ ဝိဟိတနယေန၊ စီရင်အပ်သောနည်းဖြင့်။ ပေါရာဏကသီမံ၊ ရှေးသိမ်ဟောင်းကို။ သမူဟနိတုံ၊ နုတ်ခြင်းငှာ။ သက္ခိဿန္တိ၊ စွမ်းနိုင်ကုန်လတ္တံ့။

ကထံ သက္ခိဿန္တိ၊ အသို့စွမ်းနိုင်ကုန်အံ့နည်း။ တသ္မိံ သီမာသမူဟနနကာလေ၊ ထိုသိမ်ကို နုတ်သော ကာလ၌။ ပကတိဂါမသီမာယံ၊ ပကတိဂါမသိမ်၌။ အာရဒ္ဓံ၊ အားထုတ်ခြင်းသည်။ ယဒိ ဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ တံ ပကတိဂါမပရိစ္ဆေဒံ၊ ထိုပကတိဂါမသိမ် အပိုင်းအခြားကို။ ဝိသုံဂါမသီမာယံ၊ ဝိသုံဂါမသိမ်၌။ အာရဒ္ဓံ၊ သည်။ ယဒိ ဟောတိ၊ အံ့။ တံ ဝိသုံဂါမပရိစ္ဆေဒံ၊ ထိုဝိသုံဂါမသိမ်အပိုင်းအခြားကို။ အညေသံ၊ တပါးကုန်သော။ ဘိက္ခူနံ၊ တို့အား။ အပ္ပဝိသနတ္ထာယ၊ မဝင်စေခြင်းငှာ။ သမန္တတော၊ ထက်ဝန်းကျင်အရပ်မှ။ သုသံဝိဟိတာရက္ခံ၊ ကောင်းစွာစီရင်အပ်သော အစောင့်အရှောက်ကို။ ကာရာပေတ္တာ၊ ပြုစေ၍။ ကမ္မဝါစံ၊ ကမ္မဝါစာကို။ သာဝေတုံ၊ ကြားစေခြင်းငှာ။ သမတ္ထေန၊ စွမ်းနိုင်သော။ ဗျတ္တိဗလသမ္ပန္နေန၊ ဗျတ္တိဗလနှင့်ပြည့်စုံသော။ ဝိနယဓရေန၊ ဝိနည်းဓိရ်ပုဂ္ဂိုလ်နှင့်။ သဟ၊ တကွ။ သမာနသံဝါသကေ လဒ္ဓိပေသလေ၊ တူသောပေါင်းဖော်ခြင်းရှိသော, လဒ္ဓိပေသလဖြစ်ကုန်သော။ ဂ္ဂမဿ ကမ္မဿ၊ ဤကံ၏။ စတုဝဂ္ဂကရဏီယတ္တာ၊ ၄-ပါးအစု ရှိသော သံဃာသည် ပြုအပ်သော ကံဖြစ်သောကြောင့်။ ကမ္မပ္ပတ္တေ၊ ကံအား လျောက်ပတ်ကုန်သော။ စတ္တာရော ဘိက္ခူ ၄-ယောက်ကုန်သော ရဟန်းတို့ကို။ ဂဟေတ္တာ၊ ပင့်ခေါ်၍။ ဝါ၊ တစ်နည်းကား။ ပကတတ္တာဘာဝဿ၊ ပကတိသီလ ရှိသော အဖြစ်၏။ ဒုဋ္ဌဉ်ယျတ္တာ၊ သိနိုင်ခဲသည်၏ အဖြစ်ကြောင့်။ တတော၊ ထို ၄-ယောက်သော ရဟန်းတို့ထက်။ အဓိကပမာဏော၊ လွန်သော ပမာဏရှိကုန်သော။ ဘိက္ခူ တို့ကို။ ဂဟေတ္တာ၊ ပင့်ခေါ်၍။ ဣဒါနိ၊

http://www.dhammadownload.com

ယခုအခါ၌။ ဗန္ဓိတဗ္ဗာယ၊ ဖွဲ့အပ်သော။ သီမာယ၊ သိမ်၏။ နိမိတ္တာနံ၊ နိမိတ်တို့၏။ ဝိဟာရပရိက္ခေပဿ၊ ကျောင်းအာရာမ်၏။ အန္တော စ၊ အတွင်း၌ လည်းကောင်း။ သဗ္ဗတ္ထ၊ အလုံးစုံသော။ ဗဟိ၊ အပဖြစ်သော။ သမန္တာ၊ ထက်ဝန်းကျင်မှ။ လေဠုပါတမတ္တေ၊ ခဲတကျမျှသော။ ပဒေသေ စ၊ အရပ်၌လည်းကောင်း။ သဗ္ဗတ္ထ၊ အလုံးစုံသော။ မဏ္ဍပမာဏေ မဏ္ဍပမာဏေ၊ တစ်ညောင်စောင်းပမာဏ တစ်ညောင်စောင်းပမာဏရှိသော။ ဌာနေ၊ အရပ်၌။ ဟတ္ထပါသံ၊ ၁-တောင့်ထွာဟတ္ထပါသ်ကို။ အဝိဇဟိတွာ၊ မစွန့်မူ၍။ တိဋ္ဌန္တာ ဝါ၊ ရပ်ကုန်သည်လည်းကောင်း။ နိသီဒန္တာ ဝါ၊ ထိုင်ကုန်သည်လည်းကောင်း။ ဟုတွာ၊ ဖြစ်၍။ ပဌမံ၊ ရှေးဦးစွာ။ အဝိပ္ပဝါသသီမာသမူဟနနကမ္မဝါစံ၊ အဝိပ္ပဝါသ သိမ်နှတ်သော ကမ္မဝါစာကို။ တတော၊ ထို့နောက်မှ။ သမာနသံဝါသကသီမာသမူဟနနကမ္မဝါစံ၊ သမာနသံဝါသက သိမ်နှတ်သော ကမ္မဝါစာကို။ သာဝေတွာ၊ ကြား၍။ သီမာယ၊ သိမ်ကို။ သမ္ပဋ္ဌိတေ၊ နှတ်အပ်သည်ရှိသော်။ ပေါရာဏာသီမာသု၊ သိမ်ဟောင်းတို့သည်။ ဝိဇ္ဇမာနာသုပိ၊ ရှိကုန်သော်လည်း။ ပစ္ဆိမန္တေန၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ ဧကဝီသတိယာ ဘိက္ခူနံ၊ ၂-ကျိပ် ၁-ယောက်သော ရဟန်းတို့၏။ နိသီဒနာရဟတ္တာ၊ ထိုင်နေလောက်သည် အဖြစ်ကြောင့်။ သီမာယ၊ သိမ်၏။ မဏ္ဍပမာဏေ မဏ္ဍပမာဏေ၊ တစ်ညောင်စောင်း တစ်ညောင်စောင်းပမာဏရှိသော။ ဌာနေ၊ အရပ်၌။ တိဋ္ဌန္တာ၊ တည်ကုန်သော။ ဘိက္ခူ ရဟန်းတို့သည်။ အဝဿံ၊ မချွတ်။ တာသု သီမာသု၊ ထိုသိမ်တို့၌။ တိဋ္ဌန္တာ၊ တည်ကုန်သည်။ ဘဝေယ္ယုံ၊ ဖြစ်ကုန်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ သီမဋ္ဌာ၊ သိမ်၌ တည်ကုန်သည်။ ဟုတွာ၊ ဖြစ်၍။ သီမသမူဟနနကမ္မဝါစံ၊ သိမ်နှတ်သောကမ္မဝါစာကို။ ဝတ္တွာ၊ ဖတ်၍။ တာ သီမာ၊ ထိုသိမ်တို့ကို။ သမူဟနေယ္ယုံ၊ နှတ်ကုန်ရာ၏။ တတော၊ ထို့ကြောင့်။ ပေါရာဏဗဒ္ဓသီမာနံ၊ ဗဒ္ဓသိမ်ဟောင်းတို့ကို။ သမူဟတတ္တာ၊ နှတ်အပ်သည်အဖြစ်ကြောင့်။ ဂါမသီမာယေဝ၊ ဂါမသိမ်သည်သာလျှင်။ အဝသိဋ္ဌာ၊ ကြွင်းသည်။ ဘဝေယ္ယ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဟိ၊ မှန်၏။ ဝိမတိဝိနောဒနိယံ၊ ၌။ "ကေစိ ပန၊ အချို့သော ဆရာတို့သည်။ ဤဒိသေသု၊ ဤသို့ သဘောရှိကုန်သော။ ဝိဟာရေသုပိ၊ ကျောင်းတို့၌လည်း။ ဆပဉ္စမတ္တေ၊ ၅-ယောက်, ၆-ယောက်မျှကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဂဟေတွာ၊ ပင့်ခေါ်၍။ ဝိဟာရကောဋိတော၊ ကျောင်းတိုက်စွန်မှ။ ပဋ္ဌာယ၊ စ၍။ ဝိဟာရပရိက္ခေပဿ၊ ကျောင်းအာရာမ်၏။ အန္တော စ၊ အတွင်း၌လည်းကောင်း။ သမန္တာ၊ ထက် ဝန်းကျင်မှ။ ဗဟိ၊ အပဖြစ်သော။ လေဠုပါတေ စ၊ ခဲတစ်ကျဉ်လည်းကောင်း။ သဗ္ဗတ္ထ၊ အလုံးစုံသော။ မဏ္ဍပမာဏေ မဏ္ဍပမာဏေ၊ တစ်ညောင်စောင်းပမာဏ တစ်ညောင်စောင်းပမာဏရှိသော။

http://www.dhammadownload.com

သြဲ့ကာသေ၊ အရပ်၌။ နိရန္တရံ၊ အခြားမရှိအောင်။ ဌတွာ၊ တည်၍။ ပဌမံ၊ ရှေးဦးစွာ။ အဝိပ္ပဝါသသီမံ၊ ကို။ တတော၊ ထို့နောက်မှ။ သမာနသံဝါသကသီမဉ္စ၊ သမာနသံဝါသက သိမ်ကိုလည်း။ သမူဟနနဝသေန၊ နုတ်သည်၏အစွမ်းဖြင့်။ သီမာယ၊ သိမ်ကို။ သမ္ပတ္တိတော၊ နုတ်ခြင်းကို။ ကတော၊ ပြုအပ်ပြီးသည် ရှိသော်။ တသ္မိံ ဝိဟာရေ၊ ထိုကျောင်းတိုက်၌။ ခဏ္ဍသီမာယ စ၊ ခဏ္ဍသိမ်၏လည်းကောင်း။ မဟာသီမာယ စ၊ မဟာသိမ်၏လည်းကောင်း။ ဝိဇ္ဇမာနတ္တေ၊ ထင်ရှားရှိသောအဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ အဝဿံ၊ မချွတ်။ ဧကသ္မိံ မဉ္စဋ္ဌာနေ၊ ၁-ခုသော ညောင်စောင်းပမာဏရှိသော အရပ်၌။ တာသံ၊ ထိုဗဒ္ဓသိမ်တို့၏။ မဇ္ဈဂတာ၊ အလယ်၌တည်ကုန်သော။ တေ ဘိက္ခူ၊ တို့သည်။ တာ၊ ထိုဗဒ္ဓသိမ်တို့ကို။ သမူဟနေယျုံ၊ နုတ်ကုန်ရာ၏။ တတော၊ ထိုနုတ်ခြင်းကြောင့်။ ဂါမသီမာ ဧဝ၊ ဂါမသိမ်သည်သာလျှင်။ အဝသိဿေယျ၊ ကြွင်းလေရာ၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏"။ ဧတံ ဝစနံ၊ ဤစကားကို။ ဝုတ္တံ၊ ၏။

၇။ ထိုဝိနယာလင်္ကာရဋီကာ၌ပင်–

> ဗဟိသီမဋ္ဌာနမ္ပိ သမန္တတော ဧကမဉ္စကံ ဝါ ဒ္ဝိတိမဉ္စကံ ဝါ ဂဟေတဗ္ဗံ။ တေန သဟ ဂဏနံ ဝမေ့တဗ္ဗံ။ ဝိမတိဝိနောဒနိယံ ပန "သမန္တာ လေ့ချူပါတေ"တိ ဝုတ္တံ။ တံ ပန မဟာသီမာဗန္ဓနကာလေ ဝိဟာရပရိက္ခေပဿ ဗဟိဥပစာရံ သန္ဓာယ ဝုတ္တံ သိယာ။ ခဏ္ဍသီမာယပိ ဒူရတော သမူဟနနေ ဒေါသော နတ္ထိ၊ ဒုက္ကရတ္တာ ပန ကာရကာနံ ပမာဏံ ဇာနိတဗ္ဗံ–

ဟု ဆိုတော်မူသည်(ဝိနယာလင်္ကာရဋီ၊၁။၃၅၉) ။

ဗဟိသီမဋ္ဌာနံ၊ သိမ်ပအရပ်ကို။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ဧကမဉ္စကံ ဝါ၊ တစ်ညောင်စောင်းကိုလည်းကောင်း။ ဒ္ဝိတိမဉ္စကံ ဝါ၊ ၂-ညောင်စောင်း, ၃-ညောင်စောင်းကိုလည်းကောင်း။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ တေန၊ ထိုသိမ်နိမိတ်ပြင်ဘက် ညောင်စောင်းနှင့်။ သဟ၊ တကွ။ ဂဏနံ၊ ရေတွက်ခြင်းကို။ ဝမေ့တဗ္ဗံ၊ ပွါးစေအပ်၏။ ဝိမတိဝိနောဒနိယံ ပန၊ ၌ကား။ သမန္တာ၊ ထက်ဝန်းကျင်မှ။ လေ့ချူပါတေတိ၊ ခဲတစ်ကျအရပ်၌ နုတ်ရမည်ဟူ၍။ ဝုတ္တံ၊ ၏။ တံ ပန၊ ထိုစကားကိုကား။ မဟာသီမာဗန္ဓနကာလေ၊ မဟာသိမ်သမုတ်သောအခါ၌။ ဝိဟာရပရိက္ခေပဿ၊ ကျောင်းအာရာမ်၏။ ဗဟိဥပစာရံ၊ အပဉ္စပစာကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ ခဏ္ဍသီမာယံပိ၊ ခဏ္ဍသိမ်သမုတ်ရာ၌လည်း။ ဒူရတော၊ သိမ်ပြင်ဘက် ဝေးရာအရပ်မှ။ သမူဟနနေ၊ နုတ်ခြင်း၌။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ဒုက္ကရတ္တာ၊ ပြုလုပ်ရန် ခဲယဉ်းသောကြောင့်။ ကာရကာနံ ပန၊ သိမ်နုတ်သောရဟန်းတို့အား။ ပမာဏံ၊ မပင်ပန်းသောအတိုင်းအရှည်ကို။ ဇာနိတဗ္ဗံ၊ သိအပ်၏။

http://www.dhammadownload.com

ထိုဦးကာပါဠိ၌ "ယဒိ ပကတိဂါမသီမာယံ အာရဇ္ဈံ၊ တံ ပကတိဂါမပရိစ္ဆေဒံ၊ ယဒိ ဝိသုံဂါမသီမာယံ အာရဇ္ဈံ၊ တံ ဝိသုံဂါမပရိစ္ဆေဒံ အညေသံ ဘိက္ခူနံ အပ္ပဝိသနတ္ထာယ" ဟူသော စကား၌ သိမ်သမုတ်သောအခါသာ ပကတိဂါမ၌ သမုတ်မူ ပကတိဂါမခေတ် ကုန်အောင် စောင့်ရမည်။ ဝိသုံဂါမ၌ သမုတ်မူ ဝိသုံဂါမခေတ်ပိုင်းခြားရာ၌ စောင့်ရမည်။

သိမ်နုတ်သောအခါ၌မူကား ပကတိဂါမခေတ်၌ဖြစ်စေ၊ ဝိသုံဂါမ၌ဖြစ်စေ အထူး မရှိ။ ရှေးက သမုတ်သော ဗဒ္ဓသိမ်ဟောင်းရှိခဲ့လျှင် ထိုသိမ်ဟောင်း၏ အကြီးအငယ်သာ အထူးဖြစ်၏။ ထိုသိမ်ဟောင်းပမာဏရှိလောက်သော အရပ်ကို စောင့်၍ နုတ်ရမည်ဟု ရည်၍ ဆိုတော်မူသော စကားဟု မှတ်လေ။

"ဗဟိသီမဋ္ဌာနံ သမန္တတော ဧကမဉ္ဇကံ ဝါ ဒ္ဝိတိမဉ္ဇကံ ဝါ ဂဟေတဗ္ဗံ"ဟူသော စကားကိုလည်း တစ်ညောင်စောင်းမှာ အလျား ၅-တောင် ရှိသည်ဖြစ်၍ တစ်ညောင်စောင်းအရ ၅-တောင်ဖြစ်စေ၊ ၂-ညောင်စောင်းအရ ၁၀-တောင်ဖြစ်စေ, အနံကိုယူလျှင် ၅-ထွာ, ၁၀-ထွာ ဖြစ်စေ နိမိတ်၏ပြင်ဘက်ကို အပိုအလွန်နှင့် နုတ်ရမည်ဟု ပြတော်မူသည်။ ညောင်စောင်း အရကိုလည်း—

> တသ္မာ မဉ္စပ္ပမာဏဋ္ဌာနံ အာယာမတော ပဉ္စဟတ္ထံ, ဝိတ္ထာရတော ပဉ္စဝိဒတ္ထိကန္တိ ဂဟေတဗ္ဗံ—

ဟု ဆိုတော်မူ၏(ဝိနယာလင်္ကာရဋီ၊၁။၃၅၈) ။

တသ္မာ၊ ထို့ကြောင့်။ မဉ္စပ္ပမာဏဋ္ဌာနံ၊ ညောင်စောင်းပမာဏအရပ်သည်။ အာယာ-မတော၊ အလျားအားဖြင့်။ ဝါ၊ မှ။ ပဉ္စဟတ္ထံ၊ ၅-တောင်။ ဝိတ္ထာရတော၊ အနံအားဖြင့်။ ဝါ၊ မှ။ ပဉ္စဝိဒတ္ထိကံ၊ ၅-ထွာ။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏။



[၁၃၀] နုတ်ပြီးဂါမသိမ်နှင့် နုတ်ဆဲခဏ္ဍသိမ် ဆက်စပ်ခြင်း

(၁)မေး။ ။ သမုတ်လတ္တံ့သော သိမ်နေရာ၏ အတွင်း, အပတို့၌ သိမ်ဟောင်းရှိလျှင် ပျက်အောင် နုတ်ပြီး၍ သမုတ်သောအခါ သိမ်မနုတ်မီက ဆောက်လုပ်ထား သောမဏ္ဍပ် စသည်တို့ကို နိမိတ်ပြင်ဘက် နုတ်ပြီးနေရာအရပ်က ကြိုး, ဝါး, သစ်ပင်တို့နှင့် ထိစပ်၍ သမုတ်အပ်ပါမည်လော။

http://www.dhammadownload.com

ဖြေ။ ။ထိုအမေးမှာ–

၁။ မဟာသီမာယ ပထဝီတလန္တိ ဇတ္ထ အာသန္နတရမ္ပိ ဂါမသီမံ အဂ္ဂဟေတွာ ဗဒ္ဓသီမာယ ဧဝ ဂဟိတတ္တာ ဂါမသီမာဗဒ္ဓသီမာနံ အညမညံ ရုက္ခာဒိသမ္ဗန္ဓေပိ သမ္ဘေဒဒေါသော နတ္ထိ၊ အညမညံ နိဿယနိသိတဘာဝေန ပဝတ္တိတောတိ ဂဟေတဗ္ဗံ–

ဟု လာသော ဝိမတိဝိနောဒနီဋီကာပါဠိဖြင့် ဖြေ(ဝိမတိ၊၂။၁၄၈) ။

မဟာသီမာယ ပထဝီတလန္တိ ဇတ္ထ၊ ဟူသော အဋ္ဌကထာပါဠိ၌။ အာသန္နတရမ္ပိ၊ အလွန် နီးသော်လည်း။ ဂါမသီမံ၊ ဂါမသိမ်ကို။ အဂ္ဂဟေတွာ၊ မယူမူ၍။ ဗဒ္ဓသီမာယ ဧဝ၊ ဗဒ္ဓသိမ်၏သာလျှင်။ ဂဟိတတ္တာ၊ ယူအပ်သည်အဖြစ်ကြောင့်။ ဂါမသီမာဗဒ္ဓသီမာနံ၊ ဂါမသိမ်, ဗဒ္ဓသိမ်တို့၏။ အညမညံ၊ အချင်းချင်း။ ရုက္ခာဒိသမ္ဗန္ဓေပိ၊ သစ်ပင် စသည်တို့ဖြင့် စပ်ယှက်အပ်သော်လည်း။ သမ္ဘေဒဒေါသော၊ စပ်ယှက်သော အပြစ်သည်။ နတ္ထိ၊ မရှိ။ အညမညံ၊ တပါးသည် တပါး၏။ နိဿယနိသိတဘာဝေန၊ မှီရာဝတ္ထု, မှီတတ်သောဝတ္ထု၏ အဖြစ်ဖြင့်။ ပဝတ္တိတောတိ၊ ဖြစ်ခြင်းကြောင့်တည်း။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

ထိုဋီကာပါဠိဖြင့် ဂါမသိမ်၌သာ ဗဒ္ဓသိမ် ဖွဲ့အပ်သောကြောင့် ဂါမသိမ်နှင့် ဗဒ္ဓသိမ်တို့သည် သစ်ပင်စသည်ဖြင့် စပ်ယှက်သော်လည်း အပြစ်မရှိဟု ပြတော်မူသည်ကို ထောက်၍ ဗဒ္ဓသိမ်ဟောင်းရှိက သံသယကင်းပလောက်အောင် နုတ်ပြီးသော် နိမိတ်ပြင်ဘက် နုတ်ပြီးနေရာနှင့် နိမိတ်အတွင်းက ဆောက်လုပ်သော မဏ္ဍပ်စသည်တို့၌ ကြိုး, ဝါး, သစ်ပင် စသည်တို့ဖြင့် စပ်ယှက်၍ သိမ်သမုတ်သော်လည်း အပြစ်မရှိ၊ အပ်သည့်သိမ် ဖြစ်သည်ဟု မှတ်ရမည်။

၂။ ထို့ကြောင့် ဥပေါသထက္ခန္ဓကအဋ္ဌကထာ၌–

> ဟေဋ္ဌာပါသာဒေ ကိတ္တေန္တေဟိပိ ဘိတ္တိ စ ရုက္ခထမ္ဘာ စ န ကိတ္တေတဗ္ဗာ။ ဘိတ္တိလဂ္ဂေ ပန ပါသာဏထမ္ဘေ ကိတ္တေတုံ ဝဋ္ဋတိ။ ဧဝံ ကိတ္တိတာ သီမာ ဟေဋ္ဌာ ပါသာဒဿ ပရိယန္တဿနံ အန္တောယေဝ ဟောတိ–

ဟု မိန့်တော်မူ၏(ဝိ၊ဋ္ဌ၊၃။၃၂၅) ။

ဟေဋ္ဌာပါသာဒေ၊ ပြာသာဒ်အောက်၌။ ကိတ္တေန္တေဟိပိ၊ နိမိတ်ကြားကုန်သော ရဟန်းတို့သည်လည်း။ ဘိတ္တိ စ၊ နံရံကိုလည်းကောင်း။ ရုက္ခထမ္ဘာ စ၊ သစ်တိုင်တို့ကိုလည်းကောင်း။ န ကိတ္တေတဗ္ဗာ၊ မကြားအပ်ကုန်။ ဘိတ္တိလဂ္ဂေ၊ နံရံနှင့်စပ်ကုန်သော။ ပါသာဏထမ္ဘေ ပန၊ ကျောက်တိုင်တို့ကိုကား။ ကိတ္တေတုံ၊ ကြားခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

http://www.dhammadownload.com

ဧဝံ၊ ဤသို့။ ကိတ္တိတာ၊ ကြားအပ်သော။ သီမာ၊ သိမ်သည်။ ပါသာဒဿ၊ ပြာသာဒ်၏။ ဟေဋ္ဌာ၊ အောက်၌။ ပရိယန္တထမ္ဘာနံ၊ အစွန်းဖြစ်သောတိုင်တို့၏။ အန္တောယေဝ၊ အတွင်း၌ သာလျှင်။ ဟောတိ၊ သိမ်ဖြစ်၏။

ထိုအဋ္ဌကထာပါဠိဖြင့် ပြာသာဒ်ဆောက်ပြီးမှ သိမ်သမုတ်လို၍ ဗဒ္ဓသိမ်ဟောင်း ရှိလျှင် ပျက်စေခြင်းငှာ သံသယ ကင်းပလောက်အောင် နုတ်ပြီးမှ သိမ်သမုတ်ရာ နိမိတ်၏ ပြင်ဘက်က ဂါမသိမ်၌တည်သော အစွန်းဖြစ်သော ပြာသာဒ်တို့နှင့် နိမိတ်အတွင်းက ပြာသာဒ်တိုင်တို့သည် စပ်ယှက်သော်လည်း သိမ်သမုတ်အပ်သည်ဟု ပြတော်မူသည်။ ဤသို့လာသော ဥပေါသထက္ခန္ဓက အဋ္ဌကထာပါဠိကို ထောက်၍ ပြာသာဒ်ဆောက်ပြီးမှ သိမ်သမုတ်ရာ နိမိတ်၏အတွင်း, ပြင်ပတို့၌ တိုင်တို့သည် ရောစပ်လျက် သမုတ်အပ်သည်ဟု ဆိုသဖြင့် ဂါမသိမ်နှင့် ဗဒ္ဓသိမ်တို့သည် သစ်ပင်စသည်တို့ဖြင့် စပ်ယှက်၍ ကံမပျက်ကြောင်းကို သန္နိဋ္ဌာန်ကျ မှတ်လေ။

ထိုသို့မှတ်ရာမှာ ဗဒ္ဓသိမ်ဟောင်းရှိလျှင် ပျက်စေခြင်းငှာ သံသယကင်းပလောက်အောင် ကမ္မဝါစာဖြင့် နုတ်ပြီးနေရာ ဂါမသိမ်က သစ်ပင်စသည်တို့ဖြင့် ဗဒ္ဓသိမ်နှင့် စပ်သည်ကိုသာ မှတ်ယူရမည်။ ကမ္မဝါစာဖြင့် မနုတ်သောနေရာ ဂါမသိမ်က သစ်ပင်စသည်တို့နှင့် စပ်ရာမှာ ထိုမနုတ်သောနေရာ၌ ဗဒ္ဓသိမ်ဟောင်းရှိသည်-မရှိသည်ကို အမှန်မသိ၍ သံသယရှိအပ်သည်ဖြစ်၍ မစပ်စေလင့်။

ဤအရာမှာ ဝဇိရဗုဒ္ဓိဋီကာ, သာရတ္ထဒီပနိဋီကာ, ကခ်ီဋီကာ, ဝိနယဝိနိစ္ဆယ-ဋီကာကြီးတို့၌ ဗဒ္ဓသိမ်ကို ဗဒ္ဓသိမ်ချင်း စပ်ရာ၌သာ အပြစ်ရှိကြောင်းကို ပြဆို၍ ဂါမသိမ်နှင့် ဗဒ္ဓသိမ်စပ်ရာတို့၌ အပြစ်ရှိသည်ကို မဆိုကြကုန်။ အကယ်၍ အပြစ်ရှိမူ ကံပျက်သော အရာဖြစ်၍ ဆိုသင့်သည်။ ဤကဲ့သို့ ဆိုသင့်သည်ကို မဆိုခြင်းသည် အပြစ်မရှိဟု ခွင့်ပြုသောအရာ ကျရောက်သည်။

၃။ ဝိမတိဝိနောဒနိဋီကာ, ဝိနယာလင်္ကာရဋီကာကြီးတို့၌ကား–

ဗဒ္ဓသိမ်ကို ဗဒ္ဓသိမ် စပ်ရာ၌ အပြစ်ကို ပြဆို၍ ဂါမသိမ်နှင့် ဗဒ္ဓသိမ်တို့မှာ သစ်ပင်စသည်ဖြင့် စပ်ယှက်အပ်သော်လည်း အပြစ်မရှိကြောင်းကို များစွာအဋ္ဌကထာပါဠိတို့ဖြင့် ထုတ်ဆောင်၍ ပြဆိုဆုံးဖြတ်တော်မူကြသည်။

၄။ သီမာလင်္ကာရမည်သောကျမ်း၌မူကား–

ဂါမနှင့် ဗဒ္ဓသိမ်စပ်ယှက်ရာ ပျက်ကြောင်းကို ပြဆိုခြင်းသည် ပြဆိုသောအဋ္ဌကထာ, ဋီကာကြီးတို့နှင့် မညီသောကြောင့် မမှတ်ယူသင့်ဟု သန္နိဋ္ဌာန်ကျ မှတ်ရမည်။

http://www.dhammadownload.com

၅။ ဗဒ္ဓသိမ်ကို ဗဒ္ဓသိမ်ချင်း သစ်ပင် စသည်တို့ဖြင့် စပ်ယှက်၍ ပျက်ရာမှာလည်း—

> ဇတ္ထ စ ဥပရိ ဒိဿမာနခန္ဓသာခါဒိပဝေသေ ဧဝ သက်ရဒေါသဿ သဗ္ဗတ္ထ ဒဿိတတ္တာ အဒိဿမာနာနံ မူလာနံ ပဝေသေပိ ဘူမိဂတိကတ္တာ ဒေါသော နတ္ထိတိ သိဒ္ဓံ။ သစေ ပန မူလာနိပိ ဒိဿမာနာနေဝ ပဝိသန္တိ၊ သက်ရောဝ။ ပဗ္ဗတပါသာဏာ ပန ဒိဿမာနာပိ ဘူမိဂတိကာ ဧဝ—

ဟုလာသော ဝိမတိဝိနောဒနီဋီကာ(၂။၁၆၉), ဝိနယာလင်္ကာရဋီကာ(၁။၃၄၅)တို့ကို ထောက်၍ သိလေ။

ဇတ္ထ စ၊ ဤသီမာသင်္ကရအရာဒ္ဓလည်း။ ဥပရိ၊ မြေအထက်၌။ ဒိဿမာနခန္ဓသာခါဒိပဝေသေ ဧဝ၊ ထင်ရှားသော ပင်စည် အခက်စသည်ဝင်ခြင်း၌သာလျှင်။ သက်ရဒေါသဿ၊ ရောစပ်သောအပြစ်ကို။ သဗ္ဗတ္ထ၊ အလုံးစုံသောနေရာတို့၌။ ဒဿိတတ္တာ၊ အဌကထာ၌ ပြအပ်သောကြောင့်။ အဒိဿမာနာနံ၊ မထင်ရှားကုန်ဟော။ ဝါ၊ မမြင်ရကုန်သော။ မူလာနံ၊ အမြစ်တို့၏။ ပဝေသေပိ၊ ဝင်ရာ၌လည်း။ ဘူမိဂတိကတ္တာ၊ မြေနှင့်တူသည်၏အဖြစ်ကြောင့်။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ အတ္ထံ၊ ဤသို့သော အနက်သည်။ သိဒ္ဓံ၊ ပြီး၏။ မူလာနိပိ၊ အမြစ်တို့သည်လည်း။ ဒိဿမာနာနေဝ၊ ထင်မြင်သည် ဖြစ်၍သာလျှင်။ သစေ ပန ပဝိသန္တိ၊ ဝင်ကုန်အံ့။ သက်ရောဝ၊ ရောစပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ပဗ္ဗတပါသာဏာ ပန၊ တောင်နှင့် ကျောက်ဖျာသည်ကား။ ဒိဿမာနာပိ၊ ထင်ရှားစွာ မြင်ရပါသော်လည်း။ ဘူမိဂတိကာ ဧဝ၊ မြေနှင့် တူသည်သာလျှင်တည်း။

၆။ ဝိမတိဝိနောဒနီဋီကာ၌ သိမ်စပ်ရာ အပြစ်ရှိ,မရှိ အထူးကို ပြခြင်းငှာ—

> ဗဒ္ဓသီမာသတ္တဗ္ဘန္တရဥဒကုက္ခေပသီမာ အညမညဥ္စေဝ အတ္တနော နိဿယဝိရဟိတာဟိ ဣတရီတရာသံ နိဿယသီမာဟိ စ ရုက္ခာဒိသမ္ဗန္ဓေ သတိ သမ္ဘေဒေါသမာပဇ္ဇတီတိ သုတ္တာနုလောမနယော ဉာတဗ္ဗော၀။ အတ္တနော

> အတ္တနော ပန နိဿယဘူတဂါမာဒိဟိ သဒ္ဓိံ ဗဒ္ဓသီမာဒိနံ တိဿန္နံ ဥပ္ပတ္တိကာလေ ဘဂဝတာ အနုညာတသာ သမ္ဘေဒဖ္ဂြောတ္ထရဏသာ အနုလောမတော ရုက္ခာဒိသမ္ဗန္ဓောပိ အနုညာတောဝ ဟောတီတိ ဒဋ္ဌဗ္ဗံ—

ဟု ဖွင့်တော်မူ၏(ဝိမတိ၊ ၂။၁၆၄)။

ဗဒ္ဓသီမာသတ္တဗ္ဘန္တရဥဒကုက္ခေပသီမာ၊ ဗဒ္ဓသိမ်, သတ္တဗ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ်တို့သည်။ အညမညဥ္စေဝ၊ အချင်းချင်းအားဖြင့်လည်းကောင်း။ အတ္တနော၊ မိမိ၏။

http://www.dhammadownload.com

နိဿယဝိရဟိတာဟိ၊ မှီရာမှ ကင်းကုန်သော။ ဝါ၊ မှီရာ မဟုတ်ကုန်သော။ ဣတရီတရာသံ၊ တပါးတပါးသော သိမ်တို့၏။ နိဿယသီမာဟိ စ၊ မှီရာသိမ်တို့နှင့်လည်းကောင်း။ ရုက္ခာဒိသမ္မန္နေ၊ သစ်ပင်စသည်တို့ဖြင့် စပ်သည်။ သတိ၊ ရှိသော်။ သမ္ဘေဒဒေါသံ၊ စပ်ခြင်းဟု ဆိုအပ်သော အပြစ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ သုတ္တာနုလောမနယော၊ သုတ္တာနုလောမနည်းကို။ ဉတ္ဝာဝေါ၊ သိအပ်သည်သာတည်း။

အတ္တနော အတ္တနော ပန၊ မိမိ၏ မိမိ၏ကား။ နိဿယဘူတဂါမာဒီဟိ၊ မှီရာဖြစ်ကုန်သော ဂါမသိမ်စသည်တို့နှင့်။ သဒ္ဓိ၊ တကွ။ ဗဒ္ဓသီမာဒီနံ၊ ဗဒ္ဓသိမ် အစရှိကုန်သော။ တိဿန္နံ၊ ၃-လုံးကုန်သောသိမ်တို့၏။ ဥပုတ္ထိကာလေ၊ ဖြစ်သောအခါ၌။ ဘဂဝတာ၊ ဘုရားရှင်သည်။ အနုညာတဿ၊ ခွင့်ပြုတော်မူအပ်သော။ သမ္ဘေဒဿောတ္ထရဏဿ၊ စပ်ခြင်း, ထပ်ခြင်းအား။ အနုလောမတော၊ လျော်သောအားဖြင့်။ ရုက္ခာဒိသမ္မန္နောပိ၊ သစ်ပင်စသည်တို့နှင့် စပ်ခြင်းကိုလည်း။ အနုညာတောဝေါ၊ ခွင့်ပြုအပ်သည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ထိုဦးကာပါဠိဖြင့် ဗဒ္ဓသိမ်သည် ဗဒ္ဓသိမ်ချင်း၊ သတ္တဗ္ဘန္တရသိမ်သည် သတ္တဗ္ဘန္တရသိမ်ချင်း၊ ဥဒကုက္ခေပသိမ်သည် ဥဒကုက္ခေပသိမ်ချင်း မစပ်အပ်ကုန်။

ဗဒ္ဓသိမ်သည် မိမိမှီရာ ဂါမသိမ်မှ တပါးသော သတ္တဗ္ဘန္တရသိမ်၏မှီရာ အရညသိမ်, ဥဒကုက္ခေပသိမ်၏မှီရာ နဒီသိမ်နှင့်လည်း မစပ်အပ်။

သတ္တဗ္ဘန္တရသိမ်သည် မိမိ၏မှီရာ အရညသိမ်မှ တပါးသော ဂါမသိမ်, နဒီသိမ်တို့နှင့်လည်း မစပ်အပ်။

ဥဒကုက္ခေပသိမ်သည် မိမိ၏မှီရာဖြစ်သော နဒီသိမ်မှ တပါးသော ဂါမသိမ်, အရညသိမ်တို့နှင့်လည်း မစပ်အပ်။

ဗဒ္ဓသိမ်သည် မိမိ၏မှီရာ ဂါမသိမ်နှင့် စပ်အပ်သည်-ဟု ပြတော်မူသည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

၂ ၁၃၁ ၂ သိမ်နိမိတ်ကြားသင့်သော အကြိမ်ပေါင်း

(၁)မေး။ ။ သိမ်နိမိတ်ကြားသောအခါ ဘယ်နှစ်ကြိမ်မြောက်အောင် ကြားရပါအုံးနည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ တတ္ထ နိမိတ္တာနိ သကိံ ကိတ္တိတာနိပိ ကိတ္တိတာနေဝ ဟောန္တိ။ အန္ဓအဋ္ဌကထာယံ ပန "တိက္ခတ္တုံ သီမမဏ္ဍလံ သမ္မန္ဒန္တေန နိမိတ္တံ ကိတ္တေတဗ္ဗ"န္တိ ဝုတ္တံ(ဝိ၊ဋ္ဌ၊၃၊၃၁၈)–

ဟု လာသော ဥပေါသထက္ခန္ဓကအဖွင့် အဋ္ဌကထာကို ထောက်၍ သိအပ်၏ဟု ဖြေ။

တတ္ထ၊ ထိုနိမိတ်ကြားရာ၌။ နိမိတ္တာနိ၊ နိမိတ်တို့သည်။ သကိံ၊ တစ်ကြိမ်။ ကိတ္တိ-တာနိပိ၊ ကြားအပ်ကုန်သော်လည်း။ ကိတ္တိတာနေဝ၊ ကြားအပ်သည် မည်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အန္ဓအဋ္ဌကထာယံ ပန၊ ၌ကား။ တိက္ခတ္တုံ၊ ၃-ကြိမ်။ သီမမဏ္ဍလံ၊ သိမ်ဝန်းကို။ သမ္မန္ဒန္တေန၊ စပ်စေသဖြင့်။ နိမိတ္တံ၊ ကို။ ကိတ္တေတဗ္ဗံ၊ ကြားအပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ၏။

၂။ ဝိမတိဝိနောဒနိဋီကာ၌လည်း–

> တိက္ခတ္တုံ သီမမဏ္ဍလံ သမ္မန္ဒန္တေနာတိ ဝိနယဓရေန သယံ ဧကသ္မိံယေဝ ဌာနေ ဌတွာ ကေဝလံ နိမိတ္တကိတ္တနဝစနေနေဝ သီမာမဏ္ဍလံ သမန္တာ နိမိတ္တေန နိမိတ္တံ ဗန္ဓန္တေနာတိ အတ္ထော။ တံ တံ နိမိတ္တဌာနံ အဂန္ത്വာပိ ဟိ ကိတ္တေတုံ ဝဋ္ဋတိ။ တိယောဇနပရမာယ သီမာယ သမန္တတော တိက္ခတ္တုံ အနုပရိဂမနဿ ဧကဒိ-ဝသေန ဒုက္ကရတ္တာ ဝိနယဓရေန သယံ အဒိဋ္ဌမ္ပိ ပုဗ္ဗေ ဘိက္ခူဟိ ယထာဝဝတ္ထိတံ နိမိတ္တံ "ပါသာဏော ဘန္တေ"တိအာဒိနာ ကေနစိ ဝုတ္တာနုသာရေန သလ္လက္ခေတွာ "ဧသော ပါသာဏော နိမိတ္တ"န္တိအာဒိနာ ကိတ္တေတုမ္ပိ ဝဋ္ဋတိ ဧဝ–

ဟု ဖွင့်တော်မူ၏(ဝိမတိ၊၂။၁၄၁)။

တိက္ခတ္တုံ သီလမဏ္ဍလံ သမ္မန္ဒန္တေနာတိ၊ ဟူသည်ကား။ ဝိနယဓရေန၊ ဝိနည်းဓိုရ်ဆရာသည်။ သယံ၊ မိမိသည်။ ဧကသ္မိံ ယေဝ ဌာနေ၊ တစ်ခုသောနေရာ၌သာလျှင်။ ဌတွာ၊ ရပ်၍။ ဝါ၊ တည်၍။ ကေဝလံ၊ သက်သက်။ နိမိတ္တကိတ္တနဝစနေနေဝ၊ နိမိတ်ကိုကြားသောစကားဖြင့်သာလျှင်။ သီမမဏ္ဍလံ၊ သိမ်ဝန်းကို။ သမန္တာ၊ ထက်ဝန်းကျင်မှ။ နိမိတ္တေန၊ ဖြင့်။ နိမိတ္တံ၊ ကို။ ဗန္ဓန္တေန၊ စပ်စေသဖြင့်။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။

http://www.dhammadownload.com

ဟိ၊ မှန်၏။ တံ တံ နိမိတ္တဌာနံ၊ ထိုထိုနိမိတ်တည်ရာသို့။ အဂန္ဆာပိ၊ မသွားမူ၍လည်း။ ကိတ္တေတုံ၊ ကြားခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ တိယောဇနပရမာယ၊ ၃-ယူဇနာ အတိုင်းအရှည် ရှိသော။ သီမာယ၊ သိမ်၌။ သမန္တတော၊ ထက်ဝန်းကျင်မှ။ တိက္ခတ္တုံ၊ ၃-ကြိမ်။ အနုပရိဂမနဿ၊ အစဉ်လည်၍ သွားခြင်း၏။ ဧကဒိဝသေန၊ ၁-နေ့တည်းဖြင့်။ ဒုက္ကရတ္တာ၊ ခဲယဉ်းသည်၏ အဖြစ်ကြောင့်။ ဝိနယဓရေန၊ သည်။ သယံ အဒိဋ္ဌမို ပုဗ္ဗေ၊ ရှေးက ကိုယ်တိုင် မတွေ့မြင်ဖူးသော်လည်း။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ ဝဝတ္ထိတံ၊ ကြားအပ်သော။ နိမိတ္တံ၊ ကို။ ပါသာဏော ဘန္တေတိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ကေနစိ၊ တစုံတယောက်သည်။ ဝုတ္တာနုသာရေန၊ ဆိုအပ်, ပြောကြားအပ်သောစကားကို အစဉ်လျှောက်သဖြင့်။ သလ္လက္ခေတွာ၊ မှတ်၍။ ဧသော ပါသာဏော နိမိတ္တန္တိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ကိတ္တေတုမို၊ ကြားခြင်းငှာလည်း။ ဝဋ္ဋတိ ဧဝ၊ အပ်သည်သာတည်း။

ထိုဋ္ဌကာပါဠ်ဖြင့် နိမိတ်ကြားသော ဝိနည်းမိုရ်ဆရာသည် နိမိတ်ရှိရာသို့ မလှည့်မူ၍ အလယ်ကနေ၍ နိမိတ်ကို ကြားသော်လည်း အပ်သည်။ နိမိတ်စောင့်သော ရဟန်းသည်လည်း နိမိတ်ကို မှတ်၍ အလယ်ကနေသဖြင့် လျှောက်ကြားသော်လည်း အပ်သည်ဟု ပြတော်မူသည်။

ထိုနိမိတ်စောင့်၍ လျှောက်ကြားသောသူမှာ လူ, သာမဏေတို့သည်လည်း အပ်သည်ဟု မှတ်။

၃။ ထို့ကြောင့် ဥပေါသထက္ခန္ဓကအဋ္ဌကထာ၌—

ဧဝံ ပန ဥပသမ္မန္နော ဝါ အာစိက္ခတု အနုပသမ္မန္နော ဝါ၊ ဝဋ္ဋတိယေဝ-

ဟု မိန့်တော်မူ၏(ဝိ၊ဋ္ဌ၊၃။၃၁၈) ။

ဧဝံ၊ ဤသို့။ ဥပသမ္မန္နော ဝါ၊ ရဟန်းသည်လည်းကောင်း။ အနုပသမ္မန္နော ဝါ၊ လူ, သာမဏေသည်လည်းကောင်း။ အာစိက္ခိတုံ၊ နိမိတ်စောင့်၍ "ဥဒကံ ဘန္တေ" စသည်ဖြင့် လျှောက်ကြားခြင်းငှာ။ ဝဋ္ဋတိယေဝ၊ အပ်သည်သာတည်း။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၃၂] သိမ်နိမိတ် ၁-ခု, ၂-ခုသာ ထားက အပ်, မအပ်

(၁)မေး။ ။ နိမိတ်သည် ၁-လုံး, ၂-လုံးနှင့် အပ်ပါမည်လော။

ဖြေ။ ။ ထိုအမေးပုစ္ဆာမှာ—

၁။ ဣမေဟိ စ အဋ္ဌဟိ နိမိတ္တေဟိ အသမ္မိဿေဟိပိ အညမညံ သမ္မိဿေဟိပိ သီမံ သမ္မန္နိတုံ ဝဋ္ဋတိယေဝ။ သာ ဧဝံ သမ္မန္နိတ္ဝာ ဗဟ္မာနာ ဧကေန ဒ္ဝိဟိ ဝါ နိမိတ္တေဟိ အဗဒ္ဓါ ဟောတိ။ တီဏိ ပန အာဒိံ ကတ္ဝာ ဝုတ္တပ္ပကာရာနံ နိမိတ္တာနံ သတေနာပိ ဗဒ္ဓါ ဟောတိ—

ဟု လာသော ဥပေါသထက္ခန္ဓကအဋ္ဌကထာကို ထောက်၍ သိအပ်၏(ဝိဋီ၊၃။၃၂၂)။

အဋ္ဌဟိ၊ စ-ပါးကုန်သော။ ဣမေဟိ နိမိတ္တေဟိ စ၊ ဤနိမိတ်တို့ဖြင့်လည်း။ အသမ္မိဿေဟိပိ၊ မရောသော ၁-ခုသော နိမိတ်တို့ဖြင့်လည်းကောင်း။ အညမညံ၊ အချင်းချင်း။ သမ္မိဿေဟိပိ၊ ရောသောနိမိတ်တို့ဖြင့်လည်းကောင်း။ သီမံ၊ သိမ်ကို။ သမ္မန္နိတုံ၊ သမုတ်ခြင်းငှာ။ ဝဋ္ဋတိယေဝ၊ အပ်သည်သာတည်း။ ဧဝံ၊ ဤသို့။ သမ္မန္နိတ္ဝာ၊ သမုတ်၍။ ဗဟ္မာနာ၊ ဖွဲ့အပ်သော။ သာ၊ ထိုသိမ်သည်။ ဧကေန ဝါ နိမိတ္တေန၊ ၁-ခုသော နိမိတ်ဖြင့်လည်းကောင်း။ ဒ္ဝိဟိ ဝါ နိမိတ္တေဟိ၊ ၂-ခုသော ၃-ခုတို့ကို။ အာဒိံ ကတ္ဝာ၊ အစပြု၍။ ဝုတ္တပ္ပကာရာနံ၊ ဆိုအပ်သော အပြားရှိကုန်သော။ နိမိတ္တာနံ၊ တို့၏။ သတေနာပိ၊ ၁၀၀-ရှိသဖြင့်လည်း။ ဗဒ္ဓါ၊ ဖွဲ့အပ်သည်။ ဟောတိ၊ ၏။

ထိုအဋ္ဌကထာကို ထောက်၍ ၁-ခုသောနိမိတ်, ၂-ခုသောနိမိတ်ကို ထား၍ ကြားရုံမျှနှင့်မအပ်။ လမ်းခရီး ၃-ခု အဆုံးနှင့် တူသော ၃-ခုအစွန်ရှိသောနေရာဖြင့် နိမိတ် ၃-ခု ရှိသည်ကို အစပြု၍ ၄-မျက်နှာ ၄-ခု၊ ၅-မျက်နှာ ၅-ခု၊ ၆-မျက်နှာ ၆-ခု၊ ၇-မျက်နှာ ၇-ခု၊ ၈-မျက်နှာ ၈-ခုသော နိမိတ်တို့ကိုလည်းကောင်း၊ ထိုမျက်နှာတို့၌ နိမိတ် ၈-ပါးကို ရော၍ ဖြစ်စေ၊ ၂-ခု, ၃-ခု စသည်တို့ကို ရော၍ ဖြစ်စေ နိမိတ်အလုံး ၁၀၀-ပင် ရှိသော်လည်း အပ်သည်ဟု မှတ်လေ။

၂။ ဝိမတိဝိနောဒနီဋီကာ၌လည်း—

သမ္မိဿေဟိတိ ဧကတ္ထ ပတ္တတော, အညတ္ထ ပါသာဏောတိ ဧဝံ ဌိတေဟိ အဋ္ဌဟိပိ။ နိမိတ္တာနံ သတေနာပိတိ ဣမိနာ ဧကိဿာယ ဧဝ ဒိဿာယ ဗဟူနိပိ

http://www.dhammadownload.com

နိမိတ္တာနိ "ပုရတ္ထိမာယ ဒိသာယ ကိ နိမိတ္တံ၊ ပဗ္ဗတော ဘန္တေ။ ပုန ပုရတ္ထိမာယ ဒိသာယ ကိ နိမိတ္တံ၊ ပါသာဏော ဘန္တေ"တိ အာဒိနာ ကိတ္တေတုံ ဝဋ္ဋတိတိ ဒဿေတိ-ဟု ဆိုတော်မူ၏(ဝိမတိ၊၂။၁၄၃)။

သမ္မိဿေဟီတိ၊ ဟူသည်ကား။ ဧကတ္ထ၊ ၁-ခုသောအရပ်၌။ ပဗ္ဗတော၊ တောင်လည်းကောင်း။ အညတ္ထ၊ တပါးသောအရပ်၌။ ပါသာဏော၊ ကျောက်လည်းကောင်း။ ဣတိ ဧဝံ၊ ဤသို့။ ဌိတေဟိ၊ တည်ကုန်သော။ အဌဟိပိ၊ ၈-ပါးကုန်သော နိမိတ်တို့ဖြင့်လည်း။ နိမိတ္တာနံ သတေနာပိတိ ဣမိနာ၊ ဟူသော ပါဠိဖြင့်။ ဧကိဿာ ဧဝ ဒိသာယ၊ ၁-ခုသော အရပ်၌သာလျှင်။ ဗဟူနိ၊ များစွာကုန်သော။ နိမိတ္တာနိပိ၊ နိမိတ်တို့ကိုလည်း။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်၌။ ကိ နိမိတ္တံ၊ အဘယ်နိမိတ်နည်း။ ဘန္တေ၊ အရှင်ဘုရား။ ပဗ္ဗတော၊ တောင်တည်း။ ပုန၊ တဖန်။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်၌။ ကိ နိမိတ္တံ၊ အဘယ်နိမိတ်နည်း။ ဘန္တေ၊ ဘုရား။ ပါသာဏော၊ ကျောက်တည်း။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ကိတ္တေတုံ၊ ကြားခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဒဿေတိ၊ ပြတော်မူ၏။

ထိုဋီကာပါဠိဖြင့် တစ်ရပ်တစ်မျက်နှာ၌ နိမိတ် ၂-ခု, ၃-ခု ထားသော်လည်း တစ်ခါတည်းပင် နိမိတ်စေ့အောင်ကြား၍ ပြီးမှ တစ်ရပ်တစ်မျက်နှာသို့ ရွှေ့၍ ကြားရမည်ဟု ပြတော်မူသည်။

ပုရတ္ထိမာယ၌--"ပုရေ နိဗ္ဗတ္တံ ပုရတ္ထိမံ၊ ပုရတ္ထော ဧတိဿာ အတ္ထီတိ ပုရတ္ထိမာ" ဟူ၍ လည်းကောင်း၊ "အာဒိကပ္ပိကေဟိ ပဌမံ ဌပိယတီတိ ပုရတ္ထိမာ"ဟူ၍လည်းကောင်း သဒ္ဒါအရာ လိမ္မာသောဆရာကြီးတို့ ဆိုသည်ကို ထောက်၍ "ပုရတ္ထိမာယ, ပူရတ္ထိမာယ" ဟု ၂-ချက်ရှိသင့်သည်ဟု မှတ်။

ထိုရေနိမိတ်, ကျောက်နိမိတ်အစရှိသော နိမိတ် ၈-ခုတို့သည် သိမ်သမုတ်သော အခါ ကြား၍ သမုတ်ရုံမျှသာ ခွင့်ပြုတော်မူသည်။ သမုတ်၍ပြီးသောအခါ ထိုနိမိတ်တို့ကို ဖျက်ဆီး ရွှေ့ပြောင်း လဲလှယ်၍ တပါးသော အမြဲမှတ်တိုင်စသည်ကို စိုက်ထားခြင်းငှာ အပ်သည်ဟု မှတ်။

၃။ ထို့ကြောင့် **မဟာဝါအဋ္ဌကထာ၌**--

တသ္မိ ပန ဌာနေ နိမိတ္တသညာကရဏတ္ထံ ပါသာဏဝါလိကာပဲသုအာဒိရာသိ ဝါ ပါသာဏတ္ထမ္ဘော ဝါ ဒါရုတ္ထမ္ဘော ဝါ ကာတဗ္ဗော--

ဟူ၍လည်းကောင်း(ဝိ၊ဋ္ဌ၊၃။၃၂၂) ၊

http://www.dhammadownload.com

နိမိတ္တပါသာဏာ ယထာဌာနေ န တိဋ္ဌန္တိ။ တသ္မာ သမန္တတော ရာဇိ ဝါ ဥဋ္ဌာပေတဗ္ဗာ၊ စတူသု ဝါ ကောဏေသု ပါသာဏာ ဝိဇ္ဈိတဗ္ဗာ၊ "အယံ သီမာပရိစ္ဆေဒေါ"တိ ဝတ္တာ အကွရာနိ ဝါ ဆိန္ဒိတဗ္ဗာနိ—

ဟူ၍လည်းကောင်း မိန့်ဆိုတော်မူ၏(ဝိ၊ဋ္ဌ၊၃၊၃၂၂၄)။

တသို့ ပန ဌာနေ၊ ထိုနိမိတ်အရာ၌။ နိမိတ္တသညာကရဏတ္ထံ၊ အမှတ်ကို ပြုခြင်းငှာ။ ပါသာဏဝါလိကာပံသုအာဒိရာသိ ဝါ။ ကျောက်, သဲ, မြေအစရှိသော အစုကိုလည်းကောင်း။ ပါသာဏတ္ထမ္ဘော ဝါ၊ ကျောက်တိုင်ကိုလည်းကောင်း။ ဒါရုတ္ထမ္ဘော ဝါ၊ သစ်တိုင်ကို လည်းကောင်း။ ကာတဗ္ဗော၊ ပြုအပ်၏။

နိမိတ္တပါသာဏာ၊ နိမိတ်ကျောက်တိုင်တို့သည်။ ယထာဌာနေ၊ ထားမြဲတိုင်းသော နေရာ၌။ န တိဋ္ဌန္တိ၊ မတည်ကုန်။ တသ္မာ၊ ထို့ကြောင့်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ရာဇိ ဝါ၊ အရေးအကြောင်းကိုလည်း။ ဥဋ္ဌာပေတဗ္ဗာ၊ ထင်စေအပ်၏။ စတူသု ဝါ ကောဏေသု၊ ၄-ထောင့်တို့၌လည်း။ ပါသာဏာ၊ ကျောက်တို့ကို။ ဝိဇ္ဈိတဗ္ဗာ၊ ထွင်းအပ် ကုန်၏။ အယံ၊ ဤသည်လျှင်။ သီမာပရိစ္ဆေဒေါတိ၊ သိမ်အပိုင်းအခြားဟူ၍။ အကွရာနိ ဝါ၊ အက္ခရာတို့ကိုလည်း။ ဆိန္ဒိတဗ္ဗာနိ၊ ရေးထုအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

[၁၃၃] သစ်ပင်နိမိတ် ပမာဏ

(၁) မေး။ ။ ထိုနိမိတ်တို့တွင် သစ်ပင်နိမိတ်၌ အယုတ်ပမာဏကို အသို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ ၁။ တစသာရော တာလနာဠိကေရာဒိရုက္ခော နဠတိ၊ အန္တောသာရော ဇီဝမာနကော အန္တမသော ဥဒ္ဓေဓတော အဋ္ဌင်္ဂုလော ပရိဏာဟတော သူစိ-ဒဏ္ဍကပမာဏောပိ ဝဋ္ဋတိ—

ဟူ၍လည်းကောင်း၊

ဝံသနဠကသရာဝါဒိသု ဗီဇံ ရောပေတွာ ဝမ္ဗာပိတော ပမာဏုပဂေါပိ နဠတိ။ တတော အပနေတွာ ပန တာဒိဏမ္ပိ ဘူမိယံ ရောပေတွာ ကောဋ္ဌကံ ကတွာ ဥဒကံ အာသိဉ္စိတွာ ကိတ္တေတုံ ဝဋ္ဋတိ—

ဟူ၍ လည်းကောင်း လာသော မဟာဝါအဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃၊၃၀)ကို ထောက်၍ သိအပ်၏။

http://www.dhammadownload.com

တစသာရော၊ အခွဲလျှင် အနှစ်ရှိသော။ တာလနာဠိကေရာဒိရုက္ခော၊ ထန်း, အုန်းစသော သစ်ပင်သည်။ န ဝဋ္ဋတိ၊ မအပ်။ အန္တောသာရော၊ အတွင်း၌ အနှစ်ရှိသော။ ဇဝမာနကော၊ ရှင်သော သစ်ပင်သည်။ အန္တမသော၊ အယုတ်သဖြင့်။ ဥပ္ပေဓတော၊ အစောက်အားဖြင့်။ အဌင်္ဂုလော၊ လက် ၈-သစ်ရှိသော။ ပရိဏာဟတော၊ လုံးပတ်အားဖြင့်။ သူစိဒဏ္ဍကပဗွမာဏောပိ၊ သီဟိဠ် ကညစ်ရိုးခန့်မျှရှိသော သစ်ပင်သည်လည်း။ ဝဋ္ဋတိ၊ အပ်၏။ ဝံသနဠကသရာဝါဒီသု၊ ဝါးဆစ်, ကြူဆစ်, အိုးခွက်စသည်တို့၌။ ဗီဇံ၊ မျိုးစေ့ကို။ ရောပေတွာ၊ စိုက်ပျိုး၍။ ဝမ္ဗာပိတော၊ ကြီးပွါးစေအပ်သော သစ်ပင်သည်။ ပမာဏုပဂေါပိ၊ ပမာဏလောက်သော်လည်း။ န ဝဋ္ဋတိ၊ မအပ်။ တတော၊ ထိုစိုက်ပျိုးရာမှ။ အပနေတွာ ပန၊ ထုတ်၍ကား။ တခ်ဏမ္ပိ၊ ထိုခဏ၌လည်း။ ဘူမိယံ၊ မြေ၌။ ရောပေတွာ၊ စိုက်၍။ ကောဋ္ဌကံ၊ အမိုးဘုံကို။ ကတွာ၊ ၍။ ဥဒကံ၊ ရေကို။ အာသိဉ္စိတွာ၊ လောင်း၍။ ကိတ္တေတုံ၊ သစ်ပင်နိမိတ်ကြားခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

၂။ **ဝိမတိဝိနောဒနီဋီကာ၌လည်း–**

> တခ်ဏမ္ပီတိ တရုဏပေါတကေ အမိလာယိတွာ ဝိရူဟနဇာတိကေ သန္ဓာယ ဝုတ္တံ။ ယေ ပန ပရိဏတာ သမူလံ ဥဒ္ဓရိတွာ ရောပိတာပိ ဆိန္နသာခါ ဝိယ မိလာယိတွာ စိရေန နဝမူလကုံရုပ္ပတ္တိယာ ဇီဝန္တိ, မိယန္တိယေဝ ဝါ၊ တာဒိသေ ကိတ္တေတုံ န ဝဋ္ဋတိ– ဟု ဖွင့်တော်မူ၏(ဝိမတိ၊၂။၁၄၂)။

တခ်ဏမ္ပီတိ၊ ဟူသည်ကား။ အမိလာယိတွာ၊ မည်းမူ၍။ ဝိရူဟနဇာတိကေ၊ ကြီးပွါးလတ္တံ့သော သဘောရှိသော။ တရုဏပေါတကေ၊ သစ်ပင်ငယ်တို့ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုအပ်၏။ ယေ ပန၊ အကြင်သစ်ပင်တို့သည်။ ပရိဏတာ၊ ကြီးရင့်ကုန်၏။ သမူလံ၊ အမြစ်နှင့်တကွ။ ဥဒ္ဓရိတွာ၊ နုတ်၍။ ရောပိတာပိ၊ စိုက်အပ်ကုန်သော်လည်း။ ဆိန္နသာခါ ဝိယ၊ ဖြတ်အပ်သောသစ်ခက်ကဲ့သို့။ မိလာယိတွာ၊ ညှိုး၍။ စိရေန၊ ကြင်မြင့်မှ။ နဝမူလကုံ-ရုပ္ပတ္တိယာ၊ အသစ်သော အမြစ်,အညွန့်ထွက်သည်ဖြစ်၍။ ဇီဝန္တိ ဝါ၊ ရှင်မူလည်း ရှင်ကုန်ရာ၏။ မိယန္တိယေဝ ဝါ၊ သေမူလည်း သေခဲ့ကုန်ရာ၏။ တာဒိသေ၊ ထိုသို့ သဘောရှိသော သစ်ပင်တို့ကို။ ကိတ္တေတုံ၊ ကြားခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။

သူစိဒဏ္ဍကအရကို သာရတ္ထဒီပနီဋီကာ, ဝိနယာလင်္ကာရဋီကာတို့၌ သီဟိဠ် ကညစ်ဟု ဆို၍ ထိုသီဟိဠ်ကညစ်ရိုးသည် လက်သန်းပမာဏရှိသည်ဟု ဆိုတော်မူကြကုန်၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၃၄] ကျောက်နိမိတ် ပမာဏ

(၁)မေး။ ။ကျောက်နိမိတ်၌ အယုတ်ပမာဏကို အသို့သိရပါအံ့နည်း။

ဖြေ။ ။ ၁။ ဟေဋ္ဌိမပရိစ္ဆေဒေန ဒွတ္တိံသပလဂုဠပိဏ္ဍပရိမာဏော နိမိတ္တုပဂေါ၊ နတတော ခုဒ္ဒကတရော–

ဟု လာသော မာတိကာအဋ္ဌကထာကို ထောက်၍ သိအပ်သည်(က၁။ဋ္ဌ။၈၉)။

ဟေဋ္ဌိမပရိစ္ဆေဒေန၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ ဒွတ္တိံသပလဂုဠပိဏ္ဍပရိမာဏော၊ ၃၂-ပိုလ် တင်လဲဆိုင်ပမာဏရှိသော ကျောက်သည်။ နိမိတ္တုပဂေါ၊ နိမိတ်လောက်၏။ တတော၊ ထိုပမာဏအောက်။ ခုဒ္ဒကတရော၊ အငယ်သည်။ နပဟောတိ၊ မလောက်။

၂။ ဝိနယတ္ထမဉ္ဇူသာဒီကာ၌–

ဒွတ္တိံသပလဂုဠပိဏ္ဍပရိမာဏောတိ တုလတာယ၊ နတုလဂဏနာယ။ တတ္ထ "ဧကပလံ နာမ ဒသကလဉ္စ"န္တိ ဝဒန္တိ– ဟု ဆိုတော်မူ၏(က၁။ဋီ-သစ်။၁၃၉)။

ဒွတ္တိံသပလဂုဠပိဏ္ဍပရိမာဏောတိ၊ ဟူသည်ကား။ တုလတာယ၊ တင်လဲချိန်နှင့် သဏ္ဌာန်တူသောအဖြစ်အားဖြင့်။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ တုလဂဏနာယ၊ ချိန်အရေအတွက်ဖြင့်။ နဂဟေတဗ္ဗံ၊ မယူအပ်။ တတ္ထ၊ ထို ၃၂-ပိုလ် တင်လဲဆိုင်၌။ ဧကပလံ နာမ၊ ၁-ပိုလ်မည်သည်ကား။ ဒသကလဉ္စန္တိ၊ ၁၀-ကျပ်ဟူ၍။ ဝဒန္တိ၊ ဆိုကြကုန်၏။

ပညတ္တတ္ထာဝဋ္ဋိကျမ်း၌– ကလဉ္စ - တစ်ကျပ်အနက် ယောဇနာတော်မူ၏၊ ထို့ကြောင့် ၁-ပိုလ်လျှင် ၁၀-ကျပ်ရှိ၏။ ၃၂-ပိုလ်မှာ ၃-ပိသာ ၂၀-ရှိသော တင်လဲခဲ ပမာဏနှင့် သဏ္ဌာန်တူသော ကျောက်ခဲသည် အငယ်ဆုံး နိမိတ်လောက်သည်ဟု မှတ်။

၃။ ဝိနယာလင်္ကာရဋီကာ၌လည်း–

ဒွတ္တိံသပလဂုဠပိဏ္ဍပမာဏတာ သဏ္ဌာနတော ဂဟေတဗ္ဗာ၊ နတုလဂဏနာဝသေန၊ ဘာရတော ပလပရိမာဏဉ္စ မဂဓတုလာယ ဂဟေတဗ္ဗံ၊ သာ စ လောကိယတုလာယ ဒ္ဋဂုဏာတိ ဝဒန္တိ။ သာရတ္ထဒီပနိယံ ပန "ဒွတ္တိံသပလဂုဠပိဏ္ဍပမာဏတာ တုလတာယ ဂဟေတဗ္ဗာ၊ နတုလဂဏနာယာတိ ဝုတ္တံ–

ဟု ဆိုတော်မူ၏(ဝိနယာလင်္ကာရဋီ၊၁။၃၀၀) ။

http://www.dhammadownload.com

ဒွတ္တိသပလဂုဠပိဏ္ဍပွမာဏတာ၊ ၃၂-ပိုလ်တင်လဲဆိုင်ပမာဏရှိသော အဖြစ်ကို။ သဏ္ဌာနတော၊ တင်လဲဆိုင်သဏ္ဌာန်အားဖြင့်။ ဂဟေတဗ္ဗာ၊ ယူအပ်၏။တုလဂဏနာဝသေန၊ ချိန်၏ အစွမ်းအားဖြင့်။ န ဂဟေတဗ္ဗာ၊ မယူအပ်။ ဘာရတော၊ ဝန်အားဖြင့်။ ပလပရိမာဏဉ္စ၊ ပိုလ်၏ အတိုင်းအရှည်ကိုလည်း။ မဂဓတုလာယ၊ မဂဓရာဇ်ပြည်၌ ချိန်အားဖြင့်။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ သာ စ၊ ထိုချိန်သည်လည်း။ လောကိယတုလာယ၊ ယခုလူတို့ချိန်ထက်။ ဒ္ဝိဂုဏာတိ၊ ၂-ဆကြိမ်၏ဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ သာရတ္ထဒီပနိယံ ပန၊ ၌ကား။ ဒွတ္တိသပလဂုဠပိဏ္ဍပွမာဏတာ၊ ကို။ တုလတာယ၊ ဖြင့်။ ဂဟေတဗ္ဗာ၊ ၏။ တုလဂဏနာယ၊ ဖြင့်။ န ဂဟေတဗ္ဗာ၊ အပ်။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။

ဝိမတိဋီကာ(၂။၁၄၁)အရှင်အလိုအားဖြင့် ပိုလ်၏အရကို မဂဓရာဇ်ပြည်၌ ချိန်ဖြင့် ယူအပ်သည်။ ထိုမဂဓရာဇ်ချိန်သည် ယခု လူတို့ချိန်ထက် ၂-ဆကြိမ်သည်ဟု ဆိုသောကြောင့် ယခုအချိန်အရ ၁-ကျပ်လျှင် ၂-ကျပ်ရှိသောကြောင့် ၁-ပိုလ်လျှင် ကျပ်-၂၀ ဟူ၍ ၃၂-ပိုလ်မှာ ၆-ပိဿာ ၄၀- ရှိသော တင်လဲခဲပမာဏနှင့် သဏ္ဌာန်တူသော ကျောက်သည် နိမိတ်လောက်သည်ဟု မှတ်။

✪ ✪ ✪ ✪ ✪

[၁၃၅] ရေနိမိတ်ပမာဏ

(၁)မေး။ ။ ရေနိမိတ်ကို အယုတ်အားဖြင့် အသို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ ၁။ ဥဒကနိမိတ္တေ နိရုဒကေ ဌာနေ နာဝါယ ဝါ စာဠိအာဒီသု ဝါ ဥဒကံ ပူရေတွာ ဥဒကနိမိတ္တံ ကိတ္တေတုံ န ဝဋ္ဋတိ၊ ဘူမိဂတမေဝ ဝဋ္ဋတိ—

ဟူ၍လည်းကောင်း၊

ဌိတံ ပန အန္တမသော သူကရခတာယပိ ဂါမဒါရကာနံ ကီဠနဝါပိယမ္ပိ တခ်ဏညေဝ ပထဝိယံ အာဝါဠကံ ကတွာ ယဒေဟိ အာဟရိတွာ ပူရိတံ ဥဒကမ္ပိ သစေ ယာဝ ကမ္မဝါစာပရိယောသာနာ တိဋ္ဌတိ အပ္ပံ ဝါ ဟောတု ဗဟုံ ဝါ၊ ဝဋ္ဋတိ-

ဟူ၍လည်းကောင်း လာသော မဟာဝါအဋ္ဌကထာကို ထောက်၍ သိအပ်၏(ဝိ၊ဋ္ဌ၊၃။၃၂၂)။

ဥဒကနိမိတ္တော၊ ရေနိမိတ်၌။ နိရုဒကေ၊ ရေမရှိသော။ ဌာနေ၊ အရပ်၌။ နာဝါယ ဝါ၊ လှေ၌လည်းကောင်း။ စာဠိအာဒီသု ဝါ၊ အိုးစရည်းကြိုးစသည်တို့၌လည်းကောင်း။ ဥဒကံ၊

http://www.dhammadownload.com

ရေကို။ ပူရေတွာ၊ ပြည့်စေ၍။ ဥဒကနိမိတ္တံ၊ ရေနိမိတ်ကို။ ကိတ္တေတုံ၊ ကြားခြင်းငှာ။ နဝဋ္ဌတိ၊ မအပ်။ ဘူမိဂတမေဝ၊ မြေ၌တည်သောရေသည်သာလျှင်။ ဝဋ္ဌတိ၊ အပ်၏။

ဌိတံ ပန၊ မြေ၌ တည်သောရေသည်ကား။ အန္တမသော၊ အယုတ်သဖြင့်။ ဘူကရ-ခတာယပိ၊ ဝက်တူးသောတွင်း၌လည်းကောင်း။ ဂါမဒါရကာနံ၊ ရွာသူသားငယ်တို့၏။ ကီဠနဝါပိယမ်ပိ၊ ကူး၍ကစားသော ရေတွင်းရေအိုင်၌လည်းကောင်း။ တခ်ဏညေဝ၊ ထိုသိမ်သမုတ်သော ခဏ၌လျှင်။ ပထဝိယံ၊ မြေ၌။ အာဝါဋကံ၊ တွင်းကို။ ကတွာ၊ ပြု၍။ ယဒေဟိ၊ အိုးတို့ဖြင့်။ အာဟရိတွာ၊ လောင်း၍။ ပူရိတံ၊ ပြည့်စေအပ်သော။ ဥဒကမ်ပိ၊ ရေသည်လည်း။ ယာဝ ကမ္မဝါစာပရိယောသာနာ၊ ကမ္မဝါစာ ပြီးဆုံးအောင်။ သစေ တိဋ္ဌတိ၊ တည်စေအံ့။ အပ္ပံ ဝါ၊ အနည်းငယ်သည်လည်း။ ဟောတု၊ ဖြစ်စေ။ ဗဟုံ ဝါ၊ များသည်လည်း။ ဟောတု၊ ဖြစ်စေ။ ဝဋ္ဌတိ၊ အပ်၏။

၂။ **မာတိကာအဋ္ဌကထာ၌လည်း–**

ဣတရံ သန္ဓမာနံ ဝါ ဝုတ္တပရိစ္ဆေဒကာလံ အတိဋ္ဌန္တံ ဝါ ဘာဇနဂတံ ဝါ န ဝဋ္ဌတိ-ဟု လာသည်(က၏။ဋ္ဌ။၈၉)။

ဣတရံ၊ တပါးသော။ သန္ဓမာနံ ဝါ၊ စီးသော ရေသည်လည်းကောင်း။ ဝုတ္တပရိစ္ဆေဒ-ကာလံ၊ ဆိုအပ်သော ကမ္မဝါစာဖတ်၍ ဆုံးသည်တိုင်အောင် အပိုင်းအခြား ကာလပတ်လုံး။ အတိဋ္ဌန္တံ ဝါ၊ မတည်သော ရေသည်လည်းကောင်း။ ဘာဇနဂတံ ဝါ၊ အိုးခွက်၌ တည်သော ရေသည်လည်းကောင်း။ န ဝဋ္ဌတိ၊ မအပ်။

၃။ **ကခ်ီဋီကာ၌လည်း–**

ဘာဇနဂတန္တိ နာဝါစာဒိအာဒီသု ဘာဇနေသု ဂတံ–

ဟု ဖွင့်တော်မူ၏(က၏။ဋီ-သစ်။၁၄၁)။

ဘာဇနဂတန္တိ၊ ကား။ နာဝါစာဒိအာဒီသု၊ လေ့, အိုးစရည်းကြီး အစရှိကုန်သော။ ဘာဇနေသု၊ ခွက်တို့၌။ ဂတံ၊ တည်သောရေသည်။

ဤရေနိမိတ်ကိုပြုရာမှာ နိမိတ်တွင်း၌ ရေနေအောင် သရွတ်မကျဲအပ်။ အပေါက်ရှိလျှင် မြေမဖို့မသိပ်အပ်ဟု ဆိုကုန်၏။ ဝဇိရ, သာရတ္ထ, ဝိမတိ, ဝိနယဝိနိစ္ဆယ, ဝိနယတ္ထ-မဉ္ဇူသာ, ဝိနယာလင်္ကာရဋီကာတို့၌ အထူးမဆိုကြကုန်။

http://www.dhammadownload.com

အဋ္ဌကထာကြီး(မဟာဝါ အဋ္ဌကထာ)၌ "ဘူမိဂတမေဝ ဝဋ္ဋတိ"ဟု လာသောပါဠိကို ထောက်၍ ရေနေအောင် မြေတွင်း၌ မြေကို သန္ဓတ်ကျဲရာ, အပေါက်ရှိလျှင် မြေခဲကိုဆို့ပိတ်ရာ မြေပင်ဖြစ်၍ ဘူမိဂတပင်မည်၍ အပ်သည်ဟု မှတ်။

"ဘာဇနဂတံ ဝါ န ဝဋ္ဋတိ"ဟု မာတိကာ(ကခ်ီ)အဋ္ဌကထာ ဆိုသောကြောင့် ထိုမြေတွင်း ၌ ရေနေသော သစ်သား, အုတ်, ကျောက်, အိုးကွဲစသော, မြေမှ တပါးသော ဝတ္ထုတို့ဖြင့် မပြုအပ်-ဟု မှတ်လေ။

အယံ နော ခန္တိ၊ ဝိမံသိတွာ ဂဟေတဗ္ဗံ။

✪ ✪ ✪ ✪ ✪

[၁၃၆] ဥဒကုက္ခေပ ရေတစ်ကျ

(၁) မေး။ ။ ဥဒကုက္ခေပသိမ်၌ ကံပြုသောအခါ ရေတစ်ကျ, သဲတစ်ကျကို အဘယ်သို့ပြုမှ အပ်ပါမည်နည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ ယံ ပနေတ္ထ အဇ္ဈန္တရိမနဒမာဏဿ, ဝါလုကာဒိဓိပနကမ္မဿ စ ဒဿနံ၊ တံ သယံဇာတသီမာနံ (သဉ္ဇာတသီမာနံ) ဌိတဋ္ဌာနဿ ပရိစ္ဆေဒနတ္ထံ ကတံ ဂါမူပစာရဃရူပစာရဇာနနတ္ထံ လေဏ္ဍုသုပ္ပါဒိဓိပနဝိဓာနဒဿနံ ဝိယ။ တေနေဝ မာတိကာဋ္ဌကထာယံ "သီမံ ဝါ သမ္မန္နတိ ဥဒကုက္ခေပံ ဝါ ပရိစ္ဆိန္ဒတီ"တိ ဝုတ္တံ-

ဟု ဆိုသော ဝိမတိဝိနောဒနီဋီကာကို ထောက်၍ သိအပ်သည်(ဝိမတိ၊ ၂။၁၅၉)။

ဇော၊ ဤသတ္တဘ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ်၌။ အဇ္ဈန္တရိမနပမာဏဿ၊ သတ္တဘ္ဘန္တရပမာဏဖြင့် တာခြင်းပမာဏကိုလည်းကောင်း။ ဝါလုကာဒိဓိပနကမ္မဿ စ၊ သဲစသည်ဖြင့် ပစ်ခြင်းအမှုကိုလည်းကောင်း။ ယံ ပန ဒဿနံ၊ အကြင်ပြခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုပြခြင်းသည်။ သယံဇာတသီမာနံ၊ အလိုလိုဖြစ်သောသိမ်တို့၏။ ဌိတဋ္ဌာနဿ၊ တည်ရာအရပ်ကို။ ပရိစ္ဆေဒနတ္ထံ၊ ပိုင်းခြားခြင်း အကျိုးငှာ။ ကတံ၊ ပြုအပ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း။ ဂါမူပစာရဃရူပစာရဇာနနတ္ထံ၊ ရွာဥပစာ, အိမ်ဥပစာကို သိခြင်းငှာ။ လေဏ္ဍုသုပ္ပါဒိဓိပနဝိဓာနဒဿနံ ဝိယ၊ ခဲတစ်ကျပစ်ခြင်း, စကောတစ်ဗန်းကျ ပစ်ခြင်းစသော အစီအရင်ကို

http://www.dhammadownload.com

ပြသကဲ့သို့တည်း။ တနေ၀၊ ထို့ကြောင့်သာလျှင်။ မာတိကာဌကထာယဲ၊ ၌။ သိမံ ၀ါ၊ သိမ်ကိုလည်း။ သမ္မန္နတိ၊ သမုတ်၏။ ဥဒကုက္ခေပံ ၀ါ၊ ရေတစ်ကျပမာဏကိုလည်း။ ပရိစ္ဆိန္နတိ၊ ပိုင်းခြား၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ၏။

ထိုဦးကာပါဠိဖြင့် သတ္တဗ္ဘန္တရသိမ်၌ ၇-တောင်အတွင်း, ဥဒကုက္ခေပသိမ်၌ ရေတစ်ကျ၊ သဲတစ်ကျအတွင်းသည် သိမ်မည်၏ဟု သမာနအပိုင်းအခြားကို ပြခြင်းငှာသာ မိနနပမာဏ, ခိပနကမွှအရကို ပြတော်မူသည်။ သတ္တဗ္ဘန္တရသိမ်မှာ ၇-တောင်, ၄-မျက်နှာမှ ဖြစ်သည်။ ဥဒကုက္ခေပမှာ ရေ, သဲကို ပစ်မှဖြစ်သည်ကို ပြတော်မမူ။ ရွာဥပစာသည် ခဲတစ်ကျ အပိုင်းအခြား ပမာဏရှိသည်။ ခဲတစ်ကျပစ်မှ ရွာဥပစာဖြစ်သည် မဟုတ်သကဲ့သို့ လည်းကောင်း၊ အိမ်ဥပစာသည် ဗန်းတစ်ကျ, ခွက်ဆေးရေတစ်ကျ အပိုင်းအခြား ပမာဏ ရှိသည်၊ ဗန်းတစ်ကျ, ခွက်ဆေးရေတစ်ကျကို ပစ်မှ အိမ်ဥပစာဖြစ်သည် မဟုတ်သကဲ့သို့ လည်းကောင်း၊ သတ္တဗ္ဘန္တရသိမ်သည် ရဟန်းတို့နေရာမှ ၁-မျက်နှာလျှင် ၇-တောင် ပမာဏရှိသည်။ ဥဒကုက္ခေပသိမ်သည် ရဟန်းတို့နေရာမှ ထက်ဝန်းကျင် ရေတစ်ကျ, သဲတစ်ကျ ပမာဏရှိသည်ဟု ပမာဏအပိုင်းအခြားကို ပြတော်မူသည်။ ၇-တောင်တာမှ သတ္တဗ္ဘန္တရဖြစ်သည် မဟုတ်၊ ရေတစ်ကျပစ်မှ ဥဒကုက္ခေပ ဖြစ်သည် မဟုတ်ဟု ပြတော်မူသည်။ ထို့ကြောင့် သတ္တဗ္ဘန္တရမှာ မတာသော်လည်း ရဟန်းနေရာမှ ၄-မျက်နှာ ၇-တောင် အတွင်း၌ သတ္တဗ္ဘန္တရသိမ်ဟု နှလုံးသွင်းက သိမ်ဖြစ်သည်။ ဥဒကုက္ခေပမှာ ရဟန်းတို့နေရာ ထက်ဝန်းကျင် ရေတစ်ကျ, သဲတစ်ကျအတွင်း၌ ဥဒကုက္ခေပသိမ်ဟု နှလုံးသွင်းခြင်းရှိက သိမ်ဖြစ်သည်။ ဤကဲ့သို့ နှလုံးသွင်းခြင်း, စိတ်မှတ်ခြင်း မရှိမူ မဖြစ်ဟု မှတ်လေ။

၂။ ထို့ကြောင့် **ဝိမတိဝိနောဒနီဋီကာ၌**—

> ဝဂ္ဂကမ္မပရိဟာရတ္ထံ သီမာပေက္ခာယ သတိ ဧ၀ ဥဒကုက္ခေပသတ္တဗ္ဘန္တရသီမာ ဥပ္ပဇ္ဇန္တိ၊ နာသတီတိ ဒဋ္ဌဗ္ဗံ-

ဟု ဆိုတော်မူ၏(ဝိမတိ၊ ၂။၁၅၉)။

ဝဂ္ဂကမ္မပရိဟာရတ္ထံ၊ ဝဂ်ဖြစ်သောကံကို ပယ်စွန့်ခြင်းငှာ။ သီမာပေက္ခာယ၊ အပိုင်းအခြားပမာဏအတွင်း၌ ဥဒကုက္ခေပသိမ်, သတ္တဗ္ဘန္တရသိမ်ဟု နှလုံးသွင်းခြင်း ငဲ့ခြင်းသည်။ သတိ ဧ၀၊ ရှိသော်သာလျှင်။ ဥဒကုက္ခေပသတ္တဗ္ဘန္တရသီမာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ အသတိ၊ မရှိသော်။ နဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၃၇] ပိတ်၍ ဆည်လျှင် နဒီသိမ် ပျက်, မပျက်

(၁)မေး။ ။ မိုး ၄-လသွားသော မြစ်, ချောင်းတို့ကို ပိတ်၍ ဆည်ရာတို့၌ နဒီသိမ် ပျက်, မပျက်ကို အဘယ်သို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ နဒီတော မာတိကံ နီဟရန္တာ နဒီယံ အာဝရဏံ ကရောန္တိ၊ တဉ္စေ ဩတ္ထရိတ္တာ ဝါ ဝိနိဗ္ဘိဒ္ဓိတ္တာ ဝါ ဥဒကံ ဂစ္ဆတိ။ သဗ္ဗတ္ထ ပဝတ္တနဋ္ဌာနေ ကမ္မံ ကာတုံ ဝဋ္ဋတိ။ သစေ ပန အာဝရဏေန ဝါ ကောဋ္ဌကဗန္ဓနေန ဝါ သောတံ ပစ္ဆိဇ္ဇတိ၊ ဥဒကံ နပ္ပဝတ္တတိ၊ အပ္ပဝတ္တနဋ္ဌာနေ ကမ္မံ ကာတုံ န ဝဋ္ဋတိ။ အာဝရဏမတ္တကေပိ ကာတုံ န ဝဋ္ဋတိ။ သစေ ကောစိ အာဝရဏပ္ပဒေသော ပုဗ္ဗေ ဝုတ္တပါသာဏဒီပကပ္ပဒေသော ဝိယ ဥဒကေန အဗ္ဘောတ္ထရိယတိ၊ တတ္ထ ဝဋ္ဋတိ။ သော ဟိ နဒီသင်္ခေပေဝ ဂစ္ဆတိ။ နဒီ ဝိနာသေတွာ တဋ္ဌာကံ ကရောန္တိ၊ ဟေဋ္ဌာ ပါဠိဗဒ္ဓါ၊ ဥဒကံ အာဂန္ဟာ တဋ္ဌာကံ ပူရေတွာ တိဋ္ဌတိ၊ ဧတ္ထ ကမ္မံ ကာတုံ န ဝဋ္ဋတိ။ ဥပရိ ပဝတ္တနဋ္ဌာနေ ဟေဋ္ဌာ စ ဆဒ္ဒိတမောဒကံ နဒီ ဩတ္ထရိတ္တာ သန္ဒနဋ္ဌာနတော ပဋ္ဌာယ ဝဋ္ဋတိ–

ဟု လာသော ဥပေါသထက္ခန္ဓက အဋ္ဌကထာကို ထောက်၍ သိအပ်သည်(ဝိ၊ဋ္ဌ၊၃။၃၃၅)။

နဒီတော၊ မြစ်ချောင်းမှ။ မာတိကံ၊ မြောင်းကို။ နီဟရန္တာ၊ တူးသောသူတို့သည်။ ဝါ၊ သွယ်ယူသောသူတို့သည်။ နဒီယံ၊ မြစ်၌။ အာဝရဏံ၊ အကန့်ကို။ ဝါ၊ ဆည်ပိတ်ခြင်းကို။ ကရောန္တိ၊ ပြုကုန်၏။ တံ၊ ထိုအကန့်ကို။ ဩတ္ထရိတ္တာ ဝါ၊ လွှမ်းမိုး၍လည်းကောင်း။ ဝိနိဗ္ဘိဒ္ဓိတ္တာ ဝါ၊ ထွင်းဖောက်၍လည်းကောင်း။ ဥဒကံ၊ ရေသည်။ စေ ဂစ္ဆတိ၊ သွားသည်ဖြစ်အံ့။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်၌။ ပဝတ္တနဋ္ဌာနေ၊ ရေစီးရာ၌။ ကမ္မံ၊ ကို။ ကာတုံ၊ ငှာ။ ဝဋ္ဋတိ၊ အပ်၏။ အာဝရဏေန ဝါ၊ သစ်တိုင်စသည်ကို စိုက်၍ ကန့်သတ်သဖြင့်လည်းကောင်း။ ကောဋ္ဌကဗန္ဓနေန ဝါ၊ မြေ စသည်ဖြင့် ပြည့်စေ၍ တံတားခုံးခြင်းဖြင့်လည်းကောင်း။ သောတံ၊ ရေအလျဉ်သည်။ သစေ ပန ပစ္ဆိဇ္ဇတိ၊ ပြတ်သည်ဖြစ်အံ့။ ဥဒကံ၊ ရေသည်။ နပ္ပဝတ္တတိ၊ မစီး။ အပ္ပဝတ္တနဋ္ဌာနေ၊ ရေမစီးရာ၌။ ကမ္မံ၊ ကို။ ကာတုံ၊ ငှာ။ န ဝဋ္ဋတိ၊ မအပ်။ အာဝရဏမတ္တကေပိ၊ အကန့်အထက်၌လည်း။ ဝါ၊ အကန့် အပေါ်ထိပ် အပြင်၌လည်း။ ကာတုံ၊ ငှာ။ န ဝဋ္ဋတိ၊ မအပ်။

http://www.dhammadownload.com

ကောစိ၊ အမှတ်မရှိသော။ အာဝရဏပွဒေသော၊ အကန့်အပေါ်ထိပ် အပြင်အရပ်သည်။ ပုဗ္ဗေ ရှေး၌။ ဝုတ္တပါသာဏဒီပကပွဒေသော ဝိယ၊ ဆိုအပ်သော ကျောက်ဖျာ, ကျွန်းအရပ်ကဲ့သို့။ ဥဒကေန၊ ရေဖြင့်။ အဇ္ဈောတ္ထရိယတိ၊ လွှမ်းမိုး၏။ ဝါ၊ မိုး ၄-လပတ်လုံး လွှမ်းမိုး၍တည်၏။ တတ္ထ၊ ထိုမိုး ၄-လ ရေတည်သော အကန့်အပေါ်ထိပ် အပြင်၌။ ဝဋ္ဋတိ၊ အပ်၏။ ဟိ၊ မှန်၏။ သော၊ ထိုနေရာအရပ်သည်။ နဒီသင်္ခမေဝ၊ မြစ်ဟူသော အရေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။

နဒီ၊ မြစ်ချောင်းကို။ ဝိနာသေတွာ၊ ဖျက်ဆီး၍။ တဋ္ဌာကံ၊ တစ်ဖက်ဆည် ရေကန်ကို။ ကရောန္တိ၊ ပြုကုန်၏။ ဟေဋ္ဌာ၊ အောက်၌။ ပါဠိ၊ ကန်သင်းကို။ ဗဒ္ဓါ၊ ဖွဲ့ကုန်၏။ ဥဒကံ၊ ရေသည်။ အာဂန္ဟာ၊ လာ၍။ တဋ္ဌာကံ၊ တစ်ဖက်ဆည်ရေကန်ကို။ ပူရေတွာ၊ ပြည့်စေ၍။ တိဋ္ဌတိ၊ တည်၏။ ဧတ္ထ၊ ဤနေရာ၌။ ကမ္မံ၊ ကို။ ကာတုံ၊ ငှာ။ န ဝဋ္ဋတိ၊ မအပ်။ ဥပရိ၊ အထက်၌။ ပဝတ္တနဋ္ဌာနေ စ၊ ရေစီးရာ၌လည်းကောင်း။ ဟေဋ္ဌာ စ၊ အောက်၌လည်းကောင်း။ ဆဒ္ဒိတမောဒကံ၊ စွန့်အပ်သော ရေသည်။ ဝါ၊ လွှဲပေးသော ရေသည်။ နဒီ၊ မြစ်သို့။ ဩတ္ထရိတွာ၊ သက်၍။ သန္ဒနဋ္ဌာနတော၊ ရေစီးရာအရပ်မှ။ ပဋ္ဌာယ၊ စ၍။ ဝဋ္ဋတိ၊ အပ်၏။

ထိုအဋ္ဌကထာပါဠိဖြင့် မိုး ၄-လထက် ရေနေသော မြစ်, ချောင်းကို ပိတ်၍ဆည်ရာအရပ်၌ ထိုဆည်ကို လွှမ်း၍ ဖြစ်စေ၊ ဖောက်၍ ဖြစ်စေ ရေစီးသွားမူ ရေစီးသွားရာဆည်၏ အထက်,အောက်၌ပင် ကံပြုခြင်းငှာ အပ်သည်။ ထိုမြစ်,ချောင်းကို ပိတ်ဆည်၍ ရေမစီးသွားမူ၊ မစီးမသွားသော ရေနေရာ၌ ကံပြုခြင်းငှာ မအပ်ကုန်။ ရေစီးသွားသော်လည်း ကျောက်မြေ, တံတား, ဆည်ရိုး အထက်ထိပ်ပြင်အရပ်၌ မအပ်ကုန်။ ထိုကျောက်, တံတား, ဆည်ရိုးအထက် ထိပ်ပြင်အရပ်လည်း မိုး ၄-လပတ်လုံး ရေသွား၍နေမူ ကံပြုခြင်းငှာ အပ်သည်။ မြစ်, ချောင်းကို ပိတ်၍ ကန်ဆည်မူ ရေစီးသွားရာ၌ အထက်,အောက်ပင် ကံပြုခြင်းငှာ အပ်သည်-ဟု ပြတော်မူသည်။

၂။ သာရတ္ထဒီပနီဋီကာ၌–

ဆဒ္ဒိတမောဒကန္တိ တဋ္ဌာကရဏ္ဍကတ္ထံ ကေမန္တေန ဆဒ္ဒိတံ ဥဒကံ–

ဟု ဖွင့်တော်မူ၏(သာရတ္ထ၊၃။၂၇၅)။

ဆဒ္ဒိတမောဒကန္တိ၊ ကား။ တဋ္ဌာကရဏ္ဍကတ္ထံ၊ တစ်ဘက်ဆည်ကန်ကို စောင့်ခြင်းငှာ။ ကေမန္တေန၊ သင့်ရာအရပ်၌။ ဆဒ္ဒိတံ၊ စွန့်အပ်သော။ ဥဒကံ၊ ရေတည်း။

http://www.dhammadownload.com

၃။ ဝိမတိဝိနောဒနီဋီကာ၌လည်း–

အာဝရဏေန ဝါတိ ဒါရုအာဒီ နိခဏိတွာ ဥဒကနိဝါရဏေန။ ကောဋ္ဌကဗန္ဓနေန ဝါတိ မတ္တိကာဒီဟိ ပူရေတွာ ကတသေတုဗန္ဓေန။ ဥဘယေနာပိ အာဝရဏမေဝ ဒဿေတိ။ နဒီ ဝိနာသေတွာတိ ဝုတ္တမေဝတ္ထံ ဝိဘာဝေတိ "ဟေဋ္ဌာ ပါဠိ ဗဒ္ဓါ"တိ၊ ဟေဋ္ဌာ နဒီ အာဝရိတွာ ပါဠိ ဗဒ္ဓါတိ အတ္ထော။ ဆဒ္ဒိတမောဒကန္တိ အတိရိတ္တောဒကံ။ နဒီ သြတ္ထရိတွာ သန္ဒနဋ္ဌာနတောတိ ဣမိနာ တဋ္ဌာကနဒီနံ အန္တရာ ပဝတ္တနဋ္ဌာနေ နာ ဝဋ္ဋတီတိ ဒဿေတိ– ဟု ဖွင့်ဆိုတော်မူ၏(ဝိမတိ၊၂။၁၆၇)။

အာဝရဏေန ဝါတိ၊ ဟူသည်ကား။ ဒါရုအာဒီ၊ သစ်စသည်ကို။ နိခဏိတွာ၊ စိုက်၍။ ဥဒကနိဝါရဏေန၊ ရေကို ပိတ်သဖြင့်။ ကောဋ္ဌကဗန္ဓနေန ဝါတိ၊ ဟူသည်ကား။ မတ္တိကာဒီဟိ၊ မြေ စသည်တို့ဖြင့်။ ပူရေတွာ၊ ပြည့်စေ၍။ ကတသေတုဗန္ဓေန၊ ပြုအပ်သော မြေတံတားဖွဲ့အပ်သဖြင့်။ ဥဘယေနာပိ၊ ၂-ပါးဖြင့်လည်း။ အာဝရဏမေဝ၊ ပိတ်ခြင်း၊ တားခြင်းကို သာလျှင်။ ဒဿေတိ၊ ပြ၏။ နဒီ ဝိနာသေတွာတိ၊ ဟူ၍။ ဝုတ္တမေဝတ္ထံ၊ ဆိုအပ်ပြီးသော အနက်ကို။ ဝိဘာဝေတိ၊ ထင်စွာပြတော်မူ၏။ ဟေဋ္ဌာ ပါဠိ ဗဒ္ဓါတိ၊ ဟူသည်ကား။ ဟေဋ္ဌာ၊ အောက်၌။ နဒီ၊ မြစ်ချောင်းကို။ အာဝရိတွာ၊ ပိတ်၍။ ပါဠိ၊ ကန်သင်းကို။ ဗဒ္ဓါ၊ ဖွဲ့အပ်၏။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။ ဆဒ္ဒိတမောဒကန္တိ၊ ကား။ အတိရိတ္တောဒကံ၊ ပိုလွန်သောရေသည်။ နဒီ သြတ္ထရိတွာ သန္ဒနဋ္ဌာနတောတိ ဣမိနာ၊ ဖြင့်။ တဋ္ဌာကနဒီနံ၊ ကန်နှင့် မြစ်ချောင်းတို့၏။ အန္တရာ၊ အကြား၌။ ပဝတ္တနဋ္ဌာနေ၊ ရေစီးရာ၌။ နာ ဝဋ္ဋတီ၊ မအပ်။ ဣတိ၊ ဤသို့။ ဒဿေတိ၊ ပြ၏။

✪ ✪ ✪ ✪ ✪

[၁၃၈] မြစ်ချောင်းမှ မြောင်းသွယ်ယူရာ၌ ကံပြုအပ်, မအပ်

(၁) မေး။ ။ မြစ်ချောင်းမှ မြောင်းသွယ်၍ယူရာ မိုး ၄-လရေသွား၍နေမူကံပြုခြင်းငှာ အပ်ပါ မည်လော။

ဖြေ။ ။ ထိုအမေးမှာ–

၁။ နဒီတော နီဟဋမာတိကာယ နာ ဝဋ္ဋတိ။ သစေ သာ ကာလန္တရေန ဘိဇ္ဇိတွာ နဒီ ဟောတိ၊ ဝဋ္ဋတိ–

ဟု လာသော ဥပေါသထက္ခန္ဓကဋ္ဌကထာကို ထောက်၍ သိအပ်သည်(ဝိ၊ဋ္ဌ၊၃။၃၃၅-၆)။

http://www.dhammadownload.com

နဒီတော၊ မြစ်ချောင်းမှ။ နီဟဋမာတိကာယ၊ တူးသောမြောင်း၌။ န ဝဋ္ဋတိ၊ မအပ်။ သာ၊ ထိုမြောင်းသည်။ ကလန္ဒရေန၊ ကာလကြာမြင့်သဖြင့်။ ဘိဇ္ဇိတ္ထာ၊ ကမ်းပြို၍။ နဒီ၊ မြစ်ချောင်းသည်။ သစေ ဟောတိ၊ ဖြစ်အံ့။ ဝဋ္ဋတိ၊ အပ်၏။

ထိုအဋ္ဌကထာပါဠိဖြင့် မြစ်ချောင်းမှ တူးယူသောမြောင်းသည်လည်း ရေသွားသောအခါ ကာလကြာသဖြင့် ကမ်းပြို၍ ကျယ်နက်သည်ရှိသော် မြစ်ချောင်း အဖြစ်သို့ ရောက်၍ ကံပြုခြင်းငှာ အပ်သည်ဟု ပြတော်မူသည်။

၂။ ၎င်းမဟာဝါအဋ္ဌကထာ၌ပင်—

> မဟာနဒိတော ဥဒကမာတိကံ နီဟရန္တိ၊ သာ ကုန္နဒိသဒိသာ ဟုတ္ဝာ တီဏိ သဿာနိ သမ္မာဒေန္တိ နိစ္စံ ပဝတ္တတိ၊ ကိဉ္စာပိ ပဝတ္တတိ, နိမိတ္တံ ကာတုံ န ဝဋ္ဋတိ။ ယာ ပန မူလေ မဟာနဒိတော နိဂ္ဂတာပိ ကာလန္တရေန တေနေဝ နိဂ္ဂတမဂ္ဂေန နဒီ ဘိန္ဒိတ္ဝာ သယဉ္စ ဂစ္ဆတိ၊ ဂစ္ဆန္တီ ပရတော သုသုမာရာဒိသမာကိဏ္ဏာ နာဝါဒီဟိ သဉ္စရိတဗ္ဗာ နဒီ ဟောတိ၊ တံ နိမိတ္တံ ကာတုံ ဝဋ္ဋတိ-

ဟုဆိုတော်မူ၏(ဝိ၊ဋ၊၃။၃၂၁-၂)။

၃။ ကခီဒီကာသစ်(နှာ-၁၄၁)၌ နည်းတူလာသည်။

မဟာနဒိတော၊ ကြီးသောမြစ်မှ။ ဥဒကမာတိကံ၊ ရေမြောင်းကို။ နီဟရန္တိ၊ တူးကုန်၏။ သာ၊ ထိုမြောင်းသည်။ ကုန္နဒိသဒိသာ၊ မြစ်ငယ်နှင့်တူသည်။ ဟုတ္ဝာ၊ ဖြစ်၍။ တီဏိ သဿာနိ၊ သုံးသီးသောကောက်တို့ကို။ သမ္မာဒေန္တိ၊ ပြီးစေလျက်။ နိစ္စံ၊ အမြဲ။ ပဝတ္တတိ၊ စီးသွားသည်။ ကိဉ္စာပိ ဟောတိ၊ အကယ်၍ ဖြစ်သော်လည်း။ နိမိတ္တံ၊ မြစ်နိမိတ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ ယာ ပန၊ အကြင်တူးမြောင်းသည်။ မူလေ၊ အစ၌။ မဟာနဒိတော၊ မြစ်ကြီးမှ။ နိဂ္ဂတာပိ၊ တူးသော်လည်း။ ကာလန္တရေန၊ ကာလကြာမြင့်သဖြင့်။ တေနေဝ နိဂ္ဂတမဂ္ဂေန၊ ထိုတူးသော ခရီးလမ်းပေါက်ဖြင့်။ နဒီ၊ မြစ်ကို။ ဘိန္ဒိတ္ဝာ၊ ဖျက်၍။ သယဉ္စ၊ အလိုလိုသာလျှင်။ ဂစ္ဆတိ၊ သွား၏။ ပရတော၊ နောက်မှ။ သုသုမာရာဒိသမာကိဏ္ဏာ၊ မိကျောင်းစသော ငါးရဲတို့ဖြင့် ပြွမ်းသည်ဖြစ်၍။ နာဝါဒီဟိ၊ လှေစသည်တို့ဖြင့်။ သဉ္စရိတဗ္ဗာ၊ ကူးအပ်သော။ နဒီ၊ မြစ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုမြစ်ကို။ နိမိတ္တံ၊ နိမိတ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

ထိုအဋ္ဌကထာပါဠိဖြင့် ပထမမူလက တူးမြောင်း ဖြစ်သော်လည်း ကာလကြာမြင့်သဖြင့် ကမ်းကို ဖျက်၍ ကျယ်နက်သဖြင့် မိမိအလိုလို သွား၍ မိကျောင်း, လင်းပိုင်, ငါးရဲ အစရှိသော ရေသတ္တဝါသည် ပြွမ်းနေ၍ လှေဖြင့် ကူးအပ်, သွားအပ်သောကြောင့် နဒီနိမိတ်

http://www.dhammadownload.com

အပ်သည်ဟု ပြတော်မူ၏။ နဒီနိမိတ်အပ်သော မြစ်ချောင်း၌သာ ကံပြုခြင်းငှာ အပ်သည်ဟု မှတ်။

✪ ✪ ✪ ✪ ✪

[၁၃၉] ဥဒကုက္ခေပသီမ် ဖြစ်ခြင်း, ပျက်ခြင်း

(၁)မေး။ ။ဥဒကုက္ခေပသီမ်၏ဖြစ်ရာ နဒီ, ဇာတသရတို့၏ ဖြစ်ခြင်း,ပျက်ခြင်းကို အသို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ထိုအမေးမှာ—

၁။ တသ္မာ နဒီယာ ဝါ ဇာတသရေ ဝါ ယတ္တက် ပဒေသံ ပကတိဝဿကာလေ စတူသု မာသေသု ဥဒကံ သြတ္ထရတိ၊ သမုဒ္ဒေ ယသ္မိံ ပဒေသေ ပကတိဝိစိယော သြတ္ထရိတ္ထာ သဏ္ဌာဟန္တိ၊ တတော ပဋ္ဌာယ ကပ္ပိယဘူမိ၊ တတ္ထ ဌတ္ဝာ ဥပေါ-သထာဒိကမ္မံ ကာတုံ ဝဋ္ဋတိ၊ ဒုတ္ထုဋ္ဌိကာလေ ဝါ ဂိမှေ ဝါ နဒီဇာတသရေသု သုက္ခေသုပိ သာ ဧဝ ကပ္ပိယဘူမိ၊ သစေ ပန သုက္ခေ ဇာတသရေ ဝါပိ ဝါ ခဏ္ဍိ၊ ဝပ္ပံ ဝါ ကရောန္တိ၊ တံ ဌာနံ ဂါမခေတ္တံ ဟောတိ-

ဟုလာသော မာတိကာအဋ္ဌကထာကို ထောက်၍ သိအပ်သည်(ကခီ။ဋ္ဌ။၉၁)။

တသ္မာ၊ ထို့ကြောင့်။ နဒီယာ ဝါ၊ မြစ်ချောင်း၌လည်းကောင်း။ ဇာတသရေ ဝါ၊ ဇာတသရအိုင်၌လည်းကောင်း။ ယတ္တက်၊ အကြင်မျှလောက်သော။ ပဒေသံ၊ အရပ်သို့။ ပကတိဝဿကာလေ၊ ပြကတော့ မိုးရွာသောကာလ၌။ စတူသု မာသေသု၊ ၄-လတို့၌။ ဥဒကံ၊ ရေသည်။ သြတ္ထရတိ၊ လွှမ်း၍တက်၏။ သမုဒ္ဒေ၊ သမုဒ္ဒရာ၌။ ယသ္မိံ ပဒေသေ၊ အကြင်အရပ်၌။ ပကတိဝိစိယော၊ ပြကတော့သော လှိုင်းတံပိုးတို့သည်။ သြတ္ထရိတ္ထာ၊ တက်၍။ သဏ္ဌာဟန္တိ၊ ၄-လမပြတ်တည်ကုန်၏။ တတော၊ ထို ၄-လရေတည်ရာမှ။ ပဋ္ဌာယ၊ စ၍။ ကပ္ပိယဘူမိ၊ ကံပြုခြင်းငှာ အပ်သောမြေ မည်၏။ တတ္ထ၊ ထို ၄-လ ရေတည်သော ကပ္ပိယမြေ၌။ ဌတ္ဝာ၊ တည်၍။ ဥပေါသထာဒိကမ္မံ၊ ဥပုသ်စသောကံကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဒုတ္ထုဋ္ဌိကာလေ ဝါ၊ မိုးခေါင်သော အခါ၌လည်းကောင်း။ ဂိမှေ ဝါ၊ နွေလည်း လည်းကောင်း။ နဒီဇာတသရေသု၊ မြစ်ချောင်း, ဇာတသရအိုင်တို့သည်။ သုက္ခေသုပိ၊ ခြောက်ကုန်သော်လည်း။ သာ ဧဝ ကပ္ပိယဘူမိ၊ ထိုအပ်သောမြေသာ မည်၏။ သုက္ခေ၊ ခြောက်သော။ ဇာတသရေ၊ ဇာတသရအိုင်၌။ ဝါပိ ဝါ၊ ရေတွင်းကိုလည်း။ သစေ ခဏ္ဍိ၊

http://www.dhammadownload.com

တူးကုန်အံ့။ ဝပ္ပ ဝါ၊ ဇူး, ဖရုံစသည် စိုက်ပျိုးခြင်းကိုလည်း။ သစေ ကရောန္တိ၊ ပြုကုန်အံ့။ တံ ဌာန်၊ ထိုအရပ်သည်။ ဂါမခေတ္တံ၊ ဂါမခေတ်မည်သည်။ ဟောတိ၊ ဖြစ်၏။

၂။ မဟာဝါအဋ္ဌကထာ၌လည်း–

သစေ ပနေတ္ထ ဥဒကတ္ထာယ အာဝါဠံ ဝါ ပေါက္ခရဏီအာဒီနိ ဝါ ခဏန္တိ၊ တံ ဌာနံ အဇာတဿရော ဟောတိ၊ ဂါမသီမာသင်္ချံ ဂစ္ဆတိ။ လာဇုတိပုသကာဒိဝပ္ပေ ကတေပိ ဧသေဝ နယော။

သစေ ပန တံ ပူရေတွာ ထလံ ဝါ ကရောန္တိ၊ ကေသို့ ဒိသာဘာဂေ ပါဠိ ဗန္ဓိတွာ သဗ္ဗမေဝ တံ မဟာတဠာကံ ဝါ ကရောန္တိ၊ သဗ္ဗောပိ အဇာတဿရော ဟောတိ၊ ဂါမသီမာသင်္ချံမေဝ ဂစ္ဆတိ–

ဟု ဆိုတော်မူ၏(ဝိ၊ဋ္ဌ၊၃၊၃၃၇) ။

ဧတ္ထ၊ ဤဇာတဿရမည်သော ကပ္ပိယမြေ၌။ ဥဒကတ္ထာယ၊ ရေအကျိုးငှာ။ အာဝါဠံ ဝါ၊ တွင်းကိုလည်းကောင်း။ ပေါက္ခရဏီအာဒီနိ ဝါ၊ ရေကန် စသည်တို့ကို လည်းကောင်း။ သစေ ပန ခဏန္တိ၊ တူးကုန်အံ့။ တံ ဌာနံ၊ ထိုတူးရာအရပ်သည်။ အဇာတဿရော၊ ဇာတဿရဖျက်သည်။ ဟောတိ၊ ဖြစ်၏။ ဂါမသီမာသင်္ချံ၊ ဂါမသီမ် အရေ အတွက်သို့။ ဂစ္ဆတိ၊ ရောက်၏။ လာဇုတိပုသကာဒိဝပ္ပေ၊ ဇူး, သခွါးစသည် စိုက်ပျိုးခြင်းကို။ ကတေပိ၊ ပြုရာ၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင် နည်းရှိ၏။

တံ၊ ထိုကပ္ပိယမြေကို။ ပူရေတွာ၊ ပြည့်စေ၍။ ထလံ ဝါ၊ ကြည်းကုန်းကိုလည်း။ သစေ ပန ကရောန္တိ၊ ပြုကုန်အံ့။ ဧကသို့၊ ၁-ခုသော။ ဒိသာဘာဂေ၊ အရပ်အဖို့၌။ ပါဠိ၊ ကန်သင်းကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ သဗ္ဗမေဝ၊ အလုံးစုံသာလျှင်ဖြစ်သော။ တံ၊ ထိုကပ္ပိယမြေကို။ မဟာတဠာကံ ဝါ၊ ကြီးသောကန်ကိုလည်း။ သစေ ပန ကရောန္တိ၊ ပြုကုန်အံ့။ သဗ္ဗောပိ၊ အလုံးစုံသောအရပ် သည်လည်း။ အဇာတဿရော၊ ဇာတဿရ မဟုတ်သည်။ ဟောတိ၊ ၏။ ဂါမသီမာသင်္ချံမေဝ၊ ဂါမသီမ်အရေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။

အဓိပ္ပါယ်ကား– ပကတိမိုးရွာသောအခါ မြစ်,ချောင်း,ဇာတဿရအိုင်တို့၌ ၄-လ ရေတည်ရာ၌ ဥဒကုက္ခေပသိမ် အပ်သည်။ မိုးခေါင်သောအခါ, နွေလအခါတို့၌ ထို ၄-လ ရေတည်ရာအရပ်၌ ရေပြတ်သော်လည်း ပကတိအားဖြင့် ဥဒကုက္ခေပသိမ် အပ်သည်။ ထိုနေရာ၌ ရေတွင်း, ရေကန်တူးသည် ဖြစ်စေ၊ ဇူး, သခွါး, ဖရုံ-စသော သစ်ခင်း ပြုလုပ်သည် ဖြစ်စေ ဂါမသီမ်ဖြစ်၍ မအပ်-ဟု ပြတော်မူသည်။

http://www.dhammadownload.com

အထူးကား- မြစ်နား မူးနား ၄-လ ရေသွား၍ သောင်ပေါ်ရာ၌ လက်ယက်တွင်းတူး သောနေရာမှာ ဂါမသိမ်သို့ ရောက်၍ ထိုလက်ယက်တွင်း အနီးအပါး၌ ဥဒကုက္ခေပသိမ် မအပ်-ဟု မှတ်ရမည်။ "ယသ္မိံ ဌာနေ ကရောန္တိ၊ တံ ဌာနံ ဂါမခေတ္တံ ဟောတိ"ဟု ဆိုလိုသည်။

၃။ ထို့ကြောင့် **ဝိနယတ္ထမဉ္ဉူသာဒီကာ၌**—

တံ ဌာနန္တိ ယတ္ထ ဝါပိအာဒိကံ ကတံ၊ တံ ဌာနံ။ အညံ ပန ကပ္ပိယဘူမိ—

ဟု ဆိုတော်မူ၏(ကင်္ခာ၊ဋီ-သစ်။၃၄၇)။

တံ ဌာနန္တိ၊ ဟူသည်ကား။ ယတ္ထ၊ အကြောင်အရပ်၌။ ဝါပိအာဒိကံ၊ ရေတွင်း စသည်ကို။ ကတံ၊ ပြုအပ်၏။ တံ ဌာနံ၊ ထိုအရပ်သည်။ အညံ ပန၊ မပြုသော တပါးသော နေရာသည်ကား။ ကပ္ပိယဘူမိ၊ အပ်သောမြေ မည်၏။

၄။ **ဝိမတိဝိနောဒနီဋီကာ၌လည်း**—

တံ ဌာနန္တိ အာဝါဋာဒိနံ ကတဌာနမေဝ၊ န အကတန္တိ အတ္ထော—

ဟု ဖွင့်တော်မူ၏(ဝိမတိ၊၂။၁၆၈)။

တံ ဌာနန္တိ၊ ဟူသည်ကား။ အာဝါဋာဒိနံ၊ လက်ယက်တွင်း စသည်တို့ကို။ ကတဌာန-မေဝ၊ ပြုရာအရပ်သည်သာလျှင်တည်း။ အကတံ၊ မပြုအပ်သောအရပ်သည်။ န၊ မဟုတ်။ ကျွတ် အတ္ထော၊ ဤသို့သောအနက်ကို။ ဝေဒိတဗ္ဗော၊ ၏။

၅။ **မဟာဝါအဋ္ဌကထာ၌**—

အန္တောနဒိယံ ပါသာဏော ဝါ ဒိပကော ဝါ ဟောတိ၊ တာဿ ယတ္ထက် ပဒေသံ ပုဗ္ဗေ ဝုတ္တပ္ပကာရေ ပကတိဝဿကာလေ ဝဿာနဿ စတူသု မာသေသု ဥဒကံ ဩတ္ထရတိ၊ သော နဒီသဒ္ဒမေဝ ဂစ္ဆတိ။ အတိဝုဋ္ဌကာလေ ပန ဩယေန ဩတ္ထတောကာသော န ဂဟေတဗ္ဗော။ သော ဟိ ဂါမသီမာသဒ္ဒမေဝ ဂစ္ဆတိ-

ဟု ဆိုတော်မူ၏(ဝိ၊ဋ၊၃။၃၃၅) ။

အန္တောနဒိယံ၊ မြစ်အတွင်း၌။ ပါသာဏော ဝါ၊ ကျောက်ဖျာသည်လည်းကောင်း။ ဒိပကော ဝါ၊ ကျွန်းသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ တာဿ၊ ထိုကျောက်ဖျာ, ကျွန်းအပြင်၏။ ယတ္ထက်၊ အကြောင်မျှလောက်သော။ ပဒေသံ၊ အရပ်သို့။ ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တပ္ပကာရေ၊ ဆိုအပ်သောအပြားရှိသော။ ပကတိဝဿကာလေ၊ ပြကတော့ မိုးရွာသော ကာလ၌။ ဝဿာနဿ၊ မိုးလ၏။ စတူသု မာသေသု၊ ၄-လတို့၌။ ဥဒကံ၊ ရေသည်။ ဩတ္ထရတိ၊ လွှမ်း၏။ သော၊ ထိုမိုး ၄-လ ရေလွှမ်း၍တည်သော အရပ်သည်။ နဒီသဒ္ဒမေဝ၊

http://www.dhammadownload.com

မြစ်-ဟူသော အရေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။ အတိဝုဋ္ဌိကာလေ ပန၊ အလွန်မိုးရွာသောကာလ၌။ သြယေန၊ ရေအလျဉ်သည်။ သြတ္ထတောကာသော၊ လွှမ်းတက်ရာအရပ်ကို။ န ဂဟေတဗ္ဗော၊ မယူအပ်။ ဟိ၊ မှန်၏။ သော၊ ထိုအရပ်သည်။ ဂါမသီမာသခ်ျမေဝ၊ ဂါမသိမ်အရေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။

✪ ✪ ✪ ✪ ✪

[၁၄၀] နဒီလက္ခဏာ

(၁) မေး။ ။ နဒီ၏ လက္ခဏာကို အသို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ ယဿာ ဓမ္မိကာနံ ရာဇူနံ ကာလေ အန္တမုမာသံ အနုဒသာဟံ အနုပဿာဟံ အနတိက္ကမိတ္တာ ဒေဝေ ဝဿန္တေ ဝလာဟကေသု ဝိဂတမတ္တေသု သောတံ ပစ္ဆိဇ္ဇတိ၊ အယံ နဒီသခ်ျံ ဂ ဂစ္ဆတိ။ ယဿာ ပန ဤဒိသေ သုဝုဋ္ဌိကာလေ ဝဿာနဿ စတုမာသေ သောတံ ဂ ပစ္ဆိဇ္ဇတိ၊ ယတ္ထ တိတ္ထေန ဝါ အတိတ္ထေန ဝါ သိက္ခာကရဏီယေ အာဂတလက္ခဏေန တိမဏ္ဍလံ ပဋိစ္ဆာဒေတွာ အန္တရဝါသကံ အနုက္ခိပိတွာ ဥတ္တရန္တိယာ ဘိက္ခုနိယာ ဧကဒွဂုံလမတ္တမ္ပိ အန္တရဝါသကော တေမိယတိ၊ အယံ သမုဒ္ဒေ ဝါ ပဝိသတု တဋ္ဌာကံ ဝါ၊ ပဘဝတော ပဋ္ဌာယ နဒီ နာမ–

ဟု လာသော မာတိကာအဋ္ဌကထာကို ထောက်၍ သိအပ်သည်(ကခ်ီ။၉၀)။

ယဿာ၊ အကြင်မြစ်အား။ ဓမ္မိကာနံ၊ တရားရှိကုန်သော။ ရာဇူနံ၊ မင်းတို့၏။ ကာလေ၊ လက်ထက်၌။ အန္တမုမာသံ၊ လခွဲကိုလည်းကောင်း။ အနုဒသာဟံ၊ ၁၀-ရက်ကို လည်းကောင်း။ အနုပဿာဟံ၊ ၅-ရက်ကိုလည်းကောင်း။ အနတိက္ကမိတ္တာ၊ မလွန်မူ၍။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာလတ်သော်။ ဝလာဟကေသု၊ တိမ်တို့သည်။ ဝိဂတမတ္တေသု၊ ကင်းကာမျှတို့၌။ သောတံ၊ ရေအလျဉ်သည်။ ပစ္ဆိဇ္ဇတိ၊ ပြတ်၏။ အယံ၊ ဤမြစ်သည်။ နဒီသခ်ျံ၊ မြစ်ဟူသောအရေအတွက်သို့။ ဂ ဂစ္ဆတိ၊ မရောက်။ ယဿာ ပန၊ အကြင်မြစ်အား။ ဤဒိသေ၊ ဤသို့ သဘောရှိသော။ သုဝုဋ္ဌိကာလေ၊ ကောင်းစွာ မိုးရွာသောအခါ၌။ ဝဿာနဿ၊ မိုးလေ၏။ စတုမာသေ၊ ၄-လ၌။ သောတံ၊ ရေအလျဉ်သည်။ ဂ ပစ္ဆိဇ္ဇတိ၊ မပြတ်။ ယတ္ထ၊ အကြင်မြစ်၌။ တိတ္ထေန ဝါ၊ ရေဆိပ်ဖြင့်လည်းကောင်း။ အတိတ္ထေန ဝါ၊ ရေဆိပ်မဟုတ်သဖြင့်လည်းကောင်း။ သိက္ခာကရဏီယေ၊ သေခိယသိက္ခာပုဒ်၌။ အာဂတ-

http://www.dhammadownload.com

လက္ခဏေန၊ လာသောလက္ခဏာဖြင့်။ တိမဏ္ဍလဲ၊ အဝန်း ၃-ပါးညီစွာ။ ပဋိစ္ဆာဒေတွာ၊ ဖုံးလွှမ်း၍။ အန္တရဝါသကံ၊ သင်းပိုင်ကို။ အနုကို့ပိတွာ၊ မပင့်မူ၍။ ဥတ္တာရန္တိယာ၊ ကူးသော။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမ၏။ ဧကဒွဂုံလမတ္တာမို့၊ လက် ၁-သစ်, ၂-သစ်မျှကိုလည်း။ အန္တရဝါသကော၊ သင်းပိုင်သည်။ တေမိယတိ၊ စွတ်၏။ အယံ၊ ဤမြစ်သည်။ သမုဒ္ဒံ ဝါ၊ သမုဒ္ဒရာသို့လည်းကောင်း။ ပဝိသတု၊ ဝင်သည်ဖြစ်စေ။ တဥ္စာကံ ဝါ၊ တစ်ဖက်ဆည်ကန်သို့လည်း။ ပဝိသတု၊ ဝင်သည်ဖြစ်စေ။ ပဘဝတော၊ ဦးရာအရပ်မှ။ ပဋ္ဌာယ၊ စ၍။ နဒီ နာမ၊ မြစ်မည်၏။

✪ ✪ ✪ ✪ ✪

[၁၄၁] ဇာတဿရလက္ခဏာ

(၁) မေး။ ။ ဇာတဿရလက္ခဏာကို အသို့မှတ်ရပါမည်နည်း။

ဖြေ။ ။ ထိုအမေးမှာ—

၁။ ယော ပန ကေနစိ ခဏိတွာ အကတော သယံဇာတော သောဿော သမန္တတော အာဂတေန ဥဒကေန ပူရိတော တိဋ္ဌတိ၊ ယတ္ထ နဒီယံ ဝုတ္တပ္ပကာရေ ဝဿကာလေ ဥဒကံ သန္တိဋ္ဌတိ၊ အယံ ဇာတဿရော နာမ။ ယောပိ နဒီ ဝါ သမုဒ္ဒံ ဝါ ဘိန္ဒိတွာ နိက္ခန္တဉဒကေန ခတော သောဿော ဇတံ လက္ခဏံ ပါပုဏာတိ၊ အယမ္ပိ ဇာတဿရောယေဝ—

ဟု လာသော မာတိကာအဋ္ဌကထာကို ထောက်၍ သိအပ်သည်(ကခ်။၉၀-၁) ။

ကေနစိ၊ တိရစ္ဆာန်-စသည်အကုန် တစ်စုံတစ်ယောက်သည်။ ခဏိတွာ၊ တူး၍။ အကတော၊ မပြုအပ်သော။ သယံဇာတော၊ အလိုလိုဖြစ်သော။ ယော ပန သောဿော၊ အကြောင်ချောက်သည်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ အာဂတေန၊ လာသော။ ဥဒကေန၊ ရေသည်။ ပူရိတော၊ ပြည့်သည်ဖြစ်၍။ တိဋ္ဌတိ၊ တည်၏။ ယတ္ထ၊ အကြောင်ချောက်၌။ နဒီယံ၊ မြစ်၌။ ဝုတ္တပ္ပကာရေ၊ ဆိုအပ်ပြီးသော အပြားရှိသော။ ဝဿကာလေ၊ မိုးကာလ၌။ ဥဒကံ၊ ရေသည်။ သန္တိဋ္ဌတိ၊ ၄-လတည်၏။ အယံ၊ ဤချောက်သည်။ ဇာတဿရော နာမ၊ ဇာတဿရသိမ် မည်၏။ နဒီ ဝါ၊ မြစ်ကိုလည်းကောင်း။ သမုဒ္ဒံ ဝါ၊ သမုဒ္ဒရာကို လည်းကောင်း။ ဘိန္ဒိတွာ၊ ခွဲ၍။ နိက္ခန္တဉဒကေန၊ ထွက်သောရေဖြင့်။ ခတော၊ တူးအပ်သော။ ယောပိ သောဿော၊ အကြောင်ချောက်သည်။ ဇတံ လက္ခဏံ၊ ထိုလက္ခဏာသို့။ ပါပုဏာတိ၊ ရောက်၏။ အယမ္ပိ၊ ဤချောက်သည်လည်း။ ဇာတဿရောယေဝ၊ ဇာတဿရသိမ် မည်သည်သာတည်း။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၄၂]　လောကီမည်သော ဇာတဿရသိမ်

(၁)မေး။ ။"လောကီပိ ဇာတဿရသန်မေဝ ဂစ္ဆတိ"(ဝိ၊၅၊၃။၃၃၇)ဟု ဆိုသောကြောင့် လောကီမည်သော ဇာတဿရကို အသို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ထိုအမေးမှာ–

၁။ **လောကီတိ သမုဒ္ဒေါဒကဿ ဥပ္ပတ္တိဝေဂနိန္နော မာတိကာကာရေန ပဝတ္တနကော**။

ဟု လာသော **ဝိမတိဝိနောဒနီဋီကာ**ကို ထောက်၍ သိအပ်၏(ဝိမတိ၊၂။၁၆၈)။

လောကီတိ၊ ဟူသည်ကား။ **သမုဒ္ဒေါဒကဿ**၊ သမုဒ္ဒရာရေ၏။ **ဥပ္ပတ္တိဝေဂနိန္နော**၊ တက်သော အဟုန်ကြောင့် နိမ့်သော။ ဝါ၊ ချိုင့်သော။ **မာတိကာကာရေန**၊ မြောင်းသဏ္ဌာန်ဖြင့်။ **ပဝတ္တနကော**၊ ဖြစ်သောအရပ်သည်။

✪ ✪ ✪ ✪ ✪

[၁၄၃]　နဒီသိမ်နှင့် ဂါမသိမ် စပ်ခြင်း

(၁)မေး။ ။နဒီသိမ်နှင့် ဂါမသိမ်စပ်ရာ အပ်ပါမည်လော။

ဖြေ။ ။နဒီသိမ်နှင့် ဂါမသိမ်စပ်ရာ မအပ်။

၁။ နဒီယဲ့ သေတုံ ကရောန္တိ၊ သစေ အန္တောနဒီယံ ယေဝ သေတု ဝါ သေတုပါဒါ ဝါ၊ သေတုမှိ ဌိတေဟိ ကမ္မံ ကာတုံ ဝဋ္ဋတိ။ သစေ ပန သေတု ဝါ သေတုပါဒါ ဝါ ဗဟိတီရေ ပတိဋ္ဌိတာ၊ ကမ္မံ ကာတုံ န ဝဋ္ဋတိ၊ သိမံ သောဓေတွာ ကာတဗ္ဗံ–

ဟု လာသော **မဟာဝိအဋ္ဌကထာ**ကို ထောက်(ဝိ၊၅၊၃။၃၃၅) ။

နဒီယဲ့၊ မြစ်၌။ သေတုံ၊ တံတားကို။ ကရောန္တိ၊ ပြုကုန်၏။ အန္တောနဒီယံ ယေဝ၊ မြစ်တွင်း၌သာလျှင်။ သေတု ဝါ၊ တံတားသည်လည်းကောင်း။ သေတုပါဒါ ဝါ၊ တံတားတိုင်တို့သည်လည်းကောင်း။ သစေ ဟောန္တိ၊ အကယ်၍ဖြစ်ကုန်အံ့။ သေတုမှိ၊ တံတား၌။ ဌိတေဟိ၊ တည်သောရဟန်းတို့သည်။ ကမ္မံ၊ ကံကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ သေတု ဝါ၊ တံတားသည်လည်းကောင်း။ သေတုပါဒါ ဝါ၊ တံတားတိုင်တို့သည်လည်းကောင်း။ ဗဟိတီရေ၊ မြစ်ကမ်းပေါ်၌။ သစေ ပန ပတိဋ္ဌိတာ၊ တည်ကုန်သည် ဖြစ်အံ့။

http://www.dhammadownload.com

ကမ္ဗံ၊ ကို။ ကာတုံ၊ ပြုခြင်းငှာ။ နှ ဝဋ္ဋတိ၊ မအပ်။ သီမံ၊ ဂါမသီမ်ကို။ သောဓေတွာ၊ ရဟန်း မရှိအောင် သုတ်သင်၍။ ကာတဗ္ဗံ၊ ပြုအပ်၏။

ထိုအဋ္ဌကထာပါဠိဖြင့် မိုး ၄-လရွေနေသော မြစ်ချောင်း၌ တံတားခင်းရာ တံတားတိုင်ကို ရေ ၄-လတည်သောနေရာ၌ စိုက်၍ တံတားပြင်ကို ကမ်း ၂-ဖက်၌ထိစပ်မူ မအပ်-ဟု ပြတော်မူသည်။

ထို့ကြောင့် မြစ်ချောင်း၌ ရေသိမ်ဆောက်၍ ကမ်းနှင့်စပ်သဖြင့် လှေကားတပ်မူ မအပ်။ လှေနှင့်ပြုလျှင် ကမ်းမှာ လှေချည်၍ မပြုအပ်ဟု မှတ်ရမည်။ ထိုမြစ်ချောင်းနှင့် စပ်သော ဂါမခေတ်သည် ကျဉ်းမြောင်း၍ ရဟန်းကုန်သိမ်းနိုင်မူ စပ်သော်လည်း အပ်သည်ဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

| ၁၄၄ | ချောင်းခြားသော်လည်း ဂါမခေတ် ၂-ခု မဖြစ်

(၁)မေး။ ။ မိုး ၄-လနေသော မြစ်ချောင်းသည် ၁-ခုသော ဂါမခေတ်ကို ခွဲ၍ သွားရာ ထိုဂါမခေတ်တစ်ဖက်၌ နယ်ကို သိမ်း၍ ကံဆောင်ရာ မြစ်ချောင်းခြားသောကြောင့် တစ်ဖက်ဂါမခေတ်၌ ရှိနေသော သံဃာကို မသိမ်းဘဲ ပြုအပ်ပါမည်လော။

ဖြေ။ ။ ထိုအမေးမှာ–

၁။ သဗ္ဗနိမိတ္တာနံ အန္တော ဋိတေ ဘိက္ခူ ဟတ္ထပါသဂတေ ကတ္တာတိ ဣဒံ ဥဘိန္နံ တီရာနံ ဧကဂါမခေတ္တဘာဝံ သန္ဓာယ ဝုတ္တံ (ဝိမတိ၊၂။၁၅၄)–

ဟုလာသော ဝိမတိဝိနောဒနီဋီကာ နဒီပါရသိမ်အဖွင့်ကို ထောက်၍ သိအပ်၏။

သဗ္ဗနိမိတ္တာနံ၊ ခပ်သိမ်းသောနိမိတ်တို့၏။ အန္တော၊ အတွင်း၌။ ဋိတေ၊ တည်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဟတ္ထပါသဂတေ၊ ဟတ္ထပါသ်၌တည်သည်တို့ကို။ ကတ္တာ၊ ပြု၍။ ဣတိ ဣဒံ၊ ဤစကားကို။ ဥဘိန္နံ၊ နှစ်ဘက်ကုန်သော။ တီရာနံ၊ ကမ်းတို့၏။ ဧကဂါမခေတ္တဘာဝံ၊ တစ်ခုသော ဂါမခေတ်အဖြစ်ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုသော်မူ၏။

ထို့ကြောင့် ၁-ခုသောဂါမခေတ်အလယ်၌ မြစ်,ချောင်းခြားသော်လည်း ၂-ခုသော ဂါမခေတ် မဖြစ်၊ ၁-ခုသာလျှင် ဖြစ်သောကြောင့် တစ်ဖက်၌ နယ်ကို သိမ်း၍ ကံဆောင်မူ တစ်ဖက်က သံဃာရှိမူ ဝဂ်ဖြစ်၍ ကံပျက်သည်ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၄၅] သိမ် ၂-မျိုး, ၆-လုံး

(၁)မေး။ ။ သိမ်အပြား ဘယ်နှစ်ပါးရှိသနည်း။

ဖြေ။ ။ ဗဒ္ဓသိမ် ၃-လုံး, အဗဒ္ဓသိမ် ၃-လုံးအားဖြင့် သိမ် ၆-လုံးရှိသည်-ဟု ပြတော်မူခြင်းငှာ **မာတိကာအဋ္ဌကထာ၌**(ကခ်ီ။၉၀)—

၁။ ဧဝံ ကောဒသ ဝိပတ္တိသီမာယော အတိက္ကမိတွာ တိဝိဓသမ္ပတ္တိယုတ္တာ နိမိတ္တေန နိမိတ္တံ သမ္ဗန္ဓိတွာ သမ္မတာ သီမာ "ဗဒ္ဓသီမာ"တိ ဝေဒိတဗ္ဗာ။ ခဏ္ဍသီမာ သမာနသံဝါသသီမာ အဝိပ္ပဝါသသီမာတိ တာသာယေဝ ပဘေဒေါ။

အဗဒ္ဓသီမာ ပန ဂါမသီမာ, သတ္တဗ္ဘန္တရသီမာ, ဥဒကုက္ခေပသီမာတိ တိဝိဓာ။ တတ္ထ ယာဝတာ ကေ ဂါမခေတ္တံ၊ အယံ ဂါမသီမာ နာမ။ အဂါမကေ အရညေ သမန္တာ သတ္တဗ္ဘန္တရာ သတ္တဗ္ဘန္တရသီမာ နာမ။ တတ္ထ အဂါမကံ နာမ အရညံ ဝိဇ္ဈာဋဝိအာဒီသု ဝါ သမုဒ္ဒမဇ္ဈေ ဝါ မစ္ဆဗန္ဓာနံ အဂမနပထေသု ဒီပကေသု လဘတိ– ဟူ၍ လည်းကောင်း၊

"နဒိယာ ဝါ ဘိက္ခဝေ သမုဒ္ဒေ ဝါ ဇာတဿရေ ဝါ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါ၊ အယံ တတ္ထ သမာနသံဝါသာ ကေူပေါသဏာ"တိ ဝုတ္တာ၊ အယံ ဥဒကုက္ခေပသီမာ နာမ–

ဟူ၍လည်းကောင်း ဖွင့်ဆိုတော်မူသည်။

အဓိပ္ပါယ်ကား။ ခဏ္ဍသီမ်, သမာနသံဝါသသီမ်, အဝိပ္ပဝါသသီမ်-ဟူ၍ ဗဒ္ဓသီမ် ၃-လုံး၊ ဂါမသီမ်, သတ္တဗ္ဘန္တရသီမ်, ဥဒကုက္ခေပသီမ်ဟူ၍ အဗဒ္ဓသီမ် ၃-လုံးအားဖြင့် သိမ် ၆-လုံးရှိသည်ဟု ပြတော်မူ၏။

✪ ✪ ✪ ✪ ✪

[၁၄၆] သတ္တဗ္ဘန္တရပမာဏ

(၁)မေး။ ။ ထို ၆-လုံးသောသိမ်တို့တွင် မုဆိုးတို့သည် နေ့ချင်းမပြန်နိုင်သော တောကြီးအရပ်, တံငါတို့သည် နေ့ချင်း မပြန်နိုင်သော သမုဒ္ဒရာအလယ်ကျွန်း အရပ်တို့၌ ရအပ်သော သတ္တဗ္ဘန္တရသီမ်၌ သတ္တဗ္ဘန္တရအရကို အသို့မှတ်ရပါအံ့နည်း။

http://www.dhammadownload.com

ဖြေ။ ။ ထိုအမေးမှာ—

၁။ သမန္တာ သတ္တဘ္ဘန္တရာတိ မဇ္ဈေ ဌိတာနံ သတ္ထဒိသာသု သတ္တဘ္ဘန္တရာ ဝိနိဗ္ဘေဓေန စုဒ္ဒသ ဟောန္တိ။ တတ္ထ ဧကံ အဘ္ဘန္တရံ အဋ္ဌဝိသတိဟတ္ထပ္ပမာဏံ ဟောတိ။

(ကခ်ီ။၉၀)

ဟု လာသော မာတိကာအဋ္ဌကထာကို ထောက်၍ မုဆိုး,တံငါတို့သည် နေ့ချင်းပြန် မသွားနိုင်လောက်သော ဂါမခေတ်လွတ်ရာ တောကြီးအရပ်, သမုဒ္ဒရာကျွန်းအရပ်တို့၌ တည်နေသော အရပ်တို့၏အရှေ့မျက်နှာ ၇-တောင်၊ အနောက်မျက်နှာ ၇-တောင်၊ တောင်မျက်နှာ ၇-တောင်၊ မြောက်မျက်နှာ ၇-တောင်အားဖြင့် ၄-မျက်နှာ ၇-တောင်စီ အတွင်းအရပ်သည် သတ္တဘ္ဘန္တရ မည်သည်။ အရှေ့မျက်နှာ ၇-တောင်၊ အနောက်မျက်နှာ ၇-တောင်အားဖြင့် ၁၄-တောင်၊ ၄-မျက်နှာအားဖြင့် ၂၈-တောင်သည် ၁-ခုသော အဘ္ဘန္တရသိမ်၏ ပမာဏမည်သည်။

သတ္တဘ္ဘန္တရ၌ "သတ္တဟတ္ထာနံ အဘ္ဘန္တရော သတ္တဘ္ဘန္တရော"ဟု မဇ္ဈေလောပ ပြု။ ၇-တောင်တို့၏ အတွင်းအရပ်သည် သတ္တဘ္ဘန္တရ မည်၏။

၂။ အဂမနပထေသူတိ ဂန္တုံ အသက္ကုဏေယျပထေသု။ ယတ္ထ တဒဟေဝ ဂန္ဒှာ တဒဟေဝ ပစ္စာဂန္တုံ န သက္ကာ ဟောတိ၊ တာဒိသေသူတိ ဝုတ္တံ ဟောတိ။ တေသံ ဂမနပရိယန္တသ ဩရတော ပန ဂါမသီမာသခီ ဂစ္ဆတိ။ တတ္ထ ဂါမသီမံ အသောဓေတွာ ကမ္မံ ကာတုံ န ဝဋ္ဋတိ—

ဟု ဆိုသော လီနတ္ထပကာသနီဋီကာကို ထောက်(ကခ်ီ။ဋီ-သစ်။၁၄၅) ။

မုဆိုးတို့သည် နေ့ချင်းပြန်နိုင်သော တောအရပ်, တံငါတို့ နေ့ချင်းပြန်နိုင်သော သမုဒ္ဒရာအလယ်ကျွန်းအရပ်တို့သည် ဂါမခေတ်, ဂါမသီမ်မည်သည်ဟု မှတ်။

ဤသို့ ပြဆိုတော်မူသော ပုစ္ဆာဝိသဇ္ဇနာအရဖြင့် ဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်း၌—

ပဌမကဏ္ဍ ပြီး၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

ထိမ်တောဆရာတော်

ဝိနယပုဏ္ဏာဝိသဇ္ဇနာကျမ်း

ဒုတိယကဏ္ဍ



[၁၄၇] သုဒိန္နဒုဒိန္နပေးခြင်းများ

(၁)မေး။ ။ ပစ္စက္ခမျက်မှောက် ပစ္စုပ္ပန်ကာလ မသေမီ ပေးရာ၌ သုဒိန္နပေးခြင်း, ဒုဒိန္နပေးခြင်း ၂-ပါးကို အဘယ်သို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ-

၁။ "ဣမံ တုယ္ဍံ ဒေမိ ဒဒါမိ ဒဇ္ဇာမိ ဩဂေါဇေမိ ပရိစ္စဇာမိ ဝိဿဇ္ဇာမိ နိဿဇ္ဇာမီ"တိ ဝါ "ဣတ္ထန္နာမဿ ဒေမိ ဒဒါမိ ဒဇ္ဇာမိ ဩဂေါဇေမိ ပရိစ္စဇာမိ ဝိဿဇ္ဇာမိ နိဿဇ္ဇာမီ"တိ ဝါ ဝဒတိ၊ သမ္မုခါပိ ပရမ္မုခါပိ ဒိန္နံယေဝ ဟောတိ။ "တုယ္ဍံ ဂဏှာဟီ"တိ ဝုတ္တေ "မယ္ဍံ ဂဏှာမီ"တိ ဝဒတိ၊ သုဒိန္နံ, သုဂ္ဂဟိတဉ္စ။ "တဝ သန္တကံ ကရောဟိ၊ တဝ သန္တကံ ဟောတု၊ တဝ သန္တကံ ကရိဿသီ"တိ ဝုတ္တေ "မမ သန္တကံ ကရောမိ၊ မမ သန္တကံ ဟောတု၊ မမ သန္တကံ ကရိဿာမီ"တိ ဝဒတိ၊ ဒုဒိန္နံ, ဒုဂ္ဂဟိတဉ္စ။ နေဝ ဒါတာ ဒါတုံ ဇာနာတိ၊ န ဂ္ဂဟီတာရော ဂဟေတုံ။ သစေ ပန "တဝ သန္တကံ ကရောဟီ"တိ ဝုတ္တေ "သာဓု ဘန္တေ မယ္ဍံ ဂဏှာမီ"တိ ဂဏှာတိ၊ သုဂ္ဂဟိတံ—

ဟုလာသော ပါရာဇိကဏ်းအဋ္ဌကထာ၊နိဿဂ္ဂိယ၊ပဋ္ဌမကထိနသိက္ခာပုဒ်အဖွင့်ကို ထောက်၍ ဖြေ(ဝိ၊ဋ၊၂။၂၃၁)။

http://www.dhammadownload.com

ထိုအဋ္ဌကထာ၌ "ဣဒံ တုယ္ဟံ ဒေမိ ဒဒါမိ ။ပ။ နိဿဇ္ဇာမီတိ ဝါ ဝဒတိ"ဟူသော ပါဠိဖြင့် ကောင်းသော ပေးလှူခြင်းအရကို ပြတော်မူသည်။

"တုယ္ဟံ ဂဏှာဟိ"တို ဝုတ္တေ "မယ္ဟံ ဂဏှာမိတိ ဝဒတိ"ဟူသောပါဠိဖြင့် ကောင်းသော ပေးခြင်း, ကောင်းသောယူခြင်းအရကို ပြတော်မူသည်။

"တဝ သန္တကံ ကရောတု ။ပ။ မမ သန္တကံ ကရိဿာမီ"တို ဝဒတိဟူသောပါဠိဖြင့် မကောင်းသောပေးခြင်း, မကောင်းသောယူခြင်းအရကို ပြတော်မူသည်။

"သစေ ပန တဝ သန္တကံ ကရောဟိ"တို ဝုတ္တေ **"သာဓု ဘန္တေ မယ္ဟံ ဂဏှာမိ"**ဟူသောပါဠိဖြင့် ကောင်းသောယူခြင်းကို ပြတော်မူသည်။

သုဒိန္နဒါန၊ သုဒိန္နသုဂ္ဂဟိတဒါန၊ ဒုဒိန္နဒုဂ္ဂဟိတဒါန၊ သုဂ္ဂဟိတဒါနအားဖြင့် ၄-ပါး အပြားရှိသည်။ ထို ၄-ပါးတို့တွင် တတိယဖြစ်သော ဒုဒိန္နဒုဂ္ဂဟိတ ၁-ပါးသာ မရထိုက်သည်။ ကြွင်းသော ၃-ပါး ဒါနမြောက်သည် ဖြစ်၍ ရထိုက်သည်။

အဋ္ဌကထာပါဠိအနက်ကား– ဣမံ၊ ဤဝတ္ထုကို။ တုယ္ဟံ၊ သင့်အား။ ဒေမိ၊ လှူ၏။ ဒဒါမိ၊ ပေး၏။ ဒဇ္ဇာမိ၊ လှူ၏။ ဩဇောဇေမိ၊ စွန့်၏။ ပရိစ္စဇာမိ၊ စွန့်၏။ နိဿဇ္ဇာမိ၊ စွန့်လှူ၏။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ဣတ္ထန္နာမဿ၊ ဤမည်သောရဟန်းအား။ ဒေမိ၊ လှူ၏ ။ပ။ နိဿဇ္ဇာမိ၊ စွန့်လှူ၏။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ဝဒတိ၊ ဆို၏။ သမ္မုခါပိ၊ မျက်မှောက်၌လည်း။ ပရမ္မုခါပိ၊ မျက်ကွယ်၌လည်း။ ဒိန္နံယေဝ၊ လှူအပ်သည် သာလျှင်။ ဝါ၊ အလှူမြောက်သည်သာလျှင်။ ဟောတိ၊ ၏။ တုယ္ဟံ၊ သင်အား။ ဂဏှာဟိ၊ ယူလော့။ ဣတိ ဝုတ္တေ၊ ဤသို့ ဆိုသည်ရှိသော်။ မယ္ဟံ၊ အကျွန်ုပ်အား။ ဂဏှာမိ၊ ယူ၏။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆို၏။ သုဒိန္နဉ္စ၊ ကောင်းသော ပေးခြင်းသည်လည်းကောင်း။ သုဂ္ဂဟိတဉ္စ၊ ကောင်းသော ယူခြင်းသည်လည်းကောင်း။ ဟောတိ၊ ၏။

တဝ၊ သင်၏။ သန္တကံ၊ ဥစ္စာကို။ ကရောဟိ၊ ပြုလော့။ တဝ၊ သင်၏။ သန္တကံ၊ ဥစ္စာသည်။ ဟောတု၊ ဖြစ်စေ။ တဝ၊ သင်၏။ သန္တကံ၊ ကို။ ကရိဿသိ၊ ပြုလတ္တံ့။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာကို။ ကရောမိ၊ ပြု၏။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာသည်။ ဟောတု၊ ဖြစ်စေ။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆို၏။ ဒုဒိန္နဉ္စ၊ မကောင်းသော ပေးခြင်းသည်လည်းကောင်း။ ဒုဂ္ဂဟိတဉ္စ၊ မကောင်းသော ယူခြင်းသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဒါတာ၊ ပေးသော သူသည်။ ဒါတုံ၊ ပေးခြင်းငှာ။ နေဝ ဇာနာတိ၊ မသိ။ ဣတရော၊ တစ်ယောက်သော သူသည်။ ဂဟေတုံ၊ ယူခြင်းငှာ။ န ဇာနာတိ၊ မသိ။ ပန၊ အထူးကို ပြဆိုအံ့။ တဝ၊ သင်၏။ သန္တကံ၊

http://www.dhammadownload.com

ဥစ္စာကို။ ကရောဟိ၊ ပြုလော့။ ကွတိ၊ ဤသို့။ ဝုတ္တော၊ ဆိုသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းပြီ။ မယ္ဟံ၊ အကျွန်ုပ်အား။ ဂဏှာမိ၊ ယူ၏။ ကွတိ၊ ဤသို့။ ဂဏှာတိ၊ ယူ၏။ သုဂ္ဂဟိတံ၊ ကောင်းသောယူခြင်းမည်၏။

၂။ **ဝိနယသင်္ဂဟအဋ္ဌကထာ(နှာ-၇၀), လီနတ္ထပကာသနီဋီကာ(ကခ်ီ။ဋီ-သစ်။၂၈၆)** တို့၌လည်း ဤပါရာဇိကဏ် အဋ္ဌကထာနှင့် နည်းတူ ဖွင့်ပြတော်မူသည်။

၃။ **ဝဇိရဗုဒ္ဓိဋီကာ–**

> "တုယ္ဟံ ဂဏှာဟီ"တိ ဝုတ္တေ ဝိနာပိ "မယ္ဟံ ဂဏှာမီ"တိ ဝစနေန သုဒိန္နံ ဟောတိ။ ကွတရော စေ အဓိဝါသေတိ၊ တေနာပိ သုဂ္ဂဟိတံ ဟောတိ-

ဟု ဆိုတော်မူ၏(ဝဇိရ၊၂၂၉)။

တုယ္ဟံ၊ သင့်အား။ ဂဏှာဟိ၊ ယူလော့။ ကွတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ မယ္ဟံ၊ အကျွန်ုပ်အား။ ဂဏှာမိ၊ ယူ၏။ ကွတိ ဝစနေန၊ ဤသို့ ဆိုသောစကားနှင့်။ ဝိနာပိ၊ ကင်း၍လည်း။ သုဒိန္နံ၊ ကောင်းစွာပေးအပ်သည်။ ဟောတိ၊ ဖြစ်၏။ ကွတရော၊ ယူသော ရဟန်းသည်။ စေ အဓိဝါသေတိ၊ စိတ်က သာယာသည် ဖြစ်အံ့။ တေနာပိ၊ ထိုရဟန်း သည်လည်း။ သုဂ္ဂဟိတံ၊ ကောင်းစွာယူအပ်သည်။ ဟောတိ၊ ဖြစ်၏။

၄။ **သာရတ္ထဒီပနီဋီကာ၌လည်း–**

> "တုယ္ဟံ ဂဏှာဟီ"တိ ဝုတ္တေ "မယ္ဟံ ဂဏှာမီ"တိ ဝဒတိ၊ သုဒိန္နံ သုဂ္ဂဟိတ-ဘဉ္ဇာတိ ဇတ္ထ "ယထာ ပရတော 'တဝ သန္တကံ ကရောဟီ'တိ ဝုတ္တေ ဒုဒ္ဒိန္နမ္ပိ 'သာဓု ဘန္တေ မယ္ဟံ ဂဏှာမီ'တိ ဝစနေန သုဂ္ဂဟိတံ ဟောတီတိ ဝုတ္တံ၊ ဧဝ မိဓာပိ 'တုယ္ဟံ ဂဏှာဟီ'တိ ဝုတ္တေ သုဒိန္နတ္တာ 'မယ္ဟံ ဂဏှာမီ'တိ အဝုတ္တေပိ 'သုဒိန္နမေဝါ'တိ ဝဒန္တိ။ ဂဏှာဟီတိ စ အာဏတ္တိယာ ဂဟဏဿ တပ္ပဋိ-ဗဒ္ဓတာကရဏဝသေန ပဝတ္တတ္တာ တဒါ ဂဏှာမီတိ စိတ္တေ အနုပ္ပါဒိတေ ပစ္ဆာ ဂဟေတုံ န လဘတီ"တိ ဝဒန္တိ–

ဟု ဆိုတော်မူ၏(သာရတ္ထ၊၂။၃၉၂-၃)။

တုယ္ဟံ ဂဏှာဟီတိ ။ပ။ သုဂ္ဂဟိတဘဉ္ဇာတိ ဇတ္ထ၊ ၌။ ပရတော၊ နောက်၌။ တဝ၊ သင်၏။ သန္တကံ၊ ဥစ္စာကို။ ကရောဟိ၊ ပြုလော့။ ကွတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ ဒုဒ္ဒိန္နမ္ပိ၊ အပေးမမြောက်သော်လည်း။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းပါပြီ။ မယ္ဟံ၊ အကျွန်ုပ်အား။ ဂဏှာမိ၊ ယူ၏။ ကွတိ ဝစနေန၊ ဤသို့ဆိုသဖြင့်။ သုဂ္ဂဟိတံ၊ ကောင်းသော

http://www.dhammadownload.com

ယူခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဝုတ္တံ ယထာ၊ ဆိုသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဣဓာပိ၊ ဤအရာ၌လည်း။ တုယ္ဟံ၊ သင့်အား။ ဂဏှာဟိ၊ ယူလော့။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ သုဒိန္နတ္ထာ၊ ကောင်းစွာပေးအပ်သည်အဖြစ်ကြောင့်။ ဂဏှာမိ၊ ယူ၏။ ဣတိ၊ ဤသို့။ အဝုတ္တေပိ၊ မဆိုသော်လည်း။ သုဒိန္နမေဝ၊ ကောင်းသော ပေးခြင်းသည်သာတည်း။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ ဂဏှာဟိတိ စ၊ 'ယူလော့' ဟူ၍လည်း။ အာဏာတ္တိယာ၊ စေခိုင်းခြင်း၌။ ဂဟဏသ၊ ယူခြင်း၏။ တပ္ပဋိဗဒ္ဓတာကရဏဝသေန၊ ထိုစေခိုင်းခြင်းနှင့် စပ်သည်အဖြစ်ကို ပြုသည့်အစွမ်းကြောင့်။ ပဝတ္တတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ တဒါ၊ ထို 'ယူလော့'ဟု ဆိုသောအခါ၌။ ဂဏှာမိ၊ ယူ၏။ ဣတိ စိတ္တေ၊ ဤသို့သော စိတ်သည်။ အနုပ္ပါဒိတေ၊ မဖြစ်သည်ရှိသော်။ ပစ္ဆာ၊ နောက်၌။ ဂဟေတုံ၊ ယူခြင်းငှာ။ နလဘတိ၊ မရ။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။

၅။ **ဝိနယဝိနိစ္ဆယဋီကာ**(၁။၂၈၆)၌လည်း–

> 'ဣဒံ တွံ ဂဏှာဟီ'တိ ဝါ 'တုယ္ဟံ ဂဏှာဟီ'တိ ဝါ ဝုတ္တေ "မယ္ဟံ ဂဏှာမီ"တိ သစေ ဝဒတိ၊ ဒါနဂဟဏဒွယမ္ပိ သုဒ္ဓံ။ "ဣဒံ တဝ သန္တကံ ကရောဟိ၊ တဝ သန္တကံ ဟောတု၊ တဝ သန္တကံ ဟောတီ"တိ ဒါယကေန ဝုတ္တေ ဂဏှန္တောပိ "မမ သန္တကံ ကရောမိ၊ မမ သန္တကံ ဟောတု၊ မမ သန္တကံ ဟောတီ"တိ ဝဒတိ စေ၊ ဒါနံ, ဂဟဏဉ္စ အသုဒ္ဓံ ဟောတိ။ "တဝ သန္တကံ ကရောဟီ"တိ ဝုတ္တေ ပန "သာဓု ဘန္တေ မမ သန္တကံ ဂဏှာမီ"တိ ဝတ္တာ ဂဏှာတိ၊ ဂဟဏံ သုဒ္ဓံ–

ဟု လာသည်။

၆။ **ဝိနယာလင်္ကာရဋီကာ**(၁။၁၅၆-၇)၌လည်း–

> "ဂဏှာဟီ"တိ ဝုတ္တေ "ဒေမီ"တိ ဝုတ္တသဒိသံ ဟောတိ၊ တသ္မာ မုချတော ဒိန္နတ္တာ သုဒိန္နံ ဟောတိ၊ "ဂဏှာမီ"တိ စ ဝုတ္တေ မုချတော ဂဟဏံ ဟောတိ၊ တသ္မာ သုဂ္ဂဟိတံ ဟောတိ။ "တုယ္ဟံ မယ္ဟ"န္တိ ဣမာနိ ပန ပဋိဂ္ဂါဟကပဋိဗန္ဓတာကရဏော ဝစနာနိ။ 'တဝ သန္တကံ ကရောဟီ'တိ အာဒီနိ ပန ပရိယာယတော ဒါနဂ္ဂဟဏာနိ၊ တသ္မာ ဒုဒ္ဒိန္နံ ဒုဂ္ဂဟိတဉ္စ ဟောတိ။ သစေ ပန "တဝ သန္တကံ ကရောဟီ"တိအာဒိသု ပန ဒါယကေန ပညတ္တိယံ အကောဝိဒတာယ ပရိယာယဝစနေ ဝုတ္တေပိ ပဋိဂ္ဂါ-ဟကော အတ္တနော ပညတ္တိယံ ကောဝိဒတာယ မုချဝစနေန ဂဏှာတိ၊ တသ္မာ "သုဂ္ဂဟိတ"န္တိ ဝုတ္တံ–

ဟု လာသည်။

http://www.dhammadownload.com

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ "ဤကျောင်းကို, ဤသင်္ကန်းကို သင်ယူလော့၊ သင်ယူတော့"ဟု ဆို၍ ပေးသောအခါ "အကျွန်ုပ်သည် ယူပါ၏"ဟု ဆိုမှ ရထိုက် ပိုင်ထိုက်သည်။ "ဤကျောင်းကို, ဤသင်္ကန်းကို သင့်ဥစ္စာ ပြုလော့၊ သင့်ဥစ္စာ ဖြစ်တော့"ဟု ဆို၍ ပေးသောအခါ "အကျွန်ုပ်သည် ဤကျောင်းကို, ဤသင်္ကန်းကို ယူ၏"ဟု ဆိုမူ ရထိုက်,ပိုင်ထိုက်သည်ဟု မှတ်။

ဤကား ပစ္စက္ခဘဝ၌ ပေးပုံ,ယူပုံအရကို ပြသောစကားရပ် မှတ်ပုံ။

✪ ✪ ✪ ✪ ✪

[၁၄၈] သေလွန်မှ ပေးက ရ, မရ

(၁) **မေး**။ ။ တမလွန်ဘဝ သေလွန်မှပေးသော အစွယဒါန၌ ပစ္စက္ခဘဝ မသေခင် အသက်ရှိစဉ်ပေးသော သဇီဝဒါနကဲ့သို့ သုဒိန္နပေးခြင်း, ဒုဒိန္နပေးခြင်း ၂-ပါးသည် ရှိပါသလော?

ဖြေ။ ။ ထိုအမေးမှာ–

၁။ သစေ ဟိ ပဗ္ဗသု သဟဓမ္မိကေသု ယော ကောစိ ကာလံ ကရောန္တော "မမ'စ္စယေန မယံ့ ပရိက္ခာရော ဥပဇ္ဈာယဿ ဟောတု၊ အာစရိယဿ ဟောတု၊ သဒ္ဓိဝိဟာရိကဿ ဟောတု၊ အန္တေဝါသိကဿ ဟောတု၊ မာတု ဟောတု၊ ပိတု ဟောတု၊ အညဿ ဝါ ယဿ ကဿစိ ဟောတူ"တိ ဝဒတိ၊ တေသံ နဟောတိ၊ သံဃဿေဝ ဟောတိ။ နဟိ ပဗ္ဗန္နံ သဟဓမ္မိကာနံ အစ္စယဒါနံ ရုဟတိ၊ ဂိဟီနံ ပန ရုဟတိ(ဝိ၊၄၊၁၃၀)–

ဟု မိန့်တော်မူသော **စူဠဝါအဋ္ဌကထာ**၊ ဘိက္ခုနီခန္ဓကအဖွင့်ကို ထောက်၍ သီတင်းသုံးဖော် ၅-ယောက်တို့၏ ပစ္စည်းကို သေလွန်မှ ပေးအပ်ရာ၌ သုဒိန္နမရှိ၊ ဒုဒိန္နသာ ရှိသည်။

၂။ **ဝိနယဝိနိစ္ဆယအဋ္ဌကထာ**(နှာ-၂၆၂။ဂါ၊တ-၂၇၃), **ခုဒ္ဒသိက္ခာအဋ္ဌကထာ**(နှာ-၄၁။ဂါထာ-၃၇၈)တို့၌လည်း ဤ**စူဠဝါအဋ္ဌကထာ**နှင့် နည်းတူလာသည်။ ထိုအဋ္ဌကထာ၌ "**နဟိ ပဗ္ဗန္နံ သဟဓမ္မိကာနံ အစ္စယဒါနံ ရုဟတိ**" ဟူသောပါဠိဖြင့် သီတင်းသုံးဖော် ၅-ဦးတို့၏ ပစ္စည်းကို သေလွန်မှ ပေးအပ်လျှဒါန်း၍ မရောက်-ဟု ပြတော်မူသည်။ "**ဂိဟီနံ ပန ရုဟတိ**"ဟူသော ပါဠိဖြင့် **လူတို့၏ပစ္စည်းကို သေလွန်မှ ပေးလျှအပ်သော်လည်း ရောက်**သည်-ဟု အထူးဝိသေသကို ပြတော်မူသည်။

http://www.dhammadownload.com

အဋ္ဌကထာပါဠိအနက်ကား-ဟိ ဝိတ္ထာရေမိ၊ ခဲ့၍ပြဆိုအံ့။ ပဋ္ဌသု၊ ၅-ယောက်ကုန်သော။ သဟခမ္မိကေသု၊ သီတင်းသုံးဖော်တို့တွင်။ ယော ကောစိ၊ အမှတ်မရှိသော သီတင်းသုံးဖော်သည်။ ကာလံ ကရောန္တော၊ သေသည်ရှိသော်။ မမ'စ္ဆယေန၊ ငါသေလွန်သည့်အခါ၌။ မယှံ၊ ငါ၏။ ပရိက္ခာရော၊ သည်။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်အား။ ဟောတု၊ ဖြစ်စေ။ အာစရိယဿ၊ အား။ ဟောတု၊ ဖြစ်စေ။ သဒ္ဓိဝိဟာရိကဿ၊ အား။ ဟောတု၊ ဖြစ်စေ။ အန္တေဝါသိကဿ၊ အား။ ဟောတု၊ ဖြစ်စေ။ မာတုမာတုဿ၊ အမိအား။ ဟောတု၊ စေ။ ပိတုပိတုဿ၊ အဘအား။ ဟောတု၊ ဖြစ်စေ။ အညဿ၊ တပါးသော။ ယဿ ကဿစိ ဝါ၊ အမှတ်မရှိသော သူအား။ ဟောတု၊ ဖြစ်စေ။ ဣတိ၊ ဤသို့။ သစေ ဝဒတိ၊ ဆိုအံ့။ တေသံ၊ ထိုသူတို့၏။ သန္တကံ၊ သည်။ န ဟောတိ၊ မဖြစ်။ သံဃဿေဝ၊ သံဃာ၏သာလျှင်။ သန္တကံ၊ ဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ တေသံ၊ ထိုသူတို့အား။ သာမိ၊ အစိုးပိုင်သည်။ န ဟောတိ၊ မဖြစ်။ သံဃဿေဝ၊ သံဃာအားသာလျှင်။ သာမိ၊ အစိုးပိုင်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ မှန်၏။ ပဋ္ဌန်း၊ ၅-ဦး ကုန်သော။ သဟခမ္မိကာနံ၊ သီတင်းသုံးဖော်တို့၏။ သန္တကံ၊ ဥစ္စာသည်။ အစ္ဆယဒါနံ၊ သေလွန်သဖြင့် ပေးခြင်းသည်။ ဝါ၊ သေလွန်မှ ပေးခြင်းသည်။ ဝါ၊ သေလွန်သောအခါ၌ ပေးခြင်းသည်။ န ရုဟတိ၊ မရောက်။ ပန၊ အထူးကို ပြဆိုဦးအံ့။ ဝါ၊ မရောက်သည်မှတပါး ရောက်သည်ကို ဆိုဦးအံ့။ ဂိဟီနံ၊ လူတို့၏။ သန္တကံ၊ ဥစ္စာသည်။ အစ္ဆယဒါနံ၊ သည်။ ရုဟတိ၊ ရောက်၏။

ထို့ကြောင့် သီတင်းသုံးဖော် ၅-ဦးတို့ပစ္စည်းကို မသေမီကာလ၌ "ငါသေလွန်သောအခါ၌ ဤကျောင်းသည် ဤပစ္စည်းသည် သင့်အား ဖြစ်စေ"ဟု ဆို၍လည်းကောင်း၊ "သင့်အား ပေး၏"ဟု ဆို၍လည်းကောင်း ပေးအပ်ခဲ့သောပစ္စည်းသည် ရဟန်းရှင်လူဘယ်သူမျှ ပုဂ္ဂလိကဥစ္စာအဖြစ်ဖြင့် မပိုင်မဆိုင်၊ သံဃိကဥစ္စာ သံဃာသာ စိုးပိုင်သည်။ လူတို့၏ ပစ္စည်းကို မသေမီကာလ၌ "ငါသေလွန်သောအခါ၌ ဤပစ္စည်းသည် သင့်အား ဖြစ်စေ"ဟု ဆို၍လည်းကောင်း၊ "သင် ယူရစ်တော့"ဟု ဆို၍လည်းကောင်း၊ "သင့်အား ပေး၏"ဟု ဆို၍လည်းကောင်း ပေးအပ်ခဲ့မူ ရဟန်းရှင်လူ ဘယ်သူမဆို ပုဂ္ဂလိကဥစ္စာပိုင်အဖြစ်ဖြင့် ရထိုက်, ပိုင်ထိုက်သည်ဟု မှတ်။

ထိုအဋ္ဌကထာ၌ "မယှံ ပရိက္ခာရော ဥပဇ္ဈာယဿ ဟောတု ။လ။ အညဿ ဝါ ယဿ ကဿစိ ဟောတု"ဟူသော ပေးခြင်းသည် ဒုဒိန္နဖြစ်၍သာ အစ္ဆယဒါန အရာ၌ မရထိုက်သည်၊ သုဒိန္နဖြစ်အောင်ပေးမူ ရထိုက်သည်ဟု ဆိုခဲ့ပြားအံ့၊ ထိုသို့ မဆိုအပ်။ "ပဌမကထိနသိက္ခာပုဒ်အဖွင့်၌ ပြဆိုခဲ့ပြီးသော သုဒိန္နဒါန၊ သုဒိန္နသုဂ္ဂဟိတဒါန၊ ဒုဒ္ဒိန္န-ဒုဂ္ဂဟိတဒါန၊ သုဂ္ဂဟိတဒါန အပြားတို့ကို ပစ္စက္ခဘဝ သဇီဝဒါန၌သာ ရအပ်သည်။ တမလွန်

http://www.dhammadownload.com

ဘဝ သေမှပေးသော အစွယဒါန၌ မရအပ်"ဟု ပြတော်မူခြင်းငှာ "**နာ ဟိ ပဠုန်ဲ သဟဓမ္မိကာနံ အစွယဒါနံ ရူဟတိ၊ ဂိဟီနံ ပန ရူဟတိ**"ဟူသောပါဠိကို မိန့်ဆိုတော်မူသည်။

အကယ်၍ အစွယဒါနအရာ၌ ဒုဒိန္နဖြစ်၍သာ မရထိုက်သည်၊ သုဒိန္နဖြစ်အောင် ပေးမူ ရထိုက်သည် ဖြစ်ခဲ့အုံ့၊ ပဌမကထိနသိက္ခာပုဒ်၌ ပစ္စက္ခဘဝ သဇီဝဒါနပေးယူရာ၌ သုဒိန္နပေးခြင်း, ဒုဒိန္နပေးခြင်းကို ပြဆိုပြီး၍ ဤစူဠဝါအဋ္ဌကထာ၊ ဘိက္ခုနီခန္ဓကအဖွင့်မှာ အစွယဒါနကို ပြဆိုခြင်းသည် အကျိုးမရှိ၊ နိရတ္ထကသာ ဖြစ်လေရာ၏။ ထို့ကြောင့် ပဌမကထိနသိက္ခာပုဒ်၌ ပြဆိုအပ်သော သုဒိန္နဒါန၊ သုဒိန္နသုဂ္ဂဟိတဒါန၊ ဒုဒိန္နဒါန၊ သုဂ္ဂဟိတဒါနတို့မှ တပါးသော အစွယဒါနကို ပြတော်မူလိုသည်ဖြစ်၍ "**နာ ဟိ ပဠုန်ဲ သဟဓမ္မိကာနံ အစွယဒါနံ ရူဟတိ၊ ဂိဟီနံ ပန ရူဟတိ**"ဟူသော စကားကို ဖွင့်ဆိုတော်မူသည်။

ထို့ကြောင့် အစွယဒါနမှာ သုဒိန္နဖြစ်သော်လည်း သေသည့်အခြားမဲ့ကာလမှ ပေးသည် မည်သောကြောင့် သိတင်းသုံးဖော် ၅-ဦးတို့၏ ပစ္စည်းကို မရထိုက်ဟု မှတ်။ ထိုသို့သုဒိန္နဖြစ်သော်လည်း အစွယဒါနဖြစ်၍ မရအပ်သော် "**မယံ့ ပရိက္ခာရော ဥပဇ္ဈာယဿ ဟောတု ။ပ။ အညဿ ဝါ ယဿ ကဿစိ ဟောတု**"ဟု-မဆိုမူ၍ "**ဣဒံ တုယ္ဟံ ဒေမိ ဒဒါမိ ဒဇ္ဇာမိ**" စသည်ဖြင့် ဆို၍ ပြုပြီးလျှင် "**နာ ဟိ ပဠုန်ဲ သဟဓမ္မိကာနံ**"စသော အစွယဒါနကို ဆိုသင့်သည်ဖြစ်လျက် ထိုသို့ မဆိုဘဲ "**မယံ့ ပရိက္ခာရော ဥပဇ္ဈာယဿ ဟောတု**"စသည်ကို ပြဆို၍ "**နာ ဟိ ပဠုန်ဲ သဟဓမ္မိကာနံ**"စသောစကားကို ဆိုသောကြောင့် အစွယဒါနဖြစ် သော်လည်း "**မမ္မ ယေန ဣဒံ တုယ္ဟံ ဒေမိ**"ဟု ဆို၍ပေးမူ ရထိုက်သည်ဟု ဆိုကြားအုံ့၊ ထိုသို့လည်း မဆိုအပ်။

ပဌမကထိနသိက္ခာပုဒ်အဖွင့်၌ ပြဆိုအပ်သော "**ဣဒံ တုယ္ဟံ ဒေမိ, ဒဒါမိ, ဒဇ္ဇာမိ**"အစရှိသော သုဒိန္နဒါနမှတပါးသော စူဠဝါပါဠိတော် ဘိက္ခုနီခန္ဓကာ၌ ဟောတော်မူသော သုဒိန္နဒါနပေးခြင်းဖြင့် ပေးသော်လည်း အစွယဒါန ဖြစ်၍ မရထိုက်သည်ကို ပြတော်မူလို၍ "**မယံ့ ပရိက္ခာရော ဥပဇ္ဈာယဿ ဟောတု**" စသည်ဖြင့် ပြဆို၍ "**နာ ဟိ ပဠုန်ဲ သဟဓမ္မိကာနံ အစွယဒါနံ ရူဟတိ**"စသောစကားကို ပြဆိုတော်မူသည်။

၃။ **စူဠဝါပါဠိတော်၊ဘိက္ခုနီခန္ဓကာ၌** ဟောတော်မူသည်ကို ပြဆိုအုံ့—

> တေန ခေါ ပန သမယေန အညတရာ ဘိက္ခုနီ ကာလံ ကရောန္တီ ဧဝမာဟ "မမ'စ္စယေန မယံ့ ပရိက္ခာရော သံဃဿ ဟောတူ"တိ။ တတ္ထ ဘိက္ခူ စ ဘိက္ခုနိယော စ ဝဒန္တိ "အမ္မာကံ ဟောတိ၊ အမ္မာကံ ဟောတိ"တိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ ဘိက္ခုနီ စေ ဘိက္ခဝေ ကာလံ ကရောန္တီ ဧဝံ ဝဒေယျ "မမ'စ္စယေန မယံ့ ပရိက္ခာရော သံဃဿ ဟောတူ"တိ၊ အနိဿရော တတ္ထ

http://www.dhammadownload.com

ဘိက္ခုသံယော၊ ဘိက္ခုနိသံယသေဝေတံ။ သိက္ခမာနာ စေ ဘိက္ခဝေ ။ပ။ သာမဏေရီ စေ ဘိက္ခဝေ ကာလံ ကရောန္တီ ဧဝံ ဝဒေယျ "မမ'စ္စယေန မယံ ပရိက္ခာရော သံယသာ ဟောတူ"တိ၊ အနိဿရော တတ္ထ ဘိက္ခုသံယော၊ ဘိက္ခုနိသံယသေဝေတံ။ ဘိက္ခု စေ ဘိက္ခဝေ ကာလံ ကရောန္တော ဧဝံ ဝဒေယျ "မမ'စ္စယေန မယံ ပရိက္ခာရော သံယသာ ဟောတူ"တိ၊ အနိဿရော တတ္ထ ဘိက္ခုနိသံယော၊ ဘိက္ခုသံယသေဝေတံ။ သာမဏေရော စေ ဘိက္ခဝေ ။ပ။ ဥပါသကော စေ ဘိက္ခဝေ ။ပ။ ဥပါသိကာ စေ ဘိက္ခဝေ ။ပ။ အညော စေ ဘိက္ခဝေ ကောစိ ကာလံ ကရောန္တော ဧဝံ ဝဒေယျ "မမ'စ္စယေန မယံ ပရိက္ခာရော သံယသာ ဟောတူ"တိ၊ အနိဿရော တတ္ထ ဘိက္ခုနိသံယော၊ ဘိက္ခုသံယသေဝေတန္တိ–

ဟု ဟောတော်မူသည်(ဝိ၊ ၄။ ၄၅၉၊၄၆၀)။

ထိုပါဠိတော်၌ ဒေသေတဗ္ဗဝတ္ထုအားလျော်စွာ ဒေသက ဖြစ်တော်မူသောဘုရားသည် ဒေသနာဓမ္မဖြစ်သော "မမ'စ္စယေန မယံ ပရိက္ခာရော သံယသာ ဟောတူတိ" ဟူ၍ ဟောတော်မူသည်။ "မယံ ပရိက္ခာရော သံယသာ ဟောတု"ဟု ပစ္စက္ခဘဝ သဒိသအခါ၌ ပေးလှူရာ သုဒိန္နဖြစ်သော်လည်း မမ'စ္စယေနဖြင့် တမလွန်ဘဝ အသက်သေလွန်မှ ပေး၍သာ မရောက်သည်ဟု မှတ်။

၄။ ထို့ကြောင့် **ပါရာဇိကဏ်ပါဠိတော်၊ ရူပိယသိက္ခာပုဒ်၏ ပဒဘာဇနီ၌–**

ဥပနိက္ခိတ္တံ ဝါ သာဒိယေယျာတိ 'ဣဒံ အယျဿ ဟောတူ'တိ ဥပနိက္ခိတ္တံ သာဒိယတိ၊ နိဿဂ္ဂိယံ ဟောတိ–

ဟု ဟောတော်မူသည်(ဝိ၊၁။ ၃၄၆)။ "ဣဒံ အယျဿ ဟောတု"ဟူသော ပါဠိတော်ကို ထောက်၍ "မယံ ပရိက္ခာရော သံယသာ ဟောတု"ဟူသော ပါဠိတော်အရ သုဒိန္နဖြစ်ကြောင်းကို သိအပ်သည်။

၅။ **မာတိကာအဋ္ဌကထာ၌လည်း–**

ဥပနိက္ခိတ္တံ ဝါ သာဒိယေယျာတိ "ဣဒံ အယျဿ ဟောတူ"တိ ဧဝံ သမ္မုခါ ဝါ, "အသုကသ္မိံ နာမ ဌာနေ မမ ဟိရညသုဝဏ္ဏံ၊ တံ တုယ္ဟံ ဟောတူ"တိ ဧဝံ ပရမ္မုခါ ဌိတံ ဝါ ကေဝလံ ဝါစာယ ဝါ ဟတ္ထမုဒ္ဒါယ ဝါ "တုယ္ဟ"န္တိ ဝတ္ဝာ ပရိစ္စတ္တံ ယော ကာယဝါစာဟိ အပဋိက္ခိပတ္တာ စိတ္တေန အဓိဝါသေယျ၊ အယံ "သာဒိယေယျာ"တိ ဝုစ္စတိ– ဟု ဖွင့်တော်မူသည်(ကင်္ခာ။ဋ္ဌ။၁၇၅)။

http://www.dhammadownload.com

ဤအဋ္ဌကထာ၌ "ကုဒ် အယျသ ဟောတု"ဟူ၍လည်းကောင်း၊ "တံ တုယ္ဟံ ဟောတု"ဟူ၍လည်းကောင်း ဆိုသောပါဠိကို ထောက်၍ စူဠဝါအဋ္ဌကထာ၌ "မယ္ဟံ ပရိက္ခာရော ဥပဇ္ဈာယသ္သ ဟောတု"အရ သုဒိန္နဖြစ်ကြောင်းကို သိအပ်သည်။ ထို့ကြောင့် "သီတင်းသုံးဖော် ၅-ဦးတို့၏ ပစ္စည်းကို သေလွန်သောအခါမှ ပေးရာ သုဒိန္နဖြစ်သော်လည်း အစ္စယဒါနဖြစ်၍ မရထိုက်၊ မပိုင်ထိုက်။ လူတို့၏ပစ္စည်းကို သေလွန်သောအခါမှ ပေးရာ အစ္စယဒါနဖြစ်သော်လည်း သုဒိန္နဖြစ်၍ ရထိုက်ပိုင်ထိုက်သည်"-ဟု အထူးဝိသေသကို ပြတော်မူခြင်းငှာ **"နံ ဟိ ပဠန္နံ သဟဓမ္မိကာနံ အစ္စယဒါနံ ရုဟတိ၊ ဂိဟီနံ ပန ရုဟတိ"** ဟူသောစကားကို အဋ္ဌကထာပြတော်မူသည်ဟု သန္နိဋ္ဌာန်ကျမ့တ်။

၆။ **ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌လည်း-**

> ဥပနိက္ခိတ္တံ ဝါ သာဒိယေယျာတိ ဒါယကေဟိ 'ကုဒ် အယျသ ဟောတူ'တိ ဝတ္တာ ပရိစ္စတ္တဝသေန သမီပေ ဌပိတဇာတရူပရဇတံ "နယိဒံ အမှာကံ ကပ္ပတီ"တိ ကာယဝါစာဟိ အပ္ပဋိက္ခိပိတ္တာ စိတ္တေန အဓိဝါသေယျ။ ဥပနိက္ခိတ္တန္တိ ကုဒ် ဥပလက္ခဏဝသေန ဝုတ္တံ၊ ဧတေန ဟိ သမ္မုခါ ဝါ ပရမ္မုခါ ဝါ ဒါယကေဟိ ကာယဝါစာဟိ ပရိစ္စတ္တဝသေန ဒူရေ နိက္ခိတ္တံ ဇာတရူပရဇတမ္ပိ သင်္ဂဟိတံ-

ဟု မိန့်တော်မူသည်။

ထိုစူဠဝါအဋ္ဌကထာ၌ပင် "ဂိဟီနံ ပန ရုဟတိ"ဟူသော နောက်စကားကို ထောက်၍ "မယ္ဟံ ပရိက္ခာရော ဥပဇ္ဈာယသ္သ ဟောတု"အစရှိသည်ဖြင့် ဆိုသောစကားအရ သုဒိန္နဖြစ်ကြောင်းကို သိအပ်သည်။

၇။ ထို့ကြောင့် ခုဒ္ဒသိက္ခာဋီကာသစ်၌-

> **အစ္စယေ ဒါနန္တိ** "မမ'စ္စယေန မယ္ဟံ သန္တကံ ဥပဇ္ဈာယသ္သ ဟောတူ"တိအာဒိနာ ဧဝံ အတ္ထနော အပဂမနေ ဒါနံ-

ဟု ဆိုတော်မူ၏(နှာ-၄၀၇)။

အစ္စယေ ဒါနန္တိ၊ ဟူသည်ကား။ မမ'စ္စယေန၊ ငါသေလွန်သောအခါ၌။ မယ္ဟံ၊ ငါ၏။ သန္တကံ၊ ဥစ္စာသည်။ ဥပဇ္ဈာယသ္သ၊ အား။ ဟောတု၊ စေ။ ကွတိ အာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ အတ္ထနော၊ မိမိ၏။ အပဂမနေ၊ သေလွန်သောအခါ၌။ ဒါနံ၊ ပေးခြင်းတည်း။

http://www.dhammadownload.com

၈။ ဣမိနာ ဘေသဇ္ဇံ စေတာပေဿာမိ၊ ဣဒံ မာတုယာ ဒဿာမီတိ ဌပေန္တေန အဓိဋ္ဌာတဗ္ဗံ။ ဣဒံ ဘေသဇ္ဇဿ ဟောတု၊ မာတုယာ ဟောတူတိ ဝိဿဇ္ဇိတ္ထာ သကသန္တကဘာဝတော မောစိတေ အဓိဋ္ဌာနကိစ္စံ နတ္ထိတိ အဓိပ္ပါယော–

ဟု လာသော သာရတ္ထဒီပနီဋီကာ(၂။၄၉၁)၊ ဝိနယဝိနိစ္ဆယဋီကာ (၁။၂၈၀) ပဌမကထိန-သိက္ခာပုဒ်အဖွင့်ကို ထောက်၍ "မယှံ ပရိက္ခာရော ဥပဇ္ဈာယဿ ဟောတု"အစရှိသော အဋ္ဌကထာစကား၌ သုဒိန္နဖြစ်ကြောင်းကို သိအပ်သည်။

ဣမိနာ၊ ဤအဝတ်ဖြင့်။ ဘေသဇ္ဇံ၊ ဆေးကို။ စေတာပေဿာမိ၊ ဝယ်ယူအံ့။ ဣဒံ၊ ဤအဝတ်ကို။ မာတုယာ၊ အမိအား။ ဒဿာမိ၊ ပေးအံ့။ ဣတိ၊ ဤသို့။ ဌပေန္တေန၊ ထားသဖြင့်။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်တင်အပ်၏။ ဣဒံ၊ ဤအဝတ်သည်။ ဘေသဇ္ဇဿ၊ ဆေးအား။ ဟောတု၊ ဖြစ်စေ။ မာတုယာ၊ အမိအား။ ဟောတု၊ ဖြစ်စေ။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇိတ္ထာ၊ စွန့်၍။ သကသန္တကဘာဝတော၊ မိမိဥစ္စာအဖြစ်မှ။ မောစိတေ၊ လွတ်သည် ရှိသော်။ အဓိဋ္ဌာနကိစ္စံ၊ အဓိဋ္ဌာန်တင်ရန်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိ အယံ၊ ဤသည်ပင်လျှင်။ အဓိပ္ပါယော၊ အလိုတော်တည်း။

၉။ ဝိနယဝိနိစ္ဆယဋီကာ၌လည်း–

အစ္ဆယေတိ ကာလကိရိယာယ။ ဒါနန္တိ မယိ ကာလင်္ကတေ ဣမံ ပရိက္ခာရံ တုယှံ ဟောတု၊ တဝ သန္တကံ ကရောဟီတိအာဒိနာ ပရိစ္စဇနံ–

ဟု ဆိုတော်မူ၏(ဝိနိစ္ဆယဋီ၊၂။၂၅၇)။ ထိုဋီကာ၌ "အစ္ဆယေ ဒါနန္တိ ကာလင်္ကတေ ပရိစ္စဇနံ"ဟု ဖွင့်လိုရင်းတည်း။

၁၀။ ဝိနယာလင်္ကာရဋီကာ၌–

တသ္မာ "သော ဇီဝမာနောယေဝ သဗ္ဗံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတ္ထာ ကဿစိ အဒါသိ၊ ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ။ ယဿ ဒိန္နံ၊ ယေန စ ဂဟိတံ၊ တသ္သေဝ ဟောတီ"တိ အဋ္ဌကထာယံ ဝုတ္တတ္တာ ဝိညာယတိ၊

၎င်း ပန ဝိဿဇ္ဇေတွာ အဒိန္နံ "မမ'စ္ဆယေန အသုကဿ ဟောတူ"တိ ဒါနံ အစ္ဆယဒါနတ္တာ နာ ရုဟတိ (ဝိနယာလင်္ကာရဋီ၊၂။၆၅)–

ဟု ဆိုတော်မူ၏။ ထိုဋီကာ၌ "၎င်း ပန ဝိဿဇ္ဇေတွာ အဒိန္နံ မမ'စ္ဆယေန အသုကဿ ဟောတူတိ ဒါနံ"ဟူသောပါဠိဖြင့် သဇီဝဒါန၌ လျူစဉ်အခါ စွန့်လွှတ်၍ အပိုင်လျူအပ်

http://www.dhammadownload.com

လျှုနိုင်သကဲ့သို့ သဇီဝရှိစဉ်၌ မလျှုအပ်, မလျှုနိုင်သော အစွယဒါနဖြစ်သောကြောင့် "မမ'စွယေန အသုကဿ ဟောတု"ဟူသော ဒါနသည် မရောက်-ဟု ပြတော်မူသည်။

၁၁။ ဋီကာပါဠိ၌–

> ဧဝန္တိ ယထာဝုတ္တသဇီဝကာ ဝိဿဇ္ဇေတွာ ဒိန္နံ ဝိယ ဧဝံ တထာ ဝိဿဇ္ဇေတွာ အဒိန္နံ အဒါတဗ္ဗံ ဒါတုံ အသမတ္ထံ မမ'စွယေန ဣဒံ အသုကဿ ဟောတူတိ ဒါနံ န ရုဟတိ အစွယဒါနတ္တာတိ ယောဇနာ–

ဤသို့ ယောဇနာလေ။

၁၂။ **ပဏ္ဍိတဓဇသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု** အမည်ရှိသော မိုင်းခိုင်းဆရာတော်ရေးသော **တိပိဋကဝိနိစ္ဆယကျမ်း**၌လည်း ပါရာဇိကဏ်အဋ္ဌကထာ၊ ပဌမကထိနသိက္ခာပုဒ် အဖွင့်၌ 'တဝ သန္တကံ ဟောတု'ဟူသော ပေးခြင်း၌ ဝတ္ထုပဋိဂ္ဂါဟက, ကြိယာပဋိဂ္ဂါဟက လက္ခဏာ မရှိသော အကာရကသမ္မန္နဆဋ္ဌိဝိဘတ်ဖြင့် 'တဝ သန္တကံ ဟောတု'ဟူသော ပေးခြင်းကိုသာ ဒုဒိန္နဖြစ်၍ အပေး မမြောက်ကြောင်းနှင့် အဋ္ဌကထာ မြစ်တားတော်မူ၍ ဝတ္ထုပဋိဂ္ဂါဟက, ကြိယာပဋိဂ္ဂါဟကလက္ခဏာရှိသော သမ္ပဒါနကာရက စတုတ္ထိဝိဘတ္တန္တ အားဖြင့် "ဣဒံ သန္တကံ တဝ ဟောတု"ဟူသော ပေးခြင်းကိုမူကား သုဒိန္နအဖြစ်၌ အဋ္ဌကထာဆရာ ခွင့်ပြုတော်မူသည်"ဟု မိန့်ဆိုဆုံးဖြတ်တော်မူသည်။

ဤသို့ ပြဆိုအပ်သော ပါဠိ,အဋ္ဌကထာ,ဋီကာ,ဂန္ထန္တရတို့ကို ထောက်၍ **အစွယ-ဒါနဖြစ်မူ သေလွန်မှ ပေးအပ်သည်မည်သောကြောင့် အပေးမြောက်သည်ဟူ၍ မရှိ၊ သံယိက(သံယာ့ဥစ္စာ)သာ ဖြစ်သည်ဟု သန္နိဋ္ဌာန်ကျ မှတ်။**

၁၃။ **စူဠဝါအဋ္ဌကထာနိဿယ၌ကား–**

ဤအစွယဒါနကို အနက်ဆို၍ "ဝတ္တမာန် ဝိဘတ်ဖြင့် 'ဒမ္မိ, ဒဇ္ဇမိ, ဩဏောဇေမိ' ဟု စွန့်သော် အပြတ်ပေးသော်ကား ရ၏ဟူသတည်း"ဟု မှာတော်မူသည်။ ထိုစကားကို ပြဆိုအပ်ခဲ့သော ပါဠို, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရတို့နှင့် မညီသောကြောင့် မမှတ်ယူသင့်။

၁၄။ **ဝိနယာလင်္ကာရဋီကာ၌လည်း–**

> ဂိဟီနံ ပနာတိ ဣဒံ န သမ္ပဒါနဝစနံ၊ အထ ခေါ သာမိဝစနမေဝါတိ ဒဋ္ဌဗ္ဗံ။ တေန ဂိဟီနံ ပန သန္တကံ အစွယဒါနံ ရုဟတီတိ သမ္ဗန္ဓော–

ဟု ဆိုတော်မူသည်(ဝိနယာလင်္ကာရဋီ၊ ၂။၆၆)။

http://www.dhammadownload.com

၁၅။ ခုဒ္ဒသိက္ခာဋီကာဟောင်း၌လည်း-

ဂိဟီနံ ပန ရုဟတီတိ ဂိဟီနံ ပန အစ္ဆယဒါနံ ဧဝံ သဒ္ဒေသံ ရုဟတီတိ ဝုတ္တံ ဟောတိ (နှာ-၁၉၅)-

ဟု ဆိုတော်မူသည်။ ဤအစ္ဆယဒါနကို ဝဇိရ, သာရတ္ထ, ဝိမတိတို့၌ မဖွင့်မဆိုကြကုန်။

✪ ✪ ✪ ✪ ✪

[၁၄၉] ဂရုဘဏ်ပစ္စည်းများ

(၁) မေး။ ။ ဂရုဘဏ်ပစ္စည်းအရ အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ။ ။ ထိုအမေးမှာ-

၁။ ရာသိဝသေန ဟိ ပဋ္ဌ ဂရုဘဏ္ဍာနိ ဝုတ္တာနိ၊ တတ္ထ အာရာမော အာရာမ-ဝတ္ထူတိ ဧကံ၊ ဝိဟာရော ဝိဟာရဝတ္ထူတိ ဒုတိယံ၊ မဉ္စော ပီဌံ ဘိသိ ဗိမ္ဗောဟ-နန္တိ တတိယံ၊ လောဟကုမ္ဘီ လောဟဘာဏကံ လောဟဝါရကော လောဟက-ဋာဟံ ဝါသိ ပရသု ကုဒ္ဒါရီ ကုဒါလော နိခါဒနန္တိ စတုတ္ထံ၊ ဝလ္လိ ဝေဠု မုဉ္ဇံ ပဗ္ဗဇံ တိဏံ မတ္တိကာ ဒါရုဘဏ္ဍံ မတ္တိကာဘဏ္ဍန္တိ ပဉ္စမံ (ကခီ။ ၂၆၀-၁)။

ပဋ္ဌ ဂရုဘဏ္ဍာနိတိ ရာသိဝသေန ပဋ္ဌ ဂရုဘဏ္ဍာနိ၊ သရူပဝသေန ဧတာနိ ဗဟူနိ ဟောန္တိ (ကခီဋီကာသစ်။၄၂၁)။

ပဋ္ဌိမာနီတိ ရာသိဝသေန ပဋ္ဌကောဋ္ဌာသာနိ၊ သရူပဝသေန ပန ပဋ္ဌဝီ-သတိဝိဓာနိ (ဂုဋ္ဌတ္ထဒီပနီ)။

ဧတေ ပဋ္ဌ၊ အစုအားဖြင့် ၅-ပါး, သရူပ်အားဖြင့် ၂၅-ပါး, အစိတ်အားဖြင့် များစွာကုန်သော ဂရုဘဏ်တို့သည် (ခုဒ္ဒသိက္ခာနိဿယ)။

ထိုသို့လာသော အဋ္ဌကထာ, ဋီကာ, ဒီပနီ, နိဿယတို့ကို ထောက်၍ ဂရုဘဏ်တို့ကို အစုအားဖြင့်လည်းကောင်း၊ အစိတ်အားဖြင့်လည်းကောင်း ခွဲခြမ်းစိတ်ဖြာ၍ မှတ်လေ။

- အာရာမ်, အာရာမ်ရာ၊ ဤ ၂-ပါးမှာ ပထမအစု၊
- ကျောင်း, ကျောင်းရာ၊ ဤ ၂-ပါး ဒုတိယအစု၊

http://www.dhammadownload.com

- ညောင်စောင်း, အင်းပျဉ်, ဘုံလျှို, အုံး၊ ဤ ၄-ပါးမှာ တတိယအစု၊
- ကြေးအိုး, ကြေးအိုးစရည်း, ကြေးအင်တွဲ, ကြေးဖျဉ်းအိုး, ပဲခွပ်, ပေါက်ဆိန်, မားမ, ပေါက်တူး, ဆောက်၊ ဤ ၉-ပါးမှာ စတုတ္ထအစု၊
- နွယ်, ဝါး, ဖြူဆံမြက်, ပြိတ်မြက်, မြက်, မြေညက်, သစ်ဘဏ္ဍာ, မြေဘဏ္ဍာ၊ ဤ ၈-ပါးမှာ ပဉ္စမအစု–

ဤသို့ အစုအားဖြင့် ၅-မျိုးဖြစ်ကုန်၏။

- ပထမအစု ၂-မျိုး၊
- ဒုတိယအစု ၂-မျိုး
- တတိယအစု ၄-မျိုး၊
- စတုတ္ထအစု ၉-မျိုး၊
- ပဉ္စမအစု ၈-မျိုး –

တို့ကို ပေါင်းလျှင် သရုပ်အားဖြင့် ၂၅-ပါး ဖြစ်ကုန်၏။

အစိတ်အားဖြင့် များစွာယူရာ၌ ပကိဏ္ဏကသင်္ဂဟဂါထာ၌လာသော ဂရုဘဏ် ၆-ပါးအရဖြင့် ပြဆိုအံ့။

၂။ ထိုပကိဏ္ဏကသင်္ဂဟဂါထာ၌ကား-

- သံယေ ဒိန္နဂရုဘဏ္ဍံ၊ ရက္ခိတဂရုဘဏ္ဍကံ။
  အတ္ထလဒ္ဓမ္မိ သံယိကံ၊ ဂိဟီဝိကဋုနီဟာရံ။
  ပါဒဂဏ္ဌာတိရေကဉ္စ၊ ပါသာဒပရိဘောဂိကံ။
- တတ္ထ မဉ္စာဒိကံ အာဒိ၊ ကမ္မာရဉ္ဇပကရဏံ။
  သုတ္ထာဒိရဇ္ဇုယောတ္ထဉ္စ၊ သမုဂ္ဂမဉ္စုသာဒိ စ။
- ကဋသာရာဒိ အဂီရ- ကဋာဟအာဒိကမ္မိ စ။
  ရက္ခိတံ ဝလ္လိဝေဠာဒိ၊ ဓုမနေတ္ထာဒိ သံယိကံ။
- ဝိကဋံ သံယဒိန္နမ္မိ၊ ကံသလောဟာဒိဘာဇနံ။
  ပါဒံ တေလဘာဇနာဒိ၊ သောဝဏ္ဏာဒိ ပရိဘောဂိကံ–

ဟူ၍ လာကုန်၏။

http://www.dhammadownload.com

- သံယေ ဒိန္နဂရုဘဏ္ဍံ၊ သံယာကိုလျှမ့ဂရုဘဏ်ဖြစ်သော ဘဏ္ဍာလည်းကောင်း။ ရကွိတဂရုဘဏ္ဍကံ၊ သံယာစောင့်ရှောက်မှ ဂရုဘဏ်ဖြစ်သော ဘဏ္ဍာလည်းကောင်း။ အတ္တလဒ္ဓမွိ သံယိကံ၊ မိမိရသော်လည်း သံယာအသုံးအဆောင်ဖြင့်သာ ရအပ်သော ဂရုဘဏ်မည်သော ဘဏ္ဍာလည်းကောင်း။ ဂိဟိဝိကဋ္ဌနိဟာရံ၊ လူဥစ္စာအမှတ်ဖြင့်သုံးဆောင်အပ်သော ဘဏ္ဍာလည်းကောင်း။ ပါဒဂဏှာတိရေကဉ္စ၊ မဂဓရာဇ် ၅-ကွမ်းစား ဝင်သည်ထက်လွန်မှ ဂရုဘဏ်ဖြစ်သော ဘဏ္ဍာလည်းကောင်း။ ပါသာဒပရိဘောဂိကံ၊ ဂိဟိဝိကဋ္ဌမအပ်သောပြာသာဒ်အသုံးအဆောင်မှ ရအပ်သော ဘဏ္ဍာလည်း ကောင်း။ ဣတိ၊ ဤသို့။ ဂရုဘဏ္ဍံ၊ ဂရုဘဏ္ဍာသည်။ ဆဋ္ဌိမံ၊ ၏။

- တတ္ထ၊ တွင်။ မဏ္ဍာဒိကံ၊ ညောင်စောင်း-စသည်လည်းကောင်း။ ကမ္မာရဥပကရဏံ၊ ပန်းပဲ, ပန်းတဉ်း, ပန်းထိမ်, ကျူထရံ, ခွဲထွင်း, သပိတ်ဖာသမား, သလွဲဖြတ်သူ, ရွှေသမား, သားရေနယ်သမား, အပ်လျှိုသမားတို့၏ ပေ, တူ, ညှပ်, ခဲ့ါန်စသော အဆောက်အဦလည်းကောင်း။ သုတ္တာဒိရဇ္ဇုယောတ္တဉ္စ၊ ချည်-စသည်ဖြင့်ပြုသော ကြိုးလွန်-စသည်လည်းကောင်း။ သမုဂ္ဂမဏ္ဍူသာဒိ စ၊ ပန်းတောင်း, ပူတာ, ပအုပ်ဟူသော သမုဂ္ဂ၊ တံတင်း, သေတ္တာ, ဖာဟူသော မဏ္ဍူသာစသည်လည်းကောင်း–

- ကဋ္ဌသာရာဒိ၊ ဖျာ, သင်ဖြူး, မြေအခင်း, အကပ်ိယသားရေ-စသည်လည်းကောင်း။ အဂိါရကဋ္ဌာဟာအာဒိကမွိ စ၊ မီးမယ်ဖျူး-စသည်လည်းကောင်း။ အာဒိ၊ အစဖြစ်သော သံယေဒိန္နဂရုဘဏ် မည်၏။

[ဤဝတ္ထုဌ် "သံယေ ဒိန္နံ ဂရုဘဏ္ဍံ"ဟူ၍ လာသောကြောင့် သံယေဒိန္နဂရုဘဏ်ဟူသည် ပုဂ္ဂိုလ်ကိုလျှမ့ လဟုဘဏ် ဖြစ်၏။ ဝတ္ထိစသည်၌လည်း သံယေ ဒိန္နံ-ဟု လာသော်လည်း ရကွိတဂေါပိတဖြစ်မှ ဂရုဘဏ်ဖြစ်သောကြောင့် ထိုဝတ္ထိစသည်တို့သည် (သံယ)-ရကွိတဂရုဘဏ် မည်၏။]

ဝတ္ထိဝေဠာဒိ၊ နွယ်,ဝါး-စသည်သည်။ ရကွိတံ၊ (သံယ)ရကွိတဂရုဘဏ် မည်၏။ ဓူမနေတ္တာဒိ၊ အခိုးပေါက်,ကြက်အပ်သောသံကွန်ပေါက်-စသည်သည်။ သံယိကံ၊ မိမိရသော်လည်း သံယိကသာအပ်သော ဂရုဘဏ် မည်၏။

[ဓူမနေတ္တာဖာလဒိပရူက္ခဒိပကပတ္တာဒိ ။ပ။ အတ္တနာ လဒ္ဓါနိုပိ ပရိဟာရိကွာပိ ပုဂ္ဂလိက-ပရိဘောဂေန န ပရိဘုဉ္ဇိတဗ္ဗာနိ၊ သံယိကပရိဘောဂေန ဝါ ဂိဟိဝိကဋ္ဌာနိ ဝါ ဝဋ္ဋန္တိ။ တိပုဘဏ္ဍေပိ ဧသေဝ နယော။ (ဝိ၊၄၊၈၀။ ကခ်ိ၊၄။ ၂၆၁။ ဝိနယသင်္ဂဟ၊၄။၃၀၅)။

http://www.dhammadownload.com

ဤအဋ္ဌကထာကို ရည်၍ အတ္တလဒ္ဓမို့ သံယိကဂရုဘာဏ် ဆိုသည်။ ဤဓူမနေတွကို "အခိုးသောက်စရာ ပန်းတူ"ဟု သမ္မန်ကြသည်ကား အရာမဟုတ်။ ဓူမနေတွ- အခိုးထွက်စရာ သံကွန်ရက်ပေါက်၊ ဖာလ - သံပြတင်းပေါက်၊ ဤသို့ သမ္မန်မှ အရှန့်ဉ် လျော်ညီသည်။]

- သံယဒိန္ဓမို့၊ သံယာကို လျှုသော်လည်း သွားရာ မဆောင်အပ်၊ လူဥစ္စာ အမှတ်သာ အပ်သော။ ကံသလောဟာဒိဘာဇနံ၊ ကြေးဖြူခွက် စသည်-သည်။ ဝိကဉ်၊ ဂိဟိဝိကဋ္ဌနိ-ဟာရဂရုဘာဏ် မည်၏။

[ကံသလောဟဝဋ္ဋလောဟဘာဇနဝိကတိ သံယိကပရိဘောဂေန ဝါ ဂိဟိဝိကဋ္ဌာ ဝါ ဝဋ္ဋတိ၊ ပုဂ္ဂလိကပရိဘောဂေန နဝဋ္ဋတိ။ ကံသလောဟာဒိဘာဇနံ သံယဿ ဒိန္နမို့ ပါရိဟာရိယံ နဝဋ္ဋတိ၊ ဂိဟိဝိကဋ္ဌနိဟာရေနေဝ ပရိဘုဉ္ဇိတဗ္ဗန္တိ မဟာပစ္စရိယံ ဝုတ္တံ။
(ဝိ၊ဋ္ဌ၊၄၉၊၈၀။ ဝိနယသင်္ဂဟ။၃၀၅။ ကခ်ီ။ဋ္ဌ။၂၆၁)

ဤအဋ္ဌကထာကို ရည်၍ သံယဒိန္ဓမို့ ဂိဟိဝိကဋ္ဌဂရုဘာဏ်ဆိုသည်။]

တေလဘာဇနာဒိ၊ ဆီအိုး-စသည်သည်။ ပါဒိ၊ ပါဒဂဏှာတိရေက ဂရုဘာဏ်မည်၏။

[ယဋ္ဌကော ပန လေလဘာဇနံ ဝါ ပါဒဂဏှနကတော အတိရေကမေဝ ဂရုဘဏ္ဍံ။
(ယဋ္ဌကော၊ ကြာသွတ်မြူတာ-ဟု သမ္မန်)

ပါဒဂဏှနကတော အနတိရိတ္တံ အာမလကတုမ္ဗံ အာမလကယဋ္ဌော လာဗုကတုမ္ဗံ လာဗုယဋ္ဌော ဝိသာဏကတုမ္ဗန္တိ သဗ္ဗမေဝေတံ ဘာဇနီယံ၊ တတော မဟန္တတရံ ဂရုဘဏ္ဍံ- (ဝိ၊ဋ္ဌ၊၄၀၊၈၃။ဝိနယသင်္ဂဟ၊ဋ္ဌ။၃၀၈။ကခ်ီ။ဋ္ဌ။၂၆၄)

ဤသို့ စသည်ဖြင့် လာသော အဋ္ဌကထာကိုရည်၍ ပါဒါတိရေက ဂရုဘာဏ်ဟူသည်။]

သောဝဏ္ဏာဒိ၊ ရွှေခွက်-စသည်သည်။ ပရိဘောဂိကံ၊ သေနာသနပရိဘောဂ ဂရုဘာဏ် မည်၏။

[သုဝဏ္ဏရဇတဟာရကုဋဇာတိဖလိကဘာဇနာဒီနိ ဂိဟိဝိကဋ္ဌာနိပိ နဝဋ္ဋန္တိ။

(ဝိ၊ဋ္ဌ၊၄၀။ဝိနယသင်္ဂဟ၊ဋ္ဌ။၃၀၅။ကခ်ီ။ဋ္ဌ။၂၆၂)

ဤအဋ္ဌကထာကို ရည်၍ သေနာသနပရိဘောဂ ဂရုဘာဏ် ဆိုသည်။]

၃။ ထိုဂါထာ၌ လာသော ဂရုဘာဏ်သည်-

- သံယေဒိန္ဓဂရုဘာဏ်၊ - သံယရက္ခိတဂရုဘာဏ်၊
- အတ္တလဒ္ဓမို့သံယိကဂရုဘာဏ်၊ - ဂိဟိဝိကဋ္ဌနိဟာရဂရုဘာဏ်၊

http://www.dhammadownload.com

- ပါဒဂဏ္ဌာတိရေကဂရုဘဏ်၊ - ပါသာဒပရိဘောဂဂရုဘဏ်-

အားဖြင့် ၆-ပါးပြားကုန်၏။

ထို ၆-ပါးတို့တွင်—

သံယေဒိန္နဂရုဘဏ်ဟူသည်ကား- ညောင်စောင်း,အင်းပျဉ်,ဘုံလျှို, ဒုံး အစရှိသော သေနာသန၊ အာရာမ, အာရာမဝတ္ထု၊ ဝိဟာရ, ဝိဟာရဝတ္ထု၊ ပန်းပဲ, ပန်းတဉ်း, ပန်းထိမ်, ကျူထရံ, ခွဲထွင်း, သပိတ်ဖာသမား, သလွဲဖြတ်သည်, ရွှေသမား, ဆတ္တာသည်, အပ်လှိုသမား တို့၏ ပေ, တူ, ညှပ်, ချိန်-စသော အဆောက်အဦ၊ ချည်, သင်ပန်းလျှော်တေ, အုန်းဆံမျှင်, သားရေတို့ဖြင့် ပြီးသော ကြိုး, လွန်၊ ပန်းတောင်း, ပူတာ, ပအုပ်ဟူသော သမုဂ္ဂ၊ တံတင်း, သေတ္တာ, ဖာဟူသော မဉ္ဇူသာ-စသည်၊ မီးမယ်ဖျူး၊ ဖျာ၊ သင်ဖြူး-စသည်တို့တည်း။

၄။ **ပကိဏ္ဏကသင်္ဂဟအဋ္ဌကထာ၌ လာသော သံယေဒိန္နဂရုဘဏ်သည်—**

ဇတ္ထ စ ပုရိမေသု တီသု ရာသီသု အဂရုဘဏ္ဍံ နာမ ကိဉ္စိ နတ္ထိ၊ စတုတ္ထေ လောဟကုမ္ဘိ အရဉ္ဇရသဏ္ဌာနံ လောဟဘာဏကံ လောဟကဋာဟန္တိ ဣမာနိ တီဏိ အန္တမသော ပသတမတ္တဉဒကဂ္ဂဏှနကာနိပိ ဂရုဘဏ္ဍာနိ။ လောဟဝါရကော ပန ကာဠလောဟတမ္ဗလောဟကံသလောဟဝဋ္ဋလောဟာနံ ယေန ကေနစိ ကတော သီဟဠဒီပေ ပါဒဂ္ဂဏှနကော ဘာဇေတဗ္ဗော၊ ပါဒေါ စ နာမ မဂဓနာဠိယာ ပဉ္စနာဠိမတ္တံ ဂဏှာတိ၊ တတော အတိရေကံ ဂရုဘဏ္ဍံ၊ ဣမာနိ တာဝ ပါဠိယံ အာဂတာနိ လောဟဘာဇနာနိ။

ပါဠိယံ ပန အနာဂတာနိပိ ဘိက္ခိရုပဋ္ဌဂဟဠုဂ်ဒဋ္ဌိကဋ္ဌပါတိတဋ္ဌကသရက-သမုဂ္ဂအဂိရကပလ္လဓူမကဋ္ဌအာဒီနိ ခုဒ္ဒကာနိပိ ဂရုဘဏ္ဍာနေဝ။ ။ခီရပါသာဏ-မယာနိ တဋ္ဌကသရကာဒီနိ ဂရုဘဏ္ဍာနိယေဝ။

ဝါသိယာဒီသု ပန ယာယ ဝါသိယာ ဒန္တကဋ္ဌစ္ဆေဒနဥဿူတစ္ဆနမတ္တာတော အညံ မဟာကမ္မံ ကာတုံ န သက္ကာ၊ အယံ ဘာဇနီယာ။ သေသာ ယေန ကေနစိ အာကာရေန ကတာ ဂရုဘဏ္ဍာ။ ပရသု ပန အန္တမသော ဝေဇ္ဈာနံ သိရာဝေဓကောပိ ဂရုဘဏ္ဍမေဝ၊ တထာ ကုဋ္ဌာရီ၊ ကုဒါလော ဒဏ္ဍဗန္ဓနိခါဒနံ ဝါ အဂရုဘဏ္ဍံ နာမ နတ္ထိ။ သိခရမ္ပိ နိခါဒနေ-နေဝ သင်္ဂဟိတံ။

ကမ္မာရတဋ္ဌကာရစုန္ဒကာရနဋ္ဌကာရမဏိကာရပတ္ထတ္တဗန္ဓကာနံ(ကမ္မာရ-ပတ္တဗန္ဓကာနံ) အဓိကရဏိမုဋ္ဌိသဏ္ဌာသတုလာဒီနိ သဗ္ဗာနိ လောဟမယာနိ

http://www.dhammadownload.com

ဥပကရဏာနိ သံယေ ဒိန္နကာလတော ပဋ္ဌာယ ဂရုဘဏ္ဍာနိ။ တိပုကောဋ္ဌက-သုဝဏ္ဏကာရစမ္မကာရဥပကရဏေသုပိ ဧသေဝ နယော။ အယံ ပန ဝိသေသော၊ တိပုကောဋ္ဌကဥပကရဏေသု တိပုစ္ဆေဒနကသတ္ထကံ, သုဝဏ္ဏကာရ ဥပကရဏေသု သုဝဏ္ဏစ္ဆေဒနကသတ္ထကံ, စမ္မကာရဥပကရဏေသု ကတပရိကမ္မစမ္မစ္ဆေဒနခုဒ္ဒက-သတ္ထန္တိ ဣမာနိ ဘာဇနီယာနိ။ နှာပိတတုန္နကာရဥပကရဏေသုပိ ဌပေတွာ မဟာကတ္တရိ မဟာသဏ္ဍာသံ မဟာပိပ္ပလိကဉ္စ သင်္ဃံ ဝဋ္ဋတိ၊ ဣတရာနိ ဂရုဘဏ္ဍာနိ။

သုတ္တမကစိဝါကနာဠိကေရဟီရစမ္မမယာ ရဇ္ဇုကာ ဝါ ယောတ္တာနိ ဝါ ဝါကေ စ နာဠိကေရဟီရေ စ ဝဋ္ဋေတွာ ကတာ ဧကဝဋ္ဋာ ဝါ ဒ္ဝိဝဋ္ဋာ ဝါ သံယဿ သန္တကာ ဂရုဘဏ္ဍံ။ ။အဋ္ဌင်္ဂုလပွမာဏောပိ ရိတ္တကပေါတ္ထကော ဂရုဘဏ္ဍမေဝ။

အပိစ သတ္ထာပိ ဒါရုဝေဠုစမ္မပါသာဏာဒိဝိကတိ ဒါရုဘဏ္ဍေန သင်္ဂဟိတာ၊ တတ္ထ မဉ္ဇပီဠေဟိ သင်္ဂဟိတာနိ အာသန္ဒိကာဒိနိ အန္တမသော စောဠေန ဝါ ပလာလေဟိ ဝါ ပဏ္ဏေဟိ ဝါ ကတပိဋ္ဌ ဥပါဒါယ သတ္ထာနိ အာသနာနိ။

ဝက်ဖလက် ဒီယဖလက် စိဝရဓောဝနဖလက် ယဋ္ဌနဖလက် ယဋ္ဌနမုဂ္ဂရော ဒန္တကဋ္ဌစ္ဆေနဂဏ္ဍိကာ ဒဏ္ဍမုဂ္ဂရော နာဝါ အမ္ဗဏ် ရဇနဒောဏိ ဥဒကပဋ္ဋိစ္ဆကော ဒါရုမယော ဝါ ဒန္တမယော ဝါ ဝေဠုမယော ဝါ သပါဒကောပိ အပါဒကောပိ သမုဋ္ဌေါ မဉ္ဇူသာ ပါဒဂ္ဂဏ္ဌနကတော အတိရေကပွမာဏော ကရဏ္ဍော ဥဒကဒောဏိ ဥဒကကဋာဟံ ဥဠုင်္ကော ကဋစ္ဆုပါနီယသရာဝံ ပါနီယသခေါတိ ဧတေသု ယံကိဉ္စိ သံယေ ဒိန္နံ ဂရုဘဏ္ဍံ။

ပါဒကထလိကမဏ္ဍလံ ဒါရုမယံ ဝါ ဟောတု စောဠပဏ္ဏာဒိမယံ ဝါ သင်္ဃံ ဂရုဘဏ္ဍံ။ အာဓာရကော ပတ္တပိဓာနံ တာလဝဏ္ဏံ ဗီဇနီ စင်္ကောဋကံ ပစ္ဆိ ယဋ္ဌိသမ္မုဇ္ဇနီ မုဋ္ဌိသမ္မုဇ္ဇနီတိ ဧတေသုပိ ယံ ကိဉ္စိ ခုဒ္ဒကံ ဝါ မဟန္တံ ဝါ ဒါရုဝေဠုပဏ္ဏစမ္မာဒိသု ယေန ကေနစိ ကတံ ဂရုဘဏ္ဍမေဝ။

ထမ္ဘတုလာသောပါနဖလကာဒီသု ယံကိဉ္စိ ဒါရုမယံ ဝါ ပါသာဏမယံ ဝါ ဂေဟသမ္ဘာရူပဂံ ယော ကောစိ ကဋသာရကော ယံ ကိဉ္စိ ဘူမတ္ထရဏံ ယံကိဉ္စိ အကပ္ပိယစမ္မံ၊ သင်္ဃံ သံယိကံ ဂရုဘဏ္ဍံ။ ဧဠကစမ္မံ ပန ပစ္စတ္ထရဏဂတိကံ ဟောတိ၊ တမ္ပိ ဂရုဘဏ္ဍမေဝ။

ဥဒ္ဒဂ္ဂလံ မုသလံ သုပ္ပံ နိသဒံ နိသဒပေါတော ပါသာဏဒောဏိ ပါသာဏ-ကဋာဟံ သင်္ဃံ ကသိဘဏ္ဍမ္ပိ ဂရုဘဏ္ဍံ၊ သင်္ဃံ စက္ကယုတ္တယာနံ ဂရုဘဏ္ဍမေဝ။ မဉ္ဇပီဌာနံ

http://www.dhammadownload.com

ပါဒါ စ အဋ္ဌနိယော စ ဝါသိပရသုအာဒီနံ ဒဏ္ဍာ စာတိ ဧတေသု ယံ ကိဉ္စိ အနိဋ္ဌံတံ ဘာဇနီယံ၊ တစ္ဆိတမဋ္ဌံ ပန ဂရုဘဏ္ဍံ ဟောတိ။

မတ္တိကာဘဏ္ဍေ သတ္ထံ မနုဿာနံ ဥပဘောဂပရိဘောဂံ ယဋ္ဌပိဋ္ဌရာ-ဒိကုလာလဘာဇနံ၊ ပတ္တကဋာဟံ အင်္ဂါရကဋာဟံ ဓူမဒါနကံ ဒီပရုက္ခကော ဒီပကပလ္လိကာ စယနိဋ္ဌကာ ဆဒနိဋ္ဌကာ ထုပိကာတိ သတ္ထံ ဂရုဘဏ္ဍံ —

စသည်ဖြင့်လာသော **မာတိကာအဋ္ဌကထာ**(က၁။၆။၂၆၀-၂၆၄)၊ **ဝိနယသင်္ဂဟအဋ္ဌကထာ**(နှာ-၃၀၄-၃၀၉)၊ **သေနာသနက္ခန္ဓကအဋ္ဌကထာ**(ဝိ၊၆၊၄။၇၉-၈၄)၊ **ဝိနယဝိနိစ္ဆယအဋ္ဌကထာ**(နှာ-၂၇၃-၂၇၇။ဂါထာ-၂၈၅၇-၂၈၉၅)တို့ကို ရည်၍ ဆိုတော်မူသည်ဟု မှတ်။

ထိုပကိဏ္ဏကသင်္ဂဟအဋ္ဌကထာသည် ရည်၍ ဆိုတော်မူသော မာတိကာအဋ္ဌကထာ စသည် တို့၌ လာသော သံယေဒိန္နဂရုဘဏ်ကို အစိတ်အားဖြင့် ပြဆိုအံ့။

အာရာမ်, အာရာမ်ရာ၊ ကျောင်း, ကျောင်းရာ၊ ညောင်စောင်း၊ အင်းပျဉ်၊ ဘုံလျှိ၊ ခေါင်းအုံး၊ ကြေးပုပ်,ကြေးနီတို့ဖြင့် ပြုအပ်သော ကြေးအိုး၊ ကြေးပုပ် ကြေးနီတို့ဖြင့် ပြုအပ်သော ကြေးအိုးစရည်း။ ကြေးပုပ် ကြေးဝါတို့ဖြင့် ပြုအပ်သော ကြေးအင်တွဲ(ကြေးဖျဉ်းအိုး) သောက်ရေသုံးဆောင်ရေထည့်သော အိုးငယ် (ဝါ) ကရားဟူသော ဘိင်္ဂါရ၊ ထွေးခံ (ဝါ) ပြဋ္ဌိ,ဟူသော ပဋိဂ္ဂဟ၊ အရိုးတပ်သော ရေမှုတ်ဟူသော ဥဋ္ဌုက်၊ အရိုးတပ်သော ကျယ်သော အဝရှိသော ခွက် (ဝါ) ဟင်းခွိုခွက်၊ ယောက်မဟူသော ဒဗ္ဗိ၊ အရိုးတပ်သော အဝတိုသောခွက် (ဝါ) ဆွမ်းကော်ဟူသော ကဋစ္ဆု၊ ခွက်ဟူသော ပါတိ၊ ကွမ်းရွက်,ခဲဖွယ်စသည် ထည့်သောခွက် (ဝါ) ရေခွက်ဟူသော တဋ္ဋက၊ ခွက်ငယ်-စသည်ထည့်သော ခွက်ကြီး ဟူသော သရက၊ (*ဤသရကအရာ၌ သရာဝကဟု မာတိကာဋီကာသစ်၌ ရှိသည်။ သောက် ရေခွက်-စသည် ထည့်သောခွက်ကြီး-ဟု ဆိုတော်မူသည်။ နိဿယ၌ 'သရက ခွက်ငယ်'ဟု သမ္မန်သည်။ ဤကား စကားချပ်။*) ပန်းတောင်း (ဝါ) ပူတာ (ဝါ) ပအုပ်ဟူသော သမုဋ္ဌ၊ မီးမယ်ဖျူး (ဝါ) မီးအိုးခင်း ဟူသော **အင်္ဂါရကပလ္လ**၊ မီးယူသော အိုးခင်း (ဝါ) မီးမွှေယောက်မ (ဝါ) ဇွန်းဟူသော **ဓူမကဋစ္ဆု**။ နို့ရည်အဆင်းရှိသော ကျောက် (ဝါ) နူးညံ့သော သဘောရှိသော ကျောက်ဖြင့်ပြီးသော ခွက်ငယ်, ခွက်ကြီး-ဟူသော **တဋ္ဋကသရက** စသည်တို့။

တံပူဖြတ်ခြင်း, ကြံခွါခြင်းအမှုထက် ကြီးသောအမှုကို ပြုခြင်းငှာစွမ်းနိုင်သော ပဲခွပ်၊ ငယ်ငယ်ကြီးကြီးသော ပုဆိန်၊ ဓားမ၊ ပေါက်တူး၊ အရိုးတပ်သော ဆောက်ဟူသမျှ၊ အရိုးတပ်သောစူး၊ ပန်းပဲ, ပန်းတင်း, ပန်းထိမ်, ကျူထရံ, ခွဲထွင်းသမား, သပိတ်ဖာသမားတို့၏ ပေ, တူ, ညှပ်, ခွံနှိုက်စသော အဆောက်အဦ၊ သလွဲဖြတ်သည်, ရွှေသမား, သားရေနယ်သမား, ဆတ္တာသည်,

http://www.dhammadownload.com

အပ်လျှိုသမားတို့၏ သလွဲဖြတ်သော, ရွှေဖြတ်သော, သားရေဖြတ်သော ဓားငယ်ကို ထား၍ ကြီးသောဓားစသည်၊ ဆတ္တာသည်, အပ်လျှိုသမားတို့၏ ကတ်ကြေးကြီး, ညှပ်ကြီး, သင်ဓုန်းကြီး၊ ချည်၊ သင်ပန်းလျှော်တေ၊ အုန်းဆံမျှင်, သားရေတို့ဖြင့် ပြီးသော ကြိုး,လွန်၊ လျှော်တေ,အုန်းဆံမျှင်ဖြင့် ကျစ်၍ပြုအပ်သော လွန်းကြိုး၊ လက် ၈-သစ် ပမာဏ ရှိသော မရေးသော ပေ၊ သစ်, ဝါး, သားရေ, ကျောက်ဖြင့် ပြီးသော အထူးဖြစ်သော ဘဏ္ဍာ၊

ပုဆိုး, ကောက်ရိုး, သစ်ရွက်တို့ဖြင့် ပြုလုပ်အပ်သော အင်းပျဉ်,ညောင်စောင်း အစရှိသော သေနာသန၊ ပျဉ်ကောက်, ပျဉ်ရှည်, သင်္ကန်းဖွပ်သော ပျဉ်, ဆိုးပြီးသော သင်္ကန်းကို နယ်သော, ထုသော, ခတ်သောပျဉ်, သင်္ကန်းကို ထုသော ဆောက်ပုတ်, တံပူဖြတ်သော အခါ ထုသော ခုလုံး, ကျောက်စည်ထိုးသော ဆောက်ပုတ်, သောက်ရေ လှောင်သော ရေဇလား, ဆိုးရေထည့်သောကျင်း (၀ါ) အင်ပေါ, သင်္ကန်းညှစ်ရေခံသော အခံ၊ ဆင်စွယ်, သစ်, ဝါးဖြင့်ပြီးသော အခြေရှိ, မရှိသော ပန်းတောင်း, ပူတာ, ပဒုံ, တံတင်း, သေတ္တာ, ဖာဟူသော သမုဂ္ဂမဏ္ဍူသာ၊ ရေလောင်းသောကျင်း၊ ရေပြည်း, ရေသောက်ခွက်စသည် ထည့်သော ခွက်ကြီး (၀ါ) သောက်ရေခွက်ဟူသော သရာဝကာ၊ ခရုသင်းခွက်မှ တပါးသော ရေသောက် ခရုသင်း၊ သစ်သား, ပုဆိုး, သစ်ရွက်စသည်ဖြင့် ပြုသော ခြေသုတ် အဝန်း၊ သစ်, ဝါး, သားရေ, သစ်ရွက်စသည်ဖြင့်ပြုသော သပိတ်ခြေ၊ သပိတ်ဖုံး၊ ထန်းရွက် ယပ်ဝန်း၊ လေးထောင့်ယပ်၊ ပန်းပုံတောင်း၊ ခြင်းတောင်း၊ အရိုးတပ်သော တံမြက်၊ အရိုးမတပ်သော တံမြက်၊ သစ်သား,ကျောက်ဖြင့်ပြုသောသည်တိုင်, ထုပ်, လျှောက်, စောင်းတန်း, ပျဉ်-အစရှိသော အလုံးစုံသော အိမ်၏အဆောက်အဦး၊

အလုံးစုံသော သပေါ့, သင်ဖြူး၊ အလုံးစုံသော မြေအခင်း၊ အလုံးစုံသော မအပ်သောသားရေ၊ အခင်းနှင့် အလားတူသော သိုးရေ, ဆိတ်ရေ၊ ဆုံ၊ ကျည်ပွေ၊ စကော၊ ကျောက်ပျဉ်၊ ကျောက်သား၊ ကျောက်ကျင်း၊ ကျောက်ခွက်၊ ကျောက်ဖျဉ်း၊ လိပ်, လက်ခတ်, သားရေအိတ်စသော ရက်ကန်းသည်တို့ ဘဏ္ဍာ၊ အလုံးစုံသော လယ်လုပ်တို့၏ ဘဏ္ဍာ၊ အလုံးစုံသော လှည်းဘီးတပ်သော ယာဉ်၊ လုပ်၍ ပြီးပြီးသော ညောင်စောင်း, အင်းပျဉ်တို့၏ အခြေ၊ အပေါင်၊ ပဲခွပ်, တံစည်း, ပုဆိန်တို့၏ အရိုး၊ ခပ်သိမ်းသော လူတို့၏ စားသောက်စရာ, သုံးဆောင်စရာဖြစ်သော အုံးဘုံးပုံပွက် (၀ါ) အိုးကြီး, အိုးငယ်စသော အိုးထိန်းသည်တို့၏ ဘဏ္ဍာ၊ သပိတ်ဖုတ်စရာ အိုးအုံ၊ မီးကျီးထည့်စရာဖျဉ်း၊ အခိုးသောက်-ဟူသော ဓူမဒါနက၊ ဆီမီးခွက်တိုင်၊ ဆီမီးခွက်၊ စီသောအုတ်၊ မိုးသောအုတ်၊ အထွတ်ဟူသော ထုပိကာ၊ ဤသို့ စသည်ဖြင့် သံယေဒိန္ဓဂရုဘာဏ်ကို မှတ်လေ။ သံယာအား လှူမှ ဂရုဘာဏ်ဖြစ်သောကြောင့် သံယေဒိန္ဓ-ဂရုဘာဏ်-ဟု ဆိုသည်။ ဤကား သံယေဒိန္ဓဂရုဘာဏ်၌ အကျဉ်းမှတ်ရန် နည်းတည်း။

http://www.dhammadownload.com

သံယရက္ခိတဂရုဘဏ်ဟူသည်ကား- နွယ်,ဝါး စသည်တို့တည်း။

ထိုစကားသည်-

ဝလ္လိအာဒီသု ဝေတ္တဝလ္လိအာဒိကာ ယာ ကာစိ အမုဘဟုပ္ပမာဏာ ဝလ္လိ သံယဿ ဒိန္နာ ဝါ တတ္ထဇာတကာ ဝါ ရက္ခိတဂေါပိတာဝ ဂရုဘဏ္ဍံ။

ယော ကောစိ အဋ္ဌင်္ဂုလသူစိဒဏ္ဍကမတ္တောပိ ဝေဠု သံယဿ ဒိန္နော ဝါ တတ္ထဇာတကော ဝါ ရက္ခိတဂေါပိတော ဂရုဘဏ္ဍံ။

မုဋ္ဌဿ ပဒုဇ္ဇဿ အဝသေသဿ ဆဒနတိဏ် မုဋ္ဌိပ္ပမာဏမ္ပိ ဆဒနတိဏသင်္ခေပ-ဂတေသု တာလပဏ္ဏာဒီသု ယံ ကိဉ္စိ ဧကပဏ္ဏမ္ပိ သံယဿ ဒိန္နံ ဝါ တတ္ထဇာတကံ ဝါ ဗဟိအာရာမေ သံယိကေ တိဏဝတ္ထုသ္မိံ ဇာတကံ ဝါ ရက္ခိတဂေါပိတံ ဂရုဘဏ္ဍံ၊

တမ္ပိ သံယကမ္မေ စ စေတိယကမ္မေ စ ကတေ အတိရေကံ ပုဂ္ဂလိကကမ္မေ ဒါတုံ ဝဋ္ဋတိ။ ဒမုဂေဟမနုဿာ ဂဟေတွာ ဂစ္ဆန္တာ နံ ဝါရေတဗ္ဗာ။

မတ္တိကာ ပကတိမတ္တိကာ ဝါ ဟောတု ပဋ္ဌဝဏ္ဏာ ဝါ သုဓာ ဝါ သဇ္ဇ-ရသကဒ္ဒသိလေသာဒီသု ဝါ ယံ ကိဉ္စိ ဒုလ္လဘဋ္ဌာနေ အာနေတွာ ဝါ ဒိန္နံ တတ္ထဇာတကံ ဝါ ရက္ခိတဂေါပိတံ တာလပဏ္ဏမတ္တံ ဂရုဘဏ္ဍံ ဟောတိ။

ဒါရုဘဏ္ဍေ ယော ကောစိ ဝေဠုမ္ပိ ဝုတ္တပ္ပမာဏော ဒါရုဘဏ္ဍကော သံယဿ ဒိန္နော ဝါ တတ္ထဇာတကော ဝါ ရက္ခိတဂေါပိတော ဂရုဘဏ္ဍံ(က၁။၂၆၂-၃)—

စသည်ဖြင့် လာသော မာတိကာအဋ္ဌကထာ-စသော အဋ္ဌကထာ ၄-စောင်တို့ကို ရည်သည်ဟု မှတ်။ ထိုလာသော အဋ္ဌကထာတို့၌ သံယရက္ခိတ ဂရုဘဏ် အစိတ်အစိတ်ကို ပြဆိုအံ့။

သံယာအား လျူသည်လည်းဖြစ်သော၊ သံယာ့အာရာမ်၌ ပေါက်ရောက်သည်လည်းဖြစ်သော၊ သံယာသည် စောင့်ရှောက် သိမ်းဆည်းအပ်သော အမှတ်မရှိ လက်ရုံး ထက်ဝက်ပမာဏရှိသော နွယ်, ကြိမ်-စသည်၊ အမှတ်မရှိ အလျား လက် ၈-သစ်, အနံသီဟိုဠ် ကညစ်ရိုးမျှရှိသော ဝါး၊ လက်ဆုပ်ပမာဏရှိသော ဖြူဆံမြက်, ပြိတ်မြက်, မိုးသောမြက်-ဟူသမျှ၊ ထန်းရွက်, ပကတိမြေ၊ ၅-ပါးသော အဆင်းရှိသောမြေ၊ ပွဲ့လျက်, ကညင်စေး, စစ်စေး-စသည့် အလုံးစုံသော ဘဏ္ဍာ၊ ဤသို့စသည်ဖြင့် သံယရက္ခိတဂရုဘဏ်ကို အကျဉ်းမှတ်။

သံယေ ဒိန္နံ-ဟု လာသော်လည်း သံယာစောင့်ရှောက်မှ ဂရုဘဏ်ဖြစ်သောကြောင့် သံယရက္ခိတဂရုဘဏ်မည်သည်။ ဤကား သံယရက္ခိတဂရုဘဏ် အကျဉ်းမှတ်ပုံတည်း။

http://www.dhammadownload.com

အတ္တလဒ္ဓမိုသံယိကဂရုဘဏ်ဟူသည်ကား– အဦးပေါက်၌ ကြက်သော သံကွန်ရက် စသည်တည်း။

၅။ ထိုပကိဏ္ဏကသင်္ဂဟအဋ္ဌကထာစကားသည်–

ခူမနေတ္တဖာလဒိပရုက္ခဒိပကပလ္လိကာဩလမ္ဗကဒိပ ဣတ္တိပုရိသတိရစ္ဆာနရူပ-ကာနိ ပန အညာနိ ဝါ ဘိတ္တိစ္ဆဒနကဝါဍာဒိသု ဥပနေတဗ္ဗာနိ၊ အန္တမသော လောဟဒါလကံ ဥပါဒါယ သဗ္ဗာနိပိ လောဟဘဏ္ဍာနိ ဂရုဘဏ္ဍာနိယေဝ။ အတ္တနာ လဒ္ဓါနိ ပရိဟာရိတ္တာပိ ပုဂ္ဂလိကပရိဘောဂေန နာ ပရိဘုဉ္ဇိတဗ္ဗာနိ။ သံယိကပရိဘောဂေန ဝါ ဂိဟိဝိကဋ္ဌာနိ ဝါ ဝဋ္ဋန္တိ၊ တိပုဘဏ္ဍေပိ ဧသေဝ နယော (ကခီ။၂၆၁)–

ဟု လာသော မာတိကာစသော အဋ္ဌကထာ ၄-စောင်ကို ရည်တော်မူသည်ဟု မှတ်။

ထိုအဋ္ဌကထာတို့၌လာသော အတ္တလဒ္ဓမို သံယိကဂရုဘဏ် အစိတ်ကို ပြဆိုအံ့။ အဦးပေါက်၌ ကြက်အပ်သော သံကွန်ရက်၊ သံဖြင့်ပြုအပ်သော ထယ်၊ ဝါး၊ သံပြတင်းပေါက်၊ ဆီမီးခွက်၊ ဆီမီးတိုင်၊ ဆီမီးဆွဲ၊ နံရံတံခါးတို့၌သာ ထားအပ်သော သံဖြင့်ပြီးသော မိန်းမရုပ်, ယောကျ်ားရုပ် အစရှိသော သံရုပ်၊ သံတံသင်းကို အယုတ်သဖြင့် အစမူ၍ အလုံးစုံသော ဝေဖန်အပ်သော, အထက်၌ ပြဆိုလတ္တံ့ဖြစ်သော, သံဘဏ္ဍာမှ ကြွင်းသော အလုံးစုံသော သံဘဏ္ဍာ၊ ဤသို့ အစိတ်ကို မှတ်ရမည်။

မိမိရသော်လည်း သံယိကအဖြစ်သာ သုံးအပ်သောကြောင့် အတ္တလဒ္ဓမို သံယိကဂရုဘဏ် မည်၏။ ဤကား အတ္တလဒ္ဓမို သံယိကဂရုဘဏ် အကျဉ်းမှတ်ရန်တည်း။

ဂိဟိဝိကဋ္ဌနီဟာရဂရုဘဏ်ဟူသည်ကား– ကြေးဖြူခွက်-စသည်တည်း။

ထိုစကားသည်-

ကံသလောဟဝဋ္ဋလောဟဘာဇနဝိကတိ သံယိကပရိဘောဂေန ဝါ ဂိဟိဝိကဋ္ဌာ ဝါ ဝဋ္ဋတိ၊ ပုဂ္ဂလိကပရိဘောဂေန နာ ဝဋ္ဋတိ။

ကံသလောဟဒိဘာဇနံ သံဃာသဒ္ဒန္တမို ဟိ ပါရိဟာရိယံ နာ ဝဋ္ဋတိ၊ ဂိဟိဝိကဋ္ဌနီဟာရေနေဝ ပရိဘုဉ္ဇိတဗ္ဗန္တိ မဟာပစ္စရိယံ ဝုတ္တံ–

ဟု လာသော အဋ္ဌကထာတို့ကိုလည်းကောင်း(ဝိ၊၄၊၄။၇၉-၈၀။ဝိနယသင်္ဂဟ၊၄၃၀၅)။

တသ္မာ ဝဋ္ဋလောဟကံသလောဟမယံ ယံ ကိဉ္စိ ပါဒဂ္ဃနကဝါရကမို ဥပါဒါယ အဘာဇနီယမေဝ။ ဂိဟိဟိ ဒိယျမာနမို ပုဂ္ဂလဿ သမ္မုဇ္ဇိတ္ဝါတုမို နာ ဝဋ္ဋတိ–

ဟုလာသော ဝိမတိဝိနောဒနီဋီကာ(၂။၂၄၆)ကိုလည်းကောင်း ရည်တော်မူသည်။

http://www.dhammadownload.com

ကြေးဖြူခွက်၊ ကြေးဝါခွက်-ဟု အစိတ်ကို မှတ်လေ။ ပုဂ္ဂလိက မအပ်၊ သံယိကဂိဟိ-ဝိကဋ္ဌနီဟာရသာအပ်သောကြောင့် ဂိဟိဝိကဋ္ဌနီဟာရဂရုဘဏ် မည်၏။ ဤကား ဂိဟိဝိကဋ္ဌနီဟာရဂရုဘဏ် အကျဉ်းမှတ်ပုံတည်း။

ပါဒဂဏ္ဍာတိရေကဂရုဘဏ်ဟူသည်ကား– ဆီအိုး-စသည်တည်း။

ထိုစကားသည်-

> ယဋ္ဌကော ပန တေလဘာဇနံ ဝါ ပါဒဂ္ဂဏ္ဌနကတော အတိရေကမေဝ ဂရုဘဏ္ဍံ။ ပါဒဂ္ဂဏ္ဌနကတော အတိရေကပမာဏော ကရဏ္ဍော။ ။ပါဒဂ္ဂဏ္ဌန-ကတော အနတိရိတ္တံ အာမလကတုမ္ဗံ၊ အာမလကယဋ္ဌော လာဗုကတုမ္ဗံ လာဗုကယဋ္ဌော၊ ဝိသာဏတုမ္ဗန္တိ သဗ္ဗမေတံ ဘာဇနီယံ၊ တတော ပရံ ဂရုဘဏ္ဍံ-
>
> လောဟဝါရကော ပန ကာဠလောဟတမ္ဗလောဟကံသလောဟဝဋ္ဋ-လောဟာနံ ယေန ကေနစိ ကတော သီဟဠဒီပေ ပါဒဂ္ဂဏ္ဌနကော ဘာဇေတဗ္ဗော၊ ပါဒေါ စ နာမ မဂဓနာဠိယာ ပဿနာဠိမတ္တံ ဂဏ္ဍာတိ၊ တတော အတိရေကံ (အဓိကဂဏ္ဍနကော) ဂရုဘဏ္ဍံ–

ဟု လာသော အဋ္ဌကထာတို့ကိုလည်းကောင်း(၀ိ၊၃၊၄။၇၉၊၈၃။ဝိနယသင်္ဂဟ၊၃၊၃၀၄-၅၊၃၀၈။ ကခ်ီ၊၃။၂၆၁-၄)၊

> တံ ဥပရိ "ကံသလောဟဝဋ္ဋလောဟ ဘာဇနဝိကတိ သံယိကပရိဘောဂေန ဝါ ဂိဟိဝိကဋ္ဌာ ဝါ ဝဋ္ဋတိ"တိအာဒိကေန မဟာပစ္စရိဝစနေန ဝိရုဇ္ဈတိ။ ဣမသ္မာ ဟိ "ဝဋ္ဋလောဟကံသလောဟာနံ ယေန ကေနစိ ကတော သီဟဠဒီပေ ပါဒဂ္ဂဏ္ဌနကော ဘာဇေတဗ္ဗော"တိ ဝုတ္တာသ မဟာအဋ္ဌကထာဝစနာသ ပဋိက္ခေပါယ တံ မဟာပစ္စရိဝစနံ ပစ္ဆာ ဒဿိတံ။ တသ္မာ ဝဋ္ဋလောဟကံသလောဟမယံ ယံ ကိဉ္စိ ပါဒဂ္ဂဏ္ဌနကဝါရကမ္မိ ဥပါဒါယ အဘာဇနီယမေဝ။ ဂိဟိဟိ ဒိယျမာနမ္မိ ပုဂ္ဂလသ သမ္မုဇ္ဇိတ္ဝါတုမ္မိ နံ ဝဋ္ဋတိ-

ဟု လာသော ဝိမတိဝိနောဒနီဋီကာ(၂။၂၄၆)ကိုလည်းကောင်း ရည်တော်မူသည်။

ထိုဂရုဘဏ်၌ အစိတ်ကို ဆိုဦးအံ့။ မဂဓရာဇ် ၅-ကွမ်းစားထက် ဝင်သော ကြီးသော ကြာသွတ်မြူတာအိုး၊ ဆီကြည်၊ ကြုတ်၊ သျှိသျှားခွက် (ဝါ) အိုး၊ သျှိသျှားဗူး၊ ဗူးအိုး၊ ဗူးပူး၊ သားခို၊ ဆီကျည်၊ ကြေးမည်း, ကြေးနီဖြင့်ပြုသော ကြေးအင်တွဲ၊ ဤသို့ ပါဒဂဏ္ဍာတိရေက-ဂရုဘဏ်၌ အစိတ်ကို မှတ်။

http://www.dhammadownload.com

မဂဓရာဇ် ၅-ကွမ်းစားထက် ဝင်မှ ဂရုဘဏ်ဖြစ်သောကြောင့် ပါဒဂဏှာတိရေက ဂရုဘဏ် မည်၏။ ဤကား ပါဒဂဏှာတိရေကဂရုဘဏ် အကျဉ်းမှတ်ပုံတည်း။

ပါသာဒပရိဘောဂဂရုဘဏ်ဟူသည်ကား– ရွှေဖြင့်ပြီးသောခွက်-စသည်တည်း။ ထိုစကားသည်–

သုဝဏ္ဏရဇတဟာရကုဋ္ဌဇာတိဖလိကဘာဇနာနိ ဂိဟိဝိကဋာနိပိ န ဝဋ္ဋန္တိ။

သေနာသနပရိဘောဂေ ပန အာမာသမွိ အနာမာသမွိ သင်္ခံ ဝဋ္ဋတိ–

ဟု လာသော **အဋ္ဌကထာ** ၄-စောင်ကို ရည်၍ ဆိုတော်မူသည်(ကခ်။၂၆၂)။

ရွှေဖြင့်ပြီးသောခွက်, ငွေဖြင့်ပြီးသော ခွက်၊ တေးခပ်ပြာဖြင့်ပြီးသော ခွက်၊ ဖန်ဖြင့်ပြီးသော ခွက် စသည်ကို အစိတ်ထုတ်၍ မှတ်။ ပုဂ္ဂိုလ်, ဂိုဏ်း, သံဃာ, လူ ဥစ္စာအဖြစ်ဖြင့် မအပ်။ သေနာသနပရိဘောဂသာ အပ်သောကြောင့် ပါသာဒပရိဘောဂဂရုဘဏ်မည်၏။ ဤကား ပါသာဒပရိဘောဂ ဂရုဘဏ် အကျဉ်းမှတ်ပုံနည်းတည်း။

ဤသို့ ပကိဏ္ဏကသင်္ဂဟအဋ္ဌကထာ၌လာသော ဂရုဘဏ် ၆-ပါးကို အသီးသီး မှတ်ကုန်ရာ၏။ ဂရုဘဏ် ၆-ပါးစကားရပ် ဤတွင်ရွေ့ ခါးပန်းသတ်ကပြီ။

၆။ ထိုဂရုဘဏ် ၆-ပါးမှ ကြွင်းကျန်သော လဟုဘဏ်ပစ္စည်းတို့သည်ကား– သံသပိတ် စသည်တို့တည်း။ ထိုစကား၌ **အာဒိ**-သဒ္ဒါ၏ အာဒိဝန်အရသည်–

အယပတ္တော အယထာလကံ တမ္မလောဟထာလကန္တိ ဣမာနိ ပန ဘာဇနီ-ယာနိ။

ဌပေတွာ ပန တံ ဘာဇနဝိကတိ အညသ္မိမွိ ကပ္ပိယလောဟဘဏ္ဍေ အဠနိ အဠနိသလာကာ နတ္ထုဒါနံ ကဏ္ဏမလဟရဏီ သူစိ ခုဒ္ဒကော ပိပ္ပလိကော ခုဒ္ဒကံ အာရကဏ္ဋကံ ကုဋ္ဌိကာ တာဠံ ကတ္တရယဋ္ဌိ ဝေဓကော ဘိန္ဒိဝါလကော ယထာ တထာ ဃနကတလောဟံ ဝိပ္ပကတလောဟဘဏ္ဍဉ္စ သင်္ခံ ဘာဇနီယံ။

ဝါသိယာဒီသု ပန ယာယ ဝါသိယာ ဒန္ဓကဋ္ဌေဒနဥဿတဋ္ဌနမတ္တတော အညံ မဟာကမ္မံ ကတုံ န သက္ကာ၊ အယံ ဘာဇနီယာ။

သမ္မဉ္ဇနိဒဏ္ဍခဏနကံ ပန အဒဏ္ဍကံ ဖလမတ္တကမေဝ၊ ယံ သက္ကာ သိပါဋိကာယ ပက္ခိပိတွာ ပရိဟရိတုံ။ တံ ဘာဇနီယံ။ သိခရမွိ နိခါဒနေနေဝ သင်္ဃိတံ၊ ယေဟိ မနုဿေဟိ ဝိဟာရေ ဝါသိအာဒီနိ ဒိန္နာနိ ဟောန္တိ၊ တေ စေ ယရေ ဒမေ့ ဝါ ဝိလုတ္တေ ဝါ "ဒေထ နော ဘန္တေ ဥပက္ခရေ၊ ပုန အာဟရိဿာမာ"တိ ဝဒန္တိ၊ ဒါတဗ္ဗာ။ သစေ ဟရန္တိ၊ န ဝါရေတဗ္ဗာ၊ အနာဟရန္တာပိ န စောဒေတဗ္ဗာ။

http://www.dhammadownload.com

သုတ္တံ ပန အဝဇ္ဇေတွာ ဒိန္နံ မကစိဝါကနာဠိကေရဟီရာ စ ဘာဇနီယာ။ ယေဟိ ပနေတာနိ ရဇ္ဇုကာဒီနိ ဒိန္နာနိ ဟောန္တိ၊ တေ အတ္တနော ကရဏီယေန ဟရန္တော နဝါရေတဗ္ဗာ။

ပါဒဂ္ဃနကတေလနာဠိ ပန ကတ္တရယဋ္ဌိ ဥပါဟနဒဏ္ဍကော ဆတ္တဒဏ္ဍော ဆတ္တသလာကာတိ ဣဒမေတ္ထ ဘာဇနီယဘဏ္ဍံ၊ ဒမုဂေဟမနုဿာ ဂဏ္ဌိတွာ ဂစ္ဆန္တာ နဝါရေတဗ္ဗာ။ ။ဟိဂုံဟိဂုံလကဟရိတာလမနောသိလဉ္စနာဒီနိ ပန ဘာဇနီယာနိ။ ။သခ်ဳတာလကံ ပန ဘာဇနီယံ၊ တထာဒါရုမယော ဥဒကတုမ္ဗော။ ။ကပိုယစမ္မာနိ ဘာဇနီယာနိ၊ ကုရုန္ဒိယံ ပန သတ္ထံ မဉ္စပဗာဏံ စမ္မံ ဂရုဘဏ္ဍန္တိ ဝုတ္တံ။

အနုညာတဝါသိယာ ဒဏ္ဍော ဆတ္တံ မုဋ္ဌိပဏ္ဍံ ကတ္တရယဋ္ဌိ ဥပါဟနာအရဏိ-သဟိတံ ဓမ္မကရဏော ပါဒဂ္ဃနကတော အနတိရိတ္တံ အာမလကတုမ္ဗံ အာမလက-ယဋ္ဌော လာဗုကတုမ္ဗံ လာဗုကယဋ္ဌော ဝိသာဏတုမ္ဗန္တိ သဗ္ဗမေတံ ဘာဇနီယံ။

ဟတ္ထိဒန္တော ဝါ ယံကိဉ္စိ ဝိသာဏံ ဝါ အတစ္ဆိတံ ယထာဂတမေဝ ဘာဇနီယံ၊ တေဟိ ကတမဉ္စပီဌပါဒါဒီသု ပုရိမသဒိသောဝ ဝိနိစ္ဆယော။ တစ္ဆိတနိဋ္ဌိတော ပိဟိဂုံကရဏ္ဍကော အဉ္ဇနိကရဏ္ဍကော ဂဏ္ဌိကာ ဝိမော အဉ္ဇနီ အဉ္ဇနိသလာကာ ဥဒကပုဉ္ဆနီတိ ဣဒံ သဗ္ဗံ ဘာဇနီယမေဝ။

ပါဒဂ္ဃနကတော အနတိရိတ္တပမာဏော ပန ယဉ္စကော ပတ္တော ထာလကံ ကဉ္စနကော ကုဏ္ဍိကာတိ ဣဒမေတ္ထ ဘာဇနီယံ၊ ယထာ စ မတ္တိကာဘဏ္ဍေ ဧဝံ လောဟဘဏ္ဍေပိ ကုဏ္ဍိကာ ဘာဇနီယကောဋ္ဌာသမေဝ ဘဇတိ —

စသည်လာသော **အဋ္ဌကထာ ၄-စောင်**ကို ရည်သည်(ကခ်ီ၊ ၂၆၁-၂၆၅)။

ထိုလဟုဘဏ်အရ အစိတ်ကို ထုတ်၍ ပြဆိုဦးအံ့။

သံသပိတ်၊ သံခွက်၊ ကြေးနီခွက်၊ ခွက်အထူးကို ထား၍ တပါးသော အပ်သော သံဘဏ္ဍာဖြစ်သော မျက်စဉ်းကျည်၊ မျက်စဉ်းတံ၊ နှာခေါင်းနှပ်တံ၊ နားဖာချွေးကော်တံ၊ အပ်၊ ကညစ်၊ ငယ်သောဓား။ (ဝါ) သင်ခုန်းဓားငယ်၊ အဦးရှည်သော ပေထိုးဓားငယ် (ဝါ) သပိတ်ထွင်းစူးငယ် (ဝါ) ဆူးထွင်စရာစူးငယ်၊ သံကောက်၊ တောင်ဒှေး၊ စူး၊ သံဆူး၊ သံခြင်း၊ သံချောင်း၊ သံထွေ၊ သံဝိုင်း၊ ဟူးဟူးညားညား တခဲနက်သော ပြု၍ပြီးသောသံ၊ ပြုမပြီးသေးသော သံဘဏ္ဍာ၊ တံပူဖြတ်ရုံ၊ ကြံခွါရုံမျှ စွမ်းနိုင်သော ပဲခွပ်တံစဉ်း၊ တံမြက်ရိုးထွင်းသော အရိုးမရှိ၊ အသွားမျှသာရှိသော အိပ်၌ ထည့်ဆောင်ခြင်းငှာ စွမ်းနိုင်သော ဆောက်စူး၊ မကျစ်ဘဲ လျှံသောချည်၊ သင်ပန်းလျှော်၊ လျှော်တေ၊ အုန်းဆံမျှင်၊ မဂဓရာဇ် ငါးကွမ်းစားမျှ

http://www.dhammadownload.com

ဝင်သော ဆီကျည်တောက်၊ တောင်ဝှေး၊ ဖိနပ်ချိတ်စရာ လှင်ကန်, ထီးရိုး, ထီးလက်, ရှိန်းခို, ဟသ်ပြဒါး, ဆေးဒန်း, မြင်းသိလာ, မျက်စဉ်းကျောက်ညို, ခရုသင်းခွက်, သစ်ဖြင့်ပြီးသော ဗူး၊ အပ်သောသားရေ၊ ခွင့်ပြုတော် မူအပ်သော ပဲခွပ်တံစဉ်းရိုး၊ ထီးမိုးစရာ ထန်းရွက်၊ တောင်ဝှေး၊ ဖိနပ်၊ ပွတ်ခုံ၊ ပွတ်ကျည်၊ ဓမ္မကရိဏ်ရေစစ်၊ မဂဓရာဇ် ၅-ကွမ်းစားမျှသာ ဝင်သော မလွန်သော သျှိသျှားဗူး, သျှိသျှားအိုး, ဗူးဗူး, ဗူးအိုး, သားချိုဗူး၊ မပြုမလုပ်ပ ကတိသော ဆင်စွယ်, သားချို, ပြုလုပ်၍ ပြီးပြီးသော ရှိန်းခိုကြုတ်၊ မျက်စဉ်းကြုတ်၊ ကပါတ် သိမ်းခါးပန်းသီး၊ မျက်စဉ်းကျည်၊ မျက်စဉ်းတံ၊ ရေသုတ်ပဝါ၊ မဂဓရာဇ် ၅-ကွမ်းစားမျှသာ ဝင်သော မလွန်သော မြေဖြင့် ပြီးသော ကြာသွတ်မြူတာအိုး၊ သပိတ်၊ ခွက်၊ သောက်ခွက်၊ မြေ, သံ, ကြေးနီဖြင့်ပြီးသော ကရား၊ ဤသို့ စသည်ဖြင့် လဟုဘဏ်ကို မှတ်ရမည်။ ဤကား လဟုဘဏ်၌ အကျဉ်းပြအပ်သော နည်းတည်း။

ဤလဟုဘဏ်အရာ၌ ကုဏ္ဍိကာသဒ္ဒါ, အောက်၌ပြဆိုအပ်သော သံယေဒိန္ဓ-ဂရုဘဏ်အရာ၌ ဘိက်ခာရသဒ္ဒါ ၂-ပါးတို့တွင် လဟုဘဏ်အရာမှာ ကုဏ္ဍိကာ = သံ, မြေ, ကြေးနီဖြင့် ပြီးသော ကရားဟု သမ္မန်။ ဂရုဘဏ်အရာ၌ ဘိက်ခာရ = သောက်ရေ, သုံးဆောင်ရေတည်သော အိုးငယ်-ဟု သမ္မန်လေ။ သို့မှ ဂုဇ္ဇတ္ထဒီပနီဋီကာ, ဝိနယဝိနိစ္ဆယဋီကာတို့နှင့် ညီသည်။

အချို့, ဆရာတို့ကား လဟုဘဏ်၊ ဂရုဘဏ်အရာကို မရှုဘဲ "ဘိက်ခာရ၊ ကရား။ ကုဏ္ဍိကာ၊ ကရား"ဟု ပေးသည်ကား ဝိနည်းပညတ်၌ မသင့်-ဟု မှတ်။

✪ ✪ ✪ ✪ ✪

[၁၅၀] ကထိန်မခင်းဘဲ ကထိန်အာနိသင် ရ, မရ

(၁)မေး။ ။ ကထိန်မခင်းသော ရဟန်းတို့သည် ကထိန်အာနိသင် ၅-ပါးကို ရပါမည်လော၊ ကထိန်မခင်းဘဲ သင်္ကန်းကာလ၌ တိစီဝရိုက်သင်္ကန်းနှင့် ကင်း၍ နေအပ်ပါမည်လော?

ဖြေ။ ။ ထိုအမေးမှာ—

၁။ အနတ္တကထိနာ ပန ဣမေသု ပဉ္စသု အာနိသံသေသု စီဝရမာသေ အသမာဒါနစာရံ ဌပေတွာ သေသာနိသံသေ လဘန္တိ၊ ယဒိ အသမာဒါနစာရောပိ လဇ္ဇေယျ၊

http://www.dhammadownload.com

ပါဝေယျကာ ဘိက္ခူ ဝဿံဝုတ္ထာ ဩကာပုဏ္ဏေဟိ စီဝရေဟိ နု ဘဂဝန္တံ ဥပသင်္ကမေယ္ယုံ။ ယသ္မာ တံ နု လဘတိ၊ တသ္မာ စီဝရမာသေပိ စီဝရံ သမာဒါယ ဧဝံ ဘဂဝန္တံ ဥပသင်္ကမိသူ(ကင်္ခာ။ဋီ-သစ်။၂၇၈)—

ဟု လာသော **ဝိနယတ္ထမဇ္ဈေသာမည်သော လိနတ္ထပကာသနီဋီကာ ပဌမကထိနသိက္ခာပုဒ်အဖွင့်၊**

၂။ ဝုတ္ထဝဿာနန္တိ စ နိဒ္ဒါရဏော သာမိဝစနံ၊ ဧတေန စ ပုရိမသိက္ခာပဒေ အနတ္ထတကထိနာနံ ကထိနမာသေပိ အသမာဒါနစာရော နု လဗ္ဘတီတိ သိဒ္ဓံ ဟောတိ၊ ဣတရထာ သိက္ခာပဒသ္သေဝ နိရတ္ထကတ္တာတိ ဒဋ္ဌဗ္ဗံ (ဝိမတိ၊ဋ။၃၆၁)-

ဟု လာသော **ဝိမတိဝိနောဒနီဋီကာ သာသင်္ကသိက္ခာပုဒ်အဖွင့်၊**

၃။ အနတ္ထတကထိနဿ ဟိ စီဝရမာသေ ဝိပ္ပဝါသော နု ဝဋ္ဋတိ အတ္ထတကထိနာနံယေဝ အသမာဒါနစာရဿ အနုညာတတ္တာ။ ကေစိ ပန "အနတ္ထတကထိနာနံ စီဝရမာသေပိ အသမာဒါနစာရော လဗ္ဘတီ"တိ ဝတ္တာ ဗဟုမာ ပပဉ္စေန္တိ၊ တံ နု ဂဟေတဗ္ဗံ(သာရတ္ထ။၂။၄၄၆)—

ဟု လာသော **တေရသကဏ်ဋီကာ သာသင်္ကသိက္ခာပုဒ်အဖွင့်၊** ဤသို့လာသော ဋီကာ အရပ်ရပ်ကို ထောက်၍ ကထိန်မခင်းမူ စီဝရမာသ ကာလသင်္ကန်းဖြစ်သော်လည်း အဓိဋ္ဌာန်တင်သော တိစီဝရိတ်နှင့် ညှိကင်း၍ နေအပ်သော အသမာဒါနစာရ အာနိသင်ကို မရကုန်၊ ကြွင်းသော အနာမန္တစာရ, ယာဝဒတ္ထစီဝရ, ဂဏဘောဇန, ယောတတ္ထစီဝရုပ္ပါဒ ဟူသော အာနိသင် ၄-ပါးတို့ကိုမူကား ကထိန်မခင်းသော်လည်း သင်္ကန်းကာလ၌ ရသည်။ ကထိန်ခင်းသောရဟန်းတို့မှာ စီဝရမာသသင်္ကန်းကာလ၌ အသမာဒါနစာရ စသော ၅-ပါးသော အာနိသင်ကို ရသည်-ဟု မှတ်ရမည်။

စီဝရမာသသင်္ကန်းကာလသည်လည်း ကထိန်မခင်းမူ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့က စ၍ တန်ဆောင်မုန်းလပြည့်တိုင် ၁-လ၊ **ကထိန်ခင်းမူ** သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့က စ၍ တပေါင်းလပြည့်တိုင် ၅-လသည် **သင်္ကန်းကာလ** မည်၏။

၄။ ထို့ကြောင့် **အစ္ဆေကစီဝရသိက္ခာပုဒ်ပါဠိတော်၌**—

စီဝရကာလသမယော နာမ အနတ္ထကေ ကထိနေ ဝဿာနဿ ပစ္ဆိမော မာသော၊ အတ္ထတေ ကထိနေ ပဉ္စမာသာ(ဝိ၊၁။၃၇၅)—

ဟု ဟောတော်မူသည်။

http://www.dhammadownload.com

ကထိန်မခင်းသော ရဟန်းတို့မှာ စီဝရမာသ ၁-လပတ်လုံး, ကထိန်ခင်းသော ရဟန်းတို့မှာ စီဝရမာသ ၅-လပတ်လုံး ယာဝဒတ္ထစီဝရ အာနိသင်ရကြောင်းကို "အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမံ ဒိဝသံ အတိက္ကာမေတိ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။ အတ္ထတေ ကထိနေ ကထိနုဒ္ဒါရဒိဝသံ အတိက္ကာမေတိ၊ နိဿဂ္ဂိယံ ဟောတိ"ဟု လာသော **အစ္ဆေကစီဝရသိက္ခာပုဒ် ပါဠိတော်**(နှာ-၃၇၅-၆)ဖြင့် သိလေ။

၅။ ကထိန်မခင်းသောရဟန်းတို့မှာ ၁-လ၊ ကထိန်ခင်းသောရဟန်းတို့မှာ ၅-လ ပတ်လုံး အနာမန္တစာရအာနိသင်ရကြောင်းကို–

စီဝရဒါနသမယော နာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမော မာသော၊ အတ္ထတေ ကထိနေ ပဉ္စမာသာ–

ဟု လာသော **စာရိတ္တ သိက္ခာပုဒ် ပါဠိတော်**(နှာ-၁၃၅)ဖြင့် သိလေ။

၆။ ကထိန်မခင်းသောရဟန်းတို့မှာ ၁-လ၊ ကထိန်ခင်းသောရဟန်းတို့မှာ ၅-လပတ်လုံး ဂဏဘောဇနအာနိသင်ရကြောင်းကို–

စီဝရဒါနသမယော နာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမော မာသော၊ အတ္ထတေ ကထိနေ ပဉ္စမာသာ၊ စီဝရဒါနသမယောတိ ဘုဉ္ဇိတဗ္ဗံ–

ဟုလာသော **ဂဏဘောဇနသိက္ခာပုဒ်ပါဠိတော်**(နှာ-၁၀၁)ဖြင့် သိလေ။

၇။ ကထိန်မခင်းသောရဟန်းတို့မှာ စီဝရမာသဖြစ်သော်လည်း တိစီဝရိတ်နှင့်ကင်း၍မနေ အပ်သောအဖြစ်ကို–

ဥပဝဿံ ခေါ ပနာတိ ဝုတ္ထဝဿာနံ။ **ကတ္ထိကပုဏ္ဏမန္တိ** ကတ္တိကစာတုမာသိနိ ဝုစ္စတိ–

အစရှိသည်ဖြင့် ဟောတော်မူသော **သာသက်သိက္ခာပုဒ်၏ ပဒဘာဇနီပါဠိတော်**(နှာ-၃၇၇)ဖြင့်လည်းကောင်း၊ ယခင် ပြအပ်သော ဋီကာပါဠိတို့ဖြင့်လည်းကောင်း သိလေ။

၈။ ကထိန်ခင်းသော ရဟန်းတို့မှာ စီဝရမာသ ၅-လပတ်လုံး တိစီဝရိတ်နှင့် ညဉ့်ကင်း၍ နေအပ်သောအဖြစ်ကို–

အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ၊ အတ္ထတ-ကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စ ကပ္ပိဿန္တိ၊ အနာမန္တစာရော အသမာဒါနစာရော ဂဏဘောဇနံ ယာဝဒတ္ထစီဝရံ ယော စ တတ္ထ စီဝရုပ္ပါဒေါ သော နေသံ ဘဝိဿတီတိ၊ အတ္ထတကထိနာနံ ဝေါ ဘိက္ခဝေ ဣမာနိ ပဉ္စ ကပ္ပိဿန္တိ(ဝိ၃။၃၅၁-၂)–

http://www.dhammadownload.com

ဟု ဟောတော်မူသော **ကထိနက္ခန္ဓကပါဠိတော်**ဖြင့် သိလေ။ ကထိန်ခင်းသော ရဟန်းတို့မှာ ကထိန်မနုတ်သမျှ ကာလပတ်လုံး အာနိသင် ၅-ပါး လုံးရသည်ဟု မှတ်လေ။

၉။ ကထိန်ခင်းသောရဟန်းတို့မှာ စီဝရမာသ ၅-လပတ်လုံး ယောတတ္ထစီဝရုပ္ပါဒ အာနိသင် ရကြောင်းကို–

> ကွမဓ ပန ဘိက္ခဝေ ဘိက္ခူ ဧကော ဝဿံ ဝသတိ၊ တတ္ထ မနုဿာ "သံယဿ ဒေမာ"တိ စီဝရာနိ ဒေန္တိ၊ အနုဇာနာမိ ဘိက္ခဝေ တသ္မေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဒ္ဓာရာယာတိ(ဝိ၊၃။၄၁၄)-

ဟု ဟောတော်မူသော **စီဝရက္ခန္ဓကပါဠိတော်**၊

၁၀။ တသ္မေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဒ္ဓာရာယာတိ သစေ ဂဏပူရကေ ဘိက္ခူ လဘိတ္ထာ ကထိနံ အတ္ထတံ ဟောတိ၊ ပဋိမာသေ, နော စေ အတ္ထတံ ဟောတိ၊ ဧကံ စီဝရမာသမေဝ(ဝိ၊၅၊၃။၄၁၁)–

ဟု ဖွင့်တော်မူသော **စီဝရက္ခန္ဓကအဋ္ဌကထာတို့**ကို ထောက်၍ သိလေ။

၁၁။ ထို"ယောတတ္ထစီဝရုပ္ပါဒ"အာနိသင်၌ အထူးကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် စီဝရက္ခန္ဓကအဖွင့်၌–

> ယံ "သံယဿ ဒေမာ"တိ ဝါ ဒေန္တိ၊ "သံယံ ဥဒ္ဒိဿ ဒေမာ"တိ ဝါ ဒေန္တိ၊ "ဝဿံဝုဋ္ဌသံယဿ ဒေမာ"တိ ဝါ ဒေန္တိ၊ "ဝဿာဝါသိကံ ဒေမာ"တိ ဝါ ဒေန္တိ၊ သစေပိ မတကစီဝရံ အဝိဘဇိတ္ဝာ တံ ဝိဟာရံ ပဝိသန္တိ။ တံ သဗ္ဗံ တသ္မေဝ ဘိက္ခုနော ဟောတိ။ ယမ္ပိ သော ဝဿာဝါသတ္ထာယ ဝမ္ပိ ပယောဇေတ္ဝာ ဌပိတဥပနိက္ခေပတော ဝါ တတြုပ္ပါဒတော ဝါ ဝဿာဝါသိကံ ဂဏှာတိ၊ သဗ္ဗံ သုဂ္ဂဟိတမေဝ ဟောတိ။ ကွဒဉ္စေတ္ထ လက္ခဏံ၊ ယေန တေနာကာရေန သံယဿ ဥပ္ပန္နံ ဝတ္ထံ အတ္ထတကထိနဿ ပဆ္ဆမာသေ, အနတ္ထတကထိနဿ ဧကံ စီဝရမာသံ ပါပုဏာတီတိ။ ယံ ပန "ကွဒံ ကွမဓ ဝဿံဝုတ္ထသံယဿ ဒေမာ"တိ ဝါ, "ဝဿာဝါသိကံ ဒေမာ"တိ ဝါ ဝတ္တာ ဒိန္နံ၊ တံ အနတ္ထတကထိနဿာပိ ပဆ္ဆမာသေ ပါပုဏာတိ(ဝိ၊၅၊၃။၄၁၁)– ဟု မိန့်ဆိုတော်မူ၏။

ထိုအဋ္ဌကထာ၌–

> ယံ "သံယဿ ဒေမာ"တိ ဝါ ဒေန္တိ၊ သစေပိ မတကစီဝရံ အဝိဘဇိတ္ဝာ တံ ဝိဟာရံ ပဝိသန္တိ၊ တံ သဗ္ဗံ တသ္မေဝ ဘိက္ခုနော ဟောတိ။ ယမ္ပိ သော ဝဿာဝါသတ္ထာယ ဝမ္ပိ ပယောဇေတ္ဝာ ဌပိတဥပနိက္ခေပတော ဝါ တတြုပ္ပါဒတော

http://www.dhammadownload.com

ဝါ ဝဿာဝါသိကံ ဂဏှာတိ၊ သဗ္ဗံ သုဂ္ဂဟိတမေဝ ဟောတိ။ ဣဒဉ္စေတ္ထ လက္ခဏံ၊ ယေန တေနာကာရေန သံယဿ ဥပ္ပန္နံ ဝတ္ထုံ အတ္ထတကထိနဿ ပဉ္စမာသေ, အနတ္ထတကထိနဿ ဧကံ စီဝရမာသံ ပါပုဏာတိ–

ဟူသော ဝါကျစကားဖြင့် သံဃာကို ရည်ညွှန်း၍ "သံယဿ ဒေမ"ဆို၍ လှူသောသင်္ဃန်း၊ မတကသန္ထကသင်္ဃန်း၊ ဝဿာဝါသိက အကျိုးငှာ ထားနှံအပ်သော ဥစ္စာဖြင့် ဝယ်ယူသော သင်္ဃန်း၊ ထို ကျောင်းအာရာမ်၌ ရောက်သော ထန်း, အုန်းစသည်ဖြင့် ဖြစ်သောသင်္ဃန်း၊ အမှတ်မရှိ အခြင်းအရာဖြင့် သံဃာကို ရည်ညွှန်း၍ဖြစ်သော သင်္ဃန်းတို့သည် စီဝရမာသ၌ ရအပ်သောသင်္ဃန်းဖြစ်၍ ကထိန်ခင်းသော ရဟန်းတို့အား ၅-လပတ်လုံး, ကထိန်မခင်းသောရဟန်းတို့အား ၁-လပတ်လုံး ရထိုက်သည်။ ဝါမကပ်သောရဟန်း၊ ဝါဖျက်သောရဟန်း၊ ပစ္ဆိမဝါကပ်သော ရဟန်းတို့သည် မရထိုက်ကုန်-ဟု ပြတော်မူသည်။

ဝဿံဝုဋ္ဌသံယဿ ဒေမာတိ ဝါ ဒေန္တိ၊ ဝဿာဝါသိကံ ဒေမာတိ ဝါ ဒေန္တိ၊ ယံ ပန "ဣဒံ ဣဓ ဝဿံဝုတ္ထသံယဿ ဒေမာ"တိ ဝါ "ဝဿာဝါသိကံ ဒေမာ"တိ ဝတ္တာ ဒိန္နံ၊ တံ အနတ္ထတကထိနဿာပိ ပဉ္စမာသေ ပါပုဏာတိ–

ဟူသော ဝါကျဖြင့် ဝါကျွတ်သောသံဃာ လှူသောသင်္ဃန်း၊ ဝဿာဝါသိကအကျိုးငှာ လှူသော ဝါဆိုသင်္ဃန်းတို့သည် စီဝရမာသခေတ်ကာလ၌ ဖြစ်သော်လည်း ကထိန်မခင်းသော ရဟန်းတို့အားလည်း ရထိုက်, ရောက်ထိုက်သည်ဟု ပြတော်မူသည်။

၁၂။ ထို့ကြောင့် **တေရသကဏ္ဍီကာ၌**–

ဝဿာဝါသိကလာဘဝသေန ဝါ မတကစီဝရဝသေန ဝါ တတြုပ္ပါဒဝသေန ဝါ အညေန ဝါ ကေနစိ အာကာရေန သံယံ ဥဒ္ဒိဿ ဥပ္ပန္နစီဝရံ၊ သဗ္ဗံ တသ္သေဝ အတ္ထတကထိနဿ ပဉ္စမာသေ, အနတ္ထတကထိနဿ ဧကံ စီဝရမာသံ ပါပုဏာတီတိ အဝိသေသတော ဝတ္တာပိ ပုန ဝဿာဝါသိကလာဘဝသေန ဥပ္ပန္နေ လဒ္ဓမာနဝိသေသံ ဒဿေတုံ "ယံ ပန ဣဒန္တိ"အာဒိ အာရဒ္ဓံ(သာရတ္ထ၊၃။၃၄၁)-

ဟု ဖွင့်တော်မူသည်။

၁၃။ ဤအရာဌာန၌ "ယံ ပန ဣဒံ ဣဓ ဝဿံဝုဋ္ဌသံယဿ ဒေမာတိ ဝါ, ဝဿာဝါသိကံ ဒေမာတိ ဝါ ဝတ္တာ ဒိန္နံ၊ တံ အနတ္ထတကထိနဿာပိ ပဉ္စမာသေ ပါပုဏာတိ" (ဝိ၊ဋ၊ ၃။၄၁၁)ဟူသောအဋ္ဌကထာစကားသည် ထိုအဋ္ဌကထာ၌ပင် **စီဝရမာတိကာအဖွင့်**(ဝိ၊ဋ၊၃။ ၄၂၄-၅)၌-

http://www.dhammadownload.com

ဝဿံဝုတ္ထသံယဿ ဒေတီတိ ဝိဟာရံ ပဝိသိတွာ "ဣမာနိ စီဝရာနိ ဝဿံဝုဋ္ဌသံယဿ ဒမ္မီ"တိ ဒေတိ။ **ယာဝတီကာ ဘိက္ခူ တသ္မိံ အာဝါသေ ဝဿံ ဝုဋ္ဌာတိ** ယတ္တကာ ဝဿဆ္ဍေဒံ အကတွာ ပုရိမဝဿံ ဝုတ္ထာ၊ တေဟိ ဘာဇေတဗ္ဗံ၊ အညေသံ န ပါပုဏာတိ။ ဒိသာပက္ကန္တသာပိ သတိ ပဋိဂ္ဂါဟကေ ယာဝ ကထိနသ ဥဒ္ဒါရာ ဒါတဗ္ဗံ၊ အနတ္ထတေ ပန ကထိနေ အန္တောဟေမန္တေ၊ ဧဝဉ္စ ဝတွာ ဒိန္နံ ပစ္ဆိမဝဿံဝုဋ္ဌာနမိဒံ ပါပုဏာတီတိ လက္ခဏညူ ဝဒန္တိ—

ဟူ၍လည်းကောင်း၊

စီဝရမာသတော ပဋ္ဌာယ ယာဝ ဟေမန္တသ ပစ္ဆိမော ဒိဝသော၊ တာဝ ဝဿာဝါသိကံ ဒေမာတိ ဝုတ္တေ ကထိနံ အတ္ထတံ ဝါ ဟောတု အနတ္ထတံ ဝါ၊ အတီတဝဿံဝုဋ္ဌာနမေဝ ပါပုဏာတိ—

ဟူ၍လည်းကောင်း ဖွင့်ပြတော်မူသည်။

သီတင်းကျွတ် လပြည့်ကျော် ၁-ရက်နေ့က စ၍ တန်ဆောင်မုန်းလပြည့်တိုင်အောင် သင်္ကန်းကာလအတွင်း၌ "ဝဿံဝုဋ္ဌသံယဿ ဒေမ"ဟူ၍လည်းကောင်း၊ "ဝဿာဝါသိကံ ဒေမ"ဟူ၍လည်းကောင်း ဆို၍ လှူသောသင်္ကန်းသည် ပုရိမဝါကျွတ်သော ရဟန်းတို့အား ကထိန်ခင်းသည်ဖြစ်စေ၊ မခင်းသည်ဖြစ်စေ ရထိုက်သည်။ ဝါပျက်သောရဟန်း၊ ပစ္ဆိမဝါကပ်သော ရဟန်းတို့အား မရထိုက်။ တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှ စ၍ တပေါင်းလပြည့်တိုင်အတွင်း "ဝဿံဝုဋ္ဌသံယဿ ဒေမ"ဟူ၍လည်းကောင်း၊ "ဝဿာဝါသိကံ ဒေမ"ဟူ၍လည်းကောင်း ဆို၍ လှူသောသင်္ကန်းသည် ပုရိမဝါကျွတ်သော ရဟန်း၊ ပစ္ဆိမဝါကျွတ်သော ရဟန်းတို့အား ကထိန်ခင်းသည်ဖြစ်စေ၊ မခင်းသည်ဖြစ်စေ ရထိုက်သည်ဟု မှတ်ရမည်။

၁၄။ ထို့ကြောင့် **တေရသကဏ်ဍီကာ၌**—

တထာ ဟိ ဣဓသဒ္ဒေန အနိယမေတွာပိ "ဝဿံဝုတ္ထသံယဿ ဒေမာ"တိ ဝါ "ဝဿာဝါသိကံ ဒေမာ"တိ ဝါ အန္တောဟေမန္တေ ဝဿာဝါသိကလာဘဝသေန ဒိန္နံ စီဝရံ အနတ္ထတကထိနသာပိ ဝုတ္ထဝဿသ ပဝ္ဌမာသေ ပါပုဏာတိ၊ တေနေဝ ပရတော အဋ္ဌသု မာတိကာသု "ဝဿံဝုတ္ထသံယဿ ဒေတိ"တိ ဣမသ မာတိကာပဒဿ ဝိနိစ္ဆယေ "စီဝရမာသတော ပဋ္ဌာယ ယာဝ ဟေမန္တသ ပစ္ဆိမော

http://www.dhammadownload.com

ဒိဝသော၊ တာဝ ဝဿာဝါသိကံ ဒေမာတိ ဝုတ္တေ ကထိနံ အတ္ထတံ ဝါ ဟောတု အနတ္ထတံ ဝါ၊ အတီတဝဿံဝုတ္ထာနမေဝ ပါပုဏာတီ"တိ ဝုတ္တံ–

ဟု ဖွင့်တော်မူ၏(သာရတ္ထ၊၃။၃၄၁-၂)။

၁၅။ **ဝိမတိဝိနောဒနီဋီကာ၌လည်း–**

အန္တောဟေမန္တေတိ ဂ္ဂိမိနာ အနတ္ထတေ ကထိနေ ဝဿာနံ ပစ္ဆိမေ မာသေ ဒိန္နံ ပုရိမဝဿံဝုတ္ထာနညေဝ ပါပုဏာတိ၊ တတော ပရံ ဟေမန္တေ ဒိန္နံ ပစ္ဆိမ-ဝဿံဝုတ္ထာနမ္ပိ ဝုတ္ထဝဿတ္တာ ပါပုဏာတိ(ဝိမတိ၊၂။၂၀၃)–

ဟု ဆိုတော်မူ၏။ထိုကထိန်ကာလမှ တပါးသော အကာလ၌ လှူသောသင်္ကန်းသည် အကာလ သင်္ကန်းမည်၏။

၁၆။ **ထို့ကြောင့် တတိယကထိနသိက္ခာပုဒ်၏ ပဒဘာဇနီယဝိဘင်္ဂတော်၌–**

အကာလစီဝရံ နာမ အနတ္ထတေ ကထိနေ ကောဒသမာသေ ဥပ္ပန္နံ၊ အတ္ထတေ ကထိနေ သတ္တမာသေ ဥပ္ပန္နံ(ဝိ၊၁။၃၀၄)–

ဟု ဟောတော်မူ၏။

၁၇။ **အဋ္ဌကထာ၌–**

ကောဒသမာသေတိ ဧကံ ပစ္ဆိမကတ္တိကမာသံ ဌပေတွာ သေသေ ကော-ဒသမာသေ။ **သတ္တမာသေတိ** ကတ္တိကမာသံ ဟေမန္တိကေ စ စတ္တာရောတိ ပဉ္စမာသေ ဌပေတွာ သေသေ သတ္တမာသေ–

ဟု ဖွင့်တော်မူ၏(ဝိ၊ဋ္ဌ၊၁။၂၃၉)။

ကထိန်ခင်းမူ ၇-လတို့၌ လှူအပ်သောသင်္ကန်းတို့သည် ပုရိမဝါသား, ပစ္ဆိမ ဝါသားဖြစ်သော သမ္မုခီဘူတရဟန်းတို့သည် ဝေဖန်အပ်သောကြောင့် အကာလ သင်္ကန်း မည်၏။ စီဝရကာလဖြစ်သော ကထိန်မခင်းမူ ၁-လ, ကထိန်ခင်းမူ ၅-လတို့၌ "သံဃဿ ဒေမ"ဟု ဆို၍ လှူသောသင်္ကန်းသည် ပုရိမဝါကျွတ်သောရဟန်း, ကထိန်ခင်းသော ရဟန်းသာ ဝေဖန်အပ်သည်။ ကြွင်းသောရဟန်းတို့သည် မဝေဖန်အပ်သောကြောင့် ကာလသင်္ကန်း မည်၏။

http://www.dhammadownload.com

၁၈။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌–

ကောဒသမာသေ သတ္တမာသေ စ ဥပ္ပန္နဥ္စိ စီဝရံ ဝုတ္ထဝဿေဟိ သေသေဟိ စ သမ္မုခီဘူတေဟိ ဘာဇေတုံ လဗ္ဘတိတိ အကာလစီဝရံ နာမ ဇာတံ။ ကာလေ ပန "သံယဿ ဣဒံ အကာလစီဝရံ ဒမ္မိ"တိ အနုဒ္ဒိသိတွာ "သံယဿ ဒမ္မိ"တိ ဒိန္နံ ဝုတ္ထဝဿေဟိယေဝ ဘာဇေတဗ္ဗံ၊ န အညေဟိတိ ကာလစီဝရန္တိ ဝုစ္စတိ–

ဟု ဖွင့်တော်မူ၏(သာရတ္ထ၊ ၂။၃၉၇)။

သင်္ဃနိုးကာလ၌ဖြစ်သော်လည်း "ဣဒံ အကာလစီဝရံ သံယဿ ဒေမ"ဟု ဆို၍ လှူမူ အကာလသင်္ဃနိုးဖြစ်သည်။ ထိုအကာလသင်္ဃနိုးကို သမ္မုခီဘူတဖြစ်သော အလုံးစုံသော ရဟန်းတို့သည် ဝေဖန်အပ်ကုန်၏။

၁၉။ ထို့ကြောင့် တတိယကထိနသိက္ခာပုဒ် ပဒဘာဇနီယဝိဘင်္ဂတော်၌–

ကာလေပိ အာဒိဿ ဒိန္နံ၊ ဧတံ အကာလစီဝရံ နာမ(ဝိ၊၁။၃၁၄)–

ဟု ဟောတော်မူ၏။

၂၀။ အဋ္ဌကထာ၌လည်း–

ကာလေပိ အာဒိဿ ဒိန္နန္တိ သံယဿ ဝါ "ဣဒံ အကာလစီဝရ"န္တိ ဥဒ္ဒိသိတွာ ဒိန္နံ-

ဟု ဖွင့်တော်မူ၏။

၂၁။ သာရတ္ထဒီပနီဋီကာ၌လည်း–

အာဒိဿ ဒိန္နံ ပန သမ္မုခီဘူတေဟိ သဗ္ဗေဟိယေဝ ဘာဇေတဗ္ဗန္တိ အကာလစီဝရံ၊ တသ္မာ ကာလေပိ အာဒိဿ ဒိန္နသ္မာ ဝုတ္ထဝဿေဟိ သေသေဟိ စ သမ္မတ္တေဟိ ဘာဇနီယတ္တာ အကာလစီဝရသာမညတော "ကာလေပိ အာဒိဿ ဒိန္နံ၊ ဧတံ အကာလစီဝရ"န္တိ အတ္ထုဒ္ဒါရဝသေန ဝုတ္တံ(သာရတ္ထ၊ ၂။၃၉၇)–

ဟု ဖွင့်တော်မူ၏။

၂၂။ ဝိမတိဝိနောဒနီဋီကာ၌လည်း–

သံယဿ ဟိ ကာလေပိ အာဒိဿ ဒိန္နံ အာကာလေ ဥပ္ပန္နစီဝရံ ဝိယ သမ္မုခီဘူတေဟိ ဝုတ္ထဝဿေဟိ အဝုတ္ထဝဿေဟိ စ သဗ္ဗေဟိပိ ဘာဇေတဗ္ဗ-

http://www.dhammadownload.com

သာမညေန အကာလစီဝရံ နာမ ဟောတိတိ ဒဿနတ္ထံ အတ္ထုဒ္ဓါရဝသေန ပါဠိယံ "ကာလေပိ အာဒိဿ ဒိန္နံ"န္တိ ဝုတ္တံ—

ဟု ဖွင့်တော်မူသည်(ဝိမတိ၊၁။၃၂၁)။

ထိုသင်္ကန်းကာလ၌ "ဣဒံ အကာလစီဝရံ တုယ္ဟံ ဒမ္မိ"ဟု ဆို၍ ပုဂ္ဂိုလ်အား လှူသော်လည်း အကာလသင်္ကန်း မည်၏။ ထိုပုဂ္ဂိုလ်အား ရည်၍လှူသော အကာလသင်္ကန်းကို တစ်စုံတစ်ယောက်သော ရဟန်းသည် ရထိုက်၏ဟူ၍ မဝေယျူအပ်၊ လှူအပ်သောပုဂ္ဂိုလ်သာ ရထိုက်သည်။

၂၃။ ထို့ကြောင့် အဋ္ဌကထာ၌—

ဧကပုဂ္ဂလဿ ဝါ "ဣဒံ တုယ္ဟံ ဒမ္မိ"တိ ဒိန္နံ(ဝိ၊၄။၂။၂၃၉)-

ဟု ဆိုတော်မူ၏။

၂၄။ **ဝိမတိ၌—**

တုယ္ဟံ ဒမ္မိတိ ဒိန္နန္တိ "တုယ္ဟံ ဘန္တေ အကာလစီဝရံ ဒမ္မိ"တိ ဧဝံ ဒိန္နံ၊ ဧတမ္မိ ကာလေ အာဒိဿ ဒိန္နံ နာမ ဟောတိ(ဝိမတိ၊၁။၃၂၁)-

ဟု ဖွင့်တော်မူ၍—

နာ ဟိ ပုဂ္ဂလဿ အာဒိဿ ဒိန္နံ ကေနစိ ဘာဇနီယံ ဟောတိတိ—

ဟု ဖွင့်တော်မူ၏။

၂၅။ **မာတိကာအဋ္ဌကထာ၌လည်း—**

ယဉ္စ ကာလေပိ သံယဿ ဝါ "ဣဒံ အကာလစီဝရ"န္တိ ပုဂ္ဂလဿ ဝါ "ဣဒံ တုယ္ဟံ ဒမ္မိ"တိ အာဒိနာ နယေန ဒိန္နံ၊ ဧတံ အကာလစီဝရံ နာမ(ကင်္ခာ။၄။၁၅၉)-

ဟု ဖွင့်တော်မူ၏။

၂၆။ **ဝိနယတ္ထမဇ္ဈုသာမည်သော လီနတ္ထပကာသနီဋီကာ၌လည်း—**

ကာလေပိတိ "အနတ္ထတေ ကထိနေ စီဝရမာသော, အတ္ထတေ ကထိနေ ပဉ္စမာသာ"တိ ယထာဝုတ္တစီဝရကာလေပိ(ကင်္ခာ။ဋီ-သစ်။၂၉၃)-

ဟု ဖွင့်တော်မူ၏။ ဤကား စီဝရမာသကာလ၌ ရအပ်သော အာနိသံသကို ပြသော အဆုံးအဖြတ် စကားရပ်တည်း။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၅၁] သံယာ့လာဘ်နှင့် မတသန္ဆက

(၁)မေး။ ။ တစ်ခုသော ကျောင်းတိုက်၌ ရဟန်းတစ်ပါးတည်းနေရာ "သံဃသ ဒေမ"ဟု ဆို၍လျှူမူ အဘယ်သို့ ပြုအပ်ပါသနည်း။ တစ်ခုသော ကျောင်းတိုက်၌ မတသန္ဆက ပစ္စည်းကို ဝေရာ တပါးတိုက်က လာရောက်သော ရဟန်းတို့အား ဝေအပ်ပါမည်လော?

ဖြေ။ ။ ထိုပုစ္ဆာ ၂-ရပ်မှာ ဥတုကာလ သံယိက လျှူရာ၌-

၁။ တေန ခေါ ပန သမယေန အညတရော ဘိက္ခု ဥတုကာလံ ဧကော ဝသိ။ တတ္ထ မနုဿာ "သံဃသ ဒေမာ"တိ စိဝရာနိ အဒံသု။ အထ ခေါ တသ ဘိက္ခုနော ဧတဒဟောသိ "ဘဂဝတာ ပညတ္တံ 'စတုဝဂ္ဂေါ ပစ္ဆိမော သံဃော'တိ၊ အဟဉ္စမှိ ဧကကော၊ ဣမေ စ မနုဿာ 'သံဃသ ဒေမာ'တိ စိဝရာနိ အဒံသု၊ ယန္နူနာဟံ ဣမာနိ သံယိကာနိ စိဝရာနိ သာဝတ္ထိံ ဟရေယ္ယ"န္တိ။ အထ ခေါ သော ဘိက္ခု တာနိ စိဝရာနိ အာဒါယ သာဝတ္ထိံ ဂန္တ္ဝာ ဘိက္ခူနံ ဧတမတ္ထံ အာရောစေသိ။ ဘိက္ခူ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ သမ္မုခီဘူတေန သံဃေန ဘာဇေတုံ၊ ဣဓ ပန ဘိက္ခဝေ ဘိက္ခု ဥတုကာလံ ဧကော ဝသတိ၊ တတ္ထ မနုဿာ "သံဃသ ဒေမာ"တိ စိဝရာနိ ဒေန္တိ၊ အနုဇာနာမိ ဘိက္ခဝေ တေန ဘိက္ခုနာ တာနိ စိဝရာနိ အဓိဋ္ဌာတုံ "မယှံ'မာနိ စိဝရာနိ"တိ။ တသ စေ ဘိက္ခဝေ ဘိက္ခုနော တံ စိဝရံ အနဓိဋ္ဌိတေ အညော ဘိက္ခု အာဂစ္ဆတိ၊ သမကော ဒါတဗ္ဗော ဘာဂေါ။ တေဟိ စေ ဘိက္ခဝေ ဘိက္ခူဟိ တံ စိဝရံ ဘာဇိယမာနေ အပါတိတေ ကုသေ အညော ဘိက္ခု အာဂစ္ဆတိ၊ သမကော ဒါတဗ္ဗော ဘာဂေါ။ တေဟိ စေ ဘိက္ခဝေ ဘိက္ခူဟိ တံ စိဝရံ ဘာဇိယမာနေ ပါတိတေ ကုသေ အညော ဘိက္ခု အာဂစ္ဆတိ၊ နာ'ကာမာ ဒါတဗ္ဗော ဘာဂေါ—

ဟု မဟာဝါစိဝရက္ခန္ဓကပါဠိတော်၌ လာသည်(၀။၃။၄၁၅)။

၂။ မတသန္ဆကအရာ၌လည်း—

တေန ခေါ ပန သမယေန အညတရော ဘိက္ခု ဗဟုဘဏ္ဍော ဗဟုပရိက္ခာရော ကာလင်္ကတော ဟောတိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ ဘိက္ခုသ ဘိက္ခဝေ ကာလင်္ကတေ သံယော သာမိ ပတ္တစီဝရေ၊ အပိ စ ဂိလာနုပဋ္ဌာကာ ဗဟူပကာရာ။ အနုဇာနာမိ ဘိက္ခဝေ သံယေန တိစီဝရဉ္စ ပတ္တဉ္စ

http://www.dhammadownload.com

ဂိလာနုပဋ္ဌာကာနံ ဒါတုံ၊ ယံ တတ္ထ လဟုဘဏ္ဍံ လဟုပရိက္ခာရံ၊ တံ သမ္မုခီဘူတေန သံယေန ဘာဇေတုံ၊ ယံ တတ္ထ ဂရုဘဏ္ဍံ ဂရုပရိက္ခာရံ၊ တံ အာဂတာနာဂတသာမစာတုဒ္ဒိသဿ သံယဿ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံ–

ဟု ဟောတော်မူသည်(ဝိ၊၃။၄၂၀-၁)။

၃။ ထိုးပါဋိတော်၌ပင် သင်္ကန်းကာလ သံယိကလျှုရာဌ်လည်း–

တေန ခေါ ပန သမယေန အညတရော ဘိက္ခု ဧကော ဝဿံ ဝသိ။ တတ္ထ မနုဿာ "သံယဿ ဒေမာ"တိ စီဝရာနိ အဒံသု။ အထ ခေါ တဿ ဘိက္ခုနော ဧတဒဟောသိ "ဘဂဝတာ ပညတ္တံ 'စတုဝဂ္ဂေါ ပစ္ဆိမော သံဃော'တိ၊ အဟဉ္စမှိ ဧကော၊ ဣမေ စ မနုဿာ 'သံယဿ ဒေမာ'တိ စီဝရာနိ အဒံသု၊ ယန္နူနာဟံ ဣမာနိ သံယိကာနိ စီဝရာနိ သာဝတ္ထိံ ဟရေယ္ယ"န္တိ။ အထ ခေါ သော ဘိက္ခု တာနိ စီဝရာနိ အာဒါယ သာဝတ္ထိံ ဂန္ဒှာ ဘဂဝတော ဧတမတ္ထံ အာရောစေသိ။ တုယ္ဟေဝ ဘိက္ခု တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဒ္ဒာရာယာတိ။ ဣဓ ပန ဘိက္ခဝေ ဘိက္ခု ဧကော ဝဿံ ဝသတိ၊ တတ္ထ မနုဿာ "သံယဿ ဒေမာ"တိ စီဝရာနိ ဒေန္တိ၊ အနုဇာနာမိ ဘိက္ခဝေ တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဒ္ဒာရာယာတိ–

ဟု ဟောတော်မူသည်(ဝိ၊၃။၄၁၄)။

၄။ မဟာဝါအဋ္ဌကထာ စီဝရက္ခန္ဓကအဖွင့်၌လည်း–

ဥတုကာလန္တိ ဝဿာနတော အညံ ကာလံ။ တာနိ စီဝရာနိ အာဒါယ သာဝတ္ထိံ ဂန္ဒှာတိ ဧတ္ထ တာနိ စီဝရာနိ ဂတဂတဋ္ဌာနေ သံယိကာနေဝ ဟောန္တိ၊ ဘိက္ခူဟိ ဒိဋ္ဌမတ္တမေဝေတ္ထ ပမာဏံ။ တသ္မာ သစေ ကေစိ ပဋိပထံ အာဂစ္ဆန္တာ "ကုဟိံ အာဝုသော ဂစ္ဆသီ"တိ ပုစ္ဆိတွာ တမတ္ထံ သုတွာ "ကိံ အာဝုသော မယံ သံယော နာ ဟောမာ"တိ တတ္ထေဝ ဘာဇေတွာ ဂဏှန္တိ၊ သုဂ္ဂဟိတာနိ။ သစေပိ ဧသေ မဂ္ဂါ ဩက္ကမိတွာ ကဠိ ဝိဟာရံ ဝါ အာသနသာလံ ဝါ ပိဏ္ဍာယ စရန္တော ဧကံ ဂေဟမေဝ ဝါ ပဝိသတိ၊ တတြ စ နံ ဘိက္ခူ ဒိသွာ တမတ္ထံ ပုစ္ဆိတွာ ဘာဇေတွာ ဂဏှန္တိ၊ သုဂ္ဂဟိတာနေဝ။

အဓိဋ္ဌာတုန္တိ ဧတ္ထ အဓိဋ္ဌဟန္တေန ဝတ္တံ ဇာနိတဗ္ဗံ။ တေန ဟိ ဘိက္ခုနာ ယဏ္ဍိံ ပဟရိတွာ ကာလံ ယောဇေတွာ ထောကံ အာဂမေတွာ သစေ ယဏ္ဍိသညာယ ဝါ ကာလသညာယ ဝါ ဘိက္ခူ အာဂစ္ဆန္တိ၊ တေဟိ သဒ္ဒိံ ဘာဇေတဗ္ဗာနိ။ နော စေ

http://www.dhammadownload.com

အာဂန္ဆန္တိ "မယို'မာနိ စီဝရာနိ ပါပုဏန္တိ"တိ အဓိဋ္ဌာတဗ္ဗာနိ။ ဧဝံ အဓိဋ္ဌိတေ သတ္တာနိ တဿေဝ ဟောန္တိ၊ ဋ္ဌိတိကာ ပန နာ တိဋ္ဌတိ။

သစေ ဧကေကံ ဥဒ္ဒိရိတ္တာ "အယံ ပဌမဘာဂေါ မယ္ဟံ ပါပုဏာတိ၊ အယံ ဒုတိယဘာဂေါ"တိ ဧဝံ ဂဏှာတိ၊ ဂဟိတာနိ စ သုဂ္ဂဟိတာနိ ဟောန္တိ၊ ဋ္ဌိတိကာ စ တိဋ္ဌတိ။ ဧဝံ ပါပေတ္တာ ဂဏှန္တေနာပိ အဓိဋ္ဌိတမေဝ ဟောတိ။ သစေ ပန ဃဏ္ဍိံ ပဟရိတ္တာ ဝါ အပ္ပဟရိတ္တာ ဝါ ကာလမ္ပိ ယောသေတ္တာ ဝါ အယောသေတ္တာ ဝါ "အဟမေဝေတ္ထ, မယ္ဟမေဝ ဣမာနိ စီဝရာနီ"တိ ဂဏှာတိ၊ ဒုဂ္ဂဟိတာနိ ဟောန္တိ။ အထ "အညော ကောစိ ဣဓ နတ္ထိ၊ မယ္ဟံ ဧတာနိ ပါပုဏန္တိ"တိ ဂဏှာတိ၊ သုဂ္ဂဟိတာနိ။

ပါတိတေ ကုသေတိ ဧကေကောဋ္ဌာသေ ကုသဒဏ္ဍကေ ပါတိတမတ္တေ သစေပိ ဘိက္ခုသဟဿံ ဟောတိ၊ ဂဟိတမေဝ နာမ စီဝရံ၊ နာကာမာ ဘာဂေါ ဒါတဗ္ဗော-ဟူ၍လည်းကောင်း,

ကာလက်တေတိ ကာလကိရိယာ့ယ။ ဂိလာနုပဋ္ဌာကာနံ ဒါတုန္တိ ဧတ္ထ အနုန္တရံ ဝုတ္တာယ ကမ္မဝါစာယ ဒိန္နမ္ပိ အပလောကေတွာ ဒိန္နမ္ပိ ဒိန္နမေဝ ဟောတိ၊ ဝဋ္ဋတိ-ဟူ၍လည်းကောင်း,

တုယ္ဟေဝ ဘိက္ခု တာနိ စီဝရာနိတိ အညတ္ထ ဂဟေတွာ ဟဋ္ဌာနိပိ တုယ္ဟေဝ၊ နာ တေသံ အညော ကောစိ ဣဿရောတိ။ ဧဝဉ္စ ပန ဝတ္တာ အနာဂတေပိ နိက္ကုက္ကုစ္စာ ဂဏှိဿန္တိတိ ဒဿေတုံ ဣဓ ပနာတိအာဒိမာဟ။ တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဒ္ဒာရာယာတိ သစေ ဂဏပူရကေ ဘိက္ခူ လဘိတ္တာ ကထိနံ အတ္ထတံ ဟောတိ၊ ပဌမာသေ, နော စေ အတ္ထတံ ဟောတိ၊ ဧကံ စီဝရမာသမေဝ၊ ယံ "သံယဿ ဒေမာ"တိ ဝါ ဒေန္တိ၊ "သံယံ ဥဒ္ဒိဿ ဒေမာ"တိ ဝါ ဒေန္တိ၊ "ဝဿံဝုတ္ထသံယဿ ဒေမာ"တိ ဝါ ဒေန္တိ၊ "ဝဿာဝါသိကံ ဒေမာ"တိ ဝါ ဒေန္တိ၊ သစေပိ မတကစီဝရံ အဝိဘဇိတ္တာ တံ ဝိဟာရံ ပဝိသန္တိ၊ တံ တတ္ထ တဿေဝ ဘိက္ခုနော ဟောတိ—

ဟူ၍လည်းကောင်း ဖွင့်ဆိုတော်မူသည်(ဝိ၊ဋ္ဌ၊၃၊၄၁၁၊ ၄၁၂၊၄၁၄)။

ဥတုကာလန္တိ၊ ဟူသည်ကား။ ဝဿာနတော၊ မိုးလမှ။ ဝါ၊ သင်္ကန်းကာလမှ။ အည်၊ တပါးသော။ ကာလံ၊ ကာလ၌။ ဝါ၊ ကာလပတ်လုံး။ တာနိ စီဝရာနိ အာဒါယ သာဝတ္ထိံ ဂန္ဒာတိ ဧတ္ထ၊ ၌။ တာနိ စီဝရာနိ၊ ထိုသင်္ကန်းတို့သည်။ ဂတဂတဋ္ဌာနေ၊ ရောက်ရာရောက်

http://www.dhammadownload.com

ရာ၌။ သံယိကာနေဝ၊ သံယိကတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ဒိဋ္ဌမတ္တမေဝ၊ မြင်ကာမျှသည်သာလျှင်။ ဇတ္ထု၊ ဤအရာ၌။ ပမာဏံ၊ ပမာဏာမည်၏။ တသ္မာ၊ ထို့ကြောင့်။ ကေစိ၊ အချို့သောရဟန်းတို့သည်။ ပဋိပထံ၊ ခရီးရင်ဆိုင်။ အာဂစ္ဆန္တာ၊ လာလတ်ကုန်သော်။ အာဝုသော၊ ငါ့ရှင်။ ကုဟိံ၊ အဘယ်အရပ်သို့။ ဂစ္ဆသိ၊ သွားအံ့နည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတွာ၊ မေး၍။ တမတ္ထံ၊ ထိုအကြောင်းကို။ သုတွာ၊ ကြား၍။ အာဝုသော၊ ငါ့ရှင်။ မယံ၊ ငါတို့သည်။ သံယော၊ သံယာသည်။ န ဟောမ ကိံ၊ မဟုတ်ကုန်သလော။ ဣတိ၊ ဤသို့။ တတ္ထေဝ၊ ထိုတွေ့မြင်ရာ ၌သာလျှင်။ ဘာဇေတွာ၊ ဝေဖန်၍။ သစေ ဂဏှန္တိ၊ ယူကြကုန်အံ့။ သုဂ္ဂဟိတာနိ၊ ကောင်းစွာယူခြင်း မည်ကုန်၏။ ဧသ ဧသော၊ ဤရဟန်းသည်။ မဂ္ဂါ၊ ခရီးမှ။ သြက္ကမိတွာ၊ သက်၍။ ကဿိ၊ တစ်စုံတစ်ခုသော။ ဝိဟာရံ ဝါ၊ ကျောင်းသို့လည်းကောင်း။ သာလံ ဝါ၊ ဇရပ်သို့လည်းကောင်း။ သစေ ပဝိသတိ၊ ဝင်အံ့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တော၊ လှည့်လည်လတ်သော်။ ဧကံ၊ ၁-ခုသော။ ဧဟမေဝ ဝါ၊ အိမ်သို့လည်းကောင်း။ သစေပိ ပဝိသတိ၊ ဝင်အံ့။ တတြ စ၊ ထိုဝင်ရာ၌လည်း။ နံ၊ ထိုရဟန်းကို။ ဘိက္ခူ တို့သည်။ ဒိသွာ၊ မြင်၍။ တမတ္ထံ၊ ထိုအကြောင်းကို။ ပုစ္ဆိတွာ၊ မေး၍။ ဘာဇေတွာ၊ ဝေ၍။ သစေပိ ဂဏှန္တိ၊ ယူကုန်အံ့။ သုဂ္ဂဟိတာနေဝ၊ ကောင်းစွာယူအပ်ကုန်သည်သာတည်း။

အဓိဋ္ဌာတုန္တိ ဇတ္ထ၊ ၌။ အဓိဋ္ဌဟန္တေန၊ ဆောက်တည်သောရဟန်းသည်။ ဝတ္ထံ၊ ဝတ်ကို။ ဇာနိတဗ္ဗံ၊ သိအပ်၏။ ဟိ၊ မှန်၏။ တေန ဘိက္ခုနာ၊ ထို ၁-ပါးတည်း ဝါဆိုသော ရဟန်းသည်။ ယဏ္ဍိ၊ ကျောက်စည်ကို။ ဝါ၊ ခေါင်းလောင်းကြေးစည်ကို။ ပဟရိတွာ၊ ထိုး၍။ ကာလံ၊ အခါကို။ ယောသေတွာ၊ ကြွေးကြော်၍။ ထောက်၊ အတန်ငယ်။ အာဂမေတွာ၊ ငုံ့လင့်၍။ ယဏ္ဍိသညာယ ဝါ၊ ခေါင်းလောင်း, ကြေးစည် အမှတ်ဖြင့်လည်းကောင်း။ ကာလသညာယ ဝါ၊ ကာလအမှတ်ဖြင့်လည်းကောင်း။ ဘိက္ခူ တို့သည်။ သစေ အာဂစ္ဆန္တိ၊ လာကုန်အံ့။ တေဟိ၊ ထိုရဟန်းတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ ဘာဇေတဗ္ဗာနိ၊ ဝေယျအပ်ကုန်၏။ နော စေ အာဂစ္ဆန္တိ၊ မလာကုန်အံ့။ မယံ၊ ငါ့အား။ ဣမာနိ စီဝရာနိ၊ ဤသင်္ကန်းတို့သည်။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ ဒဒမိဋ္ဌာတဗ္ဗာနိ၊ ဆောက်တည်အပ်ကုန်၏။ ဧဝံ၊ ဤသို့။ အဓိဋ္ဌိတေ၊ ဆောက်တည်အပ်သည်ရှိသော်။ သဗ္ဗာနိ၊ အလုံးစုံသော "သံယဿ ဒေမ"ဟု ဆို၍ လျှူအပ်သော သင်္ကန်းတို့သည်။ တသ္မေဝ၊ ထိုရဟန်းအားသာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဋ္ဌိတိကာ ပန၊ ထောရ်စဉ်သည်။ န တိဋ္ဌတိ၊ မတည်။

ဧကေကံ၊ တစ်ခုတစ်ခုကို။ ဥဒ္ဓရိတွာ၊ ထုတ်၍။ အယံ၊ ဤသည်လျှင်။ ပဌမဘာဂေါ၊ ပဌမအဖို့တည်း။ မယံ၊ ငါ့အား။ ပါပုဏာတိ၊ ရောက်၏။ အယံ၊ ဤသည်လျှင်။ ဒုတိယ-

http://www.dhammadownload.com

ဘာဂေါ၊ ဒုတိယအဖို့တည်း။ မယ့်၊ ငဲ့အား။ ပါပုဏ္ဏာတိ၊ ရောက်၏။ ဣတိ ဧဝံ၊ ဤသို့။ သစေ ဂဏှာတိ၊ ယူအံ့။ ဂဟိတာနိ စ၊ ယူအပ်သော သင်္ဘန်းတို့သည်လည်း။ သုဂ္ဂဟိတာနိ၊ ကောင်းစွာယူအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဌိတိကာ စ၊ ထေရ်စဉ်သည်လည်း။ တိဋ္ဌတိ၊ တည်၏။ ဧဝံ၊ ဤသို့။ ပါပေတွာ၊ ရောက်စေ၍။ ဂဏှန္တေနာပိ၊ ယူသော်လည်း။ အဓိဋ္ဌိတမေဝ၊ ဆောက်တည်အပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဃဏ္ဏိ၊ ကို။ ပဟရိတွာ ဝါ၊ ထိုး၍လည်းကောင်း။ အပ္ပဟရိတွာ ဝါ၊ မထိုးမူ၍လည်းကောင်း။ ကာလမ်ဖို့၊ အခါကိုလည်း။ ယောသေတွာ ဝါ၊ ကြွေးကြော်၍လည်းကောင်း။ အယောသေတွာ ဝါ၊ မကြွေးကြော်မူ၍လည်းကောင်း။ ဇတ္ထု၊ ဤကျောင်း၌။ အဟမေဝ၊ ငါတစ်ယောက်သာ ရှိ၏။ ဣမာနိ စီဝရာနိ၊ ဤသင်္ဘန်းတို့သည်။ မယ္ဟမေဝ၊ ငါ၏ ဥစ္စာမည်၏။ ဣတိ၊ ဤသို့။ ဂဏှာတိ၊ ယူ၏။ ဒုဂ္ဂဟိတာနိ၊ မကောင်းသောယူခြင်း မည်ကုန်သည်။ ဝါ၊ ယူအပ်သည် မမည်ကုန်သည်။ ဝါ၊ မရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက်သော ရဟန်းသည်။ ဣဓ၊ ဤကျောင်း၌၊ ဤနေရာ၌။ နတ္ထိ၊ မရှိ။ ဧတာနိ၊ ထိုသင်္ဘန်းတို့သည်။ မယ့်၊ ငဲ့အား။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဣတိ၊ သို့။ အထ ဂဏှာတိ၊ ယူအံ့။ သုဂ္ဂဟိတာနိ၊ ကောင်းသောယူခြင်း မည်ကုန်၏။

ပါတိတေ ကုသေတိ၊ ဟူသည်ကား။ ဧကေကောဌာသေ၊ တစ်ခုသောအစုဌ်။ ကုသဒဏ္ဍကေ၊ ကမ္ပည်းတံကို။ ပါတိတမတ္တေ၊ ချခါမျှဌ်။ ဘိက္ခုသဟဿံ၊ ရဟန်း ၁,၀၀၀-လာရောက်သည်။ သစေပိ ဟောတိ၊ ဖြစ်စေ။ စီဝရံ၊ သည်။ ဂဟိတမေဝ နာမ၊ ယူအပ်ပြီးသာ မည်၏။ အကာမာ၊ မပေးဝေလိုသော်။ ဘာဂေါ၊ အဖို့အစုကို။ န ဒါတဗ္ဗော၊ မပေးအပ်။

ကာလင်္တေတိ၊ ဟူသည်ကား။ ကာလကိရိယာယ၊ သေသည်ရှိသော်။ ဝါ၊ သေလတ်သော်။ ဂိလာနုပဋ္ဌာကာနံ ဒါတုန္တိ ဇတ္ထု၊ ဌ်။ အနန္တရံ၊ အခြားမဲ့ဌ်။ ဝုတ္တာယ၊ ဟောအပ်သော။ ကမ္မဝါစာယ၊ ဖြင့်။ ဒိန္နမ္ပိ၊ ပေးသော်လည်းကောင်း။ အပလောကေတွာ၊ ပန်၍။ ဒိန္နမ္ပိ၊ ပေးသော်လည်းကောင်း။ ဒိန္နမေဝ၊ ပေးအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဝဋ္ဋတိ၊ အပ်၏။

တုယ္ဟေဝ ဘိက္ခု တာနိ စီဝရာနိတိ၊ ဟူသည်ကား။ အညတ္ထ၊ တပါးသော ကျောင်းကို။ ဂဟေတွာ၊ ယူ၍။ ဟဋ္ဌာနိပိ၊ ဆောင်အပ်ကုန်သော်လည်း။ တုယ္ဟေဝ၊ သင့်အားသာလျှင်။ ဟောတိ၊ ၏။ တေသံ၊ ထိုရဟန်းတို့တွင်။ အညော၊ တပါးသော။ ဣဿရော၊ အစိုးရသော ရဟန်းသည်။ နတ္ထိ၊ မရှိ။ ဣတိ ဧဝဉ္စ ပန၊ ဤသို့လျှင်။ ဝတွာ၊ ဟောတော်မူ၍။ အနာဂတေပိ၊ နောင်အခါ၌လည်း။ ကုက္ကုစ္စာ၊ သံသယရှိသော

http://www.dhammadownload.com

ရဟန်းတို့သည်။ နှ ဂဏ္ဍိသန္တိ၊ မယူကြကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ဒသေတုံ၊ ပြခြင်းငှာ။ ဣဓ ပနာတိအာဒိ၊ ဤသို့ အစရှိသော စကားကို။ အာဟ၊ ၏။ တသ္မေ တာနိ စီဝရာနိ ဃာဝ ကထိနဿ ဥဒ္ဓာရာယာတိ၊ ဟူသည်ကား။ ဂဏပူရကေ၊ ဂိုဏ်းပြည့်ကုန်သော။ ဘိက္ခူ။ တို့ကို။ လဘိတွာ၊ ရ၍။ ကထိန်၊ ကို။ အတ္ထတံ၊ ခင်းသည်။ သစေ ဟောတိ၊ ဖြစ်အံ့။ ပဋ္ဌမာသေ၊ ၅-လတို့ပတ်လုံး။ အတ္ထတံ၊ ခင်းသည်။ နော စေ ဟောတိ၊ မဖြစ်အံ့။ ဧကံ၊ ၁-ခု သော။ စီဝရမာသမေဝ၊ သင်္ကန်းကာလပတ်လုံး သာလျှင်။ လဘတိ၊ ရ၏။ သံဃသ္သ ဒေမာတိ ဒေန္တိတိ၊ ဟူသည်ကား။ သံဃံ၊ ကို။ ဥဒ္ဒိဿ၊ ရည်၍။ ဒေမာတိ ဝါ၊ ဟူ၍လည်းကောင်း။ ဒေန္တိ၊ လှူကုန်၏။ ဝဿံဝုတ္ထသံဃဿ၊ ဝါကျွတ်သော သံဃာအား။ ဒေမာတိ ဝါ၊ ဟူ၍ လည်းကောင်း။ ဒေန္တိ၊ လှူကုန်၏။ ဝဿာဝါသိကံ၊ ဝါဆိုသင်္ကန်းကို။ ဒေမာတိ ဝါ၊ ဟူ၍ လည်းကောင်း။ ဒေန္တိ၊ လှူကုန်၏။ မတကစီဝရံ၊ မပေးဘဲသေသော ရဟန်း၏သင်္ကန်းကို။ အဝိဘဇိတွာ၊ မဝေယူမူ၍။ တံ ဝိဟာရံ၊ ထိုကျောင်းသို့။ သစေ ပဝိသန္တိ၊ ဝင်ကုန်အံ့။ တံ တတ္ထ၊ ထိုအလုံးစုံသည်။ တသ္မေဝ ဘိက္ခုနော၊ ထိုရဟန်းအား သာလျှင်။ ဟောတိ၊ ၏။ ဝါ၊ ရဟန်း၏သာလျှင်။ သန္တကံ၊ သည်။ ဟောတိ၊ ၏။

၅။ ဝိမတိဝိနောဒနီဋီကာ၌လည်း–

> ပါဠိယံ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကန္တိ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿေဝ သန္တကံ ဟုတ္ဝာ ကဿစိ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံ ဘဝိတုံ အနုဇာနာမီတိ အတ္ထော–

ဟု ဖွင့်တော်မူသည်(ဝိမတိ၊ ၂။၂၀၁)။

၆။ ဝိနယာလင်္ကာရဋီကာ(၂။၃၅)၌လည်း–

> တေသု တိစီဝရပတ္တံ ဂိလာနုပဋ္ဌာကဿ ဘာဂေါ ဟောတိ၊ အဝသေသလဟုဘဏ္ဍံ သမ္မုခီဘူတသံဃဿ၊ ပဋ္ဌဝိသတိဝိဓဂရုဘဏ္ဍံ စာတုဒ္ဒိသသံဃဿ–

ဟု လာသည်။

၇။ စီဝရကွန္ဓကပါဠိတော်၌လည်း–

> ဣဓ ပန ဘိက္ခဝေ ဘိက္ခူ ဘိက္ခူဿ ဟတ္ထေ စီဝရံ ပဟိဏာတိ "ဣမံ စီဝရံ ဣတ္ထန္နာမဿ ဒေထာ"တိ။ သော အန္တရာမဂ္ဂေ သုဏာတိ "ယော ပဟိဏာတိ၊ သော ကာလင်္ကတော"တိ၊ တဿ မတကစီဝရံ အဓိဋ္ဌာတိ၊ သွာဓိဋ္ဌံ–

ဟု လာသည်။ အဋ္ဌကထာမှာ မဖွင့်(ဝိ၊၃။၄၂၆)။

http://www.dhammadownload.com

၈။ သာရတ္ထဒီပနီဋီကာ၌–

> **မတကစီဝရံ အဓိဋ္ဌာတီတိ** ဇေတ္ထ မဂ်ံ ဂစ္ဆန္တော တဿ ကာလကိရိယံ သုတ္ဝာ အဝိဟာရဋ္ဌာနေ စေ ဒွါဒသရတနုဗ္ဗေဓရေ အညေသံ ဘိက္ခူနံ အဘာဝံ ဉ တ္ဝာ "ဣဒံ စီဝရံ မယှံ ပါပုဏာတီ"တိ အဓိဋ္ဌာတိ၊ သွာဓိဋ္ဌိတံ–

ဟု ဖွင့်သည်(သာရတ္ထ၊၃။၃၄၃)။

မတကစီဝရံ အဓိဋ္ဌာတီတိ ဇေတ္ထ၊ ၌။ မဂ်ံ၊ ခရီးသို့။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ တဿ၊ ထိုရဟန်း၏။ ကာလကိရိယံ၊ သေခြင်းကို၊ သုတ္ဝာ၊ ကြား၍။ အဝိဟာရဋ္ဌာနေ၊ ကျောင်း မဟုတ်သောနေရာ၌။ စေ ဟောတိ၊ ဖြစ်ငြားအံ့။ ဒွါဒသရတနုဗ္ဗေဓရေ၊ ၁၂-တောင် အတွင်း ၌။ အညေသံ ဘိက္ခူနံ၊ တပါးသောရဟန်းတို့၏။ အဘာဝံ၊ မရှိသည် အဖြစ်ကို။ ဉ တ္ဝာ၊ သိ၍။ ဣဒံ စီဝရံ၊ ဤသင်္ကန်းသည်။ မယှံ၊ ငါ့အား။ ပါပုဏာတိ၊ ရောက်၏။ ဣတိ၊ သို့။ အဓိဋ္ဌာတိ၊ ဆောက်တည်၏။ သွာဓိဋ္ဌိတံ၊ ကောင်းသော ဆောက်တည်ခြင်း မည်၏။

၉။ ဤသို့ ပြဆိုအပ်သော ပါဠိ,အဋ္ဌကထာ,ဋီကာတို့၏ လိုရင်းစကားကျ ပိဏ္ဍတ္ထကို ပြဆိုအံ့။

> ဣဓ ပန ဘိက္ခဝေ ဘိက္ခု ဧကော ဝဿံ ဝသတိ၊ တတ္ထ မနုဿာ "သံဃဿ ဒေမာ"တိ စီဝရာနိ ဒေန္တိ၊ အနုဇာနာမိ ဘိက္ခဝေ တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဒ္ဒါရာယ–

ဟု ဟောတော်မူသော ပါဠိတော်၌ ၁-ခုသောကျောင်းတိုက်၌ ရဟန်း ၁-ပါးတည်း ဝါဆို၍ ဝါကျွတ်သောအခါ ထိုကျောင်း၌ ဂိုဏ်းပြည့်ရဟန်းတို့ကို ရ၍ ကထိန်ခင်းမူ သီတင်းကျွတ် လပြည့်ကျော် ၁-ရက်နေ့မှ စ၍ တပေါင်းလပြည့်နေ့တိုင် ၅-လအတွင်း, ကထိန်မခင်းမူ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်မှ စ၍ တန်ဆောင်မုန်းလပြည့်တိုင် ၁-လ အတွင်း၌ "သံဃဿ ဒေမ"ဟု ဆို၍ လှူသောသင်္ကန်းကို ထိုကျောင်း၌နေသော ရဟန်း ၁-ပါးသာ ပိုင်ဆိုင်သည်။ တပါးသောရဟန်းတို့ မဆိုင်-ဟု ပြတော်မူသည်။

"တေန ခေါ ပန သမယေန အညတရော ဘိက္ခု ဥတုကာလံ ဧကော ဝသိ။ တတ္ထ မနုဿာ 'သံဃဿ ဒေမာ'တိ စီဝရာနိ အဒံသု" စသည်ဖြင့်လည်းကောင်း၊ "အနုဇာနာမိ ဘိက္ခဝေ သမ္မုခီဘူတေန သံဃေန ဘာဇေတုံ"စသည်ဖြင့်လည်းကောင်း၊ "အနုဇာနာမိ ဘိက္ခဝေ တေန ဘိက္ခုနာ တာနိ စီဝရာနိ အဓိဋ္ဌာတုံ 'မယှ်မာနိ စီဝရာနိ'တိ" စသည်ဖြင့်လည်းကောင်း ဟောတော်မူသော ပါဠိတော်၌ ကထိန်ခင်းမူ တပေါင်းလပြည့် ကျော် ၁-ရက်နေ့မှ စ၍ သီတင်းကျွတ်လပြည့်နေ့တိုင်အောင် ၇-လအတွင်း, ကထိန်မခင်းမူ

http://www.dhammadownload.com

တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှ စ၍ သီတင်းကျွတ်လပြည့်နေ့တိုင်အောင် ၁၁-လ အတွင်း၌ ရဟန်း ၁-ပါးတည်းနေသော ကျောင်း၌ "သဃသ ဒေမ"ဟု ဆို၍ လှူသော သင်္ဃန်းကို ထိုကျောင်းတိုက်သို့ လာရောက်သော သမ္မုခီဘူတ ဖြစ်သော ရဟန်းတို့နှင့် အမျှ ဝေယူထိုက်သည်။ ဝေယူသောအခါ ကမ္ပည်းတံချ၍ ၁-ခုသောအဖို့ကို ကောက်ယူ မိမှ လာရောက်ပြန်သော ရဟန်းတို့အား မဝေလိုမူ မဝေဘဲ နေအပ်သည်။ တပါးသော ရဟန်းတို့မလာမီ "ဣမာနိ စီဝရာနိ မယ္ဟံ ပါပုဏန္တိ"ဟု ဆို၍ ဆောက်တည်ယူမူ ထိုရဟန်းသာ ရထိုက်သည်။ တပါးသောရဟန်းတို့ မရထိုက်, မပိုင်ထိုက်-ဟု ပြတော်မူသည်။

အဋ္ဌကထာ၌လည်း ထိုရဟန်းသည် "သံဃသ ဒေမ"ဆို၍ လှူသောသင်္ဃန်းကို မသိတတ်၍ "ဣမာနိ စီဝရာနိ မယ္ဟံ ပါပုဏန္တိ"ဟု မဆိုမယူဘဲ တပါးသောအရပ်သို့ ထွက်သွားမူ ရောက်ရာ၌ မြင်သော ရဟန်းတို့က အကြောင်းကို မေး၍ သိမူ ဝေယူအပ်သည်-ဟု ပြတော်မူသည်။

ထို့ကြောင့် ၁-ခုသောကျောင်း၌ ကထိန်ကာလမှ တပါးသောကာလတို့၌ "သံဃသ ဒေမ"ဟု ဆို၍ လှူသောသင်္ဃန်းကို ထိုကျောင်း၌ ရဟန်းသည် မလိမ္မာ၍ "**ဣဒံ စီဝရံ မယ္ဟံ ပါပုဏာတိ၊ ဣမာနိ စီဝရာနိ မယ္ဟံ ပါပုဏန္တိ**"ဟု ဆောက်တည်၍ မယူဘဲ "ငါသာ ပိုင်အပ်သည်"ဟု ထင်မှတ်၍နေမူ တပါးက လာရောက်သောရဟန်းတို့က မေး၍ သိမူ ဝေယူထိုက်သည်ဟု မှတ်။

၁၀။ **ပါဠိတော်၌** "သမ္မုခီဘူတေန သံဃေန ဘာဇေတုံ"ဟု လာသည်။

၁၁။ **အဋ္ဌကထာ၌** "ဘိက္ခူဟိ ဒိဋ္ဌမတ္တ'မေဝ'တ္ထ ပမာဏံ"ဟု လာသည်။ "**သမ္မုခီ-ဘူတေနာတိ ဒိဋ္ဌမတ္တဘူတေန**" ဟု ဖွင့်ဆိုသည်။

"တေန ခေါ ပန သမယေန အညတရော ဘိက္ခု ဗဟုဘဏ္ဍော ဗဟုပရိက္ခာရော ကာလင်္တော"စသည်ဖြင့်လည်းကောင်း၊ "ယံ တတ္ထ လဟုဘဏ္ဍံ လဟုပရိက္ခာရံ၊ တံ သမ္မုခီ-ဘူတေန သံဃေန ဘာဇေတုံ"စသည်ဖြင့်လည်းကောင်း ဟောတော်မူသော ပါဠိတော်၌ နောက်ကပြဆိုအပ်သော ဥတုဝဿာနကာလ၌ ရဟန်းတစ်ပါးတည်းနေရာ "သံဃသ ဒေမ"ဆို၍ လှူသောသင်္ဃန်းနှင့်အတူ မတသန္ဆကပစ္စည်းကို မှတ်ယူရမည်ဟု ပြတော်မူခြင်းငှာ **အဋ္ဌကထာ၌**–

> သစေပိ မတကစီဝရံ အဝိဘဇိတ္ဝာ တံ ဝိဟာရံ ပဝိသန္တိ၊ တံ သဗ္ဗံ တသ္သေဝ ဘိက္ခုနော ဟောတိ– ဟု ဆိုတော်မူသည်(ဝိ၊ဋ၊၃။၄၁၁)။

http://www.dhammadownload.com

ထို့ကြောင့် မပေးမအပ်ဘဲ သေသောကျောင်း၌ သံယိကပစ္စည်း ဂရုဘဏ်မှာ တစ်စုံတစ်ယောက်သောသူသည် မဝေယူထိုက်။ စတုဒိသာသံဃာတို့ဥစ္စာ ဖြစ်သည်။ လဟုဘဏ်မှာ သင်္ကန်းကာလမဟုတ်မူ တပါးတိုက်ကလာသော ရဟန်းတို့လည်း ဝေယူထိုက်သည်။

ရဟန်း ၂-ပါးနေရာ ၁-ပါးသေ၍ တပါးသောရဟန်းတို့မလာမီ လဟုဘဏ် ပစ္စည်းကို "ဣမာနိ ဝတ္ထူနိ မယ္ဟံ ပါပုဏန္တိ"ဟု ဆို၍ ဆောက်တည်ယူရမည်။ ထိုသို့ မသိ၍ မဝေမယူဘဲ အဓိဋ္ဌာန်မတင်ယူဘဲ ထိုကျောင်း၌ နေသောရဟန်းသာ ဆိုင်သည်ဟု ထင်မှတ်နေမူ တပါးကလာရောက်သော ရဟန်းတို့သည် အကြောင်းကို မေး၍ သိမူ လဟုဘဏ် ပစ္စည်းဟူသမျှကို ဝေယူထိုက်သည်-ဟု မှတ်။ ဂရုဘဏ်ပစ္စည်းသည် စတုဒိသာသံဃာ့ဥစ္စာဟုဆိုသော ဝိမတိဝိနောဒနီဋီကာကို ထောက်၍လည်း လဟုဘဏ်မှာ လာရောက်သော သံဃာ့ဥစ္စာဖြစ်သည်-ဟု မှတ်။ ယခင်ပြဆိုအပ်သော ဥတုဝဿကာလ၌ နေသော ရဟန်းအား "သံဃဿ ဒေမ"ဟု ဆို၍ လျှူသောသံယိက၌ "သမ္မုခီဘူတေန သံဃေန ဘာဇေတုံ"ဟု ဟောတော်မူသော ပါဠိတော်အရ သမ္မုခီဘူတသံယိကနှင့် မတသန္တကအရာ၌လာသော သမ္မုခီဘူတသံယိကသည် အထူးမရှိသောကြောင့် အဋ္ဌကထာ, ဋီကာတို့၌ အထူးမဆိုကြကုန်။ ထို့ကြောင့် အထူးမရှိ၊ တူသည်သာ-ဟု မှတ်။

၁၂။ သာရတ္ထဒီပနီဋီကာ(၃။၃၄၃)၌လာသော ကျောင်းတိုက် မဟုတ်ရာ၌ မတသန္တကပစ္စည်းကို ၁၂-တောင်အတွင်း၌ "ရဟန်း မရှိ"ဟု သိ၍ "ဣဒံ စီဝရံ မယ္ဟံ ပါပုဏာတိ"ဟု ဆို၍ ယူရမည်-ဟု ဆိုသဖြင့် ကျောင်းတွင်းဖြစ်မူ ကျောင်းတိုက်၌ ရဟန်းမရှိ-ဟုသိ၍ တစ်ပါးတည်း ကျန်ရစ်မူ မတသန္တကပစ္စည်းတွင် သင်္ကန်းကို "ဣဒံ စီဝရံ မယ္ဟံ ပါပုဏာတိ"၊ သပိတ်ကို "အယံ ပတ္တော မယ္ဟံ ပါပုဏာတိ"၊ ဤသို့ အသီးအသီး အမည်နှင့်ဖြစ်စေ၊ အလုံးစုံ လဟုဘဏ်-ဟူသမျှကို "ဣမာနိ ဝတ္ထူနိ မယ္ဟံ ပါပုဏန္တိ"ဟု ဆို၍ဖြစ်စေ ဆောက်တည်ယူမူ အပ်သည်-ဟု မှတ်။

ဤသို့လျှင် ရဟန်းတစ်ပါးတည်းနေရာ "သံဃဿ ဒေမ"ဟု ဆို၍ လျှူသော သမ္မုခီဘူတသံယိက, မတသန္တကဖြစ်သော သမ္မုခီဘူတသံယိကတို့၏ ဝေယူအပ်သောအဖြစ်ကို သိအပ်သည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၅၂] အခြားကျောင်းတိုက်တွင်းရှိ မတသန္တကာ

(၁)မေး။ ။တစ်ခုသောကျောင်း၌ မပေးအပ်ခဲ့ဘဲ သေသော မတသန္တကပစ္စည်းသည် တပါးသောကျောင်းတိုက်၌ ရှိနေရာ အဘယ်တိုက်သံဃာဆိုင်ပါသနည်း။

ဖြေ။ ။၁။ အကြောင်း အဒတ္တာ ဒုရေ ဌပိတပရိက္ခာရာပိ တတ္ထ တတ္ထ သံဃဿေဝ ဟောန္တိ

ဟု **စီဝရက္ခန္ဓကအဋ္ဌကထာ**၌ လာသည်(ဝိ၊ဋ္ဌ၊၃၊၄၁၅)။

၂။ **သာရတ္ထဒီပနီဋီကာ**၌လည်း–

တတ္ထ တတ္ထ သံဃဿေဝါတိ တသ္မိံ တသ္မိံ ဝိဟာရေ သံဃဿေဝ–

ဟု ဖွင့်တော်မူသည်(သာရတ္ထ၊၃၊၃၄၃)။

၃။ **ဝိမတိဝိနောဒနီဋီကာ**(၂၊၂၀၁)၌လည်း နည်းတူ လာသည်။

၄။ **ဝိနယာလင်္ကာရဋီကာ**(၂၊၃၃-၄)၌ကား–

တတ္ထ တတ္ထ သံဃဿေဝါတိ တသ္မိံ တသ္မိံ ဝိဟာရေ သံဃဿေဝ။ ဘိက္ခုနော ကာလင်္တဒ္ဒါနံ သန္ဓာယ "ဣဓ"တိ ဝတ္ထွေ "တတ္ထာ"တိ ဝုတ္တတ္တာ ဝိစ္ဆာဝ-စနတ္တာ စ ပရိက္ခာရဿ ဌပိတဒ္ဒါနံ ဝုတ္တန္တိ ဝိညာယတိ–

ဟု လာသည်။

တတ္ထ တတ္ထ သံဃဿေဝါတိ၊ ဟူသည်ကား။ **တသ္မိံ တသ္မိံ ဝိဟာရေ**၊ ထိုထို ကျောင်း၌။ **သံဃဿေဝ**၊ သံဃာအားသာလျှင်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ ၏သာလျှင်။ သန္ဓက်၊ သည်။ ဘိက္ခုနော၊ ၏။ ကာလင်္တဒ္ဒါနံ၊ သေသောနေရာကို။ သန္ဓာယ၊ ရည်၍။ ဣဓာတိ၊ ဟူ၍။ ဝတ္ထွေ၊ ဆိုအပ်လျက်။ တတ္ထာတိ၊ ဟူ၍။ ဝုတ္တတ္တာ စ၊ ဆိုသောကြောင့်လည်းကောင်း။ ဝိစ္ဆာဝစနတ္တာ စ၊ ဝိစ္ဆာစကား ဖြစ်သောကြောင့်လည်းကောင်း။ ပရိက္ခာရဿ၊ ပရိက္ခရာ၏။ ဌပိတဒ္ဒါနံ၊ ထားရာအရပ်ကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဝိညာယတိ၊ သိအပ်၏။

ထို ဝိနယာလင်္ကာရစကားသည် "သစေပိ မတကစီဝရံ အဝိဘဇိတ္ဝာ တံ ဝိဟာရံ ပဝိသန္တိ၊ တံ သဗ္ဗံ တဿေဝ ဘိက္ခုနော ဟောတိ"ဟု ဆိုသော အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃၊၄၁၁)နှင့် ညီသည်။ ထိုအဋ္ဌကထာပါဠိဖြင့် ပစ္စည်းရောက်ရာ သံဃာဆိုင်ကြောင်း အလွန်ထင်ရှားသည်။

http://www.dhammadownload.com

ထို့ကြောင့် မပေးဘဲသေသော ရဟန်း၏ ပစ္စည်းသည် တပါးသောကျောင်း၌ ရှိမူ ထိုပစ္စည်းတည်သော ကျောင်း၌ သံဃာတို့ဆိုင်သည်။

ပုဂ္ဂိုလ်သေရာ ကျောင်း၌တည်သော ပစ္စည်းကိုသာ ပုဂ္ဂိုလ်သေရာကျောင်းသံဃာ ဆိုင်သည်-ဟု သန္နိဋ္ဌာန်ကျ မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၁၅၃] အဓိဋ္ဌာန်တင် တိစီဝရိက်သင်္ကန်းကို ဝိကပ္ပနာပြုခြင်း

(၁)မေး။ ။ အဓိဋ္ဌာန်တင်သော တိစီဝရိက်သင်္ကန်းကို ဝိကပ္ပနာ ပြုအပ်ပါမည်လော?

ဖြေ။ ။

၁။ **စီဝရကွန္ဓကပါဠိတော်၌-**

အနုဇာနာမိ ဘိက္ခဝေ အတိရေကစီဝရံ ဝိကပ္ပေတုန္တိ-ဟူ၍လည်းကောင်း၊

အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ အဓိဋ္ဌာတုံ နဝိကပ္ပေတုံ၊ ဝဿိကသာဋိကံ ဝဿာနံ စာတုမာသံ အဓိဋ္ဌာတုံ တတော ပရံ ဝိကပ္ပေတုံ၊ နိသီဒနံ အဓိဋ္ဌာတုံ နဝိကပ္ပေတုံ၊ ပစ္စတ္ထရဏံ အဓိဋ္ဌာတုံ နဝိကပ္ပေတုံ၊ ကဏ္ဍုပ္ပဋိစ္ဆာဒိံ ယာဝ အာဗာဓာ အဓိဋ္ဌာတုံ တတော ပရံ ဝိကပ္ပေတုံ၊ မုခပုဉ္ဆနစောဠံ အဓိဋ္ဌာတုံ နဝိကပ္ပေတုံ၊ ပရိက္ခာရစောဠံ အဓိဋ္ဌာတုံ နဝိကပ္ပေတုန္တိ-

ဟူ၍လည်းကောင်း(ဝိ၊၃။၄၁၁)၊

အနုဇာနာမိ ဘိက္ခဝေ အာယာမေန အဋ္ဌင်္ဂုလံ သုဂတင်္ဂုလေန စတုရင်္ဂုလဝိတ္ထကံ ပစ္ဆိမံ စီဝရံ ဝိကပ္ပေတုန္တိ-

ဟူ၍လည်းကောင်း လာသည်(ဝိ၊၃၊၄၁၂)။

၂။ **ပရိဝါပါဠိတော်၌-**

နဝ စီဝရာနိ အဓိဋ္ဌာတဗ္ဗာနိ။ နဝ စီဝရာနိ နဝိကပ္ပေတဗ္ဗာနိ-

ဟု လာသည်(ဝိ၊၅။၂၄၅)။

http://www.dhammadownload.com

၃။ ပါရာဇိကဏ်ပါဠိတော် (က) ပဌမကထိနသိက္ခာပုဒ်၌-

အတိရေကစီဝရံ နာမ အနဓိဋ္ဌိတံ အဝိကပ္ပိတံ(ဝိ၊၁။၂၉၅)- ဟူ၍လည်းကောင်း၊

အနာပတ္တိ အန္တောဒသာဟံ အဓိဋ္ဌေတိ၊ ဝိကပ္ပေတိ၊ ဝိဿဇ္ဇေတိ(ဝိ၊၁။၂၉၆)-

စသည်ဖြင့်လည်းကောင်း၊

(ခ) ဒုတိယကထိနသိက္ခာပုဒ်၌-

အနာပတ္တိ အန္တောအရုဏေ ပစ္စုဒ္ဓရတိ၊ ဝိဿဇ္ဇေတိ(ဝိ၊၁။၃၀၂)-

စသည်ဖြင့်လည်းကောင်း၊

(ဂ) တတိယကထိနသိက္ခာပုဒ်၌-

အနာပတ္တိ အန္တောမာသေ အဓိဋ္ဌေတိ၊ ဝိကပ္ပေတိ၊ ဝိဿဇ္ဇေတိ(ဝိ၊၁။၃၀၅)-

စသည်ဖြင့်လည်းကောင်း။

၄။ အစ္ဆေကသိက္ခာပုဒ်၌-

အနာပတ္တိ အန္တောသမယေ အဓိဋ္ဌေတိ၊ ဝိကပ္ပေတိ၊ ဝိဿဇ္ဇေတိ(ဝိ၊၁။၃၀၆)-

စသည်ဖြင့်လည်းကောင်း၊

၅။ သာသင်္သိက္ခာပုဒ်၌-

အနာပတ္တိ အန္တောဆာရတ္တံ ပစ္စုဒ္ဓရတိ၊ ဝိဿဇ္ဇေတိ(ဝိ၊၁။၃၀၉)-

စသည်ဖြင့်လည်းကောင်း လာသည်။

၆။ ပဌမကထိနသိက္ခာပုဒ် အဋ္ဌကထာ ဝိကပ္ပနာအဖွင့်(ဝိဋ္ဌ၊၂။၂၃၁)၌-

အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ အဓိဋ္ဌာတုံ နဝိကပ္ပေတုန္တိအာဒိဝစနတော စ ဣဒံ "ဝိကပ္ပေတိ"တိ အဝိသေသေန ဝုတ္တစဝနံ ဝိရုဒ္ဓံ ဝိယ ဒိဿတိ၊ နစ ဝိရုဒ္ဓံ တထာဂတာ ဘာသန္တိ-

ဟူ၍လည်းကောင်း၊

တိစီဝရံ တိစီဝရသမ်ဓေပေနေဝ ပရိဟာရတော အဓိဋ္ဌာတုမေဝ အနုဇာနာမိ၊ နဝိကပ္ပေတုံ။ ဝဿိကသာဋိကံ ပန စာတုမာသတော ပရံ ဝိကပ္ပေတုမေဝ၊ နအဓိဋ္ဌာတုံ။ ဧဝဉ္စ သတိ ယော တိစီဝရေ ဧကေန စီဝရေန ဝိပ္ပဝသိတုကာမော

http://www.dhammadownload.com

ဟောတိ၊ တဿ တိစီဝရာဓိဋ္ဌာနံ ပစ္စုဒ္ဓရိတ္ဘာ ဝိပ္ပဝါသသုခတ္ထံ ဝိကပ္ပနာယ ဩကာသော ဒိန္နော ဟောတိ–

ဟူ၍လည်းကောင်း ဆိုတော်မူသည်။

၇။ သာသင်္ကာပုဒ် အဋ္ဌကထာ၌လည်း–

ဧဝံ အသင်္ကောန္တေန တတ္ထေဝ ဌိတေန ပစ္စုဒ္ဓရိတဗ္ဗံ။ အတိရေကစီဝရဋ္ဌာနေ ဌဿတီတိ-

ဟု ဆိုတော်မူ၏(ဝိဋ္ဌ၊၂။၃၁၀)။

၈။ သာရတ္ထဒီပနီဋီကာ၌လည်း–

တိစီဝရသဒ္ဒေပေနာတိ တိစီဝရနိဟာရေန၊ သံဃာဋိအာဒိအဓိဋ္ဌာနဝသေနာတိ ဝုတ္တံ ဟောတိ(သာရတ္ထ၊၂။၃၉၂)–

ဟု ဆိုတော်မူသည်။

၉။ ပရိဝါအဋ္ဌကထာ၌လည်း–

နဝ စီဝရာနီတိ တိစီဝရန္တိ ဝါ ဝဿိကသာဋိကာတိ ဝါတိအာဒိနာ နယေန ဝုတ္တာနိ။ န ဝိကပ္ပေတဗ္ဗာနီတိ အဓိဋ္ဌိတကာလတော ပဋ္ဌာယ န ဝိကပ္ပေတဗ္ဗာနိ–

ဟု ဖွင့်တော်မူသည်(ဝိဋ္ဌ၊၄။၁၈၁)။

၁၀။ ဝဇိရဗုဒ္ဓိဋီကာ၌လည်း–

အဓိဋ္ဌိတကာလတော ပဋ္ဌာယ န ဝိကပ္ပေတဗ္ဗာနိ၊ အဓိဋ္ဌိတကာလတော ပဋ္ဌာယ အပစ္စုဒ္ဓရိတ္ဘာ န ဝိကပ္ပေတဗ္ဗာနိတိ အဓိပ္ပါယော–

ဟု ဖွင့်တော်မူသည်(ဝဇိရ။၅၆၁)။

၁၁။ သာရတ္ထဒီပနီဋီကာ၌လည်း–

အဓိဋ္ဌိတကာလတော ပဋ္ဌာယ န ဝိကပ္ပေတဗ္ဗာနိတိ ဝိကပ္ပေန္တေန အဓိဋ္ဌာနတော ပုဗ္ဗေ ဝါ ဝိကပ္ပေတဗ္ဗံ၊ ဝိဇဟိတာဓိဋ္ဌာနံ ဝါ ပစ္ဆာ ဝိကပ္ပေတဗ္ဗံ။ အဝိဇဟိတာဓိဋ္ဌာနံ ပန န ဝိကပ္ပေတဗ္ဗန္တိ အဓိပ္ပါယော–

ဟု ဖွင့်တော်မူသည်(သာရတ္ထ၊၃။၄၈၀-၁)။

http://www.dhammadownload.com

အဓိဋ္ဌိတ ။ပ။ နဲ့ ဝိကပ္ပေတဗ္ဗာနီတိ၊ ဟူသည်ကား။ ဝိကပ္ပေန္တေန၊ ဝိကပ္ပနာပြုသော ရဟန်းသည်။ အဓိဋ္ဌာနတော၊ အဓိဋ္ဌာန်တင်သည်မှ။ ပုဗ္ဗေ ဝါ၊ ရှေးဦးလည်း။ ဝိကပ္ပေတဗ္ဗံ၊ ဝိကပ္ပနာပြုအပ်၏။ ဝိဇဟိတာဓိဋ္ဌာနံ ဝါ၊ စွန့်အပ်သော အဓိဋ္ဌာန်ရှိသော သင်္ကန်းကိုလည်း။ ပစ္ဆာ၊ အဓိဋ္ဌာန်ကို စွန့်သည့်နောက်၌။ ဝိကပ္ပေတဗ္ဗံ၊ ဝိကပ္ပနာပြုအပ်၏။ အဝိဇဟိတာဓိဋ္ဌာနံ ပန၊ မစွန့်အပ်သော အဓိဋ္ဌာန်ရှိသော သင်္ကန်းကိုကား။ နဲ့ ဝိကပ္ပေတဗ္ဗံ၊ ဝိကပ္ပနာ မပြုအပ်။ ဣတိ အယံ၊ ဤသည်လျှင်။ အဓိပ္ပါယော၊ တည်း။

၁၂။ ဝိနယတ္ထမဇ္ဈုသာမည်သော လိနတ္ထပကာသနီဋီကာ၌လည်း—

> **တိစီဝရံ အဓိဋ္ဌာတုန္တိ** နာမံ ဝတ္တာ အဓိဋ္ဌာတုံ။ **နဲ့ ဝိကပ္ပေတုန္တိ** သယ်ာဋိအာဒိနာ-မေန ဝိကပ္ပေတုံ နဲ့ အနုဇာနာမီတိ အတ္ထော။ "ဣမံ စီဝရံ ဝိကပ္ပေမီ"တိ ပန ဝိကပ္ပေတုံ ဝဋ္ဋတီယေဝ။ သာမညဝစနံ ပန တိစီဝရဿ ကဏ္ဍုပ္ပဋိစ္ဆာဒိ-ဝသိကသာဋိကာနံ ဝိယ ကာလဝသေန ဝိသေသာဘာဝါ စဿ ဝိကပ္ပေတဗ္ဗ-တာတိ ဒဿနတ္ထံ၊ နဲ့ ပန သဗ္ဗထာ ဝိကပ္ပနပဋိသေဓနတ္ထန္တိ ဒဋ္ဌဗ္ဗံ။ တထာ ဟိ ပုရာဏစီဝရံ ပစ္စုဒ္ဓရိတ္ဝာ နဝဿ အဓိဋ္ဌာနဝစနတော, "အနာပတ္တိ အဓိဋ္ဌေတိ ဝိကပ္ပေတီ"တိ အာဒိဝစနတော စ တိစီဝရဿပိ ဝိကပ္ပနာယ ဩကာသော ဒိန္နော။ ဧသေ နယော သဗ္ဗတ္ထ။ တိစီဝရာဒိနိ ဟိ အဓိဋ္ဌဟန္တေန "ဣမံ သယ်ာဋိံ အဓိဋ္ဌာမိ"တိ အာဒိနာ တံ တံ နာမံ ဝတ္ဝာ အဓိဋ္ဌာတဗ္ဗံ။ ဝိကပ္ပေန္တေန ပန "ဣမံ သယ်ာဋိ"န္တိ အာဒိနာ တဿ တဿ စီဝရဿ နာမံ အဂ္ဂဟေတ္ဝာ "ဣမံ စီဝရံ တုယ္ဟံ ဝိကပ္ပေမီ" တိ ဝိကပ္ပေတဗ္ဗံ။ တိစီဝရံ ဝါ ဟောတု, အညံ ဝါ၊ ယဒိ တံ တံ နာမံ ဂဟေတ္ဝာ ဝိကပ္ပေတိ၊ အဝိကပ္ပိတံ ဟောတိ၊ အတိရေကစီဝရဋ္ဌာနေ ယေဝ တိဋ္ဌတိ-

ဟု ဆိုတော်မူသည်(ကခ်ီ၊ဋီ-သစ်။၂၈၀)။

တိစီဝရံ အဓိဋ္ဌာတုန္တိ၊ ဟူသည်ကား။ နာမံ၊ အမည်ကို။ ဝတ္ဝာ၊ ဆို၍။ အဓိဋ္ဌာတုံ၊ ဌာ။ နဲ့ ဝိကပ္ပေတုန္တိ၊ ဟူသည်ကား။ သယ်ာဋိအာဒိနာမေန၊ သယ်ာဋိအစရှိသောအမည်ဖြင့်။ နဲ့ ဝိကပ္ပေတုံ၊ ဝိကပ္ပနာ မပြုစေခြင်းဌာ။ အနုဇာနာမိ၊ ၏။ ဣတိ အယံ၊ လျှင်။ အတ္ထော၊ တည်း။ ဣမံ စီဝရံ ဝိကပ္ပေမီတိ၊ ဟူ၍။ ဝိကပ္ပေတုံ ပန၊ ဝိကပ္ပနာပြုခြင်းဌာကား။ ဝဋ္ဋတီ ယေဝ၊ အပ်သည်သာတည်း။ ပန၊ အထူးကို ဆိုအံ့။ တိစီဝရဿ၊ ၏။ သာမညဝစနံ၊ သာမညစကားသည်။ ဟောတိ၊ ၏။ ကဏ္ဍုပ္ပဋိစ္ဆာဒိဝသိကသာဋိကာနံ ဝိယ၊ အမာလွမ်း သင်္ကန်း, မိုးရေခံသင်္ကန်းတို့ကဲ့သို့။ ကာလဝသေန၊ ကာလအပိုင်းအခြား၏ အစွမ်းအားဖြင့်။ နာမဿ၊ အမည်၏။ ဝိသေသာဘာဝါ၊ အထူးမရှိသည်၏ အဖြစ်ကြောင့်။ နဲ့ ဝိကပ္ပေတာ၊

http://www.dhammadownload.com

ဝိကပ္ပနာ မပြုအပ်။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ပြခြင်းငှာ။ ဝုတ္တံ၊ ၏။ ဝိကပ္ပနပဋိသေဓနတ္ထံ၊ ဝိကပ္ပနာပြုခြင်းကို မြစ်ပယ်ခြင်း အကျိုးငှာ။ န ပန ဝုတ္တံ၊ မဟောအပ်။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ တထာ တံ ဝစနံ၊ ထိုစကားသည်။ ဟိ သစ္စံ မှန်၏။ ပုရာဏစီဝရံ၊ သင်္ကန်းဟောင်းကို။ ပစ္ဆဒ္ဒရိတ္တာ၊ ပယ်စွန့်၍။ နဝဿ၊ သင်္ကန်းသစ်၏။ အဓိဋ္ဌာနဝစနတော၊ အဓိဋ္ဌာန်ကို ဟောတော်မူသော ကြောင့်လည်းကောင်း။ အနာပတ္တိ အဓိဋ္ဌေတိ ဝိကပ္ပေတိတိ အာဒိဝစနတော၊ ဤသို့ အစရှိသောစကားကို ဟောတော်မူသောကြောင့်လည်းကောင်း။ တိစီဝရဿပိ၊ တိစီဝရိတ်သင်္ကန်း၏လည်း။ ဝိကပ္ပနာယ၊ ၏။ ဩကာသော၊ အခွင့်ကို။ ဒိန္နော၊ ပေးတော်မူ၏။ သတ္ထာ၊ ကာလအပိုင်းအခြားမရှိသော အလုံးစုံသော သင်္ကန်း၌။ ဧသ နယော၊ ဤနည်းနှင့် တူ၏။

ဟိ၊ မှန်၏။ တိစီဝရာဒိနိ၊ တိစီဝရိတ် စသည်တို့ကို။ အဓိဋ္ဌဟန္တေန၊ သည်။ ဣမံ သင်္ဃာဋိ အဓိဋ္ဌာမိတိအာဒိနာ၊ ဤသို့ စသည်ဖြင့်။ တံ တံ နာမံ၊ ထိုထိုအမည်ကို။ ဝတ္တာ၊ ဆို၍။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်တင်အပ်၏။ ဝိကပ္ပေန္တေန ပန၊ ဝိကပ္ပနာပြုသော ရဟန်းသည်ကား။ ဣမံ သင်္ဃာဋိန္တိအာဒိနာ၊ ဤသို့စသည်ဖြင့်။ တဿ တဿ စီဝရဿ၊ ထိုထိုသင်္ကန်း၏။ နာမံ၊ အမည်ကို။ အဂ္ဂဟေတွာ၊ မယူမူ၍။ ဣမံ စီဝရံ တုယ္ဟံ ဝိကပ္ပေမိတိ၊ ဟူ၍။ ဝိကပ္ပေတဗ္ဗံ၊ ၏။ တိစီဝရံ ဝါ၊ သည်လည်း။ ဟောတု၊ ဖြစ်စေ။ အညံ ဝါ၊ တပါးသော သင်္ကန်းသည်လည်း။ ဟောတု၊ ဖြစ်စေ။ တံ တံ နာမံ၊ ထိုထို သင်္ကန်းအမည်ကို။ ဂဟေတွာ၊ ယူ၍။ ယဒိ ဝိကပ္ပေတိ၊ အကယ်၍ ဝိကပ္ပနာပြုသည်ဖြစ်အံ့။ အဝိကပ္ပိတံ၊ ဝိကပ္ပနာ မပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ အတိရေကစီဝရဋ္ဌာနေ ယေဝ၊ အတိရေကသင်္ကန်းအရာ၌သာလျှင်။ တိဋ္ဌတိ၊ တည်၏။

၁၃။ သာရတ္ထဒီပနီဋီကာ၌လည်း–

> **တိစီဝရံ အဓိဋ္ဌာတုန္တိ နာမံ ဝတ္တွာ အဓိဋ္ဌာတုံ။ န ဝိကပ္ပေတုန္တိ နာမံ ဝတ္တွာ န ဝိကပ္ပေတုံ။ ဧသ နယော သတ္ထာ။ တသ္မာ တိစီဝရာဒိနိ အဓိဋ္ဌဟန္တေန "ဣမံ သင်္ဃာဋိ အဓိဋ္ဌာမိ"တိ အာဒိနာ နာမံ ဝတ္တွာ အဓိဋ္ဌာတဗ္ဗံ။ ဝိကပ္ပေန္တေန ပန "ဣမံ သင်္ဃာဋိ"န္တိအာဒိနာ တဿ တဿ စီဝရဿ နာမံ အဂ္ဂဟေတွာ "ဣမံ စီဝရံ တုယ္ဟံ ဝိကပ္ပေမိ"တိ ဝိကပ္ပေတဗ္ဗံ။ တိစီဝရံ ဝါ ဟောတု, အညံ ဝါ၊ ယဒိ တံ တံ နာမံ ဂဟေတွာ ဝိကပ္ပေတိ၊ အဝိကပ္ပိတံ ဟောတိ၊ အတိရေကစီဝရ-ဋ္ဌာနေယေဝ တိဋ္ဌတိ–**

ဟု လာသည်(သာရတ္ထ၊ ၂။၃၈၇)။

http://www.dhammadownload.com

၁၄။ ဝိနယဝိနိစ္ဆယဋီကာ(၁။၂၇၁)၌ နည်းတူလာသည်

၁၅။ ဝိမတိဝိနောဒနိဋီကာ၌–

တိစီဝရံ အဓိဋ္ဌာတုန္တိ သယ်ာဒိအာဒိနာမေန အဓိဋ္ဌာတုံ။ န ဝိကပ္ပေတုန္တိ ဣမိနာ နာမေန န ဝိကပ္ပေတုံ။ ဧတေန ဝိကပ္ပိတတိစီဝရော တေစီဝရိကော နဟောတိ။ တဿ တသ္မိံ အဓိဋ္ဌိတတိစီဝရေ ဝိယ အဝိပ္ပဝါသာဒိနာ ကတ္တုဗ္ဗဝိဓိ နကာတဗ္ဗောတိ ဒဿေတိ၊ န ပန ဝိကပ္ပနေ ဒေါသောတိ–

ဟု ဆိုတော်မူ၏(ဝိမတိ၊၁။၃၁၂)။

၁၆။ ခုဒ္ဒသိက္ခာဋီကာဟောင်း၌(နှာ-၈၆၊၇)လည်း–

အဓိဋ္ဌာနတော ပုဗ္ဗေ တိစီဝရံ နာမ ပါဒေက္ကံ နတ္ထိ သယ်ာဒိအာဒိပ္ပဟောနကဿ ပစ္စတ္ထရဏာဒိဝသေနာပိ အဓိဋ္ဌာတုံ အနုညာတတ္တာ။ တသ္မာ "တိစီဝရံ အဓိဋ္ဌေယျ နဝိကပ္ပေယျာ"တိ ဧတ္ထ "ဣမံ သယ်ာဒိ"န္တိ ဧဝံ နာမေ ဂဟိတေ "အဓိဋ္ဌာန" မိစ္စေဝ ဝတ္တဗ္ဗံ၊ "ဝိကပ္ပေမိ"တိ ပန နဝတ္တဗ္ဗန္တိ အဓိပ္ပါယော။ ဧဝံ သေသေသုပိ– ဟု ဆိုတော်မူသည်။

အဓိဋ္ဌာနတော၊ အဓိဋ္ဌာန်တင်သည်မှ။ ပုဗ္ဗေ၊ ရှေ့၌။ တိစီဝရံ နာမ၊ တိစီဝရိတ်သက်နှံးမည်သည်။ ပါဒေက္ကံ၊ အသီးသည်။ နတ္ထိ၊ မရှိ။ (တနည်း) ပါဒေက္ကံ ဝိသုံ၊ အသီးဖြစ်သော။ တိစီဝရံ နာမ၊ တိစီဝရိတ်သက်နှံးမည်သည်။ နတ္ထိ၊ မရှိ။ သယ်ာဒိအာဒိပ္ပဟောနကဿ၊ သက်နှံးကြိုးစသည်လောက်သော အဝတ်ကို။ ပစ္စတ္ထရဏာဒိဝသေနာပိ၊ အခင်းစသည်တို့၏ အစွမ်းအားဖြင့်လည်း။ အဓိဋ္ဌာတုံ၊ ဌာ။ အနုညာတတ္တာ၊ ခွင့်ပြုအပ်သောကြောင့်တည်း။ တသ္မာ၊ ထို့ကြောင့်။ **တိစီဝရံ အဓိဋ္ဌေယျ နဝိကပ္ပေယျာတိ** ဧတ္ထ၊ ၌။ ဣမံ သယ်ာဒိန္တိ၊ အစရှိသော။ ဧဝံ နာမေ၊ ဤသို့ အမည်ကို။ ဂဟိတေ၊ ယူအပ်သည်ရှိသော်။ အဓိဋ္ဌာနမိစ္စေဝ၊ အဓိဋ္ဌာန်တင်ခြင်းကိုသာလျှင်။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ဝိကပ္ပေမိတိ၊ ဟူ၍။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။ ဣတိ အယံ၊ လျှင်။ အဓိပ္ပါယော၊ အလိုတည်း။ သေသေသုပိ၊ ကြွင်းသော သက်နှံးတို့၌လည်း။ ဧဝံ၊ ဤနည်းနှင့် တူ၏။

၁၇။ ခုဒ္ဒသိက္ခာဋီကာသစ်(နှာ-၂၇၁၊၂၇၂)၌လည်း–

အဓိဋ္ဌေတိ "ဣမံ သယ်ာဒိ အဓိဋ္ဌာမိ"တိအာဒိနာ နဝန္နံ နာမံ ဂဟေတွာ အဓိဋ္ဌေယျ။ နဝိကပ္ပေယျာတိ တသ္မာ တသ္မာ နာမံ ဂဟေတွာ နဝိကပ္ပေယျ၊ တသ္မာ တသ္မာ ပန နာမံ အဂ္ဂဟေတွာ "ဣမံ စီဝရံ တုယ္ဟံ ဝိကပ္ပေမိ"တိ

http://www.dhammadownload.com

ဝိကပ္ပေယျာတိ အဓိပ္ပါယော။ တထာ ဟိ အဓိဋ္ဌာနတော ပုဗ္ဗေ ဝိသုံ တိစီဝရံ နာမ နတ္ထိ သယ်ာဒိအာဒိပ္ပဟောနကဿ ပစ္စတ္ထရဏာဒိဝသေနာပိ အဓိဋ္ဌာတုံ အနုညာတတ္တာ–

ဟု ဆိုတော်မူသည်။

၁၈။ ဝဇိရဗုဒ္ဓိဋီကာဌ်လည်း–

တိစီဝရံ အဓိဋ္ဌာတုန်ဿ ဇတ္ထ တိစီဝရံ တိစီဝရာဓိဋ္ဌာနေန အဓိဋ္ဌာတဗ္ဗ-
ယုတ္တက၊ ယံ ဝါ တိစီဝရာဓိဋ္ဌာနေန အဓိဋ္ဌာတုံ အဝိကပ္ပေတုံ အနုဇာနာမိ၊ တဿ အဓိဋ္ဌာနကာလပရိစ္ဆေဒါဘာဝတော သဗ္ဗကာလံ ဂ္ဟဏ်ဿ အဓိဋ္ဌာတုံယေဝ အနုဇာနာမိ၊ တံ ကာလပရိစ္ဆေဒံ ကတ္တာ ဝိကပ္ပေတုံ နာနုဇာနာမိ။ သတိ ပန ပစ္စယေ ယဒါ တဒါ ဝါ ပစ္စုဒ္ဓရိတ္တာ ဝိကပ္ပေတုံ ဝဋ္ဋတိတိ "အနာပတ္တိ အန္တော-ဒသာဟံ အဓိဋ္ဌေတိ၊ ဝိကပ္ပေတီ"တိ ဝစနတော သိဒ္ဓံ ဟောတိ–

ဟု ဆိုတော်မူသည်(ဝဇိရ။၂၂၁)။

တိစီဝရံ အဓိဋ္ဌာတုန်ဿ ဇတ္ထ၊ ဌ်။ တိစီဝရာဓိဋ္ဌာနေန၊ တိစီဝရိတ် အဓိဋ္ဌာန်ဖြင့်။ အဓိဋ္ဌာတဗ္ဗယုတ္တက၊ အဓိဋ္ဌာန်တင်ခြင်းငှာ လျောက်ပတ်သော။ ယံ တိစီဝရံ၊ သည်။ အတ္ထိ၊ ရှိ၏။ တံ တိစီဝရံ၊ ကို။ အဓိဋ္ဌာတုံ၊ ငှာ။ နာ ဝိကပ္ပေတုံ၊ ဝိကပ္ပနာမပြုစေခြင်းငှာ။ တဿ၊ ထိုတိစီဝရိတ်အဓိဋ္ဌာန်၏။ ကာလပရိစ္ဆေဒါဘာဝတော၊ အမာလွမ်းသင်္ကန်း၊ မိုးရေခံသင်္ကန်း တို့ကဲ့သို့ ကာလအပိုင်းအခြားမရှိသည်၏ အဖြစ်ကြောင့်။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ဂ္ဟဏ်ဿ၊ ဝိနည်းတိစီဝရိတ်ဆောင်လိုသော ရဟန်းအား။ အဓိဋ္ဌာတုံယေဝ၊ ငှာသာလျှင်။ အနုဇာနာမိ၊ ၏။ ကာလပရိစ္ဆေဒံ၊ အမာလွမ်း သင်္ကန်း, မိုးရေခံ သင်္ကန်းတို့ကဲ့သို့ ကာလ အပိုင်းအခြားကို။ ကတ္တာ၊ ပြု၍။ ဝိကပ္ပေတုံ၊ ဝိကပ္ပနာ ပြုစေခြင်းငှာ။ နာ အနုဇာနာမိ၊ ခွင့်ပြုတော်မမူ။ ယဒါ၊ အကြင်အခါ၌။ ပစ္စယေ၊ အကြောင်းသည်။ သတိ ပန၊ ရှိသည်ဖြစ်အံ့။ တဒါ၊ ထိုအခါ၌။ တံ၊ ထိုအဓိဋ္ဌာန်တင်သော သင်္ကန်းကို။ ပစ္စုဒ္ဓရိတ္တာ၊ ပစ္စုဒ္ဓိုရ်ပြု၍။ ဝိကပ္ပေတုံ၊ ဝိကပ္ပနာပြုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ အနာပတ္တိ အန္တောဒသာဟံ အဓိဋ္ဌေတိ ဝိကပ္ပေတီတိ၊ အစရှိသောစကားကို။ ဝစနတော၊ ဟောတော်မူသောကြောင့်။ သိဒ္ဓံ၊ ပြီးသည်။ ဟောတိ၊ ၏။

ဝိနယာလင်္ကာရဋီကာ(၁။၈၇။၈၈)ဌ်လည်း သာရတ္ထဒီပနီဋီကာ, ဝိမတိဝိနောဒနီ-ဋီကာ, ဝဇိရ ဗုဒ္ဓိဋီကာဆရာတို့၏ ဝါဒကို ထုတ်ဆောင်၍ ဝဇိရဗုဒ္ဓိဋီကာဆရာ၏ ဝါဒသည် ပါဠို, အဋ္ဌကထာဆရာတို့နှင့် ညီကြောင်း, သင့်လျော်ကြောင်း မျှားစွာဆိုတော်မူသည်။

http://www.dhammadownload.com

၁၉။ ဝိမတိဝိနောဒနီဋီကာ၌လည်း—

တံ "အဓိဋ္ဌေတိ ဝိကပ္ပေတီ"တိ သာမညတော ဝုတ္တေပိ တိစီဝရမ္ပိ ဝိကပ္ပေတီတိ အယမတ္ထော နာ သိဒ္ဓတိ၊ "တိစီဝရံ အဓိဋ္ဌာတုံ နာ ဝိကပ္ပေတု"န္တိ ဝိသေသေတွာ ဝုတ္တတ္တာ။ ယံ ပန အဓိဋ္ဌာတဗ္ဗံ၊ တံ အဓိဋ္ဌာတိ။ ယံ တိစီဝရဝိရဟိတံ၊ တံ ဝိကပ္ပေတဗ္ဗံ၊ တံ ဝိကပ္ပေတီတိ ဧဝမတ္ထော သိဒ္ဓတီတိ။ တသ္မာ ဧတ္ထ ပုဗ္ဗာပရဝိရောဓော နာ ဒိဿတိ၊ သာမညဝစနဿ ဝုတ္တာဝသေသေယေဝ အဝတိဋ္ဌနတော။ ယံ ပနေတ္ထ တိစီဝရဿာပိ ဝိကပ္ပနဝိဓိံ ဒဿေတုံ "တိစီဝရံ တိစီဝရသန်ဓေပေနာ"တိအာဒိ ဝုတ္တံ။ တတ္ထ တိစီဝရသန်ဓေပေန ပရိဟာရိယမာနေသု ဧကမ္ပိ ပစ္စုဒ္ဓရိတ္တာ ဝိကပ္ပေတုံ နာ ဝဋ္ဋတိ၊ တိစီဝရတော ပန ဧကံ ဝါ သကလမေဝ ဝါ အပနေတ္တာ အပရံ တိစီဝရံ တိစီဝရသန်ဓေပေန ပရိဟာရိတုကာမဿ ဝါ, တိစီဝရာဓိဋ္ဌာနံ မုဉ္စိတ္တာ ပရိက္ခာရစောဠဝသေနေဝ သပ္ပစီဝရံ ပရိဘုဉ္ဇိတုကာ,မဿ ဝါ ပုရိမံ အဓိဋ္ဌိတစီဝရံ ပစ္စုဒ္ဓရိတ္တာ ဝိကပ္ပေတုံ ဝဋ္ဋတီတိ ဧဝမဓိပ္ပါယေန "တိစီဝရေ ဧကေန စီဝရေန ဝိပ္ပဝသိတုကာမော ဟောတီ"တိအာဒိ ဝုတ္တံ သိယာ၊ ဣစ္ဆိတံ ပါဠိယာ သဒ္ဓိံ သမေတိ။ အထ ပုနပိ တဒေဝ တိစီဝရာဓိဋ္ဌာနေန အဓိဋ္ဌာတုကာမော ဟုတ္တာ ဝိပ္ပဝါသသုခတ္ထံ ပစ္စုဒ္ဓရိတ္တာ ဝိကပ္ပေတီတိ ဣမိနာ အဓိပ္ပါယေန ဝုတ္တံ သိယာ၊ တံ "တိစီဝရံ အဓိဋ္ဌာတုံ နာ ဝိကပ္ပေတု"န္တိ ဣမိနာ ဝစနေန နာ သမေတိ။ ယဒိ ဟိ သေသစီဝရာနိ ဝိယ တိစီဝရမ္ပိ ပစ္စုဒ္ဓရိတ္တာ ဝိကပ္ပေတဗ္ဗံ သိယာ၊ "တိစီဝရံ အဓိဋ္ဌာတုံ. နာ ဝိကပ္ပေတု"န္တိ ဣဒံ ဝစနမေဝ နိရတ္ထကံ သိယာ သေသစီဝရေဟိ တိစီဝရဿ ဝိသေသာဘာဝါ။ တသ္မာ "ဝိကပ္ပေတီ"တိ ဣဒံ တိစီဝရဝိရဟိတမေဝ သန္ဓာယ ဝုတ္တံ။ တိစီဝရံ ပန ဝိကပ္ပေတုံ နာ ဝဋ္ဋတီတိ ဝိညာယတိ၊ တေနေဝ ဒုတိယကထိနသိက္ခာပဒဿ အနာပတ္တိဝါရေ "ဝိကပ္ပေတီ"တိ ဣဒံ နာ ဝုတ္တံ—

ဟု ဆိုတော်မူသည်(ဝိမတိ၊၁။၃၁၆၊၃၁၇)။

ဤသို့ ပြဆိုအပ်သော ပါဠို, အဋ္ဌကထာ, ဋီကာတို့၏ ဝိဏ္ဍာတ္ထအဓိပ္ပါယ်ကို ပြဆိုအံ့။

"အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ အဓိဋ္ဌာတုံ နာ ဝိကပ္ပေတုံ"စသည်ဖြင့်လာသော ပါဠိတော်၊ "နဝ စီဝရာနိ အဓိဋ္ဌာတဗ္ဗာနိ၊ နဝ စီဝရာနိ နာ ဝိကပ္ပေတဗ္ဗာနိ"ဟု လာသော ပါဠိတော်ဖြင့် ၉-ထည်သောသင်္ကန်းတို့၏ မိမိတို့အမည်အားဖြင့် အဓိဋ္ဌာန်တင်အပ်သည်။ အဓိဋ္ဌာန်တင်သောအခါ ဝိကပ္ပနာမပြုအပ်-ဟု အဓိပ္ပါယ်ရသည်။

http://www.dhammadownload.com

"အနာပတ္တိ အန္တောအရုဏေ ပစ္စုဒ္ဓရတိ၊ အနာပတ္တိ အန္တောဆာရတ္တံ ပစ္စုဒ္ဓရတိ" ဟူသောပါဠိတော်ဖြင့် အဓိဋ္ဌာန်တင်သောသင်္ကန်းကို ပစ္စုဒ္ဓိရ်ပြု၍ အာပတ်မသင့်-ဟု အဓိပ္ပါယ်ရသည်။

"**အတိရေကစီဝရံ နာမ အနဓိဋ္ဌိတံ အဝိကပ္ပိတံ**"ဟူသော ပါဠိတော်ဖြင့် ပစ္စုဒ္ဓိရ်ပြုလျှင် အဓိဋ္ဌာန်ကင်း၍ အတိရေကသင်္ကန်းမည်သည်-ဟု အဓိပ္ပါယ်ရ၏။

"**အနုဇာနာမိ ဘိက္ခဝေ အတိရေကစီဝရံ ဝိကပ္ပေတုံ**"ဟူသော ပါဠိတော်ဖြင့် အတိရေကသင်္ကန်းဖြစ်မူ ဝိကပ္ပနာပြုအပ်သည်-ဟူသော အဓိပ္ပါယ်ရသည်။

"**နံ ဝိကပ္ပေတဗ္ဗာနိတိ အဓိဋ္ဌိတကာလတော ပဋ္ဌာယ နံ ဝိကပ္ပေတဗ္ဗာနိ**"ဟူသော အဋ္ဌကထာဖြင့် အဓိဋ္ဌာန်တင်သောအခါမှ စ၍ ထိုဝိနည်းကံဖြင့် အပ်သောကြောင့် ဝိကပ္ပနာထပ်၍ မပြုအပ်ဟု အဓိပ္ပါယ်ရသည်။

"**ဧဝံ အသင်္ကော်ဇ္ဇေန တတ္ထေဝ ဌိတေန ပစ္စုဒ္ဓရိတဗ္ဗံ။ အတိရေကစီဝရဋ္ဌာနေ ဌဿတိ**" ဟူသော အဋ္ဌကထာဖြင့် အဓိဋ္ဌာန်တင်သောသင်္ကန်းကို မစွမ်းနိုင်လျှင် ပစ္စုဒ္ဓိရ်ပြုအပ်သည် ဟု အဓိပ္ပါယ်ရသည်။

"**တိစီဝရံ တိစီဝရသင်္ခေပေနေဝ ပရိဟရတော အဓိဋ္ဌာတုမေဝ အနုဇာနာမိ၊ နံ ဝိကပ္ပေတုံ**"ဟူသော အဋ္ဌကထာဖြင့် ပစ္စုဒ္ဓိရ်ပြု၍ အတိရေကသင်္ကန်းဖြစ်မူ အဓိဋ္ဌာန် တင်လို သောရဟန်းသာ အဓိဋ္ဌာန်တင်လို၍ ဝိကပ္ပနာမပြုအပ်သည်။ အဓိဋ္ဌာန် မတင်လိုမူ ဝိကပ္ပနာပြုအပ်သည်-ဟု အဓိပ္ပါယ်ရသည်။

၂၀။ **လီနတ္ထပကာသနီဋီကာ(ကခ်။ဋီ-သစ်။၂၈၀)၌-**

တိစီဝရဿပိ ဝိကပ္ပနာယ ဩကာသော ဒိန္နော-

ဟူသော စကားဖြင့် အဓိဋ္ဌာန်တင်သော တိစီဝရိက်ဖြစ်သော်လည်း ပစ္စုဒ္ဓိရ်ပြုမူ ဝိကပ္ပနာပြုအပ်သည်ဟု အဓိပ္ပါယ်ရသည်။

၂၁။ **သာရတ္ထဒီပနီ(၃။၄၈၀)၌လည်း-**

ဝိဇဟိတာဓိဋ္ဌာနံ ဝါ ပဋ္ဌာ ဝိကပ္ပေတဗ္ဗံ-

ဟူသော ပါဠ်ဖြင့် တိစီဝရိက်ကို ပစ္စုဒ္ဓိရ်ပြုမူ ဝိကပ္ပနာပြုလိုက ပြုအပ်သည်ဟု ပြတော်မူသည်။

http://www.dhammadownload.com

၂၂။ ဝဇိရဗုဒ္ဓိဋီကာ(၂၂၀)၌-

သတိ ပန ပစ္စယေ ယဒါ တဒါ ဝါ ပစ္စုဒ္ဓရိတွာ ဝိကပ္ပေတုံ ဝဋ္ဋတိ-

ဟူသောပါဠိဖြင့် အကြောင်းရှိမူ တိစီဝရိက်အဓိဋ္ဌာန်ကို စွန့်၍ ဝိကပ္ပနာ ပြုအပ်သည် ဟု ပြတော်မူ၏။

၂၃။ ဝိမတိဝိနောဒနီဋီကာ(၁။၃၁၇)၌-

တသ္မာ ဝိကပ္ပေတိတိ ဣဒံ တိစီဝရဝိရဟိတမေဝ သန္ဓာယ ဝုတ္တံ၊ တိစီဝရံ ပန ဝိကပ္ပေတုံ နဝဋ္ဋတိတိ ဝိညာယတိ

ဟူသောပါဠိဖြင့် တိစီဝရိက်သင်္ကန်းကို ပစ္စုဒ္ဓိရ်ပြု၍ ဝိကပ္ပနာ မပြုအပ်ဟု ပြတော်မူသည်။

၂၄။ ဝိနယာလင်္ကာရဋီကာ(၁။၈၈)၌လည်း-

"ဝဇိရဗုဒ္ဓိဋီကာဆရာ၏ အကြောင်းရှိမူ တိစီဝရိက်ကို ပစ္စုဒ္ဓိရ်ပြု၍ ဝိကပ္ပနာပြုအပ်၏။"ဟု ဆိုသောစကားသည် ပါဠို, အဋ္ဌကထာတို့နှင့် ညီကြောင်း၊ သင့်လျော်ကြောင်းကို ပြတော်မူသည်။

ဤသို့လျှင် တိစီဝရိက်အဓိဋ္ဌာန်တင်သော သင်္ကန်းကို စွန့်၍ ဝိကပ္ပနာ ပြုခြင်း၌ အပ်, မအပ်ကို သိလေ။

✪ ✪ ✪ ✪ ✪

[၁၅၄] အဓိဋ္ဌာန်မတင်သော်လည်း တိစီဝရိက်မည်

(၁)မေး။ ။ အဓိဋ္ဌာန်တင်အပ်သော သင်္ကန်း ၃-ထည်တို့သည်သာလျှင် တိစီဝရိက်သင်္ကန်း မည်သည် မဟုတ်ပါလော?

ဖြေ။ ။ ထိုအမေးမှာ-

၁။ အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ ဒိဂုဏံ သံဃာဋိံ ဧကစ္စိယံ ဥတ္တရာသင်္ဂံ ဧကစ္စိယံ အန္တရဝါသကန္တိ။

တေန ခေါ ပန သမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ "ဘဂဝတာ တိစီဝရံ အနုညာတ"န္တိ အညေနေဝ တိစီဝရေန ဂါမံ ပဝိသန္တိ၊ အညေန တိစီဝရေန အာရာမေ အစ္ဆန္တိ၊ အညေန တိစီဝရေန နဟာနံ ဩတရန္တိ။

http://www.dhammadownload.com

(ထိုအခါ ဘုရားကို လျှောက်ထားကြလျှင်) နှ ဘိက္ခဝေ အတိရေကစီဝရံ ဓာရေတဗ္ဗံ၊ ယော ဓာရေယျ၊ ယထာဓမ္မော ကာရေတဗ္ဗော(ဝိ၊၃။၄၀၂)–

ဤသို့ မဟာဝါပါဠိတော်စီဝရက္ခန္ဓကၠ ဟောတော်မူသည်။

၂။ ပါရာဇိကဏ်ပါဠိတော် ပဌမကထိနသိက္ခာပုဒ်၌လည်း–

တေန ခေါ ပန သမယေန ဘဂဝတာ ဘိက္ခူနံ တီစီဝရံ အနုညာတံ ဟောတိ။ ဆဗ္ဗဂ္ဂိယာ ဘိက္ခူ "ဘဂဝတာ ဘိက္ခူနံ တီစီဝရံ အနုညာတ"န္တိ အညေနေဝ တီစီဝရေန ဂါမံ ပဝိသန္တိ၊ အညေန တီစီဝရေန အာရာမေ အစ္ဆန္တိ၊ အညေန တီစီဝရေန နဟာနံ ဩတရန္တိ။

(ထိုအခါ ဘုရားကို လျှောက်ကြလျှင်) ယော ပန ဘိက္ခု အတိရေကစီဝရံ ဓာရေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ(ဝိ၊၁။၂၉၄)–

ဟု ဟောတော်မူသည်။

၃။ ပဌမကထိနသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌လည်း(ဝိ၊၄၊၂။၂၁၉)–

တီစီဝရန္တိ အန္တရဝါသကော, ဥတ္တရာသင်္ဂေါ, သဃ်ာဋိတိ ဣဒံ စီဝရတ္တယံ ပရိဘုဉ္ဇိတုံ အနုညာတံ ဟောတိ– ဟူ၍လည်းကောင်း၊

အညေနေဝ တီစီဝရေန ဂါမံ ပဝိသန္တိတိ ယေန ဝိဟာရေ အစ္ဆန္တိ၊ နှာနဉ္စ ဩတရန္တိ၊ တတော အညေန၊ ဧဝံ ဒိဝသေ ဒိဝသေ နဝ စီဝရာနိ ဓာရေန္တိ–

ဟူ၍လည်းကောင်း ဆိုတော်မူသည်။

၄။ သာရတ္ထဒီပနီဋီကာ၌လည်း–

ပရိဘုဉ္ဇိတုံ အနုညာတံ ဟောတီတိ ဘဂဝတာ ဂဟပတိစီဝရေ အနုညာတေ ဗဟူနိ စီဝရာနိ လဘိတ္ဝာ ဘဏ္ဍိကံ ကတ္ဝာ သီသေပိ ခန္ဓေပိ ကဋိယာပိ ဌပေတ္ဝာ အာဂစ္ဆန္တေ ဘိက္ခူ ဒိသ္ဝာ စီဝရေ သိမံ ဗန္ဓန္တေန တီစီဝရံ ပရိဘောဂတ္ထာယ အနုညာတံ၊ နှ ပန အဓိဋ္ဌာနဝသေန–

ဟု ဖွင့်တော်မူသည်(သာရတ္ထ၊၂။၃၈၄)။

၅။ ဝိနိစ္ဆယဋီကာ(၁။နှာ-၂၇၁)၌လည်း–

သံယဋိတဋ္ဌေန သံယာဋိ။ ဝတ္ထခဏ္ဍာနိ သိဝ္ဗနကမ္မေန သံယဋေတ္ဝာ ကတတ္တာ "သံယာဋိ"တိ စီဝရာနံ သာမညနာမံ– ဟု လာသည်။

http://www.dhammadownload.com

၆။ ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌လည်း–

ပဉ္စက္ခန္ဓသတ္တက္ခန္ဓာဒိဝသေန စိယတိ သဉ္ဇိယတီတိ စီဝရော–

ဟု ဆိုတော်မူသည်။

ဤသို့လာသော ပါဠို, အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ အဓိဋ္ဌာန်တင်သော သင်္ကန်း ၃-ထည်သာ တိစီဝရိက်မည်သည် မဟုတ်၊ အဓိဋ္ဌာန်မတင်သော ဝိကပ္ပနာ-ပရိက္ခာရစောင္ဆပြုသော သင်္ကန်း ၃-ထည်တို့သည်လည်း တိစီဝရိက်သင်္ကန်း မည်သည်။

✪ ✪ ✪ ✪ ✪

[၁၅၅] သင်္ကန်း ၉-ထည်လုံး ပရိက္ခာရစောင္ဆအဓိဋ္ဌာန်တင်အပ်

(၁)မေး။ ။ ဝိနည်း တိစီဝရိက် မဆောင်လိုသော ရဟန်းတို့သည် ရအပ်သော ချုပ်ဆိုးပြီး သင်္ကန်း၊ မချုပ်မဆိုးရသေးသော အဝတ်သင်္ကန်းတို့ကို အလုံးစုံ အကုန် ပရိက္ခာရ-စောင္ဆအဓိဋ္ဌာန်ကိုသာ တင်၍ သုံးဆောင်မူ အပ်ပါမည်လော။

ဖြေ။ ။ ထိုအမေးမှာ–

၁။ တိစီဝရံ ပရိက္ခာရ- စောင္ဆံ ကာတုမွိ ဝဋ္ဋတိ။
ဧဝံ စု'ဒေါသိတေ ဝုတ္တော၊ ပရိဟာရော နိရတ္ထကော?

န, တေစီဝရိကသ္သေဝ၊ ဝုတ္ထတ္ထာ တတ္ထ သတ္ထုနာ။
တံ ပရိက္ခာရစောင္ဆဿ၊ တသ္မာ သဗ္ဗမွိ ဝဋ္ဋတိ။
"အဓိဋ္ဌေတိ ဝိကပ္ပေတိ၊ အနာပတ္တိ"တိ ဧတ္ထ စ။
အဓိဋ္ဌာတဗ္ဗကသ္သေဝ၊ ဝိကပ္ပနဝိဓာနတော–

ဟု လာသော ဝိနယဝိနိစ္ဆယအဋ္ဌကထာ(နှာ-၅၆၊ဂါထာ-၅၈၉-၅၉၁)ကို ထောက်၍ ဖြေ။

တိစီဝရံ၊ အဓိဋ္ဌာန်တင်သောတိစီဝရိက်ကို။ ပရိက္ခာရစောင္ဆံ၊ ပရိက္ခာရစောင္ဆ အဓိဋ္ဌာန်တင်ခြင်းကို။ ကာတုမွိ၊ ပြုခြင်းငှာလည်း။ ဝဋ္ဋတိ၊ အပ်၏။ ဧဝံ၊ ဤသို့အပ်သည် ရှိသော်။ ဥဒေါသိတေ၊ ဥဒေါသိတမည်သော ဒုတိယကထိနသိက္ခာပုဒ်၌။ ပရိဟာရော၊ တိစီဝရိက်သင်္ကန်းကို စောင့်ရှောက်ရသော အစီအရင်သည်။ နိရတ္ထကော၊ အကျိုးမရှိသည်။ သိယာ၊ ဖြစ်လေရာ၏။ ဣတိ၊ သို့။ ဝုတ္တော၊ ဆိုသည်ရှိသော်။ နိရတ္ထကော၊ အကျိုး

http://www.dhammadownload.com

မရှိသည်။ နဟောတိ၊ မဖြစ်။ တတ္ထ၊ ထိုဥဒေါသိတသိက္ခာပုဒ်၌။ သတ္ထုနှာ၊ ဘုရားမြတ်စွာသည်။ တေစီဝရိကသ္သေဝ၊ တိစီဝရိက်ဆောင်သော ရဟန်းအားသာလျှင်။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည် အဖြစ်ကြောင့်တည်း။ တသ္မာ၊ ထို့ကြောင့်။ တံ သဗ္ဗမ္မိ၊ ထိုအလုံးစုံသော သင်္ခန်း ၉-ထည်သည်လည်း။ ပရိက္ခာရစောဠဿ၊ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ သုံးဆောင်လိုသောရဟန်းအား။ ဝဋ္ဋတိ၊ အပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ အဓိဋ္ဌေတိ ဝိကပ္ပေတိ အနာပတ္တိတိ ဇတ္ထ စ၊ အဓိဋ္ဌေတိ ဝိကပ္ပေတိ-ဟူသော အနာပတ္တိဝါရ ပါဠိတော်၌။ အဓိဋ္ဌာတဗ္ဗကသ္သေဝ၊ အဓိဋ္ဌာန်တင်အပ်သော သင်္ခန်းကိုသာလျှင်။ ဝါ၊ ၏သာလျှင်။ ဝိကပ္ပနဝိဓာနတော၊ ဝိကပ္ပနာပြုသော အစီအရင်ကို ခွင့်ပြုအပ်သောကြောင့်တည်း။

၂။ ဝိနယဝိနိစ္ဆယဋီကာ၌(၁။၂၈၂-၃)လည်း–

> ဥဒေါသိတေတိ ဣမဿ သိက္ခာပဒဿ အနန္တရေ ဒုတိယကထိနသိက္ခာပဒေ။ ဝုတ္ထော ပရိဟာရောတိ "ဧကကုလဿ ဂါမော ဟောတိ ပရိက္ခိတ္တော စ။ အန္တောဂါမေ စီဝရံ နိက္ခိပိတွာ အန္တောဂါမေ ဝတ္ထဗ္ဗ"န္တိ အာဒိနာ နယေန ပဒဘာဇနာဝသာနေ ဝုတ္တော, ဣမ စ "ဂါမာဒီသု ပဒေသေသူ"တိအာဒိနာ နယေန အနန္တရံ ဝက္ခမာနော တိစီဝရဿ ပရိဟရဏဝိဓိ။ နိရတ္ထကောတိ ပရိက္ခာရစောဠနာမေန အဓိဋ္ဌိတစီဝရဿ တေန ဝိဓိနာ တိစီဝရံ အပရိဟရန္တဿာပိ ဘိက္ခုနော အနာပတ္တိဘာဝတော နိပ္ပယောဇနောတိ အတ္ထော။
>
> တပ္ပရိဟရိတုမာဟ "န"ဣစ္စာဒိ။ န နိရတ္ထကောတိ ယောဇနာ။ တသ္မာ။ တံ သဗ္ဗမ္မိတိ တံ နဝဝိဓံ သဗ္ဗမ္မိ စီဝရံ။ ပရိက္ခာရစောဠဿာတိ ပရိက္ခာရစောဠနာမေန အဓိဋ္ဌိတွာ စီဝရံ ပရိဘုဉ္ဇိတုကာမဿ ပရိက္ခာရစောဠနာမေန အဓိဋ္ဌာတုံ ဝဋ္ဋတိ။
>
> ဣမသ္မိံယေဝ သိက္ခာပဒေ အနာပတ္တိဝါရေ "အနာပတ္တိ အန္တောဒသာဟံ အဓိဋ္ဌေတိ၊ ဝိကပ္ပေတိ"တိ ပါဠေ အနာပတ္တိဘာဝေ "အဓိဋ္ဌေတိ"တိ ဇတ္ထကေနေဝ ပရိယတ္တေ "ဝိကပ္ပေတိ"တိ ကိရိယန္တရာနုဇာနနေန ပကာရန္တရေနာပိ ဒေါသော နတ္ထိတိ အဓိပ္ပါယဿ ဝိညာပိတတ္တာတိ အတ္ထော–

ဟု ဆိုတော်မူ၏။

၃။ ခုဒ္ဒသိက္ခာ(နှာ-၇၊ဂါထာ-၅၃)၌လည်း–

> ပရိက္ခာရစောဠံယော သဗ္ဗံ၊ တထာ ဝတ္တာ အဓိဋ္ဌတိ–

ဟု ဆိုတော်မူ၏။

http://www.dhammadownload.com

၄။ ခုဒ္ဒသိက္ခာဒီကာဟောင်း(နှာ-၉၆)၌လည်း—

ပရိက္ခာရစောင်္ဓိယော သဗ္ဗန္တိ တိစီဝရာဒိကံ နဝဝိဓမ်ဖို စီဝရံ။ တထာ ဝတ္ထာတိ "ပရိက္ခာရစောင္ဆ"န္တိ ဝတ္ထာ။ အဓိဋ္ဌတီတိ အဓိဋ္ဌာတိ။ ကိ ပန တိစီဝရံ ပရိက္ခာရစောင်္ဓံ အဓိဋ္ဌာတုံ ဝဋ္ဋတီတိ? အာမ ဝဋ္ဋတိ၊ "ပရိက္ခာရစောင်္ဓံ နာမ ပါဒေက္ကံ နိဓာနမုခမေတန္တိ တိစီဝရံ ပရိက္ခာရစောင်္ဓံ အဓိဋ္ဌဟိတ္ထာ ပရိဘုဥ်တုံ ဝဋ္ဋတိ။ ဥဒေါသိတသိက္ခာပဒေ ပန တိစီဝရံ အဓိဋ္ဌဟိတ္ထာ ပရိဟရန္တသ္သ ပရိဟာရော ဝုတ္တော"တိ အဋ္ဌကထာယံ ဝုတ္တံ၊ တသ္မာ တိစီဝရံ ပရိက္ခာရစောင်္ဓံ အဓိဋ္ဌဟန္တေန ပစ္စုဒ္ဓရိတ္ထာ ပုန အဓိဋ္ဌာတဗ္ဗံ—

ဟု ဆိုတော်မူ၏။

၅။ ခုဒ္ဒသိက္ခာဒီကာသစ်(နှာ-၂၈၂)၌လည်း—

ပရိက္ခာရစောင်္ဓိယောတိ ပရိက္ခာရစောင္ဆ'မသ္သ အတ္ထိတိ ဏိကေန ယကာရော။ သဗ္ဗန္တိ သကလံ နဝဝိဓမ်ဖို စီဝရံ။ တထာ ဝတ္ထာတိ ဧကဝဟုဘာဝံ, သန္နိဟိတာသန္နိဟိတဘာဝဉ္စ ဥ တ္ထာ "ဣမံ ပရိက္ခာရစောင်္ဓံ အဓိဋ္ဌာမီ"တိအာဒိနာ ဝတ္ထာ။ အဓိဋ္ဌတီတိ အဓိဋ္ဌာတိ—

ဟု ဆိုတော်မူသည်။

၆။ လီနတ္ထပကာသနီဒီကာ၌လည်း—

ပရိက္ခာရစောင်္ဓကသ္သ ပန ပရိက္ခာရစောင်္ဓဝသေန အဓိဋ္ဌဟိတ္ထာ ဌပိတဝတ္ထေဟိပိ သယ်ာဒိအာဒိမှိ ကတေ ပစ္စုဒ္ဓရိတ္ထာ ပုန အဓိဋ္ဌာတဗ္ဗန္တိ နတ္ထိ၊ ပုဗ္ဗေ ကတာဓိဋ္ဌာနမေဝ အဓိဋ္ဌာနံ(ကခ်ီ။ဒီ-သစ်။၂၈၁)—

ဟု ဆိုတော်မူသည်။

၇။ သာရတ္ထဒီပနီဒီကာ(၂။၃၈၈), ဝိမတိဝိနောဒနီဒီကာ(၁။၃၁၃)တို့၌လည်း သဘောတူဖွင့်တော်မူကြသည်။

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ ချုပ်ဆိုးပြီးသက်နိုး ဖြစ်စေ၊ မချုပ်ဆိုးရသေးသော အဝတ်သက်နိုးဖြစ်စေ အလုံးစုံ သက်နိုး ၉-ထည်လုံးပင် ပရိက္ခာရစောင်္ဓအဓိဋ္ဌာန်ကို တင်၍ သုံးဆောင်လိုမူ သုံးဆောင်အပ်သည်၊ အပြစ်မရှိဟု မှတ်။

http://www.dhammadownload.com

အချို့ပုဂ္ဂိုလ်တို့သည် ရအပ်သောသင်္ကန်းဟူသမျှကို ပရိကမ္မာရစောဠအဓိဋ္ဌာန်တင်၍ သုံးဆောင်သောရဟန်းတို့အား ကဲ့ရဲ့ပြစ်တင်၍ အဓိဋ္ဌာန် ဝိကပ္ပနာပြုမှ အပ်သည်ဟု ပြောဆိုကြကုန်သည်။ ထိုသို့ ပြောဆိုခြင်းသည် ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာ, ဋီကာဆရာတို့ကို စွပ်စွဲရာရောက်သည်ဖြစ်၍ အပြစ်မလွတ်ချေ-ဟု မှတ်။

✪ ✪ ✪ ✪ ✪

[၁၅၆] သင်္ကန်း ၉-ထည်လုံး ဝိကပ္ပနာပြုအပ်

(၁)မေး။ ။ သင်္ကန်း ၉-ထည်လုံးကို ပရိကမ္မာရစောဠအဓိဋ္ဌာန် တင်အပ်သကဲ့သို့ သင်္ကန်း ၉-ထည်လုံး ဝိကပ္ပနာပြုလိုမူ ပြုအပ်ပါသလော?

ဖြေ။ ။ ထိုအမေးမှာ-

၁။ တိသေ ဥပ္ပန္နေ မူလစီဝရေ ပစ္စာသာစီဝရံ ဥပ္ပဇ္ဇတိ၊ တဒဟေဝ အဓိဋ္ဌာတဗ္ဗံ ဝိကပ္ပေတဗ္ဗံ ဝိဿဇ္ဇေတဗ္ဗံ၊ နော စေ အဓိဋ္ဌေယျ ဝါ ဝိကပ္ပေယျ ဝါ ဝိဿဇ္ဇေယျ ဝါ။ ဧကတိသေ အရုဏုဂ္ဂမနေ နိဿဂ္ဂိယံ ဟောတိ(ဝိ၊၁။၃၀၅)-

ဟု တတိယကထိနသိက္ခာပုဒ်ပါဠိတော်၌ လာသည်။

၂။ **ပရိဝါပါဠိတော်၌လည်း-**

နဝ စီဝရာနိ အဓိဋ္ဌာတဗ္ဗာနိ၊ နဝ စီဝရာနိ န ဝိကပ္ပေတဗ္ဗာနိ-

ဟုလာသည်(ဝိ၅။၂၄၅)။

၃။ **အဋ္ဌကထာ၌လည်း-**

န ဝိကပ္ပေတဗ္ဗာနီတိ အဓိဋ္ဌိတကာလတော ပဋ္ဌာယ န ဝိကပ္ပေတဗ္ဗာနိ-

ဟု ဖွင့်တော်မူသည်။

၄။ **ဝဇိရဗုဒ္ဓိဋီကာ၌လည်း-**

အဓိဋ္ဌိတကာလတော ပဋ္ဌာယ န ဝိကပ္ပေတဗ္ဗာနိ၊ အဓိဋ္ဌိတကာလတော ပဋ္ဌာယ အပစ္စုဒ္ဓရိတ္တာ န ဝိကပ္ပေတဗ္ဗာနိ-

ဟု ဖွင့်တော်မူသည်(ဝဇိရ။၅၆၁)။

http://www.dhammadownload.com

၅။ သာရတ္ထဒီပနီဋီကာ၌လည်း—

အဓိဋ္ဌိတကာလတော ပဋ္ဌာယ နံ ဝိကပ္ပေတဗ္ဗာနီတိ ဝိကပ္ပေန္တေန အဓိဋ္ဌာနတော ပုဗ္ဗေ ဝါ ဝိကပ္ပေတဗ္ဗံ၊ ဝိဇဟိတာဓိဋ္ဌာနံ ဝါ ပစ္ဆာ ဝိကပ္ပေတဗ္ဗံ၊ အဝိဇဟိတာဓိဋ္ဌာနံ ပန နံ ဝိကပ္ပေတဗ္ဗံ—

ဟု ဖွင့်တော်မူသည်(သာရတ္ထ၊၃။၄၈၀-၁)။

ထိုသို့ ပြဆိုအပ်သော ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၏ အရကို ပြဆိုအံ့။

"နော စေ အဓိဋ္ဌေယျ ဝါ ဝိကပ္ပေယျ ဝါ ။ပ။ နိဿဂ္ဂိယံ"ဟူသော တတိယကထိန-သိက္ခာပုဒ်ပါဠိတော်ဖြင့် သင်္ကန်း ၉-ထည်လုံးပင် အဓိဋ္ဌာန်တင်လိုမူ တင်အပ်သည်၊ ဝိကပ္ပနာ ပြုလိုမူ ပြုအပ်သည်ဟု ပြတော်မူသည်။

"နဝ စီဝရာနိ နံ ဝိကပ္ပေတဗ္ဗာနီ"ဟူသော ပရိဝါပါဠိတော်၌ အဓိဋ္ဌာန်တင်ပြီးသော သင်္ကန်းကိုသာ အဓိဋ္ဌာန်ကို မစွန့်ဘဲ ဝိကပ္ပနာ မပြုအပ်သည်။ အဓိဋ္ဌာန်ကို စွန့်မူ သင်္ကန်း ၉-ထည်လုံးကိုပင် ဝိကပ္ပနာ ပြုအပ်သည်ဟု ဝဇိရဗုဒ္ဓိ, သာရတ္ထဒီပနီဋီကာတို့၌ ဆိုသည်။

၆။ သာရတ္ထဒီပနီဋီကာ၌—

ဝိကပ္ပေန္တေန အဓိဋ္ဌာနတော ပုဗ္ဗေ ဝါ ဝိကပ္ပေတဗ္ဗံ-

ဟူသော စကားဖြင့်လည်း သင်္ကန်း ၉-ထည်လုံးပင် အဓိဋ္ဌာန်မတင်ဘဲ ဝိကပ္ပနာပြုအပ်သည်ဟု ပြတော်မူသည်။

၇။ ခုဒ္ဒသိက္ခာ(နှာ-၇၊၈ါထာ-၅၂)၌လည်း—

နံ အနဓိဋ္ဌိတ, နိဿဋ္ဌံ၊ ကပ္ပေတွာ ပရိဘုဉ္ဇယေ—

ဟု လာသည်။

၈။ ခုဒ္ဒသိက္ခာဋီကာဟောင်း(နှာ-၉၆)၌—

အနဓိဋ္ဌိတန္တိ တိစီဝရာဒိဝသေန အနဓိဋ္ဌိတံ—

ဟု ဖွင့်တော်မူသည်။

၉။ ဋီကာသစ်(နှာ-၂၈၁)၌လည်း နည်းတူ ဖွင့်တော်မူသည်။

ထိုဋီကာတို့၌ တိစီဝရာဒိ၌ အာဒိ-သဒ္ဒါဖြင့် သင်္ကန်း ၉-ထည်လုံးပင် အဓိဋ္ဌာန်မတင်မူ ဝိကပ္ပနာ ပြုအပ်သည်ဟု ပြတော်မူသည်။

http://www.dhammadownload.com

၁၀။ မူလသိက္ခာ(နှာ-၄၄၅၊ဂါထာ-၁၇)၌လည်း—

ဝိကပ္ပနမဓိဋ္ဌာန- မကတွာ'ကာလစီဝရံ။
ဒသာ'မတိမာပေတိ၊ တဿ နိဿဂ္ဂိယံ သိယာ—

ဟု လာသည်။

၁၁။ မူလသိက္ခာဋီကာသစ်၌လည်း—

ယော ဘိက္ခု အကာလစီဝရံ ဝိကပ္ပနဉ္စ အဓိဋ္ဌာနဉ္စ အကတွာ ဒသာဟံ အတိက္ကာမေတိ— ဟု ဖွင့်သည်။

၁၂။ ဋီကာဟောင်း(နှာ-၄၇၂)၌လည်း သဘောတူဖွင့်သည်။ ထိုမူလသိက္ခာအဋ္ဌကထာ, ဋီကာတို့ဖြင့်လည်း သင်္ကန်း ၉-ထည်လုံး၏ ဝိကပ္ပနာ, အဓိဋ္ဌာန်ကို ပြဆိုတော်မူသည်။

ဤသို့လာသော ပါဠို, အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ သင်္ကန်း ၉-ထည်လုံးပင် ဝိကပ္ပနာ ပြုလိုမူ ပြုအပ်သည်ဟု ဖြေ။

"နော စေ အဓိဋ္ဌေယျ ဝါ ဝိကပ္ပေယျ ဝါ ဝိဿဇ္ဇေယျ ဝါ၊ ဧကတိသ အရုဏုဂ္ဂမနေ နိဿဂ္ဂိယံ ဟောတိ"ဟု လာသော ပါဠိတော်ကို လက်ကိုင်ပြု၍ ပြဆိုအပ်ခဲ့ပြီးသော သင်္ကန်းအဓိဋ္ဌာန်, ဝိကပ္ပနာနှင့် စပ်သော ပါဠို, အဋ္ဌကထာ, ဋီကာ အရပ်ရပ်တို့ကို ထောက်၍ သင်္ကန်း ၉-ထည်လုံး အဓိဋ္ဌာန်တင်လိုမူ "အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ အဓိဋ္ဌာတုံ" စသည်ဖြင့် လာသော ပါဠိတော်အတိုင်း အဓိဋ္ဌာန်တင်၍ ဆောင်အပ်သည်။

ပရိက္ခာရစောဠအဓိဋ္ဌာန်ဖြင့်သာ ဆောင်လိုမူ သင်္ကန်း ၉-ထည်လုံးပင် ပရိက္ခာရ-စောဠအဓိဋ္ဌာန်တင်၍ ဆောင်အပ်သည်။

ဝိကပ္ပနာပြုလိုမူ သင်္ကန်း ၉-ထည်လုံးပင် ဝိကပ္ပနာပြု၍ ဆောင်အပ်သည်ဟု သန္နိဋ္ဌာန်ကျ မှတ်လေ။

ဤအရာဋ္ဌာန၌ ရှေးဆရာမြတ်တို့သည်ကား သင်္ကန်း ၃-ထည်ကို တိစီဝရိတ်အဓိဋ္ဌာန်တင်၍ ကြွင်းသော ချုပ်ဆိုးပြီးသင်္ကန်းတို့ကို ဝိကပ္ပနာပြု၍ မချုပ်မဆိုးသေးသော အဝတ်ပုဆိုးတို့ကို ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ရမည်ဟု ဆုံးမသြဝါဒပေးကြကုန်သည်။ ကျမ်းဂန်တို့၌ ဤကဲ့သို့ မလာမရှိသောကြောင့် ဆိုအပ်ခဲ့ပြီးသော ပါဠို, အဋ္ဌကထာ, ဋီကာတို့၌ လာသော နည်းအတိုင်းသာ အမှန်ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၅၇] အဓိဌာမိ, ဝိကပ္ပေမိပုဒ်အနက်

(၁)မေး။ ။ အဓိဌာမိ, ဝိကပ္ပေမိ-ဟူသော အဓိဌာန်, ဝိကပ္ပနာပြုသောပုဒ်၏ အနက်ကို အသို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌-

၁။ အဓိဋ္ဌိယတေ အဓိဌာန်၊ ဂဟဏံ သလ္လက္ခဏန္တိ အတ္ထော၊ ဝိနယကမ္မဿေ'တံ နာမံ၊ ဝိကပ္ပိယတေ ဝိကပ္ပနာ၊ သင်္ကပ္ပနံ စိန္တနန္တိ အတ္ထော၊ ဝိနယကမ္မဿေ'တံ နာမံ-

ဟု ဆိုတော်မူသည်။

၂။ **ဝိနယာလင်္ကာရဋီကာ**(၁။၈၇)၌ နည်းတူလာသည်။

အဓိဋ္ဌိယတေ၊ မှတ်ခြင်း။ အဓိဌာန်၊ မှတ်ခြင်း။ ဂဟဏံ သလ္လက္ခဏံ၊ မှတ်ခြင်း။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ အဓိဌာန-သဒ္ဒါ၏ အနက်တည်း။ ဧတံ၊ ဤအဓိဌာန် အမည်သည်။ ဝိနယကမ္မဿ၊ ဝိနည်းကံ၏။ နာမံ၊ အမည်တည်း။ ဝိကပ္ပိယတေ၊ ကြံခြင်း။ ဝိကပ္ပနာ၊ ကြံခြင်း။ သင်္ကပ္ပနံ စိန္တနံ၊ ကြံခြင်း။ ဣတိ အယံ၊ လျှင်။ အတ္ထော၊ ဝိကပ္ပနာ-သဒ္ဒါ၏အနက်တည်း။ ဧတံ၊ ဤဝိကပ္ပနာအမည်သည်။ ဝိနယကမ္မဿ၊ ဝိနည်းကံ၏။ နာမံ၊ အမည်တည်း။

ဤသို့ အဓိဌာန်, ဝိကပ္ပနာပြုအပ်သောပုဒ်၏ အနက်ကို မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၁၅၈] ပစ္စုဒ္ဓရာမိပုဒ်အနက်

(၁)မေး။ ။ ပစ္စုဒ္ဓရာမိအနက်ကို အဘယ်သို့ မှတ်ရပါမည်နည်း။

ဖြေ။ ။ ထိုအမေးမှာ-

၁။ **လီနတ္ထပကာသနီဋီကာ, သာရတ္ထဒီပနီဋီကာတို့၌**-

ပစ္စုဒ္ဓရာမိတိ ဌပေမိ၊ ပရိစ္စဇာမိတိ ဝါ အတ္ထော-

ဟု ဆိုတော်မူ၏(ကခ်ီ။ဋီ-သစ်။၂၈၁။ သာရတ္ထ။၂။၃၃၈)။

http://www.dhammadownload.com

၂။ ဝိမတိဝိနောဒနီဋီကာ(၁။၃၁၂)၌လည်း-

ဣမံ သယ်ာဉ် ပစ္စုဒ္ဓရာမိတိ ဣမံ သယ်ာဉိအဓိဋ္ဌာနံ ဥက္ခိပါမိ၊ ပရိစ္စဇာမိတိ အတ္ထော- ဟု ဆိုတော်မူ၏။

၃။ ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌-

ပစ္စုဒ္ဓရာမိတိ အဓိဋ္ဌာနံ ဥက္ခိပါမိ၊ ပရိစ္စဇာမိတိ အတ္ထော-

ဟု လာတော်မူသည်။

ထို့ကြောင့် ပစ္စုဒ္ဓရာမိ "တင်သောအဓိဋ္ဌာန်ကို ချထား၏၊ စွန့်၏"ဟူသော အနက်ကို မှတ်လေ။

✪ ✪ ✪ ✪ ✪

[၁၅၉] တိစီဝရိက်အဓိဋ္ဌာန်တင်၍ မဆောင်ဘဲနေခြင်း

(၁)မေး။ ။ထိုသင်္ကန်း ၉-ထည်တို့တွင် တိစီဝရိက်ကို အဓိဋ္ဌာန်တင်၍ မဆောင်ဘဲ နေအပ်ပါမည်လော?

ဖြေ။ ။ထိုအမေးမှာ-

၁။ ပဌမကထိနသိက္ခာပုဒ် အဋ္ဌကထာ၌-

အနဓိဋ္ဌာနေန စ အဝိကပ္ပနေန စ အာပဇ္ဇနတော အကိရိယံ-

ဟု လာသည်(ဝိ၊ဋ္ဌ၊၂။၂၃၂)။

၂။ ဒုတိယကထိနသိက္ခာပုဒ် အဋ္ဌကထာ၌-

ပဌမကထိနသိက္ခာပဒေ အနဓိဋ္ဌာနံ အဝိကပ္ပနဉ္စ အကိရိယံ၊ ဣဓ အပ္ပစ္စုဒ္ဓရဏံ၊ အယမေဝ ဝိသေသော(ဝိ၊ဋ္ဌ၊၂။၂၃၈)- ဟု လာသည်။

၃။ မာတိကာအဋ္ဌကထာ၌လည်း ပဌမကထိနသိက္ခာပုဒ်၌-

"အကိရိယံ"(က၁။ဋ္ဌ။၁၅၇)- ဟု လာသည်။

၄။ ဒုတိယကထိနသိက္ခာပုဒ်၌-

ကေဝလဉ္စိ တတ္ထ အနဓိဋ္ဌာနံ အဝိကပ္ပနဉ္စ အကိရိယာ၊ ဣဓ အပ္ပစ္စုဒ္ဓရဏံ-

ဟု လာသည်(က၁။ဋ္ဌ။၁၅၉)။

http://www.dhammadownload.com

၅။ လိနတ္ထပကာသနီဋီကာ၌လည်း (က) ပဌမကထိနသိက္ခာပုဒ်အဖွင့်၌–

အနဓိဋ္ဌာနာဝိကပ္ပနဉ္စသေန အာပဇ္ဇနတော အကိရိယံ– (က၁။ဋီ-သစ်။၂၈၈)

ဟု လာသည်။

(ခ) ဒုတိယသိက္ခာပုဒ်အဖွင့်၌–

ဣဓ အပ္ပစ္စုဒ္ဓရဏံ အကိရိယာတိ သမ္ဗန္ဓော– (က၁။ဋီ-သစ်။၂၉၂)

ဟု လာသည်။

၆။ ဝိနယဝိနိစ္ဆယ အဋ္ဌကထာ(နှာ-၅၈၊ဂါထာ-၆၁၅)၌လည်း–

ပဌမေန သမာနာဝ၊ သမုဋ္ဌာနာဒယော နယာ။
အပစ္စုဒ္ဓရဏံ ဇတ္ထု၊ အကြိယာတိ ဝိသေသိတံ။ ။

ဟု လာသည်။

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့၌ ပဌမကထိနသိက္ခာပုဒ်ပညတ်သည် တိစီဝရိက်သင်္ကန်းကို အဓိဋ္ဌာန်မတင်ခြင်း, ဝိကပ္ပနာမပြုခြင်း၌ အာပတ်သင့်သောကြောင့် အကိရိယမည်သည်။ ဒုတိယကထိနသိက္ခာပုဒ် ပညတ်သည် တိစီဝရိက်သင်္ကန်းကို အဓိဋ္ဌာန်မတင်သောကြောင့် အကိရိယ မမည်။ အဓိဋ္ဌာန်တင်သော တိစီဝရိက်ကို ပစ္စုဒ္ဓိရ် မပြုဘဲ ညဉ့်ကင်း၍နေသောကြောင့်သာ အကိရိယမည်သည်ဟု ပြတော်မူသည်။

ထို့ကြောင့် တိစီဝရိက်သင်္ကန်းကို အဓိဋ္ဌာန်တင်၍ မဆောင်ဘဲ နေသော်လည်း အာပတ်မသင့်၊ အပြစ်မရှိဟု မှတ်ရမည်။

ထိုသို့ အပြစ်မရှိသော် ဒုတိယကထိနသိက္ခာပုဒ်မည်သော ဥဒေါသိတသိက္ခာပုဒ်သည် နိရတ္ထက အကျိုးမရှိဖြစ်ရာသည် မဟုတ်လောဟု ဆိုငြားအံ့။ "ဥဒေါသိတသိက္ခာပဒေ ပန တိစီဝရံ အဓိဋ္ဌဟိတ္တာ ပရိဟာရန္တသ္မ ပရိဟာရော ဝုတ္တောတိ အဋ္ဌကထာယံ ဝုတ္တံ"ဟု ဒုဒ္ဒသိက္ခာဋီကာဟောင်း(နှာ-၉၆)၌ ဆိုသောကြောင့် တိစီဝရိတ်ဆောင်လိုသော ရဟန်းအား တိစီဝရိက်ဆောင်ခြင်း၌ အကျိုးကို ရည်၍ ဟောတော်မူသောကြောင့် တိစီဝရိက်သင်္ကန်းဆောင်သော ရဟန်းတို့အား အကျိုးရှိသည်သာဟု မှတ်။

ဤသို့လျှင် တိစီဝရိက်ကို အဓိဋ္ဌာန်မတင်လိုမူ မတင်ဘဲ နေအပ်သည်ဟု မှတ်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၆၀] မိုးရေခဲသင်္ကန်း စသည်ကို မပြုဘဲနေခြင်း

(၁)မေး။ ။ယခုကာလ ရဟန်းတို့သည် မိုးရေခဲသင်္ကန်း၊ နိသီဒိုင်သင်္ကန်း၊ အမာလွှမ်းသင်္ကန်းတို့ကို ပြုခြင်း, သုံးဆောင်ခြင်း မရှိကြကုန်။ ထိုသို့ ခွင့်ပြုအပ်သော ဝဿိကသာဋိကာသင်္ကန်း, နိသီဒနသင်္ကန်း, ကဏ္ဍုပ္ပဋိစ္ဆာဒိသင်္ကန်းတို့ကို အခွင့်အခါ အားလျော်စွာ မပြုဘဲ နေအပ်ပါမည်လော?

ဖြေ။ ။ထိုအမေးမှာ ပါစိတ်ပါဠိတော်၊ ဝဿိကသာဋိကာသိက္ခာပုဒ်၌–

၁။ ဝဿိကသာဋိကံ ပန ဘိက္ခုနာ ကာရယမာနေန ပမာဏိကာ ကာရေတဗ္ဗာ၊ တတြိဒံ ပမာဏံ၊ ဒီဃသော ဆ ဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ၊ တိရိယံ အဓုတေယျာ၊ တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ။

ဝဿိကသာဋိကာ နာမ ဝဿာနဿ စတုမာသတ္ထာယ။ **ကာရယမာနေနာ**တိ ကရောန္တော ဝါ ကာရာပေန္တော ဝါ။ ပမာဏိကာ ကာရေတဗ္ဗာ၊ တတြိဒံ ပမာဏံ၊ ဒီဃသော ဆ ဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ၊ တိရိယံ အဓုတေယျာ၊ တံ အတိက္ကာမေတွာ ကရောတိ ဝါ ကာရာပေတိ ဝါ၊ ပယောဂေ ဒုက္ကဋံ။ ပဋိလာဘေန ဆိန္နိတ္ထာ ပါစိတ္တိယံ ဒေသေတဗ္ဗံ–

ဟု လာသည်(၀ိ၊၂။၂၂၄)။

နိသီဒန, ကဏ္ဍုပ္ပဋိစ္ဆာဒိသင်္ကန်းတို့လည်း ထိုပါစိတ်ပါဠိတော်(နှာ-၂၂၁၊၂၂၃)၌ လာသည်။ ထိုပါဠိတော်၌ မိုးရေခဲသင်္ကန်း, နိသီဒိုင်သင်္ကန်း, အမာလွှမ်းသင်္ကန်းတို့ကို မိမိပြုသော ရဟန်း, သူတပါးကို ပြုစေသောရဟန်းသည် ပမာဏနှင့်ယှဉ်၍ ပြုအပ်သည်။ ပမာဏကို လွန်၍ပြုမူ အာပတ်သင့်သည်ဟူ၍သာ လာသည်။ ပမာဏနှင့်ယှဉ်သော မိုးရေခဲ, နိသီဒိုင်, အမာလွှမ်းသင်္ကန်းတို့ကိုသာ မပြုမူ အာပတ်သင့်သည်ဟု မလာကုန်။ ထိုသင်္ကန်းတို့ကို မဟာဝါပါဠိတော် စီဝရက္ခန္ဓက(နှာ-၄၀၈၊၁၀)၌ ခွင့်ပြုတော်မူသည်။ ထိုတွင် ဝဿိကသာဋိကာမှာ ပါရာဇိကဏ်ပါဠိတော်(နှာ-၃၆၅)၌ ခေတ်သမယကို လွန်၍ ပြုသော ရဟန်းအား နိဿဂ္ဂိယပါစိတ် သင့်သည်ဟု လာသည်။ ထိုသင်္ကန်းခေတ်သမယ၌ မပြုသောရဟန်းအား အာပတ် သင့်သည်ဟု မလာကုန်။

၂။ ခုဒ္ဒသိက္ခာ(နှာ-၇၊ ဂါထာ-၅၃)၌–

ပရိက္ခာရစောဠိယော သဗ္ဗံ– ဟု လာသည်။

http://www.dhammadownload.com

ပရိက္ခာရစောင်ဣယော၊ ပရိက္ခာရစောင္ဆောင်လိုသော ရဟန်းသည်။ သင့်၊ အလုံးစုံသော သင်္ကန်း ၉-ထည်သည်။ ဝဋ္ဋတိ၊ အပ်၏။

၃။ **ဝိနယဝိနိစ္ဆယအဋ္ဌကထာ**(နှာ-၅၆၊ ဂါထာ-၅၉၀)၌လည်း-

တံ ပရိက္ခာရစောင္ဆေသ၊ တသ္မာ သင့္မွိ ဝဋ္ဋတိ- ဟု လာသည်။

တသ္မာ၊ ထို့ကြောင့်။ ပရိက္ခာရစောင္ဆေသ၊ ပရိက္ခာရစောင္ဆေသောရဟန်းအား။ တံ သင့္မွိ၊ ထိုအလုံးစုံသော သင်္ကန်း ၉-ထည်သည်လည်း။ ဝဋ္ဋတိ၊ အပ်၏။

ထိုအဋ္ဌကထာတို့၌ ပရိက္ခာရစောင္ဆေအဓိဋ္ဌာန်ဖြင့် ဆောင်လို သုံးဆောင်လိုသော ရဟန်းတို့အား သင်္ကန်း ၉-ထည်လုံး ပရိက္ခာရစောင္ဆေအဓိဋ္ဌာန်အပ်သည်ဟု ဆိုသဖြင့် မိုးရေခဲ, နိသီဒိုင်, အမာလွှမ်းသင်္ကန်းတို့ကို မပြုလုပ်သော်လည်း ပရိက္ခာရစောင္ဆေသင်္ကန်း အမည်နှင့် အဓိဋ္ဌာန်တင်၍ ယခုကာလ သုံးဆောင်ကြသော သင်္ကန်းကိုပင် မိုးရေခဲ အရာ ရေချိုးရာ၌ လည်းကောင်း၊ နိသီဒိုင်အရာ ကာယဂုတ္တ, စီဝရဂုတ္တ, သေနာသနဂုတ္တ၌လည်းကောင်း၊ အမာလွှမ်း အရာ အနာရှိသောအခါ၌လည်းကောင်း သုံးဆောင်အပ်သည်ဟု ပြတော်မူသည်။

ထိုမိုးရေခဲ, နိသီဒိုင်, အမာလွှမ်းသင်္ကန်းတို့ကို အကြောင်းနှင့်တကွ အကျယ်ကို လိုမူ မဟာဝါစီဝရက္ခန္ဓကပါဠိတော်(နှာ-၄၀၈၁၀), ပါစိတ် ရတနဝဂ် ပါဠိတော်(နှာ-၂၂၁-၃), ၎င်းအဖွင့် အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃၅၅-၆။သာရတ္ထ၊၃။၃၄၁။ဝဇိရ။၄၉၇), ဋီကာတို့မှာ ရှုလေ။

ဤသို့လာသော ပါဠို, အဋ္ဌကထာတို့ကို ထောက်၍ မိုးရေခဲသင်္ကန်း, နိသီဒိုင်သင်္ကန်း, အမာလွှမ်းသင်္ကန်းတို့သည် ယခုကာလ အရိုးအစဉ်ပြတ်၍ အခါအားလျော်စွာ မပြုသော်လည်း အပြစ်မရှိ၊ အပ်သည်ဟုသာ မှတ်ရမည်။

မိုးရေခဲသင်္ကန်းမှာ-

သတိယာ ဝဿိကသာဋိကာယ နဂ္ဂေါ ကာယံ ဩဝဿာပေတိ၊ အာပတ္တိ ဒုက္ကဋဿ-

ဟု **ပါရာဇိကဏ်ဍပါဠိတော် ဝဿိကသာဋိကာသိက္ခာပုဒ်**(နှာ-၃၆၆)၌ လာသည်။

၄။ **မာတိကာ အဋ္ဌကထာ**၌လည်း-

တထာ သတိယာ ဝဿိကသာဋိကာယ နဂ္ဂဿ ကာယံ ဩဝဿာပယတော။ ပေါက္ခရဏိယာဒီသု ပန နှာယန္တဿ ဝါ အနာပတ္တိ- (ကခီ။ဋ္ဌ။၁၈၃)

ဟု လာသည်။

http://www.dhammadownload.com

၅။ လိနတ္ထပကာသနီဋီကာ၌လည်း-

တဉ္စ ခေါ ဝိဝဋ္ဋဂ်ဏော အာကာသတော ပတိတဥဒကေနေဝ နှာယန္တသ၊ နှာနကောဋ္ဌကဝါပိအာဒီသု ယဒေဟိ အာသိတ္တုဒကေန နှာယန္တသ။ တေနေဝါဟ "သတိယာ ဝဿိကသာဋိကာယာ"တိအာဒိ။ ပေါက္ခရဏိယာဒီသု ပန နဂ္ဂသ နှာယန္တသ အနှာပတ္တိတိ သမွန္ဓော။ ပေါက္ခရဏိယာဒီသု ပန သတိယာပိ ဝဿိကသာဋိကာယ နဂ္ဂသ နှာယန္တသ နတ္ထိ ဒုက္ကဋာပတ္တိတိ အတ္ထော-

ဟု ဖွင့်တော်မူသည်(ကခီ။ဋီ-သစ်။၃၃၅)။

ထိုပါဠိ, အဋ္ဌကထာတို့ဖြင့် မိုးရေခံသင်္ကန်းရှိလျက် ဟင်းလင်းအပြင်ရှိသော ကောင်းကင်ရေကို အဝတ်မရှိဘဲ ရေချိုးမူ ဒုက္ကဋ်အာပတ်သင့်သည်။ ရေတွင်း, ရေကန်၌ ရှိသော ရေကို ရေအိုးတို့ဖြင့် ခပ်၍ ရေချိုးအုံ့၌ အဝတ်မရှိဘဲ ချိုးမူ မိုးရေခံသင်္ကန်းရှိသော်လည်း အာပတ်မသင့်ဟု ပြတော်မူသည်။

၆။ ပရိဝါပါဠိတော်(နှာ-၂၁၈)၌လည်း-

တိဿော ပဋိဆ္ဆာဒိယော ဇန္တာယရုပဋိဆ္ဆာဒိ ဥဒကပဋိဆ္ဆာဒိ ဝတ္ထုပဋိဆ္ဆာဒိ-

ဟု လာသည်။

ရေချိုးရာ၌ ဇရုံးအိမ်ဖြင့် ဖုံးလွှမ်းခြင်း၊ ရေဖြင့် ဖုံးလွှမ်းခြင်း၊ အဝတ်ဖြင့် ဖုံးလွှမ်းခြင်း ၃-ပါးဖြင့် ချိုးရာ အပြစ်မရှိ-ဟု ပြတော်မူသည်။

ထို့ကြောင့် မိုးရေခံသင်္ကန်းမရှိသော်လည်း အပ်သည်ဟု သန္နိဋ္ဌာန်ကျ မှတ်။

✪ ✪ ✪ ✪ ✪

[၁၆၁] ပစ္စတ္ထရဏ, မုခပုဉ္ဆန, ပရိကွာရစောဠသင်္ကန်း

(၁)မေး။ ။ ပစ္စတ္ထရဏသင်္ကန်း, မုခပုဉ္ဆနသင်္ကန်း, ပရိကွာရစောဠသင်္ကန်းတို့ကို အဘယ်သို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ-

၁။ အနုဇာနာမိ ဘိက္ခဝေ ပစ္စတ္ထရိတ္ဘာ နိပ္ပဋိတုံ-(ဝိ၊၄။၃၂၉)

ဟု စူဠဝါပါဠိတော် သေနာသနက္ခန္ဓကဉ် ဟောတော်မူသည်။

http://www.dhammadownload.com

သံယိကကျောင်း, ညောင်စောင်း, အင်းပျဉ်၌ အခင်းကို ခင်း၍ အိပ်စေခြင်းငှာ ခွင့်ပြုသော သင်္ကန်းသည် **ပစ္စတ္ထရဏ** မည်၏။

၂။ **ဝိနယဝိနိစ္ဆယဋီကာ**(၁။၂၇၀)၌–

ပစ္စတ္ထရဏမေဝ စာတိ သံယိကေ မဉ္စပီဌေ သရီရသမ္ဖုသနေန အာပဇ္ဇိတဗ္ဗာယ အာပတ္တိယာ မောစနတ္ထာယ တတ္ထ အတ္ထရိတွာ ပရိဘောဂတ္ထာယ အနုညာတံ ပစ္စတ္ထရဏစီဝရန္တ-

ဟု လာသည်။

၃။ **မုခပုဉ္ဆနစောဠသင်္ကန်း**မှာ–

ပုဉ္ဆတိ အနေနာတိ **ပုဉ္ဆန်**၊ မုခဿ ပုဉ္ဆနံ **မုခပုဉ္ဆန်**၊ မုခပုဉ္ဆနဉ္စ တံ စောဠဉ္စာတိ **မုခပုဉ္ဆနစောဠံ**–

ဟု လာသော **ခုဒ္ဒသိက္ခာဋီကာသစ်**(နှာ-၂၇၁)ဖြင့် မျက်နှာအညစ်အကြေးဟူသမျှကို သုတ်သောသင်္ကန်းဟု မှတ်။

ဤသို့လျှင် ပစ္စတ္ထရဏသင်္ကန်း, မုခပုဉ္ဆနစောဠသင်္ကန်းတို့ကို မှတ်ရမည်။

၄။ **ပရိက္ခာရစောဠသင်္ကန်း**ကိုလည်း–

ပရိက္ခာရဉ္စ တံ စောဠဉ္စာတိ **ပရိက္ခာရစောဠံ**–

ဟုဆိုသော **ခုဒ္ဒသိက္ခာဋီကာသစ်**(နှာ-၂၇၁)ကိုလည်းကောင်း၊

ပရိက္ခာရစောဠန္တိ သံယာဋိအာဒိဝိသိဋ္ဌနာမေတိ အနမိဋ္ဌိတံ "အနုဇာနာမိ ဘိက္ခဝေ အာယာမေန အဋ္ဌင်္ဂုလံ သုဂတင်္ဂုလေန စတုရင်္ဂုရဝိတ္ထတံ ပစ္ဆိမံ စီဝရ"န္တိ အနုညာတံ ပစ္ဆိမစီဝရပရိယန္တံ ကတွာ ကတာကတာသု ယာသု ကာသုစိ စီဝရာသု ရုဇ္ဇိသညာ–

ဟု လာသော **ဝိနယဝိနိစ္ဆယဋီကာ**(နှာ-၂၇၀)ကိုလည်းကောင်း ထောက်၍ ပကတိအတွာအားဖြင့် အလျား ၁-တောင့်ထွာ၊ အနံ ၁-ထွာ၊ လက် ၆-သစ်ရှိသော အယုတ်ဆုံးသင်္ကန်းပမာဏကို ပြု၍ အသုံးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ အမှတ်မရှိထားအပ်သော ပရိက္ခရာဖြစ်သော သင်္ကန်း၏ အမည်သည် ပရိက္ခာရစောဠမည်သည်ဟု မှတ်။

ပရိက္ခာရစောဠန္တိ၊ ဟူသည်ကား။ သံယာဋိအာဒိဝိသိဋ္ဌနာမေဟိ၊ သံယာဋိ အစရှိသော ထူးသောအမည်တို့ဖြင့်။ အနမိဋ္ဌိတံ၊ အဓိဋ္ဌာန်မတင်အပ်သော။ အနုဇာနာမိ ဘိက္ခဝေ အာယာမေန ။ပ။ ပစ္ဆိမံ စီဝရန္တိ၊ ဟူ၍။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်သော။ ပစ္ဆိမစီဝရ-

http://www.dhammadownload.com

ပရိယန္တံ၊ အယုတ်ဆုံးသင်္ကန်း အပိုင်းအခြားကို။ ကတွာ၊ ပြု၍။ ကတာကတဿ၊ အသုံးပြုအပ်, မပြုအပ်သော။ ယဿ ကဿစိ၊ အမှတ်မရှိသော။ စီဝရဿ၊ သင်္ကန်း၏။ ရုဋ္ဌိသညာ၊ တင်စားအပ်သော အမည်တည်း။

✪ ✪ ✪ ✪ ✪

[၁၆၂] တိစီဝရိတ်အဓိဋ္ဌာန်နှင့် ပရိက္ခာရစောဠအဓိဋ္ဌာန်

(၁)မေး။ ။ ထိုသင်္ကန်း ၉-ထည်တို့တွင် တိစီဝရိတ်အဓိဋ္ဌာန်, ပရိက္ခာရစောဠအဓိဋ္ဌာန်တို့ကို အဘယ်သို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ တိစီဝရံ အဓိဋ္ဌဟန္တေန ရဇိတ္တာ ကပ္ပဗိန္ဒု ဒတ္တာ ပမာဏယုတ္တမေဝ အဓိဋ္ဌာတဗ္ဗံ၊ တဿ ပမာဏံ ဥက္ကဋ္ဌပရိစ္ဆေဒေန သုဂတစီဝရတော ဥနကံ ဝဋ္ဋတိ၊ လာမကပရိစ္ဆေဒေန သံဃာဋိယာ တာဝ ဥတ္တရာသင်္ဃ စ ဒီဃတော မုဋ္ဌိပဉ္စကံ၊ တိရိယံ မုဋ္ဌိတ္တိကံ၊ အန္တရဝါသကော ဒီဃတော မုဋ္ဌိပဉ္စကော၊ တိရိယံ ဒ္ဝိဟတ္ထောပိ ဝဋ္ဋတိ။ ဝုတ္တပ္ပမာဏတော ပန အတိရေကဉ္စ ဥနကဉ္စ "ပရိက္ခာရစောဠ"န္တိ အဓိဋ္ဌာတဗ္ဗံ။

တတ္ထ ယသ္မာ "ဒ္ဝေ စီဝရဿ အဓိဋ္ဌာနာနိ ကာယေန ဝါ အဓိဋ္ဌေတိ၊ ဝါစာယ ဝါ အဓိဋ္ဌေတီ"တိ ဝုတ္တံ၊ တသ္မာ ပုရာဏသံဃာဋိ "ဣမံ သံဃာဋိ ပစ္စုဒ္ဓရာမီ"တိ ပစ္စုဒ္ဓရိတ္တာ နဝံ ဟတ္ထေန ဂဟေတ္တာ "ဣမံ သံဃာဋိ အဓိဋ္ဌာမီ"တိ စိတ္တေန အာဘောဂံ ကတ္တာ ကာယဝိကာရံ ကရောန္တေန ကာယေန ဝါ အဓိဋ္ဌာတဗ္ဗာ၊ ဝစီဘေဒံ ကတ္တာ ဝါစာယ ဝါ အဓိဋ္ဌာတဗ္ဗာ။

တတြ ဒုဝိဓံ အဓိဋ္ဌာနံ သစေ ဟတ္ထပါသေ ဟောတိ၊ "ဣမံ သံဃာဋိ အဓိဋ္ဌာမီ"တိ ဝါစာ ဘိန္ဒိတဗ္ဗာ။ အထ အန္တောဂဗ္ဘာဒိသု သာမန္တဝိဟာရေ ဝါ ဟောတိ၊ ဌပိတဋ္ဌာနံ သလ္လက္ခေတ္တာ "ဧတံ သံဃာဋိ အဓိဋ္ဌာမီ"တိ ဝါစာ ဘိန္ဒိတဗ္ဗာ။ ဧသ နယော ဥတ္တရာသင်္ဂေ စ အန္တရဝါသကေ စ။ နာမမတ္တမေဝ ဟိ ဝိသေသော။ တသ္မာ သဗ္ဗာနိ သံဃာဋိ ဥတ္တရာသင်္ဂ အန္တရဝါသကန္တိ ဧဝံ အတ္တနော အတ္တနော နာမေနေဝ အဓိဋ္ဌာတဗ္ဗာနိ။

http://www.dhammadownload.com

သစေ အဓိဋ္ဌဟိတွာ ဌပိတဝတ္ထေဟိ သံယာဋိအာဒီနိ ကရောတိ၊ နိဋ္ဌိတေ ရဇနေ စ ကပ္ပေ စ "ဣမံ ပစ္စုဒ္ဓရာမီ"တိ ပစ္စုဒ္ဓရိတွာ ပုန အဓိဋ္ဌာတဗ္ဗာနိ။ ဣဒဉ္စ ပန တိစီဝရံ သုခပရိဘောဂတ္ထံ ပရိက္ခာရစောဠံ အဓိဋ္ဌာတုမ္ပိ ဝဋ္ဋတိ။

ပရိက္ခာရစောဠေ ဂဏနာ နတ္ထိ၊ ယတ္တကံ ဣစ္ဆတိ၊ တတ္တကံ အဓိဋ္ဌာတဗ္ဗမေဝ။ ထဝိကာပိ ပရိဿာဝနမ္ပိ ဝိကပ္ပနုပဂံ ပစ္ဆိမပမာဏံ "ပရိက္ခာရစောဠ"န္တိ အဓိဋ္ဌာတဗ္ဗမေဝ။ ဗဟူနိပိ ဧကတော ကတွာ "ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ"တိအာဒိနာ နယေန အဓိဋ္ဌာတုံ ဝဋ္ဋတိယေဝ—(ကခ၊ဋ၊၁၅၃-၄)

ဟု ဘတိကာအဋ္ဌကထာဌ္ဌ လာသည်။ ပါရာဇိကဏ်အဋ္ဌကထာ(၀ိဋ၊၂။၂၂၆)၌လည်း လာသည်။

၂။ ပါရာဇိကဏ်အဋ္ဌကထာဌ္ဌကား—

အန္တရဝါသကော ဒီယတော မုဋ္ဌိပဠကော, တိရိယံ ဒွိဟတ္ထောပိ ဝဋ္ဋတိ။ ပါရုပနေနပိ ဟိ သက္ကာ နာဘိံ ပဋိစ္ဆာဒေတုန္တိ—

ဟူ၍လည်းကောင်း၊

ကာယဝိကာရံ ကရောန္တေန ကာယေန အဓိဋ္ဌာတဗ္ဗာ။ ဣဒံ ကာယေန အဓိဋ္ဌာနံ၊ တံ ယေန ကေနစိ သရီရာဝယဝေန အဖုသန္တသ နဝဋ္ဋတိ။ ဝါစာယ အဓိဋ္ဌာနေ ပန ဝစီဘေဒံ ကတွာ ဝါစာယ အဓိဋ္ဌာတဗ္ဗာ—

ဟူ၍လည်းကောင်း လာသည်။ ဤမျှသာ ထူးသည်။

တိစီဝရံ၊ တိစီဝရိတ်သင်္ကန်းကို။ အဓိဋ္ဌဟန္တေန၊ အဓိဋ္ဌာန်တင်သောရဟန်းသည်။ ရဇိတွာ၊ ဆိုး၍။ ကပ္ပဗိန္ဒု၊ ကပ္ပဗိန္ဒုကို။ ဒတွာ၊ ထိုး၍။ ပမာဏယုတ္တမေဝ၊ ပမာဏနှင့်ယှဉ်သော တိစီဝရိတ်သင်္ကန်းကိုသာလျှင်။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်တင်အပ်၏။ တဿ၊ ထိုတိစီဝရိတ်သင်္ကန်း၏။ ပမာဏံ၊ အဓိဋ္ဌာန်လောက်သော ပမာဏသည်။ ဥက္ကဋ္ဌပရိစ္ဆေဒေန၊ လွန်သောအပိုင်းအခြားအားဖြင့်။ သုဂတစီဝရတော၊ ဘုရား၏သင်္ကန်းတော် ပမာဏအောက်။ ဦနကံ၊ အယုတ်သည်။ ဝဋ္ဋတိ၊ အပ်၏။ လာမကပရိစ္ဆေဒေန၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ သံယာဋိယာ စ၊ ဥကုဋ္ဌသင်္ကန်း၏လည်းကောင်း။ ဥတ္တရာသင်္ဃ စ၊ ကိုယ်ရုံသင်္ကန်း၏လည်းကောင်း။ ဒီယတော၊ အလျားမှ။ မုဋ္ဌိပဠကံ၊ အဆုပ်(လက်ဆုပ်)နှင့်တကွ မိမိ ၅-တောင်ရှိသော။ ပမာဏံ၊ ပမာဏသည်လည်းကောင်း။ တိရိယံ၊ အနံမှ။ မုဋ္ဌိတ္တိကံ၊ အဆုပ်နှင့်တကွ မိမိ ၃-တောင်ရှိသော။ ပမာဏံ၊ သည်လည်းကောင်း။ ဝဋ္ဋတိ၊ အပ်၏။ အန္တရဝါသကော၊ သင်းပိုင်သည်။ ဒီယတော၊ အလျားမှ။ မုဋ္ဌိပဠကော၊ အဆုပ်နှင့်တကွ မိမိ ၅-တောင်ရှိသည်။ တိရိယံ၊ အနံမှ။ ဒွိဟတ္ထောပိ၊ မိမိ ၂-တောင်မျှရှိသော်လည်း။

http://www.dhammadownload.com

ဝဋ္ဋတိ၊ အပ်၏။ ဝုတ္တပ္ပမာဏာတော ပန၊ ဆိုအပ်ပြီးသောပမာဏမှ။ အတိရေကဉ္စ၊ ဘုရားသင်္ကန်းတော်မျှသော သင်္ကန်း, ဘုရားသင်္ကန်းတော်ထက် လွန်သောသင်္ကန်းကိုလည်းကောင်း။ ဥိနကဉ္စ၊ ဒုကုဋ္ဌကိုယ်ဝတ်သင်္ကန်း၌ အလျားအဆုပ်နှင့်တကွ မိမိ ၅-တောင်၊ အနံ မိမိ ၂-တောင် အောက်ယုတ်သော သင်္ကန်းကိုလည်းကောင်း။ ပရိက္ခာရစောဠန္တိ၊ ဟူ၍။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်တင်အပ်၏။

တတ္ထ၊ ထိုသင်္ကန်း အဓိဋ္ဌာန်တင်ရာ၌။ စီဝရဿ၊ ၏။ အဓိဋ္ဌာနာနိ၊ အဓိဋ္ဌာန်တို့သည်။ ကာယေန ဝါ၊ ကိုယ်ဖြင့်လည်း။ အဓိဋ္ဌေတိ၊ ၏။ ဝါစာယ ဝါ၊ နှုတ်မြွက်သဖြင့်လည်း။ အဓိဋ္ဌေတိ၊ ၏။ ဣတိ၊ သို့။ ဒွေ ဒုဝိဓာနိ၊ ကုန်သည်။ ယသ္မာ၊ အကြောင်ကြောင့်။ ဟောန္တိ၊ ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ပုရာဏသံဃာဋိ၊ ဒုကုဋ္ဌဟောင်းကို။ ဣမံ သံဃာဋိ ပစ္စုဒ္ဓရာမိတိ၊ ဟူ၍။ ပစ္စုဒ္ဓရိတ္တာ၊ ရှေးအဓိဋ္ဌာန်ကို ချထား၍။ ဝါ၊ စွန့်၍။ နဝံ သံဃာဋိ၊ ဒုကုဋ္ဌအသစ်ကို။ ဟတ္ထေန၊ လက်ဖြင့်။ ဂဟေတ္တာ၊ ကိုင်၍။ ဣမံ သံဃာဋိ အဓိဋ္ဌာမိတိ၊ ဟူ၍။ စိတ္တေန၊ ဖြင့်။ အာဘောဂံ၊ နှလုံးသွင်းခြင်းကို။ ကတ္တာ၊ ပြု၍။ ကာယဝိကာရံ၊ ကိုယ်၏ ဖောက်ပြန်ခြင်းကို။ ကရောန္တေန၊ ပြုသဖြင့်။ ကာယေန ဝါ၊ ကိုယ်ဖြင့်လည်း။ အဓိဋ္ဌာတဗ္ဗာ၊ အဓိဋ္ဌာန်တင်အပ်၏။ ဝစီဘေဒံ၊ နှုတ်မြွက်ခြင်းကို။ ကတ္တာ၊ ၍။ ဝါစာယ ဝါ၊ နှုတ်ဖြင့်လည်း။ အဓိဋ္ဌာတဗ္ဗာ၊ ၏။

တတြ၊ ထိုအဓိဋ္ဌာန်တင်ရာ၌။ အဓိဋ္ဌာနံ၊ သည်။ ဒုဝိဓံ၊ ၂-ပါး အပြားရှိ၏။ ဟတ္ထပါသေ၊ ၂-တောင့်ထွာအနီး၌။ သစေ ဟောတိ၊ ဖြစ်အံ့။ ဣမံ သံဃာဋိ အဓိဋ္ဌာမိတိ၊ ဟူ၍။ ဝါစာ၊ နှုတ်ကို။ ဘိန္ဒိတဗ္ဗာ၊ မြွက်ဆိုအပ်၏။ အန္တောဂဗ္ဘာဒိသု ဝါ၊ တိုက်ခန်းတွင်း စသည်တို့၌လည်းကောင်း။ သာမန္တဝိဟာရေ ဝါ၊ နီးသောကျောင်း စသည်တို့၌လည်းကောင်း။ အထ ဟောတိ၊ ဖြစ်အံ့။ ဌပိတဋ္ဌာနံ၊ ထားရာအရပ်ကို။ သလ္လက္ခေတ္တာ၊ မှတ်၍။ ဧတံ သံဃာဋိ အဓိဋ္ဌာမိတိ၊ ဟူ၍။ ဝါစာ၊ နှုတ်ကို။ ဘိန္ဒိတဗ္ဗာ၊ မြွက်ဆိုအပ်၏။ ဥတ္တရာသင်္ကေစ၊ ကိုယ်ဝတ်ရုံ၌လည်းကောင်း။ အန္တရဝါသကေ စ၊ သင်းပိုင်၌လည်းကောင်း။ ဧသေ နယော၊ ဤနည်းနှင့်တူသော နည်းရှိ၏။ ဟိ၊ မှန်၏။ နာမမတ္တမေဝ၊ အမည်မျှသာလျှင်။ ဝိသေသော၊ ထူး၏။ တသ္မာ၊ ထို့ကြောင့်။ သဗ္ဗာနိ၊ အလုံးစုံသော တီစီဝရိတ်တို့ကို။ သံဃာဋိ၊ ဒုကုဋ္ဌ။ ဥတ္တရာသင်္၊ ကိုယ်ဝတ်ရုံ။ အန္တရဝါသကံ၊ သင်းပိုင်။ ဣတိ ဧဝံ၊ ဤသို့။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ နာမေနေဝ၊ အမည်ဖြင့်သာလျှင်။ အဓိဋ္ဌာတဗ္ဗာနိ၊ အဓိဋ္ဌာန်တင်အပ်ကုန်၏။

အဓိဋ္ဌဟိတ္တာ၊ ပရိက္ခာရစောဠအဓိဋ္ဌာန်တင်၍။ ဌပိတဝတ္ထေဟိ၊ ထားအပ်သော အဝတ်တို့ဖြင့်။ သံဃာဋိအာဒီနိ၊ ဒုကုဋ္ဌစသည်တို့ကို။ သစေ ကရောတိ၊ ပြုအံ့။ ရဇနေ စ၊ ဆိုးခြင်းသည်လည်းကောင်း။ ကပ္ပေ စ၊ ကပ္ပဝိန္ဒု ထိုးခြင်းသည်လည်းကောင်း။ နိဋ္ဌိတေ၊ ပြီးသည်ရှိသော်။ ဣမံ ပစ္စုဒ္ဓရာမိတိ၊ ဟူ၍။ ပစ္စုဒ္ဓရိတ္တာ၊ ပရိက္ခာရစောဠအဓိဋ္ဌာန်ကို ပစ္စုဒ္ဓိရိ

http://www.dhammadownload.com

ပြု၍။ ပုန၊ တဖန်။ အဓိဋ္ဌာတဗ္ဗာနိ၊ အဓိဋ္ဌာန်တင်အပ်ကုန်၏။ ပန၊ အထူးကို ဆိုဦးအံ့။ ကွဒ္ဓ တိစီဝရံ၊ ဤတိစီဝရိတ်သင်္ကန်းကို။ သုခပရိဘောဂတ္ထံ၊ သုံးဆောင်လွယ်စေခြင်းငှာ။ ပရိက္ခာ-ရစောဠမ္မိ၊ ပရိက္ခာရစောဠကိုလည်း။ အဓိဋ္ဌာတုံ၊ အဓိဋ္ဌာန်တင်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

ပရိက္ခာရစောဠေ၊ ပရိက္ခာရစောဠသင်္ကန်း၌။ ဂဏနာ၊ အရေအတွက်သည်။ နတ္ထိ၊ မရှိ။ ယတ္ထကံ၊ အကြင်မျှလောက်ကို။ ဂ္ဂစ္ဆတိ၊ အလိုရှိ၏။ တတ္ထကံ၊ ထိုမျှလောက်ကို။ အဓိဋ္ဌာတဗ္ဗမေဝ၊ အဓိဋ္ဌာန်တင်အပ်သည်သာတည်း။ ဃဝိကာပိ၊ အိတ်ကိုလည်းကောင်း။ ပရိဿာဝနမ္ပိ၊ ရေစစ်ကိုလည်းကောင်း။ ပစ္ဆိမပမာဏံ၊ အယုတ်ဆုံး ပမာဏရှိသော။ ဝိကပ္ပနုပဂံ၊ ဝိကပ္ပနာလောက်သည်ကို။ ပရိက္ခာရစောဠန္တိ၊ ဟူ၍။ အဓိဋ္ဌာတဗ္ဗမေဝ၊ အဓိဋ္ဌာန်တင်အပ်သည်သာတည်း။ ဗဟူနိပိ၊ များစွာတို့ကိုလည်း။ ဧကတော၊ တပေါင်း တည်း။ ကတွာ၊ ပြု၍။ ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမီတိအာဒိနာ၊ ဤသို့ အစရှိသော။ နယေန၊ နည်းဖြင့်။ အဓိဋ္ဌာတုံ၊ ငှာ။ ဝဋ္ဋတိယေဝ၊ အပ်သည်သာတည်း။

၃။ **လီနတ္ထပကာသနိဋ္ဌိကာ၌–**

ပဒ္ဓ ပရိမာဏံ အဿာတိ ပဒ္ဓံ၊ မုဋ္ဌိဿ မုဋ္ဌိဟတ္ထဿ သမ္မန္န ပဒ္ဓံ **မုဋ္ဌိပဒ္ဓံ**။ ဧသ နယော မုဋ္ဌိတ္တိကန္တိ ဧတ္ထာပိ။ ပါရုပနေနပိ သင်္ကာ နာဘိ ပဋိစ္ဆာဒေတုန္တိ အာဟ “ဒွိဟတ္ထောပိ ဝဋ္ဋတိ”တိ။ **အတိရေကဒ္ဓာတိ** သုဂတစီဝရပ္ပမာဏမ္ပိ တတော အဓိကမ္ပိ၊ **ကာယဝိကာရံ ကရောန္တေနာတိ** ဟတ္ထာဒိနာ စီဝရံ ပရာမသန္တေန, စာလေန္တေန ဝါ။ ကွဒ် ဟိ အဓိဋ္ဌာနံ ယေန ကေနစိ သရီရာဝယဝေန အဖုသန္တဿ န ဝဋ္ဋတိ။ **ဒုဝိဓန္တိ** သမ္မုခါပရမ္မုခဘေဒေန ဒုဝိဓံ။ **အန္တောဂဗ္ဘာဒီသူတိ** အန္တောဂဗ္ဘဥပရိပါသာဒေသု။ **သာမန္တဝိဟာရေတိ** ယတ္ထ တဒဟေဝ ဂန္တုံ နိဝတ္တေတုံ သင်္ကာ၊ ဧဝရူပေ သမီပဝိဟာရေ။ ကွဒ္ဓ ဒေသနာသီသမတ္တံ၊ တသ္မာ ဒူရေ ဌိတမ္ပိ အဓိဋ္ဌာတဗ္ဗန္တိ ဝဒန္တိ။ “ဌပိတဋ္ဌာနံ သလ္လက္ခေတွာ”တိ ကွမိနာ စီဝရသလ္လက္ခဏံ ဝုတ္တံ။ န ဟိ ဌပိတဋ္ဌာနမတ္တသလ္လက္ခဏေန ကိဉ္စိ ပယောဇနံ အတ္ထိ။

အဓိဋ္ဌဟိတွာ ဌပိတဝတ္ထေဟီတိ ပစ္ဆတ္ထရဏ မုခပုဉ္ဆနစောဠ ပရိက္ခာရစောဠ-ဝသေန အဓိဋ္ဌဟိတွာ ဌပိတဝတ္ထေဟိ။ အဓိဋ္ဌာနတော ပုဗ္ဗေ သံဃာဋိအာဒိဝေါ-ဟာရဿ အဘာဝတော “ကွမံ ပစ္ဆာဒ္ဓရာမီ”တိ ပစ္ဆတ္ထရဏာဒိနံ ဝိသုံ ပစ္ဆာဒ္ဓရဏဝိမိ ဒဿေတိ။ ပစ္ဆတ္ထရဏာဒိနာမေန အဓိဋ္ဌာတဗ္ဗတ္တာ “ကွမံ ပစ္ဆတ္ထရဏံ ပစ္ဆာဒ္ဓရာမီ”တိ အာဒိနာ ဝုတ္တောပိ နေဝတ္ထိ ဒေါသော။ ပုန **အဓိဋ္ဌာတဗ္ဗာနီတိ** သံဃာဋိအာဒိနာမေန အဓိဋ္ဌာတဗ္ဗာနိ။ ပရိက္ခာရစောဠကဿ ပန ပရိက္ခာရစောဠဝသေန အဓိဋ္ဌဟိတွာ

http://www.dhammadownload.com

ဌပိတဝတ္ထေဟိပိ သံယာဒိအာဒိမှိ ကတေ ပစ္စုဒ္ဓရိတွာ ပုန အဓိဋ္ဌာတဗ္ဗန္တိ နတ္ထိ။ ပုဗ္ဗေ ကတာဓိဋ္ဌာနမေဝ အဓိဋ္ဌာနံ–

ဟု လာသည်(ကခီ။ဋီ-သစ်။၂၈၁)။

၄။ သာရတ္ထဒီပနီဋီကာ၌လည်း–

ကာယဝိကာရံ ကရောန္တေနာတိ ဟတ္ထေန စီဝရံ ပရာမသန္တေန ဝါ စာလေန္တေန ဝါ။ ဒုဝိဓန္တိ သမ္မုခပရမ္မုခဘေဒေန ဒုဝိဓံ။ ဟတ္ထပါသေတိ ဣဒံ ဒွါဒသဟတ္ထံ သန္ဓာယ ဝုတ္တံ၊ တသ္မာ ဒွါဒသဟတ္ထပ္ပန္တရေ ဌိတံ "ဣမ"န္တိ ဝတ္တာ အဓိဋ္ဌာတဗ္ဗံ။ တတော ပရံ "ဧတ"န္တိ ဝတ္တာ အဓိဋ္ဌာတဗ္ဗန္တိ ကေစိ ဝဒန္တိ။ ဂဏ္ဌိပဒေသု ပနေတ္ထ န ကိဉ္စိ ဝုတ္တံ။ ပါဠိယံ အဋ္ဌကထာယဉ္စ သဗ္ဗတ္ထ "ဟတ္ထပါသော"တိ အမူတေယျဟတ္ထော ဝုစ္စတိ၊ တသ္မာ ဣဓ ဝိသေသဝိကပ္ပနာယ ကာရဏံ ဂဝေသိတဗ္ဗံ။ သာမန္တဝိဟာရော နာမ ယတ္ထ တဒဟေဝ ဂန္ဒှာ နိဝတ္တိတုံ သက္ကာ။ "သာမန္တဝိဟာရေ"တိ ဣဒံ ဒေသနာသီသမတ္တံ၊ တသ္မာ ဌပိတဋ္ဌာနံ သလ္လက္ခေတွာ ဒူရေ ဌိတမ္ပိ အဓိဋ္ဌာတဗ္ဗန္တိ ဝဒန္တိ။ ဌပိတဋ္ဌာနံ သလ္လက္ခေတွာတိ စ ဣဒံ ဌပိတဋ္ဌာနသလ္လက္ခဏံ အနုစ္ဆဝိကန္တိ ကတွာ ဝုတ္တံ၊ စီဝရသလ္လက္ခဏမေဝတ္ထ ပမာဏံ။

အဓိဋ္ဌဟိတွာ ဌပိတဝတ္ထေဟိတိ ပရိက္ခာရစောဠနာမေန အဓိဋ္ဌဟိတွာ ဌပိတဝတ္ထေဟိ။ အဓိဋ္ဌာနတော ပုဗ္ဗေ သံယာဒိအာဒိဝေါဟာရဿ အဘာဝတော "ဣမံ ပစ္စုဒ္ဓရာမိ"တိ ပရိက္ခာရစောဠဿ ဝိသုံ ပစ္စုဒ္ဓါရဝိဓိ ဒဿေတိ။ ပရိက္ခာရစောဠနာမေန ပန အဓိဋ္ဌိတတ္တာ "ဣမံ ပရိက္ခာရစောဠံ ပစ္စုဒ္ဓရာမိ"တိ ဝုတ္တေပိ နေဝတ္ထိ ဒေါသောတိ ဝိညာယတိ။ ပစ္စုဒ္ဓရိတွာ ပုန အဓိဋ္ဌာတဗ္ဗာနီတိ ဣဒဉ္စ သံယာဒိအာဒိစီဝရနာမေန အဓိဋ္ဌဟိတွာ ပရိဘုဉ္ဇိတုကာမံ သန္ဓာယ ဝုတ္တံ။ ပရိက္ခာရစောဠနာမေနေဝ အဓိဋ္ဌဟိတွာ ပရိဘုဉ္ဇန္တဿ ပန ပုဗ္ဗေကတအဓိဋ္ဌာနမေဝ အဓိဋ္ဌာနံ–

ဟု လာသည်(သာရတ္ထ။၂။၃၈၈)။

၅။ ဝိမတိဝိနောဒနီဋီကာ၌လည်း–

မုဋ္ဌိပဉ္စကန္တိ မုဋ္ဌိယာ ဥပလက္ခိတံ ပဉ္စကံ၊ စတုဟတ္ထေ မိနိတွာ ပဉ္စမံ ဟတ္ထံ မုဋ္ဌိ ကတွာ မိနိတဗ္ဗန္တိ အဓိပ္ပါယော။ ကေစိ ပန "မုဋ္ဌိဟတ္ထာနံ ပဉ္စကံ မုဋ္ဌိပဉ္စကံ၊ တသ္မာ ပဉ္စပိ ဟတ္ထေ မုဋ္ဌိ ကတွာဝ မိနိတဗ္ဗာ"တိ ဝဒန္တိ။ မုဋ္ဌိတ္တိကန္တိ ဧတ္ထာပိ

http://www.dhammadownload.com

ဧသေဝ နယော။ အတီရေကန္တိ သုဂတစီဝရပ္ပမာဏာတော အဓိကံ။ ဥနကန္တိ မုဋ္ဌိပဉ္စကာဒိတော ဥနကံ။

ကာယဝိကာရံ ကရောန္တေနာတိ ဟတ္ထေန စီဝရံ ပရာမသန္တေန, စာလေန္တေန ဝါ။ ဝါစာယ အဓိဋ္ဌာတဗ္ဗာတိ ဧတ္ထ ကာယေနပိ စာလေတွာ ဝါစမွိ ဘိန္ဒိတွာ ကာယဝါစာဟိ အဓိဋ္ဌာနမွိ သင်္ကိတန္တိ ဝေဒိတဗ္ဗံ "ကာယေန အဖုသိတွာ"တိ ဝုတ္တတ္တာ။ ဒုဝိဓန္တိ ဟတ္ထပါသာဟတ္ထပါသဝသေန ဒုဝိဓံ။ တတ္ထ ဟတ္ထပါသော နာမ အမုတေယျဟတ္ထော ဝုစ္စတိ။ ဒွါဒသဟတ္ထန္တိ ကေစိ ဝဒန္တိ၊ တံ ဣဓ န သမေတိ။ "သာမန္တဝိဟာရေ"တိ ဣဒံ ဌပိတဌာနသလ္လက္ခဏယောဂ္ဂေ ဌိတံ သန္ဓာယ ဝုတ္တံ။ တတော ဒူရေ ဌိတမွိ ဌပိတဌာနံ သလ္လက္ခေန္တေန အဓိဋ္ဌာတဗ္ဗမေဝ။ တတ္ထာပိ စီဝရဿ ဌပိတဘာဝသလ္လက္ခဏမေဝ ပမာဏံ။ နဟိ သက္ကာ သဗ္ဗထာ ဌာနံ သလ္လက္ခေတုံ။ ဧကသ္မိံ ဝိဟာရေ ဌပေတွာ တတော အညသ္မိံ ဌပိတန္တိ အဓိဋ္ဌာတုံ နဝဋ္ဋတိ။ ကေစိ ပန "တထာပိ အဓိဋ္ဌိတေ နဒေါသော"တိ ဝဒန္တိ၊ တံ အဋ္ဌကထာယ နသမေတိ၊ ဝိမံသိတဗ္ဗံ။ အဓိဋ္ဌဟိတ္တွာ ဌပိတဝတ္ထေဟိတိ ပရိက္ခာရ-စောင္ဆနာမေန အဓိဋ္ဌဟိတ္တွာ ဌပိတဝတ္ထေဟိ၊ တေနေဝ "ဣမံ ပစ္စုဒ္ဓရာမီ"တိ ပရိက္ခာရစောင္ဆဿ ပစ္စုဒ္ဓါရဲ ဒဿေတိ။ ဧတေန စ တေစီဝရဓုတင်္ ပရိဟရန္တေန ပံသုကူလာဒိဝသေန လဒ္ဓံ ဝတ္ထံ ဒသာဟဋ္ဌန္တရေ ကတ္တွာ ရဇိတ္တွာ ပါရုပိတုံ အသက္ကောန္တေန ပရိက္ခာရစောင္ဆဝသေန အဓိဋ္ဌဟိတ္တွာ ဒသာဟံ အတိက္ကာမေတဗ္ဗံ။ ဣတရထာ နိဿဂ္ဂိယံ ဟောတီတိ ဒဿေတိ။ တေနေဝ "ရဇိတကာလတော ပန ပဋ္ဌာယ နိက္ခိပိတုံ နဝဋ္ဋတိ၊ ဓုတင်္စောရော နာမ ဟောတီ"တိ ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တံ။ "ပုန အဓိဋ္ဌာတဗ္ဗာနိ"တိ ဣဒဉ္စ သံယာဋိအာဒိတိစီဝရနာမေန အဓိဋ္ဌဟိတ္တွာ ပရိဘုဉ္ဇိတုကာမဿ ဝသေန ဝုတ္တံ၊ ဣတရဿ ပန ပုရိမာဓိဋ္ဌာနမေဝ အလန္တိ ဝေဒိတဗ္ဗံ- ဟု လာသည်(ဝိမတိ၊ဋ၊၃၁၂-၃)။

၆။ ဝိနယဝိနိစ္ဆယဋီကာ၌လည်း-

မုဋ္ဌိပဉ္စကာတိ ဧတ္ထ ကောဒိနမဋ္ဌာရသန္တာနံ သန်္ဌာသဒ္ဒါနံ သန်္ဌေယျော ဝတ္တမာနတ္တာ ပဉ္စသဒ္ဒေါ စီဝရပ္ပမာဏပ္ပကရဏတော လဇ္ဇမာနဟတ္ထသခ်ီတ-ရတနေယေဝ ပဝတ္တတိ၊ တေနေဝ မုဋ္ဌိသဒ္ဒေါပိ ဥတ္တရပဒလောပေန မုဋ္ဌိရတနေ ဝတ္တတိ။ ပဉ္စန္နံ ပူရဏော ပဉ္စမော၊ မုဋ္ဌိယာ ပဉ္စမော မုဋ္ဌိပဉ္စမော။ မုဋ္ဌိပဉ္စမော ပရိမာဏံ ဧတိဿာတိ "မုဋ္ဌိပဉ္စမကာ"တိ ဝတ္တဗ္ဗေ မကာရလောပေန "မုဋ္ဌိပဉ္စကာ"တိ သံယာဋိ ဝုတ္တာ။

http://www.dhammadownload.com

မုဋ္ဌိတ္ထိကာတိ ဇတ္ထ ဝုတ္တနယေန သန္ဓေယ္ယေ ဝတ္တမာနော တိသဒ္ဒေါ စိဝရပ္ပမာ-ဏာပကရဏတော လဒ္ဓမာနဟတ္ထသခ်ိတရတနေယေဝ ဝတ္တတိ၊ တေနေဝ မုဋ္ဌိသဒ္ဒေါပိ ဥတ္တရပဒလောပေန မုဋ္ဌိရတနေ ဝတ္တတိ။ တံဏ္ဍံ ပူရဏော တတိယော၊ မုဋ္ဌိယာ တတိယော မုဋ္ဌိတတိယော၊ မုဋ္ဌိတတိယော ပရိမာဏံ ဇတိသာတိ "မုဋ္ဌိတတိယကာ"တိ ဝတ္တဗ္ဗေ တိယပစ္စယလောပေန "မုဋ္ဌိတ္ထိကာ"တိ သံယာဇိ-ယေဝ ဝုစ္စတိ– (ဝိနယဝိနိစ္ဆယဋီကာ၊၁။၂၇၁-၂)

ဟု လာသည်။

၇။ ခုဒ္ဒသိက္ခာဋီကာသစ်၌လည်း–

အဟတ္ထပါသန္တိ ဟတ္ထာသ ပါသော သမီပေါ ဟတ္ထပါသော၊ အမုတေယျ-ဟတ္ထဗ္ဘန္တရော။ ဒွါဒသဟတ္ထဗ္ဘန္တရောတိပိ ဝဒန္တိ။

မုဋ္ဌိယာ သဟိတံ ပဋ္ဌကံ ယဿာ သာ မုဋ္ဌိပဋ္ဌကာ၊ လိင်္ဂဝိပလ္လာသဝသေန ပန မုဋ္ဌိပဋ္ဌကော။ မုဋ္ဌိသဒ္ဒေနေတ္ထ ဥပစာရဝသေန ကတမုဋ္ဌိကော ဟတ္ထောဝ ဝုတ္တော– (ခုဒ္ဒသိက္ခာဋီကာသစ်။၂၇၂၊၂၇၃)–ဟု လာသည်။

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ အဓိဋ္ဌာန်လောက်သော တိစီဝရိတ်သင်္ကန်း၏ ပမာဏမှာ ဒုကုဋ်,ကိုယ်ဝတ်၌ အယုတ်ဆုံးပမာဏ အလျား အဆုပ်နှင့် တကွ မိမိ ၅-တောင်၊ အနံ အဆုပ်နှင့်တကွ မိမိ ၃-တောင်အပ်သည်။ သင်းပိုင်၌ အယုတ်ဆုံး ပမာဏ အလျား အဆုပ်နှင့်တကွ မိမိ ၅-တောင်၊ အနံ မိမိ ၂-တောင်ရှိမူ အပ်သည်။ အလွန်ဆုံးအားဖြင့် ပကတိလူတို့၏ အတောင်ဖြင့် အလျား အတောင်-၂၀ နှင့် လက် ၆-သစ်၊ အနံ ၁၃-တောင်နှင့် ၁-ထွာရှိသော ဘုရားသင်္ကန်းတော်အောက် ယုတ်သော ပမာဏရှိသော သင်္ကန်းသည် အပ်သည်။

ထိုသို့ ပြဆိုအပ်သော အလျား အဆုပ်နှင့် တကွ ၅-တောင်၊ အနံအဆုပ်နှင့်တကွ ၃-တောင်အောက် ယုတ်သော ဒုကုဋ်, ကိုယ်ဝတ်သည်လည်းကောင်း၊ အလျား အဆုပ်နှင့် တကွ မိမိ ၅-တောင်၊ အနံ မိမိ ၂-တောင်အောက် ယုတ်သော သင်းပိုင်သည်လည်းကောင်း တိစီဝရိတ်အဓိဋ္ဌာန် မအပ်ကုန်။ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်အပ်သည်။ လူတို့၏ အတောင်ဖြင့် အလျားအတောင် ၂၀-နှင့် လက် ၆-သစ်၊ အနံ ၁၃-တောင်နှင့် ၁-ထွာရှိသော ဘုရားသင်္ကန်းတော်နှင့်အမျှရှိသော သင်္ကန်းကို ပြုလည်း မပြုအပ်၊ တိစီဝရိတ်အဓိဋ္ဌာန်လည်း မအပ်ကုန်။ ထိုဘုရားသင်္ကန်းပမာဏရှိသော တိစီဝရိတ်ကိုရလျှင် ဖြတ်၍ သုံးဆောင်အပ်သည်။ အဝတ်ပုဆိုးကို ရလျှင် ပရိက္ခာရစောဠအဓိဋ္ဌာန်တင်အပ်သည်။ အယုတ်ဆုံး

http://www.dhammadownload.com

ပကတိလူတို့၏ အတောင်ဖြင့် အလျား ၁-တောင့်ထွာ၊ အနံ ၁-ထွာနှင့် လက် ၆-သစ်ရှိသော အဝတ်ပုဆိုးကိုရလျှင် ပရိက္ခာရစောင္ဆအဓိဋ္ဌာန်တင်အပ်သည်။

အဓိဋ္ဌာန်တင်ရာ၌ ၂-တောင့်ထွာအတွင်းဖြစ်မူ "ဣမံ သံဃာဋိ အဓိဋ္ဌာမိ၊ ဣမံ ဥတ္တရာသင်္ဂ အဓိဋ္ဌာမိ၊ ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ"ဟူ၍လည်းကောင်း၊ "ဣမံ စီဝရံ ပရိက္ခာရစောင္ဆံ အဓိဋ္ဌာမိ၊ ဣမာနိ စီဝရာနိ ပရိက္ခာရစောင္ဆာနိ အဓိဋ္ဌာမိ"ဟူ၍လည်း ကောင်း စိတ်နှလုံးသွင်း၍ လက်ဖြင့် သုံးသပ်၍ ဖြစ်စေ၊ လျှုပ်၍ ဖြစ်စေ ကိုယ်ဖြင့်အဓိဋ္ဌာန်တင်အပ်သည်။ သင်္ကန်းကို လက်ဖြင့် မကိုင်မသုံးသပ်ဘဲ နှုတ်က မြွက်ဆို၍သော်လည်း နှုတ်ဖြင့် အဓိဋ္ဌာန်တင်အပ်သည်။ လက်ဖြင့် ကိုင်၍ နှုတ်က မြွက်ဆို၍ ကိုယ်, နှုတ် ၂-ပါး ဖြင့်လည်း အဓိဋ္ဌာန်တင်အပ်သည်။

၂-တောင့်ထွာမှ အပအရပ်၌တည်မူ "ဧတံ သံဃာဋိ အဓိဋ္ဌာမိ၊ ဧတံ ဥတ္တရာသင်္ဂ အဓိဋ္ဌာမိ၊ ဧတံ အန္တရဝါသကံ အဓိဋ္ဌာမိ"ဟူ၍လည်းကောင်း၊ "ဧတံ စီဝရံ ပရိက္ခာရစောင္ဆံ အဓိဋ္ဌာမိ၊ ဧတာနိ စီဝရာနိ ပရိက္ခာရစောင္ဆာနိ အဓိဋ္ဌာမိ" ဟူ၍လည်းကောင်း ထားရာအရပ်၌ သင်္ကန်းကို စိတ်က မှတ်သဖြင့် နှုတ်က မြွက်ဆို၍ နှုတ်ဖြင့် အဓိဋ္ဌာန်တင်အပ်သည်။

ဤအရာ၌ ဟတ္ထပါသ-အရကို ဝိမတိဝိနောဒနီဋီကာ, သာရတ္ထဒီပနီဋီကာ, ခုဒ္ဒသိက္ခာဋီကာ အလိုအားဖြင့် ၂-တောင့်ထွာကို ယူရမည်။ ၂-တောင့်ထွာအတွင်း၌ ဖြစ်မူ ဣမံ-သဒ္ဒါနှင့်ဆို၍ အဓိဋ္ဌာန်တင်ရမည်။ ၂-တောင့်ထွာမှ အပ၌တည်မူ ဧတံ-သဒ္ဒါနှင့်ဆို၍ တင်ရမည်ဟု ဆို၍ သိစေတော်မူသည်။ ထိုဋီကာတို့၌ ကေစိဝါဒကိုပြရာ ၁၂-တောင်ဟု ဆိုသည်။

မုဋ္ဌိပဆ္ဆက-အရကိုလည်း ဝိမတိဝိနောဒနီဋီကာဆရာ၏ အလိုအားဖြင့် ၄-တောင်ဖြင့် အမီတောင်၍ အဆုံး ၅-တောင်မှာ ဆုပ်၍ တောင်အပ်သည်ကို အဆုပ်နှင့်တကွ ၅-တောင် ယူရမည်။ မုဋ္ဌိတိကဋ္ဌလည်း နည်းတူယူရမည်-ဟု ပြတော်မူသည်။ ထိုဋီကာ ဆရာ၏ စကားသည် လောကဝေါဟာကျမ်းနှင့် ညီသည်။ လောက၌ လူတို့သည် ၅-တောင် တောင်ဆုပ် ရှိသည်ဟုဆိုရာ ၄-တောင်ပြည့်သည့် ဒနာက် ၅-တောင်မပြည့်သဖြင့် ဆုပ်၍ တောင်သည်ကို ၅-တောင်တောင်ဆုပ် ရှိသည်ဟု ဆိုကြသည်။ ထိုဝိမတိဝိနောဒနီဋီကာ ၌ပင် ကေစိဝါဒကို ပြရာ၌ ၅-တောင်လုံး အဆုပ်နှင့်ချည်း တောင်သည်ကို မုဋ္ဌိပဆ္ဆကဟု ကေစိဆရာတို့က ဆိုကြသည်ဟု လာသည်။

ဝိနယဝိနိစ္ဆယဋီကာ, ခုဒ္ဒသိက္ခာဋီကာတို့၌ကား ၅-တောင်လုံးပင် အဆုပ်နှင့်တကွ တောင်သည်ကို ဆိုသကဲ့သို့ ရှိသည်။

http://www.dhammadownload.com

ဤသို့လျှင် တိစီဝရိတ်ပမာဏ၊ ပရိက္ခာရစောဠပမာဏ၊ တိစီဝရိတ်အဓိဋ္ဌာန်၊ ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ပုံတို့ကို မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၁၆၃] ဝိကပ္ပနုပဂပစ္ဆိမစီဝရပ္ပမာဏ

(၁)မေး။ ။ဝိကပ္ပနုပဂပစ္ဆိမစီဝရ ပမာဏရှိသော သင်္ကန်းကို ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ရမည်-ဟု ဆိုရာ ဝိကပ္ပနာလောက်သော အယုတ်ဆုံး သင်္ကန်းပမာဏကို အသို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ထိုအမေးမှာ-

၁။ ဣဒါနိ ပမာဏံ ဒဿေတုံ "ဝိကပ္ပနုပဂံ ပစ္ဆိမ"န္တိ အာဟ။ တဿ ပမာဏံ ဒီယတော ဒ္ဝေ ဝိဒတ္ထိယော, တိရိယံ ဝိဒတ္ထိ။ တတြာယံ ပါဠိ "အနုဇာနာမိ ဘိက္ခဝေ အာယာမေန အဋ္ဌင်္ဂုလံ သုဂတင်္ဂုလေန စတုရင်္ဂုလဝိတ္ထတံ ပစ္ဆိမံ စီဝရံ ဝိကပ္ပေတုံ"န္တိ- (ဝိ၊ဋ္ဌ၊၂။၂၂၁-၂)

ဟု ပါဠိတော်အဋ္ဌကထာ၌ လာသည်။

၂။ မာတိကာအဋ္ဌကထာ(ကခ်ီ။ဋ္ဌ။၁၅၃)၌လည်း သဘောတူလာသည်။

၃။ သာရတ္ထဒီပနီဋီကာ၌-

မဇ္ဈိမဿ ပုရိသဿ ဝိဒတ္ထိ သန္ဓာယ "ဒ္ဝေ ဝိဒတ္ထိယော"တိ အာဒိ ဝုတ္တံ။ ဣမိနာ ဒီယတော ဝမုကီဟတ္ထပ္ပမာဏံ, ဝိတ္ထာရတော တတော ဥပဓုပ္ပမာဏံ ဝိကပ္ပနုပဂန္တိ ဒဿေတိ။ တထာ ဟိ "သုဂတဝိဒတ္ထိ နာမ ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော၊ ဝမုကီဟတ္ထေန ဒီယမှော ဟတ္ထော ဟောတီ"တိ ကုဋ္ဌကာရသိက္ခာပဒအဋ္ဌကထာယံ ဝုတ္တံ၊ တသ္မာ သုဂတင်္ဂုလေန ဒွါဒသင်္ဂုလံ ဝမုကီဟတ္ထေန ဒီယမှော ဟတ္ထောတိ သိဒ္ဓံ။ ဧဝဉ္စ ကတ္ဝာ သုဂတင်္ဂုလေန အဋ္ဌင်္ဂုလံ ဝမုကီဟတ္ထပ္ပမာဏန္တိ ဣဒံ အာဂတမေဝါတိ- (သာရတ္ထ၊၂။၃၈၆)

ဟုလာသည်။

http://www.dhammadownload.com

၄။ **ဝိမတိဝိနောဒနီဋီကာ၌လည်း–**

မနုဿာနံ ပကတိဝိဒတ္ထိ သန္ဓာယ "ဒွေဝိဒတ္ထိယော"တိအာဒိ ဝုတ္တံ။ ဣမိနာ ဒီယတော ဝမုကီဟတ္ထပ္ပမာဏံ, ဝိတ္ထာရတော တတော ဥပမုပ္ပမာဏံ ဝိကပ္ပနုပဂန္တိ ဒဿေတိ။ တထာ ဟိ "သုဂတဝိဒတ္ထိ နာမ ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိသော ဝိဒတ္ထိယော၊ ဝမုကီဟတ္ထေန ဒီယမော ဟတ္ထော ဟောတီ"တိ ကုဋိကာရသိက္ခာပဒ-ဋ္ဌကထာယံ ဝုတ္တံ၊ တသ္မာ သုဂတဂုံလေန ဒွါဒသဂုံလာ သုဂတဝိဒတ္ထိ ဝမုကီ-ဟတ္ထေန ဒီယမော ဟတ္ထောတိ သိဒ္ဓံ။ ဧဝဉ္စ ကတွာ "သုဂတဂုံလေန အဋ္ဌဂုံလံ ဝမုကီဟတ္ထပ္ပမာဏ"န္တိ အာဂတဋ္ဌာနေဟိ စ သမေတိ– (ဝိမတိ၊၁။၃၁၁)

ဟု လာသည်။

၅။ **လီနတ္ထပကာသနီဋီကာ၌လည်း–**

ဒီယတော ဝမုကီဟတ္ထပ္ပမာဏံ, ဝိတ္ထာရတော တတော ဥပမုပ္ပမာဏံ ဝိကပ္ပနုပဂံ ပစ္ဆိမံ၊ အဋ္ဌဂုံလံ သုဂတဂုံလေနာတိ ဧတ္ထ သုဂတဂုံလံ နာမ ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိဏိ အဂုံလာနိ၊ တေန သုဂတဂုံလေန အဋ္ဌဂုံလံ ဝမုကီ-ဟတ္ထပ္ပမာဏန္တိ အတ္ထော။ စတုရဂုံလဝိတ္ထတန္တိ ဧတ္ထာပိ ယထာဝုတ္တာနုသာရေနေဝ အတ္ထော ဝေဒိတဗ္ဗော– (ကင်္ခါ၊ဋီ-သစ်။၂၈၀)

ဟု လာသည်။

၆။ **ဝိနယာလင်္ကာရဋီကာ(၁။၉၅-၆)၌ကား–**

ဝိကပ္ပနုပဂပစ္ဆိမစီဝရပ္ပမာဏံ ပရိက္ခာရစောဠန္တိ ဧတ္ထ ပန ဝိကပ္ပနုပဂပစ္ဆိမ-စီဝရပ္ပမာဏံ နာမ သုဂတဂုံလေန ဒီယတော အဋ္ဌဂုံလံ ဟောတိ၊ တိရိယတော စတုရဂုံလံ၊ ဝမုကီဟတ္ထေန ဒီယတော ဧကဟတ္ထံ ဟောတိ၊ တိရိယတော ဝိဒတ္ထိပ္ပမာဏံ၊ ဣဒါနိ ပကတိဟတ္ထေန ပန ဒီယတော ဝိဒတ္ထာမိကဟတ္ထံ ဟောတိ၊ တိရိယတော ဆဠဂုံလာမိကဝိဒတ္ထိပ္ပမာဏံ။ တေနာဟ "တဿ ပမာဏ"န္တိအာဒိ-

ဟု လာသည်။

၇။ **ပါတိမောက္ခဝိဒတ္ထအနုဝဏ္ဏနာ ကုဋိကာရသိက္ခာပုဒ်အဖွင့်၌လည်း–**

သုဂတဝိဒတ္ထိ နာမ ပမာဏံ မဇ္ဈိမဿ ပုရိသဿ တိသော ဝိဒတ္ထိယော, ပကတိပုရိသဿ ဆအင်္ဂုလိအဓိကဒွိဟတ္ထော။ ကနိဋ္ဌသဟိတေန အင်္ဂုဋ္ဌေန

http://www.dhammadownload.com

ဝိတ္ထာရိယတေတိ ဝိဒတ္ထိ၊ သုဂတဿ ဘဂဝတော ဝိဒတ္ထိ သုဂတဝိဒတ္ထိ၊ နာ မဇ္ဈိမဿ ပုရိသဿ၊ နာ စ သုဂတိဘဝေ ဥပ္ပန္နပုဂ္ဂလဿ—

ဟု ဆိုတော်မူသည်။

ဤသို့လာသော ပါဠိ, အဋ္ဌကထာ, ဋီကာတို့အရကို ပြဆိုအပ်သော် ပါဠိတော်၌ ဝိကပ္ပနုပဂပစ္ဆိမသင်္ကန်းသည် ဘုရားလက်သစ်တော်အားဖြင့် အလျား လက် ၈-သစ်၊ အနံ ၄-သစ်ရှိသည်ဟု လာသည်။

အဋ္ဌကထာ၌ အလျား ၂-ထွာ၊ အနံ ၁-ထွာရှိသည်ဟု ပြတော်မူသည်။

သာရတ္ထဒီပနီဋီကာ၌ အလျား မဇ္ဈိမပုရိသ၏ ၂-ထွာ၊ ဝမုကီပုရိသ၏ ၁-တောင်၊ အနံ မဇ္ဈိမပုရိသ၏ ၁-ထွာ၊ ဝမုကီပုရိသ၏ တောင်ဝက်ရှိသည်ဟု ဆိုသည်။

ဝိမတိဝိနောဒနီဋီကာ၌ အလျား လူတို့၏ ပကတိ ၂-ထွာ၊ ဝမုကီပုရိသ၏ ၁-တောင်၊ အနံ လူတို့၏ ပကတိ ၁-ထွာ၊ ဝမုကီပုရိသ၏ တောင်ဝက်ရှိသည်ဟု ဆိုသည်။

လီနတ္ထပကာသနီဋီကာ၌ အလျား မဇ္ဈိမပုရိသ၏ ၂၄-သစ်၊ ဝမုကီပုရိသ၏ ၁-တောင်၊ အနံ မဇ္ဈိမပုရိသ၏ ၁၂-သစ်၊ ဝမုကီပုရိသ၏ ၁-ထွာရှိသည်ဟု ဆိုသည်။

ဝိနယာလင်္ကာရဋီကာ၌ အလျား ဝမုကီပုရိသ၏ ၁-တောင်၊ ယခုလူတို့၏ ပကတိ ၁-တောင်နှင့် ၁-ထွာ၊ အနံ ဝမုကီပုရိသ၏ ၁-ထွာ၊ ယခု လူတို့၏ ပကတိ ၁-ထွာနှင့် လက် ၆-သစ်ရှိသည်ဟု ဆိုသည်။

ပါတိမောက္ခဝဒတ္ထအနုဝဏ္ဏနာ၌ ဘုရား၏ လက်သန်းတော် ၁-ထွာပမာဏ၊ မဇ္ဈိမပုရိသ၏ ၃-ထွာ၊ ပကတိပုရိသ၏ ၂-တောင်နှင့် လက် ၆-သစ်ရှိသည်ဟု ဆိုသည်။ ထို့အတွက် ဝိမတိဝိနောဒနီဋီကာ၌ မနုဿာနံ ပကတိဝိဒတ္ထိ-အရကို ပမာဏ မဇ္ဈိမ ဖြစ်သော လူတို့၏ ပကတိအထွာကို ရည်၍ ဆိုလျှင် သာရတ္ထဒီပနီဋီကာ, လီနတ္ထပကာသနီဋီကာတို့နှင့် ညီမည်။

ဤသို့လျှင် ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်အပ်သော အယုတ်ဆုံး ဝိကပ္ပနာလောက်သော သင်္ကန်းပမာဏကို သိလေ။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၆၄] သုဂတစီဝရပ္ပမာဏာ

(၁) မေး။ ။ သုဂတစီဝရ၏ ပမာဏကို အသို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ သုဂတစီဝရဲ့ (သုဂတစီဝရပ္ပမာဏ)နာမ ဒီယသော နဝ ဝိဒတ္ထိယော သုဂတ-ဝိဒတ္ထိယာ၊ တိရိယံ ဆ ဝိဒတ္ထိယော–

ဟု **ပါစိတ်ပါဠိတော်** နန္ဒသိက္ခာပုဒ် ပဒဘာဇနီ(နှာ-၂၂၆)၌ လာသည်။

၂။ **ခုဒ္ဒသိက္ခာဋီကာသစ်**(နှာ-၂၇၄)၌–

ကဒါနိ မဇ္ဈိမဿ ပုရိသဿ တိသော ဝိဒတ္ထိယော ဧကာ သုဂတဝိဒတ္ထိ၊ တာယ ဝိဒတ္ထိယာ နဝ ဝိဒတ္ထိယော ဒီယတော သုဂတစီဝရပ္ပမာဏံ, တိရိယံ ဆ ဝိဒတ္ထိယော၊ တံ ပန ဝမုကီဟတ္ထေန ဒီယတော တေရသ ဟတ္ထာ ဧကာ စ ဝိဒတ္ထိ၊ တိရိယတော နဝ ဟတ္ထာ ဟောန္တိ–

ဟု လာသည်။

၃။ **ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ**၌–

သုဂတဝိဒတ္ထိ နာမ ပမာဏံ မဇ္ဈိမဿ ပုရိသဿ တိသော ဝိဒတ္ထိယော၊ ပကတိပုရိသဿ ဆအင်္ဂုလိအဓိကဒွိဟတ္ထော–

ဟု လာသည်။

ထို့ကြောင့် သုဂတစီဝရပမာဏသည် အလျား မဇ္ဈိမပုရိသဟု ဆိုအပ်သော ဝမုကီပုရိသ၏ ၁၃-တောင်နှင့်၁-ထွာ၊ ပကတိပုရိသ၏ အတောင် ၂၀-နှင့် လက် ၆-သစ်၊ အနံ့ မဇ္ဈိမပုရိသဟု ဆိုအပ်သော ဝမုကီပုရိသ၏ ၉-တောင်၊ ပကတိပုရိသ၏ ၁၃-တောင်နှင့် ၁-ထွာရှိသည်ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၆၅] ရဟန်းခံစဉ် ပရိက္ခာရစောင့အဓိဋ္ဌာန် မတင်အပ်

(၁) မေး။ ။ ထိုတိစီဝရိတ်အဓိဋ္ဌာန်, ပရိက္ခာရစောင့အဓိဋ္ဌာန် ၂-ပါးတွင် ရဟန်းခံ-စဉ် တိစီ-ဝရိတ် အဓိဋ္ဌာန်မတင်ဘဲ ပရိက္ခာရစောင့အဓိဋ္ဌာန်ကို ဦးစွာတင်၍ ဆောင်အပ် ပါမည်လော။

ဖြေ။ ။ ထိုအမေးမှာ ဝဇိရဗုဒ္ဓိဋီကာ ပဌမကထိနသိက္ခာပုဒ်အဖွင့်၌-

၁။ ပဌမံ တိစီဝရံ တိစီဝရာဓိဋ္ဌာနေန အဓိဋ္ဌာတဗ္ဗံ၊ ပုန ပရိဟရိတုံ အသက္ကော-နွေန ပစ္စုဒ္ဓရိတွာ ပရိက္ခာရစောင့် အဓိဋ္ဌာတဗ္ဗံ၊ န တွေဝ အာဒိတောဝ က္ကဒ် ဝုတ္တံ-

ဟု လာသည်(ဝဇိရ။၂၂၃)။

၂။ **ဝိနယာလင်္ကာရဋီကာ(၁။၉၃-၄)၌လည်း နည်းတူလာသည်။ သာရတ္ထဒီပနီ, ဝိမတိဝိနော ဒနီ, လိနတ္ထပကာသနီဋီကာတို့၌ကား အထူးမဆိုကြကုန်။**

ပဌမံ၊ ရှေးဦးစွာ။ တိစီဝရံ၊ တိစီဝရိတ် ၃-ထည်ကို။ တိစီဝရာဓိဋ္ဌာနေန၊ တိစီဝရိတ် အဓိဋ္ဌာန်ဖြင့်။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်တင်အပ်၏။ ပုန၊ တဖန်။ ပရိဟရိတုံ၊ ဆောင်ခြင်းငှာ။ အသက္ကောန္တေန၊ မစွမ်းနိုင်သဖြင့်။ ပစ္စုဒ္ဓရိတွာ၊ စွန့်၍။ ပရိက္ခာရစောင့်၊ ပရိက္ခာရစောင့ကို။ ကတွာ၊ ပြု၍။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်တင်အပ်၏။ အာဒိတောဝ၊ ရဟန်းခံသောအစဉ်။ န တွေဝ အဓိဋ္ဌာတဗ္ဗံ၊ ပရိက္ခာရစောင့အဓိဋ္ဌာန် မတင်အပ်။ က္ကတိ၊ ဤသို့။ ဝုတ္တံ၊ ၏။

၃။ **"စတ္ထိန္ဒြာဘိသီရိသဒ္ဒမဓေမဟာဓမ္မရာဇာဓိရာဇဂုရု" အမည်ရှိသော မဟာအောင်** မြေဘုံစံအုတ်ကျောင်း ဆရာတော်ဦးဗုဒ္ဓံရေးသော ခုဒ္ဒသိက္ခာနိဿယ၌-

(က) တိစီဝရာဒိ' နုညာတံ- မိဠိတံ ကပ္ပိတံ နုတိ။
မိဠာတုံ န ကပ္ပေတုန္တိ၊ ဝုတ္တတ္တာ ကပ္ပနာ န စေ။

(ခ) အနာပတ္တိ အဓိဋ္ဌေတိ၊ ကပ္ပေတိ သဇ္ဇတီတိ စ။
ဝုတ္တတ္တာ ကပ္ပနာ ကပ္ပါ၊ က္ကစ္ဆော နိစ္ဆီတော ယတော။

(ဂ) ဒုဓာ စီဝရသမ္ဟောဂေါ၊ အဓိဋ္ဌာနဝိကပ္ပတော။
အဓိဋ္ဌာနံ ဒုဓာ တတ္ထ၊ သုခဒုပ္ပရိဟာရတော။

(ဃ) ပရိက္ခာရစောင့် သုခံ၊ ဒုက္ခမတြ တိစီဝရံ။
တိစီဝရာဓိဋ္ဌာနဠ္ဟ၊ ဓုတင်္ဂဝိနယာ ဒုဓာ။

http://www.dhammadownload.com

(ငါ) ဝိကပ္ပနာ ဒုဓာ ဧေ ဃျာ– ဓိဋ္ဌာနဓိဋ္ဌကပ္ပတော။
ဒုဓာ'ဓိဋ္ဌာ တိဓိ'တရံ၊ စောဠံ သုဒ္ဓါဒိတော တိဓာ–

ဟု သင်္ဂဟဂါထာ ဖွဲ့ဆိုတော်မူသည်။

အနုညာတံ၊ ဘုရားခွင့်ပြုတော်မူအပ်သော။ တိစီဝရာဒိ၊ တိစီဝရိတ်စသည်ကို။ အဓိဋ္ဌိတံ၊ အဓိဋ္ဌာန်တင်အပ်သလော။ ဝိကပ္ပိတံ နု၊ ဝိကပ္ပနာပြုအပ်သလော။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ အဓိဋ္ဌာတုံ နု ကပ္ပေတုန္တိ၊ "အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ အဓိဋ္ဌာတုံ နု ဝိကပ္ပေတုံ" စသည်ဖြင့်။ ဝုတ္တတ္တာ၊ မဟာဝါပါဠိတော်၌ ဟောတော်မူအပ်သည် အဖြစ်ကြောင့်။ ကပ္ပနာ၊ ဝိကပ္ပနာပြုခြင်းသည်။ နု ဝဋ္ဋတိ၊ မအပ်။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ ဆိုငြားအံ့။

အနာပတ္တိ အဓိဋ္ဌေတိ၊ ကပ္ပေတိ သဇ္ဇုတီတိ စ၊ အနာပတ္တိ အန္ဓောဒသာဟံ အဓိဋ္ဌေတိ၊ ဝိကပ္ပေတိ၊ ဝိဿဇ္ဇေတိဟူ၍လည်း။ ဝုတ္တတ္တာ၊ ဝိဘင်းပါဠိတော် ပဌမကထိန သိက္ခာပုဒ်၌ ဟောတော်မူသည် အဖြစ်ကြောင့်။ ကပ္ပနာ၊ ဝိကပ္ပနာပြုခြင်းသည်။ ကပ္ပါ၊ အပ်၏။ ဣစ္စတ္ထော ဣတိ အတ္ထော၊ ဤသို့ အညမညောကာသအနက်ကို။ ဝါ၊ ဝိကပ္ပနာသည် အဓိဋ္ဌာန်အား၊ အဓိဋ္ဌာန်သည် ဝိကပ္ပနာအား ပြုခွင့်ရသော အနက်ကို။ ယတော၊ အကြောင်းကြောင့်။ နိဋ္ဌိတော၊ ပါဠို,အဋ္ဌကထာ,ဋီကာတို့၌ ဆုံးဖြတ်အပ်၏။ ဝါ၊ ပါဠို, အဋ္ဌကထာတို့မှ ထုတ်၍ ဆုံးဖြတ်အပ်၏။ တတော၊ ထို့ကြောင့်–

စီဝရသမ္ဘောဂေါ၊ သင်္ကန်းကို သုံးဆောင်ခြင်းသည်။ အဓိဋ္ဌာနဝိကပ္ပတော၊ အဓိဋ္ဌာန်, ဝိကပ္ပနာအားဖြင့်။ ဒုဓာ၊ ၂-ပါး အပြားရှိ၏။ တတ္ထ၊ ထို ၂-ပါးတို့တွင်။ အဓိဋ္ဌာန်၊ သည်။ သုခဒုပ္ပရိဟာရတော၊ ဆောင်လွယ်ခြင်း, ဆောင်ခဲခြင်းအားဖြင့်။ ဒုဓာ၊ ၂-ပါးအပြားရှိ၏။

အတြ၊ ထို ၂-ပါးတို့တွင်။ ပရိက္ခာရစောဠံ၊ သည်။ သုခံ၊ ဆောင်လွယ်၏။ တိစီဝရံ၊ တိစီဝရိတ်အဓိဋ္ဌာန်သည်။ ဒုက္ခံ၊ ဆောင်နိုင်ခဲ၏။ တိစီဝရာဓိဋ္ဌာနဉ္စ၊ တိစီဝရိတ်အဓိဋ္ဌာန်သည်လည်း။ ဓုတင်္ဂဝိနယာ၊ ဓုတင်တိစီဝရိတ်, ဝိနည်းတိစီဝရိတ်အားဖြင့်။ ဒုဓာ၊ ၂-ပါး အပြားရှိ၏။

ဝိကပ္ပနာ၊ ဝိကပ္ပနာကို။ အဓိဋ္ဌာနဓိဋ္ဌကပ္ပတော၊ အဓိဋ္ဌာန်တင်ပြီးကို ပြုခြင်း, မတင်သေးသည်ကို ပြုခြင်းအားဖြင့်။ ဒုဓာ၊ ၂-ပါးအပြားရှိ၏ဟူ၍။ ဧေ ဃျာ၊ သိအပ်၏။ အဓိဋ္ဌာ၊ အဓိဋ္ဌာန်တင်အပ်ပြီးကို ဝိကပ္ပနာပြု၍ သုံးခြင်းသည်။ ဒုဓာ၊ ဓုတင်, ဝိနယအားဖြင့် ၂-ပါးရှိ၏။ ဣတရံ၊ အဓိဋ္ဌာန်မတင်အပ်သည်ကို ဝိကပ္ပနာပြု၍ သုံးခြင်းသည်။ တိဓာ၊ ဓုတင်, ဝိနယ, ပရိက္ခာရစောဠအားဖြင့် ၃-ပါးရှိ၏။ စောဠံ၊ ပရိက္ခာရစောဠ အဓိဋ္ဌာန်သည်။

http://www.dhammadownload.com

သုဒ္ဓါဒိတော၊ ဓုတင်္ဂတိစီဝရိတ်, ဝိနည်းတိစီဝရိတ် မတင်ဖူးသည်ကို တင်သော် သုဒ္ဓပရိက္ခာရစောဠအဓိဋ္ဌာန်၊ ဓုတင်္ဂတိစီဝရိတ်, ဝိနည်းတိစီဝရိတ်တင်ဖူးသည်ကို တင်သော ဓုတင်္ဂတိစီဝရပုဗ္ဗပရိက္ခာရစောဠအဓိဋ္ဌာန်၊ ဝိနယတိစီဝရပုဗ္ဗပရိက္ခာရစောဠအဓိဋ္ဌာန်အားဖြင့်။ တိဓာ၊ ၃-ပါးအပြားရှိ၏။

ထိုသင်္ဃဂါထာ၏ လိုရင်းအဓိပ္ပါယ်ကား ဘုရားခွင့်ပြုတော်မူအပ်သော အဓိဋ္ဌာန်, ဝိကပ္ပနာ ၂-ပါးတို့တွင် အဓိဋ္ဌာန်တင်လိုသော ရဟန်းသည် အဓိဋ္ဌာန်တင်အပ်သည်။ ဝိကပ္ပနာပြုလိုသောရဟန်းသည် ဝိကပ္ပနာပြုအပ်သည်။

ထို ၂-ပါးသော ဝိနည်းကံတို့တွင် အဓိဋ္ဌာန်တင်အပ်သော ဝိနည်းကံသည် တိစီဝရိတ်အဓိဋ္ဌာန်, ပရိက္ခာရစောဠအဓိဋ္ဌာန်ဟူ၍ ၂-ပါးရှိသည်။ ထို ၂-ပါးတို့တွင် တိစီဝရိတ်အဓိဋ္ဌာန်ဆောင်ခြင်းသည် ဝန်လေး၍ ဆောင်နိုင်ခဲသည်။ ပရိက္ခာရစောဠ အဓိဋ္ဌာန်ဆောင်ခြင်းသည် ဝန်ပေါ့၍ ဆောင်လွယ်သည်။ တိစီဝရိတ်အဓိဋ္ဌာန်သည်လည်း ဓုတင်္ဂတိစီဝရိတ်, ဝိနည်းတိစီဝရိတ်ဆောင်ခြင်းအားဖြင့် ၂-ပါးရှိသည်။

ဝိကပ္ပနာသည်လည်း အဓိဋ္ဌာန်တင်ပြီးသော သင်္ကန်းကို ပြုခြင်း, မတင်သေးသော သင်္ကန်းကို ပြုခြင်းအားဖြင့် ၂-ပါးရှိသည်။ ထို ၂-ပါးတို့တွင် အဓိဋ္ဌာန်တင်ပြီးကို ဝိကပ္ပနာပြုခြင်းသည် ဓုတင်္ဂတိစီဝရ, ဝိနယတိစီဝရကို ပြုခြင်းအားဖြင့် ၂-ပါးရှိသည်။ အဓိဋ္ဌာန်မတင်သေးသည်ကို ဝိကပ္ပနာပြုခြင်းသည် ဓုတင်္ဂ, ဝိနယ, ပရိက္ခာရစောဠအားဖြင့် ၃-ပါးရှိ၏။

ပရိက္ခာရစောဠအဓိဋ္ဌာန်သည်လည်း ဓုတင်္ဂ, ဝိနယတိစီဝရိတ် မတင်ဖူးသည်ကို တင်သော သုဒ္ဓပရိက္ခာရစောဠအဓိဋ္ဌာန်၊ ဓုတင်္ဂ, ဝိနယတိစီဝရိတ်တင်ဖူးသည်ကို တင်သော ဓုတင်္ဂတိစီဝရပုဗ္ဗ ပရိက္ခာရစောဠအဓိဋ္ဌာန်၊ ဝိနယတိစီဝရပုဗ္ဗ ပရိက္ခာရစောဠအဓိဋ္ဌာန်အားဖြင့် ၃-ပါးရှိသည်ဟု ပြတော်မူသည်။

ဤမဟာအောင်မြေဘုံစံ အုတ်ကျောင်းဆရာတော် ဦးဗုဒ္ဓံအလိုအားဖြင့် ရဟန်းခံစဖြစ်သော်လည်း အစဋ္ဌ သုဒ္ဓပရိက္ခာရစောဠအဓိဋ္ဌာန်အပ်သည်ဟု ပြတော်မူသည်။

ဝဇိရဗုဒ္ဓိဋီကာအလိုအားဖြင့် ရဟန်းခံစဋ္ဌ ပရိက္ခာရစောဠ မအပ်၊ တိစီဝရိတ်အဓိဋ္ဌာန်တင်ရမည်။ ထိုတိစီဝရိတ်ကို မဆောင်နိုင်မှ စွန့်၍ ပရိက္ခာရစောဠအဓိဋ္ဌာန်တင်အပ်သည်ဟု ပြတော်မူသည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၆၆] ဝဿိကသာဋိကာသင်္ကန်းစသည် အဓိဋ္ဌာန်တင်ပုံ

(၁) မေး။ ။ ဝဿိကသာဋိကာသင်္ကန်း, ကဏ္ဍုပ္ပဋိစ္ဆာဒိသင်္ကန်း, နိသီဒနသင်္ကန်း, ပစ္စတ္ထရဏသင်္ကန်း, မုခပုဉ္ဆနသင်္ကန်းတို့၏ အဓိဋ္ဌာန်အရ စသည်ကို အဘယ်သို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ ဝဿိကသာဋိကာ အနတိရိတ္တပမာဏာ နာမံ ဂဟေတွာ ဝုတ္တနယေနေဝ စတ္တာရော ဝဿိကေ မာသေ အဓိဋ္ဌာတဗ္ဗာ၊ တတော ပရံ ပစ္စုဒ္ဓရိတွာ ဝိကပ္ပေတဗ္ဗာ။ ဝဏ္ဏဘေဒမတ္တရတ္တာပိ စေသာ ဝဋ္ဋတိ။ ဒွေ ပန နဝဋ္ဌန္တိ။ နိသီဒနံ ဝုတ္တနယေန အဓိဋ္ဌာတဗ္ဗမေဝ၊ တဉ္စ ခေါ ပမာဏယုတ္တံ ဧကမေဝ၊ ဒွေ န ဝဋ္ဌန္တိ။ ပစ္စတ္ထရဏမ္ပိ အဓိဋ္ဌာတဗ္ဗမေဝ၊ တံ ပန မဟန္တမ္ပိ ဝဋ္ဋတိ၊ ဧကမ္ပိ ဝဋ္ဋတိ၊ ဗဟူနိပိ ဝဋ္ဋန္တိ။ နီလမ္ပိ ပီတကမ္ပိ သဒ္ဒသမ္ပိ အဒ္ဒသမ္ပိ ပုပ္ဖဒသမ္ပိတိ သဗ္ဗပ္ပကာရံ ဝဋ္ဋတိ။ သကိံ အဓိဋ္ဌံ အဓိဋ္ဌာတမေဝ ဟောတိ။ ကဏ္ဍုပ္ပဋိစ္ဆာဒိ ယာဝ အာဗာဓော အတ္ထိ၊ တာဝ ပမာဏိကာ အဓိဋ္ဌာတဗ္ဗာ။ အာဗာဓေ ဝူပသန္တေ ပစ္စုဒ္ဓရိတွာ ဝိကပ္ပေတဗ္ဗာ၊ ဧကာဝ ဝဋ္ဋတိ၊ မုခပုဉ္ဆနစောဠံ အဓိဋ္ဌာတဗ္ဗမေဝ၊ ယာဝ ဧကံ ဓောဝီယတိ၊ တာဝ အညံ ပရိဘောဂတ္ထာယ ဂ္ကစ္ဆိတဗ္ဗန္တိ ဒွေ ဝဋ္ဌန္တိ–

ဟု ပါရာဇိကဏ္ဌအဋ္ဌကထာ ပဌမကထိနသိက္ခာပုဒ်အဖွင့်၌ လာသည်(နှာ-၂၂၇)။

အနတိရတ္တပမာဏာ၊ မလွန်သော ပမာဏရှိသော။ ဝဿိကသာဋိကာ၊ မိုးရေခံသင်္ကန်းကို။ နာမံ၊ အမည်ကို။ ဂဟေတွာ၊ ယူ၍။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့သောနည်းဖြင့်သာလျှင်။ စတ္တာရော ဝဿိကေ မာသေ၊ မိုး ၄-လပတ်လုံး။ အဓိဋ္ဌာတဗ္ဗာ၊ ၏။ တတော၊ ထို ၄-လမှ။ ပရံ၊ နောက်၌။ ပစ္စုဒ္ဓရိတွာ၊ စွန့်၍။ ဝိကပ္ပေတဗ္ဗာ၊ ဝိကပ္ပနာ ပြုအပ်၏။ ဧသော၊ ဤမိုးရေခံသင်္ကန်းသည်။ ဝဏ္ဏဘေဒမတ္တရတ္တာပိ စ၊ အဆင်းပျက်ရုံမျှ ဆိုးသော်လည်း။ ဝဋ္ဋတိ၊ အပ်၏။ ဒွေ ပန၊ ၂-ထည်တို့သည်။ န ဝဋ္ဌန္တိ၊ မအပ်ကုန်။

နိသီဒနံ၊ နိသီဒိုင်သင်္ကန်းကို။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်သာလျှင်။ အဓိဋ္ဌာတဗ္ဗမေဝ၊ အဓိဋ္ဌာန်တင်အပ်သည်သာတည်း။ တဉ္စ ခေါ၊ ထိုနိသီဒိုင်သည်လည်း။ ပမာဏယုတ္တံ၊ ပမာဏနှင့်ယှဉ်သော။ ဧကမေဝ၊ ၁-ထည်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။ ဒွေ၊ ၂-ထည်တို့သည်။ န ဝဋ္ဌန္တိ၊ မအပ်ကုန်။

http://www.dhammadownload.com

ပစ္စတ္ထရဏမ္ပိ၊ အခင်းသင်္ကန်းကိုလည်း။ အဓိဋ္ဌာတဗ္ဗမေဝ၊ အဓိဋ္ဌာန်တင်အပ်သည်သာတည်း။ တံ ပန၊ ထိုအခင်းသည်။ မဟန္တမ္ပိ၊ ကြီးသော်လည်း။ ဝဋ္ဋတိ၊ အပ်၏။ဧကမ္ပိ၊ ၁-ထည်သည်လည်း။ ဝဋ္ဋတိ၊ အပ်၏။ ဗဟူနိပိ၊ များစွာတို့သည်လည်း။ ဝဋ္ဋန္တိ၊ အပ်ကုန်၏။ နီလမ္ပိ အညိုသည်လည်းကောင်း။ ပီတကမ္ပိ အရွှေသည်လည်းကောင်း။ သဒသမ္ပိ အဆာရှိသော်လည်းကောင်း။ အဒသမ္ပိ၊ အဆာမရှိသော်လည်းကောင်း။ ပုပ္ဖဒသမ္ပိ၊ ပန်းအဆာရှိသော်လည်းကောင်း။ သဗ္ဗပ္ပကာရံ၊ ခပ်သိမ်းသောအပြားသည်။ ဝဋ္ဋတိ၊ အပ်၏။ သင်္ကိ၊ ၁-ကြိမ်။ အဓိဋ္ဌိတံ၊ အဓိဋ္ဌာန် တင်ပြီးသည်ရှိသော်။ အဓိဋ္ဌာတဗ္ဗမေဝ၊ သာလျှင်။ ဟောတိ၊ ဖြစ်၏။

ကဏ္ဏုပ္ပဋိစ္ဆာဒိ၊ အမာလွှမ်းသင်္ကန်းကို။ ယာဝ၊ အကြင်မျှလောက်။ အာဗာဓော၊ အနာသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်ကာလတိုင်အောင်။ ပမာဏိကာ၊ ပမာဏနှင့်ယှဉ်သည်ကို။ အဓိဋ္ဌာတဗ္ဗာ၊ ၏။ အာဗာဓေ၊ အနာသည်။ ဝူပသန္တေ၊ ငြိမ်းသည် ရှိသော်။ ပစ္စုဒ္ဓရိတ္တာ၊ စွန့်၍။ ဝိကပ္ပေတဗ္ဗာ၊ ပြုအပ်၏။ ဧကာဝ၊ ၁-ထည်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။

မုခပုဉ္ဆနစောဠံ၊ မျက်နှာသုတ်ပုဆိုးကို။ အဓိဋ္ဌာတဗ္ဗမေဝ၊ သာတည်း။ ယာဝ၊ အကြင်မျှလောက်။ ဧကံ၊ ၁-ထည်ကို။ ဓောဝီယတိ၊ ဖွပ်အပ်၏။ တာဝ၊ ထိုမျှလောက်။ အညံ၊ တစ်ထည်ကို။ ပရိဘောဂတ္ထာယ၊ သုံးဆောင်ခြင်းငှာ။ ဣစ္ဆိတဗ္ဗံ၊ အလိုရှိအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဒွေ၊ ၂-ထည်တို့သည်။ ဝဋ္ဋန္တိ၊ အပ်ကုန်၏။

အဓိပ္ပါယ်ကား "ဣမံ ဝဿိကသာဋိကံ အဓိဋ္ဌာမိ"ဟူ၍လည်းကောင်း၊

"ဣမံ ကဏ္ဏုပ္ပဋိစ္ဆာဒိံ အဓိဋ္ဌာမိ"ဟူ၍လည်းကောင်း၊
"ဣမံ နိသီဒနံ အဓိဋ္ဌာမိ"ဟူ၍လည်းကောင်း၊
"ဣမံ ပစ္စတ္ထရဏံ အဓိဋ္ဌာမိ"ဟူ၍လည်းကောင်း၊
"ဣမံ မုခပုဉ္ဆနစောဠံ အဓိဋ္ဌာမိ"ဟူ၍ လည်းကောင်း-

၂-တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ အဓိဋ္ဌာန်တင်အပ်သည်။ ၂-တောင့်ထွာ ဟတ္ထပါသ်မှ အပ၌ တင်မူ "ဧတံ ဝဿိကသာဋိကံ အဓိဋ္ဌာမိ" စသည်ဖြင့် ဆို၍ တင်ရမည်။

ထိုသင်္ကန်းတို့တွင် ဝဿိကသာဋိကသင်္ကန်းသည် ပမာဏနှင့်ယှဉ်သော ၁-ထည်သာ အပ်သည်။ အဆင်းပျက်ရုံမျှ ဆိုးသော်လည်း အပ်သည်။ မိုး ၄-လသာ အဓိဋ္ဌာန်တင်အပ်သည်။ မိုး ၄-လလွန်မူ ဝိကပ္ပနာပြုအပ်သည်။

ကဏ္ဏုပ္ပဋိစ္ဆာဒိသင်္ကန်းသည် ပမာဏနှင့်ယှဉ်သော ၁-ထည်သာအပ်သည်။ ယားနာ, ဒူလာသွေးကျသောအနာ စသည်ရှိသောအခါ အဓိဋ္ဌာန်တင်အပ်သည်။ အနာငြိမ်းမူ ဝိကပ္ပနာပြုအပ်သည်။

http://www.dhammadownload.com

နိသီဒနသင်္ကန်းသည် ပမာဏနှင့်ယှဉ်သော ၁-ထည်သာ အပ်သည်။

ပစ္ဆိတ္ထရဏသင်္ကန်းသည် ကြီးသော်လည်းကောင်း၊ ၁-ထည်သော်လည်းကောင်း၊ များစွာသော်လည်းကောင်း အပ်သည်။ အညို့, အခွေ-စသော အဆင်း, အဆာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အပ်သည်။ ပန်းပွင့်အဆာရှိသော်လည်း အလုံးစုံသောအခြင်းအရာအားဖြင့် အပ်သည်။ ၁-ကြိမ် အဓိဋ္ဌာန်တင်မူ အမြဲအပ်သည်။

၂။ ခုဒ္ဒသိက္ခာဋီကာသစ်(နှာ-၂၇၁)၌–

အဓိဋ္ဌဟေတိ "ဣမံ သံဃာဋိ အဓိဋ္ဌာမိ"တိ အာဒိနာ နဝန္နံ နာမံ ဂဟေတွာ အဓိဋ္ဌေယျ–

ဟု ဆိုတော်မူသည်။

အဓိဋ္ဌဟေတိ၊ ကား။ ဣမံ သံဃာဋိ၊ ကို။ အဓိဋ္ဌာမိ၊ ၏။ ဣတိ အာဒိနာ၊ ဤသို့စသည်ဖြင့်။ နဝန္နံ၊ ၉-ထည်သော သင်္ကန်းတို့၏။ နာမံ၊ အမည်ကို။ ဂဟေတွာ၊ ယူ၍။ အဓိဋ္ဌေယျ၊ အဓိဋ္ဌာန်တင်ရာ၏။

၃။ လီနတ္ထပကာသနီဋီကာ၌လည်း–

ပစ္ဆိတ္ထရဏာဒိနာမေန ပန အဓိဋ္ဌာတဗ္ဗတ္တာ "ဣမံ ပစ္ဆိတ္ထရဏံ ပစ္ဆိဒ္ဓရာမိ"တိ အာဒိနာ ဝုတ္တေပိ နေဝ'တ္ထိ ဒေါသော–

ဟု ဆိုသည်(ကင်္ခါ၀ိ-သစ်။၁၈၂)။

ဤသို့လျှင် ဝဿိကသာဋိကာသင်္ကန်း-စသည်ကို မှတ်ရမည်။

ဝဿိကသာဋိကာ, ကဏ္ဍုပ္ပဋိစ္ဆာဒိ, နိသီဒနသင်္ကန်းတို့၏ ပမာဏအရကို ဘိက္ခု-ပါတိမောက် ရတနဝဂ်၌ လာသည့်အတိုင်း သိသာလွယ်သည် ဖြစ်၍ မပြဆိုပြီ။

၄။ ပါရာဇိကဏ်အဋ္ဌကထာ ပဌမကထိနသိက္ခာပုဒ်အဖွင့်(နှာ-၂၂၈)၌–

သဗ္ဗေသမ္ပိ အဓိဋ္ဌာတဗ္ဗကစီဝရာနံ ဝိကပ္ပနုပဂပစ္ဆိမပမာဏတော အညံ ပစ္ဆိမပမာဏံ နာမ နတ္ထိ။ ယဉ္စိ နိသီဒနကဏ္ဍုပ္ပဋိစ္ဆာဒိဝဿိကသာဋိကာနံ ပမာဏံ ဝုတ္တံ၊ တံ ဥက္ကဋ္ဌံ, တတော ဥတ္တရိ ပဒိသိဒ္ဓတ္တာ၊ ဧကံ ပစ္ဆိမံ, တတော ဟေဋ္ဌာ အပဉ္ဉတ္တိသိဒ္ဓတ္တာ။ တိစီဝရသာပိ သုဂတစီဝရပမာဏတော ဥနကတ္တံ ဥက္ကဋ္ဌ-ပမာဏမေဝ။ ပစ္ဆိမံ ပန ဝိသုံ သုတ္တေ ဝုတ္တံ နတ္ထိ။ မုခပုဉ္ဆနပစ္ဆတ္ထရဏပရိက္ခာ-ရစောဋ္ဌာနံ ဥက္ကဋ္ဌပရိစ္ဆေဒေါ နတ္ထိယေဝ။ ဝိကပ္ပနုပဂပစ္ဆိမေန ပန ပစ္ဆိမပရိစ္ဆေဒေါ ဝုတ္တော– ဟု ဆိုတော်မူသည်။

http://www.dhammadownload.com

သဗ္ဗေသမ္မိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ အဓိဋ္ဌာတဗ္ဗကစီဝရာနံ၊ အဓိဋ္ဌာန်တင်သော သင်္ကန်း ၉-ထည်တို့၏။ ဝိကပ္ပနုပဂပစ္ဆိမပွဓာဏတော၊ ဝိကပ္ပနာလောက်သော အယုတ်ပမာဏမှ။ အည်၊ တပါးသော။ ပစ္ဆိမပွဓာဏံ နာမ၊ အယုတ်ပမာဏမည်သည်။ နတ္ထိ၊ မရှိ။ ဟိ၊ မှန်၏။ နိသီဒန။ပါဋိကာနံ၊ တို့၏။ ယံ ပမာဏံ၊ ကို။ ဝုတ္တံ၊ ၏။ တံ ပမာဏံ၊ သည်။ ဥက္ကဋ္ဌံ၊ အလွန်မည်၏။ တတော၊ ထိုပမာဏထက်။ ဥတ္တရိ၊ အလွန်။ ပဋိသိဒ္ဓတ္တာ၊ မြစ်အပ်သည်အဖြစ်ကြောင့်တည်း။ တိစီဝရဿာပိ၊ တိစီဝရိတ်၏လည်း။ သုဂတစီဝရပွဓာဏတော၊ ဘုရားသင်္ကန်းတော် ပမာဏအောက်။ ဥနကတ္တံ၊ ယုတ်သော အဖြစ်သည်။ ဥက္ကဋ္ဌပွဓာဏမေဝ၊ အလွန်အပ်သောပမာဏသာ မည်၏။ ပစ္ဆိမံ ပန၊ အယုတ်ပမာဏကို ကား။ သုတ္တေ၊ ပါဠိ၌။ ဝိသုံ၊ သီးခြား။ ဝုတ္တံ၊ ဟောတော်မူခြင်းသည်။ နတ္ထိ၊ မရှိ။ မုခပုဉ္ဆန-ပစ္စတ္ထရဏပရိက္ခာရစောဠာနံ၊ တို့၏။ ဥက္ကဋ္ဌပရိစ္ဆေဒေါ၊ အလွန်ကို ပိုင်းခြားခြင်းသည်။ နတ္ထိယေဝ၊ မရှိသည်သာတည်း။ ဝိကပ္ပနုပဂပစ္ဆိမေန ပန၊ ဝိကပ္ပနာလောက်သော အယုတ်ပမာဏအားဖြင့်။ ပစ္ဆိမပရိစ္ဆေဒေါ၊ ပစ္ဆိမအပိုင်းအခြားကို။ ဝုတ္တော၊ ဟောတော်မူ၏။ (အဓိပ္ပါယ်လွယ်သည်)

✪ ✪ ✪ ✪ ✪

[၁၆၇] အဓိဋ္ဌာန်ပျက်ကြောင်းများ

(၁)မေး။ ။ ထိုသင်္ကန်း ၉-ထည်တို့၏ အဓိဋ္ဌာန်သည် အဘယ်သို့ ပျက်ပါသနည်း။

ဖြေ။ ။ ထိုအမေးမှာ—

၁။ သဗ္ဗဥ္စ ပနေတံ ဝုတ္တပ္ပကာရေန အဓိဋ္ဌိတစီဝရံ အညဿ ဒါနေန, အစ္ဆိန္ဒိတ္ဝာ ဂဟဏေန, ဝိဿာသဂ္ဂါဟေန, ဟီနာယာဝတ္တနေန, သိက္ခာပစ္စက္ခာနေန, ကာလ-ကိရိယာယ, လိင်္ဂပရိဝတ္တနေန, ပစ္စုဒ္ဓရဏေနာတိ ဣမေဟိ အင်္ဂေဟိ ကာရဏေဟိ အဓိဋ္ဌာနံ ဝိဇဟတိ။ တိစီဝရံ ပန ကနိဋ္ဌင်္ဂုလိနဝိဒ္ဓိပ္ပမာဏေန ဆိဒ္ဒေနာပိ ဝိဇဟတိ၊ တဉ္စ ခေါ ဝိနိဗ္ဘေဓေနေဝ။ သစေ ဟိ ဆိဒ္ဒဿ အတ္ထင်္ဂရေ ဧကတန္တုပိ အစ္ဆိန္နော ဟောတိ၊ ရက္ခတိယေဝ။ တတ္ထ သဲယာဋိယာ စ ဥတ္တရာသင်္ဂဿ စ ဒီဃန္တတော ဝိဒတ္ထိပွမာဏဿ, တိရိယန္တတော အဋ္ဌင်္ဂုလပွမာဏဿ ပဒေသဿ ဩရတော ဆိဒ္ဒံ အဓိဋ္ဌာနံ ဘိန္ဒတိ၊ အန္တရဝါသကေပိ ဒီဃန္တတော ဧတဒေဝ ပမာဏံ၊ တိရိယန္တေန ပန စတုရင်္ဂုလတာ ဝေဒိတဗ္ဗာ။ တိဏ္ဏန္နမ္ပိ ဝုတ္တောကာသဿ ပရတော

http://www.dhammadownload.com

နှ ဘိန္နတိ၊ တသ္မာ ဆိဒ္ဒေ ဇာတေ တိစီဝရံ အတိရေကစီဝရဋ္ဌာနေ တိဋ္ဌတိ၊ သူစိကမ္မံ ကတ္တာ ပုန အဓိဋ္ဌာတဗ္ဗံ–

ဟု မာတိကာအဋ္ဌကထာ၌ လာသည်(ကခ၊၁၅၅)။

ပန၊ အဓိဋ္ဌာန်တင်သည်မှတပါး ပျက်သည်ကို ဆိုဦးအံ့။ သဗ္ဗဉ္စ၊ အလုံးစုံလည်း ဖြစ်သော။ ဝုတ္တပ္ပကာရေန၊ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ ဧတံ အဓိဋ္ဌိတစီဝရံ၊ [၁]ထိုအဓိဋ္ဌာန်တင်သော သင်္ကန်းကို။ အညဿ၊ သူတပါး၏အား။ ဒါနေန၊ စွန့်ပေးသဖြင့် လည်းကောင်း။ [၂]အစ္ဆိန္နိတ္တာ၊ ခိုးသူလုရ၍။ ဂဟဏေန၊ ယူသဖြင့်လည်းကောင်း။ [၃]ဝိဿာသဂ္ဂါဟေန၊ ဝိဿာသအင်္ဂါနှင့် ယူသဖြင့်လည်းကောင်း။ [၄]ဟီနာယာဝတ္တနေန၊ သိက္ခာကို မစွန့်ဘဲ လူဝတ်ကို ဝတ်သဖြင့်လည်းကောင်း။ [၅]သိက္ခာပစ္စက္ခာနေန၊ သိက္ခာကို စွန့်သဖြင့် လည်းကောင်း။ [၆]ကာလံကိရိယာယ၊ သေခြင်းကို ပြုသဖြင့်လည်းကောင်း။ [၇]လိင်္ဂပရိဝတ္တနေန၊ လိင်ပြန်သဖြင့်လည်းကောင်း။ [၈]ပစ္စုဒ္ဒရဏေန၊ အဓိဋ္ဌာန်ကို စွန့်သဖြင့်လည်းကောင်း။ ဣတိ၊ သို့။ အဋ္ဌဟိ၊ ၈-ပါးကုန်သော။ ဣမေဟိ ကာရဏေဟိ၊ ဤအကြောင်းတို့ကြောင့်။ အဓိဋ္ဌာနံ၊ ကို။ ဝိဇဟတိ၊ စွန့်၏။

ပန၊ အထူးကို ဆိုဦးအံ့။ တိစီဝရံ၊ တိစီဝရိက်သင်္ကန်းသည်။ ကနိဋ္ဌဂုံလိနခပိဋ္ဌပ္ပ-မာဏေန၊ လက်သန်း၏ လက်သည်းပြင်ပမာဏရှိသော။ ဆိဒ္ဒေနာပိ၊ အပေါက်ဖြင့်လည်း။ ဝိဇဟတိ၊ စွန့်၏။ တဉ္စ ခေါ၊ ထိုအပေါက်သည်လည်း။ ဝိနိဗ္ဗေဓေနေဝ၊ ထုတ်ချင်းပေါက်သဖြင့် သာလျှင်။ ဟောတိ၊ ၏။ ဟိ၊ မှန်၏။ ဆိဒ္ဒဿ၊ အပေါက်၏။ အဘ္ဘန္တရေ၊ အတွင်း၌။ ဧကတန္တုပိ၊ ချည်တစ်မျှင်မျှလည်း။ အစ္ဆိန္နော၊ မပြတ်သည်။ သစေ ဟောတိ၊ ဖြစ်အံ့၊ ရက္ခတိယေဝ၊ အဓိဋ္ဌာန်ကို စောင့်သည်သာတည်း။ တတ္ထ၊ ထိုစကား၌။ သံယာဋိယာ စ၊ ဒုကူဋ်၏လည်းကောင်း။ ဥတ္တရာသင်္ဃ စ၊ ကိုယ်ဝတ်၏လည်းကောင်း။ ဒီဃန္တတော၊ အလျားအစွန်းမှ။ ဝိဒတ္ထိပ္ပ-မာဏဿ၊ ၁-ထွာပမာဏရှိသော။ ပဒေသဿ၊ အရပ်၏လည်းကောင်း။ တိရိယန္တတော၊ အနံအစွန်းမှ။ အဋ္ဌင်္ဂုလပ္ပမာဏဿ၊ လက် ၈-သစ် ပမာဏရှိသော။ ပဒေသဿ၊ အရပ်၏ လည်းကောင်း။ ဩရတော၊ အတွင်း၌။ ဆိဒ္ဒံ၊ အပေါက်သည်။ အဓိဋ္ဌာနံ၊ ကို။ ဘိန္နတိ၊ ဖျက်၏။ အန္တရဝါသကေပိ၊ သင်းပိုင်၌လည်း။ ဒီဃန္တတော၊ အလျားအစွန်းမှ။ ဧတဒေဝ ပမာဏံ၊ ထို ၁-ထွာပမာဏရှိသည်သာတည်း။ တိရိယန္တေန၊ အနံအစွန်း၌ကား။ စတုရင်္ဂုလတာ၊ လက် ၄-သစ်ရှိသည်အဖြစ်ကို။ ဝေဒိတတ္တာ၊ သိအပ်၏။ တိဏ္ဏန္နမ္ပိ၊ ၃-ထည်သောသင်္ကန်း တို့၏လည်း။ ဝုတ္တောကာသဿ၊ ဆိုအပ်သောအရပ်၏။ ပရတော၊ ပြင်ဘက်မှ။ အဓိဋ္ဌာနံ၊ ကို။ နှ ဘိန္နတိ၊ မဖျက်။ တသ္မာ၊ ထို့ကြောင့်။ ဆိဒ္ဒေ၊ အပေါက်သည်။ ဇာတေ၊ ဖြစ်လတ်သော်။

http://www.dhammadownload.com

တိစီဝရံ၊ သည်။ အတိရေကစီဝရဋ္ဌာနေ၊ အတိရေကသင်္ကန်း အရာ၌။ တိဋ္ဌတိ၊ တည်၏။ သူစိကမ္မံ၊ အပ်ချုပ်မှုကို။ ကတွာ၊ ပြု၍။ ပုန၊ တဖန်။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်တင်အပ်၏။

၂။ ပဌမကထိနသိက္ခာပုဒ်အဋ္ဌကထာ၌ကား–

တတ္ထ ပုရိမေဟိ အဋ္ဌဟိ သဗ္ဗစီဝရာနိ အဓိဋ္ဌာနံ ဝိဇဟန္တိ၊ ဆိဒ္ဒဘာဝေန ပန တိစီဝရသ္မေ သဗ္ဗအဋ္ဌကထာသု အဓိဋ္ဌာနဝိဇဟနံ ဝုတ္တံ–

ဟု လာသည်(ဝိ၊ဋ၊၂။၂၂၈)။

တတ္ထ၊ ထိုအဓိဋ္ဌာန်ကျကြောင်း ၉-ပါးတို့တွင်။ ပုရိမေဟိ၊ ရှေး၌ ဖြစ်ကုန်သော။ အဋ္ဌဟိ၊ ၈-ပါးသော အကြောင်းအရာတို့ကြောင့်။ သဗ္ဗစီဝရာနိ၊ အလုံးစုံသောသင်္ကန်း ၉-ထည်တို့သည်။ အဓိဋ္ဌာန်၊ ကို။ ဝိဇဟန္တိ၊ စွန့်ကုန်၏။ ဆိဒ္ဒဘာဝေ ပန၊ အပေါက်ဖြစ်ခြင်း၌။ တိစီဝရသ္မေဝ၊ တိစီဝရိက်၏သာလျှင်။ သဗ္ဗအဋ္ဌကထာသု၊ ခပ်သိမ်းသော အဋ္ဌကထာတို့၌။ အဓိဋ္ဌာနဝိဇဟန်၊ အဓိဋ္ဌာန်စွန့်ခြင်းကို။ ဝုတ္တံ၊ ၏။

အဓိပ္ပါယ်ကား– ရှေး ၈-ပါးအကြောင်းတို့ကြောင့် သင်္ကန်း ၉-ထည်လုံး အဓိဋ္ဌာန်ကို စွန့်သည်။ အတိရေကသင်္ကန်းအရာ၌ တည်သည်။ အပေါက်ဖြစ်ရာမှာ တိစီဝရိက်သင်္ကန်း ၃-ထည်သာ အဓိဋ္ဌာန်ကျသည်။ ကြွင်းသော သင်္ကန်း ၆-ထည်မှာ အဓိဋ္ဌာန် မကျကုန်။ တိစီဝရိက်အပေါက်ဖြစ်ရာမှာ ဒုကူဋ်, ကိုယ်ဝတ်မှာ အလျား ၁-ထွာအတွင်း အနံ လက် ၈-သစ်အတွင်း၌ ထုတ်ချင်းထွင်း၍ လက်သန်း၏လက်သည်းခွံအပြင် ပမာဏရှိသော အပေါက်သည် အဓိဋ္ဌာန်ကို စွန့်သည်။ ထိုပမာဏမှ ပြင်ဘက်၌ အပေါက်သည် မစွန့်ဟု ပြတော်မူသည်။ တိစီဝရိက်အဓိဋ္ဌာန်ကျသော အပေါက်ရှိရာအတွင်းဖြင့် ပမာဏကို ဆိုရာ၌ ဝမုကီအထွာ,လက်သစ်ကို ယူရမည်ဟု ဝိနယဝိနိစ္ဆယဋီကာ၌ ဆိုသည်။ (ဇတ္ထ ဝိဒတ္ထိတိ ဝမုကီဝိဒတ္ထိ ဂဟေတဗ္ဗာ၊ ၎င်းဋီကာပါဠိ)

ထို့ကြောင့် ဝမုကီ ၁-ထွာ၊ ယခု လူတို့ ၁-ထွာနှင့် လက် ၆-သစ်ရှိသည်။ ဝမုကီ ၈-သစ်၊ ယခုလူတို့ ၁၂-သစ်ရှိသည်။ ဝမုကီ ၄-သစ်၊ ယခုလူတို့ ၆- သစ်ရှိသည်ဟု မှတ်လေ။ ဤသို့ အဓိဋ္ဌာန်စွန့်ခြင်းကို သိလေ။

၃။ ဝိနယတ္ထမဇ္ဈူသာမည်သော လီနတ္ထပကာသနီဋီကာ၌–

ဟီနာယာဝတ္ထုနေနာတိ ဂိဟိဘာဝါယ အာဝတ္တနေန၊ ဝိဿမေနာတိ အတ္ထော၊ "သီလဝန္တော ဟုတွာ ဂိဟီ ဘဝိဿာမီ"တိ သေတဝတ္ထုနိဝါသနေနာတိ ဝုတ္တံ ဟောတိ။ သိက္ခာပစ္စက္ခာနေနာတိ လိင်္ဂ ဒ္ဋတသေဝ သိက္ခာယ ပစ္စက္ခာနေန။

http://www.dhammadownload.com

ယော ဟိ ဘိက္ခုလိင်္ဂေ ဌိတောဝ သိက္ခံ ပစ္စက္ခာတိ၊ တဿ ကာယလဂ္ဂမ္မိ စီဝရံ အဓိဋ္ဌာနံ ဝိဇဟတီတိ—

ဟု ဆိုတော်မူသည်(ကခ်ီ၊ဋီ-သစ်။၂၈၃)။

ဟီနာယာဝတ္တနေနာတိ၊ ဟူသည်ကား။ ဂိဟိဘာဝါယ၊ လူဖြစ်ခြင်းငှာ။ အာဝတ္တနေန၊ လူဘောင်သို့လည်သဖြင့်။ ဝိဇ္ဇမေန၊ လူထွက်သဖြင့်။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။ သီလဝန္တောဝ၊ သိက္ခာကိုမစွန့်ဘဲ သီလရှိသည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ ဂိဟီ၊ လူသည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ ဣတိ၊ ဤသို့။ သေတဝတ္ထနိဝါသနေန၊ အဝတ်ဖြူဝတ်သဖြင့်။ ဣတိ၊ သို့။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ သိက္ခာပစ္စက္ခာနေနာတိ၊ ဟူသည်ကား။ လိင်္ဂေ၊ ရဟန်းအသွင်၌။ ဌိတသ္သေဝ၊ တည်လျက်သာလျှင်။ သိက္ခာယ ပစ္စက္ခာနေန၊ သိက္ခာကို စွန့်သဖြင့်။ ယော ဘိက္ခု၊ သည်။ လိင်္ဂေ၊ ရဟန်းအသွင်၌။ ဌိတော၊ တည်လျက်သာလျှင်။ သိက္ခံ၊ သိက္ခာကို။ ပစ္စက္ခာတိ၊ စွန့်၏။ တဿ၊ ထိုရဟန်းအား။ ကာယလဂ္ဂမ္မိ၊ ကိုယ်၌ငြိသော်လည်း။ စီဝရံ၊ သည်။ အဓိဋ္ဌာနံ၊ ကို။ ဝိဇဟတိ၊ စွန့်၏။

အဓိပ္ပါယ်ကား– သိက္ခာကို မစွန့်ဘဲ လူထွက်အံ့ဟု အဝတ်ဖြူကို ဝတ်ခြင်းသည် ဟီနာယာဝတ္တနမည်သည်။ သင်္ကန်းဝတ်နှင့် သိက္ခာကို စွန့်ခြင်းသည် သိက္ခာပစ္စက္ခာနမည်သည်ဟု ပြတော်မူသည်။

၄။ သာရတ္ထဒီပနီဋီကာ(၂။၃၉၁)၌လည်း **လိနတ္ထပကာသနီဋီကာနှင့်** သဘောတူ ဖွင့်ဆိုတော်မူသည်။

၅။ **ဝိမတိဝိနောဒနီဋီကာ၌**–

ဟီနာယာဝတ္တနေနာတိ ဣဒံ အန္တိမဝတ္ထုံ အဇ္ဈာပဇ္ဇိတွာ ဘိက္ခုပဋိညာယ ဌိတဿ စေဝ တိတ္ထိယပက္ကန္တဿ စ ဘိက္ခုနိယာ စ ဘိက္ခုနိဘာဝေ နိရပေက္ခတာယ ဂိဟိလိင်္ဂံတိတ္ထိယလိင်္ဂဂဟဏံ သန္ဓာယ ဝုတ္တံ–

ဟု ဆိုတော်မူသည်(ဝိမတိ၊၁။၃၁၄)။ အဆိုမတူကြလေ။

၆။ **တစ်နည်း**– **အဓိဋ္ဌာန်ပျက်, မပျက်ကို ပဌမကထိနသိက္ခာပုဒ်အဋ္ဌကထာ၌**–

ယော ပန ဒုတ္တလဋ္ဌာနေ ပဌမံ အဂ္ဂဠံ ဒတ္တွာ ပစ္ဆာ ဒုတ္တလဋ္ဌာနံ ဆိန္ဒိတ္တွာ အပနေတိ၊ အဓိဋ္ဌာနံ န ဘိဇ္ဇတိ။ မဇ္ဈာလပရိဝတ္တနေပိ ဧသေဝ နယော။ ဒုပဋ္ဋသကေသ္မိံ ပဌလေ ဆိဒ္ဒေ ဝါ ဇာတေ ဂဠိတေ ဝါ အဓိဋ္ဌာနံ န ဘိဇ္ဇတိ။ ခုဒ္ဒကံ စီဝရံ မဟန္တံ ကရောတိ၊ မဟန္တံ ဝါ ခုဒ္ဒကံ ကရောတိ၊ အဓိဋ္ဌာနံ န ဘိဇ္ဇတိ။ ဥဘော

http://www.dhammadownload.com

ကောဋိယော မဗျေ ကရောန္တော သစေ ပဌမံ ဆိန္ဒိတ္ထာ ပစ္ဆာ ယဒ္ဓေတိ၊ အဓိဋ္ဌာနံ ဘိဇ္ဇတိ။ အထ ယဒ္ဓေတ္ထာ ဆိန္ဒတိ၊ နာ ဘိဇ္ဇတိ။ ရဇကေဟိ ဓောဝါပေတွာ သေတံ ကာရာပေန္တသ္သာပိ အဓိဋ္ဌာနံ အဓိဋ္ဌာနမေဝ—

ဟု ဆိုတော်မူသည်(ဝိ၊၆၊၂။၂၂၉)။

ယော ပန၊ အကြင်ရဟန်းသည်။ ဝါ၊ အကြင်သင်္ကန်းသည်။ ဒုပ္ပလဋ္ဌာနေ၊ အားနည်းရာ၌။ ပဌမံ၊ ရှေးဦးစွာ။ အဂ္ဃဲ၊ အဖာကို။ ဝါ၊ ပြင်ထပ်ကို။ ဒတွာ၊ ဖာထပ်၍။ ပစ္ဆာ၊ နောက်မှ။ ဒုပ္ပလဋ္ဌာနံ၊ အားနည်းရာကို။ ဆိန္ဒိတ္ထာ၊ ဆုတ်ဖြတ်၍။ အပနေတိ၊ ပယ်၏။ အဓိဋ္ဌာနံ၊ သည်။ နာ ဘိဇ္ဇတိ၊ မပျက်။ မဏ္ဍလပရိဝတ္တနေပိ၊ အဝန်းကို လဲ,ဖာရာ၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင်တူသောနည်းရှိ၏။ ဒုပဋ္ဋသ္မာ၊ ၂-ထပ်သော သင်္ကန်း၏။ ဧကသ္မိံ ပဋ္ဋလေ၊ ၁-ခုသောအထပ်၌။ ဆိဒ္ဒေ ဝါ၊ အပေါက်သည်လည်း။ ဇာတေ၊ ဖြစ်လတ်သော်။ ဂဠိတေ ဝါ၊ လျှောကျခြင်းသည်လည်း။ ဇာတေ၊ ဖြစ်လတ်သော်။ အဓိဋ္ဌာနံ၊ သည်။ နာ ဘိဇ္ဇတိ၊ မပျက်။ ခုဒ္ဒကံ စီဝရံ ဝါ၊ ငယ်သော သင်္ကန်းကိုလည်း။ မဟန္တံ၊ ကြီးအောင်။ ကရောတိ၊ ပြု၏။ မဟန္တံ ဝါ၊ ကြီးသောသင်္ကန်းကိုလည်း။ ခုဒ္ဒကံ၊ ငယ်အောင်။ ကရောတိ၊ ပြု၏။ အဓိဋ္ဌာနံ၊ သည်။ နာ ဘိဇ္ဇတိ၊ မပျက်။ ဥဘော၊ ၂-ဘက်ကုန်သော။ ကောဋိယော၊ အစွန်းတို့ကို။ မဗျေ၊ အလယ်၌။ ကရောန္တော၊ ပြုလတ်သော်။ ပဌမံ၊ ရှေးဦးစွာ။ ဆိန္ဒိတ္ထာ၊ ဖြတ်၍။ ပစ္ဆာ၊ နောက်မှ။ သစေ ယဒ္ဓေတိ၊ ချုပ်၍ စပ်သည်ဖြစ်အံ့။ အဓိဋ္ဌာနံ၊ သည်။ ဘိဇ္ဇတိ၊ ပျက်၏။ ယဒ္ဓေတ္ထာ၊ ချုပ်၍ စပ်ပြီးမှ။ အထ ဆိန္ဒတိ၊ ဖြတ်အံ့။ အဓိဋ္ဌာနံ၊ သည်။ နာ ဘိဇ္ဇတိ၊ မပျက်။ ရဇကေဟိ၊ ခဝါသည်တို့ကို။ ဓောဝါပေတွာ၊ ဖွပ်စေ၍။ သေတံ၊ ဖြူသည်ကို။ ကာရာပေန္တသ္သာပိ၊ ပြုစေသော်လည်း။ အဓိဋ္ဌာနံ၊ သည်။ အဓိဋ္ဌာနမေဝ၊ တင်မြဲသာတည်း။

၇။ ဝိမတိဝိနောဒနီဋီကာ၌—

ပရိက္ခာရစောဠံ ပန ဝိကပ္ပနုပဂပစ္ဆိမပုမာဏတော ဉိနံ ကတွာ ဆိန္နံ အဓိဋ္ဌာနံ ဝိဇာတိ အဓိဋ္ဌာနဿ အနိဿယတ္တာ။ တာနိ ပုန ဗဒ္ဓါနိ ယဒိတာနိ အဓိဋ္ဌာ-တပုမေဝါတိ ဝေဒိတဗ္ဗံ—

ဟု လာသည်(ဝိမတိ၊၁။၃၁၅)။

ပရိက္ခာရစောဠံ ပန၊ ပရိက္ခာရစောဠသင်္ကန်းကို။ ဝိကပ္ပနုပဂပစ္ဆိမပုမာဏတော၊ ဝိကပ္ပနာလောက်သော အယုတ်ပမာဏအောက်။ ဉိနံ၊ ယုတ်သည်ကို။ ကတွာ၊ ပြု၍။

http://www.dhammadownload.com

ဆိန်း၊ ဖြတ်အပ်သည်ရှိသော်။ အဓိဋ္ဌာန်၊ ကို။ ဝိဇ္ဇာတိ၊ စွန့်၏။ အဓိဋ္ဌာနသ၊ ၏။ အနိသ-ယတ္တာ၊ မမြဲသည်၏ အဖြစ်ကြောင့်တည်း။ တာနိ၊ ထိုဖြတ်သောအစတို့ကို။ ပုန၊ တဖန်။ ဗဒ္ဓါနိ၊ ဖွဲ့ကုန်လျက်။ ဃဋ္ဋီတာနိ၊ စပ်အပ်ကုန်သည်ရှိသော်။ အဓိဋ္ဌာတဗ္ဗမေဝ၊ အဓိဋ္ဌာန်တင်အပ်သည်သာတည်း။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

၈။ သာရတ္ထဒီပနီဋီကာ၌ကား–

> တသ္မာ အဓိဋ္ဌဟိတ္တာ ဌပိတေသု သေသစီဝရေသု ဝိကပ္ပနုပဂပစ္ဆိမံ အပဟောန္တံ့ ကတ္တာ ခဏ္ဍာခဏ္ဍိကံ် ဆိန္နေသုပိ အဓိဋ္ဌာနဝိဇဟန် နတ္ထိ။ သစေ ပန အဓိဋ္ဌာနတော ပုဗ္ဗေယေဝ တာဒိသံ ဟောတိ၊ အစီဝရတ္တာ အဓိဋ္ဌာနကိစ္စံ နတ္ထိ-

ဟု ဆိုတော်မူသည်(သာရတ္ထ၊ ၂။၃၉၂)။

တသ္မာ၊ ထို့ကြောင့်။ အဓိဋ္ဌဟိတ္တာ၊ အဓိဋ္ဌာန်တင်၍။ ဌပိတေသု၊ ထားအပ်ကုန်သော။ သေသစီဝရေသု၊ ကြွင်းသောသင်္ကန်းတို့၌။ ဝိကပ္ပနုပဂံ၊ ဝိကပ္ပနာလောက်သော။ ပစ္ဆိမံ၊ အယုတ်ဆုံးသင်္ကန်းကို။ အပဟောန္တံ့ မလောက်သည်ကို။ ကတ္တာ၊ ပြု၍။ ခဏ္ဍာခဏ္ဍိကံ၊ အပိုင်းပိုင်းကို။ ဆိန္နေသုပိ၊ ဖြတ်အပ်ကုန်သော်လည်း။ အဓိဋ္ဌာနဝိဇဟန်၊ အဓိဋ္ဌာန်ကို စွန့်ခြင်းသည်။ နတ္ထိ၊ မရှိ။ အဓိဋ္ဌာနတော၊ အဓိဋ္ဌာန်တင်သည်မှ။ ပုဗ္ဗေယေဝ၊ ရှေး၌သာလျှင်။ တာဒိသံ၊ ထိုသို့သဘောရှိသော ဝိကပ္ပနာမလောက်သည်။ သစေ ပန ဟောတိ၊ ဖြစ်အံ့။ အစီ-ဝရတ္တာ၊ သင်္ကန်းမဟုတ်သောကြောင့်။ အဓိဋ္ဌာနကိစ္စံ၊ အဓိဋ္ဌာန်ကိစ္စသည်။ နတ္ထိ၊ မရှိ။

ထိုဋီကာအလိုအားဖြင့် အဓိဋ္ဌာန်တင်ပြီး ဝိကပ္ပနာမလောက်အောင် ဆုတ်ဖြဲသော်လည်း အဓိဋ္ဌာန်ကို မစွန့်။ ဝိကပ္ပနာ မလောက်သော သင်္ကန်းကိုရလျှင် သင်္ကန်းမဟုတ်၍ အဓိဋ္ဌာန် မတင်အပ်ဟု မှတ်။

ဝိမတိဋီကာအလိုအားဖြင့် အဓိဋ္ဌာန်တင်ပြီးကို ဝိကပ္ပနာမလောက်အောင်ဖြတ်မူ အဓိဋ္ဌာန်ကို စွန့်သည်ဟု မှတ်။

ဤသို့လာသော ဋီကာတို့ကို ထောက်၍ ဝိကပ္ပနုပဂပစ္ဆိမပမာဏအောက်ငယ်သော မလောက်သော အဝတ်စကို ရလျှင် အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ ထားအပ်သုံးအပ်သည်။ ထိုဝိကပ္ပနာ မလောက်၍ အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ ထားအပ်သော အဝတ်စကို စပ်၍ ချုပ်ပြန်လျှင် ဝိကပ္ပနာလောက်မူ ပရိကမ္မာရစောဋတင်ရမည်ဟု မှတ်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၆၈] ခေါင်းအုံးစသည် အဓိဋ္ဌာန်တင်အပ်, မအပ်

(၁)မေး။ ။ ဘုံလျှိ, ခေါင်းအုံး, စုလျားအခင်း, ကော်ဇော, ကန့်လန့်ကာ, ခြင်ထောင် စသည်တို့ကို အဓိဋ္ဌာန်တင်ရဦးမည်လော။

ဖြေ။ ။ ၁။ မဋ္ဌဘိသိ ပိဋ္ဌဘိသိ ဗိဇ္ဇောဟန် ပါဝါရော ကောဇဝေါတိ ဧတေသု ပန သေနာသနပရိက္ခာရတ္ထာယ ဒိန္နပစ္စတ္ထရဏေ စ အဓိဋ္ဌာနကိစ္စံ နတ္ထိယေဝ-

ဟု မာတိကာအဋ္ဌကထာ၌ လာသည်(က၀ိ။ဋ္ဌ။၁၅၄-၅)။

၂။ ပဌမကထိနသိက္ခာပုဒ်အဖွင့် အဋ္ဌကထာကြီး(ဝိ။ဋ္ဌ၊၂။၂၂၇)၌လည်း လာသည်။

မဋ္ဌဘိသိ၊ ညောင်စောင်း, ဘုံလျှိုအခင်းလည်းကောင်း။ ပိဋ္ဌဘိသိ၊ အင်းပျဉ်,ဘုံလျှိုအခင်းလည်းကောင်း။ ဗိဇ္ဇောဟန်၊ ခေါင်းအုံးလည်းကောင်း။ ပါဝါရော၊ စုလျားအခင်းလည်းကောင်း။ ကောဇဝေါ၊ ကော်ဇော အခင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဧတေသု ပန၊ ထိုအခင်းတို့၌။ သေနာသနပရိက္ခာရတ္ထာယ၊ သေနာသနအသုံးအဆောင် အကျိုးငှာ။ ဒိန္နပစ္စတ္ထရဏေ စ၊ လျှောသော အခင်း၌လည်းကောင်း။ အဓိဋ္ဌာနကိစ္စံ၊ အဓိဋ္ဌာန်တင်ဖွယ်ကိစ္စသည်။ နတ္ထိယေဝ၊ မရှိသည်သာတည်း။

၃။ လီနတ္ထပကာသနိဋ္ဌကာ၌–

သေနာသနပရိက္ခာရတ္ထာယ ဒိန္နပစ္စတ္ထရဏေ စာတိ ဣမိနာ အတ္တနော သန္တကံ ပဋိက္ခိပတိ။ ကေစိ ပန "အနိဝါသေတွာ, အပါရုပိတွာ စ ကေဝလံ မဉ္စပီဌေသုယေဝ အတ္ထရိတွာ ပရိဘုဉ္ဇိယမာနံ ပစ္စတ္ထရဏံ အတ္တနော သန္တကမ္ပိ အနဓိဋ္ဌိတံ ဝဋ္ဋတီ"တိ ဝဒန္တိ၊ တံ အယုတ္တံ၊ သေနာသနပရိက္ခာရတ္ထာယ ဒိန္နန္တိ ပစ္စတ္ထရဏသဝိသေသိတတ္တာ။ ဘိသိဗိဇ္ဇောဟနပါဝါရကောဇဝါနမ္ပိ သေနာသနပရိက္ခာရတောယေဝ အဓိဋ္ဌာနကိစ္စံ နတ္ထိတိ ဝေဒိတဗ္ဗံ– (က၀ိ။ဋီ-သစ်။၂၈၃)

ဟု ဆိုတော်မူ၏။

၄။ သာရတ္ထဒီပနီဋီကာ၌လည်း–

သေနာသနပရိက္ခာရတ္ထာယ ဒိန္နပစ္စတ္ထရဏေတိ ဧတ္ထ "အနိဝါသေတွာ, အပါရုပိတွာ စ ကေဝလံ မဉ္စပီဌေသုယေဝ အတ္ထရိတွာ ပရိဘုဉ္ဇိယမာနံ ပစ္စတ္ထရဏံ အတ္တနော သန္တကမ္ပိ အနဓိဋ္ဌာတုံ ဝဋ္ဋတီ"တိ ဝဒန္တိ။ ဟေဋ္ဌာ ပန "ပစ္စတ္ထရဏမ္ပိ

http://www.dhammadownload.com

အဓိဋ္ဌာတဗ္ဗမေဝါ"တိ အဝိသေသေန ဝုတ္တတ္တာ အတ္တနော သန္တကံ အဓိဋ္ဌာ-တဗ္ဗမေဝါတိ အမ္ဟာကံ ခန္တိ၊ ဝိမံသိတ္တာ ဂဟေတဗ္ဗံ– (သာရတ္ထ၊ ၂။၃၉၁)

ဟု ဆိုတော်မူ၏။

၅။ ဝိမတိဝိနောဒနီဋီကာ၌ကား–

သေနာသနပရိက္ခာရတ္ထာယ ဒိန္နပစ္စတ္ထရဏေ ဝိယ။ ယံ ပန "ပစ္စတ္ထရဏမ္ပိ အဓိဋ္ဌာတဗ္ဗ"န္တိ ဝုတ္တံ၊ တံ သေနာသနတ္ထာယေဝါတိ နိယမိတံ နု ဟောတိ နဝသု စီဝရေသု ဂဟိတတ္တာ၊ တသ္မာ အတ္တနော နာမေန အဓိဋ္ဌဟိတ္တာ နိဒဟိတ္တာ ပရိက္ခာရစောဠံ ဝိယ ယထာ တထာ ဝိနိယုဇ္ဇိတဗ္ဗမေဝါတိ ဂဟေတဗ္ဗံ။ ပါဝါရော ကောဇဝေါတိ ဣမေသမ္ပိ ပစ္စတ္ထရဏာဒိနံ လောကေပိ ဝေါဟရဏတော သေနာသနပရိက္ခာရတ္ထာယ ဒိန္နပစ္စတ္ထရဏတော ဝိသုံ ဂဟဏံ ကတံ–

ဟု ဆိုတော်မူသည်(ဝိမတိ၊၁။၃၃၄)။

၆။ ပဌမကထိနသိက္ခာပုဒ်အဖွင့်အဋ္ဌကထာ၌လည်း–

ဘေသဇ္ဇနဝကမ္ပမာတာပိတုအာဒီနံ အတ္ထာယ ဌပေန္တေနပိ အဓိဋ္ဌာတဗ္ဗမေဝ။ မဟာပစ္စရိယံ ပန "အနာပတ္တီ"တိ ဝုတ္တံ–(ဝိ၊ဋ၊၂။၂၂၇)

ဟု ဆိုတော်မူသည်။

၇။ သာရတ္ထဒီပနီဋီကာ၌လည်း–

အတ္တနော သန္တကဘာဝတော မောစေတွာ ဌပိတံ သန္ဓာယ မဟာပစ္စရိယံ အနာပတ္တိ ဝုတ္တာတိ ဝဒန္တိ။ ဣမိနာ ဘေသဇ္ဇံ စေတာပေဿာမိ၊ ဣဒံ မာတုယာ ဒဿာမီတိ ဌပေန္တေန အဓိဋ္ဌာတဗ္ဗံ၊ ဣဒံ ဘေသဇ္ဇဿ၊ ဣဒံ မာတုယာတိ ဝိဿဇ္ဇေတွာ သကသန္တကဘာဝတော မောစိတေ အဓိဋ္ဌာနကိစ္စံ နတ္ထိတိ အဓိပ္ပါယော-

ဟုလာသည်(သာရတ္ထ၊ ၂။၃၉၁)။

၈။ ဝဇိရဗုဒ္ဓိဋီကာ(နှာ-၂၂၄), ဝိနယဝိနိစ္ဆယဋီကာ(၁။၂၈၀)တို့၌လည်း သဘောတူလာသည်။

http://www.dhammadownload.com

၉။ ဝိမတိဝိနောဒနီဋီကာ၌–

မဟာပစ္စရိယံ စိဝရဝသေန ပရိဘောဂကိစ္စဿ အဘာဝံ သန္ဓာယ အနာပတ္တိ ဝုတ္တာ- ဟု ဆိုတော်မူ၏။

သေနာသနပရိက္ခာရတ္ထာယ ဒိန္နပစ္စတ္ထရဏေစာတိ ဣမိနာ၊ ဟူသောပါဠိဖြင့်။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာကို။ ပဋိက္ခိပတိ၊ ပယ်တော်မူ၏။ ကေစိ ပန၊ အချို့သော ဆရာတို့သည်ကား။ အနိဝါသေတွာ၊ မဝတ်မူ၍။ အပါရုပိတွာ၊ မရုံမူ၍။ ကေဝလံ၊ သက်သက်။ မဉ္စပီဌေသုယေဝ၊ ညောင်စောင်း, အင်းပျဉ်တို့၌သာလျှင်။ အတ္ထရိတွာ၊ ခင်း၍။ ပရိဘုဉ္ဇိယမာနံ၊ သုံးဆောင်အပ်သော။ ပစ္စတ္ထရဏံ၊ အခင်းကို။ အတ္တနော၊ မိမိ၏။ သန္တကမ္ပိ၊ ဥစ္စာသည်လည်း။ အနဓိဋ္ဌိတံ၊ အဓိဋ္ဌာန်မတင်ဘဲ ထားခြင်းသည်။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ တံ၊ ထိုစကားသည်။ န ယုတ္တံ၊ မသင့်။ သေနာသနပရိက္ခာ-ရတ္ထာယ ဒိန္နန္တိ၊ ဟူ၍။ ပစ္စတ္ထရဏဿ၊ အခင်း၏။ ဝိသေသိတတ္တာ၊ အထူးဖြစ်သော ကြောင့်တည်း။ ဘိသိဗိမ္ဗောဟနပါဝါရကောဇဝါနမ္ပိ၊ ဘုံလျှို, ခေါင်းအုံး, စုလျား, ကော်ဇော အခင်းတို့၏လည်း။ သေနာသနပရိက္ခာရတောယေဝ၊ သေနာသန အကျိုးအားသာလျှင်။ အဓိဋ္ဌာနကိစ္စံ၊ အဓိဋ္ဌာန်တင်ခြင်း ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

ထိုလီနတ္ထပကာသနီ၏ အလိုအားဖြင့် ဘုံလျှို, ခေါင်းအုံး, စုလျား, ကော်ဇော တို့သည်လည်းကောင်း၊ အခင်းအိပ်ရာ, ကန့်လန့်ကာ, ခြင်ထောင်တို့သည်လည်းကောင်း သေနာသနပစ္စည်းအကျိုးငှာ ထားမှ အဓိဋ္ဌာန်လွတ်သည်။ မိမိဥစ္စာအဖြစ်နှင့် ထားမူ သေနာသန၌ သုံးဆောင်သော်လည်း အဓိဋ္ဌာန် မလွတ်သည်ဖြစ်၍ အဓိဋ္ဌာန်တင်ရမည် ဟု ပြတော်မူသည်။

သာရတ္ထဒီပနီဋီကာ၏ အလိုအားဖြင့် အခင်းအိပ်ရာမှာ မိမိဥစ္စာပြုလတ်မူ သေနာသန၌ သုံးဆောင်သော်လည်း အဓိဋ္ဌာန် တင်အပ်သည်။ အခင်းအိပ်ရာဖျင်, ပုဆိုး အင်တ်ဟူသမျှပင် မိမိဥစ္စာအဖြစ်မှ မလွတ်မူ အဓိဋ္ဌာန်တင်အပ်သည်။ ဤပစ္စည်း သည်လည်း အမိအား ဖြစ်စေ၊ အဘအား ဖြစ်စေ၊ နဝကမ္မအား ဖြစ်စေ၊ ဆေးပစ္စည်းအား ဖြစ်စေ ဟူ၍ မိမိဥစ္စာအဖြစ်မှ လွတ်အောင် စွန့်၍ထားမူ အဓိဋ္ဌာန်လွတ်သည်ဟု ပြတော် မူသည်။ ဝဇိရဗုဒ္ဓိဋီကာ, ဝိနယဝိနိစ္ဆယဋီကာဆရာတို့လည်း သာရတ္ထဒီပနီဋီကာနှင့် အလားတူ ပြတော်မူသည်။

ဝိမတိဝိနောဒနီဋီကာအလိုအားဖြင့် သင်္ကန်း ၉-ထည်၌ ယူအပ်သော အိပ်ရာခင်း သည် သေနာသနအကျိုးငှာ မမှတ်အပ်သောကြောင့် အဓိဋ္ဌာန်တင်အပ်သည်။ သေနာသန

http://www.dhammadownload.com

အကျိုးငှာ မှတ်၍ထားသော အိပ်ရာခင်းမှာ အဓိဋ္ဌာန်လွတ်သည်။ ပါဝါရမည်သော အခင်း, ကောဇဝမည်သော အခင်းမှာ သေနာသနအခင်းမှ လောကဝေါဟာရအားဖြင့် အသီးပြု အပ်သော အခင်းမည်သည်။ မဟာပစ္စရိတ်ဝါဒကို ပြရာ၌လည်း သင်္ကန်းကိစ္စ မပြုမူ အာပတ်မသင့်ဟူ၍သာ ပြတော်မူသည်။

ထို့ကြောင့် လိနတ္ထပကာသနီ, သာရတ္ထဒီပနီဋီကာအရဖြင့် ဘုံလျှို, ခေါင်းအုံး ဖြစ်စေ၊ စုလျား, ကော်ဇောဖြစ်စေ၊ အိပ်ရာခင်း, နေရထိုင်, ကန့်လန့်ကာ, ခြင်ထောင်ဖြစ်စေ အသစ်ရသောအခါ သေနာသနအကျိုးငှာ လျှဒါန်းသည် မဟုတ်၊ မိမိအား လျှမူ ပရိက္ခာရ-စောဠအဓိဋ္ဌာန် တင်ရမည်။

မိမိအား လျှသော်လည်း ရပြီးသောခဏ၌ သေနာသနအကျိုးငှာ ထားလိုမူ "သေနာသနအား ဖြစ်စေ"ဟု စွန့်၍ မိမိဥစ္စာအဖြစ်မှ လွတ်အောင်ထားမူ အဓိဋ္ဌာန် မတင်ဘဲ ထားအပ်သည်ဟု မှတ်ရမည်။

"ဣဒံ ဘေသဇ္ဇဿ, ဣဒံ မာတုယာတိ ဝိဿဇ္ဇေတွာ သကသန္တကဘာဝတော မောစိတေ အဓိဋ္ဌာနကိစ္စံ နတ္ထိတိ အဓိပ္ပါယော"ဟု လာသော ဋီကာထောက်လေ။ ထိုဋီကာပါဠိ၌ "ဝိဘဇိတွာ"ဟူ၍လည်းကောင်း၊ "ဝိဿဇ္ဇေတွာ"ဟူ၍လည်းကောင်း ပါဠိ ၂-ကွဲရှိသည်။ "ဝေဖန်၍၊ စွန့်၍"အနက်ပေးလေ။ သဘောအရမှာ အထူးမရှိဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

[၁၆၉] ဝိကပ္ပနာပြုပုံ

(၁)မေး။ ။ သင်္ကန်း ၉-ထည်တို့၏ ဝိကပ္ပနာပြုပုံကို အဘယ်သို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ—

၁။ ဒွေ ဝိကပ္ပနာ သမ္မုခါဝိကပ္ပနာ စ ပရမ္မုခါဝိကပ္ပနာ စ။ ကထံ သမ္မုခါဝိကပ္ပနာ ဟောတီတိ? စီဝရာနံ ဧကဇဟုဘာဝံ, သန္နိဟိတာသန္နိဟိတဘာဝဉ္စ ဥ တွာ "ဣမံ စီဝရန္တိ ဝါ, ဣမာနိ စီဝရာနိတိ ဝါ, ဧတံ စီဝရန္တိ ဝါ, ဧတာနိ စီဝရာနိတိ ဝါ ဝတ္ဝာ တုယ္ဟံ ဝိကပ္ပေမီ"တိ ဝတ္ထုဗ္ဗံ၊ အယမေကာ သမ္မုခါဝိကပ္ပနာ။ ဧတ္တာဝတာ နိဓေတုံ ဝဋ္ဋတိ၊ ပရိဘုဉ္ဇိတုံ ပန ဝိဿဇ္ဇေတုံ အဓိဋ္ဌာတုံ ဝါ န ဝဋ္ဋတိ။ "မယ္ဟံ သန္တကံ, မယ္ဟံ

http://www.dhammadownload.com

သန္တကာနိ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ"တိ ဧဝံ ပန ဝုတ္တေ ပစ္စုဒ္ဓါရော နာမ ဟောတိ။ တတော ပဘုတိ ပရိဘောဂါဒယောပိ ဝဋ္ဋန္တိ-(ဝိ၊ဋ္ဌ၊၂။၂၃၀)

ဟု ပဌမကထိနသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌ လာသည်။

၂။ မာတိကာအဋ္ဌကထာ၊ သုရာပါနဝဂ်၊ ဝိကပ္ပနာသိက္ခာပုဒ်အဖွင့် (က၌။ဋ္ဌ၊၂၄၂-၃)၌ နည်းတူလာသည်။

၃။ သာရတ္ထဒီပနီဋီကာ၌—

သမ္မုခါဝိကပ္ပနာ ပရမ္မုခါဝိကပ္ပနာတိ ဧတ္ထ သမ္မုခေန ဝိကပ္ပနာ ပရမ္မုခေန ဝိကပ္ပနာတိ ဧဝမတ္ထော ဂဟေတဗ္ဗော။ သန္နိဟိတာသန္နိဟိတဘာဝန္တိ အာသန္နဒူရဘာဝံ။ အာသန္နဒူရဘာဝေါ စ အဓိဋ္ဌာနေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။ ပရိဘောဂါဒယောပိ ဝဋ္ဋန္တီတိ ဧတ္ထ အဓိဋ္ဌာနသိဒ္ဓိ အန္တောဂဓတ္တာ သစေ သံယာဋိအာဒိနာမေန အဓိဋ္ဌဟိတ္တာ ပရိဘုဉ္ဇိတုကာမော ဟောတိ၊ အဓိဋ္ဌာနံ ကာတဗ္ဗံ။ နော စေ၊ န ကာတဗ္ဗံ၊ ဝိကပ္ပနမေဝ ပမာဏံ၊ တသ္မာ အတိရေကစီဝရံ နာမ န ဟောတိ—(သာရတ္ထ၊၂။၃၉၂)

ဟု ဖွင့်တော်မူသည်။

၄။ ဝိမတိဝိနောဒနိဋီကာ၌လည်း–

သမ္မုခေ ပဝတ္ထာ သမ္မုခါတိ ပစ္စတ္တဝစနံ၊ တဉ္စ ဝိကပ္ပနဝိသေသနံ၊ တသ္မာ "သမ္မုခေ"တိ ဘုမ္မတ္ထေ နိဿက္ကဝစနံ ကတ္တာပိ အတ္ထံ ဝဒန္တိ၊ အဘိမုခေတိ အတ္ထော။ အထ ဝါ သမ္မုခေန အတ္တနော ဝါစာယ ဧဝ ဝိကပ္ပနာ သမ္မုခါဝိကပ္ပနာ။ ပရမ္မုခေန ဝိကပ္ပနာ ပရမ္မုခါဝိကပ္ပနာတိ ကရဏတ္ထေနာပိ အတ္ထော ဒဋ္ဌဗ္ဗော။ အယမေဝ ပါဠိယာ သမေတိ။ သန္နိဟိတာသန္နိဟိတဘာဝန္တိ အာသန္နဒူရဘာဝံ။ ဧတ္ထာဝတာ နိဓေတုံ ဝဋ္ဋတီတိ ဧတ္ထကေနေဝ ဝိကပ္ပနာကိစ္စဿ နိဋ္ဌိတတ္တာ၊ အတိရေကစီဝရံ န ဟောတီတိ ဒဿာဟာတိက္ကမေ န နိဿဂ္ဂိယံ ဇနေတီတိ အဓိပ္ပာယော။ ပရိဘုံဉ္ဇိတုံ ။ပ။ နံ ဝဋ္ဋတီတိ သယံ အပစ္စုဒ္ဓရဏံ ပရိဘုဉ္ဇနေ ပါစိတ္တိယံ, အဓိဋ္ဌာနေ ပရေသံ ဝိဿဇ္ဇနေ ဒုက္ကဋဉ္စ သန္ဓာယ ဝုတ္တံ။

ပရိဘောဂါဒယောပိ ဝဋ္ဋန္တီတိ ပရိဘောဂ ဝိဿဇ္ဇန အဓိဋ္ဌာနာနိပိ။ အပိသဒ္ဒေန နိဓေတုမ္ပိ ဝဋ္ဋတီတိ အတ္ထော၊ ဧတေန စ ပစ္စုဒ္ဓါရေပိ ကတေ စီဝရမ္ပိ

http://www.dhammadownload.com

ဝိကပ္ပိတစိဝရမေဝ ဟောတိ၊ န အတိရေကစိဝရံ။ တံ ပန တိစိဝရာဒိနာမေန အဓိဋ္ဌာတုကာမေန အဓိဋ္ဌဟိတဗ္ဗံ၊ ဣတရေန ဝိကပ္ပိတစိဝရမေဝ ကတ္တာ ပရိဘုဉ္ဇိတဗ္ဗန္တိ ဒဿေတိ–

ဟု ဆိုတော်မူသည်(ဝိမတိ၊၁။၃၁၅)။

ဤသို့လာသော အဋ္ဌကထာ, ဋီကာကို ထောက်၍ ၂-တောင့်ထွာဟတ္ထပါသ် အတွင်း၌–

- သင်္ကန်း ၁-ထည်ဖြစ်မူ "ဣမံ စိဝရံ တုယ္ဟံ ဝိကပ္ပေမိ"၊

- သင်္ကန်းအများဖြစ်မူ "ဣမာနိ စီဝရာနိ တုယ္ဟံ ဝိကပ္ပေမိ"ဟု ဆိုရမည်။

၂-တောင့်ထွာ ဟတ္ထပါသ်မှ အပ၌–

- သင်္ကန်း ၁-ထည်ဖြစ်မူ "ဧတံ စိဝရံ တုယ္ဟံ ဝိကပ္ပေမိ"၊

- သင်္ကန်းအများဖြစ်မူ "ဧတာနိ စိဝရာနိ တုယ္ဟံ ဝိကပ္ပေမိ"ဟု ဆိုရမည်။

ထိုဝိကပ္ပနာပြုရာ၌ သင်္ကန်း မိမိကျောင်း၌ ရှိသည်။ တပါးကျောင်း၌ ရဟန်းဖော် ရှိရာက နေ၍ ထားသောကျောင်း၌ သင်္ကန်းကို မှတ်၍ "ဧတံ စိဝရံ, ဧတာနိ စိဝရာနိ တုယ္ဟံ ဝိကပ္ပေမိ"ဟု ပြုသော်လည်း အပ်သည်။

ထိုဝိကပ္ပနာပြုရုံမျှနှင့် မသုံးဆောင်ဘဲ သူတပါးကို မပေးဘဲထားမူ ထားအပ်သည်။ သုံးဆောင်လိုမူ အဓိဋ္ဌာန်တင်လိုမူ သူတပါးကို ပေးလိုမူ ဝိကပ္ပနာ ပြုခဲ့သော ရဟန်းက ပြန်၍–

- သင်္ကန်း ၁-ထည်ဖြစ်လျှင် "မယ္ဟံ သန္တကံ"၊

- သင်္ကန်းအများဖြစ်လျှင် "မယ္ဟံ သန္တကာနိ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ"ဟု ဆို၍ ပစ္စုဒ္ဓိရိပြုမှ အပ်သည်။

ဤအရာ၌ တပါးသောရဟန်းထံ ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိရိမပြုနိုင်ဘဲ သိမ်းထားသော သင်္ကန်းကို နောင်တဖန် သုံးဆောင်လို၍ ဖြစ်စေ၊ အဓိဋ္ဌာန်တင်လို၍ ဖြစ်စေ၊ ပေးစွန့်လို၍ ဖြစ်စေ တပါးသော ရဟန်းထံ တဖန် ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိရိပြုပြန်သော်လည်း အပ်သည်ဟု မှတ်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၇၀] အဓိဋ္ဌာန်ချရာ ဝိကပ္ပနာပြုရ, မပြုရ

(၁)မေး။ ။ အကြင်ရဟန်းသည် ဝိကပ္ပနာပြု၍ထားသော သင်္ကန်းကို တိစီဝရိတ် အဓိဋ္ဌာန်တင်၍ဆောင်ရာ တဖန် တိစီဝရိတ်အဓိဋ္ဌာန်ကို ပစ္စုဒ္ဓိရ်ပြု၍ ဝိကပ္ပနာဖြင့် နေလိုမူ ရှေးပြုအပ်သောဝိကပ္ပနာနှင့် အပ်မည်လော။ ထိုသို့မဟုတ် ထပ်၍ ပြုရဦးမည်လော။

ဖြေ။ ။ ထိုအမေးမှာ–

၁။ **အဓိဋ္ဌိတကာလတော ပဋ္ဌာယ နံ ဝိကပ္ပေတဗ္ဗာနိတိ ဝိကပ္ပေန္တေန အဓိဋ္ဌာနတော ပုဗ္ဗေ ဝါ ဝိကပ္ပေတဗ္ဗံ၊ ဝိဇဟိတာဓိဋ္ဌာနံ ဝါ ပစ္ဆာ ဝိကပ္ပေတဗ္ဗံ။ အဝိဇဟိတဓိဋ္ဌာနံ ပန နံ ဝိကပ္ပေတဗ္ဗံ–**

ဟု **သာရတ္ထဒီပနီဋီကာ**(၃။၄၈၀-၁)၊ **ပရိဝါအဋ္ဌကထာအဖွင့်**(ဝိ၊ဋ္ဌ၊၄။၁၈၁)၌ မိန့်ဆိုတော်မူသည်။

အဓိဋ္ဌိတကာလတော ပဋ္ဌာယ နံ ဝိကပ္ပေတဗ္ဗာနိတိ၊ ဟူသည်ကား။ ဝိကပ္ပေန္တေန၊ ဝိကပ္ပနာပြုသော ရဟန်းသည်။ အဓိဋ္ဌာနတော၊ အဓိဋ္ဌာန်တင်သည်မှ။ ပုဗ္ဗေ ဝါ၊ ရှေး၌လည်း။ ဝိကပ္ပေတဗ္ဗံ၊ ဝိကပ္ပနာပြုအပ်၏။ ဝိဇဟိတာဓိဋ္ဌာနံ၊ စွန့်အပ်သော အဓိဋ္ဌာန်ရှိသော သင်္ကန်းကို။ ပစ္ဆာ ဝါ၊ နောက်မှလည်း။ ဝိကပ္ပေတဗ္ဗံ၊ ဝိကပ္ပနာပြုအပ်၏။ အဝိဇဟိတာဓိဋ္ဌာနံ ပန၊ မစွန့်သော အဓိဋ္ဌာန်ရှိသော သင်္ကန်းကိုကား။ နံ ဝိကပ္ပေတဗ္ဗံ၊ ဝိကပ္ပနာမပြုအပ်။

ထိုဋီကာပါဠိဖြင့် အဓိဋ္ဌာန်မတင်မီပြုသော ဝိကပ္ပနာ၊ အဓိဋ္ဌာန်ကို ချ၍ပြုသော ဝိကပ္ပနာအားဖြင့် ၂-ပါးရှိသည်ဟု ပြတော်မူသည်။

ထိုဋီကာပါဠိကိုပင် ထောက်၍ သင်္ကန်းကို ဝိကပ္ပနာမပြုဘဲ အဓိဋ္ဌာန်တင်၍ ဆောင်ခြင်း, ဝိကပ္ပနာပြုပြီးသင်္ကန်းကို အဓိဋ္ဌာန်တင်၍ ဆောင်ခြင်းအားဖြင့် ၂-ပါးရှိသည်-ဟု မှတ်ယူသင့်သည်။

ထို ၂-ပါးတို့တွင် အကြင်ရဟန်းသည် သင်္ကန်းရသောအခါ ၁၀-ရက်ကို မလွန်စေမူ၍ ဝိကပ္ပနာမပြုဘဲ တိစီဝရိက်အဓိဋ္ဌာန်ကို တင်၍ ဆောင်၏။ ထိုရဟန်းသည် တဖန် တိစီဝရိတ်ကို မဆောင်လို၍ အဓိဋ္ဌာန်ကို ချသည်ဖြစ်၍ ထိုသင်္ကန်းကို ဝိကပ္ပနာဖြစ်စေ၊ ပရိက္ခာရစောဠအဓိဋ္ဌာန်ဖြစ်စေ ၁-ခုခုကို ပြုအပ်သည်။

အကြင်ရဟန်းသည် ပဌမက ဝိကပ္ပနာပြု၍ ထားသော သင်္ကန်းကို တိစီဝရိက်အဓိဋ္ဌာန်တင်၍ ဆောင်၏။ ထိုရဟန်းသည် တိစီဝရိတ်ကို မဆောင်လိုမူ၍ အဓိဋ္ဌာန် ချသည်

http://www.dhammadownload.com

ဖြစ်အံ့၊ ထိုသင်္ကန်းကို ဝိကပ္ပနာဖြင့် ထားလိုမူ ထပ်၍ ပြုဖွယ်မရှိ၊ ရှေးကပြုပြီး ဝိကပ္ပနာဖြင့်ပင် အပ်သည်။

၂။ စီဝရာနံ ဧကဗဟုဘာဝံ, သန္နိဟိတာသန္နိဟိတဘာဝဉ္စ ဥတ္တာ "ဣမံ စီဝရန္တိ ဝါ, ဣမာနိ စီဝရာနီတိ ဝါ, ဧတံ စီဝရန္တိ ဝါ, ဧတာနိ စီဝရာနီတိ ဝါ ဝတ္တာ တုယ္ဟံ ဝိကပ္ပေမီ"တိ ဝတ္တုဗ္ဗံ၊ အယ မေကာ သမ္မုခါဝိကပ္ပနာ။ ဧတ္တာဝတာ နိဓေတုံ ဝဋ္ဋတိ၊ ပရိဘုဉ္ဇိတုံ ပန ဝိဿဇ္ဇေတုံ ဝါ အဓိဋ္ဌာတုံ ဝါ န ဝဋ္ဋတိ။ "မယ္ဟံ သန္တကံ, မယ္ဟံ သန္တကာနိ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟီ"တိ ဧဝံ ပန ဝုတ္တေ ပစ္စုဒ္ဓါရော နာမ ဟောတိ။ တတော ပဘုတိ ပရိဘောဂါဒယောပိ ဝဋ္ဋန္တိ— (ဝိ၊ဋ္ဌ၊၂။၂၃၀)

ဟု လာသော ပဌမကထိနသိက္ခာပုဒ်အဖွင့် အဋ္ဌကထာကို ထောက်။

ထိုအဋ္ဌကထာ၌ "စီဝရာနံ ဧကဗဟုဘာဝံ ။ပ။ နိဓေတုံ ဝဋ္ဋတိ"ဟူသောပါဠိဖြင့် ဝိကပ္ပနာပြုခြင်းကိစ္စ ပြီး၍ ဒသာဟာတိက္ကန္တ ဖြစ်သော်လည်း အာပတ်မသင့်ကြောင်းကို ပြတော်မူသည်။ "ပရိဘုဉ္ဇိတုံ ပန ။ပ။ အဓိဋ္ဌာတုံ ဝါ ဝဋ္ဋတိ"ဟူသောပါဠိဖြင့် ထိုသို့ ဝိကပ္ပနာပြုခြင်းပြီးရုံမျှနှင့် ဝတ်ရုံသုံးဆောင်ခြင်း, သူတပါးကိုပေးခြင်း, အဓိဋ္ဌာန်တင်ခြင်းငှာ မအပ်သေးဟု ပြတော်မူသည်။ "မယ္ဟံ သန္တကံ ။ပ။ ပရိဘောဂါဒယောပိ ဝဋ္ဋန္တိ"ဟူသော ပါဠိဖြင့် ဤကဲ့သို့ ဝိကပ္ပနာပြုပြီး ပစ္စုဒ္ဓိရ်ပြုမှ ဝတ်ရုံသုံးဆောင်ခြင်း, သူတပါးအားပေးခြင်း, တိစီဝရိတ် အဓိဋ္ဌာန်တင်ခြင်း, ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ခြင်းငှာ အပ်သည်ဟု ပြတော်မူသည်။

ထိုအဋ္ဌကထာ၌ "ဣမံ စီဝရံ တုယ္ဟံ ဝိကပ္ပေမိ"ဟု ဆို၍ ဝိကပ္ပနာပြုရာ ဝိကပ္ပနာပြန်သောရဟန်းက တဖန် "မယ္ဟံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟီ"ဟု ဆို၍ ပစ္စုဒ္ဓိရ်ပြုသော်လည်း ဝိကပ္ပနာပြုသောရဟန်းက မိမိဥစ္စာအဖြစ်မှ မစွန့်အပ်သော အသီးဝိနည်းကဲ့ဖြစ်၍ ပြုအပ်သော ဝိကပ္ပနာသည် မပျက်ဟု ပြတော်မူသည်။ ထိုသို့ ဝိကပ္ပနာပြုသော သင်္ကန်းကို အဓိဋ္ဌာန်တင်ရာ "ဣမံ သံဃာဋိ အဓိဋ္ဌာမိ" ဟု ဆို၍ တင်သည်။ ထိုအဓိဋ္ဌာန်ကို ချပြန်ရာ၌လည်း "ဣမံ သံဃာဋိ ပစ္စုဒ္ဓရာမိ"ဟု ဆို၍ ချသည်။ ရှေ့ကပြုအပ်သော ဝိကပ္ပနာဝိနည်းကဲ့ကို စွန့်သည့်အရာ မဟုတ်ဖြစ်သည်။ ထို့ကြောင့် ပဌမက ဝိကပ္ပနာပြုသောသင်္ကန်းကို အဓိဋ္ဌာန်တင်၍ဆောင်ရာ ထိုအဓိဋ္ဌာန်ကို စွန့်သော်လည်း ဝိကပ္ပနာ ထပ်၍ ပြုဖွယ်မရှိ၊ ရှေးပြုသော ဝိကပ္ပနာဖြင့်ပင် အပ်သည်ဟု မှတ်ယူသင့်သည်။

http://www.dhammadownload.com

၃။ ပါတိမောက္ခဝဒတ္ထအနုဝဏ္ဏနာ၌–

သဟဓမ္မိကေဟိ ဝိကပ္ပနံ ကရောန္တသ္သ ဘိက္ခုနော ပတိ ပုန ဥဒ္ဒရိတဗ္ဗံ ဒါတဗ္ဗံ အနေနာတိ ပစ္စုဒ္ဒရဏံ၊ ဝိနယကမ္မသ္မေ'တံ နာမံ–

ဟူ၍လည်းကောင်း၊

ပစ္စုဒ္ဒရဏေ ကတေ ပန ပရိဘောဂါဒယောပိ ဝဋ္ဋန္တိ၊ ကသ္မာ ပဠဟိ သဟဓမ္မိကေဟိ အတ္တနော သန္တကတ္တံ အမောစေတွာ ကတပါဒေက္ကဝိနယကမ္မတ္တာ စ ဝိကပ္ပနာနန္တရံ ဝုတ္တဝသေန အတ္တနာ ဝိကပ္ပိတစီဝရသ္မေဝ ပဝတ္တတ္တာ စ–

ဟူ၍လည်းကောင်း မိန့်ဆိုတော်မူသည်။

ပစ္စုဒ္ဒရဏံ-ကို "ပတိ ဥဒ္ဒရိတဗ္ဗံ အနေနာတိ ပစ္စုဒ္ဒရဏံ"ဟု ကရဏသာဓနဝိဂြိဟ်ကို ပြတော်မူသည်။

အနေန၊ ဤဝိနည်းကံဖြင့်။ ပတိ၊ တဖန်ပြန်၍။ ဥဒ္ဒရိတဗ္ဗံ၊ ပေးအပ်၏။ ဣတိ တသ္မာ၊ ထိုသို့ပေးအပ်ကြောင်း ဖြစ်သောကြောင့်။ ပစ္စုဒ္ဒရဏံ၊ ပစ္စုဒ္ဒရဏမည်၏။ ပတိ-ရှေး, ဥ-ရှေးရှိ၊ ဓရ-ဓာတ်၊ ယု-ပစ္စည်း၊ ပတိ-သဒ္ဒါ ပုန-အနက်ဟော၊ ဓရ-ဓာတ်သည် ပေးခြင်းအနက်ဟော၊ "မယ္ပံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ"ဟု ပြုသောဝိနည်းကံသည် တဖန်ပြန်ပေးခြင်း၏ အကြောင်းဖြစ်သောကြောင့် ပစ္စုဒ္ဒရဏမည်၏။

အဓိဋ္ဌာန်ကို ပစ္စုဒ္ဓိုရ်ပြုရာ ပစ္စုဒ္ဒရာမိ-ဟူသောပုဒ်မှာ ပတိ-ရှေး ဥ-ရှေးရှိသော ဓရ-ဓာတ်သည် စွန့်ခြင်းအနက်ကို ဟောသည်ဖြစ်၍ တင်ထားသောအဓိဋ္ဌာန်ကို ရှေးရှု၍ စွန့်ခြင်းရှိသောသင်္ကန်းသည် ပစ္စုဒ္ဓါရမည်၏။

၄။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ(၁။၃၁၂)၌-

ဣမံ သံဃာဋိံ ပစ္စုဒ္ဒရာမီတိ ဣမံ သံဃာဋိံ အဓိဋ္ဌာနံ ဥက္ခိပါမိ ပရိစ္စဇာမီတိ အတ္ထော-

ဟု မိန့်ဆိုတော်မူ၏။

ဤသို့လျှင် ဝိကပ္ပနာပြန်သော ပစ္စုဒ္ဓိရိ, အဓိဋ္ဌာန်ချသော ပစ္စုဒ္ဓိရိ ၂-ပါး၏ အထူးကို မှတ်လော။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၇၁] သပိတ်ကို အဓိဋ္ဌာန်တင်, ဝိကပ္ပနာပြုပုံ

(၁)မေး။ ။ သပိတ်ကို အဘယ်သို့ အဓိဋ္ဌာန်, ဝိကပ္ပနာပြုရပါသနည်း။

ဖြေ။ ။ ထိုအဖြေမှာ-

၁။ ဒွေ ပတ္တသ အဓိဋ္ဌာနာ ကာယေန ဝါ အဓိဋ္ဌာတိ၊ ဝါစာယ ဝါ အဓိဋ္ဌာတိ။

စသည်ဖြင့် ပဌမပတ္တသိက္ခာပုဒ်အဖွင့်အဋ္ဌကထာ(ဝိ၊၄။၂၈၄)၌ လာသောကြောင့် ၂-တောင့်ထွာ ဟတ္ထပါသ်ဖြစ်မူ အဓိဋ္ဌာန်တင်သော သပိတ်ဟောင်းကို ပစ္စုဒ္ဓိရ် ပြု၍ အသစ်ဖြစ်သော ပမာဏနှင့်ယှဉ်သော သပိတ်ကို "ဣမံ ပတ္တံ အဓိဋ္ဌာမိ"ဟု ဆို၍ အဓိဋ္ဌာန်တင်ရမည်။ ၂-တောင့်ထွာဟတ္ထပါသ်မှ အပဖြစ်မူ "ဧတံ ပတ္တံ အဓိဋ္ဌာမိ"ဟု အဓိဋ္ဌာန်တင်ရမည်။ ဤသို့ သပိတ်ကို အဓိဋ္ဌာန်တင်ရာ၌ ကာယ, ဝါစာဖြင့် တင်ပုံ ၂-ပါးမှာ သင်္ကန်းတင်ပုံနှင့် နည်းတူမှတ်လေ။ ထိုသပိတ်ကို အဓိဋ္ဌာန်တင်ရာ၌ ၁-လုံးသာ အပ်သည်။ ၂-လုံး မအပ်-ဟု မှတ်။

၂။ ထို့ကြောင့်-

သစေ ကောစိ ဒသ ပတ္တေ လဘိတ္ထာ သတ္ထေဝ အတ္ထနာဝ ပရိဘုဉ္ဇိတုကာမော ဟောတိ၊ န သတ္ထေ အဓိဋ္ဌာတဗ္ဗာ။ ဧကံ ပတ္တံ အဓိဋ္ဌာယ ပုနဒိဝသေ တံ ပစ္စုဒ္ဓရိတ္ထာ အညော အဓိဋ္ဌာတဗ္ဗော။ ဧတေနုပါယေန ဝဿသတမ္ပိ ပရိဟာရိတုံ သက္ကာ-

(ဝိ၊၄။၂။၂၈၄)ဟု ၎င်းအဋ္ဌကထာ၌ လာသည်။

၃။ မာတိကာအဋ္ဌကထာ(က၁။၄။၁၇၈-၉)၌ နည်းတူလာသည်။

အဓိပ္ပါယ်ကား- သပိတ် ၁၀-လုံးမှာ ၁-လုံးကို အဓိဋ္ဌာန်တင်၍ တစ်ရက်ရလျှင် အဓိဋ္ဌာန်ကိုစွန့်၍ ၁-လုံးကိုတင်ပြန်, ၁-ရက်ရလျှင်စွန့်ပြန်, ၁-လုံးကိုတင်ပြန်၊ ဤသို့ ပြုလျှင် ၁၀-ရက်ကိုမသွန်ခင် သပိတ် ၁၀-လုံးကိုပင် အဓိဋ္ဌာန်တင်သောကြောင့် အပ်သည်ဟူလို။

၄။ ထိုအဓိဋ္ဌာန်တင်သောသပိတ်၏ အဓိဋ္ဌာန်ကျခြင်းကိုလည်း-

ယော ပနဿ ပတ္တော မုခဝဋ္ဋိတော ဟေဋ္ဌာ ဒွင်္ဂုလမတ္တောကာသတော ပဋ္ဌာယ ယတ္ထ ကတ္ထစိ ကဏ်သိတ္ထနိက္ခမနမတ္တေန ဆိဒ္ဒေန ဆိဒ္ဒေါ ဟောတိ၊ သော အဓိဋ္ဌာနုပဂေါ န ဟောတိ။ ပုန ဆိဒ္ဒေ ပါကတိကေ ကတေ အဓိဋ္ဌာတဗ္ဗော၊ သေသံ အဓိဋ္ဌာနဝိဇဟာနံ တိစီဝရေ ဝုတ္တနယမေဝ-

http://www.dhammadownload.com

(ကခ်ီ။၄။၁၇၉)ဟု လာသော မာတိကာအဋ္ဌကထာကို ထောက်၍ တိစီဝရိတ်သင်္ကန်း အဓိဋ္ဌာန်ကျသော အင်္ဂါ ၈-ပါးအတိုင်း မှတ်ရမည်။

အဓိဋ္ဌာန်တင်သောသပိတ်ပေါက်ခြင်းမှာ အနား လက် ၂-သစ်မှ စ၍ အမှတ်မရှိသော နေရာ၌ ဆတ်ထမင်းလုံးထွက်ရုံမျှ ပေါက်သော်လည်း အဓိဋ္ဌာန်ကျသည်။ ပြကတော့ဖာ၍ အဓိဋ္ဌာန်တင်ရမည်ဟု မှတ်။

၅။ ပဌမပတ္ထသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌ကား–

> ကိတ္တကေန ဆိဒ္ဓေန အဓိဋ္ဌာနံ ဘိဇ္ဇတိ? ယေန ကဏ်ိသိတ္ထံ နိက္ခမတိ စေဝ ပဝိသတိ စ။ ဣဒံ ဟိ သတ္တန္နံ ဓညာနံ လာမကဓညသိတ္ထံ။ တသ္မိံ အယစုဏ္ဏေန ဝါ အာဏိယာ ဝါ ပဋိပါကတိကေ ကတေ ဒဿာဟဿ္ဿရေ ပုန အဓိဋ္ဌာတဗ္ဗော-

ဟု ဆိုတော်မူ၏(ဝိ။၄။၂။၂၈၅)။ ဤကား သပိတ် အဓိဋ္ဌာန်တင်ပုံ, အဓိဋ္ဌာန်စွန့်ပုံ အရတည်း။

၆။ ဝိကပ္ပနာပြုပုံကိုလည်း–

> ဝိကပ္ပနေ ပန ဒွေ ဝိကပ္ပနာ သမ္မုခါဝိကပ္ပနာ စ ပရမ္မုခါဝိကပ္ပနာ စ။ ကထံ သမ္မုခါဝိကပ္ပနာ ဟောတိ? ပတ္တာနံ ဧကဗဟုဘာဝံ, သန္နိဟိတာသန္နိဟိတဘာ-ဝဉ္စ ဉ တွာ "ဣမံ ပတ္တန္တိ ဝါ, ဣမေ ပတ္တေတိ ဝါ, ဧတံ ပတ္တန္တိ ဝါ, ဧတေ ပတ္တေတိ ဝါ ဝတွာ တုယ္ဟံ ဝိကပ္ပေမိ"တိ ဝတ္တဗ္ဗံ။ အယမေကာ သမ္မုခါဝိကပ္ပနာ။ ဧတ္တာဝတာ နိဓေတုံ ဝဋ္ဋတိ၊ ပရိဘုဉ္ဇိတုံ ဝါ ဝိဿဇ္ဇေတုံ ဝါ အဓိဋ္ဌာတုံ ဝါ န ဝဋ္ဋတိ။ "မယ္ဟံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ"တိ ဧဝံ ပန ဝုတ္တေ ပစ္စုဒ္ဓါရော နာမ ဟောတိ၊ တတော ပဘုတိ ပရိဘောဂါဒယောပိ ဝဋ္ဋန္တိ- (ဝိ။၄။၂။၂၈၅)

ဟု လာသော ပဌမပတ္ထသိက္ခာပုဒ်အဖွင့်အဋ္ဌကထာကို ထောက်၍ ၂-တောင့်ထွာ ဟတ္ထပါသ် အတွင်း၌ သပိတ် ၁-လုံးဖြစ်မူ "ဣမံ ပတ္တံ တုယ္ဟံ ဝိကပ္ပေမိ"ဟု ဆိုရမည်။ သပိတ်အများဖြစ်မူ "ဣမေ ပတ္တေ တုယ္ဟံ ဝိကပ္ပေမိ"ဟု ဆိုရမည်။ ၂-တောင့်ထွာမှ အပ၌ဖြစ်မူ သပိတ် ၁-လုံးမှာ "ဧတံ ပတ္တံ တုယ္ဟံ ဝိကပ္ပေမိ"ဟု ဆိုရမည်။ သပိတ်အများဖြစ်မူ "ဧတေ ပတ္တေ တုယ္ဟံ ဝိကပ္ပေမိ"ဟု ဆိုရမည်။

ထိုသို့ဝိကပ္ပနာပြုရုံမျှသာ ဖြစ်သော သပိတ်ကို သိုမှီး၍ ထားရုံမျှသာ အပ်သေး သည်။ ထိုသို့ပြု၍ထားလျှင် ၁၀-ရက်ကို လွန်သော်လည်း အာပတ်မသင့်ဟု ဆိုလိုသည်။ သုံးဆောင်ခြင်းငှာ, အဓိဋ္ဌာန်တင်ခြင်းငှာ, သူတပါးကို ပေးခြင်းငှာ မအပ်ကုန်သေး။ ဝိကပ္ပနာ ပြုခဲ့သောရဟန်းက "မယ္ဟံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ"ဟု

http://www.dhammadownload.com

ဆို၍ ပစ္စုဒ္ဓိရ်ပြုပေးမှ သုံးဆောင်ခြင်း, အဓိဋ္ဌာန်တင်ခြင်း, သူတပါးအား ပေးခြင်းငှာ အပ်သည်။

အထူးမှတ်ရန်ကား သပိတ်ကို အဓိဋ္ဌာန်တင်မူ ၁-လုံးသာ အပ်သည်။ အကြွင်းရှိလျှင် ဝိကပ္ပနာပြုရမည်။ အဓိဋ္ဌာန်မတင်လို၍ ဝိကပ္ပနာချည်းသာ ပြုလိုမူလည်း အဓိဋ္ဌာန်မတင်ဘဲ သပိတ်ရှိသမျှအကုန်ပင် ဝိကပ္ပနာချည်းသာ ပြုရမည်။ ဝိကပ္ပနာပြုရာမှာ ၁-လုံးကို ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိရ်ပြု၍သုံးဆောင်မူ ကြွင်းသောသပိတ်တို့ကို ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိရ်ပြန်မပြုဘဲ သိုမှီး၍ထားပြီးမှ အသုံးကျသောအခါ သုံးဆောင်လို၍ဖြစ်စေ၊ သူတပါးကို ပေးလို၍ ဖြစ်စေ၊ အဓိဋ္ဌာန်တင်လို၍ ဖြစ်စေ တဖန် ရဟန်း၁-ပါးထံ ဝိကပ္ပနာ ပြုပြန်၍ ပစ္စုဒ္ဓိရ်ပြုသဖြင့် သုံးဆောင်အပ်, ပေးအပ်, အဓိဋ္ဌာန်တင်အပ်သည်။ ဒုံးအဓိဋ္ဌာန် တင်အပ်သော သပိတ်ကို ပစ္စုဒ္ဓိရ် မပြုဘဲ နောက်ရသောသပိတ်ကို ဝိကပ္ပနာပြုအပ်သည်။

၇။ ထို့ကြောင့် **မာတိကာအဋ္ဌကထာ၌**—

အပ္ပစ္စုဒ္ဓရန္တေန ဝိကပ္ပေတဗ္ဗော– (ကခ်ီ။ဋ္ဌ။၁၇၈)

ဟု ဆိုတော်မူသည်။

၈။ **လိနတ္ထပကာသနီဋီကာ၌**လည်း–

အပ္ပစ္စုဒ္ဓရန္တေန ဝိကပ္ပေတဗ္ဗောတိ ပုရာဏပတ္တံ အပ္ပစ္စုဒ္ဓရန္တေန နဝေါ ပတ္တော ဝိကပ္ပေတဗ္ဗောတိ အတ္ထော၊ ဌပေတဗ္ဗောတိ အဓိပ္ပါယော—

ဟု ဖွင့်တော်မူသည်(ကခ်ီ။ဋီ-သစ်။၃၂၆)။

✪ ✪ ✪ ✪ ✪

[၁၇၂]　　သပိတ်၏ ဇာတိ, ပမာဏ

(၁)**မေး**။ ။ အဓိဋ္ဌာန်တင်အပ်သော သပိတ်၏ ဇာတ်, ပမာဏကို အသို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ **ပဌမပတ္တသိက္ခာပုဒ်၏ ပဒဘာဇနီယဝိဇ္ဇိတော်၌**—

၁။　ပတ္တော နာမ ဒွေ ပတ္တာ အယောပတ္တော မတ္တိကာပတ္တောတိ။ တယော ပတ္တသ္သ ဝဏ္ဏာ ဥက္ကဋ္ဌော ပတ္တော မဇ္ဈိမော ပတ္တော ဩမကော ပတ္တော။ ဥက္ကဋ္ဌော နာမ ပတ္တော အမ္ဗာဠကောဒနံ ဂဏှာတိ စတုဘာဂံ ခါဒနံ တဒုပိယံ ဗျဉ္ဇနံ။ မဇ္ဈိမော နာမ ပတ္တော နာဠိကောဒနံ ဂဏှာတိ စတုဘာဂံ ခါဒနံ တဒုပိယံ ဗျဉ္ဇနံ။

http://www.dhammadownload.com

ဩမကော နာမ ပတ္တော ပတ္တောဒနံ ဂဏှာတိ စတုဘာဂံ ခါဒနံ တဒုပိယံ ဗျဉ္ဇနံ။ တတော ဥက္ကဋ္ဌော အပတ္တော, ဩမကော အပတ္တော– (ဝိ၊၁။၃၅၃)

ဟု ဟောတော်မူသည်။

၂။ ၎င်းအဖွင့်အဋ္ဌကထာ၌လည်း–

တယော ပတ္တဿ ဝဏ္ဏာတိ တီဏိ ပတ္တဿ ပမာဏာနိ။ အမှာဋ္ဌကောဒနံ ဂဏှာတီတိ မဂဓနာဠိယာ ဒွိန္နံ တဏ္ဍုလနာဠိနံ ဩဒနံ ဂဏှာတိ။ မဂဓနာဠိ နာမ အမုတေရသပလာ ဟောတီတိ အန္ဓကဋ္ဌကထာယံ ဝုတ္တံ။ သီဟဠဒီပေ ပကတိနာဠိ မဟန္တာ၊ ဒမိဠနာဠိ ခုဒ္ဒကာ၊ မဂဓနာဠိ ပမာဏယုတ္တာ၊ တာယ မဂဓနာဠိယာ ဒီယမုနာဠိ ဧကာ သီဟဠနာဠိ ဟောတီတိ မဟာအဋ္ဌကထာယံ ဝုတ္တံ။ စတုဘာဂံ ခါဒနန္တိ ဩဒနဿ စတုတ္ထဘာဂပူမာဏံ ခါဒနံ၊ တံ ဟတ္ထဟာရိယဿ မုဂ္ဂသူပဿ ဝသေန ဝေဒိတဗ္ဗံ။

တဒုပိယံ ဗျဉ္ဇနန္တိ တဿ ဩဒနဿ အနုရူပံ မစ္ဆမံသသာကဖလကဠီရာဒိဗျဉ္ဇနံ။ နာဠိကောဒနန္တိ မဂဓနာဠိယာ ဧကာယ တဏ္ဍုလနာဠိယာ ဩဒနံ။ ပတ္ထောဒနန္တိ မဂဓနာဠိယာ ဥပမုနာဠိကောဒနံ– (ဝိ၊ဋ၊၂။၂၈၁-၂)

ဟု ဖွင့်တော်မူသည်။

၃။ သာရတ္ထဒီပနီဋီကာ၌–

"မဂဓနာဠိ နာမ ဆပသတာ နာဠိ"တိ ကေစိ။ "အဋ္ဌပသတာ"တိ အပရေ။ တတ္ထ ပုရိမာနံ မတေန တိပသတာယ နာဠိယာ ဒွေ နာဠိယော ဧကော မဂဓနာဠိ ဟောတိ၊ ပစ္ဆိမာနံ စတုပသတာယ နာဠိယာ ဒွေ နာဠိယော ဧကော မဂဓနာဠိ။ အာစရိယဓမ္မပါလတ္ထေရေန ပန "ပကတိယာ စတုမုဋ္ဌိကံ ကုဍုဝံ၊ စတုကုဍုဝံ နာဠိကံ၊ တာယ နာဠိယာ သောဠသ နာဠိယော ဒေါဏော၊ တံ ပန မဂဓနာဠိယာ ဒွါဒသ နာဠိယော ဟောန္တီ"တိ ဝုတ္တံ၊ တသ္မာ တေန နယေန "မဂဓနာဠိ နာမ ပဿ ကုဍုဝါနိ ဧကဿ မုဋ္ဌိ ဧကာယ မုဋ္ဌိယာ တတိယဿ ဘာဂံ ဂဏှာတီ"တိ ဝေဒိတဗ္ဗံ။

မဂဓနာဠိယာ ဥပမုပ္ပမာဏော ဣဓ ပတ္ထောတိ အာဟ "ပတ္ထောဒနန္တိ မဂဓနာဠိယာ ဥပမုနာဠိကောဒန"န္တိ။ ဣမိနာ စ "ပတ္ထဒွယံ မဂဓနာဠိ"တိ ဒဿိတံ ဟောတိ။ ပတ္ထော စ "စတုပလော ကုဍုဝေါ၊ စတုကုဍုဝေါ ပတ္ထော"တိ ဣမိနာ လောကိယဝေါဟာရေန ဝေဒိတဗ္ဗော– (သာရတ္ထ၊၂။၄၂၇-၈)

ဟု ဖွင့်တော်မူသည်။

http://www.dhammadownload.com

၄။ **ဝိမတိဝိနောဒနီဋီကာ၌လည်း–**

အမုတေရသပလာတိ မာဂဓိကာယ မာနတုလာယ အမုတေရသပလပရိမိတံ ဥဒကံ ဂဏှန္တိ သန္ဓာယ ဝုတ္တံ၊ တထာ ပရိမိတံ ယဝမာသာဒီ ဂဏှန္တိ သန္ဓာယာတိ ကေစိ။ အာစရိယဓမ္မပါလတ္ထေရေန ပန "ပကတိစတုမုဋ္ဌိကံ ကုဍုဝံ၊ စတုကုဍုဝံ နာဠိ၊ တာယ နာဠိယာ သောဠသ နာဠိယော ဒေါဏော၊ တံ ပန မဂဓနာဠိယာ ဒ္ဝါဒသ နာဠိယော ဟောန္တိတိ ဝဒန္တိ"တိ ဝုတ္တံ။ **ဒမိဠနာဠိ**တိ ပုရာဏနာဠိ သန္ဓာယ ဝုတ္တံ။ သာ စ စတုမုဋ္ဌိကဟိ ကုဍုဝေဟိ အဋ္ဌ ကုဍုဝါ၊ တာယ နာဠိယာ ဒ္ဝေ နာဠိယော မဂဓနာဠိ ဂဏှာတိ။ ပုရာဏာ ပန "သီဟဠနာဠိ တိသော နာဠိယော ဂဏှာတိ"တိ ဝဒန္တိ၊ တေသံ မတေန **မဂဓနာဠိ** ဣဒါနိ ပဝတ္တမာနာယ စတုကုဍုဝါယ ဒမိဠနာဠိယာ စတုနာဠိကာ ဟောတိ၊ တတော မဂဓနာဠိတော ဥပဍ္ဎ ပုရာဏဒမိဠနာဠိသင်္ခါတံ ပတ္ထံ နာမ ဟောတိ၊ ဧတေန စ "ဩမကော နာမ ပတ္ထော ပတ္ထောဒနံ ဂဏှာတိ"တိ ပါဠိဝစနဉ္စ သမေတိ။

နှ ဟိ သဏ္ဌာ အဋ္ဌကုဍုဝတော ဥနောဒနဂါဟိနာ ပတ္ထေန အထူပီကတံ ပိဏ္ဍပါတံ ပရိယေသိတွာ ယာပေတုံ။ တေနေဝ ဝေရဉ္ဇကဏ္ဍဝကထာယံ "ပတ္ထော နာမ နာဠိမတ္တံ ဟောတိ ဧကဿ ပုရိသဿ အလံ ယာပနာယ။ ဝုတ္တမ္ပိ ဟေတံ 'ပတ္ထောဒနော နာလမယံ ဒုဝိန္နံ'န္တိ" ဝုတ္တံ၊ "ဧကေကဿ ဒ္ဝိန္နံ တိဏ္ဏံ ပဟောတီ"တိ စ အာဂတံ၊ တသ္မာ ဣဓ ဝုတ္တနယာနုသာရေနေဝ ဂဟေတဗ္ဗံ– (ဝိမတိ၊ဋ၊၃၄၇-၈)

ဟု ဆိုတော်မူ၏။

၅။ **ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌လည်း–**

သော စ ခေါ ဇာတိတော ဒုဝိဓော ဟောတိ အယောပတ္တော စ မတ္တိကာပတ္တော စာတိ။ ပမာဏတော ပန နဝဝိဓော ဟောတိ ဥက္ကဋ္ဌော, ဥက္ကဋ္ဌောမကော, ဥက္ကဋ္ဌုက္ကဋ္ဌော; မဇ္ဈိမော, မဇ္ဈိမောမကော, မဇ္ဈိမုက္ကဋ္ဌော; ဩမကော, ဩမကောမကော, ဩမကုက္ကဋ္ဌော စာတိ။ ယသ္မိံ ပတ္တေ မုခဝဋ္ဋိယာ ဟေဋ္ဌိမရာဇိသမံ သုကောဋိတပရိသုဒ္ဓေဟိ အနုပဟတေဟိ မဂဓနာဠိယာ ဒ္ဝိနာဠိဟိ ပုရာဏသာလိတဏ္ဍုလေဟိ အဝဿာဝိတံ ကတ္တာ ပစိတံ အနုတ္တဏ္ဍုလံ အကိလိန္နံ အပိဏ္ဍိတံ သုဝိသဒံ ကုန္ဒမကုဋ္ဌရာသိသဒိသံ ဩဒနဉ္စ, တဿ စတုတ္ထဘာဂပ္ပမာဏံ နာတိယနံ နာတိတနုကံ ဟတ္ထဟာရိယံ သတ္ထသမ္ပာရဏခံ မုဂ္ဂသူပဉ္စ, တထာ ယာဝစရိမာလောပပ္ပဟောနကံ ဩဒနဿ စတုတ္ထဘာဂပ္ပမာဏံ

http://www.dhammadownload.com

မစ္ဆမံသာဒိဗျဥ္ဇနဿ ဂဏှာတိ၊ အယံ ဥက္ကဋ္ဌော နာမ။ တဿ ဥပဓုပဓုမာဏော ပတ္တော မဇ္ဈိမော နာမ။ တဿ ဥပဓုပဓုမာဏော ဩမကော နာမ။ တေသံ တိဏ္ဏံ ဥနာဓိကပဓုမာဏံ ယထာရဟံ သေသပတ္တာနံ ပမာဏန္တိ ဝေဒိတဗ္ဗံ–

ဟု လာသည်။ ဤသို့လာသော ပါဠို, အဋ္ဌကထာ, ဋီကာတို့ဖြင့် တိက္ခပုဂ္ဂိုလ်တို့ သိရာ၏။

၆။ မန္ဒပုဂ္ဂိုလ်တို့မှာ မဟာအောင်မြေဘုံစံ အုတ်ကျောင်းဆရာတော် ရေးသော **ခုဒ္ဒသိက္ခာနိဿယ၌**–

ဆွမ်းချက်ပြီး ၂-ပြည်သား၊ ပဲဟင်း ၁-ခွက်သား၊ အမဲဟင်း ၁-ခွက်သား၊ ငါးဟင်း ၁-ခွက်သား၊ ဤသို့အားဖြင့် ပေါင်းသော် ၃-ပြည်, ၁-ခွက် ပမာဏဝင်သော သပိတ်သည် ဥက္ကဋ္ဌသပိတ် မည်၏။

ဤသို့အားဖြင့် ထိုသပိတ်၏ထက်ဝက် ၃-ခွက်နှင့် ၁-စလယ်ခန့် ဆွမ်းနှင့်ဟင်း ဝင်သည်ကား **မဇ္ဈိမသပိတ်** မည်၏။

ဤသို့အားဖြင့် ထိုသပိတ်၏ထက်ဝက် ၃-စလယ်နှင့် ၁-လမယ်ခန့် ဆွမ်းနှင့်ဟင်း ဝင်သည်ကား ဩမကသပိတ် မည်၏–

ဟု ဆိုတော်မူသည်။

ထိုစကား၌ ဥက္ကဋ္ဌသပိတ်, မဇ္ဈိမသပိတ်, ဩမကသပိတ် ၃-လုံး၏ ပမာဏကို ပြသဖြင့် ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌောမက၊ ဥက္ကဋ္ဌုက္ကဋ္ဌ, **မဇ္ဈိမ**၊ **မဇ္ဈိမောမက**၊ **မဇ္ဈိမုက္ကဋ္ဌ**, **ဩမက**၊ **ဩမကောမက**၊ **ဩမကုက္ကဋ္ဌ**၊ ဤသို့အားဖြင့် သပိတ် ၉-လုံး ပမာဏကို သိအပ်သည်။

ထိုတွင် ၃-ပြည်, ၁-ခွက်သားခန့် ဆွမ်းနှင့်ဟင်း ဝင်သည်ကား ဥက္ကဋ္ဌသပိတ် မည်၏။ ၃-ပြည်, ၁-ခွက်အောက် အယုတ် ၃-ခွက်, ၁-စလယ် မပြည့်မီအတွင်း ထက်ဝက် ဝင်သည်ကား ဥက္ကဋ္ဌောမကသပိတ် မည်၏။ ၃-ပြည်, ၁-ခွက်သားခန့် ဆွမ်းနှင့်ဟင်းထက် လွန်၍ ဝင်သည်ကား ဥက္ကဋ္ဌုက္ကဋ္ဌသပိတ် မည်၏။

၃-ခွက် ၁-စလယ်သားခန့် ဆွမ်းနှင့်ဟင်းဝင်သည်ကား **မဇ္ဈိမသပိတ်** မည်၏။ ၃-ခွက် ၁-စလယ်အောက်အယုတ် ၃-စလယ် ၁-လမယ်မပြည့်မီအတွင်း ထက်ဝက် ဝင်သည်ကား **မဇ္ဈိမောမကသပိတ်** မည်၏။ ၃-ခွက် ၁-စလယ်မပြည့်မီ ၃-ပြည်, ၁-ခွက်အောက် အယုတ် အတွင်း ထက်ဝက်ဝင်သည်ကား **မဇ္ဈိမုက္ကဋ္ဌသပိတ်** မည်၏။

http://www.dhammadownload.com

၃-စလယ် ၁-လမယ်သားခန့် ဆွမ်းနှင့်ဟင်း ဝင်သည်ကား ဩမကသပိတ် မည်၏။ ၃-စလယ် ၁-လမယ်အောက် ယုတ်၍ ဝင်သည်ကား ဩမကောမကသပိတ် မည်၏။ ၃-စလယ် ၁-လမယ်မပြည့်မီ ၃-ခွက် ၁-စလယ်အောက် အယုတ်အတွင်း ထက်ဝက်ဝင်သည်ကား ဩမကုက္ကဋသပိတ် မည်၏ဟု မှတ်ရမည်။

ထို ၉-လုံးသော သပိတ်တို့တွင် ၃-ပြည့်, ၁-ခွက်ဝင်သည်က စ၍ ၃-စလယ် ၁-လမယ် တိုင်အောင်ဝင်သော ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌောမက၊ **မဇ္ဈိမုက္ကဋ္ဌ၊ မဇ္ဈိမ၊ မဇ္ဈိမောမက၊** ဩမကုက္ကဋ္ဌ၊ ဩမကအားဖြင့် သပိတ် ၇-လုံးသာ ပမာဏနှင့်ယှဉ်သော, အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော သပိတ် မည်သည်။

၃-ပြည့်,၁-ခွက်ထက် လွန်၍ ဝင်သော ဥက္ကဋ္ဌုက္ကဋ္ဌသပိတ်၊ ၃-စလယ် ၁-လမယ် အောက် ယုတ်၍ ဝင်သော ဩမကောမကသပိတ်၊ ဤသပိတ် ၂-လုံးသည်ကား ပမာဏနှင့် မယှဉ်မူ၍ လွန်ခြင်း, ယုတ်ခြင်း ရှိသောကြောင့် သပိတ် မမည်ကုန်။ အဓိဋ္ဌာန်ဝိကပ္ပနာမပြုအပ် မပြုကောင်းသော အပတ္တဖြစ်၍ အိုးခွက်အဖြစ်သာ သုံးဆောင်အပ်သည်ဟု မှတ်လေ။

၇။ ထို့ကြောင့် **ပဌမပတ္ထသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌–**

> တေသု ဒွေ အပတ္တာ ဥက္ကဋ္ဌုက္ကဋ္ဌော စ ဩမကောမကော စ။ တသ္မာ ဧတေ ဘာဇနပရိဘောဂေန ပရိဘုဉ္ဇိတဗ္ဗာ၊ န အဓိဋ္ဌာနုပဂါ န ဝိကပ္ပနုပဂါ။ ဣတရေ ပန သတ္တ အဓိဋ္ဌိတ္ဗာ ဝါ ဝိကပ္ပေတ္ဗာ ဝါ ပရိဘုဉ္ဇိတဗ္ဗာ–

ဟု ဆိုတော်မူ၏(ဝိ၊၄။၂။၂၈၂-၃)။

ဤသို့လျှင် **အမျိုးအားဖြင့် သံသပိတ်, မြေသပိတ်ဟူ၍ ၂-မျိုးရှိသည်။ ပမာဏ** အားဖြင့် ဥက္ကဋ္ဌ, ဥက္ကဋ္ဌောမက, ဥက္ကဋ္ဌုက္ကဋ္ဌ၊ မဇ္ဈိမ, မဇ္ဈိမောမက, မဇ္ဈိမုက္ကဋ္ဌ၊ ဩမက, ဩမကောမက, ဩမကုက္ကဋ္ဌဟူ၍ ၉-လုံးရှိသည်ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၁၇၃] သပိတ်ဖုတ်ရမည့် အကြိမ်များ

(၁) **မေး။** ။ ထို ၉-လုံးသောသပိတ်တို့တွင် ပမာဏနှင့်ယှဉ်သော သပိတ် ၇-လုံး၏ အဓိဋ္ဌာန်, ဝိကပ္ပနာလောက်သော သပိတ်ဖုတ်ခြင်းအကြိမ်ကို အသို့ မှတ်ရမည်နည်း။

http://www.dhammadownload.com

ဖြေ။ ။ထိုအမေးမှာ-

၁။ အယောပတ္တော ပဠုဟိ ပါကေဟိ, မတ္တိကာပတ္တော ဒွိဟိ ပါကေဟိ ပက္ကော အဓိဋ္ဌာနုပဂေါ။ ဥဘောပိ ယဲ မူလဲ ဒါတဗ္ဗံ တသ္မိံ ဒိန္နေယေဝ။ သစေ ဧကောပိ ပါကော ဥနော ဟောတိ, ကာကဏိကမတ္တမ္ပို ဝါ မူလဲ အဒိန်း၊ န အဓိဋ္ဌာနုပဂေါ။ ပါကဿ ဟိ ဥနတ္တာ ပတ္တသဒ္ဒီ န ဂစ္ဆတိ၊ မူလဿ သကလဿ ဝါ ဧကဒေသဿ ဝါ အဒိန္နတ္တာ သကဘာဝံ န ဥပေတိ၊ အညသေဝ သန္တကော ဟောတိ။ တသ္မာ ပါကေ စ မူလေ စ နိဋ္ဌိတေယေဝ အဓိဋ္ဌာနုပဂေါ ဟောတိ။ ယော အဓိဋ္ဌာနုပဂေါ၊ သ္မေဝ ဝိကပ္ပနုပဂေါ။ သော ဟတ္ထံ အာဂတောပိ အနာဂတောပိ အဓိဋ္ဌာတဗ္ဗော, ဝိကပ္ပေတဗ္ဗော ဝါ။ ယဒိ ဟိ ပတ္တကာရကော မူလဲ လဘိတ္တာ သယံ ဝါ ဒါတုကာမော ဟုတ္တာ "အဟံ ဘန္တေ တုမှာကံ ပတ္တံ ကတ္တာ အသုကဒိဝသေ နာမ ပစိတ္တာ ဒ္ဝပေဿာမီ"တိ ဝဒတိ၊ ဘိက္ခု စ တေန ပရိစ္ဆိန္နဒိဝသတော ဒသာဟံ အတိက္ကာမေတိ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ-

ဟု ပဒ္ဓမပတ္ထသိက္ခာပုဒ်အဖွင့်အဒ္ဌကထာ၌ လာသည်(ဝိ၊ဋ္ဌ၊၂။၂၈၃)။

၂။ ဝိမတိဝိနောဒနီဋီကာ၌-

ကတ္တာတိ ပါကပရိယောသာနံ ကတ္တာ။ ပစိတ္တာ ဒ္ဝပေဿာမီတိ ကာဠဝဏ္ဏပါကံ သန္ဓာယ ဝုတ္တံ- (ဝိမတိ၊ဋ၊၃၄၈)

ဟု ဖွင့်တော်မူသည်။

၃။ သာရတ္ထဒီပနီဋီကာ၌လည်း-

ပဠုဟိ, ဒွိဟိတိ ဣဒံ "ဧတ္တာဝတာ ကာဠဝဏ္ဏတာ သမ္ပဇ္ဇတီ"တိ ဒဿနတ္ထံ ဝုတ္တံ။ "ယဒိ ပန ဧကေနပိ ပါကေန ကာဠဝဏ္ဏော ဟောတိ၊ အဓိဋ္ဌာနုပဂေါယေဝါ"တိ ဝဒန္တိ-

ဟု ဆိုတော်မူသည်(သာရတ္ထ၊၂။၄၂၈)။

၄။ မာတိကာအဒ္ဌကထာ၌လည်း-

တသ္မာ ဧဝံ ပမာဏယုတ္တံ သမဏသာရုပ္ပေန ပက္ကံ အယောပတ္တံ ဝါ မတ္တိကာပတ္တံ ဝါ လဘိတ္တာ ပုရာဏပတ္တံ ပဠုဒ္ဓရိတ္တာ အန္တောဒသာဟေ အဓိဋ္ဌာတဗ္ဗော-

ဟု လာသည်(ကခီ၊ဋ္ဌ၊၁၇၈)။

http://www.dhammadownload.com

၅။ လီနတ္ထပကာသနီဋီကာ၌လည်း–

သမဏာသာရုပ္ပေန ပတ္တန္တိ ဇတ္ထ အယောပတ္တော ပဉ္စဟိ ပါကေဟိ ပက္ကော သမဏာသာရုပ္ပေန ပက္ကော ဟောတိ၊ မတ္တိကာပတ္တော ဒွီဟိ ပါကေဟိ။ သစေ ဧကော ပါကော ဉိနော ဟောတိ၊ နဲ အဓိဋ္ဌာနုပဂေါ–

ဟု ဖွင့်တော်မူသည်(ကင်္ခါ။ဋီ-သစ်။၃၂၆)။

၆။ ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌လည်း–

တတ္ထ အယောပတ္တော အတိကက္ခဉ္စတ္တာ ကမ္မာရပါကေန သဒ္ဓိ ပဉ္စ-ဝါရပါကေဟိ ပက္ကောယေဝ သမဏာသာရုပ္ပနီလဝဏ္ဏော ပတ္တော အဓိဋ္ဌာနုပဂေါ ဟောတိ၊ မတ္တိကာပတ္တော ပန မုဒုကတ္တာ ကုမ္ဘကာရပါကေန သဒ္ဓိ ဒွိဝါရပါကေဟိ။ သစေ ပန တတော ဧကောပိ ပါကော ဉိနော ဟောတိ၊ နဲ အဓိဋ္ဌာနုပဂေါ–

ဟု ဆိုတော်မူသည်။

၇။ ခုဒ္ဒသိက္ခာဋီကာ(ဟောင်းနှာ-၁၀၃)၌လည်း–

အယောပတ္တော ပဉ္စဟိ ပါကေဟိ, မတ္တိကာပတ္တော ဒွီဟိ ပါကေဟိ ပက္ကတ္တာ ကပ္ပေါ– ဟု ဆိုသည်။

၈။ ခုဒ္ဒသိက္ခာဋီကာသစ်(နှာ-၂၈၇)၌လည်း–

အယောပတ္တော ပဉ္စဟိ ပါကေဟိ, မတ္တိကာပတ္တော ဒွီဟိ ပါကေဟိ ပက္ကော အဓိဋ္ဌာနုပဂေါ စ ဝိကပ္ပနုပဂေါ စ– ဟု ဆိုသည်။

၉။ မူလသိက္ခာဋီကာ(နှာ-၄၇၇)၌လည်း နည်းတူလာသည်။

၁၀။ ဝဇိရဗုဒ္ဓိဋီကာ၌ကား–

"ပါကဿ ဟိ ဉိနတ္တာ ပတ္ထသဒ္ဒီ နဲ ဂစ္ဆတီ"တိ ဝစနတော အဓိဋ္ဌတပတ္တောပိ ခရပါကေန သေတတ္တာ အဓိဋ္ဌာနံ ဝိဇဟတီတိ စေ? နဲ, အဓိဋ္ဌာနဝိဇဟနေသု နဝသု အနာဂတတ္တာ၊ တသ္မာ ပဌမပါကာနံ ဧဝ ဉိနတ္တာ ပတ္တသဒ္ဒီ နဲ ဂစ္ဆတိ-

ဟု ဆိုသည်(ဝဇိရ။၂၆၇)။

ဟိ၊ အထူးကိုပြဆိုအံ့။ ပါကဿ၊ ၅-ကြိမ်ဖုတ်ခြင်း, ၂-ကြိမ်ဖုတ်ခြင်း၏။ ဉိနတ္တာ၊ ယုတ်သည်အဖြစ်ကြောင့်။ ပတ္တသဒ္ဒီ၊ သပိတ်အရေအတွက်သို့။ နဲ ဂစ္ဆတိ၊ မရောက်။ ဣတိ၊ ဤသို့။ ဝစနတော၊ ဆိုတော်မူသောကြောင့်။ အဓိဋ္ဌတပတ္တောပိ၊ အဓိဋ္ဌာန်တင်သော

http://www.dhammadownload.com

သပိတ်သည်လည်း။ ခရပါကေန၊ မီးဖုတ်ကြမ်းသဖြင့်။ ဝါ၊ လွန်သဖြင့်။ သေတတ္တာ၊ ဖြူသော ကြောင့်၊ အဓိဋ္ဌာန်၊ ကို။ ဝိဇဟတိ၊ စွန့်၏။ ဣတိ စေ၊ ဤသို့ ဆိုခဲ့အံ့။ န ဝိဇဟိ၊ မစွန့်။ အဓိဋ္ဌာန-ဝိဇဟနေသု၊ အဓိဋ္ဌာန်ကို စွန့်ကုန်သော။ နဝသု၊ ၉-ပါးသော အကြောင်းတို့၌။ အနာဂ-တတ္တာ၊ မလာသည်အဖြစ်ကြောင့်တည်း။ တသ္မာ၊ ထို့ကြောင့်။ ပဌမပါကာနံ ဧဝ၊ အဓိဋ္ဌာန် မတင်မီ ဦးစွာဖုတ်ခြင်းတို့၏သာလျှင်။ ဥိနတ္တာ၊ ယုတ်သည်၏ အဖြစ်ကြောင့်။ ပတ္တသခ္မီ၊ သပိတ်ဟူသော အရေအတွက်သို့။ န ဂစ္ဆတိ၊ မရောက်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။။

၁၁။ **ဝဇိရဗုဒ္ဓိဋီကာ ပဌမကထိနသိက္ခာပုဒ်အဖွင့်၌လည်း—**

ကာတဗ္ဗောဝ ပတ္တော ဝိယ အဓိဋ္ဌတော။ ယထာ ပုန သေတဘာဝံ တမ္မဘာဝံ ဝါ ပတ္တော အဓိဋ္ဌာနံ န ဝိဇဟတိ၊ န စ ပန တာဒိသော အဓိဋ္ဌာနံ ဥပဂစ္ဆတိ၊ ဧဝ'မေတံ ဒဋ္ဌဗ္ဗံ- ဟု လာသည်(ဝဇိရ။၂၂၅)။

ဖြူသော သပိတ်သည် အဓိဋ္ဌာန် မရောက်သကဲ့သို့ ဖြူသော သင်္ကန်းသည် မရောက်၊ အဓိဋ္ဌာန်တင်ပြီးမှ ဖြူသောသပိတ်သည် အဓိဋ္ဌာန်ကို မစွန့်သကဲ့သို့ ဖြူသောသင်္ကန်းသည် အဓိဋ္ဌာန်ကို မစွန့်ဟု ပြတော်မူသည်။

၁၂။ **ဝိနယာလင်္ကာရဋီကာ(၁။၁၀၃-၄)၌လည်း—**

တတ္ထ အယောပတ္ထော ပဉ္စဟိ ပါကေဟိ ပတ္ထောတိ ကမ္မာရပတ္တံယေဝ အနဓိဋ္ဌဟိတ္တာ သမဏသာရုပ္ပနီလဝဏ္ဏကရဏတ္ထာယ ပုနပ္ပုနံ နာနာသမ္ဘာရေဟိ ပစိတဗ္ဗော၊ အယောပတ္တဿ အတိကက္ခဋတ္တာ ကမ္မာရပါကေန သဒ္ဓိံ ပဉ္စဝါရပ-ဏ္ဏောယေဝ သမဏသာရုပ္ပနီလဝဏ္ဏော ဟောတိ။ မတ္တိကာပတ္တော ဒ္ဝီဟိ ပါကေဟိ ပဏ္ဏောတိ ဧတ္ထာပိ ဧသေဝ နယော။ တဿ ပန မုဒုကတ္တာ ကုမ္ဘကာရကပါကေန သဒ္ဓိံ ဒ္ဝိဝါရပဏ္ဏောပိ သမဏသာရုပ္ပနီလဝဏ္ဏော ဟောတိ။ ဧဝံ ကတောယေဝ ဟိ ပတ္တော အဓိဋ္ဌာနုပဂေါ, ဝိကပ္ပနုပဂေါ စ ဟောတိ၊ နာကတော။ ပစိတ္တာ ဌပေဿာမိတိ ကာဋဝဏ္ဏပါကံ သန္ဓာယ ဝုတ္တံ- ဟု ဆိုတော်မူ၏။။

ဤသို့လာသော အဋ္ဌကထာ,ဋီကာတို့၏ လိုရင်းစကားကား ပိဏ္ဍာတ္ထအဓိပ္ပါယ်ကို ပြဆိုအံ့။

အဋ္ဌကထာ၌ "အယောပတ္တော ပဉ္စဟိ ပါကေဟိ"ကစ၍ "သေဝ ဝိကပ္ပနုပဂေါ" တိုင်အောင်ပါဠိဖြင့် သံသပိတ်မှာ ၅-ကြိမ်စေ့အောင် ဖုတ်မှ, မြေသပိတ်မှာ ၂-ကြိမ်စေ့ အောင်ဖုတ်မှ အဓိဋ္ဌာန်ဝိကပ္ပနာပြုအပ်သည်ဟု ပြတော်မူသည်။

http://www.dhammadownload.com

"သော ဟတ္ထဲ အာဂတောပိ အနာဂတောပိ"ကစ၍ "နိဿဂ္ဂိယံ ပါစိတ္တိယံ" တိုင်အောင်ပါဠိဖြင့် သံသပိတ်လုပ်သောသူ, မြေသပိတ်လုပ်သော သူတို့က ရဟန်းတို့နှင့် လျော်သော ညှိသော, မည်းနက်သော အဆင်းရှိအောင် သံသပိတ်ကို ၅-ကြိမ်, မြေသပိတ်ကို ၂-ကြိမ် စသောအားဖြင့် အဖန်တလဲလဲဖုတ်၍ ထားသည်ကို ရည်၍ ပြတော်မူသည်။

၁၃။ ထို့ကြောင့် **ဝိမတိဝိနောဒနီဋီကာ**၌သည်—

ကတ္ထာတိ ပါကပရိယောသာနံ ကတ္တာ။ ပစိတ္တာ ဌပေဿာမီတိ ကာဠဝဏ္ဏပါကံ သန္ဓာယ ဝုတ္တံ—

ဟူသောစကားကို ဆိုတော်မူသည်(ဝိမတိ၊၁။၃၄၅)။

မာတိကာအဋ္ဌကထာ၌ "သမဏသာရုပ္ပေန ပက္ကံ"ဟု သာမညအားဖြင့် ဆိုသော်လည်း လိနတ္ထပကာသနီဋီကာ၌သည် "သမဏသာရုပ္ပေန ပက္ကန္တိ ဇတ္ထ အယောပတ္တော ပဠုဟိ ပါကေဟိ"စသည်ဖြင့် ဖွင့်ဆိုတော်မူသောကြောင့် သံသပိတ်ကို ၅-ကြိမ်, မြေသပိတ်ကို ၂-ကြိမ်စေ့အောင် ဖုတ်ခြင်းသည်ပင် "သမဏသာရုပ္ပပက္က" မည်သည်ဟု မှတ်။

ဝဇိရဗုဒ္ဓိဋီကာ၌ "ပဌမပါကာနံ ဧဝ ဥိနတ္တာ ပတ္တသဒ္ဒီ နာ ဂစ္ဆတီ"ဟူသောပါဠိဖြင့်လည်း သံသပိတ် ၅-ကြိမ်, မြေသပိတ် ၂-ကြိမ် မစေ့မူ သပိတ်အရေအတွက်မရောက်ဟု ပြတော်မူသည်။

ဝိနယာလင်္ကာရဋီကာ, ပါတိမောက္ခပဒဋ္ဌအနုဝဏ္ဏနာကျမ်းတို့၌လည်း သပိတ်ကုန်သည်ဖုတ်ခြင်းနှင့်တကွ သံသပိတ် ၅-ကြိမ်, မြေသပိတ် ၂-ကြိမ်စေ့အောင် ဖုတ်မှ ညှိသော အဆင်းရှိသော ရဟန်းအား လျောက်ပတ်သောသပိတ်သည် အဓိဋ္ဌာန်, ဝိကပ္ပနာ လောက်သည်။ ထိုသို့ **အကြိမ်မစေ့မူ မလောက်**ဟု ပြတော်မူသည်။

ခုဒ္ဒသိက္ခာဋီကာဟောင်း, ဋီကာသစ်, မူလသိက္ခာ ဋီကာတို့၌လည်း သံသပိတ် ၅-ကြိမ်, မြေသပိတ် ၂-ကြိမ်ဖုတ်မှ အပ်သည်ဟု ပြတော်မူသည်။

ဝဇိရဗုဒ္ဓိဋီကာ၌လည်း "ပါကဿ ဟိ ဥိနတ္တာ"ကစ၍ အနာဂတတ္တာ"ဟူသော ပါဠိဖြင့် သံသပိတ်ကို ၅-ကြိမ်, မြေသပိတ်ကို ၂-ကြိမ်ဖုတ်၍ အဓိဋ္ဌာန်တင်အပ်သော သပိတ်သည် အဖုတ်ကြိမ်း၍ အဖုတ်လွန်၍ ဖြူသောအဆင်းရှိသော်လည်း အဓိဋ္ဌာန်, ဝိကပ္ပနာမပျက်ဟု ပြတော်မူသည်။

ထိုဝဇိရဗုဒ္ဓိဋီကာ၌ပင် "နံ စ ပန တာဒိသော အဓိဋ္ဌာနံ ဥပဂစ္ဆတီ"ဟူသောပါဠိဖြင့် သံသပိတ် ၅-ကြိမ်ဖုတ်ခြင်း, မြေသပိတ် ၂-ကြိမ်ဖုတ်ခြင်း မစေ့၍ ဖြူသော အဆင်းရှိသော သပိတ်သည် အဓိဋ္ဌာန်, ဝိကပ္ပနာမလောက်ဟု ပြတော်မူသည်။

http://www.dhammadownload.com

သာရတ္ထဒီပနီဋီကာ၌လည်း "ပဠဟိ ဒ္ဒိဟိတိ ဣဒံ"က စ၍ "အဓိဋ္ဌာနုပဂေါ-ယေဝါတိ ဝဒန္တိ"ဟူသောပါဠိဖြင့် သံသပိတ် ၅-ကြိမ်, မြေသပိတ် ၂-ကြိမ်မစေ့သော်လည်း ညိုသောအဆင်းရှိမူ အဓိဋ္ဌာန်, ဝိကပ္ပနာလောက်သည်-ဟု ဆရာတို့ဆိုကြသည်ကို ပြတော်မူသည်။ ဋီကာဆရာ၏ အယူဝါဒမဟုတ်ကုန်။ ထို့ကြောင့် လီနတ္ထပကာသနီဋီကာ, ဝိမတိဝိနောဒနီဋီကာ, ခုဒ္ဒသိက္ခာဋီကာဟောင်း, ဋီကာသစ်, မူလသိက္ခာဋီကာ, ဝိနယာ-လင်္ကာရဋီကာ, ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ, ဝဇိရဗုဒ္ဓိဋီကာတို့၌ အဋ္ဌကထာလာသည့် အတိုင်း သံသပိတ် ၅-ကြိမ်, မြေသပိတ် ၂-ကြိမ်စေ့မှ အဓိဋ္ဌာန်, ဝိကပ္ပနာလောက်သည်ဟု ဖုတ်ခြင်းအကြိမ်ကို ပမာဏပြု၍ ပြဆိုတော်မူသည်။

သာရတ္ထဒီပနီဋီကာ၌ကား မိမိစကားကို မပြု၊ တပါးသောဆရာတို့ ဆိုသောစကား ကို ပြရာ ဖုတ်ခြင်းအရေအတွက်ကို ပမာဏမပြုဘဲ အဆင်းညိုသည်သာ ပမာဏဟု လာသည်။ ထိုတပါးသောဆရာတို့၏ စကားကို ဋီကာဆရာ နှစ်သက်တော်မူလျှင် "တံ ယုတ္တံ"စသည်ဖြင့် ဆိုအပ်သည်။ ထိုသို့ မဆိုခြင်းသည် အဋ္ဌကထာလာတိုင်းသာ ဖုတ်ခြင်း အကြိမ်ကို ပမာဏဟု ပြတော်မူသည်။

ထို့ကြောင့် အဋ္ဌကထာ, ဋီကာတို့၌ သံသပိတ်ကို သပိတ်သည်ဖုတ်သော အကြိမ် ဖြင့် ၅-ကြိမ် ပြည့်သည် ဖြစ်စေ၊ သပိတ်သည်ဖုတ်သော အကြိမ်နှင့် ရဟန်းဖုတ်သော အကြိမ် ၅-ကြိမ် ပြည့်သည် ဖြစ်စေ အဓိဋ္ဌာန်, ဝိကပ္ပနာလောက်သည်။ ၅-ကြိမ် မပြည့်မူ အဓိဋ္ဌာန်, ဝိကပ္ပနာ မလောက်ကုန်။ မြေသပိတ်ကိုလည်း နည်းတူ ၂-ကြိမ်ပြည့်မူ အဓိဋ္ဌာန်, ဝိကပ္ပနာ လောက်သည်။ မပြည့်မူ မလောက်ဟု ကျမ်းဂန်လာသည်ကို မှတ်ရမည်။

သပိတ်သည်တို့က သံသပိတ်ကို ၅-ကြိမ်, မြေသပိတ်ကို ၂-ကြိမ်ပြည့်အောင် မဖုတ်မလုပ်သောသပိတ်ကို ရ၍ မိမိလည်း **ထပ်၍ မဖုတ်လိုမူ ဘာဇနပရိဘောဂဖြင့်လည်း သုံးဆောင်အပ်သည်**။ ထိုစကား၌ အဓိဋ္ဌာန်, ဝိကပ္ပနာလောက်အောင် မဖုတ်ဘဲ ဘာဇနပရိ-ဘောဂဖြင့်သာ သုံးဆောင်ရာ၌ တိစီဝရိတ်သင်္ကန်းကို ပရိက္ခာရစောင်ဖြင့်သာ သုံးဆောင် ရာ၌ကဲ့သို့ သိက္ခာပုဒ်အကျိုးရှိကြောင်းကို သိလေ။

ဒသာဟာတိက္ကန္တဖြစ်သော သပိတ်,သင်္ကန်းတို့ကို စွန့်ပုံအရမှာ ခုဒ္ဒသိက္ခာ(နှာ-၅-၉၊၂၅-၆)၌ လာသည့်အတိုင်း သိမှတ်လွယ်သောကြောင့် မပြဆိုလိုက်ပြီ။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

| ၁၇၄ | သပိတ်ကို သိုမှီးသိမ်းဆည်းထားပုံ

(၁)မေး။ ။ ထိုအဓိဋ္ဌာန်, ဝိကပ္ပနာပြုသော သပိတ်ကို သုံးဆောင်၍ သိုမှီးသောအခါ အသို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ **စူဠဝါဟိဋ္ဌတော်၊ ခုဒ္ဒကဝတ္ထုက္ခန္ဓကၵ္ဍလည်းကောင်း၊ စူဠဝါအဋ္ဌကထာ၊ ခုဒ္ဒကဝတ္ထုက္ခန္ဓကအဖွင့်ၵ္ဍလည်းကောင်း၊** သပိတ်ကို စားပြီး၍ ရေဆေးလျှင် ရေစင်အောင်ပြု၍ တခဏမျှ နေပူလှန်း၍ သိမ်းထားရမည်။ ညောင်စောင်း, အင်းပျဉ်ၵ္ဍ သပိတ်ကို မထားအပ်။ သပိတ်စင်ၵ္ဍ သပိတ်ကို ထားရမည်။ ဆင်စွယ်, ကြိမ်,နွယ် စသည်ဖြင့်ပြုသော သပိတ်ခြေၵ္ဍလည်း ထားအပ်သည်။ အဝတ်အခင်းၵ္ဍလည်း ထားအပ်သည်။ ဖျာ, သင်ဖြူး, ကပ်ကြမ်းအခင်းၵ္ဍ ထားအပ်သည်။ အပြေအပြစ်ပြုသော မြေၵ္ဍလည်း ထားအပ်သည်။ သဲပြင်ၵ္ဍလည်း ထားအပ်သည်။ အကြင်နေရာၵ္ဍ သပိတ်ကို ထား၍ မကွဲမရ မပွန်းမပျက်ကုန်၊ ထိုနေရာၵ္ဍ ထားအပ်သည်။ မြေမှုန်, မြူမှုန်ရှိသောမြေ, ကြမ်းသောမြေၵ္ဍ မထားအပ်။ မြဲခိုင်သော သပိတ်ခြေၵ္ဍ သပိတ် ၂-လုံးဆင့်၍ ထားအပ်သည်။ ဆွမ်းခံသွားသောအခါ အချိန်စောၵ္ဍ သပိတ်ကို ပေါင်ပေါ်ၵ္ဍ တင်ကိုင်၍ မထိုင်, မနေအပ် စသည်ဖြင့် လာသော သိုမှီးခြင်းကို သိလေ။

၁။ တသ္မိ ပန အသတိ ကဋ္ဌသာရကေ ဝါ တဋ္ဋိကာယ ဝါ မတ္တိကာပရိဘဏ္ဍကတာယ ဘူမိယာ ဝါ ယဲတ္ထ နဒုဿတိ တထာရူပါယ ဝါလိကာယ ဝါ ဌပေတုံ ဝဋ္ဋတိ။ ပဲသုရဇဒီသု ပန ခရဘူမိယံ ဝါ ဌပေန္တသ္သ ဒုက္ကဋံ။

(စူဠဝါအဋ္ဌကထာပါဠိ။နှာ-၄၇)

✪ ✪ ✪ ✪ ✪

| ၁၇၅ | သင်္ကန်းၵ္ဒ ကမ္မတ်သီး, ကမ္မတ်ကွင်းတပ်ပုံ

(၁)မေး။ ။ သင်္ကန်းၵ္ဒ ကမ္မတ်သီးအိမ်, ကမ္မတ်ကွင်းအိမ် တပ်သောအခါ အမှတ်မရှိသော အစွန်းၵ္ဒ တပ်ရမည်လော။

၁။ ဖြေ။ ။ အနုဇာနာမိ ဘိက္ခဝေ ဂဏ္ဌိကဖလကံ ပါသကဖလကန္တိ။ ဂဏ္ဌိကဖလကမ္ပိ ပါသကဖလကမ္ပိ အန္တေ အပ္ပေန္တိ၊ ကောဋ္ဌော ဝိဝရိယတိ။ ဘဂဝတော ဧတမတ္ထံ

http://www.dhammadownload.com

အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ ဂဏ္ဌိကဖလကံ အန္တေ အပ္ပေတုံ၊ ပါသကဖလကံ သတ္ထဂုံလံ ဝါ အဋ္ဌဂုံလံ ဝါ ဩဂါဟေတွာ အပ္ပေတုန္တိ–

(ဝိ၊၄။၂၇၇) ဟု **စူဠဝါဟိဋ္ဌတော်၌** လာသည်။

၂။ **ဝဇိရဗုဒ္ဓိဋီကာ၌–**

သတ္ထဂုံလံ ဝါ အဋ္ဌဂုံလံ ဝါတိ ဇတ္ထ "သုဂတဂုံလေနာ"တိ အဝုတ္တတ္တာ ပကတိ-အဂုံလေန–

ဟု ဖွင့်သည်(ဝဇိရ။၅၂၄)။

၃။ **ဝိမတိဝိနောဒနီဋီကာ၌–**

ပါဠိယံ ဂဏ္ဌိကဖလကံ ပါသကဖလကန္တိ ဇတ္ထ ဒါရုဒန္တာဒိမယေသု ဖလကေသု ဂဏ္ဌိကပါသကာနိ အပ္ပေတွာ စိဝရေ ဌပေတုံ အနုညာတံ။ ကောဋ္ဌော ဝိဝရိယတီတိ အနုဝါတော ဝိဝရိယတိ–

ဟု ဖွင့်သည်(ဝိမတိ၊၂။၂၃၆)။

အဓိပ္ပါယ်ကား– ကမ္မတ်သီးတပ်သောအိမ်ကို အနားပတ်စွန်း၌ ကပ်၍ ချုပ်ရမည်။ ကမ္မတ်ကွင်းတပ်သောအိမ်ကို အနားပတ်စွန်း၌ လက် ၇-သစ် ဖြစ်စေ၊ ၈-သစ်ဖြစ်စေ ချန်ထား၍ တပ်ရမည်ဟု ပြတော်မူသည်။

ကမ္မတ်သီးကြိုး, ကမ္မတ်ကွင်းကြိုးမှာ တပ်သောအခါ သက်နှံးအနားပတ် ၂-ခု မပွင့်အောင် တပ်၍နေသော အတိုင်းအရှည် ပမာဏကို သိလေ။ ကမ္မတ်သီးအိမ်, ကမ္မတ်ကွင်းတို့သည်လည်း ၄-ထောင့်သာ အပ်သည်။ စေတီသဏ္ဌာန်, ဆောက်ပုတ်သဏ္ဌာန်, ပုစွန်မျက်စိသဏ္ဌာန် အစရှိသော ပြုခြင်းသည် မအပ်-ဟု ဒုတိယပါရာဇိကအဖွင့်အဋ္ဌကထာ (နှာ-၂၅၂-၃), ဝိမတိဝိနောဒနီဋီကာ(ဝိမတိ၊၁။၁၆၆-၈။ဝိမတိ၊၂။၂၃၅)တို့၌ လာသည်။ ခုဒ္ဒသိက္ခာစာကိုယ်,(နှာ-၃၀-ဂါထာ-၂၆၃-၅။ယင်းဋီကာဟောင်း။နှာ-၁၆၆။ယင်းဋီကာသစ်။၃၇၂) ဋီကာတို့၌လည်း လာသည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၇၆] ကပ္ပဗိန္ဓုထိုးပုံ

(၁)မေး။ ။ ကပ္ပဗိန္ဓုကို အဘယ်သို့ ထိုးရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ တဋ္ဌ ပန ကပ္ပံ အာဒိယန္တေန စီဝရံ ရဇိတွာ စတူသု ဝါ ကောဏေသု တီသု ဝါ ဒွီသု ဝါ ဧကသ္မိံ ဝါ ကောဏေ မောရဿ အင်္ဂါမဏ္ဍလမတ္တံ ဝါ မဂုံလပိဋ္ဌမတ္တံ ဝါ အာဒါတဗ္ဗံ။ မဟာပစ္စရိယံ "ပတ္တေ ဝါ ဂဏ္ဌိယံ ဝါ နံ ဝဋ္ဋတီ"တိ ဝုတ္တံ။ မဟာ-အဋ္ဌကထာယံ ပန "ဝဋ္ဋတိယေဝါ"တိ ဝုတ္တံ။ ပါဠိကပွကဏ္ဍိကပွါဒယော ပန သဗ္ဗတ္ထ ပဋိသိဒ္ဓါ။ တသ္မာ ဌပေတွာ ဧကံ ဝဋ္ဋဗိန္ဒုံ အညေန ကေနစိပိ ဝိကာရေန ကပ္ပေါ နာ ကာတဗ္ဗော–

ဟု ပါစိတ်အဋ္ဌကထာ၌ လာသည်။

ထိုအဋ္ဌကထာ၌ "တဋ္ဌ ပန ကပ္ပံ"ကစ၍ "အာဒါတဗ္ဗံ"တိုင်အောင် ပါဠိဖြင့် ချုပ်,ဆိုပြီး သင်္ကန်း၏ ၄-ထောင့်လုံး၌ ဖြစ်စေ၊ ၃-ထောင့်၌ ဖြစ်စေ၊ ၂-ထောင့်၌ ဖြစ်စေ၊ ၁-ထောင့်၌သာ ဖြစ်စေ အမှတ်မရှိ၊ နေရာအထောင့်၌ ထိုးအပ်သည်-ဟု ပြတော်မူသည်။

"မဟာပစ္စရိယံ ။ပ။ နံ ဝဋ္ဋတီတိ ဝုတ္တံ"ဟူသောပါဠိဖြင့် သင်္ကန်းအနားပတ်၌ လည်းကောင်း၊ ကမ္မတ်အိမ်၌လည်းကောင်း မထိုးအပ်-ဟု မဟာပစ္စရိအဋ္ဌကထာဝါဒကို ပြတော်မူသည်။

"မဟာအဋ္ဌကထာယံ ပန ဝဋ္ဋတိယေဝါတိ ဝုတ္တံ"ဟူသောပါဠိဖြင့် သင်္ကန်းအနား ပတ်၌လည်းကောင်း၊ ကမ္မတ်အိမ်၌လည်းကောင်း ထိုးအပ်သည်-ဟု မဟာအဋ္ဌကထာ ဝါဒကို ပြတော်မူသည်။

"တသ္မာ ဌပေတွာ ဧကံ ဝဋ္ဋဗိန္ဒုံ"စသော လဒ္ဓဝုဏ်ပါဠိဖြင့် ဥဒေါင်း မျက်လုံးဝန်း သဏ္ဌာန်, ကြမ်းပိုးကျောက်ကုန်းဝန်းသဏ္ဌာန် ရှိသော ၁-ခုသော, လုံးသော ဗိန္ဒုကပွကို ထိုးအပ်သည်။ ထိုမှတပါးသော ပါဠိကပွ, ကဏ္ဍိကကပွ-စသည်တို့ကို မထိုးအပ်ဟု ပြတော်မူသည်။

၂။ နီလာဝဋ္ဌိအာဒိသဏ္ဌာနာယ ဗိန္ဒုပန္တိယာ ယထာ သောဘတိ၊ တထာ ကယိရမာနော ပါဠိကပွေါ။ တထေဝ ဗိန္ဒုသမူဟေ ကတ္တစိ ဒဿေတွာ ကယိရမာနော ကဏ္ဍိကကပွေါ–

http://www.dhammadownload.com

ဟု ခုဒ္ဒသိက္ခာဋီကာသစ်(နှာ-၃၇၂)၌ လာသောကြောင့် နီလာကုန်းအသွင် အစရှိသော သဏ္ဌာန်တူသော ဗိန္ဒုကို စီ၍ တင့်တယ်အောင်ထိုးခြင်းသည် ပါဠိကပ္ပမည်၏။ ထို့အတူ ဗိန္ဒုကို အစုအစုပြု၍ တင့်တယ်အောင်ထိုးခြင်းသည် ကဏ္ဍိကကပ္ပမည်၏။ ထိုသို့စသည်ဖြင့် တင့်တယ်အောင်ပြုခြင်းသည် မအပ်ဟု မှတ်။ ထိုသို့ တင့်တယ်အောင် မဟုတ်ဘဲ မသိသာ၍ သိသာစေခြင်းငှာ ၁-ခု, ၂-ခု စသည် ထိုးရာ အပ်သည်ဟု မှတ်။

၃။ ထို့ကြောင့် **ဝိနယဝိနိစ္ဆယအဋ္ဌကထာ**(နှာ-၁၅၀၊ဂါထာ-၁၆၂၈)၌-

ဧကံ ဝါပိ အနေကံ ဝါ၊ ဗိန္ဒု ဝဋ္ဋတိ ဝဋ္ဋကံ—

ဟု ဆိုတော်မူသည်။

၄။ **ဗိန္ဒုအာရကိုလည်း—**

တံ ဟိ သရရုဟိတံ စူဠာမဏိသဏ္ဌာနံ။ တေန ဝုတ္တံ "ဗိန္ဒု စူဠာမဏာကာရော"တိ–

ဟု ဗာလာဝတာရဋီကာ၌ လာသည်။ ထိုဋီကာဖြင့် ဗိန္ဒုသည် မကိုင်ရကျောက်နှင့် တူသည်ဟု ပြသည်။

အဋ္ဌကထာ၏ အလိုအားဖြင့် ဗိန္ဒုသည် ဥဒေါင်းမျက်လုံးသဏ္ဌာန်, ကြမ်းပိုးကျောက်ကုန်းသဏ္ဌာန်နှင့် တူသည်ဟု ပြတော်မူသည်။

ထို့ကြောင့် ကပ္ပဗိန္ဒုထိုးရာ၌ ဗိန္ဒုအပေါက်အရမှာ အလယ်၌ အကွက်ထင်သည် ဖြစ်စေ၊ မထင်သည်ဖြစ်စေ ဥဒေါင်းမျက်လုံးဝန်း, ကြမ်းပိုးကျောက်ကုန်းဝန်းပမာဏမျှ မကြီး, မငယ်သော ဗိန္ဒုသည် အပ်သည်ဟု မှတ်။

၅။ **ပါစိတ်ပဒဘာဇနီပါဠိတော်၌—**

အန္တမသော ကုသဂ္ဂေနပိ အာဒါတဗ္ဗံ— (ဝိ၂။၁၅၉)

ဟုလာသည်။

၆။ **မူလသိက္ခာဋီကာသစ်၌ကား—**

တဗ္ဗ သဗ္ဗံ သစေ ဥတ္တရာသင်္ဂေါ ဝါ သဲယာဋိ ဝါ ဟောတိ ဒီယတော ဝိဒတ္ထိပဒေသေ, တိရိယတော အဋ္ဌင်္ဂုလပဒေသေ ကာတဗ္ဗံ။ အန္တရဝါသကေ ပန ဒီယတော ဝိဒတ္ထိပဒေသေ, တိရိယတော စတုရင်္ဂုလပဒေသေ ကာတုံ ဝဋ္ဋတိ– ဟု လာသည်။

http://www.dhammadownload.com

ထိုဦးကာအလိုအားဖြင့် ဒုကုဋ်, ကိုယ်ဝတ်မှာ အလျားဥ် အစွန်း ၁-ထွာ၊ အနံဥ် လက် ၈-သစ် ချန်၍ ကပ္ပဗိန္ဒုထိုးရမည်။ သင်းပိုင်မှာ အလျားဥ် အစွန်း ၁-ထွာ၊ အနံဥ် အစွန်း လက် ၄-သစ်ချန်၍ ထိုးရမည်ဟု ပြတော်မူသည်။ ထိုဦးကာဆရာသည် တိစီဝရိက် သင်္ကန်းနှင့် အဓိဋ္ဌာန်ကို စွန့်သော ပမာဏကိုပြသော အဋ္ဌကထာ(ဝိ၊၄။၃။၁၃၁)ကို ထောက်၍ ဆိုသကဲ့သို့ အရိပ်ထင်သည်။

တပါးသော ဦးကာတို့၌ မဆိုကြကုန်။ "မဟာအဋ္ဌကထာယဲ့ ပန ဝဋ္ဋတိယေဝါတိ ဝုတ္တံ"ဟု လာသော အဋ္ဌကထာကို ထောက်၍ ဆင်ခြင်သည်။ ကပ္ပဗိန္ဒုထိုးပုံကို သိကြလေ။

✪ ✪ ✪ ✪ ✪

[၁၇၇]　ပါတိမောက်ပြရာ မေးဖြေပုံ

(၁) **မေး**။ ။ ပါတိမောက်ပြသောအခါ မေး၍ ဖြေပုံကို အသို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ တသ္မာ ဥပေါသထဒိဝသေသု သံဃေ သန္နိပတိတေ သစေ ပုဗ္ဗေဝ သမ္မတော ဓမ္မဿွေသကော အတ္ထိ၊ ဣစ္ဆေတံ ကုသလံ။ နော စေ၊ ဧကံ ဘိက္ခုံ သံဃေန သမ္မန္နာပေတွာ တေန ဓမ္မဿွေသကေန ပါတိမောက္ခုဒ္ဒေသကံ ဥပသင်္ကမိတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယောသံဃော ဘန္တေ ထေရံ ပါတိမောက္ခုဒ္ဒေသကံ အဿွေသတိ၊ ဥဒ္ဒိသတု ထေရော ပါတိမောက္ခံ။ ဒုတိယမ္ပိ ဘန္တေ သံဃော ။ပ။ တတိယမ္ပိ ဘန္တေ သံဃော ။ပ။ ဥဒ္ဒိသတု ထေရော ပါတိမောက္ခန္တိ တိက္ခတ္တုံ ယာစာပေတွာ တတော ပါတိမောက္ခုဒ္ဒေသကေန–

"သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။
ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိတိ–

အဋ္ဌကထာစရိယေဟိ ဝုတ္တာနိ စတ္တာရိ ပုဗ္ဗကရဏာနိ၊ ကိံ တာနိ ကတာနိ"တိ ပုစ္ဆိတေ ဓမ္မဿွေသကေန "အာမ ဘန္တေ"တိ ဝုတ္တေ ပုန ပါတိမောက္ခုဒ္ဒေ-သကေန–

"ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနံ၊ ဘိက္ခုဂဏနာ စ ဩဝါဒေါ။
ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိတိ–

http://www.dhammadownload.com

အဋ္ဌကထာစရိယေဟိ ဝုတ္တာနိ ပဌ ပုဗ္ဗကိစ္စာနိ၊ ကိံ တာနိ ကတာနိ"တိ ပုစ္ဆိတေ ဓမ္မဗ္ဂေသကေန "အာမ ဘန္တေ"တိ ဝုတ္တေ ပုန ပါတိမောက္ခဒ္ဒေသကေန—

"ဥပေါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ၊
သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ။
ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ နဟောန္တိ၊
ပတ္တကလ္လန္တိ ဝုစ္စတိတိ—

အဋ္ဌကထာစရိယေဟိ ဝုတ္တာနိ စတ္တာရိ ပတ္တကလ္လဂိါနိ၊ ကိံ တာနိ သမာနိ-တာနိ"တိ ပုစ္ဆိတေ ဓမ္မဗ္ဂေသကေန "အာမ ဘန္တေ"တိ ဝုတ္တေ ပုန ပါတိ-မောက္ခဒ္ဒေသကော "ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမ္မာ နိဋ္ဌာပေတွာ ပတ္တကလ္လေ သမာနိတေ သံဃသ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိဿာမာ"တိ ဝတွာ "သာဓု သာဓူ"တိ ဘိက္ခသံဃေန သမ္မဒ္ဓိတ္ထိတေ "သုဏာတု မေ ဘန္တေ သံဃော"တိအာဒိနာ ပါတိမောက္ခဒ္ဒေသကော ပါတိမောက္ခံ ဥဒ္ဒိသတိတိ အယ'မမ္ဟာကံ ခန္တိ—

ဟု ဝိနယာလင်္ကာရဋီကာ(၁။၃၉၈-၄၀၂)၌ လာသည်။

၂။ မူလသိက္ခာကျမ်း(နှာ-၄၅၃)၌ကား—

- သမ္မဇ္ဇနီ ပဒီပေါ စ ။ပ။ ပုဗ္ဗကရဏန္တိ ဝုစ္စတိ။
- ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနံ ။ပ။ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ။
- ဥပေါသထော ယာဝတိကာ ။ပ။ ပတ္တကလ္လန္တိ ဝုစ္စတိ။
- ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကာသ သမဂ္ဂသ ဘိက္ခသံဃသ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ-

ဟု လာသည်။

၃။ ဝိနယာလင်္ကာရဋီကာ(၁။၄၀၀)၌လည်း—

ဧတ္ထ စ ဂါထာတ္တယသ အဋ္ဌကထာစရိယေဟိ ဝုတ္တဘာဝေါ အဋ္ဌကထာယမေဝ အာဂတော။ ပစ္ဆိမဂါထံ့ ပန နေဝ ပါဠိယံ, န အဋ္ဌကထာယံ, န ဋီကာဒီသု ဒိဿတိ။

မူလသိက္ခာပကရဏေယေဝ တထာ ဝုတ္တံ၊ တသ္မာ အာစရိယာနံ့ အတ္တနော-မတိ ဘဝေယ္ယ—

စသည်ဖြင့် ဆို၍ အပြစ်ကို ပြတော်မူသည်။

http://www.dhammadownload.com

၄။ ဘိက္ခုပါတိမောက်(က၁၊၄။၁။၀၊၄။၃၊၃။၃၄၄)တို့၌-

- သမ္မဇ္ဇနီ ပဒီပေါ စ ။ပ။ ပတ္တကလ္လန္တိ ဝုစ္စတိ။
- ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခု-သံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ—

ဟု များသောအားဖြင့် မူလသိက္ခာကျမ်းနှင့်အတူ ရှိသည်။ အချို့ပါတိမောက်၌ "ပါတိ-မောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ"နေရာ၌ "ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ"ဟု ရှိသည်။

၅။ **ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာကျမ်း၌ကား-**

ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာပေတွာတိ ပါဠေန ပဌမဒုတိယဂါထာယ အတ္ထော သခ်ေပေန ဒဿိတော ဟောတိ။ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿာတိ ပါဠေန "ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ"တိ ပါဠိဿ အတ္ထော ဒီပိတော ဟောတိ။ ဒေသိတာပတ္တိကဿာတိ ပဒေန "သဘာဂါ-ပတ္တိယော စ န ဝိဇ္ဇန္တီ"တိ ပါဠိဿ အတ္ထော ဒီပိတော ဟောတိ။ သမဂ္ဂဿာတိ ပဒေန ဂဟေတဗ္ဗေ သိဒ္ဓေ ဆဋ္ဌေတဗ္ဗဿ သိဒ္ဓနတော "ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တီ"တိ ပါဠိဿ အတ္ထော ဒီပိတော ဟောတိ။ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိတိ ပါဠေန အနုပေါသထဒိဝသေ အနုဒ္ဒိသိတဗ္ဗတော သာမတ္ထိယေန ဥပေါသထဒိဝသော ဒေသိတော ဟောတိ။ ဧတ္တာဝတာ စ စတုဗ္ဗိဓံ ပတ္တကလ္လဂ်ိ နိဒ္ဒိဋ္ဌံ ဟောတိတိ ဝေဒိတဗ္ဗံ။

ဣမသ္မိံ ဌာနေ "ဥဒ္ဒိသိတုံ အာရာဓနံ ကရောမာတိ ဝါ, ဥဒ္ဒိသိဿာမိ"တိ ဝါ ပါဠေါ အတ္ထိ။ တေသု ဝိနယာလင်္ကာရဋီကာယံ(၁။၄၀၀၊၄၀၂) ဝုတ္တတ္တာ စ သဒ္ဒတ္ထ-ယုတ္တိဘာဝတော စ "ဥဒ္ဒိသိဿာမိ"တိ ပါဠိဿ အတ္ထိဘာဝေါ အမှေဟိ ရုစိ-တတ္တော။ "ဥဒ္ဒိသိတုံ အာရာဓနံ ကရောမာ"တိ ဝစနံ မူလသိက္ခာပကရဏေ ဝုတ္တတ္တာ စ အာစရိယေဟိ ဒေါသံ အာရောပေတွာ အဝုတ္တတ္တာ စ ကမ္မဿ ကုပ္ပနဂ်ိ-ဘာဝတော စ ယထာရုစိ သလ္လက္ခေတဗ္ဗံ— ဟု ဆိုတော်မူသည်။

၆။ **ဥပေါသထက္ခန္ဓကအဋ္ဌကထာ(၀၊၄။၃။၃၃၉၊၃၄၀)၌ကား—**

အဇ္ဈေသနာ စေတ္ထ သံဃေန သမ္မတမ္မဇ္ဈေသကာယတ္တာ ဝါ သံဃတ္ထေရာယတ္တာ ဝါ။ တသ္မိံ ဓမ္မဇ္ဈေသကေ အသတိ သံဃတ္ထေရံ အာပုစ္ဆိတွာ ဝါ တေန ယာစိတော ဝါ ဘာသိတုံ လဘတိ— ဟူ၍လည်းကောင်း။

http://www.dhammadownload.com

တသ္မာ ထေရေန သယံ ဝါ ဥဒ္ဒိသိတဗ္ဗံ၊ အညော ဝါ အဿုသိတဗ္ဗော၊ အဿုသနဝိဓာနဉ္စေတ္ထ ဓမ္မဿုသနေ ဝုတ္တနယမေဝ–

ဟူ၍လည်းကောင်း ဆိုတော်မူသည်။

ဤအရာ၌ လိုရင်းစကားကား ပိဏ္ဍာတ္ထအဓိပ္ပါယ်ကား– ပါတိမောက်ပြသောအခါ ပါတိမောက်ပြသောရဟန်းကို တောင်းပန်သော သမ္ဘူတိရသော ရဟန်းဖြစ်မူ ထိုရဟန်းသည် မရှိမူ, သံဃာတို့က သမုတ်သော ရဟန်းသည် ပါတိမောက်ပြသောရဟန်းသို့ ကပ်၍ ရှိသေစွာ လက်အုပ်ချီ၍ "သံဃော ဘန္တေ ထေရံ ပါတိမောက္ခုဒ္ဒေသကံ အဿုသတိ၊ ဥဒ္ဒိသတု ထေရော ပါတိမောက္ခံ"ဟု ၃-ကြိမ် တောင်းပန်ရမည်။

ထိုအခါ ပါတိမောက်ပြသောရဟန်းသည် "သမ္မဇ္ဇနီ ။ပ။ ပုဗ္ဗကရဏန္တိ ဝုစ္စတိ"ဟု အဋ္ဌကထာဆိုသောကြောင့် 'သံဃာမစည်းဝေးမီ ပြုအပ်သော ပုဗ္ဗကရဏ ၄-ပါးတို့ကို ပြုအပ်ကုန်ပြီလော'ဟု မေးအပ်သည်။ ထိုအခါ တောင်းပန်သောရဟန်းက "အာမ ဘန္တေ" ဟု ဆိုအပ်သည်။

ထိုအခါ ပါတိမောက်ပြသောရဟန်းက "ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနံ ။ပ။ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ"ဟု အဋ္ဌကထာဆိုသောကြောင့် 'သံဃာစည်းဝေး၍ ပါတိမောက် မပြမီပြုအပ်သော ပုဗ္ဗကိစ္စ ၅-ပါးတို့ကို ပြုအပ်ကုန်ပြီလော'ဟု မေးအပ်သည်။ ထိုအခါ တောင်းပန်သော ရဟန်းက "အာမ ဘန္တေ"ဟု ဆိုအပ်သည်။

ထိုအခါ ပါတိမောက်ပြသောရဟန်းက "ဥပေါသထော ယာဝတိကာ စ ။ပ။ ပတ္တကလ္လန္တိ ဝုစ္စတိ"ဟု အဋ္ဌကထာဆိုသောကြောင့် 'ပြုအပ်သော ဥပုသ်၏ ပတ္တကလ္ဟ-အင်္ဂါ ၄-ပါးနှင့် ပြည့်စုံ၏လော'ဟု မေးအပ်သည်။ ထိုအခါ တောင်းပန်သောရဟန်းက "အာမ ဘန္တေ"ဟု ဆိုအပ်သည်။

ထိုအခါ ပါတိမောက်ပြသော ရဟန်းသည် "ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမ္မာ နိဋ္ဌာပေတွာ ပတ္တကလ္လဂေါ် သမာနီတေ သံဃသ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ"ဟု ဆိုအပ်သည်။ ထိုအခါမှ သံဃာတို့က "သာဓု သာဓု"ခေါ်အပ်သည်။

ထိုအခါ ပါတိမောက်ပြသော ရဟန်းသည် "သုဏာတု မေ"စသည်ဖြင့် ဥ တ်ကို ထား၍ ပါတိမောက်ကို ပြအပ်သည်ဟု ဝိနယာလင်္ကာရဋီကာဆရာ အလိုအဓိပ္ပါယ် ရသည်။ ပါတိမောက္ခလိခနယ၌လည်း ဝိနယာလင်္ကာရဋီကာနှင့် နည်းတူပြတော်မူသည်။

ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ အလိုအားဖြင့် ဓမ္မဿုသကရဟန်းနှင့် ပါတိ-မောက္ခုဒ္ဒေသကရဟန်းတို့ မေးခြင်း, ဖြေခြင်းမှာ ဝိနယာလင်္ကာရဋီကာအတိုင်း ပြဆို၍

http://www.dhammadownload.com

ပဋိညာဉ်အရမှာ "ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကာသ သမဂ္ဂာသ ဘိက္ခူသံယာသ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ"ဟု ပါတိမောက်ပြသောရဟန်းက ဆို၍ "သာဓု သာဓု"ဟု သံဃာက ဆိုသောအခါ ပါတိမောက် ပြရမည်ဟု အဓိပ္ပါယ်ရသည်။

မူလသီကွာ(နှာ-၄၅၃)၌လာသည့်အတိုင်း "ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ ။ပ။ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ"ဟု ဆိုသော်လည်း အပြစ်မရှိဟု ပြတော်မူသည်။

ဥပေါသထက္ခန္ဓကအဋ္ဌကထာကို ထောက်၍ ပါတိမောက် တောင်းပန်သော သမ္မုတိရသောရဟန်း မရှိလျှင် သံဃာ့ထေရ်ကို ပန်ကြား၍သော်လည်း ပြအပ်သည်။ ထိုသံဃာ့ထေရ်က တောင်းပန်သော်လည်း ပြအပ်သည်။

၇။ ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ အလိုအားဖြင့် ပါတိမောက်၌ "သမ္မဇ္ဇနီ။ပ။ ပတ္တကလ္လန္တိ ဝုစ္စတိ"ဟု အဋ္ဌကထာ၌ လာသော ၃-ဂါထာအဆုံး၌—

ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမ္မာ နိဋ္ဌာပေတွာ ပတ္တကလ္လင်္ ဣမာနီတေ သံဃာသ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ—

ဟု ရှိရမည်။

၈။ **ပါတိမောက္ခဝဒတ္ထာအနုဝဏ္ဏနာဆရာအလိုအားဖြင့်**—

ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကာသ သမဂ္ဂာသ ဘိက္ခု-သံဃာသ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ—

ဟု ရှိရမည်။

၉။ **မူလသီကွာဆရာ၏ အလိုအားဖြင့်**—

ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကာသ သမဂ္ဂာသ ဘိက္ခု-သံဃာသ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ—

ဟု ရှိရမည်။

၁၀။ **ပါတိမောက္ခလိခနယ၌**—

ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာပေတွာ ပတ္တကလ္လင်္ ဣမာနီတေ သမဂ္ဂာသ ဘိက္ခု-သံဃာသ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမာတိ ဝတ္တဗ္ဗံ-

ဟု လာသည်။ ဤသို့လျှင် ပါတိမောက်ပေစာ စာအုပ်တို့၌ ရှိသင့်ကြောင်းကို သိအပ်သည်။

http://www.dhammadownload.com

ပါတိမောက် ပြရာ၌ သမ္မဇ္ဇနီ-စသော ဂါထာကို ဓမ္မဗျေသကရဟန်းက ဆိုရမည်ဟု ပါတိမောက္ခဂဏ္ဌိ၌ လာသည်။

ထိုစကားကို ပါတိမောက္ခလိခနယ၌ ဝိနယာလင်္ကာရ(ဋီကာ၊၁။၃၉၈)ကို ထောက်၍ ပယ်ဆိုသည်။

ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာပေတွာ-ဟူသောပါဠိ၌ "သမာပေတွာတိ သံကရောန္တေန ဝါ ပရေဟိ ကာရာပေန္တေန ဝါ သုဒ္ဓါ နိဋ္ဌာပေတွာ"ဟု ဆိုတော်မူသည်။

၁၁။ ပဝါရဏာပြုရာ၌လည်း-

သေဝ နယော ပဝါရဏာကရဏကာလေပိ။ တသ္မိံ ပန "ပဝါရဏာယ စောနီတိ ဝါ, ပဝါရဏံ ကရိဿာမီ"တိ ဝါ ဝတ္တုဗ္ဗဝစနမေဝ ဝိသေသံ-

ဟု ပါတိမောက္ခဝဒတ္ထအနုဝဏ္ဏနာ၌ လာသောကြောင့်-

သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။
ပဝါရဏာယ စောနီ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ။

ဆန္နပါရိသုဒ္ဓိဥတုက္ခာနံ၊ ဘိက္ခုဂဏနာ စ ဩဝါဒေါ။
ပဝါရဏာယ စောနီ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ။

ပဝါရဏာ ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ၊
သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ။
ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊
ပတ္တကလ္လန္တိ ဝုစ္စတိ။

ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပဝါရဏံ ပဝါရိဿာမိ-

ဟု ဆိုရမည်။

၁၂။ မူလသိက္ခာဋီကာသစ်၌လည်း-

ပဝါရဏေပိ တဒေဝ ပုဗ္ဗကရဏာဒိကံ၊ ပဝါရဏာယ စောနီတိ စ, ပဝါရဏာ ယာဝတိကာ စာတိ ဝိသေသော- ဟု လာသည်။

၁၃။ ဝိနယာလင်္ကာရဋီကာ(၁။၃၉၉)၌လည်း-

ပဝါရဏာယပိ သေဝ နယော-

http://www.dhammadownload.com

ဟု လာသည်။ ဝိနယဝိနိစ္ဆယဋီကာ(၂။၂၁၀), ခုဒ္ဒသိက္ခာဋီကာသစ်(နှာ-၄၂၅-၆)တို့၌လည်း ပဝါရဏာ၏ ပုဗ္ဗကရဏ, ပုဗ္ဗကိစ္စ, ပတ္တကလ္လအင်္ဂါကို ပြဆိုကြသည်။

✪ ✪ ✪ ✪ ✪

[၁၇၈] ဂဏဉပုသ်ပြုရာ ပုဗ္ဗကိစ္စပြုပုံ

(၁) မေး။ ။ ဂဏဉပုသ်ပြုရာ, အဓိဋ္ဌာန်ဉပုသ်ပြုရာတို့၌ ပုဗ္ဗကရဏ, ပုဗ္ဗကိစ္စတို့ကို ပြုရဦးမည်လော။

ဖြေ။ ။ ထိုအမေးမှာ ဥပေါသထက္ခန္ဓကပါဠိတော်၌–

၁။ ဣဓ ပန ဘိက္ခဝေ အညတရသ္မိံ အာဝါသေ တဒဟုပေါသထေ ဧကော ဘိက္ခု ဝိဟရတိ။ တေန ဘိက္ခဝေ ဘိက္ခုနာ ယတ္ထ ဘိက္ခူ ပဋိက္ကမန္တိ ဥပဋ္ဌာနသာလာယ ဝါ မဏ္ဍပေ ဝါ ရုက္ခမူလေ ဝါ၊ သော ဒေသော သမ္မဇ္ဇိတော ပါနီယံ ပရိဘောဇနီယံ ဥပဋ္ဌာပေတော အာသနံ ပညပေတော ပဒီပံ ကတော နိသီဒိတဗ္ဗံ။ သစေ အညေ ဘိက္ခူ အာဂစ္ဆန္တိ၊ တေဟိ သဒ္ဒိံ ဥပေါသထော ကာတဗ္ဗော။ နော စေ အာဂစ္ဆန္တိ၊ "အဇ္ဇ မေ ဥပေါသထော"တိ အဓိဋ္ဌာတဗ္ဗော၊ နော စေ အဓိဋ္ဌဟေယျ၊ အာပတ္တိ ဒုက္ကဋဿ— (ဝိ၊၃။၁၆၈)

ဟု လာသည်။

၂။ ၎င်းအဖွင့်အဋ္ဌကထာ၌လည်း–

သော ဒေသော သမ္မဇ္ဇိတော်တော် တံ ဒေသံ သမ္မဇ္ဇိတော်၊ ဥပယောဂတ္ထေ ပစ္စတ္တံ။ ပါနီယံ ပရိဘောဇနီယန္တိ အာဒိ ပန ဥတ္တာနတ္ထမေဝ။ ကသ္မာ ပနေတံ ဝုတ္တံ? ဥပေါသထဿ ပုဗ္ဗကရဏာဒိဒဿနတ္ထံ။ တေနာဟု အဋ္ဌကထာစရိယာ–

သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။
ဥပေါသထဿ တောနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ။

ဣတိ ဣမာနိ စတ္တာရိ "ပုဗ္ဗကရဏ"န္တိ အက္ခာတာနိ။

ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနံ၊ ဘိက္ခုဂဏနာ စ ဩဝါဒေါ။
ဥပေါသထဿ တောနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ။

http://www.dhammadownload.com

ဣတိ ဣမာနိ ပဉ္စ ပုဗ္ဗကရဏတော ပဌာ ကတ္တဗ္ဗာနိ "ပုဗ္ဗကိစ္စ"န္တိ အက္ခာတာနိ။

ဥပေါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ၊
သဗ္ဗာဂါပတ္တိယော စ န ဝိဇ္ဇန္တိ။
ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိ နာ ဟောန္တိ၊
ပတ္တကလ္လန္တိ ဝုစ္စတိ။

ဣတိ ဣမာနိ စတ္တာရိ "ပတ္တကလ္ල"န္တိ အက္ခာတာနိတိ။

တေဟိ သဒ္ဓိန္တိ တေဟိ အာဂတေဟိ သဒ္ဓိ ဧတောနိ ပုဗ္ဗကရဏာဒီနိ ကတ္တာ ဥပေါသထော ကာတဗ္ဗော။ အဇ္ဇ မေ ဥပေါသထောတိ ဧတ္ထ သစေ ပန္နရသော ဟောတိ၊ "အဇ္ဇ မေ ဥပေါသထော ပန္နရသော"တိပိ အဓိဋ္ဌာတုံ ဝဋ္ဋတိ။ စာတုဒ္ဒိသိကေပိ ဧသေဝ နယော– (ဝိ၊ဋ္ဌ၊၃။၃၄၄-၅)

ဟု ဆိုတော်မူသည်။

၃။ ဝိနယဝိနိစ္ဆယအဋ္ဌကထာ(နှာ-၂၄၈)၌–

ကတ္တာ သမ္မဇ္ဇနံ ဒီပံ၊ ဌပေတ္ဝာ ဥဒကာသနံ။
ဂဏဥတ္ထိ ဌပေတ္ဝာဝ၊ ကတ္ထဗ္ဗော တီဟု'ပေါသထော။
ပုဗ္ဗကိစ္စံ သမာပေတ္ဝာ၊ အဓိဋ္ဌေယျ ပနေ'ကကော။
နော စေ အဓိဋ္ဌဟေယျ'ဿ၊ ဟောတိ အာပတ္တိ ဒုက္ကဋံ–

ဟု လာသည်။

၄။ ခုဒ္ဒသိက္ခာ(နှာ-၄၉၊၅၀)၌လည်း–

သမ္မဇ္ဇိတ္ဝာ ပဒီပေတ္ဝာ၊ ပဋေတ္ဝာ ဥဒကာသနံ။
ဂဏဥတ္ထိ ဌပေတ္ဝေ'ဝံ၊ ကတ္ထဗ္ဗော တီဟု' ပေါသထော။
ဒ္ဝီသု ထေရေန ကတ္ထဗ္ဗံ၊ ကတ္ဝေ'ဝ'မိရိယော နဝေါ။
ပုဗ္ဗကိစ္စံ သမာပေတ္ဝာ၊ အဓိဋ္ဌေယျေ'ဝ မေကကော–

ဟု လာသည်။

၅။ ခုဒ္ဒသိက္ခာဋီကာဟောင်း(နှာ-၂၀၉)၌–

ဣဒါနိ ပါရိသုဒ္ဓိဥပေါသထံ ဒဿေတုံ "သမ္မဇ္ဇိတ္ဝာ"တိအာဒိ ဝုတ္တံ–

ဟူ၍လည်းကောင်း–

http://www.dhammadownload.com

ကျဒါနိ ဒ္ဒိဟိ ကတ္တွဲ့ ဒဿေတုံ "ဒ္ဒီသု ထေရေနာ"တိ ဝုတ္တံ။

ဧတ္တာဝတာ "အနုဇာနာမိ ဘိက္ခဝေ စတုန္နံ ပါတိမောက္ခံ ဥဒ္ဒိသိတု"န္တိ စ, "အနုဇာနာမိ ဘိက္ခဝေ တိဏ္ဏံ ပါရိသုဒ္ဓိဥပေါသထံ ကာတု"န္တိ စ, "အနုဇာနာမိ ဘိက္ခဝေ ဒွိန္နံ ပါရိသုဒ္ဓိဥပေါသထံ ကာတု"န္တိ စ ဝုတ္တံ သံယုပေါသထဉ္စ ပါရိသုဒ္ဓိဥပေါသထဉ္စ ဒဿေတွာ ကျဒါနိ ယတ္ထ ဧကော ဘိက္ခု ဝိဟရတိ၊ တဿ အနုညာတံ အဓိဋ္ဌာနုပေါသထံ ဒဿေတုံ "ပုဗ္ဗကိစ္စ"န္တိအာဒိမာဟ။ ဧတ္ထ စ ပုဗ္ဗကိစ္စံ နာမ သမ္မဇ္ဇနာဒိကံယေဝ—　　ဟူ၍လည်းကောင်း လာသည်။

၆။ ခုဒ္ဒသိက္ခာဋီကာသစ်(နှာ-၄၂၂)၌လည်း—

ကတ္တွဲ့ ကတ္တာ ပုဗ္ဗကိစ္စာဒိကံ သမ္မာဒေတွာ နဝေါ ဧဝံ ဤရိယောတိ ယောဇနာ-ဟု လာသည်။

၇။ ဝိနယဝိနိစ္ဆယဋီကာ(၂။၁၉၁-၂)၌လည်း—

ဂဏဥတ္တိ် ဌပေတွာတိ "သုဏာတု မေ အာယသ္မန္တာ၊ အဇ္ဇပေါသထော ပန္နရသော၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမာ"တိ ဧဝံ ဂဏဥတ္တိ် နိက္ခိပိတ္တာ။ ကတ္ထတ္ထော တီဟု'ပေါသထောတိ တီဟိ ဘိက္ခူဟိ ဥပေါသထော ကာတဗ္ဗော။ တီသု ထေရေန ဧကံသံ ဥတ္တရာသင်္ဂံ ကတ္တာ ဥက္ကုဋိကံ နိသီဒိတ္တာ အဥ္ဇလိံ ပဂ္ဂဟေတ္တာ ဒွေ ဧဝံ တိက္ခတ္တုံမေဝ ဝတ္တွာ **"ပရိသုဒ္ဓါ အဟံ ဘာဝုသော၊ ပရိသုဒ္ဓါတိ မံ ဓာရေထာ"**တိ။ ဒုတိယေန, တတိယေန စ ယထာက္ကမံ "ပရိသုဒ္ဓါ အဟံ ဘန္တေ၊ ပရိသုဒ္ဓါတိ မံ ဓာရေထာ"တိ တိက္ခတ္တုံမေဝ ဝတ္တွဲ့။

ပုဗ္ဗကိစ္စာဒိနိ ကတ္တာ ဥတ္တိ် အဌပေတွာ ထေရေန နဝေါ ဧဝံ တိက္ခတ္တုံ-မေဝ ဝတ္တွာ "ပရိသုဒ္ဓါ အဟံ ဘာဝုသော၊ ပရိသုဒ္ဓါတိ မံ ဓာရေဟီ"တိ၊ နဝေန ထေရောပိ "ပရိသုဒ္ဓါ အဟံ ဘန္တေ၊ ပရိသုဒ္ဓါတိ မံ ဓာရေထာ"တိ တိက္ခတ္တုံ ဝတ္တွာ။ ဣမသ္မိံ ပန ဝါရေ ဥတ္တိယာ အဌပနဉ္စ ဓာရေဟီတိ ဧကဝစန-နိဒ္ဒေသော စာတိ ဧတ္ထကောဝ ဝိသေသောတိ တံ အနာဒိယိတ္တာ ပုဂ္ဂလေန ကာတဗ္ဗံ ဥပေါသထဝိမိ ဒဿေတုမာဟ "ပုဗ္ဗကိစ္စံ သမာပေတ္တွာ၊ **အဓိဋ္ဌေယျ**ပနေ'ကကော"တိ။ **အဓိဋ္ဌေယျာ**တိ "အဇ္ဇ မေ ဥပေါသထော 'ပန္နရသော'တိ ဝါ 'စာတုဒ္ဒသော'တိ ဝါ အဓိဋ္ဌာမိ"တိ အဓိဋ္ဌေယျ—

ဟု ဆိုတော်မူသည်။

http://www.dhammadownload.com

၈။ မူလသိက္ခာဒုကာသစ်၌လည်း–

ပုဗ္ဗကရဏာဒိကံ ကတ္တာ နဝမာ ဒီပိတံ သဗ္ဗံ ဥပေါသထပ္ပဝါရဏံ ပိယသီလိနာ ကာတပ္ပန္တိ သမ္မန္ဒေါ။ ဥပက္ကိလေသေ ဒဟတိ စေတောယာတိ ဥပေါသထော။ ကိရိယံ ပဝါရေတိ ဩကာသံ ကရောတိ စေတောယာတိ အပရေ–

ဟု လာသည်။

၉။ ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌ကား–

သမဂ္ဂံ ဥပဂန္ဆာ ဝသန္တိ ဘိက္ခူ စေတေနာတိ ဥပေါသထော၊ ပါတိမောက္ခုဒ္ဒေသော၊ သီလေန ဥပေါသထော ဟုတ္ဝာ ဝသန္တိ သပ္ပုရိသာ စေတ္ထာတိ ဥပေါသထော၊ စာတုဒ္ဒသိအာဒိကော ဒိဝသော–

ဟု ဆိုတော်မူသည်။

၁၀။ ပါတိမောက္ခလိခနယ၌ကား–

ဥပဝသန္တိ စေတ္ထာတိ ဥပေါသထော၊ ဥပ-ပုဗ္ဗော၊ ဝသ နိဝါသေ၊ ထော၊ ဝသောတိ ကတ္တာ–

ဟု လာသည်။

ဤသို့လာသော အဋ္ဌကထာ,ဋီကာတို့ကို ထောက်၍ ရဟန်း ၃-ပါးဖြစ်မူ ပုဗ္ဗကရဏာ လေးပါးကို လျော်စွာပြု၍ ပန္နရသီ ဥပုသ်နေ့ဖြစ်မူ–

သုဏာန္တု မေ အာယသ္မန္တော၊ အဇ္ဇုပေါသထော ပန္နရသော၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ–

ဟု ဥ တ်ထား၍ သီတင်းကြီး ရဟန်းက "ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ"ဟု ၃-ကြိမ်ဆိုရမည်။ ကြွင်းသောရဟန်း ၂-ပါးကလည်း ထေရ်စဉ်အတိုင်း "ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ"ဟု ၃-ကြိမ်စီဆို၍ ပြုရမည်။

ရဟန်း ၂-ပါးဖြစ်မူ ပုဗ္ဗကရဏာ ၄-ပါးကို လျော်စွာပြု၍ ဥ တ်မထားဘဲသာ သီတင်းကြီးက "ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပရိသုဒ္ဓေါတိ မံ ဓာရေဟိ"ဟု ၃-ကြိမ်ဆို၍ ပြုရမည်။ ရဟန်းငယ်ကလည်း "ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ"ဟု ၃-ကြိမ်ဆို၍ ပြုရမည်။

http://www.dhammadownload.com

ရဟန်းတစ်ပါးဖြစ်မူ ပုဗ္ဗကရဏ ၄-ပါးကို လျော်စွာပြု၍ ပန္နရသီဥပုသ်နေ့ဖြစ်မူ "အဇ္ဇ မေ ဥပေါသထော ပန္နရသော အဓိဋ္ဌာမိ"ဟု ဆို၍ ပြုရမည်။

ပုဗ္ဗကရဏ ၄-ပါးကိုလည်း ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌ တံမြက်လှည်းခြင်းကို အမြဲပြုအပ်သည်။ ဆီမီးညှိထွန်းခြင်းကို ညဉ့်မိုက်သောအခါ၌ ပြုအပ်သည်။ သောက်ရေ, သုံးဆောင်ရေ တည်ထားခြင်း၊ နေရာခင်းခြင်းကို ထိုရဟန်းတို့နေသော ကျောင်းသည် သိမ်၌တည်မူ အာဂန္တုအကျိုးငှာ ပြုအပ်သည်ဟု ဆိုတော်မူသည်။

ထိုစကားကို ထောက်၍ နေရှိတုန်းအခါ၌ ဥပုသ်ပြုမူ ဆီမီးထွန်းခြင်းဝတ်ကို မပြုဘဲ အပ်သည်။ ခဏ္ဍသိမ်သို့ သွား၍ ဥပုသ်ပြုရာ အာဂန္တုရဟန်း မလာသည်ကို သိလျှင် သောက်ရေ, သုံးဆောင်ရေ တည်ခြင်း၊ နေရာခင်းခြင်းဝတ်ကို မပြုသော်လည်း အပ်သည်ဟု မှတ်ယူသင့်သည်။

၁၁။ ဥပေါသထာဂါရေ နိစ္စံ သမ္မဇ္ဇနီ သမ္မဇ္ဇနကရဏဉ္စ ဥပေါသထာဂါရေ ရတ္တန္ဓကာလေ ပဒီပေါ ပဒီပုဇ္ဇလနဉ္စ သစေ ဝိဟာရော သီမာယံ ဋ္ဌိတော ဟောတိ၊ ဧဝံ သတိ အာဂန္တုကာနံ ဘိက္ခူနံ အတ္ထာယ အာသနေန အာသနပညပနေန သဟ ဥဒကံ ပါနီယပရိဘောဇနီယံ ဥပဋ္ဌပနဉ္စာတိ ဧတာနိ စတ္တာရိ ဝတ္တာနိ ဥပေါသထသ္မ ဥပေါသထကမ္မသ္မ သံယသန္နိပါတတော ပုဗ္ဗကာလေ ကတ္တဗ္ဗတ္တာ ပုဗ္ဗကရဏန္တိ ဘဂဝတာ ဝုစ္စတိ ဝုစ္စန္တေ အက္ခာတာနီတိ (ပါတိမောက္ခပဒတ္ထအနု-ဝဏ္ဏနာ)။

၁၂။ **ပုဗ္ဗကိစ္စ ၅-ပါးကိုလည်း ထိုပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌—**

သစေ အန္တောသီမာယံ ဋ္ဌိတဝိဟာရေဝ သန္တာ သမာနသံဝါသကာ ဘိက္ခူ ဣမံ သံယသန္နိပါတံ ဂိလာနာဒိကာရဏေန အနာဂတာ ဟောန္တိ၊ ဧဝံ သန္တေသု ဝဂ္ဂအပ္ပဝတ္တနတ္ထာယ တေသံ ဆန္ဒာရဟာနံ ဘိက္ခူနံ ဆန္ဒပါရိသုဒ္ဓိံ ဆန္ဒာရဟဏ-ဆန္ဒပါရိသုဒ္ဓိဟရဏဉ္စ နိစ္စံ ဥတုက္ခာနံ ဥတူနံ အညတရသ္မ သမ္မတ္တသ္မ ဥတုသ္မ အာစိက္ခနဉ္စ နိစ္စံ ဘိက္ခုဂဏနာ သီမမက္ကလေ သန္နိပါတဘိက္ခုဂဏနာ စ ဩဝါဒေါ ဘိက္ခုနီဟိ ယာစိတဩဝါဒါရောစနဉ္စ ဣတိ ဧတာနိ ပဉ္စဝိနယကမ္မာနိ ဥပေါ-သထသ္မ ဥပေါသထကမ္မသ္မ ဥပေါသထကရဏတော ပုဗ္ဗဘာဂေ ကတ္တဗ္ဗတ္တာ ပုဗ္ဗကိစ္စန္တိ ဘဂဝတာ ဝုစ္စတိ ဝုစ္စန္တေ အက္ခာတာနီတိ—

ဟု လာသည်။

http://www.dhammadownload.com

ထိုစကားကို ထောက်၍ ပုဗ္ဗကိစ္စ ၅-ပါးတို့တွင် ယခုအခါ ဘိက္ခုနီဩဝါဒကို ပြောကြားခြင်း မရှိသော်လည်း အပ်သည်။ ခဏ္ဍသိမ်၌ ဥပုသ်ပြုမူ ဆန္ဒတောင်းခြင်း, ဆန္ဒပါရိသုဒ္ဓိ ဆောင်ခြင်းကို မပြုသော်လည်း အပ်သည်။ ဥတုကြားခြင်း, ရဟန်းရေတွက်ခြင်း ကိုကား အမြဲပြုအပ်သည်ဟု မှတ်ယူသင့်သည်။

ဤသို့လျှင် ဂဏဥပုသ်, အဓိဋ္ဌာန်ဥပုသ်ပြုရာတို့၌ ပုဗ္ဗကရဏ ပြုအပ်သည်ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၁၇၉] အန္တရာယ်မရှိဘဲ ပါတိမောက်အကျဉ်းပြအပ်

(၁)မေး။ ။သံဃဥပုသ်ပြုရာ၌ အန္တရာယ်မရှိဘဲ ပါတိမောက်ကို အကျဉ်းပြအပ်ပါမည်လော။

ဖြေ။ ။ထိုအမေးမှာ-

၁။ ဥပေါသထက္ခန္ဓကအဋ္ဌကထာ၌-

ယော တတ္ထ ဘိက္ခု ဗျတ္တော ပဋိဗလောတိ ဧတ္ထ ကိဉ္စာပိ ဒဟရသာမဏေ ဗျတ္တသ ပါတိမောက္ခော အနုညာတော၊ အထခေါ ဧတ္ထ အယမဓိပ္ပါယော၊ သစေ ထေရသ ပဉ္စ ဝါ စတ္တာရော ဝါ တယော ဝါ ပါတိမောက္ခုဒ္ဒေသာ နာဂစ္ဆန္တိ၊ ဒွေ ပန အခဏ္ဍာ သုဝိသဒါ ဝါစုဂ္ဂတာ ဟောန္တိ၊ ထေရာယတ္တောဝ ပါတိမောက္ခော။ သစေ ပန ဧတ္တကမ္ပိ ဝိသဒံ ကာတုံ န သက္ကောတိ၊ ဗျတ္တသ ဘိက္ခုနော အာယတ္တော ဟောတိ- (ဝိ၊၅၂။၃၄၁) ဟု လာသည်။

၂။ ဝိနယတ္ထမဇ္ဈုသာမည်သော လီနတ္ထပကာသနီဋီကာ(က၌။ဋီ-သစ်။၁၃၁)၌လည်း နည်းတူဖွင့်ဆိုတော်မူသည်။

၃။ ခုဒ္ဒသိက္ခာဋီကာဟောင်း(နှာ-၂၀၇)၌လည်း ဥပေါသထက္ခန္ဓက အဋ္ဌကထာအတိုင်း ဆို၍-

ပါဠိယမ္ပိ ဝုတ္တမေဝ "တေဟိ ဘိက္ခဝေ ဘိက္ခူဟိ ဧကော ဘိက္ခု သာမန္တာ အာဝါသာ သဒ္ဒကံ ပါဟေတဗ္ဗော၊ "ဂစ္ဆ အာဝုသော၊ သံခိတ္တေန ဝါ ဝိတ္ထာရေန ဝါ ပါတိမောက္ခံ ပရိယာပုဏိတွာ အာဂစ္ဆာ"တိ-

ဟု ဆိုတော်မူသည်။

http://www.dhammadownload.com

၄။ ဝဇီရဗုဒ္ဓိဋီကာ၌လည်း–

ဂစ္ဆာဝုသော သံခိတ္တေန ဝါ ဝိတ္ထာရေန ဝါတိ ဝစနတော အသတိပိ အန္တရာယေ ထာမံ ပမာဏန္တိ သိဒ္ဓံ ဟောတိ–(ဝဇီရ၊၄၆၃)

ဟု ဆိုတော်မူသည်။

၅။ ခုဒ္ဒသိက္ခာဋီကာသစ်(နှာ-၄၁၉၊၄၂၀)၌လည်း–

ဧတ္ထ ဒ္ဝီသု တီသု ဝါ ဥဒ္ဒေသေသု ဝိသဒေသု ထေရောဝ ဣဿရောတိ ဝုတ္တတ္တာ အဝတ္ထန္တေပိ ဝဋ္ဋတိတိ ယောဇနာ။ **အဝတ္ထန္တေတိ** ထေရဿ ဝိတ္ထာရေန အဝတ္ထ-မာနေ အပ္ပဂုဏော။ **ဝဋ္ဋတိတိ** သံခိတ္တေန ဥဒ္ဒိသိတုမ္ပိ ဝဋ္ဋတိ။ ဣမိနာဝ ယဿ ကဿစိ ဥဒ္ဒေသကဿ အဝတ္ထန္တေပိ ဝဋ္ဋတိတိ ဝိညာယတိ။ ဒ္ဝီသု ဝတ္တမာနေသု ဣဿရတ္တေ အဓိကေ ဝတ္တဗ္ဗမေဝ နတ္ထိတိ ဒဿနတ္ထံ "တီသူ"တိ ဝုတ္တံ–

ဟု ဆိုတော်မူသည်။

၆။ ဝိနယဝိနိစ္ဆယဋီကာ၌လည်း–

အဝတ္ထန္တေနာတိ အန္တရာယော ဒ္ဝေပိ ဥဒ္ဒေသေ ဥဒ္ဒိသိတုံ အသက္ကောန္တေန။ ထေရေန ယော အဇ္ဈိဋ္ဌော ။ပ။ သော ဣဿရောတိ သမ္ဗန္ဓော။

အဇ္ဈိဋ္ဌောတိ "တုံ အာဝုသော ပါတိမောက္ခံ ဥဒ္ဒိသာ"တိ အာဏတ္တော၊ ဣမိနာ အနာဏတ္တဿ ဥဒ္ဒိသိတုံ သာမတ္ထိယာ သတိပိ အနိဿရဘာဝေါ ဒီပိတော ဟောတိ။ ယထာဟ "သစေ ထေရဿ ပဠ ဝါ စတ္တာရော ဝါ တယော ဝါ ပါတိမောက္ခုဒ္ဒေသာ နာဂစ္ဆန္တိ၊ ဒ္ဝေ ပန အခဏ္ဍာ သုဝိသဒါ ဝါစုဂ္ဂတာ ဟောန္တိ၊ ထေရာယတ္တောဝ ပါတိမောက္ခော။ သစေ ပန ဧတ္တကမ္ပိ ဝိသဒံ ကာတုံ နသက္ကောတိ၊ ဗျတ္တဿ ဘိက္ခုနော အာယတ္တော ဟောတီ"တိ–

ဟု ဆိုတော်မူသည်(ဝိနယဝိနိစ္ဆယဋီကာ၊၂။၁၈၈-၉)။

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ ပါတိမောက်ပြရာ၌ ၂-ဥဒ္ဒေသကို ရသော သံဃာ့ထေရ်ပြမူ အန္တရာယ်မရှိသော်လည်း အကျဉ်းပြအပ်သည်။

ထိုသံဃာ့ထေရ်သည် ၂-ဥဒ္ဒေသကိုမျှ မရသည်ဖြစ်၍လည်းကောင်း၊ ရသော်လည်း မရွတ်ဆိုနိုင်သည်ဖြစ်၍ လည်းကောင်း သီတင်းငယ်ကို တိုက်တွန်းရာ ထိုသီတင်းငယ်ရဟန်းလည်း ၂-ဥဒ္ဒေသကိုရလျှင် ၂-ဥဒ္ဒေသဖြင့် အန္တရာယ်မရှိသော်လည်း အကျဉ်းပြအပ်သည်။

http://www.dhammadownload.com

သံဃာ့ထေရ်စေခိုင်း၍ သီတင်းငယ်ပါတိမောက်ကိုပြရာ ပါတိမောက် ၅-ဥဒ္ဒေသ လုံးရသော်လည်း သံဃာ့ထေရ်က ပြီးဆုံးစေ-ဟုဆိုသော ဥဒ္ဒေသတွင် သိမ်း၍ အကျဉ်းပြအပ်သည်။ "သံဃတ္ထေရေန ဩသာရေဟိတိ ဝုတ္တော ပန ဩသာရေတုမေဝ လဘတိ" ဟု ဆိုသော ဥပေါသထက္ခန္ဓက အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃။၃၃၉)ကို ထောက်။

ပါတိမောက်အားလုံးရသော်လည်း ပြသောအခါ ပြီးဆုံးအောင် မရွတ်ဆိုနိုင်မူ စွမ်းနိုင်သမျှ ၂-ဥဒ္ဒေသ, ၃-ဥဒ္ဒေသ စသည်ဖြင့်လည်း အကျဉ်းပြအပ်သည်။ "အသတိပိ အန္တရာယေ ထာမံ ပမာဏန္တိ သိဒ္ဓံ"ဟု ဆိုသော ဝဇိရဗုဒ္ဓိဋီကာ(နှာ-၄၆၃)ကို ထောက်။

ဤသို့ အန္တရာယ် မရှိသော်လည်း သံဃဉပုသ်ပြုရာ ပါတိမောက် အကျဉ်းပြအပ်သည်ကို သိအပ်၏။

✪ ✪ ✪ ✪ ✪

၁၈၀ သုတ-သဒ္ဒါဖြင့် ပါတိမောက်သိမ်းပုံ

(၁)မေး။ ။ ပါတိမောက် အကျဉ်းပြရာ သုတ-သဒ္ဒါဖြင့် သိမ်းပုံကို အသို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ-

၁။ ဥပေါသထက္ခန္ဓကအဋ္ဌကထာ၌-

> **နိဒါနံ ဥဒ္ဒိသိတ္ထာ အဝသေသံ သုတေန သာဝေတဗ္ဗန္တိ "သုဏာတု မေ ဘန္တေ သံဃော ။ပ။ အာဝိကတာ ဟိဿ ဖာသု ဟောတီ"တိ ဣမံ နိဒါနံ ဥဒ္ဒိသိတ္ထာ "ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ၊ တတ္ထာယသ္မန္တေ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ၊ ဒုတိယမ္ပိ ပုစ္ဆာမိ ။ပ။ ဧဝမေတံ ဓာရယာမီတိ။ သုတာ ခေါ ပနာယသ္မန္တေဟိ စတ္တာရော ပါရာဇိကာ ဓမ္မာ ။ပ။ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗ"န္တိ ဧဝံ အဝသေသံ သုတေန သာဝေတဗ္ဗံ။ ဧတေန နယေန သေသာပိ စတ္တာရော ပါတိမောက္ခုဒ္ဒေသာ ဝေဒိတဗ္ဗာ-(ဝိ၊ဋ္ဌ၊၃။၃၃၈) ဟု ဆိုတော်မူသည်။**

၂။ **ဝိမတိဝိနောဒနီဋီကာ၌-**

> **ဧဝမေဟံ ဓာရယာမီတိ။ သုတာ ခေါ ပနာယသ္မန္တေဟိတိ ဧတ္ထ "ဧဝမေတံ ဓာရယာမီ"တိ ဝတ္တာ "ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ၊ သုတာ ခေါ ပနာယသ္မန္တေဟိ စတ္တာရော ပါရာဇိကာ ဓမ္မာ"တိအာဒိနာ ဝတ္တဗ္ဗံ။ မာတိကာအဋ္ဌကထာယမ္ပိ ဧဝမေဝ ဝုတ္တံ။ သုတေနာတိ သုတပဒေန- (ဝိမတိ၊၂။၁၇၀) ဟု ဖွင့်တော်မူသည်။**

http://www.dhammadownload.com

ဤသို့လာသော အဋ္ဌကထာ(ဋီကာ)ကို ထောက်၍ ပါတိမောက်ပြရာ နိဒါန်းကိုပြ၍ အကျဉ်းကို သုတပုဒ်ဖြင့် သိမ်းလိုမူ ပါတိမောက်၌ လာသည့်အတိုင်း "သုဏာတု မေ ဘန္တေ သံဃော"စသည်ဖြင့် ဥတ်ထားပြီးသည်က စ၍ "တသ္မာ တုဏ္ဍီ ဧဝမေတံ ဓာရယာမိ"တိုင်အောင် ရွတ်ဆို၍ နိဒါန်းကုန်လျှင်–

> ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ၊ သုတာ ခေါ ပနာယသ္မန္တေဟိ စတ္တာရော ပါရာဇိကာ ဓမ္မာ၊ သုတာ ခေါ ပနာယသ္မန္တေဟိ တေရသ သံဃာဒိသေသာ ဓမ္မာ၊ သုတာ ခေါ ပနာယသ္မန္တေဟိ ဒွေ အနိယတာ ဓမ္မာ၊ သုတာ ခေါ ပနာယသ္မန္တေဟိ တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ၊ သုတာ ခေါ ပနာယသ္မန္တေဟိ ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ၊ သုတာ ခေါ ပနာယသ္မန္တေဟိ စတ္တာရော ပါဋိဒေသနီယာ ဓမ္မာ၊ သုတာ ခေါ ပနာယသ္မန္တေဟိ သေခိယာ ဓမ္မာ၊ သုတာ ခေါ ပနာယသ္မန္တေဟိ သတ္တ အဓိကရဏသမထာ ဓမ္မာ၊ ဧတ္တကံ တဿ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ အနွဒ္ဓမာသံ ဥဒ္ဒေသံ အာဂစ္ဆတိ၊ တတ္ထ သဗ္ဗေဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗန္တိ–

ဟု သိမ်းရမည်။ အကြွင်းဥဒ္ဒေသများမှာ နည်းတူသိလေ။

၃။ ထို့ကြောင့် ဥပေါသထက္ခန္ဓကပါဠိတော်၌–

> ပဋိမေ ဘိက္ခဝေ ပါတိမောက္ခုဒ္ဒေသာ၊ နိဒါနံ ဥဒ္ဒိသိတ္ဝာ အဝသေသံ သုတေန သာဝေတဗ္ဗံ၊ အယံ ပဌမော ပါတိမောက္ခုဒ္ဒေသော။ နိဒါနံ ဥဒ္ဒိသိတ္ဝာ စတ္တာရိ ပါရာဇိကာနိ ဥဒ္ဒိသိတ္ဝာ အဝသေသံ သုတေန သာဝေတဗ္ဗံ၊ အယံ ဒုတိယော ပါတိမောက္ခုဒ္ဒေသော။ နိဒါနံ ဥဒ္ဒိသိတ္ဝာ စတ္တာရိ ပါရာဇိကာနိ ဥဒ္ဒိသိတ္ဝာ တေရသ သံဃာဒိသေသေ ဥဒ္ဒိသိတ္ဝာ အဝသေသံ သုတေန သာဝေတဗ္ဗံ၊ အယံ တတိယော ပါတိမောက္ခုဒ္ဒေသော။ နိဒါနံ ဥဒ္ဒိသိတ္ဝာ စတ္တာရိ ပါရာဇိကာနိ ဥဒ္ဒိသိတ္ဝာ တေရသ သံဃာဒိသေသေ ဥဒ္ဒိသိတ္ဝာ ဒွေ အနိယတေ ဥဒ္ဒိသိတ္ဝာ အဝသေသံ သုတေန သာဝေတဗ္ဗံ၊ အယံ စတုတ္ထော ပါတိမောက္ခုဒ္ဒေသော။ ဝိတ္ထာရေနေဝ ပဉ္စမော။ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ ပါတိမောက္ခုဒ္ဒေသာတိ–(ဝိ၊၃။၁၅၁)

ဟု ဟောတော်မူသည်။ ဤသို့လျှင် သုတပုဒ်ဖြင့် သိမ်းပုံကို သိမှတ်ရမည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၈၁] မိမိကျောင်း၌ အဓိဋ္ဌာန်ဥပုသ်လည်းပြုအပ်

(၁)မေး။ ။၁-ခုသောကျောင်းတိုက်၌ ရဟန်း ၁-ပါးတည်းနေသည်။ ထိုကျောင်းတိုက်၌ ခဏ္ဍသိမ်ရှိသည်။ ထိုရဟန်းသည် အနီးအပါး ၁-ခုသော ကျောင်းတိုက်၌ သံဃာ လောက်၍ သံဃဥပုသ်ပြုသည်။ ထိုသံဃာဥပုသ်ပြုသောကျောင်းသို့ သွားနိုင်လျက် မသွားမူ၍ မိမိကျောင်းတိုက်၌ ရဟန်း ၁-ပါးတည်းသာ အဓိဋ္ဌာန်ဥပုသ်ကို ပြုအပ်ပါမည်လော။

ဖြေ။ ။ထိုအမေးမှာ-

၁။ တေန ခေါ ပန သမယေန အညတရသ္မိံ အာဝါသေ တဒဟုပေါသထေ စတ္တာရော ဘိက္ခူ ဝိဟရန္တိ ။ပ။ အနုဇာနာမိ ဘိက္ခဝေ စတူဟံ ပါတိမောက္ခံ ဥဒ္ဒိသိတုန္တိ။

တေန ခေါ ပန သမယေန အညတရသ္မိံ အာဝါသေ တဒဟုပေါသထေ တယော ဘိက္ခူ ဝိဟရန္တိ ။ပ။ အနုဇာနာမိ ဘိက္ခဝေ တိဏ္ဏံ ပါရိသုဒ္ဓိဥပေါသထံ ကာတုံ။ ဧဝဉ္စ ပန ဘိက္ခဝေ ကာတဗ္ဗော၊ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန တေ ဘိက္ခူ ဉာပေတဗ္ဗာ-

"သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇုပေါသထော ပန္နရသော၊ ယဒါ'ယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမာ"တိ။

တေန ခေါ ပန သမယေန အညတရသ္မိံ အာဝါသေ တဒဟုပေါသထေ ဒွေ ဘိက္ခူ ဝိဟရန္တိ ။ပ။ အနုဇာနာမိ ဘိက္ခဝေ ဒွိန္နံ ပါရိသုဒ္ဓိဥပေါသထံ ကာတုံ။

တေန ခေါ ပန သမယေန အညတရသ္မိံ အာဝါသေ တဒဟုပေါသထေ ဧကော ဘိက္ခူ ဝိဟရတိ ။ပ။ ဣဓ ပန ဘိက္ခဝေ အညတရသ္မိံ အာဝါသေ တဒဟုပေါသထေ ဧကော ဘိက္ခူ ဝိဟရတိ။ တေန ဘိက္ခဝေ ဘိက္ခုနာ ယတ္ထ ဘိက္ခူ ပဋိက္ကမန္တိ ဥပဋ္ဌာနသာလာယ ဝါ မဏ္ဍပေ ဝါ ရုက္ခမူလေ ဝါ၊ သော ဒေသော သမ္မဇ္ဇိတော ပါနီယံ ပရိဘောဇနီယံ ဥပဋ္ဌာပေတော အာသနံ ပညပေတော ပဒီပံ ကတော နိသီဒိတဗ္ဗံ။ သစေ အညေ ဘိက္ခူ အာဂစ္ဆန္တိ၊ တေဟိ သဒ္ဓိံ ဥပေါသထော ကာတဗ္ဗော။ နော စေ အာဂစ္ဆန္တိ၊ "အဇ္ဇ မေ ဥပေါသထော"တိ အဓိဋ္ဌာတဗ္ဗော၊ နော စေ အဓိဋ္ဌဟေယျ၊ အာပတ္တိ ဒုက္ကဋဿ- (ဝိ၃။၁၆၆-၈)

ဟု ဥပေါသထက္ခန္ဓကပါဠိတော်၌ လာသည်။

http://www.dhammadownload.com

၂။ ဥပေါသထကွန္ဓကအဋ္ဌကထာ၌လည်း–

သစေ ပန စတ္တာရော ကေတ္ထ ဝသန္တာ သဗ္ဗေဝိ သန္နိပတိတ္တာ ပါတိမောက္ခံ ဥဒ္ဒိသန္တိ၊ တယော ပါရိသုဒ္ဓိဥပေါသထံ ကရောန္တိ၊ ဒွေ အညမညံ ပါရိသုဒ္ဓိ-ဥပေါသထံ ကရောန္တိ၊ ဓမ္မေန သမဂ္ဂံ နာမ ဟောတိ–

ဟု ဆိုတော်မူသည်။

အဓိပ္ပါယ်ကား– ၁-ခုသော ကျောင်းတိုက်၌ ရဟန်း ၄-ပါးနေမူ ပါတိမောက် ပြု၍ သံဃဥပုသ်ပြုအပ်သည်။ ရဟန်း ၃-ပါးနေမူ ဂဏဥတ်ထား၍ ပါရိသုဒ္ဓိဥပုသ် ပြုအပ်သည်။ ရဟန်း ၂-ပါးနေမူ ဥတ်မထားဘဲ အချင်းချင်းသာ ပါရိသုဒ္ဓိဥပုသ် ပြုအပ်သည်။ ရဟန်း ၁-ပါးတည်းနေမူ ပုဗ္ဗကိစ္စကိုပြု၍ ငုံလင့်ကာနေ၍ (တခြား)တပါး (ကျောင်းတိုက်)ကရဟန်း မလာမူ ၁-ယောက်တည်းသာ အဓိဋ္ဌာန်ဥပုသ် ပြုအပ်သည်ဟု ခွင့်ပြုတော်မူသည်။

ထို့ကြောင့် အနိုးဖြစ်သော တပါးကျောင်းတိုက်က ပါတိမောက်ပြု၍ သံဃဥပုသ် ပြုရာသို့ မသွားလိုမူ မိမိတို့နေရာ ကျောင်းတိုက်၌သာ ရဟန်း ၃-ပါးမှာ ဂဏဥတ်ထား၍ ပါရိသုဒ္ဓိဥပုသ်၊ ရဟန်း ၂-ပါးမှာ အချင်းချင်း ပါရိသုဒ္ဓိဥပုသ်၊ ရဟန်း ၁-ပါးမှာ အဓိဋ္ဌာန်ဥပုသ်ပြုသော်လည်း အပ်သည်ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၁၈၂] သံယာပြည့်လျှင် သံဃဥပုသ်သာပြုအပ်

(၁)မေး။ ။ တစ်ခုသောကျောင်းတိုက်၌ သံယာလောက်လျှက် ပါတိမောက်ပြု၍ သံဃဥပုသ် မပြုဘဲ အချင်းချင်း ပါရိသုဒ္ဓိဥပုသ်ကို ပြု၍ နေအပ်ပါမည်လော။

ဖြေ။ ။ ထိုအမေးမှာ–

၁။ ဣဓ ပန ဘိက္ခဝေ အညတရသ္မိံ အာဝါသေ တဒဟုပေါသထေ သမ္ဗဟုလာ ဘိက္ခူ ဝိဟရန္တိ ဗာလာ အဗျတ္တာ၊ တေ န ဇာနန္တိ ဥပေါသထံ ဝါ ဥပေါသထကမ္မံ ဝါ ပါတိမောက္ခံ ဝါ ပါတိမောက္ခုဒ္ဒေသံ ဝါ။ တေဟိ ဘိက္ခဝေ ဘိက္ခူဟိ ဧကော ဘိက္ခု သာမန္တာ အာဝါသာ သဒ္ဒံ သုတွာ ပါဟေတဗ္ဗော "ဂစ္ဆာဝုသော သံဃတ္ထေန ဝါ ဝိတ္ထာရေန ဝါ ပါတိမောက္ခံ ပရိယာပုဏိတွာ အာဂစ္ဆာ"တိ။ ဧဝဉ္စေတံ လဘေထ၊ ဣစ္စေတံ ကုသလံ။ နော စေ လဘေထ၊ တေဟိ ဘိက္ခဝေ ဘိက္ခူဟိ သဗ္ဗေဟေဝ ယတ္ထ

http://www.dhammadownload.com

ဇာနန္တိ ဥပေါသထံ ဝါ ဥပေါသထကမ္မံ ဝါ ပါတိမောက္ခံ ဝါ ပါတိမောက္ခုဒ္ဒေသံ ဝါ၊ သော အာဝါသော ဂန္တွော၊ နော စေ ဂစ္ဆေယ္ယု။ အာပတ္တိ ဒုက္ကဋဿ။

ဣဓ ပန ဘိက္ခဝေ အညတရသ္မိံ အာဝါသေ သမ္ဗဟုလာ ဘိက္ခူ ဝဿံ ဝသန္တိ ဗာလာ အဗျတ္တာ၊ တေ နု ဇာနန္တိ ဥပေါသထံ ဝါ ဥပေါသထကမ္မံ ဝါ ပါတိမောက္ခံ ဝါ ပါတိမောက္ခုဒ္ဒေသံ ဝါ။ တေဟိ ဘိက္ခဝေ ဘိက္ခူဟိ ဧကော ဘိက္ခု သာမန္တာ အာဝါသာ သဇ္ဇုကံ ပါဟေတဗ္ဗော "ဂစ္ဆာဝုသော သံဃတ္ထေန ဝါ ဝိတ္ထာရေန ဝါ ပါတိမောက္ခံ ပရိယာပုဏိတွာ အာဂစ္ဆာ"တိ။ ဧဝဉ္စေတံ လဘေထ၊ ဣစ္စေတံ ကုသလံ။ နော စေ လဘေထ၊ ဧကော ဘိက္ခု သတ္တာဟကာလိကံ ပါဟေတဗ္ဗော "ဂစ္ဆာဝုသော သံဃတ္ထေန ဝါ ဝိတ္ထာရေန ဝါ ပါတိမောက္ခံ ပရိယာပုဏိတွာ အာဂစ္ဆာ"တိ။ ဧဝဉ္စေတံ လဘေထ၊ ဣစ္စေတံ ကုသလံ။ နော စေ လဘေထ၊ နု ဘိက္ခဝေ တေဟိ ဘိက္ခူဟိ တသ္မိံ အာဝါသေ ဝဿံ ဝသိတဗ္ဗံ၊ ဝသေယ္ယု စေ၊ အာပတ္တိ ဒုက္ကဋဿ–

ဟု ဥပေါသထက္ခန္ဓကပါဠိတော်၌ ဟောတော်မူသည်(နှာ-၁၆၀-၁)။

၂။ အဋ္ဌကထာ၌လည်း-

သော အာဝါသော ဂန္ဆေ္ဆာတိ ဥပေါသထကရဏတ္ထာယ အန္တဒ္ဓမာသံ ဂန္တွော။ သော စ ခေါ ဥတုဝသေယေဝ၊ ဝဿာနေ ပန ယံ ကတ္တိကပုဏ္ဏမိယံ၊ တံ ဒသေတုံ "ဝဿံ ဝသန္တိ ဗာလာ အဗျတ္တာ"တိ အာဒိမာဟ။ တတ္ထ နု ဘိက္ခဝေ တေဟိ ဘိက္ခူဟိ တသ္မိံ အာဝါသေ ဝဿံ ဝသိတမ္ပန္တိ ပုရိမိကာယ ပါတိမောက္ခုဒ္ဒေသကေန ဝိနာ နု ဝဿံ ဥပဂန္တွံ။ သစေ သော ဝဿူပဂတာနံ ပက္ကမတိ ဝါ ဝိဗ္ဘမတိ ဝါ ကာလံ ဝါ ကရောတိ၊ အညသ္မိံ သတိယေဝ ပစ္ဆိမိကာယ ဝသိတုံ ဝဋ္ဋတိ၊ အသတိ အညတ္ထ ဂန္တွံ၊ အဂစ္ဆန္တာနံ ဒုက္ကဋံ။ သစေ ပန ပစ္ဆိမိကာယ ပက္ကမတိ ဝါ ဝိဗ္ဘမတိ ဝါ ကာလံ ဝါ ကရောတိ၊ မာသဒ္ဓယံ ဝသိတဗ္ဗံ–

ဟု ဖွင့်တော်မူသည်(ဝိ၊၄၊၃၊၃၄၂-၃)။ ဝဇိရ, သာရတ္ထ, ဝိမတိတို၌ အဖွင့်အဆို မရှိကုန်။

၃။ ဥပေါသထက္ခန္ဓကပါဠိတော်၌ပင်–

နု ဘိက္ခဝေ တဒဟုပေါသထေ သဘိက္ခုကာ အာဝါသာ အဘိက္ခုကော အာဝါသော ဂန္တွော အညတြ သံယေန အညတြ အန္တရာယာ။ နု ဘိက္ခဝေ တဒဟုပေါသထေ သဘိက္ခုကာ အာဝါသာ အဘိက္ခုကော အနာဝါသော ဂန္တွော အညတြ သံယေန အညတြ အန္တရာယာ–(ဝိ၊၃။၁၈၇-၈)

ဟု လာသည်။

http://www.dhammadownload.com

၄။ ၎င်းအဖွင့်အဋ္ဌကထာ၌လည်း-

သဘိက္ခုကာ အာဝါသာတိ ယသ္မိံ အာဝါသေ ဥပေါသထကာရကာ ဘိက္ခူ အတ္ထိ၊ တမှာ အာဝါသာ ယံ နု သက္ကောတိ တာဒဟေဝ အာဂန္တုံ၊ သော အာဝါသော ဥပေါသထံ အကတ္တာ နု ဂန္တုဗ္ဗော။ အညတြ သံဃေနာတိ သံဃပဟောနကေဟိ ဘိက္ခူဟိ ဝိနာ။ အညတြ အန္တရာယာတိ ပုဗ္ဗေ ဝုတ္တံ ဒသဝိဓံ အန္တရာယံ ဝိနာ။ သတ္ထန္တိမေန ပန ပရိစ္ဆေဒေန အတ္တစတုတ္ထေန အတ္တပဉ္စမေန ဝါ အန္တရာယေ ဝါ သတိ ဂန္တုံ ဝဋ္ဋတိ။ အနာဝါသောတိ နဝကမ္မသာလာဒိကော ယော ကောစိ ပဒေသော။ ယထာ စ အာဝါသာဒယော နု ဂန္တဗ္ဘာ၊ ဧဝံ သစေ ဝိဟာရေ ဥပေါသထံ ကရောန္တိ၊ ဥပေါသထာဓိဋ္ဌာနတ္ထံ သီမာပိ နဒီပိ နု ဂန္တဗ္ဘာ။ သစေ ပနေတ္ထ ကောစိ ဘိက္ခု ဟောတိ၊ တဿ သန္တိကံ ဂန္တုံ ဝဋ္ဋတိ။ ဝိဿဋ္ဌဥပေါသထာပိ အာဝါသာ ဂန္တုံ ဝဋ္ဋတိ၊ ဧဝံ ဂတော အဓိဋ္ဌာတုမ္ပိ လဘတိ။ အာရညကေနာပိ ဘိက္ခုနာ ဥပေါသထဒိဝသေ ဂါမေ ပိဏ္ဍာယ စရိတွာ အတ္တနော ဝိဟာရမေဝ အာဂန္တွာ၊ သစေ အညံ ဝိဟာရံ ဩက္ကမတိ၊ တတ္ထ ဥပေါသထံ ကတွာဝ အာဂန္တွာ၊ အကတ္တာ နု ဝဋ္ဋတိ-

ဟု ဖွင့်တော်မူသည်။

၅။ သာရတ္ထဒီပနီဋီကာ၌လည်း-

ဥပေါသထာဓိဋ္ဌာနတ္ထံ သီမာပိ နဒီပိ နု ဂန္တဗ္ဘာတိ ဂရုကံ ပါတိမောက္ခုဒ္ဒေသံ ဝိဿဇ္ဇေတွာ လဟုကဿ အကတ္တုတ္တာ ဝုတ္တံ။ အာရညကေနာပိ ဘိက္ခုနာတိ ဧကစာရိကေန အာရညကဘိက္ခုနာ၊ ယတ္ထ ဝါ သံဃပဟောနကာ ဘိက္ခူ နု သန္တိ၊ တာဒိသေ အရညေ ဝသန္တေန။ တတ္ထ ဥပေါသထံ ကတွာဝ အာဂန္တုန္တိ တဿ ဝသနဋ္ဌာနေ သံဃုပေါသထဿ အပ္ပဝတ္တနတော ဝုတ္တံ -

ဟု ဖွင့်တော်မူသည်(သာရတ္ထ၊ဒု။၂၈၁)။

၆။ ဝိမတိဝိနောဒနီဋီကာ၌လည်း-

ဥပေါသထကာရကာတိ သံဃုပေါသထကာရကာ။ တေနေဝ "အညတြ သံဃေနာ"တိ ဝုတ္တံ။ သံဃုပေါသထဋ္ဌာနတော ဟိ ဂစ္ဆန္တေန အတ္တစတုတ္ထေနေဝ ဂန္တဗ္ဗံ၊ တိဏ္ဏံ ဘိက္ခူနံ နိသိန္နဋ္ဌာနတော ပန ဂစ္ဆန္တေန ဧကေန ဘိက္ခုနာပိ သဟ ဂန္တုမ္ပိ ဝဋ္ဋတိ။ ဥပေါသထံ ကရောန္တိ သံဃုပေါသထံ ဝါ ဂဏုပေါသထံ ဝါ။ တဿ သန္တိကန္တိ ဣဒံ ဂဏုပေါသထဋ္ဌာနတော ဂစ္ဆန္တံ သန္ဓာယ ဝုတ္တံ၊ အညထာ

http://www.dhammadownload.com

"သဗ္ဗန္တိမေန ပရိစ္ဆေဒေန အတ္တစတုတ္ထေန ဝါ"တိ ဝစနေန ဝိရုဇ္ဈနတော။
အာရညကေနာတိ ဧကစာရိနာ– (ဝိမတိ၊၂။၁၇၄)

ဟု ဖွင့်တော်မူသည်။

၇။ ဝဇိရဗုဒ္ဓိဋီကာ၌လည်း–

အညတြ သံယေနာတိ ဝစနတော ယသ္မိံ ဝိဟာရေ သတံ ဘိက္ခူ ဝိဟရန္တိ၊ တေ သဗ္ဗေ ကေနစိဒေဝ ကရဏီယေန ဒသ ဒသ ဟုတ္ဝာ ဝိသုံ ဝိသုံ နာနာဥဒ-ကုက္ခေပသီမာဒီသု ဌတ္ဝာ ဥပေါသထံ ကာတုံ လဘန္တိ၊ နဝကမ္မသာလာဒိကာ နာနာသီမာကောဋိ ဥပေါသထာဓိဋ္ဌာနတ္ထံ သီမာပိ နဒီပိ န ဂန္တဗ္ဗာ။ ဂရုကံ ပါတိမောက္ခုဒ္ဒေသံ ဝိဿဇ္ဇိတ္ဝာ လဟုကဿ အကတ္တုဗ္ဗတ္တာ "အညတြ သံယေနာ"တိ ဝစနံ သာဓေတိ။ တတ္ထ "ယသ္မိံ အာဝါသေ ဥပေါသထကာရကာ ဘိက္ခူ အတ္ထိ ။ပ။ အကတ္ဝာ န ဂန္တ္ဗောတိ ဝစနတော ဝိဿဋ္ဌဥပေါသထာပိ အာဝါသာ ဂန္တုံ ဝဋ္ဋတိတိ သိဒ္ဓံ။ "တတော ပါရိသုဒ္ဓိဥပေါသထကရဏတ္ထံ ဝိဿဋ္ဌ-ဥပေါသထာ ဂန္တုံ ဝဋ္ဋတိ၊ ခဏ္ဍသီမံ ဝါ ပဝိသိတုန္တိ အပရေ ဝဒန္တိ"တိ ဝုတ္တံ–

ဟု ဆိုတော်မူသည်(ဝဇိရ။၄၆၅-၆)။

ဤသို့လာသော ပါဠိ, အဋ္ဌကထာ, ဋီကာတို့၏ ဝိဏ္ဍတ္ထအဓိပ္ပါယ်ကို ပြဆိုအံ့။ "ဣဓ ပန ဘိက္ခဝေ အစရိသော နော စေ ဂစ္ဆေယျ။ အာပတ္တိ ဒုက္ကဋဿ"ဟူသော ပါဠိတော်ဖြင့် ၄-ပါးက အစပြု၍ များစွာသော ရဟန်းတို့သည် ၁-ခုသောကျောင်း၌ နေ၍ ဥပုသ်နေ့၌ ဥပုသ်ပြုသောအခါ ပါတိမောက်ပြု၍ သံဃဥပုသ် ပြုရမည်။ ထိုကျောင်း၌ ရဟန်းတို့သည် မသိ၍ ပါတိမောက်ကို မပြုတတ်လျှင် ထိုဥပုသ်နေ့၌ ပြန်နိုင်လောက်သော ကျောင်းသို့ ရဟန်း ၁-ပါးကို စေလွှတ်၍ ပါတိမောက်ကို အကျဉ်းဖြစ်စေ၊ အကျယ်ဖြစ်စေ သင်ယူစေ၍ ထိုရဟန်းပြန်လာမှ ပါတိမောက်ပြု၍ သံဃဥပုသ် ပြုရမည်။ ထိုသို့ စွမ်းနိုင်သောရဟန်း မရှိလျှင် ပါတိမောက်ပြုတတ်သော ရဟန်းရှိရာ ကျောင်းသို့သွား၍ ပါတိမောက်ပြုသော သံဃဥပုသ်ကို ပြုရမည်။ ထိုသို့မသွားသော ရဟန်းတို့သည် ဒုက္ကဋ်အာပတ်သင့်သည်ဟု ပြတော်မူသည်။

"ဣဓ ပန ဘိက္ခဝေ အစရိသော ဝသေယျ။ စေ၊ အာပတ္တိ ဒုက္ကဋဿ"ဟူသော ပါဠိတော်ဖြင့် ပါတိမောက်ပြုသော ရဟန်းမရှိဘဲ ၁-ခုသော ကျောင်း၌ နေသော ၄-ပါးက စ၍ များစွာသောရဟန်းတို့သည် ပါတိမောက်ပြုသော ကျောင်းသို့ သွား၍ ဥပုသ်ပြုသဖြင့် နေအပ်သည်မှာ ဝါပ အခါ၌သာ အပ်သည်။ ဝါတွင်း၌ မအပ်သည်ဖြစ်၍ ဝါဆိုခါနီးလျှင်

http://www.dhammadownload.com

ရဟန်းတစ်ပါးကို စေလွှတ်၍ ပါတိမောက်ကို အကျဉ်း ဖြစ်စေ၊ အကျယ် ဖြစ်စေ သင်ယူစေ၍ ထိုရဟန်းကို ပါတိမောက်ပြစေ၍ ဝါဆိုအပ်သည်။ ထိုသို့ စွမ်းနိုင်သော ရဟန်းကို မရလျှင် ဝါမဆိုအပ်။ ပါတိမောက်ပြသော ကျောင်းသို့ သွား၍ ဝါဆိုအပ်သည်။ ထိုသို့ မသွားဘဲ နေကြကုန်သော ရဟန်းတို့မှာ ဒုက္ကဋ်အာပတ်သင့်သည်ဟု ပြတော်မူသည်။

အဋ္ဌကထာ၌လည်း ပုရိမဝါ၌ ပါတိမောက်ပြတတ်သောရဟန်းနှင့် ဝါဆိုသော ၄-ပါးကစ၍ များစွာသော ရဟန်းတို့သည် ဝါဆိုပြီးလျှင် ထိုပါတိမောက် ပြတတ်သော ရဟန်း အရပ်တပါးသို့ သွားသည် ဖြစ်စေ၊ လူထွက်သည် ဖြစ်စေ၊ သေသည် ဖြစ်စေ ပစ္ဆိမဝါမဆိုမီ ပါတိမောက်ပြသော ရဟန်းရှိရာသို့ သွားအပ်သည်။ မသွားမူ ဒုက္ကဋ်အာပတ် သင့်သည်။ ပစ္ဆိမဝါ၌ ထိုပါတိမောက်ပြသော ရဟန်းသည် အရပ်တပါးသို့ သွားသည်ဖြစ်စေ၊ လူထွက်သည် ဖြစ်စေ၊ သေသည် ဖြစ်စေ ဝါကျွတ်အောင် နေအပ်သည်ဟု ပြတော်မူသည်။

နဘိက္ခဝေ တဒဟုပေါသထေ သဘိက္ခုကာ-အစရှိသော ပါဠိတော်ဖြင့် ထိုဥပုသ်နေ့၌ သံယဉ္စုပသ်ပြုရာ ကျောင်းမှာ ဥပုသ်မပြုဘဲ သံယာ ၄-ပါးနှင့်ကင်း၍ ရဟန်းသံယာ မရှိသောကျောင်းသို့ ဖြစ်စေ၊ ကျောင်းမရှိရာသို့ ဖြစ်စေ၊ အန္တရာယ် ၁၀-ပါးတွင် ၁-ပါးမျှ မရှိဘဲ မသွားအပ်ကုန်။ သွားလိုမူ သံယာ ၄-ပါးနှင့် ဖြစ်စေ၊ အန္တရာယ် ၁၀-ပါးတွင် ၁-ပါး ပါးရှိ၍ ဖြစ်စေ သွားအပ်သည်ဟု ပြတော်မူသည်။

အဋ္ဌကထာ၌လည်း "သစေ ဝိဟာရေ ဥပေါသထံ ကရောန္တိ ။ပ။ ဂန္တဗ္ဗော"ဟူသောပါဠိဖြင့် ထိုကျောင်းတိုက်၌ သံယဉ္စုပသ်ကို ပြုအံ့။ ထိုကျောင်းတိုက်၌ သံယဉ္စုပသ်ကို မပြုဘဲ တပါးသောခဏ္ဍသီမ်, နဒီသီမ်သို့ ဂဏဥပုသ်, အဓိဋ္ဌာန်ဥပုသ် ပြုခြင်းငှာ မသွားအပ်၊ ဂဏဥပုသ်ပြုရာမှ အဓိဋ္ဌာန်ဥပုသ်ပြုခြင်းငှာ မသွားအပ်ဟု ပြတော်မူသည်။

"သစေ ပနေတ္ထ ။ပ။ ဂန္ဆံ ဝဋ္ဋတိ"ဟူသောပါဠိဖြင့် ဂဏဥပုသ်ပြုရာကျောင်းမှ ရဟန်း ၁-ပါးရှိရာသို့ သွားအပ်သည်ဟု ပြတော်မူသည်။

"ဝိဿဋ္ဌဥပေါသထာပိ အာဝါသာ ဂန္ဆံ ဝဋ္ဋတိ"ဟူသောပါဠိဖြင့် ထိုကျောင်းတိုက်၌ သံယဉ္စုပသ်ကို အကြောင်းရှိ၍ စွန့်အပ်သော သံယဉ္စုပသ်ရှိသောကျောင်းမှ ဂဏဥပုသ်, အဓိဋ္ဌာန်ဥပုသ်ပြုခြင်းငှာ ခဏ္ဍသီမ်, နဒီသီမ်သို့ ဖြစ်စေ၊ တပါးကျောင်းသို့ ဖြစ်စေ သွားအပ်သည်ဟု ပြတော်မူသည်။

ဤအရာ၌ "ဝိဿဋ္ဌဥပေါသထာပိ အာဝါသာ"ဟူသောစကား၌ အချင်းခပ်သိမ်း သံယာလောက်လျက် သံယဉ္စုပသ်ကို မပြုလျှင် မနေအပ်သည်ဖြစ်၍ စွန့်လွှတ်အပ်သည်ဟု ပြတော်မူသောစကား မဟုတ်ကုန်။ သံယာ၌ တစ်စုံတစ်ခုအကြောင်းရှိသော အခါ၌

http://www.dhammadownload.com

သံယဉပုသ်မပြုဘဲ ဂဏဉပုသ်ပြုအံ့ဟု အန္တရာယ်အကြောင်းရှိသောအခါ စွန့်လွှတ်သည်ကို သာ ရည်၍ အဋ္ဌကထာဆရာပြတော်မူသည်။ အထက်၌ ပြဆိုအပ်သော သံယာများစွာ ရှိသော ကျောင်းတိုက်၌ ပါတိမောက္ခုဒ္ဒေသကရဟန်းကို မရမူ ဝါမဆိုအပ်ဟု လာသော ၎င်းပါဠိ, အဋ္ဌကထာတို့ကိုပင် ထောက်လေ။

တောင်္ခ ဧကစာရီနေသော ရဟန်းသည် ဉပုသ်နေ့၌ ဆွမ်းခံလာရာ သံယဉပုသ်ပြုသော ကျောင်းသို့ မဝင်ဘဲ မိမိကျောင်းသို့ပြန်၍ အဓိဋ္ဌာန်ဉပုသ်ကို ပြုအပ်သည်။ ထိုသို့မဟုတ် သံယဉပုသ်ပြုရာ ကျောင်းသို့ဝင်မူ သံယဉပုသ်မပြုဘဲ မသွားအပ်။ ပြုပြီးမှ သွားအပ်သည်။

ဤသို့လာသော ပါဠို, အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ တစ်ခုသော ကျောင်းတိုက်၌ သံဃာလောက်လျက် အကြောင်းတစ်စုံတစ်ခုနှင့် ကင်း၍ သံယဉပုသ်ကို မပြုဘဲ အချင်းချင်း ပါရိသုဒ္ဓိဉပုသ်ကို ပြု၍ မနေအပ်ဟု သန္နိဋ္ဌာန်ကျ မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၁၈၃] ဉပဇ္ဈာယ်, နိဿရဏ်းဆရာအင်္ဂါများ

(၁)မေး။ ။ ဉပဇ္ဈာစရိယ, နိဿယာစရိယပြုထိုက်သော အင်္ဂါကို အသို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ-

၁။ ပရိသုပဋ္ဌာပကေန ဉပသမ္ပဒါယ ဒသဝဿေန သဗ္ဗန္တိမေန ပရိဿေဒေန ပရိသံ အဘိဝိနယေ ဝိနေတုံ ဒွေ ဝိဘင်္ဂါ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာ၊ အသက္ကောန္တေန တိဟိ ဇနေဟိ သဒ္ဓိံ ပရိဝတ္တနက္ခမာ ကာတဗ္ဗာ၊ ကမ္မာကမ္မဉ္စ ခန္ဓကဝတ္တဉ္စ ဥဂ္ဂဟေတဗ္ဗံ။ ပရိသာယ ပန အဘိဓမ္မေ ဝိနယနတ္ထံ သစေ မဏ္ဍိမဘာဏကော ဟောတိ မူလပဏ္ဏာသကော ဥဂ္ဂဟေတဗ္ဗော၊ ဒီဃဘာဏကေန မဟာဝဂ္ဂေါ။ သံယုတ္တဘာဏကေန ဟေဋ္ဌိမာ ဝါ တယော ဝဂ္ဂါ မဟာဝဂ္ဂါ ဝါ။ အင်္ဂုတ္တရဘာဏကေန ဟေဋ္ဌာ ဝါ ဥပရိ ဝါ ဥပဓုနိကာယော ဥဂ္ဂဟေတဗ္ဗော၊ အသက္ကောန္တေန တိကနိပါတတော ပဋ္ဌာယ ဟေဋ္ဌာ ဥဂ္ဂဟေတုမ္ပိ ဝဋ္ဋတိ။ မဟာပစ္စရိယံ ပန ဧကံ ဥဂ္ဂဏှန္တေန စတုက္ကနိပါတံ ဝါ ပဉ္စကနိပါတံ ဝါ ဂဟေတုံ ဝဋ္ဋတိယေဝ ဝုတ္တံ။ ဇာတကဘာဏကေန သာဋ္ဌကထံ ဇာတကံ ဥဂ္ဂဟေတဗ္ဗံ။ တတော သြရံ န ဝဋ္ဋတိ။ ဓမ္မပဒမ္ပိ သဟ ဝတ္ထုနာ ဥဂ္ဂဟေတုံ ဝဋ္ဋတိယေဝ ဝုတ္တံ။ တတော တတော

http://www.dhammadownload.com

သမုစ္စယ် ကတွာ မူလပဏ္ဏာသကမတ္တံ ဝဋ္ဋတိ နု ဝဋ္ဋတီတိ။ နု ဝဋ္ဋတီတိ ကုရုန္ဒဋ္ဌကထာယံ ပဋိက္ခိတ္တံ၊ ဣတရေသု ဝိစာရဏာယေဝ နတ္ထိ။ အဘိဓမ္မေ ကိဉ္စိ ဥဂ္ဂဟေတဗ္ဗန္တိ နု ဝုတ္တံ။ ယဿ ပန သာဋ္ဌကထမ္ပိ ဝိနယပိဋကံ အဘိဓမ္မ-ပိဋကဉ္စ ပဂုဏံ၊ သုတ္တန္တေ စ ဝုတ္တပ္ပကာရော ဂန္ထော နတ္ထိ။ ပရိသံ ဥပဋ္ဌာပေတုံ နု လဘတိ။ ယေန ပန သုတ္တန္တတော ဝိနယတော စ ဝုတ္တပ္ပမာဏော ဂန္ထော ဥဂ္ဂဟိတော၊ အယံ ပရိသုပဋ္ဌာပကော ဗဟုဿုတော ဟောတိ ဒိသာပါမောက္ခော ယေနကာမံဂမော၊ ပရိသံ ဥပဋ္ဌာပေတုံ လဘတိ—

ဟု ပါစိတ်အဋ္ဌကထာ၊ ဩဝါဒဝဂ်၊ ပဌမသိက္ခာပုဒ်အဖွင့်၌ လာသည်။

၂။ သာရတ္ထဒီပနီဋီကာ၌လည်း–

အဘိဝိနယေတိ သကလေ ဝိနယပိဋကေ။ ဝိနေတုန္တိ သိက္ခာပေတုံ။ "ဒွေ ဝိဘင်္ဂါ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာတိ ဣဒံ ပရိပုစ္ဆာဝသေန ဥဂ္ဂဟဏမ္ပိ သန္ဓာယ ဝုတ္တ"န္တိ ဝဒန္တိ။ ဧကဿ ပမုဋ္ဌ, ဣတရဿ ပဂုဏံ ဟောတီတိ အာဟ "တီဟိ ဇနေဟိ သဒ္ဓိ ပရိဝတ္တနက္ခမာ ကာတဗ္ဗာ"တိ။ အဘိဓမ္မေတိ နာမရူပ-ပရိစ္ဆေဒေ။ ဟေဋ္ဌိမာ ဝါ တယော ဝဂ္ဂါတိ မဟာဝဂ္ဂတော ဟေဋ္ဌာ သဂါထကဝဂ္ဂေါ နိဒါနဝဂ္ဂေါ ခန္ဓကဝဂ္ဂေါတိ ဣမေ တယော ဝဂ္ဂါ။ "ဓမ္မပဒမ္ပိ သဟ ဝတ္ထုနာ ဥဂ္ဂဟေတုံ ဝဋ္ဋတီ"တိ မဟာပစ္စရိယံ ဝုတ္တတ္တာ ဇာတကဘာဏကေန သာဋ္ဌကထံ ဇာတကံ ဥဂ္ဂဟေတွာပိ ဓမ္မပဒမ္ပိ သဟ ဝတ္ထုနာ ဥဂ္ဂဟေတဗ္ဗမေဝ–

ဟု ဖွင့်တော်မူသည်(သာရတ္ထ၊၃။၄၀)။

၃။ ဝိမတိဝိနောဒနီဋီကာ၌လည်း–

အဘိဝိနယေတိ ပါတိမောက္ခသံဝရသင်္ခါတေ သံဝရဝိနယေ၊ တပ္ပကာသကေ ဝါ ဝိနယပိဋကေ။ ဝိနေတုန္တိ သိက္ခာပေတုံ ပကာသေတုံ။ ပဂုဏာ ဝါစုဂ္ဂတာတိ ပါဠိတော စ အတ္ထတော စ ပဂုဏာ မုခေ သန္နိဓာပနဝသေန ဝါစုဂ္ဂတာ ကာတဗ္ဗာ၊ အတ္ထမတ္တဝသေန ပေ'တ္ထ ယောဇနံ ကရောန္တိ။ အဘိဓမ္မေတိ လက္ခဏရသာဒိ-ဝသေန ပရိစ္ဆိန္နေ နာမရူပဓမ္မေ။ ပုဗ္ဗေ ကိရ မဟာထေရာ ပရိယတ္တိအနန္တရဓာနာယ ဧကေကဿ ဂဏဿ ဒီဃနိကာယာဒိဧကေကဓမ္မကောဋ္ဌာသံ နိယျာတေန္တာ "တုမ္ဟေ ဧတံ ပါဠိတော စ အဋ္ဌကထတော စ ပရိဟရထ၊ သင်္ဂေါန္တာ ဥတ္တရိပိ ဥဂ္ဂဏ္ဟထာ"တိ ဧဝံ သကလဓမ္မံ ဂန္ထဝသေန နိယျာတေန္တိ။ တတ္ထ တေ စ ဘိက္ခူ ဂန္ထနာမေန ဒီဃဘာဏကာ မဇ္ဈိမဘာဏကာတိ ဝေါဟရီယန္တိ၊ တေ စ အတ္တနော

http://www.dhammadownload.com

ဘာရဘူတံ ကောဌာသံ ပရိစ္ဆိတ္တာ အညံ ဥဂ္ဂဟေတုံ န လဘန္တိ။ တံ သန္ဓာယာဟ "သစေ မဇ္ဈိမဘာဏကော ဟောတီ"တိအာဒိ။

တတ္ထ ဟေဋ္ဌိမာ ဝါ တယော ဝဂ္ဂါတိ မဟာဝဂ္ဂတော ဟေဋ္ဌိမာ သဂါထကဝဂ္ဂေါ နိဒါနဝဂ္ဂေါ ခန္ဓဝဂ္ဂေါတိ ဣမေ တယော ဝဂ္ဂါ။ တီဏိပါတတော ပဋ္ဌာယ ဟေဋ္ဌာတိ ဧကဂိပါတဒုကနိပါတေ သန္ဓာယ ဝုတ္တံ။ ဓမ္မပဒမိဿံ သဟ ဝတ္ထုနာ ဇာတက-ဘာဏကေန အတ္တနော ဇာတကေန သဒ္ဒိံ ဥဂ္ဂဟေတဗ္ဗံ။ တတော ဩရံ န ဝဋ္ဋတိတိ မဟာပစ္စရိဝါဒဿ အဓိပ္ပါယော။ တတော တတ္ထောတိ ဒီဃနိကာယာဒိတော။ ဥစ္စိနိတ္တာ ဥဂ္ဂဟိတံ သဒ္ဒမ္မဿ ဋ္ဌိတိယာ, ဘိက္ခုနောပိ ပုဗ္ဗာပရာနုသန္ဓိ အာဒိကုသလတာယ စ န ဟောတိတိ "တံ န ဝဋ္ဋတီ"တိ ပဋိက္ခိတ္တံ။ အဘိဓမ္မေ ကိဉ္စိ ဥဂ္ဂဟေတဗ္ဗန္တိ န ဝုတ္တန္တိ ဏ္ဍေ ယသ္မာ ဝိနယေ ကုသလတ္တိကာဒိဝိဘာဂေါ, သုတ္တန္တေသု သမထဝိပဿနာမဂ္ဂေါ စ အဘိဓမ္မပါဋိ ဝိနာ န ဝိညာယတိ။ အန္ဓကာရေ ပဝိဋ္ဌကာလော ဝိယ ဟောတိ၊ တသ္မာ သုတ္တဝိနယာနံ ဂဟဏဝသေန အဘိဓမ္မဂ္ဂဟဏံ ဝုတ္တမေဝါတိ ဝိသုံ န ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ ယထာ "ဘောဇနံ ဘုဉ္ဇိတဗ္ဗ"န္တိ ဝုတ္တေ "ဗျဉ္ဇနံ ခါဒိတဗ္ဗ"န္တိ အဝုတ္တမ္ပိ ဝုတ္တမေဝ ဟောတိ တဒဝိနာဘာဝတော၊ ဧဝံသမ္ပဒမိဒံ ဒဋ္ဌဗ္ဗံ– ဟု ဆိုတော်မူ၏(ဝိမတိ၊၂။၂၀-၁)။

၄။ ဝိနယဝိနိစ္ဆယအဋ္ဌကထာ(နှာ-၁၀၆-၇)၌ကား–

ဝါစုဂ္ဂတာ ဝိဘင်္ဂါ ဒ္ဝေ၊ ပဂုဏာ ဗျဉ္ဇနာဒိတော။
စတူသ္ဝေ နိကာယေသု၊ ဧကော ဝါ ပေါတ္ထကောဝိ စ။

ကမ္မာကမ္မဋ္ဌ ဝတ္ထာနိ၊ ဥဂ္ဂဟေတဗ္ဗမေတ္ထကံ။
သဗ္ဗန္တိမပရိစ္ဆေဒေါ၊ ဒသဝဿော သစေ ပန။

ဗဟုဿုတော ဒီဃာမောက္ခော၊ ယေနကာမံဂမော သိယာ။
ပရိသံ လဘတေ ကာမံ၊ ဥပဋ္ဌာပေတု'မိဿရော–

ဟု မိန့်ဆိုတော်မူသည်။

၅။ ၎င်းအဖွင့် ဝိနယဝိနိစ္ဆယဋီကာ(၁။၄၄၄)၌လည်း–

ဒ္ဝေ ဝိဘင်္ဂါတိ ဘိက္ခုဘိက္ခုနီဝိဘင်္ဂဒ္ဝယံ။ ဣမ "ဝါစုဂ္ဂတာ"တိ ဣဒံ ပရိပုစ္ဆိမ္ပိ သန္ဓာယာဟာတိပိ ဝုတ္တံ။ တေနာဟ သာရတ္ထဒီပနိယံ "ဒ္ဝေ ဝိဘင်္ဂါ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာတိ ဣဒံ ပရိပုစ္ဆာဝသေန ဥဂ္ဂဟဏမ္ပိ သန္ဓာယ ဝုတ္တန္တိ ဝဒန္တီ"တိ။

http://www.dhammadownload.com

ဗျဥ္ဇနာဒီတောတိ ဇတ္ထု ဗျဥ္ဇနံ နာမ ပဒံ၊ အာဒိသဒ္ဒေန သင်္ဃာတံ အနုဗျဥ္ဇနံ နာမ အက္ခရံ၊ ပဒက္ခရာနိ အပရိဟာပေတ္ဝာတိ ဝုတ္တံ ဟောတိ။ စတူသွပိ နိကာယေသူတိ ဒီဃမဇ္ဈိမသံယုတ္တအင်္ဂုတ္တရနိကာယေသု၊ နိဒ္ဒါရဏော ဘုမ္မံ။ ဧကော ဝါ နိကာယော ပေါတ္ထကောပိ စ ဧကောတိ ယောဇနာ။ အပိ-သဒ္ဒေန ခုဒ္ဒကနိကာယဿာပိ သင်္ဃော ဝေဒိတဗ္ဗော။ ပိ ဝါတိ ဣမိနာ ခုဒ္ဒကနိကာယေ ဇာတကဘာဏကေန သာဋ္ဌကထံ ဇာတကံ ဥဂ္ဂဟေတ္ဝာပိ ဓမ္မပဒံ သဟ ဝတ္ထုနာ ဥဂ္ဂဟေတဗ္ဗမေဝါတိ ဒဿိတေ ဒွေ ပေါတ္ထကေ သမုစ္စိနောတိ၊ စတ္တာရိ ခန္ဓကဝတ္တာနိ ဝါ—

ဟု ဖွင့်ဆိုတော်မူသည်။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာ, ဋီကာတို့၏ ပိဏ္ဍတ္ထအဓိပ္ပါယ်ကို ပြဆိုအံ့။

ပါစိတ်အဋ္ဌကထာ, ဋီကာတို့၏ အလိုအားဖြင့် အကြင်ရဟန်းသည် ၁၀-ဝါ ရှိသည်ဖြစ်စေ၊ အလုံးစုံသော ဝိနည်းပိဋကတ်ကို သင်နိုင်စေခြင်းငှာ ပါရာဇိကဏ်ပါဠိတော်, ဘိက္ခုပါစိတ်, ဘိက္ခုနီပါစိတ် ပါဠိတော်ကို သင်အံ့လေ့ကျက် နှုတ်တက်ဆိုယူဖူးသည်ဖြစ်စေ၊ ဝါ၊ သင်ကြားပြီး၍ မပြတ်ကြည့်ရှုလေ့လာသည်ဖြစ်စေ၊ ကမ္မာကမ္မဝိနိစ္ဆယကို သိခြင်းငှာ, ခန္ဓကဝတ်ကို သိခြင်းငှာ မဟာဝါ, စူဠဝါ, ပရိဝါပါဠိတော် အဋ္ဌကထာနှင့်တကွ သင်ယူဖူးသည် ဖြစ်စေ၊ ပရိသတ်တို့အား နာမ်,ရုပ်တရားကို ဟောခြင်းငှာ မူလပဏ္ဏာသပါဠိတော်, မဇ္ဈိမပဏ္ဏာသပါဠိတော်, ဥပရိပဏ္ဏာသပါဠိတော်ကို သင်ယူဖူးသည် ဖြစ်စေ၊ ဝါ၊ သုတ်သီလကွန်, သုတ်မဟာဝါ, သုတ်ပါထေယျပါဠိတော်, မဟာဝဂ္ဂသံယုတ်ပါဠိတော်ကို သင်ယူဖူးသည် ဖြစ်စေ၊ ဝါ၊ မဟာဝဂ္ဂသံယုတ်, သဂါထာဝဂ္ဂ, နိဒါနဝဂ္ဂ, ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်ကို သင်ယူဖူးသည် ဖြစ်စေ။ ဝါ၊ ဧကကနိပါတ်အင်္ဂုတ္တိရ်, ဒုက, တိကနိပါတ် အင်္ဂုတ္တိရ် ပါဠိတော်ကို သင်ယူဖူးသည် ဖြစ်စေ၊ ဝါ၊ ၅၅၀-ဇာတ် ပါဠိတော်, ဓမ္မပဒပါဠိ တော်တို့ကို အဋ္ဌကထာနှင့်တကွ သင်ယူဖူးသည် ဖြစ်စေ ရဟန်း, သာမဏေ ပရိသတ်ကို အလုပ်အကျွေးခံ၍ မွေးထိုက်သော ရဟန်း မည်၏။

၆။ လိုရင်းအင်္ဂါမှာ—

- ဝိနည်း၌ ပါဠိတော် ၅-ကျမ်းလုံး အဋ္ဌကထာနှင့်တကွ သင်ယူသော်အခါ နှုတ်တက်ဆို၍ သင်ယူဖူးသည်၊
- သုတ္တန်၌ မူလပဏ္ဏာသ, မဇ္ဈိမပဏ္ဏာသ, ဥပရိပဏ္ဏာသပါဠိတော် ၃-ကျမ်းကို သင်ယူဖူးသည်၊
- ၁၀-ဝါရသည်။

http://www.dhammadownload.com

၇။ **တစ်နည်းကား–**

- ဝိနည်း၌ ရှေးနည်းတူ သင်ယူဖူးသည်၊
- သုတ္တန်၌ သုတ်သီလက္ခန်, သုတ်မဟာဝါ, သုတ်ပါထေယျ, မဟာဝဂ္ဂသံယုတ်ပါဠိတော်ကို သင်ယူဖူးသည်၊
- ၁၀-ဝါရသည်။

၈။ **တစ်နည်းကား–**

- ဝိနည်း၌ ရှေးနည်းတူ သင်ယူဖူးသည်၊
- သုတ္တန်၌ မဟာဝဂ္ဂ,သဂါထာဝဂ္ဂ,နိဒါနဝဂ္ဂ,ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ကို သင်ယူဖူးသည်၊
- ၁၀-ဝါရသည်။

၉။ **တစ်နည်းကား–**

- ဝိနည်း၌ ရှေးနည်းတူ သင်ယူဖူးသည်၊
- သုတ္တန်၌ ၅၅၀-ဇာတ်, ဓမ္မပဒပါဠိတော်ကို အဋ္ဌကထာနှင့်တကွ သင်ယူဖူးသည်၊
- ၁၀-ဝါရသည်။

ဤသို့ အဂီါ ၃-ပါးနှင့် ပြည့်စုံမှု ဥပဇ္ဈာယ်, နိဿရည်းပေး၍ ရဟန်းသာမဏေ တပည့်မွေးထိုက်သည်ဟု အဓိပ္ပါယ်ရသည်။

ဝိနယဝိနိစ္ဆယအဋ္ဌကထာ, ဋီကာတို့ အလိုအားဖြင့် ဝိနည်းပါဠိတော် ၅-ကျမ်းကို အဋ္ဌကထာနှင့်တကွ သင်ယူသောအခါ နှုတ်တက်ဆို၍ သင်ယူဖူးသည် ဖြစ်စေ၊ ဒီဃ, မဇ္ဈိမ, သံယုတ္တ, အင်္ဂုတ္တရနိကာယ် ၄-ခုတို့တွင် တစ်ခုခုသော နိကာယ်ပါဠိကို သင်ယူဖူးသည် ဖြစ်စေ၊ ၁၀-ဝါရသည်ဖြစ်စေ၊ ဤသို့ အဂီါ ၃-ပါးနှင့်ပြည့်စုံသောရဟန်းသည်လည်းကောင်း၊

ဝိနည်းမှာ ရှေးနည်းတူ သင်ယူဖူးသည် ဖြစ်စေ၊ သုတ်မှာ ၅၅၀-ဇာတ် ပါဠိကို လည်းကောင်း၊ ဓမ္မပဒပါဠိကိုလည်းကောင်း အဋ္ဌကထာနှင့်တကွ သင်ယူဖူးသည် ဖြစ်စေ၊ ၁၀-ဝါရသည် ဖြစ်စေ၊ ဤအဂီါ ၃-ပါးနှင့် ပြည့်စုံသောရဟန်းသည်လည်းကောင်း ဥပဇ္ဈာယ် ဆရာ, နိဿရည်းဆရာ ပြုထိုက်သည်ဟု ပြတော်မူသည်။

ဝိနယဝိနိစ္ဆယဋီကာ(၁။၄၄၄)၌ "ဣဒံ ဝါစုဂ္ဂတာတိ ဣဒဲ ပရိပုဏ္ဏမို့ သန္ဓာယာဟာတိပိ ဝုတ္တံ"ဟု ဆိုသောစကားသည် "ယေန ပန သုတ္တန္တတော ဝိနယတော စ ဝုတ္တပုဗ္ဗမဏော ဂန္ထော ဥဂ္ဂဟိတော၊ အယံ ပရိသုပဋ္ဌာပကော ဗဟုဿုတော ဟောတိ"ဟု ဆိုသော

http://www.dhammadownload.com

အဋ္ဌကထာ(ဝိ၊၄၊၃၅)နှင့်လည်းကောင်း၊ "အတ္ထမတ္တဝသေန ပေ'တ္ထ ယောဇနံ ကရောန္တိ"ဟု ဆိုသော ဝိမတိဝိနောဒနီဋီကာ(၂။၂၀-၁)နှင့်လည်းကောင်း ညီသည်။ ထို့ကြောင့် "ဒွေ ဝိဘင်္ဂါ ပဂုဏာ ဝါစုဂ္ဂတာ"အရမှာ ဆရာ့ထံသင်ယူသောအခါ နှုတ်တက်ရအောင် ဆိုယူသည်ကို ပင် ဝါစုဂ္ဂတဟု မှတ်ယူရမည်။

ဤအရာ၌ ဝိနည်းတတ်သော ဆရာမြတ်တို့သည် စတုတ္ထသံဂါယနာမည်သော ပေထက်အက္ခရာတင်သည်ကား နှုတ်တက် မဆောင်နိုင်ကြမည်ကို မြင်သိ၍ တင်ထားတော်မူခဲ့ကြသည်။ ယခုအခါ နှုတ်တက်မဆောင်နိုင်ကြသော်လည်း ပေစာတို့၌ ကြည့်ရှုသဖြင့် သိနိုင်သောသတ္တိရှိ၍ ပေစာကို မပြတ်ကြည့်ရှုချပို့နေသော ရဟန်းတို့သည် ဆိုအပ်သော စာပေအက္ခရာတို့ကို လေ့လာသည်ဖြစ်က ဥပဇ္ဈာယ်, နိဿရဉ်း ပေးထိုက်သည်ဟု ဆိုတော်မူကြကုန်သည်။ ရှေးဆရာမြတ်တို့လည်း ဝိနည်းပါဠိတော် ၅-ကျမ်းကို အနီးတွင်ထား၍ အစဉ်မပြတ် ဝတ်ထား၍ ကြည့်ရှုဆင်ခြင်သည်ဟု ကြားဖူးသည်။

၁၀။ မဟာဝါပါဠိတော်၌လည်း–

> အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ဒသဝဿေန ဝါ အတိရေက-ဒသဝဿေန ဝါ ဥပသမ္ပာဒေတုံ– (ဝိ၊၃။၇၅)

ဟု လာသည်။

၁၁။ မဟာဝါအဋ္ဌကထာ၌လည်း–

> အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာတိအာဒိမှိ ဗျတ္တော ပုဗ္ဗေ ဘိက္ခုနောဝါဒကဝဏ္ဏနာယံ ဝုတ္တလက္ခဏောယေဝ။ ယော ပန အန္တေဝါသိနော ဝါ သဒ္ဒိဝိဟာရိကဿ ဝါ ဂိလာနဿ သက္ကောတိ ဥပဋ္ဌာနာဒီနိ ကာတုံ၊ အယံ ဣဓ "ပဋိဗလော"တိ အဓိပ္ပေတော၊ ဝုတ္တမ္ပိ စေတံ–
>
> "ပဉ္စဟုပါလိ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿယော ဒါတဗ္ဗော၊ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။ ကတမေဟိ ပဉ္စဟိ၊ ပဋိဗလော ဟောတိ အန္တေဝါသိ ဝါ သဒ္ဒိဝိဟာရိ ဝါ ဂိလာနံ ဥပဋ္ဌာတုံ ဝါ ဥပဋ္ဌာပေတုံ ဝါ၊ အနာဘိရတံ ဝူပကာသေတုံ ဝါ ဝူပကာသာပေတုံ ဝါ၊ ဥပ္ပန္နံ ကုက္ကုစ္စံ ဓမ္မတော ဝိနောဒေတုံ၊ အာဘိဓမ္မေ ဝိနေတုံ၊ အာဘိဝိနယေ ဝိနေတု"န္တိ–

ဟု ဖွင့်တော်မူသည်(ဝိ၊၄၊၃။၂၆၆)။

http://www.dhammadownload.com

၁၂။ မဟာဝါဟိဠိတော်၌ပင်–

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ နု ဥပသမ္ပာဒေတဗ္ဗံ၊ နု နိဿယော ဒါတဗ္ဗော၊ နု သာမဏေရော ဥပဋ္ဌာပေတဗ္ဗော၊ နု အသေက္ခေန သီလက္ခန္ဓေန သမန္နာဂတော ဟောတိ၊ နု အသက္ခေန သမာဓိက္ခန္ဓေန သမန္နာဂတော ဟောတိ– (ဝိ၊၃။၉၀)

စသည်ဖြင့် ၁၆-ပါးသော ပဉ္စကတို့ကို ဟောတော်မူသည်။

၁၃။ ထိုသောဠသပဉ္စကတို့တွင် အဆုံးပဉ္စကဌ–

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿယော ဒါတဗ္ဗော၊ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။ အာပတ္တိ ဇာနာတိ၊ လဟုကံ အာပတ္တိ ဇာနာတိ၊ ဂရုကံ အာပတ္တိ ဇာနာတိ၊ ဒသဝဿော ဝါ ဟောတိ အတိရေကဒသဝဿော ဝါ။ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿယော ဒါတဗ္ဗော၊ သာမဏေရော ဥပဋ္ဌာပေတဗ္ဗောတိ– (ဝိ၊၃။၉၃-၄)

ဟု လာသည်။

၁၄။ မဟာဝါအဋ္ဌကထာ၌လည်း–

ဣဒါနိ ယံ ပုဗ္ဗေ "အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ဒသဝဿေန ဝါ အတိရေကဒသဝဿေန ဝါ ဥပသမ္ပာဒေတုံ နိဿယံ ဒါတုံ"န္တိ သခ်ေပတော ဥပဇ္ဈာယာစရိယာနံ လက္ခဏံ ဝုတ္တံ၊ တံ ဝိတ္ထာရတော ဒဿေတုံ "ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေနာ" တိအာဒိမာဟ။ ။နု ဥပသမ္ပာဒေတဗ္ဗန္တိ ဥပဇ္ဈာယေန ဟုတ္ဝာ နု ဥပသမ္ပာဒေတဗ္ဗံ။ နု နိဿယော ဒါတဗ္ဗောတိ အာစရိယေန ဟုတ္ဝာ နိဿယော နု ဒါတဗ္ဗော။ ။သုက္ကပက္ခေ အဋ္ဌသု အနာပတ္တိယေဝါတိ– (ဝိ၊၄၊၃။၂၇၀-၂)

ဟု ဖွင့်တော်မူသည်။

၁၅။ ဝိမတိဝိနောဒနီဋီကာ(၂။၁၀၇)၌လည်း–

နု သာမဏေရော ဥပဋ္ဌာပေတဗ္ဗောတိ ဥပဇ္ဈာယေန ဟုတ္ဝာ နု ပဗ္ဗာဇေတဗ္ဗော– ဟု ဖွင့်တော်မူသည်။

http://www.dhammadownload.com

၁၆။ သာရတ္ထဒီပနီဋီကာ(၃။၂၃၉)၌လည်း–

နာ သာမဏေရော ဥပဋ္ဌာပေတဗ္ဗောတိ ဥပဇ္ဈာယေန ဟုတွာ သာမဏေရော နာဂေတဗ္ဗော–

ဟု ဖွင့်တော်မူသည်။

၁၇။ ပရိဝါဝါဠိတော်၌လည်း–

ပဉ္စဟုပါလိ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿယော ဒါတဗ္ဗော၊ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။ ကတမေဟိ ပဉ္စဟိ၊ ပဋိဗလော ဟောတိ အန္တေဝါသိံ ဝါ သဒ္ဒိဝိဟာရိံ ဝါ ဂိလာနံ ဥပဋ္ဌာတုံ ဝါ ဥပဋ္ဌာပေတုံ ဝါ၊ အနာဘိရတံ ဥပကာသေတုံ ဝါ ဥပကာသာပေတုံ ဝါ၊ ဥပ္ပန္နံ ကုက္ကုစ္စံ ဓမ္မတော ဝိနောဒေတုံ၊ အာဘိဓမ္မေ ဝိနေတုံ၊ အာဘိဝိနယေ ဝိနေတုံ။ ။ ပဉ္စဟုပါလိ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿယော ဒါတဗ္ဗော၊ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။ ကတမေဟိ ပဉ္စဟိ၊ ပဋိဗလော ဟောတိ အန္တေဝါသိံ ဝါ သဒ္ဒိဝိဟာရိံ ဝါ အာဘိသမာစာရိကာယ သိက္ခာယ သိက္ခာပေတုံ၊ အာဒိဗြဟ္မစရိယ-ကာယ သိက္ခာယ ဝိနေတုံ၊ အဓိသီလေ ဝိနေတုံ၊ အဓိစိတ္တေ ဝိနေတုံ၊ အဓိပညာယ ဝိနေတုံ– (ဝိ၅။၃၁၄-၅)

ဟု ဟောတော်မူသည်။

၁၈။ မဟာဝါအဋ္ဌကထာ သောဠသပဉ္စကအဖွင့်၌–

အာဘိသမာစာရိကာယ သိက္ခာယာတိ ခန္ဓကဝတ္တေ ...။ အာဒိဗြဟ္မ-စရိယကာယာတိ သေက္ခပဋိပဒါယံ... ။ အာဘိဓမ္မေတိ နာမရူပပရိစ္ဆေဒေ...။ အာဘိဝိနယေတိ သကလေ ဝိနယပိဋကေ ...။ ဝိနေတုံ နာ ပဋိဗလောတိ စ သဗ္ဗတ္ထ သိက္ခာပေတုံ နာ သက္ကောတိတိ အတ္ထော။ ဓမ္မတော ဝိဝေစေတုန္တိ ဓမ္မေန ကာရဏေန ဝိသဇ္ဇာပေတုံ–(ဝိ၆။၃။၂၇၁-၂)

ဟု ဖွင့်ဆိုတော်မူသည်။

၁၉။ ဝိမတိဝိနောဒနီဋီကာ၌–

အာဘိဝိသိဋ္ဌော ဥတ္တမော သမာစာရော အာဘိသမာစာရော၊ ဝတ္တပဋိဝတ္တ-သီလံ။ တံ အာရဗ္ဘ ပညတ္တာ ခန္ဓကသိက္ခာပဒသခ်ိတာ သိက္ခာ အာဘိသမာ-

http://www.dhammadownload.com

စာရိကာ။ သိက္ခာပဒမို့ ဟိ တံ် တတ္ထ ပဠိပူရဏတ္ထိကေဟိ ဥဂ္ဂဟဏာဒိဝသေန သိက္ခိတဗ္ဗတော "သိက္ခာ"တိ ဝုစ္စတိ။ မဂ္ဂပြဟ္ဖစရိယဿ အာဒိဘူတာ ကာရဏာဘူတာတိ အာဒိပြဟ္ဖစရိယကာ သိက္ခာ၊ ဥဘတောဝိဘင်္ဂပရိယာပန္နသိက္ခာပဒံ။ တေနေဝ ဝိသုဒ္ဓိမဂ္ဂေပိ "ဥဘတောဝိဘင်္ဂပရိယာပန္နသိက္ခာပဒံ အာဒိပြဟ္ဖစရိယကံ၊ ခန္ဓကဝတ္တပရိယာပန္နံ အာဘိသမာစာရိက"န္တိ ဝုတ္တံ။ တသ္မာ "သေက္ခပဏ္ဏတ္တိယ"န္တိ ဇတ္ထ သိက္ခိတဗ္ဗတော သိက္ခာ၊ ဘဂဝတာ ပညတ္တတ္တာ ပဏ္ဏတ္တိ။ သဗ္ဗာပိ ဥဘတောဝိဘင်္ဂပရိယာပန္နာ သိက္ခာပဒပဏ္ဏတ္တိ "သေက္ခပဏ္ဏတ္တိ"တိ ဝုတ္တာတိ ဂဟေတဗ္ဗာ။ နာမရူပပရိစ္ဆေဒေတိ ဇတ္ထ ကုသလတ္တိကာဒီဟိ ဝုတ္တံ ဇာတိဘူမိပုဂ္ဂလသမ္ဗယောဂဝတ္ထာရမ္မဏကမ္မဒ္ဒါရလက္ခဏရသာဒိဘေဒေဟိ ဝေဒနာက္ခန္ဓာဒိစတုဗ္ဗိဓံ သနိဗ္ဗာနံ နာမံ, ဘူတုပါဒါယဘေဒံ ရူပဉ္စ ပရိစ္ဆိန္ဒိတ္တာ ဇာနနပညာ, တပ္ပကာသကော စ ဂန္ထော နာမရူပပရိစ္ဆေဒေါ နာမ။ ဣမိနာ အာဘိဓမ္မတ္ထကုသလေန ဘဝိတဗ္ဗန္တိ ဒဿေတိ။ **သိက္ခာပေတုန္တိ ဥဂ္ဂဏှာပေတုံ—**

ဟု ဖွင့်ဆိုတော်မူသည်(ဝိမတိ၊ ၂။၁၀၇-၈)။

၂၀။ **သာရတ္ထဒီပနီဋီကာ၌—**

တသ္မာ သေက္ခပဏ္ဏတ္တိယန္တိ ဇတ္ထ သိက္ခိတဗ္ဗတော သဗ္ဗာပိ ဥဘတောဝိဘင်္ဂပရိယာပန္နာ ပဏ္ဏတ္တိတိ ဂဟေတဗ္ဗာ—

ဟု ဖွင့်တော်မူသည်(သာရတ္ထ၊ ၃။၂၄၁)။

ဤသို့လာသော ပါဠိ, အဋ္ဌကထာ, ဋီကာတို့အရကို ပိဏ္ဍာတ္ထပြုဆိုအံ့။

၂၁။ **မဟာဝါပါဠိတော်၌ ၁၆-ပါးသော ပဉ္စကတို့တွင် အဆုံးဖြစ်သော ပဉ္စက၌—**

- ဤမည်သောအမှုကို ပြုသည်ရှိသော် ဤမည်သောသိက္ခာပုဒ်၌ ဤမည်သော အာပတ်သင့်သည်ဟု သိခြင်း၊
- ဤမည်သောအမှုကို ပြုသည်ရှိသော် ဤမည်သောသိက္ခာပုဒ်၌ ဤမည်သော အာပတ်မှ လွတ်သည်ဟု သိခြင်း၊
- ဤမည်သောအမှုကို ပြုသည်ရှိသော် ဤမည်သော လဟုကအာပတ်သင့်သည်ဟု သိခြင်း၊
- ဤမည်သောအမှုကို ပြုသည်ရှိသော် ဤမည်သော ဂရုကအာပတ်သင့်သည်ဟုသိခြင်း၊
- ၁၀-ဝါရခြင်း-

http://www.dhammadownload.com

ဤအင်္ဂါ ၅-ပါးနှင့်ပြည့်စုံသော ရဟန်းသည် ဥပဇ္ဈာယ်ဆရာ, နိဿရဏ်းဆရာပြု၍ အာပတ်မသင့်ဟု ပြတော်မူသည်။ "သုက္ကပက္ခေ အဋ္ဌသု အနာပတ္တိယေဝ"ဟု ဆိုသော အဋ္ဌကထာကို ထောက်။ သုက္ကပက္ခ ၈-ခုသော ပဉ္စကတို့တွင် နောက်ဆုံးဖြစ်သော ပဉ္စက အင်္ဂါအရ-ဟု မှတ်။

ပရိဝါပါဠိတော် ဥပါလိပုစ္ဆာ ၄-ခုသောပဉ္စကတို့တွင် သုက္ကပက္ခ ၂-ပါးသော ပဉ္စကအရမှာ–

- အန္တေဝါသိက, သဒ္ဓိဝိဟာရိက တပည့်တို့အား နာဖျားသည်ရှိသော် မိမိ ကိုယ်တိုင် ပြုစုလုပ်ကျွေးနိုင်ခြင်း၊ သူတပါးကို ပြုစုလုပ်ကျွေးစေနိုင်ခြင်း၊
- ထိုတပည့်တို့အား သာသနာတော်၌ မမွေ့လျော်၍ ပူပန်သောစိတ် ဖြစ်လတ်သော် မိမိကိုယ်တိုင် ငြိမ်းအေးစေနိုင်ခြင်း၊ သူတပါးကို ငြိမ်းအေးစေနိုင်ခြင်း၊
- ထိုတပည့်တို့၌ ဖြစ်သော ကုက္ကုစ္စသံသယကို အကြောင်းအားဖြင့် ပယ်ဖျောက်ပေးနိုင်ခြင်း၊
- အလုံးစုံသော ဝိနည်းပိဋကတ်၌ သင်ပေးနိုင်ခြင်း၊
- နာမ်, ရုပ်တရားတို့ကို နားလည်အောင် သင်ပေးနိုင်ခြင်း–

ဤအင်္ဂါ ၅-ပါးနှင့် ပြည့်စုံသောရဟန်းသည် ဥပဇ္ဈာယ်ဆရာ, နိဿရဏ်းဆရာပြုထိုက်သည်ဟု ပြတော်မူသည်။

၂၂။ တစ်နည်းကား–

- အန္တေဝါသိက, သဒ္ဓိဝိဟာရိကတပည့်တို့အား အဘိသမာစာရိကသိက္ခာ မည်သော မဟာဝါဒန္ဓက, စူဠဝါဒန္ဓကဋ္ဌလာသော သိက္ခာပုဒ်ကို သင်ပေးနိုင်ခြင်း၊
- အာဒိဗြဟ္မစရိယကသိက္ခာမည်သော ပါရာဇိကဏ်ပါဠိတော်, ပါစိတ်ပါဠိတော်၌ လာသော သိက္ခာပုဒ်တို့ကို သင်ပေးနိုင်ခြင်း၊
- အဓိသီလသိက္ခာကို သင်ပေးနိုင်ခြင်း၊
- အဓိစိတ္တသိက္ခာကို သင်ပေးနိုင်ခြင်း၊
- အဓိပညာသိက္ခာကို သင်ပေးနိုင်ခြင်း–

http://www.dhammadownload.com

ဤအင်္ဂါ ၅-ပါးနှင့် ပြည့်စုံသောရဟန်းသည် ဥပဇ္ဈာယ်ဆရာ, နိဿရည်းဆရာ ပြုထိုက် သည်ဟု ပြတော်မူသည်။ (အဓိသီလ, အဓိစိတ္တ, အဓိပညာအရကို ပါရာဇိကဏ် အဋ္ဌကထာ ပဌမပါရာဇိကအဖွင့်မှာ ရှုလေ)။

ဤသို့ ပြဆိုအပ်သော ပါဠိ,အဋ္ဌကထာတို့၌ အထူးမှတ်ရန်ကား– ဥပဇ္ဈာယ်ဆရာ, နိဿရည်းဆရာတို့၏ ဗျတ္တလက္ခဏာ, ပဋိဗလလက္ခဏာ ၂-ပါးရှိသည်တွင် ဘိက္ခုနော-ဝါဒကအဖွင့်အဋ္ဌကထာ(ဝိ၊၄၊၃၅၅)၌ လာသော ပရိသုပဋ္ဌာပက ဗဟုသုတအင်္ဂါဖြင့် ဗျတ္တ-လက္ခဏာကို ပြတော်မူသည်။ မဟာဝါ, ပရိဝါဠ်လာသော အင်္ဂါအရဖြင့် ပဋိဗလလက္ခဏာကို ပြတော်မူသည်။

၂၃။ ထို့ကြောင့် အဋ္ဌကထာ၌–

> **အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ**တိအာဒိမှိ ဗျတ္တော ပုဗ္ဗေ ဘိက္ခုနော-ဝါဒကဝဏ္ဏနာယံ ဝုတ္တလက္ခဏောယေဝ။ ယော ပန အန္ဓေဝါသိနော ဝါ သဒ္ဓိဝိဟာရိကဿ ဝါ ။ပ။ အယံ ဣဓ ပဋိဗလောတိ အဓိပ္ပေတော။ ဝုတ္တမ္ပိ စေတံ "ပဋ္ဌဟုပါလိ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿယော ဒါတဗ္ဗော ။ပ။ အဘိဝိနယေ ဝိနေတု"န္တိ– (ဝိ၊၄၊၃၊၂၆၆)

ဟူ၍လည်းကောင်း၊

> ဣဒါနိ ယံ ပုဗ္ဗေ "အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ဒသဝဿေန ဝါ အတိရေကဒသဝဿေန ဝါ ဥပသမ္ပာဒေတုံ နိဿယံ ဒါတုံ"န္တိ သခ်ေပတော ဥပဇ္ဈာယာစရိယာနံ လက္ခဏံ ဝုတ္တံ၊ တံ ဝိတ္ထာရတော ဒဿေတုံ "ပဋ္ဌဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေနာ"တိအာဒိမာဟ– (ဝိ၊၄၊၃၊၂၇၀)

ဟူ၍လည်းကောင်း ဆိုတော်မူသည်။

ထို့ကြောင့် ဘိက္ခုနောဝါဒကအဖွင့်အဋ္ဌကထာ၌ လာသော ဗျတ္တလက္ခဏာနှင့် ပြည့်စုံလျှင် ပဋိဗလလက္ခဏာနှင့် ပြည့်စုံသည် မည်သောကြောင့် ဘိက္ခုနောဝါဒက အဋ္ဌကထာ၌ လာသော ဗျတ္တလက္ခဏာရှိသော ရဟန်းသည် ဥပဇ္ဈာယ်ဆရာ, နိဿရည်း ဆရာ ပြုထိုက်သည်ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

၎ ၁၈၄ ၎ နိဿရည်း လွတ်ထိုက်သော အင်္ဂါများ

(၁)မေး။ ။ နိဿယမုစ္စက ဖြစ်သော အင်္ဂါအရကို အဘယ်သို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ-

၁။ နိဿယမုစ္စနကေန ဥပသမ္ပဒါယ ပဋ္ဌဝဿေန သဗ္ဗန္တိမေန ပရိစ္ဆေဒေန ဒွေ မာတိကာ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာ, ပက္ခဒိဝသေသု ဓမ္မသာဝနတ္ထာယ သုတ္တန္တ-တော စတ္တာရော ဘာဏဝါရာ, သမ္မတ္တာနံ ပရိကထနတ္ထာယ အန္ဓကဝိန္ဒမဟာ-ရာဟုလောဝါဒအမ္ဗဋ္ဌသဒိသော ဧကော ကထာမဂ္ဂေါ, သံယဘတ္တမဂ််လာ-မဂ််လေသု အနုမောဒနတ္ထာယ တိဿော အနုမောဒနာ, ဥပေါသထပဝါရဏာဒိ-ဇာနနတ္ထံ ကမ္မာကမ္မဝိနိစ္ဆယော, သမဏဓမ္မကရဏတ္ထံ သမာဓိဝသေန ဝါ ဝိပဿနာ-ဝသေန ဝါ အရဟတ္တပရိယောသာနမေက် ကမ္မဋ္ဌာနံ, ဧတ္တက် ဥဂ္ဂဟေတဗ္ဗံ။ ဧတ္တာဝတာ ဟိ အယံ ဗဟုဿုတော ဟောတိ စာတုဒ္ဒိသော၊ ယတ္ထ ကတ္ထစိ အတ္တနော ဣဿရိယေန ဝသိတုံ လဘတိ- (ဝိ၊၄၊၃။၅၄-၅)

ဟု ပါစိတ်အဋ္ဌကထာ၊ ဩဝါဒဝဂ််၊ ပဌမသိက္ခာပုဒ်အဖွင့်၌ လာသည်။

၂။ ပါတိမောက္ခဝဒတ္ထအနုဝဏ္ဏနာ၌ကား-

ပက္ခဒိဝသေသု ဓမ္မကထနတ္ထာယ-

ဟု ဖွင့်ဆိုသည်။

၃။ ဝိမတိဝိနောဒနီဋီကာ၌-

ပရိကထနတ္ထန္တိ ပကိဏ္ဏကကထာဝသေန ပရိစ္ဆိန္နဓမ္မကထနတ္ထံ။ တိဿော အနုမောဒနာတိ သံယဘတ္တာဒိသု ဒါနာနိသံသပ္ပဋိသံယုတ္တာ နိဓိကဏ္ဍသုတ္တာဒိ-အနုမောဒနာ, ဂေဟပွဝေသမဂ််လ၊ဒိသု မဂ််လသုတ္တာဒိအနုမောဒနာ, မတက-ဘတ္တာဒိအမဂ််လေသု တိရောကုဋ္ဋာဒိအနုမောဒနာတိ ဣမာ တိဿော အနုမော-ဒနာ။ ကမ္မာကမ္မဝိနိစ္ဆယောတိ ပရိဝါရာဝသာနေ ကမ္မဝဂ္ဂေ ဝုတ္တဝိနိစ္ဆယော။ သမာဓိဝသေနာတိ သမထပုဗ္ဗကဝသေန။ ဝိပဿနာဝသေန ဝါတိ ဒိဋ္ဌဝိသုဒ္ဓိ-အာဒိကာယ သုက္ခဝိပဿနာယ ဝသေန- (ဝိမတိ၊ ၂။ ၂၀)

ဟု ဖွင့်တော်မူသည်။

http://www.dhammadownload.com

၄။ သာရတ္ထဒီပနီဋီကာ၌လည်း–

ဒွေ မာတိကာတိ ဘိက္ခုမာတိကာ ဘိက္ခုနီမာတိကာ စ။ ဝါစုဂ္ဂတာတိ ပုရိမသော ဝေဝစနံ။ တီသော အနုမောဒနာတိ သံယဘတ္တေ ဒါနာနိသံသပ္ပဋိသံယုတ္တအနုမောဒနာ, ဝိဟာရဒါနဝိမဂ်လေ မဂ်လသုတ္တာဒိအနုမောဒနာ, မတကဘတ္တာဒိအဝမဂ်လေ တိရောကုဋ္ဋာဒိအနုမောဒနာတိ ဣမာ တီသော အနုမောဒနာ။ ကမ္မာကမ္မဝိနိစ္ဆယောတိ ပရိဝါရာဝသာနေ ကမ္မဝဂ္ဂေ ဝုတ္တဝိနိစ္ဆယော။ "ဝိပဿနာဝသေန ဥဂ္ဂဏှန္တေန စတုဓာတုဝဝတ္ထာနမုခေန ဥဂ္ဂဟေတဗ္ဗ"န္တိ တီသုပိ ဂဏ္ဌိပဒေသု ဝုတ္တံ– (သာရတ္ထ၊၃။၃၉၊၄၀)

ဟု ဖွင့်ဆိုတော်မူသည်။

၅။ ဝိနယဝိနိစ္ဆယဋီကာ၌ကား–

ဘိက္ခုဘိက္ခုနိဝဘဂ်မာတိကာ ပဂုဏာ ကတ္တာ တာသံ အဋ္ဌကထံ ဥဂ္ဂဟေတ္တာ ပါဠိတော, အတ္ထတော စ ဝစနပထာရုဠှာ ဝေဟာရက္ခမာယေဝ ကာတဗ္ဗာတိ ဝုတ္တံ ဟောတိ။ စတ္တာရော ဘာဏဝါရာ ပဂုဏာ ဝါစုဂ္ဂတာဝ ကာတဗ္ဗာတိ ပကာသိတာတိ ယောဇနာ။ ပဂုဏာတိ ဣမိနာ ပါဠိယံ ပဂုဏံ ကတ္တာ ဓာရေတ္တာ ပရိပုစ္ဆိတဗ္ဗန္တိ ဒဿေတိ။ ဝါစုဂ္ဂတာဝ ကာတဗ္ဗာတိ ဣမိနာ တဒတ္ထံ သုတ္တာ ဓာရေတ္တာ ပရိပုစ္ဆိတဗ္ဗမေဝါတိ ဒဿေတိ။

ပရိကထဏ္ဍာယာတိ သမ္မတ္တာနံ ဓမ္မကထနတ္ထာယ။ ကထာမဂ္ဂေါတိ မဟာသုဒဿနကထာမဂ္ဂေါ။ ကမ္မာကမ္မဝိနိစ္ဆယောတိ ကမ္မဝဂ္ဂေ ဝုတ္တဝိနိစ္ဆယော၊ ပရိဂါရေ ကမ္မဝဂ္ဂေ အာဂတာနုဒ္ဒါနုနုဒ္ဒကကမ္မဝိနိစ္ဆယောတိ ဝုတ္တံ ဟောတိ။ ပဋ္ဌဝေသောတိ ဥပသမ္ပဒတော ပဋ္ဌာယ ပရိပုဏ္ဏပဋ္ဌသံဝစ္ဆရော။ ဒသဝဿောတိ ဇေဋ္ဌာပိ ဇေဝ နယော။ သံဝစ္ဆရဝသေန ပဋ္ဌဝေသေသု ပရိပုဏ္ဏေသု ဝုတ္ထဝဿဝသေန အပရိပုဏ္ဏေသုပိ ပဋ္ဌဝေသောယေဝ။ ဣတရထာ ဥနပဋ္ဌဝေသောတိ ဝေဒိတဗ္ဗော ပရိပုဏ္ဏဝိသတိဝဿူပသမ္ပဒါဒိသု ဝိယ– (ဝိနယဝိနိစ္ဆယဋီကာ၊၁။၄၄၃-၄)

စသည်ဖြင့် ဖွင့်ပြတော်မူသည်။

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့အရ ပဏ္ဏာတ္တိကို ပြဆိုအံ့။ အကြင်ရဟန်းသည် ၅-ဝါရသည်ဖြစ်စေ၊ ဒွေမာတိကာကို ရသည်ဖြစ်စေ၊ သုတ္တန်ပိဋကတ်မှ ၄-ဘာဏဝါရရှိသော သုတ္တန်ပါဠိကိုလည်းကောင်း၊ အနွကဝိန္ဒသုတ်, မဟာရာဟုလောဝါဒသုတ်,

http://www.dhammadownload.com

သမ္မဋ္ဌသုတ်နှင့် တူသော မဟာသုဒဿနဝတ္ထုစသော ၁-ခုခုသော စကားအစဉ်ကိုလည်း ကောင်း၊ သံယိကအလျှု-စသည်တို့၌ ဒါနအကျိုးတရား ၁-ခု, အိမ်တက်မင်္ဂလာ-စသည်တို့၌ မင်္ဂလသုတ်-စသော တရား ၁-ခု, သေသူကို ရည်၍ ဆွမ်းလှူခြင်း အမင်္ဂလာ၌ တိရောကုဋ္ဋ ပြတ္တာဝတ္ထု-စသော တရား ၁-ခု၊ ဤသို့အားဖြင့် အနုမောဒနာ တရား ၃-ပုဒ်ကို လည်းကောင်း၊ ဥပုသ်,ပဝါရဏာကို သိစေခြင်းငှာ ပရိဝါပါဠိတော် ကမ္မဝဂ်၌လာသော ကဲငယ်, ကဲကြီး အဆုံးအဖြတ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ် အဆုံးရှိသော ၁-ခုခုသော ကမ္မဋ္ဌာန်းကို လည်းကောင်း သင်ယူသည် ဖြစ်စေ၊ ဤမျှလောက်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် နိဿရည်းမယူဘဲ နေအပ်သည်-ဟု ပြတော်မူသည်။

၆။ **စတုဘာဏဝါရအရမ္ဘာ–**

အဋ္ဌကရာ ဧကပဒံ၊ ဧကဂါထာ စတုပ္ပဒီ။
ဂါထာ ဧကာ မတော ဂန္ထော၊ ဂန္ထော ဘတ္တိသတက္ခရော။

ဘတ္တိသက္ခရဂန္ထာနံ၊ ပညာသဒ္ဓိသတံ ပန။
ဘာဏဝါရော မတော ဧကော၊ သဋ္ဌက္ခရသဟဿကော–

ဟု နိဂုဏ္ဌိမဋ္ဌသာဒီကာ၌ လာသောကြောင့် ၁-ပါဒလျှင် အက္ခရာ ၈-လုံးရှိသည်။ ၄-ပါဒ လျှင် ၁-ဂါထာ၊ ၁-ဂါထာလျှင် အက္ခရာ ၃၂-လုံး ရှိသည်။ ထိုဂါထာ ၂၅၀-လျှင် တစ်ဘာဏဝါ ရမည်သည်။ ထို ၁-ဘာဏဝါရမှာ အက္ခရာ ၈,၀၀၀-ရှိသည်။ စုဏ္ဏိယကို ဘာဏဝါရ ယူရာမှာ အက္ခရာ ၈,၀၀၀-ရှိမူ ၁-ဘာဏဝါရ-ဟု မှတ်လေ။

၇။ ပရိဝါပါဠိတော်၊ ဥပါလိပုစ္ဆာ၊ ၆-ခုသောပဉ္စကတို့တွင် သုတ္တပက္ခပဉ္စကဒ္ဒ–

ပဉ္စဟု'ပါလိ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ယာဝဇီဝံ အနိဿိတေန ဝတ္ထုဗ္ဗံ။ ကတမေဟိ ပဉ္စဟိ၊ ဥပေါသထံ ဇာနာတိ၊ ဥပေါသထကမ္မံ ဇာနာတိ၊ ပါတိမောက္ခံ ဇာနာတိ၊ ပါတိမောက္ခုဒ္ဒေသံ ဇာနာတိ၊ ပဉ္စဝဿော ဝါ ဟောတိ အတိရေကပဉ္စဝဿော ဝါ။

ပဉ္စဟု'ပါလိ အင်္ဂေဟိ ။ပ။ ဝတ္ထုဗ္ဗံ။ ကတမေဟိ ပဉ္စဟိ၊ ပဝါရဏံ ဇာနာတိ၊ ပဝါရဏာကမ္မံ ဇာနာတိ၊ ပါတိမောက္ခံ ဇာနာတိ၊ ပါတိမောက္ခုဒ္ဒေသံ ဇာနာတိ၊ ပဉ္စဝဿော ဝါ ဟောတိ အတိရေကပဉ္စဝဿော ဝါ။

ပဉ္စဟု'ပါလိ အင်္ဂေဟိ ။ပ။ ဝတ္ထုဗ္ဗံ။ ကတမေဟိ ပဉ္စဟိ၊ အာပတ္တာနာပတ္တိံ ဇာနာတိ၊ လဟုကဂရုကံ အာပတ္တိံ ဇာနာတိ၊ သာဝသေသာနဝသေသံ အာပတ္တိံ

http://www.dhammadownload.com

ဇာနာတိ၊ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လံ အာပတ္တိ ဇာနာတိ၊ ပဋ္ဌဝဿော ဝါ ဟောတိ အတိရေက-ပဋ္ဌဝဿော ဝါ– (ဝိ၅။၃၁၃-၄)

ဟု ဟောတော်မူသည်။

အဓိပ္ပါယ်ကား–

- သံဃဥပုသ်စသော ဥပုသ် ၉-ပါးကို သိခြင်း၊
- အဓမ္မဝဂ္ဂစသော ဥပုသ်ကံ ၄-ပါးကို သိခြင်း၊
- ဒွေမာတိကာကို သိခြင်း၊
- နိဒါနုဒ္ဒေသ-စသော ပါတိမောက္ခုဒ္ဒေသ ၅-ပါးကိုသိခြင်း၊
- ၅-ဝါရခြင်း–

ဤအင်္ဂါ ၅-ပါးနှင့် ပြည့်စုံမှု နိဿရည်းမယူဘဲ နေအပ်သည်။

- သံဃပဝါရဏာစသော ပဝါရဏာ ၉-ပါးကို သိခြင်း၊
- အဓမ္မဝဂ္ဂစသော ပဝါရဏာကံ ၄-ပါးကို သိခြင်း၊
- ဒွေမာတိကာကို သိခြင်း၊
- ပါတိမောက္ခုဒ္ဒေသ ၅-ပါးကို သိခြင်း၊
- ၅-ဝါရခြင်း—

ဤအင်္ဂါ ၅-ပါးနှင့် ပြည့်စုံမှု နိဿရည်းမယူဘဲ နေအပ်သည်။

- ထိုထိုသိက္ခာပုဒ်၌ပြအပ်သော အာပတ်သင့်ခြင်း, မသင့်ခြင်းကို သိခြင်း၊
- လဟုကအာပတ်, ဂရုကအာပတ်ကို သိခြင်း၊
- သိက္ခာပုဒ် အကြွင်းရှိသော အာပတ်, အကြွင်းမရှိသော ပါရာဇိက အာပတ်ကို သိခြင်း၊
- ရုန့်ရင်းသော အာပတ်, မရုန့်ရင်းသောအာပတ်ကို သိခြင်း၊
- ၅-ဝါရခြင်း—

ဤအင်္ဂါ ၅-ပါးနှင့် ပြည့်စုံမှု နိဿရည်းမယူဘဲ နေအပ်သည်ဟု ပြတော်မူသည်။

http://www.dhammadownload.com

၈။ မဟာဝါပါဠိတော်၌လည်း-

ပဠဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ အနိဿိတေန ဝတ္ထုဗ္ဗံ၊ အာပတ္တိ ဇာနာတိ၊ အနာပတ္တိ ဇာနာတိ၊ လဟုကံ အာပတ္တိ ဇာနာတိ၊ ဂရုကံ အာပတ္တိ ဇာနာတိ၊ ပဠဝဿော ဝါ ဟောတိ အတိရေကပဠဝဿော ဝါ-

ဟု လာသည်(ဝိ၊၃။၁၁၃)။

- ဤမည်သောအမှုကို ပြုသည်ရှိသော် ဤမည်သော သိက္ခာပုဒ်၌ ပြအပ်သော ဤမည်သောအာပတ်သင့်ခြင်းကို သိခြင်း၊
- အာပတ် မသင့်ခြင်းကို သိခြင်း၊
- လဟုကအာပတ်ကို သိခြင်း၊
- ဂရုကအာပတ်ကို သိခြင်း၊
- ၅-ဝါရခြင်း-

ဤအဂ်ါ ၅-ပါးနှင့် ပြည့်စုံမူ နိဿရည်းမယူဘဲ နေအပ်သည်ဟု ပြတော်မူသည်။

၉။ မဟာဝါအဋ္ဌကထာ(နှာ-၂၈၅)၌လည်း-

ယတ္ထကံ သုတံ နိဿယမုတ္တကဿ ဣစ္ဆိတဗ္ဗံ၊ တံ ဘိက္ခုနောဝါဒကဝဏ္ဏနာယံ ဝုတ္တံ။

ဟု ဆိုတော်မူသည်။

ထို့ကြောင့် မဟာဝါပါဠိတော်, ပရိဝါပါဠိတော်တို့၌ နိဿရည်းလွတ်ထိုက်သောသူ၏ ပဋိဗလလက္ခဏာကို ပြတော်မူသည်။ ဘိက္ခုနောဝါဒကအဋ္ဌကထာ၌ ဗျတ္တလက္ခဏာကို ပြတော်မူသည်။ ဗျတ္တလက္ခဏာနှင့် ပြည့်စုံလျှင် ပဋိဗလလက္ခဏာနှင့် ပြည့်စုံသည် မည်သောကြောင့် ဘိက္ခုနောဝါဒကအဋ္ဌကထာ၌ လာသော ဗျတ္တလက္ခဏာရှိသော ရဟန်းသည် နိဿရည်းမယူဘဲ နေအပ်သည်ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၈၅] အဗျတ္တဖြစ်က ယာဝဇီဝ နိဿရည်းယူရ

(၁)မေး။ ။ နိဿယမုစ္စကအင်္ဂါ မရှိသောရဟန်းသည် အဘယ်မျှလောက် ဝါရအောင် နိဿရည်းယူ၍ နေအပ်ပါသနည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ပစ္ဆဝဿာနိ နိဿာယ ဝတ္ထုံ။ အဗျတ္တေန ယာဝဇီဝံ– (ဝိ၊၃။၁၁၁)

ဟု မဟာဝါဝါဠိတော်၌ လာသည်။

၂။ မဟာဝါအဋ္ဌကထာ၌လည်း–

အဗျတ္တေန ယာဝဇီဝန္တိ ဧတ္ထ သစာယံ ဝုစ္စတေ အာစရိယံ နာ လဘတိ၊ ဥပသမ္ပဒါယ သဒ္ဒိဝသော ဝါ သတ္တတိဝသော ဝါ ဟောတု၊ နဝကတရသာပိ ဗျတ္တသ္သ သန္တိကေ ဥက္ကုဋိကံ နိသီဒိတ္တာ အဉ္ဇလိံ ပဂ္ဂဟေတ္တာ "အာစရိယော မေ အာဝုသော ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမီ"တိ ဧဝံ တိက္ခတ္တုံ ဝတ္တာ နိဿယော ဂဟေတဗ္ဗော၀။ ဂါမပ္ပဝေသနံ အာပုစ္ဆန္တေနာပိ ဥက္ကုဋိကံ နိသီဒိတ္တာ အဉ္ဇလိံ ပဂ္ဂဟေတ္တာ "ဂါမပ္ပဝေသနံ အာပုစ္ဆာမိ အာစရိယာ"တိ ဝတ္တဗ္ဗံ။ ဧသ နယော သဗ္ဗအာပုစ္ဆနေသု– (ဝိ၊၄၊၃။၂၈၅)

ဟု ဖွင့်တော်မူသည်။

နိဿရည်းအင်္ဂါနှင့် မပြည့်စုံသော ရဟန်းသည် အသက်ထက်ဆုံးပင် နိဿရည်းယူ၍ နေအပ်သည်။ ထိုရဟန်းသည် ဝါ-၆၀, ၇၀-ရသည်ဖြစ်၍ ကြီးသော ဆရာကို မရလျှင် ဗျတ္တလက္ခဏာရှိသော သီတင်းငယ်ရဟန်း၏ အထံ၌ပင် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီကာ "**အာစရိယော မေ အာဝုသော ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ**"ဟု ဆိုရမည်။

ရွာဝင်ပန်ခြင်း၌လည်း ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီကာ "**ဂါမပ္ပဝေသနံ အာပုစ္ဆာမိ အာစရိယ**"ဟု ဆိုရမည်။ ခပ်သိမ်းသော အရာတို့၌ ပန်ရာမှာလည်း ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီကာသာ ပန်ရမည်ဟု ပြတော်မူသည်။

http://www.dhammadownload.com

၃။ သီတင်းငယ်ရဟန်းက သီတင်းကြီးရဟန်းထံ နိဿရည်းယူရာ၌လည်း–

> ဧဝဉ္စ ပန ဘိက္ခဝေ အာစရိယော ဂဟေတဗ္ဗော၊ ဧကံသဲ ဥတ္တရာသင်္ဂ ကရိတ္တာ ပါဒေ ဝန္ဒိတ္တာ ဥက္ကုဋိကံ နိသီဒိတ္တာ အဉ္ဇလိ ပဂ္ဂဟေတ္တာ ဧဝံ'မဿ ဝစနီယော "အာစရိယော မေ ဘန္တေ ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ"တိ–

(ဝိ၃၊၇၆)ဟု လာသော မဟာဝါပါဠိတော်အတိုင်း ၃-ကြိမ်ဆို၍ ယူရမည်။

၄။ ထိုအခါ နိဿရည်းပေးသော ဆရာကလည်း အမှုမဲ့ မနေမူ၍–

> သာဟူတိ ဝါ လဟူတိ ဝါ ဩပါယိကန္တိ ဝါ ပတိရူပန္တိ ဝါ ပါသာဒိကေန သမ္မာဒေဟိတိ ဝါ ကာယေန ဝိညာပေတိ ဝါစာယ ဝိညာပေတိ၊ ကာယေန ဝါစာယ ဝိညာပေတိ၊ ဂဟိတော ဟောတိ အာစရိယော–(ဝိ၃၊၇၆)

ဟု မဟာဝါပါဠိတော်၌ လာသည့်အတိုင်း ထို ၅-ပါးတို့တွင် တစ်ခုခုသောပုဒ်ကို နှုတ်ကမြွတ်ဆို၍သော်လည်းကောင်း၊ လက်ဆုပ်စသည်ကို ပြ၍သော်လည်းကောင်း "သင်သည် နိဿရည်းယူ၏"ဟူသော အနက်အဓိပ္ပါယ်ကို သိစေအပ်သည်။

"အာစရိယော မေ ဘန္တေ ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ"ဟု ၃-ကြိမ်ဆို၍ ဆရာကလည်း သာဓု-ဟူ၍သော်လည်းကောင်း၊ လဟု-ဟူ၍သော်လည်းကောင်း၊ ဩပါယိကံ-ဟူ၍သော်လည်းကောင်း၊ ပတိရူပံ-ဟူ၍သော်လည်းကောင်း၊ ပါသာဒိကေန သမ္မာဒေဟိ-ဟူ၍သော်လည်းကောင်း ၁-ခုခုသောပုဒ်ကို ဆိုအပ်သည်။ သိစေအပ်သည်ဟု ပြတော်မူသည်။

၅။ အဋ္ဌကထာ၌လည်း–

> အာစရိယော ဘိက္ခဝေ အန္တေဝါသိကမ္ပိ တိဿဒိ သဒ္ဒံ "ဥပဇ္ဈာယော ဘိက္ခဝေ သဒ္ဒိဝိဟာရိကမ္ပိ"တိ အာဒိနာ နယေန ဝုတ္တဝသေနေဝ ဝေဒိတဗ္ဗံ၊ နာမမတ္တမေဝ ဟိ ဧတ္ထ နာနံ– ဟု ဆိုတော်မူ၏(ဝိ၆၊၃၊၂၆၆)။

အာယသ္မတော အာယသ္မန္တံ၊ အရှင်းကုရားကို။ နိဿာယ၊ မှီ၍။ ဝစ္ဆာမိ၊ နေပါ၏-ဟု သမ္ဗန်။

၆။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ(၃။၂၃၇)၌–

> အာယသ္မတော နိဿာယ ဝစ္ဆာမီတိ ဧတ္ထ အာယသ္မတောတိ ဥပယောဂတ္ထေ သာမိဝစနံ၊ အာယသ္မန္တံ နိဿာယ ဝသိဿာမီတိ အတ္ထော– ဟု ဆိုတော်မူသည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၈၆] ဥပဇ္ဈာယ်ယူပုံ, ပေးပုံ

(၁)မေး။ ။ဥပဇ္ဈာယ်ယူပုံ, ပေးပုံကို အဘယ်သို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ထိုအမေးမှာ-

၁။ အနုဇာနာမိ ဘိက္ခဝေ ဥပဇ္ဈာယံ ။ပ။ ဧဝဉ္စ ပန ဘိက္ခဝေ ဥပဇ္ဈာယော ဂဟေတဗ္ဗော၊ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ပါဒေ ဝန္ဒိတွာ ဥက္ကုဋိုကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော "ဥပဇ္ဈာယော မေ ဘန္တေ ဟောတီ"တိ-

(ဝိ၊၃။၅၇)ဟု မဟာဝါပါဠိတော်၌ လာသည့်အတိုင်း ၃-ကြိမ်ဆို၍ ဥပဇ္ဈာယ်ယူရမည်။

၂။ ထိုအခါ ဥပဇ္ဈာယ်ပေးသောဆရာကလည်း အမှတ်မဲ့ မနေမူ၍-

သာဟူတိ ဝါ လဟူတိ ဝါ ဩပါယိကန္တိ ဝါ ပတိရူပန္တိ ဝါ ပါသာဒိကေန သမ္မာဒေဟိတိ ဝါ ကာယေန ဝိညာပေတိ၊ ဝါစာယ ဝိညာပေတိ၊ ကာယေန ဝါစာယ ဝိညာပေတိ၊ ဂဟိတော ဟောတိ ဥပဇ္ဈာယော- (ဝိ၊၃။၅၇)

ဟု မဟာဝါပါဠိတော်လာသည့်အတိုင်း ထို ၅-ပုဒ်တွင် တစ်ခုခုသောပုဒ်ကို နှုတ်က မြွတ်ဆို၍သော်လည်းကောင်း၊ လက်ဆုပ်စသည်ကို ပြ၍သော်လည်းကောင်း "သင်သည် ဥပဇ္ဈာယ်ယူ၏"ဟူသော အနက်အဓိပ္ပါယ်ကို သိစေအပ်သည်။

"ဥပဇ္ဈာယော မေ ဘန္တေ ဟောတိ"ဟု ၃-ကြိမ်ဆို၍ ဆရာက သာဓု-ဟူ၍လည်းကောင်း၊ လဟု-ဟူ၍လည်းကောင်း၊ ဩပါယိက်-ဟူ၍လည်းကောင်း၊ ပတိရူပ်-ဟူ၍လည်းကောင်း၊ ပါသာဒိကေန သမ္မာဒေဟိ-ဟူ၍လည်းကောင်း တစ်ခုခုသောပုဒ်ကို ဆိုအပ်သည်၊ သိစေအပ်သည်ဟု ပြတော်မူသည်။

၃။ အဋ္ဌကထာ၌လည်း-

သာဟူတိ ဝါတိအာဒီနိ ပဉ္စ ပဒါနိ ဥပဇ္ဈာယဘာဝသမ္မဒ္ဒနဝေဝစနာနိ။ ကာယေန ဝိညာပေတီတိ ဧဝံ သဒ္ဒိဝိဟာရိကေန "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ"တိ တိက္ခတ္တုံ ဝုတ္တေ သစေ ဥပဇ္ဈာယော သာဟူတိအာဒီသု ပဉ္စသု ပဒေသု ယဿ ကဿစိ ပဒဿ ဝသေန ကာယေန ဝါ ဝါစာယ ဝါ ကာယဝါစာဟိ ဝါ "ဂဟိတော တယာ ဥပဇ္ဈာယော"တိ ဥပဇ္ဈာယဂ္ဂဟဏံ ဝိညာပေတိ။

http://www.dhammadownload.com

ဂဟိတော ဟောတိ ဥပဇ္ဈာယော ။ပ။ အာယာစနဒါနမတ္တေန ဟိ ဂဟိတော ဥပဇ္ဈာယော- (ဝိ၊၄၊၃၀၊၂၅၈)

ဟု ဖွင့်တော်မူသည်။

၄။ သာရတ္ထဒီပနီဋီကာ(၃၊၂၃၂)၌လည်း-

သာဟူတိ သာဓု။ လဟူတိ အဂရု၊ မမ တုယ္ဟံ ဥပဇ္ဈာယဘာဝေ ဘာရိယံ နာမ နတ္ထိတိ အတ္ထော။ ဩပါယိကန္တိ ဥပါယပဋိသံယုတ္တံ တေ ဥပဇ္ဈာယဂုဟဏံ၊ ဣမိနာ ဥပါယေန တွံ မေ ဣဂေ ပဋ္ဌာယ ဘာရော ဇာတောသီတိ ဝုတ္တံ ဟောတိ။ ပတိရူပန္တိ အနုရူပံ တေ ဥပဇ္ဈာယဂုဟဏန္တိ အတ္ထော။ ပါသာဒိကေနာတိ ပသာဒါဝဟေန ကာယဝစီပယောဂေန။ သမ္မာဒေဟီတိ တိဝိဓသိက္ခံ နိပ္ဖာဒေဟီတိ အတ္ထော။ ကာယေန ဝါတိ ဟတ္ထမုဒ္ဒါဒိ ဒဿေန္တော ကာယေန ဝါ ဝိညာပေတိ-

ဟု ဖွင့်တော်မူသည်။

၅။ ဝိမတိဝိနောဒနီဋီကာ၌လည်း-

သာဟူတိ သာဓု သုန္ဒရံ၊ လဟူတိ အဂရု၊ သုဘရတာတိ အတ္ထော။ ဩပါယိကန္တိ ဥပါယပဋိသံယုတ္တံ၊ ဧဝံ ပဋိပဇ္ဇနံ နိတ္ထရဏူပါယောတိ အတ္ထော။ ပတိရူပန္တိ သာမီစိကမ္မမိဒန္တိ အတ္ထော။ ပါသာဒိကေနာတိ ပသာဒါဝဟေန ကာယဝစီပယောဂေန သမ္မာဒေဟီတိ အတ္ထော။ ကာယေနာတိ ဧတဒတ္ထ-ဝိညာပကံ ဟတ္ထမုဒ္ဒါဒိ ဒဿေန္တော ကာယေန ဝိညာပေတိ။ အာယာစနဒါန-မတ္တေနာတိ သဒ္ဓိဝိဟာရိကဿ ပဋမံ အာယာစနမတ္တေန, တတော ဥပဇ္ဈာယဿ စ သာဟူတိအာဒိနာ ဝစနမတ္တေနာတိ အတ္ထော—

ဟု ဖွင့်တော်မူသည်(ဝိ၊မတိ၊၂။၁၀၂)။

ထို့ကြောင့် သာဓုဟုဆိုမူ ဥပဇ္ဈာယ်ယူခြင်း ကောင်း၏ဟု ဆိုလိုသည်။ လဟု-ဟု ဆိုမူ "သင်၏ဥပဇ္ဈာယ်အဖြစ်၌ ဝန်မလေး"ဟု ဆိုလိုသည်။ ဩပါယိက်-ဟု ဆိုမူ ဤသို့ ဥပဇ္ဈာယ်ယူခြင်းသည် "သံသရာမှ လွတ်မြောက်ကြောင်းတည်း"ဟု ဆိုလိုသည်။ ပတိရူပ်-ဟု ဆိုမူ ဥပဇ္ဈာယ်ယူသော အမှုသည် "ရိုသေစွာ ကျင့်အပ်သောအမှုတည်း"ဟု ဆိုလိုသည်။ ပါသာဒိကေန သမ္မာဒေဟိ-ဟု ဆိုမူ "ကြည်ညိုဖွယ်ကို ဆောင်ခြင်း၌ ပြည့်စုံစေလော့"ဟု ဆိုလိုသည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၈၇] သဒ္ဓိဝိဟာရိကနှင့် အန္တေဝါသိက

(၁) မေး။ ။သဒ္ဓိဝိဟာရိကတပည့်, အန္တေဝါသိကတပည့်တို့၏ အရကို အသို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ထိုအမေးမှာ-

၁။ မဟာဝါဟိဋ္ဌကထာ(နှာ-၅၇၊၇၆)၌-

အနုဇာနာမိ ဘိက္ခဝေ ဥပဇ္ဈာယံ။ ဥပဇ္ဈာယော ဘိက္ခဝေ သဒ္ဓိဝိဟာရိကမ္ပိ ပုတ္တစိတ္တံ ဥပဋ္ဌပေဿတိ၊ သဒ္ဓိဝိဟာရိကော ဥပဇ္ဈာယမ္ပိ ပိတုစိတ္တံ ဥပဋ္ဌပေဿတိ၊ ဧဝံ တေ အညမညံ သဂါရဝါ သပ္ပတိဿာ သဘာဂဝုတ္တိနော ဝိဟရန္တာ ဣမသ္မိံ ဓမ္မဝိနယေ ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိဿန္တိ။

အနုဇာနာမိ ဘိက္ခဝေ အာစရိယံ။ အာစရိယော ဘိက္ခဝေ အန္တေဝါသိကမ္ပိ ပုတ္တစိတ္တံ ဥပဋ္ဌပေဿတိ၊ အန္တေဝါသိကော အာစရိယမ္ပိ ပိတုစိတ္တံ ဥပဋ္ဌပေဿတိ၊ ဧဝံ တေ အညမညံ သဂါရဝါ သပ္ပတိဿာ သဘာဂဝုတ္တိနော ဝိဟရန္တာ ဣမသ္မိံ ဓမ္မဝိနယေ ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိဿန္တိ-

ဟု ဟောတော်မူသည်။

၂။ အဋ္ဌကထာ(ဝိ၊ဋ၊၃၊ ၂၅၈၊ ၂၆၆)၌လည်း-

အနုဇာနာမိ ဘိက္ခဝေ ဥပဇ္ဈာယန္တိ ဥပဇ္ဈာယံ ဂဟေတုံ အနုဇာနာမီတိ အတ္ထော။ ပုတ္တစိတ္တံ ဥပဋ္ဌပေဿတီတိ ပုတ္တော မေ အယန္တိ ဧဝံ ဂေဟသိတပေမဝသေန စိတ္တံ ဥပဋ္ဌပေဿတိ။ ဧသ နယော ဒုတိယပဒေပိ။ သဂါရဝါ သပ္ပတိဿာတိ ဂရုဘာဝဉ္စေဝ ဇေဋ္ဌကဘာဝဉ္စ ဥပဋ္ဌပေတ္တွာ။ သဘာဂဝုတ္တိနောတိ သဘာဂဇီဝိကာ။

အနုဇာနာမိ ဘိက္ခဝေ အာစရိယန္တိ အာစာရသမာစာရသိက္ခာပနကံ အာစရိယံ အနုဇာနာမိ။ အာစရိယော ဘိက္ခဝေ အန္တေဝါသိကမ္ပိတိအာဒိ သဒ္ဒံ "ဥပဇ္ဈာယော ဘိက္ခဝေ သဒ္ဓိဝိဟာရိကမ္ပိ"တိအာဒိနာ နယေန ဝုတ္တဝသေနေဝ ဝေဒိတဗ္ဗံ-

ဟု ဖွင့်တော်မူသည်။

ဤသို့လာသော ပါဠိ,အဋ္ဌကထာကို ထောက်၍ ဥပဇ္ဈာယ်ယူသော ရဟန်း,သာမဏေသည် သဒ္ဓိဝိဟာရိကတပည့် မည်သည်။ နိဿရဉ်းယူသော ရဟန်းသည် အန္တေဝါသိကတပည့် မည်သည်။

http://www.dhammadownload.com

ထို ၂-ပါးတို့တွင် အန္တေဝါသိကတပည့်သည်-

- နိဿယန္တေဝါသိက၊
- ဓမ္မန္တေဝါသိက၊
- ဥပသမ္ပဒန္တေဝါသိက၊
- ပဗ္ဗဇ္ဇန္တေဝါသိက-

ဟူ၍ ၄-ပါးအပြားရှိသည်။ ထို ၄-ပါးတို့တွင်-

- နိဿရည်းယူသော ရဟန်းသည် နိဿယန္တေဝါသိက မည်သည်။
- ပါဠိအဋ္ဌကထာသင်သော ရဟန်း,သာမဏေသည် ဓမ္မန္တေဝါသိက မည်သည်။
- ကမ္မဝါစာဖြင့် ပဋိဇ်းခံသော ရဟန်းသည် ဥပသမ္ပဒန္တေဝါသိက မည်သည်။
- သရဏဂုံသီလကို ခံသော သာမဏေသည် ပဗ္ဗဇ္ဇန္တေဝါသိက မည်သည်။

၃။ **ထို့ကြောင့် မဟာဝါအဋ္ဌကထာ၌-**

ဧတေသု စ ပဗ္ဗဇ္ဇန္တေဝါသိကော စ ဥပသမ္ပဒန္တေဝါသိကော စ အာစရိယသဒ္ဒေန ဥပဇ္ဈာယော။ နိဿယန္တေဝါသိကော စ ဓမ္မန္တေဝါသိကော စ ယာဝ သမီပေ ဝသန္တိ၊ တာဝဒေဝ- ဟု ဖွင့်တော်မူသည်(ဝိ၊ဋ္ဌ၊၃။ ၂၆၇)။

၄။ **သာရတ္ထဒီပနီဋီကာ၌လည်း-**

တတ္ထ ယေန သိက္ခာပဒါနိ ဒိန္နာနိ၊ အယံ ပဗ္ဗဇ္ဇာစရိယော။ ယေန ဥပသမ္ပဒ-ကမ္မဝါစာ ဝုတ္တာ၊ အယံ ဥပသမ္ပဒါစရိယော။ ယော ဥဒ္ဒေသံ ပရိပုစ္ဆံ ဝါ ဒေတိ၊ အယံ ဓမ္မာစရိယောတိ ဝေဒိတဗ္ဗော-

ဟု ဆိုတော်မူသည်(သာရတ္ထ၊၃။ ၂၃၈)။

ထို့ကြောင့် တပည့်သည်လည်း "သဒ္ဓိဝိဟာရိကတပည့်၊ ဥပသမ္ပဒန္တေဝါသိက တပည့်၊ ပဗ္ဗဇ္ဇန္တေဝါသိကတပည့်၊ နိဿယန္တေဝါသိကတပည့်၊ ဓမ္မန္တေဝါသိကတပည့်ဟူ၍ ၅-ပါး ရှိသည်"ဟု မှတ်ယူသင့်သည်။ ထို ၅-ပါးတို့တွင် နိဿယန္တေဝါသိက၌ ရဟန်းကိုသာ ယူရမည်။

၅။ **ထို့ကြောင့် မဟာဝါပါဠိတော်၌-**

အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ပဉ္စဝဿာနိ နိဿာယ ဝတ္ထုံ၊ အဗျတ္တေန ယာဝဇီဝံ-(ဝိ၊၃။၁၁၁)

ဟု ဟောတော်မူသည်။ ထိုပါဠိတော်၌ ရဟန်းကိုသာ နိဿရည်းအဂိါ၌ ဟောတော်မူသည်။

http://www.dhammadownload.com

၆။ **မဟာဝါအဋ္ဌကထာ ပဗ္ဗဇ္ဇာနန္ဒက(ရာဟုလဝတ္ထုကထာ)၌လည်း–**

ကုမာရသ မဟာမောဂ္ဂလ္လာနတ္ထေရော ကေသေ ဆိန္ဒိတ္တာ ကာသာယာနိ ဒတ္တာ သရဏာနိ အဒါသိ၊ မဟာကဿပတ္ထေရော ဩဝါဒါစရိယော အဟောသိ။ ယသ္မာ ပန ဥပဇ္ဈာယမူလကာ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ၊ ဥပဇ္ဈာယော၀ တတ္ထ ဂ္ဂဿရော, န အာစရိယော–(ဝိ၊၄၊၃၊၂၉၁)

ဟူ၍လည်းကောင်း၊

နာ ဘိက္ခ၀ေ ဥပဇ္ဈာယံ အနာပုစ္ဆာတိ စတ္ထ "တုမှာကံ သာမဏေရဿ အယံ နာမ အပရာဓော၊ ဒဏ္ဍကမ္မမဿ ကရောထာ"တိ တိက္ခတ္တုံ၊ ဝုတ္တေ သစေ ဥပဇ္ဈာယော ဒဏ္ဍကမ္မံ နာ ကရောတိ၊ သယံ ကာတုံ ဝဋ္ဋတိ။ သစေပိ အာဒိတော၀ ဥပဇ္ဈာယော ၀ဒတိ "မယ့ံ သာမဏေရာနံ ဒေါသေ သတိ တုမှေ ဒဏ္ဍကမ္မံ ကရောထာ"တိ၊ ကာတုံ ဝဋ္ဋတိယေ၀။ ယထာ စ သာမဏေရာနံ၊ ဧ၀ံ သဒ္ဓိ-ဝိဟာရိကန္တေ၀ါသိကာနမ္ပိ ဒဏ္ဍကမ္မံ ကာတုံ ဝဋ္ဋတိ–

ဟူ၍လည်းကောင်း လာသည်(ဝိ၊၄၊၃၊၂၉၅၊အနာပုစ္ဆာ၀ရဏ၀တ္ထုအာဒိကထာ)။

၇။ **ဝိမတိဝိနောဒနီဋီကာ၌လည်း–**

သဒ္ဓိဝိဟာရိကအန္တေ၀ါသိကာနမ္ပိတိ ဥပသမ္ပန္နေ သန္ဓာယ ဝုတ္တံ-

ဟု ဖွင့်သည်။ ထိုအဋ္ဌကထာ, ဋီကာတို့၌လည်း သာမဏေမှာ ဥပဇ္ဈာစရိယ, ဩဝါဒါ-စရိယကိုသာ ပြတော်မူသည်။ နိဿယာစရိယကို မပြကုန်။ ထို့ကြောင့် သာမဏေမှာ ဥပဇ္ဈာစရိယ၊ ပဗ္ဗဇ္ဇာစရိယ၊ ဓမ္မာစရိယသာရှိသည်။ နိဿယာစရိယဟု မရှိသင့်ပြီ။

၈။ **မဟာဝါအဋ္ဌကထာ၌ပင်–**

သစေ ပန ဝိဟာရေ နိဿယဒါယကော နတ္ထိ၊ ဥပဇ္ဈာယော စ "အဟံ ကတိပါဟေ အာဂမိဿာမိ၊ မာ ဥက္ကဏ္ဌိတ္ထာ"တိ ဝတ္တာ ဂတော၊ ယာဝ အာဂမနာ ပရိဟာရော လဗ္ဘတိ။ အထာပိ နံ တတ္ထ မနုဿာ ပရိစ္ဆိန္နကာလတော ဥတ္တရိပိ ပဉ္စ ဝါ ဒသ ဝါ ဒိ၀သာနိ ဝါသေန္တိယေ၀၊ တေန ဝိဟာရံ ပ၀တ္တိ ပေသေတဗ္ဗာ "ဒဟရာ မာ ဥက္ကဏ္ဌန္တု၊ အဟံ အသုကဒိ၀သံ နာမ အာဂမိဿာမီ"တိ။ ဧ၀မ္ပိ ပရိဟာရော လဗ္ဘတိ– (ဝိ၊၄၊၃၊၂၆၇-စ)

ဟုဆိုတော်မူသည်။ ထိုအဋ္ဌကထာ၌လည်း "ဒဟရာ မာ ဥက္ကဏ္ဌန္တု"ဟု ဒဟရ-သဒ္ဒါဖြင့် ရဟန်းကိုသာ ပြတော်မူသည်။

http://www.dhammadownload.com

၉။ ဝိနယာလင်္ကာရဋီကာ(၂။၆၊၈၉-၁၀)၌ကား အာစရိယဝတ္တကထာ၌–

ကတိဝိဓော အာစရိယောတိ နိဿယာစရိယ ပဗ္ဗဇ္ဇာစရိယ ဥပသမ္ပဒါစရိယ ဓမ္မာစရိယဝသေန **စတုဗ္ဗိဓော**။ တတ္ထ နိဿယံ ဂဟေတ္ဝာ တံ နိဿာယ ဝတ္တတ္တော နိဿယာစရိယော။ ပဗ္ဗဇိတကာလေ သိက္ခိတပ္ပသိက္ခာပကော ပဗ္ဗဇ္ဇာစရိယော။ ဥပသမ္ပဒကာလေ ကမ္မဝါစာနုဿာဝကော ဥပသမ္ပဒါစရိယော။ ဥဒ္ဒဝဓနသိက္ခာ-ပကော ဓမ္မာစရိယော နာမ–

ဟု လာသည်။

၁၀။ သဒ္ဓိဝိဟာရိကဝတ္တကထာ၌–

ကော သဒ္ဓိဝိဟာရိကောတိ ဥပသမ္ပန္နော ဝါ ဟောတု သာမဏေရော ဝါ၊ ယော ဥပဇ္ဈံ ဂဏှာတိ၊ သော သဒ္ဓိဝိဟာရိကော နာမ–

ဟုလာသည်။

၁၁။ အန္တေဝါသိကဝတ္တကထာ၌–

ကော အန္တေဝါသိကောတိ ဥပသမ္ပန္နော ဝါ ဟောတု သာမဏေရော ဝါ၊ ယော အာစရိယဿ သန္တိကေ နိဿယံ ဂဏှာတိ၊ ယော ဝါ အာစရိယဿ ဩဝါဒံ ဂဟေတ္ဝာ ပဗ္ဗဇတိ၊ ယော ဝါ တေနာနုဿာဝိတော ဟုတ္ဝာ ဥပသမ္ပဇ္ဇတိ၊ ယော ဝါ တဿ သန္တိကေ ဓမ္မံ ပရိယာပုဏာတိ၊ သော သဗ္ဗော အန္တေဝါသိကောတိ ဝေဒိတဗ္ဗော။ တတ္ထ **ပဌမော နိဿယန္တေဝါသိကော** နာမ၊ **ဒုတိယော ပဗ္ဗဇ္ဇန္တေဝါ-သိကော** နာမ၊ **တတိယော ဥပသမ္ပဒန္တေဝါသိကော** နာမ၊ **စတုတ္ထော ဓမ္မန္တေဝါ-သိကော** နာမ။ အညတ္ထ ပန သိပ္ပန္တေဝါသိကောပိ အာဂတော၊ သော ဣဓ နာဓိပ္ပေတော– ဟုလာသည်။

ထိုဝိနယာလင်္ကာရဋီကာ၌ "ဥပသမ္ပန္နော ဝါ ဟောတု သာမဏေရော ဝါ၊ ယော အာစရိယဿ သန္တိကေ နိဿယံ ဂဏှာတိ၊ သော အန္တေဝါသိကော နာမ"ဟူ သောပါဠ်ဖြင့် သာမဏေသည်လည်း နိဿရည်းယူ၍ နေအပ်သည်ဟု ပြသကဲ့သို့ ထင်သည်။ ထိုဋီကာ ဆရာ၏စကားကို ဝဇိရ, သာရတ္ထ, ဝိမတိတို့၌ မရှိသောကြောင့်လည်းကောင်း၊ ပြဆိုအပ်သော ပါဠိ, အဋ္ဌကထာတို့ကို ထောက်၍လည်းကောင်း ဆင်ခြင်အပ်သည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၈၈] ဝတ်ပြုအပ်သော ဆရာနှင့်တပည့်

(၁) မေး။ ။ထိုသို့ပြဆိုအပ်သော ဆရာတပည့်တို့တွင် အဘယ်မည်သောဆရာကို အဘယ်မည်သော တပည့်တို့သည် အဘယ်မျှလောက် ကာလပတ်လုံး လုပ်ကျွေးပြုစုအပ်ပါသနည်း။

ဖြေ။ ။ထိုအမေးမှာ–

၁။ ဧတေသု စ ပဗ္ဗဇ္ဇနွေဝါသိကော စ ဥပသမ္ပဒနွေဝါသိကော စ အာစရိယသဒ္ဒေါ ယာဝဇီဝံ ဘာရော။ နိဿယနွေဝါသိကော စ ဓမ္မနွေဝါသိကော စ ယာဝ သမီပေ ဝသန္တိ၊ တာဝဒေဝ။ တသ္မာ အာစရိယေနာပိ တေသု သမ္မာ ဝတ္တိတဗ္ဗံ–

ဟု မဟာဝါအဋ္ဌကထာ၌ လာသည်(ဝိ၊ဋ္ဌ၊၃၊၂၆၇)။

၂။ တတ္ထ ဥပဇ္ဈာယော တာဝ ဂိလာနော သစေ လဟုံ န ဝုဋ္ဌာတိ။ ယာဝဇီဝမ္ပိ ပဋိဇဂ္ဂိတဗ္ဗော။ တထာ ပဗ္ဗဇ္ဇာစရိယော ဥပသမ္ပဒါစရိယော သဒ္ဓိဝိဟာရိကော ဥပသမ္ဘာဒိတ ပဗ္ဘာဇိတ အန္တေဝါသိက သမာနုပဇ္ဈာယကာ စ။ နိဿယာစရိယ-ဥဒ္ဒေသာစရိယနိဿယန္တေဝါသိက ဥဒ္ဒေသန္တေဝါသိကသမာနာစရိယကာ ပန ယာဝ နိဿယဥဒ္ဒေသာ အနုပစ္ဆိန္နာ၊ တာဝ ပဋိဇဂ္ဂိတဗ္ဗာ။ ပဟောန္တေန တတော ဥဒ္ဓမ္ပိ ပဋိဇဂ္ဂိတဗ္ဗာ ဧဝ–

ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ လာသည်(ဝိသုဒ္ဓ၊၁။၉၁)။

၃။ တထာတိ ယထာ ဥပဇ္ဈာယော ဂိလာနော ယာဝဇီဝံ ဥပဋ္ဌာတဗ္ဗော။ တထာ ဥပသမ္ပာဒိတအန္တေဝါသိကော အတ္တနော ကမ္မဝါစံ ဝတ္တာ ဥပသမ္ပာဒိတော–

(ဝိသုဒ္ဓိ၊ဋီ၊၁။၁၁၈)ဟု ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ ဖွင့်တော်မူသည်။ သာရတ္ထဋီကာ(၃။၂၃၇), ဝိမတိဝိနောဒနီဋီကာ(၂။၁၀၅)တို့၌လည်း ဝိသုဒ္ဓိမဂ်ကို ဆောင်၍ ဖွင့်ဆိုတော်မူကြသည်။

အဓိပ္ပါယ်ကား– ဝိနည်းအဋ္ဌကထာ၌ ဥပဇ္ဈာယ်ယူသော သဒ္ဓိဝိဟာရိကတပည့်ဖြစ်သော ရဟန်း,သာမဏေသည် **ဥပဇ္ဈာစရိယ၌**, သရဏဂုံ သီလခံယူသော ပဗ္ဗဇ္ဇနွေဝါသိကမည်သော သာမဏေသည် **ပဗ္ဗဇ္ဇာစရိယ၌**, ကမ္မဝါစာဖတ်၍ ရဟန်းခံပေးသော ဥပသမ္ပဒနွေဝါသိကမည်သော ရဟန်းသည် **ဥပသမ္ပဒါစရိယ၌** အသက်ထက်ဆုံး ဝတ်ကို ပြုအပ်သည်။ နိဿရဉ်းယူသော နိဿယနွေဝါသိကမည်သော ရဟန်းသည် **နိဿယာစရိယ၌**, စာပေကျမ်းဂန်သင်ယူသော ဓမ္မနွေဝါသိကမည်သော ရဟန်း,သာမဏေသည်

http://www.dhammadownload.com

ဓမ္မာစရိယ၌ အနီးတွင်နေသောအခါ ဝတ်ကို ပြုအပ်သည်။ ဆရာတို့ကလည်း တပည့်တို့၌ နည်းတူပြုအပ်သည်ဟု ပြတော်မူသည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အကြင်ရဟန်းသည် မိမိဥပဇ္ဈာယ်ယူသော ဥပဇ္ဈာစရိယ၊ သာမဏေတုန်းက သရဏဂုံသီလကို ခံယူခဲ့ဖူးသော ပဗ္ဗဇ္ဇာစရိယ၊ ရဟန်းခံစဉ်အခါ ကမ္မဝါစာဖတ်သော ဥပသမ္ပဒါစရိယ၊ မိမိထံ၌ ဥပဇ္ဈာယ်ယူသော သဒ္ဓိဝိဟာရိကတပည့်၊ မိမိထံ၌ သရဏဂုံ သီလခံယူသော ပဗ္ဗဇ္ဇန္တေဝါသိကတပည့်၊ မိမိကမ္မဝါစာဖတ်၍ ရဟန်းခံပေးသော ဥပသမ္ပဒန္တေဝါသိကတပည့်၊ မိမိဥပဇ္ဈာယ်ဆရာထံ၌ ဥပဇ္ဈာယ်ယူသော သမာနုပဇ္ဈာယက ဖြစ်သော ဥပဇ္ဈာယ်တူတပည့်၊ ဤသို့ ပြဆိုအပ်သောသူတို့၌ အသက်ထက်ဆုံး ဝတ်ကို ပြုအပ်သည်။

အကြင်ရဟန်းသည် မိမိနိဿရည်းယူသော နိဿယာစရိယ၊ မိမိစာပေကျမ်းဂန်သင်ယူသော ဥဒ္ဒေသာစရိယ၊ မိမိထံ၌ နိဿရည်းယူသော နိဿယန္တေဝါသိကတပည့်၊ မိမိထံ၌ စာပေးကျမ်းဂန်သင်ယူသော ဥဒ္ဒေသန္တေဝါသိကတပည့်၊ မိမိ၏ နိဿယာစရိယ, ဥဒ္ဒေသာစရိယထံ၌ နိဿရည်းယူသော, စာပေကျမ်းဂန် သင်ယူသော သမာနာစရိယဖြစ်သော ဆရာတူတပည့်၊ ဤသို့ ပြဆိုအပ်သောသူတို့၌ နိဿရည်းယူ၍ နေသောအခါ, စာပေကျမ်းဂန်သင်၍ နေသောအခါ၌ ဝတ်ကိုပြုအပ်သည်။ စွမ်းနိုင်မှု အဝေး၌ နေသော်လည်း ပြုအပ်သည်ဟု ပြတော်မူသည်။

ဤသို့ ဝတ်ပြုသောအဖြစ်ကို သိလေ။

✪ ✪ ✪ ✪ ✪

[၁၈၉]　　အချင်းချင်း ခွင့်ပြုမှု အာပတ်လွတ်

(၁)**မေး**။ ။ ထိုသို့ ပြုသောဝတ်ကို ဆရာတပည့်အချင်းချင်း ခွင့်ပေးမှု မပြုဘဲ နေအပ်ပါမည်လော။

ဖြေ။ ။ ထိုအမေးမှာ-

၁။　ဥပဇ္ဈာယေ ဝတ္တံ့ သာဒိယန္တေ သဒ္ဓိဝိဟာရိကာ ဗဟုကာပိ ဟောန္တိ၊ သဗ္ဗေသံ အာပတ္တိ။ သစေ ဥပဇ္ဈာယော "မယ့် ဥပဋ္ဌာကော အတ္ထိ၊ တုမ္ဟေ အတ္တနော သဇ္ဈာယမနသိကာရာဒီသု ယောဂံ ကရောထာ"တိ ဝဒတိ၊ သဒ္ဓိဝိဟာရိကာနံ အနာပတ္တိ။ သစေ ဥပဇ္ဈာယော သာဒိယနံ ဝါ အသာဒိယနံ ဝါ န ဇာနာတိ၊

http://www.dhammadownload.com

ဗာလော ဟောတိ၊ သဒ္ဓိဝိဟာရိကာ ဗဟုကာ။ တေသု ဧကော ဝတ္တာသမ္မန္နော ဘိက္ခု "ဥပဇ္ဈာယဿ ကိစ္စံ အဟံ ကရိဿာမိ၊ တုမ္ဟေ အပ္ပေါဿုက္ကာ ဝိဟရထာ"တိ ဧဝဉ္စေ အတ္တာနော ဘာရံ ကတ္တာ ဣတရေ ဝိဿဇ္ဇေတိ၊ တဿ ဘာရကရဏတော ပဌာယ တေသံ အနာပတ္တိ— (ဝိ၊၆၊၃၊၂၆၄)

ဟု မဟာဝါအဋ္ဌကထာ၌ လာသည်။

၂။ ဝိမတိဝိနောဒနီဋီကာ၌လည်း—

သာဒိယနံ ဝါ အသာဒိယနံ ဝါ နာ ဇာနာတီတိ "မယိ သာဒိယန္တေ အကရောန္တာနံ အာပတ္တိ ဟောတိ၊ ပဋိက္ခိပိတ္တာ အသာဒိယန္တေ အာပတ္တိ နာ ဟောတီ"တိ ဧဝံ နာ ဇာနာတီတိ အတ္ထော။ **တေသု ဧကော ဝတ္တာသမ္မန္နော ဘိက္ခု ။ပ။ တေသံ အနာပတ္တိတိ ဝစနတော သစေ ကောစိ "တုမ္ဟာကံ သဒ္ဓိဝိဟာရိကေ, အန္တေဝါသိကေ ဝါ ဂိလာနေ ဥပဋ္ဌဟိဿာမိ၊ ဩဝါဒါနုသာသနိအာဒိကံ သဗ္ဗံ ကတ္တာဗ္ဗံ ကရိဿာမိ"တိ ဝဒတိ၊ တေ ဝါ သဒ္ဓိဝိဟာရိကာဒယော "အပ္ပေါဿုက္ကာ ဟောထာ"တိ ဝဒန္တိ၊ ဝတ္တံ ဝါ နာ သာဒိယန္တိ၊ အာစရိယုပဇ္ဈာယာနမ္ပိ အနာပတ္တိ—**

(ဝိမတိ၊၂။၁၀၄)ဟု ဖွင့်တော်မူသည်။

၃။ သာရတ္ထဒီပနီဋီကာ၌လည်း—

တေသု ဧကော ဝတ္တာသမ္မန္နော ဘိက္ခု ။ပ။ တေသံ အနာပတ္တိတိ ဝစနတော သစေ ဧကော ဝတ္တာသမ္မန္နော ဘိက္ခု "ဘန္တေ တုမ္ဟေ အပ္ပေါဿုက္ကာ ဟောထ၊ အဟံ တုမ္ဟာကံ သဒ္ဓိဝိဟာရိကံ အန္တေဝါသိကံ ဝါ ဂိလာနံ ဥပဋ္ဌဟိဿာမိ၊ ဩဝဒိတဗ္ဗံ ဩဝဒိဿာမိ၊ ဣတိ ကရဏီယေသု ဥဿုက္ကံ အာပဇ္ဇိဿာမီ"တိ ဝဒတိ၊ တေ ဧဝံ ဝါ သဒ္ဓိဝိဟာရိကာဒယော "ဘန္တေ တုမ္ဟေ ကေဝလံ အပ္ပေါဿုက္ကာ ဟောထာ"တိ ဝဒန္တိ၊ ဝတ္တံ ဝါ နာ သာဒိယန္တိ၊ တတော ပဌာယ အာစရိယုပဇ္ဈာယာနံ အနာပတ္တိတိ ဝဒန္တိ—

ဟု ဆိုတော်မူသည်(သာရတ္ထ၊၃။၂၃၃-၄)။

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့၌ "ဥပဇ္ဈာယေ ဝတ္တံ သာဒိယန္တေ သဒ္ဓိဝိဟာရိကာ ဗဟုကာပိ ဟောန္တိ၊ သဗ္ဗေသံ အာပတ္တိ"ဟူသောပါဠိဖြင့် ဆရာက ဝတ်ပြုခြင်းကိုသာယာမှ ဝတ်မပြုသောတပည့်တို့အား အာပတ်သင့်သည်။ မသာယာမူ မသင့်ဟု ပြတော်မူသည်။ "သစေ ဥပဇ္ဈာယော ။ပ။ သဒ္ဓိဝိဟာရိကာနံ အနာပတ္တိ"ဟူသော

http://www.dhammadownload.com

ပါဠိဖြင့် ဆရာက 'ငါ၌ ဝတ်ကို မပြုကြနှင့်'ဟု ခွင့်ပေးသည်ရှိသော် ဝတ်မပြုသော တပည့်တို့အား အာပတ်မသင့်ဟု ပြဆိုတော်မူသည်။ **"တေသု ဧကော ဝတ္ထသမ္မန္နော ။ပ။ တေသံ အနာပတ္တိ"**ဟူသောပါဠိဖြင့် များစွာသော တပည့်တို့တွင် ဝတ်နှင့်ပြည့်စုံသော ရဟန်း ၁-ပါးက 'ဆရာ၌ပြုအပ်သော ဝတ်ဟူသမျှကို ငါပြုမည်။ သင်တို့ မပြုကြပါနှင့်တော့'ဟု ဆိုမူ အာပတ်မသင့်ဟု ပြတော်မူသည်။

"တေသု ဧကော ဝတ္ထသမ္မန္နော ။ပ။ ဝစနတော"အစရှိသော ဋီကာပါဠိတို့ဖြင့်လည်း ရဟန်းတစ်ပါးက "အရှင်ဘုရားသည် တပည့်တို့၌ ပြုအပ်သောဝတ်ဟူသမျှကို မပြုပါလင့်၊ တပည့်တော်တာဝန်ရှိပါစေ။ တပည့်တော်ပြုပါမည်"ဟု လျှောက်ထားသော်လည်းကောင်း၊ ထိုတပည့်တို့ကပင် "ဆရာအရှင်မြတ်သည် တပည့်တော်တို့၌ ပြုအပ်သောဝတ်ကို မပြုပါနှင့်"ဟု လျှောက်ထားသော်လည်းကောင်း၊ တပည့်တို့သည် ဝတ်ကို မသာယာသော်လည်းကောင်း ဆရာ,ဥပဇ္ဈာယ်တို့အားလည်း အာပတ်မသင့်ဟု ပြတော်မူသည်။

"သာဒိယနံ ဝါ အသာဒိယနံ ဝါ န ဇာနာတိ မယိ သာဒိယန္တေ အကရောန္တာနံ အာပတ္တိ ဟောတိ၊ ပဋိက္ခိပိတ္တာ အသာဒိယန္တေ အာပတ္တိ န ဟောတိတိ ဧဝံ နု ဇာနာတိ" ဟူသော ဝိမတိဝိနောဒနီဋီကာပါဠိဖြင့် ဆရာ, တပည့် ၂-ဦးလုံးပင် 'ဝတ်မပြုလင့်' ဟု ခွင့်ပေးပြီးမှ တဖန် သာယာပြန်သော်လည်း အာပတ်မသင့်ဟု ပြတော်မူသည်။

ဤသို့လျှင် ဆရာ,တပည့် ပြုရာသောဝတ်ကို အချင်းချင်း ခွင့်ပေးမူ မပြုသော်လည်း အာပတ်မသင့်ဟု ပြတော်မူသည်။

✪ ✪ ✪ ✪ ✪

[၁၉၀] နိဿရည်း ကင်းက အာပတ်သင့်

(၁)မေး။ ။ နိဿရည်းနှင့်ကင်း၍ နေထိုက်၊သာအဂ်ိမရှိဘဲနှင့် နိဿရည်းမယူဘဲ နေသော ရဟန်းတို့မှာ အာပတ်သင့်ပုံကို အသို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ န ဘိက္ခဝေ အလဇ္ဇိနံ နိဿယော ဒါတဗ္ဗော၊ ယော ဒဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။

န ဘိက္ခဝေ အလဇ္ဇိနံ နိဿာယ ဝတ္ထဗ္ဗံ၊ ယော ဝသေယျ၊ အာပတ္တိ ဒုက္ကဋဿ။

http://www.dhammadownload.com

အနုဇာနာမိ ဘိက္ခဝေ စတူဟပဉ္စာဟံ အာဂမေတုံ ယာဝ ဘိက္ခုသဘာဂတံ ဇာနာမိ။

အနုဇာနာမိ ဘိက္ခဝေ အဒ္ဓါနမဂ္ဂပ္ပဋိပန္နေန ဘိက္ခုနာ နိဿယံ အလဘမာနေန အနိဿိတေန ဝတ္ထုံ။

အနုဇာနာမိ ဘိက္ခဝေ ဂိလာနေန ဘိက္ခုနာ နိဿယံ အလဘမာနေန အနိဿိတေန ဝတ္ထုံ။

အနုဇာနာမိ ဘိက္ခဝေ ဂိလာနုပဋ္ဌာကေန ဘိက္ခုနာ နိဿယံ အလဘမာနေန အနိဿိတေန ဝတ္ထုံ–(ဝိ၊ဝု။၁၂၇-၈)

ဟု မဟာဝါဂါဠိတော်၌ ဟောတော်မူသည်။

၂။ မဟာဝါအဋ္ဌကထာ၌လည်း–

အလဇ္ဇီနံ နိဿာယ ဝသန္တီတိ ဥပယောဂတ္ထေ သာမိဝစနံ၊ အလဇ္ဇိပုဂ္ဂလေ နိဿာယ ဝသန္တီတိ အတ္ထော။ ယာဝ ဘိက္ခုသဘာဂတံ ဇာနာမီတိ နိဿယဒါယကဿ ဘိက္ခုနော ဘိက္ခူဟိ သဘာဂတံ လဇ္ဇိဘာဝံ ယာဝ ဇာနာမီတိ အတ္ထော။ တသ္မာ နဝံ ဌာနံ ဂတေန "ဧဟိ ဘိက္ခု, နိဿယံ ဂဏှာဟီ"တိ ဝုစ္စမာနေနာပိ စတူဟပဉ္စာဟံ နိဿယဒါယကဿ လဇ္ဇိဘာဝံ ဥပပရိက္ခိတ္တွာ နိဿယော ဂဟေတဗ္ဗော။

သစေ "ထေရော လဇ္ဇီ"တိ ဘိက္ခူနံ သန္တိကေ သုတ္တာ အာဂတဒိဝသေ-ယေဝ ဂဟေတုကာမော ဟောတိ၊ ထေရော ပန "အာဂမေဟိ တာဝ, ဝသန္တော ဇာနိဿသီ"တိ ကတိပါဟံ အာစာရံ ဥပပရိက္ခိတ္တွာ နိဿယံ ဒေတိ၊ ဝဋ္ဋတိ။ ပကတိယာ နိဿယဂ္ဂဟဏဌာနံ ဂတေန တဒဟေဝ ဂဟေတဗ္ဗော၊ ဧကဒိဝသမ္ပိ ပရိဟာရော နတ္ထိ။ သစေ ပဌမယာမေ အာစရိယဿ ဩကာသော နတ္ထိ၊ ဩကာသံ အလဘန္တော "ပစ္ဆူသသမယေ ဂဟေဿာမီ"တိ သယတိ၊ အရုဏံ ဥဋ္ဌတမ္ပိ န ဇာနာတိ၊ အနာပတ္တိ။ သစေ ပန "ဂဏှိဿာမီ"တိ အာဘောဂံ အကတ္တာ သယတိ၊ အရုဏုဋ္ဌမနေ ဒုက္ကဋံ။ အဂတပုဗ္ဗံ ဌာနံ ဂတေန ဒွေ တီဏိ ဒိဝသာနိ ဝသိတ္တာ ဂန္ဓကာမေန အနိဿိတေန ဝသိတဗ္ဗံ။ "သတ္တာဟံ ဝသိဿာမီ"တိ အာလယံ ကရောန္တေန ပန နိဿယော ဂဟေတဗ္ဗော။ သစေ ထေရော "ကိံ သတ္တာဟံ ဝသန္တဿ နိဿယေနာ"တိ ဝဒတိ၊ ပဋိက္ခိတ္တကာလတော ပဋ္ဌာယ လဒ္ဓပရိဟာရော ဟောတိ။

http://www.dhammadownload.com

နိဿယံ အလဘမာနေနာတိ အတ္တနာ သဒ္ဓိ အဒ္ဓါနမဂ္ဂပ္ပဋိပန္နေသု နိဿယဒါယကော အသတိ နိဿယံ န လဘတိ နာမ။ ဧဝံ အလဘန္တေန အနိဿိတေန ဗဟူနိပိ ဒိဝသာနိ ဂန္တဗ္ဗံ။ သစေ ပုဗ္ဗေပိ နိဿယံ ဂဟေတ္ဝာ ဝုတ္ထပုဗ္ဗံ ကဋ္ဌိ အာဝါသံ ပဝိသတိ၊ ဧကရတ္တံ ဝသန္တေနာပိ နိဿယော ဂဟေတဗ္ဗော။ အန္တရာမဂ္ဂေ ဝိဿမေန္တော ဝါ သတ္ထံ ပရိယေသန္တော ဝါ ကတိပါဟံ ဝသတိ၊ အနာပတ္တိ။ အန္တောဝဿေ ပန နိဗ္ဗဝါသံ ဝသိတဗ္ဗံ နိဿယော စ ဂဟေတဗ္ဗော။ နာဝါယ ဂစ္ဆန္တသ္သ ပန ဝဿာနေ အာဂတေပိ နိဿယံ အလဘန္တသ္သ အနာပတ္တိ။

ဖာသု ဟောတီတိ သမထဝိပဿနာနံ ပဋိလာဘဝသေန ဖာသု ဟောတိ။ ဣမဉ္စိ ပရိဟာရံ နေဝ သောတာပန္နော န သကဒါဂါမိ အနာဂါမိ အရဟန္တော လဘန္တိ၊ န ထာမဂတသ္သ သမာဓိနော ဝါ ဝိပဿနာယ ဝါ လာဘီ၊ ဝိဿဋ္ဌကမ္မဋ္ဌာနေ ပန ဗာလပုထုဇ္ဇနေ ကထာဝ နတ္ထိ။ ယဿ ခေါ ပန သမထော ဝါ ဝိပဿနာ ဝါ တရုဏာ ဟောတိ၊ အယံ ဣမံ ပရိဟာရံ လဘတိ၊ ပဝါရဏာသင်္ခေါပိ ဧတသ္မေဝ အနုညာတော။ တသ္မာ ဣမိနာ ပုဂ္ဂလေန အာစရိယေ ပဝါရေတ္ဝာ ဂတေပိ "ယဒါ ပတိရူပေါ နိဿယဒါယကော အာဂစ္ဆိဿတိ၊ တဿ နိဿာယ ဝသိဿာမိ"တိ အာဘောဂံ ကတ္ဝာ ပုန ယာဝ အာသာဋိပုဏ္ဏမာ၊ တာဝ အနိဿိတေန ဝတ္ထုံ ဝဋ္ဋတိ။ သစေ ပန အာသာဋိမာသေ အာစရိယော နာဂစ္ဆတိ၊ ယတ္ထ နိဿယော လဗ္ဘတိ၊ တတ္ထ ဂန္တဗ္ဗံ— (ဝိ၊ဋ္ဌ၊၃။၃၁၃-၅)

ဟု ဆိုတော်မူသည်။

၃။ **ဝိမတိဝိနောဒနီဋီကာ၌လည်း—**

ဝိဿမန္တော ဝါ ။ပ။ အနာပတ္တိတိ ဂမနသဉ္ဉိဿာဟတာယ တထာ ဝသန္တောပိ အဒ္ဓိကော ဧဝ၊ တတ္ထ နိဿယဒါယကေ အသတိ အနာပတ္တိတိ အဓိပ္ပါယော။ ဧတေန စ ပရိဿမာဒိအဘာဝေ သေနာသနာဒိသမ္ဘဒံ ပဋိစ္စ ဝသတော အာပတ္တိတိ ဒဿေတိ။ တဉ္စ အဂမနပစ္စယာ ဒိဝသေ ဒိဝသေ အာပဇ္ဇတီတိ ဝဒန္တိ။ စိဝရရဇနာဒိကိစ္စတ္ထာယ ဂန္ဓဟိ ပေသိတဿာပိ ကိစ္စပရိယောသာနမေဝ ဝသိတဗ္ဗံ၊ န တတော ပရံ။ ဂန္ဓဟိပိ တာဝကာလိကကိစ္စတ္ထမေဝ ပေသလဒဟရာ ပေသိတဗ္ဗာ၊ န နိစ္စကာလကိစ္စတ္ထန္တိ ဒဋ္ဌဗ္ဗံ။ နာဝါယ

http://www.dhammadownload.com

ဂစ္ဆန္တသ ။ပ။ အနာပတ္တိတိ ဝုတ္တတ္တာ ဧဝရူပံ အဝိဓေယျတံ ဝိနာ နိဿယ-ဒါယကရဟိတဌာနေ ဝသံ ဥပဂန္တုံ န ဝဋ္ဋတီတိ ဒဋ္ဌဗ္ဗံ။

တသ နိဿာယာတိ တံ နိဿာယ။ အာသာဇ္ဇီမာသေ ။ပ။ တတ္ထ ဂန္တ္ဗုန္တိ ဇတ္ထ ပန သစေပိ "အသုကော ထေရော ဇတ္ထ အာဂမိဿတိ အာဂမိဿတီ"တိ အာဂမေန္တသ္သေဝ ဝဿူပနာယိကဒိဝသော ဟောတိ။ ဟောတု၊ ဝသိတဌာနေ ဝသံ အနုပဂမ္မ ယတ္ထ နိဿယော လဗ္ဘတိ၊ ဒူရေပိ တတ္ထ ဂန္ဒှာ ပစ္ဆိမိကာယ ဥပဂန္တဗ္ဗံ— (ဝိမတိ၊၂။၁၂၉)

ဟု ဖွင့်တော်မူသည်။

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့၌ "နဝံ ဌာနံ ဂတေန ။ပ။ နိဿယော ဂဟေတဗ္ဗော"ဟူသော ပါဠိဖြင့် မရောက်ဖူးသေးသောနေရာသို့ ရောက်သောအခါ မထေရ်က "နိဿရည်းယူလော့"ဟု ဆိုသော်လည်းကောင်း၊ မဆိုသော်လည်းကောင်း ထိုနိဿရည်းပေးသောမထေရ်၏ အလဇ္ဇီအဖြစ်ကို ၄,၅-ရက် ဆင်ခြင်၍ နေပြီးမှ လဇ္ဇီဟု သိလျှင် နိဿရည်း ယူအပ်သည်။ အလဇ္ဇီ-ဟု သိမူ နိဿရည်း မယူအပ်။ တပါးသော အရပ်သို့ သွားရမည်ဟု ပြတော်မူသည်။

သစေ ထေရော လဇ္ဇီတိ ။ပ။ နိဿယံ ဒေတိ၊ ဝဋ္ဋတိ–ဟူသောပါဠိဖြင့် ထိုအရပ်၌ မထေရ်၏ လဇ္ဇီအဖြစ်ကို ရဟန်းတို့ပြောသည်ကို ကြား၍ ရောက်သောနေ့၌ နိဿရည်း ယူလိုသော်လည်း မထေရ်က "ငံ့လင့်ဦးလော့"ဟု ဆို၍ ၂-ရက်, ၃-ရက် ဆိုင်းထားပြီးမှ ထိုနိဿရည်းယူသော ရဟန်းကို လဇ္ဇီ-ဟု သိ၍ နိဿရည်းကို ပေးမူလည်း အပ်သည်။ ထို ၂-ရက်, ၃-ရက်ကို လွန်၍ မနေအပ်-ဟု ပြတော်မူသည်။

"ပကတိယာ နိဿယဂ္ဂဟဏဌာနံ ။ပ။ ပရိဟာရော နတ္ထီ"ဟူသောပါဠိဖြင့် နိဿရည်း ယူ၍ နေဖူးသောနေရာသို့ ရောက်သောရဟန်းသည် ရောက်သောနေ့၌ပင် နိဿရည်း ယူအပ်သည်။ မယူဘဲနေလျှင် အရုဏ်တက်မူ ဒုက္ကဋ်သင့်သည်-ဟု ပြတော်မူသည်။

"သစေ ပဌမယာမေ ။ပ။ ဒုက္ကဋံ"ဟူသောပါဠိဖြင့် ပဌမယာမ်၌ နိဿရည်း ပေးသော ဆရာ မအားမလပ်ရှိ၍ "အရုဏ်မတက်မီ နိဿရည်းယူအုံ့"ဟု စိတ်ကကြံ၍ အိပ်သောအခါ အရုဏ်တက်သော်လည်း အာပတ်မသင့်။ ထိုသို့ စိတ်က မကြံဘဲ အိပ်၍ အရုဏ်တက်မူ ဒုက္ကဋ်သင့်သည်ဟု ပြတော်မူသည်။

http://www.dhammadownload.com

"**အဂတပုဗ္ဗဌာနံ ။ပ။ လဒ္ဓပရိဟာရော**"တိုင်အောင်သော ပါဠိဖြင့် မရောက်ဖူးသော အရပ်သို့ ရောက်သောရဟန်းသည် ထိုအရပ်၌ မနေ၊ သွားမည်-ဟု အကြံရှိသော်လည်း ၂-ရက်, ၃-ရက်သာ နိဿရည်းမယူဘဲ နေအပ်သည်။ ၇-ရက်ကြာအောင် မနေအပ်။ ၇-ရက် ကြာအောင် နေလိုမူ နိဿရည်းပေးသောဆရာ၏ လဇီအဖြစ်ကို မသိလျှင် ၄-ရက်, ၅-ရက် ဆင်ခြင်၍ လဇီ-ဟုသိလျှင် နိဿရည်းယူအပ်သည်။ အလဇီ-ဟုသိမူ မယူဘဲ သွားအပ်သည်။

မထေရ်၏ လဇီအဖြစ်ကို ရဟန်းတို့ပြောသည်ကို ကြား၍ သိမူ ၄-ရက်, ၅-ရက် မဆင်ခြင်ဘဲသာ နိဿရည်းယူ၍ နေအပ်သည်။ နိဿရည်းယူသောအခါ မထေရ်က "၇-ရက်မျှ နိဿရည်းယူ၍ နေခြင်းအား အဘယ်အကျိုးရှိအံ့နည်း"ဟု ပယ်သောအခါ မယူဘဲသာ နေအပ်သည်-ဟု ပြတော်မူသည်။

"**အတ္ထာနာ သဒ္ဓိံ ။ပ။ နိဿယော ဂဟေတဗ္ဗော**"တိုင်အောင်သောပါဠိဖြင့် ခရီးသွားသော ရဟန်းတို့တွင် နိဿရည်းပေးတတ်သော ဆရာပါမူ နိဿရည်းယူ၍ သွားအပ်သည်။ မပါမူ နိဿရည်းမယူဘဲသာ ကြာမြင့်စွာ ခရီးသွားအပ်သည်။ ထိုသို့ လမ်းခရီးသွားရာ ရှေ့က နိဿရည်းယူဖူးသောနေရာသို့ ရောက်၍ ၁-ညဉ့်အိပ်လိုမူ နိဿရည်းယူအပ်သည်-ဟု ပြတော်မူသည်။

"**အန္တရာမဂ္ဂေ ဝိဿမန္တော ဝါ ။ပ။ နိဿယော စ ဂဟေတဗ္ဗော**"တိုင်အောင် ပါဠိဖြင့် ခရီးပင်ပန်း၍ မသွားနိုင်သဖြင့်လည်းကောင်း၊ အဖော်လှည်းကုန်သည်ကို ရှာသည်ဖြစ်၍ လည်းကောင်း ၂-ရက်, ၃-ရက်သာနေ၍ သွားလိုမူ နိဿရည်းမယူဘဲ နေအပ်သည်။ ဝါတွင်း၌ကား ခရီးမသွားဘဲ အမြဲနေအပ်သည်။ နိဿရည်းကိုလည်း ယူအပ်သည်-ဟု ပြတော်မူသည်။

"**နာဝါယ ။ပ။ အနာပတ္တိ**"ဟူသောပါဠိဖြင့် လှေသင်္ဘောဖြင့်သွားသော ရဟန်းသည် ဝါဆိုနေ့ကျ၍ လှေသင်္ဘော၌ ဝါဆိုရမူ နိဿရည်းကို မရသော်လည်း အာပတ်မသင့်ဟု ပြတော်မူသည်။

"**ဖာသု ဟောတီတိ သမထဝိပဿနာနံ ။ပ။ တတ္ထ ဂန္တုံ**"တိုင်အောင်ပါဠိဖြင့် ပဝါရဏာပြု၍ နိဿရည်းပေးတတ်သောဆရာ အရပ်တပါးသို့ ဖဲသွားသည်ရှိသော် အကြင်အခါ၌ လျောက်ပတ်သော, နိဿရည်းပေးတတ်သော ဆရာသည် ဤတောကျောင်းသို့ ရောက်လတ္တံ့၊ ထိုသို့ ရောက်လာသောဆရာ့ထံ၌ နိဿရည်းယူ၍ နေအံ့-ဟု နှလုံးသွင်း၍ ဝါဆိုလပြည့်တိုင်အောင် နိဿရည်းမယူဘဲ နေအပ်သည်။ ဝါဆိုလပြည့်တိုင် ရောက်၍ မလာမူ နိဿရည်းပေးတတ်သော ဆရာရှိရာသို့ သွားအပ်သည်။

http://www.dhammadownload.com

ဦးကာဆရာတို့အလိုအားဖြင့် ဝါဆိုလပြည့်နေ့၌ "ဤမည်သောမထေရ် လာရောက်လတ္တံ့"ဟု သတင်းကြားမူ ငံ့၍ နေပြီးလျှင် ဝါဆိုသောနေ့တိုင် ရောက်၍ မလာမူ ဝါမဆိုဘဲသာ နိဿရည်းရှိရာသို့ သွားအပ်သည်၊ ပုရိမဝါ မဆိုမီလျှင် ပစ္ဆိမဝါ ကပ်အပ်သည်။

ဤသို့သောအခွင့်ကို သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာတို့သည် မရအပ်ကုန်၊ မဆုတ်မနစ် ရင့်ပြီး၍ အားကြီးသော သမာဓိ, ဝိပဿနာရှိသော ကလျာဏပုထုဇဉ်ရဟန်းတို့လည်း မရအပ်ကုန်၊ စွန့်လွှတ်သောကမ္မဋ္ဌာန်းရှိသော (ဝါ) ကမ္မဋ္ဌာန်းဘာဝနာ ရှင်းရှင်းကွာသော ဗာလပုထုဇဉ်ရဟန်းတို့မှာ ဆိုဖွယ်ရာမရှိ၊ အတိဒုလ္လဘ မရအပ်ကုန်။ ကမ္မဋ္ဌာန်းကို အားထုတ်သော မရင့်သေးသော နုသေးသော သမထ, ဝိပဿနာရှိသော တောနေရဟန်းသာ ရအပ်သည်-ဟု ပြတော်မူသည်။

"ဝိဿမေန္တော ဝါ ။ပ။ အနာပတ္တိတိ ဂမနသဉ္ဉဿာဟတာယ ။ပ။ ဒိဝသေ ဒိဝသေ အာပဇ္ဇတိတိ ဝဒန္တိ"ဟူသော ဝိမတိဝိနောဒနီဋီကာပါဠိဖြင့် ခရီးပန်း၍ မသွားနိုင်သဖြင့် နားနေရာ ၂-ရက်, ၃-ရက်မျှကို နေ၍ သွားလိုသောစိတ်ရှိသည် အဖြစ်ကြောင့် အပ်သည်။ ထိုသို့ နေရာ၌လည်း နိဿရည်းပေးတတ်သော ဆရာမရှိရာ၌သာ အာပတ်မသင့်သည်၊ ခရီးပင်ပန်းခြင်းစသော အကြောင်းမရှိဘဲ ကျောင်းအာဝါသကို အစွဲပြု၍ မသွားဘဲနေမူ ခရီးမသွားလို၍နေရာ ခရီးမသွားခြင်းကြောင့် နေ့တိုင်း,နေ့တိုင်း ဒုက္ကဋ်သင့်သည်-ဟု ပြတော်မူသည်။

ဤသို့လာသော အဋ္ဌကထာ, ဦးကာတို့ကို ထောက်မူ နိဿရည်းကင်း၍ နေထိုက်သော အဂိါနှင့် မပြည့်စုံသောရဟန်းသည် ဥပဇ္ဈာယ်,ဆရာနှင့် ကင်း၍ တပါးသောအရပ်၌ နိဿရည်းမယူဘဲနေမူ နေ့တိုင်း,နေ့တိုင်း ဒုက္ကဋ်အာပတ်သင့်သည်ဟု မှတ်ရမည်။

ဂိလာနရဟန်း, ဂိလာနုပဋ္ဌာကရဟန်းတို့မှာ နိဿရည်းကို မရသည်ရှိသော် အာပတ်မသင့်-ဟု မှတ်။

ဤသို့လျှင် နိဿရည်းအဂိါနှင့် မပြည့်စုံမူ၍ နိဿရည်းမယူဘဲနေသော ရဟန်းတို့၏ အာပတ်သင့်ပုံကို မှတ်ရမည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၉၁] ဥပဇ္ဈာယ်ခေတ္တခရီးသွားရာ၌ နိဿရည်းယူပုံ

(၁)မေး။ ။ဥပဇ္ဈာယ်ဆရာသည် အရပ်တပါးသို့ ခေတ္တသွားရာ၌ အဘယ်သို့ နိဿရည်းယူ၍ နေရပါအံ့နည်း။

ဖြေ။ ။ထိုအမေးမှာ–

၁။ ပတ္တန္တောတိ တမှာ အာဝါသာ ဝိပ္ပဝသိတုကာမော ပက္ကန္တော ဒိသံ ဂတော။ ဧဝံ ဂတေ စ ပန တသ္မိံ သစေ ဝိဟာရေ နိဿယဒါယကော အတ္ထိ၊ ယဿ သန္တိကေ အညဒါပိ နိဿယော ဝါ ဂဟိတပုဗ္ဗော ဟောတိ၊ ယော ဝါ ဧကသမ္မောဂ-ပရိဘောဂေါ၊ တဿ သန္တိကေ နိဿယော ဂဟေတဗ္ဗော၊ ဧကဒိဝသမ္ပိ ပရိဟာရော နတ္ထိ။ သစေ တာဒိသော နတ္ထိ၊ အညော လဇ္ဇီ ပေသလော အတ္ထိ၊ တဿ လဇ္ဇိပေသလဘာဝံ ဇာနန္တေန တဒဟေဝ နိဿယော ယာစိတဗ္ဗော။ သစေ ဒေတိ၊ ဣစ္ဆေတံ ကုသလံ။ အထ ပန “တုမှာကံ ဥပဇ္ဈာယော လဟုံ အာဂမိဿတီ”တိ ပဋ္ဌပေတိ၊ ဥပဇ္ဈာယေန စ တထာ ဝုတ္တံ၊ “အာမဘန္တေ”တိ၊ ဝတ္တဗ္ဗံ။ သစေ ဝဒတိ “တေန ဟိ ဥပဇ္ဈာယဿ အာဂမနံ အာဂမေထာ”တိ ဝဋ္ဋတိ။ အထ ပနဿ ပကတိယာ ပေသလဘာဝံ န ဇာနာတိ၊ စတ္တာရိ ပဉ္စ ဒိဝသာနိ တဿ ဘိက္ခုနော သဘာဂတံ သြလောကေတွာ သြကာသံ ကာရေတွာ နိဿယော ဂဟေတဗ္ဗော။

သစေ ပန ဝိဟာရေ နိဿယဒါယကော နတ္ထိ၊ ဥပဇ္ဈာယော စ “အဟံ ကတိပါဟေန အာဂမိဿာမိ၊ မာ ဥက္ကဏ္ဌိတ္ထာ”တိ ဝတ္တာ ဂတော၊ ယာဝ အာဂမနာ ပရိဟာရော လဗ္ဘတိ။ အထာပိ နံ တတ္ထ မနုဿာ ပရိစ္ဆိန္နကာလတော ဥတ္တရိပိ ပဉ္စ ဝါ ဒသ ဝါ ဒိဝသာနိ ဝါသေန္တိယေဝ၊ တေန ဝိဟာရံ ပဝတ္တိ ပေသေတဗ္ဗာ “ဒဟရာ မာ ဥက္ကဏ္ဌန္တု၊ အဟံ အသုကဒိဝသံ နာမ အာဂမိဿာမီ”တိ။ ဧဝမ္ပိ ပရိဟာရော လဗ္ဘတိ။ အထ အာဂဉ္ဆတော အန္တရာမဂ္ဂေ နဒီပူရေန ဝါ စောရာဒီဟိ ဝါ ဥပဒ္ဒဝေါ ဟောတိ၊ ထေရော ဥဒကောသက္ကနံ ဝါ အာဂမေတိ၊ သဟာယေ ဝါ ပရိယေသတိ၊ တဗ္ဗေ ပဝတ္တိံ ဒဟရာ သုဏန္တိ၊ ယာဝ အာဂမနာ ပရိဟာရော လဗ္ဘတိ။ သစေ ပန သော “ဣဓေ’ဝါဟံ ဝသိဿာမီ”တိ ပဟိဏာတိ၊ ပရိဟာရော နတ္ထိ။ ယတ္ထ နိဿယော လဗ္ဘတိ၊ တတ္ထ ဂန္တဗ္ဗံ။

http://www.dhammadownload.com

ဝိဘင်္ဂန္တေ ပန ကာလင်္တေ ပက္ခသင်္ကန္တေ ဝါ ဧကဒိဝသမ္ပိ ပရိဟာရော နတ္ထိ။ ယတ္ထ နိဿယော လဗ္ဘတိ၊ တတ္ထ ဂန္တုံ– (ဝိ၊၄၊၃၊၂၆၇-၈)

ဟု မဟာဝါအဋ္ဌကထာ၌ လာသည်။

၂။ ဝိမတိဝိနောဒနီဋီကာ၌လည်း–

ယော ဝါ ဧကသမ္ဘောဇနပရိဘောဂေါ၊ တဿ သန္တိကေ နိဿယော ဂဟေ- တဗ္ဗောတိ ဣမိနာ လဇ္ဇီသု ဧဝ နိဿယဂ္ဂဟဏံ နိယောဇေတိ အလဇ္ဇီသု ပဋိက္ခိတ္တတ္တာ။ ဧတ္ထ စ ပရိဘောဇသဒ္ဒေန ဧကကမ္မာဒိကော သံဝါသော ဂဟိတော ပစ္စယပရိဘောဇဿ သမ္ဘောဇသဒ္ဒေန ဂဟိတတ္တာ၊ ဧတေန စ သမ္ဘောဇသံဝါသာနံ အလဇ္ဇီဟိ သဒ္ဓိံ နာ ကတ္တဗ္ဗတံ ဒဿေတိ။ ပရိဟာရော နတ္ထိတိ အာပတ္တိပရိဟာရော နတ္ထိ။ တာဒိသောတိ ယတ္ထ နိဿယော ဂဟိတပုဗ္ဗော၊ ယော စ ဧကသမ္ဘောဇ-ပရိဘောဂေါ၊ တာဒိသော။ တဏာ ဝုတ္တန္တိ "လဟုံ အာဂမိဿာမီ"တိ ဝုတ္တဥ္စေတိ အတ္ထော။ စတ္တာရိ ပဉ္စ ဒိဝသာနီတိ ဣဒံ ဥပလက္ခဏမတ္တံ။ ယဒိ ဧကာဟဒ္ဒိဟေန သဘာဂတာ ပညာယတိ၊ ဉာတဒိဝသေန ဂဟေတဗ္ဗော၀။ အထာပိ စတုပဉ္စာ-ဟေနာပိ နာ ပညာယတိ၊ ယတ္ထကေဟိ ဒိဝသေဟိ ပညာယတိ၊ တတ္ထကာနိ အတိက္ကမေတဗ္ဗာနိ။ သဘာဂတံ ဩလောကေမီတိ ပန လေသော နာ ကာတဗ္ဗော။

ဒဟရာ သုဏာန္တီတိ ဧတ္ထ အသုတ္တာပိ အာဂမိဿတိ၊ ကေနစိ အန္တရာယေန စိရာယတီတိ သညာယ သတိ လဗ္ဘတေ၀ ပရိဟာရော။ တေနာဟ "ဣဓေ၀ါဟံ ဝသိဿာမီတိ ပဟိဏာတိ၊ ပရိဟာရော နတ္ထီ"တိ။

ဧကဒိဝသမ္ပိ ပရိဟာရော နတ္ထိတိ ဂမနေ နိရုဿာဟံ သန္ဓာယ ဝုတ္တံ။ သဥဿာဟဿ ပန သေနာသနပဋိသာမနာဒိဝသေန ကတိပါဟေ ဂတေပိ နဒေါသော– (ဝိမတိ၊၂။၁၀၆)ဟု ဖွင့်တော်မူသည်။

ဤသို့လာသော အဋ္ဌကထာ,ဋီကာတို့၌ "ပက္ကန္တောတိ တမှာ အာဝါသာ ။ပ။ ဧကဒိဝသမ္ပိ ပရိဟာရော နတ္ထိ"တိုင်အောင် ပါဠိဖြင့် ဥပမျှော်ဆရာသည် ထိုကျောင်းမှာ မနေလိုဂျ သွားသည် ဖြစ်စေ၊ ခေတ္တသွားသည်ဖြစ်စေ၊ ထိုကျောင်း၌ နိဿရည်းပေးတတ်သော ရဟန်းရှိသည်ဖြစ်အံ့၊ ထိုနိဿရည်းပေးတတ်သော ရဟန်းတို့တွင် နိဿရည်းယူဖူးသောရဟန်းထံ၌ ဖြစ်စေ၊ တူသောပစ္စယသမ္ဘောဂ ဓမ္မသမ္ဘောဂရှိသော ရဟန်းထံ၌ဖြစ်စေ နိဿရည်း ယူအပ်သည်။ ၁-ရက်ကိုမျှ မလွန်စေအပ်၊ လွန်မူ ဒုက္ကဋ်သင့်သည်ဟု ပြတော်မူသည်။

http://www.dhammadownload.com

"အညော လဇ္ဈိပေသလော ။ပ။ အာဂမေထာတိ၊ ဝဋ္ဋတိ"ဟူသောပါဠိဖြင့် ထိုကျောင်း၌ နိဿရည်းပေးတတ်သော လဇ္ဈိပေသလရဟန်း ရှိသည်ဖြစ်အံ့၊ ထိုရဟန်း၏ လဇ္ဈိပေသလ အဖြစ်ကိုသိမူ ဥပဇ္ဈာယ်ဆရာသွားသောနေ့၌ နိဿရည်းကို တောင်းပန်၍ ယူအပ်သည်။ တောင်းပန်သောအခါ "သင်တို့ ဥပဇ္ဈာယ်ဆရာ လျင်မြန်စွာ လာလတ္တံ့လော" ဟု မေးမူ ဆရာဥပဇ္ဈာယ်က "လျင်စွာပြန်ခဲ့မည်"ဟု မှာထားခဲ့လျှင် "လာပါလိမ့်မည်"ဟု ပြောရမည်။ ပြောသောအခါ "သင်တို့ ဥပဇ္ဈာယ်ဆရာလာအောင် ငံ့လင့်၍ နေကြဦးလော့"ဟု ဆိုမူ မယူဘဲ နေအပ်သည်ဟု ပြတော်မူသည်။

"အထ ပနဿ ။ပ။ နိဿယော ဂဟေတဗ္ဗော"ဟူသော ပါဠိဖြင့် ထိုကျောင်း၌ ရှိသော နိဿရည်းပေးတတ်သောရဟန်း၏ လဇ္ဈိအဖြစ်ကို မသိမူ ၄-ရက်, ၅-ရက်တိုင် ဆိုင်းငံ့၍ လဇ္ဈိ-ဟုသိမူ နိဿရည်း ယူအပ်သည်။ ဝိမတိဋ္ဌီကာအလိုအားဖြင့် ၄-ရက်, ၅-ရက်ဆိုသော်လည်း ဆင်ခြင်၍ သိသောနေ့၌ ယူအပ်သည်။ ၄-ရက်, ၅-ရက်တိုင်၍ မသိသေးမူ လွန်၍သော်လည်း စူးစမ်းဆင်ခြင် အပ်သည်၊ သိသောအခါမှ ယူအပ်သည်-ဟု ပြတော်မူသည်။

"သစေ ပန ဝိဟာရေ နိဿယဒါယကော နတ္ထိ ။ပ။ ဧဝမ္ပိ ပရိဟာရော လဗ္ဘတိ" တိုင်အောင်ပါဠိဖြင့် ဥပဇ္ဈာယ်ဆရာက "ငါသည် ၂-ရက်, ၃-ရက်ကြာလျှင် ပြန်ခဲ့မည်" ဟု ဆို၍သွားမူ နိဿရည်းကင်း၍ နေအပ်သည်။ ထိုသို့ ဆို၍သွားရာ၌ ဒါယကာတို့က တားပြန်၍ ၅-ရက်, ၁၀-ရက်ကြာအောင် နေရမည်ဖြစ်လျှင် ဆရာက အကြောင်းကို ပြန်ကြား၍ "ဤမည်သောနေ့၌ လာမည်"ဟုဆိုလျှင် ဥပဇ္ဈာယ်ဆရာလာအောင် နေအပ်သည်ဟု ပြတော်မူသည်။

"အထ အာဂန္ဆတော အန္တရာမဂ္ဂေ ။ပ။ ပရိဟာရော လဗ္ဘတိ"ဟူသောပါဠိဖြင့် လမ်းခရီး၌ မြစ်ရေကြီး၍ မြစ်ရေကျခြင်းကို ငံ့နေသည်ဟူ၍လည်းကောင်း၊ ခိုးသူ, သားရဲရှိ၍ အဖော်ကို ငံ့နေသည်ဟူ၍လည်းကောင်း သတင်းစကားကြားမူ ဆရာလာအောင် နိဿရည်းကင်း၍ နေအပ်သည်။

ဝိမတိဝိနောဒနီဋ္ဌီကာရှင် အလိုအားဖြင့် သတင်းမကြားသော်လည်း "တစ်စုံတစ်ခု အန္တရာယ်ရှိ၍ နေသည်၊ ပြန်လာလိမ့်မည်"ဟူသော အမှတ်သညာရှိမူ နိဿရည်းကင်း၍ နေအပ်သည်ဟု ပြတော်မူသည်။

"သစေ ပန သော ဣဓေဝ ။ပ။ ဂန္တွံ"ဟူသောပါဠိဖြင့် ဥပဇ္ဈာယ်ဆရာက "ငါ မပြန်လာ"ဟု စေလွှတ်ပြောကြားမူ ပြောကြားသောနေ့၌ နိဿရည်းပေးတတ်သော ဆရာ ရှိရာသို့ သွားအပ်သည်ဟု ပြတော်မူသည်။

http://www.dhammadownload.com

"ဝိဘ္ဘန္တေ ပန ။ပ။ ဂန္တ္တဲ"ဟူသောပါဠိဖြင့် ဥပဇ္ဈာယ်ဆရာ သေသော်လည်းကောင်း၊ တိတ္ထိဘောင်သို့ ဝင်သော်လည်းကောင်း၊ လူထွက်သော်လည်းကောင်း ၁-ရက်ကိုမျှ မလွန်စေမူ၍ နိဿရည်းပေးတတ်သော ဆရာရှိရာသို့ သွားအပ်သည်၊ မသွားမူ ဒုက္ကဋ်သင့်သည်။

ဝိမတိဋီကာရှင်အလိုအားဖြင့် "သွားအံ့"ဟူသော ဥဿာဟရှိသဖြင့် သေနာသနစသည်ကို သိမ်းမိ၍ ၂-ရက်, ၃-ရက်နေသော်လည်း အပြစ်မရှိ-ဟု ပြတော်မူသည်။

ဤသို့လျှင် ဥပဇ္ဈာယ်ဆရာသည် မနေလို၍ သွားရာ, ခေတ္တခဏ သွားရာတို့၌ နိဿရည်းယူအပ်, မယူအပ်ကို သိလေ။

✪ ✪ ✪ ✪ ✪

[၁၉၂] အဂိလာနပြည့်စုံဘဲ ဥပဇ္ဈာယ်ဆရာလုပ်ခြင်း

(၁) မေး။ ။ ဥပဇ္ဈာယ်ဆရာ, နိဿရည်းဆရာပြုထိုက်သော အဂိလာနရှိဘဲ ဥပဇ္ဈာယ် ပေးသော ရဟန်း, နိဿရည်းပေးသော ရဟန်းတို့မှာ အဘယ်သို့ အပြစ်ကို မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ နာ ဘိက္ခဝေ ဗာလေန အဗျတ္တေန ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။ နာ ဘိက္ခဝေ ဗာလေန အဗျတ္တေန နိဿယော ဒါတဗ္ဗော၊ ယော ဒဒေယျ၊ အာပတ္တိ ဒုက္ကဋဿ- ဟူ၍ လည်းကောင်း၊

အပရေဟိပိ ဘိက္ခဝေ ပဉ္စဟ'င်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ နာ ဥပသမ္ပာဒေတဗ္ဗံ၊ နာ နိဿယော ဒါတဗ္ဗော၊ နာ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။ အာပတ္တိ နာ ဇာနာတိ၊ အနာပတ္တိ နာ ဇာနာတိ၊ လဟုကံ အာပတ္တိ နာ ဇာနာတိ၊ ဂရုကံ အာပတ္တိ နာ ဇာနာတိ၊ ဥိနဒသဝဿော ဟောတိ။ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟ'င်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ နာ ဥပသမ္ပာဒေတဗ္ဗံ၊ နာ နိဿယော ဒါတဗ္ဗော၊ နာ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော– (ဝိ၊၃။၇၅၊၈၉၊၉၃)

ဟူ၍လည်းကောင်း **မဟာဝါဟိဋီတော်၌** လာသည်။

http://www.dhammadownload.com

၂။ ဣတော ပဌာယ စ ပန ယတ္ထ ယတ္ထ နကာရေန ပဋိသေဓော ကရိယတိ၊ သတ္ထတ္ထ ဒုက္ကဋာပတ္တိ ဝေဒိတဗ္ဗာ။ အယံ ဟိ ခန္ဓကဓမ္မတာ– (ဝိ၄၊၃၊၂၅၉)

ဟု မဟာဝါအဋ္ဌကထာ ဥပဇ္ဈာယဝတ္ထုကထာ၌ လာသည်။

ဤသို့လာသော ပါဠိ, အဋ္ဌကထာကို ထောက်၍ ဥပဇ္ဈာယ်ဆရာ ပြုထိုက်သော အင်္ဂါမရှိဘဲ ဥပဇ္ဈာယ်ပေးသော ရဟန်းမှာ ပေးသောအခါ ဒုက္ကဋ်အာပတ်သင့်သည်။ နိဿရဏ်းဆရာ ပြုထိုက်သော အင်္ဂါမရှိဘဲ နိဿရဏ်းပေးသော ရဟန်းမှာ ပေးသောအခါ ဒုက္ကဋ်အာပတ်သင့်သည်-ဟု မှတ်ရမည်။

ဤသို့ ပြဆိုအပ်သော အရုပ်ရုပ်သော ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ ဥပဇ္ဈာယ်,နိဿရဏ်းအင်္ဂါနှင့် မပြည့်စုံဘဲ ဥပဇ္ဈာယ်,နိဿရဏ်းပေးသော ရဟန်းတို့မှာ ပေးသောအခါ ဒုက္ကဋ်အာပတ်သင့်သည်။ ဥပဇ္ဈာယ်ဆရာနှင့်ကင်း၍ နိဿရဏ်းလွတ်ထိုက်သောအင်္ဂါနှင့် မပြည့်စုံဘဲနှင့် နိဿရဏ်းမယူဘဲ နေသော ရဟန်းတို့မှာ နေ့တိုင်း နေ့တိုင်း ဒုက္ကဋ်အာပတ်သင့်သည်ဟု သန္နိဋ္ဌာန်ကျ မှတ်ကြရမည်။

ထို့ကြောင့် လင်္ကာပေသလ သိင်္ဂါကာမကို လိုလားသောရဟန်းတို့သည် ဝိနည်းပရိယတ်ကို အားထုတ်၍ သင်အံချုပ်ဖို့ လေ့လာခြင်းကို ပြုသင့်ကြသည်ဟူသော ဥပဒေသကို မှတ်လေ။

✪ ✪ ✪ ✪ ✪

[၁၉၃] အဓိကရဏ်း ၄-ပါး

(၁)**မေး**။ ။ အဓိကရဏ်း ၄-ပါးကို အဘယ်သို့ မှတ်ရမည်နည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ ဣဓ ဘိက္ခူ ဝိဝဒန္တိ ဧမ္မောတိ ဝါ အဓမ္မောတိ ဝါ၊ ဝိနယောတိ ဝါ အဝိနယောတိ ဝါ ။ပ။ ဣဒံ ဝုစ္စတိ **ဝိဝါဒါဓိကရဏံ**။ ဝိဝါဒါဓိကရဏေ သံယော ဝိဝဒတိ **ဝိဝါဒါဓိကရဏံ**၊ ဝိဝဒမာနော အနုဝဒတိ **အနုဝါဒါဓိကရဏံ**၊ အနုဝဒမာနော အာပတ္တိံ အာပဇ္ဇတိ **အာပတ္တာဓိကရဏံ**၊ တာယ အာပတ္တိယာ သံယော ကမ္မံ ကရောတိ **ကိစ္စာဓိကရဏံ**။ ဧဝံ ဝိဝါဒါဓိကရဏပစ္စယာ စတ္တာရော အဓိကရဏာ ဇာယန္တိ။

http://www.dhammadownload.com

ကြဓ ဘိက္ခု၊ ဘိက္ခုံ အနုဝဒန္တိ သိလဝိပတ္တိယာ ဝါ အာစာရဝိပတ္တိယာ ဝါ ဒိဋ္ဌိဝိပတ္တိယာ ဝါ အာဇီဝဝိပတ္တိယာ ဝါ ။ပ။ ကြဒ် ဝုစ္စတိ **အနုဝါဒါဓိကရဏံ**။ အနုဝါဒါဓိကရဏေ သံယော ဝိဝဒတိ **ဝိဝါဒါဓိကရဏံ**၊ ဝိဝဒမာနော အနုဝဒတိ **အနုဝါဒါဓိကရဏံ**၊ အနုဝဒမာနော အာပတ္တိံ အာပဇ္ဇတိ **အာပတ္တာဓိကရဏံ**၊ တာယ အာပတ္တိယာ သံယော ကမ္မံ ကရောတိ **ကိစ္စာဓိကရဏံ**။ ဧဝံ အနုဝါဒါဓိကရဏ-ပစ္စယာ စတ္တာရော အဓိကရဏာ ဇာယန္တိ။

ပဉ္စပိ အာပတ္တိက္ခန္ဓာ အာပတ္တာဓိကရဏံ၊ သတ္တပိ အာပတ္တိက္ခန္ဓာ အာပတ္တာဓိ-ကရဏံ၊ ကြဒ် ဝုစ္စတိ **အာပတ္တာဓိကရဏံ**။ အာပတ္တာဓိကရဏေ သံယော ဝိဝဒတိ **ဝိဝါဒါဓိကရဏံ**၊ ဝိဝဒမာနော အနုဝဒတိ **အနုဝါဒါဓိကရဏံ**၊ အနုဝဒမာနော အာပတ္တိံ အာပဇ္ဇတိ **အာပတ္တာဓိကရဏံ**၊ တာယ အာပတ္တိယာ သံယော ကမ္မံ ကရောတိ **ကိစ္စာဓိကရဏံ**။ ဧဝံ အာပတ္တာဓိကရဏပစ္စယာ စတ္တာရော အဓိကရဏာ ဇာယန္တိ။

ယာ သံယသ ကိစ္စယတာ ကရဏိယတာ အပလောကနကမ္မံ ဉ တ္တိကမ္မံ ဉ တ္တိဒုတိယကမ္မံ ဉ တ္တိစတုတ္ထကမ္မံ၊ ကြဒ် ဝုစ္စတိ **ကိစ္စာဓိကရဏံ**။ ကိစ္စာဓိကရဏေ သံယော ဝိဝဒတိ **ဝိဝါဒါဓိကရဏံ**၊ ဝိဝဒမာနော အနုဝဒတိ **အနုဝါဒါဓိကရဏံ**၊ အနုဝဒမာနော အာပတ္တိံ အာပဇ္ဇတိ **အာပတ္တာဓိကရဏံ**၊ တာယ အာပတ္တိယာ သံယော ကမ္မံ ကရောတိ **ကိစ္စာဓိကရဏံ**။ ဧဝံ ကိစ္စာဓိကရဏပစ္စယာ စတ္တာရော အဓိကရဏာ ဇာယန္တိ–(ဝိ၅။၂၀၂-၄)

ဟု **ပရိဝါရပါဠိတော် သမုဋ္ဌာပနဝါရ၌** ဟောတော်မူသည်။ အဓိပ္ပါယ်ကား–

- ဓမ္မ, အဓမ္မ ဟူ၍လည်းကောင်း၊ ဝိနယ, အဝိနယဟူ၍လည်းကောင်း ငြင်းခုံပြောဆို ကြသော အမှုသည် **ဝိဝါဒါဓိကရဏ်း** မည်၏။ ထိုဝိဝါဒါဓိကရဏ်း၌ ငြင်းခုံခြင်းသည် **ဝိဝါဒါဓိကရဏ** မည်သည်။ စွပ်စွဲခြင်းသည် **အနုဝါဒါဓိကရဏ** မည်သည်။ စွပ်စွဲ၍ အာပတ်သင့်ခြင်းသည် **အာပတ္တာဓိကရဏ**မည်သည်၊ ထိုသင့်သော အာပတ်ဖြင့် အပလောကန စသော ကံ ၄-ပါးတွင် ၁-ပါးပါးကို ပြုခြင်းသည် **ကိစ္စာဓိကရဏ** မည်သည်။ ဤသို့လျှင် ဝိဝါဒါဓိကရဏ်းကြောင့် အဓိကရဏ်း ၄-ပါး ဖြစ်ပွါးကုန်သည်။
- သီလဝိပတ္တိ, အာစာရဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ, အာဇီဝဝိပတ္တိတို့ဖြင့် စွပ်စွဲပြောဆိုသော အမှုသည် **အနုဝါဒါဓိကရဏ်း** မည်၏။ ထိုအနုဝါဒါဓိကရဏ်း၌ ငြင်းခုံခြင်းသည်

http://www.dhammadownload.com

ဝိဝါဒါဓိကရဏ မည်သည်။ စွပ်စွဲခြင်းသည် **အနုဝါဒါဓိကရဏ** မည်သည်၊ စွပ်စွဲ၍ အာပတ်သင့်ခြင်းသည် **အာပတ္တာဓိကရဏ** မည်သည်၊ ထိုသင့်သော အာပတ်ဖြင့် ကဲ့ ၄-ပါးတွင် ၁-ပါးပါးကို ပြုခြင်းသည် **ကိစ္စာဓိကရဏ** မည်သည်။ ဤသို့လျှင် အနုဝါဒါဓိကရုဏ်းကြောင့် အဓိကရုဏ်း ၄-ပါး ဖြစ်ပွါးကုန်သည်။

- ၅-ပါးသောအာပတ်အစု, ၇-ပါးသော အာပတ်အစုတို့သည် **အာပတ္တာဓိကရုဏ်း** မည်၏။ ထိုအာပတ္တာဓိကရုဏ်း၌ ငြင်းခုံခြင်းသည် **ဝိဝါဒါဓိကရဏ** မည်သည်၊ စွပ်စွဲခြင်းသည် **အနုဝါဒါဓိကရဏ**မည်သည်၊ စွပ်စွဲ၍ အာပတ်သင့်ခြင်းသည် **အာပတ္တာဓိကရဏ** မည်သည်၊ ထိုသင့်သော အာပတ်ဖြင့် ကဲ့ ၄-ပါးတွင် တပါးပါးကို ပြုခြင်းသည် **ကိစ္စာဓိကရဏ** မည်သည်။ ဤသို့လျှင် အာပတ္တာဓိကရုဏ်းကြောင့် အဓိကရုဏ်း ၄-ပါး ဖြစ်ပွါးကုန်သည်။

- အပလောကနကံ, ဥတ္တိကံ, ဥတ္တိဒုတိယကံ, ဥတ္တိစတုတ္ထကံသည် **ကိစ္စာဓိကရုဏ်း**မည်၏။ ထိုကိစ္စာဓိကရုဏ်း၌ ငြင်းခုံခြင်းသည် **ဝိဝါဒါဓိကရဏ** မည်သည်၊ စွပ်စွဲခြင်းသည် **အနုဝါဒါဓိကရဏ** မည်သည်၊ စွပ်စွဲ၍ အာပတ်သင့်ခြင်းသည် **အာပတ္တာဓိကရဏ** မည်သည်၊ ထိုသင့်သော အာပတ်ဖြင့် ကဲ့ ၄-ပါးတွင် ၁-ပါးပါးကို ပြုခြင်းသည် **ကိစ္စာဓိကရဏ** မည်သည်၊ ဤသို့လျှင် ကိစ္စာဓိကရုဏ်းကြောင့် အဓိကရုဏ်း ၄-ပါး ဖြစ်ပွါးကုန်သည်ဟု ပြတော်မူသည်။

- ဓမ္မကို အဓမ္မ, ဝိနယကို အဝိနယ ဤသို့အစရှိသော ဘေဒကရဝတ္ထု ၁၈-ပါးတို့ဖြင့် ငြင်းခုံဖြစ်ပွါးခြင်းသည် **ဝိဝါဒါဓိကရုဏ်း** မည်၏။

- သီလဝိပတ္တိ, အာစာရဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ, အာဇီဝဝိပတ္တိဖြင့် စွပ်စွဲခြင်းသည် **အနုဝါဒါဓိကရုဏ်း** မည်၏။

- အာပတ် ၇-ပါးဖြင့် သင့်ခြင်းသည် **အာပတ္တာဓိကရုဏ်း** မည်၏။

- အပလောကနကံ, ဥတ္တိယံ, ဥတ္တိဒုတိယကံ, ဥတ္တိစတုတ္ထကံ ပြုခြင်းသည် **ကိစ္စာဓိကရုဏ်း** မည်၏-ဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၉၄] အဓိကရဏ်း သမထဖြင့် ငြိမ်းပုံ

(၁)မေး။ ။ ထိုအဓိကရဏ်း ၄-ပါးတို့သည် သမထ ၇-ပါးတို့ဖြင့် ငြိမ်းပုံကို အဘယ်သို့ မှတ်ရမည်နည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ ဝိဝါဒါဓိကရဏ် ဒွိဟိ သမထေဟိ သမ္မတိ သမ္မုခါဝိနယေန စ ယေဘုယျသိကာယ စ။

အနုဝါဒါဓိကရဏ် စတူဟိ သမထေဟိ သမ္မတိ သမ္မုခါဝိနယေန စ သတိဝိနယေန စ အမူဠှဝိနယေန စ တဿပါပိယသိကာယ စ။

အာပတ္တာဓိကရဏ် တီဟိ သမထေဟိ သမ္မတိ သမ္မုခါဝိနယေန စ ပဋိညာတကရဏေန စ တိဏဝတ္ထာရကေန စ။

ကိစ္စာဓိကရဏ် ဧကေန သမထေန သမ္မတိ သမ္မုခါဝိနယေန–

ဟု ပရိဝါပါဠိတော် သမထဘေဒ၌ ဟောတော်မူသည်(ဝိ၅။၁၉၇-စ)။

အဓိပ္ပါယ်ကား–

- ဝိဝါဒါဓိကရဏ်းသည် ၇-ပါးသော သမထတို့တွင် သမ္မုခါဝိနည်း, ယေဘုယျသိကာ ဝိနည်း ၂-ပါးဖြင့်သာ ငြိမ်းအေးနိုင်သည်။
- အနုဝါဒါဓိကရဏ်းသည် ၇-ပါးသော သမထတို့တွင် သမ္မုခါဝိနည်း, သတိဝိနည်း, အမူဠှဝိနည်း, တဿပါပိယသိကာဝိနည်း ၄-ပါးဖြင့်သာ ငြိမ်းအေးနိုင်သည်။
- အာပတ္တာဓိကရဏ်းသည် သမ္မုခါဝိနည်း, ပဋိညာတကရဏဝိနည်း, တိဏဝတ္ထာရကဝိနည်း ၃-ပါးဖြင့်သာ ငြိမ်းအေးနိုင်သည်။
- ကိစ္စာဓိကရဏ်းသည် သမ္မုခါဝိနည်း ၁-ပါးတည်းဖြင့်သာ ငြိမ်းအေးနိုင်သည်–

ဟု ပြတော်မူသည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၁၉၅]　သမ္မုခါဝိနည်းနှင့် မကင်းနိုင်ပုံ

(၁)မေး။ ။ထိုအဓိကရဏ်း ၄-ပါးတို့သည် သမ္မုခါဝိနည်းနှင့် ကင်း၍ ငြိမ်းအပ်ပါမည်လော။

ဖြေ။ ။ထိုအမေးမှာ–

၁။ ဆာပိ သမထာ စတ္တာရောပိ အဓိကရဏာ သမ္မုခါဝိနယေန သမ္မန္တိ၊ သမ္မုခါဝိန-
ယော နု ကေနစိ သမ္မတိ– (ဝိ၅။၂၀၂)

ဟု ပရိဝါပါဠိတော်၊ သမထာဓိကရဏဝါရ၌ လာသည်။

ဆာပိ သမထာ၊ သတိဝိနည်း, အမူဠှဝိနည်း, ပဋိညာတကရဏဝိနည်း, ယေဘုယျ သိကာဝိနည်း, တဿပါပိယသိကာ ဝိနည်း, တိဏဝတ္ထာရကဝိနည်းဟု ဆိုအပ်ကုန်သော ၆-ပါးသော သမထတို့သည်လည်းကောင်း။ စတ္တာရောပိ အဓိကရဏာ၊ ၄-ပါးသော အဓိကရဏ်းတို့သည်လည်းကောင်း။ သမ္မုခါဝိနယေန၊ သမ္မုခါဝိနည်းဖြင့်။ သမ္မန္တိ၊ ငြိမ်းကုန်၏။ သမ္မုခါဝိနယော၊ သမ္မုခါဝိနည်းမည်သော သမထသည်။ ကေနစိ၊ တစ်စုံတစ်ခုသော ဝိနည်းဖြင့်။ နု သမ္မတိ၊ မငြိမ်းနိုင်။

ဤသို့လျှင် အဓိကရဏ်း ၄-ပါး, သမထ ၆-ပါးတို့သည် သမ္မုခါဝိနည်းနှင့် ကင်း၍ မဖြစ်ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၁၉၆]　သမထ ၇-ပါး

(၁)မေး။ ။ဝိနည်း ၇-ပါးတို့၏အရကို အဘယ်သို့ မှတ်ရမည်နည်း။

ဖြေ။ ။ထိုအမေးမှာ–

၁။ သမ္မုခါဝိနယောတိ သံဃမဇ္ဈဝိနယပုဂ္ဂလာနံ သမ္မုခါ ဒါတဗ္ဗဝိနယော၊ သမ္မုခေ ပစ္စက္ခေ ဝိနယော ဥပသမောတိ သမ္မုခါဝိနယော။ သတိဝိနယောတိ အမူလိကာယ သီလဝိပတ္တိယာ အနုဒ္ဓံသိတဿ အာယသ္မတော ဒဗ္ဗမလ္လပုတ္တဿ ဧဝံ သဉ္စိစ္စ ကတဘာဝံ ဇာနန္တာနံ ဒါတဗ္ဗဝိနယော၊

http://www.dhammadownload.com

သရတီတိ သတိ၊ သရန္တိ သမ္မယုတ္တမ္ပဟိ တာယာတိ သတိ၊ သရဏံ သတိ၊ သတိ နိဿာယ ဝိနယော ဝူပသမောတိ သတိဝိနယော။ **အမူဠှဝိနယောတိ** ဥမ္မာဒ-ဝသေန ဂတေ အဿာမဏကေ အဏ္ဏာစာရေ ပုန အစောဒနတ္ထာယ ဂဂ္ဂဘိက္ခု-သဒိသဿ ဥမ္မတ္တကဿ ဘိက္ခုနော ပဌမံ မူဠှော ဟုတွာ ပစ္ဆာ အမူဠှဘာဝတော ဥ တ္တိစတုတ္ထေန ကမ္မေန ဒါတဗ္ဗဝိနယော။ **ပဋိညာယ** ကာရေတဗ္ဗောတိ ဝတ္ထု-အာပတ္တိပဋိဇာနနာယ ဧဝ ဝိနိစ္ဆိတဗ္ဗော။

ဝူပသမေတုံ အသက္ကုဏေယျတာယ သလာကံ ဂါဟာပေတွာ သန္နိပတိတ-ပရိသာယ ဓမ္မဝါဒိနံ ယေဘုယ္ယေန ကတ္တဗ္ဗကမ္မံ တဗ္ဗောဟာရူပစာရတော ဣတ္ထိလိင်္ဂဝသေန ယေဘုယ္ယသိကာတိ ဝုစ္စတိ။ ဧတ္ထ ဣကပစ္စယဉ္စ သကာရာဂမဉ္စ ဝေဒိတဗ္ဗံ။ **ဝိမတိဝိနောဒနိဋီကာယံ** ပန "ယေဘုယ္ယဘာဝံ နိဿိတသမထဂိရိယာ ယေဘုယ္ယသိကာ"တိ ဝုတ္တံ။ ပါရာဇိကေန ဝါ ပါရာဇိကသာမန္တေန ဝါ စောဒိယ-မာနဿ အညေနညံ ပဋိစရန္တဿ ပါဝိယဿ ဥပဝါဠဘိက္ခုသဒိသဿ ပဂ္ဂလဿ "သစာယံ အစ္ဆိန္နမူလော ဘဝိဿတိ၊ သမ္မာ ဝတ္တိတွာ ဩသာရဏံ လဘိဿတိ၊ သစေ ဆိန္နမူလော၊ သယမေဝဿ နာသနာ ဘဝိဿတိ"တိ မနသိ ကရိတွာ ဥ တ္တိစတုတ္ထေန ကမ္မေန ကတ္တဗ္ဗကမ္မံ တဿပါဝိယသိကာတိ ဝုစ္စတိ။ ပါပုဿန္န-တာယ ပါပါနံ ဝိသေသေန ပါပေါတိ ပါဝိယော၊ ပုဂ္ဂလော။ တဿ ပါဝိယဿ ပုဂ္ဂလဿ ကတ္တဗ္ဗံ ကမ္မန္တိ တဿပါဝိယသိကာ။ ဣမ ဝိဘတ္တိယာ အလောပေါ ဝေဒိတဗ္ဗော။

ဒ္ဝိပက္ခဇာတေဟိ ပန ဘဏ္ဍနကာရကေဟိ ဘိက္ခူဟိ ဗဟုံ အဿာမဏကံ အဏ္ဏာစာရံ စရိတွာ ပုန လဇ္ဇိဓမ္မေ ဥပ္ပန္နေ "သစေ မယံ ဣမာဟိ အာပတ္တိဟိ အညမညံ ကရိဿာမ၊ ဧဝံ သန္တေသု တံ အဓိကရဏံ ကက္ခဠတ္တာယ ဝါဠတ္တာယ သံဝတ္တေယျာ"တိ အညမညံ အာပတ္တိယာ ကာရာပနေ ဒေါသံ ဒိသွာ ဒုဂ္ဂန္ဓံ ဂူထံ တိဏေန ပဋိစ္ဆာဒေန္တော ဝိယ ဥ တ္တိယာ ကတ္တဗ္ဗကမ္မံ ဥပစာရတော ပုလ္လိင်္ဂဝသေန တိဏဝတ္ထာရကောတိ ဝုစ္စတိ။ ဣမသ္မိံ ပန ကမ္မေ ကတေ သတ္ထေသံ ဌပေတွာ ထုလ္လဝဇ္ဇံ ဂိဟိပဋိသံယုတ္တဉ္စ အဝသေသာ သဗ္ဗာပတ္တိယော ဝုဋ္ဌာနွိ။

တတ္ထ ဘဏ္ဍနဇာတာနံ အဓိကရဏံ ဝူပသမေတုံ အသက္ကုဏေယျတာ ယေဘုယ္ယသိကာယ နိဒါနံ၊ ဘဏ္ဍနဇာတာနံ ဗဟု အဿာမဏကအဏ္ဏာစာရော တိဏဝတ္ထာရကဿ နိဒါနံ၊ အယမေတေသံ ဝိသေသော —

ဟု ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌ လာသည်။

http://www.dhammadownload.com

အဓိပ္ပါယ်ကား–

- သံယသမ္မုခ, ဓမ္မသမ္မုခ, ဝိနယသမ္မုခ, ပုဂ္ဂလသမ္မုခဟူ၍ ၄-ပါးသော တရားတို့ဖြင့် မျက်မှောက်ပြု၍ ငြိမ်းခြင်းသည် **သမ္မုခါဝိနည်း** မည်သည်။
- အရင်းမရှိသော သီလဝိပတ္တိဖြင့် စွပ်စွဲသော ဒဗ္ဗမထေရ်ကဲ့သို့ စွပ်စွဲခံရသော ရဟန္တာအား ပြန်ပြောသော သတိကို မှီ၍ ဥ တ္တိစတုတ္ထကံဖြင့် ပေးအပ်သော ငြိမ်းခြင်းသည် **သတိဝိနည်း** မည်သည်။
- ဂဂ္ဂမထေရ်ကဲ့သို့ ရူးသွပ်သောရဟန်းအား ရှေးဦးစွာ တွေဝေ၍ နောက်၌ မတွေဝေသည့် အဖြစ်ကြောင့် ဥ တ္တိစတုတ္ထကံဖြင့် ပေးအပ်သောငြိမ်းခြင်းသည် **အမူဠ္ဟ-ဝိနည်း** မည်သည်။
- ဝတ္ထုအာပတ်ကို ဝန်ခံသဖြင့်သာလျှင် ဆုံးဖြတ်၍ ငြိမ်းစေခြင်းသည် **ပဋိညာတ-ကရဏဝိနည်း** မည်သည်။
- ဆုံးဖြတ်ခြင်းငှာ မစွမ်းနိုင်သည့် အဖြစ်ကြောင့် စာရေးတံကို ယူစေ၍ စည်းဝေးသော ပရိသတ်၌ ဓမ္မဝါဒီ ပုဂ္ဂိုလ်များသဖြင့် များစွာလိုက်၍ ငြိမ်းစေခြင်းသည် **ယေဘုယျသိကာဝိနည်း** မည်သည်။
- ဥပဝါဠရဟန်းကဲ့သို့ အမှန်ကို မဆို၊ လွဲအောင်ကြံဆောင်၍ပြောသော မကောင်းမှုများသော ရဟန်းအား 'ပါရာဇိက မကျလျှင် ကောင်းစွာကျင့်၍ ဩသာရဏကို ရလတ္တံ့၊ ပါရာဇိကကျလျှင် ကိုယ့်ဖာသာအလျောက် ပျက်စီးလတ္တံ့'ဟု နှလုံးပြုလျက် ဥ တ္တိစတုတ္ထကံပြု၍ ငြိမ်းစေခြင်းသည် **တဿပါပိယသိကာဝိနည်း** မည်သည်။
- ၂-ပက္ခငြင်းခုံသော ရဟန်းတို့သည် များစွာ လွန်ကျူးသော အကျင့်ရှိ၍ တဖန် လဇ္ဇီဓမ္မ၌ တည်၍ အာပတ်ကို အချင်းချင်း ဆုံးဖြတ်သည်ရှိသော် 'ရုန့်ရင်းကြမ်းတမ်းသော အမှုသည် ဖြစ်လတ္တံ့'ဟု အပြစ်ကို မြင်၍ မကောင်းသော အနုံရှိသော မစင်ဘင်ပုပ်ကို မြက်သစ်ရွက်ဖြင့် ဖုံးထားဘိသကဲ့သို့ ဥ တ်ဖြင့် ပြု၍ ငြိမ်းစေခြင်းသည် **တိဏဝတ္ထာရကဝိနည်း** မည်သည်–

ဟု ပြတော်မူသည်။

၂။ ပရိဝါအဋ္ဌကထာ၌လည်း–

တတ္ထ သံယသမ္မုခတာ, ဓမ္မသမ္မုခတာ, ဝိနယသမ္မုခတာ, ပုဂ္ဂလသမ္မုခတာတိ ဣဒံ သမ္မုခါဝိနယဿ နိဒါနံ။ သတိဝေပုလ္လပတ္တော ဒီဃာသဝေါ လဒ္ဓုပဝါဒေါ

http://www.dhammadownload.com

သတိဝိနယဿ နိဒါနံ။ ဥမ္မတ္တကော ဘိက္ခု အမူဠ္ဍဝိနယဿ နိဒါနံ။ ယော စ ဒေသေတိ၊ ယဿ စ ဒေသေတိ၊ ဥဘိန္နံ သမ္မုခီဘာဝေါ ပဋိညာတကရဏဿ နိဒါနံ။ ဘဏ္ဍနကာတာနံ အဓိကရဏံ ဝူပသမေတုံ အသက္ကုဏေယျတာ ယေဘုယျသိကာယ နိဒါနံ။ ပါပုဿန္နော ပုဂ္ဂလော တဿပါဝိယသိကာယ နိဒါနံ။ ဘဏ္ဍနကာတာနံ ဗဟု အဿာမဏကအဿာစာရော တိဏဝတ္ထာရကဿ နိဒါနံ-

ဟု ဖွင့်ဆိုတော်မူသည်(ဝိ၊၄၊၄။၁၉၉)။

၃။ **ပါတိမောက္ခဝဒတ္ထအနုဝဏ္ဏနာ၌ပင်–**

ပဋိညာတကရဏေ ပန "အာမ ဘန္တေ ပဿာမီ"တိ ဝစနံ ပဋိညာ နာမ။ "အာယတိံ သံဝရေယျာသီ"တိ ဝစနံ ပဋိညာတကရဏံ နာမ။ ပရိဝါသာဒိယာစနာ ပဋိညာ နာမ။ ပရိဝါသာဒိဒါနံ ပဋိညာတကရဏံ နာမ–

ဟု ဖွင့်ဆိုသည်။

ဤသို့လျှင် ဝိနည်း ၇-ပါး၏ အရကို သိမှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၁၉၇] သမ္မုခါအပြား ၄-ပါး

(၁)မေး။ ။ထိုသမထ ၇-ပါးတို့တွင် သမ္မုခါဝိနည်းသည် အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ။ ။ထိုအမေးမှာ–

၁။ သမထေသု ပန သမ္မုခါဝိနယေ သမ္မုခါ နာမ စတုဋ္ဌာ ဟောတိ၊ သံဃသမ္မုခတာ ဓမ္မသမ္မုခတာ ဝိနယသမ္မုခတာ ပုဂ္ဂလသမ္မုခတာ စာတိ။ တတ္ထ ဝူပသမေတုံ သန္နိပတိတသ္သ ကာရကသံဃဿ သာမဂ္ဂိဝသေန သမ္မုခီဘာဝေါ သံဃသမ္မုခတာ နာမ။ သမေတဿ္သ ဝတ္ထုနော ဘူတတာ တစ္ဆတာ ဓမ္မသမ္မုခတာ နာမ။ ဓမ္မေန ဝိနယေန သတ္ထုသာသနေန အဓိကရဏဿ သမနံ ဝိနယသမ္မုခတာ နာမ။ ဒ္ဝိန္နံ စုဒိတကစောဒကာနံ ပုဂ္ဂလာနံ သမ္မုခီဘာဝေါ ပုဂ္ဂလသမ္မုခတာ နာမ-

ဟု ပါတိမောက္ခဝဒတ္ထအနုဝဏ္ဏနာ၌ လာသည်။

http://www.dhammadownload.com

အဓိပ္ပါယ်တား- သမထ ၇-ပါးတို့တွင် သမ္မုခါဝိနည်း၌ သံဃသမ္မုခါ, ဓမ္မသမ္မုခါ, ဝိနယသမ္မုခါ, ပုဂ္ဂလသမ္မုခါဟူ၍ သမ္မုခါဝိနည်း ၄-ပါး အပြားရှိသည်။ ထို ၄-ပါးတို့တွင်-

- အဓိကရုဏ်းကို ငြိမ်းစေခြင်းငှာ စည်းဝေးသောသံဃာ၏ ညီညွတ်သည်၏ အစွမ်းဖြင့် မျက်မှောက်သော အဖြစ်သည် သံဃသမ္မုခါ မည်၏။
- ငြိမ်းအပ်သော ဝတ္ထုအမှု၏ ဟုတ်မှန်သော အဖြစ်သည် ဓမ္မသမ္မုခါ မည်၏။
- ထိုဟုတ်မှန်သော ဝတ္ထုဖြင့်လည်းကောင်း၊ စောဒနာခြင်း, အောက်မေ့ စေခြင်းဖြင့်လည်းကောင်း၊ ဥ တ်ကမ္မဝါစာဖြင့်လည်းကောင်း အဓိကရုဏ်းကို ငြိမ်းစေခြင်းသည် ဝိနယသမ္မုခါ မည်၏။
- စုဒိတကပုဂ္ဂိုလ်, စောဒကပုဂ္ဂိုလ် ၂-ဦးတို့၏ (ဝါ) တရားခံ, တရားလို ၂-ဦးတို့၏ မျက်မှောက်ရှိသောအဖြစ်သည် ပုဂ္ဂလသမ္မုခါ မည်၏-

ဟု ပြတော်မူသည်။

ဤသို့လျှင် သမ္မုခါဝိနည်းအပြား ၄-ပါးရှိသည်ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၁၉၈]　သမ္မုခါဝိနည်းဖြင့် ပြုအပ်သောကံ

(၁) **မေး**။ ။ ထိုသမ္မုခါဝိနည်းဖြင့် ပြုအပ်သောကံသည် အဘယ်မျှရှိပါသနည်း။

ဖြေ။ ။ ထိုအမေးမှာ-

၁။ ပရိဝါပါဠိတော်၌-

သမ္မုခါကရဏီယံ ကမ္မံ အသမ္မုခါ ကရောတိ၊ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ-

ဟူ၍ ဟောတော်မူသည်(ဝိ၅။၃။၃၈၁)။

၂။ ၎င်းအဖွင့် စူဠဝဂ္ဂါဒိအဋ္ဌကထာ၌လည်း-

သမ္မုခါကရဏီယံ ကမ္မံ အသမ္မုခါ ကရောတိ၊ ဝတ္ထုဝိပန္နံ အဓမ္မကမ္မန္တိ ဇတ္ထ အတ္ထိ ကမ္မံ သမ္မုခါကရဏီယံ၊ အတ္ထိ အသမ္မုခါကရဏီယံ။ တတ္ထ အသမ္မုခါကရဏီယံ နာမ ဒုတေနုပသမ္မဒါ, ပတ္တနိက္ကုဇ္ဇနံ, ပတ္တုက္ကုဇ္ဇနံ, ဥမ္မတ္တကဿ ဘိက္ခုနော ဥမ္မတ္တကသမ္မုတိ, သေက္ခာနံ ကုလာနံ သေက္ခသမ္မုတိ, ဆန္နဿ ဘိက္ခုနော

http://www.dhammadownload.com

ပြဟ္မဒဏ္ဍော, ဒေဝဒတ္တသ ပကာသနီယကမ္မံ, အပွသာဒနီယံ ဒသေန္တသ ဘိက္ခုနော ဘိက္ခုနိသံယေန ကာတဗ္ဗံ အဝန္ဒနီယကမ္မန္တိ **အဋ္ဌဝိဓံ** ဟောတိ။ တံ သဗ္ဗံ တတ္ထ တတ္ထ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ ဣဒံ အဋ္ဌဝိဓမ္ပိ ကမ္မံ အသမ္မုခါကတံ သုကတံ ဟောတိ အကုပ္ပံ။

သေသာနိ သဗ္ဗကမ္မာနိ သမ္မုခါ ဧဝ ကာတဗ္ဗာနိ၊ သံဃသမ္မုခတာ, ဓမ္မသမ္မုခတာ, ဝိနယသမ္မုခတာ, ပုဂ္ဂလသမ္မုခတာတိ ဣမံ စတုဗ္ဗိဓံ သမ္မုခါဝိနယံ ဥပနေတွာဝ ကာတဗ္ဗာနိ။ ဧဝံ ကတာနိ ဟိ သုကတာနိ ဟောန္တိ။ ဧဝံ အကတာနိ ပနေတာနိ ဣမံ သမ္မုခါဝိနယသခ်ီတံ ဝတ္ထုံ ဝိနာ ကတတ္တာ ဝတ္ထုဝိပန္နာနိ နာမ ဟောန္တိ။ တေန ဝုတ္တံ "သမ္မုခါကရဏီယံ ကမ္မံ အသမ္မုခါကရောတိ၊ ဝတ္ထုဝိပန္နံ အဓမ္မကမ္မ"န္တိ– (ဝိ၊၄၊၂၄၄)

ဟု ဖွင့်ဆိုတော်မူသည်။

၃။ သာရတ္ထဒီပနီဋီကာ၌လည်း–

သံဃသမ္မုခတာတိအာဒီသု ယာဝတိကာ ဘိက္ခူ ကမ္မပ္ပတ္တာ၊ တေ အာဂတာ ဟောန္တိ၊ ဆန္ဒာရဟာနံ ဆန္ဒေါ အာဟဋော ဟောတိ၊ သမ္မုခီဘူတာ နု ပဋိက္ခော-သန္တိ၊ အယံ သံဃသမ္မုခတာ။ ယေန ဓမ္မေန ယေန ဝိနယေန ယေန သတ္ထုသာ-သနေန သံဃော ကမ္မံ ကရောတိ၊ အယံ **ဓမ္မသမ္မုခတာ**။ တတ္ထ ဓမ္မောတိ ဘူတံ ဝတ္ထု။ ဝိနယောတိ စောဒနာ စေဝ သာရဏာ စ။ သတ္ထုသာသနံ နာမ ဥတ္တိသမ္ပဒါ စေဝ အနုသာဝနသမ္ပဒါ စ။ ယဿ သံဃော ကမ္မံ ကရောတိ၊ တဿ သမ္မုခ-ဘာဝေါ ပုဂ္ဂလသမ္မုခတာ–(သာရတ္ထ၊၃။၄၉၂)

ဟု ဖွင့်ဆိုတော်မူသည်။ လိုရင်းအဓိပ္ပါယ်ကား–

- တမန်ဖြင့် ရဟန်းခံခြင်း၊
- သပိတ်မှောက်ခြင်း၊
- သပိတ်လှန်ခြင်း၊
- ရူးသွပ်သောရဟန်းအား ဥမ္မတ္တကသမ္မုတိပေးခြင်း၊
- သေက္ခအမျိုးအား သေက္ခသမ္မုတိပေးခြင်း၊
- ဆန္နရဟန်းအား ပြဿဒဏ်ထားခြင်း၊
- ဒေဝဒတ်ရဟန်းအား ပြုအပ်သောပကာသနီယကံ၊

http://www.dhammadownload.com

- ဘိက္ခုနီသံယာသည် ပြုအပ်သော ရဟန်း၏ အဝန္ဒနီယက်-

ဤသို့အားဖြင့် ၈-ပါးသော ကံသည် မျက်ကွယ်၌ ပြုအပ်သော ကံမည်သည်။ ထိုကံ ၈-ပါးကို ထား၍ တပါးသော ကံဟူသမျှသည် မျက်မှောက်၌ ပြုအပ်သောကံ မည်သည်ဟု ပြတော်မူသည်။

ထို့ကြောင့် သမ္မုခါဝိနည်းဖြင့် ပြုအပ်သောကံသည် အသမ္မုခါကံ ၈-ပါးမှတပါး များစွာရှိသည်ဟု မှတ်ရမည်။

ထို့ကြောင့် တစ်စုံတစ်ခုသော အမှုကိစ္စသည် ရဟန်းတို့၌ ဖြစ်ကြလတ်သော် အသမ္မုခါကံ ၈-ပါးကိုထား၍ တပါးသောကံတို့မှာ အကြင်အခါ၌ သမ္မုခါဝိနည်းကို ရ၏။ ထိုအခါ၌သာ ဆုံးဖြတ်ခြင်းကို ပြုအပ်သည်။ သမ္မုခါဝိနည်းကို မရဘဲ အမှုသည်တစ်ဖက် စကားနှင့် ဆုံးဖြတ်ခြင်းကို မပြုအပ်ကုန်။ မပြုအပ်သည်ကို ပြုအပ်သည်ဟု ဆုံးဖြတ်ငြားအံ့။ **အဓမ္မံ ဓမ္မောတိ ဒီပေတိ** ဖြစ်၍ သာသနာ၏ဘေးရန်ကို ပြုသည် မည်သည်ဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

[၁၉၉] အနေသန ၂၁-ပါး

(၁)**မေး**။ ။ အနေသန ၂၁-ပါးကို အသို့မှတ်ရအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ-

၁။ **ကေဝိသတိယာ အနေသနာဟီ**(ဇာ၊၄၊၃၊၄၄၂)တိ ကထံ? ကွဓေကစ္စော ဝေဠုဒါနေန ဝါ ပတ္တဒါနေန ဝါ ပုပ္ဖဖလသိနာနဒန္တကဋ္ဌဒါနေန ဝါ စာပ္ပကမျတာယ ဝါ မုဂ္ဂသူပျတာယ ဝါ ပါရိဘဋ္ဋတာယ ဝါ ဇယ်ပေသနိကေန ဝါ အညတရညတရေန ဝါ ဗုဒ္ဓပဋိကုဋ္ဌေန မိစ္ဆာဇီဝေန ဇီဝိတံ (ဇီဝိကံ) ကပ္ပေတိ၊ အာဇီဝဟေတုပညတ္တာနံ ဆန္နံ သိက္ခာပဒါနံ ဝီတိက္ကမဿ ဝသေနာတိ ဆ၊ ကုဟနာ လပနာ နေမိတ္တကတာ နိပ္ပေသိကတာ လာဘေန လာဘံ နိဇိဂီသနတာတိ **ကေဝိသတိ အနေသနာ** နာမ-

ဟု **သတ္ထကနိပါတ် ကုမ္မာသပိဏ္ဍိဇာတ်ဋီကာ၌** ဖွင့်တော်မူသည်။

ကေဝိသတိယာ အနေသနာဟီတိ ဧတ္ထ၊ ဟူသောစကား၌။ ကထံ ဝေဒိတဗ္ဗော၊ သရုပ်အကျယ်ကို အသို့သိအပ်သနည်း။ ကွဓ၊ ဤသာသနာတော်၌။ **ကေစ္စော**၊ အချို့

http://www.dhammadownload.com

သောရဟန်းမိုက်သည်။ ဝေဠုဒါနေန ဝါ၊ ဝါးပေးသဖြင့်လည်းကောင်း။ ပတ္တဒါနေန ဝါ၊ သစ်ရွက်ပေးသဖြင့်လည်းကောင်း။ ပုပ္ဖဖလသိနာနဒန္တကဋ္ဌဒါနေန ဝါ၊ သစ်ပွင့်, သစ်သီး, ရေချိုးမှုန့်, တံပူပေးသဖြင့်လည်းကောင်း။ စာဋုကမျတာယ ဝါ၊ မိမိကိုယ်ကို ဒါယကာ အောက်နှိမ့်ချ၍ ဆိုသဖြင့်လည်းကောင်း။ မုဂ္ဂသူပျတာယ ဝါ၊ မကျက်အခ်ိ, ကျက်အခ်ိ, ရှိသော ပဲနောက်ဟင်းနှင့် တူစွာ မမှန်တစ်ခါ, မှန်တစ်ခါသော စကားကို ဆိုသဖြင့်လည်းကောင်း။ ပါရိဘဋ္ဌတာယ ဝါ၊ ဒါယကာတို့၏ သားငယ်ကို ချီပိုးခြင်းဖြင့်လည်းကောင်း။ ဇယ်ပေသနိ-ကေန ဝါ၊ ဒါယကာတို့၏ အစေအပါးခံ၍ အမှုကိစ္စကို သွား,လာ ရွက်ဆောင်သဖြင့် လည်းကောင်း။ အညတရညတရေန ဝါ၊ တပါးပါးလည်းဖြစ်သော။ ဗုဒ္ဓပဋိကုဋ္ဌေန၊ ဘုရားရှင် စက်ဆုပ်တော်မူအပ်သော။ မိစ္ဆာဇီဝေန၊ မှားသော အသက်မွေး ခြင်းဖြင့်။ ဇီဝိတံ(ဇီဝိက်)၊ အသက်မွေးခြင်းကို။ ကပ္ပေတိ၊ ပြု၏။ အာဇီဝဟေတုပညတ္တာနံ၊ အသက် မွေးခြင်း-ဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်ကုန်သော။ ဆန္နံ သိက္ခာပဒါနံ၊ ၆-ခုသော သိက္ခာပုဒ်တို့ကို။ ဝိတိက္ကမဿ၊ လွန်ကျူးခြင်း၏။ ဝသေန၊ အစွမ်းဖြင့်။ ဆ၊ ၆-ပါးတို့လည်းကောင်း။ ကုဟနာ၊ ဒါယကာတို့ ကြည်ညိုအောင် ဟန်ဆောင်လှုံ့ဝှက်ခြင်း လည်းကောင်း။ လပနာ၊ မင်းကြည်ညိုသည်, မိဖုရားကြည်ညိုသည်-အစရှိသည်ဖြင့် မိမိကိုယ်ကို ဝါကြွားပြောဆိုခြင်း လည်းကောင်း။ နေမိတ္တကတာ၊ ဒါယကာတို့အား ပစ္စည်းလှူအောင် အကြောင်းကို မေးခြင်း လည်းကောင်း။ နိပ္ပေသိကတာ၊ မလှူသောသူကို အလှူရှင်ကြီး စသည်ဖြင့် ပြောဆိုခြင်း လည်းကောင်း။ လာဘေန၊ လာဘ်ဖြင့်။ လာဘံ၊ လာဘ်ကို။ နိဇီဂီသနတာ၊ ပြ၍ပြ၍ ရှာခြင်း လည်းကောင်း။ ဣတိ၊ ဤသို့။ ဧကဝီသတိ၊ ၂၁-ပါး ကုန်သော။ ဣမေ၊ ဤအမှုအလုပ် တို့သည်။ အနေသနာ နာမ၊ မအပ်သောရှာမှီးခြင်း မည်ကုန်၏။

၂။ ထိုဦးကာဆရာသည်–

ဣဓေ'ကစ္စော ဝေဠုဒါနေန ဝါ ။ပ။ ဇီဝိတံ(ဇီဝိက်) ကပ္ပေတိ၊ အယံ ဝုစ္စတိ အနာဇာရော-

ဟူ၍ လည်းကောင်း၊

ယာ ပန အာဇီဝဟေတုပညတ္တာနံ ။ပ။ နိဇီဂီသနတာတိ ဧဝမာဒီနဉ္စ ပါဠိဓမ္မာနံ ဝသေန ပဝတ္တာ မိစ္ဆာဇီဝါ ဝိရတိ၊ ဣဒံ အာဇီဝပါရိသုဒ္ဓိသီလံ–

ဟူ၍လည်းကောင်း လာသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(၁။၁၇၊၂၂၂)ကို ထုတ်ဆောင်၍ ဆိုသော စကား ဖြစ်သည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ လာတိုင်း အမြွက်မျှကို ပြဆိုလိုက်အံ့။

http://www.dhammadownload.com

(က) ဝါးပေး၍ ပစ္စည်းရှာခြင်းသည် ဝေဠုဒါန၊

(ခ) နံ့သာရွက် ထန်းရွက်ပေး၍ ပစ္စည်းရှာခြင်းသည် ပတ္တဒါန၊

(ဂ) ပန်းပွင့်ပေး၍ ပစ္စည်းရှာခြင်းသည် ပုပ္ဖဒါန၊

(ဃ) သစ်သီးပေး၍ ပစ္စည်းရှာခြင်းသည် ဖလဒါန၊

(င) ရေချိုးမှုန့်ပေး၍ ပစ္စည်းရှာခြင်းသည် သိနာနဒါန၊

(စ) တံပူပေး၍ ပစ္စည်းရှာခြင်းသည် ဒန္တကဋ္ဌဒါန၊

(ဆ) မိမိကိုယ်ကို အစိုးရမင်း, ပစ္စည်းဥစ္စာပေါသော သူတို့၏ အောက်၌ နှိမ့်ချ၍ နေထိုင်ပြောဆိုလျက် လာဘ်ကို ရှာခြင်းသည် စာဋုကမျှတာ မည်၏ (စာဋုကမျှတာတိ နီစဝုတ္တိတာ— ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။၁။၂၇)၊

(ဇ) တချို့မကျက်, တချို့ကျက်သော ပဲနောက်,ပြောင်းနှင့်အတူ မမှန်တစ်ချက်, မှန်တစ်ချက် စကားကို ဆို၍ ပစ္စည်းကို ရှာခြင်းသည် မုဂ္ဂသူပဓာတာ မည်၏။ (မုဂ္ဂသူပဓာတာတိ မုဂ္ဂသူပသဒိသတာ— ၎င်းအဋ္ဌကထာ။၁။၂၇)၊

(ဈ) အစိုးရမင်း, ဥစ္စာပေါသောသူတို့၏ သားငယ်ကို ချီပိုးခြင်း, ချစ်ဖွယ်သော စကားကို ဆို၍ ကစားခြင်းစသည်ဖြင့် လာဘ်ကို ရှာခြင်းသည် ပါရိဘဋ္ဌတာ မည်၏။

(ည) အစိုးရမင်း, ဥစ္စာရှိသောသူတို့၏ သတင်းစကားကို ဆောင်ယူသွား,လာခြင်း, အမှုကိစ္စကို သွား,လာ ဆောင်ရွက်ခြင်းတို့ဖြင့် ပစ္စည်းကို ရှာခြင်းသည် ဇင်္ဃပေသနိက မည်၏။

(ဋ) အသက်မွေးခြင်းကို ငဲ့၍ ဥတ္တရိမနုဿဓမ္မကို ပြောဆိုခြင်းကြောင့် ပါရာဇိက ကျသော သိက္ခာပုဒ်၊

(ဌ) အသက်မွေးခြင်းကို ငဲ့၍ အောင်တမန် သွား,လာခြင်းကြောင့် သံဃာဒိသိသ် အာပတ်သင့်သော သိက္ခာပုဒ်၊

(ဍ) အသက်မွေးခြင်းကို ငဲ့၍ အကြင်ရဟန်းသည် သင်၏ကျောင်း၌ နေ၏။ ထိုရဟန်းသည် ရဟန္တာဟု ပြောဆိုခြင်းကြောင့် ထုလ္လစ်းအာပတ်သင့်သော သိက္ခာပုဒ်၊

(ဎ) အသက်မွေးခြင်းကို ငဲ့၍ မွန်မြတ်သော ဘောဇဉ်ကို မနာဘဲ တောင်း၍ စားသော ရဟန်းအား ပါစိတ်အာပတ်သင့်သော သိက္ခာပုဒ်၊

(ဏ) အသက်မွေးခြင်းကို ငဲ့၍ မွန်မြတ်သော ဘောဇဉ်ကို မနာဘဲ တောင်း၍ စားသော ဘိက္ခုနီမအား ပါဋိဒေသနီအာပတ်သင့်သော သိက္ခာပုဒ်၊

http://www.dhammadownload.com

(တ) အသက်မွေးခြင်းကို ငဲ့၍ မနာဘဲ ထမင်း,ဟင်းကို တောင်းစားသော ရဟန်းအား ဒုက္ကဋ်သင့်သော သိက္ခာပုဒ်၊ ဤသို့အားဖြင့် ၆-ပါးသည် **အာဇီဝဟေတုပညတ္တိ သိက္ခာပုဒ်** မည်၏။

(ထ) လာဘ်ကို ငဲ့၍ ဒါယကာတို့ ပစ္စည်းလှူသောအခါ မလိုချင်ဟန်ဆောင်၍ နောင် လာဘ်များစေခြင်းငှာ "ငါသည် အလိုမရှိ"ဟု ပယ်လေသည်။ ထိုအခါ "ငါတို့အရှင် သည် မြီးခြံသော အကျင့်ရှိပေသည်"ဟု များစွာသော သူတို့ကြည်ညိုု၍ လာဘ်များ စွာ ရလောက်သောအခါမှ အလှူခံယူခြင်းစသည်ဖြင့် ပစ္စည်းကို ရှာသော **ပစ္စယ-ပဋိသေဝနသခ်ါတကုဟနာ၊**

လာဘ်ကို ငဲ့၍ "လူတို့သည် ခိုးမှမ်းလတ္တံ့"ဟု အကြံပြုလျက် ဤမည်သော သပိတ်, သင်္ကန်း စသည်ကို ဆောင်သောရဟန်းသည် တန်ခိုးရှိသည်၊ သီလအကျင့် ရှိသည် စသည်ဖြင့် အံ့ဖွယ်အထူးကို ပြောကြား၍ ပစ္စည်းရှာခြင်းဟူသော **သာမန္တ-ဇပ္ပနကုဟနာ၊**

လာဘ်ကို ငဲ့၍ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း ဣရိယာပုထ်ကို ပြုသဖြင့် သမာဓိရှိယောင်, သီလရှိယောင်, ပညာရှိယောင် သူတပါး ထင်အောင် ပြု၍ ပစ္စည်းကို ရှာခြင်းဟူသော **ဣရိယာပထဒွပနကုဟနာ**–ဤသို့အားဖြင့် ၃-ပါး သော ပါဝိစ္ဆတရားသည် **ကုဟနာ** မည်၏။ (ကုဟနာတိ ဝိမှာပနာ။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာအဖွင့်၊၁။ ၂၆။ အံ့ဖွယ်အထူး ဟူလို)၊

(ဒ) လာဘ်ကို ငဲ့၍ ကျောင်းသို့လာသော ဒါယကာကို မြင်လျှင် "ငါတို့ကို ဖိတ်ခြင်းငှာ လာသလော" စသည်ဖြင့် ဆိုခြင်း၊ "ဤမည်သော မင်း, မှူးမတ်, သူဌေး, သူကြွယ် သည် ငါ၌ ကြည်ညိုသည်၊ ဤမည်သော မိဖုရား, မင်းသမီး, မင်းကြီးကတော်သည် ငါ၌ ကြည်ညိုသည်"စသည်ဖြင့် ပြောဆိုခြင်းဟူသော **အာလပနာ၊**

ကြောက်တတ်သော ဒါယကာတို့ကို အကျွမ်းဝင်အောင် သွေးဆောင် ၍ အခွင့်ပေးသဖြင့် လာဘ်ကို ငဲ့၍ ပြောဆိုခြင်းဟူသော **သလ္လပနာ၊**

လှေသူကြီးမင်း, ဝန်ထောက်တော်မင်း, မြို့အုပ်မင်း, ဗိုလ်မင်း, စာရေး တော်ကြီး, လှေသူကြီးကတော်, ဝန်ထောက်ကတော်, မြို့အုပ်ကတော်, စာရေးကြီး ကတော်-စသည်ဖြင့် လာဘ်ကို ငဲ့၍ ပြောဆိုခြင်းဟူသော **ဥလ္လပနာ၊**

ဒါယကာတို့ကို မြင်လျှင် "အဘယ်ကြောင့် အလှူမပေးကြကုန်သနည်း။ သင်တို့ လှူလိမ့်မည်ကြားသည်"စသည်ဖြင့် ဆိုခြင်း, ကြံခင်းရှင်ကို မြင်လျှင် "သင်တို့ကြံ ချို၏လော၊ စားရမှ သိမည်" စသည်ဖြင့် ဆိုခြင်းဟူသော **ဥန္နဟနာ၊**

http://www.dhammadownload.com

မလှူဖူးသော ဒါယကာတို့ ကြားလောက်သောအရပ်က "ဤသူသည် သဒ္ဓါတရားရှိသည်။ ငါ့ကို ကြည်ညိုသည်" စသည်ဖြင့် လာဘ်ကို ငဲ့၍ ပြောကြားခြင်းဟူသော ဥဏ္ဍာစနာ၊ ဤသို့အားဖြင့် ပြောဆို၍ ပစ္စည်းကို ရှာခြင်းသည် လပနာမည်၏။

(ခ) ဒါယကာတို့အား ပစ္စည်းလှူခြင်းနှင့် ယှဉ်သော ကိုယ်,နှုတ်ဖြင့် ပြု၍ ပစ္စည်းကို ရှာခြင်း (ဝါ) ပစ္စည်းကို မြင်လျှင် "သင်တို့ အဘယ်က ရသနည်း၊ ငါတို့လည်း ထိုပစ္စည်းကို မအပ်သလော၊ ငါတို့မှာ လှူမည့်သူမရှိ"စသည်ဖြင့် လာဘ်ကို ငဲ့၍ ဆိုခြင်းသည် နေမိတ္တိကတာ မည်၏။

(ဂ) မလှူသောသူကို "သဒ္ဓါမရှိသောသူ, မကြည်ညိုသောသူ" စသည်ဖြင့် ဆိုခြင်း ဂရဟဏာ၊

"ဤသို့ မဆိုလင့်၊ လှူပါလိမ့်မည်"ဟု ဆိုခြင်း ဥက္ခေပနာ၊

မလှူသောသူကို မြင်၍ အလှူရှင်ဒါယကာကြီး စသည်ဖြင့် ဆိုသော သမုက္ကေပနာ၊

မလှူသောသူကို "ထိုသူ၏ အသက်ရှည်ခြင်းသည် အကျိုးမရှိ" စသည်ဖြင့်ဆိုသော ဒီပနာ၊ ဤသို့ စသည်ဖြင့် ဆို၍ ပစ္စည်းကို ရှာခြင်းသည် နိပ္ပေသိကတာ မည်၏။

(ဃ) "ဤမြို့မှ ဤအလှူရသည်၊ ဤရွာ ဤအိမ်မှ ဤအလှူရသည်" စသည်ဖြင့် လာဘ်ကို ပြ၍ ပစ္စည်းကို ရှာခြင်းသည် လာဘေန လာဘံ နိဇီဂီသနတာ မည်၏။

ဤသို့အားဖြင့် အနေသန ၂၁-ပါးကို သိလေ။ အကျယ်ကိုလိုမူ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ သီလနိဒ္ဒေသ(နှာ-၂၂-၂၉)၌ ရှုလေ။

၃။ ထိုအနေသန ၂၁-ပါးကို **မူလဋီကာ၌**—

ကေဝီသတိ အနေသနာ နာမ ဝေဇ္ဇကမ္မံ ကရောတိ၊ ဒူတကမ္မံ ကရောတိ၊ ပဟိဏကမ္မံ ကရောတိ၊ ဂဏ္ဍံ ဖာလေတိ၊ အရုမက္ခနံဒေတိ၊ ဥဒ္ဒံဝိရေစနံ ဒေတိ၊ အဓောဝိရေစနံ ဒေတိ၊ နတ္ထုတေလံ ပစတိ၊ စက္ခုတေလံ ပစတိ၊ ဝေဠုဒါနံ ဒေတိ၊ ပဏ္ဏဒါနံ ဒေတိ၊ ပုပ္ဖဒါနံ ဒေတိ၊ ဖလဒါနံ ဒေတိ၊ သိနာနဒါနံ ဒေတိ၊ ဒန္တကဋ္ဌဒါနံ ဒေတိ၊ မုခောဒကဒါနံ ဒေတိ၊ စုဏ္ဏဒါနံ ဒေတိ၊ မတ္တိကာဒါနံ ဒေတိ၊ စာဋုကမ္မံ ကရောတိ၊ မုဂ္ဂသူပိယံ၊ ပါရိဘဋ္ဋံ၊ ဇယ်ပေသနိယံ ဒွါဒိသတိမံ ဒူတကမ္မေန သဒိသံ၊ တသ္မာ ဧကဝီသတိ–(မူလဋီ၊၁။၉၇)　　ဟု ဖွင့်တော်မူသည်။

http://www.dhammadownload.com

၄။ သီဟိုဠ်ရေး စူဠဝဂ္ဂ်ိဋ္ဌ်လည်း—

ဧကဝီသတိ အနေသနာ နာမ ဝေဠုဒါနံ ပဏ္ဏဒါနံ ပုပ္ဖဒါနံ ဖလဒါနံ ဒန္တကဋ္ဌဒါနံ မုခောဒကဒါနံ သိနာနဒါနံ စုဏ္ဏဒါနံ မတ္တိကာဒါနံ စာဋုကမျတာ မုဂ္ဂသူပျတာ ပါရိဘဋ္ဌတာ ဇယ်ပေသနိယကမ္မံ ဝေဇ္ဇကမ္မံ ဒူတကမ္မံ ပဟိနဂမနံ ပိဏ္ဍဒါနံ ဝတ္ထုဝိဇ္ဇာ နက္ခတ္တဝိဇ္ဇာ အင်ဝိဇ္ဇာတိ—

ဟု ဖွင့်တော်မူသည်။

၅။ **အနေသနန္တိ ဒူတေယျပဟိနဂမနာနုယောဂပဘေဒံ နာနပ္ပကာရံ အနေသနံ—**

ဟု ပါထိကဝဂ္ဂဋ္ဌကထာ၌ လာသည်(ဒီ၊ဋ္ဌ၊၃။၁၉၆)။

၆။ သဲသဋ္ဌော ဝိဟရတိ ရာဇူဟိ ရာဇမဟာမတ္တေဟိ တိတ္ထိယေဟိ တိတ္ထိ-ယဘာဝကေဟိ အနနုလောမိကေန ဂိဟိသံသဂ္ဂေန၊ ဝေဇ္ဇကမ္မံ ကရောတိ၊ ဒူတကမ္မံ ကရောတိ၊ ပဟိဏဂမနံ ကရောတိ၊ ဂဏ္ဍံ ဖာလေတိ၊ အရုမက္ခန် ဒေတိ၊ ဥဒ္ဓံဝိရေစနံ ဒေတိ၊ အဓောဝိရေစနံ ဒေတိ၊ နတ္ထုတေလံ ပစတိ၊ ပိဝနတေလံ ပစတိ၊ ဝေဠုဒါနံ ပတ္တဒါနံ ပုပ္ဖဒါနံ ဖလဒါနံ သိနာနဒါနံ ဒန္တကဋ္ဌဒါနံ မုခောဒကဒါနံ စုဏ္ဏမတ္တိကဒါနံ ဒေတိ၊ စာဋုကမျံ ကရောတိ၊ မုဂ္ဂသူပိယံ ပါရိဘဋ္ဌံ ဇယ်ပေသနိယံ ကရောတိတိ ဧကဝီသတိဝိဓာယ အနေသနာယ ဇီဝိကံ ကပ္ပေန္တော အနိပကဝုတ္တိ နာမ ဟောတိ၊ န ပညာယ ဌတ္တာ ဇီဝိကံ ကပ္ပေတိ၊ တတော ကာလကိရိယံ ကတ္တာ သမဏယက္ခော. နာမ ဟုတ္တာ "တဿ သယ်ာဋ္ဌိပိ အာဒိတ္တာ ဟောတိ သမ္ပဇ္ဇလိတာ"တိ ဝုတ္တနယေန မဟာဒုက္ခံ အနုဘောတိ—(မ၊ဋ္ဌ၊၃။၄)

ဟု **မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ကန္ဒရကသုတ္တဝဏ္ဏနာ၌** လာသည်။

ရာဇူဟိ၊ မင်းတို့နှင့်လည်းကောင်း။ ရာဇမဟာမတ္တေဟိ၊ မင်းအမတ်တို့နှင့်လည်း ကောင်း။ တိတ္ထိယေဟိ၊ တိတ္ထိတို့နှင့်လည်းကောင်း။ တိတ္ထိယသာဝကေဟိ၊ တိတ္ထိ၏ တပည့်တို့နှင့်လည်းကောင်း။ အနနုလောမိကေန၊ ဝိနည်းတရားနှင့် မလျောက်ပတ်သော။ ဂိဟိသံသဂ္ဂေန၊ လူတို့နှင့် ရောနှောခြင်းဖြင့်။ သဲသဋ္ဌော၊ ရောနှောသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဝေဇ္ဇကမ္မံ၊ ဆေးကုခြင်းအမှုကို။ ကရောတိ၊ ပြု၏။ ဒူတကမ္မံ၊ တမန်သွားလာခြင်း အမှုကို။ ကရောတိ၊ ပြု၏။ ပဟိဏဂမနံ၊ အစေအပါးခံခြင်း အမှုကို။ ကရောတိ၊ ပြု၏။ ဂဏ္ဍံ၊ အိုင်းအမာကို။ ဖာလေတိ၊ ဖောက်၏။ အရုမက္ခန်၊ အမာရွတ် လိမ်းကျံခြင်းကို။ ဒေတိ၊ ပေး၏။ ဥဒ္ဓံဝိရေစနံ၊ အထက်ကို ဆန်သောဆေးကို။ ဒေတိ၊ ပေး၏။ အဓောဝိရေစနံ၊

http://www.dhammadownload.com

အောက်သို့ စုန်သော ဆေးကို။ ဒေတိ၊ ပေး၏။ နတ္ထုတေလံ၊ နှာနှပ်ဆီကို။ ပစတိ၊ ချက်၏။ ပိဝနတေလံ၊ သောက်ဖွယ်ဆီကို။ ပစတိ၊ ချက်၏။ ဝေဠုဒါန်၊ ဝါးပေးခြင်း။ ပတ္တဒါန်၊ သစ်ရွက် ပေးခြင်း။ ပုပ္ဖဒါန်၊ ပန်းပေးခြင်း။ ဖလဒါန်၊ သစ်သီးပေးခြင်း။ သိနာနဒါန်၊ ခေါင်းလျှော်သီး ပေးခြင်း။ ဒန္တကဋ္ဌဒါန်၊ တံပူပေးခြင်း။ မုခေါဒကဒါန်၊ မျက်နှာသစ်ရေပေးခြင်း။ စုဏ္ဏမတ္တိကဒါန်၊ ရေချိုးမှုန့်မြေညက်ပေးခြင်း။ စာဋုကမဲ့၊ မိမိကိုယ်ကို ဒါယကာ အောက်နှိမ့်ချခြင်းကို။ ကရောတိ၊ ပြု၏။ မုဂ္ဂသူပိယံ၊ ပဲနောက်ဟင်းနှင့် တူသော စကားကို ဆိုခြင်း။ ပါရိဘဋ္ဋ၊ ဒါယကာတို့ သားငယ်ကို ချီပိုးခြင်း။ ဇယံပေသနိယံ၊ သလုံးမြင်းခေါင်းဖြင့် အစေအပါး ခံခြင်းကို။ ကရောတိ၊ ပြု၏။ ဣတိ၊ ဤသို့။ ဧကဝီသတိဝိဓာယ၊ ၂၁-ပါးအပြား ရှိသော။ အနေသနာယ၊ မအပ်သော ရှာမှီးခြင်းဖြင့်။ ဇီဝိကံ၊ အသက်မွေးခြင်းကို။ ကပ္ပေန္တော၊ ပြုသည် ဖြစ်၍။ အနိပကဝုတ္တိ နာမ၊ မကျက်သော အသက်မွေးခြင်းမည်သည်။ ဝါ၊ မရင့်သော အသက်မွေးခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ပညာယ၊ ပညာဖြင့်။ ဇီဝိကံ၊ အသက်မွေးခြင်းကို။ န ကပ္ပေတိ၊ မပြု။ တတော၊ ထို့ကြောင့်။ ကာလကိရိယံ၊ သေခြင်းကို။ ကတ္တာ၊ ပြု၍။ သမဏာယကော နာမ၊ ရဟန်းဘီလူးမည်သည်။ ဟုတ္တာ၊ ဖြစ်၍။ တဿ၊ ထိုရဟန်းဘီလူး၏။ သယံဂ္ဂိပိ၊ ဒုကုဋ္ဌသင်္ကန်းသည်လည်း။ အာဒိတ္တာ၊ ရဲရဲတောက်သည်။ ဟောတိ၊ ဖြစ်၏။ သမ္မဇ္ဇလိတာ၊ အလျှံပြောင်ပြောင် တောက်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသော။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ မဟာဒုက္ခံ၊ ကြီးစွာသော ဆင်းရဲကို။ အနုဘောတိ၊ ခံစားရ၏။

၇။ ကုလဒူသကောတိ ကုလာနိ ဒူသေတိ ပုပ္ပေန ဝါ ဖလေန ဝါ စုဏ္ဏေန ဝါ မတ္တိကာယ ဝါ ဒန္တကဋ္ဌေန ဝါ ဝေဠုယာ ဝါ ဝေဇ္ဈကာယ ဝါ ဇယံပေသနိကေန ဝါ–(ဝိ၁။၂၈၁)

ဟု **ပါရာဇိကဏ်ပါဠိတော်ပဒဘာဇနီ၌ ကုလဒူသက ၈-ပါး** လာသည်။

ဤသို့လျှင် အနေသန ၂၁-ပါး, ကုလဒူသက ၈-ပါးကို မှတ်ရမည်။

မအပ်သောပစ္စည်းကို သုံးဆောင်သောရဟန်းသည် မျက်မှောက်ဘဝ၌ ကဲ့ရဲ့ခံရသည်။ တမလွန်ဘဝ၌ အပါယ်ဘုံ၌ ဖြစ်ရမည်ဟု ပြတော်မူသည်။ ထို့ကြောင့် သတိရှိကြစေ-ဟူသော ဥပဒေသကို ပြလိုက်သည်။

ထိုကုလဒူသက, အနေသနတို့ဖြင့် ပစ္စည်းကို ရှာ၍ အသက်မွေးသော ရဟန်းတို့အား သတိပြုရန်အချက်ကို ပြဆိုလိုက်အံ့–

http://www.dhammadownload.com

၈။ ဒုကနိပါတ် သတဓမ္မဇာတ်အဋ္ဌကထာ၌–

ဧတရဟိ ခေါ ဗဟူ ဘိက္ခူ အနေသနာယ ဇီဝိကံ ကပ္ပေန္တိ၊ တေ ပန ဧဝံ ဇီဝိကံ ကပ္ပေတွာ ယက္ခတ္တဘာဝါ ပေတတ္တဘာဝါ နု မုစ္စိဿန္တိ၊ ခုရဂေါဏာ ဟုတွာဝ နိဗ္ဗတ္တိဿန္တိ။ နိရယေ ပဋိသန္ဓိံ ဂဏှိဿန္တိ– (ဇာ၊၆၊၂။၇၄)

ဟု မိန့်တော်မူသည်။

ဧတရဟိ ခေါ၊ ယခုအခါ၌လျှင်။ ဗဟူ ဘိက္ခူ။ များစွာသော ရဟန်းတို့သည်။ အနေသနာယ၊ မအပ်သော ရှာမှီးခြင်းဖြင့်။ ဇီဝိကံ၊ အသက်မွေးခြင်းကို။ ကပ္ပေန္တိ၊ ပြုကြကုန်၏။ တေ ပန၊ ထိုရဟန်းတို့သည်။ ဧဝံ၊ ဤသို့ မအပ်သော အနေသနဖြင့်။ ဇီဝိကံ၊ အသက်မွေးခြင်းကို။ ကပ္ပေတွာ၊ ပြုသောကြောင့်။ ယက္ခတ္တဘာဝါ၊ ဘီလူးကြီးအဖြစ်မှလည်းကောင်း။ ပေတတ္တဘာဝါ၊ ပြိတ္တာကြီးအဖြစ်မှလည်းကောင်း။ နု မုစ္စိဿန္တိ၊ မလွတ်နိုင်ကုန်လတ္တံ့။ ခုရဂေါဏာ၊ လှည်းဦးဆောင်နွားကြီးတို့သည်။ ဟုတွာ၊ ဖြစ်၍သာလျှင်။ နိဗ္ဗတ္တိဿန္တိ၊ ရုန်းရကုန်လတ္တံ့။ နိရယေ၊ ငရဲ၌။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဂဏှိဿန္တိ၊ ယူရကုန်လတ္တံ့။

၉။ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌လည်း–

ဣဒံ ပန တုမှာကံ အကပ္ပိယံ အမေ့မေန ဥပ္ပန္နံ ဘောဇနံ၊ ဣမံ ပရိဘုတ္တာနံ အနေကာနိ အတ္ထဘာဝသဟဿာနိ အပါယေသွေဝ နိဗ္ဗတ္တိဿန္တိ၊ အပေထ မာဂဏှာထာတိ–

ဟု မိန့်ဆိုတော်မူသည်(ဒီ၊၆၊၂။၁၉၃)။

မအပ်သောပစ္စည်းကို သုံးဆောင်ခြင်းကြောင့် ဘဝအထောင်မက များစွာပင် အပါယ် ၄-ဘုံ၌ ဖြစ်ရလတ္တံ့-ဟု ဆိုတော်မူသည်။

၁၀။ မဟာနိဒ္ဒေသအဋ္ဌကထာ၌လည်း–

ဧဝဉ္ဩ ဇီဝိကံ ကပ္ပေန္တော အနေသနာယ မိစ္ဆာဇီဝေန ဇီဝတိ၊ သော ဒိဋ္ဌေဝ ဓမ္မေ ဂရဟံ ပါပုဏာတိ၊ သမ္မရာယေ စ အပါယပရိပူရကော ဟောတိ–

ဟု လာသည်(မဟာနိ၊၆။၃၅၀)။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၀၀] ကထိန် ၂-ခါ မခင်းအပ်

(၁)မေး။ ။တစ်ခုသောကျောင်းတိုက်၌ ကထိန်းခင်းလိုသော ဒါယကာ ၂-ဦးဖြစ်၍ ၂-ခါ ခင်းအပ် ပါမည်လော။

ဖြေ။ ။တစ်ခုသောကျောင်းတိုက်၌ ကထိန် ၁-ခါသာ ခင်းအပ်သည်။ ၂-ခါ မခင်းအပ်။

၁။ သစေ တသို့ အနတ္ထတေယေဝ အည် ကထိနသာဋ္ဌကံ အာဟရတိ၊ အညာနိ စ ဗဟူနိ ကထိနာနိသံသဝတ္ထာနိ ဒေတိ၊ ယော အာနိသံသ ဗဟုံ ဒေတိ။ တဿ သန္တကေနေဝ အတ္ထရိတဗ္ဗံ။ ဣတရော တထာ ယထာ ဩဝဒိတ္တာ သညာပေ-တဗ္ဗော-

ဟု လာသော မဟာဝါအဋ္ဌကထာ၊ ကထိနက္ခန္ဓကအဖွင့်ကို ထောက်(၀။၄၊၃၃။၃၈၉)။

တသို့၊ ထိုကထိန်သည်။ အနတ္ထတေယေဝ၊ မခင်းမီသာလျှင်။ အည်၊ တပါးသော။ ကထိနသာဋ္ဌကံ၊ ကထိန်လျှာသက်န်းကို။ သစေ အာဟရတိ၊ ဆောင်ယူခဲ့သည် ဖြစ်အံ့။ အညာနိ၊ ကထိန်သက်န်းမှ တပါးကုန်သော။ ဗဟူနိ၊ များစွာကုန်သော။ ကထိနာနိသံသ-ဝတ္ထာနိ စ၊ ကထိန်အာနိသင် အဝတ်သက်န်းတို့ကိုလည်း။ သစေ ဒေတိ၊ လှူသည် ဖြစ်အံ့။ ယော၊ အကြင်ဒါယကာသည်။ အာနိသံသံ၊ ကထိန်အာနိသင် အဝတ်သက်န်းကို။ ဗဟုံ၊ များစွာ။ ဒေတိ၊ လှူ၏။ တဿ၊ ထိုဒါယကာ၏။ သန္တကေနေဝ၊ ဥစ္စာဖြင့်သာလျှင်။ အတ္ထရိ-တဗ္ဗံ၊ ခင်းအပ်၏။ ဣတရော၊ တပါးသော အာနိသင်လာဘ်နည်းသော ဒါယကာကို။ ယထာ တထာ၊ ကထိန်မခင်းရသော်လည်း သံဃာအား လှူမူ အကျိုးကြီးသည် စသော ထိုထို တရားဖြင့်။ ဩဝဒိတ္တာ၊ ဆုံးမ၍။ သညာပေတဗ္ဗော၊ သိစေအပ်၏။

✪ ✪ ✪ ✪ ✪

[၂၀၁] ကထိန်နုတ်၍ ထပ်မခင်းအပ်

(၁) မေး။ ။တစ်ခုသော ခင်းပြီးသော ကထိန်ကို ဥတ်ကမ္မဝါစာဖြင့် နုတ်၍ တဖန်ထပ်၍ ခင်းအပ်ပါမည်လော။

ဖြေ။ ။တစ်ခုသောကျောင်းတိုက်၌ တဖန် ကထိန်ခင်းလို၍ ခင်းပြီးသော ကထိန်ကို လည်း မနုတ်အပ်၊ ထိုခင်းပြီးသောကထိန်ကို နုတ်၍ တဖန်လည်း ထပ်၍ မခင်းအပ်။ အကြင်ဒါယကာသည် ကထိန်ခင်းသော ရဟန်း, မခင်းသော

http://www.dhammadownload.com

ရဟန်းတို့အား အမျှားဆိုင်သော ကထိန်အာနိသင်မှ လွတ်သော အကာလသင်္ကန်းကို လျှူလိုၗ် 'ခင်းအပ်သော ကထိန်ကို နုတ်ပါ'ဟု တောင်းပန်လျှင် ခင်းထားသော ကထိန် အာနိသင်ထက် မျှားသောသင်္ကန်းကို လျှူသည်ဖြစ်စေ၊ ခင်းအပ်သော ကထိန် အာနိသင်နှင့် မျှလောက်သောသင်္ကန်းကို လျှူသည်ဖြစ်စေ ခင်းပြီးသော ကထိန်ကို နုတ်ၗ် အကာလသင်္ကန်းကို အလျှူခံၗ် ကျောင်းတိုက်၌ ရှိသမျှသံဃာတို့ ဝေယျထိုက်သည်။ ကထိန်ကို တဖန်ထပ်ၗ် မခင်းအပ်ဟု မှတ်ရမည်။

၁။ **ဓမ္မိကံ ကထိနဒုဿံ အနုဇာနာမိ ဘိက္ခဝေ သံဃဿ ဘိက္ခုနိဿိတကေန အကာလစီဝရေန ဒါတုံ ကာမေန ဥပါသကေန ယတ္ထကော အတ္ထာရမူလိကော အာနိသံသော၊ တတော အဓိကံ ဝါ သမကံ ဝါ ဒတ္တာ ယာစိတေန သမဂ္ဂေန ဘိက္ခုနိသံယေန ယံ ကထိနံ ဥ တွိ-ဒုတိယကမ္မေန အန္တရာ ဥဒ္ဓါရိယတိ၊ တဿ သော ဥဒ္ဓါရော "ဓမ္မိကော"တိ ဝုစ္စတိ၊ ဧဝရူပံ ကထိနဒုဿံ အနုဇာနာမိ ဘိက္ခဝေ သံဃဿ အတ္ထော—** (ကခီ။၄၊၃၂၆။ သာရတ္ထ။၃။၁၂၆)

ဟု လာသော မာတိကာအဋ္ဌကထာ၊ ဘိက္ခုနိပါတိမောက်အဖွင့်၊ သာရတ္ထဒီပနီဋီကာ၊ ဘိက္ခုနီဝိဘင်းတို့ကို ထောက်။

ဓမ္မိကံ ကထိနဒုဿံ ဟူသည်ကား။ သင်္ဃာသံ၊ အလုံးစုံကုန်သော။ ဘိက္ခုနိုန်၊ ကထိန်ခင်းအပ်, မခင်းအပ်သော ဘိက္ခုနိမတို့အား။ အကာလစီဝရံ၊ ကထိန်အာနိသင်လမှ လွတ်သော အကာလသင်္ကန်းကို။ ဒါတုကာမေန၊ ပေးလှူလိုသော။ ဥပါသကေန၊ ဒါယကာသည်။ ယတ္ထကော၊ အကြင်မျှလောက်သော။ အတ္ထာရမူလိကော၊ ခင်းအပ်သော ကထိန်အရင်းရှိသော။ အာနိသံသော၊ အာနိသင်သင်္ကန်းသည်။ အတ္ထိ၊ ရှိ၏။ တတော၊ ထိုခင်းအပ်သော ကထိန်အာနိသင် သင်္ကန်းထက်။ အဓိကံ ဝါ၊ အပိုကိုလည်းကောင်း။ သမကံ ဝါ၊ မယုတ်စေမူၗ် အမျှကိုလည်းကောင်း။ ဒတ္တာ၊ လှူၗ်။ ဝါ၊ လှူလတ္တံ့သည်ဖြစ်ၗ်။ ယာစိတေန၊ တောင်းပန်သဖြင့်။ သမဂ္ဂေန၊ ညီညွတ်သော။ ဘိက္ခုနိသံယေန၊ သည်။ ယံ ကထိနံ၊ အကြင်ခင်းပြီးသော ကထိန်ကို။ ဥ တွိ ဒုတိယကမ္မေန၊ ဖြင့်။ အန္တရာ၊ ကထိန်အာနိသင် ၅-လ အတွင်း၌။ ဥဒ္ဓါရိယတိ၊ နုတ်အပ်၏။ တဿ၊ ထိုကထိန်၏။ သော ဥဒ္ဓါရော၊ ထိုနုတ်ခြင်းကို။ ဓမ္မိကော၊ တရားနှင့်လျော်သော။ ဥဒ္ဓါရောတိ၊ နုတ်ခြင်းဟူၗ်။ ဝုစ္စတိ၊၏။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ကထိနဒုဿံ၊ ကို။ ဣတိ အယံ၊ လျှင်။ အတ္ထော၊ တည်း။

http://www.dhammadownload.com

၂။ ဘိက္ခုနီဝိဘင်း အဋ္ဌကထာ၌လည်း–

ကီဒိသော ကထိနုဒ္ဓါရော ဒါတဗ္ဗော၊ ကီဒိသော နု ဒါတဗ္ဗောတိ ယဿ အတ္ထာရမ္မူလကော အာနိသံသော မဟာ၊ ဥဿာရမ္မူလကော အပ္ပေါ၊ ဧဝရူပေါ နု ဒါတဗ္ဗော။ ယဿ ပန အတ္ထာရမ္မူလကော အာနိသံသော အပ္ပေါ၊ ဥဿာရမ္မူလကော မဟာ၊ ဧဝရူပေါ ဒါတဗ္ဗော။ သမာနိသံသောပိ သဒ္ဓါပရိပါလနတ္ထံ ဒါတဗ္ဗောဝ–

ဟု ဆိုတော်မူ၏(ဝိ၊ဋ္ဌ၊၃၃၊၂၀၈)။

ကီဒိသော၊ အဘယ်သို့သော။ ကထိနုဒ္ဓါရော၊ ကထိန်နုတ်ခြင်းကို။ ဒါတဗ္ဗော၊ ပေးအပ်သနည်း။ ကီဒိသော၊ အဘယ်သို့သော။ ကထိနုဒ္ဓါရော၊ ကို။ နု ဒါတဗ္ဗော၊ မပေးအပ်သနည်း။ ဣတိ အယံ၊ ဤသည်လျှင်။ ပုစ္ဆာ၊ အမေးတည်း။ ယဿ၊ အကြင် ကထိန်၏။ အတ္ထာရမ္မူလကော၊ ကထိန်ခင်းခြင်း အရင်းရှိသော လာဘ်သည်။ မဟာ အာနိသံသော၊ များသော အာနိသင်ရှိ၏။ ဥဿာရမ္မူလကော၊ ကထိန်နုတ်ခြင်းအရင်းရှိသောလာဘ်သည်။ အပ္ပေါ၊ နည်းသောအာနိသင်ရှိ၏။ ဧဝရူပေါ၊ ဤသို့သဘောရှိသော ကထိန်နုတ်ခြင်းကို။ နု ဒါတဗ္ဗော၊ မပေးအပ်။ ယဿ ပန၊ အကြင်ကထိန်၏ကား။ အတ္ထာရမ္မူလကော၊ ကထိန်ခင်းခြင်း အရင်းရှိသော။ အာနိသံသော၊ အာနိသင်လာဘ်သည်။ အပ္ပေါ၊ နည်း၏။ ဥဿာရမ္မူလကော၊ ကထိန်နုတ်ခြင်း အရင်းရှိသော လာဘ်သည်။ မဟာ၊ များသော အာနိသင် ရှိ၏။ ဧဝရူပေါ၊ ဤသို့ သဘောရှိသော ကထိန်နုတ်ခြင်းကို။ ဒါတဗ္ဗော၊ ပေးအပ်၏။ သမာနိသံသောပိ၊ အာနိသင်တူမျှသော်လည်း။ သဒ္ဓါပရိပါလနတ္ထံ၊ သဒ္ဓါတရားကို စောင့်ခြင်းငှာ။ ဒါတဗ္ဗောဝ၊ ပေးအပ်သည်သာတည်း။

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ တစ်ခုသောကျောင်းတိုက်၌ တဖန် ကထိန်ခင်းလို၍ ခင်းအပ်ပြီးသော ကထိန်ကို မနုတ်အပ်ကုန်။ ဒါယကာတို့က ကထိန်မခင်းသော ရဟန်းတို့ပါ လာဘ်ကို ရစေခြင်းငှာ အကာလသင်္ကန်းကို လှူလို၍ နုတ်ပါ-ဟု လျှောက်တောင်းပန်၍ ခင်းပြီးသော ကထိန်ကို နုတ်သော်လည်း တဖန် ထပ်၍ မခင်းအပ်ဟု သန္နိဋ္ဌာန်ကျ မှတ်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၀၂] ကထိန်နုတ်ခြင်းအပြား ၉-ပါး

(၁)မေး။ ။ခင်းအပ်ပြီးသော ကထိန်ရှိသော ရဟန်းတို့၏ အာနိသင် ၅-ပါးပျက်သော ကထိန်နုတ်ခြင်းသည် အဘယ်မျှရှိပါသနည်း။

ဖြေ။ ။ထိုအမေးမှာ-

၁။ ပုရိမဝဿံ ဝုဋ္ဌေသုံ ယေ အနုမောဒန္တိ၊ တေသံယေဝ အတ္ထတံ ဟောတိ ကထိနံ။ တေ တတော ပဋ္ဌာယ ယာဝ ကထိနသုဇ္ဇာရာ အနာမန္တစာရော, အသမာဒါနစာရော, ယာဝဒတ္ထစီဝရံ, ဂဏဘောဇနံ, ယော စ တတ္ထ စီဝရုပ္ပါဒေါ၊ တသ္မိံ အာဝါသေ သံယဿ ဥပ္ပန္နစီဝရဋ္ဌာတိ ဣမေ ပဉ္စာနိသံသေ လဘန္တိ၊ အယံ တာဝ ကထိနတ္ထာရော-(ကခ်ီ။ဋ္ဌ။၁၅၃)

ဟု လာသော **မာတိကာအဋ္ဌကထာကိုလည်းကောင်း၊**

၂။ တေတိ အတ္ထာရကအနုမောဒကာ။ တတော ပဋ္ဌာယာတိ အတ္ထာရာနုမောဒနတော ပဋ္ဌာယ။ ယာဝ ကထိနသုဇ္ဇာရာတိ နံ ကေဝလံ စီဝရမာသေယေဝ၊ အထ ခေါ အဋ္ဌန္နံ မာတိကာနံ အညတရေန ဝါ အန္တရုဇ္ဇာရေန ဝါ ယာဝ ကထိနသုဇ္ဇာရာ ပဉ္စာနိသံသေ လဘန္တိ၊ ဥဒ္ဓရေ ပန နံ လဘန္တိတိ အတ္ထော-

(ကခ်ီ။ဋီ-သစ်။၂၇၇)ဟု ဖွင့်သော **လီနတ္ထပကာသနီဋီကာကိုလည်းကောင်း** ထောက်၍ ခင်းအပ်ပြီးသော ကထိန်ရှိသော ရဟန်းတို့၏ အာနိသင် ၅-ပါးပျက်သော ကထိန်နုတ်ခြင်း အကြောင်းသည် မာတိကာ ၈-ပါး, အန္တရုဇ္ဇာရ ၁-ပါး ဤသို့အားဖြင့် ၉-ပါးရှိသည်။

ပုရိမဝဿံ ဝုဋ္ဌေသုံ၊ ပုရိမဝါကျွတ်သော ရဟန်းတို့၌လည်း။ ယေ၊ အကြင်ရဟန်းတို့သည်။ အနုမောဒန္တိ၊ အနုမောဒနာပြုကုန်၏။ တေသံယေဝ၊ ထိုရဟန်းတို့ အားသာလျှင်။ ကထိနံ၊ ကထိန်သည်။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ဖြစ်၏။ တေ၊ ထိုကထိန်ခင်းသောရဟန်း, အနုမောဒနာပြုသော ရဟန်းတို့သည်။ တတော၊ ထိုကထိန်ခင်းသည်မှ, အနုမောဒနာပြုသည်မှ။ ပဋ္ဌာယ၊ စ၍။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ကထိနသ၊ ကထိန်ကို။ ဥဿာရာ၊ နုတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး (တစ်နည်း) ယာဝ ကထိနသုဇ္ဇာရာ၊ အကြင် ကထိန်နုတ်သည်တိုင်အောင်။ အနာမန္တစာရော၊ ကိုလည်းကောင်း။ အသမာဒါနစာရော၊ ကိုလည်းကောင်း။ ယာဝဒတ္ထစီဝရံ၊ ကိုလည်းကောင်း။ ဂဏဘောဇနံ၊ ကိုလည်းကောင်း။ တတ္ထ၊ ထိုကထိန်ခင်းသော ကျောင်းတိုက်၌။

http://www.dhammadownload.com

ယော စ စီဝရုပ္ပါဒေါ၊ အကြင်သင်္ကန်းဖြစ်ခြင်းသည်လည်းကောင်း။ တသို့ အာဝါသေ၊ ထိုကထိန်ခင်းသောကျောင်းတိုက်၌။ သဲယသ၊ သဲယာအား။ ယဲ ဥပ္ပန္နစီဝရဠ္ဆ၊ အကြင်ဖြစ်သောသင်္ကန်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ဣမေ ပဠာနိသံသေ၊ ဤ ၅-ပါးသောအကျိုးတို့ကို။ လဘန္တိ၊ ကုန်၏။

တေတိ၊ ဟူသည်ကား။ အတ္ထာရကအနုမောဒကာ၊ ကထိန်ခင်းသော ပုရိမဝါသားရဟန်း, ကထိန်အနုမောဒနာပြုသော ပုရိမဝါသားရဟန်းတို့သည်။ တတော ပဌာယာတိ၊ ဟူသည်ကား။ အတ္ထာရာနုမောဒနတော၊ ကထိန်ခင်းသည့်, အနုမောဒနာပြုသည်မှ။ ပဌာယ၊ စ၍။ ယာဝ ကထိနဿုဒ္ဓာရာတိ၊ ဟူသည်ကား။ ကေဝလံ၊ သက်သက်။ စီဝရမာသေယေဝ၊ သင်္ကန်းကာလ ၁-လ၌သာလျှင်။ နှ၊ မဟုတ်ကုန်သေး။ အထ ခေါ၊ စင်စစ်သော်ကား။ အဋ္ဌန္နံ ၈-ပါးကုန်သော။ မာတိကာနံ၊ မာတိကာတို့တွင်။ အညတရေန ဝါ၊ တစ်ပါးပါးကြောင့်လည်းကောင်း။ အန္တရုဒ္ဓာရေန ဝါ၊ ကထိန်အာနိသင် ကာလအတွင်း၌ ရဟန်းတို့သည် ကမ္မဝါစာဖြင့် နုတ်သဖြင့်လည်းကောင်း။ ယာဝ၊ အကြင်မျှလောက်။ ကထိနဿ၊ ကထိန်ကို။ ဥဒ္ဓာရာ၊ နုတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ လောက်။ ပဌာနိသံသေ၊ တို့ကို။ လဘန္တိ၊ ကုန်၏။ ဥဒ္ဓရေ ပန၊ နုတ်ပြီးသည် ရှိသော်ကား။ နှ လဘန္တိ၊ မရကုန်။

၃။ ပါရာဇိကဏ်အဋ္ဌကထာ၊ ပဌမကထိနသိက္ခာပုဒ်အဖွင့်၌လည်း—

> တံ ပန ကထိနံ ယသ္မာ အဋ္ဌသု ဝါ မာတိကာသု ဧကာယ အန္တရုဒ္ဓာရေန ဝါ ဥဒ္ဓရီယတိ၊ တေနဿ နိဒ္ဒေသေ "အဋ္ဌန္နံ မာတိကာန"န္တိအာဒိ ဝုတ္တံ။ တတ္ထ "အဋ္ဌမာတိကာယေ မာတိကာ ကထိနဿ ဥဒ္ဓာရာယ ပက္ကမနန္တိကာ နိဋ္ဌာနန္တိကာ သန္နိဋ္ဌာနန္တိကာ နာသနန္တိကာ သဝနန္တိကာ အာသာဝစ္ဆေဒိကာ သီမာတိက္ကန္တိကာ သဟုဇ္ဇာရာ"တိ ဧဝံ အဋ္ဌ မာတိကာယော ကထိနက္ခန္ဓကေ အာဂတာ။ အန္တရုဒ္ဓာရောပိ "သုဏာတု မေ ဘန္တေ သံယော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံယော ကထိနံ ဥဒ္ဓရေယျ၊ ဧသော ဉ တ္တိ။ သုဏာတု မေ ဘန္တေ သံယော၊ သံယော ကထိနံ ဥဒ္ဓရတိ၊ ယဿာယသ္မတော ခမတိ ကထိနဿ ဥဒ္ဓါရော၊ သော တုဏ္ဟဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။ ဥဒ္ဓတံ သံယေန ကထိနံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမီ"တိ ဧဝံ ဘိက္ခုနိဝိဘင်္ဂေ အာဂတော–(ဝိ၊၄၊၂။၂၂၁)

ဟု ဆိုတော်မူ၏။

တံ ပန ကထိနံ၊ ထိုကထိန်ကို။ အဋ္ဌသု၊ ကုန်သော။ မာတိကာသု၊ တို့တွင်။ ဧကာယ ဝါ၊ တစ်ခုခုသော မာတိကာဖြင့်လည်းကောင်း။ အန္တရုဒ္ဓာရေန ဝါ၊ အန္တရုဒ္ဓာရ နုတ်ခြင်းဖြင့်

http://www.dhammadownload.com

လည်းကောင်း။ယသွာ၊ အကြင်ကြောင့်။ ဥဒ္ဓရီယတိ၊ နုတ်၏။ တေန၊ ထို့ကြောင့်။ အဿ၊ ထိုပုဒ်၏။ နိဒ္ဒေသေ၊ အကျယ်ပြရာ၌။ အဌနံ မာတိကာနန္တိအာဒိ၊ ဤသို့အစရှိသော စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ တတ္ထ၊ ထိုပါဠိ၌။ ကထိနဿ၊ ကထိန်ကို။ ဥဿာရယ၊ နုတ်ခြင်းငှာ။ မာတိကာ၊ တို့သည်။ ဣမာ အဌ၊ ဤ ၈-ပါးတို့သည်။ ဟောန္တိ၊ ၏။ ပဏ္ဏမနန္တိကာ၊ ဥပစာရသိမ်ကို လွန်ခြင်းအဆုံးရှိသော နုတ်ခြင်းလည်းကောင်း။ နိဋ္ဌာနန္တိကာ၊ သင်္ဃံနီးပြီးဆုံးခြင်းလျှင် အဆုံးရှိသော နုတ်ခြင်းလည်းကောင်း။ သန္နိဋ္ဌာနန္တိကာ၊ စိတ်ကို ဆုံးဖြတ်ခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းလည်းကောင်း။ နာသနန္တိကာ၊ သင်္ဃံနီးပျောက်ခြင်းလျှင် အဆုံးရှိသော နုတ်ခြင်းလည်းကောင်း။ သဝနန္တိကာ၊ အန္တရဋ္ဌာရ နုတ်ခြင်းကို ကြားခြင်းလျှင် အဆုံးရှိသော နုတ်ခြင်းလည်းကောင်း။ အာသာဝစ္ဆေဒိကာ၊ သင်္ဃံနီးရန်းခြင်း မျှော်လင့်ချက်ပြတ်ခြင်းရှိသော နုတ်ခြင်းလည်းကောင်း။ သီမာတိက္ကန္တိကာ၊ သင်္ဃံနီးကာလ ၅-လကို လွန်ခြင်း အဆုံးရှိသော နုတ်ခြင်းလည်းကောင်း။ သဟုဇ္ဇာရာ၊ ရဟန်းတို့နှင့် အတူမိ၍ ကထိန်နုတ်ခြင်း အဆုံးရှိသော နုတ်ခြင်းလည်းကောင်း။ ဣတိ ဧဝံ၊ ဤသို့။ အဌ မာတိကာယော၊ ၈-ပါးသော မာတိကာတို့သည်။ ကထိနက္ခန္ဓကေ၊ ၌။ အာဂတာ၊ လာကုန်၏။ အန္တရဋ္ဌာရောပိ၊ ကိုလည်း။ သုဏာတု မေ ။ပ။ ဓာရယာမိတိ၊ ဟူ၍။ ဘိက္ခုနီဝိဘင်္ဂေ၊ ဘိက္ခုနီဝိဘင်းပါဠိတော်၌။ အာဂတော၊ ဟောတော်မူ၏။

၄။ ကခ်ီဋီကာ၌လည်း-

ဥဗ္ဘတေတိ အဌနံ မာတိကာနံ အညတရေန, အန္တရဋ္ဌာရေန ဝါ ဥဒ္ဓဋေ-

ဟု ဖွင့်တော်မူသည်(ကခ်ီဋီ-သစ်။၂၇၃)။

၅။ ပါတိမောက္ခဝဒတ္ထအနုဝဏ္ဏနာ၌လည်း-

ဥဗ္ဘတသ္မိံ ကထိနေတိ သံယေန အတ္ထတေ ကထိနေ အဌသု မာတိကာသု အညတရဝသေန ဝါ အန္တရဋ္ဌာရေန ဝါ ဥဗ္ဘတေ ဥဒ္ဓတေ။ အန္တရဋ္ဌာရေနာတိ ကာလပရိစ္ဆေဒဿ အန္တရေ ဥ ဋ္ဌိဒုတိယကမ္မဝါစာယ ဥဿာရေန-

ဟု ဆိုတော်မူသည်။

၆။ ဝိနယဝိနိစ္ဆယ အဌကထာ(ဝိနယဝိနိစ္ဆယ၊၄။၂၆၁)၌လည်း-

အဌနံ မာတိကာနံ ဝါ၊ အန္တရဋ္ဌာရတောပိ ဝါ။
ဥဿာရာပိ ဒုဝေ ဝုတ္တာ၊ ကထိနဿ မဟေသိနာ-

ဟု ဆိုတော်မူသည်။

http://www.dhammadownload.com

၇။ ၎င်းအဖွင့်ဖြစ်သောဋီကာဌ်လည်း(ဝိနယဝိနိစ္ဆယ၊ဋီ၊၂။၂၄၁)-

အဌန္နံ မာတိကာနန္တိ ဗဟိသီမဂတာနံ ဝသေန ဝုတ္တာ ပက္ကမနန္တိကာဒယော သတ္တ မာတိကာ, ဗဟိသီမံ ဂန္ဒာ အန္တရုဇ္ဇာရံ သမ္ပဇ္ဇန္တသ ဝသေန ဝုတ္တော သဟုဇ္ဇာရောတိ ဣမာသံ အဌန္နံ မာတိကာနံ ဝသေန စ။ **အန္တရုဇ္ဇာရတောပိ** ဝါတိ ဗဟိသီမံ အဂန္ဒာ တတ္ထေဝ ဝသိတွာ ကထိနုဇ္ဇာရကမ္မေန ဥဇ္ဇာရကထိနာနံ ဝသေန လဒ္ဓနတော အန္တရုဇ္ဇာရတော စာတိ မဟေသိနာ ကထိနသ္မာ ဒုဝေ ဥဇ္ဇာရာပိ ဝုတ္တာတိ ယောဇနာ။ ဗဟိသီမံ ဂန္ဒာ အာဂတသ္မ ဝသေန သဟုဇ္ဇာရော, ဗဟိသီမံ အဂတာနံ ဝသေန အန္တရုဇ္ဇာရောတိ ဧကောယေဝ ဥဇ္ဇာရော ဒ္ဝိဓာ ဝုတ္တော၊ တသ္မာ အန္တရုဇ္ဇာရံ ဝိသုံ အဂ္ဂဟေတွာ အဌေဝ မာတိကာ ပါဠိယံ ဝိဘတ္တာတိ ဝေဒိတဗ္ဗာ-

ဟု ဖွင့်တော်မူသည်။

ထိုဝိနယဝိနိစ္ဆယဋီကာဆရာ အလိုအားဖြင့် "အန္တရုဇ္ဇာရကို သဟုဇ္ဇာရ၌ ပေါင်း၍ ပါဠိတော်နည်းအားဖြင့် ကထိန်နုတ်ခြင်း မာတိကာ ၈-ပါးရှိသည်"ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၂၀၃] မာတိကာအားလျော်စွာ အာနိသင်ပျက်ခြင်း

(၁)**မေး**။ ။ထို ၉-ပါးသော ကထိန်နုတ်ခြင်းတို့တွင် မာတိကာ ၈-ပါးအရ ကထိန်နုတ်ရာ၌ ခင်းအိပ်သော ကထိန်အာနိသင်ရှိသော ရဟန်းတို့သည် အများပင် အာနိသင် ၅-ပါး ပျက်ကြလေသလော၊ သို့မဟုတ် အချို့ရဟန်းသာ ပျက်၍ အချို့ရဟန်းတို့ မပျက်ဘဲ ရအပ်ပါကုန်သလော။

ဖြေ။ ။ထို ၈-ပါးသောမာတိကာတို့တွင် သဝနန္တိကာနုတ်ခြင်း, သီမာတိက္ကန္တိကာနုတ်ခြင်း, သဟုဇ္ဇာရ နုတ်ခြင်းဟူသော **မာတိကာ ၃-ပါး**ဖြင့် နုတ်မူ ထိုကျောင်းတိုက်၌ ကထိန်ခင်းသော ရဟန်းဟူသမျှပင် အာနိသင်ကို မရကုန်။ ကြွင်းသော **မာတိကာ ၅-ပါး**ဖြင့် နုတ်ရာ၌ ထိုမာတိကာနှင့် ညီအောင် ပြုသောရဟန်းသာ ပျက်သည်။ ကြွင်းသောရဟန်းတို့ မပျက်ဟု မှတ်ရမည်။

၁။ တတ္ထ ယော ဘိက္ခု အတ္ထတကထိနော ကထိနစီဝရံ အာဒါယ တသ္မိံ အာဝါသေ နိရပေက္ခော "န ပစ္စေဿ"န္တိ ပက္ကမတိ၊ တသော်ဝံ ပက္ကမတော

http://www.dhammadownload.com

ကထိနုဒ္ဒါရော အတိက္ကန္တမတ္တာယ သီမာယ ဟောတိတိ ပက္ကမနန္တိကော ကထိနုဒ္ဒါရောတိ ဝေဒိတဗ္ဗော။ *(၁)*

ယော ပန အာနိသံသစီဝရံ အာဒါယ ပက္ကမတိ၊ တဿ ဗဟိသီမာဂတဿ ဧဝံ ဟောတိ "ဣဓေဝိမံ ကရိဿာမိ၊ န ပုန တံ ဝိဟာရံ ဂစ္ဆိဿာမီ"တိ တသ္မိံ အာဝါသေ နိရပေက္ခော ဟုတ္ဝာ တံ စီဝရံ ကာရေတိ၊ တဿ ဘိက္ခုနော နိဋ္ဌာနန္တိကော ကထိနုဒ္ဒါရော။ *(၂)*

ယဒိ ပန အာနိသံသမူလစီဝရံ အာဒါယ ဗဟိသီမာဂတော "နေဝိမံ စီဝရံ ကရိဿာမိ၊ န စ တံ အာဝါသံ ဂစ္ဆိဿာမီ"တိ သန္နိဋ္ဌာနံ ကရောတိ၊ တဒါ သန္နိဋ္ဌာနန္တိကော ကထိနုဒ္ဒါရော။ *(၃)*

တဒေဝ အာနိသံသစီဝရံ လဒ္ဓါ တံ အာဒါယ ဗဟိသီမံ ဂန္ဒွာ "ဣဓေဝိမံ စီဝရံ ကရိဿာမိ၊ န ဂစ္ဆိဿာမီ"တိ ကရောန္တသ္သ သစေ တံ စီဝရံ နဿတိ ဝိနဿတိ ဍယ္ဟတိ၊ နာသနန္တိကော ကထိနုဒ္ဒါရော ဟောတိ။ *(၄)*

သစေ ပန အာနိသံသစီဝရံ လဒ္ဓါ တသ္မိံ ဝိဟာရေ သာပေက္ခော ဗဟိသီမာဂတော "ဝိဟာရေ ဘိက္ခူဟိ အန္တရဃရံ ဂတ"န္တိ သုဏာတိ၊ တဿ သဝနန္တိကော ကထိနုဒ္ဒါရော ဟောတိ။ *(၅)*

အာသာယ အဝဏ္ဏေဒေါ ဧတိဿာတိ အာသာဝဏ္ဏေဒိကာ။ ယော ပန ယေန ကေနစိ "တုယ္ဟံ စီဝရံ ဒဿာမီ"တိ ဝုတ္တော တသ္မိံ စီဝရေ အာသာယ ဝိဟာရေ အပေက္ခံ ပဟာယ ဗဟိသီမာဂတော ပုန တေန "န သက္ကောမိ ဒါတု"န္တိ ဝုတ္တေ အာသံ ဆိန္ဒတိ၊ တဿ အာသာဝဏ္ဏေဒိကော ကထိနုဒ္ဒါရော ဟောတိ။ *(၆)*

ယော ပန ဝဿံဝုဋ္ဌဝိဟာရတော အညံ ဝိဟာရံ သာပေက္ခော ဂန္ဒွာ အာဂစ္ဆန္တော အန္တရာမဂ္ဂေယေဝ ကထိနုဒ္ဒါရံ ဝိတိနာမေတိ၊ တဿ သီမာတိက္ကမနန္တိကော ကထိနုဒ္ဒါရော။ *(၇)*

သဟ ဥဒ္ဒါရေနာတိ သဟုဒ္ဒါရာ။ အာနိသံသစီဝရံ အာဒါယ သာပေက္ခော ဗဟိဂန္ဒွာ ကထိနုဒ္ဒါရံ သမ္မုခီဘူတသ္မိံ ကထိနုဒ္ဒါရော သဟုဒ္ဒါရောတိ ဝေဒိတဗ္ဗော *(၈)*–

ဟု ဆိုသော ဝိနယတ္ထမဉ္ဇူသာမည်သော လီနတ္ထပကာသနီဋီကာ(ကခ်ီ။ဋီ-သစ်။၂၇၈-၉)ကို ထောက်။

အနက်ကား– အတ္ထတကထိနော၊ ခင်းအပ်သော ကထိန်ရှိသော။ ယော ဘိက္ခု။ သည်။ ကထိနစီဝရံ၊ ကထိန်ခင်းသော သင်္ကန်းကို။ အာဒါယ၊ ယူ၍။ တသ္မိံ အာဝါသေ၊

http://www.dhammadownload.com

ထိုကထိန်ခင်းသော ကျောင်း၌။ နှ ပစ္စေသဲ၊ မပြန်အံ့။ ဣတိ၊ ဤသို့။ နိရပေက္ခော၊ ငဲ့ခြင်းကင်းသည် ဖြစ်၍။ ပဏ္ဍမတိ၊ အရပ်တပါးသို့ သွား၏။ ဧဝံ၊ ဤသို့။ ပဏ္ဍမတော၊ သွားသော။ တဿ၊ ထိုရဟန်း၏။ ကထိနုဒ္ဒါရော၊ ကထိန်နုတ်ခြင်းသည်။ သီမာယ၊ ဥပစာရ သိမ်ကို။ အတိက္ကန္တမတ္တာယ၊ လွန်ကာမျှ၌။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ပဏ္ဍမနန္တိကော၊ အရပ်တပါးသို့ သွားခြင်း အဆုံးရှိသော။ ကထိနုဒ္ဒါရော၊ ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏ (၁)။

ယော ပန၊ အကြင်ခင်းအပ်သော ကထိန်ရှိသော ရဟန်းသည်။ အာနိသံသစီဝရံ၊ ကထိန်အာနိသင်ဖြစ်သော ဝေစုကျရသော, မချုပ်ရသေးသော သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ပဏ္ဍမတိ၊ အရပ်တပါးသို့ သွား၏။ ဗဟိသီမာဂတဿ၊ သိမ်ပသို့ ရောက်သော။ တဿ၊ ထိုရဟန်းအား။ ဧဝံ၊ ဤသို့သော စိတ်အကြံသည်။ ဟောတိ၊ ဖြစ်၏။ ဣဓေဝ၊ ဤကျောင်း၌လျှင်။ ဣမံ စီဝရံ၊ ဤသင်္ကန်းကို။ ကရိဿာမိ၊ ပြုအံ့။ ပုန၊ တဖန်။ တံ ဝိဟာရံ၊ ထိုကထိန်ခင်းသော ကျောင်းသို့။ နှ ဂစ္ဆိဿာမိ၊ မသွားအံ့။ ဣတိ၊ ဤသို့ ကြံ၍။ တသ္မိံ အာဝါသေ၊ ထိုကထိန်ခင်းသော ကျောင်း၌။ နိရပေက္ခော၊ ငဲ့ခြင်းကင်းသည်။ ဟုတ္ဝာ၊ ဖြစ်၍။ တံ စီဝရံ၊ ထိုသင်္ကန်းကို။ ကာရေတိ၊ ချုပ်ခြင်းကို ပြု၏။ တဿ ဘိက္ခုနော၊ ထိုရဟန်း၏။ နိဋ္ဌာနန္တိကော၊ သင်္ကန်းပြီးခြင်း အဆုံးရှိသော။ ကထိနုဒ္ဒါရော၊ ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏ (၂)။

အာနိသံသမူလစီဝရံ၊ ကထိန်အာနိသင်သင်္ကန်း, ကထိန်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ဗဟိသီမာဂတော၊ သိမ်ပသို့ ရောက်လတ်သော်။ ဣမံ စီဝရံ၊ ဤအာနိသင်ဖြစ်သော မချုပ်ရသေးသော သင်္ကန်းကို။ နေဝ ကရိဿာမိ၊ ချုပ်ခြင်းကို မပြုအံ့။ တံ အာဝါသံ၊ ထိုကထိန်ခင်းသော ကျောင်းသို့။ နှ ဂစ္ဆိဿာမိ၊ မသွားအံ့။ ဣတိ၊ သို့။ သန္နိဋ္ဌာနံ၊ ဆုံးဖြတ်ခြင်းကို။ ယဒိ ပန ကရောတိ၊ ပြုသည် ဖြစ်အံ့။ တဒါ၊ ထိုအခါ၌။ သန္နိဋ္ဌာနန္တိကော၊ သန္နိဋ္ဌာန်ချခြင်း အဆုံးရှိသော။ ကထိနုဒ္ဒါရော၊ ကို။ ဝေဒိတဗ္ဗော၊ ၏ (၃)။

အာနိသံသစီဝရံ၊ ကထိန်အာနိသင်ဖြစ်သော, မချုပ်ရသေးသော သင်္ကန်းကို။ လဒ္ဓါ၊ ရ၍။ တံ၊ ထိုသင်္ကန်းကို။ အာဒါယ၊ ယူ၍။ ဗဟိသီမံ၊ ကထိန်ခင်းသော ကျောင်းမှ တပါးသောအရပ်သို့။ ဂန္တွာ၊ သွား၍။ ဣဓေဝ၊ ဤကျောင်း၌သာလျှင်။ ဣမံ စီဝရံ၊ ကို။ ကရိဿာမိ၊ အံ့။ နှ ဂစ္ဆိဿာမိ၊ မပြန်တော့အံ့။ ဣတိ၊ ဤသို့ ကြံ၍။ ကရောန္တဿ၊ ပြုစဉ်။ တံ စီဝရံ၊ သည်။ သစေ နဿတိ ဝိနဿတိ၊ ပျောက်သည် ဖြစ်အံ့။ သစေ ဍယ္ဟတိ၊ မီးလောင်သည် ဖြစ်အံ့။ နာသနန္တိကော၊ သင်္ကန်းပျောက်ခြင်းအဆုံးရှိသော။ ကထိနုဒ္ဒါရော၊ ကထိန်နုတ်ခြင်းသည်။ ဟောတိ၊ ၏ (၄)။

အာနိသံသစီဝရံ၊ ကို။ လဒ္ဓါ၊ ရ၍။ တသ္မိံ ဝိဟာရေ၊ ထိုကထိန်ခင်းသော ကျောင်း၌။ သာပေက္ခော၀၊ ပြန်အံ့ဟု ငဲ့ခြင်းရှိသည်ဖြစ်၍ သာလျှင်။ ဗဟိသီမာဂတော၊ သိမ်အပသို့

http://www.dhammadownload.com

ရောက်လတ်သော်။ ဝိဟာရေ၊ ကထိန်ခင်းသော ကျောင်း၌။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ အန္တရဋ္ဌာ၌၊ အကာလသင်္ကန်း လျှူလိုသော ဒါယကာတောင်းပန်၍ ကထိန်ကာလအတွင်း၌ ဥ တ်ကမ္မဝါစာဖြင့် နုတ်ခြင်းကို။ ကတန္တိ၊ ပြုသည်ဟူ၍။ သုဏာတိ၊ ကြား၏။ တဿ၊ ၏။ သဝနန္တိကော၊ ကြားခြင်းအဆုံးရှိသော။ ကထိနုဒ္ဒါရော၊ သည်။ ဟောတိ၊ ၏ (၅)။

ဧတိဿ၊ ထိုသင်္ကန်း အာသာ၌။ အာသာယ၊ တပ်ခြင်း၏။ အဝစ္ဆေဒေါ၊ ပြတ်ခြင်း သည်။ အာသာဝစ္ဆေဒိကော၊ မည်၏။ ယော ပန၊ အကြင်ခင်းအပ်သော ကထိန်ရှိသော ရဟန်း သည်။ ယေန ကေနစိ၊ အမှတ်မရှိသောသူသည်။ တုယ္ဟံ၊ သင့်အား။ စီဝရံ၊ ကို။ ဒဿာမိ၊ လှူအံ့။ ဣတိ၊ သို့။ ဝုတ္တော၊ ဆိုအပ်သည်ရှိသော်။ တသ္မိံ စီဝရေ၊ ထိုလှူလတ္တံ့သော သင်္ကန်း၌။ အာသာယ၊ တပ်နှစ်သက်သဖြင့်။ ဝိဟာရေ၊ ကထိန်ခင်းသောကျောင်း၌။ အပေက္ခ၊ ငဲ့ခြင်းကို။ ပဟာယ၊ စွန့်၍။ ဗဟိသီမာဂတော၊ သိမ်ပသို့ ရောတ်လတ်သော်။ ပုန၊ တဖန်။ တေန၊ ထိုသူသည်။ ဒါတုံ၊ လှူခြင်းငှာ။ န သက္ကောမိ၊ မစွမ်းနိုင်။ ဣတိ၊ သို့။ ဝုတ္တော၊ ဆိုသည်ရှိသော်။ အာသံ၊ သင်္ကန်း၌ တပ်သောဆန္ဒသည်။ ဆိန္နတိ၊ ပြတ်၏။ ဧဝံ၊ ဤသို့။ တဿ၊ ထိုရဟန်း၏။ အာသာဝစ္ဆေဒိကော၊ အာသာပြတ်ခြင်း အဆုံးရှိသော။ ကထိနုဒ္ဒါရော၊ သည်။ ဟောတိ၊ ၏ (၆)။

ယော ပန၊ အကြင်ခင်းအပ်သော ကထိန်ရှိသော ရဟန်းသည်။ ဝဿံဝုဋ္ဌဝိဟာရ-တော၊ ဝါကျွတ်သော ကျောင်းမှ။ အညံ ဝိဟာရံ၊ တပါးသော ကျောင်းသို့။ သာပေက္ခော၀၊ ထိုဝါကျွတ်သော ကျောင်းသို့ ပြန်အံ့ဟူသော ငဲ့ခြင်းရှိသည်ဖြစ်၍။ ဂန္ဓာ၊ သွား၍။ အာဂစ္ဆန္တော၊ လာလတ်သော်။ အန္တရာမဂ္ဂေယေ၀၊ ခရီးအကြား၌သာလျှင်။ ကထိနုဒ္ဒါရံ၊ ကထိန်နုတ်ခြင်းကို။ ဝိတိနာမေတိ၊ လွန်စေ၏။ တဿ၊ ထိုရဟန်း၏။ သီမာတိက္ကမနန္တိကော၊ အပိုင်းအခြားကိုလွန်သော။ ကထိနုဒ္ဒါရော၊ ကို။ ဝေဒိတဗ္ဗော၊ ၏ (၇)။

ဥဇ္ဇာရေန၊ နုတ်ခြင်းနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ဖြစ်၏။ ဣတိ တဿ၊ ထို့ကြောင့်။ သဟုဇ္ဇာရာ၊ မည်၏။ အာနိသံသစီဝရံ၊ ကထိန်အာနိသင်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ သာပေက္ခော၀၊ ထိုကျောင်းသို့ ပြန်အံ့ဟု ငဲ့ခြင်းရှိသည်ဖြစ်၍။ ဗဟိ ဂန္ဓာ၊ အပသို့ သွား၍။ ကထိနုဒ္ဒါရံ၊ ကို။ သမ္ဗာဏန္တသ၊ မီသောရဟန်း၏။ ကထိနုဒ္ဒါရော၊ ကို။ သဟုဇ္ဇာရောတိ၊ ဟူ၍။ ဝေဒိတဗ္ဗော၊ ၏ (၈)။

ဤသို့လာသော ဋီကာကိုထောက်၍ မာတိကာ ၈-ပါးတို့တွင် သဝနန္တိကာ, သီမာ-တိက္ကန္တိကာ, သဟုဇ္ဇာရာဟူ၍ ၃-ပါးသော မာတိကာတို့ဖြင့် ကထိန်နုတ်မူ ထိုကျောင်းတိုက်တွင်း၌ ကထိန်ခင်းအပ်သော ရဟန်းဟူသမျှပင် အာနိသင် ပျက်သည်။ ကြွင်းသော ပက္ကမနန္တိ-

http://www.dhammadownload.com

ကာ, နိဋ္ဌာနန္တိကာ, သန္နိဋ္ဌာနန္တိကာ, နာသနန္တိကာ, အာသာဝစ္ဆေဒိကာဟူ၍ ၅-ပါးသော မာတိကာတို့ဖြင့် ကထိန်နုတ်မူ ထိုမာတိကာနှင့်ညီအောင် ပြုသော ရဟန်းတို့သာလျှင် အာနိသင် ပျက်သည်ဟု သန္နိဋ္ဌာန်ကျ မှတ်။

ထိုမာတိကာ ၈-ပါးတို့တွင် ပက္ကမနန္တိကာမှာ ကထိန်ခင်းသော ကျောင်းတိုက် ဥပစာရသိမ်ကို လွန်ခြင်းအဆုံးရှိသည်။ သီမာတိက္ကန္တိကာမှာ ကထိန်အာနိသင်ရသော သင်္ကန်းကာလဖြင့် ၅-လလွန်ခြင်း အဆုံးရှိသည်ဟု မှတ်။

၂။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌—

ပက္ကမနန္တိ စေတ္ထ ဥပစာရသီမာတိက္ကမနံ ဒဋ္ဌဗ္ဗံ။
သီမာတိက္ကန္တိကော နာမ စီဝရမာသာနံ ပရိယန္တဒိဝသသင်္ခါတာယ သီမာယ အတိက္ကမနတော သဉ္ဇာတော- (ဝိမတိ၂။၁၉၄-၅)

ဟု ဆိုတော်မူသည်။

၃။ **မာတိကာ ၈-ပါးတို့တွင် ပက္ကမနန္တိကာမာတိကာ၌ လီနတ္ထပကာသနီဋီကာ**(က၌။ဋီ-သစ်၂၇၈)**မှာ-**

ယော ဘိက္ခု အတ္ထတကထိနော ကထိနစီဝရံ အာဒါယ- ဟူ၍ ရှိသည်။

၄။ **ကထိနက္ခန္ဓကပါဠိတော်မှာ—**

ဘိက္ခု အတ္ထတကထိနော ကတစီဝရံ အာဒါယ- (ဝိ၃။၃၅၃)ဟု ရှိသည်။

၅။ **ကထိနက္ခန္ဓကအဋ္ဌကထာမှာ—**

ဧတသ္မိံ ပန ပက္ကမနန္တိကေ ကထိနုဒ္ဒါရေ ပဌမံ စီဝရပလိဗောဓော ဆိဇ္ဇတိ၊ ပစ္ဆာ အာဝါသပလိဗောဓော။ ဧဝံ ပက္ကမတော ဟိ စီဝရပလိဗောဓော အန္တောသီမာယမေဝ ဆိဇ္ဇတိ။ အာဝါသပလိဗောဓော သီမာတိက္ကမေ—

ဟု ဖွင့်တော်မူသည်(ဝိ၃။၃။၃၉၃)။

၆။ **ဝိမတိဝိနောဒနီဋီကာမှာလည်း—**

ပဌမံ စီဝရပလိဗောဓော ဆိဇ္ဇတီတိ နု ပစ္စေသန္တိ ပက္ကမနတော ပုရေတရမေဝ စီဝရဿ နိဋ္ဌိတတ္တာ ဝုတ္တံ။ "ကတစီဝရံ အာဒါယာ"တိ ဟိ ဝုတ္တံ—

ဟု ဖွင့်တော်မူသည်(ဝိမတိ၂။၁၉၄)။

http://www.dhammadownload.com

၇။ နိဗ္ဗာနန္တိကာမာတိကာ၌ လီနတ္ထပကာသနီဋီကာမှာ–

အာနိသံသစီဝရံ အာဒါယ–(ကခ်ီ။ဋီ-သစ်။၂၇၈)ဟု ရှိသည်။

၈။ ကထိနက္ခန္ဓကပါဠိတော်မှာ–

စီဝရံ အာဒါယ–(ဝိ။၃။၃၅၄)ဟု ရှိသည်။

၉။ သန္နိဗ္ဗာနန္တိကာမာတိကာ၌ လီနတ္ထပကာသနီဋီကာမှာ–

အာနိသံသမူလစီဝရံ အာဒါယ–(ကခ်ီ။ဋီ-သစ်။၂၇၈)ဟု ရှိသည်။

၁၀။ ကထိနက္ခန္ဓကပါဠိတော်မှာ–

စီဝရံ အာဒါယ–(ဝိ။၃။၃၅၄) ဟု ရှိသည်။

၁၁။ ကထိနက္ခန္ဓကအဋ္ဌကထာမှာ–

စီဝရံ အာဒါယာတိ အကတစီဝရံ အာဒါယ–(ဝိ။ဋ။၃။၃၉၃)ဟု ဖွင့်သည်။

၁၂။ ဝိမတိဝိနောဒနီဋီကာ၌–

ယော ပန အပ္ပိစ္ဆတာယ ဝါ အနတ္ထိကတာယ ဝါ သဗ္ဗထာ စီဝရံ နာ သမ္ပဇ္ဇိစ္ဆတိ၊ တဿ ဗဟိသီမာဂတဿ သဗ္ဗထာပိ စီဝရပလိဗောဓာဘာဝေန "နာ ပစ္စေဿ"န္တိ သန္နိဋ္ဌာနမတ္တေန သန္နိဋ္ဌာနန္တိကော ကထိနုဒ္ဓာရော ဝေဒိတဗ္ဗော–(ဝိမတိ၊၂။၁၉၅) ဟု ဖွင့်သည်။

၁၃။ အာသာဝစ္ဆေဒိကာမာတိကာ၌ လီနတ္ထပကာသနီဋီကာမှာ–

ယေန ကေနစိ "တုယ္ဟံ စီဝရံ ဒဿာမိ"တိ ဝုတ္တော တသ္မိံ စီဝရေ အာသာယ ဝိဟာရေ အပေက္ခံ ပဟာယ–(ကခ်ီ။ဋီ-သစ်။၂၇၈)စသည်ဖြင့် ရှိသည်။

၁၄။ ကထိနက္ခန္ဓကပါဠိတော်မှာ အာသာဝစ္ဆေဒိကာမာတိကာ၌–

နိဗ္ဗာနန္တိကာ, သန္နိဗ္ဗာနန္တိကာ, နာသနန္တိကာ, သီမာတိက္ကန္တိကာ, သဟုဇ္ဇရာ, အာသာဝစ္ဆေဒိကာ–(ဝိ။၃။၃၅၃-၄) ဟူ၍ မာတိကာအပြားကို ဟောတော်မူသည်။

၁၅။ ဝိမတိဝိနောဒနီဋီကာ၌–

ပါဠိယံ အာသာဒွါဒသကေ ဗဟိသီမာဂတဿ ကထိနုဒ္ဓါရေသု တေသမ္ပိ စီဝရာသာဒိဝသေန စီဝရပလိဗောဓော ယာဝ စီဝရနိဋ္ဌာနာ တိဋ္ဌတိ–(ဝိမတိ၊၂။၁၉၆) ဟု ဆိုတော်မူ၏။

http://www.dhammadownload.com

ထို့ကြောင့် မာတိကာ ၈-ပါးတို့တွင် ပဏ္ဏမနန္တိကာ, နိဋ္ဌာနန္တိကာ, သန္နိဋ္ဌာနန္တိကာ, နာသနန္တိကာ, အာသာဝစ္ဆေဒိကာ မာတိကာ ၅-ပါးမှာ ကထိန်ခင်းသော ရဟန်းဟူသမျှပင် ထိုမာတိကာနှင့်ညီသည်ရှိသော် မာတိကာနှင့်ညီသော ရဟန်းသာ အာနိသင်ပျက်သည်။ ကြွင်းသောရဟန်းတို့ မပျက်ဟု မှတ်။

သဝနန္တိကာ, သီမာတိက္ကန္တိကာ, သဟုဇ္ဇာရာတိကာဖြင့် နုတ်မူ ထိုကျောင်းတိုက်၌ ကထိန်ခင်းသော ရဟန်းဟူသမျှပင် အာနိသင်ပျက်သည်ဟု မှတ်။

၁၆။ ဝိနယဝိနိစ္ဆယ အဋ္ဌကထာ(နှာ-၂၆၁)၌ကား—

ပဏ္ဏမနဉ္စ နိဋ္ဌာနံ၊ သန္နိဋ္ဌာနဉ္စ သီမတော။
စတ္ထာရော ပုဂ္ဂလာဓိနာ၊ သံယာဓိန'န္တရုဇ္ဇာရော။

နာသနံ သဝနဉ္စေဝ၊ အာသာဝစ္ဆေဒိကာပိ စ။
တယောပိ ကထိနုဇ္ဇာရာ၊ န တု သံယာ, န ဘိက္ခုတော—

ဟု ဆိုတော်မူသည်။

၁၇။ ပဏ္ဏမနဉ္စ နိဋ္ဌာနဉ္စ သန္နိဋ္ဌာနဉ္စ သီမတော သီမာတိက္ကန္တိကေန သဟ ဣမေ စတ္တာရော ကထိနုဇ္ဇာရာ(ပုဂ္ဂလာဓိနာ) ပုဂ္ဂလာယတ္တာ။ သဟုဇ္ဇာရသခီတော **အန္တရုဇ္ဇာရော သံယာဓိနောတိ** ယောဇနာ။

နာသနန္တိ နာသနန္တိကော။ သဝနန္တိ သဝနန္တိကော။ အာသာဝစ္ဆေဒိကာပိ စာတိ တယောပိ ကထိနုဇ္ဇာရာ။ **န တု သံယာ န ဘိက္ခုတောတိ သံယတောပိ န ဟောန္တိ၊ ပုဂ္ဂလတောပိ န ဟောန္တိတိ** အတ္ထော— (၂။နှာ-၂၄၀-၌)

ဟု ဝိနယဝိနိစ္ဆယဋီကာ ဖွင့်သည်။

ထိုစကားသည် ကထိန်နုတ်ခြင်းနှင့်စပ်သော အခြင်းအရာကိုသာ ပြသောစကားဖြစ်သည်။ ထို့ကြောင့် ပြဆိုသည့်အတိုင်းသာ အာနိသင်ပျက်ခြင်းကို မှတ်လေ။

ယခုကာလ၌ ကထိန်ခင်းသော ကျောင်းတိုက်၌ ကထိန်အာနိသင်ရသော ရဟန်းသည် တပါးသို့ရောက်မှ သင်္ကန်းကို ချုပ်အံ့ဟူသော စိတ်မရှိဘဲသာ ထိုကျောင်းသို့ မပြန်အံ့-ဟု သွားမူ ပဏ္ဏမနန္တိကာ ကထိန်နုတ်ခြင်းဖြစ်၍ အာနိသင် ပျက်သည်ဟု မှတ်ယူသင့်သည်။

http://www.dhammadownload.com

၁၈။ အန္တရဋ္ဌာရ ကထိန်နုတ်ခြင်းကို–

ဓမ္မိကံ ကထိနံ ဒါရဏ္ဍိ သဗ္ဗာသံ ဘိက္ခုနီနံ အကာလစီဝရံ ဒါတုကာမေန ဥပါသကေန ယတ္တကော အတ္ထာရမူလိကော အာနိသံယော၊ တတော အဓိကံ ဝါ သမကံ ဝါ ဒတွာ ယာစိတေန သမဂ္ဂေန ဘိက္ခုနိသံယေန ယံ ကထိနံ ဥတ္တိဒုတိယကမ္မေန အန္တရာ ဥဒ္ဒရီယတိ၊ တဿ သော ဥဒ္ဒါရော 'ဓမ္မိကော'တိ ဝုစ္စတိ၊ ဧဝရူပံ ကထိနုဒ္ဒါရဏ္ဍိ အတ္ထော–(ကခ်ီ။ဋ္ဌ။၃၂၂၆)

ဟု ဆိုသော ဘိက္ခုနီကခ်ီကို ထောက်၍ သိလေ။

✪ ✪ ✪ ✪ ✪

[၂၀၄] အာနိသင်ပျက်သော ပလိဗောဓ

(၁)မေး။ ။ခင်းအပ်သော ကထိန်ရှိသော ရဟန်း၏ အာနိသင် ၅-ပါး ပျက်ပြားရာ အင်္ဂါအဘယ်မျှ ရှိပါသနည်း။

ဖြေ။ ။ထိုအမေးမှာ–

၁။ စီဝရပလိဗောဓော အာဝါသပလိဗောဓောတိ ဒွေ ပလိဗောဓာ။ တေသု ဧကပလိဗောဓေပိ သတိ ယသ္မာ အနာမန္တစာရာဒိကံ အာနိသံသံ လဘတိ၊ နာသတိ ။ပ။ ဝိညာယတိ–(ကခ်ီ။ဋီ-သစ်။၂၇၃)

ဟု ဆိုသော **လီနတ္ထပကာသနီဋီကာ**ကို ထောက်၍ အာဝါသပလိဗောဓ, စီဝရပလိဗောဓ ၂-ပါးလုံးရှိသည် ဖြစ်စေ၊ ၁-ပါးပါးရှိသည် ဖြစ်စေ ခင်းအပ်သော ကထိန်ရှိသောရဟန်းအား အာနိသင် ၅-ပါးကို ရသည်။ ထိုပလိဗောဓ ၂-ပါးလုံး ကင်းပြတ်မူ အာနိသင် ၅-ပါး ပျက်သည်။

စီဝရပလိဗောဓော၊ သင်္ကန်း၌ ငဲ့ခြင်းလည်းကောင်း။ အာဝါသပလိဗောဓော၊ ကျောင်း၌ ငဲ့ခြင်းလည်းကောင်း။ ဣတိ၊ သို့။ ပလိဗောဓာ၊ ငဲ့ခြင်းတို့သည်။ ဒွေ၊ ၂-မျိုး တို့တည်း။ တေသု၊ ထို ၂-မျိုးတို့တွင်။ ဧကပလိဗောဓေ၊ တစ်ခုခုသောငဲ့ကွက်ခြင်းသည်။ သတိပိ၊ ရှိသော်လည်း။ ယသ္မာ၊ အကြောင်ကြောင့်။ အနာမန္တစာရာဒိကံ၊ အစရှိသော။ အာနိသံသံ၊ အကျိုးကို။ လဘတိ၊ ရ၏။ အသတိ၊ မရှိသော်။ န လဘတိ၊ မရ။ တသ္မာ၊ ထို့ကြောင့်။ ဝိညာယတိ၊ သိအပ်၏။

http://www.dhammadownload.com

၂။ **ဝိမတိဝိနောဒနီဋီကာ(၂။၁၉၅)၌လည်း–**

သဗ္ဗထာပိ စ ဣမေသံ ဥဘိန္နံ ပလိဗောဓာနံ ဥပစ္ဆေဒနေဝ ကထိနုဇ္ဇာရော၊ နကေသ- ဟု ဆိုတော်မူ၏။

၃။ **ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌လည်း–**

နိဋ္ဌိတစီဝရသ္မိန္တိ ပဒေန စီဝရပလိဗောဓာဘာဝေါ ဒဿိတော ဟောတိ။ ဥဇ္ဇုတသ္မိံ ကထိနေတိ ပါဒ္မေန အာဝါသပလိဗောဓာဘာဝေါ ဒဿိတော။ **ပရိဿမန္တေတော ဗောဓေတီတိ ပလိဗောဓော–**

ဟု ဆိုတော်မူ၏။

ပလိဗောဓ-၌ ပရိဗောဓ-ဟု ဆိုအပ်လျက် ရ-ကို လ-ပြု၍ ပလိဗောဓ-ဟု ဆိုသည်။ အဋ္ဌသာလိနီ-ဟူသောပုဒ်၌ အဋ္ဌသာရိနီ-ဟု ဆိုအပ်လျက် ရ-ကို လ-ပြု၍ အဋ္ဌသာလိနီ-ဆိုအပ်သကဲ့သို့တည်း။ ပလိဗောဓ-၌ ပရိ-ရှေးရှိသော ဗုဓိ-ဓာတ်၊ "ဗုဓိ ဟိ်သာယ၊ ပလိဗောဓော"ဟု သဒ္ဒနီတိ ဓာတုမာလာ ဓကာရန္တ၌ လာသောကြောင့် ဗုဓိ-ဓာတ်သည် ဟိ်သန အနက်၌ ဖြစ်သည်။ ကထိန်ခင်းသော ရဟန်းအား ထက်ဝန်းကျင်မှ ခြံရံ၍ ငဲ့ကွက်သာယာ တွယ်တာနှစ်သက်စေသဖြင့် နှိပ်စက်တတ်သော တဏှာသည် **ပလိဗောဓ** မည်၏။ ကျောင်း၌ ဖြစ်မူ အာဝါသပလိဗောဓ မည်၏။

✪ ✪ ✪ ✪ ✪

[၂၀၅] ကထိန်ခင်းထိုက်သော ရဟန်း

(၁)**မေး။** ။ ထိုကထိန်ကို ပုရိမဝါကပ်သော ရဟန်း, ပစ္ဆိမဝါကပ်သော ရဟန်းတို့တွင် အဘယ်ရဟန်းတို့သည် ကထိန်ခင်းခြင်း, အနုမောဒနာပြုခြင်းတို့ကို ထိုက်၍ ကထိန်ခင်းအပ်ပါသနည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ ဝုတ္ထဝဿဝသေန ပုရိမိကာယ ဝဿံ ဥပဂန္တွာ ပဌမပဝါရဏာယ ပဝါရိတာ လဘန္တိ ဆိန္နဝဿာ ဝါ ပစ္ဆိမိကာယ ဥပဂတာ ဝါ န လဘန္တိ၊ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တိတိ မဟာပစ္စရိယံ ဝုတ္တံ– (ဝိ၊ဋ၊၃။၃၈၈)

http://www.dhammadownload.com

ဟု ဆိုသော ကထိနက္ခန္ဓကအဋ္ဌကထာကို ထောက်၍ ပုရိမဝါ၌ ဝါဆိုသည်ဖြစ်စေ၊ ဝါမကျူးမပျက်သည်ဖြစ်စေ ဤအင်္ဂါ ၂-ပါးနှင့် ပြည့်စုံက ကထိန်ခင်းထိုက်, အနုမောဒနာပြုထိုက်သည် ဖြစ်၍ ကထိန်ခင်းထိုက်သည်။ ပုရိမဝါ ကပ်သော်လည်း ဝါကျူးပျက်သော ရဟန်း, ပစ္ဆိမဝါ ကပ်သောရဟန်း, တပါးသောကျောင်းတိုက်၌ ဝါကျွတ်သောရဟန်းသည် ကထိန် မခင်းထိုက်-ဟု မှတ်။

ဝုတ္ထဝဿဝသေန၊ ဝါကျွတ်သည်အစွမ်းဖြင့်။ ပုရိမိကာယ၊ ပုရိမဝါ၌။ ဝဿံ၊ ဝါသို့။ ဥပဂန္တှာ၊ ကပ်၍။ ပဌမပဝါရဏာယ၊ သီတင်းကျွတ်လပြည့် ပဝါရဏာနေ့၌။ ပဝါရိတာ၊ ပဝါရဏာပြုသော ရဟန်းတို့သည်။ လဘန္တိ၊ ရကုန်၏။ ဆိန္နဝဿာ ဝါ၊ ဝါကျူးပျက်သော ရဟန်းတို့သည်လည်းကောင်း။ ပစ္ဆိမိကာယ၊ ပစ္ဆိမဝါ၌။ ဥပဂတာ ဝါ၊ ဝါဆိုသော ရဟန်းတို့သည်လည်းကောင်း။ န လဘန္တိ၊ မရကုန်။ အညသ္မိံ ဝိဟာရေ၊ တပါးသော ကျောင်း၌။ ဝုတ္ထဝဿာပိ၊ ဝါကျွတ်သော ရဟန်းတို့သည်လည်း။ န လဘန္တိ၊ မရကုန်။ ဣတိ၊ သို့။ မဟာပစ္စရိယံ၊ ၌။ ဝုတ္တံ၊ ၏။

ပုရိမဝါဆိုသော ရဟန်းတို့သည် ဝါမကျူးမပျက်ဘဲ တစ်စုံတစ်ခုအန္တရာယ်ရှိ၍ ပဝါရဏာမပြုရသော်လည်း ကထိန်ခင်းထိုက်, အနုမောဒနာပြုထိုက်သည်ဟု မှတ်။

၂။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌–

> ပဌမပဝါရဏာယ ပဝါရိတာတိ ဣဒံ ဝဿစ္ဆေဒံ အကတ္တွာ ဝဿံဝုတ္ထ-ဘာဝသန္ဒဿနတ္ထံ ဝုတ္တံ အန္တရာယေန အပ္ပဝါရိတာနမ်ိ ဝုတ္ထဝဿာနံ ကထိနတ္ထာ-ရသမ္ဘဝတော။ တေနေဝ "အပ္ပဝါရိတာ ဝါ"တိ အဝတ္ဝာ "ဆိန္နဝဿာ ဝါ ပစ္ဆိမိ-ကာယ ဥပဂတာ ဝါ န လဘန္တိ"တိ ဧတ္တကမေဝ ဝုတ္တံ– (သာရတ္ထ၊၃။၃၃၅)

ဟု ဆိုတော်မူ၏။

၃။ ဝဇိရဗုဒ္ဓိဋီကာ(နှာ-၄၈၈)၌လည်း နည်းတူလာသည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၀၆] ကထိန်အာနိသင်ပစ္စည်း ခွဲဝေပုံ

(၁)မေး။ ။ ထိုကထိန်ခင်းသော ကျောင်းတိုက်၌ ပုရိမဝါသား ရဟန်း ၁-ပါးသာရှိ၍ ပစ္ဆိမဝါသား ရဟန်း ၄-ပါးရှိသည်ဖြစ်၍ ကထိန်ခင်းရာ ပစ္ဆိမဝါသား ရဟန်းတို့သည် ဂိုဏ်းပြည့် ပြုလုပ်အပ်သည်ဖြစ်၍ ကထိန်အာနိသင်-စသောဝတ္ထုတို့ကို အညီအမျှ ဝေယူအပ်သည်ဟု မှတ်ရမည်လော။

ဖြေ။ ။ ထိုအမေးမှာ-

၁။ ပုရိမိကာယ ဥပဂတာနံ ပန သဗ္ဗေ ဂဏပူရကာ ဟောန္တိ၊ အာနိသံသံ နံ လဘန္တိ၊ အာနိသံသော ဣတရေသံယေဝ ဟောတိ။

သစေ ပုရိမိကာယ ဥပဂတာ ကထိနတ္ထာရကုသလာ နံ ဟောန္တိ၊ အတ္ထာရကုသလာ ခန္ဓကဘာဏကတ္ထေရာ ပရိယေသိတွာ အာနေတဗ္ဗာ။ ကမ္မဝါစံ သာဝေတွာ ကထိနံ အတ္ထာရာပေတွာ ဒါနဉ္စ ဘုဉ္ဇိတွာ ဂမိဿန္တိ၊ အာနိသံသော ပန ဣတရေသံယေဝ ဟောတိ-

ဟု လာသော ကထိနက္ခန္ဓက အဋ္ဌကထာ, (ဝိ၊ဋ္ဌ၊၃၊၃၈၈) ဝိနယဝိနိစ္ဆယဋီကာ၊(၂။၂၃၁-၂)

၂။ တတြုပ္ပါဒေန တဏ္ဍုလာဒိနာ ဝတ္ထေသု စေတာပိတေသု အတ္ထတကထိနာနမေဝ တာနိ ဝတ္ထာနိ ပါပုဏန္တိ။ ဝတ္ထေဟိ ပန တဏ္ဍုလာဒီသု စေတာပိတေသု သဗ္ဗေသံ တာနိ ပါပုဏန္တိတိ ဝုတ္တံ-

ဟုလာသော ဝဇိရဗုဒ္ဓိဋီကာ၊(နှာ-၄၈၈)

၃။ ပစ္ဆိမဝဿူပဂတေ ဂဏပူရကေ ကတွာ အတ္ထရိတဗ္ဗံ၊ တေ စ ဂဏပူရကာဝ ဟောန္တိ၊ အာနိသံသေ နံ လဘန္တိ-

ဟု လာသော မာတိကာအဋ္ဌကထာ၊(က၁။၆၊၁၅၂)

၄။ ယော စ တတ္ထ စီဝရုပ္ပါဒေါတိ တတ္ထ ကထိနတ္ထတသီမာယ မတကစီဝရံ ဝါ ဟောတု, သံယံ ဥဒ္ဒိဿ ဒိန္နံ ဝါ သံယိကေန တတြုပ္ပါဒေန အာဘတံ ဝါ ယေန ကေနစိ အာကာရေန ယံ သံယိကံ စီဝရံ ဥပ္ပဇ္ဇတိ၊ တံ တေသံ ဘဝိဿတီတိ အတ္ထော။ တေနာဟ "တသ္မိံ အာဝါသေ သံယဿ ဥပ္ပန္နစီဝရန္တာ"တိ။

http://www.dhammadownload.com

"ယံ ပန တတ္ထ သံယဿ ဥပ္ပန္နံ ပတ္တာဒိ ဝါ အညံ ဘဏ္ဍံ ဝါ၊ တံ သဗ္ဗေသံ ပါပုဏာတိ။ ယံ ပန တတြုပ္ပါဒေန သဏ္ဍုလာဒိနာ ဝတ္ထံ စေတာပိတံ၊ အတ္ထတကထိနာနမေဝ တာနိ ဝတ္ထာနိ ပါပုဏန္တိ။ ဝတ္ထေဟိ ပန တဏ္ဍုလာဒီသု စေတာပိတေသု သဗ္ဗေသံ တာနိ ပါပုဏန္တီ"တိ ဂဏ္ဌိပဒေ ဝုတ္တံ၊ တမ္ပိ စေတာပိတကာလတော ပဋ္ဌာယ စီဝရုပ္ပါဒေါ နာ ဟောတီတိ သုဝုတ္တန္တိ ဒဋ္ဌဗ္ဗံ —

ဟု လာသော **လီနတ္ထပကာသနီဋီကာ**၊(က၁၊ဍ-သစ်။၂၇၇-၈)

၅။ ယော တတ္ထ စီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတီတိ ဧတိသံ ကထိနုဒ္ဒါရဥပစာရသီမာယံ သံယဿ ယံ ဥပ္ပန္နံ စီဝရံ အတ္ထိ၊ တံ ဥပစာရသီမာယံ ဥပ္ပန္နစီဝရံ တေသံ ကထိနတ္ထာရကာနံ ဘိက္ခူနံ သန္တကံ ဘဝိဿတိ၊ တတော အညံ ပိဏ္ဍပါတဘေသဇ္ဇာဒိကံ အာဂတာဂတဿ သံယဿ သန္တကံ ဟောတီတိ ဝေဒိတဗ္ဗော—

ဟု လာသော **ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ**, ထိုနည်းတူလာသော **ဝိနယာလင်္ကာရဋီကာ**, (၂။၉၂-၃) ဤသို့လာသော **ကထိနက္ခန္ဓကအဋ္ဌကထာ**, **မာတိကာအဋ္ဌကထာ**, **ဝဇိရဗုဒ္ဓိဋီကာ**, **လီနတ္ထပကာသနီဋီကာ**, **ဝိနယဝိနိစ္ဆယဋီကာတို့ကို** ထောက်၍ ၁-ခုသောကျောင်းတိုက်၌ ကထိန်ခင်းမူ ထိုကျောင်းတိုက်၌ ပုရိမဝါဆို၍ ဝါကျွတ်သောရဟန်းတို့အား ကထိန်ခင်းအပ်, အနုမောဒနာ ပြုအပ်သည်။ ထိုကထိန်ခင်းသော, အနုမောဒနာပြုသော, ပုရိမဝါဆို၍ ပုရိမဝါကျွတ်သော ရဟန်းတို့သာ ကထိန်၏ အာနိသင်ဖြစ်သော သင်္ကန်းအဝတ်တို့ကို ရထိုက် ဝေယူထိုက်သည်။

ပစ္ဆိမဝါဆိုသောရဟန်း, တပါးကျောင်းတိုက်မှ လာသောရဟန်းတို့သည် ကထိန်အာနိသင်ဖြစ်သော သင်္ကန်းအဝတ်တို့ကို မရထိုက်, မဝေယူထိုက်ကုန်။ ထိုပုရိမဝါဆို၍ ကထိန်ခင်းသောရဟန်းတို့က ပေးလျှမ့် ရထိုက်သည်။

ကထိန်အာနိသင်ဖြစ်သော သင်္ကန်းအဝတ်မှ တပါးသော ဆန်, ဆီ, ငှက်ပျော အုန်း အစရှိသော ပစ္စည်းဝတ္ထုတို့မှာ ပုရိမဝါဆို၍ ကထိန်ခင်းသောရဟန်း, ပစ္ဆိမဝါဆိုသော ရဟန်း, တပါးကျောင်းမှလာသောရဟန်း အများပင် ဆိုင်သည်။

ထိုဆန် စသောဝတ္ထုဖြင့် သင်္ကန်းကို ဝယ်ယူပြန်မူ အများ မဆိုင်၊ ကထိန်ခင်းသော ရဟန်းတို့သာ ဆိုင်သည်။

ထိုသင်္ကန်း အဝတ်တို့ဖြင့် ဆန်, ဆီ, ထောပတ် စသည်ကို ဝယ်ပြန်မူ ထိုမျက်မှောက်ရှိ ကထိန်ခင်းရာ အများသံဃာပင် ဆိုင်သည်ဟု သန္နိဋ္ဌာန်ကျ မှတ်လေ။

http://www.dhammadownload.com

အစဉ်အတိုင်း အနက်ဆိုအံ့–

အဋ္ဌကထာ အနက်ကား–ပုရိမိကာယ၊ ပုရိမဝါ၌။ ဥပဂတာနံ ပန၊ ဝါကပ်သော ရဟန်းတို့၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော ပစ္ဆိမဝါကပ်သောရဟန်း, တပါးသောကျောင်းတိုက် ကလာသော ရဟန်းတို့သည်။ ဂဏပူရကာ၊ ဂိုဏ်းပြည့်တို့သည်။ ဟောန္တိ၊ ၏။ အာနိသံသံ၊ အာနိသင် ၅-ပါးကို။ န လဘန္တိ၊ မရကုန်။ အာနိသံသော၊ ကထိန်အာနိသင်အကျိုး ၅-ပါးသည်။ ဣတရေသံယေဝ၊ ပုရိမဝါဆို၍ ကထိန်ခင်းသော ရဟန်းတို့အားသာလျှင်။ ဟောတိ၊ ဖြစ်၏။

ပုရိမိကာယ၊ ၌။ ဥပဂတာ၊ ဝါဆိုသောရဟန်းတို့သည်။ ကထိနတ္ထာရကုသလာ၊ ကထိန်ခင်းခြင်း၌ လိမ္မာကုန်သည်။ သစေ နဟောန္တိ၊ ကုန်အံ့။ အတ္ထာရကုသလာ ခန္ဓကဘာဏကတ္ထေရာ၊ ကထိန်ခင်းခြင်း၌ လိမ္မာသော ကထိနခန္ဓကကို ဆောင်သော မထေရ်တို့ကို။ ပရိယေသိတွာ၊ ရှာဖွေ၍။ အာနေတဗ္ဗာ၊ ပင့်ခေါ်အပ်ကုန်၏။ ကမ္မဝါစံ၊ ကမ္မဝါစာကို။ သာဝေတွာ၊ ကြားစေ၍။ ကထိနံ၊ ကထိန်ကို။ အတ္ထာရာပေတွာ၊ ခင်းစေ၍။ ဒါနဉ္စ၊ အလှူကိုလည်း။ ဘုဉ္ဇိတွာ၊ သုံးဆောင်၍။ ဂမိဿန္တိ၊ သွားကုန်လတ္တံ့။ အာနိသံသော ပန၊ ကထိန်အာနိသင် ၅-ပါးသည်ကား။ ဣတရေသံယေဝ၊ ထိုကျောင်းတိုက်၌ ပုရိမဝါဆို၍ ကထိန်ခင်းသော ရဟန်းတို့အားသာလျှင်။ ဟောတိ၊ ဖြစ်၏။

ဝဇိရဋ္ဌီကာအနက်ကား–

တတြုပ္ပါဒေန၊ ထိုကထိန်ခင်းသော ကျောင်းတိုက်၌ ဖြစ်သော။ တဏ္ဍုလာဒိနာ၊ ဆန် စသည်ဖြင့်။ ဝတ္ထေသု၊ သင်္ကန်းတို့ကို။ စေတာပိတေသု၊ ဝယ်ယူစေအပ်ကုန်သည် ရှိသော်။ တာနိ ဝတ္ထာနိ၊ ထိုသင်္ကန်း, အဝတ်တို့သည်။ အတ္ထတကထိနာနမေဝ၊ ခင်းအပ်သော ကထိန်ရှိသော ရဟန်းတို့အားသာလျှင်။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဝတ္ထေဟိ ပန၊ သင်္ကန်းအဝတ်တို့ဖြင့်။ တဏ္ဍုလာဒိသု၊ ဆန် စသော ဝတ္ထုပစ္စည်းတို့ကို။ စေတာပိတေသု၊ ဝယ်စေအပ်ကုန်သည်ရှိသော်။ တာနိ၊ ထိုဆန်စသော ဝတ္ထုတို့သည်။ သဗ္ဗေသံ၊ ပုရိမဝါသားရဟန်း, ပစ္ဆိမဝါသားရဟန်း, တပါးကျောင်းတိုက်ကလာသော ရဟန်းတို့အား။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။

မာတိကာအဋ္ဌကထာအနက်ကား–

ပစ္ဆိမဝဿူပဂတေ၊ ပစ္ဆိမဝါဆိုသော ရဟန်းတို့ကို။ ဂဏပူရကေ၊ ဂိုဏ်းပြည့်တို့ကို။ ကတွာ၊ ပြု၍။ အတ္ထရိတဗ္ဗံ၊ ကထိန်ခင်းအပ်၏။ တေ စ၊ ပစ္ဆိမဝါသား, တပါးတိုက်သား ရဟန်းများတို့သည်။ ဂဏပူရကာဝ၊ ဂိုဏ်းပြည့်ရုံမျှတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အာနိသံသေ၊ ကထိန်အကျိုး ၅-ပါးတို့ကို။ န လဘန္တိ၊ မရကုန်။

http://www.dhammadownload.com

ဝိနယမဉ္ဇူသာဠီကာအနက်ကား-

ယော စ တတ္ထ စီဝရုပ္ပါဒေါတိ၊ ဟူသည်ကား။ တတ္ထ ကထိနတ္ထတသီမာယ၊ ထိုကထိန်ခင်းသော ဥပစာရသိမ်၌။ မတကစီဝရံ ဝါ။ မပေးဘဲ သေသောရဟန်း၏သင်္ကန်း သည်လည်း။ ဟောတု၊ ဖြစ်စေ။ သံယံ၊ သံယာကို။ ဥဒ္ဒိဿ၊ ရည်၍။ ဒိန္နံ ဝါ၊ လှူအပ်သော သင်္ကန်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ သံယိကေန၊ သံယာ့ဥစ္စာဖြစ်သော။ တတြုပ္ပါဒေန၊ ထိုကထိန်ခင်းသောကျောင်း၌ ဖြစ်သော လယ်ယာ,ဥယျာဉ် စသည်မှ ဖြစ်သော ဝတ္ထုဖြင့်။ အာဘတံ ဝါ၊ ဆောင်ယူအပ်သော သင်္ကန်းသည်လည်း။ ဟောတိ၊ ၏။ ယေန ကေနစိ၊ အမှတ်မရှိသော။ အာကာရေန၊ အခြင်းအရာဖြင့်။ သံယိကံ၊ သံယာ့ဥစ္စာဖြစ်သော။ ယံ စီဝရံ၊ အကြင်သင်္ကန်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ ထိုသံယိကဖြစ်သော သင်္ကန်း ဟူသမျှသည်။ တေသံ၊ ထိုကထိန်ခင်းခြင်းရှိသော ရဟန်းတို့အား သာလျှင်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ တည်း။ တေန၊ ထို့ကြောင့်။ တသ္မိံ အာဝါသေ သံယဿ ဥပ္ပန္နစီဝရဏ္ဍာတိ၊ ဟူ၍။ အာဟ၊ ဆိုတော်မူ၏။

ပန၊ သင်္ကန်းမှ တပါးသော ပစ္စည်းကို ဆိုအံ့။ တတ္ထ၊ ထိုကထိန်ခင်းသော ကျောင်း တိုက်၌။ သံယဿ၊ အား။ ဥပ္ပန္နံ၊ ဖြစ်သော။ ယံ ပတ္တာဒိ ဝါ၊ အကြင်သပိတ် စသော ပရိက္ခရာသည်လည်းကောင်း။ အည်၊ တပါးသော။ ယံ ဘဏ္ဍံ ဝါ၊ အကြင်ဆန် စသော ပစ္စည်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုပရိက္ခရာပစ္စည်းသည်။ သတ္ထေသံ၊ အလုံးစုံသော ကထိန်ခင်း, မခင်းသော ရဟန်းဟူသမျှတို့အား။ ပါပုဏာတိ၊ ရောက်၏။ ပန၊ အထူးကို ဆိုအံ့။ တတြုပ္ပါဒေန၊ ထိုကထိန်ခင်းသောကျောင်း၌ ဖြစ်သော။ တဏ္ဍုလာ-ဒိနာ၊ ဆန် စသောပစ္စည်းဖြင့်။ ယံ ဝတ္ထံ၊ အကြင်အဝတ်သင်္ကန်းကို။ စေတာပိတံ၊ ဝယ်ယူ အပ်၏။ တာနိ ဝတ္ထာနိ၊ ထိုအဝတ်သင်္ကန်းတို့သည်။ အတ္ထတကထိနာနမေဝ၊ ခင်းအပ် သော ကထိန်ရှိသော ရဟန်းတို့အားသာလျှင်။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဝတ္ထေဟိ ပန၊ အဝတ်သင်္ကန်းတို့ဖြင့်။ တဏ္ဍုလာဒီသု၊ ဆန် စသောပစ္စည်းတို့ကို။ စေတာပိတေသု၊ ဝယ်ယူရာတို့၌။ တာနိ၊ ထိုဆန် စသောဝတ္ထုတို့သည်။ သတ္ထေသံ၊ အလုံးစုံသော ရဟန်းတို့ အား။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဣတိ၊ သို့။ ဂဏ္ဌိပဒေ၊ ၌။ ဝုတ္တံ၊ ဆိုအပ်၏။ တမ္ပိ၊ ထိုဂဏ္ဌိဆရာတို့ စကားသည်လည်း။ စေတာပိတကာလတော၊ အဝတ်သင်္ကန်းဖြင့် ဆန် စသည်ကို ဝယ်ယူသည်မှ။ ပဋ္ဌာယ၊ စ၍။ စီဝရုပ္ပါဒေါ၊ သင်္ကန်းဖြစ်ခြင်းသည်။ ဝါ၊ စီဝ-ရုပ္ပါဒ အာနိသင်သည်။ န ဟောတိ၊ မဖြစ်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုဝုတ္တံ၊ ကောင်း သော ဆိုခြင်းမည်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

http://www.dhammadownload.com

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့ကို ထောက်မြော်၍ တပါးကျောင်းတိုက်က ရဟန်းတို့မှာ ကထိန်ခင်းသော သူတပါး၏ကျောင်း၌ ကထိန်စီရင်ရာ၌ ကထိန်ခင်းရာ၌ အပေါင်းအသင်းဖြစ်၍ ပင့်ခေါ်သွားရောက်သော်လည်း "ကထိန်အာနိသင်ဖြစ်သော အဝတ်သင်္ကန်းတို့ကို ငါတို့ဆိုင်သည်"ဟူ၍ မဝေယျာဝစ္စကိုက်။ ကထိန်ခင်းသော ကျောင်းတိုက်ရှိ ပုရိမဝါသား ကထိန်ခင်းသော ရဟန်းများက လျှူမှ ရထိုက်, ပိုင်ထိုက်သည်။ ဆန်, ငှက်ပျော, အုန်း စသော တပါးသော ပစ္စည်းကိုမူကား "ငါတို့ပါ ဆိုင်သည်"ဟု ဝေယျာဝစ္စကိုက်သည်။ ဤကား ခမ္မဝတ်ဥပဒေသကို ပြသည်။

ကထိန်ခင်းသော ကျောင်းတိုက်ရှိ ရဟန်းတို့ကလည်း "အဝတ်သင်္ကန်းတိုင်း ဒို့သာ ဆိုင်သည်"ဟု တိုက်နေ သံဃာတို့သာ အဝတ်သင်္ကန်းကို များများယူ၍ ပင့်ခေါ်သော တပါးရဟန်းတို့အား အနည်းငယ်မျှသာ မလျှူအပ်။ ရပ်ရွာ,မြို့နယ် အများလျှူသူ ဒါယကာ, ဒါယိကာမတို့၏ စိတ်စေတနာကို ကြည့်၍ သင့်တင့်လျောက်ပတ်အောင် ဝေပေးသင့်သည်။ "ဆန်-စသောပစ္စည်းတိုင်း ဒို့ပါဆိုင်သည်"ဟူ၍လည်း တပါးသော ကျောင်းတိုက်မှ ရဟန်းတို့က မဝေယျာဝဲ ထိုကထိန်ခင်းသောကျောင်းတိုက်ရှိ သံဃာတို့ ဝေသမျှကိုသာ ခံယူသင့်သည်။ ဤကား လောကဝတ် ဥပဒေသကို ပြသည်။ ထိုလောကဝတ် ဥပဒေသကို ကျေးလက်ဇနပုဒ် အရပ်တို့၌ သာ၍ သတိပြုရန် ရေးလိုက်သည်။

✪ ✪ ✪ ✪ ✪

[၂၀၇]　　ကထိန်မခင်းမီ သံဃိကပစ္စည်း ဝေယျာဝစ္စကိစ္စ

(၁)မေး။ ။ အဝတ်သင်္ကန်းတို့ကို ကထိန်ခင်းသော ရဟန်းတို့သာ ရထိုက်သည်-ဟုဆိုရာ ထိုကျောင်းတိုက်၌ ကထိန်သင်္ကန်း, ကထိန်အာနိသင်ဝတ္ထုတို့ကို ကထိန်သင်္ကန်းနှင့်အတူ "သံဃသ ဒေမ"ဟု ဆို၍ ရေစက်ချပြီးလျှင် ကထိန်မခင်းမီပင် ဝေယျာဝစ္စပြုမိသော ပဋိမဝါသားရဟန်း, တပါးကျောင်းတိုက်က ရဟန်းတို့ပါ အဝတ်သင်္ကန်းကို ပိုင်ဆိုင်သည်ဟု ဆိုလျှင် ဒုဗ္ဘါမည်လော။

ဖြေ။ ။ ထိုအမေးမှာ ကထိန်မခင်းသေးသော်လည်း သီတင်းကျွတ်လပြည့်ကျော် ၁-ရက် နေ့မှ တန်ဆောင်မုန်းလပြည့်တိုင် သင်္ကန်းကာလအတွင်း၌ ရအပ်သော သံဃိက သင်္ကန်းဖြစ်မူ ပဋိမဝါသား ရဟန်းသာမဏေ, ပုရိမဝါပြတ်သော ရဟန်းသာမဏေ, တပါးသောကျောင်းတိုက်က လာရောက်သော ရဟန်းသာမဏေတို့ မပိုင်မဆိုင်၍ မအပ်ကုန်။ အကယ်၍ "သံဃသ ဒေမ"ဟု မလျှူခင် ဒါယကာတို့က အမျှယူစေလို၍ လျှောက်ထားရှိမူ သံဃိကမဖြစ်သေး၍

http://www.dhammadownload.com

ပုရိမဝါသားရဟန်းသာမဏေ, ပစ္ဆိမဝါသား ရဟန်းသာမဏေ, တပါးသော ကျောင်းက ရဟန်းသာမဏေတို့မှာ ရထိုက်ပါ၏ဟု မှတ်ရမည်။

၁။ သံဃသဿ ဒေမာတိ ဝါ ဒေန္တိ၊ သံဃံ ဥဒ္ဒိဿ ဒေမာတိ ဝါ ဒေန္တိ၊ ဝဿံ-ဝုတ္ထသံဃသဿ ဒေမာတိ ဝါ ဒေန္တိ၊ ဝဿာဝါသိကံ ဒေမာတိ ဝါ ဒေန္တိ၊ သစေဝိ မတကစီဝရံ အဝိဘဇိတ္တာ တံ ဝိဘာရံ ပဝိသန္တိ၊ တံ သဗ္ဗံ တသ္သေဝ ဘိက္ခုနော ဟောတိ။ ယမ္ပိ သော ဝဿာဝါသတ္ထာယ ဝမ္မိ ပယောဇေတ္တာ ဌပိတဥပနိက္ခေ-ပတော ဝါ တဒြုပ္ပါဒတော ဝါ ဝဿာဝါသိကံ ဂဏှာတိ၊ သဗ္ဗံ သုဂ္ဂဟိတမေဝ ဟောတိ။ ဣဒဉ္စေတ္ထ လက္ခဏံ၊ ယေန တေနာကာရေန သံဃသဿ ဥပ္ပန္နံ ဝတ္ထံ အတ္ထတကထိနသ္သ ပဋ္ဌမာသေ, အနတ္ထတကထိနသ္သ ဧကံ စီဝရမာသံ ပါပုဏာတိ-

ဟု စီဝရက္ခန္ဓကအဋ္ဌကထာ၌ လာသည်ကို ထောက်(ဝိ၊ဋ္ဌ၊၃။၄၁၁)။

ကထိန်ခင်းသောအရာမှာ ကထိန်ဒါယကာတို့သည် "ကထိန်ခံယူသော ရဟန်းအား လှူပါ၏"ဟု ဆိုလျှင် သံဃာ အစိုးမပိုင်၊ ကထိန်ခံယူသော ရဟန်းသာ ပိုင်သည်။ ထိုသို့ မစီရင်ဘဲ လှူမှ သံဃာပိုင်သည်ဟု မှတ်။

၂။ ဧဝံ အတ္ထတေ ပန ကထိနေ သစေ ကထိနစီဝရေန သဒ္ဓိံ အာဘတံ အာနိသံသံ ဒါယကာ "ယေန အမှာကံ ကထိနံ ဂဟိတံ၊ တသ္သေဝ ဒေမာ"တိ ဒေန္တိ၊ ဘိက္ခုသံယော အနိဿရော။ အထ အဝိစာရေတွာဝ ဒတွာ ဂစ္ဆန္တိ၊ ဘိက္ခုသံယော ဣဿရော–(ဝိ၊ဋ္ဌ၊၃။၃၉၁)

ဟု ဆိုသော ကထိနက္ခန္ဓကအဋ္ဌကထာကို ထောက်။

ဧဝံ၊ ဤသို့။ ကထိနေ၊ ကထိန်သည်။ အတ္ထတေ ပန၊ ခင်းအပ်ပြီးသည်ရှိသော်။ ကထိနစီဝရေန၊ ကထိန်သင်္ကန်းနှင့်။ သဒ္ဓိံ၊ တကွ။ အာဘတံ၊ ဆောင်အပ်သော။ အာနိသံသံ၊ အာနိသင်သင်္ကန်းကို။ ဒါယကာ၊ တို့သည်။ ယေန၊ အကြင်ရဟန်းသည်။ အမှာကံ၊ ငါတို့၏။ ကထိနံ၊ ကထိန်သင်္ကန်းကို။ ဂဟိတံ၊ ယူအပ်၏။ တသ္သေဝ၊ ထိုရဟန်းအားသာလျှင်။ ဒေမ၊ လှူကုန်၏။ ဣတိ၊ သို့။ သစေ ဒေန္တိ၊ လှူကုန်အံ့။ ဘိက္ခုသံယော၊ ရဟန်းသံဃာသည်။ အနိဿရော၊ မပိုင်။ အဝိစာရေတွာဝ၊ တစ်စုံတစ်ခုသော စကားကို မဆိုမူ၍သာလျှင်။ ဒတွာ၊ သံဃာအားလှူ၍။ အထ ဂစ္ဆန္တိ၊ သွားကုန်အံ့။ ဘိက္ခုသံယော၊ ရဟန်းသံဃာသည်။ ဣဿရော၊ ပိုင်၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၀၈] ကထိန်မခင်းဘဲ သင်္ကန်းကာလ၌ အာနိသင် ၄-ပါးရ

(၁)မေး။ ။ ကထိန်မခင်းဘဲ သင်္ကန်းကာလ၌ ကထိန်အာနိသင် ၅-ပါးကို ရပါမည်လော။

ဖြေ။ ။ ထိုအမေးမှာ–

၁။ အနတ္ထတကထိနာ ပန ဣမေသု ပဉ္စသု အာနိသံသေသု စီဝရမာသေ အသမာဒါနစာရံ ဒုပေတ္တာ သေသာနိသံသေ လဘန္တိ(ကင်္ခာ။ဋီ-သစ်။၂၇၈)–

ဟု လာသော **လီနတ္ထပကာသနီဋီကာ**၊

၂။ အနတ္ထတကထိနာနံ ကထိနမာသေပိ အသမာဒါနစာရော န လဗ္ဘတိ- (ဝိမတိ။၃၆၁)

ဟု လာသော **ဝိမတိဝိနောဒနီဋီကာ**၊

၃။ အနတ္ထတကထိနဿ ဟိ စီဝရမာသေ ဝိပ္ပဝါသော န ဝဋ္ဋတိ။ အတ္ထတကထိနာနံယေဝ အသမာဒါနစာရဿ အနုညာတတ္တာ–(သာရတ္ထ၊၂။၄၄၆)

ဟု လာသော သာရတ္ထဒီပနီဋီကာတို့ကို ထောက်၍ ကထိန်မခင်းသော်လည်း သင်္ကန်းကာလ၌ အသမာဒါနစာရဟု ဆိုအပ်သော တိစီဝရိတ်အဓိဋ္ဌာန်နှင့် ကင်းသော အာနိသင်ကိုသာ မရသည်။ ကြွင်းသောအာနိသင် ၄-ပါးကို ရထိုက်သည်ဟု မှတ်။

အနတ္ထတကထိနာ ပန၊ ကထိန်မခင်းသော ရဟန်းတို့သည်ကား။ ပဉ္စသု၊ ၅-ပါးကုန်သော။ ဣမေသု အာနိသံသေသု၊ ဤကထိန်အာနိသင်တို့တွင်။ အသမာဒါနစာရံ၊ တိစီဝရိတ်နှင့်ကင်း၍ နေရသော အာနိသင်ကို။ ဒုပေတ္တာ၊ ထား၍။ သေသာနိသံသေ၊ ကြွင်းသော အာနိသင် ၄-ပါးတို့ကို။ လဘန္တိ၊ ရကုန်၏။ (နောက်ဦးကာပါဠိတို့ကိုလည်း အနက်ပေးလော။)

✪ ✪ ✪ ✪ ✪

[၂၀၉] အာနိသင်မရ အညဝိဟာရ

(၁)မေး။ ။ တပါးသောကျောင်းတိုက်တာ၌ ဝါဆိုသော ရဟန်းတို့သည် ကထိန်အာနိသင်ကို မရထိုက်ဟု ဆိုရာ ဝိဟာရ-အရကို အဘယ်သို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ ထိုအမေးမှာ–

http://www.dhammadownload.com

၁။ အညသ္မိ ဝိဟာရေ ဝုတ္ထဝဿာပိ နု လဘန္တီတိ နာနာသီမာယ အညသ္မိ ဝိဟာရေ ဝုတ္ထဝဿာ ဣမသ္မိ ဝိဟာရေ ကထိနတ္ထာရံ နု လဘန္တီတိ အတ္ထော–

ဟု သာရတ္ထဒီပနီဋီကာ(သာရတ္ထ၊၃။၃၃၅)၌ ဆိုသောကြောင့် အထူးထူးသော ဥပစာရသီမ်ဖြင့် ပိုင်းခြားအပ်သော တပါးသောကျောင်းတိုက်၌ ဝါကျွတ်သောရဟန်းသည် ဤကျောင်းတိုက်၌ ကထိန်အာနိသင်ကို မရဟု မှတ်။

၂။ ဝဇိရဗုဒ္ဓိဋီကာ၌ကား–

အညသ္မိ ဝိဟာရေ ဝုတ္ထဝဿာပိ နု လဘန္တီတိ ။ပ။ တသ္မာ ဧကသီမသ္မိံ ဝါ နာနာသီမသ္မိံ ဝါ နာနူပစာရေ အညသ္မိ ဝိဟာရေ ဝုတ္ထဝဿာပိ နု လဘန္တီတိ အဓိပ္ပါယော ဝေဒိတဗ္ဗော– (ဝဇိရ။၄၈၉)

ဟု ဆိုတော်မူ၏။ ထိုဋီကာဆရာ၏ အလိုအားဖြင့် ၁-ခုသော ဥပစာရသီမ်၌ ဖြစ်သော်လည်း တံတိုင်း, အာရာမ်စသည်ဖြင့် ပိုင်းခြား၍ ထွက်ပေါက်, ဝင်ပေါက် မတူမူ မရထိုက်ဟု မှတ်ရမည်။

၃။ ကထိနက္ခန္ဓက အဋ္ဌကထာ၌–

သစေ ပန ဧကသီမာယ ဗဟူ ဝိဟာရာ ဟောန္တိ၊ သဗ္ဗေ ဘိက္ခူ သန္နိပါတေတွာ ဧကဿ ကထိနံ အတ္ထရိတဗ္ဗံ၊ ဝိသုံ ဝိသုံ အတ္ထရိတုံ နု ဝဋ္ဋတိ–(ဝိ၅၊၃။၃၉၁)

ဟု လာသည်။

ဧကသီမာယ၊ ၁-ခုသော ဥပစာရသီမ်၌။ ဗဟူ ဝိဟာရာ၊ များသောကျောင်းတို့သည်။ သစေ ဟောန္တိ၊ ဖြစ်ကုန်အံ့။ သဗ္ဗေ၊ ခပ်သိမ်းသောရဟန်းတို့ကို။ သန္နိပါတေတွာ၊ စည်းဝေးစေ၍။ ဧကဿ၊ ၁-ကျောင်း၌သာ။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတဗ္ဗံ၊ ခင်းအပ်၏။ ဝိသုံ ဝိသုံ၊ အသီးအသီး။ ဝါ၊ ကျောင်းတိုင်း, ကျောင်းတိုင်း။ အတ္ထရိတုံ၊ ခင်းခြင်းငှာ။ နု ဝဋ္ဋတိ၊ မအပ်။

✪ ✪ ✪ ✪ ✪

[၂၁၀] ကထိန်သင်္ကန်း ဝေပုံ

(၁)မေး။ ။ ထိုကထိန်ခင်းသောအခါ ပုရိမဝါသား ကထိန်ခင်းသော ရဟန်းတို့သည် ကထိန်အာနိသင်သင်္ကန်းကို ဝေယူရာ စာရေးတံချ၍ ဝေယူအပ်ပါမည်လော။

ဖြေ။ ။ ထိုအမေးမှာ–

http://www.dhammadownload.com

၁။ အဝသေသေ ကထိနာနိသံသေ ဗလဝဝတ္ထာနိ ဝဿာဝါသိကဠိတိကာယ ဒါတဗ္ဗာနိ၊ ဠိတိကာယ အဘာဝေ ထေရာသနတော ပဋ္ဌာယ ဒါတဗ္ဗာနိ၊ ဂရုဘဏ္ဍာန ဘာဇေတဗ္ဗံ– (ဝိ၊ဋ္ဌ၊၃၊၃၉၁)

ဟု လာသော ကထိနကွန္ဓကအဋ္ဌကထာကို ထောက်၍ ကထိန်အာနိသင်ကို ဝေယျာဝစ္စ ဝါဆိုသင်္ကန်းကို ပေးသော ထေရ်စဉ်အားဖြင့် ပေးအပ်ကုန်၏။ ဝါဆိုသင်္ကန်းပေးသော ထေရ်စဉ် မရှိမူ မထေရ်ကြီးနေရာ အစဉ်မှ စ၍ ပေးအပ်သည်။ ဂရုဘဏ်ပစ္စည်းပါမူ တစ်စုံတစ်ယောက်သော ရဟန်းသည် မဝေ မယူအပ်၊ သံယိကဥစ္စာအဖြစ်ဖြင့်သာ ထား၍ သံယိကအသုံးအဆောင်ဖြင့်သာ သုံးဆောင်အပ်သည်။

၂။ ဝိနယာလင်္ကာရဋီကာ(၂။၁၃၂)၌–

ဂရုဘဏ္ဍံ နာ ဘာဇေတဗ္ဗန္တိ ကထိနသာဋကေန သဒ္ဓိံ အာဘာတေသု မဉ္စပီဌာဒိကံ ဂရုဘဏ္ဍံ နာ ဘာဇေတဗ္ဗံ၊ သံယိကဝသေနေဝ ပရိဘုဉ္ဇိတဗ္ဗံ–

ဟု မိန့်တော်မူ၏။

✪ ✪ ✪ ✪ ✪

[၂၁၁] ဝါဆိုပြီး သာမဏေ ပစ္ဆိမဝါဠ် ပဉ္စင်းခံလျှင် အာနိသင်ရ

(၁)မေး။ ။ပုရိမဝါဠ် သာမဏေအဖြစ်ဖြင့် ဝါဆို၍ ပစ္ဆိမဝါဠ် ပဉ္စင်းခံ၍ ရဟန်းဖြစ်မူ ကထိန်အာနိသင် ရပါမည်လော။

ဖြေ။ ။ထိုအမေးမှာ–

၁။ အထ စတ္တာရော ဘိက္ခူ ဥပဂတာ၊ ဧကော ပရိပုဏ္ဏဝဿော သာမဏေရော၊ သော စေ ပစ္ဆိမိကာယ ဥပသမ္ပဒေတိ၊ ဂဏပူရကော စေဝ ဟောတိ အာနိသံသဉ္စ လဘတိ။ တယော ဘိက္ခူ ဒွေ သာမဏေရာ၊ ဒွေ ဘိက္ခူ တယော သာမဏေရာ၊ ဧကော ဘိက္ခု စတ္တာရော သာမဏေရာတိ ဧတ္ထာပိ ဧသေဝ နယော–

(ဝိ၊ဋ္ဌ၊၃၊၃၈၈)

ဟု လာသော **ကထိနကွန္ဓက အဋ္ဌကထာ, လိနတ္ထပကာသနီဋီကာ**(က၁။ဋီ-သစ်။၂၇၄)တို့ကို ထောက်၍ ပုရိမဝါဠ် သာမဏေအဖြစ်ဖြင့် ဝါဆို၍ ပစ္ဆိမဝါဠ် ရဟန်းခံ၍ ရဟန်းဖြစ်မူ ဂဏပူရကလည်း ဖြစ်သည်။ အာနိသင် ၅-ပါးကိုလည်း ရသည်ဟု မှတ်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၁၂] ဝါဆိုပြီး သာမဏေလည်း ကထိန်အာနိသင်ရ

(၁)မေး။ ။ပုရိမဝါဆိုသော သာမဏေတို့သည် ကထိန်အာနိသင်ကို ရထိုက်ပါမည်လော။

ဖြေ။ ။ထိုအမေးမှာ-

၁။ **ဝဇိရဗုဒ္ဓိဋီကာ၌-**

သာမဏေရာ ကထိနာနိသံသံ လဘန္တိတိ ဝဒန္တိ- (ဝဇိရ။၄၈၉)

ဟု ပဝါရဏာအရကို ပြတော်မူသည်။

၂။ **ဝဿာဝါသိကကထိနာနိသံသာဒိကာလစီဝရံ ပန သမကမေဝ ဒါတဗ္ဗံ-**

ဟု ဝိနယာလင်္ကာရဋီကာ(၂။၁၃၉)၌ မိန့်ဆိုတော်မူသောကြောင့် ပုရိမဝါဆိုသော သာမဏေတို့သည် သီလမကျိုးမပျက်မူ သင်္ဃံနိုးကာလ၌ လျှသော ကထိန်သင်္ဃံနိုးဖြစ်၍ ကထိန်အာနိသင်သင်္ဃံနိုးကို အမှု ရထိုက်ကုန်သည်ဟု မှတ်။

ဝိနယာလင်္ကာရဋီကာ၌ "ဝဿာဝါသိကကထိနာနိသံသာဒိကာလစီဝရံ ပန သမကမေဝ ဒါတဗ္ဗံ"ဟူသော စကားသည်-

၃။ **ဣဒဉ္စ ပိဋ္ဌိသမယေ ဥပ္ပန္နေန ဘဏ္ဍာဂါရေ ဌပိတေန အကာလစီဝရေနေဝ ကထိတံ၊ ကာလစီဝရံ ပန သမကမေဝ ဒါတဗ္ဗံ-** (ဝိ၊၅၊၃။၄၀၅-၆)

ဟု ဆိုသော **စီဝရက္ခန္ဓကအဋ္ဌကထာ**ကို ထောက်၍ ဆိုသော စကားဖြစ်သည်။

ထို့ကြောင့် ကထိန်ခင်းသော ကျောင်းတိုက်၌ ပုရိမဝါဆိုသော သာမဏေတို့အား သီလ မကျိုးမပျက်မူ သင်္ဃံနိုးကာလ ကထိန်လွှဲလျှသော ကထိန်သင်္ဃံနိုးကို အမှုပေးဝေအပ်သည်။ သီလကျိုးပျက်မူ ထိုကထိန်ခင်းသောတိုက်၌ ပုရိမဝါဆိုသံဃာကို ပန်ကြား၍ ပေးအပ်သည်ဟု မှတ်။

၄။ **ထို့ကြောင့် မဟာဝါအဋ္ဌကထာ၊ အနာပုစ္ဆာဝရဏဝတ္ထုအာဒိကထာ၌-**

သစေ ပုရိမိကာယ ပုန သရဏာနိ ဂဟိတာနိ၊ ပစ္ဆိမိကာယ ဝဿာဝါသိကံ လစ္ဆတိ၊ သစေ ပစ္ဆိမိကာယ ဂဟိတာနိ၊ သံယေန အပလောကေတွာ လာဘော ဒါတဗ္ဗော-(ဝိ၊၅၊၃။၂၉၆)

ဟု ဆိုတော်မူသည်။

http://www.dhammadownload.com

ယခုအခါ ကထိန်ခင်းသော ကျောင်းတိုက်၌ ပုရိမဝါဆိုသော သာမဏေတို့ကို ကထိန်ခင်းရာ အနုမောဒနာ အပြုခိုင်းကြသည်မှာ ကျမ်းဂန်လာသောနည်း မဟုတ်ချေ။ ကျမ်းဂန်လာသောနည်းမှာ ရဟန်းတို့သာ ပြုအပ်သည်။

၅။ ထို့ကြောင့် ကထိနက္ခန္ဓက အဋ္ဌကထာ၌–

> တေန ကထိနတ္ထာရကေန ဘိက္ခုနာ သဲယံ ဥပသင်္ကမိတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော "**အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒထာ**"တိ။ တေဟိ အနုမောဒ-ကေဟိ ဘိက္ခုဟိ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော "**အတ္ထတံ အာဝုသော သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒါမာ**"တိ– (ဝိ၊ဋ္ဌ၊၃။၃၉၀)

ဟု မိန့်ဆိုတော်မူသည်။

ထိုအဋ္ဌကထာ၌ "တေဟိ အနုမောဒကေဟိ ဘိက္ခုဟိ"ဟူ၍ ဘိက္ခုသဒ္ဒါနှင့်သာ ပြတော်မူသည်။ **ထို့ကြောင့် သာမဏေတို့သည် ကထိန်အနုမောဒနာ မပြုအပ်။** အနုမောဒနာ ပြု၍ အာနိသင်ကို ရသည်မဟုတ်။ "ဝဿာဝါသိက ကထိနာနိသံသာဒိ-ကာလစီဝရံ ပန သမကမေဝ ဒါတဗ္ဗံ"ဟု ဆိုသော ဝိနယာလင်္ကာရဋီကာနှင့်အညီ **သင်္ကန်းကာလ ဖြစ်၍သာ ပုရိမဝါဆို၍ သီလ မကျိုးမပျက်သော သာမဏေတို့အား ကထိန်သင်္ကန်းကို အမျှ ပေးဝေအပ်သည်**-ဟု မှတ်။

✪ ✪ ✪ ✪ ✪

[၂၁၃] သင်္ကန်း ၁-ထည်ကိုသာ ကထိန်ခင်းအပ်

(၁)မေး။ ။ ကထိန်သင်္ကန်းကို ဥ တ်ကမ္မဝါစာဖြင့် ပေးသောအခါ တိစီဝရိတ် ၃-ထည်လုံး ပေးအပ်ပါမည်လော။

ဖြေ။ ။ ထိုအမေးမှာ–

၁။ "**ကမ္မဝါစာ ပန ဧကာယေဝ ဝဋ္ဋတိ**" (ဝိ၊ဋ္ဌ၊၃။၃၉၁)ဟု လာသော ကထိနက္ခန္ဓကအဋ္ဌကထာ၊ ကမ္မဝါစာ ပန ဧကာယေဝ ဝဋ္ဋတိတိ ကထိနတ္ထာရသာဋကဿ ဒါနကာလေ ဝုတ္တာ ဧကာယေဝ ကမ္မဝါစာ ဝဋ္ဋတိ– (သာရတ္ထ၊၃။၃၃၅)

http://www.dhammadownload.com

ဟု လာသော သာရတ္ထဒီပနီဋီကာကို ထောက်၍ တိစီဝရိတ် ၃-ထည်လုံးကို ဥတ်ကမ္မ-ဝါစာဖြင့် မပေးအပ်။ ထို ၃-ထည်တို့တွင် ကထိန်ခင်းလိုသော ၁-ထည်ကိုသာ ပေးအပ်သည်။

ကထိန်ခင်းသောအခါ၌လည်း ထိုဥတ်ကမ္မဝါစာဖြင့် ပေးသော ၁-ထည်ကိုသာ ခင်းအပ်သည်ဟု မှတ်။

၂။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ၌–

သုတ္တပက္ခေ "သံယာဋိယာ အတ္ထတံ ဟောတီ"တိအာဒိနာ နယေန ဧကမေဝ စီဝရံ ဝုတ္တံ– (ဝဇိရ၊ ၄၈၉) ဟု ဆိုတော်မူ၏။

✪ ✪ ✪ ✪ ✪

[၂၁၄] အာနိသင်သင်္ကန်းကို ပန်ကြား၍ပေးအပ်

(၁)မေး။ ။ပုရိမဝါသား ရဟန်းတို့တွင် ကထိန်ခင်းသော ရဟန်းအား ကထိန်သင်္ကန်း ၁-ထည်ကို ဥတ်ကမ္မဝါစာဖြင့် ပေး၍ အနုမောဒနာပြုသော ရဟန်းတို့သည် ကထိန် အာနိသင် သင်္ကန်းများ၍ ကထိန်ခင်းသောရဟန်းအား ပေးလိုမူ ဥတ်ကမ္မဝါစာ ဖြင့် ပေးရဦးမည်လော။

ဖြေ။ ။ထိုအမေးမှာ–

၁။ သစေ ကထိနတ္ထာရကဿ သေသစီဝရာနိပိ ဒုတ္ထလာနိ ဟောန္တိ၊ သံယေန အပလောကေတွာ တေသမ္ပိ အတ္ထာယ ဝတ္ထာနိ ဒါတဗ္ဗာနိ– (ဝိ၊၄၊၃။၃၉၁)

ဟု လာသော ကထိနက္ခန္ဓကအဋ္ဌကထာ၊

၂။ ပုန တဿ အညဿိ ဝတ္ထေ ဒိယျမာနေ ကမ္မဝါစာယ ဒါတဗ္ဗကိစ္စံ နတ္ထိ၊ အပလောကနမေဝ အလန္တိ အဓိပ္ပါယော–(သာရတ္ထ၊၃။၃၃၅)

ဟု လာသော သာရတ္ထဒီပနီဋီကာကို ထောက်၍ ကထိန်ခင်းသောသင်္ကန်းမှ တပါး အာနိသင်သင်္ကန်းကို ပေးရာ ဥတ်ကမ္မဝါစာဖြင့် ပေးဖွယ်မရှိ၊ သံယာကို ပန်ကြား၍သာ ပေးအပ်သည်ဟု မှတ်။

http://www.dhammadownload.com

ယခုအခါ ကထိန်ခင်းရာ တပါးကျောင်းတိုက်က ရဟန်းတို့ကို ပေးရာ၌လည်း ထိုအဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ ပုရိမဝါဆိုသော သံဃာကို ပန်ကြား၍ ပေးအပ်သည်ဟု မှတ်။

✪ ✪ ✪ ✪ ✪

[၂၁၅] ကထိနဒုဿံ-ဟု ဖတ်လည်း ကံ မပျက်

(၁)မေး။ ။ ယခုကာလ ချုပ်ဆိုးပြီး သင်္ကန်းကို ကထိန်အလှူရ၍ ကမ္မဝါစာဖြင့် ပေးသော အခါ "ကထိနစီဝရံ"ဟု မဆိုမူ၍ "ကထိနဒုဿံ"ဟု ဆို၍ ပေးမိလျှင် ကံပျက်မည်လော။

ဖြေ။ ။ "ကထိနစီဝရံ"ဟု ဆိုသော်လည်းကောင်း, "ကထိနဒုဿံ"ဟု ဆိုသော်လည်းကောင်း ကံမပျက်ဟု မှတ်ယူသင့်သည်။

၁။ သစေ ကတစီဝရမေဝ ဥပ္ပဇ္ဇတိ၊ သုန္ဒရမေဝ– (က၁။၄။၁၅၂)

ဟု လာသော **မာတိကာအဋ္ဌကထာ**၊

ကတစီဝရမေဝါတိ နိဋ္ဌိတပရိကမ္မမေဝ ကထိနဒုဿံ– (က၁။ဋီ-သစ်။၂၇၆)

ဟု ဖွင့်သော **လီနတ္ထပကာသနီဋီကာ**၊

၂။ တိဏ္ဏံ စီဝရာနံ အညတရပ္ပဟောနကံ သူရိယုဂ္ဂမနသမယေ ဝတ္ထံ "ကထိနစီဝရံ ဒေမာ"တိ ဒါတုံ ဝဋ္ဋတိ–(ဝိ၊၄၊၃။၃၈၉)

ဟု လာသော **ကထိနက္ခန္ဓကအဋ္ဌကထာတို့**ကို ထောက်၍ အပ်သည်ဟု မှတ်။

ကထိနစီဝရကို ကထိနဒုဿ-ဟု ဖွင့်သောကြောင့်လည်းကောင်း၊ ဝတ္ထ-ကို ကထိနစီဝရံ-ဟု ဖွင့်သောကြောင့်လည်းကောင်း ကထိနစီဝရံနှင့် ကထိနဒုဿံ-သည် ပရိယာယ်တူ-ဟု မှတ်လေ။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၁၆] ကထိန်ခင်းပုံ

(၁)မေး။ ။ကထိန်ခင်းသောအခါ အဘယ်သို့ပြု၍ ခင်းအပ်ပါသနည်း။

ဖြေ။ ။ထိုအမေးမှာ-

၁။ တေန ဘိက္ခုနာ သစေ သံဃာဋိယာ အတ္ထရိတုကာမော ဟောတိ၊ ပေါရာဏိကံ သံဃာဋိံ ပစ္စုဒ္ဓရိတွာ နဝံ သံဃာဋိံ အဓိဋ္ဌဟိတွာ "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမီ"တိ အတ္ထရိတဗ္ဗံ။ ဥတ္တရာသင်္ဃန္တရဝါ-သကေသုပိ ဧသေဝ နယော-

ဟု လာသော မာတိကာအဋ္ဌကထာ၊ (ကခီ။ဋ္ဌ။၁၅၂)

၂။ အတ္ထာရကေန ဘိက္ခုနာ "သစေ သဃ်ာဋိယာ ကထိနံ အတ္ထရိတုကာမော ဟောတိ၊ ပေါရာဏိကာ သဃ်ာဋိ ပစ္စုဒ္ဓရိတဗ္ဘာ၊ နဝါ သဃ်ာဋိ အဓိဋ္ဌာတဗ္ဘာ။ ဣမာယ သဃ်ာဋိယာ ကထိနံ အတ္ထရာမိတိ ဝါစာ ဘိန္ဒိတဗ္ဘာ"တိ အာဒိနာ ပရိဝါရေ ဝုတ္တဝိဓာနေန ကထိနံ အတ္ထရိတဗ္ဗံ— (ဝိ။ဋ္ဌ။၃။၃၉၀)

ဟု လာသော ကထိနက္ခန္ဓကအဋ္ဌကထာတို့ကို ထောက်၍ ဥ တ်ကမ္မဝါစာဖြင့် ပေးအပ်သော သင်္ကန်းကြီးကို ခင်းရာ ရှေးအဓိဋ္ဌာန်တင်သော သင်္ကန်းကြီးကို ပစ္စုဒ္ဓိရ်ပြု၍ ကထိန်ခင်းလို သော သင်္ကန်းကြီးကို ကပ္ပဗိန္ဒုထိုး၍ "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"ဟု အဓိဋ္ဌာန် တင်ပြီးမှ "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"ဟု လက်ဖြင့် ကိုင်၍ နှုတ်က မြွတ်ဆိုခြင်း သည်ပင် ကထိန်ခင်းခြင်း မည်သည်။

၃။ ထို့ကြောင့် လီနတ္ထပကာသနိဋ္ဌကာဒ္ဒ-

အတ္ထရိတဗ္ဗန္တိ အတ္ထရဏံ ကာတဗ္ဗံ၊ တဉ္စ ခေါ တထာ ဝစီဘေဒကရဏမေဝါတိ ဒဋ္ဌဗ္ဗံ— (ကခီ။ဋီ-သစ်။၂၇၆) ဟု ဆိုတော်မူ၏။

အတ္ထရိတဗ္ဗန္တိ၊ ဟူသည်ကား။ အတ္ထရဏံ၊ ခင်းခြင်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ တဉ္စခေါ၊ ထိုခင်းခြင်းသည်။ တထာ၊ ထိုအခြင်းအရာဖြင့်။ ဝစီဘေဒကရဏမေဝ၊ နှုတ်မြွတ် ခြင်းကို ပြုခြင်းသည်သာလျှင်တည်း။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ကထိန်ခင်းသည်ဟု ခေါ်ဝေါ်ခြင်းသည် "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ" ဟု နှုတ်က မြွက်ခြင်းသည်ပင်ဟု ပြတော်မူသည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၁၇]　ကထိန်သင်္ကန်း၏ ပုဗ္ဗကိစ္စများ

(၁)မေး။ ။ ကထိန်ခင်းသောသင်္ကန်း၏ ပုဗ္ဗကိစ္စ အဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ **ဓောဝနဉ္စ ဝိစာရော စ၊ ဆေဒနံ ဗန္ဓနမ္ပိ စ။**
သိဗ္ဗနံ ရဇနံ ကပ္ပံ၊ "ပုဗ္ဗကိစ္စ"န္တိ ဝုစ္စတိ–

ဟု ဝိနယဝိနိစ္ဆယအဋ္ဌကထာ(နှာ-၂၆၀)၌ လာသောကြောင့် မပြီးသေးသော သင်္ကန်းဖြစ်မူ ဖွပ်ခြင်း, စီရင်ခြင်း, ဖြတ်ခြင်း, အပ်ဖြင့် စပ်ခြင်း, ချုပ်ခြင်း, ဆိုးခြင်း, ကပ္ပဗိန္ဒုထိုးခြင်း အားဖြင့် ဦးစွာပြုအပ်သော ကိစ္စသည် ၇-ပါးရှိသည်။

ချုပ်ဆိုးပြီး သင်္ကန်းရမူ ထို ၇-ပါးတွင် ကပ္ပဗိန္ဒုထိုးခြင်း ကိစ္စ ၁-ခုသာ ရှိသည်မှတ်။

✪ ✪ ✪ ✪ ✪

[၂၁၈]　ကထိန်ခံသူ ရဟန်း၏ အင်္ဂါ ၈-ပါး

(၁)မေး။ ။ ကထိန်ခင်းခြင်းငှာ ထိုက်သောရဟန်း၏ သိအပ်သောအင်္ဂါ ဘယ်မျှရှိပါသနည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ ပုဗ္ဗကရဏံ ဇာနာတိ၊ ပစ္စုဒ္ဓါရံ ဇာနာတိ၊ အဓိဋ္ဌာနံ ဇာနာတိ၊ အတ္ထာရံ ဇာနာတိ၊ မာတိကံ ဇာနာတိ၊ ပလိဗောဓံ ဇာနာတိ၊ ဥဒ္ဓါရံ ဇာနာတိ၊ အာနိသံသံ ဇာနာတိ၊ ဣမေဟိ အင်္ဂဧ်ဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုန္တိ။

ဇတ္ထ စ ပုဗ္ဗကရဏံ နာမ ဓောဝနဝိစာရဏစ္ဆေဒနဗန္ဓနသိဗ္ဗနရဇန-ကပ္ပကရဏံ။ ပစ္စုဒ္ဓါရော နာမ ပုရာဏသံဃာဋိအာဒီနံ ပစ္စုဒ္ဓရဏံ။ အဓိဋ္ဌာနံ နာမ ကထိနစီဝရာဓိဋ္ဌာနံ။ အတ္ထာရော နာမ ကထိနတ္ထာရော။ မာတိကာ နာမ အဋ္ဌ မာတိကာ။ ပလိဗောဓာ နာမ အာဝါသပလိဗောဓော စီဝရပလိဗောဓောတိ ဒွေ ပလိဗောဓာ။ ဥဒ္ဓါရော နာမ ပက္ကမနန္တိကာဒယော။ အာနိသံသော နာမ ပဘာနိသံသာ– (ကင်္ခာ။ဋီ-သစ်။၂၇၅)

ဟု လာသော လိနတ္ထပကာသနီဋီကာကို ထောက်၍–

http://www.dhammadownload.com

- ကထိန်သင်္ကန်း၏ ပုဗ္ဗကိစ္စ ၇-ပါးကို သိခြင်း၊ (၁)
- ပစ္ဆုဒ္ဓိရ်ကို သိခြင်း၊ (၂)
- အဓိဋ္ဌာန်ကို သိခြင်း၊ (၃)
- ကထိန်ခင်းခြင်းကို သိခြင်း၊ (၄)
- မာတိကာ ၈-ပါးကို သိခြင်း၊ (၅)
- ပလိဗောဓ ၂-ပါးကို သိခြင်း၊ (၆)
- ကထိန်နုတ်ခြင်းကို သိခြင်း၊ (၇)
- အာနိသင် ၅-ပါးကို သိခြင်း (၈) —

အားဖြင့် ၈-ပါးသော အင်္ဂါရှိသည်။

✪ ✪ ✪ ✪ ✪

[၂၁၉] ကျွမ်းကျင်သော ရဟန်းကို ပင့်၍ ကထိန်ခင်းခြင်း

(၁)မေး။ ။ တစ်ခုသောကျောင်းတိုက်၌ ထိုကထိန်ခင်းအပ်သော အင်္ဂါ ၈-ပါးနှင့်ပြည့်စုံသော ရဟန်း မရှိလျှင် ထိုကျောင်းတိုက်၌ ကထိန် မခင်းအပ်ဟု မှတ်ရမည်လော။

ဖြေ။ ။ ထိုအမေးမှာ–

၁။ သစေ ပုရိမိကာယ ဥပဂတာ ကထိနတ္ထာရကုသလာ နော ဟောန္တိ အတ္ထာရကုသလာ ခန္ဓကဘာဏကထေရာ ပရိယေသိတွာ အာနေတဗ္ဗာ။ ကမ္မဝါစံ သာဝေတွာ ကထိနံ အတ္ထရာပေတွာ ဒါနဉ္စ ဘုဉ္ဇိတွာ ဂမိဿန္တိ၊ အာနိသံသော ပန ဣတရေသံယေဝ ဟောတိ– (ဝိ၊၅၊၃။၃၈၈)

ဟု လာသော ကထိနက္ခန္ဓကအဋ္ဌကထာကို ထောက်၍ ကျောင်းတိုက်၌ ကထိန်စီရင်တတ်သော ရဟန်း မရှိမူ တပါးကျောင်းတိုက်က ကထိန်စီရင်တတ်သော ရဟန်းကို ပင့်ခေါ်၍ ကထိန်စီရင်စေ၍ ကျောင်းတိုက်က ပုရိမဝါသား ရဟန်းတို့သည် အင်္ဂါ ၈-ပါးကို မသိသော်လည်း ကထိန်ကို ခင်းအပ်သည်ဟု မှတ်။

http://www.dhammadownload.com

ထိုအဋ္ဌကထာ၌ "ကထိန် အတ္ထရာပေတွာ"ဟူသောပါဠိဖြင့် ကထိန်စီရင်တတ်သော တပါးတိုက်က ရဟန်းသည် ထိုကထိန်ခင်းသောကျောင်း၌ မစီရင်တတ်သော ပုရိမဝါသားတို့ကို စီရင်ပြောကြား၍ ထိုပုရိမဝါကျွတ်သော ရဟန်းတို့ကိုသာ ကထိန်ကို ခင်းစေအပ်သည်။ တပါးတိုက်က ကထိန်ကို စီရင်တတ်သော ရဟန်းသည် ကိုယ်တိုင် ကထိန်ကို မခင်းအပ်ဟု ပြတော်မူသည်။

၂။ ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ(၂။၉၃)၌—

> ကထိန် အတ္ထရာပေတွာတိ သကာရိတဝစနေန တေဟိ ဗာဟိရတော အာဂတတ္ထေရေဟိ သယံ ကထိနံ န အတ္ထရိတဗ္ဗံ၊ သဗ္ဗပုဗ္ဗကိစ္စာဒိကံ သံဝိဒဟိတ္ဝာ တေ ပုရိမိကာယ ဝဿူပဂတာ အန္တောသီမဋ္ဌဘိက္ခူယေဝ အတ္ထရာပေတဗ္ဗာတိ ဒဿေတိ—

ဟု ဆိုတော်မူ၏။

✪ ✪ ✪ ✪ ✪

[၂၂၀] ကထိန်ခင်းသောနေ့မှ တိစီဝရိုက်ဆောင်သော်လည်း အပ်

(၁)မေး။ ။ ထိုကထိန်ခင်းသော ရဟန်းသည် ကထိန်ခင်းသောနေ့မှ ဝိနည်းတိစီဝရိုက် အဓိဋ္ဌာန်ကို ဆောင်၍ ကထိန်ခင်းရာ ရွေးသင်္ကန်းဟောင်းကို ပစ္စုဒ္ဓိရိုပြု၍ ကထိန် သင်္ကန်းကို အဓိဋ္ဌာန်တင်၍ ခင်းမူ အပ်ပါမည်လော။

ဖြေ။ ။ ထိုအမေးမှာ "ပေါရာဏသံဃာဒိ (ပေါရာဏိကံ သံဃာဒိ) ပစ္စုဒ္ဓရိတွာ"ဟူ၍ သာ အဋ္ဌကထာ(ကခီ၊ဌ။၁၅၂)၌ ရှိသည်။ ဝဇိရ, သာရတ္ထ, ဝိမတိ, လီနတ္ထ, ဝိနယဝိနိစ္ဆယဋီကာတို့၌ အထူး မဆိုကြကုန်။

၁။ ဝိနယာလင်္ကာရဋီကာ(၂။၁၁၃)၌ကား—

> တသ္မာ တိစီဝရာဓိဋ္ဌာနဿ ဒုပ္ပရိဟာရတ္တာ သဗ္ဗဒါ ဓာရေတုံ အသက္ကောန္တော ဟုတ္ဝာ ပရိက္ခာရစောဠဝသေန ဓာရေန္တောပိ တံ ပစ္စုဒ္ဓရိတ္ဝာ အာသန္နေ ကာလေ တိစီဝရာဓိဋ္ဌာနေန အဓိဋ္ဌဟန္တောပိ ကထိနံ အတ္ထရိတုံ လဘတိယေဝါတိ ဒဋ္ဌဗ္ဗံ-

ဟု ဆိုတော်မူသည်ကို ထောက်၍ ကထိန်ခင်းသောနေ့မှ တိစီဝရိုက်ကို ဆောင်သော်လည်း အပ်သည်ဟု မှတ်အပ်၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၂၁] ပရိက္ခာရစောင္ဆအဓိဋ္ဌာန်တင်သော်လည်း အာနိသင် မပျက်

(၁) မေး။ ။ ကထိန်ခင်းပြီးသောအခါ၌ ကထိန်သင်္ကန်းကို ပစ္စုဒ္ဓိရ်ပြု၍ ပရိက္ခာရစောင္ဆ အဓိဋ္ဌာန်တင်၍ ဆောင်မူ ကထိန်အာနိသင် ပျက်မည်လော။

ဖြေ။ ။ ထိုအမေးမှာ–

၁။ ဥဇ္ဈတေတိ အဋ္ဌန္နံ မာတိကာနံ အညတရေန, အန္တရုဇ္ဈာရေန ဝါ ဥဒ္ဒေ–

ဟု ဆိုသော လီနတ္ထပကာသနီဋီကာ(ကခ်ီ။ဋီ-သစ်။၂၇၃)ကို ထောက်၍ ကထိန်ခင်းသော သင်္ကန်းကို ကထိန် ခင်းပြီးသောအခါ၌ ဥပရိဘောဂဖြစ်၍ ပစ္စုဒ္ဓိရ်ပြုရုံမျှနှင့် မာတိကာ ၈-ပါး, အန္တရုဇ္ဈာရအားဖြင့် ကထိန်နုတ်ခြင်း ၉-ပါး၊ တစ်နည်း ၈-ပါးတို့၌ မပါမဝင်၍ အာနိသင်မပျက်-ဟု မှတ်ရမည်။

၂။ ကထိန်ခင်းအပ်သော ရဟန်းတို့အား အကျိုး ၅-ပါးကို ရသော်လည်း အကျင့်အားလျော်စွာ မရသည်အဖြစ်ကို ပြတော်မူခြင်းငှာ ဝဇိရဗုဒ္ဓိဋီကာ၌–

> နိမန္တနံ သာဒိယန္တသ္သေဝ ဟိ အနာမန္တစာရော ပညတ္တော၊ တထာ ဂဏဘောဇနံ။ အသမာဒါနစာရော အနဓိဋ္ဌတတိစီဝရဿ နတ္ထိ အတေစီဝရိကဿ ယာဝဒတ္ထစီဝရတုတ္ထာဒိစီဝရဂ္ဂဟဏသမ္ဘဝတော။ ဣတရဿာပိ အနဓိဋ္ဌာန-မုခေန လဒ္ဓတိ။ စီဝရုပ္ပါဒေါ အပံသုကူလိကဿေဝ–

ဟု ဆိုတော်မူ၏(ဝဇိရ။၄၈၈)။

- ဖိတ်သောဆွမ်းကို သာယာသောရဟန်းတို့သာ အနာမန္တစာရအကျိုးကို ရသည်။
- မအပ်သော ဖိတ်ခြင်းကို သာယာသော ရဟန်းတို့သာ ဂဏဘောဇဉ်အကျိုးကို ရသည်။
- အဓိဋ္ဌာန်ဆောင်သော ရဟန်းတို့သာ အသမာဒါနစာရအကျိုးကို ရသည်။
- ဓုတင်တိစီဝရိတ် မဆောင်သော ရဟန်းတို့သာ ယာဝဒတ္ထစီဝရအကျိုးကို ရသည်။
- ပံ့သကူမဆောင်သော ရဟန်းတို့သာ "ယော စ တတ္ထ စီဝရုပ္ပါဒ" အကျိုးကို ရသည်ဟု ပြတော်မူသည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၂၂] ကထိန်သင်္ကန်းကို ပေးရာ, ခင်းရာသိမ်

(၁)မေး။ ။ကထိန်သင်္ကန်းကို ဥတ်ဖြင့် ပေးသောအခါ အဘယ်သိမ်၌ ပေးအပ်ပါသနည်း။ ကထိန်ခင်းသောအခါ အဘယ်သို့သော သိမ်၌ ခင်းအပ်ပါသနည်း။

ဖြေ။ ။ထိုအမေးမှာ-

၁။ ကမ္မဝါစာဘဏနသီမာ ဟိ ဗဒ္ဓသီမာဘူတာ၊ ကထိနတ္ထာရသီမာ ပန ဥပစာရ-သီမာဘူတာ-

ဟု ဆိုသော ဝိနယာလင်္ကာရဋီကာ(၂။၁၁၄)ကို ထောက်၍ ကထိန်သင်္ကန်းကို ဥတ်ကမ္မဝါစာဖြင့် ပေးသောအခါ ဗဒ္ဓသိမ်၌ ပေးအပ်သည်။ ကထိန်ခင်းသောအခါ ဥပစာရသိမ်၌ ခင်းအပ်သည်ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၂၂၃] ကျောင်း၌ ခဏ္ဍသိမ် မရှိခဲ့သော်

(၁)မေး။ ။ထိုကထိန်ခင်းသော ကျောင်း၌ ခဏ္ဍသိမ် မရှိမူ အဘယ်သို့ ပြုရပါမည်နည်း။

ဖြေ။ ။ထိုအမေးမှာ-

၁။ အန္တောဥပစာရသီမာယံ ဗဒ္ဓသီမာယ အဝိဇဟမာနာယ ဗဟိဥပစာရသီမာယံ ဝိဇဟမာနဗဒ္ဓသီမံ ဝါ ဥဒကုက္ခေပလဘနဋ္ဌာနံ ဝါ ဂန္ဒှာ ကမ္မဝါစံ ဝါစာပေတွာ ပုန ဝိဟာရံ အာဂန္ဒှာ ဝဿူပနာယိကခေတ္တဘူတာယ ဥပစာရသီမာယံ ဌတွာ ကထိနံ အတ္ထရိတဗ္ဗန္တိ ဒဋ္ဌဗ္ဗံ-

ဟုလာသော ဝိနယာလင်္ကာရဋီကာ(၂။၁၁၆)ကို ထောက်၍ တပါးကျောင်း၌ရှိသော ခဏ္ဍသိမ်သို့ ဖြစ်စေ၊ ဥဒကုက္ခေပသိမ်သို့ ဖြစ်စေ သွား၍ ကထိန်သင်္ကန်းကို ကမ္မဝါစာဖြင့် ပေး၍ ထိုဝါဆိုသော ကျောင်းသို့ ပြန်၍ ဥပစာရသိမ်၌ ကထိန်ခင်းအပ်သည်ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၂၄] ခဏ္ဍသိမ်၌ ကထိန်ခင်းခြင်း

(၁)မေး။ ။ ထိုကထိန်ခင်းသောကျောင်းတိုက် ဥပစာရသိမ်အတွင်း၌ ခဏ္ဍသိမ်ရှိ၍ ထိုခဏ္ဍသိမ်၌ ကထိန်သင်္ကန်းကို ကမ္မဝါစာဖြင့်ပေး၍ ထိုခဏ္ဍသိမ်၌ပင် ကထိန်ခင်းအပ်ပါမည်လော။

ဖြေ။ ။ ထိုအမေးမှာ–

၁။ ယဒိ ကထိနဒါနကမ္မဝါစာဘဏနဒဒ္ဓသီမာ ဝဿူပနာယိကခေတ္တာဘူတ-ဥပစာရသီမာယ အန္တော ဌိတာ၊ ဧဝံ သတိ တသ္မိံယေဝ သီမမဏ္ဍလေ အတ္ထရဏံ ကာတဗ္ဗံ-

ဟု လာသော ဝိနယာလင်္ကာရဋီကာ(၂။၁၃၃)ကို ထောက်၍ ဝါဆိုသောကျောင်းတိုက်တွင်း၌ ရှိသော ခဏ္ဍသိမ်ဖြစ်မူ ထိုခဏ္ဍသိမ်၌ ကမ္မဝါစာဖြင့် ပေး၍ ထိုခဏ္ဍသိမ်၌ ခင်းလိုမူလည်း ခင်းအပ်သည်။ ဥပစာရသိမ်၌ ခင်းလိုမူလည်း ခင်းအပ်သည်-ဟု မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၂၂၅] ကထိန်သင်္ကန်း လှူပုံ, ရေစက်ချပုံ

(၁)မေး။ ။ ကထိန်သင်္ကန်းကို လှူသောအခါ အဘယ်သို့ လှူမှ အပ်ပါမည်နည်း။

ဖြေ။ ။ ထိုအမေးမှာ–

၁။ ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိ– (ဝိ၊၄၊၃၊၃၈၉)

ဟု ကထိနက္ခန္ဓကအဋ္ဌကထာ၌ လာသည်။

၂။ စီဝရံ ဒေတိ "ဣမိနာ ကထိနံ အတ္ထရထာ"တိ– (က၌၊၄။၁၅၂)

ဟု မာတိကာအဋ္ဌကထာ၌ လာသည်။ ဝိနည်းဋီကာကြီး ၃-စောင်နှင့် လိုနတ္ထပကာသနီ၊ ဝိနယဝိနိစ္ဆယဋီကာတို့၌ အထူး မဆိုကြကုန်။

http://www.dhammadownload.com

၃။ ဝိနယာလင်္ကာရဋီကာ(၂။၉၄)၌ကား–

ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတီတိ ဇာတ္တ သံယသ ကထိနစီဝရံ ဒေမာတိ ဝတ္တာဗ္ဗံ–

ဟု ဆိုတော်မူသောကြောင့် **"ဣမံ ကထိနစီဝရံ သံယသ ဒေမ"**ဟု ဆို၍ လှူအပ်သည်ဟု မှတ်။

ကထိန်အာနိသင်ဖြစ်သော ဝတ္ထုတို့နှင့်အတူ ရေစင််ချလိုမူ **"ဣမံ ကထိနစီဝရံ ဣမေဟိ ကထိနာနိသံသစီဝရေဟိ ဣမေဟိ ကထိနာနိသံသဝတ္ထူဟိ သဒ္ဓိံ သံယသ ဒေမ"**ဟု ဆို၍ ရေစင််ချအပ်သည်။

"ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ"ဟုဆိုသော စူဠဝါအဋ္ဌကထာ, (ဝိ၊ဋ္ဌ၊၄။၉၇)ဝိနယသင်္ဂဟအဋ္ဌကထာ(နှာ-၂၇၂)ကို ထောက်။ ဒါယကာတို့ ဆို၍ လှူတိုင်း အလှူခံ၍ သုံးဆောင်ထိုက်၊ ကျင့်ထိုက်သည်-ဟူလို။

၄။ **ကထိနက္ခန္ဓကအဋ္ဌကထာ**(ဝိ၊ဋ္ဌ၊၃။၃၉၁)၌လည်း–

ကထိနစီဝရေန သဒ္ဓိံ အာဘတံ အာနိသံသံ ။ပ။ ဒေန္တိ–

ဟူ၍လည်းကောင်း၊

၅။ အဝသေသေ ကထိနာနိသံသေ ဗလဝဝတ္ထာနိ ဝဿာဝါသိကဋ္ဌတိကာယ ဒါတဗ္ဗာနိ-

ဟူ၍လည်းကောင်း လာသည်။

၆။ **လိနတ္ထပကာသနီဋီကာ**(ကခ်။ဋီ-သစ်။၂၇၈)၌လည်း–

ယော ဘိက္ခု အတ္ထတကထိနော ကထိနစီဝရံ အာဒါယ–

ဟူ၍လည်းကောင်း၊

ယော ပန အာနိသံသစီဝရံ အာဒါယ–

ဟူ၍လည်းကောင်း လာသည်။

ထို့ကြောင့် ကထိန်ခင်းသော သင်္ကန်း ၁-ခုသာ ကထိန် မည်သည်။ ကြွင်းသော သင်္ကန်းဟူသမျှသည် အာနိသံသ မည်သည်။ ဆဲ, အုန်း, ငှက်ပျော-စသော ဝတ္ထုသည် အာနိသံသဝတ္ထု မည်သည်ဟု မှတ်။

http://www.dhammadownload.com

ရဟန်း ၁-ပါးတည်းနေသော ကျောင်း၌ ကထိန်ခင်းလိုမူ ၁-ပါးသောကျောင်းက ရဟန်းတို့ကို ပင့်ခေါ်၍ ကထိန်သင်္ကန်းကို အလှူခံ၍ ဥတ်ကမ္မဝါစာဖြင့် ပေးပြီးလျှင် ထိုရဟန်းတို့သွားမှ ၁-ယောက်တည်းသာ ထိုနေရာ၌ ညဉ့်အခါမှ ခင်းသော်လည်း အပ်သည်ဟု မှတ်ရမည်။

၇။ **အတ္ထရိတဗ္ဗန္တိ အတ္ထရဏံ ကာတဗ္ဗံ၊ တဉ္စ ခေါ တထာ ဝစီဘေဒကရဏမေဝါတိ ဒဋ္ဌဗ္ဗံ–** (ကခီ။ဋီ-သစ်။၂၇၆)

ဟု လာသော **လီနတ္ထပကာသနီဋီကာကို** ထောက်လေ။

ဒုတိယကဏ္ဍ ပြီး၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

ထိမ်တောဆရာတော်

ဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်း

တတိယကဏ္ဍ



အရှင်အရိယ၏ ဝိနယပုစ္ဆာများ

ဘုရားတပည့်တော် ခမောက်ချိုင်၊ ဝတ်တွင်းကျောင်းနေ ရှင်အရိယ ရှိခိုးအသနား တော်မြတ်ခံပါသည် ဆရာတော်သခင် အရှင်သူမြတ်ဘုရား။

(၁) အကြင်ရဟန်းသည် ဉာတိ,ပဝါရိတဖြစ်သူတို့အား မိမိလက်၌ရှိသော အကပ်ိယ ဝတ္ထုကို ပေးမည်ဟု တိုက်ရိုက်မဆိုမူ ဤအခြင်းအရာကိုသာ သိစေ၍ သပိတ်,သင်္ကန်း စသော အပ်သောပစ္စည်းကို တောင်းယူ၍ မိမိလက်သို့ရောက်မှ ရှိသော အကပ်ိယဝတ္ထုကို ထိုဉာတိပဝါရိတဖြစ်သူအား စွန့်ပေးအံ့။ ယခင် ဒါယကာတို့ထံမှ တောင်းယူ၍ လှူသော သပိတ်, သင်္ကန်း-စသော ပစ္စည်းသည် အပ်,မအပ်။

(၂) အကြင်ရဟန်းသည် အကပ်ိယဖြစ်သော ရွှေ, ငွေ-စသည်တို့ဖြင့် ရအပ်သော သပိတ်, သင်္ကန်း-စသောဝတ္ထုကို ဉာတိပဝါရိတဖြစ်သူတို့အား အာလယရှိလျက် ပေးစွန့် ပြီး၍ ထိုသူတို့အား "ငါပေးစွန့်သော ပစ္စည်းကို ပေးရမည်"ဟု တိုက်ရိုက်မဆိုမူ၍ ထိုပစ္စည်း ကို ရည်မှန်း၍ သပိတ်,သင်္ကန်းကို အလှူခံရာ ယခင် ပေးစွန့်ရင်းသင်္ကန်းကိုပင် လှူပြန်အံ့၊ ထိုပစ္စည်း အပ်,မအပ်။

(၃) အကြင်ရဟန်းသည် အကပ်ိယဝတ္ထုဖြင့် ဖြစ်သော တစ်စုံတစ်ခုသော ကပ်ိယ ဝတ္ထုသည် မိမိလက်၌ ရှိအံ့။ ထိုပစ္စည်းကို အညာတိက, အပဝါရိတဖြစ်သူတို့အား တရား ပြောဟော၍ ဒါယကာခံစေရာ မိမိပေးယူကုန်ကျရင်း အဖိုးအတိုင်း ဖြစ်စေ၊ ပိုမို၍ ဖြစ်စေ ဒါယကာတို့ မိမိထံ အဖိုးချေ၍ ၎င်းပစ္စည်းကိုပင် မိမိသို့လှူရာ အပ်,မအပ်။

http://www.dhammadownload.com

(၄) မိမိအာရာမ်တိုက်တာအတွင်း၌ အာဂတာနာဂတ လူ, ရှင်, ရဟန်း တည်းခိုရန် ရည်၍ဆောက်လုပ်သော ဇရပ်များကို မိမိကျောင်းနှင့် တစပ်တည်း ရွှေ့ပြောင်းဆောက်လုပ်၍ ဘုရားရုပ်ပွါးတင်ထားပြီး၍ ဘုရားကျောင်းအမှတ်နှင့် သုံးဆောင်လျှင် အပ်, မအပ်။ ဘုရားကို မတင်ထားဘဲ သံယိကအမှတ်နှင့် သုံးဆောင်မူ အပ်, မအပ်။

(၅) 'သံဃသ ဒေမ'ဟု ဆို၍ သံယိကနှင့် မတသန္တက ပစ္စည်းကို အတူပင် မှတ်ရမည်လော၊ သို့မဟုတ် ထူးခဲ့လျှင် မည်သို့ ထူးပါမည်နည်း။

(၆) အဒိန္နာဒါန်သိက္ခာပုဒ်၌ ရွှေစင် ၁-ကျပ်, ငွေစင် ၅-ကျပ်ကို ခိုးမှ ပါရာဇိက ရောက်သည်-ဟု ဆရာအဆက်ဆက် အရပ်ထက်ဝန်းကျင် ရဟန်းခပ်သိမ်းပင် ပြောစမှတ် ပြုကြပါသည်။ ပါဠိတော်(၀။၁။၅၇)၌ "**ပါဒံ ဓါ ပါဒါရဟံ ဝါ အတိရေကပါဒံ ဝါ**" ဟူ၍ လည်းကောင်း၊ "**ပဉ္စမာသကံ ဝါ အတိရေကပဉ္စာမာသကံ ဝါ**"ဟူ၍လည်းကောင်း ဤမျှကို သာ တွေ့ရှိပါသည်။ ရွှေ-ဟူ၍ အထူးမဆိုပါ။

"သာဝတ္ထိယံ ဒုဋ္ဌကွေ အာပဏိကဿ တဏ္ဍုလမုဋ္ဌိ ထေယျစိတ္တော အဝဟရိ။ တဿ ကုဏ္ဍုံ့စွံ့ အဟောသိ ။ပ။ အာပတ္တိ တွံ ဘိက္ခု အာပန္နော ပါရာဇိကန္တိ"(၀။၁။၈၁) စသည်ဖြင့် "မုဂ္ဂမုဋ္ဌိ မာသမုဋ္ဌိ တိလမုဋ္ဌိ"ဟူ၍လည်း များစွာရှိပါသည်။ ထိုအရာများ၌ ပါရာဇိက ရောက်၏-ဟု ဘုရားရှင်ကိုယ်တိုင် ဆုံးဖြတ်တော်မူသည်။

ဤ ဆန် ၁-ဆုပ်, ပဲ ၁-ဆုပ်တို့သည် ဒုဋ္ဌိက္ခကာလဖြစ်၍ ရွှေစင်ခဲထိုက်၏ဟု ဆိုလျှင် "**လက်ဆုပ် ၄-သွယ်၊ ၁-စလယ်**"ဟု ဆိုသောကြောင့် ၁-စလယ်ကို ရွှေစင် ၁-ကျပ် ထိုက်ခဲ့ရာ၏။ ၁-တင်းလျှင် ၆၄-ကျပ်၊ ထိုရွှေစင် ၆၄-ကျပ်ကို အလေး ၂၀-ထား၍ ငွေကို တွက်လျှင် ငွေပေါင်း-၁၂၈၀ ထွက်ခဲ့ရာ၏။ ဘယ်လိုပင် ဒုဋ္ဌိက္ခကာလ ဖြစ်သော်လည်း လွန်လွန်းလေစွ-ဟု ကြံမိပါသည်။ ငွေ ၆၄-ကျပ် ဆိုလျှင်ပင် အလွန်ပင် ဖြစ်ပါသည်။ ဒုဋ္ဌိက္ခကာလဖြစ်၍ ရွှေထိုက်၏-ဟု ဆိုသော် ဆိုတန်စေ။

ဝတ္ထုံ ကာလဉ္စ ဒေသဉ္စ၊ အဋ္ဌံ ပရိဘောဂပဉ္စမံ။
တုလယိတွာ ပဉ္စ ဌာနာနိ၊ ဓာရေယျာတ္ထံ ဝိစက္ခဏော။ – (၀။၅။၁။၂၆၅)

ဟု အဋ္ဌကထာ၌ ဆိုသောကြောင့် ယခုအခါ ရွှေ ၁-ကျပ်ကို ငွေဒင်္ဂါး-၄၀ ထိုက်၏။ အကြင် ရဟန်းသည် ရွှေစင် ၃-မူးကို ခိုးယူအံ့။ ရွှေ ၁-ကျပ် မဟုတ်၍ ပါရာဇိက မလောက်-ဟု ဆိုရာ၏။ ငွေကို တွက်လျှင် ၅-ကျပ်ထိုက်၍ ပါရာဇိက လောက်ခဲ့ရာ၏။ ထိုအခါ အဘယ်သို့ ဆုံးဖြတ်ပါအံ့နည်း။ တချို့ဆရာတို့ကလည်း ယခုကာလ အသုံးပြုကြသော ငွေဒင်္ဂါး ၆-ကျပ်, ၇-ကျပ် ခိုးယူသော်လည်း ပါရာဇိက မလောက်သေး။ အဘယ်ကြောင့်နည်းဟူမူ ၎င်းဒင်္ဂါး

http://www.dhammadownload.com

သည် ကျပ်ချိန်လည်း မပြည့်၊ ငွေစင်လည်း မဟုတ်၊ ကြေးနှင့် တကွဖြစ်၍ ငွေစင် ၅-ကျပ် မပြည့်ဟု ဆုံးဖြတ်ပြောဆိုသောစကားကို ကြားနာရဖူးပါသည်။ ဤသို့ ဆုံးဖြတ်ခဲ့လျှင် ယခုအခါ ငွေစက္ကူများကို ခိုးယူရာ ၁၀၀-ပင် တန်သော်လည်း ငွေ-ငွေခန့်မျှ မပါ၊ စက္ကူသက်သက်သာဖြစ်၍ ပါရာဇိကသို့ မရောက်ရာ-ဟု ဆိုရာ၏။

> အပိစ ကဟာပဏော လောဟမာသကဒါရုမာသကဇတုမာသကာဒယောပိ ယေ ပေါဟာရံ ဂစ္ဆန္တိ၊ သဗ္ဗေ တေ ဣမဲ ဇဇတန္တေဝ ဝုတ္တာ– (ကခ်ီ။ဋ္ဌ။၁၇၅)

ဟု လာသော **မာတိကာအဋ္ဌကထာစကား**နှင့် အလွန်ဆန့်ကျင်သကဲ့သို့ ရှိပါသည်။ ဤအရာများကိုလည်း သန္နိဋ္ဌာန်ကျ သိမှတ်ဖို့လိုပါသည် ဆရာတော်ဘုရား။

(၇) ယခုကာလ ပရိဝါသ် ပေးယူကြရာ၌လည်း ပရိဝါသ်အဆင့်အဆင့် ပေးကြပါသည်။ အဓိပ္ပါယ်မှာ ရဟန်း ၆-ပါး တစ်သိမ်တည်း၌ စည်းဝေး၍ ပရိဝါသ်ယူကြရာ ၂-ပါးသော ရဟန်းတို့သည် ရှေးဦးစွာယူပြီးမှ ဝတ်ကိုချ၍ ပကတတ်လုပ်ပြီးလျှင် ကျန် ၄-ပါး အနက်က ၂-ပါးသည် ဝတ်ကို ယူပြန်သည်။ ၎င်း ၂-ပါး ဝတ်ကို ယူပြီး၍ ၎င်း ၂-ပါး ဝတ်ကို ချပြီးလျှင် ကျန် ၂-ပါး ဝတ်ယူပြန်သည်။ ဤနောက်ဆုံးယူသော ရဟန်း ၂-ပါးမှာ မကတိပကတတ် ရဟန်းတစ်ပါးမျှ မရှိမပါခဲ့။

> ပါရိဝါသိကစတုတ္ထော စေ ဘိက္ခဝေ ပရိဝါသန္တိ ဧတ္ထ ပါရိဝါသိကံ စတုတ္ထံ ကတ္တာ အညဿ ပရိဝါသဒါနာဒီနိ ကာတုံ န ဝဋ္ဋတိ။ ဧတေသွေ'ဝါယံ ဂဏပူရကော နာမ ဟောတိ၊ သေသသံယကမ္မေသု ဟောတိ။ ဂဏော ပန အပ္ပဟောန္တေ ဝတ္တံ နိက္ခိပါပေတွာ ဂဏပူရကော ကာတဗ္ဗော– (ဝိ။ဋ္ဌ။၃၃-၄)

ဟု **စူဠဝါအဋ္ဌကထာ**၌ လာသောကြောင့် ဤသို့ အဆင့်အဆင့် ပေးကြခြင်းသည် သင့်မည်မထင်ပါ။ ဝတ်၌ တည်သောရဟန်းသည် ဝတ်နှင့်တကွ ဂိုဏ်းပြည့်မဖြစ်။ **"ဂဏော ပန အပ္ပဟောန္တေ ဝတ္တံ နိက္ခိပါပေတွာ"**ဟု ဆိုသောကြောင့် ပကတိပကတတ် ၃-ယောက်သာ ရှိ၍ ၄-ယောက် မလောက်လျှင်သာ ဝတ်ကို ချ၍ ၃-ယောက်တွင် ၁-ယောက် ပြည့်ရုံမျှသာ သင့်မည်ထင်ပါသည်။ ပါရာဇိကကျသော ရဟန်းသည် ၄-ယောက်တွင် ၁-ယောက်မျှ ဂိုဏ်းပြည့် မရသကဲ့သို့ ဤပရိဝါသ်နေသော ရဟန်းသည်လည်း ဝတ်နှင့်တကွ ၄-ယောက်တွင် ၁-ယောက်မျှ ဂိုဏ်းပြည့်ပြုခြင်းသည် မသင့်-ဟု ထင်ပါသည်။

"နိက္ခိတ္တကာလတော ပဋ္ဌာယ ပကတတ္တဋ္ဌာနေ တိဋ္ဌတိ"(ကခ်ီ။ဋ္ဌ။၁၄၇)ဟု ဆိုသောကြောင့် ဝတ်ကိုချက ပကတတ်အရာ၌ တည်၏ဟု ဆိုဖွယ်ရာရှိပေ၏။ ဤသို့ဆိုလျှင် **"ပါရိဝါသိကစတုတ္ထော စေ ဘိက္ခဝေ"**ဟူသော အဋ္ဌကထာ(ဝိ။ဋ္ဌ။၃၃-၄)သည် အကျိုးမရှိခဲ့ရာ။

http://www.dhammadownload.com

သံယာများသော ကျောင်းတိုက်၌ ပရိသတ်ကို သုတ်သင်နိုင်ခဲ့၍ ဒဿနူပစာ, သဝနူပစာ မြင်မြင်ရာရာ ကြားရမည်မှာ ဆင်းရဲသောကြောင့်လည်းကောင်း၊ အဘိဝါဒန, အဉ္ဇလီကမ္မ အမှုများ၌ လည်းကောင်း ဤအရာများ၌သာ ပကတတ် တည်သင့်လိမ့်မည် ထင်ပါသည်။ **"ဝိတ္ထာရော ပန သမန္တပါသာဒိကာယ ဝိနယသံဝဏ္ဏနာယ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော"**ဟု ကခ်ီ(၌။၁၄၇)အဋ္ဌနိ ရှိပါသည်။ "ပကတတ္တဌာနေ တိဋ္ဌတိ"ဟု ဆို၍ ဝတ်ကိုချက ပကတတ် အရာ၌ အရာရာတိုင်းပင် တူခဲ့ပါလျှင် ဤပါဠိသည် ကခ်ီ၌လည်း ပါလေ့ပြီဖြစ်သောကြောင့် ဩနိုးဖွယ် မရှိပါပြီ။ ဤပါဠိနှင့်ပင် ထင်ရှားသည်ဖြစ်၍ "ပါရိဝါသိကစတုတ္ထော"စသော အဋ္ဌကထာ(ဝိ၊၌၊၄။၁၃) စကားသည် ဂန္ဆဂရု ဖြစ်ရုံမျှသာ ဆိုဖွယ်ရှိပါတော့သည်။

ထို့ကြောင့် စောဒနာအထွက်, အတက်နှင့်တကွ ဤပရိဝါသ် ပေးခြင်း, ယူခြင်း အဆုံးအဖြတ်ကို ပါဠို, အဋ္ဌကထာ, ဋီကာဝါဒ သာဓကများနှင့် အသေအချာ သိမှတ်လိုပါသည်ဘုရား။

(၈) ဒေသနာဂါမ်အာပတ်တို့တွင် သစိတ္တကလောကဝဇ္ဇ ပါဏာတိပါတသိက္ခာပုဒ်ကို လွန်ကျူးမိ၍ သင့်သောပါစိတ်အာပတ်ကို ဒေသနာကြားလျှင် အာပတ်လည်း စင်ကြယ်၏။ အပြစ်လည်း မရှိ၊ သဂ္ဂန္ဓရာယ်, မဂ္ဂန္ဓရာယ်လည်း မဖြစ်။ ထိုပါဏာတိပါတကံသည် အဂီစုံ၍ ကမ္မပထ မြောက်သော်လည်း ဝိပါကအကျိုးကို မခံရပြီ-ဟု အချို့ဆရာတို့ မိန့်သံများကို ကြားရဖူးပါသည်။

> ပဌမဇဝနစေတနာ ဒိဋ္ဌဓမ္မဝေဒနီယကမ္မံ နာမ ဟောတိ။ တံ ဣမသ္မိံ ယေဝ အတ္တဘာဝေ ဝိပါကံ ဒေတိ။ တထာ အသက္ကောန္တံ အဟောသိ ကမ္မံ၊ နာဟောသိ ကမ္မဝိပါကော ။ပ။ သတ္တမဇဝနစေတနာ ဥပပဇ္ဇဝေဒနီယကမ္မံ နာမ။ တံ အနန္တရေ အတ္တဘာဝေ ဝိပါကံ ဒေတိ။ တထာ အသက္ကောန္တံ ဝုတ္တနယေနေဝ တံ အဟောသိကမ္မံ နာမ ဟောတိ။ ဥဘိန္နံ'မန္တရေ ပဉ္စဇဝနစေတနာ အပရာပရိယ-ဝေဒနီယကမ္မံ နာမ ဟောတိ။ တံ အနာဂတေ ယဒါ ဩကာသံ လဘတိ၊ တဒါ ဝိပါကံ ဒေတိ။ သတိ သံသာရပ္ပဝတ္တိယာ အဟောသိကမ္မံ နာမ န ဟောတိ–

ဟု မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ(မ၊၌၊၃။၂၃၄-၅), နေတ္တိအဋ္ဌကထာ(နှာ-၁၆၇), ဋီကာကျော်(နှာ-၁၇၁)တို့၌လာသည်-ဟု သဒ္ဒြိဟ်ဂဏ္ဌိသစ်၌ ညွှန်ကျက် ရှိပါသည်။

ပဌမဇော, သတ္တမဇောတို့မှာ အဟောသိကံဖြစ်ခြင်းသည် သင့်လျော်လှပါပေသည်၊ အပြစ်ကင်း၏ဟု ဆိုသည်မှာ အဟောသိကံဖြစ်၏-ဟု ဆိုသကဲ့သို့ ရှိပါသည်။ အလယ်ဇော ၅-ချက် အဟောသိကံ ဖြစ်၏-ဟု ယူခြင်းသည် ဤအဘိဓမ္မာစကားနှင့် ဆန့်ကျင်သကဲ့သို့ ရှိပါသည်။

http://www.dhammadownload.com

ဝိနည်းမာတိကာအဋ္ဌကထာ၌လည်း–

ပါဏောတိ တိရစ္ဆာနဂတပါဏော အဓိပ္ပေတော။ တံ ခုဒ္ဒကမိဂ မဟန္တမိဂ မာရေန္တဿ ပါစိတ္တိယမေဝ၊ မဟန္တေ ပန ဥပက္ကမမဟန္တတာယ အကုသလံ မဟန္တံ ဟောတီ-ဟု ဆိုပါသည်(ကခ၀။၄။၂၄၅)။

ဤအယူအတိုင်း အပြစ်ငြိမ်းခဲ့ပါလျှင် ငယ်ငယ်,ကြီးကြီး ပါစိတ်ချင်းအတူဖြစ်၍ သတ္တဝါကြီးသော်လည်း အပြစ်ကြီး၏-ဟု ဆိုသင့်တော့မည် မဟုတ်ပါ။ ဤသို့ "အပြစ်ပါငြိမ်း၏"ဟု ယူခြင်းသည်လည်း ဆန့်ကျင်သကဲ့သို့ ရှိပါသည်။

ဤသို့ ဝါဒအသီးသီး နည်းအဖုံဖုံရှိသောကြောင့် ယုံယုံကြည်ကြည် မှတ်သားပါရအောင် ပါဠိ, အဋ္ဌကထာ, ဋီကာဝါဒများနှင့်တကွ ဆုံးဖြတ်ပိုင်းခြား သနားတော်မူပါဆရာတော်ဘုရား။

(၉) ယခုအခါ အခိုးသောက်ကြရာ၌ အချို့ဆရာတို့က "အခိုးသောက်ရာ အပြစ်မရှိ၊ သမဏသာရုပ္ပ မဖြစ်ရုံမျှသာ"ဟု ဆိုကြပါသည်။ အချို့ဆရာတို့က "ဂိလာနသာအပ်သည်၊ အဂိလာန မအပ်"ဟု ဆိုကြပါသည်။

ဘိက္ခု ဓူမဝဋ္ဋိ ပဋိဂ္ဂဟေတွာ ဓူမံ ပိဝတိ၊ မုခဉ္စ ကဏ္ဍော စ မနောသိလာယ လိတ္တော ဝိယ ဟောတိ၊ ယာဝကာလိကံ ဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ယာဝကာလိကေန ယာဝဇီဝိကသံသဂ္ဂေ ဒေါသော နတ္ထိ– (ဝိ၊၄၊၃၀။၁၁၈။ဝိ၊သင်္ဂဟ။၁၂၂)

ဟု အဋ္ဌကထာ၌ဆိုရာ ဂိလာနသဒ္ဒါဝိသေသ မပါခြင်းကြောင့် နာ, မနာသော ရဟန်းပင် အပ်သကဲ့သို့ ရှိပါသည်။ ဤအခိုးဆေးလိပ်ကို သောက်ရာ အပြစ်ရှိ, မရှိများကို နောက်သား, နောင်လာ အစဉ်ထာဝရ မှတ်သားပါရအောင် အဆုံးအဖြတ်ရေးသား၍ သနားကယ်မတော်မူပါဘုရား။

(၁၀) သတ္တာဟကာလိက, ယာဝဇီဝိက ၂-ပါးမှာ ဂေလညအကြောင်းရှိလျှင် ဂိလာနပစ္စယ ပစ္စဝေက္ခဏာပုဒ်ကို ဆင်ခြင်၍ သုံးဆောင်ရသည်မှာ သင့်ပါ၏။ ပိပါသအကြောင်းနှင့် ယာမကာလိကကို သုံးဆောင်ရာ အဘယ်သို့ ပစ္စဝေက္ခဏာကို ဆင်ခြင်ရပါအံ့နည်း။ ၎င်းအရကိုလည်း သိလိုပါသည်ဘုရား။

---

http://www.dhammadownload.com

ထိမ်တောဆရာတော်၏ ဝိနယဝိသဇ္ဇနာများ

ဂင်းလျှောက်ထားချက်အရကို ဖြေဆိုဆုံးဖြတ်ပေအံ့။ ထိုအမေးပုစ္ဆာ ၁၀-ချက်တို့၏ အဖြေဝိသဇ္ဇနာကား–

[၂၂၆] ကပ္ပိယပစ္စည်း တောင်းယူပြီး အကပ္ပိယပစ္စည်း ပြန်ပေးခြင်း

အမှတ် (၁) ပုစ္ဆာအဖြေ

အကြင်ရဟန်းသည် မအပ်သော ရွှေ, ငွေ-အစရှိသော အကပ္ပိယဝတ္ထုကို အလှူခံယူ၍ ဖြစ်စေ၊ ပရိက္ခရာပစ္စည်းကို ရောင်းချ၍ ဖြစ်စေ မိမိဥစ္စာအဖြစ်သို့ ရောက်ပြီးသော ရွှေ,ငွေ-အစရှိသောဝတ္ထုကို တဖန် အပ်စေလို၍ ဉာတိ, ပဝါရိတဖြစ်သူတို့အား စွန့်ပေးခြင်းသည် ထိုသူတို့က အပ်သောပစ္စည်းကို လှူ၍သာ ပေးစွန့်ခြင်း ဖြစ်သည်။ ဉာတိ, ပဝါရိတဖြစ်သူတို့ကလည်း ထိုရဟန်းက ငါတို့အား ရဟန်းထံ၌ရှိသော ရွှေ, ငွေ စသည်ကို ပေးလတ္တံ့-ဟု သိ၍သာ သပိတ်,သင်္ကန်း-စသော အပ်သောပစ္စည်းကို စိုက်ထုတ် ၍ လှူသည်ဖြစ်အံ့၊ **မအပ်**-ဟု မှတ်ရမည်။

ထိုသို့မဟုတ် ဉာတိ, ပဝါရိတဖြစ်သူတို့အား ရဟန်းက ဦးစွာ ရွှေ,ငွေကို စွန့်ပေး၍ နောက်မှ အပ်သောပစ္စည်းကို တောင်းယူရာ ဒါယကာကလည်း ရွှေ, ငွေကို ပေးသော ကျေးဇူးရိပ်ရှိ၍သာ လှူသည်ဖြစ်အံ့၊ ရဟန်းကလည်း ရွှေ,ငွေကို ပေးဖူးသောသူဖြစ်၍သာ အားမနာ မငဲ့မညာ တောင်းသည် ဖြစ်အံ့၊ **မအပ်**-ဟု မှတ်ရမည်။

ဉာတိ, ပဝါရိတဖြစ်၍ အပ်သောသပိတ်,သင်္ကန်းကိုသာ တောင်းယူသည်ဆိုသော်လည်း ပေးစွန့်လတ္တံ့, ပေးစွန့်ပြီးဖြစ်သော ရွှေ,ငွေ-စသည်တို့နှင့် အရိပ်နိမိတ်မကင်းသောကြောင့် **မအပ်**-ဟု သန္နိဋ္ဌာန်ကျ မှတ်ရမည်။

၁။ **အနိမိတ္တံ ကတွာတိ နိမိတ္တံ အကတွာ၊ အက္ခီနိ နိမ္မိလေတွာ နဒီယာ ဝါ ပပါတေ ဝါ ဝနဂဟနေ ဝါ ဂူထံ ဝိယ အနပေက္ခေန ပတိတောကာသံ အသမန္နာရဟန္တေန ပါတေတဗ္ဗန္တိ အတ္ထော**–(ဝိ၅၊၂။၂၇၂)

ဟု လာသော **ပါရာဇိကဏ်အဋ္ဌကထာ ခုဒ္ဒိယပဒိဋ္ဌဟသိက္ခာပုဒ်အဖွင့်**ကို ထောက်။

အနိမိတ္တံ ကတွာတိ၊ ဟူသည်ကား။ **နိမိတ္တံ**၊ အမှတ်သညာကို။ **အကတွာ**၊ မပြုမူ၍။

http://www.dhammadownload.com

အကျိန်၊ မျက်စိတို့ကို။ နိမိုလေတွာ၊ မှိတ်၍။ နဒိယာ ဝါ၊ မြစ်၌လည်းကောင်း။ ပပါတေ ဝါ၊ ချောက်၌လည်းကောင်း။ ဝနဂဟနေ ဝါ၊ တောချုံ၌လည်းကောင်း။ ဂူထဲ ဝိယ၊ မစင်ကဲ့သို့။ အနပေက္ခေန၊ မငဲ့သဖြင့်။ ပတိတောကာသံ၊ ကျရာအရပ်ကို။ အသမန္နာရဟန္တေန၊ နှလုံးမသွင်းသဖြင့်။ ပါတေတဗ္ဗံ၊ စွန့်အပ်၏။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။

ထိုအဋ္ဌကထာပါဠိကို ထောက်၍ ရွှေ, ငွေကို စွန့်သောအခါ မုတ္တာစာဂီဖြစ်အောင် လွတ်လွတ်စွန့်ပေးနိုင်ခြင်း၊ ထိုပေးသောသူတို့အထံ၌ ဉာတိ, ပဝါရိတဖြစ်၍ အပ်သော ပစ္စည်းကို အလှူခံယူသောအခါ မအပ်သော ရွှေ, ငွေကို ပေးလတ္တံ့, ပေးဖူးသည်-ဟူသော စိတ်ကို အရိပ်နိမိတ် မထင်စေခြင်း၊ ထိုဉာတိပဝါရိတဖြစ်သူတို့ကလည်း ရဟန်းပေးသော ပစ္စည်းနှင့်ကင်း၍ တပါးသောအပ်သောပစ္စည်းကို လှူသောအခါ မအပ်သော ရွှေ, ငွေကို ထိုရဟန်းက ပေးလတ္တံ့, ပေးခဲ့ဖူးသည်-ဟု ကျေးဇူးရိပ်ကို စိတ်၌ မထင်စေမူ၍ ကိုယ်ပိုင်သော ပစ္စည်းကို ကုသိုလ်ဖြစ်လိုသော စိတ်ဖြင့်သာ ပေးလှူနိုင်ခြင်း၊ ဤသို့လျှင် ရွှေ, ငွေ စသော အကပ္ပိယအရိပ် နိမိတ်ကင်းနိုင်မူ အပ်သည်-ဟု မှတ်ယူသင့်သည်။

✪ ✪ ✪ ✪ ✪

[၂၂၇] ဝယ်ယူပြီးပစ္စည်းကို စွန့်၍ အပ်အောင်ပြုခြင်း

အမှတ် (၂) ပုစ္ဆာအဖြေ

အကြင်ရဟန်းသည် မအပ်သောရွှေ,ငွေဖြင့် ရအပ်သော သပိတ်,သင်္ကန်း စသည်ကို အပ်အောင်ကြံဆောင်၍ ပြုသော်လည်း မူလရင်းဖြစ်သော ရွှေ, ငွေကို မစွန့်သောကြောင့် မအပ်-ဟု မှတ်ရမည်။

၁။ ယောပိ ရူပိယံ ဥဂ္ဂဏှာပေတွာ ကပ္ပိယကာရကေန သဒ္ဓိံ ကမ္မာရကုလံ ဂန္ဒှာပတ္တံ ဒိသွာ **"အယံ မယှံ ရူစွတိ"**တိ ဝဒတိ။ ကပ္ပိယကာရကော စ တံ ရူပိယံ ဒတွာ ကမ္မာရံ သညာပေတိ၊ အယမ္ပိ ပတ္တော ကပ္ပိယဝေါဟာရေန ဂဟိတောပိ ဒုတိယပတ္တသဒိသောယေဝ၊ မူလဿ သမ္မဋ္ဌတ္တာ အကပ္ပိယော။ ကသ္မာ သေသာနံ နာ ကပ္ပတီတိ? မူလဿ အနိဿဋ္ဌတ္တာ– (ဝိ၊ဋ၊၂။ ၂၇၇)

ဟု လာသော ပါရာဇိကဏ်အဋ္ဌကထာ၊ **ရူပိယသံဝေါဟာရအဖွင့်**ကို ထောက်။

http://www.dhammadownload.com

ယောပိ၊ အကြင်ရဟန်းသည်လည်း။ ရှုပိယံ၊ ရွှေ, ငွေကို။ ဥဂ္ဂဏှာပေတွာ၊ ခံယူ၍။ ဝါ၊ ခံယူစေ၍။ ကပ္ပိယကာရကေန၊ ကပ္ပိယဒါယကာနှင့်။ သဒ္ဓိံ၊ တကွ။ ကမ္မာရကုလံ၊ ပန်းပဲအိမ်သို့။ ဂန္တွာ၊ သွား၍။ ပတ္တံ၊ သပိတ်ကို။ ဒိသွာ၊ မြင်၍။ အယံ၊ ဤသပိတ်သည်။ မယ္ဟံ၊ ငါ့အား။ ရူစ္စတိ၊ နှစ်သက်၏။ ဣတိ၊ သို့။ ဝဒတိ၊ ဆို၏။ ကပ္ပိယကာရကော စ၊ ကပ္ပိယဒါယကာသည်လည်း။ တံ ရူပိယံ၊ ထိုရွှေ,ငွေကို။ ဒတွာ၊ ပေး၍။ ကမ္မာရံ၊ ပန်းပဲကို။ သညာပေတိ၊ သိစေ၏။ အယမ္ပိ ပတ္တော၊ ဤသပိတ်သည်လည်း။ ကပ္ပိယဝေါဟာရေန၊ အပ်သောခေါ်ဝေါ်ခြင်းဖြင့်။ ဂဟိတောပိ၊ ဝယ်ယူသော်လည်း။ ဒုတိယပတ္တသဒိသော-ယေဝ၊ ဒုတိယသပိတ်နှင့် တူသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ မူလဿ၊ အဖိုးကို။ သမ္မဒ္ဓိစ္ဆိတတ္တာ၊ ခံယူသည်၏အဖြစ်ကြောင့်။ အကပ္ပိယော၊ မအပ်။ ကသ္မာ၊ အဘယ့်ကြောင့်။ သေသာနံ၊ ကြွင်းသောရဟန်းတို့အား။ န ကပ္ပတိ၊ မအပ်သနည်း။ ဣတိ၊ သို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ မူလဿ၊ အလျှူခံယူအပ်သော ရွှေ, ငွေ-ဟူသော အဖိုးကို။ အနိဿဋ္ဌတ္တာ၊ မစွန့်သည်၏ အဖြစ်ကြောင့်တည်း။

ထိုအဋ္ဌကထာပါဠိကို ထောက်၍ အကြင်ရဟန်းသည် ရွှေ, ငွေကို အလှူခံ၍ ဖြစ်စေ၊ ပရိက္ခရာကို ရောင်းချ၍ဖြစ်စေ မိမိဥစ္စာအဖြစ်သို့ ရောက်ပြီးသော ရွှေ, ငွေဖြင့် ဝယ်အပ်သော သပိတ်, သင်္ကန်း-စသော ဝတ္ထုကို အပ်အောင်ကြံ၍ ဉာတိပဝါရိတဖြစ်သူတို့အား စွန့်ပေး၍ ထိုသူတို့အထံ၌ အလှူခံယူပြန်ရာ ၎င်းပေးစွန့်သော ပစ္စည်းကို ဖြစ်စေ၊ ထိုပစ္စည်းနှင့် လဲလှယ်၍ရသော ပစ္စည်းကို ဖြစ်စေ၊ ထိုပစ္စည်းကို ရောင်းချ၍ ဝယ်ယူအပ်သော ပစ္စည်းကို ဖြစ်စေ ထိုရဟန်းအား ဉာတိ, ပဝါရိတဖြစ်သူတို့က လှူ၍ ရသော်လည်း မအပ်-ဟု သန္နိဋ္ဌာန်ကျ မှတ်ရမည်။

၂။ ဝိမတိဝိနောဒနီဋီကာ၊ ရူပိယပဋိဂ္ဂဟအဖွင့်၌လည်း—

> **န တေန ကိဉ္စိ ကပ္ပိယဘဏ္ဍံ စေတာပိတန္တိ ဣမိနာ စေတာပိတံ စေ၊ နတ္ထိ ပရိဘောဂူပါယော ဥဂ္ဂဟေတွာ အနိဿဋ္ဌရူပိယေန စေတာပိတတ္တာ—**

ဟု ဆိုတော်မူ၏(ဝိမတိ၊၁။၃၃၆)။

န တေန ကိဉ္စိ ကပ္ပိယဘဏ္ဍံ စေတာပိတန္တိ ဣမိနာ၊ ဟူသောပါဠိဖြင့်။ စေတာ-ပိတံ၊ ကပ္ပိယဘဏ္ဍာကို ရွှေ, ငွေဖြင့် ဝယ်ယူမိသည်။ စေ ဟောတိ၊ ဖြစ်အံ့။ ပရိဘောဂူ-ပါယော၊ အပ်အောင် သုံးဆောင်နိုင်သော အကြောင်းသည်။ နတ္ထိ၊ မရှိ။ ဥဂ္ဂဟေတွာ၊ အလှူခံ၍။ အနိဿဋ္ဌရူပိယေန၊ မစွန့်သော ရွှေ,ငွေဖြင့်။ စေတာပိတတ္တာ၊ ဝယ်ယူအပ်သည် အဖြစ်ကြောင့်တည်း။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၂၈] အကပ္ပိယ, ကပ္ပိယပစ္စည်း ၂-မျိုးကို ပရိယာယ်ဖြင့် လဲခြင်း အမှတ် (၃) ပုစ္ဆာအဖြေ

အထက်ပါ ပုစ္ဆာ၂-ရပ်၏ အဖြေပါဠိကို ထောက်၍ ဉာတိ, ပဝါရိတဖြစ်စေ၊ အညာတိအပဝါရိတဖြစ်စေ၊ အလှူခံ၍ရသော ရွှေ, ငွေတို့ဖြင့် ဖြစ်စေ၊ ပရိက္ခရာကို ရောင်းချ၍ရသော ရွှေ, ငွေတို့ဖြင့် ဖြစ်စေ ဝယ်ယူလဲလှယ်၍ရသော သပိတ်,သင်္ကန်းကို တဖန် ထပ်မံ၍ ဒါယကာတို့အား ဒကာခံစေ၍ အဖိုးကို ပေးဝယ်ယူ၍ လှူသော်လည်း **မအပ်**-ဟု မှတ်လေ။

ဤအရာ၌ အကြင်ရဟန်းသည် ငွေ ၅-ကျပ်ကို အလှူခံ၍ သေတ္တာဝယ်ယူပြီးမှ တဖန် မနှစ်သက်ပြန်၍ ၁-ဦးသော ဒါယကာထံ၌ ရောင်းချပြန်၏။ ထိုဒါယကာသည် ၎င်းရဟန်းထံမှ အဖိုးရင်းငွေ ၅-ကျပ်ပေး၍ ပစ္စည်းကို ဝယ်ယူပြီးလျှင် ရဟန်းတစ်ပါးအား လှူပြန်လေ၏။ ထို့နောက်ရသော ရဟန်းအား အပ်, မအပ်-ဟု မေးလျှောက်ရာ၏။

ထိုသို့ မေးလျှောက်ခဲ့ရာ ပထမမူလရဟန်းအား မအပ်သော ရွှေ, ငွေကို အလှူခံ၍ ဖြစ်စေ၊ ပရိက္ခရာကို ရောင်းချ၍ရသော ရွှေ, ငွေဖြင့် ဖြစ်စေ ဝယ်ယူအပ်သော ၅-ကျပ်တန် သေတ္တာကို ဒါယကာ ၁-ဦးက အဖိုးရင်းအတိုင်း ၅-ကျပ်ပေး၍ ဝယ်ယူပြီးလျှင် လှူသော သေတ္တာသည် မူလအဖိုးရင်း ငွေ ၅-ကျပ်ကို ပြန်စွန့်သည်ဖြစ်သောကြောင့် ဒါယကာ လှူ၍ရသော နောက်ရဟန်းမှာ **အပ်**သည်-ဟု မှတ်ရမည်။

၁။ ယော ပန ရူပိယံ ဥဂ္ဂဏှိတွာ တေန ပတ္တံ ကိဏာတိ, အယမ္ပိ ပတ္တော အကပ္ပိယော။ ပဉ္စန္နမ္ပိ သဟဓမ္မိကာနံ န ကပ္ပတီတိ မဟာပစ္စရိယံ ဝုတ္တံ။ သက္ကာ ပန ကပ္ပိယော ကာတုံ၊ သော ဟိ မူလေ မူလသာမိကာနံ, ပတ္တေ စ ပတ္တသာမိကာနံ ဒိန္နေ ကပ္ပိယော ဟောတိ။ ကပ္ပိယဘဏ္ဍံ ဒတွာ ဂဟေတွာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ—

ဟု လာသော **ရူပိယသံဝေါဟာရသိက္ခာပုဒ်အဋ္ဌကထာ**ကို ထောက်(၀။၄၊၂။၂၇၇)။

ယော ပန၊ အကြင်ရဟန်းသည်။ ရူပိယံ၊ ရွှေ,ငွေကို။ ဥဂ္ဂဏှိတွာ၊ အလှူခံ၍။ တေန၊ ထိုရွှေ, ငွေဖြင့်။ ပတ္တံ၊ သပိတ်ကို။ ကိဏာတိ၊ ဝယ်ယူ၏။ အယမ္ပိ ပတ္တော၊ ဤသပိတ်သည်လည်း။ အကပ္ပိယော၊ မအပ်။ ပဉ္စန္နံ၊ ၅-ဦးကုန်သော။ သဟဓမ္မိကာနမ္ပိ၊ သီတင်းသုံးဖော်တို့အားလည်း။ န ကပ္ပတိ၊ မအပ်။ ဣတိ၊ သို့။ မဟာပစ္စရိယံ၊ မဟာပစ္စရိ

http://www.dhammadownload.com

အဋ္ဌကထာ၌။ ဝုတ္တံ၊ ဆိုအပ်၏။ ကပ္ပိယော ပန၊ အပ်သည်ကိုကား။ ကာတုံ၊ ပြုခြင်းငှာ။ သက္ကာ၊ တတ်ကောင်းသေး၏။ ဟိ၊ မှန်၏။ ဝါ၊ ဟိ ဝိတ္ထာရေမိ၊ ချဲ့၍ပြဆိုဦးအံ့။ သော၊ ထိုရဟန်းသည်။ မူလေ၊ ရွှေ့ငွေအဖိုးကို။ မူလသာမိကာနံ၊ အဖိုးရှင်တို့အား။ ပတ္တော၊ သပိတ်ကို။ ပတ္တသာမိကာနံ၊ သပိတ်ရှင်တို့အား။ ဒိန္နေ၊ ပေးသည်ရှိသော်။ ကပ္ပိယော၊ အပ်သည်။ ဟောတိ၊ ဖြစ်၏။ ကပ္ပိယဘဏ္ဍံ၊ အပ်သောဘဏ္ဍာကို။ ဒတ္တွာ၊ ပေး၍။ ဂဟေတ္တွာ၊ သပိတ်ကို ယူ၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

အကျယ်ကိုလိုမူ ရူပိယပဋိဂ္ဂဟသိက္ခာပုဒ်, ရူပိယသံဝေါဟာရသိက္ခာပုဒ် အဖွင့် အဋ္ဌကထာ, ဋီကာ, မာတိကာအဋ္ဌကထာ, ဋီကာ, ဝိနယဝိနိစ္ဆယအဋ္ဌကထာ, ဋီကာ, ဝိနယာလင်္ကာရဋီကာတို့မှာ ရှုလေ။

✪ ✪ ✪ ✪ ✪

[၂၂၉] ဇရပ်ဖျက်ပြီး ကျောင်းဆောက်ခြင်း

အမှတ် (၄) ပုစ္ဆာအဖြေ

အမျှားရှင်,လူ,ရဟန်းတို့ တည်းခိုရန် မိမိကျောင်းတိုက်တာအတွင်း၌ ဆောက်သော ဇရပ်ကို ရေစက်ချသောအခါ သံယိက ရေစက်ချ၍ လှူသည်ဖြစ်အံ့၊ မိမိကျောင်းနှင့် တစပ်တည်း ရွှေ့ပြောင်းဆောက်လုပ်၍ ဘုရားကို တင်ထားကိုးကွယ်သည် ဖြစ်စေ၊ မတင်ထားဘဲ ဖြစ်စေ ဘုရားကျောင်းအမှတ်ဖြင့်လည်းကောင်း၊ သံယိကကျောင်း အမှတ်ဖြင့် လည်းကောင်း သုံးဆောင်အပ်သည်။

ရေစက်ချစဉ်က အမျှားလူရှင်ရဟန်းတို့ဆိုင်အောင် ရေစက်ချ၍ လှူသည် ဖြစ်အံ့၊ ရေစက်မချဘဲ ရည်မှန်း၍သာ ဆောက်လုပ်ထားသည် ဖြစ်အံ့။ ထိုဇရပ်ကို မိမိကျောင်းတွင်း၌ တည်သည်ဖြစ်၍ ရွှေ့ပြောင်းလိုသည်ရှိသော် လှူရင်းဒါယကာ, အမွေခံတို့က သဘောတူသည်ဖြစ်အံ့။ ယခင်နေရာထက် မိမိကျောင်းနှင့် တစပ်တည်း ရွှေ့ပြောင်း၍ဆောက်ရာ ဘုရားထားခြင်း, သံဃာနေခြင်း၌ အကျိုးရှိသည်ကို ထောက်မြော်၍ ရွှေ့ပြောင်းပြီးလျှင် ဘုရားကျောင်းအမှတ်နှင့် ဖြစ်စေ၊ သံယိကကျောင်းအမှတ်နှင့် ဖြစ်စေ တပါးသူတို့ နေသည်ကို မတားမြစ်မူ၍ သုံးဆောင်နေထိုင်မူ အပြစ်မရှိ-ဟု မှတ်ရမည်။

http://www.dhammadownload.com

၁။ **သစေ ပန ဒုဿိက္ခံ ဟောတိ၊ ဘိက္ခူ ပိဏ္ဍပါတေန နိ ယာပေန္တိ၊ ဇေတ္ထ ရာဇ-ရောဂစောရဘယာဒီဟိ အညတ္ထ ဂစ္ဆန္တာနံ ဝိဟာရာ ပလုဇ္ဇန္တိ၊ တာလနာဠိ-ကေရာဒိကေ ဝိနာသေန္တိ၊ သေနာသနပစ္စယံ ပန နိဿာယ ယာပေတုံ သက္ကာ ဟောတိ။ ဧဝရူပေ ကာလေ သေနာသနံ ဝိဿဇ္ဇေတ္ဝာပိ သေနာသနဂုဏတ္ထာယ ပရိဘောဂေါ ဘဂဝတာ အနုညာတော၊ တသ္မာ ဧကံ ဝါ ဒွေ ဝါ ဝရသေနာသနာနိ ဌပေတ္ဝာ ဣတရာနိ လာမကကောဋိယာ ပိဏ္ဍပါတတ္ထာယ ဝိဿဇ္ဇေတုံ ဝဋ္ဋတိ။ မူလဝတ္ထုစ္ဆေဒံ ပန ကတ္ဝာ န ဥပနေတဗ္ဗံ–**

ဟူ၍လည်းကောင်း(ဝိ၊၅၊၁။၃၄၀)၊

၂။ **ယော ဘိက္ခု သံယိကံ မဉ္စံ ဝါ ပီဌံ ဝါ တာဝကာလိကံ ဟရိတ္ဝာ အတ္တနော ဖာသုကဋ္ဌာနေ ဧကမ္မိ ဒွေပိ မာသေ သံယိကပရိဘောဂေန ပရိဘုဉ္ဇတိ၊ အာဂတာဂတာနံ ဝုဗ္ဘတရာနံ ဒေတိ နုပ္ပဇ္ဇိတဟတိ၊ တဿ တသ္မိံ နဋ္ဌေပိ ဇိဏ္ဏေပိ စောရာဝဟဋ္ဌေပိ ဂီဝါ န ဟောတိ–**

ဟူ၍လည်းကောင်း(ဝိ၊၅၊၁။၃၄၄)၊

၃။ **စေတိယဿ ပဒီပတ္ထာယ ဝါ ခဏ္ဍဖုလ္လပဋိသင်္ခရဏတ္ထာယ ဝါ ဒိန္နော အာရာမော ပဋိဂ္ဂဟိတဗ္ဗော၊ ဝေတနံ ဒတ္ဝာပိ ဂဟိပေတဗ္ဗော။ ဝေတနဋ္ဌေ ပနေတ္ထ စေတိယသန္တကမ္မိ သံယသန္တကမ္မိ ဒါတုံ ဝဋ္ဋတိ–(ဝိ၊၅၊၁။၃၄၁)**

ဟူ၍လည်းကောင်းလာသော **ပါရာဇိကဏ်အဋ္ဌကထာ၊ ဒုတိယပါရာဇိကအဖွင့်**ကို လည်းကောင်း၊

၄။ **သစေ သော အာဝါသော ဇီရတိ၊ အာဝါသသာမိကဿ ဝါ တဿ ဝံသေ ဥပ္ပန္နဿ ဝါ ကဿစိ ကထေတဗ္ဗံ "အာဝါသော တေ နဿတိ၊ ဇဂ္ဂထ ဧတံ အာဝါသ"န္တိ။ သစေ သော န သက္ကောတိ၊ ဘိက္ခူဟိ ဉာတီ ဝါ ဥပဋ္ဌာကေ ဝါ သမာဒပေတ္ဝာ ဇဂ္ဂိတဗ္ဗော။ သစေ တေပိ န သက္ကောန္တိ၊ သံယိကေန ပစ္စယေန ဇဂ္ဂိတဗ္ဗော။ တသ္မိမ္ပိ အသတိ ဧကံ အာဝါသံ ဝိဿဇ္ဇေတ္ဝာ အဝသေသာ ဇဂ္ဂိတဗ္ဗာ။ ဗဟူ ဝိဿဇ္ဇေတ္ဝာ ဧကံ သဏ္ဌာပေတုမ္ပိ ဝဋ္ဋတိယေဝ။ ဒုဗ္ဘိက္ခေ ဘိက္ခူသု ပက္ကန္တေသု သဗ္ဗေ အာဝါသာ နဿန္တိ၊ တသ္မာ ဧကံ ဝါ ဒွေ ဝါ တယော ဝါ အာဝါသေ ဝိဿဇ္ဇေတ္ဝာ တတော ယာဂုဘတ္တစီဝရာဒီနိ ပရိဘုဉ္ဇန္တေဟိ သေသာဝါသာ ဇဂ္ဂိတဗ္ဗာယေဝ–(ဝိ၊၅၊၄။၈၅)**

ဟု လာသော **စူဠဝါအဋ္ဌကထာ၊ သေနာသနက္ခန္ဓကအဖွင့်**ကိုလည်းကောင်း၊

http://www.dhammadownload.com

၅။ ယော ပန သံယိကော ဒဗ္ဗသမ္ဘာရော အဂုတ္တော ဒဝေ ဝဿန္တေ တေမေတိ၊ အာတပေန သုက္ခတိ၊ တံ သဗ္ဗမိ အာဟရိတ္တာ အတ္တနော အာဝါသေ ကာတုံ ဝဋ္ဋတိ။ သံယော အာဟရာပေန္တော အညေန ဝါ ဒဗ္ဗသမ္ဘာရေန, မူလေန ဝါ သညာပေတဗ္ဗော။ နံ သက္ကာ စေ ဟောတိ သညာပေတုံ၊ "သံယိကေန ဘန္တေ u w Hb H d y&db ma*e 0VíE mÞw dÐw ÆÁ-(ဝိ၊၅၊၁။၃၄၂)

ဟု လာသော သမန္တပါသာဒိကအဋ္ဌကထာ၊ ဒုတိယပါရာဇိကအဖွင့်ကိုလည်းကောင်း၊

၆။ ယော ကောစိ အန္တမသော အဋ္ဌင်္ဂုလသူစိဒဏ္ဍမတ္တောပိ ဝေဠု သံယသေ ဒိန္နော ဝါ တတ္ထ ဇာတကော ဝါ ရက္ခိတဂေါပိတော ဂရုဘဏ္ဍံ၊ သောပိ သံယကမ္မေ စ စေတိယကမ္မေ စ ကတေ အတိရေကော ပုဂ္ဂလိကကမ္မေ ဒါတုံ ဝဋ္ဋတိ—

ဟု လာသော စူဠဝါအဋ္ဌကထာ(ဝိ၊၅၊၄။၈၁)၊ မာတိကာအဋ္ဌကထာ(ကခ်ီ၊၅။၂၆၃)၊ ဂရုဘဏ္ဍ အဖွင့်တို့ကိုလည်းကောင်း ထောက်၍ သိလေ။

၁။ ဒုဇ္ဈိက္ခံ၊ မိုးခေါင်သည်။ ဝါ၊ ငတ်မွတ်ရှားပါးသည်။ သစေ ပန ဟောတိ၊ ဖြစ်အံ့။ ဘိက္ခူ။ ရဟန်းတို့သည်။ ပိဏ္ဍပါတေန၊ ဆွမ်းဖြင့်။ နံ ယာပေန္တိ၊ မမျှကုန်။ ဇတ္ထု၊ ဤကျောင်း၌။ ရာဇ ရောဂ စောရဘယာဒီဟိ၊ မင်းဘေး, ရောဂါဘေး, ခိုးသူဘေး-စသည်တို့ကြောင့်။ အညတ္ထ၊ တပါးသောအရပ်သို့။ ဂစ္ဆန္တာနံ၊ သွားကုန်သောရဟန်းတို့၏။ ဝိဟာရာ၊ နေသော သံယိကကျောင်းတို့သည်။ ပလုဇ္ဇန္တိ၊ ပျက်ကုန်၏။ တာလနာဠိကေရာဒိကေ၊ ထန်းသီး, အုန်းသီး-စသည်တို့ကို။ နာသေန္တိ၊ ဖျက်ဆီးကုန်၏။ သေနာသနပစ္စယံ ပန၊ ကျောင်းပစ္စည်းကို။ နိဿာယ၊ မှီ၍။ ယာပေတုံ၊ မျှခြင်းငှာ။ သက္ကာ၊ တတ်ကောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧဝရူပေ၊ ဤသို့သဘောရှိသော။ ကာလေ၊ အခါ၌။ သေနာသနံ၊ ကျောင်းကို။ ဝိဿဇ္ဇေတွာပိ၊ စွန့်၍လည်း။ သေနာသနဇဂ္ဂနတ္ထာယ၊ ကျောင်းကို စောင့်ရှောက်ခြင်းငှာ။ ပရိဘောဂေါ၊ သုံးဆောင်ခြင်းကို။ ဘဂဝတာ၊ ဘုရားမြတ်စွာသည်။ အနုညာတော၊ ခွင့်ပြုတော်မူ၏။ တသ္မာ၊ ထို့ကြောင့်။ ဧကံ ဝါ ဝရသေနာသနံ၊ မြတ်သော ၁-ကျောင်းကိုလည်းကောင်း။ ဒွေ ဝါ ဝရသေနာသနာနိ၊ မြတ်သော ၂-ကျောင်းတို့ကိုလည်းကောင်း။ ဌပေတွာ၊ ထား၍။ ဣတရာနိ၊ တပါးသောကျောင်းတို့ကို။ လာမကကောဋ္ဌိယာ၊ ယုတ်သောအစွန်းဖြင့်။ ဝိဿဇ္ဇေတုံ၊ စွန့်ခြင်းငှာ။ ဆွမ်းအကျိုးငှာ။ ဝိဿဇ္ဇေတုံ၊ စွန့်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ မူလဝတ္ထုစ္ဆေဒံ ပန၊ အရင်းပြတ်အောင် ပြုခြင်းကို။ ဝါ၊ ကျောင်းရာမြေနှင့်တကွ ရောင်းခြင်းကို။ ကတွာ၊ ပြု၍။ နံ ဥပနေတဗ္ဗံ၊ မဆောင်အပ်။

http://www.dhammadownload.com

၂။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ သံယိက၊ သံယိကဖြစ်သော။ မဉ္စံ ဝါ၊ ညောင်စောင်းကိုလည်းကောင်း။ ပီဌံ ဝါ၊ အင်းပျဉ်ကိုလည်းကောင်း။ တာဝကာလိက်၊ အခိုက်အတန့်။ ဟရိတွာ၊ တပါးသောကျောင်းသို့ ဆောင်ယူ၍။ အတ္တနော၊ မိမိ၏။ ဖာသုကဋ္ဌာနေ၊ ချမ်းသာသောနေရာ၌။ ဧကပ္ပိမာသံ၊ ၁-လလည်းကောင်း။ ဒွေပိ မာသေ၊ ၂-လလည်းကောင်း။ သံယိကပရိဘောဂေန၊ သံယိကသုံးဆောင်ခြင်းဖြင့်။ ပရိဘုဥ္ဇတိ၊ သုံးဆောင်၏။ အာဂတာဂတာနံ၊ လာရောက်ကုန်, လာရောက်ကုန်သော။ ဝုမ္ဗတရာနံ၊ သီးတင်းကြီးသော ရဟန်းတို့အား။ ဒေတိ၊ နေရာပေး၏။ နပ္ပဋိဗာဟတိ၊ မတားမြစ်။ တဿ၊ ထိုရဟန်းအား။ တဿိ၊ ထိုညောင်စောင်း,အင်းပျဉ်သည်။ နဒ္ဒေပိ၊ ပျက်သော်လည်းကောင်း။ ဇိဏ္ဏေပိ၊ ဆွေးသော်လည်းကောင်း။ စောရာဝဟဋ္ဌေပိ၊ ခိုးသူ ခိုးယူသော်လည်းကောင်း။ ဂိဝါ၊ အစားပေးထိုက်သည်။ န ဟောတိ၊ မဖြစ်။

၃။ စေတိယဿ၊ စေတီတော်၏။ ပဒီပတ္ထာယ ဝါ၊ ဆီမီးအကျိုးငှာလည်းကောင်း။ ခဏ္ဍဖုလ္လပဋိသင်္ခရဏတ္ထာယ ဝါ၊ ကျိုးသည်, ပျက်သည်ကို ပြုပြင်းငှာလည်းကောင်း။ ဒိန္နော အာရာမောပိ၊ လှူသောအာရာမ်,ဥယျာဉ်ကိုလည်း။ ဇဂ္ဂိတဗ္ဗော၊ စောင့်အပ်၏။ ဝေတနံ၊ အခကို။ ဒတ္တွာပိ၊ ပေး၍လည်း။ ဇဂ္ဂါပေတဗ္ဗော၊ စောင့်စေအပ်၏။ ဧတ္ထ၊ ဤစေတီကို စောင့်ရာ၌။ ဝေတနဥ္စ ပန၊ အခကိုကား။ စေတိယသန္တကမ္ပိ၊ စေတီဥစ္စာကိုလည်းကောင်း။ သံယသန္တကမ္ပိ၊ သံဃာ့ဥစ္စာကိုလည်းကောင်း။ ဒါတုံ၊ ပေးခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

၄။ သော အာဝါသော၊ ထိုသံယိကကျောင်းသည်။ သစေ ဇီရတိ၊ ယိုယွင်းပျက်စီးသည်ဖြစ်အံ့။ အာဝါသသာမိကဿ ဝါ၊ ကျောင်းဒါယကာအားလည်းကောင်း။ တဿ၊ ထိုကျောင်းဒါယကာ၏။ ဝံသေ၊ အနွယ်၌။ ဥပ္ပန္နဿ ဝါ၊ ဖြစ်သောသူအားလည်းကောင်း။ ကဿစိ၊ တစ်စုံတစ်ယောက်အား။ ကထေတဗ္ဗံ၊ ပြောကြားအပ်၏။ "တေ၊ သင်၏။ အာဝါသော၊ ကျောင်းသည်။ နဿတိ၊ ပျက်၏။ ဧတံ အာဝါသံ၊ ဤကျောင်းကို။ ဇဂ္ဂထ၊ ပြုပြင်ကုန်လော့"။ ဣတိ၊ သို့။ ကထေတဗ္ဗံ၊ ၏။ သော၊ ထိုဒါယကာသည်။ သစေ နသက္ကောတိ၊ မစွမ်းနိုင်သည် ဖြစ်အံ့။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ဉာတီ ဝါ၊ ဆွေမျိုးတို့ကိုလည်းကောင်း။ ဥပဋ္ဌာကေ ဝါ၊ အလုပ်အကျွေး ဒါယကာတို့ကိုလည်းကောင်း။ သမာဒပေတွာ၊ ဆောက်တည်စေ၍။ ဇဂ္ဂိတဗ္ဗော၊ ပြုပြင်စေအပ်၏။ တေပိ၊ ထိုသူတို့သည်လည်း။ သစေ နသက္ကောန္တိ၊ မစွမ်းနိုင်ကုန်အံ့။ သံယိကေန၊ သံဃာ့ဥစ္စာဖြစ်သော။ ပစ္စယေန၊ ပစ္စည်းဖြင့်။ ဇဂ္ဂိတဗ္ဗော၊ ပြုပြင်အပ်၏။ တသ္မိမ္ပိ၊ ထိုသံဃာ့ ပစ္စည်းသည်လည်း။ အသတိ၊ မရှိသော်။ ဧကံ အာဝါသံ၊ ၁-ကျောင်းကို။ ဝိဿဇ္ဇေတွာ၊ ရောင်းစွန့်၍။ အဝသေသာ၊ ကြွင်းသောကျောင်းတို့ကို။ ဇဂ္ဂိတဗ္ဗာ၊ ပြုပြင်အပ်ကုန်၏။ ဗဟူ၊ များစွာသောကျောင်းတို့ကို။

http://www.dhammadownload.com

ဝိဿဇ္ဇေတွာ၊ စွန့်၍။ ဧကံ၊ ၁-ကျောင်းကို။ သဏ္ဌာပေတုမိ၊ တည်စေခြင်းငှာလည်း။ ဝဋ္ဋတိယေဝ၊ အပ်သည်သာလျှင်တည်း။ ဒုတိယေ၊ ငတ်မွတ်ပါးရှားသော အခါ၌။ ဘိက္ခူသု၊ ရဟန်းတို့သည်။ ပက္ကန္တေသု၊ အရပ်တစ်ပါးသို့ သွားကုန်သည်ရှိသော်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အာဝါသာ၊ ကျောင်းတို့သည်။ နဿန္တိ၊ ပျက်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဧကံ အာဝါသံ ဝါ၊ ၁-ကျောင်းကိုလည်းကောင်း။ ဒွေ အာဝါသေ ဝါ၊ ၂-ကျောင်းကိုလည်းကောင်း။ တယော အာဝါသေ ဝါ၊ ၃-ကျောင်းကိုလည်းကောင်း။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ တတော၊ ထိုရောင်းစွန့်သော ကျောင်းမှ။ ယာဂုဘတ္တစီဝရာဒီနိ၊ ယာဂု, ဆွမ်း, သင်္ဃန်း-စသည်တို့ကို။ ပရိဘုဉ္ဇန္တေဟိ၊ သုံးဆောင်ကုန်သော ရဟန်းတို့သည်။ ဝါ၊ သုံးဆောင်ကုန်သည်ဖြစ်၍။ သေသာဝါသာ၊ ကြွင်းသောကျောင်းတို့ကို။ ဇဂ္ဂိတဗ္ဗာယေဝ၊ စောင့်ရှောက်အပ်ကုန်သည်သာတည်း။

၅။ ယော ပန၊ အကြင်ရဟန်းသည်။ သံယိကော၊ သံယာ့ဥစ္စာဖြစ်သော။ ဒဗ္ဗသမ္ဘာရော၊ သစ်အဆောက်အဦသည်။ အဂုတ္တော၊ မလုံခြုံ။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာသည်ရှိသော်။ တေမေတိ၊ မိုးစွတ်၏။ အာတပေန၊ နေပူသဖြင့်။ သုက္ခတိ၊ ခြောက်၏။ တံ သဗ္ဗမိ၊ ထိုအလုံးစုံကိုလည်း။ အာဟရိတွာ၊ ဆောင်ယူ၍။ အတ္တနော၊ မိမိ၏။ အာဝါသေ၊ ကျောင်း၌။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ သံယော၊ သံယာသည်။ အာဟရာပေန္တော၊ အစားပေးစေလိုသည်ရှိသော်။ အညေန၊ တပါးသော။ ဒဗ္ဗသမ္ဘာရေန ဝါ၊ သစ်အဆောက်အဦဖြင့်လည်းကောင်း။ မူလေန ဝါ၊ အဖိုးဖြင့်လည်းကောင်း။ သညာပေတဗ္ဗော၊ သိစေအပ်၏။ သညာပေတုံ၊ သိစေခြင်းငှာ။ နံ သက္ကာ၊ မစွမ်းနိုင်သည်။ သစေ ဟောတိ၊ ဖြစ်အံ့။ "ဘန္တေ၊ အရှင်ဘုရားတို့။ သံယိကေန၊ သံယာ့ဥစ္စာဖြင့်။ ကတံ၊ ပြုအပ်၏။ သံယိကပရိဘောဂေန၊ သံယိကသုံးဆောင်ခြင်းဖြင့်။ ဝဋ္ဋတိ၊ သုံးဆောင်ကြကုန်လော့"။ ဣတိ၊ သို့။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။

၆။ ယော ကောစိ၊ အမှတ်မရှိသော။ အန္ဓမသော၊ အယုတ်အားဖြင့်။ အဌင်္ဂုလသူစိဒဏ္ဍမတ္တောပိ၊ အလျားလက် ၈-သစ်, အနံသီဟိုင်္ဂကညစ်ရိုးခန့်မျှရှိသော။ ဝါ၊ အရှည်လက် ၈-သစ်, လုံးပတ် လက်သန်း ၁-လုံးမျှရှိသည်လည်းဖြစ်သော။ သံယဿ၊ အား။ ဒိန္နော၊ လှူအပ်သော။ ဝေဋ္ဌေ ဝါ၊ ဝါးသည်လည်းကောင်း။ တတ္ထဇာတကော၊ ထိုသံယာ့အာရာမ်၌ ဖြစ်သော။ ရုက္ခိတဂေါပိတော၊ အစောင့်အရှောက်ရှိသော။ ဝေဋ္ဌေ ဝါ၊ ဝါးသည်လည်းကောင်း။ ဂရုဘဏ္ဍံ၊ ဂရုဘဏ်မည်၏။ သောပိ၊ ထိုဂရုဘဏ်ဖြစ်သော သံယာ့ဝါးကိုလည်း။ သံယကမ္မေ စ၊ သံယာ့အမှုဌ်လည်းကောင်း။ စေတိယကမ္မေ စ၊ စေတီအမှုဌ်လည်းကောင်း။ ကတော၊ ပြုပြီးသည်ရှိသော်။ အတိရေကော၊ အပို,အကျန်ကို။ ပုဂ္ဂလိကကမ္မေ၊ ပုဂ္ဂလိကအမှုဌ်။ ဒါတုံ၊ ပေးခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

http://www.dhammadownload.com

ဤသို့လာသော အဋ္ဌကထာကို ထောက်၍ သံယိကရေစက်ချ၍ လှူသောဇရပ်ကို မိမိအာရာမ်တိုက်တာဋ္ဌ တည်သည်ဖြစ်၍ ဘုရားထားရန် သင့်လျော်သောအရပ်ဋ္ဌလည်းကောင်း၊ သံဃာနေရန် သင့်လျော်ရာ အရပ်ဋ္ဌလည်းကောင်း မိမိကျောင်းတွင်းမှာ ရွှေ့ပြောင်းဆောက်လုပ်၍ ဘုရားကျောင်းအမှတ်နှင့်ဖြစ်စေ၊ သံယိကကျောင်းအမှတ်နှင့်ဖြစ်စေ သုံးဆောင်ခြင်းဌ အပြစ်မရှိဟု မှတ်ရမည်။ သံယိကဇရပ်, သံယိကကျောင်းတို့သည် အရပ်တပါးဌ သံဃာမရှိ၍ ပျက်စီးယိုယွင်းသည်ဖြစ်အံ့၊ သံဃာရှိရာသို့ ယူဆောင်၍ သံယိကအသုံးအဆောင် ပြုလုပ်သုံးဆောင်ခြင်းငှာ အပ်သည်။ ဘုရားတည်ခြင်း, ဘုရားကျောင်းဆောက်လုပ်ခြင်းငှာလည်း အပ်သည်။ **ထိုသံယိကကျောင်းကို ဘုရားကျောင်း, ဘုရားကိစ္စကို ပြု၍ ကျန်သော သံယိကသစ်, ဝါးတို့ကို ပုဂ္ဂလိကကျောင်း အသုံးအဆောင်ဌလည်း အပ်သည်-ဟု မှတ်လေ။**

ပျက်စီးလတ္တံ့သော သံယိက မြက်, ဝါး, ကြိမ်, နွယ်-စသည်တို့ကို "ပျက်စီး၍ အကျိုးမရှိ"ဟု နှလုံးသွင်း၍ ပုဂ္ဂလိကပိုင်သော်လည်း ပေးအပ်သည်။

၈။ သင်္ဃံ ဂဟေတွာ အတ္တနော သန္တကံ သေနာသနံ ဆာဒေဟိတိ ဝတ္တဗ္ဗော။ ကသ္မာ? နဋ္ဌေ အတ္ထော နတ္ထိ။ ဒဒန္တေဟိ ပန သဝတ္ထုကံ နံ ဒါတဗ္ဗံ၊ ဂရုဘဏ္ဍံ ဟောတိ၊ တိဏမတ္တံ ပန ဒါတဗ္ဗံ–(ဝိ၊၅၊၁။၃၄၃)

ဟု လာသော ပါရာဇိကဏ်အဋ္ဌကထာကို ထောက်။

သင်္ဃံ၊ အလုံးစုံသော မြက်,သက်ကယ်ကို။ ဂဟေတွာ၊ ယူ၍။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာဖြစ်သော။ သေနာသနံ၊ ကျောင်းကို။ ဆာဒေဟိ၊ မိုးလော့။ ဣတိ၊ သို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ နဋ္ဌေ၊ ပျက်စီးသည်ရှိသော်။ အတ္ထော၊ အကျိုးသည်။ နတ္ထိ၊ မရှိ။ ဒဒန္တေဟိ ပန၊ ပေးသောရဟန်းတို့သည်ကား။ သဝတ္ထုကံ၊ မြေနှင့်ဟက္ခ။ နံ ဒါတဗ္ဗံ၊ မပေးအပ်။ ဂရုဘဏ္ဍံ၊ ဂရုဘဏ်သည်။ ဟောတိ၊ ဖြစ်၏။ တိဏမတ္တံ ပန၊ မြက်သက်ကယ်မျှကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။

၉။ **သာရတ္ထဒီပနီဋီကာဌလည်း-**

သဝတ္ထုကန္တိ သဟ ဘူမိယာ။ တိဏမတ္တံ ပန ဒါတဗ္ဗန္တိ ကသ္မာ ဝုတ္တံ၊ ကိံ တံ ဂရုဘဏ္ဍံ နု ဟောတီတိ? နု ဟောတိ။ အရက္ခိတအဂေါပိတဌာနေ ဟိ ဝိနဿကဘာဝေန ဌိတံ ဂရုဘဏ္ဍံ နု ဟောတိ၊ တသ္မာ တာဒိသံ သန္ဓာယ "တိဏမတ္တံ ပန ဒါတဗ္ဗ"န္တိ ဝုတ္တံ–

ဟု ဖွင့်တော်မူ၏(သာရတ္ထ၊၂။၁၆၇)။

http://www.dhammadownload.com

သဝတ္ထုကန်၊ ဟူသည်ကား။ သဟ ဘူမိယာ၊ မြေနှင့်တကွ။ တိဏမတ္ထံ ပန ဒါတဗ္ဗန်၊ ဟူ၍။ ကသွာ၊ အဘယ့်ကြောင့်။ ဝုတ္တံ၊ ဆိုအပ်သနည်း။ တံ၊ ထိုမြက်သည်။ ဂရုဘဏ္ဍံ၊ သည်။ နု ဟောတိ ကိ၊ မဖြစ်သလော။ ဣတိ၊ သို့။ စေ ဝဒေယျ၊ ဆိုအံ့။ နု ဟောတိ၊ မဖြစ်။ ဟိ ယသွာ၊ အကြင်ကြောင့်။ အရကွိတအဂေါဝိတဌာနေ၊ မစောင့်ရှောက်, မသိမ်းဆည်း အပ်သောနေရာ၌။ ဝိနဿကဘာဝေန၊ ပျက်စီးလတ္တံ့သည်အဖြစ်ဖြင့်။ ဌိတံ၊ တည်သော ဝတ္ထုသည်။ ဂရုဘဏ္ဍံ၊ သည်။ နု ဟောတိ၊ မဖြစ်။ တသွာ၊ ထို့ကြောင့်။ တာဒိသံ၊ ထိုသို့ သဘောရှိသော မြက်ကို။ သန္ဓာယ၊ ရည်၍။ တိဏမတ္ထံ ပန ဒါတဗ္ဗန်၊ ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုတော်မူ၏။

✪ ✪ ✪ ✪ ✪

[၂၃၀] သံယိကနှင့် မတသန္ထက တူပုံ, ထူးပုံ

အမှတ် (၅) ပုစ္ဆာအဖြေ

၁။ သံယဿ ဒေမာတိ ဝါ ဒေန္တိ၊ သံယံ ဥဒ္ဒိဿ ဒေမာတိ ဝါ ဒေန္တိ၊ ဝဿံဝုတ္ထ-သံယဿ ဒေမာတိ ဝါ ဒေန္တိ၊ ဝဿာဝါသိကံ ဒေမာတိ ဝါ ဒေန္တိ၊ သစေပိ မတကစီဝရံ အဝိဘဇိတွာ တံ ဝိဟာရံ ပဝိသန္တိ၊ တံ သင်္ဃံ တသ္မေ ဘိက္ခုနော ဟောတိ-

(ဝိ၊ဋ္ဌ၊၃။၄၁၁)

ဟု လာသော စီဝရကွန္ဓကအဋ္ဌကထာကို ထောက်၍ ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့က စ၍ တပေါင်းလပြည့်တိုင် ၅-လ၊ ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့က စ၍ တန်ဆောင်မုန်းလပြည့်တိုင် ၁-လအတွင်း၌ တစ်ခုသော ကျောင်းတိုက်တာမှာ "သံယဿ ဒေမ"ဟု ဆို၍ လှူသော ဂရုဘဏ်, လဟုဘဏ် ပစ္စည်း၊ တစ်စုံတစ်ယောက်သောရဟန်းသည် သေ၍ မပေးအပ်ခဲ့သော မတသန္ထကသံယိက ဖြစ်သော ဂရုဘဏ်, လဟုဘဏ်ပစ္စည်းတို့သည် ထိုကျောင်းတိုက်တာ၌ နေသော ရဟန်းတို့သာ ဆိုင်သည်။

ဌင်းပစ္စည်း ၂-ရပ်တွင် "သံယဿ ဒေမ"ဆို၍ လှူသောပစ္စည်း ဖြစ်စေ၊ မတသန္ထက သံယိကပစ္စည်းဖြစ်စေ လဟုဘဏ်ပစ္စည်းကို ဝေယျထိုက်သည်။ ဂရုဘဏ်ပစ္စည်းကို တစ်စုံတစ်ယောက်သော သံယာ, ဂိုဏ်း, ပုဂ္ဂိုလ် မဝေယျထိုက်ကုန်။

http://www.dhammadownload.com

ကထိန်ခင်းမူ တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှ စ၍ သီတင်းကျွတ်လပြည့်တိုင် ၇-လအတွင်း, ကထိန်မခင်းမူ တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့က စ၍ သီတင်းကျွတ်လပြည့်တိုင်အောင် ၁၁-လအတွင်းတို့၌ "သံဃသ ဒေမ"ဟု ဆို၍ လျှသော ဂရုဘဏ်, လဟုဘဏ်၊ တစ်စုံတစ်ယောက်သော ရဟန်းသည် သေ၍ မပေးခဲ့သော မတသန္ဆက သံယိကဖြစ်သော ဂရုဘဏ်, လဟုဘဏ်ပစ္စည်းတို့တွင် လဟုဘဏ် သံယိကမှာ ထိုကျောင်းတိုက်၌ နေသည်ဖြစ်စေ၊ မနေသည်ဖြစ်စေ မျက်မှောက်ရှိသော သံဃာတို့ ဝေယျထိုက်သည်။ ဂရုဘဏ်ပစ္စည်းမှာ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်, ဂိုဏ်း, သံဃာတို့ မဝေယျအပ်ကုန်။

ဤသို့လျှင် "သံဃသ ဒေမ"ဟု ဆို၍ လျှသောသံယိက, မတသန္ဆကသံယိကတို့၏ တူသည်အဖြစ်ကို သိလေ။

အဋ္ဌကထာပါဠိအနက်ကား– သံဃသ ဒေမာတိ ဝါ၊ ဟူ၍လည်း။ ဒေန္တိ၊ လျှကုန်၏။ သံဃံ၊ သံဃာကို။ ဥဒ္ဒိဿ၊ ရည်၍။ ဒေမ၊ လျှပါကုန်၏။ ဣတိ ဝါ၊ ဤသို့လည်း။ ဒေန္တိ၊ လျှကုန်၏။ ဝဿံဝုတ္ထသံဃဿ၊ ဝါကျွတ်သောသံဃာအား။ ဒေမ၊ လျှပါကုန်၏။ ဣတိ ဝါ၊ ဤသို့လည်း။ ဒေန္တိ၊ လျှကုန်၏။ ဝဿာဝါသိကံ၊ ဝါဆိုသင်္ကန်းကို။ ဒေမ၊ လျှပါကုန်၏။ ဣတိ ဝါ၊ ဤသို့လည်း။ ဒေန္တိ၊ လျှကုန်၏။ သစေပိ၊ အကယ်၍လည်း။ မတကစီဝရံ၊ မပေးဘဲ သေသောရဟန်း၏သင်္ကန်းကို။ အဝိဘဇိတွာ၊ မဝေဖန်မူ၍။ တံ ဝိဟာရံ၊ ထိုကျောင်းသို့။ ပဝိသန္တိ၊ ဝင်ကုန်အံ့။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ တဿေဝ ဘိက္ခုနော၊ ထိုကျောင်း၌နေသော ရဟန်းအားသာလျှင်။ ဟောတိ၊ ဖြစ်၏။

ထိုသို့မဟုတ် လျှဒါန်းသူ ဒါယကာတို့က အထူးပြု၍ "ဤကျောင်း၌ ဝါကျွတ်သောသံဃာအား လျှ၏။ ဤကျောင်း၌ ဝါဆိုသင်္ကန်းကို လျှပါ၏"စသည်ဖြင့် ဆို၍ လျှရာ **မတသန္ဆကသံယိကနှင့် မတူ၊ ဒါယကာလျှသည့်အတိုင်း သံယိက ဖြစ်သည်ဟု မှတ်လေ။**

၂။ ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ–

ဟု လာသော **စူဠဝါအဋ္ဌကထာ**(၀ိ၊၄၊၉၊၉၇)။ **ဝိနယသင်္ဂဟအဋ္ဌကထာ**(နှာ-၂၇၂)တို့ကို ထောက်လေ။

ယထာ၊ အကြောင်အခြင်းအရာဖြင့်။ ဒါယကာ၊ လျှသောဒါယကာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ တထာ၊ ထိုလျှသောဒါယကာဆိုသော အခြင်းအရာဖြင့်။ ပဋိပဇ္ဇိတဗ္ဗံ၊ အလျှခံသံဃာတို့ ကျင့်အပ်၏။

http://www.dhammadownload.com

မတသန္တကသံယိကမှာ လှူသူမရှိသော သံယိကဖြစ်၍ အထူးမရှိ၊ ဒါယကာ လှူသော သံယိကမှာ လှူသူဒါယကာရှိ၍ အထူးရှိသည်။

ဤသို့လျှင် အကြောင်းအားဖြင့် "သံယသ ဒေမ"ဟု လှူသော သံယိကနှင့် မတသန္တကသံယိကတို့၏ တူ, မတူသောအဖြစ်ကို မှတ်လေ။

အကျယ်ကိုလိုမူ မဟာဝါအဋ္ဌကထာ၊ စီဝရက္ခန္ဓကအဖွင့်။ စူဠဝါ၊ သေနာသနက္ခန္ဓက အဖွင့်တို့မှာ ပါဠိတော်နှင့် စပ်၍ ကြည့်လေ။

✪ ✪ ✪ ✪ ✪

[၂၃၁] ပါဒအရမှာ ရွှေပါဒကို ယူသင့်ကြောင်း

အမှတ် (၆) ပုစ္ဆာအဖြေ

၁။ အလွန်ခဲယဉ်းသောအရာဌာန ဖြစ်သည်။ သို့သော်လည်း ဉာဏ်သက်ဝင် သမျှနှင့် ကျမ်းဂန်ကို ထုတ်ဆောင်၍ ပြဆိုအံ့။

တေန ခေါ ပန သမယေန အညတရော ပုရာဏဝေါဟာရိကော မဟာမတ္တော ဘိက္ခူသု ပဗ္ဗဇိတော ဘဂဝတော အဝိဒူရေ နိသိန္နော ဟောတိ။ အထ ခေါ ဘဂဝါ တံ ဘိက္ခုံ ဧတဒဝေါစ "ကိတ္တကေန ခေါ ဘိက္ခု ရာဇာ မာဂဓော သေနိယော ဗိမ္ဗိသာရော စောရံ ဂဟေတွာ ဟနတိ ဝါ ဗန္ဓတိ ဝါ ပဗ္ဗာဇေတိ ဝါ"တိ။ ပါဒေန ဝါ ဘဂဝါ ပါဒါရဟေန ဝါတိ။ တေန ခေါ ပန သမယေန ရာဇဂဟေ ပဉ္စမာသကော ပါဒေါ ဟောတိ–

ဟူ၍လည်းကောင်း၊

ယော ပန ဘိက္ခု ဂါမာ ဝါ အရညာ ဝါ အဒိန္နံ ထေယ္ယသင်္ခါတံ အာဒိယေယျ၊ ယထာရူပေ အဒိန္နာဒါနေ ရာဇာနော စောရံ ဂဟေတွာ ဟနေယ္ယုံ ဝါ ဗန္ဓေယ္ယုံ ဝါ ပဗ္ဗာဇေယ္ယုံ ဝါ စောရောသိ ဘာလောသိ မူဠှောသိ ထေနောသီတိ၊ တထာရူပံ ဘိက္ခု အဒိန္နံ အာဒိယမာနော၊ အယမ္ပိ ပါရာဇိကော ဟောတိ အသံဝါသော–

ဟူ၍လည်းကောင်း၊

http://www.dhammadownload.com

ယထာရူပံ နာမ ပါဒံ ဝါ ပါဒါရဟံ ဝါ အတိရေကပါဒံ ဝါ—

ဟူ၍လည်းကောင်း **ပါရာဇိကဏ်ပါဠိတော်**(နှာ၊၅၅-၇)၌ ဟောတော်မူသည်။

၂။ ပဌမာသကော ပါဒေါတိ တဒါ ရာဇဟေ ဝီသတိမာသကော ကဟာပဏော ဟောတိ၊ တသ္မာ ပဌမာသကော ပါဒေါ။ ဧတေန လက္ခဏေန သဗ္ဗဇနပဒေသု ကဟာပဏာသ စတုတ္ထော ဘာဂေါ "ပါဒေါ"တိ ဝေဒိတဗ္ဗော။ သော စ ခေါ ပေါရာဏာသ နီလကဟာပဏာသ ဝသေန၊ န ဣတရေသံ ရူဠှိဒါမကာဒီနံ—

ဟု **ပါရာဇိကဏ်အဋ္ဌကထာ**၌ ဖွင့်တော်မူသည်(ဝိ၊ဋ္ဌ၊၁။ ၂၅၈)။

၃။ **စတုတ္ထော ဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗောတိ** ဣမိနာဝ သဗ္ဗဇနပဒေသု ကဟာပဏာသ ဝီသတိမော ဘာဂေါ မာသကောတိ ဣဒဉ္စ ဝုတ္တမေဝ ဟောတီတိ ဒဋ္ဌဗ္ဗံ။ ပေါရာဏာသတ္ထာနုရူပံ လက္ခဏာသမ္ပန္နာ ဥပ္ပါဒိတာ နီလကဟာပဏာတိ ဝေဒိတဗ္ဗာ။ ရူဠှိဒါမေန ဥပ္ပါဒိတော ရူဠှိဒါမကော။ သော ကိရ နီလကဟာပဏာသ တိဘာဂံ အဂ္ဃတိ။ ယသ္မိံ ပဒေသေ(နီလကဟာပဏာ နု သန္တိ၊ တတ္ထာပိ) နီလကဟာပဏာနံ ဝဍ္ဎနဋ္ဌာနေ စ အဝဍ္ဎနဋ္ဌာနေ စ သမာနအဂ္ဃဝသေန ပဝတ္တမာနံ ဘဏ္ဍံ ဂဟေတွာ နီလကဟာပဏဝသေနေဝ ပရိစ္ဆေဒေါ ကာတဗ္ဗောတိ ဝဒန္တိ—

ဟု **သာရတ္ထဒီပနီဋီကာ**၌ ဖွင့်တော်မူသည်(သာရတ္ထ၊၂။၁၂၃)။

၄။ ပေါရာဏသတ္ထာနုရူပံ ဥပ္ပါဒိတော ဝီသတိမာသပမာဏဥတ္တမသုဝဏ္ဏဂ္ဃနကော လက္ခဏသမ္ပန္နော နီလကဟာပဏောတိ ဝေဒိတဗ္ဗော။ ရူဠှိဒါမေန နာမ ကေနစိ ဥပ္ပါဒိတော ရူဠှိဒါမကော။ သော ကိရ နီလကဟာပဏာသ တိဘာဂံ အဂ္ဃတိ။ ယသ္မိံ ပန ဒေသေ နီလကဟာပဏာ နု သန္တိ၊ တတ္ထာပိ ကာဠကဝိရဟိတာသ နိန္နန္နသုဝဏ္ဏာသ ပဌမာသဂ္ဃနကေန ဘဏ္ဍေန ပါဒပရိစ္ဆေဒေါ ကာတဗ္ဗော—

ဟု **ဝိမတိဝိနောဒနီဋီကာ**(၁။၁၆၉)၌ လာသည်။

၅။ ရူဠှိဒါမကော နာမ ရူဠှိဒါမကာဒီဟိ ဥပ္ပါဒိတော။ ဗာရာဏသိနဂရာဒီသု တေဟိ တေဟိ ရာဇူဟိ ပေါရာဏသတ္ထာနုရူပံ လက္ခဏသမ္ပန္နာ ဥပ္ပါဒိတာ နီလကဟာပဏာ။ တေသံ ကိရ တိဘာဂံ အဂ္ဃတိ ရူဠှိဒါမကော၊ တသ္မာ တသ္မာ ပါဒေါ ထုလ္လစ္ဆယဝတ္ထု ဟောတိ။ မာသကော ပန ဣဒ အပ္ပမာဏံ၊ ကဟာပဏော ကိဉ္စိကာလေ ဥနဝီသတိမာသကော ဟောတိ၊ ကိဉ္စိကာလေ အတိရေကဝီသတိမာသကော။ တသ္မာ တသ္မာ ကဟာပဏာသ စတုတ္ထဘာဂေါ ပဌမာသကော ဝိယ အတိရေကပဌမာသကော ဝါ ဥနပဌမာသကော ဝါ ပါဒေါတိ

http://www.dhammadownload.com

ဝေဒိတဗ္ဗံ။ ဣမသ္မာ'ဣဿ ဒိပနတ္ထံ "တဒါ ရာဇဂဟေ ဝိသတိမာသကော ကဟာပဏော ဟောတီ"တိအာဒိ ဝုတ္တံ—(ဝဇိရ။၁၂၃-၄)

ဟု ဝဇိရဗုဒ္ဓိဋီကာ၌ လာသည်။

၆။ ပါတိမောက္ခဝဏ္ဏိကျမ်း၌ကား—

ဥတ္တရဝိနိစ္ဆယဋီကာယန္တု မိဿကကဟာပဏောယေဝ နီလကဟာပဏော။ တတ္ထေဝ ဟိ ပေါရာဏာသတ္ထဝိဟိတံ လက္ခဏံ ဒိဿတိ၊ ကထံ? ပဗ္ဗ မာသာ သုဝဏ္ဏဿ, တထာ ရဇတဿ, ဒသ မာသာ တမ္ဗဿာတိ ဧတေ ဝိသတိမာသေ မိဿေတွာ ဗန္ဓနတ္ထာယ ဝိဟိမတ္တံ လောဟံ ပက္ခိပိတွာ အက္ခရာနိ စ ဟတ္ထိပါဒါဒီနံ အညတရဉ္စ ရူပံ ဒဿေတွာ ကတော နိဒ္ဒေါသတ္တာ နီလကဟာပဏော နာမ ဟောတီတိ။ ဟောန္တိ စေတ္ထ—

ဟေမရဇတတမ္မေဟိ၊ သတ္ထေ နိဒ္ဒိဋ္ဌလက္ခဏံ။
အဟာပေတွာ ကတော ဝိသ-မာသော နီလကဟာပဏော။

ဟေမပါဒံ သဇ္ဈုပါဒံ၊ တမ္ဗပါဒဒွယံ ဟိ သော။
မိဿေတွာ ရူပမပ္ပေတွာ၊ ကာတုံ သတ္ထေသု ဒဿိတော။

ဧလောတိ ဝုစ္စတေ ဒေါသော၊ နိဒ္ဒေါသတ္တာ တထီရိတော။
တဿ ပါဒေါ သုဝဏ္ဏဿ၊ ဝိသဝီဟဋ္ဌနော မတော။

ယသ္မိံ ပန ပဒေသေ သော၊ နှ ဝတ္တတိ ကဟာပဏော။
ဝိသသောဝဏ္ဏဝိဟဋ္ဌံ၊ တပ္ပါဒ'ဋ္ဌန္တိ ဝေဒိယံ။

ဝိသသောဝဏ္ဏဝိဟဋ္ဌံ၊ ထေနေန္တာ ဘိက္ခဝေါ တတော။
စဝန္တိ သာမညဂုဏာ၊ ဣစ္စာဟု ဝိနယညုနော'တိ—

ဝါစိဿရနာမကာစရိယေန ဝုတ္တံ—

ဟု လာသည်။

၇။ ပါဒေါ နာမ ကဟာပဏဿ စတုတ္ထော ဘာဂေါ။ ကဟာပဏော ပန ဒုဝိဓော ဟောတိ သုဝဏ္ဏကဟာပဏော, မိဿကကဟာပဏော စာတိ။ တေသု ဟိ ကာဠကဝိရဟိတဿ နိဒ္ဒန္တသုဝဏ္ဏဿ ဝိသတိ မာသာ သုဝဏ္ဏကဟာပဏော နာမ၊ ပဗ္ဗမာသာ သုဝဏ္ဏဿ, တထာ ရဇတဿ, ဒသ မာသာ တမ္ဗဿာတိ ဧတေ ဝိသတိမာသေ မိဿေတွာ ဗန္ဓနတ္ထာယ ဝိဟိမတ္တံ လောဟံ ပက္ခိပိတွာ

http://www.dhammadownload.com

အက္ခရာနိ စ ဟတ္ထိပါဒါဒီနံ အညတရဉ္စ ရူပံ ဒဿေတွာ ကတော မိဿကကဟာပဏော နာမ၊ သောယေဝ နိဒ္ဒေါသတ္တာ နီလကဟာပဏော နာမ။ သုဝဏ္ဏကဟာပဏဝိနိစ္ဆယံ ဝိမတိဝိနောဒနီဋီကာယံ ဝုတ္တံ၊ မိဿကကဟာပဏဝိနိစ္ဆယံ ဥတ္တရဝိနိစ္ဆယဋီကာယံ ဝုတ္တံ။ သာမဏေရာနံ ဒသိကသုတ္တေနာပိ ပါရာဇိကော ဟောတိ၊ ဥပသမ္ပန္နာနံ ပန သုဝဏ္ဏဿ ဝီသတိဝီဟိမတ္တေန။ ဇတ္ထိပိ ဝီသတိ-ဝီဟိမတ္တံ နာမ သုဝဏ္ဏမာသကဝသေန အမှတိယမာသကံ ဟောတိ၊ အယံ သီဟဠာစရိယဝါဒေါ။ တေန ဝုတ္တံ အဘိဓာနပ္ပဒီပိကာယံ—

"စတ္တာရော ဝိဟယော ဂုဉ္ဇာ၊ ဒွေ ဂုဉ္ဇာ မာသကော ဘဝေ"တိ—

ဟု **ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌** လာသည်။

၈။ **တထာ**ရူပံ ဘိက္ခု **အဒိန္နံ အာဒိယမာနော**တိ တာဒိသံ ဘိက္ခူ ပေါရာဏကဿ ကဟာပဏဿ ပါဒံ ဝါ ပါဒါရဟံ ဝါ ဘဏ္ဍံ အဒိန္နံ ။ပ။ အဝဟရန္တော ပါရာဇိကော ဟောတိ–

ဟု **ကခီ**(၎။၁၀)**၌** လာသည်။

၉။ **ပေါရာဏ**ကဿာတိ ပေါရာဏဿတ္ထာနုရူပံ ဥပ္ပါဒိတဿ လက္ခဏသမ္ပန္နဿ နီလကဟာပဏဿဒိသဿ ကဟာပဏဿ။ ဧတေန ရူဒြဒါမကာဒီနိ ပဋိက္ခိပတိ-

ဟု **ကခီဋီကာ**(သစ်။၂၀၆)**၌** လာသည်။

ကျမ်းကိုးပါဠိတို့ကို အစဉ်အတိုင်း အနက်ကို ဆိုအံ့။

၁။ တေန ခေါ ပန သမယေန၊ **၌**။ အညတရော၊ သော။ ပုရာဏဝေါဟာရိကော၊ တရားစီရင်ဖူးသော။ မဟာမတ္တော၊ အမတ်ကြီးသည်။ ဘိက္ခူသု၊ ရဟန်းတို့၌။ ပဋိဇဂ္ဃတော၊ ရဟန်းပြု၍။ ဘဂဝတော၊ ၏။ အဝိဒူရေ၊ မဝေးသောအရပ်၌။ နိသိန္နော၊ နေသည်။ ဟောတိ၊ ၏။ အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ တံ ဘိက္ခုံ၊ ကို။ ဧတံ ဝစနံ၊ ကို။ အဝေါစ၊ မေးတော်မူ၏။ "ဘိက္ခု၊ ရဟန်း။ မာဂမော၊ မဂဓရာဇ်တိုင်းကို အစိုးရသော။ သေနိယော၊ များသော စစ်သည်ရှိသော။ ဗိမ္ဗိသာရော ရာဇာ၊ သည်။ စောရံ၊ ခိုးသူကို။ ကိတ္တကေန ခေါ၊ အဘယ်မျှ ခိုးယူသဖြင့်။ ဂဟေတွာ၊ ဖမ်းယူ၍။ ဟနတိ ဝါ၊ သတ်သနည်း။ ဗန္ဓတိ ဝါ၊ နှောင်ဖွဲ့ သနည်း။ ပဗ္ဗာဇေတိ ဝါ၊ နှင်ထုတ်သနည်း။" ဣတိ၊ သို့။ အဝေါစ၊ မေးတော်မူ၏။ "ဘဂဝါ၊ မြတ်စွာဘုရား။ ပါဒေန ဝါ၊ ၁-မတ်ဖြင့်လည်းကောင်း။ ပါဒါရဟေန ဝါ၊ ၁-မတ်ထိုက်သော ဥစ္စာဖြင့်လည်းကောင်း။ အတိရေကပါဒေန ဝါ၊ ၁-မတ်ထက် လွန်သဖြင့်လည်း ကောင်း။ စောရံ၊ ခိုးသူကို။ ဂဟေတွာ၊ ၍။ ဟနတိ ဝါ၊ သတ်မူလည်း သတ်၏။ ဗန္ဓတိ ဝါ၊

http://www.dhammadownload.com

နှောင်ဖွဲ့မှုလည်း ဖွဲ့၏။ ပဗ္ဘာဇေတိ ဝါ၊ တိုင်းပြည်မှလည်း နှင်ထုတ်၏။" ဣတိ၊ သို့။ အဝေါစ၊ နားတော်လျှောက်၏။ တေန ခေါ ပန သမယေန၊ ၌။ ရာဇဂဟေ၊ ၌။ ပဉ္စမာသကော၊ ၅-ပဲသည်။ ပါဒေါ၊ ၁-မတ်မည်သည်။ ဟောတိ၊ ဖြစ်၏။

ယော ပန ဘိက္ခု၊ သည်။ ဂါမာ ဝါ၊ ရွာမှလည်းကောင်း။ အရညာ ဝါ၊ တောမှလည်းကောင်း။ အဒိန္နံ၊ ကို။ ထေယျသင်္ခါတံ၊ ဖြင့်။ အာဒိယေယျ၊ အံ့။ ယထာရူပေ၊ အကြင်သို့သဘောရှိသော။ အဒိန္နာဒါနေ၊ အရှင်မပေးသောဥစ္စာကို ယူခြင်းကြောင့်။ ရာဇာနော၊ တို့သည်။ စောရံ၊ ခိုးသူကို။ ဂဟေတွာ၊ ဖမ်း၍။ စောရော၊ ခိုးသူသည်။ အသိ၊ ဖြစ်၏။ မူဠ္ဆော၊ တွေဝေသည်။ ဝါ၊ မသိသည်။ အသိ၊ ဖြစ်၏။ ဣတိ၊ သို့။ ဟနတိ ဝါ၊ သတ်မူလည်း သတ်၏။ ဗန္ဓတိ ဝါ၊ ထောင်ချမူလည်း ချ၏။ ပဗ္ဘာဇေတိ ဝါ၊ တိုင်းပြည်မှ မူလည်း နှင်ထုတ်၏။ တထာရူပံ၊ ထိုသို့ သဘောရှိသော။ အဒိန္နံ၊ ကို။ အာဒိယမာနော၊ ခိုးယူသော။ အယမ္ပိ ဘိက္ခု၊ ဤရဟန်းသည်လည်း။ ပါရာဇိကော၊ သည်။ ဟောတိ၊ ၏။

ယထာရူပံ နာမ၊ မည်သည်ကား။ ပါဒံ ဝါ၊ ၁-မတ်ကိုလည်းကောင်း။ ပါဒါရဟံ ဝါ၊ ကိုလည်းကောင်း။ အတိရေကပါဒံ ဝါ၊ ကိုလည်းကောင်း။ တထာရူပံ နာမ၊ မည်သည်ကား။ ပါဒံ ဝါ၊ ကိုလည်းကောင်း။ ပါဒါရဟံ ဝါ၊ ကိုလည်းကောင်း။ အတိရေကပါဒံ ဝါ၊ ကိုလည်းကောင်း။

၂။ ပဉ္စမာသကော ပါဒေါတိ၊ ဟူသည်ကား။ တဒါ၊ ထိုအခါ၌။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ဝီသတိမာသကော၊ ပဲ ၂၀-ရှိသော။ ကဟာပဏော၊ ၁-ကျပ်သည်။ ဟောတိ၊ ၏။ တသ္မာ၊ ထို့ကြောင့်။ ပဉ္စမာသကော၊ ၅-ပဲရှိသော။ ပါဒေါ၊ ၁-မတ်သည်။ ဟောတိ၊ ၏။ ဧတေန လက္ခဏေန၊ ထိုလက္ခဏာဖြင့်။ သဗ္ဗဇနပဒေသု၊ ခပ်သိမ်းသော ဇနပုဒ်တို့၌။ ကဟာပဏာသု၊ ၁-ကျပ်၏။ စတုတ္ထော၊ ၄-ခုမြောက်သော။ ဝါ၊ ၄-ဖို့, ၁-ဖို့ဖြစ်သော။ ဘာဂေါ၊ အဖို့ကို။ ပါဒေါတိ၊ ၁-မတ်-ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သော စ ခေါ၊ ထိုပါဒသည်လည်း။ ပေါရာဏကဿ၊ ရှေး၌ဖြစ်သော။ နီလကဟာပဏဿ၊ အပြစ်ကင်းသော ကဟာပဏ၏။ ဝသေန၊ အစွမ်းဖြင့်။ ဟောတိ၊ ၏။ ဣတရေသံ၊ တပါးကုန်သော။ ရူဒ္ဓဒါမကာဒီနံ၊ ရူဒ္ဓဒါမကမည်သော ကဟာပဏ စသည်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ န ဟောတိ၊ မဖြစ်။ (ဤကား ပါဠိ, အဋ္ဌကထာအနက်တည်း)။

၃။ စတုတ္ထော ဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗောတိ ဣမိနာဝ၊ ဤပါဠိဖြင့်လျှင်။ သဗ္ဗဇနပဒေသု၊ တို့၌။ ကဟာပဏဿ၊ ကျပ်၏။ ဝီသတိမော၊ အဖို့ ၂၀-မြောက်သော။ ဝါ၊ အဖို့ ၂၀-၏ ၁-ဖို့ဖြစ်သော။ ဘာဂေါ၊ အဖို့သည်။ မာသကော၊ ၁-ပဲမည်၏။ ဣတိ

http://www.dhammadownload.com

ကွဒ္ဓ၊ ဤစကားကိုလည်း။ ဝုတ္တမေဝ၊ ဆိုအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကွတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ပေါရာဏသတ္ထာနုရူပံ၊ ရှေးကျမ်းဋ္ဌီဆိုသော လက္ခဏာအား လျော်စွာ။ ဝါ၊ ရှေးဆရာတို့ စီရင်သော လက္ခဏာ အသုံးအဆောင်အားလျော်စွာ။ ဥပ္ပါဒိတာ၊ ဖြစ်စေအပ်ကုန်သော။ လက္ခဏသမ္ပန္နာ၊ လက္ခဏာနှင့် ပြည့်စုံသော ကဟာပဏတို့ကို။ နီလကဟာပဏာတိ၊ ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ရုဠှဒါမေန၊ သည်။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော ကဟာပဏသည်။ ရုဠှဒါမကော၊ ရုဠှဒါမကမည်၏။ သော၊ ထိုရုဠှဒါမက မည်သော ကဟာပဏသည်။ နီလကဟာပဏာဿ၊ ၏။ တိဘာဂံ၊ ၃-ဖို့, ၁-ဖို့ ကို။ အဂ္ဃတိ ကိရ၊ ထိုက်သတဲ့။ ယသ္မိံ ပဒေသေ၊ အကြောင်အရပ်၌။ နီလကဟာပဏာ၊ တို့သည်။ န သန္တိ၊ မရှိကုန်။ တတ္ထာပိ၊ ထိုအရပ်၌လည်း။ နီလကဟာပဏာနံ၊ တို့ကို။ ဝဋ္ဋနုဋ္ဌာနေ စ၊ သုံးဆောင်ရာ အရပ်၌လည်းကောင်း။ အဝဋ္ဋနုဋ္ဌာနေ စ၊ မသုံးဆောင်ရာ အရပ်၌လည်းကောင်း။ သမာန-အဂ္ဃဝသေန၊ မျှသော အဖို့၏ အစွမ်းဖြင့်။ ပဝတ္တမာနံ၊ ဖြစ်သော။ ဘဏ္ဍံ၊ ဥစ္စာကို။ ဂဟေတွာ၊ ဟူ၍။ နီလကဟာပဏဝသေန၊ နီလကဟာပဏ၏အစွမ်းဖြင့် သာလျှင်။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ကွတိ၊ သို့။ ဝဒန္တိ၊ ဆိုကြကုန်၏။

၄။ ပေါရာဏသတ္ထာနုရူပံ၊ ရှေးကျမ်းအားလျော်စွာ။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော။ ဝိသတိမာသပမာဏဥတ္တမသုဝဏ္ဏဂ္ဃနကော၊ ပဲ ၂၀-ပမာဏရှိသော မြတ်သောရွှေအဖိုး ထိုက်သော။ လက္ခဏသမ္ပန္နော၊ လက္ခဏာနှင့်ပြည့်စုံသော ကဟာပဏကို။ နီလကဟာ-ပဏောတိ၊ ဟူ၍။ ဝေဒိတဗ္ဗော၊ ၏။ ရုဠှဒါမေန နာမ၊ ရုဠှဒါမမည်သော။ ကေနစိ၊ တစ်စုံ တစ်ယောက်သည်။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော ကဟာပဏသည်။ ရုဠှဒါမကော၊ ရုဠှဒါမကမည်၏။ သော၊ ထိုရုဠှဒါမကမည်သော ကဟာပဏသည်။ နီလကဟာပဏာဿ၊ ၏။ တိဘာဂံ၊ ၃-ဖို့, ၁-ဖို့ကို။ အဂ္ဃတိ ကိရ၊ ထိုက်သတဲ့။ ယသ္မိံ ပန ဒေသေ၊ အကြောင်အရပ်၌။ နီလကဟာပဏာ၊ အပြစ်ဒေါသကင်းသော ကဟာပဏတို့သည်။ န သန္တိ၊ မရှိကုန်။ တတ္ထာပိ၊ ထိုအရပ်၌လည်း။ ကာဠကဝိရဟိတဿ၊ အညစ်အကြေးကင်းသော။ နိန္ဒုန္ဒသုဝဏ္ဏဿ၊ စင်ကြယ်သောရွှေ၏။ ပဋ္ဌမာသဋ္ဌနကေန၊ ၅-ပဲထိုက်သော။ ဘဏ္ဍေန၊ ဥစ္စာဖြင့်။ ပါဒ-ပရိစ္ဆေဒေါ၊ ပါဒအပိုင်းအခြားကို။ ကာတဗ္ဗော၊ ပြုအပ်၏။

၅။ ရုဠှဒါမကာဒီဟိ၊ ရုဠှဒါမက အစရှိသည်တို့သည်။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော ကဟာပဏသည်။ ရုဠှဒါမကာ နာမ၊ ရုဠှဒါမကမည်၏။ ဗာရာဏသိနဂရာဒီသု၊ ဗာရာဏသီ ပြည်စသည်တို့၌။ တေဟိ တေဟိ ရာဇူဟိ၊ ထိုထိုသောမင်းတို့သည်။ ပေါရာဏသတ္ထာနုရူပံ၊ ရှေးကျမ်း၌လာသော ရွှေလုပ်နည်းအားလျော်စွာ။ ဥပ္ပါဒိတာ၊ ဖြစ်စေအပ်ကုန်သော။ လက္ခဏသမ္ပန္နာ၊ လက္ခဏာနှင့်ပြည့်စုံသော ကဟာပဏတို့သည်။ နီလကဟာပဏာ၊ မည်

http://www.dhammadownload.com

ကုန်၏။ ရုဒြဒါမကော၊ ရုဒြဒါမကမည်သော ကဟာပဏသည်။ တေသံ၊ ထိုနီလက-ဟာပဏတို့၏။ တိဘာဂံ၊ ၃-ဖို့, ၁-ဖို့ကို။ အဋ္ဌတိ ကိရ၊ ထိုကဲ့သတဲ့။ တသ္မာ၊ ထို့ကြောင့်။ တဿ၊ ထိုရုဒြဒါမကမည်သော ကဟာပဏ၏။ ပါဒေါ၊ ၁-မတ်သည်။ ထုလ္လစ္ဆယဝတ္ထု။ သည်။ ဟောတိ၊ ၏။ မာသကော ပန၊ ပဲသည်ကား။ ဂ္ဂဓ၊ ဤအရာ၌။ အပဂမာဏံ၊ ပမာဏ မဟုတ်။ ဟိ၊ မှန်၏။ ဝါ၊ ဟိ ယသ္မာ၊ အကြောင်းကြောင့်။ ကဟာပဏော၊ ကျပ်သည်။ ကိဉ္စိ-ကာလေ၊ တစ်ရံတစ်ခါ၌။ ဥနဝီသတိမာသကော၊ ပဲ ၂၀-မပြည့်သည်။ ဟောတိ၊ ၏။ ကိဉ္စိ-ကာလေ၊ တစ်ရံတစ်ခါ၌။ အတိရေကဝီသတိမာသကော၊ ပဲ ၂၀-ပိုသည်။ ဟောတိ၊ ၏။ တသ္မာ၊ ထို့ကြောင့်။ တဿ ကဟာပဏဿ၊ ထိုနီလကဟာပဏ၏။ စတုတ္ထဘာဂေါ၊ ၄-ဖို့, ၁-ဖို့ဖြစ်သော။ ပဉ္စမာသကော၊ ၅-ပဲရှိသော။ ပါဒေါ ဝိယ၊ ၁-မတ်ကဲ့သို့။ အတိရေက ပဉ္စမာသကော ဝါ၊ ၅-ပဲပိုသည်လည်း ဖြစ်သော။ ဥနပဉ္စမာသကော ဝါ၊ ၅-ပဲ မပြည့်သည် လည်းဖြစ်သော။ ပါဒေါ၊ ၁-မတ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ ဣမဿတ္ထဿ၊ ကို။ ဒီပနတ္ထံ၊ ငှာ။ တဒါ ။ပ။ အာဒိ၊ ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ (ဤကား ဝိနည်း ဋီကာကြီး ၃-စောင် အနက်တည်း။)

၆။ ဥတ္တရဝိနိစ္ဆယဋီကာယန္တု၊ ဥတ္တရဝိနိစ္ဆယဋီကာ၌ကား။ မိဿကကဟာပဏော ယေဝ၊ ရွှေ, ငွေ, ကြေးကိုရောသော ကျပ်သည်သာလျှင်။ နီလကဟာပဏော၊ မည်၏။ ဟိ၊ မှန်၏။ တတ္ထေဝ၊ ထိုဋီကာ၌ပင်လျှင်။ ပေါရာဏသတ္ထဝိဟိတံ လက္ခဏံ၊ ရှေးကျမ်း၌ စီရင်သော လက္ခဏာသည်။ ဒိဿတိ၊ ထင်၏။ သုဝဏ္ဏဿ၊ ရွှေ၏။ ပဉ္စမာသာ၊ ၅-ပဲ လည်းကောင်း။ ရဇတဿ၊ ငွေ၏။ တထာ၊ ထို့အတူ ၅-ပဲလည်းကောင်း။ တမ္ဗဿ စ၊ ကြေးနီ၏လည်း။ ဒသ မာသာ၊ ၁၀-ပဲလည်းကောင်း။ ဣတိ၊ သို့။ ဧတေ ဝီသတိမာသေ၊ ထိုပဲ ၂၀-တို့ကို။ မိဿေတွာ၊ ရောရှက်။ ဗန္ဓနတ္ထာယ၊ တွဲစပ်စေခြင်းငှာ။ ဝီဟိမတ္တံ၊ စပါး ၁-လုံး မျှသော။ လောဟံ၊ သံကို။ ပက္ခိပိတွာ၊ ထည့်၍။ အက္ခရာနိ စ၊ အက္ခရာတို့ကို လည်းကောင်း။ ဟတ္ထိပါဒါဒိနံ၊ ဆင်ခြေရုပ်-စသည်တို့တွင်။ အညတရဿ ရူပံ၊ တစ်ခုခုသော အရုပ်ကို လည်းကောင်း။ ဒဿေတွာ၊ ပြ၍။ ကတော၊ ပြုအပ်သော ရွှေသည်။ နိဒ္ဒေါသတ္တာ၊ အပြစ် ကင်းသောကြောင့်။ နီလကဟာပဏော နာမ၊ မည်သည်။ ဟောတိ၊ ၏။ စ၊ ဆက်၍ ဆိုအံ့။ ဧတ္ထ၊ ဤအရာ၌။ သဂ်ဟာ၊ အကျဉ်းမှတ်ရန်ဂါထာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဟေမရဇတတမ္မေဟိ၊ ရွှေ, ငွေ, ကြေးနီတို့ဖြင့်။ သတ္ထေ၊ ရှေးကျမ်း၌။ နိဒ္ဒိဋ္ဌလက္ခဏံ၊ ပြအပ်သောလက္ခဏာကို။ အဟာပေတွာ၊ မယုတ်စေမူ၍။ ကတော၊ ပြုလုပ်အပ်သော။ ဝီသမာသော၊ ပဲ ၂၀-သည်။ နီလကဟာပဏော၊ အပြစ်ကင်းသော ရွှေ ၁-ကျပ် မည်၏။

http://www.dhammadownload.com

ဟေမပါဒံ၊ ရွှေ ၁-မတ်ကိုလည်းကောင်း။ သဗ္ဗုပါဒံ၊ ငွေ ၁-မတ်ကိုလည်းကောင်း။ တမ္မပါဒဒ္ဒယံ၊ ကြေးနီ ၂-မတ်ကိုလည်းကောင်း။ မိဿေတွာ၊ ရောၪ။ ရူပံ၊ အရုပ်ကို။ အပ္ပေတွာ၊ ထင်စေၪ။ သော၊ ထိုနီလကဟာပဏကို။ ကာတုံ၊ ပြုခြင်းငှာ။ သတ္ထေသု၊ ရှေးကျမ်းတို့၌။ ဒဿိတော၊ ပြအပ်၏။

ဒေါသော၊ ရွှေ(၏)အပြစ်ကို။ ဧလာတိ၊ လေ-ဟူၪ။ ဝုစ္စတိ၊ ဆိုအပ်၏။ နိဒ္ဒေါသတ္တာ၊ အပြစ်ကင်းသောကြောင့်။ တထာ၊ ထိုအခြင်းအရာအားဖြင့် နီလကဟာပဏမည်၏ဟု။ ဤရိတော၊ ဆိုအပ်၏။ တဿ၊ ထိုနီလကဟာပဏ၏။ ပါဒေါ၊ ၁-မတ်ကို။ သုဝဏ္ဏဿ ဝိသဝီဟဋ္ဌနော၊ စပါးအလုံး ၂၀-ရှိသော ရွှေခဲ့နှံအဖိုးထိုက်၏-ဟု။ မတော၊ သိအပ်၏။

ယသ္မိံ ပန ပဒေသေ၊ အကြင်ဇနပုဒ်အရပ်၌။ သော ကဟာပဏော၊ ထိုနီလကဟာပဏသည်။ န ဝတ္တတိ၊ မဖြစ်၊ မရှိ။ တသ္မိံ ပဒေသေ၊ ထိုအရပ်မျိုး၌။ ဝိသသောဝဏ္ဏဝိဟဋ္ဌံ၊ စပါးအလုံး ၂၀-မျှ ရွှေခဲ့နှံအဖိုးရှိသော ပစ္စည်းကို။ တပ္ပါဒဋ္ဌန္တိ၊ ထိုနီလကဟာပဏ၏ ၁-မတ် အဖိုးထိုက်ပြီဟူၪ။ ဝေဒိယဲ၊ သိအပ်၏။

တတော၊ ထို့ကြောင့်။ ဝိသသောဝဏ္ဏဝိဟဋ္ဌံ၊ စပါးအလုံး ၂၀-ခန့် ရွှေခဲ့နှံအဖိုးရှိသော ပစ္စည်းကို။ ထေနေန္တာ၊ ခိုးကုန်သော။ ဘိက္ခဝေါ၊ ရဟန်းတို့သည်။ သာမညဂုဏာ၊ ရဟန်းကျေးဇူးမှ။ စဝန္တိ၊ ရွှေ့လျော့ကုန်၏။ ဣတိ၊ သို့။ ဝိနယညုနော၊ ဝိနည်းကို သိသော ဆရာတို့သည်။ အာဟု၊ ဆိုကြကုန်၏။ ဣတိ၊ သို့။ ဝါစိဿရနာမကာစရိယေန၊ ဝါစိဿရမည်သော ဆရာသည်။ ဝုတ္တံ၊ ဆိုအပ်၏။

၇။ ပါဒေါ နာမ၊ ၁-မတ်မည်သည်။ ကဟာပဏာဿ၊ ၁-ကျပ်၏။ စတုတ္ထော၊ ၄-ခု မြောက်သော။ ဘာဂေါ၊ အဖို့တည်း။ ကဟာပဏော ပန၊ ကဟာပဏ မည်သည်လည်း။ သုဝဏ္ဏကဟာပဏော စ၊ ရွှေကဟာပဏလည်းကောင်း။ မိဿကကဟာပဏော စ၊ ရွှေ, ငွေ, ကြေးကို ရောသော ကဟာပဏလည်းကောင်း။ ဣတိ၊ သို့။ ဒုဝိဓော၊ ၂-ပါးအပြားရှိ၏။ ဟိ၊ ချဲ့၍ ဆိုအံ့။ တေသု၊ ထို ၂-ပါးတို့တွင်။ ကာဠကဝိရဟိတဿ၊ အညစ်အကြေးကင်းသော။ နိဒ္ဓန္တသုဝဏ္ဏဿ၊ စင်ကြယ်သောရွှေ၏။ ဝိသတိ မာသာ၊ ပဲ ၂၀-တို့သည်။ သုဝဏ္ဏကဟာပဏော နာမ၊ မည်၏။ သုဝဏ္ဏဿ၊ ရွှေ၏။ ပဉ္စမာသာ၊ ၅-ပဲလည်းကောင်း။ ရဇတဿ၊ ငွေ၏။ တထာ၊ ထို့အတူ ၅-ပဲလည်းကောင်း။ တမ္မဿ၊ ကြေးနီ၏။ ဒသမာသာ၊ ၁၀-ပဲလည်းကောင်း။ ဣတိ၊ သို့။ ဧတေ ဝိသတိမာသေ၊ ထို ပဲ ၂၀-တို့ကို။ မိဿေတွာ၊ ရောၪ။ ဗန္ဓနတ္ထာယ၊ ဖွဲ့ခြင်းငှာ။ ဝါ၊ မြဲစေခြင်းငှာ။ ဝိဟိမတ္တံ လောဟံ၊ စပါး ၁-လုံးမျှသော သံကို။ ပက္ခိပိတွာ၊ ထည့်၍။ အက္ခရာနိ စ၊ အက္ခရာတို့ကိုလည်းကောင်း။ ဟတ္ထိပါဒါဒိနံ၊

http://www.dhammadownload.com

ဆင်ခြေရှုပ်စသည်တို့တွင်။ အညတရဉ္စ ရှုပ်၊ ၁-ခုခုသော အရှုပ်ကိုလည်းကောင်း။ ဒဿေတွာ၊ ပြ၍။ ကတော၊ ပြုအပ်သော ကဟာပဏာသည်။ မိဿကကဟာပဏော နာမ၊ မည်၏။ သောယေဝ၊ ထိုမိဿကကဟာပဏာသည်လျှင်။ နိဒ္ဒေါသတ္တာ၊ အပြစ်ကင်းသည် အဖြစ်ကြောင့်။ နီလကဟာပဏော နာမ၊ မည်၏။ သုဇဏ္ဏကဟာပဏဝိနိစ္ဆယ်၊ ရွှေ ၁-ကျပ် ၏ ၁-မတ်အဆုံးအဖြတ်ကို။ ဝိမတိဝိနောဒနီဋီကာယ၊ ၌။ ဝုတ္တံ၊ ၏။ မိဿကကဟာ-ပဏဝိနိစ္ဆယ်၊ ရွှေ ၅-ပဲ, ငွေ ၅-ပဲ, ကြေးနီ ၁၀-ပဲ ရောသော ၁-ကျပ်၏ ၁-မတ် အဆုံး အဖြတ်ကို။ ဥတ္တရဝိနိစ္ဆယဋီကာယ၊ ၌။ ဝုတ္တံ၊ ၏။ သာမဏေရာနံ၊ သာမဏေတို့အား။ ဒသိကသုတ္တေနာပိ၊ မြိတ်ဆာချည် ၁-မျှင်ကို ခိုးယူသဖြင့်။ ပါရာဇိကော၊ လိင်ကျသည်။ ဟောတိ၊ ၏။ဥပသမ္ပန္နာနံ ပန၊ ရဟန်းတို့အားကား။ သုဝဏ္ဏသ၊ ရွှေ၏။ ဝိသတိဝိဟိ-မတ္တေန၊ စပါးအလုံး ၂၀-မျှဖြင့်။ ပါရာဇိကော၊ ပါရာဇိကကျသည်။ ဟောတိ၊ ၏။ ဧတ္ထပိ၊ ဤစကား၌လည်း။ ဝိသတိဝိဟိမတ္တံ နာမ၊ မည်သည်။ သုဝဏ္ဏမာသကဝသေန၊ ရွှေစင် ပဲ၏အစွမ်းဖြင့်။ အမ္ဗတိယမာသကံ၊ အခွဲနှင့်တကွ ၃-ပဲသည်။ ဝါ၊ ၅-ပဲထက်ဝက်ရှိသည်။ ဟောတိ၊ ၏။ အယံ၊ ဤစကားသည်။ သီဟဠဒီပဝါသီဟိဠ်ဆရာတို့၏ စကား တည်း။ တေန၊ ထို့ကြောင့်။ အဘိဓာနပွဗိဓိကာယ၊ အဘိဓာန်ကျမ်း၌။ စတ္တာရော ။ပ။ ဘဝေ'တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ စတ္တာရော၊ ၄-လုံးကုန်သော။ ဝီဟယော၊ စပါးတို့သည်။ ဂုဉ္ဇာ၊ ၁-ချင်းရွေးမည်၏။ ဒွေ ဂုဉ္ဇာ၊ စပါး ၈-လုံး ၂-ချင်းရွေးတို့သည်။ မာသကော၊ ၁-ပဲ သည်။ ဘဝေ၊ ၏။ (ဒွေ ဂုဉ္ဇာ မာသကော ဘဝေ-ကို ထောက်၍ ပကတိလိင်သို့ လိုက်ရမည် ဆိုသော စကားကို ယေဘုယျမှတ်လေ။ ဤကား ပါတိမောက္ခပဒဋ္ဌအနုဝဏ္ဏနာပါဠိ၏ အနက်)။

၈။ ကခ်ီအနက်မှာ လွယ်၏။

၉။ ကခ်ီဋီကာအနက်ကား–ပေါရာဏကဿာတိ၊ ဟူသည်ကား။ ပေါရာဏသတ္ထာ-နုရူပ်၊ စွာ။ ဥပ္ပါဒိတဿ၊ ဖြစ်စေအပ်သော။ လက္ခဏသမ္ပန္နဿ၊ ရွှေ၏လက္ခဏာနှင့် ပြည့်စုံသော။ နီလကဟာပဏဿဒိဿဿ၊ အပြစ်ကင်းသော ကဟာပဏာနှင့်တူသော။ ကဟာပဏဿ၊ ကျပ်၏။ ဧတေန၊ ဤပါဠိဖြင့်။ ရူဖြဒါမကာဒီနိ၊ ရူဖြဒါမကအစရှိသော ကဟာပဏတို့ကို။ ပဋိက္ခိပတိ၊ ပယ်တော်မူ၏။

ဤသို့လာသော ပါဠို, အဋ္ဌကထာ, ဋီကာတို့၌ လိုရင်းစကားကျ ပိဏ္ဍတ္ထကို ပြဆိုပေအံ့။

ပါဠိတော်၌ "ပဉ္စမာသကော ပါဒေါ ဟောတိ"ဟူ၍ သာမညအားဖြင့် ဟောတော် မူအပ်သော်လည်း ဘုရား၏အလိုဆန္ဒကို သိတတ်သော အဋ္ဌကထာဆရာမြတ်သည် "သော

http://www.dhammadownload.com

စ ခေါ် ပေါရာဏကဿ နိလကဟာပဏဿ ဝသေန၊ နု ရုဒြဒါမကာဒီနံ"ဟု ဖွင့်ဆိုတော်မူသောကြောင့် သက်သက်ငွေ ၁-ကျပ်၏ ၅-ပဲရှိသောပါဒကို မယူအပ်။ နိလကဟာပဏမည်သော ကျပ်၏ ၅-ပဲရှိသော ပါဒကိုသာ ယူအပ်သည်။

နိလကဟာပဏ၏ အရကိုလည်း "ပေါရာဏသတ္ထာနုရူပံ လက္ခဏသမ္ပန္နာ ဥပ္ပါဒိတာ နိလကဟာပဏာ"ဟု **သာရတ္ထဒီပနီဋီကာ, ဝဇိရဗုဒ္ဓိဋီကာ, ဝိမတိဝိနောဒနီဋီကာ, ဝိနယတ္ထမဉ္ဇူသာမည်သော ကခ်ီဋီကာ(သစ်)**တို့၌ ဆိုသောကြောင့် ရှေးရွှေလုပ်သော ကျမ်းတို့၌ ပြုအပ်သော ရွှေလုပ်နည်းနှင့်လျော်သော အပြစ်ကင်းသောရွှေကိုသာ နိလကဟာပဏ-ဟု မှတ်ယူရမည်။

ထိုနိလကဟာပဏသည် ရံခါ လောကဌ် ပဲ ၂၀-ပြည့်သည်၊ ရံခါ ယုတ်သည်၊ ရံခါ ပိုသည်။ လောကဌ် လူတို့၏ အသုံးအစွဲကို လိုက်၍ ဖြစ်သည်။ ပဲ ၂၀-ပြည့်ခြင်းသည် ပမာဏ မဟုတ်၊ ၁-ကျပ်လျှင် ၄-မတ်-ဟူသော သုံးစွဲခြင်းသာ ပမာန-ဟု ဝဇိရဗုဒ္ဓိဋီကာ ပြတော်မူသည်။

နိလကဟာပဏမည်သော ရွှေလုပ်ပုံအရကို ဋီကာကြီး ၃-စောင်နှင့် ကခ်ီဋီကာတို့မှာ အထူး မဆိုကြကုန်။ ဥတ္တရဝိနိစ္ဆယဋီကာဌ်ကား– ရွှေ ၅-ပဲ, ငွေ ၅-ပဲ, ကြေးနီ ၁၀-ပဲကို ရောဖျော်၍ ကောင်းစေခြင်းငှာ စပါး ၁-လုံးခန့်ရှိသော သံကိုထည့်၍ ပြုအပ်သောရွှေသည် နိလကဟာပဏမည်သည်-ဟု ဆိုသည်။ အကြောင်အရပ်၌ ထိုနိလကဟာပဏ မရှိ၊ ထိုအရပ်၌ စပါးအလုံး ၂၀-ပမာဏရှိသော ၂-ပဲနှင့် ၁-ချင်းခွေး အလေးချိန်ရှိသော ရွှေကို ခိုးသော ရဟန်းသည် ပါရာဇိက ကျသည်-ဟု ဆိုသည်။

ဝိမတိဝိနောဒနီဋီကာဌ်ကား–အကြောင်အရပ်၌ နိလကဟာပဏသည် မရှိ၊ ထိုအရပ်၌ ရွှေကောင်းရွှေစင် ၁-မတ်ကို ပါရာဇိကအရာဌ် ယူရမည်-ဟု ဆိုသည်။

ပါတိမောက္ခဝဒတ္ထအနုဝဏ္ဏနာဌ်လည်း သုဝဏ္ဏကဟာပဏကို ဝိမတိဝိနောဒနီဋီကာ ဆိုသည်။ မိဿကကဟာပဏကို ဥတ္တရဝိနိစ္ဆယဋီကာဆိုသည်ဟု ညွှန်းပြ၍ အဘိဓာန်ကျမ်း၌ "စပါး ၄-လုံးသည် ၁-ချင်းခွေး၊ ၂-ချင်းခွေးသည် ၁-ပဲ မည်၏"ဟု ဆိုကြောင်းကို ပြ၍ စပါးအလုံး ၂၀-ခန့်ပမာဏရှိသော အလေးချိန် ၂-ပဲနှင့် ၁-ချင်းခွေးရှိသော ရွှေကို ခိုးသောရဟန်း ပါရာဇိကကျသည်-ဟု သီဟိုဠ်ဆရာစကားကို ပြတော်မူသည်။

သာရတ္ထဒီပနီဋီကာဌ်ကား– အကြောင်အရပ်၌ နိလကဟာပဏသည် မရှိ၊ ထိုအရပ်၌ နိလကဟာပဏနှင့်တူသော အဖိုးဖြင့် ပိုင်းခြား၍ ပြုအပ်သည်-ဟု ဆိုသည်။

http://www.dhammadownload.com

ဝိနည်းဋီကာကြီး ၃-စောင်လုံး၌ပင် ရုဒြဒါမကမည်သော ကဟာပဏသည် နီလကဟာပဏ၏ ၃-ဖို့,၁-ဖို့သာ ထိုက်သည်-ဟု ဆိုသဖြင့် နီလကဟာပဏရွှေသည် စင်ကြယ်သောရွှေကောင်း မည်သည်။ ရုဒြဒါမက ကဟာပဏသည် စင်ကြယ်သော ရွှေညှိ့ မည်သည်-ဟု မှတ်ယူသင့်သည်။

ထို့ကြောင့် အကြင်အခါ အကြင်မြို့ရွာ အကြင်မင်းလက်ထက်တို့၌ ရာဇသတ်, ဓမ္မသတ်ကျမ်းတို့နှင့် ညှိနှိုင်းတိုင်းထွာ၍ ပြုလုပ်သုံးဆောင်ကြသောရွှေသည် ရွှေကောင်း, ရွှေညှိ့-ဟူ၍ ၂-ပါးရှိသည်။ ထို ၂-ပါးတို့တွင် ရွှေညှိ့ဖြင့် ပါဒကို မယူမူ၍ ရွှေကောင်းဖြင့်သာ ပါဒအရကိုယူ၍ ပဲ ၂၀-ပြည့်သည်, မပြည့်သည်ကို ပမာဏမပြုဘဲသာ ရွှေ ၁-ကျပ် ၏ ၄-ဖို့, ၁-ဖို့ ရွှေ ၁-မတ်ကို ခိုးယူသောရဟန်း, ထိုရွှေ ၁-မတ်အဖိုးတန်သော ငွေ-စသော အကပ်ိယဝတ္ထု, ကပ်ိယဝတ္ထုပစ္စည်းကို ခိုးယူသောရဟန်းတို့အား ပါရာဇိက ကျသည်ဟု ဆုံးဖြတ်သင့်သည်။

ထိုစကား၌ ရာဇသတ် ဓမ္မသတ်နှင့် ဆရန်မှာ "ကိတ္တကေန ခေါ ဘိက္ခု ရာဇာ မာဂဓော သေနိယော ဗိမ္ဗိသာရော စောရံ ဂဟေတွာ" အစရှိသော ပါဠိတော်ကို ထောက်လေ။

ပဲ ၂၀-ပြည့်သည်, မပြည့်သည်ကို ပမာဏ မပြုဘဲသာ-ဟု ဆိုသောစကားမှာ "မာသကော ပန ကွဓ အပ္ပမာဏံ"အစရှိသော ဝဇိရဗုဒ္ဓိဋီကာကို ထောက်လေ။

ရွှေကောင်း, ရွှေညှိ့ ၂-ပါးရှိသည်တွင် ရွှေညှိ့ကို မယူအပ်၊ ရွှေကောင်းကို ယူရမည်ဟူသောစကားမှာ "သော စ ခေါ နီလကဟာပဏဝသေန၊ န ရုဒြဒါမကာဒီနံ" ဟူသော အဋ္ဌကထာပါဠိကို ထောက်လေ။

ဤကို ရည်၍ ဝိမတိဝိနောဒနီဋီကာရှင်သည် "အကြင်အရပ်၌ နီလကဟာပဏသည် မရှိ။ ထိုအရပ်၌ ရွှေစင် ၁-မတ်ကို ယူရမည်"ဟု ပြတော်မူသည်။ ထိုရွှေကောင်း, ရွှေညှိ့ ၂-ပါးတွင် ရွှေကောင်း၏ ပါဒဖြင့် တန်သောငွေကို ခိုးရာ ကျပ်ချိန်နှင့် သုံးသည်ဖြစ်စေ၊ မချိန်ဘဲ ဝေါဟာရဖြင့် သုံးသည်ဖြစ်စေ ထိုလောက၌ သုံးစွဲသော ရွှေကောင်း ၁-မတ်၏ တန်ဖိုးငွေကိုသာ ဆုံးဖြတ်သင့်သည်။ သားရေစကို ငွေ-ဟူ၍ ဝေါဟာရပြုမူ ထိုရွှေ ၁-မတ်၏ တန်ဖိုး သားရေစငွေဖြင့် ဆုံးဖြတ်ရမည်။

ပါဒ-အရ နီလကဟာပဏ၏ ပါဒကိုယူ၍ ငွေကို ခိုးယူသောရဟန်းမှာ ထိုရွှေ ၁-မတ်ကို ငွေ ၅-ကျပ်ထိုက်သော အခါလည်း ရှိသည်။ ငွေကျပ် ၁၀-ထိုက်သောအခါ

http://www.dhammadownload.com

လည်း ရှိသည်။ ထိုသို့ ရွှေ ၁-မတ်ကို ငွေ ၅-ကျပ်ထိုက်ခြင်း, ငွေကျပ် ၁၀-ထိုက်ခြင်း သည် ငွေကို ပဓာန မပြုအပ်။ ရွှေ၏ အဖိုးယုတ်သောအခါ, အဖိုးတက်သောအခါကိုသာ ပဓာနပြု၍ ရွှေ ၁-ကျပ်၏ ၄-ဖို့, ၁-ဖို့ဖြစ်သော ရွှေ ၁-မတ်၏ အဖိုးဖြင့်သာ ဆုံးဖြတ်သင့်သည်။

၁၀။ ထို့ကြောင့် **ဝိမတိဝိနောဒနီဋီကာ၌**–

> ယသ္မိ ပန ဒေသေ နီလကဟာပဏာ န သန္တိ၊ တတ္ထာပိ ကာဠကဝိရဟိတသာ နိဒ္ဒန္တသုဝဏ္ဏသ ပဉ္စမာသဂ္ဃနကေန ဘဏ္ဍေန ပါဒပရိဒ္ဓေဒေါ ကာတဗ္ဗော–

ဟု ဟောတော်မူ၏(ဝိမတိ၊၁။၁၆၉)။

ယခုအခါ စက္ကူကို ငွေအဖိုးတန်လိုက်၍ သုံးစွဲရာ၌လည်း ရွှေပါဒ၏ အဖိုးတန်ဖြင့်သာလျှင် ဆုံးဖြတ်သင့်သည်။

၁၁။ ထို့ကြောင့် **ရူပိယသိက္ခာပုဒ် အဋ္ဌကထာ၌**–

> ဣဒ ပန ယံကိဉ္စိ ဝေါဟာရဂမနိယံ ကဟာပဏာဒိ အဓိပ္ပေတံ–

ဟု ဆိုတော်မူ၏(ဝိ၊ဋ္ဌ၊၂။၂၆၉)။

ဣဒ ပန၊ ဤဒ္ဒကား။ ယံကိဉ္စိ၊ အလုံးစုံသော။ ဝေါဟာရဂမနိယံ ကျောင်းဝယ်ခြင်းသို့ ရောက်သော။ ကဟာပဏာဒိ၊ ရွှေ-စသည်ကို။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။

၁၂။ ကဟာပဏအရကိုလည်း–

> ကဟာပဏောတိ သောဝဏ္ဏမယော ဝါ ရူပိယမယော ဝါ ပါကတိကော ဝါ-

ဟု **အဋ္ဌကထာ၌** ဖွင့်တော်မူသည်(ဝိ၊ဋ္ဌ၊၂။၂၆၉)။ ကဟာပဏ, မာသက စသည်တို့ကို **ရူပိယသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ, ဋီကာတို့မှာ** ရှုလေ။

ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၊ ပါတိမောက္ခဂဏ္ဌိကျမ်းတို့၌ ဥတ္တရဝိနိစ္ဆယဋီကာလာ ရွှေ ၅-ပဲ, ငွေ ၅-ပဲ, ကြေးနီ ၁၀-ပဲကို ရော၍ ပြုလုပ်သော မိဿကကဟာပဏကို ပါဒ-အရ ယူစေလိုသည်။ ထိုမိဿကကဟာပဏ ရွှေ ၁-ကျပ်ကို ငွေ ၅-ကျပ်တန်သည်ဟု ဆိုလိုသည်။ ငွေ ၅-ကျပ်ကို ခိုးယူလျှင် ပါရာဇိကကျသည်-ဟု ဆိုလိုသည်။ **မန်လည်-ဆရာတော် ရေးသားထားသောကျမ်း၌ ဥတ္တရဝိနိစ္ဆယလာ မိဿကကဟာပဏအရဖြင့် ရွှေ ၁-ကျပ်, ငွေ ၁-ကျပ်ကို အလိုရှိတော်မူသည်။**

http://www.dhammadownload.com

ကခ်ီဂဏ္ဌိသစ်၌ကား "စတ္တာရော ဝိဟယော ဂုဏ္ဍာ၊ ဒွေ ဂုဏ္ဍာ မာသကော ဘဝေ"ဟု ပြဆို၍ ပါရာဇိကအရာ ပါဒမှာ ဝိမတိဝိနောဒနီဋီကာလာသည့်အတိုင်း ရွှေစင်ပါဒကို ပြတော်မူသည်။

သလုံးဆရာတော်ရေးသော ဝိနယဋ္ဌေဒနီဂ္ဂါမ်း၌ကား– ဥတ္တရဝိနိစ္ဆယဋီကာရှင် အလိုကို ဝိနည်းတတ်ကုန်သော ဆရာမြတ်တို့သည် မနှစ်သက်ကြကုန်။ နီလ-ဟူသော ပုဒ်၌ ဧလ-သဒ္ဒါသည် ရွှေ၏အပြစ်ကို ဟောသည်ဖြစ်၍ နီလပုဒ်လုံးဖြင့် အပြစ်ကင်းလွတ်စင်ကြယ်သော ရွှေကို ဋီကာကြီး ၃-စောင်တို့၌ ဆုံးဖြတ်သောကြောင့်တည်း-ဟု ဆိုတော်မူသည်။

၁၃။ တေန ခေါ ပန သမယေန အညတရော ဘိက္ခု သာဝတ္ထိယံ ဒ္ဝိန္နံ္နော အာပဏိကာဿ တက္ကာလမုဋ္ဌိ ထေယျစိတ္တော အဝဟရိ။ တဿ ကုက္ကုစ္စံ အဟောသိ ။ပ။ အာပတ္တိံ တွံ ဘိက္ခု အာပန္နော ပါရာဇိကန္တိ– (ဝိ၁။၈၁)

စသည်ဖြင့် ဟောတော်မူသော ဝိနီတဝတ္ထုပါဠိတော်၌ ဒုတိယကာလမှာ အစာအာဟာရမည်သည်ကို အလွန်ရနိုင်ခဲ့သည်ဖြစ်၍ ရွှေ့ငွေ အဖိုးမတန်သောအခါဖြစ်၍ ဆန် ၁-ဆုပ်ကို ရှာမရနိုင်ချေ။ ဆန်ကို မစားရသောကြောင့် သေသောသူသာများ၍ ငွေ-၁,၀၀၀, ရွှေ ၆၄-ကျပ်သား ပေးဝယ်သော်လည်း ဆန် ၁-ဆုပ်, ပဲ ၁-ဆုပ်-စသော အာဟာရကို မရနိုင်ရာသည်ဖြစ်၍ ဟောတော်မူသောအရာ ဖြစ်သည်-ဟု မှတ်ရမည်။

ထို့ကြောင့် ဋီကာကြီး ၃-စောင်တို့၌လာသော ကောင်းသောလက္ခဏာနှင့် ပြည့်စုံသော နီလကဟာပဏမည်သော ရွှေကောင်း ၁-ကျပ်သား၏ ၁-မတ်ဖြင့် ပါရာဇိက အရာ၌ ပါဒကို မှတ်ယူရမည်။

ထိုနီလကဟာပဏမရှိမူ သာရတ္ထဒီပနီဋီကာ၌လာသော နီလကဟာပဏနှင့် အဖိုးတူသော ရွှေကောင်းဖိုး ဖြစ်စေ၊ ဝိမတိဝိနောဒနီဋီကာ၌လာသော ရွှေစင် ဖြစ်စေ၊ ဥတ္တရဝိနိစ္ဆယဋီကာ၌လာသော မိဿကကဟာပဏရွှေ ဖြစ်စေ၊ ပါဒအရ ရွှေ ၁-မတ်ကို ယူ၍ ငွေမှာ အချိန်ပြည့်သည် ဖြစ်စေ, မပြည့်သည် ဖြစ်စေ, ခဲ့,ကြေးရောသည် ဖြစ်စေ ထိုရွှေ ၁-မတ်၏ အဖိုးထိုက်တန်သော ကျပ်အရေအတွက်အားဖြင့် လောကဝေါဟာရသို့ လိုက်၍ ပါရာဇိကအရာမှာ ဆုံးဖြတ်သင့်သည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၃၂] ပရိဝါသ်အဆင့်ဆင့် ပေးခြင်း

အမှတ် (၇) ပုစ္ဆာအဖြေ

၁။ **မဟာဝါပါဠိတော် စမွေယျကွန္ဓကဋ္ဌ—**

ပါရိဝါသိကစတုတ္ထော စေ ဘိက္ခဝေ ပရိဝါသံ ဒဒေယျ၊ မူလာယ ပဋိ-ကဿေယျ၊ မာနတ္တံ ဒဒေယျ၊ တံဝိသော အဿေယျ၊ အကမ္မံ နံ စ ကရေဿီယံ။ မူလာယ ပဋိကဿနာရဟစတုတ္ထော စေ ဘိက္ခဝေ ပရိဝါသံ ဒဒေယျ၊ မူလာယ ပဋိကဿေယျ၊ မာနတ္တံ ဒဒေယျ၊ တံဝိသော အဿေယျ၊ အကမ္မံ နံ စ ကရေဿီယံ။ မာနတ္တာရဟစတုတ္ထော စေ ဘိက္ခဝေ ပရိဝါသံ ဒဒေယျ၊ မူလာယ ပဋိကဿေယျ၊ မာနတ္တံ ဒဒေယျ၊ တံဝိသော အဿေယျ၊ အကမ္မံ နံ စ ကရေဿီယံ။ မာနတ္တစာရိက-စတုတ္ထော စေ ဘိက္ခဝေ ပရိဝါသံ ဒဒေယျ၊ မူလာယ ပဋိကဿေယျ၊ မာနတ္တံ ဒဒေယျ၊ တံဝိသော အဿေယျ၊ အကမ္မံ နံ စ ကရေဿီယံ။ အဗ္ဘာနာရဟစတုတ္ထော စေ ဘိက္ခဝေ ပရိဝါသံ ဒဒေယျ၊ မူလာယ ပဋိကဿေယျ၊ မာနတ္တံ ဒဒေယျ၊ တံဝိသော အဿေယျ၊ အကမ္မံ နံ စ ကရေဿီယံ—

ဟု လာတော်မူသည်(ဝိ၊၃။၄၄၂)။

ဘိက္ခဝေ၊ တို့။ ပါရိဝါသိကစတုတ္ထော၊ ပရိဝါသ်ဆောက်တည်သောရဟန်းကို ၄-ယောက်မြောက်သည်ကို ပြု၍။ ပရိဝါသံ၊ ပရိဝါသ်ကို။ စေ ဒဒေယျ၊ ပေးငြားအံ့။ မူလာယ၊ အရင်းသို့။ စေ ပဋိကဿေယျ၊ ငင်ငြားအံ့။ မာနတ္တံ၊ မာနတ်ကို။ စေ ဒဒေယျ၊ ပေးငြားအံ့။ တံဝိသော၊ ထိုပရိဝါသ်ဆောက်တည်သော ရဟန်းလျှင် ၂၀-ပြည့်သည်။ ဟုတ္တာ၊ ဖြစ်၍။ စေ အဿေယျ၊ အဗ္ဘာန်သွင်းငြားအံ့။ အကမ္မံ၊ ကံမမည်။ နံ စ ကရေဿီယံ၊ မပြုအပ်။ (နောက်ကို နည်းတူ အနက်ပေးလေ)။

၂။ **မဟာဝါအဋ္ဌကထာ၊ စမွေယျကွန္ဓကအဖွင့်ဋ္ဌလည်း—**

ပါရိဝါသိကစတုတ္ထောတိအာဒိ ပရိဝါသာဒိကမ္မာနံယေဝ ပရိသတော ဝိပတ္တိ-ဒဿနတ္ထံ ဝုတ္တံ၊ တေသံ ဝိနိစ္ဆယံ ပရတော ဝက္ခတိ သာမ—

ဟု ဖွင့်တော်မူ၏(ဝိ၊ဋ္ဌ၊၃။၄၂၈)။

http://www.dhammadownload.com

ပါရိဝါသိကစတုတ္ထောတိအာဒိ၊ ဤသို့ အစရှိသောစကားကို။ ပရိဝါသာဒိကမ္မာနံ-ယေဝ၊ ပရိဝါသ်ကံ-စသည်တို့အားသာလျှင်။ ပရိသတော၊ ပရိသတ်အားဖြင့်။ ဝိပတ္တိဒဿ-နတ္ထံ၊ ကဲ့ပျက်ခြင်းကို ပြခြင်းငှာ။ ဝုတ္တံ၊ ဟောတော်မူ၏။ တေသံ၊ ထိုကံတို့၏။ ဝိနိစ္ဆယံ၊ ကို။ ပရတော၊ နောက်စူဠဝါဒန္ဓကဋ္ဌ။ ဝဏ္ဏယိဿာမ၊ ဖွင့်ပြကုန်အံ့။

၃။ **စူဠဝါအဋ္ဌကထာ၊ ပါရိဝါသိကက္ခန္ဓဋ္ဌလည်း—**

> **ပါရိဝါသိကစတုတ္ထော စေ ဘိက္ခဝေ ပရိဝါသန္တိ ဒတ္ထု ပါရိဝါသိကံ် စတုတ္ထံ်** ကတွာ အညဿ ပရိဝါသဒါနာဒီနိ ကာတုံ နဝဋ္ဋတိ။ **ဒတေသွေ'ဝါယံ** ဂဏပူရကော နဟောတိ၊ သေသသံ်ယကမ္မေသု ဟောတိ။ ဂဏော ပန အပ္ပဟောန္တေ ဝတ္ထံ် နိက္ခိပါပေတွာ ဂဏပူရကော ကာတဗ္ဗော—(ဝိ၊၄၊၄။၁၃-၄)

ဟု မိန့်တော်မူ၏။

ပါရိဝါသိကစတုတ္ထော စေ ဘိက္ခဝေ ပရိဝါသန္တိ **ဒတ္ထု**၊ ဋ္ဌ။ ပါရိဝါသိကံ်၊ ပရိဝါသ်ဆောက်တည်သောရဟန်းကို။ စတုတ္ထံ်၊ ၄-ယောက်မြောက်သည်ကို။ ကတွာ၊ ပြု၍။ အညဿ၊ ၁-ပါးသောရဟန်း၏။ ပရိဝါသဒါနာဒီနိ၊ ပရိဝါသ်ကံ်စသည်တို့ကို။ ကာတုံ၊ ပြုခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ အယံ်၊ ဤပရိဝါသ်ဆောက်တည်သော ရဟန်းသည်။ **ဒ**တေသု **ဒ**ဝ၊ ထိုပရိဝါသ်ကံ်တို့ဋ္ဌလာလျှင်။ ဂဏပူရကော၊ ဂိဏ်းပြည့်သည်။ နဟောတိ၊ မဖြစ်။ သေသသံ်ယကမ္မေသု၊ ကြွင်းကျန်သော သံ်ယုက်တို့ဋ္ဌ။ ဟောတိ၊ ဖြစ်၏။ ဂဏော ပန၊ ဂိဏ်းသည်ကား။ အပ္ပဟောန္တေ၊ မပြည့်သည်ရှိသော်။ ဝတ္ထံ်၊ ဆောက်တည်သော ပရိဝါသ်ကို။ နိက္ခိပါပေတွာ၊ ချစေ၍။ ဂဏပူရကော၊ ဂိဏ်းပြည့်ကို။ ကာတဗ္ဗော၊ ပြုအပ်၏။

၄။ **ဝိမတိဝိနောဒနီဋီကာဋ္ဌလည်း—**

> **ဝတ္ထံ် နိက္ခိပါပေတွာတိ** ဣဒံ ပရိဝါသာဒိမေဝ သန္ဓာယ ဝုတ္တံ်—

ဟု ဖွင့်တော်မူ၏(ဝိမတိ၊၂။၂၁၇)။

ဝတ္ထံ် နိက္ခိပါပေတွာတိ ဣဒံ၊ ကို။ ပရိဝါသာဒိမေဝ၊ ပရိဝါသ်ကံ် စသည်ကိုသာလျှင်။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ်၊ ၏။

လိုရင်းစကားကျ ဝိဏ္ဏတ္ထအဓိပ္ပါယ်ကား– ပါဠိတော်ဋ္ဌ "ပါရိဝါသိကစတုတ္ထ"ဟု ဟောတော်မူသောကြောင့် ထိုကံဆောင်သောသိမ်အပြင်ဋ္ဌ ပရိဝါသ်ဆောက်တည်သော ရဟန်းပါ သံ်ယာ ၄-ပါးပြု၍ တပါးသောရဟန်းအား ပါရိဝါသိကကံ်၊ မူလာယပဋိ-

http://www.dhammadownload.com

ကဿနက်, မာနတ္ထဒါနက်ကို မပြုအပ်ဟု ပြတော်မူသဖြင့် ထိုသိမ်အပြင်၌ ပရိဝါသ်ဆောက်တည်သော ရဟန်းပါ ၆-ပါးစသည်ရှိမူ ထိုပရိဝါသ်ဆောက်တည်သော ရဟန်းသည် ဝဇ္ဇနီယပုဂ္ဂိုလ် မဟုတ်သောကြောင့်လည်းကောင်း၊ ထိုပရိဝါသ်ဆောက်တည်သော ရဟန်းကို လွှတ်၍ သံဃာ ၄-ပါးပြည့်သောကြောင့်လည်းကောင်း ထိုပရိဝါသ်ဆောက်တည်သော ရဟန်းနှင့်အတူပင် တပါးသောရဟန်းအား ပရိဝါသ်စသော ကံကို ပြုအပ်သည်ဟု ခွင့်ပြုတော်မူသည်။

"တံဝိသော အဇ္ဇေယျ"ဟု ဟောတော်မူရာ၌လည်း ထိုပရိဝါသ်ဆောက်တည်သောရဟန်းကို ၂-ကျိပ်ပြည့်ပြု၍ အဇ္ဈာန်မသွင်းအပ်-ဟု ပြတော်မူသဖြင့် ထိုပရိဝါသ်ဆောက်တည်သော ရဟန်းကို လွှတ်၍ ၂-ကျိပ်ပြည့်မူ ထိုပရိဝါသ်ဆောက်တည်သော ရဟန်းနှင့်ပင် တပါးသောရဟန်းကို အဇ္ဈာန်သွင်းအပ်သည်-ဟု ခွင့်ပြုတော်မူသည်။

အဋ္ဌကထာဆရာမြတ်လည်း ပရိဝါသ်ဆောက်တည်သော ရဟန်းသည် ပါရိဝါသိကက်, မူလာယပဋိကဿနက်, မာနတ္ထဒါနက်, အဇ္ဈာနက်တို့၌ ဂိုဏ်းပြည့်မရကုန်၊ တပါးသော ဥပသမ္ပဒက်-စသည်တို့၌သာ ဂိုဏ်းပြည့် ဖြစ်သည်။ အကယ်၍ ပရိဝါသ်စသောကံ၌ ဂိုဏ်းပြည့်အောင် ပကတတ်သံဃာ မရှိခဲ့သော် ထိုပရိဝါသ်ဆောက်တည်သော ဒဏ်သားရဟန်းကိုပင် ပကတတ်အရာ၌ တည်အောင် ထိုဆောက်တည်သော ပရိဝါသ်ကို ချစေ၍ တပါးသော ရဟန်း၏ ပရိဝါသ် အစရှိသော ကံ၌ ဂိုဏ်းပြည့်သံဃာ လုပ်အပ်သည်ဟု ပြတော်မူသည်။

၅။ ထို့ကြောင့်-

> **"ပါရိဝါသိကစတုတ္ထော စေ ဘိက္ခဝေ ပရိဝါသန္တိ ဧတ္ထ ပါရိဝါသိကံ စတုတ္ထံ ကတ္တာ ။ပ။ ဝတ္တံ နိက္ခိပါပေတ္တာ ဂဏပူရကော ကာတဗ္ဗော။"**

ဟု လာသော **စူဠဝါအဋ္ဌကထာ**(၀၊၄၊၁၃-၄)စကားသည် တပါးသောရဟန်းအား ပါရိဝါသိကကမ္မဝါစာကံ ကို ဆောင်ရာ သံဃာ ၄-ပါးမစေ့၍သာ ပကတတ်ပြုလို၍ ဝတ်ကို ချစေအပ်သည်။ ဝတ်ကို ချစေ၍ ဂိုဏ်းပြည့်ပြုအပ်သည်-ဟု ပြတော်မူသည်။

၆။ "နိက္ခိတ္တကာလတော ပဋ္ဌာယ ပကတတ္တဋ္ဌာနေ တိဋ္ဌတိ"

ဟု ဆိုသော **မာတိကာ အဋ္ဌကထာ**(က၏၊၌။၁၄၇)စကားသည် ဝတ်ကို ဆောက်တည်ပြီးသောရဟန်းသည် လာတိုင်းသော ရဟန်းတို့အား ဝတ်ကြားရသည်ဖြစ်၍ နိက္ခိတ္တဝတ်ဖြင့် မကြားဘဲနေလိုမူ ဝတ်ကို ချရာ၏။ ဝတ်ကို ချလျှင် ပကတတ်အရာ၌ တည်သည်။

http://www.dhammadownload.com

ပကတတ်အရာ၌ တည်၍ ဝတ်ကို မကြားသော်လည်း မပျက်ဟု ပြတော်မူသည်။ ၎င်းစကားကို စူဠဝါအဋ္ဌကထာ၌လည်း ပြတော်မူသည်ပင်။

"ဝိတ္ထာရော ပန သမန္တပါသာဒိကာယ ဝိနယသံဝဏ္ဏနာယ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော"ဟု ဆိုသော မာတိကာအဋ္ဌကထာစကားသည် "ပါရိဝါသိကစတုတ္ထော စေ ဘိက္ခဝေ ပရိဝါသန္တိ ဧတ္ထ ပါရိဝါသိကံ" အစရှိသော စူဠဝါအဋ္ဌကထာ၊ ပါရိဝါသိကက္ခန္ဓက, သမုစ္စယက္ခန္ဓကကို ညွှန်ပြသောစကားဖြစ်၍ "နိက္ခိတ္တကာလတော ပဋ္ဌာယ ပကတတ္တဋ္ဌာနေ တိဋ္ဌတိ"ဟု ဆိုရုံမျှနှင့် ပါရိဝါသိက စတုတ္ထအရကို မသိနိုင်သောကြောင့်လည်းကောင်း၊ အလုံးစုံ ပရိဝါသ်အရာဌာနကို သမန္တပါသာဒိကမည်သော စူဠဝါအဋ္ဌကထာ၌သာ အကျယ်ပြဆိုအပ်သောကြောင့်လည်းကောင်း ညွှန်ပြခြင်း ဖြစ်သည်။

ထို့ကြောင့် မာတိကာအဋ္ဌကထာနှင့် စူဠဝါအဋ္ဌကထာစကားသည် အပိုအလျှံ မရှိ၊ တိတိကျင်းကျင်း ရှင်းလင်းသေချာသည် ဖြစ်၍ ပရိဝါသ် အဆင့်ဆင့်ပေးခြင်းသည် စွမ်းနိုင်လျှင် အပါး ၁၀၀-ပင်ပေးသော်လည်း အပ်သည်-ဟု သန္နိဋ္ဌာန်ကျ မှတ်ရမည်။

✪ ✪ ✪ ✪ ✪

[၂၃၃] ဒေသနာကြားပြီး အာပတ်အကျိုး ပေး, မပေး

အမှတ် (၈) ပုစ္ဆာအဖြေ

၁။ သဂ္ဃမောက္ခာနံ အန္တရာယံ ကရောန္တီတိ အန္တရာယိကာ။ တေ ကမ္မ-ကိလေသဝိပါကဥပဝါဒအာဏာဝိတိက္ကမဝသေန ပဉ္စဝိဓာ။ တတ္ထ ပဉ္စာ-နန္တရိယကမ္မာ ကမ္မန္တရာယိကာ နာမ။ တထာ ဘိက္ခုနီဒူသကကမ္မံ၊ တံ ပန မောက္ခသော အန္တရာယံ ကရောတိ၊ န သဂ္ဂဿ။ နိယတမိစ္ဆာဒိဋ္ဌိဓမ္မာ ကိလေ-သန္တရာယိကာ နာမ။ ပဏ္ဏကတိရစ္ဆာနဂတဥဘတောဗျဉ္ဇနကာနံ ပဋိသန္ဓိဓမ္မာ ဝိပါကန္တရာယိကာ နာမ။ အရိယူပဝါဒါ ဥပဝါဒန္တရာယိကာ နာမ၊ တေ ပန ယာဝ အရိယေ န ခမာပေန္တိ၊ တာဝဒေဝ၊ န တင်္ဘော ပရံ။ သင်္ဃိစ္စ အာပန္နာ အာပတ္တိယော အာဏာဝိတိက္ကမန္တရာယိကာ နာမ၊ တာပိ ယာဝ ဘိက္ခာဘာဝံ ဝါ ပဋိဇာနာတိ န ဝုဋ္ဌာတိ ဝါ န ဒေသေတိ ဝါ။ တာဝဒေဝ န တတော ပရံ–

ဟု ပါစိတ်အဋ္ဌကထာ၊ အရိဋ္ဌသိက္ခာပုဒ် အဖွင့်(ဝိ၊၄၊၃။၁၃၈)၌ လာသည်။

http://www.dhammadownload.com

သဂ္ဂမောက္ခာနံ၊ နတ်ပြည်,နိဗ္ဗာန်တို့၏။ အန္တရာယံ၊ အန္တရာယ်ကို။ ကရောန္တိ၊ ပြုတတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အန္တရာယိကာ၊ မည်ကုန်၏။ တေ၊ ထို အန္တရာယိကတို့သည်။ ကမ္မကိလေသဝိပါကဥပဝါဒအာဏာဝိတိက္ကမဝသေန၊ ကမ္မန္တရာယ်, ကိလေသန္တရာယ်, ဝိပါကန္တရာယ်, ဥပဝါဒန္တရာယ်, အာဏာဝိတိက္ကမန္တရာယ်၏အစွမ်းဖြင့်။ ပဉ္စဝိဓာ၊ ၅-ပါးအပြား ရှိကုန်၏။ တတ္ထ၊ ထို ၅-ပါးတို့တွင်။ ပဉ္စာနန္တရိယကမ္မာ၊ အာနန္တရိယက် ၅-ပါးတရားတို့သည်။ ကမ္မန္တရာယိကာ နာမ၊ မည်ကုန်၏။ (၁)

ဘိက္ခုနိဒူသကကမ္မံ၊ ဘိက္ခုနီမကို ဖျက်ဆီးသောက်သည်။ တထာ၊ ထို့အတူတည်း။ တံ ပန၊ ထိုဘိက္ခုနိဒူသကကံသည်။ မောက္ခသော၀၊ နိဗ္ဗာန်၏သာလျှင်။ အန္တရာယံ၊ ကို။ ကရောတိ၊ ပြု၏။ သဂ္ဂဿ၊ နတ်ပြည်၏။ အန္တရာယံ၊ အန္တရာယ်ကို။ န ကရောတိ၊ မပြု။ နိယတမိစ္ဆာဒိဋ္ဌိမမ္မာ၊ နိယတမိစ္ဆာအယူတရားတို့သည်။ ကိလေသန္တရာယိကာ နာမ၊ မည်ကုန်၏။ (၂)

ပဏ္ဏကတိရစ္ဆာနဂတ ဥဘတောဗျဉ္ဇနကာနံ၊ ပဏ္ဏက်, တိရစ္ဆာန်, ဥဘတောဗျည်းတို့၏။ ပဋိသန္ဓိမမ္မာ၊ ပဋိသန္ဓေတရားတို့သည်။ ဝိပါကန္တရာယိကာ နာမ၊ မည်ကုန်၏။(၃)

အရိယူပ၀ါဒါ၊ အရိယာပုဂ္ဂိုလ်တို့အား စွပ်စွဲခြင်းတို့သည်။ ဥပဝါဒန္တရာယိကာ နာမ၊ မည်ကုန်၏။ (၄)

တေ ပန၊ ထိုအရိယာကို စွပ်စွဲခြင်းတို့သည်။ ယာဝ၊ အကြင်မျှလောက်။ အရိယေ၊ အရိယာတို့ကို။ န ခမာပေန္တိ၊ မကန်တော့ ကုန်။ တာဝဒေ၀၊ ထိုမျှလောက် ကာလပတ်လုံး သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထို ပြစ်မှားသောအရိယာကို ကန်တော့သည်မှ။ ပရံ၊ နောက်၌။ န ဟောန္တိ၊ မဖြစ်ကုန်။ သဒ္ဓိစ္စ၊ လွန်ကျူးလိုသော စေတနာရှိသည် ဖြစ်၍။ အာပန္နာ အာပတ္တိယော၊ သင့်သော အာပတ်တို့သည်။ အာဏာဝိတိက္ကမန္တရာယိကာ နာမ၊ မည်ကုန်၏။ (၅)

တာပိ၊ ထိုအာပတ်တို့သည်လည်း။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခုဘာဝံ ၀ါ၊ ရဟန်းအဖြစ်ကိုလည်း။ ပဋိဇာနာတိ၊ ဝန်ခံ၏။ န ဝုဋ္ဌာတိ ၀ါ၊ ဝုဋ္ဌာနကံဖြင့်လည်း မကု။ န ဒေသေတိ ၀ါ၊ ဒေသနာကံဖြင့်လည်း မကြားအံ့။ တာဝဒေ၀၊ ထိုမျှလောက် ကာလပတ်လုံးသာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုပါရာဇိကကျသောရဟန်း လူထွက်သည်မှ၊ သံယာဒိသိသ်-သင့်သောရဟန်း ဝတ်ယူ၍ ထမြောက်သည်မှ၊ ဒေသနာကံ အာပတ်ကို ဒေသနာကြား ပြီးသည်မှ။ ပရံ၊ နောက်ကာလ၌။ န ဟောန္တိ၊ မဖြစ်ကုန်။

http://www.dhammadownload.com

၂။ တတော ပရန္တိ ခမာပနတော ဥပရိ။ **သင်္ဃိစ္စ အာပန္နာ အာပတ္တိယောတိ** သင်္ဃိစ္စ ဝိတိက္ကန္တာ သတ္တ အာပတ္တိက္ခန္ဓာ။ သင်္ဃိစ္စ ဝိတိက္ကန္တဉ္စိ အန္တမသော ဒုက္ကဋဒုဗ္ဘာသိတမ္ပိ သဂ္ဂမဂ္ဂဖလာနံ အန္တရာယံ ကရောတိ။ ယာဝ ဘိက္ခုဘာဝံ ပဋိဇာနာတိ ပါရာဇိကံ အာပန္နော၊ န ဝုဋ္ဌာတိ သေသဂရုကာပတ္တိံ အာပန္နော၊ န ဒေသေတိ လဟုကာပတ္တိံ အာပန္နော–

ဟု သာရတ္ထဒီပနီဋီကာ(၃။၈၇)၌ ဖွင့်တော်မူသည်။

တတော ပရန္တိ၊ ဟူသည်ကား။ ခမာပနတော၊ ကန်တော့သည်မှ။ ဥပရိ၊ အထက်၌။ ဝါ၊ နောက်၌။ **သင်္ဃိစ္စ အာပန္နာ အာပတ္တိယောတိ**၊ ကား။ သင်္ဃိစ္စ၊ စေတနာရှိ၍။ ဝိတိက္ကန္တာ၊ လွန်ကျူးကုန်သော။ သတ္တ၊ ၇-ပါးကုန်သော။ အာပတ္တိက္ခန္ဓာ၊ အာပတ်အစုတို့တည်း။ ဟိ၊ မှန်၏။ သင်္ဃိစ္စ၊ စေတနာရှိ၍။ ဝီတိက္ကန္တံ၊ လွန်ကျူးသောအာပတ်သည်။ အန္တမသော၊ အယုတ်သဖြင့်။ ဒုက္ကဋဒုဗ္ဘာသိတမ္ပိ၊ ဒုက္ကဋ်, ဒုဗ္ဘာသိအာပတ်သည်လည်း။ သဂ္ဂမဂ္ဂဖလာနံ၊ နတ်ပြည်, မဂ်,ဖိုလ်တို့၏။ အန္တရာယံ၊ ကို။ ကရောတိ၊ ၏။ ပါရာဇိကံ၊ သို့။ အာပန္နော။ ရောက်သောရဟန်းသည်။ ယာဝ၊ လုံး။ ဘိက္ခုဘာဝံ၊ ရဟန်းအဖြစ်ကို။ ပဋိဇာနာတိ၊ ဝန်ခံ၏။ သေသဂရုကာပတ္တိံ၊ ပါရာဇိကမှ ကြွင်းသော ဂရုကသံဃာဒိသိသ်အာပတ်ကို။ အာပန္နော၊ ရောက်သောရဟန်းသည်။ န ဝုဋ္ဌာတိ၊ မထမြောက်။ လဟုကာပတ္တိံ၊ လဟုက အာပတ်သို့။ အာပန္နော၊ သည်။ န ဒေသေတိ၊ ဒေသနာမကြား။

၃။ ဝဇိရဗုဒ္ဓိဋီကာ၌လည်း–

ပုဗ္ဗေ သင်္ဃိစ္စ အာပန္နာ သမ္မုဋ္ဌာ သုဒ္ဓသညိနော အန္တရာယိကာ ဧဝ–

ဟု ဆိုတော်မူ၏(ဝဇိရ။၃၃၄)။

ပုဗ္ဗေ၊ ရှေး၌။ သင်္ဃိစ္စ၊ စေတနာရှိသည်ဖြစ်၍။ အာပန္နာ၊ သင့်သောအာပတ်တို့သည်။ သမ္မုဋ္ဌာ၊ မေ့လျော့သည်ဖြစ်၍။ သုဒ္ဓသညိနော၊ စင်ကြယ်သည်-ဟု အမှတ်ရှိသောရဟန်းအား။ အန္တရာယိကာ ဧဝ၊ အန္တရာယ်ပြုတတ်ကုန်သည်သာတည်း။

ဤအရာ၌ အာပတ်သင့်သောရဟန်းမှာ "**န တတော ပရံ**"ဟု ဆိုသော အဋ္ဌကထာစကားအရကို သာရတ္ထဒီပနီဋီကာ, ဝဇိရဗုဒ္ဓိဋီကာ, ဝိမတိဝိနောဒနီဋီကာ, ဝိနယဝိနိစ္ဆယဋီကာ, ဝိနယတ္ထမဉ္ဇူသာမည်သော ကခ်ီဋီကာ, ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာကျမ်းတို့၌ အထူး ဖွင့်ဆိုခြင်း မရှိကုန်။

http://www.dhammadownload.com

၄။ ထိုသို့ပင် မဖွင့်ဆိုကြသော်လည်း **သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ဉာဏဝိဘင်း အဖွင့်၌—**

> အပရဿာပိ ဗဟူနိ ပါပကမ္မာနိ ဟောန္တိ၊ တာနိ ပယောဂဝိပတ္တိယံ ဌိတဿ ဝိပစ္စေယျုံ။ သော ပန ဧကေန ကလျာဏကမ္မေန ပယောဂသမ္ပတ္တိယံ ဌိတော ပါဏာတိပါတာဒီဟိ ဝိရတော ကာယဝစီမနောသုစရိတာနိ ပူရေတိ၊ တာဒိသေ ဌာနေ အကုသလဿ ဝိပစ္စနောကာသော နတ္ထိ၊ ဧကန္တံ ကုသလဿေဝ ဩကာသောတိ ဧဝံ ပယောဂသမ္ပတ္တိပဋိဗာဟနိ နဲ ဝိပစ္စန္တိတိ ပဇာနာတိ—

ဟု ဆိုသည်ကို ထောက်၍ သိလေ(သမ္မောဟ၊ဌ။၄၂၂)။

အပရဿာပိ၊ တစ်ယောက်သောသူအားလည်း။ ဗဟူနိ၊ များစွာကုန်သော။ ပါပကမ္မာနိ၊ အကုသိုလ်ကံတို့သည်။ ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။ တာနိ၊ ထိုအကုသိုလ်ကံတို့သည်။ ပယောဂဝိပတ္တိယံ၊ မှားသောအမှု၌။ ဌိတဿ၊ တည်သောသူအား၊ ဝါ၊ တည်လတ်သော်။ ဝိပစ္စေယျုံ၊ အကျိုးပေးကုန်ရာ၏။ သော ပန၊ ထိုအကုသိုလ်များသောသူသည်။ ဧကေန၊ တပါးသော။ ကလျာဏကမ္မေန၊ ကောင်းမှုဖြင့်။ ပယောဂသမ္ပတ္တိယံ၊ ကောင်းသောအမှု၌။ ဌိတော၊ တည်သည်ဖြစ်၍။ ပါဏာတိပါတာဒီဟိ၊ တို့မှ။ ဝိရတော၊ ကြဉ်သည်ဖြစ်၍။ ကာယဝစီမနောသုစရိတာနိ၊ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်တို့ကို။ ပူရေတိ၊ ပြည့်စေ၏။ တာဒိသေ။ ထိုသို့သဘောရှိသော။ ဌာနေ၊ ပယောဂသမ္ပတ္တိအခါ၌။ အကုသလဿ၊ အကုသိုလ်၏။ ဝိပစ္စနောကာသော၊ အကျိုးပေးခွင့်သည်။ နတ္ထိ၊ မရှိ။ ဧကန္တံ၊ စင်စစ်။ ကုသလဿေဝ၊ ကုသိုလ်၏သာလျှင်။ ဩကာသော၊ အကျိုးပေးခွင့်သည်။ ဟောတိ၊ ၏။ ဣတိ ဧဝံ၊ ဤသို့။ ပယောဂသမ္ပတ္တိပဋိဗာဟနိ၊ ပယောဂနှင့်ပြည့်စုံခြင်းသည် တားမြစ်အပ်ကုန်သည်ဖြစ်၍။ နဲ ဝိပစ္စန္တိ၊ အကျိုးကို မပေးကုန်။ ဣတိ၊ သို့။ ပဇာနာတိ၊ သိတော်မူ၏။

ထိုအဋ္ဌကထာပါဠိကို ထောက်၍ အာပတ်ကို ကုစားပြီးလျှင် ပယောဂသမ္ပတ္တိနှင့်ပြည့်စုံ၍ အန္တရာယ် မပြုနိုင်သည်ကို ရည်၍ “**နဲ တတော ပရံ**”ဟု ဆိုတော်မူသည်။

တိရစ္ဆာန်ကို သတ်၍ သင့်သောပါစိတ်အာပတ်ကို ဒေသနာကြားပြီးသော်လည်း အခါခပ်သိမ်း ပါဏာတိပါတကံ အပြစ်ငြိမ်း၍ အဟောသိကံဖြစ်သည်ကို ရည်၍ မဆို-ဟု မှတ်ရမည်။

http://www.dhammadownload.com

၅။ အာပတ်ကို ကုစားပြီးလျှင် ပယောဂသမုတ္ထိနှင့် ပြည့်စုံကြောင်းကိုလည်း—

ယထာ ဟိ အရိယူပဝါဒကမ္မံ အကုသလမ္မိ သမာနံ အစ္ဆယဲ ဒေသေတွာ ခမာပနေန ပယောဂသမုတ္ထိပဋိဘာတိတတ္တာ အဝိပါကမေ့တံ အာပန္နံ အဟောသိကမ္မံ ဟောတိ၊ ဧဝမိဒမ္မိ ဒေသိတံ ဝုဋ္ဌိတံ ဝါ ပယောဂသမုတ္ထိ-ပဋိဘာတိတတ္တာ အဝိပါကမေ့တာယ အဟောသိကမ့ဘာဝေန အနန္တရာယကရံ ဇာတံ-(သာရတ္ထ၊၃။၃၇၉)

ဟု လာသော သာရတ္ထဒီပနီဋီကာ သမထက္ခန္ဓကအဖွင့်ကို ထောက်၍သိလေ။

ဟိ၊ ဥပမာကို ထင်စွာဆိုအံ့။ အရိယူပဝါဒကမ္မံ၊ အရိယာကို စွပ်စွဲသောကံသည်။ အကုသလံ၊ အကုသိုလ်သည်။ သမာနမ္မိ၊ ဖြစ်သော်လည်း။ အစ္ဆယဲ၊ အပြစ်ကို။ ဒေသေတွာ၊ ပြောပြ၍။ ခမာပနေန၊ ကန်တော့သဖြင့်။ ဝါ၊ သည်းခံစေသဖြင့်။ ပယောဂသမုတ္ထိပဋိ-ဘာဟိတတ္တာ၊ ပယောဂ၏ ပြည့်စုံခြင်းဖြင့် တားမြစ်သည်၏ အဖြစ်ကြောင့်။ အဝိပါကမေ့တံ၊ အကျိုးမပေးသော တရား၏ အဖြစ်သို့၊ အာပန္နံ၊ ရောက်သော။ အဟောသိကမ္မံ၊ သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဣဒမ္မိ၊ ဤအာပတ်သည်လည်း။ ဒေသိတံ ဝါ၊ ဒေသနာကြားအပ်သော်လည်းကောင်း။ ဝုဋ္ဌိတံ ဝါ၊ ထမြောက်သော်လည်းကောင်း။ ပယောဂ-သမုတ္ထိပဋိဘာတိတတ္တာ၊ ပယောဂ၏ ပြည့်စုံခြင်းဖြင့် တားမြစ်အပ်သည်အဖြစ်ကြောင့်။ အဝိပါကမေ့တာယ၊ အကျိုးမပေးသော သဘော၏အဖြစ်ဖြင့်။ အဟောသိကမ့ဘာဝေန၊ အဟောသိကံ အဖြစ်ဖြင့်။ အနန္တရာယကရံ၊ အန္တရာယ် မပြုသည်။ ဇာတံ၊ ဖြစ်၏။

၆။ ဝိမတိဝိနောဒနီဋီကာ(၁။၁၅၀)၊ **ပဌမပါရာဇိကသိက္ခာပုဒ်၏ သမုဋ္ဌာန်အဖွင့်၌**—

အတ္ထိ ပန သိက္ခာပဒံ ကုသလန္တိအာဒိ အာပတ္တိသမုဋ္ဌာပကစိတ္တဝသေန ကာရိယေ ကာရဏောပစာရေန ဝုတ္တံ၊ န ပန အာပတ္တိယာ ကုသလာဒိပရမတ္ထဓမ္မတာ-ဝသေန အာပတ္တိယာ သမ္မုတိသဘာဝတ္တာ—

ဟူ၍လည်းကောင်း၊

ဒေသနာဒိနာ စ အာပတ္တိ ဝိဂစ္ဆတီတိ ဝစနံ အတ္ထိ၊ န ပန တေန အကုသလာဒိ ဝိဂစ္ဆတိ။ ဝိတုယာတာဒိကမ္မေန ဟိ ပါရာဇိကံ အာပန္နဿ ဘိက္ခုနော ဂိဟိလိင် ဂဟေတွာ ဘိက္ခုဘာဝပရိစ္စာဂေန ပါရာဇိကာပတ္တိ ဝိဂစ္ဆတိ၊ န ပါဏာတိပါတာဒိ-အကုသလံ အာနန္တရိယာဒိဘာဝတော—

ဟူ၍လည်းကောင်း မိန့်ဆိုတော်မူ၏။

http://www.dhammadownload.com

အတ္ထိ ပန သိက္ခာပဒံ ကုသလန္တိအာဒိ၊ ဤသို့ အစရှိသော စကားကို။ အာပတ္တိ-သမုဋ္ဌာပကစိတ္တဝသေန၊ အာပတ်ကို ဖြစ်စေတတ်သောစိတ်၏ အစွမ်းဖြင့်။ ကာရိယေ၊ အာပတ်သင့်ခြင်းကို ပြုခြင်း၌။ ကာရဏောပစာရေန၊ အကြောင်းဖြစ်သော ကုသိုလ်စိတ်ကို အကျိုးအကုသိုလ်အာပတ်၌ တင်စားသောအားဖြင့်။ ဝုတ္တံ၊ ၏။ အာပတ္တိယာ၊ ၏။ ကုသလာဒိပရမတ္ထဓမ္မတာဝသေန၊ ကုသိုလ်-အစရှိသော ပရမတ္ထဓမ္မတာ၏အစွမ်းဖြင့်။ န ပန ဝုတ္တံ၊ ဆိုတော်မမူ။ အာပတ္တိယာ၊ အာပတ်သည်။ သမ္မုတိသဘာဝတ္တာ၊ အာဏာပညတ်သဘော ဖြစ်သောကြောင့်တည်း။

ဒေသနာဒိနာ စ၊ ဒေသနာကြားခြင်း စသည်ကြောင့်။ အာပတ္တိ၊ အာပတ်သည်။ ဝိဂစ္ဆတိ၊ ကင်း၏။ ဣတိ ဝစနံ၊ ဤသို့ဟောတော်မူခြင်းသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုဒေသနာကြားခြင်းစသည်ဖြင့်။ အကုသလာဒိ၊ အကုသိုလ် အစရှိသော အပြစ်သည်။ န ပန ဝိဂစ္ဆတိ၊ မကင်း။ ဟိ၊ မှန်၏။ ပိတုဃာတာဒိကမ္မေန၊ ပိတုဃာတ-အစရှိသောကံဖြင့်။ ပါရာဇိကံ၊ သို့။ အာပန္နဿ၊ ရောက်သော။ ဘိက္ခုနော၊ ရဟန်းအား။ ဂိဟိလိင်္ဂံ၊ လူ၏အသွင်ကို။ ဂဟေတ္တာ၊ ယူ၍။ ဘိက္ခုဘာဝပရိစ္စာဂေန၊ ရဟန်းအဖြစ်ကို စွန့်သဖြင့်။ ပါရာဇိကာပတ္တိ၊ သည်။ ဝိဂစ္ဆတိ၊ ကင်း၏။ ပါဏာတိပါတာဒိအကုသလံ၊ ပါဏာတိပါတ အစရှိသော အကုသိုလ်သည်။ န ဝိဂစ္ဆတိ၊ မကင်း။ အာနန္တရိယာဒိဘာဝတော၊ အာနန္တရိယ စသည် ဖြစ်သောကြောင့်တည်း။

ထိုဋ္ဌကာပါဠိ၏ အလိုအားဖြင့် "န တတော ပရံ"ဟု ဆိုသော အဋ္ဌကထာမှာ စေတနာရှိ၍ လွန်ကျူးသော အာပတ် ၇-ပါးတို့တွင် ပါရာဇိကကျသောရဟန်းသည် လူမထွက်မူ၍ မင်္ဂုဖိုလ်ကို ရထိုက်အောင် အားထုတ်၍ မင်္ဂုဖိုလ်ကို ရထိုက်သော ဘဝဖြစ်သော်လည်း မရနိုင်၊ သေ၍ နတ်ပြည်သို့လည်း မရောက်နိုင်။ လူထွက်၍ အားထုတ်မှ မင်္ဂုဖိုလ်ကို ရထိုက်က ရနိုင်သည်။ နတ်ပြည်သို့ ရောက်နိုင်သည်-ဟု ဆိုခြင်းသည် ပိတုဃာတကံ စသည်တို့ကြောင့် ပါရာဇိကကျသောရဟန်းသည် လူထွက်သော်လည်း မင်္ဂုဖိုလ်ကို မရနိုင်၊ နတ်ပြည်သို့ မရောက်နိုင်သောကြောင့် "လူဇာတ်ရှိသောသူကို သတ်၍ ပါရာဇိကကျသောရဟန်းမှာ အာနန္တရိယကံ မဟုတ်သောကြောင့် လူထွက်၍ အားထုတ်မူ မင်္ဂုဖိုလ်ကို ရထိုက်က ရနိုင်သည်။ မင်္ဂုဖိုလ်ကို ရထိုက်သောပါရမီ မရှိသော်လည်း နတ်ပြည်သို့ ရောက်နိုင်သည်"ဟူ၍ အာဏာပညတ်ဖြစ်သော ပါရာဇိက အာပတ်အပြစ်မှ လွတ်ခြင်းကိုသာ ရည်၍ ဆိုသည်။ **ထိုပါဏာတိပါတကံ၏ စေတနာမည်သော ပရမတ္ထအကုသိုလ်ကံ ငြိမ်းခြင်းကို ရည်၍ ဆိုတော် မမူ။**

http://www.dhammadownload.com

အာပတ်-ဟူသော ပညတ်သည် ပရမတ္ထမမှတာအရကို ပြသည်မဟုတ်။ ဤမည်သော အမှုကို ပြုလျှင် ဤမည်သော အာပတ်သင့်စေဟူ၍ အာဏာထားတော်မူသဖြင့် ပညတ်ခြင်း၏ သဘောမျှသာ ဖြစ်သောကြောင့်တည်း-ဟု ပြတော်မူသည်။

အမှာ။ ။ထိုအာပတ်၏ ပညတ်သာ မည်ကြောင်း အကျယ်ကို ဝိမတိဝိနောဒနီ၊ ပဌမ-ပါရာဇိကသမုဋ္ဌာန်အဖွင့်, ပဌမဒုဋ္ဌဒေါသသိက္ခာပုဒ်အဖွင့်, စူဠဝါ သမထက္ခန္ဓက အဖွင့်, ပရိဝါ ပညတ္တိဝါရအဖွင့်တို့မှာ ရှုလေ။

၇။ ဝိမတိဝိနောဒနီဋီကာရှင်စကားသည်-

ဣမသ္မိဉ္စ သိက္ခာပဒေ တိရစ္ဆာနဂတောယေဝ ပါဏောတိ ဝေဒိတဗ္ဗော၊ တံ ခုဒ္ဒကမိဿ မဟန္တမိဿ မာရေန္တဿ အာပတ္တိနာနာကာရဏံ နတ္ထိ။ မဟန္တေ ပန ဥပက္ကမမဟန္တတ္တာ အကုသလမဟတ္တံ ဟောတိ-(ဝိ၊ဋ၊၃။၁၃၃)

ဟု လာသော သဉ္ဇီစ္စသိက္ခာပုဒ်အဖွင့် အဋ္ဌကထာနှင့် ညီသည်။

ဣမသ္မိဉ္စ သိက္ခာပဒေ၊ ဤသိက္ခာပုဒ်၌လည်း။ တိရစ္ဆာနဂတောယေဝ၊ တိရစ္ဆာန်ကိုသာလျှင်။ ပါဏောတိ၊ သတ္တဝါ-ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တံ၊ ထိုသတ္တဝါကို။ ခုဒ္ဒကမိဿ၊ အငယ်ကိုလည်းကောင်း။ မဟန္တမိဿ၊ အကြီးကိုလည်းကောင်း။ မာရေန္တဿ၊ သတ်သောရဟန်းအား။ အာပတ္တိနာနာကာရဏံ၊ အာပတ်၌ ထူးသောအကြောင်းသည်။ နတ္ထိ၊ မရှိ။ မဟန္တေ ပန၊ ကြီးသောသတ္တဝါ၌ကား။ ဥပက္ကမမဟန္တတ္တာ၊ ပယောဂအားကြီးသောကြောင့်။ အကုသလမဟတ္တံ၊ အကုသိုလ်ကြီးသည်အဖြစ်သည်။ ဟောတိ၊ ၏။

ဤအဋ္ဌကထာပါဠိဖြင့် အာပတ်သည် အာဏာပညတ်မျှသာ ဖြစ်၍ အာပတ်သင့်ခြင်း၌ အထူးမရှိ။ ထိုအာပတ်ကို ဒေသနာကြား၍ စင်ကြယ်ခဲ့မူ မဂ်,ဖိုလ်ကို ရထိုက်သူဖြစ်က အားထုတ်မူ ရနိုင်ရာသည်။ ပါရမီနှံသေး၍ မရသော်လည်း နတ်ပြည်သို့ ရောက်နိုင်သည်။ ပါစိတ်အာပတ်သင့်စေဟု ပညတ်အပ်သော အာဏာတော်ကို လွန်ကျူးသော အပြစ်လွတ်သည်။ ထိုသို့ ဒေသနာမကြားမူ အာဏာတော်ကို ကျူးလွန်သော ပညတ်တော်၏ အပြစ် သင့်ခြင်းဖြင့်ပင် မဂ်,ဖိုလ်နတ်ပြည်ကို တားမြစ်နိုင်သည်။

ပရမတ္ထသဘာဝဖြစ်သော အကုသိုလ်ကံမှာ သတ္တဝါကြီးမူ ပယောဂကြီး၍ အပြစ်ကြီးသည်။ သတ္တဝါငယ်မူ ပယောဂသေး၍ အပြစ်ငယ်သည်ဟု ပြတော်မူသဖြင့် **ဒေသနာကြား၍ စင်ကြယ်သော်လည်း ပရမတ္ထပါဏာတိပါတကံ၏ အပြစ်မကင်းသည်၏အဖြစ်ကို** ပြတော်မူသည်။

http://www.dhammadownload.com

၈။ ဝိနယဂုဠ္ဍတ္ထဒီပနီမည်သော ကျမ်း၌လည်း—

> ယဉ္စ အာပတ္တာဓိကရဏံ အကုသလံ၊ တမ္မိ ဒေသိတံ ဝုဋ္ဌိတံ န အန္တရာယကရံ။ ယထာ ဟိ အရိယူပဝါဒကမ္မံ အကုသလမ္မိ သမာနံ အစ္ဆယဲ ဒေသေတ္တာ ခမာပနေန ပယောဂသမ္ပတ္တိယာ ပဋိဗာဟိတတ္တာ အဝိပါကဓမ္မတံ အာပန္နံ အဟောသိကမ္မံ ဟောတိ၊ ဧဝမိဒမ္မိ ဒေသိတံ ဝုဋ္ဌိတံ ဝါ ပယောဂသမ္ပတ္တိယာ ပဋိဗာဟိတတ္တာ အဝိပါကဓမ္မတာယ အဟောသိကမ္မဘာဝေန အနန္တရာယကရံ။ ဒိဋ္ဌဓမ္မဝေဒနီယဥ္စ ပဇ္ဇအပရာပရိယဝေဒနီယေသု တီသု ကမ္မကောဋ္ဌာသေသု ဒေသနာဝုဋ္ဌာနံ ဒိဋ္ဌဓမ္မဥ္စ ပဇ္ဇကောဋ္ဌာသာနံ ဒ္ဝိန္နံ ကမ္မာနံယေဝ အနန္တရာယကရံ၊ န အပရာပရိယကမ္မဿ။ အပရာပရိယကမ္မံ ဟိ ယဒါ လဒ္ဓေါကာသံ၊ တဒါ ကိဋ္ဌိ ကိဋ္ဌိ ကာလေ အန္တရာယကရံ သိယာ ဇဋိလသေဋ္ဌိနော အပရာပရိယဥ္စ ဝါဒကမ္မံ ဝိယ။ ဇဋိလသေဋ္ဌိဝတ္ထု ပန ဓမ္မပဒေ အာဂတမေဝါတိ—

ဟု ဆိုတော်မူ၏။

ယဉ္စ အာပတ္တာဓိကရဏံ၊ အကြင်အာပတ် အဓိကရဏ်းသည်။ အကုသလံ၊ အကုသိုလ်မည်၏။ တမ္မိ၊ ထိုအာပတ်သည်လည်း။ ဒေသိတံ၊ ဒေသနာကြားသည် ရှိသော်။ ဝုဋ္ဌိတံ၊ ဝုဋ္ဌာနကံဖြင့် ထသည်ရှိသော်။ အန္တရာယကရံ၊ အန္တရာယ်ကို ပြုသည်။ န ဟောတိ၊ မဖြစ်။ ဟိ၊ ဥပမာ ထင်စွာပြအံ့။ အရိယူပဝါဒကမ္မံ၊ အရိယာကို ပြစ်မှားသောကံသည်။ အကုသလံ၊ သည်။ သမာနမ္မိ၊ ဖြစ်သောလည်း။ အစ္ဆယဲ၊ အပြစ်ကို။ ဒေသေတ္တာ၊ ကြား၍။ ခမာပနေန၊ ကန်တော့သဖြင့်။ ပယောဂသမ္ပတ္တိယာ၊ ပယောဂ၏ ပြည့်စုံခြင်းဖြင့်။ ပဋိဗာဟိတတ္တာ၊ တားမြစ်သည် အဖြစ်ကြောင့်။ အဝိပါကဓမ္မတံ၊ အကျိုးမပေးသောတရား၏ အဖြစ်သို့။ အာပန္နံ၊ ရောက်သော။ အဟောသိကမ္မံ၊ အဟောသိကံသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဣဒမ္မိ၊ ဤအာပတ်သည်လည်း။ ဒေသိတံ ဝါ၊ ဒေသနာကြားသော်လည်းကောင်း။ ဝုဋ္ဌိတံ ဝါ၊ ဝုဋ္ဌာနကံဖြင့် ထသော်လည်းကောင်း။ ပယောဂသမ္ပတ္တိယာ၊ ပယောဂနှင့် ပြည့်စုံခြင်းဖြင့်။ ပဋိဗာဟိတတ္တာ၊ တားမြစ်အပ်သောကြောင့်။ အဝိပါကဓမ္မတာယ၊ အကျိုးမပေးသော သဘောရှိသော။ အဟောသိကမ္မဘာဝေန၊ အဟောသိကံ၏အဖြစ်ဖြင့်။ အနန္တရာယကရံ၊ အန္တရာယ် မပြုသည်။ ဟောတိ၊ ၏။ ဒိဋ္ဌဓမ္မဝေဒနီယဥ္စ ပဇ္ဇအပရာပရိယဝေဒနီယေသု၊ ဒိဋ္ဌဓမ္မဝေဒနီယတံ, ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယဝေဒနီယကံ-ဟု ဆိုအပ်ကုန်သော။ တီသု၊ ၃-ပါးကုန်သော။ ကမ္မကောဋ္ဌာသေသု၊ ကံအစုတို့တွင်။ ဒေသနာဝုဋ္ဌာနံ၊ ဒေသနာကံ, ဝုဋ္ဌာနကံသည်။ ဒိဋ္ဌဓမ္မဥ္စ ပဇ္ဇ-

http://www.dhammadownload.com

ကောဋ္ဌာသာနံ၊ ဒိဋ္ဌမေမ, ဥပပဇ္ဇအဖို့ ရှိကုန်သော။ ဒွိန္နံ၊ ၂-ပါးကုန်သော။ ကမ္မာနံယေဝ၊ ကံတို့၏သာလျှင်။ အနန္တရာယကရံ၊ အန္တရာယ်ကို မပြုသည်။ ဟောတိ၊ ၏။ အပရာပရိယကမ္မဿ၊ အပရာပရိယဝေဒနီယကံမည်သော အလယ်ဇော ၅-ခု စေတနာ၏။ အနန္တရာယကရံ၊ အန္တရာယ်ကို မပြုခြင်းသည်။ နဟောတိ၊ မဖြစ်။ ဟိ၊ မှန်၏။ အပရာပရိယကမ္မံ၊ သည်။ ယဒါ၊ အကြင်အခါ၌။ လဒ္ဓေါကာသံ၊ ရအပ်သော အခွင့်ရှိ၏။ တဒါ၊ ထိုအခါ၌။ ကိဉ္စိ ကိဉ္စိ ကာလေ၊ ရံခါ ရံခါ ကာလ၌။ အန္တရာယကရံ၊ အန္တရာယ်ကို ပြုသည်။ သိယာ၊ ဖြစ်ရာ၏။ ဇဋိလသေဋ္ဌနော၊ ဇဋိလသူဋ္ဌေး၏။ အပရာပရိယဥပဝါဒကမ္မံ ဝိယ၊ အရိယာကို စွပ်စွဲမိ၍ ရေမျှော ၇-ဘဝခံရသော အပရာပရိယကံကဲ့သို့တည်း။ ဇဋိလဝတ္ထု ပန၊ ဇဋိလဝတ္ထု သည်ကား။ ဓမ္မပဒေ၊ ဓမ္မပဒအဋ္ဌကထာ၌။ အာဂတမေဝါတိ၊ လာသည်သာလျှင်ကတည်း။

ဤသို့လာသော အဋ္ဌကထာ, ဋီကာကို ထောက်၍ သိလျက်နှင့် ကျူးလွန်သော အယုတ်သဖြင့် သန်းဥ,ကြမ်းပိုးဥကို ဖျက်ဆီးခြင်းအစရှိသော **လောကဝဇ္ဇအာပတ်**ကို ဒေသနာကြား၍ မဂ်,ဖိုလ်အန္တရာယ်, နတ်ပြည်အန္တရာယ် မဖြစ်သော်လည်း နာနာ-စေတနာ-နာနာကမ္မဝိပါက, သေသအကုသိုလ် ဖြစ်သည်၊ မကင်းပနိုင်-ဟု သန္နိဋ္ဌာန်ကျမှတ်လေ။

✪ ✪ ✪ ✪ ✪

[၂၃၄] ဆေးလိပ်သောက်ခြင်း

အမှတ် (၉) ပုစ္ဆာအဖြေ

၁။ ပါစိတ်အဋ္ဌကထာ၊ ဒန္ဆပေါနသိက္ခာပုဒ်အဖွင့်၌–

ဘိက္ခု ဓူမဝဋ္ဋိ ပဋိဂ္ဂဟေတွာ ဓူမံ ပိဝတိ၊ မုခဉ္စ ကဏ္ဍော စ မနောသိလာယ လိတ္တော ဝိယ ဟောတိ၊ ယာဝကာလိကံ ဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ယာဝကာလိကေန ယာဝဇီဝိကသံသဂ္ဂေ ဒေါသော နတ္ထိ–

ဟု ဆိုတော်မူသည်(ဝိ၊ဋ္ဌ၊၃။၁၁၈)။

ဘိက္ခု၊ ရဟန်းသည်။ ဓူမဝဋ္ဋိ၊ အခိုးထွက်သောဆေးလုံးကို။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံ၍။ ဓူမံ၊ အခိုးကို။ ပိဝတိ၊ ရှူ၏၊ ဝါ၊ သောက်၏။ မုခဉ္စ၊ ခံတွင်းသည်လည်းကောင်း။ ကဏ္ဍော စ၊ လည်ချောင်းသည်လည်းကောင်း။ မနောသိလာယ၊ ဆေးဒန်းမြင်းသီလာ

http://www.dhammadownload.com

ကျောက်ဖြင့်။ လိတ္တော ဝိယ၊ လိမ်းကျံသကဲ့သို့။ ဟောတိ၊ ၏။ ယာဝကာလိက၊ ကို။ ဘုဥ္ဇိတုံ၊ စားခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ယာဝကာလိကေန၊ နှင့်။ ယာဝဇီဝိကသံသဂ္ဂေ၊ ယာဝဇီဝိက ရောခြင်း၌။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။

၂။ သာရတ္ထဒီပနီဋီကာ၌–

ပဋိဂ္ဂဟေတွာတိ တဒဟု ပဋိဂ္ဂဟေတွာ။ တေနေဝ "ယာဝကာလိကေန ယာဝဇီဝိကသံသဂ္ဂေ ဒေါသော နတ္ထိ"တိ ဝုတ္တံ။ သစေ ပန ပုရိမဒိဝသေ ပဋိဂ္ဂဟေတွာ ဌပိတာ ဟောတိ၊ သာမိသေန မုခေန တဿာ ဝဋ္ဋိယာ ခူမံ ပိဝိတုံ နဝဋ္ဋတိ-

ဟု ဖွင့်တော်မူသည်။(သာရတ္ထ၊၃။၇၅)

ပဋိဂ္ဂဟေတွာတိ၊ ဟူသည်ကား။ တဒဟု၊ ထိုနေ့၌။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံ၍။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ ယာဝကာလိကေန ။ပ။ ဒေါသော နတ္ထိတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ပုရိမဒိဝသေ၊ ရှေ့နေ့၌။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံ၍။ ဌပိတာ၊ ထားအပ်သည်။ သစေ ပန ဟောတိ၊ ဖြစ်အံ့။ သာမိသေန၊ အာမိသရှိသော။ မုခေန၊ ခံတွင်းဖြင့်။ တဿာ ဝဋ္ဋိယာ၊ ထိုဆေးလုံး၏။ ခူမံ၊ အခိုးကို။ ပိဝိတုံ၊ သောက်ခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။

အဓိပ္ပါယ်ကား– ဂိလာနဖြစ်သော်လည်း ယနေ့ အကပ်ခံသော ယာဝဇီဝိက ဆေးလုံး, ဆေးလိပ်, အစေးအချေးနှင့်သာ ယာဝကာလိကနှင့်ရောရ၍ အပြစ်မရှိသည်။ ယမန်နေ့စသည်တို့က ဆေးလုံး,ဆေးလိပ် ဖြစ်အံ့၊ ခံတွင်း၌ အညစ်အကြေးရှိမူ ယာဝကာလိကကို စား၍ ရောသောအခါ အပြစ်ရှိသည်၊ မသောက်အပ် မရှုအပ်-ဟု ပြတော်မူသည်။ ကွမ်းသီး, ကွမ်း, ထုံး-စသည်တို့ကို ရှေ့ရှေ့နေ့တို့က ယာဝဇီဝိက-ဟု ဆို၍ အကပ်ခံထားသော ရဟန်းတို့မှာလည်း စား၍ ခံတွင်း၌ အညစ်အကြေးရှိမူ ယာဝကာလိကကို စား၍ ရောနှောသောအခါ အပြစ်ရှိသည်။ သန္နိဓိပါစိတ် အာပတ်သင့်သည်-ဟု မှတ်။

၃။ ပုရေ ပဋိဂ္ဂဟိတဉ္စ၊ သတ္တာဟံ ယာဝဇီဝိကံ။
သေသကာလိကသမ္မိဿံ၊ ပါစိတ္တိ ပရိဘုဉ္ဇတော–

ဟု ဆိုသော ဝိနည်းလက်သန်းအဋ္ဌကထာကို ထောက်။

ပုရေ ပဋိဂ္ဂဟိတံ၊ ရှေ့နေ့၌ အကပ်ခံအပ်သော။ သတ္တာဟဉ္စ၊ သတ္တာဟကာလိကကို လည်းကောင်း။ ယာဝဇီဝိကဉ္စ၊ ယာဝဇီဝိကကိုလည်းကောင်း။ သေသကာလိကသမ္မိဿံ၊ ကြွင်းသော ယာဝကာလိက,ယာမကာလိကနှင့် ရောသည်ကို။ ကတွာ၊ ပြု၍။ ပရိဘုဉ္ဇတော၊ သုံးဆောင်သောရဟန်းအား။ ပါစိတ္တိ၊ သန္နိဓိပါစိတ် အာပတ်သင့်၏။

http://www.dhammadownload.com

၄။ ဆေးလုံးအခိုး,ဆေးလိပ်အခိုးသောက်ခြင်းဌာ မဟာဝါပါဠိတော် ဘေသဇ္ဇက္ခန္ဓက (နှာ-၂၉၆)၌ ဂိလာနရဟန်းကို အကြောင်းပြု၍ ခွင့်ပြုတော်မူရင်း ဖြစ်သည်။

အနုဇာနာမိ ဘိက္ခဝေ ဓူမံ ပါတုံ– ဟူ၍လည်းကောင်း၊

အနုဇာနာမိ ဘိက္ခဝေ ဓူမနေတ္ထံ–

ဟူ၍လည်းကောင်း ဟောတော်မူသည်။

ဘိက္ခဝေ၊ တို့။ ဓူမံ၊ ဆေးလုံး,အခိုးလုံးကို။ ပါတုံ၊ သောက်စိမ့်သောဌာ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဘိက္ခဝေ၊ ဘို့။ ဓူမနေတ္ထံ၊ အခိုးသောက်တံကို။ အနုဇာနာမိ၊ ၏။

✪ ✪ ✪ ✪ ✪

[၂၃၅] ယာမကာလိကပစ္စဝေက္ခဏာ

အမှတ် (၁၀) ပုစ္ဆာအဖြေ

၁။ သတိ ပစ္စယေတိ ယာမကာလိကံ ဝိပါသာယ သတိ ဝိပါသဈ္ဈေဒနတ္ထံ, သတ္ထာဟ-ကာလိကံ ယာဝဇီဝိကဘ္ဘ တေန တေန ဥပသမေတဗ္ဗကေ အာဟာဓေ သတိ တဿ ဥပသမနတ္ထံ ပရိဘုဉ္ဇတော အနာပတ္တိ–(ဝိ၊ဋ္ဌ၊၃။၉၇)

ဟု **ပါစိတ်အဋ္ဌကထာ၊ ပဌမပဝါရဏာသိက္ခာပုဒ်အဖွင့်၌** လာသည်။

သတိ ပစ္စယေတိ၊ ဟူသည်ကား။ ယာမကာလိကံ၊ ကို။ ဝိပါသာယ၊ မွတ်သိပ်ခြင်းသည်။ သတိ၊ ရှိသော်။ ဝိပါသဈ္ဈေဒနတ္ထံ၊ မွတ်သိပ်ခြင်းကို ပယ်ခြင်းဌာ။ သတ္ထာဟ-ကာလိကဘ္ဘ၊ ကိုလည်းကောင်း။ ယာဝဇီဝိကဘ္ဘ၊ ကိုလည်းကောင်း။ တေန တေန၊ ထိုထို သောကာလိကဖြင့်။ ဥပသမေတဗ္ဗကေ၊ ငြိမ်းစေအပ်သော။ အာဟာဓေ၊ အနာသည်။ သတိ၊ ရှိသော်။ တဿ၊ ထိုအနာကို။ ဥပသမနတ္ထံ၊ ငြိမ်းစေခြင်းဌာ။ ပရိဘုဉ္ဇတော၊ သုံးဆောင်သောရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။

ယာမကာလိကမည်သော အဖျော် ၈-ပါးကို ဘုရားမြတ်စွာသည် မဟာဝါ-ပါဠိတော်၊ ဘေသဇ္ဇက္ခန္ဓကဋ္ဌပင် ဟောတော်မူသောကြောင့် ဝိပါသကို ဖျောက်ခြင်းဌာ လည်း ဂေလညမှတပါး အကြောင်းအထူးအားဖြင့် ခွင့်ပြုတော်မူသည်ဖြစ်၍ "ဂိလာန-ပစ္စယဘေသဇ္ဇပရိက္ခာရံ"ဟူသော ပစ္စဝေက္ခဏာကိုပင် ဆင်ခြင်ရမည်-ဟု မှတ်။

http://www.dhammadownload.com

ရေကို သုံးဆောင်သော အခါ၌လည်း ဘေသဇ္ဇဖြင့် ရေတွက်အပ်သောကြောင့် ဘေသဇ္ဇပစ္စဝေက္ခဏာကိုပင် ဆင်ခြင်၍ သုံးဆောင်အပ်သည်။

၂။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌–

> အာဟာရန္တိ အဇ္ဈောဟရိတဗ္ဗံ ကာလိကံ အဓိပ္ပေတံ၊ န ဥဒကံ။ တဉ္ဉိ ဘေသဇ္ဇသင်္ဂဟိတမ္ပိ အကာလိကမေဝ ပဋိဂ္ဂဟိတသ္မေဝ ကာလိကတ္တာ။ ဥဒကေ ဟိ ပဋိဂ္ဂဟဏံ နာမ ရုဟတိ– (ဝိမတိ၂။၃၅)

ဟု ဆိုတော်မူ၏။

အာဟာရန္တိ၊ ဟူသည်ကား။ အဇ္ဈောဟရိတဗ္ဗံ၊ မျိုအပ်သော။ ကာလိကံ၊ ကို။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ဥဒကံ၊ ရေကို။ နံ အဓိပ္ပေတံ၊ အလိုမရှိအပ်။ ဟိ၊ မှန်၏။ တံ၊ ထိုရေသည်။ ဘေသဇ္ဇသင်္ဂဟိတမ္ပိ၊ ဆေး၌ ရေတွက်အပ်သော်လည်း။ အကာလိကမေဝ၊ ကာလိက မမည်သည်သာတည်း။ ပဋိဂ္ဂဟိတသ္မေဝ၊ အကပ်ခံအပ်သော ဝတ္ထု၏သာလျှင်။ ကာလိကတ္တာ၊ ကာလိကဖြစ်သောကြောင့်တည်း။ ဟိ၊ မှန်၏။ ဥဒကေ၊ ရေ၌။ ပဋိဂ္ဂဟဏံ၊ အကပ်ခံခြင်းသည်။ နံ ရုဟတိ၊ မရောက်။

ရှေးနေ့က အကပ်ခံ၍ထားသော သတ္တာဟကာလိက, ယာဝဇီဝိက, ယာမကာလိက တို့ကို နံနက်အခါ၌ အာဟာရအကျိုးငှာ သုံးဆောင်ရာ အဘယ်အာပတ်သင့်ပါသနည်း ဆိုကြားအံ့။

၃။ သာရတ္ထဒီပနီဋီကာ၌–

> ပါဠိယံ "သတ္တာဟကာလိကံ ယာဝဇီဝိကံ အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ၊ အာပတ္တိ ဒုက္ကဋဿာ"တိအာဒိနာ သန္နိဟိတေသု သတ္တာဟကာလိကယာဝဇီဝိကေသု ပုရေဘတ္တမ္ပိ အာဟာရတ္ထာယ အဇ္ဈောဟရဏေပိ ဒုက္ကဋဿ ဝုတ္တတ္တာ ယာမ-ကာလိကေပိ အာဟာရတ္ထာယ အဇ္ဈောဟရဏေ ဝိသုံ ဒုက္ကဋေနာပိ ဘဝိတဗ္ဗန္တိ အာဟ "အာဟာရတ္ထာယ အဇ္ဈောဟရတော ဒုက္ကဋေန သဒ္ဒိ ပါစိတ္တိယ"န္တိ–

ဟု ဆိုတော်မူ၏(သာရတ္ထ၊၃။၆၇-၈)။

ပါဠိယံ၊ ပါဠိတော်၌။ သတ္တာဟကာလိကံ၊ ကိုလည်းကောင်း။ ယာဝဇီဝိကံ၊ ကိုလည်းကောင်း။ အာဟာရတ္ထာယ၊ အာဟာရအကျိုးငှာ။ ပဋိဂ္ဂဏှာတိ၊ ခံ၏။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ် အာပတ်သင့်၏။ ဣတိအာဒိနာ၊ ဤသို့ စသည်ဖြင့်။ သန္နိဟိတေသု၊ အကပ်ခံ၍ သိုမှီးအပ်ကုန်သော။ သတ္တာဟကာလိကယာဝဇီဝိကေသု၊ တို့၌။ ပုရေဘတ္တမ္ပိ၊ နံနက်အခါ၌လည်း။ အာဟာရတ္ထာယ၊ အာဟာရအကျိုးငှာ။ အဇ္ဈောဟရဏေပိ၊ မျိုခြင်း၌

http://www.dhammadownload.com

လည်း။ ဒုက္ကဋသ၊ ကို။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည် အဖြစ်ကြောင့်။ ယာမကာလိ-ကေပိ၊ ယာမကာလိကဉ္စလည်း။ အာဟာရတ္ထာယ၊ အာဟာရအကျိုးငှာ။ အဇ္ဈောဟရဏော၊ မျိုခြင်းငှာ။ ဝိသုံ၊ အသီး။ ဒုက္ကဋေနာပိ၊ ဒုက္ကဋ် အာပတ်သည်လည်း။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ကွတိ တသ္မာ၊ ထို့ကြောင့်။ "အာဟာရတ္ထာယ၊ အာဟာရအကျိုးငှာ။ အဇ္ဈောဟရတော၊ မျိုသောရဟန်းအား။ ဒုက္ကဋေန၊ နှင့်။ သဒ္ဒါ၊ တကွ။ ပါစိတ္တိယံ၊ ပါစိတ် အာပတ်သင့်၏"။ ကွတိ၊ သို့။ အာဟ၊ ဆို၏။

ရှေးနေ့တို့၌ အကပ်ခံ၍ထားသော သတ္တာဟကာလိက, ယာဝဇီဝိကတို့ကို နံနက်အခါ၌ အာဟာရအကျိုးငှာ သုံးဆောင်သည်ရှိသော် ဒုက္ကဋ်သင့်သည်။ **အကပ်ခံ၍ တစ်နေ့တစ်ယဉ်လွန်ပြီးသော ယာမကာလိကကို နံနက်အခါ၌ အာဟာရအကျိုးငှာ သုံးဆောင်သည်ရှိသော် ဒုက္ကဋ်, ပါစိတ် ၂-ပါးသင့်သည်-ဟု ပြတော်မူသည်။**

ဤသို့လျှင် ညောင်ပင်မြို့၊ ထိမ်တောကျောင်း၌ သီတင်းသုံးနေသော **တေဇဝန္တ** အမည်ရှိသော မထေရ်မြတ် ဖြေဆို ဆုံးဖြတ်၍ ပြီးသည်။

✪ ✪ ✪ ✪ ✪

ဦးကလျာဏ၏ ဝိနယပုစ္ဆာများ

ထန်းတပင်ရွာ၊ ပုလဲကျောင်းတိုက်နေ ပဉ္စင်းကလျာဏ ရှိသေဝပ်တွား လျှောက်ထားအပ်ပါသည် အရှင်သူမြတ်ဘုရား။

(၁) တစ်ဦးသောရဟန်းသည် စေခိုင်းစရာမရှိ၍ စေတီရင်ပြင်တော်၌ မြက်,သစ်ပင်တို့ကို ကိုယ်တိုင်သုတ်သင်ရာ ကုသိုလ်ဖြစ်မည်, မဖြစ်မည်၊ အကယ်၍ ကုသိုလ်ဖြစ်က အကျိုးပေးမည်, မပေးမည်ကို ပါဠို,အဋ္ဌကထာဖြင့် သိလိုပါသည် အရှင်ဘုရား။

(၂) ဒေသနာကံ, ဝုဋ္ဌာနကံအာပတ်ကို ကုစားပြီးလျှင် အချို့က လုံးလုံးအကျိုးမပေး၊ အချို့က လုံးလုံးမကင်းသေး-ဟူ၍ ပြောဆိုကြပါသည်။ ၎င်းကို ပါဠို, အဋ္ဌကထာ, ဋီကာတို့ဖြင့် သိပါရမည့်အကြောင်း လျှောက်ထားပါသည်ဘုရား။

(၃) သင်္ကန်းချုပ်သောအရာမှာ ဓားဖြတ်မှ အပ်မည်၊ သို့မဟုတ် အပ်ဖြတ်၍ ချုပ်လျှင် အပ်မည်ကို အသေအချာ ကျမ်းဂန်ဖြင့် သိလိုပါသည်ဘုရား။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

ထိမ်တောဆရာတော်၏ ဝိနယဝိသဇ္ဇနာများ

[၂၃၆] ဘုရားရင်ပြင်၌ ရဟန်းကိုယ်တိုင် မြက်ခွင်းခြင်း

အမှတ် (၁) ပုစ္ဆာအဖြေ

၁။ ကုသလစိတ္တံ အင်္ဂန်၌ ပဏ္ဏတ္တိ အဇာနိတွာ ကုသလစိတ္တေန စေတိယင်္ဃာဒီသု ဘူမိသောဓနာဒိဝသေန ပထဝီဘူတဂါမဝိကောပနာဒိကာလေ ကုသလစိတ္တံ ကာရဏံ ဟောတိ—(ဝိမတိ၊၂။၂၂၄)

ဟု ဝိမတိဝိနောဒနီဋီကာ၊ သမထက္ခန္ဓကအဖွင့်၌ လာသည်။

ကုသလစိတ္တံ အင်္ဂန်၌၊ ဟူသည်ကား။ ပဏ္ဏတ္တိ၊ ပညတ်ကို။ အဇာနိတွာ၊ မသိမူ၍။ ကုသလစိတ္တေန၊ ကုသိုလ်စိတ်ဖြင့်။ စေတိယင်္ဃာဒီသု၊ စေတီရင်ပြင်-စသည်တို့၌။ ဘူမိ-သောဓနာဒိဝသေန၊ မြေကို သုတ်သင်ခြင်း-စသည်တို့၏ အစွမ်းဖြင့်။ ပထဝီဘူတဂါမဝိ-ကောပနာဒိကာလေ၊ မြေကြီး,သစ်ပင်အပေါင်းကို ဖျက်ဆီးခြင်းအစရှိသောအခါ၌။ ကုသလ-စိတ္တံ၊ ကုသိုလ်စိတ်သည်။ ကာရဏံ၊ အာပတ်သင့်ခြင်းအကြောင်းသည်။ ဟောတိ၊ ၏။

၂။ သာရတ္ထဒီပနီဋီကာ၌လည်း—

အဂီ ဟောတီတိ စ ဝတ္တသီသေန ကရောန္တသပိ "ဣမံ ပထဝိ ခဏာမီ"တိ-အာဒိနာ ဝိတိက္ကမဇနနဝသေန ပဝတ္တတ္တာ တံ ကုသလစိတ္တံ အာပတ္တာဓိကရဏံ၊ ကုသလစိတ္တံ အာပတ္တိယာ ကာရဏံ ဟောတီတိ အတ္ထော—

ဟု ဖွင့်တော်မူသည်(သာရတ္ထ၊၃။၃၇၈)။

အဂီ ဟောတီတိ၊ ဟူသည်ကား။ ဝတ္တသီသေန၊ ဝတ်ကို အရင်းပြုသဖြင့်။ ကရောန္တသပိ၊ ပြုသော်လည်း။ ဣမံ ပထဝိ၊ ဤမြေကို။ ခဏာမိ၊ တူး၏။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသော။ ဝိတိက္ကမဇနနဝသေန၊ လွန်ကျူးခြင်းကို သိသည်၏အစွမ်းဖြင့်။ ပဝတ္တတ္တာ၊ ဖြစ်သောကြောင့်။ တံ ကုသလစိတ္တံ၊ ထိုဝတ်ကို ပြုလိုသော ကုသိုလ်စိတ်သည်။ အာပတ္တာဓိကရဏံ၊ မည်၏။ ကုသလစိတ္တံ၊ သည်။ အာပတ္တိယာ၊ ၏။ ကာရဏံ၊ အကြောင်းသည်။ ဟောတိ၊ ၏။

http://www.dhammadownload.com

၃။ ဝိနယဂုဋ္ဌတ္ထဒီပနီ၌လည်း–

ပထဝီခဏာဒိကံ ဟိ ကုသလစိတ္တဝသေန ကရိယမာနမ္ပိ ပုဗ္ဗဘာဂေ အနဝဇ္ဇ-
သညီ ဟုတ္တာ ဝိတိက္ကမက္ခဏေ အကုသလဝသေန ကရောတိယေဝ–

ဟု ဆိုတော်မူ၏။

ဟိ၊ မှန်၏။ ပထဝီခဏာဒိကံ၊ မြေတူးခြင်း-စသည်ကို။ ကုသလစိတ္တဝသေန၊ ဖြင့်။ ကရိယမာနမ္ပိ၊ ပြုအပ်သော်လည်း။ ပုဗ္ဗဘာဂေ၊ ရှေးအဖို၌။ အနဝဇ္ဇသညီ၊ အပြစ်မရှိ-ဟု အမှတ်ရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ ဝိတိက္ကမက္ခဏေ၊ လွန်ကျူးသောခဏ၌။ အကုသလ-ဝသေန၊ အကုသိုလ်၏အစွမ်းဖြင့်။ ကရောတိယေဝ၊ ပြုသည်သာတည်း။

ဤသို့လာသော ဋီကာတို့ကို ထောက်၍ ကုသိုလ်ဖြစ်လို၍ ဘုရားစေတီရင်ပြင်တော်၌ မြက်သုတ်သင်သော ရဟန်းသည် ရှေးအဖို့က အာပတ်သင့်ခြင်းကို မသိ၍ ကုသိုလ်စိတ်ဖြင့် ပြုသော်လည်း မြက်သစ်ပင်ကို နုတ်ယူခုတ်ဖြတ်သောအခါ ပါစိတ်အာပတ် အကုသိုလ်တို့သည် မရေတွက်နိုင်၊ များစွာဖြစ်သည်။ ကုသိုလ်ရသော စိတ်မှာ ကြံမိရုံမျှ အနည်းငယ်မျှသာ၊ အာပတ်အကုသိုလ်သာ များသည်ဖြစ်သောကြောင့် အနည်းငယ်မျှ ကုသိုလ်ရလိုသောစိတ်သည် အားကြီးသော အကုသိုလ်အာပတ်နှင့်တကွ ဖြစ်၍ အကျိုး ပေးနိုင်ဖို့ အခွင့်မရှိချေ။ စိတ်က ကုသိုလ်ရလိုသော်လည်း ပြုသမျှ ဝေယျာဝစ္စ အမှုကိစ္စမှာ ကုသိုလ်မဟုတ်၊ အာပတ်သင့်၍ အကုသိုလ်သာ ဖြစ်သောကြောင့်တည်း။

အာပတ်သည် ကုသိုလ် မရှိ၊ အကုသိုလ်, အဗျာကတသာမည်ကြောင်းကို စူဠဝါ-သမထက္ခန္ဓကပါဠိတော်(၀၊၄။၂၁၇), အဋ္ဌကထာ(၀၊၅၊၄။၄၀-၁), ဋီကာကြီး ၃-စောင် (သာရတ္ထ၊ ၃။၃၇၇-၉။ဝိမတိ၊၃။၂၂၃-၆။ဝဇိရ၊၅၈-၅၂၀)တို့မှာ ရှုလေ။

✪ ✪ ✪ ✪ ✪

[၂၃၇] ကုစားပြီးအာပတ် အန္တရာယ် ပြု, မပြု

အမှတ် (၂) ပုစ္ဆာအဖြေ

၁။ ယဉ္စ အာပတ္တာဓိကရဏံ အကုသလံ၊ တမ္ပိ ဒေသိတံ ဝုဋ္ဌိတံ ဝါ အန္တရာယ-
ကရံ။ ယထာ ဟိ အရိယူပဝါဒကမ္မံ အကုသလမ္ပိ သမာနံ အစ္ဆယံ ဒေသေတွာ
ခမာပနေန ပယောဂသမ္ပတ္တိပဋိဟတိတတ္တာ အဝိပါကမမ္ပတံ အာပန္နံ အဟောသိ-

http://www.dhammadownload.com

ကမ္မံ ဟောတိ၊ ဧဝမိဒမ္မိ ဒေသိတံ ဝုဋ္ဌိတံ ဝါ ပယောဂသမ္ပတ္တိပဋိဘာဟိတတ္တာ အဝိပါကဓမ္မတာယ အဟောသိကမ္မဘာဝေန အနန္တရာယကရံ ဇာတံ။ တေနေဝ "သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ တိရစ္ဆာနယောနိ ံ ဝါ"တိ သာပတ္တိကဿေဝ အပါယဂါမိတာ ဝုတ္တာ– (သာရတ္ထ၊၃။၃၇၉)

ဟု သာရတ္ထဒီပနီဋီကာ၊ သမ္ဘဏက္ခန္ဓကအဖွင့်၌ လာသည်။

အကုသလံ၊ အကုသိုလ်ဖြစ်သော။ ယဉ္စ အာပတ္တာမိကရဏံ၊ အကြင်အာပတ် အဓိကရဏ်းသည်။ အတ္ထိ၊ ရှိ၏။ တမ္ပိ၊ ထိုအာပတ်သည်လည်း။ ဒေသိတံ ဝါ၊ ဒေသနာကြားသော်လည်းကောင်း။ ဝုဋ္ဌိတံ ဝါ၊ ထမြောက်သော်လည်းကောင်း။ အနန္တရာယကရံ၊ အန္တရာယ်ကို မပြုတတ်။ ဟိ၊ ဥပမာကို ထင်စွာဆိုအံ့။ အရိယူပဝါဒကမ္မံ၊ အရိယာကို စွပ်စွဲသောကံသည်။ အကုသလံ၊ အကုသိုလ်သည်။ သမာနမ္ပိ၊ ဖြစ်သော်လည်း။ အစ္ဆယံ၊ အပြစ်ကို။ ဒေသေတွာ၊ ပြောပြ၍။ ခမာပနေန၊ ကန်တော့သဖြင့်။ ဝါ၊ သည်းခံစေသဖြင့်။ ပယောဂသမ္ပတ္တိပဋိဘာဟိတတ္တာ၊ ကုသိုလ်ပယောဂ၏ ပြည့်စုံခြင်းဖြင့် တားမြစ်သည်အဖြစ်ကြောင့်။ အဝိပါကဓမ္မတံ၊ အကျိုးမပေးသော သဘော၏အဖြစ်သို့။ အာပန္နံ၊ ရောက်သည်။ ဝါ၊ ရောက်သော။ အဟောသိကမ္မံ၊ သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဣဒမ္ပိ၊ ဤအာပတ်သည်လည်း။ ဒေသိတံ ဝါ၊ ဒေသနာကြားသော်လည်းကောင်း။ ဝုဋ္ဌိတံ ဝါ၊ ထမြောက်သော်လည်းကောင်း။ ပယောဂသမ္ပတ္တိပဋိဘာဟိတတ္တာ၊ ကုသိုလ်ပယောဂ၏ ပြည့်စုံခြင်းဖြင့် တားမြစ်အပ်သောကြောင့်။ အဝိပါကဓမ္မတာယ၊ အကျိုးမပေးသော သဘော၏အဖြစ်ဖြင့်။ အဟောသိကမ္မဘာဝေန၊ အဟောသိကံ အဖြစ်ဖြင့်။ အနန္တရာယကရံ၊ အန္တရာယ်မပြုသော အဖြစ်သည်။ ဇာတံ၊ ဖြစ်၏။ တေနေဝ၊ ထို့ကြောင့် သာလျှင်။ သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ တိရစ္ဆာနယောနိ ံ ဝါတိ၊ ဟူ၍။ သာပတ္တိကဿေဝ၊ အာပတ်ရှိသော ရဟန်းအား သာလျှင်။ အပါယဂါမိတာ၊ အပါယ်သို့လားခြင်းကို။ ဝုတ္တာ၊ ဟောတော်မူ၏။

၂။ ဝိနယဝုဋ္ဌတ္ထဒီပနီဆရာသည်ကား–

ဒိဋ္ဌဓမ္မဝေဒနီယဥ္စပဇ္ဇဝေဒနီယအပရာပရိယဝေဒနီယေသု တီသု ကမ္မေကောဋ္ဌာသေသု ဒေသနာဝုဋ္ဌာနံ ဒိဋ္ဌဓမ္မဥ္စပဇ္ဇကောဋ္ဌာသာနံ ဒ္ဝိန္နံ ကမ္မာနံယေဝ အနန္တရာယကရံ၊ နာ အပရာပရိယကမ္မဿ၊ အပရာပရိယကမ္မံ ဟိ ယဒါ လဒ္ဓဝါကာသံ၊ တဒါ ကိဠိ ကိဠိ ကာလေ အန္တရာယကရံ သိယာ ဇဋိလသေဋ္ဌနော အပရာပရိယဥ္စပဝါဒကမ္မံ ဝိယ။ ဇဋိလသေဋ္ဌဝတ္ထု ပန ဓမ္မပဒေ အာဂတမေဝ-

ဟု ဆိုတော်မူ၏။

http://www.dhammadownload.com

ဒိဋ္ဌမင်္ဂဝေဒနီယ ဥပပဇ္ဇဝေဒနီယ အပရာပရိယဝေဒနီယေသု၊ ဒိဋ္ဌမင်္ဂဝေဒနီယက်
။ပ။ အပရာပရိယဝေဒနီယက်ဟု ဆိုအပ်ကုန်သော။ တီသု၊ ၃-ပါးကုန်သော။ ကမ္မ-
ကောဋ္ဌာသေသု၊ အဖို့တို့တွင်။ ဒေသနာဝုဋ္ဌာနံ၊ ဒေသနာကံ, ဝုဋ္ဌာနကံသည်။ ဒိဋ္ဌမင်္ဂ-
ဥပပဇ္ဇကောဋ္ဌာသာနံ၊ ဒိဋ္ဌမင်္ဂအဖို့, ဥပပဇ္ဇအဖို့ ရှိကုန်သော။ ဒွိန္နံ၊ ၂-ပါးကုန်သော။ ကမ္မာ-
နံယေဝ၊ ကံတို့၏သာလျှင်။ အနန္တရာယကရံ၊ အန္တရာယ် မပြုနိုင်သည်။ ဟောတိ၊ ဖြစ်၏။
အပရာပရိယကမ္မဿ၊ ၏။ အနန္တရာယကရံ၊ သည်။ န ဟောတိ၊ မဖြစ်။ ဟိ၊ မှန်၏။
အပရာပရိယကမ္မံ၊ သည်။ ယဒါ၊ အကြင်အခါ၌။ လဒ္ဓေါကာသံ၊ ရအပ်သောအခွင့် ရှိ၏။
တဒါ၊ ထိုအခါ၌။ ကိဉ္စိ ကိဉ္စိ ကာလေ၊ ရံခါ ရံခါ ကာလ၌။ အန္တရာယကရံ၊ သည်။ သိယာ၊
ဖြစ်ရာ၏။ ဇဋိလသေဋ္ဌနော၊ ဇဋိလသူဌေး၏။ အပရာပရိယဥပဝါဒကမ္မံ ဝိယ၊ အရိယာကို
ပြစ်မှားသော အပရာပရိယက်ကဲ့သို့တည်း။ ဇဋိလသေဋ္ဌဝတ္ထု ပန၊ ဇဋိလသူဌေး၏ဝတ္ထု
သည်ကား။ ဓမ္မပဒေ၊ **ဓမ္မပဒအဋ္ဌကထာ**၌။ အာဂတမေဝ၊ လာသည်သာတည်း။

ဇဋိလသူဌေးဝတ္ထုမှာ– ကဿပဘုရားရှင်သာသနာ၌ ရွှေပန်းတိမ်သည် ဖြစ်၍
"စေတီဘုရားကို ရွှေ့ပစ်လော့"ဟု ဆဲရေးမိ၍ သတိရသဖြင့် ၁-ထွာခန့်ရှိသော ရွှေပန်းအိုး
၃-လုံးတို့ဖြင့် ပူဇော်၍ ကန်တော့သော်လည်း ရွှေ့ အမျှော ၇-ဘဝ ခံရသည်-ဟု ဓမ္မပဒ-
အဋ္ဌကထာ၊ ပြာဟ္မဏဝဂ် ဇဋိလထေရဝတ္ထု(ဓမ္မ၊ဋ္ဌ၂။၄၃၁-၄၄၆)၌ လာသည်။

သာရတ္ထဒီပနီဋီကာ၌ သင့်သောအာပတ်ကို ကုစားပြီးလျှင် ပယောဂသမ္ဗတ္တိဖြင့်
တားမြစ်သောကြောင့် အန္တရာယ်မပြုနိုင်-ဟု ဆိုရာ၌ တိရစ္ဆာန်ကို သတ်၍ သင့်သော
ပါစိတ် အာပတ်ကို ဒေသနာကြား၍ ပယောဂသမ္ဗတ္တိနှင့် ပြည့်စုံသဖြင့် ထိုပါဏာတိပါတ
အကုသိုလ်ကံသည် အကျိုးပေးခွင့် မရ၍သာ အန္တရာယ်မပြုနိုင်သည်ကို ရည်၍ ဆိုသည်။
လုံးလုံး ပါဏာတိပါတကံအပြစ် အဟောသိကံဖြစ်သော အန္တရာယ်မပြုခြင်းကို ရည်၍
မဆိုအပ်-ဟု မှတ်ရမည်။

၃။ **ပယောဂသမ္ဗတ္တိဖြစ်၍ ပြုအပ်သော အကုသိုလ်သည် အကျိုးပေးခွင့် မရကြောင်း**
ကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ဉာဏဝိဘင်းအဖွင့်၌–

> **အပရဿပိ ဇဟူနိ ပါပကမ္မာနိ ဟောန္တိ၊** တာနိ ပယောဂဝိပတ္တိယံ ဌိတဿ
> ဝိပစ္စေယျုံ။ သော ပန ဧကေန ကလျာဏကမ္မေန ပယောဂသမ္ပတ္တိယံ ဌိတော
> ပါဏာတိပါတာဒီဟိ ဝိရတော ကာယဝစီမနောသုစရိတာနိ ပူရေတိ၊ တာဒိသေ
> ဌာနေ အကုသလဿ ဝိပစ္စနောကာသော နတ္ထိ၊ ဧကန္တံ ကုသလဿေဝ
> ဩကာသောတိ ဧဝံ ပယောဂသမ္ပတ္တိပဋိဗာဟနိ နဲ ဝိပစ္စန္တိတိ ဇာနာတိ–

ဟု ဖွင့်တော်မူသည်(သမ္မောဟ၊ဋ္ဌ။၄၂၂)။

http://www.dhammadownload.com

အပရဿပိ၊ တပါးသောသူအားလည်း။ ဗဟူနိ၊ များစွာကုန်သော။ ပါပကမ္မာနိ၊ မကောင်းမှုတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိ၊ ထိုမကောင်းမှုတို့သည်။ ပယောဂ-ဝိပတ္တိယံ၊ မှားသောအမှု၌။ ဌိတဿ၊ တည်သောသူအား၊ ဝါ၊ တည်လတ်သော်။ ဝိပစ္စေယျုံ၊ အကျိုးပေးကုန်ရာ၏။ သော ပန၊ ထိုပြုသော မကောင်းမှုရှိသောသူသည်။ ဧကေန၊ တပါး သော။ ကလျာဏကမ္မေန၊ ကောင်းမှုကံဖြင့်။ ပယောဂသမ္ပတ္တိယံ၊ ကောင်းသော အမှု၌။ ဌိတော၊ တည်သည်ဖြစ်၍။ ဝါ၊ တည်လျက်။ ပါဏာတိပါတာဒီဟိ၊ သူ့အသက်သတ်ခြင်း စသည်တို့မှ။ ဝိရတော၊ ကြဉ်သည်ဖြစ်၍။ ကာယဝစီမနောသုစရိတာနိ၊ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်တို့ကို။ ပူရေတိ၊ ပြည့်စေ၏။ တာဒိသေ၊ ထိုသို့သဘောရှိသော။ ဌာနေ၊ ပယောဂသမ္ပတ္တိ ဖြစ်ရာ၌။ အကုသလဿ၊ အကုသိုလ်၏။ ဝိပစ္စနောကာသော၊ အကျိုးပေးခွင့်သည်။ နတ္ထိ၊ မရှိ။ ကုသလဿေဝ၊ ကုသိုလ်၏သာလျှင်။ ဩကာသော၊ အကျိုးပေးခွင့်သည်။ ဟောတိ၊ ၏။ ဣတိ ဧဝံ၊ သို့။ ပယောဂသမ္ပတ္တိပဋိဟတ္တာနိ၊ ပယောဂ၏ ပြည့်စုံခြင်းဖြင့် တားမြစ်ကုန်သည်ဖြစ်၍။ နဝိပစ္စန္တိ၊ အကျိုး မပေးကုန်။ ဣတိ၊ သို့။ ဇာနာတိ၊ သိတော်မူ၏။

ထိုအဋ္ဌကထာပါဠိဖြင့် ပြုအပ်သော အကုသိုလ်အကျိုးရှိသော သူသည် ပယောဂ-သမ္ပတ္တိ၌ တည်၍ ဒါန,သီလ,ဘာဝနာကို အားထုတ်သည်ရှိသော် ထိုကုသိုလ်ပယောဂ-သမ္ပတ္တိသည် အကုသိုလ်အကျိုးပေးခွင့်ကို တားမြစ်၍ ကုသိုလ်အကျိုးပေးခွင့်ရ၍ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ် မဖြစ်။ ချမ်းသာခြင်းနှင့် ပြည့်စုံသည်ကို ရည်၍သာ ဆိုသည်။ ပြုအပ်သော အကျိုးပေးခွင့် မရ၍နေသော အကုသိုလ်သည် အချင်းခပ်သိမ်း အဟောသိကံ ဖြစ်၍ အကျိုးမပေးသည်ကို ရည်၍ ဆိုတော်မမူကုန်။

ထို့ကြောင့် တိရစ္ဆာန်ကို သတ်၍ သင့်သောအာပတ်ကို ဒေသနာကြားပြီးသည် ရှိသော် ပယောဂသမ္ပတ္တိနှင့် ပြည့်စုံ၍ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ် မဖြစ်သည်ကိုသာ ရည်၍ သာရတ္ထဒီပနီဋီကာဆရာ ဆိုသည်။ အချင်းခပ်သိမ်း အကျိုးမပေးသည်ကို ရည်၍ မဆိုဟု သန္နိဋ္ဌာန်ကျ မှတ်ရမည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၃၈] သင်္ကန်းအပ်ဖြတ် မသုံးအပ်

အမှတ် (၃) ပုစ္ဆာအဖြေ

၁။ အနုဇာနာမိ ဘိက္ခဝေ ဆိန္နကံ သံဃာဒိံ ဆိန္နကံ ဥတ္တရာသင်္ဂံ ဆိန္နကံ အန္တရဝါသကန္တိ။ အနုဇာနာမိ ဘိက္ခဝေ ဒွေ ဆိန္နကာနိ ဧကံ အစ္ဆိန္နကန္တိ။ အနုဇာနာမိ ဘိက္ခဝေ ဒွေ အစ္ဆိန္နကာနိ ဧကံ ဆိန္နကန္တိ။ အနုဇာနာမိ ဘိက္ခဝေ အန္တာမိကပွိ အာရောပေတုံ။ န စ ဘိက္ခဝေ သဗ္ဗံ အစ္ဆိန္နကံ ဓာရေတဗ္ဗံ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ–(ဝိ၊၃။၄၀၁၊၄၁၂)

ဟု စီဝရက္ခန္ဓကပါဠိတော်၌ ဟောတော်မူသည်။

ဘိက္ခဝေ၊ တို့။ ဆိန္နကံ၊ ဖြတ်၍ ချုပ်အပ်သော။ သံဃာဒိံ၊ ဒုကုဋ်ကို။ အနုဇာနာမိ၊ ခွင့်ပြု၏။ ဆိန္နကံ၊ သော။ ဥတ္တရာသင်္ဂံ၊ ကိုယ်ရုံကို။ အနုဇာနာမိ၊ ၏။ ဆိန္နကံ၊ သော။ အန္တရဝါသကံ၊ သင်းပိုင်ကို။ အနုဇာနာမိ၊ ၏။

ဘိက္ခဝေ၊ တို့။ ဆိန္နကာနိ၊ ကုန်သော။ ဒွေ၊ ၂-ထည်သော သင်္ကန်းတို့ကို။ အစ္ဆိန္နကံ၊ မဖြတ်ဘဲချုပ်အပ်သော။ ဧကံ၊ ၁-ထည်သောသင်္ကန်းကို။ အနုဇာနာမိ၊ ၏။

ဘိက္ခဝေ၊ တို့။ အစ္ဆိန္နကာနိ၊ မဖြတ်ဘဲ ချုပ်အပ်ကုန်သော။ ဒွေ၊ တို့ကို။ ဆိန္နကံ၊ သော။ ဧကံ၊ ကို။ အနုဇာနာမိ၊ ၏။

ဘိက္ခဝေ၊ တို့။ အန္တာမိကပွိ၊ အာဂန္တုကအထပ်ကိုလည်း။ အာရောပေတုံ၊ တင်စေခြင်းငှာ။ အနုဇာနာမိ၊ ၏။ ဘိက္ခဝေ၊ တို့။ သဗ္ဗံ၊ အလုံးစုံသော။ အစ္ဆိန္နကံ၊ မဖြတ်ဘဲ ချုပ်အပ်သောသင်္ကန်းကို။ န ဓာရေတဗ္ဗံ၊ မဆောင်အပ်။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဓာရေယျ၊ ဆောင်ငြားအံ့။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သင့်၏။

၂။ စီဝရက္ခန္ဓကအဋ္ဌကထာ၌လည်း–

အန္တာမိကပွိ အာရောပေတုန္တိ အာဂန္တုကပတ္တပွိ ဒါတုံ၊ ဣဒံ ပန အပ္ပဟောနကေ အာရောပေတဗ္ဗံ။ သစေ ပဟောတိ၊ အာဂန္တုကပတ္တံ နဒ္ဓုတိ၊ ဆိန္ဒိတဗ္ဗမေဝ–

ဟု ဖွင့်တော်မူသည်(ဝိ၊၄၊၃။၄၁၀)။ အနက်ယောဇနာပုံကား–

အန္တာမိကပွိ အာရောပေတုန္တိ၊ ဟူသည်ကား။ အာဂန္တုကပတ္တပွိ၊ သလင်းတောင်ကို။ ဒါတုံ၊ ပေးခြင်းငှာ။ ဣဒံ ပန၊ ဤသလင်းတောင်ကို။ အပ္ပဟောနကေ၊ ၂-ထည်

http://www.dhammadownload.com

မဖြတ်ဘဲ ၁-ထည်ဖြတ်၍ ချုပ်ရာတွင် မလောက်သည်၌။ အာရောပေတဗ္ဗံ၊ တင်အပ်၏။ သစေ ပဟောတိ၊ အကယ်၍ လောက်သည် ဖြစ်အံ့။ အာဂန္တုကပတ္တံ၊ သလင်းတောင်သည်။ နံ ဝဋ္ဋတိ၊ မအပ်။ ဆိုနိုင်တဗ္ဗမေဝ၊ ဖြတ်အပ်သည်သာလျှင်တည်း။

အဓိပ္ပါယ်ကား– သင်္ကန်း ၃-ထည်လုံးပင် ပဉ္စဓာဂံးဖြစ်မူ ၅-စပ်,၅-လွှာဖြတ်၍ ချုပ်ရမည်ဟု ရှေးဦးစွာ ခွင့်ပြုတော်မူသည်။

နောက်မှတဖန် ရဟန်း ၁-ပါးသည် ၃-ထည်လုံးဖြတ်၍ ချုပ်ရာ ဖြတ်သည့်အတွက် လျော့၍ မချုပ်လောက်သည်ကို အကြောင်းပြုကာ ၂-ထည်ကို ဖြတ်၍ ၁-ထည်ကို မဖြတ်ဘဲ သုံးဆောင်ရမည်-ဟု ခွင့်ပြုတော်မူပြန်သည်။

ထိုသို့ ၂-ထည်ကိုပင် ဖြတ်၍ချုပ်ရာ ဆုတ်ဖြတ်သည့်အတွက် မလောက်ပြန်ရကား ၁-ထည်ကို ဖြတ်၍ ၂-ထည်ကို မဖြတ်ဘဲ သုံးဆောင်ရမည်-ဟု ခွင့်ပြုတော်မူပြန်သည်။

ထို ၁-ထည်ကိုပင် ဆုတ်ဖြတ်၍ ချုပ်ရာ မလောက်ပြန်၍ သင်္ကန်း ၃-ထည်တို့တွင် ၁-ထည်မျှ မဖြတ်လောက်လျှင် မဖြတ်မူ၍ "အန္တရဘိက"ကို တင်၍ သုံးဆောင်ရမည်-ဟု ခွင့်ပြုတော်မူသောကြောင့် ဆုတ်ဖြတ်၍ ချုပ်သော်လည်း ပြည့်စုံလုံလောက်မူ အန္တရဘိကကို သုံးဆောင်ခြင်းငှာ မအပ်ကုန်။ ဆုတ်ဖြတ်၍သာလျှင် ချုပ်ရမည်-ဟု ပြတော်မူသည်။

၃။ ဝိနယာလင်္ကာရဋီကာ(၂။၃၇၆)၌လည်း–

> **သစေ နပ္ပဟောတိ၊ အာဂန္တုကပတ္တံ** (အာဂန္တုကပဋ္ဋံ) **ဒါတဗ္ဗန္တိ** ဧတ္ထ ယဒိ ဆိန္နိတ္ထာ ကတေ တိဏ္ဏမ္ပိ စီဝရာနံ အတ္ထာယ သာဋကော နပ္ပဟောတိ၊ ဒွေ စီဝရာနိ ဆိန္နကာနိ ကာတဗ္ဗာနိ၊ ဧကံ စီဝရံ အစ္ဆိန္နကံ ကတ္တဗ္ဗံ။ ဒ္ဝီသု စီဝရေသု ဆိန္နိတ္ထာ ကတေသု သာဋကော နပ္ပဟောတိ၊ ဒွေ စီဝရာနိ အစ္ဆိန္နကာနိ၊ ဧကံ စီဝရံ ဆိန္နကံ ကာတဗ္ဗံ။ ဧကသ္မိမ္ပိ စီဝရေ ဆိန္နိတ္ထာ ကတေ သာဋကော နပ္ပဟောတိ၊ ဧဝံ သတိ အစ္ဆိန္နိတ္ထာ အာဂန္တုကပတ္တံ (အာဂန္တုကပဋ္ဋံ) ဒါတဗ္ဗန္တိ အတ္ထော–

ဟု ဆိုတော်မူ၏။

သစေ နပ္ပဟောတိ၊ အာဂန္တုကပတ္တံ ဒါတဗ္ဗန္တိ ဧတ္ထ၊ ၌။ ဆိန္နိတ္ထာ၊ ဖြတ်၍။ ယဒိ ကတေ၊ အကယ်၍ ပြုသည်ဖြစ်အံ့။ တိဏ္ဏမ္ပိစီဝရာနံ၊ ၃-ထည်သောသင်္ကန်းတို့၏လည်း။ အတ္ထာယ၊ အကျိုးငှာ။ သာဋကော၊ ပုဆိုးသည်။ နပ္ပဟောတိ၊ မလောက်။ ဒွေ စီဝရာနိ၊ ၂-ထည်သော သင်္ကန်းတို့ကို။ ဆိန္နကာနိ၊ ဖြတ်သည်တို့ကို။ ကာတဗ္ဗာနိ၊ ပြုအပ်ကုန်၏။ ဧကံ၊ ၁-ထည်သော။ စီဝရံ၊ သင်္ကန်းကို။ အစ္ဆိန္နကံ၊ မဖြတ်ဘဲ။ ကတ္တဗ္ဗံ၊ ပြုအပ်၏။ ဒ္ဝီသု

http://www.dhammadownload.com

စီဝရေသု၊ ၂-ထည်သော သင်္ကန်းတို့ကို။ ဆိန္နိတ္တာ၊ ဖြတ်၍။ ကတေသု၊ ပြုအပ်ကုန်သည်ရှိသော်။ သာဋကော၊ ပုဆိုးသည်။ နပ္ပဟောတိ၊ မလောက်။ ဒွေ စီဝရာနိ၊ ၂-ထည်သော သင်္ကန်းတို့ကို။ အစ္ဆိန္နကာနိ၊ မဖြတ်သည်တို့ကို။ ဝါ၊ မဖြတ်ဘဲ။ ကာတဗ္ဗာနိ၊ ပြုအပ်ကုန်၏။ ဧကံ စီဝရံ၊ ၁-ထည်သောသင်္ကန်းကို။ ဆိန္နကံ၊ ဖြတ်၍။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဧကသ္မိံ စီဝရေ၊ ၁-ထည်သောသင်္ကန်းကိုလည်း။ ဆိန္နိတ္တာ၊ ဖြတ်၍။ ကတေ၊ ပြုအပ်သည်ရှိသော်။ သာဋကော၊ ပုဆိုးသည်။ နပ္ပဟောတိ၊ မလောက်။ ဧဝံ သတိ၊ ဤသို့ မလောက်သည်ရှိသော်။ အစ္ဆိန္နိတ္တာ၊ မဖြတ်မူ၍။ အာဂန္တုကပတ္တံ၊ သလင်းတောင်ကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဣတိ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ အတ္ထော၊ အနက်တည်း။

ထိုသို့လာသော ပါဠို, အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ ယခုကာလ ချုပ်ကြသော သင်္ကန်းမျာ်းမှာ ပြည့်စုံလုံလောက်၍ ချုပ်သည်ဖြစ်၍ အပ်ဖြတ်ရုံနှင့် မအပ်။ **ပဋ္ဌဓက်းဖြစ်မူ ၅-စပ်, ၅-ခု ဆုတ်ဖြတ်၍ ချုပ်မှ အပ်သည်-ဟု မှတ်ရမည်။**

၄။ ဝိနယဝိနိစ္ဆယအဋ္ဌကထာ(နှာ-၁၄)၌လည်း—

တီဏိပိ ဒွေပိ စေကံ ဝါ၊ ဆိန္နိတ္ဗံ ပဟောတိ စေ။
သဗ္ဗေသု အပ္ပဟောန္တေသု၊ ဒေယျမန္ဓာဓိကမ္ပိ ဝါ။
အစ္ဆိန္နံ ဝါ အနာဒိန္နံ၊ ဓာရေန္တဿ တိစီဝရံ။
ဘိက္ခုနော ဒုက္ကဋံ ဝုတ္တံ၊ ဒုဿောဂေန စ သေဝတော—

ဟု ဟောတော်မူသည်။

၅။ ဝိနယဝိနိစ္ဆယဋီကာ(၁။၂၇၃)၌လည်း—

ဆိန္နိတဗ္ဗန္တိ ဝတ္ထာနိ ဆိန္နိတ္တာ သိဗ္ဗေတ္တာ ကာတဗ္ဗံ။ ပဟောတိ စေတိ ဝတ္ထာနိ ဆိန္နိတ္တာ ကရဏော ယဒိ စီဝရဿ ပဟောတိ။ သဗ္ဗေသူတိ တီသု စီဝရေသု။ အပ္ပဟောန္တေသူတိ ဝတ္ထာနံ ဆိန္နိတ္တာ သိဗ္ဗနေ အပ္ပဟောန္တေသု။ အန္ဓာဓိကန္တိ ဝတ္ထေ ဥနာတိရေကံ အပနေတ္တာ အာဂန္တုကပတ္တသဒိသံ အနုဝါတံ စီဝရဿ ပရိယန္တေ, မဇ္ဈေ စ ယထာရဟံ ဒီဃရဿပရိမာဏယုတ္တံ အလ္လိယာပေတဗ္ဗန္တိ ဝုတ္တံ ဟောတိ။

အစ္ဆိန္နံ ဝါတိ ယထာဝုတ္တနယေန အစ္ဆိန္နံ ဝါ။ အနာဒိန္နန္တိ အနာဒိန္နအာဂန္တုကပတ္တံ။ တိစီဝရန္တိ တီသု စီဝရေသု ဧကေကန္တိ ဝုတ္တံ ဟောတိ—

ဟု ဖွင့်တော်မူသည်။

http://www.dhammadownload.com

ပဟောတိ စေ၊ အကယ်၍ လောက်ငြားအံ့။ တီဏိပိ၊ ၃-ထည်လုံးကိုလည်း ကောင်း။ ဒွေပိ စ၊ ၂-ထည်ကိုလည်းကောင်း။ ဧကံ ဝါ၊ ၁-ထည်ကိုလည်းကောင်း။ ဆိန္နိတ္ထံ၊ ဖြတ်အပ်၏။ သဗ္ဗေသု၊ အလုံးစုံသောသင်္ကန်း ၃-ထည်တို့သည်။ အပ္ပဟောန္တေသု၊ ဖြတ်၍ ချုပ်သဖြင့် မလောက်ကုန်သည်ရှိသော်။ အန္တိမံ ဝါ ပိ၊ သလင်းတောင်ကိုလည်း။ ဒေယျ၊ တင်ပေးရာ၏။

အစ္ဆိန္နံ ဝါ၊ မဖြတ်သည်မူလည်းဖြစ်သော။ တိစီဝရံ၊ သင်္ကန်း ၃-ထည်ကိုလည်း ကောင်း။ အနာဒိန္နံ ဝါ၊ မလောက်၍ မဖြတ်လျှင် သလင်းတောင်လည်း မတင်သော။ တိစီဝရံ၊ သင်္ကန်း ၃-ထည်ကိုလည်းကောင်း။ ဓာရေန္တသ၊ ဆောင်သော။ ဘိက္ခုနော၊ ရဟန်းအား။ ဒုက္ကဋံ၊ ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ (ဤကား အဋ္ဌကထာနက်။)

ဆိန္နိတ္ထန္တိ၊ ဟူသည်ကား။ ဝတ္ထာနိ၊ အဝတ်တို့ကို။ ဆိန္နိတ္တာ၊ ဖြတ်၍။ သဗ္ဗေတ္တာ၊ စပ်ချုပ်၍။ ကာတဗ္ဗံ၊ ပြုအပ်၏။ **ပဟောတိ စေတိ**၊ ဟူသည်ကား။ ဝတ္ထာနိ၊ အဝတ်တို့ကို။ ဆိန္နိတ္တာ၊ ဖြတ်၍။ ကရဏေ၊ ပြုခြင်း၌။ စီဝရဿ၊ သင်္ကန်းအား။ ယဒိ ပဟောတိ၊ အကယ်၍ လောက်ငအံ့။ **သဗ္ဗေသူတိ**၊ ဟူသည်ကား။ တီသု စီဝရေသု၊ ၃-ထည်သောသင်္ကန်းတို့သည်။ **အပ္ပဟောန္တေသူတိ**၊ ဟူသည်ကား။ ဝတ္ထာနံ၊ အဝတ်တို့ကို။ ဆိန္နိတ္တာ၊ ဖြတ်၍။ သိဗ္ဗနေန၊ ချုပ်သဖြင့်။ အပ္ပဟောန္တေသု၊ မလောက်ကုန်သည်ရှိသော်။ **အန္တိမကန္တိ**၊ ကား။ ဝတ္ထေ၊ အဝတ်၌။ ဥနာတိရေကံ၊ အယုတ်အလွန်ကို။ အပနေတွာ၊ ပယ်၍။ အာဂန္တုကပတ္တ-သခီတံ၊ အာဂန္တုကအဝတ်-ဟု ဆိုအပ်သော။ အနုဝါတံ၊ အနားပတ်ကို။ စီဝရဿ၊ သင်္ကန်း၏။ ပရိယန္တေ စ၊ အစွန်း၌လည်းကောင်း။ မဇ္ဈေ စ၊ အလယ်၌လည်းကောင်း။ ယထာရုဟံ၊ ထိုက်သည့်အားလျော်စွာ။ ဒီယရဿပရိမာဏယုတ္တံ၊ အရှည်,အတို အတိုင်း အရှည်နှင့် ယှဉ်သည်ကို။ ကတွာ၊ ပြု၍။ အလ္လိယာပေတဗ္ဗံ၊ ကပ်၍ တင်ချုပ်အပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။

အစ္ဆိန္နံ ဝါတိ၊ ကား။ ယထာဝုတ္တနယေန၊ အကြောင် အကြောင် ဆိုအပ်ပြီးသောနည်း ဖြင့်။ အစ္ဆိန္နံ ဝါ၊ မဖြတ်အပ်သော သင်္ကန်းကိုလည်းကောင်း။ **အနာဒိန္နန္တိ**၊ ကား။ အနာဒိန္န-အာဂန္တုကပတ္တံ၊ မတင်အပ်သော သလင်းတောင်ရှိသော။ **တိစီဝရန္တိ**၊ ကား။ တီသု၊ ၃-ထည် ကုန်သော။ စီဝရေသု၊ သင်္ကန်းတို့တွင်။ ဧကေကံ၊ ၁-ထည်ထည်ကို။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဝိနယဝိနိစ္ဆယဋ္ဌကထာအလိုအားဖြင့် မဖြတ်ဘဲ ချုပ်သောသင်္ကန်း၏ ခွေးထိ၍ ပျက်စီးလွယ်သော အစွန်းအနား၌လည်းကောင်း, အလယ်၌လည်းကောင်း, အရှည်,အတို

http://www.dhammadownload.com

ပမာဏနှင့် ယှဉ်သည်ကို ပြု၍ လျော်စွာတင်စပ်၍ ချုပ်အပ်သော အလျားအနားပတ်လယ် အနားပတ်-ဟု ဆိုအပ်သော အာဂန္တုက အထပ်အလွှာသည် "အန္ဓာဓိက"မည်၏ဟု ပြတော်မူသည်။

၆။ ခုဒ္ဒသိက္ခာဋီကာဟောင်း(နှာ-၉၁)၌လည်း-

> အန္ဓာဓိ နာမ အနုဝါတံ ဝိယ သံဟရိတွာ စိဝရဿ ဥပရိ သယ်ာဋ္ဌိအာကာရေန အာရောပေတဗ္ဗံ။ အာဂန္တုကပတ္တန္တိပိ ဝဒန္တိ-

ဟု ဖွင့်တော်မူ၏။

အန္ဓာဓိ နာမ၊ မည်သည်ကား။ အနုဝါတံ ဝိယ၊ အနားပတ်ကဲ့သို့။ သံဟရိတွာ၊ ခေါက်၍။ ဝါ၊ အနားချိုး၍။ စိဝရဿ၊ ချုပ်သောသင်္ကန်း၏။ ဥပရိ၊ အထက်၌။ သယ်ာဋ္ဌိ-အာကာရေန၊ ထပ်၍စပ်သော အခြင်းအရာဖြင့်။ အာရောပေတဗ္ဗံ၊ တင်အပ်သော။ အာဂန္တု-ကပတ္တံ၊ နောက်မှ တင်အပ်သော အထည်တည်း။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။

၇။ ခုဒ္ဒသိက္ခာဋီကာသစ်(နှာ-၂၇၇)၌လည်း-

> အန္ဓာဓိန္တိ အာဂန္တုကပတ္တံ၊ အနု ပစ္ဆာ အာဓိယတီတိ အန္ဓာဓိ၊ ယံ စိဝရဿာပရိ သယ်ာဋ္ဌိအာကာရေန အာရောပေတဗ္ဗံ- ဟု လာသည်။

အန္ဓာဓိန္တိ၊ ဟူသည်ကား။ အာဂန္တုကပတ္တံ၊ နောက်မှတင်သော အလွှာတည်း။ အနု ပစ္ဆာ၊ နောက်၌။ အာဓိယတိ၊ ယူအပ်၏။ ဝါ၊ စပ်အပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အန္ဓာဓိ၊ မည်၏။ ယံ၊ အကြင်အန္ဓာဓိကို။ စိဝရဿ၊ ၏။ ဥပရိ၊ ၌။ သယ်ာဋ္ဌိအာကာရေန၊ စပ်သောအခြင်းအရာဖြင့်။ အာရောပေတဗ္ဗံ၊ တင်အပ်၏။

ထိုဋီကာဆရာတို့၏ အလိုအားဖြင့် ချုပ်သောသင်္ကန်း၏ အထက်၌ နောက်မှ အနားပတ် တင်သကဲ့သို့ ထပ်၍ စပ်ချုပ်သော အလွှာသည် အန္ဓာဓိမည်သည်-ဟု ပြတော်မူသည်။

ထိုဋီကာတို့၌ "စိဝရဿ ဥပရိ"ဟု သာမညဖြင့် ဆိုသော်လည်း ဝိနယဝိနိစ္ဆယ ဋီကာနှင့်လျော်စွာ မြောင်းတရုတ်မှာဖြစ်စေ၊ အလယ်စပ်, အစွန်းအစပ်မှာဖြစ်စေ သင့်ရာ၌ ထပ်၍ စပ်ချုပ်လျှင် အပ်သည်-ဟု မှတ်ရမည်။

ဤသို့လာသော ပါဠို, အဋ္ဌကထာ, ဋီကာတို့ကိုထောက်၍ ယခုအခါ ရှေးဘုန်း, ရှေးကံနှင့် ပြည့်စုံကြသည်ဖြစ်၍ သင်္ကန်းချုပ်သောအခါ မားငယ်-စသည်ဖြင့် ဖြတ်၍ ချုပ်မှ အပ်သည်။ အပ်နှင့်ဖြတ်၍ ချုပ်ရုံမျှနှင့် မအပ်-ဟု သန္နိဋ္ဌာန်ကျ မှတ်ရမည်။

http://www.dhammadownload.com

ထိုသင်္ကန်းကို ဖြတ်၍ ချုပ်သောအခါ '၅-ခဏ်းရှိသောသင်္ကန်းကို ချုပ်ရာ ၅-စပ် မြောင်းရှည်ကို ဖြတ်ရုံမျှနှင့် အပ်ပါမည်လော၊ တရုတ်အိမ်ပါ ဖြတ်ရမည်လော'ဟု ပုစ္ဆာပြုရာ၏။

တရုတ်အိမ်တို့ကို မဖြတ်ဘဲ ၅-စပ်, ၅-လွှာ မြောင်းရှည်ကို ဖြတ်ရုံမျှနှင့် အပ်သည်-ဟု မှတ်ရမည်။

၈။ ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ(၂။၃၇၆)၌–

> တီသု ပန စီဝရေသု ဒွေ ဝါ ဧကံ ဝါ ဆိန္နဿာ ကာတဗ္ဗန္တိ ဧတ္ထ "အနုဇာနာမိ ဘိက္ခဝေ ဆိန္နကံ သဃ်ဂဋိ ဆိန္နကံ ဥတ္တရာသင်္ဂံ ဆိန္နကံ အန္တရဝါသက"န္တိ ဝစနတော ပဉ္စခဏ္ဍာသတ္တခဏ္ဍာဒိဝသေန ဆိန္နဿာဝ ကာတဗ္ဗံ၊ န အစ္ဆိန္နဿာ–

ဟု မိန့်ဆိုတော်မူသည်။

တီသု ပန ။ပ။ ဧတ္ထ၊ ၌။ အနုဇာနာမိ ဘိက္ခဝေ ။ပ။ အန္တရဝါသကန္တိ၊ ဟူ၍။ ဝစနတော၊ စီဝရက္ခန္ဓကၦ ဟောတော်မူသောကြောင့်။ ပဉ္စခဏ္ဍာသတ္တခဏ္ဍာဒိဝသေန၊ ၅-ခဏ်း, ၇-ခဏ်းစသည်တို့၏ အစွမ်းဖြင့်။ ဆိန္နဿာဝ၊ ဖြတ်၍သာလျှင်။ ကာတဗ္ဗံ၊ ပြုအပ်၏။ အစ္ဆိန္နဿာ၊ မဖြတ်မူ၍ကား။ ။ နကာတဗ္ဗံ၊ မပြုအပ်။

ထိုဋီကာ၌ အာဒိသဒ္ဒါဖြင့် ၉-ခဏ်း, ၁၁-ခဏ်း-စသည်တို့ကို ယူလေ။

၉။ ဝိနယဝိနိစ္ဆယအဋ္ဌကထာ(ခ္ဂ-၅၄)၌လည်း–

> **ကုသိ အမုကုသိဿာပိ၊ မဏ္ဍလံ အမုမဏ္ဍလံ။**
> **ဝိဝဋံ့ အနုဝိဝဋံ့၊ ဗာဟန္တမိ စ ဘိက္ခုနော။**
>
> **ဒသေတွာဝ ဝိဓိ သဗ္ဗံ၊ ပဋိကာဒိပဘေဒကံ။**
> **ဆိန္နံ့ သမဏသာရုပ္ပံ၊ ကာတဗ္ဗံ တု တိစီဝရံ–**

ဟူ၍ ဆိုတော်မူ၏။

ကုသိ၊ အလျား, အနံ, အလယ်အားဖြင့် အနားပတ်ရှည်၊ ဝါ၊ တရုတ်လည်းကောင်း။ **အမုကုသိ**၊ အနားပတ်တိုလည်းကောင်း။ ဝါ၊ တရုတ်လည်းကောင်း။ **မဏ္ဍလံ**၊ **အိမ်ဝန်း** လည်းကောင်း။ **အမုမဏ္ဍလံ**၊ **အိမ်ကွဲလည်းကောင်း**။ **ဝိဝဋံ့**၊ **ခေါင်လည်းကောင်း**။ **အနုဝိဝဋံ့**၊ **ခေါင်ရန်လည်းကောင်း**။ **ဗာဟန္တံ့**၊ **လက်လီပ်လည်းကောင်း**။ ကျွတိ၊ ဤသို့။ သဗ္ဗံ၊ အလုံးစုံသော။ ကျွမ် ဝိဓိ၊ ဤအစီအရင်ကို။ ဒသေတွာဝ၊ ပြ၍သာလျှင်။ ဆိန္နံ့၊ ဖြတ်အပ်သော။

http://www.dhammadownload.com

ပဠာကာဒိပဘေဒက်၊ ၅-ခဏ်းစသည် အပြားရှိသော။ သမဏသာရုပ္ပံ၊ ရဟန်းတို့အား လျောက်ပတ်သော။ တိစီဝရံ၊ သင်္ကန်း ၃-ထည်ကို။ ကာတုံ၊ ပြုအပ်၏။

ဤသို့ ဝိနယဝိနိစ္ဆယအဋ္ဌကထာနိဿယ၌ အနက်သမ္ဗန်တော်မူသည်။

၁၀။ ဝိနယဝိနိစ္ဆယဋီကာ(၁။၂၇၄-၅)၌လည်း–

ကုသိန္တိ အာယာမတော စ ဝိတ္ထာရတော စ အနုဝါတံ စီဝရမဿ္မေ တာဒိသမေဝ ဒီယပတ္တဥ္စ။ ဝုတ္တံ ဟေတံ စီဝရက္ခန္ဓကဋ္ဌကထာယံ "ကုသီတိ အာယာမတော စ ဝိတ္ထာရတော စ အနုဝါတာဒိနံ ဒီယပတ္တာနမေတံ အဓိဝစန"န္တိ။ အမုကံသိန္တိ အနုဝါတသဒိသံ စီဝရမဿ္မေ တတ္ထ တတ္ထ ရဿပတ္တံ။ ဝုတ္တမ္ပိ စေတံ "အမုကုသီတိ အန္တရန္တရာ ရဿပတ္တာနံ နာမ"န္တိ။ မဏ္ဍလန္တိ ဧကေကသ္မိံ ခဏ္ဍေ မဟာမဏ္ဍလံ။ ဝုတ္တမ္ပိ စေတံ "မဏ္ဍလန္တိ ပဠခဏ္ဍိကစီဝရဿ ဧကေကသ္မိံ ခဏ္ဍေ မဟာမဏ္ဍလ"န္တိ။ အမုမဏ္ဍလန္တိ မဏ္ဍလဿ အန္တော နိဝေသိယမာနံ ခုဒ္ဒကမဏ္ဍလံ။ ဝုတ္တမ္ပိ စေတံ "အမုမဏ္ဍလန္တိ ခုဒ္ဒကမဏ္ဍလ"န္တိ။ ဝိဝဋန္တိ မဏ္ဍလံ, အမုမဏ္ဍလဉ္စာတိ ဒွေ ကေတော ကတွာ သိဗ္ဗိတံ ဝေမဇ္ဈေ ခဏ္ဍံ။ ဝုတ္တမ္ပိ စေတံ "ဝိဝဋန္တိ မဏ္ဍလဉ္စ အမုမဏ္ဍလဉ္စ ဧကေတော ကတွာ သိဗ္ဗိတံ မဇ္ဈိမခဏ္ဍ (မဇ္ဈိမမဏ္ဍလ)"န္တိ။ အနုဝိဝဋန္တိ မဇ္ဈိမခဏ္ဍသ ဥဘောသု ပသေသု သိဗ္ဗိတံ တထေဝ ဒွိမဏ္ဍလပတ္တံ (ဒွိမဏ္ဍလဝဋ္ဋံ) ခဏ္ဍဒွယံ။ ဝုတ္တမ္ပိ စေတံ "အနုဝိဝဋန္တိ တသ္သ ဥဘောသု ပသေသု ဒွေ ခဏ္ဍာနီ"တိ။ ဗာဟန္တန္တိ တေသံ အနုဝိဝဋ္ဋာနံ ဗာဟိရပသေ သိဗ္ဗိတံ ဗာဟိရခဏ္ဍဒွယံ။ ဝုတ္တမ္ပိ စေတံ "ဗာဟန္တန္တိ တေသံ အနုဝိဝဋ္ဋာနံ ဗဟိ ဧကေကံ ခဏ္ဍ"န္တိ။

ပဠန်ံ သမာဟာရော ပဠကံ၊ ဒသိတပ္ပကာရပဠခဏ္ဍေဟိ သိဗ္ဗိတစီဝရံ ပဠကံ နာမ။ အာဒိသဒ္ဒေန သတ္တခဏ္ဍာဒိဟိ သိဗ္ဗိတစီဝရာနံ ဂဟဏံ–

ဟူ၍လည်းကောင်း၊

ဘိက္ခုနော ကုသိ ။ပ။ ဗာဟန္တမ္ပိ စာတိ ဝိဓိ ဒဿေတွာဝ ဆိန်ံ ပဠကာ-ဒိပဘေဒကံ သမဏသာရုပ္ပံ တိစီဝရံ ကတ္တုန္တိ ယောဇနာ–

ဟူ၍လည်းကောင်း ဖွင့်ဆိုတော်မူ၏။ အနက်ယောဇနာပုံကား–

ကုသိန္တိ၊ ကုသိဟူသည်ကား။ အာယာမတော စ၊ အလျားအားဖြင့်လည်းကောင်း။ ဝိတ္ထာရတော စ၊ အနံအားဖြင့်လည်းကောင်း။ အနုဝါတံ၊ အနားပတ်သည်လည်းကောင်း။ စီဝရမဿ္မေ၊ သင်္ကန်းအလယ်၌။ တာဒိသမေဝ၊ ထိုသို့ သဘောရှိသည်သာ ဖြစ်သော။

http://www.dhammadownload.com

ဒီယပတ္တဉ္စ၊ ရှည်သောအလွှာသည်လည်းကောင်း။ ဟိ သစ္စံ၊ ထိုစကားမှန်၏။ စီဝရက္ခန္ဓက အဋ္ဌကထာယံ၊ ဌိ။ ကုသိတိ ။ပ။ အဓိဝစနန္တိ၊ ဟူ၍။ ဧတံ၊ ဤစကားကို။ ဝုတ္တံ၊ ၏။ (၁)

အမုကုသိန္တိ၊ ဟူသည်ကား။ အနုဝါတသဒိသံ၊ အနားပတ်နှင့် တူသော။ စီဝရမဏ္ဍေ၊ သင်္ကန်းအလယ်၌။ တတ္ထ တတ္ထ၊ ထိုထိုအခရာံး၌။ ရဿပတ္တံ၊ တိုသောအလွှာတည်း။ အမုကုသိတိ ။ပ။ နာမန္တိ၊ ဟူ၍။ ဧတံ၊ ဤစကားကို။ ဝုတ္တမိဿ စ၊ စီဝရက္ခန္ဓကအဋ္ဌကထာ၌ ဆိုအပ်သည်သာတည်း။ (၂)

မဏ္ဍလန္တိ၊ ဟူသည်ကား။ ဧကေကသ္မိံ ခဏ္ဍေ၊ တစ်ခုတစ်ခုသော အခရာံး၌။ မဟာမဏ္ဍလံ၊ ကြီးသောအိမ်ဝန်းတည်း။ မဏ္ဍလန္တိ ပဒ္ဓခဏ္ဍိကစီဝရဿ ဧကေကသ္မိံ ခဏ္ဍေ မဟာမဏ္ဍလန္တိ၊ ဟူ၍။ ဧတံ၊ ဤစကားကို။ ဝုတ္တမိဿ စ၊ စီဝရက္ခန္ဓကအဋ္ဌကထာ၌ ဆိုအပ်သည်သာတည်း။ (၃)

အမုမဏ္ဍလန္တိ၊ ဟူသည်ကား။ မဏ္ဍလဿ၊ ကြီးသောအိမ်ဝန်း၏။ အန္တော၊ အတွင်း၌။ နိဝေသိယမာနံ၊ သွင်းအပ်သော။ ခုဒ္ဒကမဏ္ဍလံ၊ အိမ်ဝန်းငယ်တည်း။ အမုမဏ္ဍ-လန္တိ ခုဒ္ဒကမဏ္ဍလန္တိ၊ ဟူ၍။ ဧတံ၊ ဤစကားကို။ ဝုတ္တမိဿ စ၊ စီဝရက္ခန္ဓက အဋ္ဌကထာ၌ ဆိုအပ်သည်သာတည်း။ (၄)

ဝိဝဋန္တိ၊ ဟူသည်ကား။ မဏ္ဍလဿ၊ အိမ်ဝန်းကြီးကိုလည်းကောင်း။ အမုမဏ္ဍလဿ၊ အိမ်ဝန်းငယ်ကို လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ ၂-ခုတို့ကို။ ဧကတော၊ တပေါင်းတည်း။ ကတွာ၊ ပြု၍။ သိဋ္ဌံ၊ ချုပ်အပ်သော။ ဝေမဇ္ဈေ ခဏ္ဍံ၊ အလယ်စပ်တည်း။ ဝိဝဋန္တိ မဏ္ဍလဿ အမုမဏ္ဍလဿ ဧကတော ကတွာ သိဋ္ဌံ မဇ္ဈိမမဏ္ဍလန္တိ၊ ဟူ၍။ ဧတံ၊ ဤစကားကို။ ဝုတ္တမိဿ စ၊ စီဝရက္ခန္ဓကအဋ္ဌကထာ၌ ဆိုအပ်သည်သာတည်း။ (၅)

အနုဝိဝဋန္တိ၊ ကား။ မဇ္ဈိမမဏ္ဍလဿ၊ အလယ်အိမ်ဝန်း၏။ ဥဘောသု၊ ၂-ဘက်ကုန်သော။ ပဿေသု၊ နံပါးတို့၌။ သိဋ္ဌံ၊ ချုပ်အပ်သော။ တထေဝ၊ ထိုအလယ်အိမ်နှင့် အတူသာလျှင်။ ဒွိမဏ္ဍလပတ္တံ၊ ၂-ခုသော အလွှာဝန်း အဝတ်-ဟု ဆိုအပ်သော။ ခဏ္ဍဒွယံ၊ အစပ် ၂-ခုတည်း။ အနုဝိဝဋန္တိ တဿ ဥဘောသု ပဿေသု ဒွေ ခဏ္ဍာနီတိ၊ ဟူ၍။ ဧတံ၊ ဤစကားကို။ ဝုတ္တမိဿ စ၊ စီဝရက္ခန္ဓကအဋ္ဌကထာ၌ ဆိုအပ်သည်သာတည်း။ (၆)

ဗာဟန္တိ၊ ဟူသည်ကား။ တေသံ တေသံ၊ ထိုထိုသို့သော သဘောရှိကုန်သော။ အနုဝိဝဋာနံ၊ ခေါင်ရန်တို့၏။ ဗာဟိရပဿေ၊ ပြင်ဘက်နံပါး၌။ သိဋ္ဌံ၊ ချုပ်အပ်သော။ ဗာဟိရခဏ္ဍဒွယံ၊ ပြင်ဘက်ဆုံး အခရာံး ၂-ခုတည်း။ ဝါ၊ ပြင်ဘက်လက်လိပ်စပ် ၂-ခု

http://www.dhammadownload.com

တည်း။ ဗာဟန္တန္တိ တေသံ တေသံ အနုဝိဝဏ္ဏာနံ ဗဟိ ဧကေကံ ခဏ္ဍန္တိ၊ ဟူ၍။ ဧတံ၊ ဤစကားကို။ ဝုတ္တမိဒံ စ၊ စီဝရကွန္ဓကအဋ္ဌကထာဌ် ဆိုအပ်သည်သာတည်း။ (၇)

ပဋ္ဌန်၊ ၅-စပ်, ၅-လွှာတို့၏။ သမာဟာရော၊ ပြီးခြင်းသည်။ ပဋ္ဌကံ၊ ပဋ္ဌကမည်၏။ ဒဿိတပဂကာရပဋ္ဌခဏ္ဍောဟိ၊ ပြအပ်သော အခြင်းအရာရှိသော ၅-စပ်, ၅-လွှာတို့ဖြင့်။ သိဒ္ဓိတစီဝရံ၊ ချုပ်အပ်သော သင်္ကန်းသည်။ ပဋ္ဌကံ နာမ၊ ပဋ္ဌကမည်၏။ အာဒိသဒ္ဒေန၊ အာဒိသဒ္ဒါဖြင့်။ သတ္တခဏ္ဍာဒီဟိ၊ ၇-ခဏ်းစသည်တို့ဖြင့်။ သိဒ္ဓိတစီဝရာနံ၊ ချုပ်အပ်သော သင်္ကန်းတို့ကို။ ဂဟဏံ၊ ယူတော်မူ၏။

ကုသိ ။ပ။ ဗာဟန္တမိ စာတိ၊ ဟူ၍။ သဗ္ဗံ၊ အလုံးစုံသော။ ဝိဓိံ၊ အစီအရင်ကို။ ဒဿေတွာဝ၊ ပြ၍သာလျှင်။ ဆိန္နံ၊ ဖြတ်အပ်သော။ ပဋ္ဌကာဒိပဘေဒကံ၊ ၅-ခဏ်း စသည် အပြားရှိသော။ သမဏသာရုပ္ပံ၊ ရဟန်းတို့အား လျော်ပတ်သော။ တီစီဝရံ၊ ကို။ ကတ္တုဉ္စ၊ ပြုအပ်၏။ ဣတိ အယံ၊ ဤသည်လျှင်။ ယောဇနာ၊ ယောဇနာတည်း။

၁၁။ **မဟာဝါအဋ္ဌကထာ၊ ကထိနက္ခန္ဓကအဖွင့်ဌ္ဌလည်း—**

> **အညတြ ပဋ္ဌကေန ဝါ အတိရေကပဋ္ဌကေန ဝါတိ ပဋ္ဌ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ကတွာ မဟာမဏ္ဍလအနုမဏ္ဍလာနိ ဒဿေတွာ ကတေနေဝ ဝဋ္ဋတိ၊ ဧဝံမိ သမဏ္ဍလိကတံ ဟောတိ။ တံ ဌပေတွာ အညေန အစ္ဆိန္နကေန ဝါ ဒွတ္တိ-စတုခဏ္ဍေန ဝါ န ဝဋ္ဋတိ—**

ဟု ဖွင့်တော်မူသည်(ဝိ၊ဋ္ဌ၊၃။၃၉၂)။

အညတြ ပဋ္ဌကေန ဝါ အတိရေကပဋ္ဌကေန ဝါတိ၊ ဟူသည်ကား။ ပဋ္ဌ ဝါ ခဏ္ဍာနိ၊ ၅-ခဏ်းတို့ကိုလည်းကောင်း။ အတိရေကာနိ ဝါ ခဏ္ဍာနိ၊ ပိုလွန်သော အခဏ်းတို့ကို လည်းကောင်း။ ကတွာ၊ ပြု၍။ မဟာမဏ္ဍလအနုမဏ္ဍလာနိ၊ အိမ်ကြီး, အိမ်ငယ်တို့ကို၊ ဝါ၊ အိမ်ရှည်,အိမ်ငယ်တို့ကို။ ဒဿေတွာ၊ ပြ၍။ ကတေနေဝ၊ ပြုအပ်သော သင်္ကန်းဖြင့်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။ ဟိ သစ္စံ၊ ထိုစကားမှန်၏။ ဧဝံ၊ ဤသို့ပြုအပ် သည်ရှိသော်။ သမဏ္ဍလိကတံ၊ အိမ်ကြီး, အိမ်ငယ်နှင့်တကွ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုသင်္ကန်းကို။ ဌပေတွာ၊ ထား၍။ အညေန၊ တပါးသော။ အစ္ဆိန္နကေန၊ မဖြတ်အပ် သော သင်္ကန်းဖြင့်လည်းကောင်း။ ဒွတ္တိစတုခဏ္ဍေန ဝါ၊ ၂-ခဏ်း, ၃-ခဏ်း, ၄-ခဏ်း ချုပ်အပ်သော သင်္ကန်းဖြင့်လည်းကောင်း။ န ဝဋ္ဋတိ၊ မအပ်။

http://www.dhammadownload.com

ဤသို့လာသော အဋ္ဌကထာ,ဋီကာတို့တွင် ဝိနယဝိနိစ္ဆယအဋ္ဌကထာ၌ ကုသိ, အမုကုသိ, မဏ္ဍလ, အမုမဏ္ဍလ, ဝိဝဋ္ဋ, အနုဝိဝဋ္ဋ, ဗာဟန္တ-အားဖြင့် ပဉ္စခဏ်းချုပ်သော သင်္ကန်း၏ အခြင်းအရာကို "ဒသေတ္တာ"သဒ္ဒါဖြင့် ဆို၍ ပဉ္စခဏ္ဍာစသော အခဏ်း အစပ်ကိုသာ "ဆိန္နံ"သဒ္ဒါဖြင့် ဆိုတော်မူသည်။

ကထိနက္ခန္ဓကအဋ္ဌကထာ၌လည်း- မဏ္ဍလ, အမုမဏ္ဍလ-စသည်တို့ကို "ဒသေတ္တာ" သဒ္ဒါဖြင့် ဆို၍ ပဉ္စခဏ္ဍာစသည်တို့သာ အပ်သည်၊ ဒွိခဏ္ဍ တိခဏ္ဍ စတု-ခဏ္ဍာသည် မအပ်-ဟူ၍ အစပ်အရာကို "ခဏ္ဍ"သဒ္ဒါဖြင့် ပြတော်မူသည်။

ဝိနယဝိနိစ္ဆယဋီကာ၌လည်း- ကုသိ, အမုကုသိ-စသည်ကို "ဒဿိတပုကာရ" သဒ္ဒါဖြင့်ဆို၍ ပဉ္စကအရာမှာ "ခဏ္ဍ"သဒ္ဒါဖြင့် ပြတော်မူသည်။

ဝိမတိဝိနောဒနိဋီကာ(၂။၁၉၃)၌လည်း- "ပဉ္စကန္တိ ပဉ္စခဏ္ဍံ"ဟု ၅-လွှာကိုသာ ခဏ္ဍ-သဒ္ဒါဖြင့် ပြတော်မူသည်။

ဝဇိရဗုဒ္ဓိဋီကာ၌လည်း- "ပဉ္စခဏ္ဍာနံ ပဋ္ဋာနံ ပမာဏံ အဿာတိ ပဉ္စကံ"ဟု ၅-ခု စပ်ရာကိုသာ ခဏ္ဍ-သဒ္ဒါဖြင့် ပြတော်မူသည်။

၁၂။ ကထိနက္ခန္ဓကပါဠိတော်၌လည်း-

> နံ အညတြ ပဉ္စကေန ဝါ အတိရေကပဉ္စကေန ဝါ တဒဟေဝ သည္ဍေန္နေန သမဏ္ဍလိကတေန အတ္ထတံ ဟောတိ ကထိနံ-(ဝိ၊၄၊၃။၃၅၃)

ဟု ဟောတော်မူသည်။

ပဉ္စက,အတိရေကပဉ္စကကိုသာ ရည်၍ "သည္ဍေန္နေန"ဟု ဟောတော်မူသည်။ မဏ္ဍလ, အမုမဏ္ဍလ စသည်ကို ရည်၍ "သမဏ္ဍလိကတေန"ဟု ဟောတော်မူသည်။

၁၃။ ထို့ကြောင့် မာတိကာအဋ္ဌကထာ၌-

> တဒဟေဝ ပဉ္စ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ဆိန္နိတ္တာ သံဃာဋိ ဝါ ဥတ္တရာသင်္ဂေါ ဝါ အန္တရဝါသကော ဝါ ကာတဗ္ဗော-(ကခီ။၄။၁၅၂)

ဟု လာသည်။ ထိုအဋ္ဌကထာ၌လည်း ပဉ္စခဏ္ဍာ, သတ္တခဏ္ဍာ-စသည်တို့ကိုသာ"ဆိန္နိတ္တာ" သဒ္ဒါဖြင့် ပြတော်မူသည်။

http://www.dhammadownload.com

၁၄။ **ဝိနယတ္ထမဇ္ဈူသာဠီကာဒ်လည်း–**

တဒဟေဝါတိ တသ္မိံ ယေဝ ဒိဝသေ။ ပဌ ဝါ အတိရေကာနိ ဝါ ဆိန္နိတ္တာတိ ယထာ ပဌခဏ္ဍိကာဒီနံ သံယာဠိအာဒီနံ တိဏ္ဏံ စီဝရာနံ အညတရပ္ပဟောနကာနိ မဟာမဏ္ဍလအမုမဏ္ဍလာဒိဝသေန ပဌ ခဏ္ဍာနိ ဝါ အတိရေကာနိ ဝါ သတ္တာဒိ-ခဏ္ဍာနိ ဟောန္တိ၊ ဧဝံ ဆိန္နိတ္တာ–

ဟု ဖွင့်တော်မူသည်(က၁။ဋီ-သစ်။၂၇၆)။

ထိုဋီကာဒ်လည်း "**ပဌ ခဏ္ဍာနိ သတ္တာဒိခဏ္ဍာနိ**"တို့ကိုသာ ဆိန္နိတ္တာ၏ ကံပုဒ် အရဖြင့် ပြတော်မူသည်။

၁၅။ **ခုဒ္ဒသိက္ခာနိဿယသစ်ဒ်လည်း–**

နာ ဘိက္ခဝေ သဗ္ဗံ အစ္ဆိန္နကံ ဓာရေတဗ္ဗံ– ဒ် သဗ္ဗဆိန္န ဖြစ်အောင် အိမ်ကြီး, အိမ်ငယ် တရုတ်မြောင်း အနားပတ် ဖြတ်ကောင်းသမျှ အလုံးစုံကို ဖြတ်၍ချည်း အချို့စီရင်ကြကုန်၏။ ကာလ, ဒေသ, ပမာဏကို မသိခြင်းမှတပါး ထိုသူတို့၏ ဒုဂ္ဂတိတဂ္ဂါဟ အကြောင်းမရှိပြီ။ ဇီဝကလျှသော အနံ ၈-တောင်၊ အလျား ၁၆-တောင်ရှိသော သင်္ကန်းလျှာကဲ့သို့ အနံကြီး, အလျားရှည်သည်ရှိသော် ဒုကူဋ်စသည် ဖြင့်သာ မဖြတ် မသုံးဆောင်ဘဲ ဒုကူဋ်စသည်၌ အယုတ်ဆုံး ပဌခဏ်းမျှသော်လည်း ဖြတ်၍ သုံးဆောင်စိမ့်သောငှာ ယခင်သိက္ခာပုဒ်ကို ပညတ်တော်မူသည်။ ဤကဲ့သို့ ပြည့်စုံလုံလောက်အောင် မရသောကြောင့် "အနုဇာနာမိ ဘိက္ခဝေ ဒွေ ဆိန္နကာနိ ဧကံ အစ္ဆိန္နကံ" စသည်ဖြင့် ခွင့်ပြုတော်မူသည်–

ဟု ဆိုတော်မူသည်။

ဤသို့လာသော ပါဠို, အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ ကထိန်သင်္ကန်းကို ဖြစ်စေ၊ တပါးသောသင်္ကန်းကို ဖြစ်စေ ပဌခဏ်းဖြစ်မူ ဝိဝဋ္ဋ, အနုဝိဝဋ္ဋ, ဗာဟန္တ-ဟု ဆိုအပ်သော ၅-စပ်, ၅-လွှာကိုသာ ဓားငယ်စသည်တို့ဖြင့် ဖြတ်အပ်သည်။

မဟာမဏ္ဍလ, အမုမဏ္ဍလ, ကုသိ, အမုကုသိ-ဟု ဆိုအပ်သော အိမ်ကြီး,အိမ်ငယ်, မြောင်းတရုတ် (ဝါ) တရုတ်မြောင်း ချုပ်ရိုး-ဟူသမျှကို ဓားငယ်-စသည်ဖြင့် မဖြတ်အပ်ကုန်။

ထို့ကြောင့် ဧကစ္စီ, သင်းပိုင်မှာ ပဌခဏ်းဖြစ်မူ မြောင်းချုပ်စပ်ရိုး ၅-ချောင်းမှာ အပ်ဖြတ် မအပ်ဟု မှတ်ရမည်။ သင်္ကန်းကြီးမှာ ပဌခဏ်းဖြစ်မူ မြောင်းရှည်မှာ အပ်ဖြတ် မအပ်ဟု မှတ်ရမည်။

http://www.dhammadownload.com

ဤသို့လျှင် ရဟန်းတော် ခွင်ကလျာဏ လျှောက်ထားချက်ကို ညောင်ပင်မြို့၊ ထိမ်တောကျောင်း၌ သီတင်းသုံးနေသော တေဇဝန္တအမည်ရှိသော မထေရ်မြတ် ဆုံးဖြတ် အပ်သည်။

✪ ✪ ✪ ✪ ✪

အခွင်ဇောတ၏ ဝိနယပုစ္ဆာများ

ညောင်ပင်မြို့၊ ကျွန်းပင်ကုန်းကျောင်း ခွင်ဇောတ လျှောက်ထားပါသည်ဘုရား။

(၁) ဝါဆိုပြီးသောရဟန်းတို့မှာ ဝါတွင်း၌ သတ္တာဟကိစ္စဖြင့် ဝါပန်၍ သွားအပ်သော အရာကို ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့် အသေအချာရေးသား၍ ပေးတော်မူပါမည့် အကြောင်း လျှောက်ထားပါသည်ဘုရား။

(၂) သီတင်းသုံးဖော် ၅-ယောက်မှတပါး အခြားသူတို့နှင့် ကယဝိကွယပြုရာ အပ်, မအပ်သော အခြင်းအရာကိုလည်း အသေအချာ သိမှတ်ပါရအောင် ရေးသား၍ ပေးတော် မူပါမည့်အကြောင်း လျှောက်ထားပါသည်ဘုရား။

(၃) ပရိဏာမိတသိက္ခာပုဒ်အရာကိုလည်း အသေအချာရေးသား၍ ပေးတော် မူပါမည့်အကြောင်း လျှောက်ထားပါသည်ဘုရား။

ထိမ်တောဆရာတော်၏ ဝိနယဝိသဇ္ဇနာများ

အခွင်ဇောတ လျှောက်ထားချက်အရကို ပြဆိုအံ့။

[၂၃၉] ဝါပန်အပ်သော ကိစ္စများ

အမှတ် (၁) ပုစ္ဆာအဖြေ

ပထမပုစ္ဆာမှာ-

၁။ အနုဇာနာမိ ဘိက္ခဝေ သတ္တာဟံ သတ္တာဟကရဏီယေန ပဟိတော ဂန္တုံ၊ နတ္ထေဝ အပ္ပဟိတော။ ဘိက္ခုဿ ဘိက္ခုနိယာ သိက္ခမာနာယ သာမဏေရဿ သာမဏေရိယာ ဥပါသကဿ ဥပါသိကာယ။ အနုဇာနာမိ ဘိက္ခဝေ ဣမေသံ

http://www.dhammadownload.com

သတ္တန္နံ သတ္တာဟကရဏီယေန ပဟိတေ ဂုန္နံ၊ နာ တွေဝ အပွဟိတေ။ သတ္တာဟံ သန္နိဝတ္တော ကာတဗ္ဗော– (ဝိ၃။၁၉၄)

ဟူ၍ လည်းကောင်း၊

အနုဇာနာမိ ဘိက္ခဝေ သတ္တန္နံ သတ္တာဟကရဏီယေန အပွဟိတေပိ ဂန္နံ၊ ပဂေဝ ပဟိတေ၊ ဘိက္ခုဿ ဘိက္ခုနိယာ ဘိက္ခမာနာယ သာမဏေရဿ သာမဏေရိယာ မာတုယာ စ ပိတုဿ စ။ အနုဇာနာမိ ဘိက္ခဝေ ဣမေသံ သတ္တန္နံ သတ္တာဟကရဏီယေန အပွဟိတေပိ ဂန္နံ၊ ပဂေဝ ပဟိတေ၊ သတ္တာဟံ သန္နိဝတ္တော ကာတဗ္ဗော– (ဝိ၃။၂၀၅)

ဟူ၍ လည်းကောင်း မဟာဝါပါဠိတော်၊ ဝဿူပနာယိကက္ခန္ဓကဋ္ဌ ဟောတော်မူသည်။

ဘိက္ခဝေ၊ တို့။ သတ္တန္နံ၊ ၇-ဦးသောသူတို့အား၊ ဝါ၊ တို့၏။ သတ္တာဟကရဏီယေန၊ သတ္တာဟကိစ္စဖြင့်။ ပဟိတေ၊ စေသည်ရှိသော်။ ဂန္ထံ၊ သွားခြင်းငှာ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ အပွဟိတေ၊ မစေသည်ရှိသော်။ ဂန္ထံ၊ ငှာ။ နာ တွေဝ အနုဇာနာမိ၊ ခွင့်ပြုတော်မမူ။ ဘိက္ခုဿ၊ ရဟန်းယောကျ်ား၏လည်းကောင်း။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမ၏လည်းကောင်း။ သိက္ခမာနာယ၊ သိက္ခမာန်၏လည်းကောင်း။ သာမဏေရဿ၊ သာမဏေယောကျ်ား၏လည်းကောင်း။ သာမဏေရိယာ၊ သာမဏေမိန်းမ၏လည်းကောင်း။ ဥပါသကဿ၊ ယောကျ်ား၏လည်းကောင်း။ ဥပါသိကာယ၊ မိန်းမ၏လည်းကောင်း။ ဘိက္ခဝေ၊ တို့။ သတ္တန္နံ၊ ၇-ဦးကုန်သော။ ဣမေသံ၊ ဤသူတို့၏။ သတ္တာဟကရဏီယေန၊ ဖြင့်။ ပဟိတေ၊ စေသည်ရှိသော်။ ဂန္ထံ၊ ငှာ။ အနုဇာနာမိ၊ ၏။ အပွဟိတေ၊ မစေသည်ရှိသော်။ နာ တွေဝ အနုဇာနာမိ၊ ခွင့်ပြုတော်မမူ။ သတ္တာဟံ၊ ၇-ရက်၌။ သန္နိဝတ္တော၊ ပြန်ခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။

ဘိက္ခဝေ၊ တို့။ သတ္တန္နံ၊ တို့၏။ သတ္တာဟကရဏီယေန၊ ဖြင့်။ အပွဟိတေပိ၊ မစေသော်လည်း။ ဂန္ထံ၊ ငှာ။ အနုဇာနာမိ၊ ၏။ ပဟိတေ၊ စေသည်ရှိသော်။ ပဂေဝ၊ အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ ဘိက္ခုဿ၊ ၏လည်းကောင်း။ ဘိက္ခုနိယာ၊ ၏လည်းကောင်း။ သိက္ခမာနာယ၊ ၏လည်းကောင်း။ သာမဏေရဿ၊ ၏လည်းကောင်း။ သာမဏေရိယာ၊ ၏လည်းကောင်း။ မာတုယာ စ၊ ၏လည်းကောင်း။ ပိတုဿ စ၊ ၏လည်းကောင်း။ ဘိက္ခဝေ၊ တို့။ သတ္တန္နံ၊ ၇-ဦးကုန်သော။ ဣမေသံ၊ ဤသူတို့၏။ သတ္တာဟကရဏီယေန၊ ဖြင့်။ အပွဟိတေပိ၊ မစေသော်လည်း။ ဂန္ထံ၊ ငှာ။ အနုဇာနာမိ၊ ၏။ ပဟိတေ၊ စေသည်ရှိသော်။ ပဂေဝ၊ အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ သတ္တာဟံ၊ ၇-ရက်၌။ သန္နိဝတ္တော၊ ပြန်လာခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။

http://www.dhammadownload.com

အဓိပ္ပါယ်ကား– ရဟန်းယောကျ်ား, ရဟန်းမိန်းမ, သိက္ခမာန်, သာမဏေယောကျ်ား, သာမဏေမိန်းမ, အမိ,အဘအားဖြင့် ဤ ၇-ဦးသောသူတို့၏ အမှုကိစ္စကို ငဲ့၍ မပင့်ဖိတ်သော်လည်း ဝါပန်၍ သွားအပ်သည်။ ကြွင်းသောလူတို့၏ ကိစ္စကို ငဲ့၍ မပင့်မဖိတ်ဘဲ မသွားအပ်။ ပင့်ဖိတ်မှသာ ဝါပန်၍ သွားအပ်သည်။ ၇-ရက်အတွင်း ပြန်လာရမည် ဟူလို။

၂။ **မဟာဝါအဋ္ဌကထာ၊ ဝဿူပနာယိကက္ခန္ဓကအဖွင့်ဦးလည်း–**

ဘိက္ခု ဂိလာနော ဟောတိ၊ အနဘိရတိ ဥပ္ပန္နာ ဟောတိ၊ ကုက္ကုစ္စံ ဥပ္ပန္နံ ဟောတိ၊ ဒိဋ္ဌဂတံ ဥပ္ပန္နံ ဟောတိ၊ ဂရုဓမ္မံ အဇ္ဈာပန္နော ဟောတိ ပရိဝါသာရဟော၊ မူလာယ ပဋိကဿနာရဟော ဟောတိ၊ မာနတ္တာရဟော၊ အဗ္ဘာနာရဟော၊ သံယော ကမ္မံ ကတ္တုကာမော ဟောတိ၊ ကတံ ဝါ သံယေန ကမ္မံ ဟောတိတိ ဧတေဟိ ဒသဟိ ကာရဏေဟိ ဘိက္ခုဿ သန္တိကံ ဂန္တ္ဗွံ–

ဟူ၍ လည်းကောင်း၊

သာမဏေရဿာပိ ဆဟိ, အာဒိတော စတူဟိ, ဝဿံ ပုစ္ဆိတုကာမော ဥပသမ္ပဒိတုကာမော ဟောတိတိ။ သာမဏေရိယာ ဥပသမ္ပဒံ အပနေတွာ သိက္ခာပဒံ ဒါတုကာမော ဟောတိတိ ဣမိနာ သဒ္ဒေါ ပဉ္စဟိ။ ပရတော မာတာပိတူနံ အနုညာတဋ္ဌာနေပိ ဧသေဝ နယော–

ဟူ၍ လည်းကောင်း ဖွင့်တော်မူသည်။

ဘိက္ခု၊ ရဟန်းသည်။ ဂိလာနော၊ နာသည်။ ဟောတိ၊ ဖြစ်၏။ အနဘိရတိ၊ မမွေလော်သောစိတ်သည်။ ဥပ္ပန္နာ၊ ဖြစ်သည်။ ဟောတိ၏။ ကုက္ကုစ္စံ၊ ဝိနည်း၌ သို့လော, သို့လော တွေးတောယုံမှားခြင်း သံသယသည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ ၏။ ဒိဋ္ဌဂတံ၊ မှားသောအယူသည်။ ဥပ္ပန္နံ၊ စိတ်၌ ဖြစ်ပေါ်လာသည်။ ဟောတိ၊ ဖြစ်၏။ ဂရုဓမ္မံ၊ အပြစ်ကြီးလေးသော သံဃာဒိသိသ် အာပတ်သို့။ အဇ္ဈာပန္နော၊ လွန်ကျူးသော အားဖြင့်ရောက်သည်။ ဟောတိ၊ ဖြစ်၏။ ပရိဝါသာရဟော၊ ပရိဝါသ်ကျင့်ခြင်းငှာ ထိုက်သည်။ ဟောတိ၊ ၏။ မာနတ္တာရဟော၊ မာနတ်ကျင့်ထိုက်သည်။ ဟောတိ၊ ၏။ အဗ္ဘာနာရဟော၊ အဗ္ဘာန်ထိုက်သည်။ ဟောတိ၊ ဖြစ်၏။ သံယော၊ သံဃာသည်။ ကမ္မံ၊ ကံကို။ တဿ၊ ထိုရဟန်းအား။ ကတ္တုကာမော၊ ပြုလိုသည်။ ဟောတိ၊ ဖြစ်၏။ သံယေန၊ သံဃာသည်။ ကမ္မံ၊ ကံကို။ တဿ၊ ထိုရဟန်းအား။ ကတံ ဝါ၊ ပြုသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒသဟိ၊ ၁၀-ပါးကုန်သော။ ဧတေဟိ ကာရဏေဟိ၊ ထိုအကြောင်းတို့ကြောင့်။ ဘိက္ခုဿ၊ ရဟန်း၏။ သန္တိကံ၊ အထံသို့။ ဂန္တ္ဗွံ၊ မပင့်သော်လည်း ဝါပန်၍ သွားအပ်၏။

http://www.dhammadownload.com

သာမဏေရသာပိ၊ သာမဏေ၏လည်း။ အာဒိတော၊ အစမှ။ စတူဟိ၊ ၄-ပါး သော ဂိလာန, အနဘိရတိ, ကုက္ကုစ္စ, ဒိဋ္ဌဂတတို့ကြောင့်လည်းကောင်း။ ဝဿံ၊ ဝါကို။ ပုစ္ဆိတုကာမော၊ မေးလိုသည်။ ဟောတိ၊ ဖြစ်၏။ ဥပသမ္ပဒိတုကာမော၊ ရဟန်းခံလိုသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဆဟိ၊ ၆-ပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ သန္တိကံ၊ အထံသို့။ ဂန္တုံ၊ မပင့်သော်လည်း သွားအပ်၏။ သာမဏေရိယာ၊ သာမဏေ မိန်းမအား။ သန္တိကံ၊ အထံသို့။ ဂန္ဒာ၊ သွား၍။ ဥပသမ္ပဒံ၊ ရဟန်းပဉ္စင်းအဖြစ်ကို။ အပနေတွာ၊ ၍။ သိက္ခာပဒံ၊ ကို။ ဒါတုကာမော၊ ပေးလိုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဣမိနာ၊ ဤအကြောင်းနှင့်။ သဒ္ဒိ၊ တကွ။ ပဥ္စဟိ၊ ၅-ပါးသောအကြောင်းတို့ကြောင့်။ ဂန္တုံ၊ သွားအပ်၏။ ပရတော၊ နောက်မှ။ မာတာပိတူနံ၊ အမိ, အဘတို့အား။ အနုညာတဌာနေပိ၊ ခွင့်ပြုသောအရာ၌လည်း။ ဧသေဝ နယော၊ ဤသာမဏေမိန်းမနှင့် အတူသာတည်း။

၃။ ဓမ္မသဝနတ္ထာယ အနိမန္တိတေန ဂန္တုံ နဝဋ္ဋတိ။ သစေ ဧကသ္မိံ မဟာဝါသေ ပဋမံယေဝ ကတိကာ ကတာ ဟောတိ "အသုကဒိဝသံ နာမ သန္နိပတိတဗ္ဗ"န္တိ၊ နိမန္တိတောယေဝ နာမ ဟောတိ၊ ဂန္တုံ ဝဋ္ဋတိ။ "ဘဏ္ဍကံ ဓောဝိဿာမီ"တိ ဂန္တုံ နဝဋ္ဋတိ။ သစေ ပန အာစရိယုပဇ္ဈာယာ ပဟိဏန္တိ၊ ဝဋ္ဋတိ။ နာတိဒူရေ ဝိဟာရော ဟောတိ၊ တတ္ထ ဂန္ဒွာ အဇ္ဇေဝ အာဂမိဿာမီတိ သမ္ဘာပုဏိတုံ နသက္ကောတိ၊ ဝဋ္ဋတိ။ ဥဒ္ဒေသပရိပုစ္ဆာဒီနံ အတ္ထာယပိ ဂန္တုံ နဝဋ္ဋတိ။ အာစရိယံ ပဿိဿာမီတိ ပန ဂန္တုံ လဘတိ။ သစေ ပန နံ အာစရိယော "အဇ္ဇ မာ ဂဆ"တိ ဝဒတိ၊ ဝဋ္ဋတိ– (ဝိ၊၄၊၃။၃၅၁-၂)

ဟု ဝဿူပနာယိကက္ခန္ဓကအဋ္ဌကထာ၊ ပါဠိမုတ္တကဝိနိစ္ဆယ၌ လာသည်။

ဓမ္မဿဝနတ္ထာယ၊ တရားနာခြင်းငှာ။ အနိမန္တိတေန၊ မပင့်ခေါ်သဖြင့်။ ဂန္တုံ၊ ဝါပန်၍သွားခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ ဧကသ္မိံ မဟာဝါသေ၊ ကျောင်းတိုက်ကြီးတစ်တိုက်၌။ ပဋမံယေဝ၊ ရှေးဦးစွာသောနေ့ကလျှင်။ အသုကဒိဝသံ နာမ၊ ဤမည်သောနေ့၌။ သန္နိပတိတဗ္ဗံ၊ စည်းဝေးအပ်၏။ ဣတိ၊ ဤသို့။ ကတိကာ၊ ကတိကဝတ်ကို။ ကတာ၊ ပြုအပ်သည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ နိမန္တိတောယေဝ နာမ၊ ပင့်ခေါ်အပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဂန္တုံ၊ ဝါပန်၍ သွားခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဘဏ္ဍကံ၊ အဝတ်သင်္ကန်းကို။ ဓောဝိဿာမီတိ၊ ဖွပ်လျှော်အံ့ဟူ၍။ ဂန္တုံ၊ ဝါပန်၍သွားခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ အာစရိယုပဇ္ဈာယာ၊ ဆရာ, ဥပဇ္ဈာယ်တို့သည်။ သစေ ပန ပဟိဏန္တိ၊ အကယ်၍ စေခိုင်းကုန်အံ့။ ဝဋ္ဋတိ၊ အပ်၏။ နာတိဒူရေ၊ မဝေးသောအရပ်၌။ ဝိဟာရော၊ ကျောင်းသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုကျောင်းသို့။ ဂန္ဒွာ၊ သွား၍။ အဇ္ဇေဝ၊ ယနေ့သာလျှင်။ အာဂမိ-

http://www.dhammadownload.com

သာမိ၊ ပြန်ခဲ့အံ့။ ဣတိ၊ ဤသို့။ ဂန္ဒာ၊ သွား၍။ သမ္မာပုဏိတုံ၊ ပြန်လာ၍ အရုဏ်ကို မိခြင်းငှာ။ နံ သဒ္ဒေါတိ၊ မစွမ်းနိုင်။ ဝဋ္ဋတိ၊ အပ်၏။ ဥဒ္ဒေသပရိပုစ္ဆာဒီနံ၊ ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်း စသည်တို့၏။ အတ္ထာယပိ၊ အကျိုးငှာလည်း။ ဂန္တုံ၊ သွားခြင်းငှာ။ နံ ဝဋ္ဋတိ၊ မအပ်။ အာစရိယံ၊ ဆရာ, ဥပဇ္ဈာယ်ကို။ ပဿိဿာမိ၊ ဖူးမြင်အံ့။ ဣတိ၊ ဤသို့။ ဂန္တုံ ပန၊ သွားခြင်းငှာကား။ လဘတိ၊ ရ၏။ နံ၊ ထိုတပည့်ကို။ အာစရိယော၊ ဆရာသည်။ အဇ္ဇ၊ ယနေ့။ မာ ဂဆ၊ မပြန်သွားလင့်။ ဣတိ၊ ဤသို့။ သစေ ဝဒတိ၊ အကယ်၍ဆိုအံ့။ ဝဋ္ဋတိ၊ နေခြင်းငှာ အပ်၏။

ထိုအဋ္ဌကထာ၌ "ဓမ္မသဝနတ္ထာယ အနိမန္တိတေန ဂန္တုံ နံ ဝဋ္ဋတိ"ဟူသော ပါဠိကို ထောက်၍ ဘုရားကို ဖူးမြော်လို၍ မပင့်မခေါ်ဘဲ ဝါပန်၍ မသွားအပ်ဟု မှတ်ရမည်။

"သစေ ပန အာစရိယုပဇ္ဈာယာ ပဟိဏန္တိ၊ ဝဋ္ဋတိ" ဟူသော ပါဠိကို ထောက်၍ ဆရာ, ဥပဇ္ဈာယ်တို့က စေခိုင်းမူ အမှုခပ်သိမ်းပင် ဝါပန်၍ သွားအပ်သည်-ဟု မှတ်။ တရားနာခြင်း, ဘုရားဖူးခြင်းငှာ မပင့်ခေါ်ဘဲ၊ ကတိကဝတ် အစည်းအဝေးမရှိဘဲ ဝါပန်၍ သွားမူ ဝါဖျက်သည်။ ဒုက္ကဋ်အာပတ်လည်း သင့်သည်ဟု မှတ်။

၄။ ထို့ကြောင့် တေရသကဏ်ဋီကာ၌–

> အနိမန္တိတေန ဂန္တုံ နံ ဝဋ္ဋတီတိ ဧတ္ထ အနိမန္တိတဿာ သတ္ထာဟကိစ္စံ အဓိဋ္ဌဟိတွာ ဂစ္ဆန္တဿာပိ ဝဿစ္ဆေဒေါ နတ္ထိ ဒုက္ကဋဉ္စ ဟောတီတိ ဝေဒိတဗ္ဗံ-

ဟု ဆိုတော်မူ၏(သာရတ္ထ၊ဥ။ ၂၈၂)။

ပါဠိတော်၌လာသော ဝါကို ဖျက်အပ်သော အန္တရာယ်ရှိသော်လည်း ဝါကို မဖျက်ဘဲ သတ္ထာဟကိစ္စကို ဆောင်၍ ဝါပန်သဖြင့် သွားအပ်သည်ဟု မှတ်။

၅။ ထို့ကြောင့် တေရသကဏ်ဋီကာ၌–

> သစေ ဒူရံ ဂတော ဟောတိ၊ သတ္ထာဟဝါရေန အရုဏော ဥဋ္ဌာပေတဗ္ဗောတိ ဣမိနာ ဝဿစ္ဆေဒကာရဏော သတိ သတ္ထာဟကရဏီယေန ဂန္တုံ ဝဋ္ဋတီတိ ဒီပေတိ– (သာရတ္ထ၊ဥ။ ၂၈၃)

ဟု မိန့်တော်မူ၏။ **ဝဇိရဗုဒ္ဓိဋီကာ**(နှာ-၄၆၈), **ဝိနယဝိနိစ္ဆယဋီကာ**(၂။၂၀၃)တို့၌လည်း နည်းတူပင် လာသည်။

ပါဠိတော်၌လာသော ဝါကို ဖျက်၍ အပြစ်မရှိသော အန္တရာယ်အကြောင်းကို အနည်းငယ်ထုတ်၍ အဓိပ္ပါယ်ဖော်ပြအံ့။

http://www.dhammadownload.com

၆။ ဣမ ပန ဘိက္ခဝေ ဝဿူပဂတာ ဘိက္ခူ ဝါဠေဟိ ဥဗ္ဘာဠာ ဟောန္တိ၊ ဂဏှန္တိပိ ပရိပါတေန္တိပိ။ ဧသေဝ အန္တရာယောတိ ပဏ္ဏမိတဗ္ဗံ၊ အနာပတ္တိ ဝဿစ္ဆေဒဿ။

ဝါဆိုရာကျောင်း၌ ခြင်္သေ့, သစ်, ကျား-အစရှိသော သားရဲသတ္တဝါတို့ နှိပ်စက်မူ ထိုအန္တရာယ်ကို အကြောင်းပြုသဖြင့် ဝါကို ဖျက်၍ သွားအပ်သည်ဟု မှတ်။

၇။ ဣမ ပန ဘိက္ခဝေ ဝဿူပဂတာ ဘိက္ခူ သရီသပေဟိ ဥဗ္ဘာဠာ ဟောန္တိ၊ ဆုံသန္တိပိ ပရိပါတေန္တိပိ။ ဧသေဝ အန္တရာယောတိ ပဏ္ဏမိတဗ္ဗံ၊ အနာပတ္တိ ဝဿစ္ဆေဒဿ။

ဝါဆိုသောကျောင်း၌ စပါးကြီးမွှေ-အစရှိသော မွှေတို့နှိပ်စက်မူ ထိုအန္တရာယ်ကို အကြောင်းပြုသဖြင့် ဝါကို ဖျက်၍ သွားအပ်သည်ဟု မှတ်။

၈။ ဣမ ပန ဘိက္ခဝေ ဝဿူပဂတာ ဘိက္ခူ စောရေဟိ ဥဗ္ဘာဠာ ဟောန္တိ၊ ဝိလုမ္ပန္တိပိ အာကောဋေန္တိပိ။ ဧသေဝ အန္တရာယောတိ ပဏ္ဏမိတဗ္ဗံ၊ အနာပတ္တိ ဝဿစ္ဆေဒဿ။

ဝါဆိုသောကျောင်း၌ ခိုးသူတို့ နှိပ်စက်မူ ထိုအန္တရာယ်ကို အကြောင်းပြုသဖြင့် ဝါကိုဖျက်၍ သွားအပ်သည်ဟု မှတ်။

၉။ ဣမ ပန ဘိက္ခဝေ ဝဿူပဂတာ ဘိက္ခူ ပိသာစေဟိ ဥဗ္ဘာဠာ ဟောန္တိ၊ အာဝိသန္တိပိ ဟနန္တိပိ။ ဧသေဝ အန္တရာယောတိ ပဏ္ဏမိတဗ္ဗံ၊ အနာပတ္တိ ဝဿစ္ဆေဒဿ။

ဝါဆိုကျောင်း၌ မြေဖုတ်ဘီလူး, သရဲသဘက်တို့ နှိပ်စက်မူ ဝါကို ဖျက်၍ သွားအပ်သည်ဟု မှတ်။

၁၀။ ဣမ ပန ဘိက္ခဝေ ဝဿူပဂတာနံ ဘိက္ခူနံ ဂါမော အဂ္ဂိနာ ဒဍ္ဎော ဟောတိ၊ ဘိက္ခူ ပိဏ္ဍကေန ကိလမန္တိ။ ဧသေဝ အန္တရာယောတိ ပဏ္ဏမိတဗ္ဗံ၊ အနာပတ္တိ ဝဿစ္ဆေဒဿ။

ဝါဆိုသောရဟန်းတို့၏ ဆွမ်းခံရွာကို မီးလောင်၍ ဆွမ်းရှားပါးသည်ရှိသော် ထိုင်တ်မွတ်ခြင်းသည် အန္တရာယ်ဟု ဝါဖျက်၍ သွားအပ်၏။

၁၁။ ဣမ ပန ဘိက္ခဝေ ဝဿူပဂတာနံ ဘိက္ခူနံ သေနာသနံ အဂ္ဂိနာ ဒဍ္ဎံ ဟောတိ၊ ဘိက္ခူ သေနာသနေန ကိလမန္တိ။ ဧသေဝ အန္တရာယောတိ ပဏ္ဏမိတဗ္ဗံ၊ အနာပတ္တိ ဝဿစ္ဆေဒဿ။

ဝါဆိုသောရဟန်းတို့၏ ကျောင်းကို မီးလောင်၍ နေရာမရှိသော် အန္တရာယ်ဟု သဘောထား၍ ဝါဖျက်ကာ သွားအပ်၏။ ဆွမ်းခံရွာကို ရေဖျက်ခြင်း, ကျောင်းကို ရေဖျက်ခြင်းတို့၌လည်း နည်းတူပင် ဟောတော်မူ၏။

http://www.dhammadownload.com

၁၂။ တေန ခေါ ပန သမယေန အညတရသ္မိံ အာဝါသေ ဝဿူပဂတာနံ ဘိက္ခူနံ ဂါမော စောရေဟိ ဝုဋ္ဌာတိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ ယေန ဂါမော၊ တေန ဂန္တုန္တိ။

ဝါဆိုသောရဟန်းတို့၏ ဆွမ်းခံရွာသည် ခိုးသူနှိပ်စက်၍ ဝေးရာအရပ်သို့ ပြောင်းသွားမူ ထိုရွာ ရွှေ့ပြောင်းရာသို့ လိုက်သွားပြီးလျှင် ၇-ရက် ၁-ကြိမ် ကျောင်းသို့ပြန်၍ အရုဏ်ခံရမည်။ ထိုသို့ မတတ်စွမ်းနိုင်ခဲ့မူ ထိုရွာရွှေ့ပြောင်းရာ၌သာ နေအပ်၏ဟု မှတ်။

၁၃။ ဣဓ ပန ဘိက္ခဝေ ဝဿူပဂတာ ဘိက္ခူ န လဘန္တိ လူခဿ ဝါ ပဏီတဿ ဝါ ဘောဇနဿ ယာဝဒတ္ထံ ပါရိပူရိံ။ ဧသေဝ အန္တရာယောတိ ပဏ္ဏမိတပ္ပံ၊ အနာပတ္တိ ဝဿစ္ဆေဒဿ။

ဝါဆိုသော ရဟန်းတို့သည် ဆွမ်းရှားပါး၍ မစားလောက်သော် အန္တရာယ်ဟု သဘောထား၍ ဝါဖျက်ကာ သွားအပ်၏။

၁၄။ ဣဓ ပန ဘိက္ခဝေ ဝဿူပဂတာ ဘိက္ခူ လဘန္တိ လူခဿ ဝါ ပဏီတဿ ဝါ ဘောဇနဿ ယာဝဒတ္ထံ ပါရိပူရိံ၊ န လဘန္တိ သပ္ပါယာနိ ဘောဇနာနိ။ ဧသေဝ အန္တရာယောတိ ပဏ္ဏမိတပ္ပံ၊ အနာပတ္တိ ဝဿစ္ဆေဒဿ။

ဝါဆိုသော ရဟန်းတို့သည် ဆွမ်းဘောဇဉ် ပြည့်စုံလုံလောက်စွာရသော်လည်း လျောက်ပတ်သော ဘောဇဉ်ကို မရသည်ဖြစ်အံ့၊ ထိုမရခြင်းပင် အန္တရာယ်ဟု သဘောထား၍ ဝါဖျက်ကာ သွားအပ်သည်ဟု မှတ်။

၁၅။ ဣဓ ပန ဘိက္ခဝေ ဝဿူပဂတာ ဘိက္ခူ လဘန္တိ လူခဿ ဝါ ပဏီတဿ ဝါ ဘောဇနဿ ယာဝဒတ္ထံ ပါရိပူရိံ၊ လဘန္တိ သပ္ပါယာနိ ဘောဇနာနိ၊ န လဘန္တိ သပ္ပါယာနိ ဘေသဇ္ဇာနိ။ ဧသေဝ အန္တရာယောတိ ပဏ္ဏမိတပ္ပံ၊ အနာပတ္တိ ဝဿစ္ဆေဒဿ။

ဝါဆိုသောရဟန်းတို့သည် ဘေးဥပဒ်ကင်းသော ဆွမ်းဘောဇဉ်ကို စားသောက်လောက်အောင်ရသော်လည်း အနာရောဂါနှင့် လျောက်ပတ်သောဆေးကို မရသည် ရှိသော် ထိုဆေးကို မရခြင်းပင် အန္တရာယ်ဟု သဘောထား၍ ဝါဖျက်ကာ သွားအပ်သည်ဟု မှတ်။

၁၆။ ဣဓ ပန ဘိက္ခဝေ ဝဿူပဂတာ ဘိက္ခူ လဘန္တိ လူခဿ ဝါ ပဏီတဿ ဝါ ဘောဇနဿ ယာဝဒတ္ထံ ပါရိပူရိံ၊ လဘန္တိ သပ္ပါယာနိ ဘောဇနာနိ၊ လဘန္တိ သပ္ပါယာနိ ဘေသဇ္ဇာနိ၊ န လဘန္တိ ပဋိရူပံ ဥပဋ္ဌာကံ။ ဧသေဝ အန္တရာယောတိ ပဏ္ဏမိတပ္ပံ၊ အနာပတ္တိ ဝဿစ္ဆေဒဿ။

http://www.dhammadownload.com

ဝါဆိုသောရဟန်းတို့သည် ဆွမ်းဘောဇဉ် ပြည့်စုံအောင်ရ၍ လျော်ပတ်သော ဆေးကို မှီဝဲရသော်လည်း လျော်ပတ်သော အလုပ်အကျွေးကို မရသည်ရှိသော် ထိုအလုပ်အကျွေးကို မရခြင်းသည်ပင် အန္တရာယ်-ဟု သဘောထား၍ ဝါဖျက်ကာ အရပ်တပါးသို့ ဖဲသွားအပ်သည်ဟု မှတ်။

ဤသို့ မဟာဝါပါဠိတော် ဝဿူပနာယိကက္ခန္ဓက(၀။၃။၂၀၇-၈)၌ လာသည့်အတိုင်း ဝါဆိုသော ရဟန်းသည် အန္တရာယ်ရှိမူ ဝါကို ဖျက်၍ သွားခြင်း၌ အပြစ်မရှိကြောင်းကို မှတ်လေ။

ထိုသို့ပင် ဝါကိုဖျက်၍ သွားအပ်သော အန္တရာယ်ရှိသော်လည်း ဝါကို မဖျက်လိုမူ ဝါကို ပန်၍ သင့်ရာအရပ်၌နေလျက် ၇-ရက်, ၁-ကြိမ် ဝါဆိုသောကျောင်း၌ အရုဏ်ခဲ့၍ သော်လည်း နေအပ်သည်။

၁၇။ ထို့ကြောင့်–

ဝဿစ္ဆေဒကာရဏေ သတိ သတ္တာဟကရဏီယေန ဂန္တ္ဗွိ ဝဋ္ဋတိ–

ဟု **ဋီကာဆရာ** မိန့်တော်မူသည်(၀။၆။၃။၂၈၃)။

ဝဿစ္ဆေဒကာရဏေ၊ ပါဠိတော်၌ လာသော ဝါဖျက်ခြင်း အကြောင်းသည်။ သတိ၊ ရှိသော်။ သတ္တာဟကရဏီယေန၊ ၇-ရက် ပြုဖွယ်ကိစ္စဖြင့်။ ဂန္တ္ဗွိ၊ ဝါပန်၍ သွားခြင်းငှာလည်း။ ဝဋ္ဋတိ၊ အပ်၏။

ဤကား ပထမပုစ္ဆာ၌ အကျဉ်းမှတ်ရန် အဖြေတည်း။

✪ ✪ ✪ ✪ ✪

[၂၄၀] ကယဝိကွယပြုကြပုံ

အမှတ် (၂) ပုစ္ဆာအဖြေ

ဒုတိယပုစ္ဆာမှာ–

၁။ ကယ နာမ ပရဘဏ္ဍဿ ဂဟဏံ။ ဝိကွယ နာမ အတ္တနော ဘဏ္ဍဿ ဒါနံ–

ဟု **လီနတ္ထပကာသနီဋီကာ**(က၌။ဋီ-သစ်။၃၂၄), **တေရသကဏ်ဋီကာ**(သာရတ္ထ၊၂။၄၂၂)တို့၌ ဆိုသောကြောင့် သူတပါး၏ ကပ္ပိယပစ္စည်းကို ယူခြင်းသည် "ကယ"မည်၏။ မိမိ၏ ကပ္ပိယပစ္စည်းကို သူတပါးအား ပေးခြင်းသည် "ဝိကွယ"မည်၏ဟု မှတ်။

http://www.dhammadownload.com

၂။ ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌လည်း–

ကယနံ ကယော၊ ကိန္တံ၊ ပရဘက္ခာသ ဂဟဏံ။ ဝိက္ကယနံ ဝိက္ကယော၊ သကဘက္ခာသ ဒါနံ။ ဣဓ ဝိသဒ္ဒါ ပဋိသေဓေ ဝတ္တတိ–

ဟု ဆိုတော်မူ၏။

သူတပါး ကပ္ပိယပစ္စည်းကိုယူ၍ မိမိကပ္ပိယပစ္စည်းကို ပေးခြင်းသည် "ကယ-ဝိက္ကယ"မည်၏ဟု မှတ်။

အမှာ။ ။ကယဝိက္ကယပုဒ်အကျယ်ကို ထေရသကဏ်ဋီကာ(သာရတ္ထ၂။၄၂၅-၆)မှာ ရှုလေ။

၃။ ထိုကယဝိက္ကယကို–

အယံ ဟိ ကယဝိက္ကယော ဒွပေတ္တာ ပဉ္စ သဟဓမ္မိကေ အဝသေသေဟိ ဂိဟိပဋိဇေတေဟိ အန္တမသော မာတာပိတူဟိပိ သဒ္ဓိံ နာ ဝဋ္ဋတိ–(ဝိ၊ဋ၊၂။၂၇၉)

ဟုလာသော ကယဝိက္ကယသိက္ခာပုဒ်အဖွင့် အဋ္ဌကထာကို ထောက်၍ ရဟန်းယောက်ျား၊ ရဟန်းမိန်းမ၊ သာမဏေယောက်ျား၊ သာမဏေမိန်းမ၊ သိက္ခမာန်အားဖြင့် သီတင်းသုံးဖော်၅-ဦးမှတပါး အယုတ်ဆုံး အောက်ထစ်အားဖြင့် လူ, ပရိုဠိဇ်ရဟန်း, အမိ, အဘတို့နှင့် သော်လည်း မရောင်းမဝယ်အပ်။

၄။ ကယဝိက္ကယဖြစ်ပုံကိုလည်း–

ဣမိနာ ဣမံ ဒေဟိ၊ ဣမံ အာဟရ၊ ပရိဝတ္တေဟိ၊ စေတာပေဟီတိ ဣမိနာ နယေန ပရဿ ကပ္ပိယဘဏ္ဍံ ဂဏှန္တော ကယံ သမာပဇ္ဇတိ။ အတ္တနော ကပ္ပိယ-ဘဏ္ဍံ ဒေန္တော ဝိက္ကယံ သမာပဇ္ဇတိ– (ကင်၊ဋ၊၁၇၇)

ဟုလာသော မာတိကာအဋ္ဌကထာကို ထောက်၍ ဤပိတ်ဖြင့် ဤသင်္ဃန်းဓားကို လဲယူမည်။ ဤသင်္ကန်းဟောင်းဖြင့် ဤစာအုပ်ကို လဲမည်။ ဤကော်ဇောဖြင့် (ဤ)မျက်မှန်လဲမည် အစရှိသည်ဖြင့် မအပ်သော အပြောအဆိုနှင့် ကပ္ပိယပစ္စည်းအချင်းချင်းပင် လဲလှယ်သော်လည်း ကယဝိက္ကယဖြစ်၏ဟု မှတ်။

၅။ ကယဝိက္ကယမဖြစ်အောင် လဲယူလိုသည်ရှိသော်–

ယဿ ဟတ္ထတော ဘဏ္ဍံ ဂဏှိတုကာမော ဟောတိ၊ တံ ဒွပေတ္တာ အညံ အန္တမသော တဿေဝ ပုတ္တဘာတုကမ္ပိ ကပ္ပိယကာရကံ ကတ္တာ "ဣမိနာ ဣဒံ နာမ ဂဟေတ္တာ ဒေဟိ"တိ အာစိက္ခန္တဿ, "ဣဒံ အမှာကံ အတ္ထိ၊ အမှာကဉ္စ

http://www.dhammadownload.com

ဣမိနာ စ ဣမိနာ စ အတ္ထော"တိ ဧဝံ ဝတ္တာ အတ္တနော ဓနေန လဒ္ဓံ ဂဏှန္တဿ အနာပတ္တိ–(ကခ်ီ။၄။၁၇၇)

ဟုလာသော မာတိကာအဋ္ဌကထာကို ထောက်၍ မိမိတို့၏ ကပ္ပိယဒါယကာ လူငယ်မရှိမူ ပရိက္ခရာကို လဲသောသူ၏ နောက်ကပါသော သားသည် ဘယ်သူမဆို "ဤသင်္ကန်းဟောင်း ဖြင့် ကတ်ကြေးကို လဲပေးပါ" စသည်ပြော၍ စေခိုင်းခြင်းဖြင့်လည်းကောင်း၊ ကပ္ပိယကို မခိုင်းဘဲ ကိုယ်တိုင်လဲလိုမူ "ငါ့မှာတော့ သင်္ကန်းဟောင်း ၁-ထည် ရှိသည်၊ အသုံးမဝင် အပိုဖြစ်၏၊ ငါကတော့ ကတ်ကြေး ၁-လက် လိုချင်သည်"ဟု ပရိယာယ် စကားသုံး၍ ပြောရမည်။ ထိုအခါ ပရိက္ခရာလဲသူက ပါးနပ်လိမ္မာစွာ လဲယူသွားသော် ကယဝိက္ကယ မဖြစ်၊ အပ်သည်ဟု မှတ်။

၆။ ကပ္ပိယမရှိ၍ ရဟန်းကိုယ်တိုင်လဲရာ၌–

ဘိက္ခဝေ ပါထေယျတဏ္ဍုလာ ဟောန္တိ၊ သော အန္တရာမဂ္ဂေ ဘတ္တဟတ္ထံ ပုရိသံ ဒိသွာ "အမှာကံ တဏ္ဍုလာ အတ္ထိ၊ နံ စ နော ဣမေဟိ အတ္ထော၊ ဘတ္တေန ပန အတ္ထော"တိ ဝဒတိ။ ပုရိသော တဏ္ဍုလေ ဂဟေတွာ ဘတ္တံ ဒေတိ၊ ဝဋ္ဋတိ–

ဟု လာသော ကယဝိက္ကယသိက္ခာပုဒ်အဋ္ဌကထာကို ထောက်လေ။ (ဝိ၊၄၊၂။၂၈၀)

အဓိပ္ပါယ်ကား– ရိက္ခာအဖြစ် ဆန်ပါလာသော ခရီးသွားရဟန်းသည် လမ်းခရီး၌ ထမင်းထုပ်ပါလာသော ယောက်ျားကို မြင်၍ "ဒကာ၊ ငါ့မှာ ရိက္ခာဆန်ပါသည်၊ ဆန်ကို ငါတို့အလိုမရှိ၊ ထမင်းကိုသာ အလိုရှိသည်"ဟု ပြောရာ ဒါယကာက လိမ္မာစွာနှင့် ရဟန်း၏ ဆန်ကို ယူ၍ သူ့တွင်ပါလာသော ထမင်းထုပ်ကို ကပ်လှူသော် အပ်သည်ဟု မှတ်ရမည်။ ထို့ကြောင့် ပရိက္ခရာလဲသူတို့လာရာ ကပ္ပိယဒါယကာ မရှိသော်လည်း တန်ဖိုးကို မေး၍ မဆစ်မတွက်ဘဲ "ဤသင်္ကန်း ငါ့မှာ ရှိသည်။ ကတ်ကြေးကိုတော့ အလိုရှိ၏"ဟု ပြောရာ ပရိက္ခရာလဲသူက သင်္ကန်းဟောင်းကို ယူ၍ ကတ်ကြေးကို လှူမူ အပ်၏။

၇။ ဣဒံ ကိ အဂ္ဃတီတိ ဧဝံ အဂ္ဃံ ပုစ္ဆန္တဿ အနာပတ္တိ–(ကခ်ီ။၄။၁၇၇)

ဟု လာသော မာတိကာအဋ္ဌကထာကို ထောက်၍ "ဤဝတ္ထုသည် အဘယ်မျှ အဖိုးတန်သနည်း"ဟု အဖိုးကို မေးအပ်သည်။ ထိုအခါ ၁-ကျပ်တန်သောဝတ္ထုကို ၂-ကျပ်ပြောဆို မှန်းသိလျှင် "သင့်ပစ္စည်းသည် ငါတို့ပစ္စည်းနှင့်မတန်၊ ငါတို့ပစ္စည်းက အဖိုးတန်သည်၊ သင့်၏ ပစ္စည်းကို သူတပါးအားသာ လဲပေတော့"ဟု ပြောဆိုရာ ပရိက္ခရာလဲသူက တန်လောက်သော အဖိုးကို ပြင်၍ပြောမှ ကပ္ပိယအား အလဲခိုင်းရာ အပ်သည်။

http://www.dhammadownload.com

အဖိုးကို မေးခြင်းရာ ၁-ကျပ်တန်ကို ၂-ကျပ်တန်ဟု ပြောလျှင် "သင့်ပစ္စည်း ၂-ကျပ် မတန်၊ ၁-ကျပ်, ၁-မတ်သာ တန်သည်၊ ၁-ကျပ်, ၁-မတ်နှင့် လဲနိုင်လျှင် လဲမည်"ဟု ဆိုရာ ပရိက္ခရာသည်က ရှိပါစေတော့ဆိုမှ ကပ္ပိယကို ယူပေးစေရာ မအပ်ဟု မှတ်။

၈။ ထို့ကြောင့် ကယဝိတ္ထယသိက္ခာပုဒ် အဋ္ဌကထာ၌–

> **အဋ္ဌံ ပုစ္ဆာတီတိ** "အယံ တဝ ပတ္တော ကိံ အဂ္ဃတီ"တိ ပုစ္ဆတိ။ "ဣမံ နာမာ"တိ ဝုတ္တေ ပန သစေ တဿ ကပ္ပိယဘဏ္ဍံ မဟဋ္ဌံ ဟောတိ၊ ဧဝဉ္စ နံ ပဋိဝဒတိ "ဥပါသက, မမ ဣဒံ ဝတ္ထုံ မဟဋ္ဌံ၊ တဝ ပတ္တံ အညဿ ဒေဟီ"တိ၊ တံ သုတ္ဝာ ဣတရော "အညံ ထာလကမိဿ ဒဿာမီ"တိ ဝဒတိ၊ ဂဏှိတုံ ဝဋ္ဋတိ။ "ဣဒံ အမှာကံ အတ္ထိ"တိ ဝုတ္တလက္ခဏေ ပတတိ– (ဝိ၊၄၊၂။၂၈၀)

ဟု ဆိုတော်မူ၏။

အဋ္ဌံ ပုစ္ဆာတီတိ၊ ဟူသည်ကား။ တဝ၊ သင်၏။ အယံ ပတ္တော၊ ဤသပိတ်သည်။ **ကိံ အဂ္ဃတိ**၊ အဘယ်မျှ အဖိုးထိုက်တန်သနည်း။ ဣတိ ပုစ္ဆတိ၊ ဤသို့ မေး၏။ ဣမံ နာမာတိ၊ ဤမျှလောက် ထိုက်တန်၏ဟု။ ဝုတ္တေ ပန၊ ဆိုအပ်သော်ကား။ တဿ(အတ္တနော)၊ ထိုမိမိ၏။ ကပ္ပိယဘဏ္ဍံ၊ အပ်သောပစ္စည်းဝတ္ထုသည်။ မဟဋ္ဌံ၊ အဖိုးများစွာ ထိုက်တန်သည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဧဝဉ္စ၊ ဤသို့လည်း။ နံ၊ ထိုဒါယကာကို။ ပဋိဝဒတိ၊ တဖန် တုံ့ပြန်၍ဆိုအံ့။ ဥပါသက၊ ဥပါသကာ။ မမ၊ ငါ၏။ ဣဒံ ဝတ္ထု၊ ဤပစ္စည်းသည်။ မဟဋ္ဌံ၊ အဖိုးများစွာ ထိုက်တန်၏။ တဝ၊ သင်၏။ ပတ္တံ၊ သပိတ်ကို။ အညဿ၊ သူတပါးအား။ ဒေဟိ၊ ပေးလော့။ ဣတိ ဝဒတိ၊ ဤသို့ ဆိုအံ့။ တံ၊ ထိုစကားကို။ သုတ္ဝာ၊ ကြား၍။ ဣတရော၊ ဥပါသကာသည်။ အညံ ထာလကမိဿ၊ ရွာခြားခွက်ကိုလည်း။ ဒဿာမိ၊ ပေးအံ့။ ဣတိ ဝဒတိ၊ ဤသို့ ဆို၏။ ဂဏှိတုံ၊ ယူခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဣဒံ အမှာကံ အတ္ထိတိ ဝုတ္တလက္ခဏေ၊ ဤဥစ္စာ ငါ့မှာ ရှိ၏-ဟူ၍ ဆိုသောလက္ခဏာ၌။ ပတတိ၊ ကျရောက်၏။ ဝါ၊ အတွင်းဝင်၏။

အကြင်ရဟန်းသည် အမှုလုပ်သောသူကို ခေါ်၍ "ဤထမင်းကို စား၍ ဤကျောင်း၌ မြက်သုတ်သင်လော့၊ မြက်သုတ်သင်ရမည်"ဟု ဆို၍ ထမင်းကို ကျွေး၏။ "ဤပိတ်စကို ဤဆန်ကို ယူ၍ ဤအမှုကို ပြုရမည်"ဟု ဆို၍ ပေး၏။ ဤသို့ ရှေ့နောက် ဖြစ်သောစကား, ကြိယာကို စပ်စေ၍ စေခိုင်းရာ, ပေးရာတို့၌ ကယဝိတ္ထယ ဖြစ်သည်ဟု မှတ်။

'ဤထမင်းကို စားလော့၊ စားပြီးမှ ဤကျောင်း၌ မြက်သုတ်သင် ရှင်းလင်းလော့'၊ သုတ်သင်ရမည်ဆို၍ ထမင်းကို ကျွေး၏။ 'ဤပိတ်, ဤဆန်ကို ယူလော့'၊ ယူ၏၊ ယူရလတ္တံ့။

http://www.dhammadownload.com

'ဤအမှုကို ပြုလော့၊ ပြုရမည်'ဟု ဆို၍ ပိတ်ကို, ဆန်ကို ပေး၏။ ဤသို့ ရှေ့နောက် ဖြစ်သော စကား, ကြိယာကို မစပ်စေမူ၍ စေခိုင်းရာ, ပေးရာတို့၌ ကယဝိက္ကယ မဖြစ်-ဟု မှတ်။

၉။ ထို့ကြောင့် ကယဝိက္ကယသိက္ခာပုဒ် အဋ္ဌကထာ၌–

သစေ ပန "ဣမံ ဘတ္တံ ဘုဉ္ဇိတွာ ဣမံ ဂရောထာ"တိ န ဝဒတိ၊ "ဣမံ ဘတ္တံ ဘုဉ္ဇ၊ ဘုတ္တောသိ၊ ဘုဉ္ဇိဿသိ၊ ဣမံ နာမ ကရောဟီ"တိ ဝဒတိ၊ ဝဋ္ဋတိ–

ဟု (ဝိ၊၄။၂၈၀) ဆိုတော်မူ၏။

သစေ ပန၊ အကယ်၍ကား။ ဣမံ ဘတ္တံ၊ ဤထမင်းကို။ ဘုဉ္ဇိတွာ၊ စား၍။ ဣမံ၊ ဤအမှုကို။ ကရောထ၊ ပြုလော့။ ဣတိ၊ ဤသို့။ န ဝဒတိ၊ မဆို။ ဣမံ ဘတ္တံ၊ ဤထမင်းကို။ ဘုဉ္ဇ၊ စားလော့။ တံ့၊ သင်သည်။ ဘုတ္တောသ၊ စားပြီးသည်။ အသိ၊ ဖြစ်၏။ တံ့၊ သင်သည်။ ဘုဉ္ဇိဿသိ၊ စားရလတ္တံ့။ ဣမံ နာမ၊ ဤအမည်ရှိသော အမှုကိစ္စကို။ ကရောဟိ၊ ပြုလော့။ ဣတိ ဝဒတိ၊ ဤသို့ ဆို၏။ ဝဋ္ဋတိ၊ အပ်၏။

အဓိပ္ပါယ်သော်ကား– 'ဤထမင်းကို စား၍ ဤအမှုကို ပြုလော့'ဟု ဆိုခြင်းသည် 'ဤဝတ္ထုဖြင့် ဤဝတ္ထုကို ပေးလော့'ဟု ဆိုသကဲ့သို့ ရှေ့နောက်စကား, ကြိယာစပ်သောကြောင့် ကယဝိက္ကယဖြစ်သည်ဟု ပြတော်မူ၏။

၁၀။ ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ(၁။၁၁၆)၌–

ဣဒံ ဘတ္တံ ဘုဉ္ဇိတွာ ဣဒံ ကရောထာတိ ဝုတ္တေ ပုဗ္ဗာပရသမ္ဗန္ဓာယ ကိရိယာယ ဝုတ္တတ္တာ "ဣမိနာ ဣဒံ ဒေဟီ"တိ ဝုတ္တသဒိသံ ဟောတိ–

ဟု ဆိုတော်မူ၏။

ကယဝိက္ကယပြု၍ ရသောပစ္စည်းကို ဝိနည်းကံဖြင့် ပြုမူ အပ်သေးသည်ဟု မှတ်။

၁၁။ ထို့ကြောင့် မာတိကာအဋ္ဌကထာ၌–

တံ နိဿဂ္ဂိယံ ဟောတိ။ ဝုတ္တလက္ခဏဝသေန သံယဂဏပုဂ္ဂလေသု ယဿ ကဿစိ နိဿဇ္ဇိတ္ဗံ– (ကင်္ခာ၁။၁၇၇)

ဟု ဆိုတော်မူ၏။

တံ၊ ထိုကယဝိက္ကယဖြစ်အောင် လဲယူသော ပစ္စည်းသည်။ နိဿဂ္ဂိယံ၊ စွန့်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဝုတ္တလက္ခဏဝသေန၊ ဆိုအပ်ပြီးသော ဝိနည်းကံ လက္ခဏာ၏

http://www.dhammadownload.com

အစွမ်းဖြင့်။ သံယဂဏပုဂ္ဂလေသု၊ သံယာ,ဂိဏီး,ပုဂ္ဂိုလ်တို့တွင်။ ယဿ ကဿစိ၊ အမှတ်မထား တပါးပါးသောသူအား။ နိဿဇ္ဇိတပ္ပဲ၊ စွန့်အပ်၏။

ရွှေ့ ငွေတို့ဖြင့် လဲလှယ်ဝယ်ယူအပ်သော ပစ္စည်းကို ဝိနည်းကံဖြင့် စွန့်သော်လည်း မအပ်ဟု မှတ်လေ။

၁၂။ ထို့ကြောင့် **မာတိကာအဋ္ဌကထာ၌–**

> တံ ပုရိမနယာနုသာရေနေဝ သံယမဿေ့ နိဿဇ္ဇိတပ္ပဲ၊ နိဿဋ္ဌဝတ္ထုသ္မိဉ္စ တတ္ထ ဝုတ္တနယေနေဝ ပဋိပဇ္ဇိတပ္ပဲ– (က၁။ဋ္ဌ။၁၇၆)

ဟု ဆိုတော်မူ၏။

တံ၊ ထိုနိဿဂ်ိဝတ္ထု, ဒုက္ကဋ်ဝတ္ထုတို့ဖြင့် လဲလှယ်ဝယ်ယူအပ်သော သင်္ကန်းစသော ကပ္ပိယပစ္စည်းကို။ ပုရိမနယာနုသာရေနေဝ၊ ရွှေ့ငွေကို အလှူခံသော ရှေ့ရှုပိယသိက္ခာပုဒ်၌ လာသောနည်းကို အစဉ်မြီးသဖြင့်သာလျှင်။ သံယမဿေ့၊ သံယာ့အလယ်၌။ နိဿဇ္ဇိတပ္ပဲ၊ စွန့်အပ်၏။ နိဿဋ္ဌဝတ္ထုံ စ၊ စွန့်သောဝတ္ထုကိုလည်း။ တတ္ထ၊ ထိုရှုပိယပဋိဂ္ဂါဟကသိက္ခာပုဒ်၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်သောနည်းဖြင့်သာလျှင်။ ပဋိပဇ္ဇိတပ္ပဲ၊ ကျင့်အပ်၏။

ကယဝိက္ကယသိက္ခာပုဒ်မှာ ကပ္ပိယပစ္စည်းချင်း လဲလှယ်ဝယ်ယူခြင်းကို မြစ်ပယ်တော်မူသည်။ ရှုပိယသံဝေါဟာရသိက္ခာပုဒ်မှာ နိဿဂ်ိယဝတ္ထု, ဒုက္ကဋ်ဝတ္ထု, ကပ္ပိယဝတ္ထု ၃-ပါးတို့ဖြင့် လဲလှယ်ဝယ်ယူခြင်းကို ပယ်မြစ်တော်မူ၏။ ကယဝိက္ကယသိက္ခာပုဒ်၌ ကယဝိက္ကယ လွတ်အောင် လဲလှယ်ဝယ်ယူမူ အပ်သကဲ့သို့ ရှုပိယသံဝေါဟာရသိက္ခာပုဒ်၌ မရအပ်ဟု မှတ်ရမည်။

၁၃။ ထို့ကြောင့် **ဝိမတိဝိနောဒနီဋီကာ၌–**

> ပတ္တံ ကိဏာတီတိ ဧတ္ထ "ဣမိနာ ကဟာပဏာဒိနာ ကမ္မာရကုလတော ပတ္တံ ကိဏိတွာ ဧဟီ"တိ အာရာမိကာဒီဟိ ကိဏာပနမ္ပိ သင်္ကိတန္တိ ဝေဒိတပ္ပံ။ပ။ ဣမိနာ ပန ဝစနေန ယံ မာတိကာဋ္ဌကထာယံ ရှုပိယသံဝေါဟာရသိက္ခာပဒံ "အနာဏတ္တိက"န္တိ ဝုတ္တံ၊ တံ နာ သမေတိ။ နာ ကေဝလဉ္စ ဣမိနာ၊ ပါဠိယာပိ တံ နာ သမေတိ။ ပါဠိယဉ္စိ နိဿဋ္ဌရှုပိယေန အာရာမိကာဒီဟိ သပ္ပိယာဒိံ ပရိဝတ္တာပေတုံ "သော ဝတ္တဗ္ဗော 'အာဝုသော ဣမံ ဇာနာဟီ'တိ။ သစေ သော ဘဏတိ 'ဣမိနာ ကိ အာဟရိယတူ'တိ၊ နာ ဝတ္တဗ္ဗော 'ဣမံ ဝါ အာဟရာ'တိ။ ကပ္ပိယံ အာစိက္ခိတပ္ပံ "သပ္ပိ ဝါ'တိ" အာဒိနာ ရှုပိယသံဝေါဟာရံ ပရိမောစေတွာဝ ဝုတ္တံ။ "ဣမိနာ

http://www.dhammadownload.com

ရှုပိယေန ကိ အာဟရိယတူ"တိ ပုစ္ဆန္တော "ဣမံ အာဟရာ"တိ ဝုတ္တေပိ အဓိကာရ-တော "ဣမိနာ ရှုပိယေန ဣမံ အာဟရာ"တိ ဘိက္ခူဟိ အာဏာတ္တော ဧဝ ဟောတိတိ တံ ရှုပိယသံဝေါဟာရံ ပရိဝဇ္ဇေတုံ "နု ဝတ္တဗ္ဗော 'ဣမံ ဝါ ဣမံ ဝါ အာဟရာ'တိ" ပဒိက္ခေပေါ ကတော။ အနာပတ္တိဝါရေပိ "ကပ္ပိယကာရကဿ အာစိက္ခတိ"တိ နု ဝုတ္တံ။ ကယဝိက္ကယသိက္ခာပဒေ ပန တထာ ဝုတ္တံ၊ တသ္မာ ဣဒံ သာဏတ္တိကံ, ကယဝိက္ကယမေဝ အနာဏတ္တိကန္တိ ဂဟေတဗ္ဗံ– (ဝိမတိ၊၁။၃၄၅-၆)

ဟု မိန့်ဆိုတော်မူသည်။

ပတ္တံ ကိဏာတီတိ ဧတ္ထ၊ ဠ္ဟ။ ဣမိနာ ကဟာပဏာဒိနာ၊ ဤရွေ, ငွေ စသည်ဖြင့်။ ကမ္မာရကုလတော၊ ပန်းပဲအိမ်မှ။ ပတ္တံ၊ သပိတ်ကို။ ကိဏိတွာ၊ ဝယ်ယူ၍။ ဧဟိ၊ လာလော့။ ဣတိ၊ ဤသို့။ အာရာမိကာဒီဟိ၊ အာရာမ်စောင့် စသည်တို့ကို။ ကိဏာပနမ္ပိ၊ ဝယ်ယူစေခြင်းကိုလည်း။ သဂ်ဟိတံ၊ ရေတွက်အပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ပ။

ဣမိနာ ပန ဝစနေန၊ ဤသမန္တပါသာဒိကအဋ္ဌကထာစကားနှင့်။ မာတိကာ-ဋ္ဌကထာယံ၊ ဠ္ဟ။ ရှုပိယသံဝေါဟာရသိက္ခာပဒံ၊ ကို။ အနာဏတ္တိကန္တိ၊ ဟူ၍။ ယံ ဝစနံ၊ ကို။ ဝုတ္တံ၊ ၏။ တံ ဝစနံ၊ သည်။ နု သမေတိ၊ မညီညွတ်။ ကေဝလဉ္စ၊ သက်သက်သော်ကား။ ဣမိနာ၊ ဤအဋ္ဌကထာနှင့်သာလျှင်။ နု သမေတိ၊ မညီညွတ်သည်ကား။ နု၊ မဟုတ်သေး။ ပါဠိယာပိ၊ ပါဠိတော်နှင့်လည်း။ တံ၊ ထိုမာတိကာစကားသည်။ နု သမေတိ၊ မညီညွတ်။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ ပါဠိယံ၊ ဠ္ဟ။ နိဿဋ္ဌရှုပိယေန၊ စွန့်အပ်သော ရွှေ, ငွေဖြင့်။ အာရာမိကာဒီဟိ၊ အာရာမ်စောင့် စသည်တို့ကို။ သပ္ပိယာဒီ၊ ထောပတ်-စသည်ကို။ ပရိဝတ္တာပေတုံ၊ လဲယူစေခြင်းငှာ။ သော၊ ထိုအာရာမ်စောင့်ကို။ အာဝုသော၊ ဒါယကာ။ ဣမံ၊ ဤရွေ,ငွေကို။ ဇာနာဟိ၊ သိလော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ သော၊ ထိုအာရာမ်စောင့်သည်။ ဣမိနာ၊ ဤရွေ,ငွေဖြင့်။ ကိံ၊ အဘယ်သို့။ အာဟရိယတူ၊ ဆောင်ရပါအံ့နည်း။ ဣတိ၊ ဤသို့။ သစေ ဘဏတိ၊ အကယ်၍ဆိုငြားအံ့။ ဣမံ ဝါ ဣမံ ဝါ၊ ဤမည် ဤမည်သော ဝတ္ထုကို။ အာဟရ၊ ဆောင်ယူခဲ့လော့။ ဣတိ၊ ဤသို့။ နု ဝတ္တဗ္ဗော၊ မဆိုအပ်။ ကပ္ပိယံ၊ အပ်သည်ကို။ အာစိက္ခိတဗ္ဗံ၊ ကြားအပ်၏။ သပ္ပိ ဝါတိအာဒိနာ၊ ထောပတ် စသည်ဖြင့်။ ရှုပိယသံဝေါဟာရံ၊ ရွှေ,ငွေဖြင့် လဲယူခြင်းကို။ ပရိမောစေတွာဝ၊ လွတ်စေ၍သာလျှင်။ ဝုတ္တံ၊ ဆိုအပ်၏။

ဣမိနာ ရှုပိယေန၊ ဤရွေ,ငွေဖြင့်။ ကိံ၊ အဘယ်ကို။ အာဟရိယတူ၊ ဆောင်ရအံ့နည်း။ ဣတိ၊ ဤသို့။ ပုစ္ဆန္တော၊ မေးသည်ရှိသော်။ ဣမံ၊ ဤဝတ္ထုကို။ အာဟရ၊ ဆောင်ယူ

http://www.dhammadownload.com

ခဲ့လော့။ ကြံတိ၊ ဤသို့။ ဝုတ္တောပိ၊ ဆိုသော်လည်း။ အဓိကာရတော၊ အရာအားဖြင့်။ ကြံမိနာ ရှုပိယေန၊ ဤရွှေ့ငွေဖြင့်။ ကြံမံ၊ ဤဝတ္ထုကို။ အာဟရ၊ ဆောင်ယူခဲ့လော့။ ကြံတိ၊ ဤသို့။ ဘိက္ခူဟိ၊ တို့သည်။ အာဏာတ္တော ဇ၀၊ စေခိုင်းအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကြံတိ တသ္မာ၊ ထို့ကြောင့်။ တံ ရှုပိယသံဝေါဟာရံ၊ ကို။ ပရိဝတ္တေတုံ၊ ရှောင်ကြဉ်ခြင်းငှာ။ ကြံမံ ဝါ ကြံမံ ဝါ အာဟရာတိ၊ ဤမည် ဤမည်သော ဝတ္ထုကို ဆောင်ယူခဲ့လော့ဟူ၍။ န ဝတ္တဗ္ဗော၊ မဆိုအပ်။ ကြံတိ၊ ဤသို့။ ပဋိက္ခေပေါ၊ ပယ်မြစ်ခြင်းကို။ ကတော၊ ပြုတော်မူအပ်၏။

အနာပတ္တိဝါရေပိ၊ ၌လည်း။ ကပ္ပိယကာရကဿ၊ အား။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ ကြံတိ၊ ဤသို့။ န ဝုတ္တံ၊ ဟောတော်မမူအပ်။ ကယဝိက္ကယသိက္ခာပဒေ ပန၊ ၌ကား။ တထာ၊ ထိုကပ္ပိယကာရကအား ကြားအပ်သော အခြင်းအရာအားဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ကြံဒံ၊ ဤရှုပိယသံဝေါဟာရသိက္ခာပုဒ်သည်။ သာဏတ္တိကံ၊ သာဏတ္တိက မည်၏။ ကယဝိက္ကယမေဝ၊ ကယဝိက္ကယသိက္ခာပုဒ်သည်သာလျှင်။ အနာဏတ္တိကံ၊ အနာဏတ္တိက မည်၏။ ဝါ၊ စေခိုင်းခြင်းမရှိသော သိက္ခာပုဒ် မည်၏။ ကြံတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

အမှာ။ ။အကျယ်လိုမူ ပါရာဇိကဏ်အဋ္ဌကထာ၊ ရှုပိယသံဝေါဟာရ သိက္ခာပုဒ်, ကယဝိက္ကယသိက္ခာပုဒ် အဖွင့်။ မာတိကာ အဋ္ဌကထာ၊ ၎င်းသိက္ခာပုဒ် အဖွင့်။ ဝိမတိဋီကာ ၎င်းအဖွင့်တို့မှာ ရှုလေ။

ဤကား ဒုတိယပုစ္ဆာ၌ အကျဉ်းမှတ်ရန် အဖြေတည်း။

✪ ✪ ✪ ✪ ✪

[၂၄၁] ညွတ်ပြီးလာဘ်နှင့် အလျှူမြောက်,မမြောက် အဆုံးအဖြတ်

အမှတ် (၃) ပုစ္ဆာအဖြေ

တတိယပုစ္ဆာမှာ–

၁။ ယော ပန ဘိက္ခု ဇာနံ သံယိကံ လာဘံ ပရိဏတံ အတ္တနော ပရိဏာမေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယန္တိ–

ဟူ၍ လည်းကောင်း၊

http://www.dhammadownload.com

သံယိက် နာမ သံယဿ ဒိန္နံ ဟောတိ ပရိစ္စတ္တံ–

ဟူ၍ လည်းကောင်း၊

ပရိဏတ် နာမ "ဒဿာမ ကရိဿာမာ"တိ ဝါစာ ဘိန္နာ ဟောတိ–

ဟူ၍ လည်းကောင်း၊

အတ္တနော ပရိဏာမေတိ၊ ပယောဂေ ဒုက္ကဋံ။ ပဋိလာဘေန နိဿဂ်ိယံ ဟောတိ-

ဟူ၍ လည်းကောင်း၊

သံယဿ ပရိဏတ် အညသံယဿ ဝါ ဧတိယဿ ဝါ ပရိဏာမေတိ၊ အာပတ္တိ ဒုက္ကဋဿ။ ဧတိယဿ ပရိဏတ် အညဧတိယဿ ဝါ သံယဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ၊ အာပတ္တိ ဒုက္ကဋဿ။ ပုဂ္ဂလဿ ပရိဏတ် အညပုဂ္ဂလဿ ဝါ သံယဿ ဝါ ဧတိယဿ ဝါ ပရိဏာမေတိ၊ အာပတ္တိ ဒုက္ကဋဿ–

ဟူ၍ လည်းကောင်း **ပါရာဇိကဏ်ပါဠိတော်**(၀၊၁။၃၈၀)၌ လာသည်။

၂။ သံယိကန္တိ သံယဿ သန္တက်။ သော ဟိ သံယဿ ပရိဏတတ္တာ ဟတ္ထံ အနာရူဠ္ဆောပိ ဧကေန ပရိယာယေန သံယဿ သန္တကော ဟောတိ။ ပဒဘာဇနေ ပန "သံယိက် နာမ သံယဿ ဒိန္နံ ဟောတိ ပရိစ္စတ္တ"န္တိ ဧဝံ အတ္ထုဒ္ဓါရဝသေန နိပ္ပရိယာယတောဝ သံယိက် ဒဿိတံ။

ပရိဏတန္တိ သံယဿ နိန္နံ သံယဿ ပေါဏံ သံယဿ ပဿာရံ ဟုတ္ဝာ ဋ္ဌိတံ။ ယေန ပန ကာရဏေန သော ပရိဏတော ဟောတိ၊ တံ ဒသ္သေတုံ "ဒဿာမ ကရိဿာမာတိ ဝါစာ ဘိန္နာ ဟောတိ"တိ ပဒဘာဇနံ ဝုတ္တံ–

ဟူ၍ လည်းကောင်း၊

သစေ ပန သံယဿ ဒိန္နံ ဟောတိ၊ တံ ဂဟေတုံ န ဝဋ္ဋတိ၊ သံယဿေဝ ဒါတဗ္ဗံ-

ဟူ၍လည်းကောင်း **အဋ္ဌကထာ**(၀၊၄၊၂၁၀-၁)ဖွင့်တော်မူသည်။

၃။ **မာတိကာအဋ္ဌကထာ၌လည်း**-

သံယိကန္တိ သံယဿ သန္တက်။ သော ဟိ သံယဿ ပရိဏတတ္တာ ဟတ္ထေ အနာရူဠ္ဆောပိ ဧကေန ပရိယာယေန သံယသန္တကော ဟောတိ။

http://www.dhammadownload.com

ပရိဏာတန္တိ ဒဿာမ ကရိဿာမာတိ ဝစီဘေဒေန ဝါ ဟတ္ထမုဒ္ဒါယ ဝါ သံယဿ နိန္နံ ဟုတ္တာ ဌိတံ– (ကခ်ီ၊ဌ၊၁၈၈-၉)

ဟူ၍ လာသည်။

၄။ **လီနတ္ထပကာသနီဋီကာ၌လည်း–**

နနု စာယံ သံယဿ ပရိဏာတော, န ပရိစ္စတ္တော၊ အထ ကထံ သံယ-သန္တကော ဟောတီတိ အာဟ "သော ဟီ"တိအာဒိ။ တတ္ထ သောတိ လာဘော။ **ဧကေန ပရိယာယေနာတိ** ပရိဏာတဘာဝသခ်ီတေန ဧကေန ပရိယာယေန။

ပရိဏာတန္တိ သံယဿ နိန္နံ သံယဿ ပေါဏံ သံယဿ ပဿာရံ ဟုတ္တာ ဌိတန္တိ အတ္ထော။ ယေန ပန ကာရဏေန သော ပရိဏာတော ဟောတိ၊ တံ ဒဿေတ္တာ တဿ အတ္ထံ ဒဿေတုံ "ဒဿာမ ကရိဿာမာ"တိအာဒိ ဝုတ္တံ–

ဟု (ကခ်ီ၊ဋီ-သစ်၊၃၄၄)ဖွင့်တော်မူသည်။

၅။ **ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌လည်း–**

သံယဿ သန္တကော သံယိကော၊ လာဘသေတံ အဓိဝစနံ။ သော လာဘော ဟိ သံယပရိဏာတတ္တာ အဟတ္ထဂတောပိ ပရိဏာတဘာဝသခ်ီတေန ဧကေန ပရိယာယေန သံယသန္တကော ဟောတိ။

ပရိဏာတန္တိ ဒဿာမ, ကရိဿာမာတိ ဝစီဘေဒေန ဝါ ဟတ္ထမုဒ္ဒါယ ဝါ သံယဿ နိန္နံ သံယဿ ပေါဏံ သံယဿ ပဿာရံ ဟုတ္တာ ဌိတံ–

ဟု ဖွင့်သည်။

၆။ **ဓမ္မသင်္ဂဏီအဋ္ဌကထာ၌လည်း–**

ဝိနယပရိယာယံ ပတ္တာ ဟိ "ဒဿာမိ ကရိဿာမိတိ ဝါစာ ဘိန္နာ ဟောတီ"တိ ဣမိနာ လက္ခဏေန ဒါနံ နာမ ဟောတိ။ အဘိဓမ္မပရိယာယံ ပတ္တာ ပန ဝိဇ္ဇမာနကဝတ္ထုံ အာရဗ္ဘ "ဒဿာမိ"တိ မနသာ စိန္တိတကာလတော ပဋ္ဌာယ ကုသလံ ဟောတိ– (အဘိ၊ဌ၊၁။၁၁၉) ဟု လာသည်။

၇။ **ဂဠိးအဖွင့် မူလဋီကာ၌လည်း–**

ဒဿာမိတိ ဝစီဘေဒေန ဝတ္ထုဿ ပရိဏာတတ္တာ တတော ပဋ္ဌာယ ဒါနံ အာရဒ္ဓံ နာမ ဟောတိ၊ ယတော တဿ အတ္ထနော ပရိဏာမနာဒီသု အာပတ္တိ

http://www.dhammadownload.com

ဟောတိ။ မုဉ္စစေတနုပ္ပါဒတော ပဌာယ နာ ဒါယကော ဣဿရော၊ သံယောဝ ဣဿရော– (မူလ၊ဋီ၊၁။၇၀-၁)ဟု ဖွင့်ပြတော်မူသည်။

၈။ ဓမ္မပဒအဋ္ဌကထာ၌လည်း–

တံ ပန ဘတ္တံ နေဝ သံယဿ သန္တကံ၊ နာ သံယဿ နိယမေတွာ ဒိန္နံ၊ နာ ဘိက္ခူဟိ ဂဟိတာဝသေသကံ၊ အတ္တနော အတ္တနော ဂေဟံ နေတွာ မနုဿေဟိ ဘုဉ္ဇိတဗ္ဗကံ၊ ကေဝလံ သံယံ ဥဒ္ဒိဿ အာဘိဟဋ္ဌမတ္တမေဝ၊ တတော မယာ တယော ကဗလာ ဂဟိတာ၊ ဧတ္တကံ မေ ပုဗ္ဗကမ္မံ၊ သွာဟံ ကာလံ ကတွာ တဿ ကမ္မဿ ဝိပါကေန အဝီစိမှိ ပစ္စိတွာ တတ္ထ ပက္ကာဝသေသေန ဣဒါနိ ဂိဒ္ဓကူဋေ ကာကပေတော ဟုတွာ နိဗ္ဗတ္တော ဣမံ ဒုက္ခံ ပစ္စာနုဘောမိ–

ဟု (ဓမ္မပဒ၊၄။၃၂၂)လာသည်။

၉။ ပရိဏာတသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌လည်း–

မနုဿာ "သံယဘတ္တံ ကရိဿာမာ"တိ သပ္ပိတေလာဒီနိ အာဟရန္တိ၊ ဂိလာနော စေပိ ဘိက္ခု သံယဿ ပရိဏာတဘာဝံ ဉ တွာ ကိဉ္စိ ယာစတိ၊ နိဿဂ္ဂိယံ ပါစိတ္တိယမေဝ။ သစေ ပန သော "တုမှာကံ သပ္ပိအာဒီနိ အာဘတာနိ အတ္ထိ"တိ ပုစ္ဆိတွာ "အာမ အတ္ထိ"တိ ဝုတ္တေ "မယ္ဟမ္ပိ ဒေထာ"တိ ဝဒတိ၊ ဝဋ္ဋတိ။ အထာပိ နံ ကုက္ကုစ္စာယန္တံ ဉပါသကာ ဝဒန္တိ "သံယောပိ အမှေဟိ ဒိန္နမေဝ လဘတိ၊ ဂဏှထ ဘန္တေ"တိ၊ ဧဝမ္ပိ ဝဋ္ဋတိ– (ဝိ၊၄။၂။၃၁၁) ဟု ဖွင့်တော်မူသည်။

၁၀။ သာရတ္ထဒီပနီဋီကာ၌လည်း–

တုမှာကံ သပ္ပိအာဒီနိ အာဘတာနီတိ တုမှာကံ အတ္ထာယ အာဘတာနိ သပ္ပိအာဒီနိ။ ပရိဏာတဘာဝံ ဇာနိတွာပိ ဝုတ္တဝိဓိနာ ဝိညာပေန္တေန တေသံ သန္တကမေဝ ဝိညာပိတံ နာမ ဟောတီတိ အာဟ ။ပ။ ဝဋ္ဋတီတိ– (သာရတ္ထ၊၂။၄၄၈)

ဟု ဖွင့်တော်မူသည်။ ဝိနယာလင်္ကာရဋီကာ(၁။၁၆၁)၌လည်း နည်းတူ ဖွင့်တော်မူ၏။

၁၁။ ဝိမတိဋီကာ၌လည်း–

တေသံ ဂေဟာနီတိ ဧတ္ထ ဘိက္ခူနံ ဝါသတ္ထာယ ကတမ္ပိ ယာဝ နာ ဒေန္တိ၊ တာဝ တေသံ သန္တကံယေဝ ဘဝိဿတီတိ ဒဋ္ဌဗ္ဗံ– (ဝိမတိ၊၂။၁၉၀)

ဟု ဘေသဇ္ဇက္ခန္ဓကအဖွင့်၌ လာသည်။ ဝိနယာလင်္ကာရဋီကာ(၁။၁၆၁)၌လည်း လာသည်။

http://www.dhammadownload.com

၁၂။ သာရတ္ထဒီပနီဋီကာ၌လည်း–

ယသ္မာ ပန တံ "အညဿ ဒဿာမိ"တိ စိတ္တုပ္ပါဒမတ္တေန ပရဿန္တကံ နာမ နာ ဟောတိ၊ တသ္မာ တဿ အဒတ္တာပိ ပဋိဂ္ဂဟေတ္တာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ– (သာရတ္ထ၊၃။၇၁)

ဟု ဘောဇနဝဂ်၊ ဒန္တပေါနသိက္ခာပုဒ်အဖွင့်တွင် လာသည်။

၁၃။ ပါရာဇိကဏ်အဋ္ဌကထာ၌လည်း–

ဩကောဇေထာတိ ဒေထ။ ကိံ ပနေဝံ ဝတ္တုံ ဝဋ္ဋတီတိ။ ကသ္မာ နာ ဝဋ္ဋတိ၊ အယဉ္ဟိ အဘိဟဋဘိက္ခာ, အဘိဟရိတ္တာ ဧကသ္မိံ ဩကာသေ သံယသ္သတ္ထာယ ပဋိယတ္တာ၊ အဘိဟဋပဋိယတ္တေ စ ဥဒ္ဒိဿ ဌပိတဘာဂေ စ ပယုတ္တဝါစာ နာမ နတ္ထိ– (ဝိ၊ဋ၊၂။၃၁၀)

ဟု ဖွင့်တော်မူသည်။

၁၄။ သာရတ္ထဒီပနီဋီကာ(၂။၄၄၈)၌လည်း–

ဥဒ္ဒိဿ ဌပိတဘာဂေတိ အတ္တနော ယရေပိ ဥဒ္ဒိသိတ္တာ ဝိသုံ ဌပိတကောဋ္ဌာသေ-

ဟု ဖွင့်ပြ၏။

၁၅။ ပရိဝါပါဠိတော်၌ကား–

နဝ အဓမ္မိကာနိ ဒါနာနိ။ နဝ အဓမ္မိကာ ပဋိဂ္ဂဟာ။ နဝ အဓမ္မိကာ ပရိဘောဂါ။ တီဏိ ဓမ္မိကာနိ ဒါနာနိ။ တယော ဓမ္မိကာ ပဋိဂ္ဂဟာ။ တယော ဓမ္မိကာ ပရိဘောဂါ-

(ဝိ၊၅။၂၄၅) ဟု ဟောတော်မူသည်။

၁၆။ ၎င်းအဖွင့်အဋ္ဌကထာ၌လည်း–

နဝ အဓမ္မိကာနိ ဒါနာနိတိ သံယဿ ပရိဏတံ အညသံယဿ ဝါ စေတိယဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ၊ စေတိယဿ ပရိဏတံ အညစေတိ-ယဿ ဝါ သံယဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ၊ ပုဂ္ဂလဿ ပရိဏတံ အညပုဂ္ဂလဿ ဝါ သံယဿ ဝါ စေတိယဿ ဝါ ပရိဏာမေတိတိ ဧဝံ ဝုတ္တာနိ။

နဝ ပဋိဂ္ဂဟပရိဘောဂါတိ ဧတေသံယေဝ ဒါနာနံ ပဋိဂ္ဂဟာ စ ပရိဘောဂါ စ။ တီဏိ ဓမ္မိကာနိ ဒါနာနိတိ သံယဿ နိန္နံ သံယသ္သေဝ ဒေတိ, စေတိယဿ

http://www.dhammadownload.com

နိန္နံ စေတိယဿေဝ, ပုဂ္ဂလဿ နိန္နံ ပုဂ္ဂလဿေဝ ဒေတိတိ ဣမာနိ တီဏိ။ ပဋိဂ္ဂဟပရိဘောဂါပိ တေသံယေဝ ပဋိဂ္ဂဟာ စ ပရိဘောဂါ စ—

ဟု (ဝိ၊၄၊၄။၁၈၁-၂) ဖွင့်တော်မူ၏။ (ဋီကာကြီး ၃-စောင်၌ အဖွင့်မရှိ)။

၁။ ယော ပန ဘိက္ခု၊ သည်။ ဇာနံ ဇာနန္တော၊ သိလျက်။ ပရိဏတံ၊ သံယာအား လှူအံ့ဟု ညွတ်အပ်သော။ သံယိကံ၊ သံယာ၏ ဥစ္စာဖြစ်လတ္တံ့သော။ လာဘံ၊ လာဘ်ကို။ အတ္တနော၊ မိမိအား၊ ဝါ၊ မိမိသို့။ ပရိဏာမေယျ၊ ညွတ်စေငြားအံ့။ နိဿဂ္ဂိယံ၊ စွန့်အပ်သော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

သံယိကံ နာမ၊ သံယိကဥစ္စာမည်သည်ကား။ သံယဿ၊ အား။ ဒိန္နံ၊ ပေးလှူအပ်သည်။ ပရိစ္စတ္တံ၊ စွန့်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ပရိဏတံ နာမ၊ မည်သည်ကား။ ဒဿာမ၊ လှူကုန်အံ့။ ကရိဿာမ၊ ပြုကုန်အံ့။ ဣတိ၊ သို့။ ဝါစာ၊ စကားကို။ ဘိန္နာ၊ မြွက်ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ အတ္တနော၊ မိမိသို့။ ပရိဏာမေတိ၊ ညွတ်စေအံ့။ ပယောဂေ၊ ကြောင့်။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။ ပဋိလာဘေန၊ ရသဖြင့်။ နိဿဂ္ဂိယံ၊ စွန့်အပ်သည်။ ဟောတိ၊ ဖြစ်၏။

သံယဿ၊ သံယာအား။ ပရိဏတံ၊ ညွတ်အပ်ပြီးသော လာဘ်ကို။ အညသံယဿ ဝါ၊ တပါးသော သံယာအားလည်းကောင်း။ စေတိယဿ ဝါ၊ စေတီအားလည်းကောင်း။ ပရိဏာမေတိ၊ ညွတ်ပြီးစေ၏။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သင့်၏။ စေတိယဿ၊ စေတီအား။ ပရိဏတံ၊ ညွတ်သော လာဘ်ကို။ အညစေတိယဿ ဝါ၊ တပါးသော စေတီအားလည်းကောင်း။ သံယဿ ဝါ၊ လည်းကောင်း။ ပုဂ္ဂလဿ ဝါ၊ လည်းကောင်း။ ပရိဏာမေတိ၊ ညွတ်စေ၏။ အာပတ္တိ ဒုက္ကဋဿ၊ ၏။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ပရိဏတံ၊ ညွတ်လေပြီးသော လာဘ်ကို။ အညပုဂ္ဂလဿ ဝါ၊ တပါးသော ပုဂ္ဂိုလ်အားလည်းကောင်း။ သံယဿ ဝါ၊ လည်းကောင်း။ စေတိယဿ ဝါ၊ လည်းကောင်း။ ပရိဏာမေတိ၊ ၏။ အာပတ္တိ ဒုက္ကဋဿ၊ ၏။ (ဤကား ပါရာဇိကဏ်ပါဠိတော် အနက်)။

၂။ သံယိကန္တိ၊ ဟူသည်ကား။ သံယဿ၊ သံယာ၏။ သန္တကံ၊ ဥစ္စာတည်း။ ဟိ သစ္စံ၊ ထိုစကား မှန်၏။ သော၊ ထိုလာဘ်သည်။ သံယဿ၊ အား။ ပရိဏတတ္တာ၊ လှူအံ့ဟု ညွတ်အပ်သည့်အဖြစ်ကြောင့်။ ဟတ္ထံ၊ သံဃာ့လက်သို့။ အနာရူဠ္ဟောပိ၊ မရောက်သေးသော်လည်း။ ဧကေန၊ တစ်ခုသော။ ပရိယာယေန၊ ဒဿာမိ, ကရိဿာမိ ဟူသော ပရိယာယ်ဖြင့်။ သံယဿ သန္တကော၊ သံဃာ့ဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။ ပဒဘာဇနေ ပန၊ ပဒဘာဇနီ ပါဠိတော်၌ကား။ သံယိကံ နာမ သံယဿ ဒိန္နံ ဟောတိ ပရိစ္စတ္တန္တိ၊ ဟူ၍။ ဧဝံ၊ ဤသို့။

http://www.dhammadownload.com

အတ္ထုဒ္ဓါရဝသေန၊ လျှူသောအခါ ရလတ္တံ့သော အနက်ကို ထုတ်သည်၏အစွမ်းဖြင့်။ နိပ္ပရိယာယတောဝ၊ မုချအားဖြင့်သာလျှင်။ သံယိက်၊ သံယိကဟူ၍။ ဒဿိတံ၊ ပြတော်မူအပ်၏။

ပရိဏာတန္တိ၊ ပရိဏာတံဟူသည်ကား။ သံယဿ၊ သံယာအား။ နိန္နံ၊ ညွတ်သည်။ ပေါဏံ၊ ကိုင်းသည်။ ပဿာရံ၊ ရှိုင်းသည်၊ ဟုတွာ၊ ဖြစ်၍။ ဌိတံ၊ တည်၏။ ယေန ပန ကာရဏေန၊ အကြောင်းအကြောင်းဖြင့်။ သော၊ ထိုလာဘ်သည်။ ပရိဏာတော၊ ညွတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုအကြောင်းကို။ ဒဿေတုံ၊ ပြခြင်းငှာ။ ဒဿာမ ကရိဿာမာတိ ဝါစာ ဘိန္နာ ဟောတိတိ၊ ဟူ၍။ ပဒဘာဇနံ၊ ပုဒ်ကို ဝေဖန်ခြင်းကို။ ဝုတ္တံ၊ ဟောတော်မူ၏။

သံယဿ၊ အား။ ဒိန္နံ၊ လျှူအပ်သော, ညွတ်အပ်သော လာဘ်သည်။ သစေ ပန ဟောတိ၊ အကယ်၍ ဖြစ်အံ့။ တံ၊ ထိုလာဘ်ကို။ ဂဟေတုံ၊ ယူခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ သံယဿေဝ၊ သံယာအားသာလျှင်။ ဒါတဗ္ဗံ၊ လျှူစေအပ်၏။

၃။ သံယိကန္တိ၊ သံယိက်-ဟူသည်ကား။ သံယဿ၊ ၏။ သန္တကံ၊ ဥစ္စာတည်း။ ဟိ သစ္စံ၊ မှန်၏။ သော၊ ထိုလာဘ်သည်။ သံယဿ၊ အား။ ပရိဏာတတ္တာ၊ ညွတ်သည် အဖြစ်ကြောင့်။ ဟတ္ထံ၊ လက်သို့။ အနာရူဠှောပိ၊ မရောက်သော်လည်း။ ဧကေန၊ တစ်ခုသော။ ပရိယာယေန၊ ပရိယာယ်ဖြင့်။ သံယသန္တကော၊ သံယာ့ဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။ ပရိဏာတန္တိ၊ ဟူသည်ကား။ ဒဿာမ၊ လျှူကုန်အံ့။ ကရိဿာမ၊ ပြုကုန်အံ့။ ဣတိ၊ ဤသို့။ ဝစီဘေဒေန ဝါ၊ နှုတ်မြွက်ပြောဆိုသဖြင့်လည်းကောင်း။ ဟတ္ထမုဒ္ဒါယ ဝါ၊ လက်ဆုပ်ပြသဖြင့်လည်းကောင်း။ သံယဿ၊ အား။ နိန္နံ၊ ညွတ်သည်။ ဟုတွာ၊ ဖြစ်၍။ ဌိတံ၊ တည်၏။

၄။ နနု စ စောဒေမိ၊ စောဒနာအံ့။ အယံ၊ ဤသံယာ့ဥစ္စာ-ဟူသော စကားသည်။ သံယဿ၊ အား။ ပရိဏာတော၊ ညွတ်ကာမျှသော ဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။ ပရိစ္စတ္တော၊ စွန့်လျှူအပ်သည်။ န ဟောတိ၊ မဟုတ်။ အထ၊ ထိုသို့ဖြစ်ပါလျက်။ သံယသန္တကော၊ သံယာ့ဥစ္စာသည်။ ကထံ ဟောတိ၊ အသို့ ဖြစ်အံ့နည်း။ ဣတိ စောဒနံ၊ ဤသို့ စောဒနာခြင်းကို။ သန္ဓာယ၊ ရည်ရွယ်၍။ သော ဟိတိ၊ အစရှိသော စကားကို။ အာဟ၊ အဋ္ဌကထာဆရာ ဆိုတော်မူ၏။ တတ္ထ၊ ထိုစကားရပ်၌။ သောတိ၊ သော-ဟူသည်ကား။ လာဘော၊ သံယာအား ညွတ်သောလာဘ်တည်း။ ဧကေန ပရိယာယေနာတိ၊ ဟူသည်ကား။ ပရိဏာတ-ဘာဝသခ်ါတေန၊ ညွတ်ခြင်းဟု ဆိုအပ်သော။ ဧကေန၊ ၁-ခုသော။ ပရိယာယေန၊ ဖြင့်။ ပရိဏာတန္တိ၊ ဟူသည်ကား။ သံယဿ၊ အား။ နိန္နံ၊ ညွတ်သည်။ သံယဿ၊ အား။ ပေါဏံ၊

http://www.dhammadownload.com

ကိုင်းသည်။ သံဃသ၊ အား။ ပဘ္ဘာရံ၊ ရှိုင်းသည်။ ဟုတွာ၊ ဖြစ်၍။ ဌိတံ၊ တည်၏။ ဣတိ အယံ၊ လျှင်။ အတ္ထော၊ အနက်တည်း။ ယေန ပန ကာရဏေန၊ အကြောင်းအကြောင်းဖြင့်။ သော၊ ထိုလာဘ်သည်။ ပရိဏာတော၊ ညွတ်အပ်သည်။ ဟောတိ၊ ၏။ တံ၊ ထိုအကြောင်းကို။ ဒဿေတွာ၊ ပြ၍။ တဿ၊ ၏။ အတ္ထံ၊ ကို။ ဒဿေတုံ၊ ငှာ။ ဒဿာမ ကရိဿာမာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ *(၅။ နံပါတ်အနက် စာကိုယ်တွင်ပါမလာ။)*

၆။ ဟိ သစ္စံ၊ ထိုစကား မှန်၏။ ဝိနယပရိယာယံ၊ ဝိနည်း ပရိယာယ်သို့။ ပတွာ၊ ရောက်၍။ ဒဿာမိ၊ အံ့။ ကရိဿာမိ၊ အံ့။ ဣတိ၊ သို့။ ဝါစာ၊ နှုတ်ကို။ ဘိန္နာ၊ မြွက်ဆိုသည်။ ဟောတိ၊ ဖြစ်၏။ ဣမိနာ လက္ခဏေန၊ ဤသို့ဆိုသော လက္ခဏာဖြင့်။ ဒါနံ နာမ၊ ပရိဏာတဒါန မည်သည်။ ဟောတိ၊ ဖြစ်၏။ အဘိဓမ္မပရိယာယံ၊ အဘိဓမ္မာပရိယာယ်သို့။ ပတွာ ပန၊ ရောက်၍ကား။ ဝိဇ္ဇမာနကဝတ္ထုံ၊ ထင်ရှားရှိသော ဝတ္ထုကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဒဿာမိ၊ အံ့။ ဣတိ၊ ဤသို့။ မနသာ၊ စိတ်ဖြင့်။ စိန္တိတကာလတော၊ ကြံစည်သောအခါမှ။ ပဌာယ၊ စ၍။ ကုသလံ၊ ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။

၇။ ဒဿာမီတိ၊ ဟူသည်ကား။ ဝစီဘေဒေန၊ နှုတ်မြွက်သဖြင့်။ ဝတ္ထုဿ၊ လျှူအပ်သော ဝတ္ထုကို။ ပရိဏာတတ္တာ၊ ညွတ်သည်အဖြစ်ကြောင့်။ တတော၊ ထိုညွတ်သော အခါမှ။ ပဌာယ၊ စ၍။ ဒါနံ၊ ဒါနကို။ အာရဒ္ဓံ နာမ၊ အားထုတ်အပ်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။ ယတော၊ အကြင် ညွတ်သောအခါမှ။ ဝါ၊ ညွတ်ခြင်းတို့ကြောင့်။ တဿ၊ ထိုညွတ်သောလာဘ်ကို။ အတ္တနော၊ မိမိအား။ ပရိဏာမနာဒီသု၊ ညွတ်စေခြင်း စသည်တို့၌။ အာပတ္တိ၊ အာပတ်သည်။ ဟောတိ၊ ၏။ မုဉ္စစေတနုပ္ပါဒတော၊ လျှူဆဲကာလ၌ စေတနာ ဖြစ်ပေါ်သော ကာလမှ။ ပဌာယ၊ စ၍။ ဒါယကော၊ ဒါယကာသည်။ နံ ဣဿရော၊ အစိုးမရ။ သံယောဝ၊ သံယာသည်သာလျှင်။ ဣဿရော၊ အစိုးတရ ပိုင်ဆိုင်၏။

၈။ တံ ပန ဘတ္တံ၊ ထိုဆွမ်းသည်။ သံဃသ၊ ၏။ နေဝ သန္တကံ၊ ဥစ္စာမဟုတ်။ သံဃသ၊ အား။ နိယျာတေတွာ၊ အပ်နှင်း၍။ န ဒိန္နံ၊ မလှူအပ်သေး။ ဘိက္ခူဟိ၊ ရဟန်းတို့ သည်။ ဂဟိတာဝသေသကံ၊ ယူအပ်သည်မှ ကြွင်းကျန်သည်။ န ဟောတိ၊ မဟုတ်။ မနုဿေဟိ၊ လူတို့သည်။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ဂေဟံ၊ အိမ်သို့။ နေတွာ၊ မလှူဘဲ ပြန်ယူ၍။ ဘုဉ္ဇိတဗ္ဗကံ၊ သုံးဆောင်အပ်၏။ ကေဝလံ၊ သက်သက်။ သံဃံ၊ ကို။ ဥဒ္ဒိဿ၊ ရည်စူး၍။ အဘိဟဋ္ဌမတ္တမေဝ၊ ဆောင်ယူအပ်ကာမျှသာလျှင်။ ဟောတိ၊ ၏။ တတော၊ ထိုဆွမ်းမှ။ မယာ၊ အကျွန်ုပ်သည်။ တယော ကဗလာ၊ ၃-လုတ်သော ဆွမ်းတို့ကို။ ဂဟိတာ၊ ယူအပ်ပါကုန်၏။ ဧတ္တကံ၊ ဤမျှလောက်သည်။ ပုဗ္ဗကမ္မံ၊ ရှေးကသဃဘုရား သာသနာတွင်းက

http://www.dhammadownload.com

ပြုခဲ့သော မကောင်းမှုပါတည်း။ သွာဟဲ၊ ထိုအကျွန်ုပ်သည်။ ကာလံ ကတွာ၊ သေ၍။ တသ ကမ္မဿ၊ ထိုမကောင်းမှု၏။ ဝိပါကေန၊ အကျိုးဖြင့်။ အဝီစိမှိ၊ အဝီစိငရဲကြီး၌။ ပစ္စိတွာ၊ ကျက်၍။ တတ္ထ၊ ထိုငရဲကြီး၌။ ပက္ကာဝသေသေန၊ အကျိုးကြွင်း, အကျိုးကျန်ဖြင့်။ ဣဒါနိ၊ ယခု။ ဂိဏ္ဍကူဋ္ဌေ၊ ဂိဏ္ဍကူဋ်တောင်၌။ ကာကပေတော၊ ကျီးပြိတ္တာသည်။ ဟုတွာ၊ ၍။ နိဗ္ဗတ္တော၊ ဖြစ်ရပါ၏။

၉။ မနုဿာ၊ လူတို့တည်။ သံယဘတ္တံ၊ သံယာအားလှူသော ဆွမ်းကို။ ကရိဿာမ၊ ပြုကုန်အံ့။ ဣတိ၊ ဤသို့။ သပ္ပိတေလာဒီနိ၊ ထောပတ်ဆီ-စသည်တို့ကို။ အာဟရန္တိ၊ ဆောင်ကုန်၏။ ဂိလာနော၊ ဖျားနာသော။ ဘိက္ခုပိ၊ ရဟန်းသည်လည်း။ သံယဿ၊ သံယာအား။ ပရိဏာတဘာဝံ၊ ညွတ်သောအဖြစ်ကို။ ဉ တွာ၊ သိပါလျက်။ ကိဉ္စိ၊ တစ်စုံ တစ်ခုကို။ စေ ယာစတိ၊ အကယ်၍ တောင်းအံ့။ နိဿင်္ကိယံ၊ စွန့်အပ်သော။ ပါစိတ္တိယမေဝ၊ ပါစိတ်အာပတ် သင့်သည်သာတည်း။ ပန၊ မအပ်သည်မှတပါး အပ်သည်ကို ဆိုအံ့။ သော၊ ထိုနာသောရဟန်းသည်။ တုမှာကံ၊ သင်တို့၏။ အတ္ထာယ၊ အကျိုးငှာ။ အာဘတာနိ၊ ဆောင်အပ်ကုန်သော။ သပ္ပိအာဒီနိ၊ ထောပတ် စသည်တို့သည်။ အတ္ထိ၊ ရှိကြကုန်၏လော။ ဣတိ၊ ဤသို့။ ပုစ္ဆိတွာ၊ မေး၍။ ဣမေ အတ္ထိ၊ ထောပတ်စသည် ရှိပါ၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ မယ့ပွိ၊ ငါ့အားလည်း။ ဒေထ၊ လှူကြပါကုန်လော့။ ဣတိ၊ ဤသို့။ သစေ ဝဒတိ၊ တောင်းအံ့။ ဝဋ္ဋတိ၊ အပ်၏။ ကုဏ္ဍစ္စာယန္တံ၊ သံသယရှိသော။ နံ၊ ထိုရဟန်းကို။ ဥပါသကာ၊ ဒါယကာတို့သည်။ သံယောပိ၊ သံယာသည်လည်း။ အမ္ဟေဟိ၊ အကျွန်ုပ်တို့သည်။ ဒိန္နမေဝ၊ လှူမှသာလျှင်။ လဘတိ၊ ရ၏။ ဘန္တေ၊ အရှင်ဘုရား။ ဂဏ္ဟထ၊ ယူကုန်လော့။ ဣတိ၊ ဤသို့။ သစေ ဝဒန္တိ၊ ဆိုကုန်အံ့။ ဧဝမ္ပိ၊ ဤသို့ ဆိုသော်လည်း။ ဝဋ္ဋတိ၊ အပ်၏။

၁၀။ တုမှာကံ သပ္ပိအာဒီနိ အာဘတာနီတိ၊ ဟူသည်ကား။ တုမှာကံ၊ သင်တို့၏။ အတ္ထာယ၊ အကျိုးငှာ။ အာဘတာနိ၊ ဆောင်အပ်ကုန်သော။ သပ္ပိအာဒီနိ၊ တို့သည်။ ပရိဏာတဘာဝံ၊ သံယာအား ညွတ်သည်အဖြစ်ကို။ ဇာနိတွာပိ၊ သိသော်လည်း။ ဝုတ္တဝိဓိနာ၊ ဆိုအပ်သော အစီအရင်ဖြင့်။ ဝိညာပေန္တေန၊ တောင်းသောရဟန်းသည်။ တေသံ၊ ထိုဒါယကာတို့၏။ သန္တကမေဝ၊ ဥစ္စာကိုသာလျှင်။ ဝိညာပိတံ နာမ၊ တောင်းအပ်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။

၁၁။ တေသံ ဂေဟာနီတိ ဇတ္ထု၊ ၌။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဝါသတ္ထာယ၊ နေခြင်းငှာ။ ကတမွိ၊ ပြုအပ်သော်လည်း။ ယာဝ၊ အကြင်မျှလောက်။ နံ ဒေန္တိ၊ မလှူကုန်။ တာဝ၊ ထိုမျှလောက်။ တေသံ၊ ထိုဒါယကာတို့၏။ သန္တကံယေဝ၊ ဥစ္စာသည်သာလျှင်။ ဘဝိဿတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

http://www.dhammadownload.com

၁၂။ ယသ္မာ ပန၊ အကြင်ကြောင့်။ တံ၊ ထို၀တ္ထုကို။ အညဿ၊ သူတပါးအား။ ဒဿာမိ၊ ပေးအံ့။ ဣတိ၊ ဤသို့။ စိတ္တုပ္ပါဒမတ္တေန၊ စိတ်ဖြစ်ကာမျှဖြင့်။ ပရသန္တကံ၊ သူတပါး၏ ဥစ္စာသည်။ နော ဟောတိ၊ မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ တဿ၊ ထိုသူအား။ အဒတ္တွာပိ၊ မပေးမူ၍လည်း။ ပဋိဂ္ဂဟေတ္တာ၊ အကပ်ခံ၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ ၀ဋ္ဋတိ၊ အပ်၏။

၁၃။ သြဏောဇေထာတိ၊ ဟူသည်ကား။ ဒေထ၊ လှူကြကုန်လော့။ ပန၊ စောဒနာဉီးအံ့။ ဧတံ၊ ထိုစကားကို။ ၀တ္ထုံ၊ မဖိတ်သော ဒါယကာတို့အား ဆိုခြင်းငှာ။ ၀ဋ္ဋတိ ကိ၊ အပ်ပါမည်လော။ ဣဒံ၊ အယံ၊ ကား။ ပဿာ၊ အမေးတည်း။ ၀ဋ္ဋတိ၊ အပ်ပါ၏။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ အယံ၊ ဤဆွမ်းသည်။ အဘိဟဋ္ဌဘိက္ခာ၊ ရှေးရှုဆောင်အပ်သော ဆွမ်းမည်၏။ အဘိဟရိတ္တာ၊ ရှေးရှုဆောင်၍။ ဧကသ္မိံ၊ တစ်ခုသော။ သြကာသေ၊ အရပ်၌။ သံယဿတ္ထာယ၊ သံဃာ၏အကျိုးငှာ။ ပဋိယတ္တာ၊ စီရင်အပ်သော ဆွမ်းမည်၏။

၁၄။ အဘိဟဋ္ဌပဋိယတ္တေ စ၊ ရှေးရှုဆောင်၍ စီရင်အပ်သော ဆွမ်းစသည်၌လည်း ကောင်း။ ဥဒ္ဒိဿ၊ ရည်ရွယ်၍။ ဌပိတဘာဇနေ စ၊ ထားအပ်သောအိုး၌လည်းကောင်း။ ပယုတ္တ၀ါစာ နာမ၊ တောင်းခြင်းနှင့် စပ်သော အပြစ်မည်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ ၀ဋ္ဋတိ၊ အပ်ပါ၏။

၁၅။ နဝ အဓိကာနိ ဒါနာနီတိ၊ ဟူသည်ကား။ သံယဿ၊ သံဃာအား။ ပရိဏာတံ၊ ညွတ်အပ်သော လာဘ်ကို။ အညဿ၊ တပါးသော။ သံယဿ ၀ါ၊ သံဃာအားလည်းကောင်း။ စေတိယဿ ၀ါ၊ စေတီအားလည်းကောင်း။ ပုဂ္ဂလဿ ၀ါ၊ ပုဂ္ဂိုလ်အားလည်းကောင်း။ ပရိဏာမေတိ၊ ညွတ်စေ၏။ စေတိယဿ၊ အား။ ပရိဏာတံ၊ ညွတ်သောလာဘ်ကို။ အညဿ၊ တပါးသော။ စေတိယဿ ၀ါ၊ အားလည်းကောင်း။ သံယဿ၊ ၀ါ၊ အားလည်းကောင်း။ ပုဂ္ဂလဿ ၀ါ၊ အားလည်းကောင်း။ ပရိဏာမေတိ၊ ညွတ်စေ၏။ ပုဂ္ဂလဿ၊ အား။ ပရိဏာတံ၊ ကို။ အညဿ၊ တပါးသော။ ပုဂ္ဂလဿ ၀ါ၊ အားလည်းကောင်း။ သံယဿ ၀ါ၊ အားလည်းကောင်း။ စေတိယဿ ၀ါ၊ အားလည်းကောင်း။ ပရိဏာမေတိ၊ ညွတ်စေ၏။ ဣတိ၊ ဤသို့။ ၀ုတ္တာနိ၊ ဟောတော်မူအပ်ကုန်သော ၉-ပါးသော ဒါနတို့တည်း။

၁၆။ နဝ ပဋိဂ္ဂဟပရိဘောဂါတိ၊ ကား။ ဧတေသံယေ၀ ဒါနာနံ၊ ထိုဒါနတို့ကိုသာ။ ပဋိဂ္ဂဟာ စ၊ အလှူခံခြင်းတို့သည်လည်းကောင်း။ ပရိဘောဂါ စ၊ သုံးဆောင်ခြင်းတို့သည် လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

တီဏိ ဓမ္မိကာနိ ဒါနာနီတိ၊ ဟူသည်ကား။ သံယဿ၊ အား။ နိန္နံ၊ ညွတ်သော လာဘ်ကို။ (ဒိန္နံ-ရှိမူ လှူအပ်လတ္တံ့သော လာဘ်ကို-ဟု ပေး။) သံယသ္သေ၀၊ သံဃာအား

http://www.dhammadownload.com

သာလျှင်။ ဒေတိ၊ လှူ၏။ စေတိယဿ၊ အား။ နိန္နံ၊ ကို။ စေတိယသ္မေဝ၊ သာလျှင်။ ဒေတိ၊ ၏။ ပုဂ္ဂလဿ၊ အား။ နိန္နံ၊ ညွတ်သောလာဘ်ကို။ ပုဂ္ဂလသ္မေဝ၊ အားသာလျှင်။ ဒေတိ၊ လှူ၏။ ဣတိ ဣမာနိ တီဏိ၊ ဤ ၃-ပါးတို့တည်း။ ပဋိဂ္ဂဟာပိ၊ အလှူခံခြင်းတို့သည်လည်းကောင်း။ ပရိဘောဂါပိ၊ သုံးဆောင်ခြင်းတို့သည်လည်းကောင်း။ တေသံ ယေဝ၊ ထိုလာဘ်တို့ကိုသာလျှင်။ ပဋိဂ္ဂဟာ စ၊ အလှူခံခြင်းတို့သည်လည်းကောင်း။ ပရိဘောဂါ စ၊ သုံးဆောင်ခြင်းတို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ ပြဆိုအပ်သော ပါဠိ, အဋ္ဌကထာ, ဋီကာအရပ်ရပ်တို့၏အရ လိုရင်းစကားကား ပိဏ္ဍာတ္ထအဓိပ္ပါယ်ကို အကျဉ်းမျှ သိရုံ ကောက်ယူ၍ ပြဦးအံ့။

ပရိဏာတသိက္ခာပုဒ်အရာ၌ သံယိကအရမှာ သံယာအား ဒါနလက္ခဏာမြောက်အောင် လှူအပ်သောဥစ္စာ မဟုတ်သေး။ ဒါယကာတို့၏ ဥစ္စာသာ ဖြစ်သေးသည်။ ထို့ကြောင့် ဒါယကာတို့သည် မိမိတို့ပစ္စည်းကို လှူအံ့ဟု ညွတ်သောသံယာမှ တပါးသော သံယာ, စေတီ, ပုဂ္ဂိုလ်တို့အား လှူသော်လည်း အပ်သည်၊ အပြစ် မရှိ၊ မိမိတို့ ပိုင်ဆိုင်သော ပစ္စည်းကို မိမိတို့ လှူလိုရာ၌ လှူပိုင်ခွင့်ရှိသောကြောင့်တည်း။

၁၇။ ဥပါသကာ ဝဒန္တိ "သံဃောပိ အမ္ဟေဟိ ဒိန္နမေဝ လဘတိ၊ ဂဏ္ဍထ ဘန္တေ"တိ ဧဝမ္ပိ ဝဋ္ဋတိ–

ဟု လာသော ဝိနည်းအဋ္ဌကထာ၊

၁၈။ အတ္တနော အတ္တနော ဂေဟံ နေတွာ မနုဿေဟိ ဘုဉ္ဇိတဗ္ဗကံ–

ဟု ဆိုသော ဓမ္မပဒအဋ္ဌကထာ၊

၁၉။ မုဉ္စစေတနုပ္ပါဒတော ပဌာယ နာ ဒါယကော ဣဿရော–

ဟု ဆိုအပ်သော မူလဋီကာ၊

၂၀။ နနု စာယံ သံဃဿ ပရိဏာတော, နာ ပရိစ္စတ္တော၊ အထ ကထံ သံဃသန္တကော ဟောတီတိ အာဟ "သော ဟိ" တိအာဒိ–

ဟု ဆိုသော လီနတ္ထပကာသနီဋီကာ၊

၂၁။ ဘိက္ခူနံ ဝါသတ္ထာယ ကတမ္ပိ ယာဝ နာ ဒေန္တိ၊ တာဝ တေသံ သန္တကံယေဝ ဘဝိဿတိ–

ဟု ဆိုသော ဝိမတိဝိနောဒနီဋီကာတို့ကို ထောက်လေ။

http://www.dhammadownload.com

ထိုအဋ္ဌကထာ, ဋီကာပါဠိတို့ကို ထောက်၍ တစ်ခုသောကျောင်းတိုက်၌ ရဟန်းတို့ နေရာကျောင်းကို ဆောက်လုပ်၍ ထားသည်။ ရေစက်ချ၍ အနုမောဒနာ မပြုရသေး။ "အရှင်ဘုရားအား ဤကျောင်းကို လှူပါ၏"ဟူ၍လည်း နှုတ်က မမြွက်ဆိုဖူးသေး။ ထိုပုဂ္ဂိုလ်အား လှူမည်ဟု ဆို၍ ဖြစ်စေ၊ ကြံ၍ ဖြစ်စေ ဆောက်လုပ်ထားကာမျှသာ ရှိသေးသည်။ ထိုသို့ ညွတ်ရုံမျှသာဖြစ်သော ကျောင်းသည် ကျောင်းဒါယကာ အလိုရှိရာကို လွှဲပြောင်း၍ လှူနိုင်သေးသည်၊ လှူအပ်သည်ဟူ၍ မှတ်။

သံဃာအား ညွတ်ပြီးသော လာဘ်ကို သံဃာအား ဒါနလက္ခဏာ မြောက်အောင် မလှူရသေး၍ ဒါယကာ့ဥစ္စာ ဖြစ်နေသည့်အတွက် ပစ္စည်းရှင် ဒါယကာကသာ လွှဲပြောင်း၍ လှူပိုင်ခွင့်ရှိသည်၊ လှူအပ်သည်။ ထိုပစ္စည်းရှင်ဒါယကာ ညွတ်ပြီးသော သံဃာအား လှူလိုသောလာဘ်ကို တပါးသော ပစ္စည်းရှင် မဟုတ်သူတို့က လွှဲပြောင်း၍ တပါးသော စေတီ, သံဃာ, ပုဂ္ဂိုလ်တို့အား လှူအောင် မတိုက်တွန်းအပ်၊ မစေခိုင်းအပ်။ မိမိအားလည်း အလှူမခိုင်းအပ်၊ မညွတ်စေအပ်ကုန်။ သံဃာအား မလှူသေး၍ ဒါယကာ့ဥစ္စာ ဖြစ်သော်လည်း သံဃာအား ညွတ်ပြီးသောလာဘ်ဖြစ်၍ လှူလတ္တံ့သော သံဃာ့ဥစ္စာ ဖြစ်သော ကြောင့်တည်း။

၂၂။ သော ဟိ သံဃသ္သ ပရိဏာတတ္တာ ဟတ္ထံ အနာရူဠ္ဎောပိ ဧကေန ပရိယာယေန သံဃသန္တကော ဟောတိ–

ဟု ဆိုအပ်သော **ပါရာဇိကဏ်အဋ္ဌကထာ, မာတိကာအဋ္ဌကထာ**၊

၂၃။ ဧကေန ပရိယာယေနာတိ ပရိဏာတဘာဝသဒ္ဒီတေန ဧကေန ပရိယာယေန–

ဟူသော ဋီကာတို့ကို ထောက်လေ။

ထိုသို့ ညွတ်ပြီးသောလာဘ်သည် ညွတ်ရုံမျှဖြစ်၍ ဒါယကာ့ဥစ္စာဖြစ်သော်လည်း ရှေးရှုဆောင်၍ ညွတ်ပြီးဖြစ်သောကြောင့် အညွတ်ခံရသော ညွတ်ရင်းပုဂ္ဂိုလ်တို့သည် တောင်းယူအပ်သော်လည်း အပြစ်မရှိ၊ အပ်သည်။ အညွတ်မခံရသော သံဃာ, ပုဂ္ဂိုလ်တို့ကသာ မတောင်း, မယူကောင်း။

၂၄။ အဘိဟဋ္ဌပဒ္ဓိယတ္တေ စ ဥဒ္ဒိဿ ဌပိတဘာဂေ စ ပယုတ္တဝါစာ နာမ နတ္ထိ–

ဟူသော **ပါရာဇိကဏ်အဋ္ဌကထာ**၊

၂၅။ ဥဒ္ဒိဿ ဌပိတဘာဂေတိ အတ္တနော ယရေပိ ဥဒ္ဒိသိတ္တာ ဝိသုံ ဌပိတကောဋ္ဌာသေ-

ဟု ဆိုသော ဝိနည်းဋီကာတို့ကို ထောက်လေ။

http://www.dhammadownload.com

သံဃာအား ညွတ်သည်ကို သိ၍ ဉာတိ, ပဝါရိတရဟန်းဖြစ်စေ၊ ဂိလာနရဟန်း ဖြစ်စေ မိမိအလိုရှိမူ "ဒါယကာ၊ သင်တို့အတွက် ယူဆောင်ခဲ့သော ဆွမ်း,ဘောဇဉ်, ထောပတ်, ဆီဦး ရှိသလော"ဟု မေးရမည်။ ရှိသည်ဟု ဆိုမူ"ငါ့အား လှူကြပါ"ဟု ဆို၍ တောင်းမူအပ်သည်။

၂၆။ သစေ ပန သော "တုမှာကံ သပ္ပိအာဒိနိ အာဘတာနိ အတ္ထိ"တိ ပုစ္ဆိတွာ "အာမ အတ္ထိ"တိ ဝုတ္တေ "မယှမ္ပိ ဒေထာ"တိ ဝဒတိ၊ ဝဋ္ဋတိ–

ဟူသော **အဋ္ဌကထာကို** ထောက်လေ။

သံဃာအား ညွတ်ပြီးသောလာဘ်ကို ပစ္စည်းရှင်တို့ မလှူလို၍ တပါးသော သံဃာ, စေတီ, ပုဂ္ဂိုလ်တို့အား လှူရာ အပြစ်မရှိဟု ဆိုသောစကားမှာ–

၂၇။ ဥပါသကာ ဝဒန္တိ "သံဃောပိ အမှေဟိ ဒိန္နမေဝ လဘတိ၊ ဂဏ္ဍထ ဘန္တေ"တိ၊ ဧဝမ္ပိ ဝဋ္ဋတိ–

ဟု ဆိုသော **ပရိဏာတသိက္ခာပုဒ်အဖွင့် အဋ္ဌကထာကို** သေသေချာချာ ရှု။

ပစ္စည်းရှင် မဟုတ်သူတို့ကသာ ညွတ်ရင်းသံဃာကို ဖယ်၍ တပါး သံဃာ, စေတီ, ပုဂ္ဂိုလ်တို့အား လှူအောင် မပြုအပ်။ မိမိကိုယ်တိုင်လည်း အလှူမခံအပ်-ဟု ဆိုသော စကားမှာ–

၂၈။ သံဃဿ ပရိဏတံ အညဿံဃဿ ဝါ စေတိယဿ ဝါ ပရိဏာမေတိ၊ အာပတ္တိ ဒုက္ကဋဿ–

ဟု လာသော **ပါရာဇိကဏ်ပါဠိတော်**၊

၂၉။ နဝ အဓမ္မိကာနိ ဒါနာနိတိ သံဃဿ ပရိဏတံ အညဿံဃဿ ဝါ စေတိယဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ–

ဟု လာသော **ပရိဝါအဋ္ဌကထာတို့၌** "ပရိဏာမေတိ"ဟူသော အာဏတ္တိက စကားကို မြင်သဖြင့်လည်း အမှန်ပင်ဟု မှတ်ယူရမည်။

ထိုပရိဝါအဋ္ဌကထာ၌ "တီဏိ ဓမ္မိကာနိ ဒါနာနိတိ သံဃဿ နိန္နံ သံဃသော ဒေတိ"ဟုဆိုသော ဓမ္မိကဒါနမှာလည်း ဤ"ပရိဏာမေတိ" ဟူသော အဓမ္မိကဒါနအရ အာဏတ္တိကစကားကို ထောက်၍ သံဃာအား ညွတ်ပြီးသောလာဘ်ကို ပစ္စည်းရှင်သည်

http://www.dhammadownload.com

တပါးသောသူတို့က ညွတ်ရင်းသံယာမှ တပါးသော သံယာ,စေတီ,ပုဂ္ဂိုလ်တို့အား လွှဲပြောင်း၍ အလှူခိုင်းသည်ကို မလှူအပ်။ **မိမိရည်စူးရင်း သံယာအားသာ လှူအပ်သည်။ ပစ္စည်းရှင် အလိုရှိ၍ လွှဲပြောင်းလှူမူ လှူအပ်သည်သာ-ဟု မှတ်။**

ပစ္စည်းရှင်မှ တပါးသောသူတို့က ညွတ်ပြီးသောလာဘ်ကို ညွတ်ရင်း သံယာ, စေတီ, ပုဂ္ဂိုလ်မှ တပါးသော သံယာ,စေတီ,ပုဂ္ဂိုလ်အား ညွတ်စေရာ၊ မိမိအား ညွတ်စေရာတို့၌ အထူးကို ပြတော်မူခြင်းငှာ **ပရိဏာတသိက္ခာပုဒ် အဖွင့်အဋ္ဌကထာ(၀ိ၊၄။၂၁၁)၌-**

၃၀။ ပရိဏာတလာဘသ အတ္တနော ပရိဏာမနပယောဂေ ဒုက္ကဋံ၊ ပဋိလာဘေန တသ္မိံ ဟတ္ထံ အာရူဠှေ နိဿဂ္ဂိယံ။ သစေ ပန သံယဿ ဒိန္နံ ဟောတိ၊ တံ ဂဟေတုံ န ဝဋ္ဋတိ၊ သံယဿေဝ ဒါတဗ္ဗံ။ ယောပိ အာရာမိကေဟိ သဒ္ဓိံ ဧကတော ခါဒတိ၊ ဘဏ္ဍံ အဂ္ဃါပေတွာ ကာရေတဗ္ဗော။ ပရိဏာတံ ပန သဟဓမ္မိကာနံ ဝါ ဂိဟီနံ ဝါ အန္တမသော မာတုသန္တကမ္ပိ "ဣမံ မယ္ဟံ ဒေဟီ"တိ သံယဿ ပရိဏာတဘာဝံ ဉတ္ဝာ အတ္တနော ပရိဏာမေတွာ ဂဏှန္တဿ နိဿဂ္ဂိယံ ပါစိတ္တိယံ။ "ဣမဿ ဘိက္ခုနော ဒေဟီ"တိ ဧဝံ အညဿ ပရိဏာမေန္တဿ သုဒ္ဓိကပါစိတ္တိယံ။ ဧကံ ပဿ ဝါ စိဝရံ ဝါ အတ္တနော, ဧကံ အညဿ ပရိဏာမေတိ၊ နိဿဂ္ဂိယံ ပါစိတ္တိယဉ္စေဝ သုဒ္ဓိကပါစိတ္တိယဉ္စ-

ဟု မိန့်ဆိုတော်မူသည်။

ထိုအဋ္ဌကထာ၌ "ပရိဏာတလာဘသ ။ပ။ အာရူဠှေ နိဿဂ္ဂိယံ" ဟူသောပါဠိဖြင့် သံယာအား ညွတ်သောလာဘ်ကို မိမိသို့ ညွတ်စေခြင်း ကာယပယောဂ, ဝစီပယောဂ၌ ဒုက္ကဋ်သင့်သည်။ ထိုညွတ်စေသောလာဘ်သည် လက်သို့ ရောက်သောအခါ နိဿဂ္ဂိယပါစိတ် သင့်သည်ဟု ပြတော်မူသည်။ "သစေ ပန သံယဿ ဒိန္နံ ။ပ။ ဘဏ္ဍံ အဂ္ဃါပေတွာ ကာရေတဗ္ဗော" ဟူသောပါဠိဖြင့် သံယာအား လှူအပ်ပြီးသောလာဘ်ကို မယူအပ်၊ သံယာအားသာ ပေးအပ်သည်။ မပေးဘဲ အာရာမ်စောင့်တို့နှင့် သုံးဆောင်မူ ဘဏ္ဍာဖိုးဖြင့် ဆုံးဖြတ်အပ်သည်ဟု ပြတော်မူသည်။ "သံယဿ ပရိဏာတဘာဝံ ဉတ္ဝာ ။ပ။ သုဒ္ဓိကပါစိတ္တိယံ"ဟူသော ပါဠိဖြင့် သံယာအား ညွတ်ပြီးသောလာဘ်ကို မိမိအား ညွတ်စေ၍ ယူရာ၌ နိဿဂ္ဂိယပါစိတ်၊ တပါးသောပုဂ္ဂိုလ်အား ညွတ်၍ လှူစေရာ၌ သုဒ္ဓပါစိတ်သင့်သည်ဟု ပြတော်မူသည်။ "ဧကံ ပတ္တံ ဝါ ။ပ။ သုဒ္ဓိကပါစိတ္တိယဉ္စ" ဟူသောပါဠိဖြင့် သံယာအား ညွတ်သောလာဘ်ကို မိမိအား သပိတ် ၁-လုံးကို၊ တပါးသောရဟန်းအား သပိတ် ၁-လုံးကို ဤသို့စသည်ဖြင့် ညွတ်၍ လှူစေရာ၌ နိဿဂ္ဂိယပါစိတ်, သုဒ္ဓပါစိတ် ၂-ချက်သင့်သည်ဟု ပြတော်မူသည်။

http://www.dhammadownload.com

၃၁။ **ပါရာဇိကဏ်ပါဠိတော်(၀ိ၊၁။၃၈၀)၌-**

သံယဿ ပရိဏာတံ အညသံယဿ ဝါ စေတိယဿ ဝါ ပရိဏာမေတိ၊ အာပတ္တိ ဒုက္ကဋဿ။

ဟု ရှိသည်။ "ပုဂ္ဂလဿ" မပါ။

၃၂။ **ပရိဝါအဋ္ဌကထာ(၀ိ၊၄၊၄။၁၈၁)မှာကား-**

သံယဿ ပရိဏာတံ အညသံယဿ ဝါ စေတိယဿ ဝါ ပုဂ္ဂလဿ ဝါ။

ဟု ပုဂ္ဂလသဒ္ဒါ တကွ ပါရှိသည်။

၃၃။ **ဝဇိရဗုဒ္ဓိဋီကာ(နှာ-၂၈၄)၌-**

သံယဿ ပရိဏာတံ ။ပ။ အာပတ္တိ ဒုက္ကဋဿာတိ ဧတ္ထ 'ပုဂ္ဂလဿ'တိ နှ ဝုတ္တံ၊ ယတော သုဒ္ဓပါစိတ္တိယဝသေန အာဂတတ္တာ။

ဟု ဆိုတော်မူသည်။ သာရတ္ထဋီကာ, ဝိမတိဋီကာတို့၌ကား အထူးမဆို။

ထိုဝဇိရဗုဒ္ဓိဋီကာကို ထောက်၍ "သံယဿ ပရိဏာတံ အညသံယဿ ဝါ စေတိယဿ ဝါ ပရိဏာမေတိ၊ အာပတ္တိ ဒုက္ကဋဿ"ဟူသော ပါဠိတော်၌ သံယာအား ညွတ်သော လာဘ်ကို တပါးသော သံယာအားလည်းကောင်း, စေတီအားလည်းကောင်း ညွတ်စေရာ၌သာ ဒုက္ကဋ်အာပတ်သင့်သည်။ ပုဂ္ဂိုလ်အား ညွတ်စေရာ၌ ဒုက္ကဋ် မသင့်၊ သုဒ္ဓပါစိတ်သာ သင့်သောကြောင့် "ပုဂ္ဂလဿ ဝါ"ဟု မရှိသင့်ဟု ပြတော်မူသည်။

၃၄။ **အဋ္ဌကထာ(၀ိ၊၄၊၂။၃၁၁)၌လည်း-**

ဣမဿ ဘိက္ခုနော ဒေဟိတိ ဧဝံ အညဿ ပရိဏာမေန္တဿ သုဒ္ဓိကပါစိတ္တိယံ။

ဟူ၍သာ ဖွင့်သည်။

ပရိဝါအဋ္ဌကထာမှာ- နဝအဓမ္မိက အရကို ဖွင့်သောအရာဖြစ်၍ "သံယဿ ပရိဏာတံ အညသံယဿ ဝါ စေတိယဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ"ဟု "ပရိဏာမေတိ"သာမညဖြင့် ပြတော်မူသောကြောင့် "ပုဂ္ဂလဿ ဝါ" ပါရှိသင့်သည်။

သံယာအား ညွတ်သောလာဘ်ကို တပါးသော သံယာအားလည်းကောင်း၊ စေတီအားလည်းကောင်း ညွတ်စေရာ၌ ဒုက္ကဋ်၊ ပုဂ္ဂိုလ်အား ညွတ်စေရာ၌ သုဒ္ဓပါစိတ်ဟု

http://www.dhammadownload.com

နဝအဓမ္မိကကို ပြတော်မူလိုသည်ဖြစ်၍ "ပရိဏာမေတိ" ကြိယာသာမည်ဖြင့် "ပုဂ္ဂလဿ ဝါ"ဟု ထည့်၍ ပြတော်မူသည်ဟု မှတ်။

ပါရာဇိကဏ်ပါဠိတော် ပရိဏာတသိက္ခာပုဒ်ပါဠိနှင့် ပရိဝါအဋ္ဌကထာအရ လိုရင်း စကားကျ ဝိဏ္ဍာတ္ထမှာ—

သံယာအား ညွတ်သောလာဘ်ကို တပါးသော သံယာအားလည်းကောင်း၊ စေတီအားလည်းကောင်း ညွတ်စေရာ၌ ဒုက္ကဋ်၊ ပုဂ္ဂိုလ်အား ညွတ်စေရာ၌ သုဒ္ဓပါစိတ်၊ မိမိအား ညွတ်စေခြင်း၌ ဒုက္ကဋ်၊ လာဘ်ကို ရခြင်း၌ နိဿဂ်ပါစိတ် သင့်သည်။

စေတီအား ညွတ်သောလာဘ်ကို တပါးသော စေတီ, သံဃာ, ပုဂ္ဂိုလ်အားလည်းကောင်း၊ မိမိအားလည်းကောင်း ညွတ်စေခြင်း၌ ဒုက္ကဋ်အာပတ် သင့်သည်။

ပုဂ္ဂိုလ်အား ညွတ်သောလာဘ်ကို တပါးသော ပုဂ္ဂိုလ်, သံဃာ, စေတီအားလည်းကောင်း၊ မိမိအားလည်းကောင်း ညွတ်စေခြင်း၌ ဒုက္ကဋ်အာပတ် သင့်သည်ဟု မှတ်ရမည်။ "ပရိဏာတလာဘဿ အတ္တနော ပရိဏာမနပယောဂေ ဒုက္ကဋံ" စသည်ဖြင့် ထုတ်ဆောင်၍ ပြခဲ့သော အဋ္ဌကထာနှင့် ဝဇိရဗုဒ္ဓိဋီကာပါဠ်ကို ထောက်လေ။

ထိုပရိဏာတသိက္ခာပုဒ်အရမှာ- သံဃာအား ညွတ်သည်ကို မသိ၍ မိမိအား ညွတ်စေရာ၌လည်းကောင်း၊ တပါးသော သံဃာ, စေတီ, ပုဂ္ဂိုလ်အား ညွတ်စေရာ၌ လည်းကောင်း အပြစ်မရှိ-ဟု မှတ်လေ။

၃၅။ အကိုး သာဓကကား—

ပရိဏာတေ အပရိဏာတသညီ အတ္တနော ပရိဏာမေတိ၊ အနာပတ္တိ—

ဟု **ပါရာဇိကဏ်ပါဠိတော်**(၀။၁။၃၈၀)၌ လာသည်။

၃၆။ **လိနတ္ထပကာသနီဋီကာ၌လည်း**—

ဣဒါနိ အနာပတ္တိ ဒဿေတုံ "အပရိဏာတသညိနော"တိ အာဒိမာဟ။ ပရိဏာတေ အပရိဏာတေ စ အပရိဏာတသညိနော စာတိ သမ္ဗန္ဓော၊ ပရိဏာတေ, အပရိဏာတေ စာတိ ဥဘယတ္ထာပိ အနာပတ္တိတိ အတ္ထော— (ကခ်ီ။ဋီ-သစ်။၃၄၄)

ဟု မိန့်တော်မူသည်။

http://www.dhammadownload.com

၃၇။ ပရိဏာမသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌-

စေတိယဿ ပရိဏာမန္တိ ဇတ္ထု နိယမေတွာ အညစေတိယဿတ္ထာယ ရောပိတမာလာဝစ္ဆတော အညစေတိယမှိ ပုပ္ပမှိ အာရောပေတုံ နဝဋ္ဋတိ။ ဧကဿ စေတိယဿ ပန ဆတ္တံ ဝါ ပဋာကံ ဝါ အာရောပေတွာ ဌိတံ ဒိသွာ သေသံ အညဿ စေတိယဿ ဒါပေတုံ ဝဋ္ဋတိ– (ဝိ၊၄၊၂။၃၁၂)ဟု ဖွင့်သည်။

၃၈။ ဝိမတိဝိနောဒနီဋီကာ၌လည်း–

ရောပိတမာလာဝစ္ဆတောတိ ကေနစိ နိယမေတွာ ရောပိတံ သန္ဓာယ ဝုတ္တံ။ အနောစိတံ မိလာယမာနံ ဩစိနိတွာ ယတ္ထ ကတ္ထစိ ပူဇေတုံ ဝဋ္ဋတိ။ ဌိတံ ဒိသွာတိ သေသကံ ဂဟေတွာ ဌိတံ ဒိသွာ–(ဝိမတိ၊ဝ။၃၆၂)ဟု ဖွင့်တော်မူသည်။

၃၉။ သာရတ္ထဒီပနီဋီကာ၌လည်း–

ပုပ္ပမှိ အာရောပေတုံ နဝဋ္ဋတီတိ ဣဒံ ပရိဏာတံ သန္ဓာယ ဝုတ္တံ။ သစေ ပန ဧကသ္မိံ စေတိယေ ပူဇိတံ ပုပ္ဖံ ဂဟေတွာ အညစေတိယေ ပူဇေတိ၊ ဝဋ္ဋတိ–

ဟု ဖွင့်သည်။

၃၇။ **စေတိယဿ ပရိဏာတန္တိ ဇတ္ထု၊ ၌။** နိယမေတွာ၊ မှတ်၍။ အညစေတိယဿတ္ထာယ၊ တပါးသော စေတီအကျိုးငှာ။ ရောပိတမာလာဝစ္ဆတော၊ စိုက်ပျိုးသော ပန်းပင်မှ။ အညစေတိယမှိ၊ တပါးသော စေတီ၌။ ပုပ္ပမှိ၊ ပန်းကိုလည်း။ အာရောပေတုံ၊ တင်ခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ ဧကဿ စေတိယဿ ပန၊ တစ်ခုသော စေတီအား။ ဆတ္တံ ဝါ၊ ထီးကိုလည်းကောင်း။ ပဋာကံ ဝါ၊ တံခွန်, ကုက္ကား, မုလေးပွါးကိုလည်းကောင်း။ အာရောပေတွာ၊ တင်၍။ သေသံ၊ အကြွင်းကို။ ဂဟေတွာ၊ ကိုင်၍။ ဌိတံ၊ တည်သည်ကို။ ဒိသွာ၊ မြင်၍။ အညဿ စေတိယဿ၊ တပါးသော စေတီအား။ ဒါပေတုံ၊ ပေးလှူစေခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

၃၈။ **ရောပိတမာလာဝစ္ဆတောတိ၊** ကား။ ကေနစိ၊ တစ်စုံတစ်ယောက်သောသူသည်။ နိယမေတွာ၊ မှတ်၍။ ရောပိတံ၊ စိုက်သောပန်းပင်ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ၏။ အနောစိတံ၊ မဆွတ်အပ်သော။ မိလာယမာနံ၊ ညှိုးသောပန်းကို။ ဝါ၊ ကြွေကျခါနီးသော ပန်းကို။ ဩစိနိတွာ၊ ဆွတ်၍။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိသော စေတီ၌။ ပူဇေတုံ၊ ပူဇော်စေခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဌိတံ ဒိသွာတိ၊ ကား။ သေသကံ၊ အကြွင်းကို။ ဂဟေတွာ၊ ကိုင်၍။ ဌိတံ၊ တည်သည်ကို။ ဒိသွာ၊ မြင်၍။

http://www.dhammadownload.com

၃၉။ ပုပ္ဖမ္မို အာရောပေတုံ နု ဝဋ္ဋတီတိ ဣဒံ၊ ကိံ။ ပရိဏာတံ၊ ညွတ်အပ်သော, မလှူသေးသော ပန်းကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ၏။ ဧကသ္မိံ စေတိယေ၊ တပါးသောစေတီ၌။ ပူဇိတံ၊ ပူဇော်အပ်သော။ ပုပ္ဖံ၊ ပန်းကို။ ဂဟေတွာ၊ ယူ၍။ အညစေတိယေ၊ တပါးသောစေတီ၌။ သစေ ပန ပူဇေတိ၊ ပူဇော်အံ့။ ဝဋ္ဋတိ၊ အပ်၏။

ထိုအဋ္ဌကထာ၌- "နိယမေတွာ အညစေတိယဿတ္ထာယ ။ပ။ နု ဝဋ္ဋတိ"ဟူသောပါဠိဖြင့် တပါးသောသူသည် တစ်ခုသောစေတီကို လှူအံ့ဟု ရည်မှတ်၍ စိုက်သော ပန်းမှ ပန်းပင်မစိုက်သောသူက ယူ၍ တပါးစေတီ၌ မတင်, မလှူအပ်။ ထိုပန်းပင်စိုက်သူ တင်လှူပြီးသောစေတီ၌ ပန်းကိုယူ၍ တပါးသောစေတီ၌ တင်အပ်သည်။

ပန်းပင်စိုက်သောသူမှာ ထိုစေတီအား လှူအံ့ဟု ညွတ်ရုံမျှသာဖြစ်၍ ပန်းပွင့်သောအခါ အလိုရှိရာစေတီ၌ တင်အပ်သည်ဟု ပြတော်မူသည်ဟု မှတ်။

၄၀။ ရောပိတမာလာဝစ္ဆတောတိ ကေနစိ နိယမေတွာ ရောပိတံ သန္ဓာယ ဝုတ္တံ-

ဟု ဆိုသော ဝိမတိဝိနောဒနီဋီကာ၊

၄၁။ သစေ ပန ဧကသ္မိံ စေတိယေ ပူဇိတံ ပုပ္ဖံ ဂဟေတွာ အညစေတိယေ ပူဇေတိ၊ ဝဋ္ဋတိ-

ဟု ဆိုသော သာရတ္ထဒီပနီဋီကာတို့ကို ထောက်ပါ။

ထိုသာရတ္ထဒီပနီဋီကာပါဠိကိုပင် ထောက်၍ ဆွမ်းတော်တင်ရာတို့၌ တစ်ဆူကို တင်လှူပြီးမှ တစ်ဆူကို တင်လှူအပ်သည်ဟု မှတ်လေ။

၄၂။ **ပရိဏာတသိက္ခာပုဒ်အဋ္ဌကထာ၌-**

ပုဂ္ဂလဿ ပရိဏာတန္တိ အန္တမသော သုနခဿပိ ပရိဏာတံ "ဣမဿ သုနခဿ မာ ဒေဟိ၊ ဧတဿ ဒေဟီ"တိ ဧဝံ အညပုဂ္ဂလဿ ပရိဏာမေတိ ဒုက္ကဋံ-

ဟု (ဝိ၊ဋ္ဌ၊၂။၃၁၂)ဆိုတော်မူ၏။

၄၃။ **သာရတ္ထဒီပနီဋီကာ၌လည်း-**

ဣမဿ သုနခဿ မာ ဒေဟိ၊ ဧတဿ ဒေဟိတိ ဣဒံ ပရိဏာတေယေဝ။ တိရစ္ဆာန-ဂတဿ ပရိစ္စဇိတ္တာ ဒိန္နေ ပန တံ ပလာပေတွာ အညံ ဘဉ္ဇာပေတုံ ဝဋ္ဋတိ-

ဟု (သာရတ္ထ၊၂။၄၄၈)ဖွင့်တော်မူသည်။

http://www.dhammadownload.com

၄၄။ အန္တမသော သုနခံ ဥပါဒါယ ယော ကောစိ သတ္တော "ပုဂ္ဂလော"တိ ဝေဒိတဗ္ဗော-ဟု လီနတ္ထပကာသနီဋီကာ(က၁။ဋီ-သစ်။၃၄၄)၌ လာသည်။

၄၂။ ပုဂ္ဂလဿ ပရိဏာတန္တိ၊ ဟူသည်ကား။ အန္တမသော၊ အယုတ်သဖြင့်။ သုနခဿပိ၊ ခွေးအားလည်း။ ပရိဏာတံ၊ ညွတ်သောလာဘ်ကို။ ဣမဿ သုနခဿ၊ ဤခွေးအား။ မာ ဒေဟိ၊ မပေးလင့်။ ဧတဿ၊ ထိုခွေးအား။ ဒေဟိ၊ ပေးလော့။ ဣတိ ဧဝံ၊ ဤသို့။ အည-ပုဂ္ဂလဿ၊ တပါးသော ပုဂ္ဂိုလ်အား။ ပရိဏာမေတိ၊ ညွတ်စေ၏။ ဒုဣဠံ၊ ၏။

၄၃။ ဣမဿ ။ပ။ ဒေဟိတိ ဣဒံ၊ ကို။ ပရိဏာတေယေဝ၊ ညွတ်သောလာဘ်၌သာလျှင်။ ဝုတ္တံ၊ ၏။ တိရစ္ဆာနဂတဿ၊ တိရစ္ဆာန်အား။ ပရိစ္စဇိတ္ဝာ၊ စွန့်လွှတ်၍။ ဒိန္နေ ပန၊ ပေးပြီး သည်ရှိသော်ကား။ တံ၊ ထိုခွေးကို။ ပလာပေတွာ၊ ပြေးစေ၍။ အညံ၊ အခြားတပါးသော ခွေးကို။ ဘုဉ္ဇာပေတုံ၊ စားစေခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

ပစ္စည်းရှင်မှတပါး အခြားသူက ညွတ်စေရာ၌ မအပ်။ ပစ္စည်းရှင်မှာ ညွတ်ပြီး သော်လည်း မပေးလိုမူ အလိုရှိသူအား ပေးအပ်သည်ဟု မှတ်။ "အညပုဂ္ဂလဿ ပရိဏာ-မေတိ"ဟူသော အာဏတ္တိကအရကို ထောက်လေ။

ဤသို့လာသော ပါဠို, အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ 'သံဃာ, စေတီ, ပုဂ္ဂိုလ် အား လှူအုံ့'ဟု ဆို၍ စီရင်ပြုလုပ်သောလာဘ်သည် ထိုသို့ ညွတ်ရုံ, ရည်စူးရုံမျှနှင့် မိမိတို့ ဥစ္စာအဖြစ်မှ မလွတ်သေးသည်ဖြစ်၍ မိမိတို့ ပစ္စည်းဥစ္စာပင် မည်သောကြောင့် ပစ္စည်း ရှင်က မလှူလို၍ တပါးသော သံဃာ, စေတီ, ပုဂ္ဂိုလ်အား **ရွှေ့ပြောင်း၍ လှူသော်လည်း ကောင်း၊ မိမိတို့ပင် သုံးဆောင်သော်လည်းကောင်း အပြစ်မရှိ**။ လှူအပ်သည်၊ သုံးဆောင် အပ်သည်။

ထိုသို့ ညွတ်သောလာဘ်ကို သိလျက် ပစ္စည်းရှင်မှတပါး အခြားသူတို့က မိမိလည်း မတောင်းယူအပ်။ တပါးသော သံဃာ, စေတီ, ပုဂ္ဂိုလ်အားလည်း ရွှေ့ပြောင်း၍ မညွတ်စေ အပ်၊ မလှူစေအပ်-ဟု မှတ်လေ။

၄၅။ **ပရိဏာတသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌–**

သစေ ပန ဒါယကာ "မယံ သံဃဿ ဘတ္တံ ဒါတုကာမာ၊ စေတိယဿ ပူဇံ ကာတုကာမာ၊ ဧကဿ ဘိက္ခုနော ပရိက္ခာရံ ဒါတုကာမာ၊ တုမှာကံ ရုစိယာ ဒဿာမ၊ ဘဏထ, ကတ္ထ ဒေမာ"တိ ဝဒန္တိ၊ ဧဝံ ဝုတ္တေ တေန ဘိက္ခုနာ "ယတ္ထ

http://www.dhammadownload.com

ဣစ္ဆထ၊ တတ္ထ ဒေထာ"တိ ဝတ္ထုဗ္ဘာ။ သစေ ပန ကေဝလံ "ကတ္ထ ဒေမာ"တိ ပုစ္ဆန္တိ၊ ပါဠိယံ အာဂတနယေနေဝ ဝတ္ထုံ-(ဝိ၊၄၊၂။၃၁၂)

ဟု ဆိုတော်မူသည်။

ဒါယကာ၊ ဒါယကာတို့သည်။ မယံ၊ တပည့်တော်တို့သည်။ သံယဿ၊ အား။ ဘတ္တံ၊ ဆွမ်းကို။ ဒါတုကာမာ၊ ပေးလှူလိုကုန်၏။ စေတိယဿ၊ စေတီတော်အား။ ပူဇံ၊ ပူဇော်ခြင်းကို။ ကာတုကာမာ၊ ပြုလိုကုန်၏။ ဧကဿ၊ တပါး၊သော။ ဘိက္ခုနော၊ အား။ ပရိက္ခာရံ၊ ကို။ ဒါတုကာမာ၊ လှူလိုကုန်၏။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ရုစိယာ၊ အလိုအားဖြင့်။ ဒဿာမ၊ လှူကုန်အံ့။ ဘဏာထ၊ ပြောတော်မူကုန်လော့။ ကတ္ထ၊ အဘယ်၌။ ဒေမ၊ လှူရကုန် အံ့နည်း။ ဣတိ၊ ဤသို့။ သစေ ဝဒန္တိ၊ ဆိုကုန်အံ့။ ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ ယတ္ထ၊ အကြင် သံဃာ, စေတီ, ပုဂ္ဂိုလ်၌။ ဣစ္ဆထ၊ လှူလိုကုန်၏။ တတ္ထ၊ ထိုသံဃာ, စေတီ, ပုဂ္ဂိုလ်၌။ ဒေထ၊ လှူကုန်လော့။ ဣတိ၊ ဤသို့။ ဝတ္ထုဗ္ဘာ၊ ဆိုအပ်ကုန်၏။ ကေဝလံ၊ သက်သက်။ ကတ္ထ၊ အဘယ်၌။ ဒေမ၊ လှူရကုန်အံ့နည်း။ ဣတိ၊ ဤသို့။ သစေ ပန ပုစ္ဆန္တိ၊ မေးကုန်အံ့။ ပါဠိယံ၊ ပါဠိတော်၌။ အာဂတနယေနေဝ၊ လာသောနည်းဖြင့်သာလျှင်။ ဝတ္ထုံ၊ ဆိုအပ်၏။

၄၆။ **ပါရာဇိကဏ် ပါဠိတော်၌ကား-**

အနာပတ္တိ "ကတ္ထ ဒေမာ"တိ ပုစ္ဆိယမာနော "ယတ္ထ တုမှာကံ ဒေယျဓမ္မော ပရိဘောဂံ ဝါ လဘေယျ၊ ပဋိသခါရံ ဝါ လဘေယျ၊ စိရဋ္ဌိတိကော ဝါ အဿ၊ ယတ္ထ ဝါ ပန တုမှာကံ စိတ္တံ ပသီဒတိ၊ တတ္ထ ဒေထာ"တိ ဘဏတိ-

ဟု (ဝိ၊၁။၃၈၁)လာသည်။

ကတ္ထ၊ အဘယ်အရပ်၌။ ဒေမ၊ လှူရပါအံ့နည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိယမာနော၊ မေးအပ်သည်ရှိသော်။ တုမှာကံ၊ သင်တို့၏။ ဒေယျဓမ္မော၊ လှူဖွယ်ပစ္စည်း ၄-ပါး၊အစုသည်။ ယတ္ထ၊ အကြင်ကျောင်းတိုက်, အကြင်ပုဂ္ဂိုလ်၌။ ပရိဘောဂံ ဝါ၊ သုံးဆောင်ခြင်းကို လည်းကောင်း။ ပဋိသခါရံ ဝါ၊ ပြုပြင်ခြင်းကိုလည်းကောင်း။ လဘေယျ၊ ရရာ၏။ စိရဋ္ဌိတိကော ဝါ၊ ကြာမြင့်စွာ တည်သည်လည်း။ အဿ၊ ဖြစ်ရာ၏။ ယတ္ထ ဝါ ပန၊ အကြင်ကျောင်း,သံဃာ,စေတီ,ပုဂ္ဂိုလ်၌လည်း။ တုမှာကံ၊ သင်တို့၏။ စိတ္တံ၊ စိတ်သည်။ ပသီဒတိ၊ ကြည်ညို၏။ တတ္ထ၊ ထိုကျောင်း,သံဃာ,စေတီ,ပုဂ္ဂိုလ်၌။ ဒေထ၊ လှူကြကုန်လော့။ ဣတိ၊ ဤသို့။ ဘဏတိ၊ ဆို၏။ အနာပတ္တိ၊ အာပတ်မသင့်။

http://www.dhammadownload.com

ဆိုလိုရင်း အဓိပ္ပါယ်ကား– သံယာ, စေတီ, ပုဂ္ဂိုလ်အား လျှူလိုၗ် ပြုအပ်သော အလျှူကို ကိုယ်နှင့်စပ်သော ရဟန်းသံယာထံ လာရောက်၍ "အရှင်ဘုရား၊ အလိုရှိရာ ပြောတော်မူပါ။ အရှင်ဘုရား အလိုရှိရာ လျှူပါမည်"ဟု ဆိုလျှင် ထိုရဟန်းက "အလိုရှိသော မည်သည့် သံယာ, မည်သည့်စေတီ, မည်သည့်ပုဂ္ဂိုလ်ကို လျှူ"ဟု ဆိုအပ်သည်။ ထိုသို့မဟုတ် သံယာ, စေတီ, ပုဂ္ဂိုလ်အား လျှူလိုၗ် စီရင်သောလာဘ်ကို ကိုယ်နှင့်စပ်သော ရဟန်းသံယာထံလာ၍"အရှင်ဘုရား၊ အဘယ်၌ လျှူရပါအံ့နည်း"ဟူ၍သာ မေးမူ "ဆွမ်း, သင်္ကန်း, ဆေးဖြစ်မူ သင်တို့ပစ္စည်းကို သုံးဆောင်လတ္တံ့သော နေရာ၌လည်းကောင်း၊ ကျောင်းဖြစ်မူ သင်တို့ပစ္စည်းကို ပြင်လတ္တံ့သော နေရာ၌လည်းကောင်း လျှူလော့"ဟူ၍သော်လည်းကောင်း၊ "အကြင်ကျောင်း, သံယာ, စေတီ, ပုဂ္ဂိုလ်၌ သင်တို့ကြည်ညိုကုန်၏။ ထိုကျောင်း, သံယာ, စေတီ, ပုဂ္ဂိုလ်တို့၌ လျှူကြလေကုန်ဟူ၍သော်လည်းကောင်း ဆိုအပ်၏။ မည်သည့်ကျောင်း, သံယာ, စေတီ, ပုဂ္ဂိုလ်ဟူ၍ကား အမည်ကိုဖော်၍ မပြောအပ်"ဟု မှတ်လေ။

၄၇။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌–

> **ယတ္ထ ဣစ္ဆထ၊ တတ္ထ ဒေထာတိ** ဧတ္ထ နိယမေတွာ "အသုကဿ ဒေဟီ"တိ ဝုတ္တေပိ ဒေါသော နတ္ထိ "တုမှာကံ ရုစိယာ"တိ ဝုတ္တတ္တာ–

ဟု (ဝိမတိ၊၁။၃၆၂)ဆိုတော်မူ၏။

ယတ္ထ ဣစ္ဆထ၊ တတ္ထ ဒေထာတိ ဧတ္ထ၊ ၌။ နိယမေတွာ၊ မှတ်၍။ အသုကဿ၊ ဤမည်သော သံယာ, စေတီ, ပုဂ္ဂိုလ်အား။ ဒေဟိ၊ လျှူလော့။ ဣဟ၊ ဤသို့။ ဝုတ္တေပိ၊ ဆိုသော်လည်း။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ တုမှာကံ ရုစိယာတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ဆိုအပ်သောကြောင့်တည်း။

တပါးသော သံယာ, စေတီ, ပုဂ္ဂိုလ်အား လျှူမည်-ဟု ညွှတ်ပြီးသော လာဘ်ကို တပါးသော သံယာ, စေတီ, ပုဂ္ဂိုလ်အား လွှဲပြောင်း၍ လျှူရာ၌–

> ၄၈။ နဝ အဓမ္မိကာနိ ဒါနာနိတိ သံယဿ ပရိဏတံ အညသံယဿ ဝါ စေတိယဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ။ စေတိယဿ ပရိဏတံ အညစေတိယဿ ဝါ သံယဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ။ ပုဂ္ဂလဿ ပရိဏတံ အညပုဂ္ဂလဿ ဝါ သံယဿ ဝါ စေတိယဿ ဝါ ပရိဏာမေတိတိ ဧဝံ ဝုတ္တာနိ-
>
> (ဝိ၊၄၊၄။၁၈၁-၂)

ဟူ၍ မိန့်ဆိုတော်မူအပ်သော **ပရိဝါအဋ္ဌကထာအရမှာ**– ပစ္စည်းရှင်ဖြစ်သော သူသည် ဤမည်သော သံယာ,စေတီ,ပုဂ္ဂိုလ်အား လျှူမည်ဟု ရည်ညွှန်း၍ ထားအပ်သော ပစ္စည်း

http://www.dhammadownload.com

ဝတ္ထုကို တပါးသော သံဃာ,စေတီ,ပုဂ္ဂိုလ်အား လှူခြင်းကို အဓမ္မိကဒါနဖြစ်သည်-ဟု မဆိုလို။ ပစ္စည်းရှင်မှ တပါးသောသူက ပထမညွတ်ပြီးသော သံဃာ, စေတီ, ပုဂ္ဂိုလ်အား ရလတ္တံ့သော ပစ္စည်းဝတ္ထုကို ဖျက်ဆီး၍ တပါးသော သံဃာ,စေတီ,ပုဂ္ဂိုလ်အား လှူစေခြင်းငှာ ပြောဆိုတိုက်တွန်း၍ ညွတ်စေခြင်းကိုသာ ရည်ပြီး အဓမ္မိကဒါနဖြစ်သည်ဟု ဆိုလိုသည်။

အဘယ့်ကြောင့်နည်းဟူမူ ပထမရည်မှတ်ထားခြင်းခံရသော ပုဂ္ဂိုလ်တို့ရမည့် လာဘ်ကို ဖျက်ဆီးရာ ရောက်သောကြောင့်တည်း။

အဓမ္မိကဒါနဟူသောပုဒ်၌ "အဓမ္မေ နိယုတ္တော အဓမ္မိကော၊ ဒါပေတဗ္ဗန္တိ ဒါနံ၊ အဓမ္မိကေန ဒါနံ အဓမ္မိကဒါနံ"ဟု ဝိဂြိုဟ်ပြု၍ မတရားသဖြင့် ပေးလှူအပ်သော ဒါန ဖြစ်သောကြောင့် အဓမ္မိကဒါနမည်သည်။ ပရိဏာမေတိ-ပုဒ်ကို ထောက်။

ပရိဏာတသိက္ခာပုဒ်အဋ္ဌကထာ၌ "သံဃာအား လှူမည်ဟု ထားသော, ညွတ်ပြီးသော လာဘ်ကိုပင် ပစ္စည်းရှင်ဒါယကာ ကြည်ညိုသောရဟန်းအား လှူအပ်သည်။ ရဟန်းကလည်း အလှူခံအပ်သည်"ဟု ပြသဖြင့် အဓမ္မိကဒါနမှာ တပါးသောသံဃာ, စေတီ, ပုဂ္ဂိုလ်အား ညွတ်ပြီးလာဘ်ကို မတရားမှုနှင့် ယှဉ်သဖြင့် တပါးသော သံဃာ, စေတီ, ပုဂ္ဂိုလ်အား လှူစေသောကြောင့်သာ ဖြစ်သည်ဟူသော အဓိပ္ပါယ်ရသည်။ ဤသို့လျှင် အဓမ္မိကဒါန အရကို မှတ်ရမည်။

ဤတွင် ကျွန်းပင်ကုန်းဘုန်းကြီး ရှင်ဇောတ လျှောက်ထားတောင်းပန်၍ ညောင်ပင်မြို့၊ ထိမ်တောကျောင်း၌ သီတင်းသုံးသော မထေရ်မြတ် ဖြေဆိုအပ်သော ဝိသဇ္ဇနာ ၃-ပုဒ် အပြီးတည်း။

✪ ✪ ✪ ✪ ✪

အရှင်သုန္ဒရ လျှောက်ထားလွှာ

ဘုရားတပည့်တော် ကြံညပ်မြို့နေ ရှင်သုန္ဒရ ခြေတော်ဦးခိုက် လျှောက်ထားဝံ့ပါသည် ဆရာတော်သခင် အရှင်သူမြတ်ဘုရား။

သိသာတော်မူရန် အကြောင်းမှာ–

ကျောင်းအမ မသေမီ ၁-နှစ်ကျော်လောက်က တိုက်သူကြီးကျေးရွာနေ ကော်မတီလူကြီး ၁-စုတို့နှင့် အစုံအညီ သက်သေခံပြု၍ လှူဒါန်းစာချုပ်လုပ်ကာ လှူဒါန်းထားသော

http://www.dhammadownload.com

ကျောင်းအမ သေတမ်းစာပါပစ္စည်းများကို သိမ်းဆည်းရာ ကြုံညှပ်ရွာနေ မိကတိုးနှင့် လင်ပေါလူတို့က တားမြစ်လေသောကြောင့် ဆရာတော်များထံ ပန်ကြားလျှောက်ထားရာ မည်သို့မျှ မဆို၍ လွှဲအပ်ပေးစွန့်လိုက်ပြီးနောက် ဆရာမောင်က 'လူတို့အလျောက် တရားစွဲဆိုရှိမှ ဆရာတော်တို့က တပည့်တော်၌ ဒုတိယသိက္ခာပုဒ်နှင့် သံသယရှိလေဟန် တီးတိုးစကား သင့်ရာလူ, သံယာတို့နှင့် ပြောဆိုသောအကြောင်း'ကို တပည့်တော် တဆင့်စကားကြားသိရပါသည်။

"တပည့်တော်လည်း အရမ်းမဲ့ လုပ်သည် မဟုတ်ပါ၊ ဝိနယဝိနိစ္ဆယဖြတ်ထုံး၊ သာသနာပိုင် ဦးဥေ ယျ ဖြတ်ထုံးဖြစ်သော ဝိဝါဒဝိနိစ္ဆယ၊ ခုဒ္ဒသိက္ခာစာကိုယ်၊ ၎င်း ဋီကာ ၂-စောင်၊ ကခ်ီစာကိုယ်တို့ကို ကြည့်ရှုစဉ်းစား၍ တပည့်တော် ဉာဏ်မီသမျှ ပြုမိပါသည်။ ၎င်းတို့ ပြောဆိုခဲ့လျှင် ထုချေရန် ဝိနယဖြတ်ထုံးက "ဝဇိရဗုဒ္ဓိ"ကို ညွှန်းပါသည်။ တပည့်တော်မှာ ဝိနည်းဋီကာကြီးများ မရှိပါ။ သို့အတွက်ကြောင့် ဋီကာကြီး ၃-စောင်၏ ၎င်းအမှုနှင့် သက်ဆိုင်ရာ ပါဠိအနက်, သဘောအဓိပ္ပါယ် အဆုံးအဖြတ်များကို အရှင်ဘုရား ဉာဏ်သွားတော်မူသမျှ နည်းလမ်းဥပဒေသအတိုင်း **အင်္ဂါထောင့် ဆရာတော်၊ ရွှေတောင်ဦး ဆရာတော်၊ ထိမ်တောဆရာတော်တို့နှင့်** တိုင်ပင်ရေးသား၍ ပေးတော်မူပါမည့်"အကြောင်း လျှောက်ထားပါသည်ဘုရား၊ (ရှမ်းတပ်ဆရာတော်ဘုရားထံ လျှောက်ထားစာ)။

ထိမ်တောဆရာတော်၏

အဋ္ဌကာရဝိနိစ္ဆယစာတမ်း

၎င်းလျှောက်လွှာအရ "ရှမ်းတပ်ဆရာတော်ဘုရားက အဆုံးအဖြတ်ရေးသား၍ ပေးပါ"ဟု လျှောက်ထားသဖြင့် ၎င်းလျှောက်ထားချက်ကို အကြောင်းပြု၍ "အဋ္ဌကာရ-ဝိနိစ္ဆယ"ကို ပါဠို, အဋ္ဌကထာ, ဋီကာတို့မှ ထုတ်ဆောင်၍ ရေးသားဆုံးဖြတ်လိုက်ပေအံ့။

[၂၄၂] ရဟန်းတို့ တရားတွေ့သင့်, မတွေ့သင့်

(၁) မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီး၌ သမာပတ်ဖြင့် မျှတရှင်ပြုး သီတင်းသုံးနေတော်မူသောအခါ အမျိုးအမည်အားဖြင့် မထင်ရှားသော အညတရဒါယကာ ၁-ဦးသည် ဘိက္ခုနီသံယာအား ဘဏ္ဍာအိမ် ၁-ခုကို လှူဒါန်း၍ သေဆုံးလေ၏။

http://www.dhammadownload.com

ထိုသူအား သား ၂-ယောက်ရှိသည်တွင် သာသနာတော်ကို မကြည်ညိုသော သား ၁-ယောက်သည် အဘအမွေကို ခံလိုရှိ ဘိက္ခုနီသံယာအား လျှုခဲ့သော ဘဏ္ဍာအိမ်ကို မလျှုဟု ဆိုရာ ထုလ္လနန္ဒာမည်သော ဘိက္ခုနီမက "သင့်အဘ လျှုသည်၊ မလျှုသည်"ဟု ငြင်းခုံ၍ တရားရုံး၌ အဆုံးအဖြတ်ခံယူရန် တရားစွဲဆိုရာ ဒါယကာက တရားရှုံး၍ "ဘိက္ခုနီ သံယာအား အကျင့်သီလ မရှိ"ဟု ကဲ့ရဲ့ရွတ်ချလေ၏။ ထိုစကားကို ကြား၍ ထုလ္လနန္ဒာက အစိုးရအား တိုင်ကြားလေ၏။ အစိုးရက ကဲ့ရဲ့သော ဒါယကာအား ဒဏ်ငွေတပ်လေ၏။

၁။ ထုလ္လနန္ဒာ ဘိက္ခုနီ မဟာမတ္တာနံ ဧတမတ္ထံ အာရောစေသိ။ မဟာမတ္တာ တံ ပုရိသံ ဒဏ္ဍာပေသုံ။(ဗန္ဓာပေသုံ)

(ဝိ၊၂။၂၈၉) (ဘိက္ခုနီဝိဘင်း သံယာဒိသိသ် ပဌမသိက္ခာပုဒ်)

ထုလ္လနန္ဒာ၊ ထုလ္လနန္ဒာမည်သော။ ဘိက္ခုနီ၊ ရဟန်းမသည်။ မဟာမတ္တာနံ၊ အမတ်ကြီးတို့အား။ ဧတမတ္ထံ၊ ထိုတရားရှုံး၍ ကဲ့ရဲ့သောအကြောင်းကို။ အာရောစေသိ၊ တိုင်တမ်းလေ၏။ မဟာမတ္တာ၊ တရားဆုံးဖြတ်သော အမတ်ကြီးတို့သည်။ တံ ပုရိသံ၊ ထိုကဲ့ရဲ့သောယောကျ်ားကို။ ဒဏ္ဍာပေသုံ၊ ဒဏ်တပ်ကုန်၏။ ဝါ၊ ဒဏ်ငွေဆောင်စေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ လျှောက်ထားသဖြင့် ကြားသိတော်မူ၍ ထုလ္လနန္ဒာဘိက္ခုနီမအား ခေါ်စေပြီး ထိုအကြောင်းခြင်းရာကို မေးမြန်းပြီး ကဲ့ရဲ့တော်မူလေ၏။ ၎င်းနောက်မှ–

၂။ ဧဝဉ္စ ပန ဘိက္ခဝေ ဘိက္ခုနိယော ဣမံ သိက္ခာပဒံ ဥဒ္ဒိသန္တု–

"ယာ ပန ဘိက္ခုနီ ဥဿယဝါဒိကာ ဝိဟာရေယျ ဂဟပတိနာ ဝါ ဂဟပတိပုတ္တေန ဝါ ဒါသေန ဝါ ကမ္မကာရေန ဝါ အန္တမသော သမဏာပရိဇ္ဇာဇကေနာပိ၊ အယံ ဘိက္ခုနီ ပဌမာပတ္တိကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံယာဒိသေသ"န္တိ–

ဟု သိက္ခာပုဒ် ပညတ်တော်မူ၏ (ဘိတ္ခုနီဝိဘင်းပါဠိတော်)။ (ဝိ၊၂။၂၈၉)

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝဉ္စ ပန၊ ဤသို့လျှင်။ ဘိက္ခုနိယော၊ တို့သည်။ ဣမံ သိက္ခာပဒံ၊ ဤသိက္ခာပုဒ်ကို။ ဥဒ္ဒိသန္တု၊ ပြကြစေကုန်လော့။

ယာ ပန ဘိက္ခုနီ၊ အကြင် ရဟန်းမိန်းမသည်။ ဂဟပတိနာ ဝါ၊ အိမ်ရှင် လူယောကျ်ားနှင့်လည်းကောင်း။ ဂဟပတိပုတ္တေန ဝါ၊ အိမ်ရှင်၏သားနှင့်လည်းကောင်း။ ဒါသေန ဝါ၊ ကျွန်ယောကျ်ားနှင့်လည်းကောင်း။ ကမ္မကာရေန ဝါ၊ အမှုလုပ်ယောကျ်ားနှင့်လည်းကောင်း။ အန္တမသော၊ အယုတ်ဆုံးအားဖြင့်။ သမဏာပရိဇ္ဇာဇကေနာပိ၊ ပရိဗိုဇ်ရဟန်းနှင့်လည်းကောင်း။

http://www.dhammadownload.com

ဥဿယဝါဒိကာ၊ အမျက်ဒေါသ မာန်မာန၏အစွမ်းဖြင့် တရားငြင်းခုံသည် (ဝါ)တရားတွေ့ တရားဆိုင်သည် ဖြစ်၍။ ဝိဟရေယျ၊ နေငြားအံ့။ အယံ ဘိက္ခုနီ၊ ဤရဟန်းမ သည်။ ပဌမာပတ္တိကံ၊ ဝတ္ထုလွန်ကျူးသည်နှင့် တပြိုင်နက် အာပတ်သင့်ခြင်းရှိသော။ နိဿာရဏီယံ၊ သံဃာ့ဘောင်မှ ထုတ်အပ်သော။ သံဃာဒိသေသံ၊ အမည်ရှိသော။ ဓမ္မံ၊ အာပတ်သို့။ အာပန္နာ၊ ရောက်၏။ ဣတိ၊ ဤသို့။ ဥဒ္ဒိသန္တု၊ ပြကြကုန်လော့။

၃။ ဥဿယဝါဒိကာတိ မာနုဿယဝသေန ကောဓုဿယဝသေန ဝိဝဒမာနာ။ ယသ္မာ ပန သာ အတ္ထတော အဒ္ဓကာရိကာ ဟောတိ၊ တသ္မာ "ဥဿယဝါဒိကာ နာမ အဒ္ဓကာရိကာ ဝုစ္စတီ"တိ ပဒဘာဇနေ ဝုတ္တံ—(ဝိ၊၄၊၃၊၁၈၀)

ဟု ၎င်းအဋ္ဌကထာ၌ ဖွင့်ပြသည်။

၄။ **ဘိက္ခုနီဝိဘင်း ပဒဘာဇနီယပါဠိတော်၌လည်း—**

အဒ္ဓံ ကရိဿာမီတိ ဒုတိယံ ဝါ ပရိယေသတိ ဂစ္ဆတိ ဝါ၊ အာပတ္တိ ဒုက္ကဋဿ။ ဧကဿ အာရောစေတိ၊ အာပတ္တိ ဒုက္ကဋဿ။ ဒုတိယဿ အာရောစေတိ၊ အာပတ္တိ ထုလ္လစ္စယဿ။ အဒ္ဓပရိယောသာနေ အာပတ္တိ သံဃာဒိသေသဿ—

ဟု ဟောတော်မူသည်။

အဒ္ဓံ ကရိဿာမီတိ၊ တရားတွေ့အံ့-ဟု။ ဒုတိယံ ဝါ၊ အဖော်သက်သေကိုမူလည်း။ ပရိယေသတိ၊ ရှာမှီး၏။ ဂစ္ဆတိ ဝါ၊ တရားတွေ့အံ့ဟု ရုံးသို့သွားမူလည်း သွား၏။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊ ရောက်၏။ ဧကဿ၊ တရားလို,တရားခံ ၂-ယောက်တွင် ၁-ယောက်ယောက်၏။ ကထံ၊ စကားကို။ အာရောစေတိ၊ ပြောကြား၏။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဒုတိယဿ၊ တရားလို, တရားခံ ၂-ယောက်ဘွင် ဒုတိယမြောက်လူ၏။ ကထံ၊ စကားကို။ အာရောစေတိ၊ အစိုးရအား တရားရုံးတွင် ပြောကြား၏။ ထုလ္လစ္စယဿ၊ သို့။ အာပတ္တိ အာပဇ္ဇန်၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အဒ္ဓပရိယောသာနေ၊ တရားရှုံး,နိုင်သည်၏ အဆုံး၌။ သံဃာဒိသေသဿ၊ သို့။ အာပတ္တိ အာပဇ္ဇန်၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

၅။ **ဘိက္ခုနီဝိဘင်းအဋ္ဌကထာ၌လည်း—**

ဒုတိယံ ဝါ ပရိယေသတီတိ သက္ခိံ ဝါ သဟာယံ ဝါ ပရိယေသတိ၊ ဒုက္ကဋ်။ ဂစ္ဆတိ ဝါတိ ဥပဿယော ဝါ ဟောတု ဘိက္ခာစာရမဂ္ဂေါ ဝါ၊ ယတ္ထ ဌိတာယ အဒ္ဓံ ကရိဿာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တတော ဝေါဟာရိကာနံ သန္တိကံ ဂစ္ဆန္တိယာ ပဒဝါရေ ပဒဝါရေ ဒုက္ကဋ်။ ဧကဿ အာရောစေတီတိ ဒ္ဝီသု ဇနေသု ယဿ

http://www.dhammadownload.com

ကဿစိ ဧကဿ ကထံ ယော ကောစိ ဝေါဟာရိကာနံ အာရောစေတိ။ ဒုတိယဿ အာရောစေတီတိ ဧတ္ထာပိ ဧသေဝ နယော။

အယံ ပနေတ္ထ အသမ္မောဟတ္ထာယ ဝိတ္ထာရကထာ၊ ယတ္ထ ကတ္ထစိ အန္တမသော ဘိက္ခုနုပဿယံ အာဂတေပိ ဝေါဟာရိကေ ဒိသွာ ဘိက္ခုနိံ အတ္တနော ကထံ အာရောစေတိ၊ ဘိက္ခုနိယာ ဒုက္ကဋံ။ ဥပါသကော အတ္တနော ကထံ အာရောစေတိ၊ ဘိက္ခုနိယာ ထုလ္လစ္စယံ။ ပဌမံ ဥပါသကော အတ္တနော ကထံ အာရောစေတိ၊ ဘိက္ခုနိယာ ဒုက္ကဋံ။ အထ သာ အတ္တနော ကထံ အာရောစေတိ၊ ထုလ္လစ္စယံ။ ဘိက္ခုနိ ဥပါသကံ ဝဒတိ "မမ စ တဝ စ ကထံ တွံယေဝ အာရောစေဟီ"တိ၊ သော အတ္တနော ဝါ ကထံ ပဌမံ အာရောစေတု, ဘိက္ခုနိယာ ဝါ၊ ပဌမာရောစနေ ဒုက္ကဋံ၊ ဒုတိယာရောစနေ ထုလ္လစ္စယံ။ ဥပါသကော ဘိက္ခုနိံ ဝဒတိ "မမ စ တဝ စ ကထံ တွံယေဝ အာရောစေဟီ"တိ၊ ဧတ္ထာပိ ဧသေဝ နယော။

ဘိက္ခုနိ ကပ္ပိယကာရကေန ကထာပေတိ၊ တတ္ထ ကပ္ပိယကာရကော ဝါ ဘိက္ခုနိယာ ကထံ ပဌမံ အာရောစေတု, ဣတရော ဝါ အတ္တနော ကထံ၊ ကပ္ပိယကာရကော ဝါ ဥဘိန္နမ္ပိ ကထံ, ဣတရော ဝါ ဥဘိန္နမ္ပိ ကထံ အာရောစေတု၊ ယထာ ဝါ တထာ ဝါ အာရောစိယမာနေ ပဌမေ အာရောစနေ ဘိက္ခုနိယာ ဒုက္ကဋံ၊ ဒုတိယေ ထုလ္လစ္စယံ။ ယထာ ဝါ တထာ ဝါ အာရောစိတံ ပန ဥဘိန္နမ္ပိ ကထံ သုတ္တာ ဝေါဟာရိကေဟိ ဝိနိစ္ဆယေ ကတေ အဋ္ဌပရိယောသာနံ နာမ ဟောတိ၊ တသ္မိံ အဋ္ဌပရိယောသာနေ ဘိက္ခုနိယာ ဇယေပိ ပရာဇယေပိ သံယာဒိသေသော– (ဝိ၊ဋ္ဌ၊၃။၁၈၀-၁)

ဟု ဖွင့်ပြတော်မူသည်။

ဒုတိယံ ဝါ ပရိယေသတီတိ၊ ဟူသည်ကား။ သက္ခိ ဝါ၊ သက်သေကိုလည်းကောင်း။ သဟာယံ ဝါ၊ အဖော်ကိုလည်းကောင်း။ ပရိယေသတိ၊ ရှာ၏။ ဒုက္ကဋ်၊ သင့်၏။ ဂစ္ဆတိ ဝါတိ၊ ဟူသည်ကား။ ဥပသင်္ကမတော ဝါ၊ ကျောင်းနေရာသည်လည်း။ ဟောတု၊ ဖြစ်စေ။ ဘိက္ခာစာရမဂ္ဂေါ ဝါ၊ ဆွမ်းခံသွားသောလမ်းသည်လည်း။ ဟောတု၊ ဖြစ်စေ။ ယတ္ထ၊ အကြင်အရပ်၌။ ဋ္ဌိတာယ၊ ရပ်လျက်သာလျှင်။ အဋ္ဌ၊ တရားတွေ့ခြင်းကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ စိတ္တံ၊ ဤသို့သော စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တတော၊ ထိုအရပ်မှ။ ဝေါဟာရိကာနံ၊ တရားဆုံးဖြတ်ပေးသော တရားသူကြီးတို့၏။ သန္တိကံ၊ အထံသို့။ ဂစ္ဆန္တိယာ၊ သွားသော ဘိက္ခုနိမအား။ ပဒဝါရေ ပဒဝါရေ၊ ခြေလှမ်းတိုင်း, ခြေလှမ်းတိုင်း၌။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်

http://www.dhammadownload.com

သင့်၏။ ဧကဿ အာရောစေတီတိ၊ ဟူသည်ကား။ ဒွိသု ဇနေသု၊ ၂-ယောက်သော လူတို့တွင်။ ယဿ ကဿစိ၊ အမှတ်မရှိသော။ ဧကဿ၊ ၁-ယောက်၏။ ကထံ၊ စကားကို။ ယော ကောစိ၊ အမှတ်မရှိ တယောက်ယောက်သည်။ ဝေါဟာရိကာနံ၊ တရားသူကြီးတို့အား။ အာရောစေတိ၊ ပြောကြား၏။ ဒုတိယဿ အာရောစေတိတိ ဇတ္ထာပိ၊ ၌လည်း။ ဧသေဝ နယော၊ ဤနည်းသာတည်း။

အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ ဇတ္ထ၊ ဤတရားတွေ့ရာ၌။ အသမ္မောဟတ္ထာယ၊ မတွေဝေစေခြင်းငှာ။ ဝိတ္ထာရကထာ၊ အကျယ်စကားတည်း။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိသောအရပ်၌။ အန္ဓမသော၊ ဖြင့်။ ဘိက္ခုနုပဿယဿ၊ ဘိက္ခုနီမကျောင်းသို့။ အာဂတော၊ လာရောက်ကုန်သော။ ဝေါဟာရိကေပိ၊ တရားဆုံးဖြတ်သော အစိုးရတို့ကိုလည်း။ ဒိသွာ၊ မြင်၍။ ဘိက္ခုနီ၊ သည်။ အတ္တနော၊ ၏။ ကထံ၊ ကို။ အာရောစေတိ၊ ၏။ ဘိက္ခုနိယာ၊ အား။ ဒုက္ကဋံ၊ ၏။ ဥပါသကော၊ သိတင်းသည် ဒါယကာသည်။ အတ္တနော၊ ၏။ ကထံ၊ စကားကို။ အာရောစေတိ၊ ၏။ ဘိက္ခုနိယာ၊ အား။ ထုလ္လစ္စယံ၊ ၏။ ပဌမံ၊ စွာ။ ဥပါသကော၊ သည်။ အတ္တနော၊ ၏။ ကထံ၊ ကို။ အာရောစေတိ၊ ၏။ ဘိက္ခုနိယာ၊ အား။ ဒုက္ကဋံ၊ ၏။ အထ၊ ထို့နောင်မှ။ သာ ဘိက္ခုနီ၊ သည်။ အတ္တနော၊ ၏။ ကထံ၊ ကို။ အာရောစေတိ၊ ပြောကြား၏။ ထုလ္လစ္စယံ၊ ၏။ ဘိက္ခုနီ၊ သည်။ ဥပါသကံ၊ ကို။ မမ စ၊ ငါ၏လည်းကောင်း။ တဝ စ၊ သင်၏လည်းကောင်း။ ကထံ၊ စကားကို။ တွံယေဝ၊ သင်သည်သာလျှင်။ အာရောစေဟိ၊ ကြားလော့။ ဣတိ ဝဒတိ၊ ဤသို့ ဆို၏။ သော ဥပါသကော၊ သည်။ အတ္တနော ဝါ၊ မိမိ၏လည်း။ ကထံ၊ စကားကို။ ပဌမံ၊ ရှေးဦးစွာ။ အာရောစေတု၊ ပြောပစေ။ ဘိက္ခုနိယာ ဝါ၊ ၏လည်း။ ကထံ၊ ကို။ ပဌမံ၊ ရှေးဦးစွာ။ အာရောစေတု၊ ပြောပစေ။ ပဌမာရောစနေ၊ ရှေးဦးစွာ ပြောရာ၌။ ဒုက္ကဋံ၊ ၏။ ဒုတိယာရောစနေ၊ ၌။ ထုလ္လစ္စယံ၊ ၏။ ဥပါသကော၊ သည်။ ဘိက္ခုနီ၊ ကို။ မမ စ၊ ငါ၏လည်းကောင်း။ တဝ စ၊ သင်၏လည်းကောင်း။ ကထံ၊ စကားကို။ တွံယေဝ၊ သင်သည်သာလျှင်။ အာရောစေဟိ၊ ပြောလော့။ ဣတိ ဝဒတိ၊ ဤသို့ ဆို၏။ ဇတ္ထာပိ၊ ၌လည်း။ ဧသေဝ နယော၊ ၏။

ဘိက္ခုနီ၊ သည်။ ကပ္ပိယကာရကေန၊ ကို။ ကထာပေတိ၊ ဆိုစေ၏။ တတ္ထ၊ ထိုပြောကြားရာ၌။ ကပ္ပိယကာရကော ဝါ၊ သည်လည်း။ ဘိက္ခုနိယာ၊ ၏။ ကထံ၊ ကို။ ပဌမံ၊ စွာ။ အာရောစေတု၊ ပြောပစေ။ ဣတရော ဝါ၊ တရားတွေ့သော တစ်ဖက်လူသည်လည်း။ အတ္တနော၊ ၏။ ကထံ၊ ကို။ အာရောစေတု၊ ပြောပစေ။ ကပ္ပိယကာရကော ဝါ၊ သည်လည်း။ ဥဘိန္နမ္ပိ၊ ၂-ဦးသောသူတို့၏လည်း။ ကထံ၊ စကားကို။ အာရောစေတု၊ စေ။

http://www.dhammadownload.com

ဣတရော ဝါ၊ တဖက်သားသည်လည်း။ ဥဘိန္နမ်ိ၊ တို့၏လည်း။ ကထံ၊ ကို။ အာရောစေတု၊ စေ။ ယထာ ဝါ တထာ ဝါ၊ အမှတ်မရှိသောအားဖြင့်။ အာရောစိယမာနေ၊ သော်။ ပဌမေ အာရောစနေ၊ ၌။ ဘိက္ခုနိယာ၊ အား။ ဒုက္ကဋ်၊ ၏။ ဒုတိယေ၊ ၌။ ထုလ္လစ္စယံ၊ ၏။ ပန၊ အထူးကို ဆိုဦးအံ့။ ယထာ ဝါ တထာ ဝါ၊ ဖြင့်။ အာရောစိတံ၊ သော။ ဥဘိန္နမ်ိ၊ တို့၏လည်း။ ကထံ၊ ကို။ သုတ္တာ၊ ၍။ ဝေါဟာရိကေဟိ၊ တို့သည်။ ဝိနိစ္ဆယေ၊ ကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ အသ္သပရိယောသာနံ နာမ၊ တရားပြီးဆုံးခြင်း မည်သည်။ ဟောတိ၊ ၏။ တသ္မိံ အသ္သပရိယောသာနေ၊ ထိုတရားပြီးဆုံးခြင်း၌။ ဘိက္ခုနိယာ၊ သည်။ ဇယေပိ၊ တရားနိုင်သော်လည်းကောင်း။ ပရဇယေပိ၊ တရားရှုံးသော်လည်းကောင်း။ သံယာဒိသေသော၊ သံယာဒိသိသ် အာပတ်သင့်သည်။ ဟောတိ၊ ၏။

ဤသို့လာသော ပါဠိ, အဋ္ဌကထာတို့၌ ထုလ္လနန္ဒာ ဘိက္ခုနီမသည် "ဘိက္ခုနီသံယာအား အဘာလျုဒါန်းခဲ့သော ဘဏ္ဍာအိမ်ကျောင်းကို အဘာသေသောအခါ သား အမွေခံ ၁-ဦးက မလျှုနိုင်"ဟု လုယူတားမြစ်ရာ အစိုးရမင်းထံ သွားရောက်ပြီး ဟုတ်မှန်တိုင်းပြောကြား၍ တရားတွေသဖြင့် တဖက်သားရှုံး၍ ငွေကုန်ကြေးကျရှိသော်လည်း ဘဏ္ဍာစားပေးထိုက်သည်ဟု မဆိုဘဲ ဒုက္ကဋ်, ထုလ္လစ္စည်း, သံယာဒိသိသ်သာ လာသည်။

၆။ တရားတွေရာ၌လည်း အပ်သော တရား, မအပ်သော တရားဟူ၍ ၂-ပါးရှိသည်။ ထို့ကြောင့်-

> ဒါသဒါသီဝါပိအာဒီနံ အတ္ထာယ အဒ္ဓံ ကရောန္တိ၊ အယံ အကပ္ပိယအဿော နာမ၊ န ဝဋ္ဋတိ– (ဝိ၊ဋ္ဌ၊၃။၁၈၂)

ဟု ဖွင့်တော်မူသည်။ **ဘိက္ခုနီဝိဘင်း အဋ္ဌကထာပင်။**

ဒါသဒါသီဝါပိအာဒီနံ၊ ကျွန်ယောကျ်ား, ကျွန်မိန်းမ, ရေတွင်း, ရေကန်စသည်တို့၏။ အတ္ထာယ၊ အကျိုးငှာ။ အဒ္ဓံ၊ တရားတွေခြင်းကို။ ကရောန္တိ၊ ပြုကုန်၏။ အယံ၊ ဤသို့ တွေသောတရားသည်။ အကပ္ပိယအဿော နာမ၊ မအပ်သောတရားတွေခြင်း မည်၏။ န ဝဋ္ဋတိ၊ ရဟန်းတို့အား မအပ်။

ထိုအဋ္ဌကထာပါဠိဖြင့် ကျွန်ယောကျ်ား, ကျွန်မိန်းမ စသည်တို့ကို အလှူခံခြင်းငှာ မအပ်သကဲ့သို့ ထိုသူ-စသည်တို့၏အကျိုးငှာ တွေသောတရားသည် မအပ်ဟု ပြတော်မူသဖြင့် အလှူခံအပ်သော ကျောင်း,အဝတ်,သင်္ကန်း-အစရှိသည်တို့အကျိုးငှာ တွေသောတရားသည် အပ်သည်ဟု ပြတော်မူသည်။

http://www.dhammadownload.com

၇။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ(၃။၁၁၆)၌—

ယထာ ဒါသဒါသီဝါဝိအာဒီနံ သမ္မဋ္ဌိတ္တံ နာ ဝဋ္ဋတိ၊ ဧဝံ တေသံ အတ္ထာယ အဌကရဏမ္ပိ နာ ဝဋ္ဋတီတိ အာဟ "အယံ အကပ္ပိယအဋ္ဌော နာမ၊ နာ ဝဋ္ဋတီ"တိ-

ဟု ဖွင့်တော်မူသည်။

ဒါသဒါသီဝါဝိအာဒီနံ၊ ကျွန်ယောကျ်ားကျွန်မိန်းမ, ရေကန်-စသည်တို့ကို။ သမ္မဋ္ဌိတ္တံ၊ အလှူခံခြင်းငှာ။ နာ ဝဋ္ဋတိ ယထာ၊ မအပ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ တေသံ၊ ထိုကျွန်စသည်တို့၏။ အတ္ထာယ၊ အကျိုးငှာ။ အဌကရဏမ္ပိ၊ တရားတွေ့ခြင်းသည်လည်း။ နာ ဝဋ္ဋတိ၊ မအပ်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အယံ အကပ္ပိယအဋ္ဌော နာမ၊ နာ ဝဋ္ဋတီတိ၊ ဟူ၍။ အာဟ၊ ဆိုတော်မူ၏။

ထို့ကြောင့် ကပ္ပိယအဋ္ဌ၊ အကပ္ပိယအဋ္ဌအားဖြင့် ၂-ပါးရှိသည်ဟု မှတ်။ ထို ၂-ပါးတွင် မအပ်သောတရားတွေ့ခြင်းဖြင့် ပြောဆိုသောရဟန်းအား ဒုက္ကဋ်အာပတ်သာ သင့်၏ဟု မှတ်။ ဘဏ္ဍာစား မထိုက်။ ထိုအကပ္ပိယတရားကိုပင် ကိုယ်တိုင်တွေ့ခြင်းငှာသာ မအပ်သည်၊ ဉာဏ်ပညာရှိ၍ လိမ္မာသော အာရာမ်စောင့်-စသည်တို့အား စေခိုင်း၍ တရား တွေ့စေကာမူ အပြစ်မရှိ၊ အပ်သည်ဟု မှတ်။

ကျောင်း, အဝတ်,သင်္ကန်း-စသည်တို့ အကျိုးငှာ အပ်သောတရားကို ရဟန်းကိုယ်တိုင် တွေ့ထိုက်သည်၊ အပြစ်မရှိ ဟူ၍ မှတ်ပါ။

၈။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌-

ဒါသာဒီနံ သမ္မဋ္ဌိတ္တနေ ဝိယ တဒတ္ထာယ အဌကရဏေ ဘိက္ခူနမ္ပိ ဒုက္ကဋန္တိ အာဟ "အယံ အကပ္ပိယအဋ္ဌော နာမ၊ နာ ဝဋ္ဋတီ"တိ။

ဒါသာဒီနမ္ပိ ပန အတ္ထာယ ရက္ခဲ့ ယာစိတုံ ဝေါဟာရိကေန ပုဋ္ဌေန သံယသဉ္ပန္နံ ကပ္ပိယကမံ ဝတ္တုံ၊ အာရာမိကာဒီဟိ စ အဋ္ဌံ ကာရာပေတုဉ္စ ဝဋ္ဋတိ ဧဝ။ ဝိဟာရဝတ္ထာဒီကပ္ပိယအဋ္ဌံ ပန ဘိက္ခုနော သယမ္ပိ ကာတုံ ဝဋ္ဋတိ—

ဟု (ဝိမတိ၊၂။၇၁-၂)မိန့်တော်မူ၏။

ဒါသာဒီနံ၊ ကျွန်စသည်တို့ကို။ သမ္မဋ္ဌိတ္တနေ၊ အလှူခံခြင်း၌။ နာ ဝဋ္ဋတိ ဝိယ၊ မအပ်သကဲ့သို့။ တဒတ္ထာယ၊ ထိုကျွန်စသည်တို့၏ အကျိုးငှာ။ အဌကရဏေ၊ တရားတွေ့ခြင်း၌။ ဘိက္ခူနမ္ပိ၊ ရဟန်းတို့အားလည်း။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။ ဣတိ တသ္မာ၊ ကြောင့်။ အယံ အကပ္ပိယအဋ္ဌော နာမ၊ နာ ဝဋ္ဋတီတိ၊ ဟူ၍။ အာဟ၊ ၏။

http://www.dhammadownload.com

ပန၊ အထူးကို ဆိုဦးအံ့။ ဒါသာဒီနမ္မိ၊ တို့၏လည်း။ အတ္ထာယ၊ ဌာ။ ရက္ခံ၊ အစောင့်ကို။ ယာစိတုံ၊ တောင်းခြင်းငှာ။ ဝေါဟာရိကေန၊ တရားသူကြီးသည်။ ပုဒ္ဓေန၊ မေးအပ်သည် ရှိသော်။ သံယဿ၊ အား။ ဥပ္ပန္နံ၊ ဖြစ်သော။ ကပ္ပိယံ၊ အပ်သော။ ကမ္မံ၊ အမှုကို။ ဝတ္တုံ၊ စ၊ ဆိုခြင်းငှာလည်းကောင်း။ အာရာမိကာဒီဟိ စ၊ အာရာမ်စောင့်-စသည် တို့ကိုလည်း။ အဋ္ဌံ၊ တရားတွေ့ခြင်းကို။ ကာရာပေတုဥ္စ၊ ပြုစေခြင်းငှာလည်းကောင်း။ ဝဋ္ဋတိ ဧဝ၊ အပ်သည်သာ တည်း။ ဝိဟာရဝတ္ထာဒီကပ္ပိယအဋ္ဌ ပန၊ ကျောင်း,အဝတ်,သင်္ကန်း အစရှိသော အပ်သော တရားကိုကား။ ဘိက္ခုနော၊ ရဟန်းအား။ သယမ္မိ၊ ကိုယ်တိုင်လည်း။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

၉။ **ဝဇိရဗုဒ္ဓိဋီကာ၌လည်း–**

အကပ္ပိယအဋ္ဌော နာမ သံယဿ ဝါ အာရာမိကပုဂ္ဂလဿ ဝါ ဝတ္ထုဿ ကာရဏာ သံယဿ ဝါရိကဘာဝေန သယမေဝ ဝါ အဓိကရဏဋ္ဌာနံ ဂန္ဒှာ "အမှာကံ ဧသော ဒါသော၊ ဒါသီ, ဝါပီ, ခေတ္တံ, အာရာမော, အာရာမဝတ္ထု, ဂါဝေါ, ဂါဝီ, မဟိသီ, အဇာ, ကုက္ကုဋော"တိ အာဒိနာ ဝေါဟရတိ၊ အကပ္ပိယံ။

"အယံ အမှာကံ အာရာမိကော အာရာမိကာ၊ အယံ ဝါပီ ဣတ္ထန္နာမေန သံယဿ ဟတ္ထေ ဒေါဟနတ္ထာယ ဒိန္နာ။ ဣတော ခေတ္တတော အာရာမတော ဥပ္ပဇ္ဇနကစတုပစ္စယာ, ဣတော ဂါဝိတော မဟိသိတော အဇာတော ဥပ္ပဇ္ဇနက-ဂေါရသာ ဣတ္ထန္နာမေန သံယဿ ဒိန္နာ"တိ ပုစ္ဆိတေ ဝါ အပုစ္ဆိတေ ဝါ ဝတ္ထုံ ဝဋ္ဋတိ–(ဝဇိရ။၃၅၇) ဟု မိန့်တော်မူ၏။

၁၀။ **သာရတ္ထဒီပနီဋီကာ၌လည်း နည်းတူ ဖွင့်တော်မူ၏။**

အကပ္ပိယအဋ္ဌော နာမ၊ မအပ်သောတရားတွေ့ခြင်းမည်သည်ကား ။ပ။ အဓိကရဏ-ဋ္ဌာနံ၊ တရားဆုံးဖြတ်ရာသို့။ ဂန္ဒှာ၊ သွား၍။ ဧသော၊ ဤသူသည်။ အမှာကံ၊ ငါတို့၏။ ဒါသော၊ ကျွန်ယောကျ်ားတည်း။ ဒါသီ၊ ကျွန်မိန်းမတည်း။ ဝါပီ၊ ရေတွင်း,ရေအိုင်,ရေကန်တည်း။ ခေတ္တံ၊ လယ်တည်း။ အာရာမော၊ အာရာမ်တည်း။ အာရာမဝတ္ထု၊ အာရာမ်မြေတည်း။ ဂေါ၊ နွားတည်း။ ဂါဝီ၊ နွားမတည်း။ မဟိသီ၊ ကျွဲမတည်း။ အဇာ၊ ဆိတ်မတည်း။ ကုက္ကုဋော၊ ကြက်မတည်း။ ဣတိ အာဒိနာ၊ ဤသို့ စသည်ဖြင့်။ ဝေါဟရတိ၊ ခေါ်ဆို၏။ အကပ္ပိယံ၊ မအပ်။

အယံ၊ ဤသူသည်။ အမှာကံ၊ ငါတို့၏။ အာရာမိကော၊ အာရာမ်စောင့်တည်း။ အာရာမိကာ၊ အာရာမ်စောင့်မတည်း။ အယံ ဝါပီ၊ ဤရေကန်ကို။ ဣတ္ထန္နာမေန၊ ဤမည်သော သူသည်။ သံယဿ၊ အား။ ဟတ္ထေ ဒေါဟနတ္ထာယ၊ လက်ဆေးခြင်းငှာ။ ဒိန္နာ၊ ပေးလှူအပ်

http://www.dhammadownload.com

၏။ ကြတော ခေတ္တတော၊ ဤလယ်မှ။ အာရာမတော၊ အာရာမ်မှ။ ဥပဂွနကစတုပစ္စယာ၊ ဖြစ်သောပစ္စည်း ၄-ပါးတို့ကို။ ကြတော ဂါဝိတော၊ ဤနွားမမှ။ မဟိသိတော၊ ဤကျွဲမမှ။ အဇတော၊ ဤဆိတ်မမှ။ ဥပဂွနကဂေါရသာ၊ ဖြစ်သော နွားနို့,ကျွဲနို့,ဆိတ်နို့ အရသာတို့ကို။ ကြထွန္နာမေန၊ သည်။ သံယသေ၊ အား။ ဒိန္နာ၊ ပေးလှူအပ်ကုန်၏။ ကြတိ၊ ဤသို့။ ပုစ္ဆိတေ ဝါ၊ မေးသော်လည်းကောင်း။ အပုစ္ဆိတေ ဝါ၊ မမေးသော်လည်းကောင်း။ ဝတ္တုံ၊ တရားရုံး၌ ဆိုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

ထိုဦးကာဆရာတို့၏ အလိုအားဖြင့် အကပ္ပိယအဘူအရာ၌ မအပ်သော ကျွန်အမည်, လယ်ယာ,ကျွဲ,နွား,ဆိတ်-စသည်တို့၏ အမည်ဖြင့် ဆို၍ တရားတွေ့ခြင်းငှာ မအပ်ကုန်။ ကပ္ပိယဝေါဟာရဖြစ်သော အာရာမ်စောင့် အမည်ဖြင့် လယ်ယာအာရာမ်မှ ဖြစ်သောပစ္စည်း, ကျွဲ,နွား,ဆိတ်မှဖြစ်သော အရသာကို ညွှန်ပြ၍ တရားတွေ့မူ အပ်သည်ဟု ပြတော်မူသည်။

ဤသို့လာသော ပါဠို, အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ အပ်သော ကျောင်း, အဝတ်,သင်္ကန်းစသည်တို့၏ အကျိုးငှာ ရဟန်းကိုယ်တိုင် တပါးသောလူတို့နှင့် တရားတွေ့ခြင်းငှာ အပ်သည်။ ကျွန်ယောကျ်ား, ကျွန်မိန်းမ စသည်တို့၏ အကျိုးငှာ တပါးသောသူကို စေခိုင်း၍ တရားတွေ့စေခြင်းငှာ အပ်သည်။ ထိုမအပ်သော ကျွန်စသည်ကိုပင် အပ်သောအမည်ဖြင့် ဆို၍ တရားတွေ့ခြင်းငှာ အပ်သည်။ ထိုမအပ်သော ကျွန်စသည်ကို မအပ်သောအမည်ဖြင့် ဆို၍ ရဟန်းကိုယ်တိုင် တရားတွေ့ခြင်း၌ မအပ်။ ဒုက္ကဋ်အာပတ် သင့်သည်။ ဘဏ္ဍာစား မပေးထိုက်ဟု သန္နိဋ္ဌာန်ကျ မှတ်။

၁၁။ အနာပတ္တိ မနုဿေဟိ အာကပ္ပိယမာနာ ဂဒ္ဓတိ၊ အာရက္ခဲ ယာစတိ၊ အနောဒိဿ အာစိက္ခတိ–(ဝိ၊ ၂။ ၂၉၀)

ဟု ဘိက္ခုနီဝိဘင်းပါဠိတော် အနာပတ္တိဝါရ၌ လာသည်။

မနုဿေဟိ၊ တရားတွေ့သောလူတို့သည်။ အာကပ္ပိယမာနာ၊ လာမည်ဟု ခေါ်သဖြင့် နှိပ်စက်အပ်သည်ဖြစ်၍။ ဂဒ္ဓတိ၊ ၏။ အာရက္ခဲ၊ အစောင့်ကို။ ယာစတိ၊ တောင်း၏။ အနောဒိဿ၊ ဤသူဟု မရည်ညွှန်းမူ၍။ အာစိက္ခတိ၊ ပြောကြား၏။ အနာပတ္တိ၊ အာပတ် မသင့်။

၁၂။ ၎င်းအဖွင့် ဘိက္ခုနီဝိဘင်းအဋ္ဌကထာ၌လည်း–

ဘိက္ခုနုပသယေ ဂါမဒါရကာ ခုတ္တာဒယော ဝါ ယေ ကေစိ အနာစာရံ ဝါ အာစရန္တိ၊ ရုက္ခံ ဝါ ဆိန္ဒန္တိ၊ ဖလာဖလံ ဝါ ဟရန္တိ၊ ပရိက္ခာရေ ဝါ အစ္ဆိန္ဒန္တိ။ ဘိက္ခုနီဝေါဟာရိကေ ဥပသက်မိတွာ "အမှာကံ ဥပဿယေ ဣဒံ နာမ ကတ"န္တိ ဝဒတိ။

http://www.dhammadownload.com

ကေနာတိ ဝုတ္တေ "အသုကေန စ အသုကေန စာ"တိ အာစိက္ခတိ။ ဧဝံ အတီတံ အာရဗ္ဘ ဩဒိဿ အာစိက္ခနာ ဟောတိ၊ သာ နံ ဝဋ္ဋတိ။ တဉ္စေ သုတ္တာ တေ ဝေါဟာရိကာ တေသံ ဒဏ္ဍံ ကရောန္တိ။ သတ္ထဲ ဘိက္ခုနိယာ ဂီဝါ ဟောတိ။ ဒဏ္ဍံ ဂဏှိဿန္တီတိ အဓိပ္ပါယေပိ သတိ ဂီဝါယေဝ ဟောတိ။ သစေ ပန "တဿ ဒဏ္ဍံ ဂဏှထာ"တိ ဝဒတိ၊ ပဋ္ဌမာသကမတ္တေ ဂဟိတေ ပါရာဇိကံ ဟောတိ။

ကေနာတိ ဝုတ္တေ ပန "အသုကေနာတိ ဝတ္တုံ အမှာကံ နံ ဝဋ္ဋတိ၊ တုမှေယေဝ ဇာနိဿထ။ ကေဝလံ ဟိ မယံ ရက္ခံ ယာစာမ၊ တံ နော ဒေထ၊ အဝဟဋဘဏ္ဍဉ္စ အာဟရာပေထာ"တိ ဝတ္တဗ္ဗံ။ ဧဝံ အနောဒိဿ အာစိက္ခနာ ဟောတိ၊ သာ ဝဋ္ဋတိ။ ဧဝံ ဝုတ္တေ သစေပိ ဝေါဟာရိကာ ကာရကေ ဂဝေသိတွာ တေသံ ဒဏ္ဍံ ကရောန္တိ၊ သတ္ထဲ သာပတေယျမ္ပိ ဂဟိတံ ဘိက္ခုနိယာ နေဝ ဂီဝါ န အာပတ္တိ။

ပရိက္ခာရံ ဟရန္တေ ဒိသွာ တေသံ အနတ္ထကာမတာယ "စောရော စောရော"တိ ဝတ္တုမ္ပိ နံ ဝဋ္ဋတိ။ ဧဝံ ဝုတ္တေပိ ဟိ ယံ တေသံ ဒဏ္ဍံ ကရောန္တိ၊ သတ္ထမ္ပိ ဘိက္ခုနိယာ ဂီဝါ ဟောတိ။ အတ္တနော ဝစနကရံ ပန "ဣမိနာ မေ ပရိက္ခာရော ဂဟိတော၊ တံ အာဟရာပေဟိ၊ မာ စဿ ဒဏ္ဍံ ကရောဟီ"တိ ဝတ္တုံ ဝဋ္ဋတိ—

ဟူ (ဝိ၊ဋ္ဌ၊၃၀။၁၈၂)ဖွင့်တော်မူ၏။

ဘိက္ခုနုပဿယေ၊ ဘိက္ခုနီမက္ကျောင်း၌။ ဂါမဒါရကာ ဝါ၊ ရွာသားသူငယ်တို့သည်လည်းကောင်း။ ဓုတ္တာဒယော ဝါ၊ သေသောက်ကြူးစသော သူတို့သည်လည်းကောင်း။ ယေ ကေစိ၊ ခပ်သိမ်းသောသူတို့သည်။ အနာစာရံ ဝါ၊ ဖောက်ပြန်သောအကျင့်ကိုလည်း။ စရန္တိ၊ ကျင့်ကြကုန်၏။ ရက္ခံ ဝါ၊ သစ်ပင်ကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကြကုန်၏။ ဖလာဖလံ ဝါ၊ သစ်သီးကြီးငယ်ကိုလည်း။ ဟရန္တိ၊ ဆောင်ယူကြကုန်၏။ ပရိက္ခာရေ ဝါ၊ ပရိက္ခာရာဘဏ္ဍာတို့ကိုလည်း။ အစ္ဆိန္ဒန္တိ၊ လုယူကြကုန်၏။ ဘိက္ခုနီ၊ ရဟန်းမိန်းမသည်။ ဝေါဟာရိကေ၊ အစိုးရထံတို့သို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ အမှာကံ၊ ငါတို့၏။ ဥပဿယေ၊ ကျောင်း၌။ ဣဒံ နာမ၊ ဤမည်သောအမှုကို။ ကတံ၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆို၏။ ကေန၊ အဘယ်သူသည်။ ကတံ၊ ပြုအပ်သနည်း။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ အသုကေန စ၊ ဤမည်သော သူသည်လည်းကောင်း။ အသုကေန စ၊ ဤမည်သောသူသည်လည်းကောင်း။ ကတံ၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ အာစိက္ခတိ၊ ပြောကြား၏။

ဧဝံ၊ ဤသို့။ အတီတံ၊ အတိတ်ကာလကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဩဒိဿ၊ ရည်ရွယ်၍။ အာစိက္ခနာ၊ ပြောကြားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုပြောကြား

http://www.dhammadownload.com

ခြင်းသည်။ နှ ဝဋ္ဋတိ၊ မအပ်။ တံ၊ ထိုပြောကြားခြင်းကို။ သုတ္တာ၊ ကြား၍။ တေ ဝေါဟာ-ရိကာ၊ ထိုအစိုးရတို့သည်။ တေသံ၊ ထိုဖျက်ဆီးသောသူ, ခိုးယူသောသူတို့အား။ ဒဏ္ဍံ၊ ကြေးငွေဒဏ်ကို။ စေ ကရောန္တိ၊ အကယ်၍ ပြုကုန်ငြားအံ့။ သတ္ထံ၊ အလုံးစုံကုန်ကျသမျှ ဒဏ်ငွေသည်။ ဘိက္ခုနိယာ၊ ရဟန်းမအား။ ဂိဝါ၊ အစားပေးထိုက်သည်။ ဟောတိ၊ ၏။ ဒဏ္ဍံ၊ ငွေဒဏ်ကို။ ဂဏှိဿန္တိ၊ ယူကုန်လတ္တံ့။ ဣတိ အဓိပ္ပါယော၊ ဤသို့သော အဓိပ္ပါယ် သည်။ သတိပိ၊ ရှိသော်လည်း။ ဂိဝါယေဝ၊ အစားပေးထိုက်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုသူအား။ ဒဏ္ဍံ၊ ဒဏ်ငွေကို။ ဂဏှထ၊ ယူကုန်လော့။ ဣတိ၊ ဤသို့။ သစေ ပန ဝဒတိ၊ အကယ်၍ဆိုအံ့။ ပဗ္ဗမာသကမတ္တေ၊ ၅-ပဲမျှကို။ ဂဟိတေ၊ ယူအပ်သည်ရှိသော်။ ပါရာဇိကံ၊ စေခိုင်းသော ရဟန်းမိန်းမ ပါရာဇိက ကျသည်။ ဟောတိ၊ ဖြစ်၏။

ကေန၊ အဘယ်သူသည်။ ကတံ၊ ပြုအပ်သနည်း။ ဣတိ၊ သို့။ ဝုတ္တေ ပန၊ ဆိုအပ်သော်ကား။ အသုကေနာတိ၊ ဤသူဟူ၍။ ဝတ္တုံ၊ ဆိုခြင်းငှာ။ အမှာကံ၊ ငါတို့အား။ နှ ဝဋ္ဋတိ၊ မအပ်။ တုမ္ဟေယေဝ၊ သင်တို့သည်သာလျှင်။ ဇာနိဿထ၊ သိကြကုန်လော့။ ဟိ သစ္စံ၊ ထိုစကား မှန်၏။ ကေဝလံ၊ သက်သက်။ မယံ၊ ငါတို့သည်။ ရက္ခံ၊ အစောင့်အရှောက်ကို။ ယာစာမ၊ တောင်းကုန်၏။ တံ၊ ထိုအစောင့်အရှောက်ကို။ နော၊ ငါတို့အား။ ဒေထ၊ ပေးကြကုန်လော့။ အဝဟဋ္ဌဘဏ္ဍဥ္စ၊ ခိုးယူသွားအပ်သော ဘဏ္ဍာပရိက္ခရာကိုလည်း။ အာဟရာပေထ၊ ဆောင်ယူပေးကြကုန်လော့။ ဣတိ၊ သို့။ ဝတ္တွဝ္ဗံ၊ ဆိုအပ်၏။ ဧဝံ၊ ဤသို့။ အနောဒိဿ၊ မရည်ညွှန်းမူ၍။ အာစိက္ခနာ၊ ပြောကြားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုပြောကြားခြင်းသည်။ ဝဋ္ဋတိ၊ အပ်၏။ ဧဝံ ဝုတ္တေ၊ ဤသို့ မရည်ညွှန်းမူ၍ ပြောကြားသည်ရှိသော်။ တေ ဝေါဟာရိကာ၊ ထိုအစိုးရတို့သည်။ ကာရကေ၊ ခိုးသူတို့ကို။ ဂဝေသိတွာ၊ ရှာဖွေ၍။ တေသံ၊ ထိုသူတို့အား။ ဒဏ္ဍံ၊ ဒဏ်ငွေကို။ သစေပိ ကရောန္တိ၊ အကယ်၍ပြုကုန်အံ့။ သတ္ထံ သာပတေယျံ၊ အလုံးစုံသော ဥစ္စာဘဏ္ဍာကို။ ဂဟိတမ္ပိ၊ သိမ်းယူသော်လည်း။ ဘိက္ခုနိယာ၊ အား။ နေဝ ဂိဝါ၊ အစားမပေးထိုက်သည်သာတည်း။ နှ အာပတ္တိ၊ အာပတ်လည်း မသင့်။

ပရိက္ခာရံ၊ ပရိက္ခရာကို။ ဟရန္တေ၊ ခိုးယူသည်တို့ကို။ ဒိသွာ၊ မြင်၍။ တေသံ၊ ထိုခိုးယူသောသူတို့အား။ အနတ္ထကာမတာယ၊ အကျိုးမဲ့ကို ဖြစ်စေလိုလျှင်။ ဝါ၊ ငွေဒဏ်ကို တပ်စေလိုသည်, အသက်ကို သတ်စေလိုသည်ဖြစ်၍။ စောရော စောရောတိ၊ ခိုးသူ, ခိုးသူဟူ၍။ ဝတ္တုမ္ပိ၊ ဆိုခြင်းငှာလည်း။ နှ ဝဋ္ဋတိ၊ မအပ်။ ဟိ သစ္စံ၊ ထိုစကား မှန်၏။ ဧဝံ ဝုတ္တေပိ၊ ဤသို့ဆိုသော်လည်း။ တေသံ၊ ထိုခိုးသူတို့အား။ ယံ ဒဏ္ဍံ၊ အကြင်ဒဏ်ကို။ ကရောန္တိ၊ ပြုကုန်၏။ တံ သတ္ထမ္ပိ၊ ထိုအလုံးစုံသော ဒဏ်ငွေသည်လည်း။ ဘိက္ခုနိယာ၊

http://www.dhammadownload.com

အား။ ဂိဝါ၊ အစားထိုက်သည်။ ဟောတိ၊ ဖြစ်၏။ အတ္တနော၊ ၏။ ဝစနကရံ ပန၊ စကားကို နားထောင်သောသူကိုကား။ ဣမိနာ၊ ဤသူသည်။ မေ၊ ငါ၏။ ပရိက္ခာရော၊ ကို။ ဂဟိတော၊ ယူ၏။ တံ၊ ထိုပရိက္ခရာကို။ အာဟရာပေဟိ၊ ဆောင်ယူစေလော့။ အဿ၊ ထိုသူအား။ ဒဏ္ဍံ၊ ဒဏ်ငွေကို။ မာ စ ကရောဟိ၊ ပြုကား မပြုပါလင့်။ ဣတိ ဝတ္တုံ၊ ဤသို့ ဆိုခြင်းငှာကား။ ဝဋ္ဋတိ၊ အပ်၏။

၁၃။ **ဂိဝါယေဝါတိ ဂိဝါယေဝ ဟောတိ၊ (ဂိဝါယေဝ ဟောတိ)န ပါရာဇိကံ အနာဏတ္တိယာ ဂဟိတတ္တာ– (သာရတ္ထ၊၃။၁၁၆)**

ဟု သာရတ္ထဒီပနီဋီကာ ဖွင့်ဆို၏။

၁၄။ **ဝိမတိဝိနောဒနီဋီကာ၌လည်း–**

> **ဂိဝါယေဝါတိ အာဏတ္တိယာ အဘာဝတော။ တေသံ အနတ္ထကာမတာယာတိ** “စောရော”တိ ဝုတ္တံ မမ ဝစနံ သုတ္ဝာ ကေစိ ဒဏ္ဍိဿန္တိ ဇိဝိတာ ဝေါရောပေဿန္တိတိ ဧဝံ သညာယ။ ဧတေန ကေဝလံ ဘယေန ဝါ ပရိက္ခာရဂ္ဂဟဏတ္ထံ ဝါ သဟသာ “စောရော”တိ ဝုတ္တေ ဒဏ္ဍိတေပိ န ဒေါသောတိ ဒဿေတိ။ ရာဇပုရိသာနဉ္စိ “စောရော အယ”န္တိ ဥဒ္ဒိဿ ကထနေ ဧဝ ဂိဝါ။ ဘိက္ခူနံ, ပန အာရာမိကာဒီနံ ဝါ သမ္မုခါ “အသုကော စောရော ဧဝမကာသီ”တိ ကေနစိ ဝုတ္တဝစနံ နိဿာယ အာရာမိကာဒီသု ရာဇပုရိသာနံ ဝတ္တာ ဒဏ္ဍာပေန္တေသုပိ ဘိက္ခုဿ န ဂိဝါ ရာဇပုရိသာနံ အဝုတ္တတ္တာ။ ယေသဉ္စ ဝုတ္တံ၊ တေဟိ သယံ စောရဿ အဒဏ္ဍိတတ္တာတိ ဂဟေတဗ္ဗံ။ “တွံ ဧတဿ သန္တကံ အစ္ဆိန္ဒာ”တိ အာဏတ္တောပိ ဟိ သစေ အညေန အစ္ဆိန္ဒာပေတိ၊ အာဏာပကဿ အနာပတ္တိ ဝိသင်္ကေတတ္တာ။ “အတ္တနော ဝစနကရ”န္တိ ဣဒံ သာမိစိဝသေန ဝုတ္တံ။ ဝစနံ အကရောန္တာနံ ရာဇပုရိသာနမ္ပိ “ဣမိနာ ဂဟိတပရိက္ခာရံ အာဟရာပေဟိ၊ မာ စဿ ဒဏ္ဍံ ကရောဟိ”တိ ဥဒ္ဒိဿ ဝဒန္တဿာပိ ဒဏ္ဍော ဂဟိတေပိ န ဂိဝါ ဧဝ ဒဏ္ဍဂ္ဂဟဏဿ ပဋိက္ခိတ္တတ္တာ၊ “အသုကဘဏ္ဍံ အဝဟရာ”တိ အာဏာပေတွာ ဝိပ္ပဋိသာရေ ဥပ္ပန္နေ ပုန ပဋိက္ခိပနေ ဝိယ– (ဝိမတိ၊၂။၇၁)

ဟု ဖွင့်ပြတော်မူသည်။

အာဏတ္တိယာ၊ စေခိုင်းခြင်း၏။ အဘာဝတော၊ မရှိသည်အဖြစ်ကြောင့်။ ဂိဝါယေဝါတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ တေသံ အနတ္ထကာမတာယာတိ၊ ကား။ စောရောတိ၊ သူခိုး-ဟူ၍။ ဝုတ္တံ၊ ဆိုအပ်သော။ မမ၊ ငါ၏။ ဝစနံ၊ စကားကို။ သုတ္ဝာ၊ ကြား၍။ ကေစိ၊ အချို့သောသူတို့ကို။

http://www.dhammadownload.com

ဒဏ္ဍိသန္တိ၊ ဒဏ်တပ်ကုန်လတ္တံ့။ ဇိဝိတာ၊ အသက်မှ။ ဝေါရောပေဿန္တိ၊ ချကုန်လတ္တံ့။ ဣတိ ဧဝံ သညာယ၊ ဤသို့သော အမှတ်သညာဖြင့်။ ဧတေန၊ ဤပါဠိဖြင့်။ ကေဝလံ၊ အလိုမရှိသောစိတ်နှင့် မရောမယှက် သက်သက်။ ဘယေန ဝါ၊ ကြောက်သည်ဖြစ်၍လည်းကောင်း။ ပရိက္ခာရဂ္ဂဟဏတ္ထံ ဝါ၊ ပရိက္ခရာကို ယူခြင်းငှာလည်းကောင်း။ သဟသာ၊ အဆောတလျင်။ စောရောတိ၊ ဟူ၍။ ဝုတ္တော၊ သော်။ ဒဏ္ဍိတေပိ၊ ဒဏ်တပ်သော်လည်း။ န ဒေါသော၊ အပြစ်မရှိ၊ ဣတိ၊ ဤသို့။ ဒဿေတိ၊ ပြတော်မူ၏။ ဟိ သစ္စံ၊ ၏။ ရာဇပုရိသာနံ၊ မင်းချင်းယောကျ်ားတို့အား။ အယံ၊ ဤသူသည်။ စောရော၊ တည်း။ ဣတိ၊ ဤသို့။ ဥဒ္ဒိဿ၊ ညွှန်ပြ၍။ ကထနေ ဧဝ၊ ဆိုခြင်းဌာသာလျှင်။ ဂိဝါ၊ အစားထိုက်၏။

ပန၊ ထိုစကားကို အကျယ်ပြဆိုဦးအံ့။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အာရာမိကာဒီနံ၊ အာရာမ်စောင့် စသည်တို့၏။ သမ္မုခါ၊ မျက်မှောက်၌။ အသုကော၊ သည်။ စောရော၊ တည်း။ ဧဝံ၊ သို့။ အကာသိ၊ ပြု၏။ ဣတိ၊ သို့။ ကေနစိ၊ တစ်စုံတစ်ယောက်သောသူသည်။ ဝုတ္တဝစနံ၊ ဆိုအပ်သောစကားကို။ နိဿာယ၊ အမှီပြု၍။ အာရာမိကာဒီသု၊ အာရာမ်စောင့် စသည်တို့သည်။ ရာဇပုရိသာနံ၊ မင်းချင်းတို့အား။ ဝတ္တာ၊ ပြောဆို၍။ ဒဏ္ဍာပေန္တေသုပိ၊ ဒဏ်တပ်စေကုန်သော်လည်း။ ဘိက္ခုဿ၊ အား။ န ဂိဝါ၊ အစားမထိုက်။ ရာဇပုရိသာနံ၊ တို့အား။ အဝုတ္တတ္တာ၊ မဆိုအပ်သောကြောင့်တည်း။ ယေသဉ္စ၊ အကြင် အာရာမ်စောင့် စသည်တို့အား။ ဝုတ္တံ၊ ၏။ တေဟိ၊ ထိုအာရာမ်စောင့် စသည်တို့သည်။ သယံ၊ ကိုယ်တိုင်။ စောရဿ၊ အား။ အဒဏ္ဍိတတ္တာ၊ ဒဏ်မတပ်နိုင်သည်အဖြစ်ကြောင့်။ န ဂိဝါ၊ အစားမထိုက်။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဟိ ယုတ္တံ၊ ထိုစကားသင့်စွ။ တံ၊ သင်သည်။ ဧတဿ၊ ၏။ သန္တကံ၊ ကို။ အစ္ဆိန္ဒ၊ လုယက်လော့။ ဣတိ၊ ဤသို့။ အာဏတ္တော၊ စေခိုင်းအပ်သောသူသည်။ အညေန၊ သူတပါးကို။ သစေ အစ္ဆိန္ဒာပေတိ၊ အကယ်၍ လုယူစေသည်ဖြစ်အံ့။ အာဏာပကဿ၊ စေခိုင်းသောရဟန်းအား။ အနာပတ္တိ၊ အာပတ် မသင့်။ ဝိသင်္ကေတတ္တာ၊ ချွတ်ယွင်းသည် အဖြစ်ကြောင့်တည်း။ အတ္တနော ဝစနကရန္တိ ဣဒံ၊ ကို။ သာမီစိဝသေန၊ အရှိအသေပြုသည်၏အစွမ်းဖြင့်။ ဝုတ္တံ၊ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူ၏။ ဝစနံ၊ ကို။ အကရောန္တာနံ၊ နားမထောင်ကုန်သော။ ရာဇပုရိသာနံ ရာဇပုရိသာနံပိ၊ မင်းချင်းတို့အားလည်း။ ဣမိနာ၊ ဤသူသည်။ ဂဟိတပရိက္ခာရံ၊ ယူအပ်သောပရိက္ခရာကို။ အာဟရာပေဟိ၊ ဆောင်ယူပေးလော့။ အဿ၊ ထိုသူ့အား။ ဒဏ္ဍံ၊ ဥစ္စာဒဏ်ကို။ မာ စ ကရောဟိ၊ မပြုပါလင့်။ ဣတိ၊ သို့။ ဥဒ္ဒိဿ၊ ညွှန်ပြ၍။ ဝဒန္တသာပိ၊ ဆိုသောရဟန်းအားလည်း။ ဒဏ္ဍော၊ ဒဏ်ငွေကို။ ဂဟိတေပိ၊ အဓိုးရတရားနှုံးက ယူသော်လည်း။ န ဂိဝါ ဧဝ၊ ရဟန်းက အစားမပေးထိုက်သည်သာတည်း။ ဒဏ္ဍာဂ္ဂဟဏဿ၊ ဒဏ်ငွေယူခြင်းကို။ ပဋိက္ခိတ္တတ္တာ၊ ပယ်မြစ်အပ်သည် အဖြစ်ကြောင့်တည်း။

http://www.dhammadownload.com

ကိမိ၀၊ အဘယ်ကဲ့သို့နည်းဟူမူကား။ အသုကဘဏ္ဍံ၊ ဤမည်သော ဥစ္စာကို။ အာဟရ၊ ခိုးယူလော့။ ဣတိ၊ ဤသို့။ အာဏာပေတွာ၊ စေခိုင်း၍။ ဝိပ္ပဋိသာရေ၊ နှလုံးမသာယာခြင်းသည်။ ဥပ္ပန္နေ၊ ဖြစ်ပေါ်လာသည်ရှိသော်။ ပုန၊ တဖန်။ ပဋိက္ခိပနေ၊ ပယ်မြစ်ခြင်း၌။ အနာပတ္တိ ဝိယ၊ အာပတ် မသင့်သကဲ့သို့တည်း။

ဤသို့လာသော ဘိက္ခုနီဝိဘင်းပါဠိတော် အနာပတ္တိ၀ါရ၊ ၎င်းအဖွင့်အဋ္ဌကထာ, ဋီကာတို့၌ ရဟန်းမိန်းမ, ရဟန်းယောကျ်ားတို့၏ အာရာမ်,ကျောင်းကန်,ပရိက္ခရာပစ္စည်းကို ဖျက်ဆီးလုယက် ခိုးဝှက်ရာတို့၌ မင်းချင်းယောကျ်ားနှင့် အစိုးရထံ သွားရောက်၍ "ဤသူသည် ဖျက်ဆီးလုယက် ခိုးဝှက်သူ"ဟု အမည်ကို ဖော်ထုတ်၍ ပြောကြားမူ အစိုးရက ထိုသူအား ဒဏ်တပ်က ပြောသောရဟန်းသည် အစားပေးထိုက်၏။ "ထိုသူခိုးထံမှ ဒဏ်ငွေ ယူပါ"ဟုဆိုလျှင် ယူသည်နှင့်တပြိုင်နက် ၅-ပဲထိုက်တန်လျှင် ပါရာဇိက ကျ၏။ အမည်ကို မဖော်ထုတ်ဘဲပြောမူ အပြစ်မရှိဟု ပြ၏။ ရဟန်းသည် လူတို့နှင့်တရားပြောဆိုရာမှာ အစားပေးထိုက်သည်-ဟု ပြတော်မူသောအရာ မဟုတ်ချေ။

၎င်းအနာပတ္တိ၀ါရအဖွင့်ဖြစ်သော အဋ္ဌကထာ၌ "ဒဏ်ငွေယူလော့"ဟုဆို၍ ယူမူ ပါရာဇိကရောက်သကဲ့သို့၊ တရားတွေ့ရာ၌လည်း ရာဇဝလ္လဘ မင်းကျွမ်း၀င်၍ "ဒဏ်ငွေယူလော့"ဟု စေခိုင်းသဖြင့် ဒဏ်ငွေယူမူ ပါရာဇိကပင် ကျသည်ဟု မှတ်လေ။

ဝိမတိဋီကာရှင် အလိုအားဖြင့် မင်းမှုထမ်းနှင့် အစိုးရတို့အားသာ "မည်သူခိုးသည်"ဟု မဆိုအပ်။ အာရာမ်စောင့်, ကျောင်းဒကာ စသည်တို့အား "မည်သူ ခိုးသည်"ဟု ပြောကြားမူ အပြစ်မရှိဟု မှတ်ရမည်။ (ဘိက္ခုနံ ပန ။ပ။ ဝိသင်္ကေတတ္တာ တိုင်အောင် ပြခဲ့သော ဝိမတိဋီကာပါဠိကို အရကျက်လေ)။

အထူးမှတ်ရန်ကား– အနာပတ္တိ၀ါရဖြစ်သော ပါဠို, အဋ္ဌကထာ, ဋီကာတို့၌ တရားတွေ့သော ရဟန်းမိန်းမ, ရဟန်းယောကျ်ားတို့အား "အစားပေးထိုက်သည်၊ ပါရာဇိကကျသည်"ဟု မဆိုခြင်းသည် (ရဟန်းအား လျှူသောပစ္စည်းကို ဒါယကာက လျှူပြီးမှ မလျှူဟု တဖန် စဉ်းလဲကောက်ကျစ်သောဉာဏ်ဖြင့် တားမြစ်ပြောဆိုခြင်းသာ ဖြစ်သည်။ အစိုးရမင်းတို့ မသိအောင် တားမြစ်ခြင်းမဟုတ်ချေ။ အစိုးရထံ လျှောက်ထားလိုက လျှောက်ထားစေဟု တားမြစ်ခြင်းဖြစ်သည်။ ဖြစ်ပွါးသောတရားကိုလည်း အစိုးရမင်းတို့သာ ပြတ်အောင်စီရင်နိုင်သည်။)

ထို့ကြောင့် "တစ်စုံတစ်ယောက်သောလူက လျှူဒါန်းပြီးသော ကျောင်း, သင်္ကန်းစသော ပစ္စည်းကို မလျှူ"ဟု တားမြစ်ပြောဆိုရာ အစိုးရထံ အမှန်အတိုင်းပြောဆို၍ တရားတွေ့ခြင်း၌ အပြစ်မရှိ၍ "အစားပေးထိုက်သည်၊ ပါရာဇိကကျသည်"ဟု မဆိုခြင်း ဖြစ်သည်ဟု မှတ်လေ။

http://www.dhammadownload.com

အနာပတ္တိဝါရဖြစ်သော ပါဠို, အဋ္ဌကထာ, ဋီကာတို့၌ "ကျောင်းအာရာမ်ကို ဖျက်ဆီးသောသူ၊ ခိုးယူသောသူတို့ကို ရည်ညွှန်း၍ ပြောဆိုရာ အစားပေးထိုက်သည်"ဟု ဆိုခြင်းသည် ထိုဖျက်ဆီးခိုးယူသူတို့ကား အစိုးရမင်းတို့မသိအောင် လျှို့ဝှက်၍ ပြုရခြင်း ဖြစ်သည်။ **ထိုလျှို့ဝှက်သော အမှုကို သိအောင် ပြောခြင်းသည် ခိုးသူအားဖော်ပြောရာ ဒဏ်တပ်မူ ဘဏ္ဍာစား ထိုက်၏။ "ဒဏ်ငွေယူလော့"ဟု ခိုင်း၍ ယူမူ ပါရာဇိကကျ၏ဟု သိလေ။** ဤသို့ အထူးမှတ်။

ဩဝါဒဂါထာ

ပရေ စ နာ ဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ။
ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ။ (ဓမ္မပဒပါဠိတော်)

ဧတ္ထ၊ ဤသံယှဘောင်ဝယ် များအလယ်၌။ ပရေ၊ ပညာမဲ့သူ တပါးလူတို့သည်။ မယံ၊ ငါတို့သည်ကား။ ယမာမသေ ကျွတိ၊ အမြဲမနေ၊ သေရကုန်အံ့ဟူ၍။ **နာ စ ဝိဇာနန္တိ၊** အမှန်အတိုင်း မသိကြကုန်။ တတ္ထ၊ ထိုသံယှဘောင်ဝယ်၊ များအလယ်၌။ ယေ စ၊ အကြင် အမှန်မြင်သိ၊ ပညာရှိတို့သည်ကား။ မယံ၊ ငါတို့သည်။ ယမာမသေ ကျွတိ၊ အမြဲမနေ သေရကုန်အံ့ဟူ၍။ ဝိဇာနန္တိ၊ ထူးသောဉာဏ်ဖြင့်၊ သိမြင်ကြကုန်၏။ တတော၊ ထိုသို့သိခြင်းကြောင့်။ မေဓဂါ၊ အငြင်းဖြစ်ပွါး အမှုများတို့သည်။ သမ္မန္တိ၊ ငြိမ်းအေးကုန်၏။

ညောင်ပင်မြို့၊ ထိမ်တောကျောင်းတိုက်၌ သီတင်းသုံး
နေထိုင်သော မထေရ်မြတ် ဖြေဆိုအပ်သော
အဋ္ဌကာရ ဝိနိစ္ဆယစာတမ်း ပြီး၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

ဦးဝိစာရ လျှောက်ထားလွှာ

အက်တောကျောင်းတိုက်နေ တပည့်တော် ဝိစာရ လျှောက်ထားပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။

အကြောင်းမှာ– အက်တောကျောင်း ၃-ဆောင်သည် အထက်သံဃိက, အောက် ပုဂ္ဂလိကဖြစ်၍ ၎င်းကျောင်းများကို အောက်ပုဂ္ဂလိကပိုင်ဆိုင်သူ ဦးဝဏ္ဏက လွှဲအပ်သော သူနှင့်တကွ ကျောင်းပိုင်သူတို့ ရောင်းချ၍ ဒါယကာများ ဝယ်ယူပါသည်။ ၎င်းဝယ်ယူသော ကျောင်းကို တပည့်တော်အား လျှဒါန်းပါသည်။ ၎င်းဝယ်ယူပြီး လျှဒါန်းသောကျောင်းများကို သံဃိက, ပုဂ္ဂလိက ၂-မျိုးတွင် အဘယ်သို့ သုံးဆောင်ရမည်၊ သို့မဟုတ် အထက်, အောက် ၂-ခုလုံးပင် ပုဂ္ဂလိကအဖြစ် သုံးဆောင်ရမည်၊ ရောင်းသော် ငွေသံဃိက ဖြစ်မည်၊ ကျောင်း ပင် သံဃိကဖြစ်မည်ကို အသေအချာ ပါဠို, အဋ္ဌကထာ, ဋီကာလာတိုင်း သိမှတ်ရန် လျှောက်ထားတောင်းပန်အပ်ပါသည် ဆရာတော် အရှင်မြတ်ဘုရား။

လျှောက်ထားသူ
ဦးဝိစာရ
အက်တောကျောင်းဘုန်းကြီး

ထိမ်တောဆရာတော်၏
သံဃိကဝိဟာရဝိနိစ္ဆယစာတမ်း

[၂၄၃] သံဃိကကျောင်းကို ရောင်းဝယ်ခြင်း

(၁) ၁။ စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဘိက္ခူနံ ဒိန္နံ ဝိဟာရံ ဝါ ပရိဝေဏံ ဝါ အာဝါသံ ဝါ မဟန္တမ္ပိ ခုဒ္ဒကမ္ပိ အဘိယုဉ္ဇတော အဘိယောဂေါ န ရုဟတိ၊ အစ္ဆိန္နိတ္ထာ ဂဏ္ဌိတုမ္ပိ န သက္ကောတိ။ ကသ္မာ? သဗ္ဗေသံ ဓုရနိက္ခေပါဘာဝတော။ န ဟေတ္ထ သဗ္ဗေ စာတုဒ္ဒိသာ ဘိက္ခူ ဓုရနိက္ခေပံ ကရောန္တိ– (ဝိ၊ဋ္ဌ၊၁။ ၂၉၆)

ဟု သမန္တပါသာဒိကအဋ္ဌကထာ၊ ဝိဟာရဋ္ဌကထာ၌ လာသည်။

http://www.dhammadownload.com

စာတုဒ္ဒိသံ၊ အရပ် ၄-မျက်နှာ၌ရှိသော။ သံဃံ၊ ကို။ ဥဒ္ဒိဿ၊ ရည်စူး၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဒိန္နံ၊ သံယိကရေစက်ချ၍ လှူဒါန်းအပ်သော။ ဝိဟာရံ ဝါ၊ ဥပစာအာရာမ်ဖြင့် ပိုင်းခြားအပ်သော အလုံးစုံသော ကျောင်းကိုလည်းကောင်း။ ပရိဝေဏံ ဝါ၊ ထိုကျောင်းတို့က် အတွင်း၌ တံတိုင်းစည်းအရံ ကာရံအပ်သော ကျောင်းကိုလည်းကောင်း။ အာဝါသံ ဝါ၊ တစ်ခုတည်းမျှသာဖြစ်သော ကျောင်းကိုလည်းကောင်း။ မဟန္တိမ္မိ၊ ကြီးသော်လည်းကောင်း။ ခုဒ္ဒကမ္မိ၊ ငယ်သော်လည်းကောင်း။ အဘိယုဉ္ဇတော၊ တရားတွေသောရဟန်းအား။ အဘိ-ယောဂေါ၊ တရားတွေခြင်းသည်။ န ရူဟတိ၊ မရောက်။ ဝါ၊ မဖြစ်။ အစ္ဆိန္နိတ္ထာ၊ လုယက်၍။ ဂဏှိတုမ္မိ၊ ယူခြင်းငှာလည်း။ န သက္ကောတိ၊ မစွမ်းနိုင်။ ကဿစာ၊ အဘယ်ကြောင့်နည်း။ သတ္ထေသံ၊ အလုံးစုံ အရပ် ၄-မျက်နှာ၌ရှိသော ရဟန်းတို့၏။ ဓုရနိက္ခေပါဘာဝတော၊ ၁-ပါး မျှ မကျန်ဘဲ အကုန်ဝန်ချခြင်း မရှိသည် အဖြစ်ကြောင့်တည်း။ ဟိ သစ္စံ၊ မှန်၏။ ဧတ္ထ၊ ဤသံယိကကျောင်း၌။ သတ္ထေ၊ ခပ်သိမ်းကုန်သော။ စာတုဒ္ဒိသာ၊ သာသနာရောက်ရာ အရပ် ၄-မျက်နှာ၌ နေကုန်သော။ ဘိက္ခူ ရဟန်းတို့သည်။ ဓုရနိက္ခေပံ၊ ဝန်ချခြင်းကို။ န ကရောန္တိ၊ မပြုကြကုန်။

၂။ သာရတ္ထဒီပနီဋီကာ၌လည်း–

အဘိယောဂေ ကတေပိ အဝဟာရဿ အသိဒ္ဓနတော ဝုတ္တံ "အဘိယောဂေါ န ရူဟတီ"တိ– (သာရတ္ထ၊ ၂။၁၄၄)　　ဟု ဖွင့်တော်မူ၏။

အဘိယောဂေ၊ တရားတွေခြင်းကို။ ကတေပိ၊ ပြုသော်လည်း။ အဝဟာရဿ၊ ခိုးခြင်း၏။ အသိဒ္ဓနတော၊ မပြီးခြင်းကြောင့်။ အဘိယောဂေါ န ရူဟတီတိ၊ ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုတော်မူအပ်၏။

၃။ ဝိနယဝိနိစ္ဆယအဋ္ဌကထာ(နှာ-၁၅၊ဂါထာ-၁၅၄)၌လည်း–

ဝိဟာရံ သံယိကံ ကိဉ္စိ၊ အစ္ဆိန္နိတ္ထာန ဂဏှိတုံ။
သတ္ထေသံ ဓုရနိက္ခေပါ- ဘာဝတောဝ န သိဒ္ဓတိ–

ဟု မိန့်ဆို၏။

သံယိကံ၊ သံဃာ့ဥစ္စာဖြစ်သော။ ဝိဟာရံ၊ ကျောင်းကို။ ကိဉ္စိ၊ တစ်စုံတစ်ယောက်သောသူသည်။ အစ္ဆိန္နိတ္ထာန၊ လုယက်၍။ ဂဏှိတုံ၊ ယူခြင်းငှာ။ န သိဒ္ဓတိ၊ မပြီး, မရနိုင်။ သတ္ထေသံ၊ အလုံးစုံ အရပ် ၄-မျက်နှာ၌ နေကုန်သော ရဟန်းတို့၏။ ဓုရနိက္ခေပါဘာဝ-တောဝ၊ ဝန်ချခြင်းမရှိသည် အဖြစ်ကြောင့်သာတည်း။

http://www.dhammadownload.com

ထိုသို့လာသော အဌကထာ, ဋီကာတို့ဖြင့် သံယိကကျောင်းကို နေရာမှ မရွှေ့မပြောင်းဘဲ ယူရာ၌ "ဌာနာစာဝန"မဖြစ်လျှင် ရဟန်း, ခိုးသူ, မင်းစသော တစ်စုံတစ်ယောက်သောသူသည် နိုင်ထက်မူ၍ ယူသည်ဖြစ်စေ၊ မသိအောင် ယူသည် ဖြစ်စေ၊ 'ငါပိုင်သည်'ဟု ထင်မှတ်၍ ယူသည်ဖြစ်စေ၊ သူတပါးထံ၌ ပေါင်နှံရောင်းချ၍ ဖြစ်စေ သံယိကကျောင်းအဖြစ်မှ မလွတ်။ သံဃာ့ဥစ္စာသာ မည်၏ဟု ပြတော်မူ၏။

၄။ **စူဠဝါပါဠိတော်၌လည်း–**

> ပဠိမာနိ ဘိက္ခဝေ အဝိဿဇ္ဇိယာနိ နာ ဝိဿဇ္ဇေတဗ္ဗာနိ သံယေန ဝါ ဂဏေန ဝါ ပုဂ္ဂလေန ဝါ၊ ဝိဿဇ္ဇိတာနိပိ အဝိဿဇ္ဇိတာနိ ဟောန္တိ၊ ယော ဝိဿဇ္ဇေယျ၊ အာပတ္တိ ထုလ္လစ္စယဿ– (ဝိ၊၄၊၄။၃၂၁)

ဟု လာသည်။

ဘိက္ခဝေ၊ ရဟန်းတို့၊ အဝိဿဇ္ဇိယာနိ၊ မစွန့်အပ်ကုန်သော။ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးသော အရာတို့ကို။ သံယေန ဝါ၊ သံဃာသည်လည်းကောင်း။ ဂဏေန ဝါ၊ ဂိုဏ်းသည်လည်းကောင်း။ ပုဂ္ဂလေန ဝါ၊ ပုဂ္ဂိုလ် ၁-ပါးပါးသည်လည်းကောင်း။ နာ ဝိဿဇ္ဇိတဗ္ဗာနိ၊ မစွန့်အပ်ကုန်။ ဝိဿဇ္ဇိတာနိပိ၊ စွန့်အပ်ကုန်သော်လည်း။ အဝိဿဇ္ဇိတာနိ၊ စွန့်အပ်သည် မမည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယော၊ အကြင်ရဟန်းသည်။ ဝိဿဇ္ဇေယျ၊ စွန့်ငြားအံ့။ ထုလ္လစ္စယဿ၊ သို့။ အာပတ္တိ၊ ရောက်၏။

ထိုပါဠိတော်ဖြင့်– သံယိကဖြစ်သော ထာဝရပစ္စည်း, ဂရုဘဏ်ပစ္စည်းတို့ကို တစ်စုံတစ်ယောက်သောသူအား မပေး, မစွန့်အပ်။ ပေးစွန့်သော်လည်း ပေးရာ မရောက်။ ပေးသော ရဟန်းအား ထုလ္လစ္စည်း အာပတ်သင့်၏။

၅။ ဎင်းပါဠိအဌကထာ၌လည်း–

> ဣဒံ ဟိ သဗ္ဗမို့ ဂရုဘဏ္ဍံ ဣဓ အဝိဿဇ္ဇိယံ, ကိဉ္စာဂိရိဝတ္ထုသ္မိံ အဝေဘင်္ဂိယန္တိ ဝုတ္တံ။ ပရိဝါရေ ပန–
>
> အဝိဿဇ္ဇိယံ အဝေဘင်္ဂိယံ၊ ပဉ္စ ဝုတ္တာ မဟေသိနာ။
>
> ဝိဿဇ္ဇေန္တသ္သ ပရိဘုဥ္ဇန္တသ္သ အနာပတ္တိ၊
>
> ပဉ္စာ မေသာ ကုသလေဟိ စိန္တိတာတိ–

http://www.dhammadownload.com

အာဂတံ။ တသ္မာ မူလစ္ဆေဇ္ဇဝသေန အဝိဿဇ္ဇိယံ အဝေဘာဂိယဉ္စ၊ ပရိဝတ္တန-
ဝသေန ပန ဝိဿဇ္ဇေန္တသ္သ ပရိဘုဉ္ဇန္တသ္သ စ အနာပတ္တိတိ ဧဝမေတ္ထ အဓိပ္ပါယော
ဝေဒိတဗ္ဗော— (ဝိ၊၄၊၇၇)

ဟု ဖွင့်ပြ၏။

ဟိ၊ အထူးပြဦးအုံ့။ ကွဒံ ဂရုဘဏ္ဍံ၊ ဤထာဝရ ဂရုဘဏ်ဖြစ်သော သံယိကပစ္စည်း
ကို။ ကွမ၊ ဤနေရာ၌။ အဝိဿဇ္ဇိယံ၊ မစွန့်အပ်ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ကိဉ္စာဂိရိ-
ဝတ္ထုသ္မိံ၊ ၌။ အဝေဘာဂိယန္တိ၊ မဝေဖန်အပ်ဟူ၍။ ဝုတ္တံ၊ ၏။ ပရိဝါရေ ပန၊ ကား။

မဟောသိနာ၊ မြတ်စွာဘုရားသည်။ ပဉ္စ၊ ၅-ခုအစုရှိသော ထာဝရဂရုဘဏ်ဖြစ်သော
သံယိကဥစ္စာတို့ကို။ အဝိဿဇ္ဇိယံ၊ ဟူ၍လည်းကောင်း။ အဝေဘာဂိယံ၊ ဟူ၍လည်းကောင်း။
ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ဝိဿဇ္ဇေန္တသ္သ၊ စွန့်သောရဟန်းအားလည်းကောင်း။
ပရိဘုဉ္ဇန္တသ္သ၊ သုံးဆောင်သောရဟန်းအားလည်းကောင်း။ အနာပတ္တိ၊ အာပတ် မသင့်။
ဧသော ပဉ္စာ၊ ဤပြဿနာကို။ ကုသလေဟိ၊ ဝိနည်းအရာ လိမ္မာသော ပညာရှိတို့သည်။
စိန္တိတာ၊ ကြံစည်၍ သိအပ်၏။ ကွတိ၊ ဤသို့။ အာဂတံ၊ လာ၏။

တသ္မာ၊ ထို့ကြောင့်။ မူလစ္ဆေဇ္ဇဝသေန၊ အရင်းပြတ် စွန့်သည်၏အစွမ်းဖြင့်။
အဝိဿဇ္ဇိယံ၊ စွန့်လည်း မစွန့်အပ်။ အဝေဘာဂိယဉ္စ၊ ဝေလည်း မဝေဖန်အပ်။ ပရိဝတ္တန-
ဝသေန ပန၊ လဲလှယ်သည်၏ အစွမ်းဖြင့်ကား။ ဝိဿဇ္ဇေန္တသ္သ၊ စွန့်သောရဟန်းအား
လည်းကောင်း။ ပရိဘုဉ္ဇန္တသ္သ စ၊ သုံးဆောင်သော ရဟန်းအားလည်း ကောင်း။ အနာပတ္တိ၊
အာပတ်မသင့်။ ကွတိ ဧဝံ၊ ဤသို့။ ဧတ္ထ၊ ဤသံယိကပစ္စည်းပြဿနာ၌။ အဓိပ္ပါယော၊
ဘုရားအလိုတော်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ထိုအဋ္ဌကထာပါဠိဖြင့် သံယိကဖြစ်သော ထာဝရပစ္စည်း, ဂရုဘဏ်ပစ္စည်းတို့ကို
တစ်စုံတစ်ယောက်သောသူတို့အား မစွန့်အပ်, မပေးအပ်, မရောင်းအပ်ဟု ပညတ်တော်
မူသည်။ အရင်းပြတ် တစ်ခါတည်း မပေးအပ်, မရောင်းအပ်၊ ပစ္စည်းချင်းမူကား လူတို့နှင့်
လဲယူသုံးဆောင်ကောင်းသည်ဟု ပြတော်မူ၏။

၆။ ပစ္စည်းချင်း လဲယူသုံးဆောင်ရာ၌လည်း ထာဝရကို ထာဝရချင်း၊ ဂရုဘဏ်ကို
ဂရုဘဏ်ချင်း လဲယူအပ်၏-ဟု ပြတော်မူခြင်းငှာ—

ထာဝရေန စ ထာဝရံ ဂရုဘဏ္ဍေန စ ဂရုဘဏ္ဍံ ပရိဝတ္တေတုံ ဝဋ္ဋတိ–

ဟု ဆိုတော်မူ၏ (စူဠဝါအဋ္ဌကထာ၊၇၇)။

http://www.dhammadownload.com

၇။ ခုဒ္ဒသိက္ခာဋီကာဟောင်း(နှာ-၁၈၁)၌ကား–

ဇော္ထ ပန ဂရုဘဏ္ဍေန ဂရုဘဏ္ဍဋ္ဌ ထာဝရဋ္ဌ ထာဝရေန ထာဝရမေဝ ပရိဝတ္တနဝိဓိ သန္ဓာယ "ဝိဿဇ္ဇေန္တေဿ အနာပတ္တိ"တိ ဝုတ္တံ–ဟု ဆို၏။

၈။ ခုဒ္ဒသိက္ခာဋီကာသစ်(နှာ-၃၉၃)၌လည်း–

ဂရုနာ ဂရုဘဏ္ဍဋ္ဌ ထာဝရဋ္ဌ ပရိဝတ္တေယျ၊ ထာဝရေန စ ထာဝရမ္ပိ ပရိဝတ္တေယျာတိ ယောဇေတဗ္ဗံ–ဟု ဆိုတော်မူ၏။

၉။ သာရတ္ထဒီပနီဋီကာ၌လည်း–

နံ ကေဝလံ ။ပ။ ပရိဝတ္တေတုံ ဝဋ္ဋန္တီတိ ဣမိနာ အထာဝရေန ထာဝရမ္ပိ အထာဝရမ္ပိ ပရိဝတ္တေတုံ ဝဋ္ဋတီတိ ဒဿေတိ။ ထာဝရေန အထာဝရမေဝ ဟိ ပရိဝတ္တေတုံ နံ ဝဋ္ဋတိ– (သာရတ္ထ၊၃။၄၀၄)ဟု ဆိုတော်မူ၏။

ထို့ကြောင့် သံယိကဖြစ်သော ဂရုဘဏ်ပစ္စည်းဖြင့် လူတို့၏ ထာဝရပစ္စည်း, ဂရုဘဏ်ပစ္စည်းတို့ကို လဲယူအပ်သည်။ သံယိကဖြစ်သော ထာဝရပစ္စည်းဖြင့် လူတို့၏ ထာဝရပစ္စည်းကိုသာ လဲလှယ်အပ်သည်။ ဂရုဘဏ်ပစ္စည်းကို မလဲယူအပ်ဟု မှတ်လေ။

၁၀။ ထာဝရပစ္စည်း, ဂရုဘဏ်ပစ္စည်း ၂-ပါးအဖြစ်ကိုလည်း–

ထာဝရေန စ ထာဝရံ ဂရုဘဏ္ဍေန စ ဂရုဘဏ္ဍန္တိ ဇော္ထ ပဋ္ဌသု ကောဋ္ဌာသေသု ပုရိမဒ္ဒယံ ထာဝရံ, ပစ္ဆိမတ္တယံ ဂရုဘဏ္ဍန္တိ ဝေဒိတဗ္ဗံ– (သာရတ္ထ၊၃။၄၀၄)

ဟု သာရတ္ထဒီပနီဋီကာ မိန့်တော်မူ၏။

၁၁။ ဝိမတိဋီကာ(၂။၂၄၅) ဆရာလည်း နည်းတူဖွင့်ပြ၏။ ထို့ကြောင့် ဝိဟာရ၊ ဝိဟာရဝတ္ထု, အာရာမ၊ အာရာမဝတ္ထုသည် ထာဝရမည်၏။

မဉ္စ၊ ပီဌ၊ ဘိသိ၊ ဗိမ္ဗောဟန(ဗိမ္ဗောဟနံ), လောဟကုမ္ဘီ၊ လောဟဘာဏက၊ လောဟဝါရက၊ လောဟကဋာဟ၊ ဝါသိ၊ ပရသု၊ ကုဋ္ဌာရီ၊ ကုဒါလ၊ နိခါဒန, ဝလ္လိ၊ ဝေဠု၊ မုဉ္ဇ၊ ပဗ္ဗဇ၊ တိဏ၊ မတ္တိကာ၊ ဒါရုဘဏ္ဍ၊ မတ္တိကာဘဏ္ဍတို့သည် ဂရုဘဏ် မည်၏-ဟု မှတ်လေ။

၁၂။ ဝိဟာရ, ဝိဟာရဝတ္ထုအရကိုလည်း မူလသိက္ခာဋီကာသစ်၌–

ဝိဟာရော နာမ ပါသာဒါဒိကံ ယံကိဉ္စိ သေနာသနံ။ ဝိဟာရဝတ္ထု နာမ တေသံယေဝ ပတိဋ္ဌာနောကာသော၊ နဒ္ဒေသု ဝါ တေသု ပေါရာဏကဘူမိ-ဘာဂေါ–

http://www.dhammadownload.com

ဟု ဆိုသောကြောင့် ပြာသာဒ်-အစရှိသော အမှတ်မရှိ၊ အလုံးစုံသောကျောင်းသည် ဝိဟာရမည်၏။ ကျောင်းရာမြေ, ကျောင်းပျက်သော်လည်း ရှေးကျောင်းနေရာ မြေဟောင်းသည် ဝိဟာရဝတ္ထုမည်၏-ဟု မှတ်လေ။

၁၃။ ဝိဟာရကို ဝိဟာရချင်း လဲယူရာ၌လည်း စူဠဝါအဋ္ဌကထာ၌–

> သံယဿ အန္တောဂါမေ ဂေဟံ ဟောတိ၊ မနုဿာနံ ဝိဟာရမတ္တေ ပါသာဒေါ၊ ဥဘောပိ အတ္ထေန သမကာ၊ သစေ မနုဿာ တေန ပါသာဒေန တံ ဂေဟံ ယာစန္တိ၊ သမ္မုဇ္ဇိတ္ဗံတုံ ဝဋ္ဋတိ– (ဝိ၅၊၄၊၇၈)

ဟု ဖွင့်ပြ၏။

သံယဿ၊ အား။ အန္တောဂါမေ၊ ရွာတွင်း၌။ ဂေဟံ၊ ကျောင်းသည်။ ဟောတိ၊ ဖြစ်၏။ မနုဿာနံ၊ လူတို့၏။ ဝိဟာရမတ္တေ၊ ကျောင်းလယ်၌။ ပါသာဒေါ၊ ပြာသာဒ်သည်။ ဟောတိ၊ ဖြစ်၏။ ဥဘောပိ၊ ကျောင်းနှင့်ပြာသာဒ် ၂-ခုတို့သည်လည်း။ အတ္ထေန၊ အဖိုး အားဖြင့်။ သမကာ၊ ညီမျှကုန်၏။ မနုဿာ၊ လူတို့သည်။ တေန ပါသာဒေန၊ ထိုပြာသာဒ် ဖြင့်။ တံ ဂေဟံ၊ ထိုကျောင်းကို။ သစေ ယာစန္တိ၊ အကယ်၍ တောင်းကုန်သည်ဖြစ်အံ့။ သမ္မုဇ္ဇိတ္ဗံတုံ၊ လဲယူတော့အံ့ဟု သံယာကို ပန်ကြား၍ ဝန်ခံခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

ထိုအဋ္ဌကထာပါဠိဖြင့် ဝိဟာရဟူသော ထာဝရပစ္စည်းချင်း လဲယူပုံကို ပြတော်မူ၏။

၁၄။ နံ ဘိက္ခဝေ အညတြ ပရိဘောဂေါ အညတြ ပရိဘုဥ္ဇိတဗ္ဗော၊ ယော ပရိဘုဥ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

> **အနုဇာနာမိ ဘိက္ခဝေ တာဝကာလိကံ ဟရိတုံ။**
> **အနုဇာနာမိ ဘိက္ခဝေ ဝုတ္ထဝ္ထာယ ဟရိတုံ။** (စူဠဝါပါဠိတော်၊ နှာ-၃၂၇-၈)

ဘိက္ခဝေ၊ ရဟန်းတို့။ အညတြ၊ ၁-ကျောင်း၌။ ပရိဘောဂေါ၊ ကျောင်းအသုံး အဆောင်ကို။ အညတြ၊ အခြား ၁-ကျောင်း၌။ နံ ပရိဘုဥ္ဇိတဗ္ဗော၊ မသုံးဆောင်အပ်။ ယော၊ အကြင်ရဟန်းသည်။ ပရိဘုဥ္ဇေယျ၊ သုံးဆောင်ငြားအံ့။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ အာပတ္တိနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝကာလိကံ၊ အခိုက်အတန့်အားဖြင့်။ ဟရိတုံ၊ ဆောင်ခြင်းငှာ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ဘိက္ခဝေ၊ တို့။ ဝုတ္ထဝ္ထာယ၊ လုံခြုံစေခြင်းငှာ။ ဝါ၊ စောင့်ရှောက်ခြင်းငှာ။ ဟရိတုံ၊ ဆောင်ယူခြင်းငှာ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။

http://www.dhammadownload.com

၁၅။ ၎င်းပါဠိတော်အဖွင့် **စူဠဝါအဋ္ဌကထာ၌လည်း—**

ဂုတ္တဏ္ဌာယာတိ ယံ တတ္ထ မဉ္စပီဌာဒိ၊ တဿ ဂုတ္တတ္ထာယ တံ အညတြ ဟရိတုံ အနုဇာနာမီတိ အတ္ထော။ တသ္မာ တံ အညတြ ဟရိတ္ဝာ သံယိကပရိ-ဘောဂေန ပရိဘုဉ္ဇန္တသ္သ နဋ္ဌ သုနဋ္ဌ၊ ဇိဏ္ဏံ သုဇိဏ္ဏံ။ သစေ အရောဂံ၊ တသ္မိံ ဝိဟာရေ ပဋိသန်္ဓိတေ ပုန ပါကတိကံ ကာတဗ္ဗံ။

ပုဂ္ဂလိကပရိဘောဂေန ပရိဘုဉ္ဇတော နဋ္ဌ ဝါ ဇိဏ္ဏံ ဝါ ဂိဝါ ဟောတိ၊ တသ္မိံ ပဋိသန်္ဓိတေ ဒါတဗ္ဗမေဝ။ သစေ တတော ဂေါပါနသိအာဒီနိ ဂဟေတ္ဝာ အညသ္မိံ သံယိကာဝါသေ ယောဇေန္တိ၊ သုယောဇိတာနိ။

ပုဂ္ဂလိကာဝါသေ ယောဇေန္တေဟိ ပန မူလံ ဝါ ဒါတဗ္ဗံ၊ ပဋိပါကတိကံ ဝါ ကာတဗ္ဗံ။ ဆဒ္ဒိတဝိဟာရတော မဉ္စပီဌာဒီနိ ထေယျစိတ္တေန ဂဏှန္တော ဥဒ္ဒါရေယေဝ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော။ ပုန အာဝါသိကကာလေ ဒဿာမီတိ ဂဟေတ္ဝာ သံယိကပရိဘောဂေန ပရိဘုဉ္ဇန္တသ္သ နဋ္ဌ သုနဋ္ဌ၊ ဇိဏ္ဏံ သုဇိဏ္ဏံ။ အရောဂဋ္ဌေ, ပါကတိကံ ကာတဗ္ဗံ။ ပုဂ္ဂလိကပရိဘောဂေန ပရိဘုဉ္ဇန္တသ္သ နဋ္ဌ ဂိဝါ ဟောတိ။ တတော ဒွါရဝါတပါနာဒီနိ သံယိကာဝါသေ ဝါ ပုဂ္ဂလိကာဝါသေ ဝါ ယောဇိတာနိ ပဋိဒါတဗ္ဘာနိယေဝ— (ဝိ၊၅၊၄၊၈၆-၇)

ဟု ဖွင့်တော်မူ၏။

ဂုတ္တဏ္ဌာယာတိ၊ ဟူသည်ကား။ တတ္ထ၊ ထိုပြိုပျက်သော သံယိကကျောင်း၌။ ယံ မဉ္စပီဌာဒိ၊ အကြင်ညောင်စောင်း, အင်းပျဉ်-စသော အသုံးအဆောင်သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုညောင်စောင်း, အင်းပျဉ်-စသော အသုံးအဆောင်ကို။ ဂုတ္တတ္ထာယ၊ လုံခြုံစေခြင်း ငှာ။ တံ၊ ထိုညောင်စောင်း, အင်းပျဉ်-စသည်ကို။ အညတြ၊ တပါးသောကျောင်း၌။ ဝါ၊ သို့။ ဟရိတုံ၊ ဆောင်ယူခြင်းငှာ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ လိုအပ်သော အနက်တည်း။ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုညောင်စောင်း, အင်းပျဉ် စသည်ကို။ အညတြ၊ တပါးသောကျောင်းသို့။ ဟရိတ္ဝာ၊ ဆောင်ယူ၍။ သံယိကပရိဘော-ဂေန၊ သံဃာ့ဥစ္စာ-ဟူသော အမှတ်ဖြင့် သုံးဆောင်ခြင်းဖြင့်။ ပရိဘုဉ္ဇန္တသ္သ၊ သုံးဆောင်သော ရဟန်းအား။ နဋ္ဌ၊ ပျောက်ပျက်သည် ရှိသော်။ သုနဋ္ဌ၊ ကောင်းစွာ ပျောက်ပျက်ခြင်း မည်၏။ ဇိဏ္ဏံ၊ ဆွေးမြေ့သည်ရှိသော်။ သုဇိဏ္ဏံ၊ ကောင်းစွာဆွေးမြေ့ခြင်း မည်၏။ သစေ အရောဂံ၊ အကယ်၍ မပျောက်မပျက်သည် ဖြစ်အံ့။ တသ္မိံ ဝိဟာရေ၊ ထိုပြိုပျက်သောကျောင်းသည်။

http://www.dhammadownload.com

ပဋိသန်တေ ပန၊ အသစ်တဖန် ပြုပြင်ပြန်သည်ရှိသော်ကား။ ပုန၊ တဖန်။ ပါကတိက၊ ရှိသည်အတိုင်း ပြန်ပေးခြင်းကို။ ကာတဗ္ဗ၊ ပြုအပ်၏။

ပုဂ္ဂလိကပရိဘောဂေန၊ ပုဂ္ဂိုလ်၏ဥစ္စာ-ဟူသောအမှတ်ဖြင့် သုံးဆောင်ခြင်းဖြင့်။ ပရိဘုဉ္ဇတော၊ သုံးဆောင်သောရဟန်းအား။ နဋ္ဌ ဝါ၊ ပျောက်ပျက်သော်လည်းကောင်း။ ဇိဏ္ဏံ ဝါ၊ ဆွေးမြေ့သော်လည်းကောင်း။ ဂီဝါ၊ အစား ပေးထိုက်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိ၊ ထိုပြုပျက်သောကျောင်းသည်။ ဝါ၊ ကို။ ပဋိသန်တေ၊ အသစ် ထပ်မံပြုပြင်သည် ရှိသော်။ ဒါတဗ္ဗမေဝ၊ အစားပေးအပ်သည်သာတည်း။ တတော၊ ထိုပြုပျက်သော သံယိက-ကျောင်းမှ။ ဂေါပါနသိအာဒီနိ၊ အခြင်, ခေါင်ဖုံး-စသည်တို့ကို။ ဂဟေတွာ၊ ယူ၍။ အညသ္မိ၊ တပါးသော။ သံယိကာဝါသေ၊ သံယိကကျောင်း၌။ သစေ ယောဇေန္တိ၊ အကယ်၍ တပ်ဆင်ကုန်သည် ဖြစ်အံ့။ သုယောဇိတာနိ၊ ကောင်းစွာတပ်ဆင်သည် မည်ကုန်၏။

ပုဂ္ဂလိကာဝါသေ၊ ပုဂ္ဂလိကကျောင်း၌။ ယောဇေန္တေဟိ ပန၊ တပ်ဆင်၍ အသုံးပြုသော လူ, ရဟန်းတို့သည်ကား။ မူလ ဝါ၊ အဖိုးကိုလည်း။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ပဋိ-ပါကတိကံ ဝါ၊ အစားပေးခြင်းကိုမူလည်း။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဆဒ္ဒိတဝိဟာရတော၊ စွန့်အပ်သော သံယိကကျောင်းမှ။ မဈ္ဈိဒ္ဓာဒီနိ၊ ညောင်စောင်း, အင်းပျဉ်-စသည်တို့ကို။ ထေယျစိတ္တေန၊ ခိုးယူလိုသော စိတ်ဖြင့်။ ဂဏှန္တော၊ ယူသောရဟန်းကို။ ဥဒ္ဓါရေယေဝ၊ ပစ္စည်းကို ခွါမသောခဏ၌ပင်လျှင်။ ဘဏ္ဍဂ္ဃေန၊ ဘဏ္ဍာဖိုးဖြင့်။ ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏။ ပုန၊ တဖန်။ အာဝါသိကကာလေ၊ သံဃာနေသောအခါ၌။ ဒဿာမိ၊ ပေးအံ့။ ဣတိ၊ ဤသို့။ ဂဟေတွာ၊ ယူ၍။ သံယိကပရိဘောဂေန၊ သံယိက အသုံးအဆောင်ဖြင့်။ ပရိဘုဉ္ဇန္တသ၊ သုံးဆောင်သောရဟန်းအား။ နဋ္ဌံ၊ ပျောက်ပျက်သည်ရှိသော်။ သုနဋ္ဌံ၊ ကောင်းစွာ ပျောက်ခြင်းမည်၏။ ဇိဏ္ဏံ၊ ဆွေးမြေ့သည်ရှိသော်။ သုဇိဏ္ဏံ၊ ကောင်းစွာ ဆွေးမြေ့သည်မည်၏။ စေ အရောဝံ၊ အကယ်၍ မပျောက်မပျက်သည် ဖြစ်အံ့။ ပါကတိကံ၊ မူလအတိုင်း ပြကတော့ကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ပုဂ္ဂလိကပရိဘောဂေန၊ ပုဂ္ဂလိကသုံးဆောင်ခြင်းဖြင့်။ ပရိဘုဉ္ဇန္တသ၊ သုံးဆောင်သောရဟန်းအား။ နဋ္ဌံ၊ ပျောက်သည်ရှိသော်။ ဂီဝါ၊ အစားပေးထိုက်သည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုသံယိကကျောင်းမှ။ ဒွါရဝါတပါနာဒီနိ၊ တံခါးမ, လေသောက်တံခါး စသည်တို့ကို။ သံယိကာဝါသေ ဝါ၊ သံယိကကျောင်း၌လည်းကောင်း။ ပုဂ္ဂလိကာဝါသေ ဝါ၊ ပုဂ္ဂလိကကျောင်း၌လည်းကောင်း။ ယောဇိတာနိ၊ တပ်ဆင်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်အံ့။ ပဋိဒါတဗ္ဗာနိယေဝ၊ အစားပေးအပ်ကုန်သည်သာတည်း။

http://www.dhammadownload.com

၁၆။ **ဝဇိရဗုဒ္ဓိဋီကာ၌လည်း–**

> ဒွါရဝါတပါနာဒီနိ အပဟာရိတ္တာ ဒါတုံ အသက္ကုဏေယျတော "ပဋိဒါတဗ္ဗာနိ-ယေဝါ"တိ ဝုတ္တံ– (ဝဇိရ။၅၂၉)

ဟု ဖွင့်တော်မူ၏။ သာရတ္ထ, ဝိမတိဋီကာတို့၌ အဖွင့် မရှိ။

ထိုပါဠိ, အဋ္ဌကထာတို့ဖြင့် ၁-ခုသောကျောင်းတိုက်၌ရှိသော သံဃာဥစ္စာ ဖြစ်သော ကျောင်း, ညောင်စောင်း, အင်းပျဉ်စသည်တို့ကို ကျောင်းတိုက်တာ မပျက်စီးဘဲ သံယိက အစောင့်အရှောက်ရှိလျက် **တပါးသော ကျောင်းတိုက်သို့ မရွှေ့, မပြောင်းအပ်။** အဖိုးနှင့် ရောင်းချ၍ **တပါးသော အရပ်ဌာန၌ အစား မဆောက်လုပ်ကောင်း။** ရွှေ့ပြောင်း ရောင်းချ၍ **အသစ်ပြုလုပ်ခြင်းငှာလည်း မဝိုင်ဟု** ပြတော်မူသည်။ အစောင့်အရှောက် ကင်း၍ ပျက်စီးယိုးယွင်းသော သံယိကကျောင်းတိုက်ဖြစ်မူ အဋ္ဌကထာပါဠိ၌တိုင်း သိလေ။

၁၇။ **စူဠဝါအဋ္ဌကထာ၌လည်း–**

> သစေ သော အာဝါသော ဇီရတိ၊ အာဝါသသာမိကဿ ဝါ တဿ ဝံသေ ဥပ္ပန္နဿ ဝါ ကဿစိ ကထေတဗ္ဗံ "အာဝါသော တေ နဿတိ၊ ဇဂ္ဂထ ဧတံ အာဝါသ"န္တိ။ သစေ သော နံ သက္ကောတိ၊ ဘိက္ခူဟိ ဉာတီ ဝါ ဥပဋ္ဌာကေ ဝါ သမာဒပေတွာ ဇဂ္ဂိတဗ္ဗော။ သစေ တေပိ နံ သက္ကောန္တိ၊ သံယိကေန ပစ္စယေန ဇဂ္ဂိတဗ္ဗော။ တသ္မိမ္ပိ အသတိ ဧကံ အာဝါသံ ဝိဿဇ္ဇေတွာ အဝသေသာ ဇဂ္ဂိတဗ္ဗာ။ ဗဟူ ဝိဿဇ္ဇေတွာ ဧကံ သဏ္ဌာပေတုမ္ပိ ဝဋ္ဋတိယေဝ။
>
> ဒုဿ္သီလေ ဘိက္ခူသု ပက္ကန္တေသု သဗ္ဗေ အာဝါသာ နဿန္တိ၊ တသ္မာ ဧကံ ဝါ ဒွေ ဝါ တယော ဝါ အာဝါသေ ဝိဿဇ္ဇေတွာ တတော ယာဂုဘတ္တာဒီဝတ္ထုနိ ပရိဘုဉ္ဇန္တေဟိ သေသာဝါသာ ဇဂ္ဂိတဗ္ဗာယေဝ– (ဝိ၊ဋ္ဌ၊၄။၈၅)

ဟု ဖွင့်ဆိုတော်မူ၏။

သော အာဝါသော၊ ထိုကျောင်းသည်။ သစေ ဇီရတိ၊ အကယ်၍ ဆွေးမြေ့သည် ဖြစ်အံ့။ အာဝါသသာမိကဿ ဝါ၊ ကျောင်းဒါယကာအားလည်းကောင်း။ တဿ၊ ထိုကျောင်း ဒါယကာ၏။ ဝံသေ၊ အမျိုးအနွယ်၌။ ဥပ္ပန္နဿ ဝါ၊ ဖြစ်သောသူအားလည်းကောင်း။ ကဿစိ၊ တစုံတယောက်သောသူအား။ ကထေတဗ္ဗံ၊ ပြောကြားအပ်၏။ တေ၊ သင်၏။ အာဝါသော၊ ကျောင်းတိုက်သည်။ နဿတိ၊ ပျက်စီး၏။ ဧတံ အာဝါသံ၊ ထိုကျောင်းကို။ ဇဂ္ဂထ၊ ပြုပြင်

http://www.dhammadownload.com

ကြကုန်လော့။ ကျွတိ ကထေတဗ္ဗံ၊ ဤသို့ ပြောကြားအပ်၏။ သော၊ ထိုသူသည်။ သစေ နသက္ကောတိ၊ အကယ်၍ မတတ်နိုင်သည်ဖြစ်အံ့။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ဉာတီ ဝါ၊ ဆွေမျိုးတို့ကိုလည်းကောင်း။ ဥပဋ္ဌာကေ ဝါ၊ အလုပ်အကျွေး ဒါယကာတို့ကိုလည်းကောင်း။ သမာဒပေတွာ၊ ကောင်းစွာ တည်ဆောက်စေ၍။ ဇဂ္ဂိတဗ္ဗော၊ ပြုပြင်အပ်၏။ တေဝိ၊ ထိုသူတို့သည်လည်း။ သစေ နသက္ကောန္တိ၊ အကယ်၍ မတတ်နိုင်ကုန်အံ့။ သံယိကေန၊ သံဃာ့ဥစ္စာဖြစ်သော။ ပစ္စယေန၊ ပစ္စည်းဖြင့်။ ဇဂ္ဂိတဗ္ဗော၊ ပြုပြင်အပ်၏။ တသ္မိမ္ပိ၊ ထိုသံယိကပစ္စည်းသည်လည်း။ အသတိ၊ မရှိသော်။ ဧကံ အာဝါသံ၊ ကျောင်း ၁-ကျောင်းကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ အဝသေသာ၊ ကြွင်းကျန်သော ကျောင်းတို့ကို။ ဇဂ္ဂိတဗ္ဗာ၊ ပြုပြင်အပ်ကုန်၏။ ဗဟူ၊ များစွာသော ကျောင်းတို့ကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ ဧကံ၊ ၁-ကျောင်းကို။ သဇ္ဈာပေတုမ္ပိ၊ တည်တံ့ခိုင်မြဲစေခြင်းငှာလည်း။ ဝဋ္ဋတိယေဝ၊ အပ်သည်သာတည်း။

ဒုတိယေ၊ ဝတ်မွတ်ခေါင်းပါး အစာရှားသောအခါ။ ဘိက္ခူသု၊ ရဟန်းတော်တို့သည်။ ပက္ကန္တေသု၊ အရပ်တပါးသို့ ဖဲသွားကုန်သည် ရှိသော်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အာဝါသာ၊ ကျောင်းတို့သည်။ နဿန္တိ၊ ပျက်စီးကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဧကံ ဝါ အာဝါသံ၊ ၁-ကျောင်းကိုလည်းကောင်း။ ဒွေ ဝါ တယော ဝါ အာဝါသေ၊ ၂-ကျောင်း, ၃-ကျောင်းတို့ကိုလည်းကောင်း။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ တတော၊ ထိုစွန့်သောကျောင်းမှ။ လဒ္ဓါနိ၊ ရအပ်ကုန်သော။ ယာဂု-ဘတ္တာဒိဝရာဒီနိ၊ ယာဂု,ဆွမ်း,သင်္ဘန်း-စသည်တို့ကို။ ပရိဘုဉ္ဇန္တေဟိ၊ သုံးဆောင်ကုန်သော ရဟန်းတို့သည်။ သေသာဝါသာ၊ ကြွင်းသောကျောင်းတို့ကို။ ဇဂ္ဂိတဗ္ဗာယေဝ၊ စောင့်ရှောက်-အပ်ကုန်သည်သာတည်း။ [ဝဇိရ, သာရတ္ထ, ဝိမတိတို့၌ အဖွင့်မရှိ။]

၁၈။ **ပါရာဇိကဏ်အဋ္ဌကထာ၌လည်း–**

> ရာဇရောဂစောရဘယာဒီဟိ အညတ္ထ ဂစ္ဆန္တာနံ ဝိဟာရာ ပလုဇ္ဇန္တိ၊ တာလနာဠိကေရာဒိကေ ဝိနာသေန္တိ၊ သေနာသနပစ္စယံ ပန နိဿာယ ယာပေတုံ သက္ကာ ဟောတိ။ ဧဝရူပေ ကာလေ သေနာသနံ ဝိဿဇ္ဇေတွာပိ သေနာ-သနဇဂ္ဂနတ္ထာယ ပရိဘောဂေါ ဘဂဝတာ အနုညာတော၊ တသ္မာ ဧကံ ဝါ ဒွေ ဝါ ဝရသေနာသနာနိ ဌပေတွာ ကျွတရာနိ လာမကကောဋိယာ ဝိဏ္ဏပါတတ္ထာယ ဝိဿဇ္ဇေတုံ ဝဋ္ဋတိ။ မူလဝတ္ထုဧွေဒံ ပန ကတွာ နဉပနေတဗ္ဗံ– (ဝိ၊၄၊၁။၃၄၀)

ဟု ဖွင့်ဆိုတော်မူ၏။

ရာဇရောဂစောရဘယာဒီဟိ၊ မင်းဘေး, အနာဘေး, ခိုသူဘေး စသည်တို့ကြောင့်။ အညတ္ထ၊ တပါးသောအရပ်သို့။ ဂစ္ဆန္တာနံ၊ သွားကုန်သောရဟန်းတို့၏။ ဝိဟာရာ၊ သံဃာပိုင်

http://www.dhammadownload.com

ကျောင်းတို့သည်။ ပလုဇ္ဈန္တိ၊ ပျက်စီးကုန်၏။ တာလနာဠိကေရာဒိကေ၊ ထန်း, ပေ, အုန်းစသည်တို့ကို၊ ဝိနာသေန္တိ၊ ဖျက်ဆီးကုန်၏။ သေနာသနပစ္စယံပန၊ ကျောင်းပစ္စည်းကိုကား။ နိဿာယ၊ မှီ၍။ ယာပေတုံ၊ မျှတခြင်းငှာ။ သက္ကာ၊ တတ်ကောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧဝန္ပပေ၊ ဤသို့သဘောရှိသော။ ကာလေ၊ အခါ၌။ သေနာသနံ၊ ကျောင်းကို။ ဝိဿဇ္ဇေတွာပိ၊ စွန့်၍လည်း။ သေနာသနဇဂ္ဂနတ္ထာယ၊ ကျောင်းကို စောင့်ရှောက်ခြင်းငှာ။ ပရိဘောဂေါ၊ သုံးဆောင်ခြင်းကို။ ဘဂဝတာ၊ ဘုရားရှင်သည်။ အနုညာတော၊ ခွင့်ပြုတော်မူအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ဧကံ ဝါ ဝရသေနာသနံ၊ မြတ်သော ကျောင်း ၁-ကျောင်းကိုလည်းကောင်း။ ဒွေ ဝါ ဝရသေနာသနာနိ၊ မြတ်သောကျောင်း ၂-ကျောင်းတို့ကိုလည်းကောင်း။ ဌပေတွာ၊ ချန်ထား၍။ ဣတရာနိ၊ ဤမှ တပါးကုန်သော ကျောင်းတို့ကို။ လာမကကောဋိယာ၊ ယုတ်သောကျောင်းကို အစပြု၍။ ပိဏ္ဍာပါတတ္ထာယ၊ ဆွမ်းအကျိုးငှာ။ ဝိဿဇ္ဇေတုံ၊ စွန့်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ပန၊ ထိုသို့ပင်အပ်သော်လည်း။ မူလဝတ္ထုစ္ဆေဒံ၊ အရင်းဝတ္ထုပြတ်ခြင်းကို။ ကတ္တာ၊ ပြု၍။ န ဥပနေတဗ္ဗံ၊ မဆောင်ယူအပ်။ ဝါ၊ မရောင်းစားအပ်။

၁၉။ **သာရတ္ထဒီပနီဋီကာ၌လည်း–**

> လာမကကောဋိယာတိ လာမကံ အာဒိံ ကတွာ၊ လာမကသေနာသနတော ပဋ္ဌာယာတိ ဝုတ္တံ ဟောတိ။ သေနာသနေပိ တိဏာဒီနိ လာမကကောဋိယာဝ ဝိဿဇ္ဇေတဗ္ဗာနိ၊ သေနာသနပရိက္ခာရာပိ လာမကကောဋိယာဝ ဝိဿဇ္ဇေတဗ္ဗာ။ **မူလဝတ္ထုစ္ဆေဒံ ပန ကတွာ န ဥပနေတဗ္ဗန္တိ ဣမိနာ ကိံ ဝုတ္တံ ဟောတီတိ?** တီသုပိ ဂဏ္ဌိပဒေသု တာဝ ဣဒံ ဝုတ္တံ "သဗ္ဗာနိ သေနာသနာနိ န ဝိဿဇ္ဇေ-တဗ္ဗာနီတိ ဝုတ္တံ ဟောတိ"တိ။ လာမကကောဋိယာ ဝိဿဇ္ဇေန္တေဟိပိ သေနာ-သနဘူမိယော န ဝိဿဇ္ဇေတဗ္ဗာတိ အယမတ္ထော ဝုတ္တော ဟောတီတိ နော ခန္တိ၊ ဝိမံသိတွာ ယံ ရုစ္စတိ၊ တံ ဂဟေတဗ္ဗံ– (သာရတ္ထ၊ ၂။၁၆၆)

ဟု ဖွင့်တော်မူသည်။

လာမကကောဋိယာတိ၊ ဟူသည်ကား။ လာမကံ၊ ယုတ်နိမ့်သောကျောင်းကို။ အာဒိံ ကတွာ၊ အစပြု၍။ လာမကသေနာသနတော၊ ယုတ်သောကျောင်းမှ။ ပဋ္ဌာယ၊ စ၍။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ သေနာသနေပိ၊ ကျောင်း၌လည်း။ တိဏာဒီနိ၊ မြက်,သက်ကယ်-စသည်တို့ကို။ လာမကကောဋိယာဝ၊ အယုတ်ကို အစပြု၍ သာလျှင်။ ဝိဿဇ္ဇေတဗ္ဗာနိ၊ စွန့်အပ်ကုန်၏။

http://www.dhammadownload.com

သေနာသနပရိက္ခာရာပိ၊ ကျောင်းပရိက္ခရာတို့ကိုလည်း။ လာမကကောဋ္ဌိယာဝ၊ အယုတ်မှ အစပြုသဖြင့်သာလျှင်။ ဝိဿဇ္ဇေတဗ္ဗာ၊ စွန့်အပ်ကုန်၏။ မူလဝတ္ထုစ္ဆေဒံ ပန ကတ္တာ နဉ္စနေတဗ္ဗန္တိ ဣမိနာ၊ ဟူသောဤပါဠိဖြင့်။ ကိ ကော အဓိပ္ပါယော၊ အဘယ်အဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်သနည်း။ တီသုပိ ဂဏ္ဌိပဒေသု၊ ၃-စောင်သော ဂဏ္ဌိပုဒ်တို့၌လည်း။ တာဝ၊ ရှေးဦးစွာ။ သဗ္ဗာနိ သေနာသနာနိ၊ အလုံးစုံသောကျောင်းတို့ကို။ နဝိဿဇ္ဇေတဗ္ဗာနိ၊ မစွန့်အပ်ကုန်။ ဣတိ၊ သို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ သို့။ ဣဒံ၊ ကို။ ဝုတ္တံ၊ ၏။ လာမကကောဋ္ဌိယာ၊ အယုတ်ကို အစပြု၍။ ဝိဿဇ္ဇေန္တေဟိပိ၊ စွန့်သော ရဟန်းတို့သည်လည်း။ သေနာသနဘူမိယော၊ ကျောင်းရာမြေတို့ကို။ နဝိဿဇ္ဇေတဗ္ဗာ၊ မစွန့်အပ်ကုန်။ ဣတိ အယံ အတ္ထော၊ ဤအနက်ကို။ ဝုတ္တော ဟောတိ၊ ၏။ ဣတိ အယံ၊ ကား။ နော၊ ငြိကာဆရာ ငါတို့၏။ ခန္တိ၊ နှစ်သက်ခြင်းတည်း။ ဝီမံသိတွာ၊ ဉာဏ်ဖြင့် ဆင်ခြင်၍။ ယံ၊ အကြင်စကားကို။ ရုစ္စတိ၊ နှစ်သက်၏။ တံ၊ ကို။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

၂၀။ ဝိမတိဝိနောဒနီဋီကာ၌လည်း–

> သေနာသနသခ်ီတဝတ္ထုနော မူလစ္ဆေဒံ ကတ္တာ သဗ္ဗာနိ သေနာသနာနိ နဝိဿဇ္ဇေတဗ္ဗာနီတိ အတ္ထော။ ကေစိ ပနေတ္ထ "ဧကံ ဝါ ဒွေ ဝါ ဝရသေနာသနာနိ ဌပေတွာ လာမကတော ပဋ္ဌာယ ဝိဿဇ္ဇေန္တေဟိပိ သေနာသနဘူမိယော နဝိဿဇ္ဇေတဗ္ဗာတိ အယမတ္ထော ဝုတ္တော"တိ ဝဒန္တိ၊ တမ္မိ ယုတ္တမေဝ–

ဟု (ဝိမတိ၊၁။ ၂၀၄)ဆိုတော်မူ၏။

ထိုသို့လာသော အဋ္ဌကထာ, ဋီကာတို့ဖြင့် မိုးခေါင်၍ ရှားပါးသောအခါ မင်းဘေး, ခိုးသူဘေး, အနာရောဂါဘေး-စသည်တို့ကြောင့် ရဟန်းသံဃာတို့ ပြောင်းရွှေ့ နေထိုင်ကြသောအခါတို့၌ ထိုလက်ရှိ သံယိကကျောင်းတိုက်တာတို့၌သာ နေ၍ မွန်မြတ်သော ကျောင်းကို မပျက်စေခြင်းငှာ ယုတ်ညံ့သောကျောင်းကို ရောင်းချစားသောက်၍ စောင့်ရှောက်အပ်သည်။ ကျောင်းရာမြေကိုကား အဘယ်အခါမှ မရောင်းမချအပ်-ဟု ပြတော်မူသည်။

ဤသို့လာသော ပါဠိ, အဋ္ဌကထာ, ဋီကာ အရပ်ရပ်တို့ကို ထောက်၍ လျှောက်ထားလွှာစာပါအရ အက်တောကျောင်း ၃-ဆောင်၌ အထက်ပိုင်း သံယိကပစ္စည်းကို တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် မပိုင်၊ သံဃာသာ ပိုင်သည်။ သံဃာပိုင်သော သံယိကကျောင်းကို တစ်စုံတစ်ယောက်သောသူက ရောင်းချ၍ ဝယ်ယူသော်လည်း သံယိကကျောင်းအဖြစ်မှ မလွတ်၊ သံဃာ့ဥစ္စာသာ မည်သည်။ ထိုသံဃာ့ဥစ္စာဖြစ်သော ကျောင်းကို ရောင်း၍ ရသော အဖိုးကိုမူကား သံဃာ့ဥစ္စာ၊ သံဃာသာပိုင်သည်ဟု မဆိုသာချေ။

http://www.dhammadownload.com

၂၁။ စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဘိက္ခုနံ ဒိန္နံ ဝိဟာရံ ဝါ ပရိဝေဏံ ဝါ အာဝါသံ ဝါ မဟန္တမ္မိ ခုဒ္ဒကမ္မိ အဘိယုဉ္ဇတော အဘိယောဂေါ နာမ ဟောတိ၊ အစ္ဆိန္နိတ္ထာ ဂဏ္ဌိတုမ္မိ နာ သက္ကောတိ။ ကသ္မာ? သဗ္ဗေသံ ဓုရနိက္ခေပါဘာဝတော— (ဝိ၊၅၊၁။၂၉၆)

ဟု ဆိုသော အဋ္ဌကထာပါဠိကို အထူးနှလုံးသွင်း၍ မှတ်ရမည်။

ထိုအဋ္ဌကထာ၌ "အဘိယုဉ္ဇတော အဘိယောဂေါ နာမ ဟောတိ"ဟု ဆိုသောကြောင့် တရားတွေ့သောအရာ၌သာ မှတ်ရမည်။ လက်ရောက်ယူနိုင်သောပစ္စည်းကို ခိုးယူရာ၌ ပါရာဇိက ကျ, မကျကိုကား "ဌာနာစာဝန"ဖြင့် ဆုံးဖြတ်ရမည်။

၂၂။ ထို့ကြောင့် **စူဠဝါ သေနာသနက္ခန္ဓကအဖွင့် အဋ္ဌကထာ၌—**

ဆဋ္ဌိတဝိဟာရတော မဗ္ဗပိဌာဒိနိ ထေယျစိတ္တေန ဂဏှန္တော ဥဒ္ဓါရေယေဝ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော–(ဝိ၊၅၊၈၆)ဟု သံယိကပစ္စည်းအရာ၌ လာသည်။

ဤသည်ကား မြေတူးမြို့၊ အက်တောကျောင်း ရှင်ဝိစာရ လျှောက်ထားတောင်းပန်၍ ညောင်ပင်မြို့၊ ထိမ်တောကျောင်း၌ သီတင်းသုံးနေသော မထေရ်မြတ် ဆုံးဖြတ်အပ်သော သံယိကဝိဟာရဝိနိစ္ဆယတည်း။

✪ ✪ ✪ ✪ ✪

[၂၄၄] သစိတ္တက အစိတ္တက ဝိနိစ္ဆယ

(၁) ၁။ **ဝိတိက္ကမနစိတ္တေန၊ သစိတ္တကမစိတ္တကံ။**
ပညတ္တိဇာနနေနာပိ၊ ဝဒန္တာ'စရိယာ တထာ။

ဝိတိက္ကမနစိတ္တေန၊ လွန်ကျူးလိုသောစိတ်ဖြင့်။ သစိတ္တကံ၊ သစိတ္တက အာပတ်မည်၏။ ဣတရေန၊ မလွန်ကျူးလိုသောစိတ်ဖြင့်။ အစိတ္တကံ၊ အစိတ္တက အာပတ်မည်၏။ ပညတ္တိ၊ ဝိနည်းပညတ်ကို။ ဇာနနေနာပိ၊ သိသောစိတ်ဖြင့်လည်း။ တထာ၊ ထို့အတူ။ သစိတ္တကံ၊ သစိတ္တက အာပတ်မည်၏။ ဣတရေန၊ မသိသောစိတ်ဖြင့်။ အစိတ္တကံ၊ အစိတ္တကအာပတ်မည်၏။ ဣတိ၊ သို့။ အာစရိယာ၊ ဝိနည်းအရာ လိမ္မာမြင်သိ ပညာရှိ ဆရာမြတ်တို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

http://www.dhammadownload.com

ဤအနက်ကား-

၂။ အာစရိယာ ဝိတိက္ကမနစိတ္တေန သစိတ္တက် အစိတ္တကန္တိ ဝဒန္တိ၊ ပညတ္တိဇာနနေန စိတ္တေန တထာ သစိတ္တက် အစိတ္တကန္တိ အာစရိယာ ဝဒန္တီတိ အတ္ထော-

ဟု ဖွင့်သော မူလသိက္ခာဋီကာဟောင်း(နှာ-၄၉၆)ကို ထောက်၍ ပေးသည်။

တစ်နည်းကား- ပညတ္တိ၊ ဝိနည်းပညတ်ကို။ ဇာနနေနာပိ၊ သိခြင်း, မသိခြင်း ၂-ပါး ဖြင့်လည်း။ ဝိတိက္ကမနစိတ္တေန၊ လွန်ကျူးလိုသောစိတ်ကြောင့်။ သစိတ္တက်၊ သစိတ္တကမည်၏။ ဣတရေန၊ မလွန်ကျူးလိုသောစိတ်ကြောင့်။ အစိတ္တက်၊ အစိတ္တကမည်၏။ ဣတိ၊ သို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

ဤအနက်ကား-

၃။ ပညတ္တိ ဇာနနေနာပိ အဇာနနေနာပိ ဝိတိက္ကမနစိတ္တေန အာပဇ္ဇိတဗ္ဗတ္တာ သစိတ္တက်၊ တထာ ပညတ္တိ ဇာနနေနာပိ အဇာနနေနာပိ ဝိတိက္ကမနစိတ္တေန အနာပဇ္ဇိတဗ္ဗတ္တာ အစိတ္တကန္တိ ဝဒန္တိ အာစရိယာ-

ဟု ဖွင့်ပြသော မူလသိက္ခာဋီကာသစ်ကို ထောက်၍ ပေးသည်။

ဤမူလသိက္ခာဂါထာ၌ ဋီကာဟောင်းဆရာ၏ အလိုအားဖြင့် **ဝတ္ထုကို လွန်ကျူးလိုသောစိတ်ဖြင့် သင့်သောအာပတ်သည် သစိတ္တက၊ ဝတ္ထုကို မလွန်ကျူးလိုသော စိတ်ဖြင့် သင့်သောအာပတ်သည် အစိတ္တက၊** ဝိနည်းသိက္ခာပုဒ်ကို သိလျက် သင့်သော အာပတ်သည် သစိတ္တက၊ မသိမူ၍ သင့်သောအာပတ်သည် **အစိတ္တက** မည်၏ဟု ယူရမည်။

ဋီကာသစ်ဆရာ၏ အလိုအားဖြင့် ဝိနည်းသိက္ခာပုဒ်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ **လွန်ကျူးလိုသောစိတ်ဖြင့် သင့်သောအာပတ်သည် သစိတ္တက၊ လွန်ကျူးလိုသော စိတ်ကင်း၍ သင့်သောအာပတ်သည် အစိတ္တက မည်၏**ဟု ယူရမည်။

၄။ ထို ၂-ပါးတွင် ဋီကာသစ်ဆရာ၏ ဝါဒသည်-

သစိတ္တကပက္ခေတိ ဝတ္ထုဝိတိက္ကမဝိဇာနနစိတ္တေန သစိတ္တကပက္ခေတိ ဂဟေတဗ္ဗံ၊ န ပဏ္ဏတ္တိဝိဇာနနစိတ္တေန- (ဝိမတိ၊၁။၁၀၈)

ဟု ဆိုသော ဝိမတိဝိနောဒနီဋီကာ၊

၅။ ဝတ္ထုဝိဇာနနစိတ္တေန သစိတ္တကပက္ခေ စိတ္တံ အကုသလမေဝ ဟောတိ၊ အယံ လောကဝဇ္ဇာ- (ကင်္ခါ၊ဋီ-သစ်၊၁၈၉)

ဟု ဖွင့်သော မာတိကာဋီကာသစ်တို့နှင့် ညီသည်။

http://www.dhammadownload.com

၆။ ယာ သစိတ္တကသမုဋ္ဌာနဝဿနေဝ သမုဋ္ဌာတိ၊ အယံ သစိတ္တကာ။ ယာ အစိတ္တကေန ဝါ သစိတ္တကမိဿကေန ဝါ သမုဋ္ဌာတိ၊ အယံ အစိတ္တကာ။

(ကခ်ီပါဠိ။၁၁၂)။

ယာ၊ အကြင် အာပတ်သည်။ သစိတ္တကသမုဋ္ဌာနဝဿနေဝ၊ သစိတ္တကသမုဋ္ဌာန်၏ အစွမ်းဖြင့်သာလျှင်။ သမုဋ္ဌာတိ၊ ဖြစ်၏။ အယံ၊ ဤအာပတ်သည်။ သစိတ္တကာ၊ မည်၏။ ယာ၊ အကြင်အာပတ်သည်။ အစိတ္တကေန ဝါ၊ အစိတ္တကသမုဋ္ဌာန်ကြောင့်လည်းကောင်း။ သစိတ္တကမိဿကေန၊ သစိတ္တကသမုဋ္ဌာန်နှင့် ရောသော။ သမုဋ္ဌာနေန ဝါ၊ သမုဋ္ဌာန်ကြောင့်လည်းကောင်း။ သမုဋ္ဌာတိ၊ ဖြစ်၏။ အယံ၊ ဤအာပတ်သည်။ အစိတ္တကာ၊ မည်၏။

၇။ ယာ အစိတ္တကေန ဝါ သစိတ္တကမိဿကေန ဝါ သမုဋ္ဌာတိတိ ယာ အာပတ္တိ ကဒါစိ အစိတ္တကေန ဝါ ကဒါစိ သစိတ္တကမိဿကေန ဝါ သမုဋ္ဌာနေန သမုဋ္ဌာတိ-

ဟု **ကခ်ီဋီကာသစ်** (နှာ-၁၈၈)ဖွင့်၏။

သမုဋ္ဌာန် ၆-ပါးကိုလည်း–

- ကာယသမုဋ္ဌာန်၊ - ကာယစိတ္တသမုဋ္ဌာန်၊
- ဝါစာသမုဋ္ဌာန်၊ - ဝါစာစိတ္တသမုဋ္ဌာန်၊
- ကာယဝါစာသမုဋ္ဌာန်၊ - ကာယဝါစာစိတ္တသမုဋ္ဌာန်–

ဟု မှတ်သား၍ ရှေ့ ၃-ပါးသည် အစိတ္တက၊ နောက် ၃-ပါးသည် သစိတ္တကဟု မှတ်ယူရမည်။

၈။ **တတ္ထ ပုရိမာနိ တီဏိ အစိတ္တကာနိ၊ ပစ္ဆိမာနိ သစိတ္တကာနိ** (ကခ်ီ။၁၁၀)။

အမှာ။ ။သမုဋ္ဌာန်အရ အကျယ်ကို ကခ်ီပါဠိ၊ ပဌမပါရာဇိကအဖွင့်၊ ပထမပါရာဇိကပါဠိတို့မှာ ရှုလေ။

၉။ **တတ္ထ စ သစိတ္တကာစိတ္တကာနံ ကော ဝိသေသောတိ စေ၊ သစိတ္တကံ လောကဝဇ္ဇံ၊ အစိတ္တကံ ပဏ္ဏတ္တိဝဇ္ဇန္တိ၊ အယမေတေသံ ဝိသေသော**။

(မူလသိက္ခာ ဋီကာသစ်။)

စ၊ ဆက်၍ဆိုဦးအံ့။ **တတ္ထ**၊ ဤဂါထာ၌။ သစိတ္တကာစိတ္တကာနံ၊ သစိတ္တက, အစိတ္တကအာပတ်တို့၏။ ဝိသေသော၊ အထူးသည်။ **ကော**၊ အဘယ်နည်း။ **ဣတိ**၊ ဤသို့။ **ကောစိ**၊ တစုံတယောက်သောသူသည်။ **စေ** ဝဒေယျ၊ အကယ်၍ ဆိုငြားအံ့။ **သစိတ္တကံ**၊ သစိတ္တကအာပတ်သည်။ **လောကဝဇ္ဇံ**၊ လောကပြစ်ရှိ၏။ **အစိတ္တကံ**၊ အစိတ္တကအာပတ်

http://www.dhammadownload.com

သည်။ ပဏ္ဏတ္တိဝဇ္ဇံ၊ လောကပြစ် မရှိ၊ ပညတ်တော်ကြောင့်သာ အာပတ်သင့်၏။ အယံ၊ ဤသည်ကား။ ဝိသေသော၊ အထူးတည်း။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇိတမ္ပေါ၊ ဖြေဆိုအပ်၏။

၁၀။ ယဿာ သစိတ္တကပက္ခေ စိတ္တံ အကုသလမေဝ ဟောတိ၊ အယံ လောကဝဇ္ဇာ၊ သေသာ ပဏ္ဏတ္တိဝဇ္ဇာ (ကင်္ခါပါဠိ။၁၁၂)။

ယဿာ၊ အကြင်သုရာပါနသိက္ခာပုဒ် အစရှိသော အစိတ္တကအာပတ်အား။ သစိတ္တကပက္ခေ၊ ဝတ္ထုကိုသိခြင်းရှိသော စိတ်အစုဥ်။ စိတ္တံ၊ စိတ်သည်။ အကုသလမေဝ၊ အကုသိုလ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤအာပတ်သည်။ လောကဝဇ္ဇာ၊ လောကဝဇ္ဇ မည်၏။ သေသာ၊ အကြွင်းသည်။ ပဏ္ဏတ္တိဝဇ္ဇာ၊ ပဏ္ဏတ္တိဝဇ္ဇ မည်၏။

ဤအနက်ကား–

၁၁။ **ယဿာ သစိတ္တကပက္ခေ စိတ္တံ အကုသလမေဝ ဟောတီတိ** ယဿာ သစိတ္တကာယ အာပတ္တိယာ စိတ္တံ အကုသလမေဝ ဟောတိ၊ ယဿာ စ သစိတ္တကာစိတ္တကသခီတာယ သုရာပါနာဒိအစိတ္တကာယ အာပတ္တိယာ ဝတ္ထုဝိဇာနနစိတ္တေန သစိတ္တကပက္ခေ စိတ္တံ အကုသလမေဝ ဟောတိ၊ အယံ လောကဝဇ္ဇာ-

ဟု ဖွင့်သော ဋီကာသစ်(ကင်္ခါ။ဋီ-သစ်။၁၈၉)ကို ထောက်၍ ပေးသည်။

၁၂။ ဝိမတိဋီကာ၌လည်း–

သစိတ္တကပက္ခေ စိတ္တံ အကုသလမေဝါတိ ဝုတ္တေ ပန သစိတ္တကသိက္ခာပဒါနံ စိတ္တံ အကုသလမေဝ၊ ဣတရေသံ သစိတ္တကပက္ခေယေဝ အကုသလနိယမော၊ န အစိတ္တကပက္ခေ။ တတ္ထ ပန ယထာသမ္ဘဝံ ကုသလံ ဝါ သိယာ၊ အကုသလံ ဝါ အဗျာကတံ ဝါတိ အယမတ္ထော သာမတ္ထိယတော သိဒ္ဓတိတိ ဝေဒိတဗ္ဗံ။ သစိတ္တကပက္ခေတိ ဝတ္ထုဝိတိက္ကမဝိဇာနနစိတ္တေန သစိတ္တကပက္ခေတိ ဂဟေတဗ္ဗံ၊ န ပဏ္ဏတ္တိဝိဇာနနစိတ္တေန– (ဝိမတိ။၁။၁၀၈)

ဟု ဖွင့်ဆိုတော်မူ၏။

သစိတ္တကပက္ခေ စိတ္တံ အကုသလမေဝါတိ၊ ဟူ၍။ ဝုတ္တေ ပန၊ သော်။ သစိတ္တကသိက္ခာပဒါနံ၊ တို့အား။ စိတ္တံ၊ သည်။ အကုသလမေဝ၊ သာလျှင်။ ဟောတိ၊ ၏။ ဣတရေသံ၊ အစိတ္တကသိက္ခာပုဒ်တို့အား။ သစိတ္တကပက္ခေယေဝ၊ သာလျှင်။ အကုသလနိယမော၊ အကုသိုလ် မြဲသည်။ ဟောတိ၊ ၏။ အစိတ္တကပက္ခေ၊ ၌။ နိယမော၊ အကုသိုလ် မြဲသည်။ န ဟောတိ၊ မဖြစ်။ တတ္ထ ပန၊ ထိုအစိတ္တက အဖို့၌ကား။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်

http://www.dhammadownload.com

အားလျော်စွာ။ ကုသလဲ ဝါ၊ ကုသိုလ်စိတ်ကြောင့်လည်း။ သိယာ၊ ဖြစ်ရာ၏။ အကုသလဲ ဝါ၊ အကုသိုလ်စိတ်ကြောင့်လည်း။ သိယာ၊ ဖြစ်ရာ၏။ အဗျာကတံ ဝါ၊ အဗျာကတစိတ် ကြောင့်လည်း။ သိယာ၊ ဖြစ်ရာ၏။ ဣတိ အယံ အတ္ထော၊ ဤသို့သော အနက်သည်။ သာမတ္ထိယတော၊ သစိတ္တကပက္ခသဒ္ဒါ၏ အစွမ်းအားဖြင့်။ သိဒ္ဓေတိ၊ ပြီး၏။ ဣတိ ဝေဒိတဗ္ဗံ၊ ဤသို့ သိအပ်၏။

အဓိပ္ပါယ်ကား– သစိတ္တကသိက္ခာပုဒ်တို့မှာ လွန်ကျူးလိုသောစိတ်ရှိမှု အကုသိုလ်စိတ်ဖြင့်သာ အာပတ်သင့်သည်။ အစိတ္တကသိက္ခာပုဒ်တို့မှာ လွန်ကျူးလိုသောစိတ်ရှိမှု အကုသိုလ်စိတ်ဖြင့် အာပတ်သင့်သည်။ လွန်ကျူးလိုသောစိတ်မရှိမှု ကုသိုလ်, အကုသိုလ်, အဗျာကတစိတ်တို့ဖြင့် သင့်သည်။

"ယဿာ သစိတ္တကပက္ခေ စိတ္တံ အကုသလမေဝ" ဟူသော အဋ္ဌကထာပါဠိ ဝါကျ၌ "သစိတ္တကပက္ခေ"ဟူသော ဝိသေသနအရမှာ ဝတ္ထုကို လွန်ကျူးခြင်း၌ လွန်ကျူးသည်ကို သိသောစိတ်ကိုသာ ယူရမည်ဟူလို။

၁၃။ တတြာယံ သခေ်ပတော သမုဋ္ဌာနဝိနိစ္ဆယော–ဂိရဂ္ဂသမဇ္ဇံ စိတ္တာဂါရံ သိက္ခာပဒံ သယံဂဏိ ဂ္ဂတ္ထာလက်ာရော ဂန္ဓဝဏ္ဏကော ဝါသိတကပိညာကော ဘိက္ခုနီ-အာဒီဟိ ဥမ္မဒ္ဒနပရိမဒ္ဒနာနီတိ ဂ္ဂမာနိ ဒသ သိက္ခာပဒါနိ အစိတ္တကာနိ လောက-ဝဇ္ဇာနိ။ အယံ ပနေတ္ထ အဓိပ္ပါယော၊ ဝိနာပိ စိတ္တေန အာပဇ္ဇိတဗ္ဗတ္တာ အစိတ္တကာနိ၊ စိတ္တေ ပန သတိ အကုသလေနေဝ အာပဇ္ဇိတဗ္ဗတ္တာ လောကဝဇ္ဇာနိ။ အဝသေသာနိ အစိတ္တကာနိ ပဏ္ဏတ္တိဝဇ္ဇာနေဝ။ စောရိဝုဋ္ဌာပနံ ဂါမန္တရံ အာရာမသိက္ခာပဒံ ဂဒ္ဒိနိဝဂ္ဂေ အာဒိတော ပဋ္ဌာယ သတ္တ, ကုမာရိဘူတဝဂ္ဂေ အာဒိတော ပဋ္ဌာယ ပဉ္စ, ပုရိသသံသဋ္ဌ ပါရိဝါသိယဆန္နဒါနံ အနုဝဿဝုဋ္ဌာပနံ ဧကန္တရိကဝုဋ္ဌာပနန္တိ ဂ္ဂမာနိ ဧကူနတိသတိ သိက္ခာပဒါနိ သစိတ္တကာနိ ပဏ္ဏတ္တိဝဇ္ဇာနိ၊ အဝသေသာနိ သစိတ္တကာနိ လောကဝဇ္ဇာနေဝါတိ– (ဝိ၊ဋ္ဌ၊၃။ ၂၂၉-၂၃၀)

ဟု ဘိက္ခုနီဝိဘင်းအဋ္ဌကထာ၌ လာသည်။ .

တတြ၊ ထိုစကား၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ သခေ်ပတော၊ အကျဉ်းအားဖြင့်။ သမုဋ္ဌာနဝိနိစ္ဆယော၊ သမုဋ္ဌာန် အဆုံးအဖြတ်တည်း။ ဂိရဂ္ဂသမဇ္ဇံ၊ ဂိရဂ္ဂသမဇ္ဇသိက္ခာပုဒ်လည်းကောင်း။ သယံဂဏိ၊ သယံဂဏိသိက္ခာပုဒ်လည်းကောင်း။ ဂ္ဂတ္ထာလက်ာရော၊ လည်းကောင်း။ ဂန္ဓဝဏ္ဏကော၊ လည်းကောင်း။ ဝါသိတကပိညာကော၊ လည်းကောင်း။ ဘိက္ခုနီအာဒီဟိ၊ ဘိက္ခုနီမ စသည်တို့သည်။ ဥမ္မဒ္ဒနပရိမဒ္ဒနာနိ၊ တို့လည်းကောင်း။ ဂ္ဂမာနိ

http://www.dhammadownload.com

ဒသ သိက္ခာပဒါနိ၊ ဤ ၁၀-ပါးသော သိက္ခာပုဒ်တို့သည်။ အစိတ္တကာနိ၊ **အစိတ္တက** မည်ကုန်၏။ လောကဝဇ္ဇာနိ၊ လောကဝဇ္ဇ မည်ကုန်၏။ အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤအရာ၌။ အဓိပ္ပါယော၊ အလိုတည်း။ စိတ္တေန၊ စိတ်နှင့်။ ဝိနာပိ၊ ကင်း၍လည်း။ အာပတ္တိတဗ္ဗတ္တာ၊ ရောက်အပ်သည်အဖြစ်ကြောင့်။ အစိတ္တကာနိ၊ အစိတ္တက မည်ကုန်၏။ စိတ္တေ၊ စိတ်သည်။ သတိ ပန၊ ရှိသော်ကား။ အကုသလေနေဝ၊ အကုသိုလ်စိတ်ဖြင့်သာလျှင်။ အာပတ္တိတဗ္ဗတ္တာ၊ ရောက်အပ်သည် အဖြစ်ကြောင့်။ လောကဝဇ္ဇာနိ၊ လောကဝဇ္ဇ မည်ကုန်၏။ သေသာနိ၊ ကြွင်းသော သိက္ခာပုဒ်တို့သည်။ အစိတ္တကာနိ၊ အစိတ္တက မည်ကုန်၏။ ပဏ္ဏတ္တိဝဇ္ဇာနေဝ၊ ပဏ္ဏတ္တိဝဇ္ဇသာလျှင် မည်ကုန်၏။

စေရီဝုဋ္ဌာပနံ၊ စေရီဝုဋ္ဌာပနသိက္ခာပုဒ်လည်းကောင်း။ ဂါမန္တရံ၊ ဂါမန္တရသိက္ခာပုဒ်လည်းကောင်း။ အာရာမသိက္ခာပဒံ၊ အာရာမသိက္ခာပုဒ်လည်းကောင်း။ ဂဋ္ဌိနိဝဂ္ဂေ၊ ၌။ အာဒိတော၊ အစမှ။ ပဋ္ဌာယ၊ စ၍။ သတ္တ၊ ၇-ခုသော သိက္ခာပုဒ်လည်းကောင်း။ ကုမာရိဘူတဝဂ္ဂေ၊ ၌။ အာဒိတော၊ မှ။ ပဋ္ဌာယ၊ စ၍။ ပဉ္စ၊ ၅-ခုသော သိက္ခာပုဒ်လည်းကောင်း။ ပုရိသသံသဋ္ဌံ၊ ပုရိသသံသဋ္ဌ သိက္ခာပုဒ်လည်းကောင်း။ ပါရိဝါသိယဆန္ဒဒါနံ၊ လည်းကောင်း။ အနုဝဿဝုဋ္ဌာပနံ၊ လည်းကောင်း။ ဧကန္တရိကဝုဋ္ဌာပနံ၊ လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိ ဧကူနဝီသတိ သိက္ခာပဒါနိ၊ ဤ ၁-ခုယုတ် ၂၀-သော (၁၉)သိက္ခာပုဒ်တို့သည်။ သစိတ္တကာနိ၊ မည်ကုန်၏။ ပဏ္ဏတ္တိဝဇ္ဇာနိ၊ မည်ကုန်၏။ အဝသေသာနိ၊ ကြွင်းသော သိက္ခာပုဒ်တို့သည်။ သစိတ္တကာနိ၊ မည်ကုန်၏။ လောကဝဇ္ဇာနေဝ၊ မည်ကုန်၏။ ဣတိ အယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အလိုတည်း။

အဓိပ္ပါယ်ကား–ဂိရဂ္ဂသမဇ္ဇ အစရှိသော အစိတ္တကသိက္ခာပုဒ် ၁၀-ခုသည် လွန်ကျူးလိုသောစိတ်နှင့် ကင်း၍ သင့်မူ **အစိတ္တကပဏ္ဏတ္တိဝဇ္ဇ** မည်၏။ လွန်ကျူးလိုသော စိတ်ဖြင့် သင့်မူ **အစိတ္တကလောကဝဇ္ဇ** မည်၏။ ကြွင်းသော အစိတ္တကသိက္ခာပုဒ်သည် ပဏ္ဏတ္တိဝဇ္ဇသာ မည်၏။ စေရီဝုဋ္ဌာပန အစရှိသော သစိတ္တကသိက္ခာပုဒ် ၁၉-ခုသည် **သစိတ္တကပဏ္ဏတ္တိဝဇ္ဇ** လည်း မည်၏။ ကြွင်းသော သစိတ္တကသိက္ခာပုဒ်သည် **သစိတ္တက လောကဝဇ္ဇသာ** မည်၏ဟူလို။

ဤသို့ အဋ္ဌကထာလာသောကြောင့် သစိတ္တကသိက္ခာပုဒ်သည်လည်း အချို့သည် သစိတ္တကလောကဝဇ္ဇသာ မည်သည်။ အချို့ကား သစိတ္တကပဏ္ဏတ္တိဝဇ္ဇလည်း မည်၏။

အစိတ္တကသိက္ခာပုဒ်တို့တွင်လည်း အချို့သည် အစိတ္တကပဏ္ဏတ္တိဝဇ္ဇသာ မည်၏။ အချို့သည် အစိတ္တကလောကဝဇ္ဇလည်း မည်၏ဟု မှတ်ယူရမည်။

http://www.dhammadownload.com

ဝိမတိဋီကာ၌ကား– သစိတ္တကသိက္ခာပုဒ်တို့တွင် သုရာပါနအစိတ္တကသိက္ခာပုဒ်သည် ဝတ္ထုကိုသိသောစိတ် ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ အကုသိုလ်စိတ်ဖြင့် သောက်အပ်သောကြောင့် လောကဝဇ္ဇသာ မည်၏ဟု လာသည်။

လောကဝဇ္ဇ မည်သော သစိတ္တက သိက္ခာပုဒ်၊ ပဏ္ဏတ္တိဝဇ္ဇ မည်သော အစိတ္တက သိက္ခာပုဒ်တို့ကို ပိုင်းခြားပြဆိုအံ့–

- ပါရာဇိက ၄-ပါးသည် သစိတ္တက မည်၏။
- သံဃာဒိသိသ် ၁၃-ပါးတို့တွင် သဉ္စရိတ္တသိက္ခာပုဒ်သည် အစိတ္တက၊ ကြွင်း ၁၂-ပါးသည် သစိတ္တက။
- နိဿဂ္ဂိယပါစိတ် ၃၀-တို့တွင် အစ္ဆိန္နစီဝရသိက္ခာပုဒ်, ပရိဏာမသိက္ခာပုဒ် ၂-ခုသည် သစိတ္တက၊ ကြွင်းသော ၂၈-ပါးသည် အစိတ္တက။
- သုဒ္ဓပါစိတ် ၉၂-ပါးတို့တွင် ပဒသောဓမ္မသိက္ခာပုဒ်၊ သဟသေယျသိက္ခာပုဒ်-၂၊ ဓမ္မဒေသနာသိက္ခာပုဒ်၊ သေနာသနသိက္ခာပုဒ်-၂၊ စီဝရသိဗ္ဗနသိက္ခာပုဒ်၊ ပဌမ-ပဝါရိတသိက္ခာပုဒ်၊ သုရာပါနသိက္ခာပုဒ်၊ သန္နိဓိသိက္ခာပုဒ်၊ ဝိကာလဘောဇန သိက္ခာပုဒ်၊ ပဏီတဘောဇနသိက္ခာပုဒ်၊ အပ္ပဋိဂ္ဂဟိတသိက္ခာပုဒ်၊ တိတ္ထိယဒါန သိက္ခာပုဒ်၊ ဇောတိဉ္စလနသိက္ခာပုဒ်၊ ကပ္ပဗိန္ဒုအနာဒိယနသိက္ခာပုဒ်၊ ဂါမပ္ပ-ဝေသနသိက္ခာပုဒ် ၁၇-ပါးသည် အစိတ္တက၊ ကြွင်း ၇၅-ပါးသည် သစိတ္တက မည်၏။
- ပကိဏ္ဏကသိက္ခာပုဒ်တို့တွင် ဥဒ္ဒိဿကတရည်ညွှန်း၍ ပြုအပ်သော အသားသည် သစိတ္တက၊ ကြွင်းသော မအပ်သော အသားသည် အစိတ္တက မည်၏။

  ဧကတ္ထရဏပါဝုရဏ သိက္ခာပုဒ်၊ ဧကမ္ဗတုဝဋ္ဋန သိက္ခာပုဒ်၊ ဧကတော-ဘဉ္ဇနသိက္ခာပုဒ်၊ နစ္စဂီတဝါဒိတ သိက္ခာပုဒ်၊ ဒဿနသဝနသိက္ခာပုဒ်၊ ဝစ္စာဒိဆဒ္ဒန သိက္ခာပုဒ်-၂၊ ဒီဃကေသာဒိဓာရဏ သိက္ခာပုဒ်၊ နခမဋ္ဌကရဏာဒိသိက္ခာပုဒ်၊ သမ္မာဓလောမဟရဏသိက္ခာပုဒ်၊ သဉ္စပိဟနအက္ကမနသိက္ခာပုဒ်၊ အကာယ-ဋန္ဓနသိက္ခာပုဒ်၊ ပတ္တဟတ္ထကဝါဠကသိက္ခာပုဒ်အားဖြင့် ၁၃-ပါးသည် အစိတ္တက၊ အကြွင်းသည် သစိတ္တက။

http://www.dhammadownload.com

၁၄။ ထို့ကြောင့် မူလသိက္ခာအဋ္ဌကထာ(နှာ-၄၅၂-၃)၌–

(၁) သဗ္ဗရိတ္တံ ဝိနာ သေသာ၊ သစိတ္တာ ဂရုက'န္တိမာ။
အစ္ဆိန္နံ ပရိဏာတံ ဟိတ္တာ၊ နိဿဂ္ဂိယမစိတ္တကံ။

(၂) ပဒသောဓမ္မံ ဒုဝေ သေယျာ၊ ဣတ္ထိယာ ဓမ္မဒေသနာ။
ဒုဝေ သေနာသနာနိပိ၊ သိဒ္ဓနံ စိဝရဿပိ။

(၃) ပဝါရိတံ သုရာပါနံ၊ ပဗ္ဗသန္နိဓိအာဒိကံ။
ဇောတိနုဇ္ဇာလနဉ္စေဝ၊ ကပ္ပဗိန္ဒုမနာဒိကံ။
ဂါမပ္ပဝေသနန္တေ'တေ၊ ပါစိတ္တိသု အစိတ္တကာ။

(၄) ပကိဏ္ဏကေသု ဥဒ္ဒိဿ-ကတံ ဟိတ္တာ' ညမံသကံ။
ဇေတ္ထရဏာ ပါဝုရဏံ၊ ဇေမဉ္စေ တုဝဋ္ဋနံ။
ဇေတော ဘဉ္ဇနဉ္စာပိ၊ နစ္စဂီတာဒိ သတ္တပိ။

(၅) အကာယဗန္ဓနဉ္စာပိ၊ ပတ္တဟတ္ထကဝါဠကံ။
အစိတ္တကမိဒံ သတ္ဘံ၊ သေသမေတ္ထ သစိတ္တကံ–

ဟု ဖွင့်ဆိုတော်မူသည်။ အနက်ကိုကား နိဿယကြည့်ရှု၍ သိလေ။

၁၅။ ပကိဏ္ဏကသိက္ခာပုဒ် ၁၃-ပါးကို ဆိုခြင်းသည်–

ပကိဏ္ဏကေသု အညမံသာဒိကံ ပတ္တဟတ္ထောကဝါဠကန္တံ တေရသဝိဓံ ဣဒံ သိက္ခာပဒံ အစိတ္တကံ၊ သေသံ သတ္ဘံ သစိတ္တကံ–

ဟု ဖွင့်သော မူလသိက္ခာဋီကာဟောင်းကို မြင်၍ ဆိုသည်။

၁၆။ ဋီကာသစ်၌ကား–

ဣဒံ ဝိသတိဝိဓံ အစိတ္တကံ၊ သေသံ သတ္ဘံ ဇေတ္ထ သစိတ္တကံ–

ဟု ဖွင့်တော်မူသည်။

ထိုဋီကာသစ်ဆရာသည် "ဝစ္စာဒိဆဋ္ဌာဒိမှိ၊ ဒီဃကေသာဒိဓာရဏေ။ နခမဋ္ဌ-ကရဏာဒိမှိ" ဟု ဆိုသော မူလသိက္ခာ ပကိဏ္ဏကဂါထာ၌ ဝစ္စာဒိ၌ အာဒိဝန်အရ ပဿာဝ, ဝိဃာသာဒ, ကစဝရကို ယူ၍ ဆဋ္ဌာဒိမှိ၌ အာဒိဝန်အရ ဆဋ္ဌာပန-ကို ယူရမည်။ ဒီဃကေသာဒိ၌ ဒီဃနခ, ဒီဃနာသိကလောမကို ယူရမည်။ နခမဋ္ဌကရဏာဒိမှိ၌ အာဒိဝန်အရ နခရဇနကို ယူရမည်။ ဝိသတိသိက္ခာပုဒ်ဟု ဆိုလိုရိပ်ရှိသည်။

http://www.dhammadownload.com

ဤမူလသိက္ခာ၌ မလာသော အနိယတသိက္ခာပုဒ် ၂-ခုသည် သစိတ္တကလောကဝဇ္ဇ မည်၏။ ပါဠိဒေသနီသိက္ခာပုဒ် ၄-ခုသည် အစိတ္တက ပဏ္ဏတ္တိဝဇ္ဇ မည်၏။ သေခိယ-သိက္ခာပုဒ် ၇၅-ခုသည် သစိတ္တကလောကဝဇ္ဇ မည်၏ဟု မှတ်လေ။

အမှာ။ ။သာဓကလိုမူ မာတိကာအဋ္ဌကထာ ထိုထိုသိက္ခာပုဒ်တို့၏ အဆုံး အဆုံးမှာ ရှုလေ။ မဲသည်ရွာ တောကျောင်းတိုက်နေ ရှင်ကေတု လျှောက်ထား၍ ထိမ်တောကျောင်း ဆရာတော်ဘုရားကြီး ဖြေဆိုအပ်သော သစိတ္တက အစိတ္တက ဝိနိစ္ဆယအပြီး တည်း။

✪ ✪ ✪ ✪ ✪

ဦးသောဘိတ လျှောက်ထားလွှာ

အင်းလယ်ကြီးရွာကျောင်းနေ တပည့်သောဘိတ လျှောက်ထားဝံ့ပါသည် အရှင်သူမြတ်ဘုရား။ သိသာတော်မူရန် အကြောင်းမှာ—အင်းပတ်ကျောင်းဘုန်းကြီး ဦးအရိန္ဒမက-

(၁) 'သပိတ်မှောက်ထိုက်သော ကံသည် အဘယ်မျှ ရှိပါသနည်း'ဟု သိလိုပါသည်။

(၂) သပိတ်မှောက်သည်ရှိသော် သံဃာအများညီညွတ်မှ မှောက်သင့်သည်ဟု အချို့က ပြောဆိုကြပါသည်။ ၎င်းတို့ ပြောဆိုသောစကား အမှန်ဟုတ်, မဟုတ် သိလိုပါသည်။

(၃) တပါးသောပုဂ္ဂိုလ်တို့က သပိတ်မလှန်ခင် သပိတ်မှောက်ခံရသော ဒါယကာ၏ ဆွမ်းစသော လှူဖွယ်ဝတ္ထုတို့ကို အခြားသောပုဂ္ဂိုလ်တို့က အလှူခံသင့်, မခံသင့်။

(၄) တစ်ဦးသော ဒါယကာက တပါးသောပုဂ္ဂိုလ်ကို မတော်မလျော် စွပ်စွဲဆဲရေး သောကြောင့် ထိုပုဂ္ဂိုလ်က သပိတ်မှောက်မည်ဟု ကြံစည်ပြုလုပ်၍နေစဉ် ထိုစွပ်စွဲ ဆဲရေးသော ဒါယကာသည် လာ၍ တောင်းပန်သည်ရှိသော် သပိတ်မှောက်သင့်, မမှောက်သင့်၊

၎င်းအချက် ၄-ပါးတို့ကို ပိုင်းပိုင်း ခြားခြား မှတ်သားလောက်အောင် ဖြေဆိုတော်မူပါမည့်အကြောင်း လျှောက်ထားအပ်ပါသည် ဆရာတော်အရှင်မြတ်ဘုရား။

http://www.dhammadownload.com

ပတ္ထနိက္ကုဇ္ဇန ဝိနိစ္ဆယ စာတမ်း

[၂၄၅]

အမှတ် (၁) ပုစ္ဆာအဖြေ

ပဌမအချက်မှာ–

၁။ အဌဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတာသေ ဥပါသကာသေ ပတ္ထော နိက္ကုဇ္ဇိတဗ္ဗော။ ဘိက္ခုနံ အလာဘာယ ပရိသက္ကတိ၊ ဘိက္ခုနံ အနတ္ထာယ ပရိသက္ကတိ၊ ဘိက္ခုနံ အဝါသာယ ပရိသက္ကတိ၊ ဘိက္ခု အက္ကောသတိ ပရိဘာသတိ၊ ဘိက္ခု ဘိက္ခူဟိ ဘေဒေတိ၊ ဗုဒ္ဓသေ အဝဏ္ဏံ ဘာသတိ၊ ဓမ္မသေ အဝဏ္ဏံ ဘာသတိ၊ သံဃသေ အဝဏ္ဏံ ဘာသတိ။ အနုဇာနာမိ ဘိက္ခဝေ ဣမေဟိ အဌဟင်္ဂေဟိ သမန္နာဂတာသေ ဥပါသကာသေ ပတ္တံ နိက္ကုဇ္ဇိတုံ–(ဝိ၊၄။၂၆၃)

ဟူ၍ **စူဠဝါဟိဋ္ဌတော်၌** ဟောတော်မူအပ်သည်။

အဂီ၊ ၈-ပါးနှင့်ပြည့်စုံသော ဒါယကာအား သပိတ်မှောက်ထိုက်သည်။ အဂီ၊ ၈-ပါး ဟူသော်ကား–

(၁) ရဟန်းတို့အား ပစ္စည်း ၄-ပါး လာဘ်လာဘ မရစေခြင်းငှာ ကိုယ်, နှုတ်တို့ဖြင့် လုံ့လပြုခြင်း၊

(၂) ရဟန်းတို့အား အကျိုးမဲ့ ပျက်စီးစေခြင်းငှာ ကိုယ်, နှုတ်တို့ဖြင့် အားထုတ်ခြင်း၊

(၃) ရဟန်းတို့အား နေရာကျောင်းကန်မှ ထွက်သွားစေခြင်းငှာ လုံ့လပြုခြင်း၊

(၄) ဆဲရေးခြင်း (အက္ကောသဝတ္ထု ၁၀-ပါးတို့တွင် ၁-ပါးပါးဖြင့် ဆဲရေးခြင်း), ရေရွတ်ခြင်း၊

(၅) ရဟန်းအချင်းချင်း ၁-ပါးနှင့် ၁-ပါး ကွဲပြားအောင် ကုန်းတိုက်ခြင်း၊

(၆) မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ဆိုခြင်း၊

(၇) တရား၏ ကျေးဇူးမဲ့ကို ဆိုခြင်း၊

(၈) သံဃာ၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ဆိုခြင်း–

ဤ ၈-ပါးတို့ပင်တည်း။

http://www.dhammadownload.com

ထို ၈-ပါးသော အကြောင်းအင်္ဂါတို့တွင် ၁-ပါးပါးနှင့် ပြည့်စုံသော် သပိတ်မှောက် ထိုက်သည်။

၂။ ထို့ကြောင့် **စူဠဝါအဋ္ဌကထာ၌**–

အဋ္ဌဟင်္ဂေဟိတိ ဇတ္ထု ဧကေကေနပိ အင်္ဂေန သမန္နာဂတသ အန္တောသီမာယ ဝါ နိသိမံ ဂန္ဒာ နဒီအာဒီသု ဝါ နိက္ခုဇ္ဇိတုံ ဝဋ္ဋတီယေဝ–(ဝိ၅၊၄။၅၁)

ဟု ဖွင့်တော်မူ၏။

ဤသို့ အဋ္ဌကထာပြသဖြင့် **အင်္ဂါ ၈-ပါးတို့တွင် ၁-ပါးပါးနှင့် ပြည့်စုံသော်လည်း သပိတ်မှောက်ရသောကြောင့် ထိုအင်္ဂါ ၈-ပါးကိုပင် "သပိတ်မှောက်က် ၈-ပါး ရှိသည်"** ဟု မှတ်ယူသင့်သည်။

[၂၄၆]

အမှတ် (၂) ပုစ္ဆာအဖြေ

ဒုတိယအချက်မှာ–

၁။ သမ္မုခါကရဏီယံ ကမ္မံ အသမ္မုခါ ကရောတိ၊ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ–

ဟု ပရိဝါပါဠိတော်(ဝိ၅။၃၀၀)၌ ဟောတော်မူသည်။

၂။ သမ္မုခါကရဏီယံ ကမ္မံ အသမ္မုခါ ကရောတိ၊ ဝတ္ထုဝိပန္နံ အဓမ္မကမ္မန္တိ ဇတ္ထု အတ္ထိ ကမ္မံ သမ္မုခါကရဏီယံ၊ အတ္ထိ အသမ္မုခါကရဏီယံ။ တတ္ထ အသမ္မုခါ-ကရဏီယံ နာမ ဒုတေနူပသမ္မဒါ, ပတ္တနိက္ကုဇ္ဇနံ, ပတ္တုက္ကုဇ္ဇနံ, ဥမ္မတ္တကဿ ဘိက္ခုနော ဥမ္မတ္တကသမ္မုတိ, သေက္ခာနံ ကုလာနံ သေက္ခသမ္မုတိ, ဆန္နဿ ဘိက္ခုနော ဖြဟ္ဟဒဏ္ဍော, ဒေဝဒတ္တဿ ပကာသနီယကမ္မံ, အပ္ပသာဒနီယံ ဒဿေန္တဿ ဘိက္ခုနိသံယေန ကာတဗ္ဗံ အဝန္ဒနီယကမ္မန္တိ အဋ္ဌဝိဓံ ဟောတိ။ တံ သဗ္ဗံ တတ္ထ တတ္ထ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ ဣဒံ အဋ္ဌဝိဓမ္ပိ ကမ္မံ အသမ္မုခါ ကတံ သုကတံ ဟောတိ အကုပ္ပံ။

သေသာနိ သဗ္ဗကမ္မာနိ သမ္မုခါ ဧဝ ကာတဗ္ဗာနိ၊ သံဃ သမ္မုခတာ, ဓမ္မသမ္မုခတာ, ဝိနယသမ္မုခတာ, ပုဂ္ဂလသမ္မုခတာတိ ဣမံ စတုဗ္ဗိဓံ သမ္မုခါဝိနယံ ဥပနေတွာဝ ကာတဗ္ဗာနိ။ ဧဝံ ကတာနိ ဟိ သုကတာနိ ဟောန္တိ။ ဧဝံ အကတာနိ

http://www.dhammadownload.com

ပနေတာနိ ကျမံ သမ္မုခါဝိနယသခ်ိတံ ဝတ္ထုံ ဝိနာ ကတတ္တာ ဝတ္ထုဝိပန္နာနိ နာမ ဟောန္တိ။ တေန ဝုတ္တံ "သမ္မုခါကရဏီယံ ကမ္မံ အသမ္မုခါ ကရောတိ၊ ဝတ္ထုဝိပန္နံ အဓမ္မကမ္မ"န္တိ– (ဝိ၊၄၊၄၊၂၄၄)

ဟူ၍ ပရိဝါအဋ္ဌကထာ ဖွင့်တော်မူသည်။

သံယသမ္မုခတာတိ အာဒီသု ယာဝတိကာ ဘိက္ခူ ကမ္မပ္ပတ္တာ၊ တေ အာဂတာ ဟောန္တိ၊ ဆန္ဒာရဟာနံ ဆန္ဒေါ အာဟရော ဟောတိ၊ သမ္မုခီဘူတာ နာ ပဋိက္ကောသန္တိ၊ အယံ သံယသမ္မုခတာ။ ယေန ဓမ္မေန ယေန ဝိနယေန ယေန သတ္ထုသာသနေန သံယော ကမ္မံ ကရောတိ၊ အယံ ဓမ္မသမ္မုခတာပိ ဝိနယသမ္မုခတာပိ။ တတ္ထ ဓမ္မောတိ ဘူတံ ဝတ္ထု။ ဝိနယောတိ စောဒနာ စေဝ သာရဏာ စ။ သတ္ထုသာသနံ နာမ ဥတ္တိသမ္ပဒါ စေဝ အနုဿာဝနသမ္ပဒါ စ။ ယဿ သံယော ကမ္မံ ကရောတိ၊ တဿ သမ္မုခဘာဝေါ ပုဂ္ဂလသမ္မုခတာ– (သာရတ္ထ၊၃။၄၉၂)

ဟု သာရတ္ထဒီပနီဋီကာ၌ လာ၏။

ဤသို့ ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ လာသောကြောင့် ပြုအပ်သော ကံသည်–

- မျက်ကွယ်ပြုအပ်သောကံ၊
- မျက်မှောက်ပြုအပ်သောကံ–

အားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် မျက်ကွယ်ပြုအပ်သောကံသည်–

(၁) တမန်ဖြင့် ပဋ္ဌင်းခံအပ်သောကံ၊
(၂) သပိတ်မှောက်သောကံ၊
(၃) သပိတ်လှန်သောကံ၊
(၄) ဥမ္မတ္တကသမ္မုတိပေးသောကံ၊
(၅) သေက္ခသမ္မုတိပေးသောကံ၊
(၆) ပြဟ္ဗဒဏ်ထားသောကံ၊
(၇) ပကာသနီယကံ၊
(၈) အဝန္ဒနီယကံ –

အားဖြင့် ၈-ပါးအပြား ရှိ၏။

http://www.dhammadownload.com

ထို ၈-ပါးသောကဲ့ကို မျက်ကွယ်၌သာ ပြုခြင်းသည် ကောင်းသောပြုခြင်း မည်၏။ မျက်မှောက်၌ မပြုအပ်။ ထိုကဲ့ ၈-ပါးမှ ကြွင်းသမျှကဲ့တို့ကို ဝတ္ထုမျက်မှောက်အနီး၌သာလျှင် သံဃသမ္မုခတာ, ဓမ္မသမ္မုခတာ, ဝိနယသမ္မုခတာ, ပုဂ္ဂလသမ္မုခတာဟု ဆိုအပ်သော ၄-ပါး သော သမ္မုခါဝိနည်းနှင့် ပြည့်စုံ၍ ပြုမှသာလျှင် ကောင်းသောပြုခြင်း မည်၏။ ထိုသမ္မုခါဝိနည်း ၄-ပါးနှင့် ကင်း၍ ပြုမူ ဝတ္ထုပျက်၍ အဓမ္မကံ မည်၏ဟူ၍ မှတ်ရမည်။

သမ္မုခါဝိနည်း ၄-ပါးတို့တွင် စတုဝဂ္ဂသံဃာသည် ပြုအပ်သောကံ၌ ကမ္မပတ္တ ဖြစ်သော ရဟန်း ၄-ယောက်တို့သည် လာရောက်ခြင်း၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ခြင်း၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် မတားမြစ်ခြင်း၊ ဤသို့အားဖြင့် ၃-ပါး နှင့်ပြည့်စုံခြင်းသည် သံဃသမ္မုခတာ မည်၏။

ပြုအပ်သောဝတ္ထုသည် ဟုတ်မှန်ခြင်း၊ ထိုဝတ္ထုကို စောဒနာခြင်း၊ အောက်မေ့ စေခြင်း၊ ဥ တ်ကမ္မဝါနှင့် ပြည့်စုံခြင်းသည် ဓမ္မသမ္မုခတာ မည်၏။ ဝိနယသမ္မုခတာလည်း မည်၏။

ပြုအပ်သောဝတ္ထု၏ မျက်မှောက်ဖြစ်ခြင်းသည် ပုဂ္ဂလသမ္မုခတာ မည်၏။ ဤသို့ သမ္မုခါဝိနည်း ၄-ပါးကို ပိုင်းခြား၍ မှတ်ရမည်။

ထိုမျက်ကွယ်ပြုအပ်သောကံ, မျက်မှောက်ပြုအပ်သောကံတို့၌ ပြုအပ်သော သံဃာ၏ အပိုင်းအခြားကား ဝဂ်အားဖြင့် စတုဝဂ္ဂ၊ ပဉ္စဝဂ္ဂ၊ ဒသဝဂ္ဂ၊ ဝီသတိဝဂ္ဂ သံဃာ-ဟူ၍ ၄-ပါး အပြားရှိ၏။

ထို ၄-ပါးတို့တွင် စတုဝဂ္ဂသံဃာပြုအပ်သောကံတို့၌–

(၁) ကမ္မပတ္တဖြစ်သော ရဟန်း ၄-ပါး မပြည့်စုံခြင်း၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်ခြင်း၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ခြင်း၊

(၂) ကမ္မပတ္တဖြစ်သော ရဟန်း ၄-ပါး လာရောက်ခြင်း၊ ဆန္ဒထိုက်သော ရဟန်း တို့၏ ဆန္ဒကို မဆောင်ခြင်း၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ခြင်း၊

(၃) ကမ္မပတ္တဖြစ်သော ရဟန်း ၄-ပါးတို့ လာရောက်ခြင်း၊ ဆန္ဒထိုက်သော ရဟန်းတို့၏ဆန္ဒကို ဆောင်ခြင်း၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ခြင်း–

http://www.dhammadownload.com

ဤသို့ ပရိသတ်၏ အပြစ်အားဖြင့် ကံပျက်ခြင်း ၃-ပါး ရှိ၏။ ပဋ္ဌဝဂ္ဂ၊ ဒသဝဂ္ဂ၊ ဝိသတိဝဂ္ဂကံတို့၌လည်း နည်းတူ ကံပျက်ခြင်း ၃-ပါးစီ ရှိသည်ဖြစ်၍ စတုဝဂ္ဂစသော ကံ ၄-ပါး၌ ပရိသတ်၏ အပြစ်အားဖြင့် ကံပျက် ၁၂-ပါး ရှိသည်ဟူ၍ မှတ်ရမည်။

၃။ ထို့ကြောင့် ဝိနယဝိနိစ္ဆယအဋ္ဌကထာ(နှာ-၂၈၈-၉)၌—

စတုဝဂ္ဂေန ကာတဗ္ဗေ၊ ကမ္မပ္ပတ္ထာ အနာဂတာ။
ဆန္ဒော စ န ပနာ'နီတော၊ ပဋိက္ကောသန္တိ သမ္မုခါ။

ဧဝံ တိဝဂ္ဂိကော ဒေါသော၊ ပရိသာယ ဝသာ သိယာ။
အာဂတာ ကမ္မပ္ပတ္ထာ စ၊ ဆန္ဒော စ န ပနာ' ဂတော။

သမ္မုခါ ပဋိသေဓေန္တိ၊ ဒုတိယေ စတုဝဂ္ဂိကေ။
အာဂတာ ကမ္မပ္ပတ္ထာ စ၊ ဆန္ဒောပိ စ သမာဟဋော။

ပဋိက္ကောသော၀ ဇေဋ္ဌ'တ္ထိ၊ တတိယေ စတုဝဂ္ဂိကေ။
ဧဝံ ပဉ္စာဒိဝဂ္ဂေသု၊ သံယေသု တိဝိဓေသုပိ။

စတုတ္ထိကာ သိယုံ ဒေါသာ၊ ဒသ ဒွေ ပရိသာဝသာ။
ဧဝံ ဒွါဒသဓာ ဇေဋ္ဌ၊ ကမ္မာနိ ဟိ ဝိပဇ္ဇရေ—

ဟု ဆိုတော်မူ၏။

ထိုကံပျက်ခြင်း ၁၂-ပါးတို့တွင် မျက်မှောက်ဖြစ်သောသံဃာ တားမြစ်ရာ၌ သီလရှိသော ရဟန်းသည် တစ်သိမ်တည်း၌ အခြားမရှိနေ၍ တားမြစ်မှ ကံပျက်သည်။

၄။ ထို့ကြောင့် ဝိနယဝိနိစ္ဆယအဋ္ဌကထာ(နှာ-၂၉၈)၌—

သသံဝါသေကသီမဋ္ဌ-ပကတတ္တဿ ဘိက္ခုနော။
ဝစနေန ပဋိက္ခေပေါ၊ ရူဟတာ'နန္တရဿပိ—

ဟု လာသည်။

ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်၍ ကံပျက်ခြင်း၌လည်း—

ဆန္ဒာရဟာနံ ဆန္ဒော အာဟာရာပေတဗ္ဗော။ သစေ အညာနိပိ ဂါမခေတ္တာနိ အန္တောကာတုကာမာ၊ တေသု ဂါမေသု ယေ ဘိက္ခူ ဝသန္တိ၊ တေဟိပိ အာဂန္တ္ဗံ။ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗောတိ မဟာသုမတ္ထေရော အာဟ။

http://www.dhammadownload.com

မဟာပဒုမတ္ထေရော ပန "နာနာဂါမခေတ္တာနိ နာမ ပါဒေက္ကံ ဗဒ္ဓသီမာသဒိသာနိ၊ န တတော ဆန္ဒပါရိသုဒ္ဓိ အာဂစ္ဆတိ။ အန္တောနိမိတ္တဂတေဟိ ပန ဘိက္ခူဟိ အာဂန္တ္ဗ"န္တိ ဝတွာ ပုန အာဟ "သမာနသံဝါသကသီမာသမ္ဗန္ဓနကာလေ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ။ အဝိပ္ပဝါသသီမာသမ္ဗန္ဓနကာလေ ပန အန္တောနိမိတ္တဂတေဟိ အာဂန္တ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗော"တိ –

ဟု မဟာဝါအဋ္ဌကထာ သီမာနုဇာနနကထာ(ဝိ၊ဋ္ဌ၊၃။၃၂၂-၃)၌ လာသည်။

၅။ ဝဇိရဗုဒ္ဓိဋီကာ၌–

အန္တောနိမိတ္ထဂတေဟိ ပနာတိ "ကေဿ ဥပမုံ အန္တောကတ္ဝါကာမတာယ သတိ သတ္တေသံ အာဂမနေ ပယောဇနံ နတ္ထီတိ ကတွာ 'အန္တောနိမိတ္တဂတေဟိ'တိ ဝုတ္တံ၊ တဉ္စ သာမိစိဝသေနာ"တိ ဝဒန္တိ။ အနာဂမနမ္ပိ ဝဋ္ဋတီတိ "သီမာယ အဗဒ္ဓတ္တာ ဝဂ္ဂံ နာမ နတ္ထီ"တိ လိခိတံ။ "အညသ္မိံ ဂါမခေတ္တေ ဌတွာ နိမိတ္တကိတ္တနကာလေ, သမာနသံဝါသကသီမာယ သမ္ဗန္ဓနကာလေ စ အာဂမနပယောဇနံ နတ္ထီ"တိ ဝုတ္တံ– (ဝဇိရ။၄၅၃) ဟူ၍လည်းကောင်း၊

၆။ သာရတ္ထဒီပနီဋီကာ၌–

အန္တောနိမိတ္ထဂတေဟိ ပနာတိ ဧကေဿ ဂါမဿ ဥပမုံ အန္တော ကတ္ဝါကာမတာယ သတိ သတ္တေသံ အာဂမနေ ပယောဇနံ နတ္ထီတိ ကတွာ ဝုတ္တံ။ အာဂန္တ္ဗန္တိ စ သာမိစိဝသေန ဝုတ္တံ၊ နာယံ နိယမော "အာဂန္တ္ဗမေဝါ"တိ။ တေနေဝါဟ "အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတီ"တိ။ အဗဒ္ဓါယ ဟိ သီမာယ နာနာဂါမခေတ္တာနံ နာနာသီမသဘာဝတ္တာ တေသံ အနာဂမနေပိ ဝဂ္ဂကမ္မံ န ဟောတိ၊ တသ္မာ အနာဂမနမ္ပိ ဝဋ္ဋတိ။ ဗဒ္ဓါယ ပန သီမာယ ဧကသီမဘာဝတော ပုန အညသ္မိံ ကမ္မေ ကရိယမာနေ အန္တောသီမဂတေဟိ အာဂန္တ္ဗမေဝါတိ အာဟ "အဝိပ္ပဝါသသီမာ ။ပ။ အာဂန္တ္ဗ"န္တိ။ နိမိတ္တကိတ္တနကာလေ အသောဓိတာယပိ သီမာယ နေဝတ္ထိ ဒေါသော နိမိတ္တကိတ္တနဿ အပလောကနာဒိသု အညတရာဘာဝတော-

(သာရတ္ထ၊၃။၂၇၁)ဟူ၍လည်းကောင်း၊

၇။ ဝိမတိဝိနောဒနီဋီကာ၌–

ပါဒေက္ကန္တိ ပစ္စေကံ။ ဗဒ္ဓသီမာသဒိသာနီတိ ယထာ ဗဒ္ဓသီမာသု ဌိတာ အညမညံ ဆန္ဒဒါဒိ အနပေက္ခိတ္တာ ပစ္စေကံ ကမ္မံ ကာတုံ လဘန္တိ၊ ဧဝံ ဂါမသီမာသု

http://www.dhammadownload.com

ဠီတာဝိတိ ဒသေတိ။ **အာဂန္တွန္တိ** သာမီစိမတ္တဝသေန ဝုတ္တံ။ တေနာဟ "အာဂမနမ္မိ"တိအာဒိ–(ဝိမတိ၂။၁၄၃)　　ဟူ၍လည်းကောင်း၊

ဖွင့်ဆိုတော်မူကြသည်။

ဤသို့ အဋ္ဌကထာ, ဋီကာတို့၌ လာသောကြောင့် ဖွဲ့အပ်ပြီးသော ၁-ခုသော ပဒွသိမ်၌ ပြုအပ်သောကံသည် တပါးသော ပဒွသိမ်,အဝဒွသိမ်တို့၌ရှိသော ရဟန်းတို့၏ ဆန္ဒကို မဆောင်သော်လည်း ကံ-မပျက်။ မဖွဲ့အပ်သော နဒီသိမ်၌ ပြုအပ်သောကံသည် တပါးသော ပဒွသိမ်, အဝဒွသိမ်တို့၌ရှိသော ရဟန်းတို့၏ ဆန္ဒကို မဆောင်သော်လည်း ကံမပျက်ဟု မှတ်ရမည်။

ဤသို့ ပါဠို, အဋ္ဌကထာ, ဋီကာအရပ်ရပ်တို့၌ လိုရင်းစကားကျ **သပိတ်မှောက်ကံ၏ ဝိဇ္ဇာတ္ထအဓိပ္ပါယ်ကား–**

အဂီါ ၈-ပါးတို့တွင် ၁-ပါးပါးရှိသော ဒါယကာကို သပိတ်မှောက်လိုသော သံဃာသည် ဂိုဏ်းသံဃာ မညီညွတ်သော်လည်း တစ်ခုသော သိမ်၌ဖြစ်စေ၊ နဒီသိမ်၌ ဖြစ်စေ ကမ္မပုဗ္ဗဖြစ်သော ရဟန်း ၄-ပါး ညီညွတ်၍ ဥ တို့ဒုတိယကမ္မဝါစာပြင့် ထိုဒါယကာ၏ အမည်ကို ထည့်သွင်း၍ ကမ္မဝါဖတ်မူ ကောင်းသော ပြုခြင်းဖြစ်၍ ဓမ္မကံ မည်၏-ဟု မှတ်ရမည်။

[၂၄၇]

အမှတ် (၃) ပုစ္ဆာအဖြေ

တတိယအချက်မှာ–

၁။　　ဧဝံ နိက္ကုဇ္ဇိတေ ပန ပတ္တေ တဿ ဂေဟေ ကောစိ ဒေယျဓမ္မော နဂဟေတဗ္ဗော၊ "အသုကဿ ဂေဟေ ဘိက္ခံ မာ ဂဏှိတ္ထာ"တိ အညေသု ဝိဟာရေသုပိ ပေသေတဗ္ဗံ–(ဝိ၊၄၊၄။၅၁-၂)

ဟု လာသော **စူဠဝါအဋ္ဌကထာ,**

၂။　　ဧဝံ ဘဂဝတာ အသမ္ဘောဂကရဏဿ အာဏတ္တတ္တာ, ကမ္မဝါစာယ စ သာဝိတတ္တာ, အဋ္ဌကထာယဉ္စ "ကောစိဒေယျဓမ္မော နဂဟေတဗ္ဗော"တိ ဝုတ္တတ္တာ ပတ္တေ နိက္ကုဇ္ဇိတေ တဿ သန္တကံ ဥ တွာ ဂဏှန္တဿ ဒုက္ကဋမေဝါတိ ဂဟေတဗ္ဗံ-

http://www.dhammadownload.com

ဟု ဖွင့်သော ဝိမတိဝိနောဒနီဋီကာ(ဝိမတိ၊၂။၂၃၄)တို့ကို ထောက်၍ သပိတ်မှောက်ကဲ့အဂိါနှင့် ညီညွတ်၍ သပိတ်မှောက်ခံထားရသော ဒါယကာ၏ ဆွမ်း-စသော အလှူဝတ္ထုကို မခံကြလင့်ဟု တပါးသောကျောင်းတို့၌လည်း ရဟန်းတို့အား စာပေးပြောကြားအပ်သည်။ ကြားသိသော ရဟန်းဟူသမျှတို့သည် ထိုဒါယကာ၏ ဆွမ်းစသော အလှူဝတ္ထုတို့ကို ခံယူသုံးဆောင်မူ ဒုက္ကဋ်အာပတ် သင့်သည်-ဟု မှတ်ယူရမည်။

[၂၄၈]

အမှတ် (၄) ပုစ္ဆာအဖြေ

စတုတ္ထအချက်မှာ-

၁။ ဧတဒဝေါစာတိ "အပ္ပတိရူပံ မယာ ကတံ၊ ဘဂဝါ ပန မဟန္တေပိ အဂုဏေ အစိန္တေတွာ မယ္ပံ အစ္ဆယံ ပဋိဂ္ဂဏှိဿတီ"တိ မညမာနော ဧတံ "အစ္ဆယော မံ ဘန္တေ"တိအာဒိဝစနံ အဝေါစ- ဟူ၍လည်းကောင်း၊

အာယတိံ သံဝရာယာတိ အနာဂတေ သံဝရဏတ္ထာယ ပုန ဧဝရူပဿ အပရာဓဿ ဒေါသဿ ခလိတဿ အကရဏတ္ထာယ-ဟူ၍လည်းကောင်း၊

ဝုမိံ ဟေသာ အာဝုသော ဝုမိံ အရိယဿ ဝိနယေတိ ဧသော အာဝုသော ဝုမိံ အရိယဿ ဝိနယေ ဗုဒ္ဓဿ ဘဂဝတော သာသနေ ဝုမိံ နာမ။ ကတမာ? အစ္ဆယံ အစ္ဆယတော ဒိသွာ ယထာဓမ္မံ ပဋိကရိတွာ အာယတိံ သံဝရာပဇ္ဇနာ-

ဟူ၍လည်းကောင်း လာသော သာရတ္ထဒီပနီဋီကာ(၃။၃၈၈-၉)စကားဖြင့် ဘုရားမြတ်စွာသည် ထိုသပိတ်မှောက်ကဲ့ ထိုက်သော ဒါယကာ၏ ကျေးဇူးမဲ့ကို အလိုရှိတော်မမူ။ အကျိုးစီးပွါးကိုသာ လိုလားသဖြင့် သနားတော်မူ၍သာ နောင်အခါ ဤသို့ သဘောရှိသော အမှုကို မပြုစေခြင်းငှာ အပြစ်ကို မတောင်းပန်သောသူအား သပိတ်မှောက်ကဲ့ကို ခွင့်ပြုထားတော်မူသည်။ ပြစ်မှားမိသော အပြစ်ကို ဖော်ပြတောင်းပန်မှု သပိတ်မှောက်ခြင်း ကဲ့ကို မပြုအပ်ဟု မှတ်ရမည်။

၂။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ သုဓမ္မထေရ်ဝတ္ထုအဖွင့်၌-

တတ္ထာပိ ဒါယကာဒိသု ခမာပိတေသု ကမ္မာရဟတာ နတ္ထိ-

ဟု ဖွင့်တော်မူ၏(ဝိမတိ၊၂။၂၁၄)။

http://www.dhammadownload.com

(တတ္ထာပိ)တထာပိ၊ ဒါယကာအား ရဟန်းက ဆဲရေးမိသော်ငြားလည်း။ ဒါယကာ-ဒီသု၊ ဒါယကာ စသောသူတို့သည်။ ခမာပိတေသု၊ တောင်းပန်အပ်ကုန်သည် ရှိသော်။ ကမ္မာရဟတာ၊ ကံထိုက်သော အဖြစ်သည်။ နတ္ထိ၊ မရှိ (မူအတိုင်း)။

ပြစ်မှားမိသော အပြစ်ကို ဖော်ပြ၍ မတောင်းပန်လှာသောသူကို သပိတ်မှောက်ကဲ့ဖြင့် ပြုပြီးသည်နောက်မှ သတိရ၍ **တောင်းပန်လာပြန်လျှင် မှောက်ထားမိသော သပိတ်မှောက်ကဲ့ကိုလည်း သည်းခံ၍ တဖန် နုတ်ပြန်၍ ကမ္မဝါစာဖြင့် ငြိမ်းစေအပ်သည်ဟု** အဋ္ဌကထာ၌ ဆိုသောကြောင့် သပိတ်မမှောက်မီ သတိရ၍ တောင်းပန်လာမူ သည်းခံ၍ ကံမပြုဘဲသာ ငြိမ်းစေအပ်သည်။ အဘယ့်ကြောင့်နည်းဟူမူ– "အာယတိ သံဝရာယာတိ အနာဂတေ သံဝရဏတ္ထာယ ပုန ဧဝရူပဿ အပရာဓဿ ဒေါသဿ ခလိတဿ အကရဏတ္ထာယ"ဟူသော သာရတ္ထဒီကာပါဠ်ဖြင့် နောင်အခါ ဤသို့ သဘောရှိသော အပြစ်ကို မပြုစေခြင်းငှာသာ ခွင့်ပြုတော်မူသောကြောင့်တည်း။

၃။ သော စေ ကာလကတော ဟောတိ၊ ဒေသန္တရံ ဝါ ဂတော၊ ဂတဒိသာ နဉာယတိ၊ အန္တရာမဂ္ဂေ ဝါ ဇီဝိတန္တရာယော ဟောတိ၊ ကတကမ္မေနပိ အကတက-မ္မေနပိ သံဃမဇ္ဈေ ယထာဘူတံ ဝိညာပေတွာ ခမာပေတွာ အာပတ္တိ ဒေသေ-တဗ္ဗာတိ ဝဒန္တိ– (ဝိမတိ၊၂။၂၁၄)

ဟု **ဝိမတိဝိနောဒနီဋီကာ ကမ္မက္ခန္ဓကဋ္ဌ** ဆိုသောကြောင့် တောင်းပန်အပ်သော ရဟန်းသည် သေသည်ဖြစ်စေ၊ အရပ်တပါးသို့ ဖဲသွားသည်ဖြစ်စေ၊ ခရီးထွက်သွားသော အရပ်ကို မသိသည်ဖြစ်စေ သပိတ်မှောက်ကဲ့ပြုပြီး ဖြစ်၍လည်းကောင်း၊ မပြုရသေးဖြစ်၍လည်း ကောင်း ထိုရဟန်းကို မတောင်းပန်ဘဲသာ သံဃာ့အလယ်၌ အမှုကို ထင်စွာပြောကြား၍ တောင်းပန်လျှောက်ထားလျှင် ထိုဒါယကာ၌ အပြစ်ကင်းသည်ဟု မှတ်ရမည်။

မှတ်ချက်။ ။အင်းပတ်ကျောင်းနေ ဦးအရိန္ဒမ လျှောက်စာပါရှိသည့် အတိုင်း ၁၂၆၄-ခု၊ ကဆုန်လဆန်း၊ ၃-ရက်နေ့တွင် ညောင်ပင်မြို့၊ ထိမ်တောကျောင်း ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

[၂၄၉] ချေသား စားအပ်, မစားအပ်

(၁) မြေတူးမြို့၊ ငတန်းကျောင်းဘုန်းကြီး မေးလျှောက်သော ပုစ္ဆာတို့တွင် "ချေမည်သော သတ္တဝါသည် ဟောက်တတ်သောကြောင့် ခြင်္သေ့မျိုးဝင်၍ ရဟန်းတို့ မစားအပ်" ဟု ဆိုကြသော လျှောက်စာပါစကား၌ ချေမည်သော သတ္တဝါကိုကား–

၁။ သမသီဟော တာဝ "ဇာတိဂေါတ္တကုလသူရဘာဝေဟိ သမာနော'သ္မိ"တိ နဘာယတိ– (အံ၊၆၊၂။၂၉၂)

ဟု လာသော အဂုံတ္တရ၊ စတုတ္ထနိပါတဋ္ဌကထာ၌ "ကေသရ ခြင်္သေ့မင်း ဟောက်သော အသံကို ဇာတ်တူသော ခြင်္သေ့ ၄-မျိုးတို့သည် မကြောက်ကုန်"ဟု ဆိုသော စကားကို လည်းကောင်း၊

၂။ **ဟံသာ ကောဉ္စာ မယူရာ စ၊ ဟတ္ထယော ပသဒါ မိဂါ။**
သဗ္ဗေ သီဟဿ ဘာယန္တိ၊ နတ္ထိ ကာယသ္မိ တုလ္ယတာ–

ဟု လာသော ဒုကနိပါတ်၊ ကေဠိသီလဇာတ်အဋ္ဌကထာ(နှာ-၁၃၁)၌ "ဟသ်ာ, ကြိုးကြာ, ဥဒေါင်း မည်သော ငှက်, ဆင်, ချေ အစရှိသော ခပ်သိမ်းသော သတ္တဝါတို့သည် ခြင်္သေ့ကို ကြောက်ကြကုန်၏"ဟု ဆိုသောစကားကိုလည်းကောင်း ထောက်၍ တောမြို့ငခြေအရပ်၌ ဟောက်၍ နေတတ်သော ချေသတ္တဝါကို ခြင်္သေ့မျိုး၌ မပါဝင်ဟု မှတ်ရမည်။

၃။ အသီတိနိပါတ်၊ ကုဏာလဇာတ် အဋ္ဌကထာ၌–

ပသဒမိဂါတိ စိတြမိဂါ– (ဇာ၊၇၊၄၄၇) ဟု ဖွင့်သည်။

၄။ ဒုကနိပါတ်၊ ကေဠိသီလဇာတ်အဋ္ဌကထာ(နှာ-၁၃၁)၌–

ပသဒါ မိဂါတိ ပသဒသခီါတာ မိဂါ၊ ပသဒါ မိဂါ စ အဝသေသာ မိဂါ စာတိပိ အတ္ထော–

ဟု ဖွင့်သည်။

၅။ အဘိဓာန်ဋီကာ၌–

ပသဒေါ စိတ္တလောမီ– ဟု ဖွင့်သည်။

http://www.dhammadownload.com

နိဿယ၌ "ပသဒေါ၊ ချေ"ဟု သမ္မန်သည်။ ထို့ကြောင့် ချေသတ္တဝါသည် ခြင်္သေ့မျိုး မဟုတ်-ဟု မုချမှတ်ရမည်။

အသားကြီး ၁၀-ပါး၌ *(၁)* မစားအပ်သောခြင်္သေ့ *(၂)* စားအပ်သောခြင်္သေ့ *(၃)* သစ်တွင်္ကန *(၄)* အစိတ္တကများကို အကြောင်းသာဓကနှင့်တကွ မှတ်သားလိုပါသည် ဟူသော လျှောက်စာပါစကား၌-

၆။ သီဟမံသာဒီနိ ပါကဋာနေဝ- (ဝိ၊၄၊၃၊၃၇၆)

ဟု လာသော ဝိနည်းမဟာဝါအဋ္ဌကထာကို ထောက်၍ ခြင်္သေ့သားမှာ ခြင်္သေ့ ၄-မျိုးလုံး၏ အသားကိုပင် မစားအပ်ဟု မှတ်ရမည်။ ချေမည်သော သတ္တဝါ၏ အသားကိုကား ခြင်္သေ့မျိုး၌ မပါဝင်သောကြောင့် စားအပ်သည်သာတည်း။

၇။ သီဟမံသာဒီနိ ပဋ္ဌ အတ္တနော အနုပဒ္ဒဝတ္ထာယ- (ဝိ၊၄၊၃။၃၇၆)

ဟု ဝိနည်းမဟာဝါအဋ္ဌကထာ၌ လာသောကြောင့် ခြင်္သေ့, ကျား, ဝံ, အောင်း, သစ် အားဖြင့် ၅-မျိုးသော သတ္တဝါတို့၏ အသားကို စားမူ ဘေးရန်ပြုတတ်သည်ဖြစ်၍ ထိုဘေးရန်ကို မဖြစ်စေခြင်းငှာ ဘုရားမြတ်စွာ ပယ်တော်မူသည်။

၈။ ယံ ကိဉ္စိ ဥ တွာ ဝါ အဥ္ဇ တွာ ဝါ ခါဒန္တသ အာပတ္တိယေဝ- (ဝိ၊၄၊၃။၃၇၆)

ဟု ၎င်းအဋ္ဌကထာ၌ပင် ဖွင့်ဆိုထားသောကြောင့် အသားကြီး ၁၀-ပါးလုံးကိုပင် မသိမူ၍ စားသော်လည်း အာပတ်သင့်သည်သာဖြစ်၍ သစိတ္တက မဟုတ်၊ အစိတ္တကသာ ဟူလို။

✪ ✪ ✪ ✪ ✪

၊ ၂၅၀ ၊ ညဉ့်ကင်းပြီး တိစီဝရိုက်ကို စွန့်၍ အဓိဋ္ဌာန်တင်ခြင်း

(၁) "ဝိနည်းတိစီဝရိုက်ဆောင်သော ၃-ထည်သော သင်္ကန်းတို့တွင် ၁-ထည်ထည် ညဉ့်ကင်းအံ့၊ ရတ္တိဝိပ္ပဝါသဖြစ်၍ စွန့်လျှင် အဓိဋ္ဌာန်ကျသည်ဟု အယူရှိသည်။ အချို့က ရတ္တိဝိပ္ပဝါသကိုသာ စွန့်သည်၊ အဓိဋ္ဌာန်မကျ ဆောင်မြဲဆောင်လေဟု အယူရှိကြပါသည်" ဟူသော လျှောက်စာပါစကား၌-

၁။ အဓိဋ္ဌိတစီဝရံ ပန ပရိဘုဉ္ဇတော ကထံ အဓိဋ္ဌာနံ ဝိဇဟတီတိ? အညဿ ဒါနေန, အစ္ဆိန္ဒိတ္တာ ဂဟဏေန, ဝိဿာသဂ္ဂါဟေန, ဟီနာယာဝတ္တနေန, သိက္ခာ-

http://www.dhammadownload.com

ပစ္စက္ခာနေန, ကာလံ ကိရိယာယ, လိင်္ဂပရိဝတ္တနေန, ပစ္စုဒ္ဓရဏေန, ဆိဒ္ဒဘာ-
ဝေနာတိ ဣမေဟိ နဝဟိ ကာရဏေဟိ ဝိဇဟတိ–(ဝိ၎၊၂။၂၂၇-၈)

ဟု လာသော သမန္တပါသာဒိကဝိနည်းအဋ္ဌကထာ၊ ပဌမကထိနသိက္ခာပုဒ်အဖွင့်၌ "အဓိဋ္ဌာန် တင်၍ ဆောင်သော တိစီဝရိက်သက်နှံးသည်–

(၁) သူတပါးအား အပိုင်ပေးသဖြင့်လည်းကောင်း၊
(၂) ခိုးသူလုယူသဖြင့်လည်းကောင်း၊
(၃) ဝိဿာသဂ္ဂါဟ ယူသဖြင့်လည်းကောင်း၊
(၄) သိက္ခာကို မစွန့်ဘဲ လူထွက်သဖြင့်လည်းကောင်း၊
(၅) လူဝတ်မလဲဘဲ သိက္ခာကို စွန့်သဖြင့်လည်းကောင်း၊
(၆) သေသဖြင့်လည်းကောင်း၊
(၇) ပုရိသလိင်မှ ဣတ္ထိလိင် ပြန်သဖြင့်လည်းကောင်း၊
(၈) ဣမံ သံဃာဋိ ပစ္စုဒ္ဓရာမိ-စသည်ဆို၍ ပစ္စုဒ္ဓိရ် ပြုသဖြင့်လည်းကောင်း၊
(၉) ထုတ်ချင်းထွက်သော အပေါက်ရှိသဖြင့်လည်းကောင်း–

ဤ ၉-ပါးသော အကြောင်းတို့ကြောင့် တင်ထားသော အဓိဋ္ဌာန် စွန့်သည်" ဟု ဆိုသည်။

ထိုအဓိဋ္ဌာန်တင်သော တိစီဝရိက်သက်နှံးနှင့် ညဉ့်ကင်း၍ နေရာ၌ သက်နှံးလည်း နိဿဂ္ဂိဖြစ်, ပါစိတ်အာပတ်လည်း သင့်သည်။

ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ(၁။၁၀၆)၌-

၂။ ဧကေနပိ ဝိနာ ဝသိတုံ န ဝဋ္ဋတိ၊ ဝသန္တဿ ဘိက္ခုနော သဟ အရုဏုဂ္ဂမနာ စီဝရံ နိဿဂ္ဂိယံ ဟောတိ၊ ပါစိတ္တိယဉ္စ အာပဇ္ဇတီတိ သမွန္ဓော–

ဟု ဆိုတော်မူ၏။

ထို နိဿဂ္ဂိဝိနည်းကံရှိသော ပါစိတ်အာပတ်ကို နိဿဂ္ဂိဖြစ်သော ဝတ္ထုကို မစွန့်ဘဲ ဒေသနာကြား၍ မထသောကြောင့် ထိုပါစိတ်အာပတ်ကို ဒေသနာကြားခြင်းငှာ ညဉ့်ကင်းသောသင်္ကန်းကို စွန့်ရမည်။

၃။ ထို့ကြောင့် မာတိကာအဋ္ဌကထာ(ကခ်၊၄။၁၅၅)၌–

အထ ဝါ နိဿဇ္ဇနံ နိဿဂ္ဂိယံ၊ ပုဗ္ဗဘာဂေ ကတ္တဗ္ဗဿ ဝိနယကမ္မဿေတံ နာမံ-

ဟု ဆိုတော်မူ၏။

http://www.dhammadownload.com

ထိုနိဿဂ္ဂိသက်နှံးကို မစွန့်ဘဲ သုံးဆောင်လျှင် သုံးဆောင်တိုင်း ဒုက္ကဋ်အာပတ် သင့်သည်။

၄။ ထို့ကြောင့် ဥဒေါသိတသိက္ခာပုဒ်ပါဠိတော်၌–

နိဿဂ္ဂိယံ စီဝရံ အနိဿဇ္ဇိတွာ ပရိဘုဉ္ဇတိ၊ အာပတ္တိ ဒုက္ကဋဿ–(ဝိ၊၁။၃၀၂)

ဟု ဟောတော်မူ၏။

ထိုညဉ့်ကင်းသော တိစီဝရိက်သက်နှံးကို တပါးသော ရဟန်းအထံ၌ "ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ"ဟုဆို၍ ဝိနည်းကံကို ပြုရုံမျှနှင့် အဓိဋ္ဌာန်စွန့်ခြင်းအကြောင်း ၉-ပါးတွင် "အညဿ ဒါနေန အဓိဋ္ဌာနံ ဝိဇဟတိ" ဟူသော အကြောင်း၌ မဝင်သင့်၊ မယူသင့်၊ ဒါန လက္ခဏာ မမြောက်၊ ဝိနည်းကံမျှသာ ဖြစ်သောကြောင့်တည်း။

၅။ တေန ခေါ ပန သမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ နိဿဋ္ဌစီဝရံ န ဒေန္တိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ န ဘိက္ခဝေ နိဿဋ္ဌစီဝရံ န ဒါတဗ္ဗံ၊ ယော န ဒဒေယ္ယ။ အာပတ္တိ ဒုက္ကဋဿ–(ဝိ၊၁။၂၉၇)

ဟု ဟောတော်မူသော ပဌမကထိနသိက္ခာပုဒ်ပါဠိတော်၊

၆။ ယော န ဒဒေယ္ယ၊ အာပတ္တိ ဒုက္ကဋဿာတိ ဧတ္ထ "မယ္ဟံ ဒိန္နံ ဣမိနာ"တိ ဣမာယ သညာယ န ဒေန္တဿ ဒုက္ကဋံ။ တထဿ သန္တကဘာဝံ ပန ဉတ္ဝာ လေသေန အစ္ဆိန္ဒန္တော ဘဏ္ဍံ အဂ္ဃါပေတွာ ကာရေတဗ္ဗော–(ဝိ၊၄။၂၃၂)

ဟု ဖွင့်သော ပါရာဇိကကဏ္ဍဋ္ဌကထာတို့ကို ထောက်လေ။

ထို့ကြောင့် အဓိဋ္ဌာန်တင်သောသက်နှံးကို ညဉ့်ကင်း၍ စွန့်သော်လည်း အဓိဋ္ဌာန် ကျခြင်းအကြောင်း၌ မဝင်သောကြောင့် စွန့်၍ပြန်ပေးလျှင် ရှေးတင်မြဲအဓိဋ္ဌာန် အတိုင်းသာ ဆောင်ရမည်။ ထပ်၍ တင်ဖွယ်ကိစ္စ မရှိဟု မှတ်ရမည်။

ဤစကားအစဉ်ကား မြေတူးမြို့၊ ငတန်းကျောင်းဘုန်းကြီး မေးလျှောက်၍ ညောင်ပင်မြို့၊ ထိမ်တောကျောင်းဆရာတော် ရေးသားဖြေဆိုအပ်သော တိစီဝရဝိပ္ပဝါသ-ဝိနိစ္ဆယစာတမ်း တည်း။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

ဦးကုသလလျှောက်ထားလွှာနှင့် ဝိနိစ္ဆယများ

ဘုရားတပည့်တော် ကာဘိုးရွာ၊ သိမ်တော်ကျောင်းတိုက်နေ ရဟန်းခွင်ကုသလလျှောက်ထားပါသည် ဆရာတော်သခင် အရှင်သူမြတ်ဘုရား။

(၁) အမှတ်မရှိသော ရဟန်းတပါး၌ အပ်အပ်စပ်စပ် ဓမ္မိယလဒ္ဓဖြင့် ရအပ်သော သပိတ်,သင်္ကန်း အစရှိသော ပစ္စည်းများရှိပါကြောင်း၊ ၎င်းပစ္စည်းများကို အခြားသော ရပ်ရွာသို့ ရွှေ့ပြောင်းသွားလာသောအခါ လူ, လှည်း, ရထား-စသော ကူလီသမားကို ငှားရမ်းပြီးလျှင် မသွားခင် ရှေ့အဖို့က မိမိကိုယ်တိုင် အလှူခံ၍ထားသော ငွေကို ကူလီခ ပေး၍ သို့မဟုတ် အလိုရှိသော အရပ်ဌာနသို့ရောက်မှ ၎င်းငွေကို ပေး၍ ၎င်းသင်္ကန်း, သပိတ်-စသော ပစ္စည်းများကို သိုမှီးသိမ်းဆည်း၍ထားရာ အပ်မည်, မအပ်မည်။ ၎င်းပစ္စည်းများသည် အကပ္ပိယကယဝိက္ကယနိဿဂ္ဂိယဝတ္ထု ဖြစ်မည်, မဖြစ်မည် အကြောင်းကို သိရပါမည့် အကြောင်း လျှောက်ထားတောင်းပန်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။

[၂၅၁] ရဟန်းတို့ ကူလီငှားခြင်း အပ်, မအပ်

(၁) ပထမအမှတ်ပုစ္ဆာကို ဝိဿဇ္ဇနာဖြေဆိုအံ့–

၁။ သစေ ပန ကာတုံ န ဣစ္ဆန္တိ၊ ဘတ္တဝေတနံ ပစ္စာသိသန္တိ၊ အကပ္ပိယကဟာပဏာဒိ နံ ဒါတဗ္ဗံ– (ဝိ၊၄၊၂။၁၄၉)

ဟု လာသော ပါရာဇိကဏ်အဋ္ဌကထာ၊ ကုဋိကာရသိက္ခာပုဒ်အဖွင့်,

၂။ အကပ္ပိယကဟာပဏာဒိ နံ ဒါတဗ္ဗန္တိ ကပ္ပိယမုခေန လဒ္ဓမ္ပိ ဟတ္ထကမ္မကရဏတ္ထာယ ဣမသ္မ ကဟာပဏံ ဒေတိ ဝတ္တာ ဒါနံ န ဝဋ္ဋတီတိ ဝုတ္တံ–

(ဝိမတိ၊၁။၂၇၂-၃)

ဟု လာသော ဝိမတိဝိနောဒနီဋီကာတို့ကို ထောက်၍ အပ်သော ကပ္ပိယပစ္စည်းကို အရပ်တပါးသို့ ဆောင်ယူခြင်းငှာ ရွှေ့, ငွေ-စသော အကပ္ပိယဝတ္ထုဖြင့် အဖိုးအခပေး၍ ဆောင်ယူစေခြင်းမည်သည် မအပ်-ဟု မှတ်ရမည်။

http://www.dhammadownload.com

ထိုမအပ်သော ရွှေ, ငွေ-စသော အကပ်ိယဝတ္ထုဖြင့် အဖိုးအခပြု၍ မိမိ၏ ဓမ္မိယ-လဒ္ဓကပ်ိယ ပရိက္ခရာပစ္စည်းကို အရပ်တပါးသို့ ဆောင်ယူမိသော်လည်း ကယဝိက္ကယ-နိဿဂ်ိယဝတ္ထု မဖြစ်၊ အာပတ်သာ သင့်သည်။ အဘယ်ကြောင့်နည်းဟူမူ စွန့်အပ်သော သူတပါးဥစ္စာဖြစ်သော ပစ္စည်းသည် မိမိလက်သို့ရောက်ခြင်း မရှိသောကြောင့်တည်း။ ထိုသို့ စွန့်အပ်သော မိမိလက်သို့ ရောက်လာသော နိဿဂ်ိယဝတ္ထု မရှိသော်လည်း မအပ်သည်ကို ပြုမိ၍ သင့်သောအာပတ်ကို ဒေသနာကြားအပ်သည်။

၃။ ထို့ကြောင့်–

> ဧတ္ထ စ ကိဉ္စာပိ ဝတ္ထုမောဝနေ ဝါ ကေသဉ္ဆေဒနေ ဝါ ဘူမိသောဓနာ-ဒိနဝကမ္မေ ဝါ ပရဘဏ္ဍံ အတ္တနော ဟတ္ထဂတံ နိဿဇ္ဇိတဗ္ဗံ နာမ နတ္ထိ၊ မဟာအဋ္ဌကထာယံ ပန ဒဠ္ဠံ ကတ္ဝာ ဝုတ္တတ္တာ နု သက္ကာ တံ ပဋိက္ခိပိတုံ။ တသ္မာ ယထာ နိဿဂ်ိယဝတ္ထုမ္ဟိ ပရိဘုတ္တေ ဝါ နဋ္ဌေ ဝါ ပါစိတ္တိယံ ဒေသေတိ၊ ဧဝမိဓာပိ ဒေသေတဗ္ဗံ– (ဝိ၊၆၊၂။၂၈၀)

ဟု **ပါရာဇိကဏ်အဋ္ဌကထာ၊ ကယဝိက္ကယသိက္ခာပုဒ်အဖွင့်၌** လာသည်။

ဤပါရာဇိကဏ်အဋ္ဌကထာပါဠိ၌ "သင်္ကန်းဖွပ်စေခြင်း, ဆံရိတ်စေခြင်း, မြေရှင်းခြင်း-အစရှိသော နဝကမ္မအမှုကို ပြုစေခြင်း၌ အပ်သော ကပ်ိယပစ္စည်းဖြင့်ဖြစ်စေ၊ မအပ်သော အကပ်ိယပစ္စည်းဖြင့်ဖြစ်စေ အဖိုးအခပေး၍ စေခိုင်းရာ သူတပါးပစ္စည်းသည် မိမိလက်သို့ ရောက်လာသည် မရှိ၊ မိမိတို့ ဥစ္စာရင်းဖြစ်သော အပ်သော သင်္ကန်း, ဆံပင်, ကျောင်းမြေ စသည်တို့သည်လည်း အဖိုးအခပေး၍ ပြုစေကာမျှဖြင့် ကယဝိက္ကယနိဿဂ်ိယဝတ္ထု မဖြစ်နိုင်။ ထိုသို့ မဖြစ်နိုင်သော်လည်း အဋ္ဌကထာကို ပမာဏမူသဖြင့် ပါစိတ်အာပတ်ကို ဒေသနာကြားအပ်သည်"ဟု ပြတော်မူသည်။

၄။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌–

> "နိဿဂ်ိယံ ပါစိတ္တိယ"န္တိ ကိဉ္စာပိ သတိယေဝ နိဿဂ်ိယဝတ္ထုမ္ဟိ ပါစိတ္တိယံ ဝုတ္တံ၊ အသတိပိ ပန တသ္မိံ ပါစိတ္တိယန္တိ ဣဒံ အဋ္ဌကထာပမာဏေန ဂဟေတဗ္ဗန္တိ ဒဿေတုံ "ကိဉ္စာပိ"တိအာဒိ ဝုတ္တံ– (သာရတ္ထ၊၂။၄၂၆)

ဟု မိန့်တော်မူ၏။

✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

(၂) သင်္ကန်းဖိုးလှူသော ဒါယကာတို့မလာမီ ရှေ့အဖို့က ကြိုတင်၍ ကပ္ပိယအမှူလုပ်ဖြစ်သော၊ သို့မဟုတ် သူငယ်ကျောင်းသားဖြစ်သော တစ်စုံတစ်ယောက်သောသူကို စီဝရဝင်္ခလာသော စကားအစဉ်ဖြင့် "ရဟန်းတို့ မည်သည်မှာ သင်္ကန်းတို့၏ အရှင် ဒါယကာက ဤသို့လျှောက်ထား လှူဒါန်းမှ, ကပ္ပိယဖြစ်သောသူက ဤသို့လျှောက်ထားမှ" စသော အစီအစဉ်ကို သွန်သင်ပြသထားပြီး၍ သိကြားနားလည်သောအခါ မကြာမြင့်မီ ဒါယကာတို့ လှူဒါန်းလာ၍ ရသော ငွေဖြင့် ကပ္ပိယသင်္ကန်းကို ဝယ်ယူ၍ လှူဒါန်းသောအခါ ၎င်းသင်္ကန်းသည် ရှေ့အဖို့ကပင် မိမိသွန်သင်ဖူးသည်ဖြစ်၍ အကပ္ပိယနိဿဂ္ဂိယဝတ္ထု ဖြစ်မည်၊ မဖြစ်မည်ကိုလည်း သိလိုပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။

[၂၅၂] ကပ္ပိယကို ကြိုတင်သင်ကြား၍ ရွှေ, ငွေအလှူခံခြင်း

(၂) ဒုတိယအမှတ်ပုစ္ဆာအရ ဝိဿဇ္ဇနာကို ပြအံ့–

၁။ ပါဠိယ၌ "စီဝရဉ္စ ခေါ မယံ ပဋိဂ္ဂဏှာမာ" တိအာဒိ ဒုတဝစနဿ အကပ္ပိယတ္တေပိ အာဂမနသုဒ္ဓိယာ သတိ ပဋိပဇ္ဇနဝိဓိဒဿနတ္ထံ ဝုတ္တံ။ "ဧသော ခေါ ။ပ။ နု ဝတ္တတ္ထော 'တဿ ဒေဟိ'တိ"အာဒိ အကပ္ပိယဝတ္ထုသာဒိယန-ပရိမောစနတ္ထံ ဝုတ္တံ– (ဝိမတိ၁။၃၂၉)

ဟု လာသော ဝိမတိဝိနောဒနိဋီကာ၊

၂။ "စီဝရဉ္စ ခေါ မယံ ပဋိဂ္ဂဏှာမာ"တိ ဣဒံ ပန အတ္တာနံ ဥဒ္ဒိဿ အာဘတတ္တာ ဝတ္တုံ ဝဋ္ဋတိ၊ တသ္မာ ဝုတ္တံ။ "ဝေယျာဝစ္စကရော နိဒ္ဒိသိတဗ္ဗော"တိ ဣဒံ "အတ္ထိ ပနာယသ္မတော ကောစိ ဝေယျာဝစ္စကရော"တိ ကပ္ပိယဝစနေန ဝုတ္တတ္တာ အနုညာတံ။ သစေ ပန ဒုတော "ကော ဣမံ ဂဏှာတီ"တိ ဝါ, "ကဿ ဒေမီ"တိ ဝါ ဝဒတိ၊ နု နိဒ္ဒိသိတဗ္ဗော– (သာရတ္ထ၊၂။၄၀၇-၈)

ဟု လာသော သာရတ္ထဒီပနီဋီကာတို့ကို ထောက်၍ တမန်ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ မျက်မှောက်မျက်ကွယ်၌ပင် လျှောက်ထားလှူဒါန်းသောအခါ၌သာ စီဝရဝင်၊ ရာဇသိက္ခာပုဒ်လာ မာတိကာအစဉ်နှင့် ညီအောင်ပြုမှ အပ်သည်။ မညီညွတ်ဘဲ လွဲ၍ပြုမူ ဥပနိက္ခိတ္တ-သာဒိယနဖြစ်၍ အကပ္ပိယ နိဿဂ္ဂိယဝတ္ထု ဖြစ်သည်။

တမန် ဖြစ်စေ၊ ကိုယ်တိုင် ဖြစ်စေ လှူဒါန်းလာသူ မလာမီ ရှေးမဆွအဖို့ကာလက တင်ကူး၍ သူငယ်ကျောင်းသား, ကပ္ပိယအမှူလုပ်တို့ကို ဝိနည်းတရားရှိသည့်အတိုင်း

http://www.dhammadownload.com

သွန်သင်ပြောကြားရုံမျှဖြင့် အကပ္ပိယဝတ္ထု မဖြစ်-ဟု မှတ်ရမည်။ အဘယ်ကြောင့်နည်းဟု ဆိုငြားအံ့။ ဥပနိက္ခိတ္တသာဒိယန ဖြစ်ထိုက်သောဝတ္ထုကို ပြောကြားသောအခါ လျှူသူ ဒါယကာ မရှိသောကြောင့်တည်း။

လျှူမည်ဟု ရှေးရှုဆောင်သော ပစ္စည်း၊ လျှူအံ့-ဟု ရည်စူး၍ထားသော ပစ္စည်းတို့ကို သိ၍ စီရင်ပြောဆိုရာ၌လည်း အပြစ်မရှိဟု မှတ်ရမည်။

ထို့ကြောင့် ပါရာဇိကဏ်အဋ္ဌကထာ၌-

အဘိဟဋ္ဌပဋိယတ္ထေ စ ဥဒ္ဒိဿ ဌပိတဘာဂေ စ ပယုတ္တဝါစာ နာမ နတ္ထိ-

ဟု ဆိုတော်မူသည်။ (ဝိ၊ဋ္ဌ၊၂။၃၁၀)



(၃) ကြိုတင်သင်ကြားပြီး အလှူခံ၍ ရလာသောပစ္စည်းများသည် နိဿဂ္ဂိယဝတ္ထု ဖြစ်ခဲ့ပါလျှင်လည်း ဝိနည်းပရိယာယ်ဖြင့် ဤသို့ပြုလျှင် အပ်သေးသည်၊ သို့မဟုတ် အလျှင်းပင် မအပ်သည်ကိုလည်း သိလိုပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။

[၂၅၃] နိဿဂ္ဂိယဝတ္ထုကို ဝိနည်းကံနှင့်အညီစွန့်လျှင် အပ်ကြောင်း

(၃) တတိယအမှတ်ပုစ္ဆာအရ ဝိဿဇ္ဇနာကို ပြဆိုအံ့-

စီဝရဝဂ် ရာဇသိက္ခာပုဒ်နှင့် မညီမညွတ် ခံယူသိမ်းဆည်းမိမူ အကပ္ပိယနိဿဂ္ဂိယ ဖြစ်၍ ရူပိယသိက္ခာပုဒ်လက္ခဏာနှင့် စွန့်နိုင်က ခံယူသူရဟန်းကို ချန်လှပ်၍ ကြွင်းသော ရဟန်းတို့ အပ်သေးသည်ဟု မှတ်။

ရူပိယသံဝေါဟာရသိက္ခာပုဒ်၌ လာသည့်အတိုင်း လဲလှယ်မိသော နိဿဂ္ဂိယဝတ္ထု, ရူပိယသိက္ခာပုဒ်၌ လာသည့်အတိုင်း ခံယူမိသော နိဿဂ္ဂိယဝတ္ထု, စီဝရဝဂ်၊ ရာဇသိက္ခာပုဒ် နှင့်မညီ၊ ချွတ်ယွင်း၍ ခံယူမိသော နိဿဂ္ဂိယဝတ္ထုတို့ကို စွန့်သော်လည်း သံဃာ့အလယ်၌သာ စွန့်အပ်သည်။ သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်ထံ၌ မစွန့်အပ်ကုန်။ အလိုမရှိ၍ မူလစွဲဇွန့်လိုမူ ဆွေမျိုးတော်သောသူတို့အား စွန့်ပေးအပ်သည်။

http://www.dhammadownload.com

၁။ ထို့ကြောင့် မာတိကာအဋ္ဌကထာ(ကခ်ီ။ဋ္ဌ။၁၇၅-၆)၌–

သံယမဗ္ဗေယော နိဿဇ္ဇိတ္ထံ– ဟူ၍လည်းကောင်း၊

တံ ပုရိမနယာနုသာရေနေဝ သံယမဗ္ဗေ နိဿဇ္ဇိတ္ထံ–

ဟူ၍ လည်းကောင်း ဆိုတော်မူ၏။

၂။ ရူပိယသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌–

သံယမဗ္ဗေ နိဿဇ္ဇိတ္ထန္တိ တတ္ထ ယသ္မာ ရူပိယံ နာမ အကပ္ပိယံ၊ တသ္မာ "နိဿဇ္ဇိတ္ထံ သံယဿ ဝါ ဂဏဿ ဝါ ပုဂ္ဂလဿ ဝါ"တိ န ဝုတ္တံ– (ဝိ။ဋ္ဌ။၂။၂၇၀)

ဟု ဆိုတော်မူ၏။

ကယဝိက္ကယသိက္ခာပုဒ်၌ လာသည့်အတိုင်း လဲလှယ်ယူမိသောဝတ္ထုကို ဝိနည်းကံအရ သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်ထံ၌ စွန့်၍ သုံးဆောင်အပ်သည်။

၃။ ထို့ကြောင့် မာတိကာအဋ္ဌကထာ(ကခ်ီ။ဋ္ဌ။၁၇၇)၌–

ဝုတ္ထလက္ခဏဝသေန သံယဂဏပုဂ္ဂလေသု ယဿ ကဿစိ နိဿဇ္ဇိတ္ထံ–

ဟု ဆိုတော်မူ၏။

ဤသို့လျှင် နိဿဂ္ဂိယဝတ္ထုကို ဝိနည်းကံနှင့်အညီ စွန့်လွှတ်ရာ၌အကြောင်းအားလျော်စွာသာ သိမှတ်ရမည်-ဟု ညောင်ပင်မြို့၊ ထိမ်တောကျောင်းဆရာတော် ဖြေကြားကာ ဝိနိစ္ဆယချမှတ်ပေးတော်မူလိုက်သည်။

တတိယကဏ္ဍ ပြီး၏။

ဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်း ပြီး၏။

✪ ✪ ✪ ✪ ✪ ✪ ✪ ✪

http://www.dhammadownload.com

ဆန္ဒာမဥ္ဇရီ

ပါဠိနိဿယ

ဆက်လက်ထွက်မည်။

http://www.dhammadownload.com

စာဒါယကာကြီး ဦးကျော်ညွန့်နှင့် မိတ်ဆွေများ
ပုံနှိပ်လှူဒါန်းပြီးသော ကျမ်းဂန်များ

၁။ တိပိဋကက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁
၂။ တိပိဋကက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၂
၃။ တိပိဋကက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၃
၄။ တိပိဋကက ပါဠိမြန်မာ အဘိဓာန် (အပိုင်း- ၁) အတွဲ- ၄
၅။ တိပိဋကက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၅
၆။ တိပိဋကက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၆
၇။ တိပိဋကက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၇
၈။ တိပိဋကက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၈
၉။ တိပိဋကက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၉
၁၀။ တိပိဋကက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၀
၁၁။ တိပိဋကက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၁
၁၂။ တိပိဋကက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၃
၁၃။ တိပိဋကက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၄(ပ-ပိုင်း)
၁၄။ တိပိဋကက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၉
၁၅။ လူသေလူဖြစ်ဝိနိစ္ဆယကျမ်း ၁၆။ မူလဓမ္မဝိသောဓနီကျမ်း
၁၇။ ဒွါဒသကွာလီသပုစ္ဆာ ဝိသဇ္ဇနာကျမ်းနှင့် ၁၈။ ဝိနယပုစ္ဆာဝိသဇ္ဇနာ(ထိမ်တော)
ဧ-ဌာနဝိနိစ္ဆယကျမ်း (၂-ကျမ်းတွဲ)
၁၉။ ပုစ္ဆာနယပကာသနီကျမ်း စသည် (၆-ကျမ်းတွဲ)
၂၀။ သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပွဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION
(မြန်မာ,ပါဠိ,အင်္ဂလိပ် ၃-ဘာသာဖြင့်ရေး ၃-ကျမ်းတွဲ)

http://www.dhammadownload.com

ဗုဒ္ဓစာပေအဖွဲ့၏ ပုံနှိပ်ပြီး ကျမ်းစာများ

၁။ သီလကွန်အဋ္ဌကထာ မြန်မာပြန်
၂။ ဝိသုဒ္ဓါရုံသုတ်နက်ကြီး
၃။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ဋီကာ
၄။ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်း
၅။ နှုတ်ငုံဆောင် ဝိသုဒ္ဓါရုံ ပရမတ္ထသရူပဆိုရိုး
၆။ သီရီမဟာမာယာဒေဝီဝတ္ထုနိဿယ
၇။ ဓာတုတ္ထသင်္ဂဟပါဠိ + နိဿယ
၈။ ဝိစိတြဝန္ဒနာ ၉။ မနောဒိဋ္ဌဝန္ဒနာ
၁၀။ လင်္ကာဒီပဂဠဒီပနီ ၁၁။ မဟာဗောဓျာဒီပဂဠဒီပနီ
၁၂။ မဟာဝိသုဒ္ဓါရာမတိုက်အုပ် ဆရာတော်ထေရုပ္ပတ္တိ
၁၃။ သတိသမ္ပဇဉ်နိဂုဟစာတမ်း
၁၄။ ဝိမိဿမဓုရရစနာ (အရှင်စန္ဒဇောတိ)
၁၅။ လူနှင့်တူသောလူ ၁၆။ မင်္ဂလာအမြုတေ
၁၇။ ဘူမိစာလနိဒါန်းကျမ်း ၁၈။ ဘူမိစာလနိဒါန်းကျမ်း (တ-ကြိမ်)
၁၉။ အမေးတော်ဖြေ
၂၀။ တထာဂတဥဒါနဒီပနီ (ပ-တွဲ) ၂၁။ တထာဂတဥဒါနဒီပနီ (ဒု-တွဲ)
၂၂။ စွယ်စုံကျော်ထင်ဂဏ္ဌိကျမ်း
၂၃။ ဗုဒ္ဓနိုင်ငံတော် (ပ-တွဲ) ၂၄။ ဗုဒ္ဓနိုင်ငံတော် (ဒု-တွဲ)
၂၅။ ဗုဒ္ဓနိုင်ငံတော် (တ-တွဲ)
၂၆။ သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပွဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION (၃-ကျမ်းတွဲ)
၂၇။ မဟာဗောဓိပုတ္တိကထာကျမ်း
၂၈။ ချောင်းဦး၊ ရွှေတောင်ဆရာတော် ဝိနိစ္ဆယ
၂၉။ တွံတေး၊ ပရိတ်ကြီးပါဠိတော် နိဿယ
၃၀။ သမ္မာဒိဋ္ဌိကထာကျမ်း
၃၁။ ဝိနယပုစ္ဆာဝိသဇ္ဇနာ (ထိမ်တော)

ဆက်လက်ထွက်မည် - ဆိဒ္ဓိပဓနနီ - ဗုဒ္ဓ၏ဂုဏ်တော်များ
- The Way to Nobility *(Enlish, မြန်မာ)* ဘဒန္တစန္ဒဇောတိ(မလျှင်)

http://www.dhammadownload.com

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်းကို အဆက်မပြတ်
လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍
ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝတ္တနီကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

ဦးကျော်ညွန့်

နှင့်

ဒေါ်သန်းမြင့်

ပြည့်စုံညွန့်ကုမ္ပဏီမိသားစု

ငွေကြာရံရိပ်သာ၊ ပါရမီလမ်း

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ကောင်းမှု

နတ်လူသာဓုခေါ်စေသောဝ်။

http://www.dhammadownload.com

http://www.dhammadownload.com